www.burmeseclassic.com

အမှတ်(၂၅၀)၊ ၂၀၁၆ ခုနှစ်၊ ဒေလ

ဂန္ဓာ

မဂ္ဂင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

သမ္မုဒ္ဒေဂါထာ ဘုရားရှိခိုး

ဘဒ္ဒန္တ-အနုက်ော်

သမ္မုဒ္ဒေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ။
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနုန္တာ နိမ္မုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာနုဘာဝေန၊ ဟိတ္တွာ [illegible] ဥပဒ္ဒဝေ။
အနေကာ အန္တရာယမ္ပိ၊ ပိန္ဒသ္သန္တု အသေသတော။

အဋ္ဌဝီသံ-ထုံးစံအတိုင်း သုံးလေးကဖြင့် ကြားစေရောက်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော၊ **သမ္မုဒ္ဒေ**-တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာဖွင့်လင်း တရားမင်းတို့ကိုလည်းကောင်း၊ **ဒွါဒသဉ္စ သဟဿကေ**-နိဗ္ဗာန်ကိုးအောင်း စက်မွေ့လျောင်းသည့် ထူးခြားနှစ်သိမ့်ဖွယ်ရာ၊ **သမ္မုဒ္ဒေ**-လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း၊ **ပဉ္စသတသဟဿာနိ**-သောင်းတိုက်စကြဝဠာ ဂုဏ်ဝါရောင်ရှိန်း ငါးသိန်းကုန်သော၊ **သမ္မုဒ္ဒေ**-နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်ဗျာသည်၊ **သိရသာ**-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **နမာမိ**-ရှိသေညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။

ဂင်္ဂါ ဂင်္ဂါယ-ဂင်္ဂါမြစ်အတွင်း၌၊ **ဝါဠုကာ**-ရှိကြကုန်သော သဲတို့သည်၊ **အပ္ပကာ**-နည်းကြကုန်သေး၏။ **နိမ္မုတာ**-ဘုံဘောတ်သိမ်း၍ ငြိမ်းအေးတော်မူကြကုန်ပြီးသော၊ **ဇိနာ**-နောင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွယ်ကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့ကား၊ **အနန္တာ**-သချာဂဏန်း ရေတွက်မှုနှုန်းလည်း ဆုံးခန်းတိုင်အောင် မရောက်နိုင်ကြကုန်။ **တေ ဇိနေ**-ထိုဘုရားရှင်တို့ကိုလည်းကောင်း၊ **တေသံ**-ထိုငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကိုယ်တော်စုံကုန်သော ဘုရားရှင်, မရေတွက်နိုင်သော ဘုရားရှင်တို့၏၊ **ဓမ္မဉ္စ**-တရားတော်မြတ်ကိုလည်းကောင်း၊ **သံဃဉ္စ**-ပယ်ပြည့်အာသံယာတော်မြတ်ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **အာဒရေန-အာဒရံ**-ရှိသေစွာ၊ **နမာမိ**-ရှိခိုးပါ၏။

နမက္ကာရာနုဘာဝေန-ဤသို့ ရှိခိုးမှုဧော် ဗုဒ္ဓဂေါမန်လျှော် ကန်တော့ရသော ပဏာမကုသိုလ် စေတနာကြောင့်၊ **ဝိနာယကာ**-သံသိမ်းကုန်သော၊ **ဥပဒ္ဒဝေ**-ဘေးရန်တို့ကို၊ **ဟိတ္တွာ**-ပယ်ဖျောက်၍၊ **အနေကာ အန္တရာယာပိ**-တစ်ပါးမက ရှိကြသည့်အဖြစ်အပျက်, အန္တရာယ်တို့သည်လည်း၊ **အသေသတော**-အကြွင်းအကျန် မရှိသောအားဖြင့်၊ **ဝိနဿန္တု**-ပျောက်ပျက်ပါစေကုန်သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com

၆။ ဗိုလ်တထောင်-ကိုဦး
မိုးကောင်း ဆုတောင်းပြည့်စေတိတော်

၁၄။ အာကာသ(သာစည်)
ရှေးဟောင်းသမိုင်းဝင် ဟိုင်းတက်မြို့က
ရှင်ဇင်းလှ (ခေါ်) ဘုရားလှစေတီတော်မြတ်ကြီး
နှင့် အောက်မေ့လွမ်းဆွတ်ဖွယ်ရာ
အမှတ်တရ ဖြစ်စရာများ

၂၄။ သန္တာဇင်းခေါင်
မြို့၏လိုအပ်ချက်အရ
တည်ထားကိုးကွယ်ခဲ့ကြသည့် ခရမ်းမြို့က
သကျမာရစိန် ကြေးသွန်းဘုရားကြီး

၃၀။ အောင်သာကျော်
မကွရာမြို့ဟောင်းမှာ
မင်းဝူကြီးစေတီ ပေါ်ထွန်းလာ

၃၆။ ဆန်းညွှန့်(ဝမ္မာစရိယ)
နှလုံးသားဝေဒနာ ဖြေဆည်ရာ
ရွှေရင်နာစေတီမှာ

၄၄။ တက္ကသိုလ်မျိုး
ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ (၁၃)ရာစုလက်ရာ
ရှေးဟောင်းကြေးဆင်းတုတော်
Wat Suthat မြတ်စွာဘုရားကြီး

၅၈။ တွန်းအားရှင်
အလှူဒါနရှစ်မျိုး မြတ်သောအကျိုး

၆၄။ နန္ဒာနိုး(ဆင်ပြူကျွန်း)
အန္တိမဘဝိက ရှင်သုခ

၈၂။ မောင်ထည်ဝါ(ဗျော်ကွယ်)
ကြည်ညိုဖွယ်ရာ အာယမထေရ်မြတ်

၈၆။ မုံရွာ-မေစော
နတ်ပြည်ရောက် ရဟန်းတစ်ပါးနှင့် နတ်သမီးများ

၉၀။ ဓမ္မဃောသက-အရှင်ဩဘာသ
နောင်တစိတ်ဖြင့် လမ်းလျှောက်ခြင်း

၉၄။ ဝမ္မာစရိယ-သန်းထွန်း
ထင်ရှားကျော်ကြား သာမဏေများ(၉)

၁၀၀။ ဃောနက-ဘိုးထောင်
လယ်တီဆရာတော်နှင့် ယောမင်းကြီးဦးဘိုးလှိုင်

၁၀၄။ ဝမ်းကွဲဦး(ကူမဲ)
တောင်တန်းသာသနာပြုဆရာတော်
ဦးဥတ္တမသာရ၏ ဆင်တုံးမနွယ်နှင့်
နတ်ဆေးဂမုန်း ဆေးနည်းများ

အမှတ်(၂၅၀)၊ ၂၀၁၆ ဇွန်လ

ဘုရား-ဂူကို ရွှေတိုက်ဖွင့် တောင်ထုတ်ဝေပြီ

နီနီး(နိကွန်)စိစဉ်တည်းဖြတ်သည့်

ပန်ဒိုရ

မဂ္ဂဇင်း

အယ်ဒီတာ
ဦးစိန်မျိုးဖြင့်
ဆရာရန်အောင်တိန်း(B.Sc)

အယ်ဒီတာ
စမောင်စမောင်လတ်

www.burmeseclassic.com

www.burmeseclassic.com

၁၀၈။ ကိုမောင်သန်းဝင်း
ဆရာတော် ဦးအုန်းခိုင်

၁၁၁။ ကိုရွှေမြသန်း(သမိုင်း)
သာသနာ့ဝန်ဆောင် ဆရာတော်ကြီးများ၏
ဩဝါဒကထာများနှင့် တရားအားထုတ်ရန်
နည်းလမ်းများ

၁၁၆။ ထွန်းကျော်လူ
သက်ကြီးစကား သက်ငယ်ကြား

၁၂၀။ ရှင်ထွေးအောင်
ကျွန်ုပ်နှင့် ထူးဆန်းသော ကိုးလုံးပုတီး

၁၂၄။ အသစ်ယာ
သံသရာအဆက်ဆက်

၁၂၈။ မောင်လှယဉ်(မော်လမြိုင်)
ကျိုင်းမြစ်အတွင်းက မှောင်မိုက်သော နေ့ရက်များ

၁၃၄။ စိုးယဉ်ထွန်း
ယုံကြည်၍ပေးသော အကျိုး

၁၄၀။ မျိုးကြီး(အမရဋ္ဌာနေ)
ရင်ထဲက အတွေးများ

၁၄၈။ ဆရာကံထူး(စေဒသုတေသီ)
နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာ ကံကြမ္မာ

၁၅၅။ ဆရာရန်အောင်ဟိန်း(B.Sc)
ဂန္ဓီရုပရိသတ်မေးခွန်း ဖြေသည်

၁၆၁။ ဆရာရန်အောင်ဟိန်း(B.Sc)
ရုပ်မြင်သံကြားဇာတ်လမ်းတွဲ
ရိုက်ကူးထုတ်လုပ်ခြင်း အောင်မြင်မည်လား နှင့်
ကော်ဖီ စံနစ်

၁၆၄။ ဆရာရန်အောင်ဟိန်း(B.Sc)
ဓနသီဒိုနက္ခတ်နယ်ပယ်ပေါ်
လင်္ဂနှင့် မွန်းတည့်မျဉ်းဖြတ်ဇယား

၁၆၆။ မင်းမဟော်ညွှန့်
နက္ခတ်ကောဇော ရက်မြတ်ကောင်း အချိန်အခါ

၁၇၂။ ဆရာကံထူး(စေဒသုတေသီ)
မဟောရက်ပါ မဟေဒါရယ်

၁၇၇။ ကြည်ဝင်း(ဟသံတ)
လက္ခဏာပညာ လေ့လာသူတို့
သတိထားရမည့် အချက်များ

၁၈၂။ ဧတ္တရာ-ဆရာကျော်
တနလာနေ့အခါရွေးချယ်ခြင်း အယူအဆနှင့်
လေ့လာစရာ

၁၈၅။ ဂန္ဓီရ-ဆရာလှမျိုး(B.Sc)
(၇)နေ့သားသမီးများအားလုံးအတွက်
(၁၃၇၈)ခုနှစ်မှာ ပြုလုပ်ရမည့်ယတြာ

၁၈၈။ သာထက်ဇော်(မကွေး)
သားဦးစနေ မီးလိုမမွေးစေသောနည်း

၁၉၁။ မင်းနေထွန်း(ကန့်ဘလူ)
သိကြားစေ သက်သေညွှန်း

၁၉၄။ စောယုနန္ဒာ(မွေရင်ခွင်)
မွေးနေ့လေး မှန်အောင်ရွေးကြစို့

www.burmeseclassic.com

www.burmeseclassic.com

၁၉၈။ သုခစုစံ(ကျိုက်လတ်)
(၁၃၇၈)ခုနှစ်တွင် မွေးဖွားလာမည့်
ကလေးများအား နာမည်ကောင်း ရွေးပေးခြင်း

၂၀၂။ ပုရောဟိတ်-ဆရာဦးမြတ်စံ
မြေဦးမြှုပ်ထားသော ရတနာပစ္စည်းများ
ပြန်လည်ရရှိစေသော ဂျစ္ဆာသယ်အင်း

၂၀၆။ ပုရောဟိတ်-ဆရာဦးမြတ်စံ
ဗဒုမ္မာရွှေကြာအင်း အစီအရင်နှင့်
ရန်အောင်မြင်စေသော ဂါထာ

၂၁၀။ သုဒ္ဓ(နဝင်းဖြို့)
ဗုဒ္ဓဓိယာန အနန္တသိဒ္ဓိအင်းကိုစောင့်

၂၁၂။ ဇာတ္တသိုလ်အပန်ငယ်
လိုတရစ္ဆယ်စုံအင်း

၂၁၅။ ဟိန်း(ဘူမိ)
ကျောက်ကပ်၊ ဆီးအိမ်၊ သီးလေးကြောင်း
ရောဂါအတွက် အဲ့ဖွယ်သဘာဝဆေးများ

၂၁၈။ ရဲမြတ်တင်
လောကဓံဆိုတဲ့ ကြိမ်လုံး

၂၂၄။ ကြည်ဝင်း(ဟသ်ာတ)
တောကြီးမာယုဘီ စစ်ဆေးပုံ

၂၃၂။ မောင်သွေးရင့်
မြွေမင်းသား
(အခန်းဆက်ဝတ္ထုရှည်)

၂၄၄။ ဝေယံလင်းခေါင်
တစ္ဆေလေးပေးသော ဆေးမြစ်

၂၄၈။ ဒါရိုက်တာမျိုးဇော်အောင်
ဆေးသကြားလုံး နှစ်လုံး

၂၅၂။ ဂန္ဓီရ-လူမော်
အရိုန်အဟုန်ကုသိုလ်

၂၅၆။ ကျော်စော(စားကုန်)
ဇိုးသမားနှင့် ကြောင်နက်ကြီး နှစ်ကောင်

၂၆၅။ ချစ်မင်းသူ
မစ္ဆရိယမွေးမြူသူ

၂၇၀။ ဆန်းဝင်း(အောင်မြေ)
ခြောက်ပေပျဉ် သုံးချပ်

၂၇၆။ ညီညီဦမိုးချမ်း
နာနာဘာဝစံအိမ်

၂၈၀။ နေဝန်းနီ
တာမလွန်အချစ်

၂၉၀။ မောင်မြင့်ဆား(ဒိုင်ယာလေး)
ဇာတ်ပြိုး ဆားပြိုး

၂၉၆။ သျှင်ရဲထွဋ်(တောင်စွန်း)
-ဂန္ဓီရအလွဲများ

၃၀၄။ တင်အေးကျော်(အောင်လံ)
တွယ်ရာမဲ့ ပရလောကသားဖြစ်ခဲ့ခြင်း

၃၁၆။ ကျော်မိုးလွင်(ဝါးခယ်မ)
ငွေးပင်သရဲ

၃၂၀။ ကျော်ကျော်
တစ္ဆေပုံပြင်ကို မယုံချင်ပေမယ့်

ထုတ်ဝေသူ – ဦးသန်းဦးမြေ–၀၀၅၃၆၅ ၊ **ဂန္ဓီရ Logo** – မောင်မောင်အောင် ၊ **မျက်နှာဖုံး Graphic** – ဖေဖြိုး
အတွင်းသရုပ်ဖော် – ထွန်းအောင်၊ ဝင်းမြင့်အောင်၊ မောင်မြင့်ဌေး၊ မိုးကျော်၊ ညွှန့်နိုင်လှ၊ အောင်လင်းထွန်း၊ AA။
အတွင်းသားဇလင် – STARS။ **စာအုပ်ချုပ်** – အဂျေး။ **စောင်ရေ** – ၄၀၀၀။ **တန်ဖိုး** – ၂၁၀၀ ကျပ်
မျက်နှာဖုံးပုံနှိပ် – ဦးတိုးဝင်းမြေ–၀၀၈၃၀၁၊ နေလရောင်ပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် – ဦးကျော်စိုးမြေ–၀၉၄၂၆၆၊ နွဲ့ပုံနှိပ်တိုက်၊ တနောင်မင်းသားကြီးလမ်း၊ ၁/၄ အောရှ ဒုတိုစက်မှုဇုန်၊ ရန်ကုန်မြို့။
အယ်ဒီတာအဖွဲ့ရုံး ✱ အမှတ်–၁၈၂(က)(မြေညီထပ်)၊ ၃၃–လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၃၇၄၄၅၅ ၊ ၀၉၂၆၀၀၈၅၅

www.burmeseclassic.com

www.burmeseclassic.com

ဒိုလ်တဆောင်-ကိုဦး

မိုးကောင်းဆုတောင်းဖြည့်စေတီတော်

စာရေးသူသည် မိုးကောင်းစေတီတော်သို့ တစ်ခေါက်မျှ မရောက်ဖူးပါ။ သို့သော် အကြိမ်မပေါင်းများစွာ စေတီတော်အနီးမှ ဖြတ်သန်းသွားလာဖူးပါသည်။ တစ်နေ့တွင် အိမ်သူဇနီးမှ မိုးကောင်းဘုရားသွားလိုကြောင်း ပြောသဖြင့် စာရေးသူမှ လိုက်လံပို့ဆောင်ပေးခဲ့သည်။

စေတီတော်မှာ ရေးဟောင်းစေတီတစ်ဆူ ဖြစ်ပါသည်။ ဘုရားရှေ့တော်မှောက် ဝတ်ပြုဆုတောင်းပြီးနောက် စာရေးသူက ဂေါပကရုံးခန်းသို့ သွားရောက်ခဲ့ပြီး အသင့်တွေ့ရှိသော ရုံးအဖွဲ့မှူး ဦးသက်ဦးအား မိမိကိုယ်မိမိ မိတ်ဆက်ပြီးနောက် စေတီတော်သမိုင်းကြောင်း ရေးလိုရှု ခွင့်တောင်းခဲ့ရာ ရုံးအဖွဲ့မှူး ဦးသက်ဦးက သိရှိထားသမျှကို စာရေးသူအား ရှင်းလင်းပြောကြားပါသည်။ ထို့ပြင် ဂေါပကအဖွဲ့က စီစဉ်၍ ကိုဖိုးအေး(မြန်မာ့အသံ) ရေးသားသော စေတီတော်မြတ်ကြီး၏ သမိုင်းအကျဉ်းပါသော စာအုပ်တစ်အုပ်ကိုလည်း လက်ဆောင်အဖြစ် ပေးလိုက်ပါသေးသည်။



မြန်မာနိုင်ငံနှင့် ဗုဒ္ဓသာသနာ

မြန်မာနိုင်ငံသည် ထူးခြားသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ဗုဒ္ဓသာသနာနှင့် ပတ်သက်လာလျှင် ပို၍ပင် ထူးခြားသည့် နိုင်ငံအဖြစ် တွေ့မြင်နိုင်သည်။

ဂေါတမမြတ်စွာသည် မြန်မာနိုင်ငံသား မဟုတ်သကဲ့သို့ မြန်မာနိုင်ငံတွင် ပွင့်တော်မူလာခြင်းလည်း မဟုတ်ပေ။ သို့သော် ယနေ့ကာလတွင် မြတ်ဗုဒ္ဓသာသနာတော်သည် ကမ္ဘာ့နိုင်ငံပေါင်းများစွာတွင် တစ်ခုတည်းသော ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားသည့် နိုင်ငံအဖြစ် မြင်တွေ့နေရသည်။

ထို့ပြင် ပို၍ထူးခြားနေခြင်းမှာ မြန်မာနိုင်ငံသားတဖုံသနှင့် ဘလိုက် ကုန်သည်ညီနောင်သည် မြတ်ဗုဒ္ဓရှင်အား ဦးစွာဖူးတွေ့ခွင့်ရသူ လူသားအဖြစ်လည်းကောင်း၊ မြတ်ဗုဒ္ဓရှင်အား ဦးစွာ မုန့်ဆွမ်းကပ်လှူခွင့်ရသူလည်း ဖြစ်ခဲ့သည်။ တရားစကား နာယူပြီး ဦးစွာ သရဏဂုံနှစ်ပါး ဆောက်တည်ခွင့်ရသူလည်း ဖြစ်သည်။ မြတ်ဗုဒ္ဓ၏ ဆံတော်မြတ်ကိုလည်း ဦးစွာ ချီးမြှင့်ခံရသူများလည်း ဖြစ်ပေသည်။ မြန်မာနိုင်ငံသည် ဦးစွာ ဘုရားစေတီ တည်ခွင့်ရသူများလည်းဖြစ်ပြီး ကမ္ဘာတွင် ဦးစွာ ဗုဒ္ဓသာသနာတော်ကို ကိုးကွယ်ခဲ့သူများလည်း ဖြစ်ကြသည်။

ကုန်သည်ညီနောင်၏ ကျေးဇူးကြောင့် မြတ်ဗုဒ္ဓ၏ ဆံတော်များအပါအဝင် ပွင့်တော်မူပြီးသော ရှေးဘုရား သုံးဆူတို့၏ ဓာတ်တော်,မွေတော်များကို ဥက္ကလာပတိုင်းတွင် ရွှေတိဂုံစေတီတော်အဖြစ် ယနေ့တိုင် ဖူးတွေ့နိုင်ကြသည်။

ဗုဒ္ဓမြတ်စွာသည် ရှစ်ဝါအရ မဟာသက္ကရာဇ် တစ်နှစ် တစ်ဆယ့်တစ်ခုနှစ်တွင် ရှင်ဂဝံပတေ့ မထေရ်မြတ်၏ ပင့်လျှောက်ချက်အရ သထုံပြည် သုဝဏ္ဏဘူမိသို့ ရောက်ရှိလာ

www.burmeseclassic.com

www.burmeseclassic.com

ပြီးနောက် ဆံတော်မြတ်များကို ခင်းနှင့်တကွ ရသေ့မြတ်များ ပင့်ဆောင်ပူဇော်ခွင့် ရရှိသောကြောင့် အောက်မြန်မာနိုင်ငံတစ်ဝှမ်း ဗုဒ္ဓသာသနာ ထွန်းကားလာခဲ့သည်။

မဟာသက္ကရာဇ်(၁၂၃)ခုနှစ် ဘုရားရှင် ဝါတော် နှစ်ဆယ်အရွယ်တွင် သုနာပရန္တတိုင်း၊ ဝါဏိဇဂါမရွာ ယခု လယ်ကိုင်းဒေသဧရာတီမဟာထေရ် အရှင်ပုညဇ၏ လျှောက်ထားတောင်းပန်မှုကြောင့် မြတ်စွာဘုရားရှင်သည် ရဟန္တာများနှင့်အတူ မြန်မာနိုင်ငံအထက်ပိုင်းသို့ ကြွချီလာပြီးနောက် စန္ဒကူးနဲ့သာကျောင်းကြီး၌ သီတင်းသုံးကာ တရားဟော ကြားတော်မူလေ၏။ ဘုရားရှင် ပြန်လည်ကြွတော်မူသောအခါ ပါဒခြေတော်ရာနှစ်ဆူကို ထားရှိတော်မူခဲ့သောကြောင့် မင်းဘူမြို့နယ် မန်းရွှေစက်တော် ဘုရားနှစ်ဆူနှင့် လယ်ကိုင်း စန္ဒကူးနဲ့သာကျောင်းတော်ရာတို့မှာ ယနေ့တိုင် မြန်မာနိုင်ငံ အလယ်ပိုင်းတွင် ဖူးမြော်ပူဇော်ခွင့်ရနေ၏။

ပြည်အောင်ဘုရားတောင်အလှနှင့် စေတီတော်မရိုက်ရှင်းအလှ

မြတ်ဗုဒ္ဓသည် မဟာသက္ကရာဇ်(၁၄၈)ခုနှစ်တွင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ကိုယ်တော်မှဖြစ်သော သရီရဓာတ်တော်များသည် ရှစ်စိပ်ရှိသည်ဟု အဆိုရှိ၏။ လေးပြည်လျှင် တစ်စိပ်ဖြစ်၍ ရှစ်စိပ်ဟုဆိုသောကြောင့် ဗုဒ္ဓ၏ ဓာတ်တော်များသည် နှစ်တင်းခန့် ကြွင်းကျန်ရစ်လေသည်။

ဗုဒ္ဓ၏ ဓာတ်တော်များကို ခုနစ်ပြည်ထောင်မင်းများ ယူသွားကြသဖြင့် ဓာတ်တော်များ ပို့နဲ့သွားလေ၏။

ရာဇဂြိုဟ်ပြည် ဘုရင် အဇာတသတ်မင်းကြီးသည် အရှင်မဟာကဿပ မထေရ်မြတ်ကြီးနှင့် တိုင်ပင်ကာ ဗုဒ္ဓ၏ ပြန့်ကျဲနေသော ဓာတ်တော်များကို တစ္ဆတပေါင်းတည်းစုစည်း၍ ထူပါစေတီတော်မြတ်ကိုတည်ကာ ဌာပနာထားတော်မူလေသည်။

မဟာသက္ကရာဇ်(၁၄၈)ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၅)ရက်နေ့တွင် အရှင်မဟာကဿပမထေရ်မြတ် ဦးဆောင်သော ရဟန္တာပေါင်းငါးရာတို့သည် ရာဇဂြိုဟ်ပြည် သတ္တပဏ္ဏိလိုဏ်ဂူ၌ ပထမသင်္ဂါယနာ တင်တော်မူခဲ့သည်။

အရှင်မဟာကဿပနှင့် အဇာတသတ်မင်းကြီးသည် ဗုဒ္ဓ၏ဓာတ်တော်များ အထူးလုံခြုံရေးအတွက် အစီအမံများ ပြုလုပ်ကာ ဆောင်ရွက်ထားခဲ့သည်။ သို့သော် အဇာတသတ်မင်း မသိရှိသေးသည့် ကိစ္စတစ်ခုကိုလည်း အရှင်မြတ်ကြီးက သိထားပြီးဖြစ်သည်။

ထိုကိစ္စရပ်မှာ နောင်သောအခါ ဘုရားသာသနာကို အားသွန်ခွန်စိုက် ပြုလုပ်တော်မူမည့် သာသနာပြုမင်း သီရိ


ဦးသာရဉ်ဆူဘုရားတောင်မြို့ခံစေတီတော် ဆင်နွှဲပုံ

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးတော်ရင်ဝေတီနှင့် ဘုရားအုတ်ဂူတော်ရင်ပြင်

ဓမ္မာသောကသည် ပါဋလိပုတ်နေပြည်တော်၌ ထင်ရှားပေါ်လာလိမ့်မည်ဖြစ်ကြောင်း သိရှိထားခြင်း ဖြစ်သည်။

ဗုဒ္ဓသာသနာတော် မြန်မာနိုင်ငံအနှံ့ ပျံ့နှံ့ခြင်း

သာသနာသက္ကရာဇ်(၂၃၅)ခုနှစ်တွင် မဇ္ဈိမဒေသ ပါဋ



ပြိုလုဆဲဆဲဖြစ်နေသော ဘုရားတော်ကို ပြန်လည်ပြုပြင်ထားစဉ်

လိပုတ်ပြည်၌ စိုးစံတော်မူသော သီရိဓမ္မာသောကမင်းကြီးသည် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ အမှူးပြုသော ရဟန္တာ အရှင်မြတ်တစ်ထောင်ဖြင့် တတိယသင်္ဂါယနာ တင်တော်မူ၏။

မင်းကြီးသည် ဗုဒ္ဓသာသနာကို မဇ္ဈိမဒေသတွင်မကဘဲ ကမ္ဘာအနှံ့ ပျံ့နှံ့စေရန် ရည်ရွယ်၍ စေတီပေါင်းရှစ်သောင်းလေးထောင်၊ ရေတွင်း၊ရေကန်ပေါင်း ရှစ်သောင်းလေးထောင်စီ၊ တည်ထားကိုးကွယ်တော်မူလေသည်။ ထိုစေတီများတွင် ဌာပနာထားရန် ဗုဒ္ဓဓာတ်တော်များ အလိုရှိတော်မူ၍ သင်္ဂီတိကာရက မထေရ်များကို မေးမြန်းလျှောက်ထားရာ ရာဇဂြိုဟ်ပြည် ထူပါစေတီတော်တွင်ရှိကြောင်း သိရလေ၏။

ပရိသတ်လေးပါး ရဟန်းတော်မြတ်များနှင့်အတူ ရာဇဂြိုဟ်ပြည်သို့ သွားရောက်ကာ ဗုဒ္ဓမြတ်စွာ၏ သရီရဓာတ်တော်များကို ရှာဖွေခဲ့ကြသည်။ ရရှိတော်မူသောအခါ ရာဇဂြိုဟ်တွင် ဓာတ်တော်အနည်းငယ်ခန့် ထားခဲ့၍ အားလုံးကို ပါဋလိပုတ်ပြည်သို့ သယ်ဆောင်လာခဲ့သည်။ ပြီးနောက် ဤကိုးတိုင်းကိုးဌာနသို့ ဓာတ်တော်များနှင့်အတူ ရဟန္တာများ စေလွှတ်၍ သာသနာပြုစေသည်။

ထိုကိုးတိုင်းကိုးဌာနမှာ-

၁။ ကသ္မီရဂန္ဓရတိုင်း၊
၂။ မဟိသကမဏ္ဍလ (မိုက်ဆိုးပြည်နယ်)၊
၃။ ဒက္ခိဏာပထတောင်ပိုင်း ဝနဝါသီ (မလဗာနယ်)၊
၄။ အပရန္တ (အိန္ဒိယအနောက်ပိုင်း ကောဇနယ်)
၅။ မဟာရဋ္ဌတိုင်း (ဘုံဘိုင်နယ်)၊
၆။ ယောနကတိုင်း (ပါသီကန်-ဂရိနိုင်ငံ)၊
၇။ ဟိမဝန္တာတိုင်း၊
၈။ တမ္ဗပဏ္ဏိသီဟိုဠ်ကျွန်း၊
၉။ သုဝဏ္ဏဘူမိ (ရာမညတိုင်း)တို့ ဖြစ်လေသည်။

ဤနည်းဖြင့် မြန်မာနိုင်ငံတွင်လည်း ဓာတ်တော်,မွေတော်များ ပျံ့နှံ့ကာ နိုင်ငံတစ်ဝှမ်း နေရာအနှံ့ အပြားတွင် ဗုဒ္ဓသာသနာတော် တွန်းလင်းတောက်ပခဲ့လေသည်။ မြန်မာ

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံသည် ဗုဒ္ဓသာသနာတော် ထွန်းကားရာ ဘူမိနက်သန်မြေနေရာမှန်ပင် ဖြစ်ပါသည်။

မိုးကောင်းစေတီတော်မြတ်သည်လည်း သီရိဓမ္မာသောကမင်းကြီး၏ ကောင်းမှုတော်စေတီများမှ အရံစေတီတစ်ဆူဖြစ်ကြောင်း အဆိုရှိ၏။ ခိုင်လုံသော အထောက်အထားကား မတွေ့ရှိရသေးပေ။

မိုးကောင်းမိဖုရားနှင့် စေတီတော်

ရှင်စောပုမိဖုရားသည် မွန်ရဟန်းတော်နှစ်ပါး၏ အကူအညီဖြင့် အင်းဝမှ ပဲခူး-ဟံသာဝတီသို့ ထွက်ပြေးရောက်ရှိလာခဲ့၏။ မိဖုရားကြီးမှာ ဘာသာ၊ သာသနာ၌ ယုံကြည်သက်ဝင်မှုရှိပြီး ရှေးဟောင်းစေတီပေါင်းများစွာကို ပြုပြင်မွမ်းမံ၍လည်းကောင်း၊ စေတီတည်ထားကိုးကွယ်၍လည်းကောင်း သာသနာပြုလျက်ရှိသည်။

ရွှေတိဂုံစေတီတော်ထဲ မကြာခဏ သွားရောက်ဖူးမြော်လေ့ရှိသည်။ ပဲခူး-ဟံသာဝတီတွင် ဘုရင်မကြီးအဖြစ် နန်းတက်သော ကာလတွင်လည်း စစ်သည်ရဲမက်အစုံအလင်ဖြင့် ရွှေတိဂုံစေတီတော်မြတ်အား ရေလမ်းခရီးဖြင့် ဝေါရောက်ဖူးမြော်လေ့ရှိ၏။ ဖော်တော်ဆိုက်ရာ ရေဆိပ်သို့ ရောက်ရှိတိုင်း မိုးရွာသွန်းမှုနှင့် ကြုံတွေ့ရလေ့ရှိသည်။

ဒေသခံများသည် ဘုရင်မကြီး ရှင်စောပုဟု မသိကြ။ ငှင်းရောက်ရှိလာတိုင်း မိုးရွာသည်နှင့် ကြုံလေ့ရှိသောကြောင့် မိုးကောင်းမိဖုရားဟုသာ ခေါ်ဝေါ်ကြ၏။ ဖောင်တော်ဆိုက်ကပ်ရာအရပ်၌ ရှေးဟောင်းဂုတ်တိုစေတီအဖြစ် ရှိနေသော သီရိမင်္ဂလာစေတီတော်မြတ်ကို အသစ်ထပ်မံ၍ စေတီတည်တော်မူ၏။ ဒေသခံတို့သည် စေတီတော်ကို သီရိမင်္ဂလာစေတီတော်ဟု မခေါ်ဝေါ်ကြဘဲ မိုးကောင်းမိဖုရားကြီးက တည်တော်မူသော စေတီဖြစ်ခြင်းကြောင့် မိုးကောင်းစေတီဟုသာ ခေါ်တွင်ကြကုန်၏။

မူလအမည် ပျောက်၍ ယနေ့ထက်တိုင်အောင် မိုးကောင်းစေတီဟုသာ ခေါ်ဝေါ်ကြလေသည်။

ဘုရင်မကြီး ရှင်စောပုသည် ငှင်းအား ကူညီခဲ့ကြသော ရဟန်းတော်နှစ်ပါးအနက် တစ်ပါးသော ရဟန်းအား လူထွက်စေကာ သမီး



အနောက်မြောက်ထောင့်၌ရှိသော ရွှေစေတီ

တော်နှင့် လက်ထပ်ထိမ်းမြားပေး၍ အိမ်ရှေ့အရာ အပ်နှင်းခဲ့သည်။ ထိုရဟန်းလူထွက် အိမ်ရှေ့မင်းမှာ နောင်သောအခါ သာသနာတွင် ထင်ရှားကျော်ကြားခဲ့သည့် ဓမ္မစေတီမင်းပင် ဖြစ်ပါသည်။

ဓမ္မစေတီမင်းကောင်းမူတော် မိုးကောင်းစေတီတော်

ကောဇာသက္ကရာဇ်(၈၃၃)ခုနှစ်တွင် ဟံသာဝတီနေ

www.burmeseclassic.com

www.burmeseclassic.com

အရောကိုင်၍မရသည့် ဌာပနာဒေါက်

ပြည်တော်၌ ဓမ္မစေတီမင်း နန်းတက်လေ၏။ မင်းကြီးသည် ရဟန်းလူထွက်ဖြစ်၍ စာပေကျမ်းဂန်အရာ၌ လွန်စွာတတ်မြောက်၏။ သာသနာပြုမင်းအဖြစ် ထင်ရှား၏။ ဘုရား၊ ပုထိုး၊ စေတီများကို ဟံသာဝတီ၌သာမက ဒဂုံအရပ်၌လည်း တည်ထားကိုးကွယ်ခဲ့သည်။ မင်းကျွင်တရား ဆယ်ပါးနှင့်



အရောကိုင်၍ဆောင်ထားခြင်းမရှိသော ဝေဆုံးဆုံးမှုနှင့် ဝေဆာရုပ်တုတော်

အညီ အုပ်ချုပ်တော်မူသဖြင့် နိုင်ငံတော်မှာ စည်ပင်ဝပြိုး သာယာလှပေသည်။

ဓမ္မစေတီမင်းသည် သက္ကရာဇ်(၈၃၇)ခုနှစ်တွင် ဟံသာဝတီသား မထေရ်များကို ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားရာ သီဟိုဠ်ကျွန်းသို့ စေလွှတ်တော်မူ၍ မဟာအဋ္ဌကထာကျမ်းများ၊ ပိဋကတ်စာပေများကို သင်ကြားစေသည်။

ဟံသာဝတီသား မထေရ်မြတ်များသည် သက္ကရာဇ်(၈၃၈)ခုနှစ်တွင် ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်,မွေးတော်များကို ပင့်ဆောင်ပြီး သီဟိုဠ်မှ ဟံသာဝတီသို့ ပြန်လည်ကြွရောက်လာကြလေ၏။ ပင့်ဆောင်လာသော ဓာတ်တော်,မွေးတော်များကို သီရိမင်္ဂလာစေတီတော်မြတ်တွင် ဓမ္မစေတီမင်းက ထပ်မံဌာပနာထားတော်မူလေသည်။ မူလရှိပြီး စေတီကို (၆၆)တောင် (၁)မိုက်ရှိသော စေတီတော်အဖြစ် ထပ်မံ၍ တည်ထားကိုးကွယ်တော်မူခဲ့သည်။

ထိုသီရိမင်္ဂလာစေတီတော်မြတ်ကြီးကား ယနေ့ ဖူးတွေ့နေရသည့် မိုးကောင်းဆုတောင်းပြည့်စေတီတော်မြတ် ဖြစ်လေသည်။ ယခုအခါ ရန်ကင်းမြို့နယ်၏ ကျက်သရေဆောင် ဘုရားရှင်၏ ဓာတ်တော်,မွေးတော်များ ကိန်းဝပ်တော်မူရာ ဓာတုစေတီတော်အဖြစ် ထင်ရှားစွာ တွေ့မြင်နိုင်လေသည်။

မိုးကောင်းဆုတောင်းပြည့် စေတီတော်မြတ်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်တွင် ရှိသည်။ အရှေ့ဘက်တွင် မိုးကောင်းကျောင်းတိုက်၊ အနောက်ဘက်တွင် မိုးကောင်းလမ်းမကြီးနှင့် မြောက်ဘက်တွင် သစ္စာလမ်းမကြီးတို့ ရှိကြသည်။ သွားလာရေးလွယ်ကူသော အရပ်ဒေသတွင်ရှိသဖြင့် နေ့စဉ် ဘုရားဖူးတို့ဖြင့် စည်ကားစွာ တွေ့မြင်နိုင်ပေသည်။

<u>မိုးကောင်းစေတီနှင့် ထားဝယ်မကြီး ဒေါလှိုင်</u>

ထားဝယ်မကြီး ဒေါလှိုင်မှာ ကုက္ကိုင်းတွင် နေထိုင်သူတစ်ဦး ဖြစ်သည်။ ဘာသာတရား လွန်စွာကိုင်းရှိုင်းပြီး ရွှေတိဂုံဓစေတီနှင့် ကျိုက္ကစ်စေတီတော်များသို့ မကြာခဏ သွားရောက်ဖူးမြော်လေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျိုက္ကစ်စေတီတော် တန်ဆောင်းအမြင့်ကား ဒေါ်လှိုင်သည် တစ်နေ့တွင် ကုက္ကိုင်းနေအိမ်မှ ကျိုက္ကစ်စေတီသို့ လှည်းဖြင့် သွားရောက်ခဲ့သည်။ လမ်းခုလတ် မိုးကောင်းဘုရားကျောင်းပေါက်တည့်တည့် အရောက်တွင် လှည်းဆောင့်၍ နားဘီပန်ဆင်ထားသော စိန်နားကပ်မှာ ကျွတ်ကျကာ ပျောက်သွားလေ၏။ ရှာသော်လည်း မတွေ့သဖြင့် လက်လျှော့ကာ ကျိုက္ကစ်စေတီသို့ ရောက်အောင်သွား၍ ဖူးမြော်ကြည်ညိုလေ၏။ အပြန်တွင် စိန်နားကပ် ကျပျောက်ခဲ့သော နေရာအနီး၌ ဖောင်းရစ်လေးရစ်သာ ရှိတော့သည့် ပြိုကျနေသော စေတီထံပါး၌ သစ္စာဆိုလေ၏။

ဤစေတီကို ပြုပြင်လျှဒါန်းထိုက်သူပုဂ္ဂိုလ် အမှန်ဖြစ်ပါက ကျပျောက်သွားသော စိန်နားကပ်ကို ပြန်လည်တွေ့ရပါလိမ့်၏ဟု ဆုတောင်းပြီးနောက် ဘုရားငုတ်တို့မှ ပြန်အထွက်တွင် စိန်နားကပ်မှာ လမ်းမတစ်နေရာ၌ နေရောင်ကြောင့် တဖျတ်ဖျတ်ဖြစ်လျက် ပြန်လည်တွေ့ခဲ့လေ၏။

မြန်မာသက္ကရာဇ်(၁၂၆၅)ခုနှစ်၊ ခရစ်နှစ်(၁၉၀၄)ခုနှစ်တွင် ထားဝယ်မကြီး ဒေါ်လှိုင်သည် ဗဟန်းသံယုတ်ကျောင်းဆရာတော် အကူအညီဖြင့် ပြိုကျပျက်စီးနေသော စေတီတော်ကို ပြုပြင်မွမ်းမံ တည်ထားခဲ့လေသည်။

ရှေးအခါက ဤအရပ် ဤဒေသတွင် မိုးခေါင်၍ ဆန်ရေစပါး ရှားပါးလှပါက မိုးကောင်းဘုရားကြီး၏ စနေထောင့် (သို့မဟုတ်) ရာဟုထောင့်မှနေ၍ ထီးပြူတစ်လက်ကို ရေသွန်းလောင်းပါက စေတီတော်ပရိဝုဏ်ရှိ လူအများမှာ ပြေးမလွတ်အောင် အမြန်ဆုံးမိုးရွာသွန်းချကြောင်း သိရသည်။ စေတီတော်မှ ရောင်ခြည်တော်များလည်း လွှတ်ကြောင်း သိရသည်။ ထို့ကြောင့် မိုးကောင်းစေတီတော်သည် အဓိကရစေတီတော် ဖြစ်လေသည်။

စေတီတော်ကို တည်ထားပြီးနောက် တန်ဆောင်မုန်းလတွင် ဆွမ်းတော်ကြီးလောင်းလှူပွဲနှင့်အတူ ရုပ်သေးပွဲများထည့်သွင်းကပြခြင်းဖြင့် ဘုရားပွဲအဖြစ် နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့ကြသည်။ တန်ဆောင်မုန်းလသည် ငါးထပ်ကြီး ဘုရားပွဲနှင့် တိုက်ဆိုင်နေသောကြောင့် နတ်တော်လသို့ ပြောင်း၍ ဘုရားပွဲကျင်းပခဲ့ကြသည်မှာ ယနေ့တိုင်ပင် ဖြစ်သည်။

ဂေါပကအဖွဲ့နှင့် သာသနာရေးဆောင်ရွက်ချက်

ရန်ကင်းမြို့နယ်၏ ကျက်သရေဆောင် မိုးကောင်းဆုတောင်းပြည့်စေတီတော်မြတ်ကို ထင်ရှား၍ စည်ကားလာအောင် ကြိုးပမ်းခဲ့ကြသော ဂေါပကအဖွဲ့ကြီးကို မြန်မာသက္ကရာဇ်(၁၃၀၉)ခုနှစ်၊ ခရစ်နှစ်(၁၉၄၈)ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။

မိုးကောင်းဘုရား ဗုဒ္ဓသာသနဝေယျာဝစ္စ နိဗ္ဗာန်ဆော်အသင်းဥက္ကဋ္ဌ ဦးအောင်ဘ (ကောက်ပဲသီးနှံ ရုံးချုပ်ဌေးစာရင်း အရာရှိ)၊ ဂေါပက ရာသက်ပန်နာယကကြီး ဇေယျကျော်ထင် ဗိုလ်မှူးကြီးသူရမင်းသိမ်း၊ မိုးကောင်းဘုရား ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်လှတို့ ဦးဆောင်၍ ဘုရားကြီးအား အပိုင်းနှစ်ပိုင်းခွဲကာ (၁) မိုးကောင်းဘုရား ဗုဒ္ဓဝေယျာဝစ္စ ဆောင်ရွက်ရေးနှင့် (၂) မိုးကောင်းဘုရားသမိုင်းပြုစုရေးတို့ကို ဆောင်ရွက်ခဲ့ကြောင်း ဆရာတော် ဦးဩဘာက မှတ်တမ်းတင်ခဲ့သည်။

ထင်ရှားသော စေတီတွင် တိကျခိုင်မာသော ဘုရားသမိုင်း ရှိရေးသည် အလွန်အရေးကြီးသောကြောင့် လုံလုပြုကာ ဆောင်ရွက်ခဲ့ကြသဖြင့် စေတီတော်သမိုင်း စာအုပ်ထွက်ရှိလာခဲ့သည်။ တိကျခိုင်မာသည်ဟု မဆိုသာသော်လည်း အထောက်အထားများအရ အတော်အတန် ပြည့်စုံခဲ့ကြသည်ဟု ယုံကြည်ခဲ့၏။



ဂေါပကမှူးဆန်းခရွှေ ယက္ခဒုနောင်တော်

www.burmeseclassic.com

www.burmeseclassic.com

ထို့ပြင် တစ်ဖက်၌လည်း စေတီတော်ပရိဝုဏ်အတွင်း၌ သာသနိကအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်နိုင်ခဲ့သည်။

လက်ရှိဂေါပကအဖွဲ့ကို (၂၀၀၅)ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ဥက္ကဋ္ဌဦးကျော်မင်း၊ ပါဝင်သော အဖွဲ့ဝင်(၁၅)ဦးဖြင့် ဖွဲ့စည်းခဲ့၏။ ဂေါပကအဖွဲ့ တာဝန်ယူပြီး လပိုင်းမျှအကြာ (၂၀၀၆)ခုနှစ်၊ ဧပြီလ (၈)ရက်၊ စနေနေ့ မွန်းတည့်(၁၂)နာရီ အချိန်၌ အင်္ဂါထောင့်ရှိ အရံစိန်ဖူးတော်မှာ ရောင်ခြည်တော်ကွန့်မြူးနေကြောင်း တွေ့မြင်ကြရသည်။ နေ့ညဉ့် နှစ်ရက်ဆက်တိုက် ရောင်ခြည်တော်လွှတ်ခဲ့သည်။ မိုးကောင်းစေတီတော် စိန်ဖူးတော်၌ အရံစိန်ဖူးတော်လေးလုံး ပါရှိကြောင်း ထူးခြားစွာ တွေ့မြင်ရသည်။

အတူမရှိ လောကမာန်အောင် ရွှေသာလျှောင်းဓမ္မာရုံအတွင်း ထားရှိကိုးကွယ်ရန်အတွက် ရွှေသာလျှောင်းဘုရားကို မန္တလေးတွင် သွားရောက်အပ်နှံ၍ ထုလုပ်စေ၏။ ပန်းပုဆရာ ဦးဇော်မင်းက မန္တလေးတွင် ပေါ်တော်မူဘုရားတစ်ဆူရှိကြောင်း၊ ပုံတူထု၍ လှူဒါန်းခဲ့သည်။ ထိုလှူဒါန်းခဲ့သော ဘုရားမှာ ဘုန်းရှင်ကံရှင်စေတီ၌ ရှိလေသည်။ ဘုန်းကံတက်စေရန်၊ ရာထူးတက်စေရန် ဓိဋ္ဌာန်ဆုတောင်းက ဆုတောင်းပြည့်ဝသည်ဟု ဆို၏။

စေတီတော်အနောက်အရပ် တန်ဆောင်းအနောက်၌ စေတီဌာပနာပေါက်နံရံမှာ ပိတ်၍မရကြောင်း သိခဲ့ရ၏။ အကြမ်းထုည်ပိတ်ပြီးနောက် အချောကိုင်၍မရကြောင်း ထူးခြားစွာ တွေ့မြင်ရလေ၏။

စေတီတော်တန်ဂနွေထောင့်ရှိ မုခ်ဦးအောင်း၌ အဘဘိုးမင်းခေါင် ဖိထိုးသွားသော နေရာရှိကြောင်း၊ ရုံးအဖွဲ့မှူးဦးသံဂီးက ပြောပြ၏။ လွန်ခဲ့သော(၂၆)နှစ်ခန့်က ၄င်းကိုယ်တိုင် ထိုနေရာမှ ဖိထိုးတဲ့ခွက်များ ရရှိခဲ့ကြောင်း၊ ယခုတိုင် မုခ်ဦးအပေါ်၌ သေတ္တာတစ်လုံးမှာ အုတ်ဖြင့် ပိတ်ထားကြောင်း တွေ့မြင်ခဲ့ရ၏။

အနောက်ဘက်မုခ်အဝင် ရင်ပြင်တော်၌ ဆေးဘိုးဘိုးကြီး ရှိလေသည်။ ဆေးဘိုးဘိုးကြီးရှေ့၌ရှိသော ဆေးကျောက်ပျဉ်တွင် ဆေးကို သွေးယူ၍ ရောဂါဖြစ်နေသော နေရာ၌ လူးခြင်း၊ သောက်ခြင်းဖြင့် ရောဂါပျောက်ကင်းကြသဖြင့် လာရောက်၍ လှူဒါန်းကြသူများကို တွေ့ခဲ့၏။

စေတီတော်တောင်ဘက်နှင့် မြောက်ဘက်မုခ်ဦး ရင်ပြင်တော်ပေါ်၌ ယက္ခညီနောင် ရှိလေသည်။ ယက္ခညီနောင်



အား ဒဲပေါက်၊ အချိုရည်များ ကပ်လှူ၍ ဆုတောင်းစာများ ရေးကာ ဆုတောင်းခြင်းဖြင့် ဆုတောင်းပြည့်ဝသည်ဟု ဆို၏။

မိုးကောင်းဆုတောင်းပြည့်စေတီတော် ပရိဝုဏ်အတွင်း၌ အဓိကကျသော သာသနိကအဆောက်အအုံ များစွာရှိလေသည်။ ဂေါပကအဖွဲ့သည် သမိုင်းဝင်ထင်ရှားသော စေတီတော်ကြီးအား ထပ်မံတိုးချဲ့ပြုပြင်မွမ်းမံရင်း သာသနာ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်။

မြန်မာပြည်တနံတလျားရှိ ဗုဒ္ဓဘာသာဝင် သူတော်စင်များစွာတို့သည် ရန်ကုန်မြို့တစ်ခေါက် ကြဲကြိုက်၍ ရောက်ရှိလာပါက ရန်ကုန်မြို့အနှံ့ ဘုရားများ ဖူးမြော်ကြည်ညိုကြပြီးနောက် သမိုင်းဝင်ထင်ရှားသော မိုးကောင်းဆုတောင်းပြည့်စေတီတော်သို့ ရောက်အောင်သွား၍ ဖူးမြော်ကြည်ညိုရင်း အလှူရေစက် လက်နဲ့မကွာ လှူဒါန်းပူဇော်ခြင်းဖြင့် နိဗ္ဗာန် မဂ်ဖိုလ်အရောက် လှမ်းနိုင်ကြပါစေဟု ဆုတောင်းမေတ္တာ ပို့သရင်းဖြင့်...။

ခုနှစ်နေ့သားသမီးအပေါင်း ဘေးဘယာကင်းဝေးကြပါစေ။

ဗိုလ်တထောင်-ကိုဦး

www.burmeseclassic.com

www.burmeseclassic.com

ရွေးကောင်းသမိုင်းဝင် ဟိုင်းတက်မြို့က

အာကာသသားသည်

ရှင်ဇင်းလှ (ခေါ်) ဘုရားလှစေတီတော်မြတ်ကြီးနှင့် အောက်မေ့လွယ်သူတော်လွယ်ရာ ဒဏ္ဍာရီတရားဖြစ်စရာများ

ရွေးကောင်းသမိုင်းဝင် ရှင်ဇင်းလှ (ခေါ်) ဘုရားလှစေတီတော်မြတ်သည် ပုဂံပြည့်ရှင် အနော်ရထာဘုရင် တည်ထားတော်မူခဲ့သော စေတီတော်၊ ပုထိုးတော်များတွင် တစ်ဆူအပါအဝင်ဖြစ်သည်။ နှစ်ပေါင်း(၉၈၀)မျှရှိလာသော ယင်းရှင်ဇင်းလှစေတီတော်ကား ယနေ့တိုင် ကြည်ညိုဖွယ်ရာ သပ္ပာယ်စွာဖြင့် ဖူးမြော်နိုင်၍ သမိုင်းနောက်ခံတို့လည်း လေ့လာမှတ်သား စိတ်ဝင်စားစရာ ကောင်းလှလေသည်။

သာဝတ္ထိ၏အကြောင်းကို ရေးလျှင် အနာထပိဏ်သူဌေးကြီး မပါဝင်က မပြီးသကဲ့သို့ မြန်မာ့သမိုင်းကို ပြန်လည်စောရကြောင်းမည်ဆိုလျှင်လည်း အနော်ရထာမင်းကြီး ပါမှ ပြီးပြည့်စုံပါသည်။ ပုဂံမင်း(၅၅)ဆက်ရှိသည့်အနက် (၄၂)ဆက်မြောက်တွင် နန်းတက်သော အနော်ရထာသည် ပထမမြန်မာနိုင်ငံတော်ကြီးကို တစည်းတလုံးတည်းဖြစ်အောင် ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သည်။

အနော်ရထာမင်းသည် မိမိ၏အမည်ကို အနိရုဒ္ဓဟူ၍ ယင်းကိုယ်တိုင် ပြုလုပ်သော အုတ်ခွက်ဘုရားများတွင် ကမ္ဘည်းရေးထိုးခဲ့သည်။ အနိရုဒ္ဓမှာ အုပ်ချုပ်စားဆီးခြင်း၊ ပိတ်ပင်ဟန့်တားခြင်းငှာ မပြုနိုင်သောနာမည်ဖြစ်၍ အနိရုဒ္ဓမ အနုရုဒ္ဓ၊ အနော်ရထာဟူပြီး ရေးသားခေါ်ဝေါ်လာကြသည်။

အနော်ရထာမင်း နန်းတက်ခါစက မြန်မာနိုင်ငံတွင် ပဒေသရာဇ်နိုင်ငံငယ်များ၊ မြို့ပြနိုင်ငံများ အကွဲကွဲအပြားပြား ရှိခဲ့ကြသည်။ အနော်ရထာမင်းကား ယင်းသို့ တစ်နယ် တစ်မင်း ဖြစ်နေမှုတို့ကို သိမ်းသွင်းစည်းရုံးပြီး လက်နက်နိုင်ငံတော်သစ်ကြီး တည်ထောင်ခဲ့ခြင်းဖြစ်သည်။

ဟိုစဉ်တုန်းက မြန်မာနိုင်ငံကို သုနာပရန္တ၊ တမွဒိပ စသော တိုင်းကြီးများ အသီးသီးဖွဲ့စည်းထားရှိကြောင်း သိရသည်။ တမွဒိပတိုင်းသည် ဧရာဝတီမြစ် အရှေ့ဘက်နှင့် တောင်ဘက်တစ်ဝန်းတို့ဖြစ်၍ ယင်းတိုင်းအတွင်း၌ ပုဂံမင်းနေပြည်တော် တည်ရှိသည်။ အနော်ရထာမင်းလွှဲထက်တော်က ပုဂံသည် ကြက်ပျံမကျ စည်ကားသည်ဟု အဆိုရှိလေသည်။

နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နယ်မြေလုံခြုံကာကွယ်ရေးကား လွန်စွာမှ အရေးကြီးပါသည်။ ပုဂံအနော်ရထာမင်းသည် ကမ္ဘောဇတိုင်းနှင့် တမွဒိပတိုင်း နှစ်ခုစပ်ကြား ရှမ်းယွန်းတို့ မရောနှောစေရန်အတွက်လည်းကောင်း၊ လူဝင်လူထွက်ကို ထိန်းချုပ်နိုင်ရန်လည်းကောင်း ကင်းမြို့(၄၃)မြို့တို့ကို တည်ထားတော်မူခဲ့သည်။ သက္ကရာဇ်(၃၉၅)ခုနှစ်၊ တပေါင်းလဆန်း (၁၂)ရက် သောကြာနေ့တွင် ကင်းမြို့(၄၃)မြို့ကို တစ်ပြိုင်နက် တစ်ကြိမ်တည်း အချိန်ကိုက် ပန္နက်ရိုက်၍ တည်ခဲ့သည်။

ယင်းနယ်ခြားစောင့် ကင်းမြို့(၄၃)မြို့မှာ-

(၁) ကောင်းစင်၊ (၂) ကောင်း

ရှင်ဇင်းလှ (ခေါ်) ဘုရားလှစေတီတော်မြတ်ကြီး၊ အောင်ပဲတောင်ဘက်မှ

www.burmeseclassic.com

www.burmeseclassic.com



....အနော်ရထာမင်းမြတ် တည်ထောက်မူသော
ရွှေစည်းခုံ (ဝေဠု) ဘုရားကြီး ထင်ရှားတည်ရှိစဉ်

တုံ၊ (၃) ငရုန်း၊ (၄) ငရင်း၊ (၅) ရွှေဂူ၊ (၆) ယင်းခဲ၊ (၇) မိုးတား၊ (၈) ကသား၊ (၉) ထီးကျဉ်း၊ (၁၀) မြတောင်၊ (၁၁) တကောင်း၊ (၁၂) ဟင်းမဟော်၊ (၁၃) ကြဲညှပ်၊ (၁၄) စမ္ဘာနဂိုရ်၊ (၁၅) ငစဉ့်ကြီး၊ (၁၆) ကုန်းသာယာ၊ (၁၇) မကွေးတရာ၊ (၁၈) အောင်အုတ်၊ (၁၉) ရေနံသာ၊ (၂၀) နဂါးမောက်၊ (၂၁) ယင်းမာတဲ၊ (၂၂) စုန်းမြို့၊ (၂၃) ထုံပုံ၊ (၂၄) မတ္တရာ၊ (၂၅) သက်ကယ်ကျင်း၊ (၂၆) ဝါးရင်းတုတ်၊ (၂၇) တောင်ပြုံးကြီး၊ (၂၈) မြို့တင်၊ (၂၉) လဟေး၊ (၃၀) ရွှဲမတက်၊ (၃၁)မက္ခရာ၊ (၃၂) တအုံ၊ (၃၃) မြင်စိုင်း၊ (၃၄) မြစ် သား၊ (၃၅) ဟိုင်းတက်၊ (၃၆) သာဂရ၊ (၃၇) ညောင် ရမ်း၊ (၃၈) ရွှေမြို့၊ (၃၉) ပက်ပါ၊ (၄၀) မြို့လှ၊ (၄၁) ကဲလင်း၊ (၄၂) ဆွာ၊ (၄၃) ဗာရာဏသီ ဟူ၍ ဖြစ်သည်။

နယ်ခြားစောင့်(၄၃)မြို့ ထားရှိခြင်းကား အနော်ရထာမင်းကြီး၏ စစ်ရေးအမြော်အမြင်ရှိပုံ သိသာစေသည်။ စစ်ရှေးအတွက် လိုအပ်သောအခါ စစ်သည်စုဆောင်းရေး လွယ်ကူစေရန် သိန်းပြုမြို့၊ ထောင်ပြု၊ ရှစ်ရာပြု၊ လေးရာပြု၊ သုံးရာပြု၊ နှစ်ရာပြု၊ တစ်ရာပြု၊ ရှစ်ဆယ်ပြု၊ ငါးဆယ်ပြု၊ သုံးဆယ်ပြု၊ နှစ်ဆယ်ပြု စသည်ဖြင့် အသီးသီး စီရင်ထားသည်။ ဤသို့စီရင်ထားခြင်းဖြင့် အနော်ရထာမင်းကြီး တိုင်းခန်းလှည့်လည်ရာတွင်ဖြစ်စေ၊ စစ်မက်ရေးရာ ပေါ်ပေါက်၍ အလိုရှိလျှင်ဖြစ်စေ ဆင့်ခေါ်ပါက စစ်သည်များ လိုက်ပါပြီး အမှုတော်ထမ်းရွက်ရသည်။

တောင်ငူမြို့၊ တောင်တွင်းကြီးမြို့နှင့် ဟိုင်းတက်မြို့တို့ ကို ထောင်ပြုမြို့များအဖြစ် သတ်မှတ်ထားရှိသဖြင့် ဟိုင်းတက်မြို့သည် မည်မျှအင်အားတောင့်တင်းခဲ့ကြောင်း ထင်ရှားလျက်ရှိသည်။ ရှမ်းမင်းတို့ ကောင်းစားစဉ်က ရှမ်းတို့၏ ပေါခန်းမြို့နှင့် ဟိုင်းတက်မြို့တို့သည် တစ်မြို့နှင့်တစ်မြို့ နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး အလွန်မဝေးကွာကြပေ။ ထို့ကြောင့် ဟိုင်းတက်မြို့ကား စစ်ရေးအတွက် အချက်အချာကျ၍ လူသူ မရောမစပ်စေသောငှာ လွန်စွာအရေးပါနေသည်။

လှိုင်းတက်၏ မူလအမည်မှာ ဟိုင်းတက်ဖြစ်သည်။ မင်းရဲစုစ်ဆင်မည်သော အမတ်သည် မြို့တည်ရန် တောရှင်းသုတ်သင်စဉ် ဆင်ဟိုင်းတစ်စီး မြောက်အရပ်မှလာပြီး အရှေ့မျက်နှာသို့ ထွက်သွားသည်။ ထိုနေ့ပင်စ၍ မြို့တည်



www.burmeseclassic.com

www.burmeseclassic.com

မင်းရဲ့ဘုရားနှစ်ရှည်ဆရာတော်ကြီးဘုရားဆွတ်ခူးရာ

ကိုလည်း ရွှေယင်မျှော်ဘုရားဟူပြီး သမုတ်တော်မူသည်။

အနော်ရထာမင်းကြီးသည် ယင်းမှ ပြန်မည်အပြုတွင် ဟိုင်းတက်မြို့သို့ဝင်ပါဟူ၍ ဟူးရားဖြူ၊ ဟူးရားညို၊ ပုဏ္ဏားပညာရှိ၊ လူပဲညာရှိတို့က လျှောက်ထားသဖြင့် ဟိုင်းတက်မြို့သို့ ဝင်တော်မူသည်။ ဟိုင်းတက်မြို့တွင် စေတီတော်တစ်ဆူကို တည်တော်မူ၍ ဘုရားလုစေတီတော် ဟူ၍ သမုတ်တော်မူသည်။ ကိုယ်လုပ်တော်တို့က လည်း ရင်လှုပ်နှင့် ခန့်ကြည့်ဝှ စသော ဝှဘုရားတို့ကို တည်တော်မူကြသည်။

မြို့တည်စဉ်က မြို့တည်အမတ် မင်းရဲစစ်ဆင်သည် အနော်ရထာမင်းကြီးအား မကောင်းကြံရာမှ ဒဏ်သင့်၍ သေဆုံးပြီး နတ်ဖြစ်သွားခဲ့သည်။ ယင်းကိုလည်း မင်းရဲဝှ သမုတ်ပြီး တည်တော်မူသည်။ ဟိုင်းတက်မြို့၏ မြောက်ဘက်တွင် နတ်ကွန်းဆောက်၍ ရွှေစစ်ဆင်နတ်ကို မြို့သူမြို့သားတို့ ကိုးကွယ်ရသည်။ ယနေ့တိုင် နတ်ကွန်းနတ်စင်ထားရှိပြီး လှိုင်းတက်အရှင်ကြီးဟူ၍ နတ်သူနတ်သားတို့ ကိုးကွယ်လျက် ရှိနေကြသည်။

မှန်နန်းရာဇဝင်နှင့် ကုန်းဘောင်ဆက်ရာဇဝင်တို့၏ ဖော်ပြချက်အရ လှိုင်းတက်မြို့စားတို့ကား-

(၁) ပုဂံခေတ် စောမွန်နစ်မင်းလက်ထက် ရွှေစကားမိဖုရားသားတော် မင်းသား ရွှေစစ်သွင်၊

(၂) အင်းဝခေတ် မင်းရဲကျော်စွာလက်ထက် ဒေဝသီရိ၊

(၃) ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းလက်ထက် ရွှေတောင်နော်ရထာ၊

(၄) သာယာဝတီမင်းလက်ထက် သီရိသုနန္ဒာ မလွှာမဟော၏ သမီးတော်အကြီး

www.burmeseclassic.com

www.burmeseclassic.com

(၅) အမရပူရ ပုဂံမင်းလက်ထက် မင်းသား သတိုးမင်းရဲကျော်ထင်၊

(၆) မင်းတုန်းမင်းလက်ထက် မိုးညှင်းမြို့စား၏သား မင်းသား မဟာသီရိဓမ္မရာဇာ၊

(၇) ကင်းစဉ် ဝန်ထောက်မင်းကြီး မဟာမင်းလုစည်သူ၊

(၈) မင်းသား မင်းရဲကျော်ထင်၊

(၉) ကင်းစဉ်ဝန်ထောက်မင်းကြီး မဟာမင်းခေါင်သခိယာ၊

(၁၀) သီပေါမင်းလက်ထက် မဟာမင်းထင်စည်သူ၊

(၁၁) သီပေါမင်းလက်ထက် စလေဝန်ဟောင်း ငသာကွန်းတို့ ဖြစ်ကြသည်။



ပုဂံခေတ်ကျောက်စိမ်းလွှာများဖြင့် မင်းချဉ်းသုရာတော်ဘုရား

ဟိုင်းတက်ခေါ် လှိုင်းတက်မြို့ဟောင်း၏ အကျယ်အဝန်းမှာ တစ်မိုင်ပတ်လည်ခန့်ရှိ၍ ရေကျုံး၊ အုတ်မြို့ရိုးတို့ဖြင့် အခိုင်အခံ့တည်ထားသည်ကို တွေ့ရသည်။ မူလဟိုင်းတက်မြို့ဟောင်းကို ယခု လှိုင်းတက်ကျေးရွာ၏ မြောက်ဘက်တွင် တွေ့ရပြီး ကျုံးဟောင်း၊ မြို့ရိုးဟောင်းတို့ ထင်ရှားရှိသေးသော်လည်း ပျက်စီးတိမ်ကောလျက်ရှိသည်။

သာယာဝတီမင်း လက်ထက်တော်တွင် မြင်းတပ်များ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ထိုစဉ် လှိုင်းတက်မှ ရွှေပြည်ရန်အောင် မြင်းတပ်အဖွဲ့ကြီးတွင် မြင်းတပ် ဗာစ်တပ်အဖြစ် ပါဝင်ခဲ့သည်။ သက္ကရာဇ်(၁၂၄၇)ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၈)ရက်နေ့တွင် မြန်မာဘုရင် သီပေါမင်း ပါတော်မူရာ လှိုင်းတက်နယ်မှ မကျေနပ်သော တော်လှန်ရေးသမားများက တိုက်ခိုက်ခဲ့ကြသည်။ မြန်မာတို့၏ လက်ချက်ဖြင့် ကျဆုံးသွားသော အင်္ဂလိပ်တို့၏ စစ်သခင်ရှိုင်း တစ်ခုသည် သမိုင်းသက်သေအဖြစ် ယနေ့တိုင် ရှိနေသေးသည်။

(၁၂၆၄)ခုနှစ် မင်းတုန်းမင်းကြီး၏ ရှင်တစ်ရာတွင် အပါအဝင် ဖြစ်ခဲ့သော လှိုင်းတက်သိမ်ကျောင်းဆရာတော် ဂိုဏ်းထောက် ဦးဇောတ(ဘုန်းကြီးထုံး)ဟူ၍ ရှိခဲ့သည်။ ယင်းဆရာတော်အား တုံးလုံးလဲ့နေရတာ ညောင်းလှပြီ ထူလှည့်ပါကွယ် ဇောတရဲ့ဟူ၍ အိပ်မက်ပေးချက်အရ ချုံတောများ ပိတ်ဖုံးနေသော ဘုရားပျက်မှ အုတ်ကျိုးအုတ်ပုံတို့ကို ဝိုင်းဝန်းရှင်းလင်းကြသည်။ ထိုစဉ် အုတ်ပုံအောက်မှ ဘုရားဓာတ်တော်များ တွေ့ရှိသဖြင့် သိမ်ကျောင်းတွင် ယာယီအပူဇော်ခံထားရှိပြီး စေတီတော်ကြီး အသစ်တစ်ဖန် ပြန်လည်တည်ထားသောအခါ ဌာပနာထည့်သွင်းပူဇော်ခြင်း ပြုခဲ့သည်။

(၁၂၉၆)ခုနှစ်တွင် ဘုရားကြီးဖောင်းရစ်တော်မှ ထီးတော်ပါ မြေခသွား၍ လေသာဆရာတော်ဘုရားကြီး ဦးဂုဏ္ဍ ကြီးမှူးပြီး အများကောင်းမှုဖြင့် ပြုပြင်ခဲ့ကြသည်။

ပုဂံခေတ်ကျောက်စိမ်းလွှာများဖြင့် ပျက်စီးလျက်ရှိသော မင်းချဉ်းသုရာတော်ဘုရား

www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ဘုရားတံတိုင်း အဝင်မစင်ရေးသွဲ့ရက်ရာများ။

ပူဇော်ခဲ့ကြသည်။

သုံးကိုးငါးတွင်၊ မင်းစစ်ဆင်၊ တီထွင် ဟိုင်းတက်မြို့ ဟူသော စကားအတိုင်း သက္ကရာဇ်(၃၉၅) ခုနှစ်တွင် တည်သော လှိုင်းတက်မြို့၏သမိုင်းကား စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဤတွင် မြို့တည်အမတ်မင်းရဲစစ်ဆင်၏ ကြွကွဲဖွယ်ကောင်းသော အဖြစ်ဆိုးကား ပါးစပ်ရာဇဝင်တို့အရ ယနေ့တိုင် ထင်ရှားရှိနေဆဲဖြစ်သည်။

(၁၃၆၅)ခုနှစ်၊ တန်ခူးလတွင် ကလောမြို့၊ ပန်းတောင်ဆရာတော်၊ ဘဒ္ဒန္တစာရိတ္တ၊ လှိုင်းတက်မြို့ မဟာသံတိပဋ္ဌာန်ကမ္မဋ္ဌာန်းရိပ်သာ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ကမ္မဋ္ဌာသာသနာပြု ဘဒ္ဒန္တစန္ဒာသီရိ(လှိုင်းတက်ဆရာတော်)၊ ဘုရားကြီးကျောင်းဆရာတော် ဘဒ္ဒန္တကဝိသာရ၊ တောင်သာမြို့နယ် ရေခါးဆရာတော် ဘဒ္ဒန္တနန္ဒဓဇ တို့၏ ဩဝါဒကိုခံယူကာ စေတီတော်ကြီး၏ ယိုယွင်းပျက်စီးနေသော ထီးတော်မတ္တိုင်နှင့် ဖောင်းရစ်တော်များကို ဖြိုဖျက်၍ အသစ်မွမ်းမံ ပြုပြင်ခဲ့သည်။ ထိုနှစ် တပို့တွဲလပြည့်ကျော် (၉)ရက်နေ့တွင် ကျေးဇူးတော်ရှင် သက်တော်(၉၆)နှစ်ရှိ လှိုင်းတက်ဆရာတော်ဘုရားကြီး ကြီးမှူးသော သံဃာတော်အပေါင်း(၁၀၀)ကျော်နှင့် ဒကာ၊ဒကာမများက ထီးတော်နှင့် စိန်ဖူးတော် အသစ်တို့ကို တင်လှူ



စက်ရုံလမ်းမလွတ်၌ မှုလမုစတုရုမ်ပြီး ဘုရားအစဉ်ဆက် ဆောက်ထားသော မယ်တော်ရုပ်

မျက်မြင်အထောက်အထား လက်တွေ့ပြစရာများကလည်း တကယ်ရှိသေးသဖြင့် ချန်လှပ်ထားခဲ့၍တော့ ရမည် မဟုတ်ပေ။

ဟိုင်းတက်မြို့ကိုတည်၍ မူလအုပ်ချုပ်ခဲ့သော မင်းရဲစစ်ဆင်သည် ရဲစွမ်းသတ္တိနှင့် ပြည့်စုံပြီး တွေးခေါ်မြော်မြင်တတ်သူဖြစ်သည်။ အိမ်နီးရုပ်နေ ချစ်ကြည်စေဟူသော စကားအတိုင်း နယ်မြေအေးချမ်းသာယာရေးကိုရှေးရှု၍ ရှမ်းတို့နှင့် ပြေရာပြေကြောင်း ပေါင်းသင်းဆက်ဆံ နေထိုင်သည်။

မင်းရဲစစ်ဆင်၏ လုပ်ရည်ကြံရည်အား သဘောကျနှစ်သက်သူများ ရှိသကဲ့သို့ စိတ်ထားချင်း အဆင့်မပြေ မတိုက်ဆိုင်သူတို့ကလည်း ကဲ့ရဲ့သရော်ကြမည်ဖြစ်သည်။ ပုဂံနေပြည်တော် အနော်ရထာမင်းထံသို့ မင်းရဲစစ်ဆင်၏ လှုပ်မှားကိုင်မှား လစ်ဟာချက်များကို မလိုမုန်းထား မနာလို မရှိဆိတ်သူတို့က ကုန်းချောစကားများ ဆက်သွင်းရန် အခွင့်ကောင်းကို ချောင်းမြောင်းနေကြသည်။

တမွဒီပတိုင်းတွင်ရှိသော ဟိုင်းတက်မြို့နှင့် ကမ္ဘောဇတိုင်း ရှမ်းတို့၏ ပေါခန်းမြို့က မဝေးကွာလှရာ ကူးလူးဆက်ဆံ ရောင်းဝယ်ဖောက်ကားသူတို့နှင့် ဒွေးရောယှက်တင်ရှိ၍နေသည်။ မင်းရဲစစ်ဆင်အနေနှင့်လည်း နှစ်ပြည် တစ်ပြည်၊

www.burmeseclassic.com

www.burmeseclassic.com

တစ်ဖြို့နှင့် တစ်ဖြို့တို့ ရွှေတစ်ပြားတည်း ဖြစ်နေစေရန် မသိကျိုးကျွန်ပြု၍ ခွင့်ပြုထားလေသည်။

စာစနေ့တွင် ပုဂံမင်းနေပြည်တော်ရှိ အနော်ရထာမင်းကြီး၏ နားတော်သို့ မင်းရဲစစ်ဆင်သည် အရှင့်ကို ပုန်ကန်ခြားနားရန် ရှမ်းတို့နှင့် ပူးပေါင်းဆက်သွယ်နေကြောင်း၊ ယခုအခါ ရှမ်းတို့ကား ဟိုင်းတက်မြို့အထိ ထဲထဲဝင်ဝင် ဝင်ထွက်နေကြကြောင်း အစရှိသဖြင့် လျှောက်ကြားကြသည်။

အနော်ရထာမင်းကြီးသည် တိုင်းပြည်နှင့် လူမျိုးအရေးပိုင်နက်နယ်မြေ ထိပါးလာမည့်ဘေးကို မလိုလားပေ။ ဤတွင် မင်းကြီးလည်း ယုံစားတော်မူပြီး မင်းရဲစစ်ဆင်ကို အလျင်အမြန် ဖမ်းဆီးစေပြီး နေရာ၌ပင် ကွပ်မျက်စေရန် အမိန့်တော်ထုတ်ပြန်လေသည်။

အနော်ရထာမင်းကြီး၏ အမိန့်တော်ဖြင့် မင်းရဲစစ်ဆင်ကို လျှပ်စာပြက်ဖမ်းဆီး၍ နောင်ကြိုးတည်းလိုက်ကြသည်။ မင်းရဲစစ်ဆင်လည်း ဘုမသိ ဘမသိ ဗြုန်းစားကြီး အဖမ်းခံရသဖြင့် အံ့အားသင့်၍ တုန့်လှုပ်လွှားသည်။ မင်းရဲစစ်ဆင်ကို မြေတွင် ခန္ဓာကိုယ်တစ်ဝက်မြှုပ်ပြီး ထွန်ဖြင့် တိုက်သတ်ရာ ခေါင်းတခြား ကိုယ်တခြား အသည်းအူများ ထွက်ကာ သေဆုံးသွားရှာသည်။

မင်းရဲစစ်ဆင်၏ မယ်တော်ကြီးလည်း သူသား၏ဖြစ်အင်ကို ကြားသိသည်နှင့်တစ်ပြိုင်နက် ရေးကြီးသုတ်ပျာဗျာပါရများကာ ရောက်ရှိလာသည်။ သို့သော်လည်း မယ်တော်ကြီးကား သူသား၏အသက်ကို မမီလိုက်ဘဲ ကြေကွဲဖွယ်ရာ ဖြစ်အင်ကိုသာ မြင်လိုက်ရ၍ မချိတင်ကဲ ဝမ်းနည်းပူဆွေးပြီး မြေတွင်လူး၍ ငိုလေသည်။ ယင်းနေရာကို မယ်တော်လူးနေရာဟူ၍ ယနေ့ထက်တိုင် ပြသနိုင်ကြသေးသည်။

သက္ကရာဇ်(၄၀၁)ခုနှစ်တွင် အနော်ရထာမင်းကြီးသည် ဟိုင်းတက်မြို့သို့ ရောက်ရှိတော်မူလာသည်။ ထိုစဉ် ရှင်စင်းလှ (ခေါ်) ဘုရားလှံစေတီတော်အား တည်တော်မူရာ မိဖုရား၊ ကိုယ်လုပ်တော်တို့ကလည်း အသီးသီး စေတီတည်ထားကြသည်။ မိဖုရားတည်မည့်ဘုရားကို မည်သည့်ပုံစံ တည်မည်နည်းဟူ၍ လျှောက်ထားရာ မိဖုရားက နို့ကို လှန်ပြသည် ဆို၏။ ဟုတ်သည်,မဟုတ်သည်ထား နို့ပုံဘုရားဟူသော နာမည်နှင့် နို့ပုံဘုရားက ထင်ရှားရှိနေလေသည်။

အနော်ရထာမင်းကြီးကား အထင်မှား အမြင်မှား စိုးရိမ်စိတ်များကာ ကွပ်မျက်ခဲ့သော သွေးသောက်ကြီး မင်းရဲစစ်ဆင်ကို ပြန်လည်အောက်မေ့ သတိရတော်မူဟန်တူသည်။ မင်းရဲစစ်ဆင်ကိုရည်မှန်းပြီး မင်းရဲဘုရားအား တည်ပေးတော်မူရာ မင်းရဲစစ်ဆင် သေဆုံးစဉ်က ခေါင်းကျသောနေရာတွင် တစ်ဆူနှင့် ကိုယ်ကျသော နေရာတွင် တစ်ဆူ နှစ်ဆူတည်ထားခြင်း ဖြစ်သည်။

တံတိုင်းကာရံထားသော ပရိဝုဏ်အတွင်းရှိ ဘုရားနှစ်ဆူကား ယခုအခါ တစ်ဆူကို ပြုပြင်မွမ်းမံထားသော်လည်း ကျန်တစ်ဆူကမူ ပျက်စီးပြိုပျက်လျက် ရှိသည်။ ဘုရား၏ဝန်းကျင်တွင် အိမ်ခြေရာခြေများ ပြွတ်သိပ်ကျပ်ညပ်လာသည်နှင့်အမျှ အညစ်အကြေး အမှိုက်သရိုက်များ ကလည်း မခြင့်ဝံ့စရာဖြစ်သည်။

မင်းရဲဘုရားဝင်း၏အနီး ကပ်လျက်တွင် ထူခြားဖွစ်စဉ် ရှိခဲ့ဖူးသော အုတ်ရေတွင်းဟောင်းကြီး တစ်တွင်းရှိသည်။ လုံလောက်စွာ ရေမထွက်၍ အသုံးမပြုတော့သည့် ယင်းရေတွင်းကား ပေနှစ်ဆယ်ခန့်မျှ အနက်ရှိသည်။ တွင်း၏ အောက်ခြေတွင်လည်း အနည်းငယ်ရှိသော ရေတွင် တုတ်ခနောင်းနှင့် သစ်ရွက်အမှိုက်များ ကျရောက်နေပြီး

www.burmeseclassic.com

www.burmeseclassic.com

ပီဂုဏ်းတည်သော နိမ့်ပဲဘုရား

ရေဆိုးရေပုပ်များ ဖြစ်နေသည်။

(၁၉၃၈)ခုနှစ် အရေးအခင်းကာလတွင် နဂိုရေမရှိသော ယင်းရေတွင်းမှ အလိုအလျောက် ရေများထွက်လာပြီး တွင်းကြီး ပြည့်လျှံလာသည်။ ကျရောက်နေသော အမှိုက်၊ တုတ်ခနောင်း၊ အညစ်အကြေးတို့လည်း တွင်းအပြင်သို့ ရေနှင့်အတူ စီးပါစင်ကြယ်သွားပြီးနောက် တွင်းရေ ပြန်ခန်းသွားခဲ့သည်။

မယ်ဇလီကန်ရွာတွင်နေသော ဦးလှအောင်က သူကိုယ်တိုင် မျက်မြင်တွေ့ရကြောင်းနှင့် အများသူငါတို့လည်း သိရှိကြောင်း ပြောပြပါသည်။

လှိုင်းတက်တွင် စည်သွတ်စက်ရုံ တည်စဉ်အခါက သာစည်မှ တောင်ကြီးသို့သွားသော ကတ္တရာခင်း မော်တော်ကားလမ်း၏ ဝဲဘက်၌ မြေနေရာ ရှင်းလင်းရသည်။ ထိုစဉ် ကတ္တရာခင်းလမ်းမှနေ၍ စက်ရုံလမ်းအတွက် ဘူဒိုဇာစက်ဖြင့် လမ်းအကြောင်းထိုးရာ ရှေးကရှိသော ဝူဟောင်းနှစ်ခုနှင့် ထိပ်တိုက်တိုးနေသည်။ ဒေသခံတို့၏ ပြောစကားအရ ယင်းဝူနှစ်ခုအနက် တစ်ခုကား မယ်တော်ဝူဟု ဆိုသည်။

ဤတွင် ဒေသခံအချို့၏ သက်ကြီးစကား သက်ငယ်ကြား၍ ဆက်စပ်ထင်မြင်ယူဆချက်တို့ကို တင်ပြချင်ပါသေးသည်။

အနော်ရထာမင်းသည် ပုဂံထီးနန်းကို သက္ကရာဇ်(၃၇၉)ခုနှစ်တွင် သိမ်းမြန်းပိုးစံတော်မူ၍ (၁၆)နှစ်အကြာ သက္ကရာဇ်(၃၉၅)ခုနှစ်၊ တပေါင်းလရောက်လာမှ ကင်းမြို့များကို တည်တော်မူလေသည်။

အနော်ရထာမင်းကား ကင်းမြို့များမတည်ခင် ဟိုင်းတက်မြို့ မဖြစ်မီက နယ်စပ်အတွက် အရေးပါသော ဤနေရာ၊ ဤဒေသများသို့ အကြိမ်ကြိမ်အခါခါ တိုင်းခန်းလှည့်လည်ကာ ရောက်တော်မူလျက်ရှိသည်။ ထိုစဉ် ဒေသခံပြည်သူများနှင့် ဆက်ဆံစည်းရုံးရာတွင် ရှင်ဇင်းလှဓည်သော မိန်းကလေးနှင့် တွေ့၍ချစ်ကြည်စုံမက် ဆုံစည်းခဲ့ကြသည်။ အနော်ရထာမင်းသည် ပြေပြစ်ချောမောသော ရှင်ဇင်းလှကို မိဖုရား အရာလည်းမကဘူး၊ မောင်းမလည်းမကဘဲ နေလာခဲ့ရာ မင်းရဲစစ်ဆင်ကို မထင်မရှား ဖွားမြင်သည်။

သက္ကရာဇ်(၃၉၅)ခုနှစ်၊ တပေါင်းလတွင် ကင်းမြို့(၄၃)မြို့ကို တည်မည်ပြုသောအခါ ဟိုင်းတက်မြို့ဟူ၍ ဖြစ်လာမည့်မြို့ကိုတည်ရန် ယုံကြည်စိတ်ချရသူတစ်ဦး လိုအပ်လာသည်။ အနော်ရထာမင်းကြီးသည် ဟိုစဉ်က ပတ်သက်ခဲ့ဖူးသော ရှင်ဇင်းလှနှင့် မင်းရဲစစ်ဆင်ကို ချီးမြှင့်ရန်

လှိုင်းတက်အဇေကြီးနတ်နန်း

www.burmeseclassic.com

www.burmeseclassic.com

ပြဇာတ်ရုံပိုက်ဆံတွင်ရုံမှာဝင်ကြည့်ရှုသူများ

ပြေးမြင်သတိရတော်မူသည်။ ထို့ကြောင့် မင်းရဲစစ်ဆင်အား မြို့စည်အမတ် ခန့်အပ်၍ မြို့ကို စည်စေပြီး မြို့ကိုလည်း အုပ်ချုပ်စေလေသည်။

သက္ကရာဇ်(၄၀၁)ခုနှစ် ဟိုင်းတက်မြို့ တည်ပြီး၍ (၆)နှစ်ခန့် အကြာတွင် ယင်းမြို့သို့ အနော်ရထာမင်းကြီး ကြွတော်မူလာသည်။ မင်းရဲစစ်ဆင်ကို အထင်အမြင်မှားပြီး ကွပ်မျက်ရာတွင် သူ့မယ်တော်ရှင်ဇင်းလှလည်း မြေတွင် လူး၍ ရင်ကွဲနာကျပြီး သေဆုံးခဲ့သည်မှာ ပူပူနွေးနွေး ရှိသေးသည်။

အနော်ရထာမင်းကြီးလည်း ရှင်ဇင်းလှ (ခေါ်) ဘုရားလှကို တည်တော်မူ၍ မင်းရဲစစ်ဆင် သေဆုံးသည့်နေရာတွင်လည်း မင်းရဲဂူဘုရားဟူပြီး သမုတ်တည်တော်မူသည်။ မယ်တော်ဂူနှင့် မင်းရဲစစ်ဆင်၏ဂူတို့ကိုမူ မြို့နှင့် ခပ်လှမ်းလှမ်းတွင် အိုင်အမာ တည်ဆောက်ထားပေးတော်မူခဲ့သည်။

စက်ရုံလမ်းဖောက်သည့် လမ်းကြားတည့်တည့် အုတ်ဂူသို့အရောက်တွင် မြေထိုးနေသော ဘုဒ္ဓိဏာသည် ရှေ့ဆက်မောင်းမရဘဲ ခဏ,ခဏ စက်ရပ်သွားသည်။ အကြိမ်ကြိမ် ထပ်မံကြိုးစားသော်လည်း အုတ်ဂူတို့ကား ထိုးဖျက်၍ မရပေ။ ထိုအခါ ဇွတ်တရွတ် မလုပ်ရဲကြတော့၍ နားလည်ကျွမ်းကျင်သူတို့နှင့် တိုင်ပင်ရသည်။

အုတ်ဂူနှစ်ခုအနက်တွင် ဂူတစ်ခုမှာ အကောင်းရှိသေးပြီး ကျန်ဂူတစ်ခု်က အုတ်ပြုံအုတ်ပျက်များသာ ရှိတော့သည်။ ထင်ရှားရှိသောဂူကို လမ်းကြောနှင့်လွတ်သော ရင်လှဂူ၊ ခန့်ကြည့်ဂူ ဘုရားတို့၏အနီးတွင် ပုံစံတူ ထပ်မံလုပ်ပြီး တင်မြှောက်ပ,သ၍ လမ်းတောင်းကြသည်။ ထို့နောက် ဘုဒ္ဓိဏာစက်ကြီးဖြင့်ထိုးရာ မရသဖြင့် နောက်ဆုံး၌ ဂူတို့နှင့်လွတ်အောင် ရှောင်ကွင်းပြီး လမ်းဖောက်လိုက်ရလေသည်။

မြန်မာတစ်နိုင်ငံလုံးအား အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးနောက် လွိုင်းတက်မြို့ကို မြို့အဖြစ် အသိအမှတ်ပြု၍ အုပ်ချုပ်ခဲ့သေးသည်။ ခရစ်နှစ်(၁၈၈၆)ခုနှစ်တွင် ညောင်ကိုင်းရွာသား ဦးထွန်းရေးအား မြို့အုပ်ခန့်၍ အုပ်ချုပ်စေပြီး (၁၈၈၇)ခုနှစ်တွင် ဦးထွန်းရေးကွယ်လွန်သည်။ ထို့နောက် လွိုင်းတက်မြို့နယ်ကိုဖျက်ပြီး သာစည်မြို့နယ်အဖြစ် သတ်မှတ်ဖွဲ့စည်းခဲ့သည်။

ထူးခြားမြင့်မဲ့ရုံရုံးဆောင်ခဲ့သော ဂူတော်ရွာတွင်းမြင်ကွင်း

လွိုင်းတက်သည် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်တွင် တိုက်နယ်အဆင့် ရှိသော မြို့ပြကျေးရွာကြီး တစ်ရွာဖြစ်၍ စည်ကားလှသည်။ သမိုင်းဝင် ရွာဟောင်းမြို့ ဖြစ်ရုံသာမက နှစ်စဉ်

www.burmeseclassic.com

www.burmeseclassic.com

တန်ဆောင်မုန်းလပြည့်၌ သုံး,လေးရက်တိုင် ကျင်းပသော ရှင်ဇင်းလှ (ခေါ်) ဘုရားလှ ဘုရားပွဲတော်ကလည်း ခြိမ့်ခြိမ့်သဲသဲရှိလေသည်။

မန္တလေးမြို့၊ ကျောက်သွေးတန်းရပ် ရှင်ဘို့မယ်ဘုရား၏ မြောက်ဘက်ရပ်ကွက်တွင် လှိုင်းတက်မြို့စားကြီးများ နေထိုင်ခဲ့ကြဖူးသည်။ ယင်းကို အစွဲပြု၍ လှိုင်းတက်ဝင်းဟူ၍ ယနေ့တိုင် ခေါ်ဝေါ်ဆဲရှိကြသေးသည်။ သုံးလွန်းတင်မှကြီး၊ ဒေါင်ဒေါင်မြည်မှအိုးဟုဆို၍ ဒေါင်ဒေါင်မြည်ခိုင်ခဲ့သော လှိုင်းတက်အိုးကလည်း နာမည်ကျော်ကြားလျက် ရှိသည်။

သာစည်မြို့မှ ရှမ်းပြည်နယ်တောင်ပိုင်းသို့သွားသော ရထားလမ်း၊ မော်တော်ကားလမ်းတို့ပေါ်တွင်ရှိသော လှိုင်းတက်သည် သာစည်မြို့အရှေ့ (၈)မိုင်ခန့်သာ ဝေးသည်။ တိုက်နယ်၏ အင်္ဂါရပ်တို့နှင့်အညီ အထက်တန်းကျောင်းပညာရေး၊ ကျန်းမာရေး၊ စျေးတို့ရှိပြီး မြေဆိုးမြေခွက်၊ မြေမီးဖိုတို့ကို အကြီးအကျယ် လုပ်ကိုင်ကြသည်။

လှိုင်းတက်တွင် စည်သွတ်စက်ရုံ တည်ရှိ၍ လှိုင်းတက်ဥယျာဉ်လည်း ရှိသည်။ လှိုင်းတက်ဥယျာဉ်ကို ဆိုဗီယက်ပါရဂူတို့၏ အကြံပေးချက်အရ (၁၉၇၅)ခုနှစ်တွင် လှိုင်းတက်၏ အရှေ့ခပ်လှမ်းလှမ်း၌ တည်ရှိထားသည်။

လှိုင်းတက်ဥယျာဉ်သို့သွားရာ လမ်းဘေးဝဲယာဘက်တွင် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်များနှင့် ရှင်ဇင်းလှ (ခေါ်) ဘုရားလှစေတီတော်မြတ်ကြီးကိုလည်း ဝင်ရောက်ဖူးမြော်နိုင်သည်။ ရှင်ဇင်းလှဘုရားကြီး ရင်ပြင်တော်တွင် ရှေးဟောင်းသာသနိကအဆောက်အအုံ၊ သိမ်တော်ကြီး၊ ကျောက်စာ၊ ရှင်ဇင်းလှခေါင်းလောင်းတို့အား လေ့လာနိုင်သေးသည်။

ရှင်ဇင်းလှခေါင်းလောင်းသည် (၁၂၁၉)ခုနှစ်က လှိုင်းတက်သူကြီးနှင့် အများတကာကောင်းမှုတို့ဖြင့် လျှာဒါန်းထားခြင်းဖြစ်သည်။ ယင်းခေါင်းလောင်းကား ယခုဆိုလျှင် နှစ်ပေါင်း(၁၆၀)မျှ သက်တမ်းကြာမြင့်နေပြီဖြစ်သည်။

ဟိုင်းတက်မြို့ဟုခေါ်သော လှိုင်းတက်စား ပုဂံပြည့် ရှင် အနော်ရထာဘုရင်တည်သော နယ်ခြားစောင့်မြို့(၄၃) မြို့တွင် ပါဝင်ရုံသာမကဘဲ ထောင်ပြုမြို့လည်း ဖြစ်ခဲ့သည်။ အနိုင်မခံ အရုံးမပေး မြန်မာတို့၏ ဇာတိသွေးအား ပြသခဲ့သော ဘူမိနက်သန် နေရာမှန်လည်း ဖြစ်သည်။



တကယ်ဆိုလျှင် လှိုင်းတက်မြေနေရာကား ရှေးက မြန်မာဘိုးဘွားတို့ ဇာတိသွေးဇာတိမာန် တက်ကြွခဲ့ရာ ထူးမြတ်သောနေရာ ဖြစ်ခဲ့သည်။ အောက်မေ့လွမ်းဆွတ်ဖွယ် ဤနေရာသို့ ရှင်ဇင်းလှ (ခေါ်) ဘုရားလှစေတီတော်မြတ်ကြီးအား ဖူးမြော်ရင်း တစ်ခါတစ်ခေါက် လာရောက်သင့်လှသည်။ မြန်မာမှန်လျှင် ပုဂံရောက်ဖူးမှဟူသော စကားကဲ့သို့ ဟိုင်းတက် (ခေါ်) လှိုင်းတက်သို့လည်း ရောက်ဖူးသင့်သည်ကတော့ အမှန်ပင် ဖြစ်ပါလေသည်။

မကောင်းမှုရှောင် ကောင်းမှုဆောင်၍ စိတ်ကိုဖြူအောင် ထားနိုင်ကြပါစေ။

အာကာသ(သာစည်)

ကျမ်းကိုး

၁။ မာဂဓိ(သာစည်) မှတ်တမ်းတင်ပြုစုသော သာစည်အကြောင်း သိကောင်းစရာများ။

၂။ ရှင်ဇင်းလှ ခေါ် ဘုရားလှစေတီတော်မြတ် ကျောက်စာ။

၃။ (၇-၁၂-၁၅)ရက်နေ့တွင် ကိုယ်တိုင်သွားရောက်၍ လေ့လာမှတ်တမ်းယူပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကိန္နရီ အမှတ်တံဆိပ် ကန္ဆရဝတီဆေးတိုက်

ကြက်လည်ဆံ ဆီးသေး

Vitex-Penduncularis

သုံးစွဲနိုင်သောရောဂါများ

ဆီးချို၊ ဆီးကျောက်တည်

ဆီး(နီ၊ဝါ၊လွန်၊နည်း၊များ) ခြင်း၊

ဆီးမထိန်းနိုင်ခြင်း၊ဆီး(ကျဉ်၊အောင့်)

ဆီးပူညောင်းကျ၊ ဆီးကြောင့်မျက်စိ

မှုန်ပြာဝေခြင်း၊ သွေးတိုး၊ဇက်ကြောတက်၊

အသည်းရောင်အသားဝါ

ရောဂါများအတွက် သက်သာစေပါသည်။

ထိုင်းရင်းစားဝါးမှတ်ပုံတင်အမှတ်

TMR 007860 (1114)

Diseases to be applied
Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 09514038 9/09420007085

ဝင်ရင်း-ကိန္နရီ အမှတ်တံဆိပ်၊ ကန္ဆရဝတီဆေးတိုက်၊ အမှတ်-၇၄၁၊ ဓနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁ ၄၀၃၉၉ ၊ ၀၉ ၄၂၀ ၀၀၇ ၀၈၅

www.burmeseclassic.com

www.burmeseclassic.com



ရခမ်းမြို့က သကျမာရဇိန်ခြောက်ဆူးဘုရားကြီးအား
ပုံမြင်ရပုံ

သစ္စာမင်းခေါင်

မြို့၏ လိုအပ်ချက်အရ တည်ထားကိုးကွယ်ခဲ့ကြသည့် ရခမ်းမြို့က

သကျမာရဇိန် ခြောက်ဆူးဘုရားကြီး

ရခမ်းမြို့သည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်ရှိ မြို့တစ်မြို့ဖြစ်ပြီး ရန်ကုန်မြို့နှင့် မိုင် (၄၀)ခန့်အကွာတွင် တည်ရှိ၏။ ရေမိုင်အားဖြင့် (၃၆) မိုင် ကွာဝေး၏။ ယခင်က ခရမ်းမြို့သို့ သွားလိုလျှင် ရေလမ်းခရီးတစ်ခုသာ အားကိုးရှိ၏။ လွန်ခဲ့သော ဆယ်စုနှစ်(၃)ခုကျော်ကာလများကမူ ခရမ်းမြို့သို့ သွားလိုပါက ပုဇွန်တောင် ညောင်တန်းဆိပ်မှ သီတာနှစ်ထပ်သင်္ဘော များကိုစီးပြီး သန်လျင်မြို့သို့ သွားရောက်ကာ သန်လျင်မှတစ်ဆင့် လွန်စွာဟောင်းနွမ်းလှသော ဂျစ်ကားအိုကြီး များကိုစီးပြီး ခရမ်းမြို့သို့ ရောက်ရှိနိုင်၏။ လမ်းမှာ ကျောက်ကြမ်းခင်း မြေသားလမ်းဖြစ်၍ လွန်စွာကြမ်းတမ်း၏။ မျက်မှောက်ကာလ၌မူ ရန်ကုန်-ခရမ်း တိုက်ရိုက် ပြေးဆွဲသော မှန်လုံယာဉ်ကြီးများ၊ တက္ကစီကားများဖြင့် ခရမ်းမြို့သို့ လွယ်ကူစွာသွားရောက်နိုင်ပြီ ဖြစ်၏။ တစ်ချိန်က ခနိမိုး၊ ထရံကာအိမ်များ၊ သွပ်မိုးပျဉ်ကာအိမ်များ အများစုသာရှိခဲ့ရာမှ ယခုအခါ ခေတ်မီသော တိုက်တာ အဆောက်အဦများဖြင့် ခရမ်းမြို့သည် ဖွံ့ဖြိုးတိုးတက်သော မြို့ပြတစ်ခုအဖြစ်သို့ ရောက်ရှိနေပြီ ဖြစ်၏။

ယခုအခါ ခေတ်မီမြို့ပြတစ်ခုအဖြစ်သို့ ရောက်ရှိနေပြီ ဖြစ်သော ခရမ်းမြို့မှာ ယခင်ကာလများက ရေတွင်းချောင်-ခရမ်းနှင့် ရွာမခရမ်းဟူသော မွန်ရွာ(၂)ရွာကို ပေါင်းစုထားသည့် မွန်ရွာကြီးတစ်ရွာပင်ဖြစ်၏။ ခရမ်းကို မွန်ဘာသာအားဖြင့် ကရုံးမ်းဟုခေါ်ပြီး အဓိပ္ပာယ်မှာ မြေနဒေသ (သို့မဟုတ်) ရေစီးနေသော ချောင်းကမ်းပါးဟု အဓိပ္ပာယ်ရ၏။ ခရမ်းကို ရွာအဖြစ် စတင်တည်ထားခဲ့သော ခုနှစ်မှာ အုတ်ကျစ်အောင်ရာ ခရမ်းရွာဟူသော လက်ိာအရ မြန်မာသက္ကရာဇ်(၁၂၁၈)ခုနှစ်ဖြစ်ပြီး ခရမ်းမြို့ ဖြစ်လာသော ခုနှစ်မှာ အုတ်ကျစ်ကျော်ဆန်း မြို့ခရမ်းဟူသော လက်ိာအရ မြန်မာသက္ကရာဇ်(၁၂၂၃)ခုနှစ်ဖြစ်၏။ ယခုအခါ ခရမ်းမြို့တည်သက်တမ်းမှာ (၁၅၄)နှစ်ရှိပြီဖြစ်၏။

ရွပ်ပွားတော်မြတ်တည်ထားရန် စည်းဝေးတိုင်ပင်ကြခြင်း

ရွာအဖြစ်မှ မြို့အဖြစ်သို့ ပြောင်းလဲလာသော ခရမ်းမြို့တွင် လိုအပ်ချက်များ အထိုက်အလျောက် ပြည့်စုံလာခဲ့သော်လည်း ဗုဒ္ဓဘာသာဝင် ရဟန်း၊ ရှင်၊ လူ မြို့သူမြို့သားအပေါင်းတို့ ကိုးကွယ်ဆည်းကပ် ပူဇော်နိုင်ရန်

www.burmeseclassic.com

www.burmeseclassic.com

အတွက် မြို့၏ကျက်သရေဆောင် ရုပ်ပွားတော်မြတ် တစ်ဆူသည်ကား အမှန်တကယ်ပင် လိုအပ်လျက်ရှိ၏။

သို့အတွက် မြို့မိမြို့ဖများနှင့် တကွ ခရမ်းမြို့သူမြို့သားတို့သည် လွန်ခဲ့သော နှစ်ပေါင်း(၉၁)နှစ်၊ မြန်မာသက္ကရာဇ်(၁၂၈၆)ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၂)ရက်နေ့တွင် စည်းဝေးတိုင်ပင်ကြပြီး မြို့၏ ကျက်သရေဆောင် ကြေးသွန်းဘုရားကြီးတစ်ဆူ တည်ထားကိုးကွယ်ကြရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြ၏။ စည်းဝေးဆုံးဖြတ်ချက်အရ ဥပါသကာကြီး ဦးဘိုးမြိုင်ကို ရုပ်ပွားတော် သွန်းလောင်းတည်ထားရာတွင် ဦးစီးဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ကြ၏။

သကျမာရဇိန်ရုပ်ပွားတော်မြတ်

(ဆုံးအင်္ဂလန်ဘုရင်)

ဖယောင်းပုံတော် စတင်ပြုလုပ်ခြင်း

ယင်းနောက် ဥပါသကာကြီး ဦးဘိုးမြိုင်သည် အရပ်ရပ်မြို့မှ နာမည်ကျော် ပန်းတဉ်းဆရာကြီးဦးခင်နှင့် ပုံတော်ကိုင်ဆရာကြီး ဦးပေါတို့ကို ငွေကျပ်တစ်သောင်းဖြင့် ငှားရမ်းကာ ခရမ်းမြို့သို့ ခေါ်ဆောင်လာခဲ့ပြီး မြန်မာသက္ကရာဇ်(၁၂၈၆)ခုနှစ်၊ နတ်တော်လဆန်း ၂(၂)ရက်နေ့တွင် ဖယောင်းပုံတော် စတင်ပြုလုပ်ခဲ့ရာ တပို့တွဲလဆန်း (၁၅) ရက်နေ့တွင် သကျမာရဇိန်ရုပ်ပွားတော်မြတ်၏ ဖယောင်းပုံတော် ပြီးစီးခဲ့၏။

ကြေးဆင်းဆုတော်ကြီး သွန်းလောင်းခြင်း

ထို့နောက် ပန်းတဉ်းဆရာကြီး ဦးခင်နှင့် ပုံတော်ကိုင် ဆရာကြီး ဦးပေါတို့သည် ဆရာတော်ကြီးများ၊ နက္ခတ်ဗေဒင်ပညာရှိများ၏ သြဝါဒကို ခံယူလျက် မြန်မာသက္ကရာဇ်(၁၂၈၆)ခုနှစ်၊ တပေါင်းလဆုတ် (၉)ရက် နံနက် (၆)နာရီအချိန်တွင် ကြေးသွန်းရုပ်ပွားတော်ကြီးကို စတင်သွန်းလောင်းခဲ့ကြလေ၏။ ကြေးသွန်းရုပ်ပွားတော်ကြီးအတွက် ကုန်ကျစရိတ်များကို ခရမ်းမြို့ မြို့မျက်နှာဖုံးဖြစ်သော ဘုရားဒကာ ဦးဘသိန်းနှင့် ဘုရားဒကာမ ခေါ်သိန်းတို့က မတည်လှူဒါန်းခဲ့ပြီး ခရမ်းမြို့သူမြို့သား စေတနာရှင်များကလည်း အားတက်သရော ပါဝင်လှူဒါန်းခဲ့ကြ၏။

အဆိုပါ ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး သွန်းလောင်းရာတွင် ကြေးချိန်(၂၃၀၃)ပိဿာ ကုန်ကျခဲ့ပြီး ဉာဏ်တော်အမြင့်မှာ (၉)တောင် (၁)မိုက်ဖြစ်၏။ ထို့ကြေးသွန်းရုပ်ပွားတော်မြတ်၏ ပုံစံတော်ကို မြန်မာဘုရင် အဆက်ဆက်တို့ ကိုးကွယ်ပူဇော်ခဲ့ကြသော မန္တလေးမြို့မှ



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားကြီး၏ ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓဝင်ရုပ်လုံးရုပ်ကြွများ

သက္ကသီဟရုပ်ပွားတော်မြတ်၏ ပုံစံတော်အတိုင်း သွန်းလုပ်ခဲ့ကြခြင်းဖြစ်ပြီး သက္ကသီဟရုပ်ပွားတော်မြတ်နှင့် တစ်သဝေမတိမ်း တူညီကြောင်းကိုလည်း ဂိုဏ်းပေါင်းစုံမှ ဆရာတော်ကြီးများနှင့်တကွ ရဟန်း၊ ရှင်၊ လူပြည်သူတို့က ဝမ်းမြောက်ဝမ်းသာ ပြောကြားခဲ့ကြလေ၏။

ဘွဲ့တော်ဆက်ကပ်ခြင်း

ဖော်ပြပါ ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးအား ဂေါတမဗုဒ္ဓဘုရားရှင်ကို ရည်မှန်းပူဇော်လျက် ဂေါတမဗုဒ္ဓ တစ်ဆူတည်းနှင့်သာ သက်ဆိုင်သည့် ဘွဲ့တော်ဖြစ်သော သက္ကမာရဇိန်ဟူသည့် ဘွဲ့တော်ကို ဆက်ကပ်ပူဇော်ခဲ့ကြလေ၏။

ဌာပနာများထည့်သွင်းခြင်း

အဆိုပါ သက္ကမာရဇိန် ကြေးသွန်းရုပ်ပွားတော်မြတ် အတွင်းတွင် ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်(၃၇)ဆူကို ရွှေချိန်(၁၂)ကျပ် (၈)ပဲသားစီရှိသော ရွှေကြုတ်တော်(၂)လုံးအတွင်း၌ ပတ္တမြား(၄၆)လုံးနှင့်အတူ ဌာပနာထည့်သွင်း ပူဇော်ခဲ့ကြ၏။

ထို့ပြင် အလှူ ဒါယိကာမကြီး ဒေါ်အေး လှူဒါန်းသော ရွှေချိန်(၂)ကျပ်သားရှိ ရွှေလက်ကောက်နှင့်တကွ အလှူရှင်များ လှူဒါန်းသော ရတနာပစ္စည်းမျိုးစုံကိုပါ ဌာပနာထည့်သွင်းခဲ့ကြ၏။

သက္ကမာရဇိန်ရုပ်ပွားတော်မြတ် ပရိဝုဏ်ရှိ တိလောကမာရဇိန်စေတီတော်

ခရမ်းမြို့ကို ရဲဘော်ဖြူများ အုပ်ချုပ်ထားစဉ်ကာလ ခရစ်နှစ်(၁၉၅၀)ပြည့်နှစ်၊ မြန်မာသက္ကရာဇ်(၁၃၁၂)ခုနှစ်၊ တပေါင်းလတွင် သက္ကမာရဇိန်ရုပ်ပွားတော်မြတ် ပရိဝုဏ်၏ အရှေ့တောင်ဘက်၌ တိလောကမာရဇိန် ဘွဲ့တော်ရှိ စေတီတော်တစ်ဆူကို ရဲဘော်ဖြူဗိုလ်၊ ဗိုလ်စည်သူဦးစီးပြီး ခရမ်းမြို့သူမြို့သားများ စုပေါင်း၍ တည်ထားခဲ့ကြ၏။

(၁၃၇၃)ခုနှစ်တွင် ထိုစေတီတော်ကို ဉာဏ်တော်မြှင့်တင်ပြီး ရွှေထီးတော်အသစ် တင်လှူပူဇော်ခဲ့၏။ စေတီတော်၏ ဉာဏ်တော်အမြင့်မှာ (၂၇)တောင်ဖြစ်၏။

ယခုအခါ ရွှေရောင်များ ဝင်းလက်လျက်ရှိသော အဆိုပါ တိလောကမာရဇိန် စေတီတော်ကို သက္ကမာရဇိန် ကြေးသွန်းရုပ်ပွားတော်မြတ်၏ ပရိဝုဏ်၌ ကြည်ညိုဖွယ် ဖူးတွေ့ဝိုင်ပါ၏။

မြန်မာပူဇော်ရာများဖြင့် ဆုံမှတ်အားကောင်းသော ဆရာတော်ကြီးဆွမ်းဆန်ကြွေးကို အဝင်တန်ဆောင်း

ကိုင်းကုန်းဆရာတော်ဘုရားကြီးက သက္ကမာရဇိန်ဘုရားကြီး၌ ယိုယွင်းပျက်စီးနေမှုများကို ပြုပြင်ဆောင်ရွက်တော်မူခြင်း

မြန်မာသက္ကရာဇ်(၁၃၂၂)ခုနှစ်တွင် ဦးဘိုးဝေ ဦးဆောင်သော သက္ကမာရဇိန်ရုပ်ပွားတော်မြတ်၏

www.burmeseclassic.com

www.burmeseclassic.com

ရေပန်းမြို့ သွန်းဘုရားကြီးဗဟိုဂူဂိုဏ်ရှိ တိလောကမာရဇိန်ခေတ်ခေတ်

ဤဝါသနာတို့က ရုပ်ပွားတော်မြတ်၏ ဗုဒ္ဓကိစ္စအဓိကကို ဆောင်ရွက်တော်မူပါရန် ခရမ်းမြို့၊ ကိုင်းကုန်းကျောင်းတိုက်၏ ပဓာန နာယကဆရာတော် ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဒဿနအား ရွဲ့အပ်ခဲ့ကြ၏။ ကိုင်းကုန်းဆရာတော်ဘုရားကြီးသည် သကျမာရဇိန် သွန်းဘုရားကြီး၏ ဂေါပက အဖွဲ့ကို အသစ်ဖွဲ့စည်းပြီး ဟောင်းနွမ်းယိုယွင်းနေသော ဂန္ဓကုဋိတိုက်တော်အား ပြင်ဆင်ခြင်း အပါအဝင် အာရုံခံတန်ဆောင်းပြုပြင်ခြင်း၊ သာသနိကအဆောက်အအုံသစ်များ ဆောက်လုပ်ခြင်း စသည့် ဘက်စုံတည်ဆောက် မွမ်းမံပြင်ဆင်ခြင်းတို့ကို မြန်မာသက္ကရာဇ်(၁၃၂၂)ခုနှစ်မှ (၁၃၂၇)ခုနှစ်ထိ ဆောင်ရွက်တော်မူခဲ့၏။

နိဒ်ဒံတော်မှ ဘက်စုံမွမ်းမံပြင်ဆင်ခြင်း

ကိုင်းကုန်းဆရာတော်ဘုရားကြီးက ဖော်ပြပါအတိုင်း သကျမာရဇိန်ကြီးသွန်းရုပ်ပွားတော်မြတ်နှင့် စပ်လျဉ်း၍ ဘက်စုံမွမ်းမံပြင်ဆင်မှုများကို ဆောင်ရွက်တော်မူခဲ့ပြီး နောက် (၂၅)နှစ်အကြာ ခရစ်နှစ်(၁၉၉၁)ခုနှစ်တွင် နိဒ်ဒံတော်မှ ဦးစီး၍ သကျမာရဇိန်သွန်းဘုရားကြီးအား ဘက်စုံမွမ်းမံပြင်ဆင်ခြင်းကို ထပ်မံဆောင်ရွက်ခဲ့ပြန်၏။

မြို့မြို့မိမိသဲသဲ စည်ကားလှသည့် ဘုရားပွဲ

ဖော်ပြပါ သကျမာရဇိန်သွန်းဘုရားကြီး၏ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကို (၅)ဧကကျယ်ဝန်းသော ဘုရားကြီး ပရိဝုဏ်အတွင်း၌ တပေါင်းလဆန်း (၇)ရက်မှစပြီး တပေါင်းလပြည့်နေ့အထိ နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပ၏။ ဘုရားပွဲတော်တွင် နာမည်ကြီး ဇာတ်ပွဲများ၊ အငြိမ့်ပွဲ၊ ရုပ်ရှင်၊ မျက်လှည့်၊ ဆပ်ကပ်၊ စျေးဆိုင်ခန်းများ စသည်တို့ ပါဝင်ရာ ခရမ်းမြို့နှင့် ခရမ်းနယ်တစ်ဝိုက်ရှိ ကျေးရွာများမှ ပရိသတ်များဖြင့် လွန်စွာစည်ကားလှ၏။ ယခုအခါ သကျမာရဇိန်သွန်းဘုရားကြီး၏ ဘုရားပွဲတော်ကို စဉ်လာမပျက် နှစ်စဉ် ကျင်းပလာခဲ့ရာ (၉၂)နှစ်တိုင်ခဲ့ပြီဖြစ်၏။

ခရမ်းမြို့သူမြို့သားတို့၏ အမျိုး၊ ဘာသာ၊ သာသနာ ချစ်မြတ်နိုးမှု

မြန်မာနိုင်ငံ ကိုလိုနီဘဝသို့ ကျရောက်နေစဉ်ကာလ လွန်ခဲ့သောနှစ်ပေါင်း(၉၀)ကျော်က ခရမ်းမြို့သူမြို့သားတို့ သွန်းလောင်းတည်ထားခဲ့သော ဖော်ပြပါ သကျမာရဇိန် သွန်းဘုရားကြီးသည် တစ်ပါးကျွန်ဘဝ ကျရောက်နေရပေ



www.burmeseclassic.com

www.burmeseclassic.com

မယ့် ငါတို့ရဲ့ အမျိုး၊ ဘာသာ၊ သာသနာကို ငါတို့မမေ့ ဘူးဟူသော ခရမ်းသူခရမ်းသားတို့၏ အမျိုး၊ ဘာသာ၊ သာသနာကို တန်ဖိုးထားမြတ်နိုးမှုအား ဖော်ပြနေသကဲ့သို့ လည်း ရှိနေပါ၏။

ငြိမ်းချမ်းတိတ်ဆိတ်သော သကျမာရဇိန်သာသနာ့နယ်မြေ

ခရမ်းမြို့ သကျမာရဇိန်သွန်းဘုရားကြီး၏ သာသနာ့ ပရိဝုဏ်သည် ငြိမ်းချမ်းတိတ်ဆိတ်သော သာသနာ့နယ် မြေတစ်ခုပင် ဖြစ်ပါ၏။

အဝင်မုခ်ဦးမှ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် ဖော် ပြနိုင်စွမ်းမရှိသော ပီတိသုခနှင့်အတူ ငြိမ်းချမ်းခြင်း၊ အေး မြခြင်း၊ တိတ်ဆိတ်ငြိမ်သက်ခြင်းတို့ကို ထင်ထင်ရှားရား ထိတွေ့ခံစားရပါ၏။ သကျမာရဇိန် သွန်းဘုရားကြီးကို ဖူးမြင်လိုက်ရသောအခါတွင်ကား သောကဟူသမျှသည် ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ကင်းစင်လွင့်ပျောက် သွားရပါ၏။

ခရမ်းမြို့ သကျမာရဇိန်သွန်းဘုရားကြီး၏ ရှေ့တော် မှောက်၌ ရက်အကန့်အသတ်ဖြင့် မဟုတ်မကွက် အခိုင်ဘန်



ဝင်ရောက်ပြီး သစ္စာပြုဆုတောင်းလျှင် လွန်စွာဆုတောင်း ပြည့်သည်ဟု ဆိုပါ၏။ ငြိမ်းချမ်းတိတ်ဆိတ်သော သာ သနာ့နယ်မြေတစ်ခုဖြစ်သည့် ခရမ်းမြို့ သကျမာရဇိန် ဘုရားကြီးပရိဝုဏ်သည် တရားရှာမှီး သူတော်စင်သူတော် မြတ်များ၊ ဂန္ဓာရီစခန်း လျှောက်လှမ်းနေကြသည့် ဂန္ဓာရီ ဓုဂ္ဂိုလ်များ၊ အေးချမ်းစွာ တရားအားထုတ်လိုသူများ အတွက် လွန်စွာသင့်လျော်သော သာသနာ့နယ်မြေတစ်ခု ပင် ဖြစ်ပါ၏။

ခရမ်းမြို့သို့ ခရီးကြုံကြိုက်ရောက်ရှိသူတို့သည် နှစ် ပေါင်း(၉၀)ကျော်သက်တမ်းရှိ ဖော်ပြပါ သကျမာရဇိန် ကြေးသွန်းဘုရားကြီးကို သွားရောက်ဖူးမြော်ကြည်ညိုကြ ပြီး ကောင်းသောတောင်းဆု ပြုနိုင်ကြပါစေ။ ဘဝအမော များ ပြေနိုင်ကြပါစေဟု ဆန္ဒမွန်ပြုလိုက်ပါ၏။

(၇)နွေသားသမီးများအားလုံး နှလုံးစိတ်ဝမ်း အေး ချမ်းကြပါစေ။

မေတ္တာရည်ခြူ

သစ္စာမင်းခေါင်

www.burmeseclassic.com

www.burmeseclassic.com

မြတ်ပန်းပွင့်

ကလေးအာဟာရအားဆေး

ကလေးများ အားအင်ပြည့်ဖြိုးရန် စိတ်ရှည်လန်းစေခြင်း
အစာစားချင်စိတ်ကို ဖြစ်ပေါ်စေ၍ အစာကြေလွယ်ခြင်း
နှစ်ခြိုက်စွာအိပ်ပျော်စေ၍ ပို့.ပြီးကြီးထွားမှုကိုဖြစ်စေခြင်း
ဗျက်လတ်တက်ကြွ၍ ထူးချွန်ထက်မြက်စေခြင်း

တိုင်းရင်းဆေးဝါးမုတ်ဆိုတင်အမှတ်
၁၀၀၆YR၀၄၇၂

မြတ်ပန်းပွင့်

သွေတိုး၊ နလုံးသွေးကြောကျဉ်းသောက်ဆေး

သွေတိုး နလုံးသွေးကြောကျဉ်းခြင်း၊ အသဲအဆီပုံးခြင်း၊
ရင်ဘတ်-ကျောတင်းခြင်း၊ အောင့်ခြင်း၊ အဝလွန်ခြင်း၊
ခေါင်းအုံ/လေးခြင်း၊ မျက်နာအမ်းခြင်း၊ ဆီးချို-သွေးချိုဖြစ်မြင်း၊
မီးယပ်ထိန်ငုပ်ခြင်း၊ မူးမော်ခြင်းများအတွက် အထူးကောင်းမွန်သော
ဆေးဖွဲ့မ်းကောင်းတစ်လက်မြစ်ပါသည်။

တိုင်းရင်းဆေးဝါးမုတ်ဆိုတင်အမှတ်
၁၀၀၆YR၀၄၇၁

ဧရီဘွား

အကြောပြေလိမ်းဆေး

အဆစ်အမြစ်ရောင်ခြင်း၊ ခေးဘက်နာရောဂါ၊ ခါးနာ၊
အကြောတင်၊ အကြောလွဲခြင်း၊ ပခုံးကပ်၊ ဇက်ကြောတက်၊
မူးဝေခြင်း၊ ကြွက်တက်ခြင်း၊ ချောင်းဆိုးရင်ကြပ် သလိပ်ကပ်ခြင်း
စသည့်ဝေဒနာများ ခံစားနေရပါက မိမိလိမ်းလိုသောနေရာတွင်
ဤဆေးကို အသားထဲသို့ စိမ့်ဝင်သွားအောင် နှဲ့နှဲ့သာလိမ်းပါက
အချိန်အနည်းငယ်အတွင်း သက်သာပျောက်ကင်းစေပါသည်။

တိုင်းရင်းဆေးဝါးမုတ်ဆိုတင်အမှတ်
၀၉၀၅၅YR၁၃၉၄

မြို့တ်ပန်းပွင့်ဆေးတိုက်၊ အမှတ် (၈၃)၊ ဒုတိယလမ်း၊ အလုံပြည်နယ်မြို့၊ ရန်ကုန်မြို့။ ☎ - (၁၁) ၂၂၇၃၆၀

www.burmeseclassic.com

www.burmeseclassic.com

ဗျဂ္ဃကြီးဆုရားမှန်

အောင်သာကျော်
မကွေရာပြို့ပေါ်ဂေါင်းမှာ မင်းရဲကြီးစေတီ ပေါ်ထွန်းလာ

ငင်းခုကြီးဘဝတော်ကာလသားရေးပစ်

ပြင်တော်ပင်ဖြစ်သည်။ ဆရာတော်ဦးဝိမလသည် လူဝတ်ကြောင်ဘဝက ဦးဝင်းမောင် အမည်ဖြင့် ရပ်တည်ကာ ရန်ကုန်စက်မှုတက္ကသိုလ်မှ အင်ဂျင်နီယာဘွဲ့ရရှိပြီး ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တွင် အင်ဂျင်နီယာမှူးကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူပင်ဖြစ်သည်။ မှတ်မှတ်ရရ (၁၉၈၆)ခုနှစ်၊ အမျိုးသားနေ့ ပေါ်တော်မူစေတီတော်မြတ်ကြီးဘုရားပွဲကျင်းပနေစဉ်အတွင်း ဦးဝင်းမောင် အကြားအမြင်ရရှိနိုင်ရေးအတွက် စေတီတော်မြတ်နှင့်ပြင်တွင် ကျင့်ကြံကြိုးပမ်းအားထုတ်

www.burmeseclassic.com

www.burmeseclassic.com

နေမိဖြစ်သည်။ ကျင့်စဉ်များ ပြောပြပေးသည့် ကိုသာထူးနှင့် အတူ ကျင့်ကြံပွားများအားထုတ်နေခြင်း ဖြစ်သည်။ ထို့နောက် ကိုသာထူးနှင့်အတူ စေတီတော် စနေထောင့်တွင် အကြားအမြင်ကျင့်စဉ်များအကြောင်း အပြန်အလှန် ပြောဆိုနေမိဖြစ်ကြသည်။ ပြောလက်စကားများပင် မဆုံးသေးဘဲ ကိုသာထူးသည် စေတီတော်မြတ် ထီးတော်ဆီသို့သာ စူးစူးစိုက်စိုက် ငေးမောလျက်သာ ရှိနေသည်။

အတန်ကြာမှ ကိုသာထူးက-

'အစ်ကိုဝင်းမောင်နဲ့ ပတ်သက်ပြီး ဝိဇ္ဇာတစ်ပါးက ပြောသွားတယ်။ သူက ကောင်းကင်ခရီးကို ပျံနေရင်းက ကိုဝင်းမောင်ဟာ နောင်တစ်ချိန်မှာ ထင်ရှားကျော်ကြားတဲ့ သာသနာပြုပုဂ္ဂိုလ်တစ်ဦး ဖြစ်လိမ့်မယ်' ဟု ဆိုစကားကို ပွင့်အံ့ထွက်လာသည်။

ထိုသို့ဖြစ်ခဲ့ပြီးသည့်နောက် (၁၉၈၆)ခုနှစ်၊ နိုဝင်ဘာလ (၁၈)ရက်နေ့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးရင်ပြင်ရှိ ရှင်အရဟံတန်ဆောင်းတော်အတွင်း သီတင်းသုံးနေသည့် ရွှေဟောင်းရပ်ပွားတော်မြတ်ကြီး၏ ညာဘက်ဒူးတောဲရွှေဝယ် ကျင့်ကြံပွားများ အားထုတ်နေဆဲမှာပင် အကြားအမြင်ရရှိခဲ့သည်။ (၁၉၈၉)ခုနှစ်အတွင်း ရောက်လာသည်တွင် ထူးခြားဆန်းကြယ်မှုနှင့် ကြုံရပြန်ပါသည်။ ညတစ်ညဉ့် နှစ်နှစ်ကာကာ အိပ်မျော်နေစဉ် တစ်နံတစ်ဦးက မိမိအား စိုက်ကြည့်နေသည်ဟု သိစိတ်က လှုပ်ရှားလာသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်မိရာ ခုတင်ခြေရင်းတွင် ဆံပင်ဖားလျားချကာ ထိုင်နေသည့် အမျိုးသမီးတစ်ဦးကို မြင်တွေ့လိုက်ရသည်။ လှမ်းဖမ်းလိုက်ရာ ရုတ်ခြည်းပျောက်ကွယ်သွားသည်။ သုံး,လေးကြိမ်မျှ ပေါ်လာလိုက်၊ လှမ်းဖမ်းရာ ပျောက်သွားလိုက် ဖြစ်နေခဲ့သည်။

(၂၀၁၀)ပြည့်နှစ်တွင် ဒေးဒွန်ပါတောင်တော်တွင်ရှိသည့် ဆင်ဖြူတော်ကျောင်းတိုက်တွင် ဒုလ္လဘရဟန်းဝတ်ခဲ့သည်။ သင်္ကြန်ရုံးဝိတ်ရက် ကုန်တော့မည်ဖြစ်သဖြင့် နောက်တစ်နေ့ လူထွက်ရန် ပြင်ဆင်ကာ အိပ်ရာဝင်ခဲ့သည်။

ထိုညတွင် 'ဘာဖြစ်လို့ လူ


ရွှေဟိုးရာစေတီတော်မြတ်

ထွက်ရတာလဲ' ဟု သြဇာသံပါပါ ပြောလိုက်သည့် စကားသံကြောင့် အိပ်နေရာမှ လန့်နိုးဖြစ်ခဲ့သည်။

နောက်ပိုင်းတွင် ဘုန်းကြီးပြန်မဝတ်သေးဘူးလားဆိုသည့် သြဇာသံက ညစဉ်လို ပေါ်ပေါက်နေခဲ့သည်။ အငြိမ်းစားယူပြီးသည်နှင့် (၁၅)ရက်ခန့် ဒုလ္လဘဝတ်မည်ဟု ကြိုရွယ်ကာ သင်္ကန်းပြန်ဝတ်ဖြစ်သည်။ ကြိုရွယ်ထားမိသည့်


ရွှေဟိုးရာတစ်ဝိုက်အနီးတောင်ပြင်တွင်း

www.burmeseclassic.com

www.burmeseclassic.com



ရွှေဘိုးရစေတီတော်အောက်စာ

အတိုင်း ဖြစ်မလာဘဲ သင်္ကန်းဝတ်မှ ပြန်လည်ထွက်နိုင်ခြင်း မရှိတော့ပေ။ ဘဝအဆက်ဆက်မှ ပဋ္ဌာန်းဆက်များက အာရုံအသိတွင် အထင်အရှား ပေါ်ပေါက်လာကာ ယနေ့တိုင် သာသနာပြုလုပ်ငန်းများ အလျင်မပြတ် ဆောင်ရွက်နေရခြင်းပင်ဖြစ်သည်။ ဦးဝိမလသည် ပဋ္ဌာန်းဆက်များ၏ မနောချင်းဆက်သွယ်လာနေမှုအပေါ် တည်ကာ သာသနာပြုလုပ်



စေတီတော်ပျက်တည်နေရာ

ငန်းများကို ဆောင်ရွက်တော်မူနေရခြင်းပင်ဖြစ်သည်။

များမကြာသေးမီကလည်း မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်အတွင်းသို့ ရောက်ရှိသွားကာ မကွန်ရာမြို့ဟောင်းနေရာ၌ ပြိုပျက်ကျနေသည့် မင်းဂူကြီးစေတီတော်အပျက်နေရာအား ရောက်ရှိသွားဖြစ်သည်။ ကျွန်းဦး၊ စည်ပြ၊ မကွန်ရာ စသည့် ရွာသုံးရွာ၏ဝန်းကျင်တွင် တွေ့ရှိရခြင်းဖြစ်သည်။ ကျွန်းဦးရွာ၏ အရှေ့ဘက် သုံးဖာလုံခန့် ကွာဝေးသောတောအုပ်အတွင်း တွေ့ရှိရခြင်းဖြစ်သည်။ ရှေးဟောင်းအုတ်ကြီးများ ပြိုပျက်ကျနေသော အပိုင်းအစများ စေတီတော်တည်ရာတွင် အမြစ်သဖွယ် အခိုင်အမာ သွယ်ဝိုက်ကျန်နေရစ်သော အုတ်တောင်သဏ္ဌာန်တို့ကို တွေ့ရှိရသည်။

မင်းဂူကြီးစေတီတော်မြတ်မှာ ဇော်ဂျီမြစ်ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးသွားရခြင်းပင်ဖြစ်သည်။ မင်းဂူကြီးစေတီတော်ပျက်ကြီး တည်ရှိနေသည့်နေရာသည် မူလက ရှေးဟောင်းမကွန်ရာမြို့ တည်ခဲ့သောနေရာပင် ဖြစ်သည်ဟု သိထားမိသည့် ဆရာတော်ဦးဝိမလသည် ရှေးဟောင်းသမိုင်းသုတေသနဦးစီးဌာနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတို့သို့ အကြောင်းကြားစာများ ပို့ပေးခဲ့သည်။

ဆရာတော်ဦးဝိမလ မိန့်ကြားသဖြင့် သိခွင့်ရသည်မှာ ပြိုကျပျက်စီးနေသည့် မင်းဂူကြီးစေတီတော်မြတ်မှာ မကွန်ရာမြို့ ထွန်းကားစဉ်ကာလက သက္ကရာဇ်(၈၉၀)ပြည့်နှစ်က မဏိရတနာဒေဝီ မိဖုရားကြီး တည်ထားခဲ့ကာ ဘုရင်အမိန့်တော်အရ အမတ်ကြီး ဗညားဒလနှင့် စစ်သူကြီး သိဟသူဇွန်တို့က ထိန်းသိမ်းစောင့်ရှောက်ထားခဲ့ကြရသည်။ စေတီတော်ပျက်ကြီးအား ဦးဝိမလ တွေ့ရခြင်းမှာ ပဋ္ဌာန်းဆက်များက ဦးဝိမလ၏ မနောအာရုံကို ဆက်သွယ်မှုပြုကာ စေတီတော်အပျက်တည်ရာ လမ်းညွှန်ခဲ့ခြင်းပင်ဖြစ်သည်။

အာရုံအတွင်းသို့ အရောက်ဝင်ရောက်ကာ လမ်းညွှန်သမှုပြုပုံက ဆန်းကြယ်လှသည်။ မကွန်ရာမြို့ဟောင်းကို ပျူသိရိစန္ဒအမတ်ကြီး စတင်တည်ထောင်ခဲ့ရာ နောက်ဆုံး

www.burmeseclassic.com

www.burmeseclassic.com

စေတီပျက်နေရာ


မင်းဂူကြီးဓာတ်တော်ရှာတွေ့ရာ

မင်းဆက်ဖြစ်သည့် စောဦးစွာအထိ မင်းဆက်(၁၀၆)ဆက် ရှိခဲ့ကြောင်း၊ ကဏ္ဍသန်ဘုရား လက်ထက်တော်က မဂဓရစ်၊ ကောဏာဂုံဘုရား လက်ထက်တော်တွင် မဟာဂရစ်၊ ကဿပဘုရားရှင် လက်ထက်တော်တွင် မဏ္ဍဓရစ်၊ ဂေါတမဘုရားရှင် လက်ထက်တော်တွင် မဏ္ဍရာဟုတွင်ကြောင်း မှန်နန်းမဟာရာဇဝင်တော်ကြီးတွင် အထင်အရှားရှိကြောင်းများ အာရုံထဲအထိ ပို့လွှတ်ပေးခဲ့သည်။ မှန်နန်းရာဇဝင်တော်ကြီး ပထမတွဲ၊ စာမျက်နှာ(၂၆၉-၂၇၀)တွင် ဖော်ပြထားသည့်မှတ်တမ်း ပုဂံအနော်ရထာမင်း လက်ထက် သက္ကရာဇ်(၃၉၅)ခုနှစ်၊ တပေါင်းလ (၂)ရက်၊ သောကြာနေ့တွင် မဏ္ဍရာအပါအဝင် မြို့ပေါင်း(၄၃)မြို့ကို တစ်ပြိုင်နက်တည်း တည်ထားခဲ့သည်ဟု ပါရှိသည်။ မည်သို့ပင်ဆိုစေ မင်းဂူကြီးစေတီတော်ပျက်အား တူးဖော်မည်ဆိုပါက သမိုင်းအထောက်အထား ကျောက်စာများတွေ့ရှိနိုင်မည်ပင် ဖြစ်သည်။

ဦးဝိမလ၏ ပဌာန်းဆက်များက အာရုံဖြင့် ပြောကြသည်မှာ ရွှေအိုးရစေတီပုံစံတူ ပြန်လည်တည်ထားပေးရန်ပင် ဖြစ်သည်။ ဆရာတော်လည်း မဏ္ဍရာဝန်းကျင်တွင် လိုက်လံလေ့လာကြည့်ရာ ရှေးဟောင်းလက်ရာမျက် တည်ရှိနေသည့် ရွှေအိုးရစေတီတော်ကို ဖူးတွေ့ခွင့်ရတော့သည်။ ဦးဝိမလလည်း ထိုပုံစံအတိုင်း တည်ထားရန် ဆုံးဖြတ်ထား

မင်းဂူကြီးစေတီနေရာ

www.burmeseclassic.com

www.burmeseclassic.com

ဖော်ကော်မုဓေတီစေတီရင်ခွင်တော် ဆရာတော်ဦးဝိမလ

ခဲ့မိသည်။

ဆရာတော်ဦးဝိမလ မင်းဂူကြီးစေတီတော်မြတ် ပြုကျ

မင်းဂူကြီးစေတီတွင်နေရာ စတင်ရိုက်ကူးခြင်း



ဆရာတော်ဦးဝိမလ

ပျက်စီးနေသည့် တည်နေရာကို ရှာဖွေဖြစ်ခဲ့သည်မှာ အတိတ်ဘဝ ပဒ္ဓာန်းဆက်များက အာရုံဆက်သွယ်မှုဖြင့် အရာဖွေပြုရန် တိုက်တွန်းနှိုးဆော်သဖြင့် မကွေရာမြို့ဟောင်း တည်ခဲ့ရာ နေရာသို့ အရောက်လာကာ ရှာဖွေမိခြင်းပင်ဖြစ်သည်။

ပဒ္ဓာန်းဆက်များ၏ အာရုံချင်းဆက်သွယ်မှုပြုရင်းက သိခွင့်ရခဲ့သည်ဟု ဆရာတော်ဦးဝိမလ ရှင်းပြသဖြင့် သိရသည်မှာ ဆရာတော်ဦးဝိမလမှာ မင်းဂူကြီးစေတီတော်မြတ်ဆဲည်ထားစဉ်အချိန်ကာလက စစ်သူကြီးချုပ် နန္ဒဗလကျော်စွာ ဘဝဖြင့် ပါဝင်ခဲ့ရသည်။ ထိုစဉ်က ပါဝင်ခဲ့ကြသည့် ဗညားဒလနှင့် သီဟသူတို့မှာ မင်းဂူကြီးစေတီတော်မြတ်အား ပြန်လည်ပြုပြင်တည်ထားကာ ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှအတန်းပေးဝေပါမှ ကျွတ်လွတ်မှု ရရှိနိုင်ကြမည်ဖြစ်ကြောင်းနှင့် စေတီတော်မြတ်သုံးဆူ ပြန်လည်ပြုပြင်တည်ထားရန်၊ ရှိနေကြောင်းများပင် ဖြစ်သည်။

မင်းဂူကြီးစေတီတော်မြတ် တည်ထားစဉ်က သမိုင်းကျောက်စာ ရေးထိုးမြှုပ်နှံခဲ့သူမှာ အမတ်ကြီး ဗညားဒလပင် ဖြစ်သည်။ ထိုကျောက်စာကို တူးဖော်တွေ့ရှိမည်ဆိုပါက ရှေးဟောင်းသမိုင်းကြောင်းများ သိခွင့်ရကာ သမိုင်းမှတ်တမ်းဖြည့်ဆည်းနိုင်ခွင့် ရကြမည်သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဦးဝိမလ ဂုဏ်ပြုဟောကြားခဲ့သော တရားတော်



ဆရာတော်ရေးဖွဲ့ဟောကြားခဲ့သော တရားတော်

ဆရာတော် ဦးဝိမလ မိန့်သဖြင့် ထပ်မံထူးခြားမှုကို သိခွင့်ရသည်မှာ (၂၀၁၅)ခုနှစ်၊ အောက်တိုဘာလ (၁)ရက် နံနက်စောစောခန့်တွင် အာရုံသိအနေအထားအတွင်းသို့ ပိုး ဒဃာဝတ်စုံ ဝတ်ထားသည့် အသက်(၃၀)ခန့်ရှိ လူငယ် ချောချောလှလှတစ်ဦး ရောက်ရှိလာပြီး ပိုးဒဃာဘာသာ စကားဖြင့် စကားများ အဆက်မပြတ် ပြောနေခဲ့လေရာ ဆရာတော်ဦးဝိမလက နားမလည်ကြောင်း လက်ဟန် ခြေဟန်ဖြင့် ပြန်တုံ့ပြန်တော့မှ ဗမာသံခပ်ဝဲဝဲဖြင့် မင်းဂူကြီး စေတီတော်မြတ်အား ပြန်လည်တည်ထားပေးပါရန်နှင့် မင်းဂူကြီးစေတီတော်မြတ် တည်ထားစဉ်ကာလက ပိုးဒဃာ မင်းဆွေမင်းမျိုးများ ပါဝင်ခဲ့ကြောင်း ပန္နက်တင်မင်္ဂလာနေ့တွင် ပိုးဒဃာပဌာန်းဆက်တို့ အရောက်လာကြမည်ဖြစ်ပြီး စေတီတော်တည်ထားမည့် ကုန်ကျစရိတ်များနှင့် ပတ်သက်၍ မပူပန်စေလိုကြောင်း၊ ပဌာန်းဆက်- အလှူရှင်များ ရောက်လာကြလိမ့်မည်ဖြစ်ကြောင်းများ ပြောဆိုသွားခဲ့သည်။

လူအတော်များများသည် (၁၈၆၆)ခုနှစ်၊ ဩဂုတ်လ (၂)ရက်၊ ကြာသပတေးနေ့တွင် ဖြစ်ပေါ်ခဲ့သည့် နန်းတွင်း အဆွေတော်ပုံမှ မင်းတုန်းမင်းကြီး၏သားတော် မဂ္ဂရာမင်းသား အကြောင်းကိုသာ ကျယ်ကျယ်ပြန့်ပြန့် သိရှိထားကြသော်လည်း လွန်ခဲ့သည့်နှစ်ပေါင်း(၁၀၀၀)ကျော်က အထင်အရှားရှိခဲ့သော မဂ္ဂရာမြို့ဟောင်း သမိုင်းကိုကား သိထားခဲ့ကြသူ နည်းပါးလှပါသည်။ မင်းဂူကြီးစေတီတော်မြတ်အား ပြန်လည်ပြုပြင်တည်ထားရာတွင် ရှေးဟောင်းပုံလက်ရာများဖြင့် မဂ္ဂရာနယ်မြေဝန်းကျင်တွင် ယနေ့တိုင် တည်ရှိနေသည့် ရွှေအိုးကြီးစေတီတော်မြတ်ပုံစံ ပြန်လည်တည်ထားပါရန် မဂ္ဂရာပဌာန်းဆက်များက အာရုံသိနယ်မြေတွင် ဆရာတော် ဦးဝိမလအား လျှောက်ထားသွားခဲ့ကြသည်။

ယခုမူ စေတီတော်မြတ်တည်ရာအား ပေါ်လွင်ထင်ရှားစွာ တွေ့မြင်နေကြပြီဖြစ်ရာ များမကြာမီအချိန်အတွင်း ရွှေအိုးကြီးစေတီ လက်ရှိတည်ရှိရာ မဂ္ဂရာနယ်မြေတွင် မင်းဂူကြီးစေတီတော်မြတ် ပြန်လည်ပွင့်ထွန်းလာတော့မည်ပင် ဖြစ်ပါသည်။ ပဌာန်းဆက်တို့ စုဝေးရောက်ရှိလာကာ သာဓုသံများ အလျှံဝေဦးတော့မည်မှာ ထူးခြားဆန်းကြယ်လှစွာသော ပဌာန်းဆက်များ၏ အာရုံသိဆက်သွယ်မှုများကို ကျွင့်စရာအားကောင်းလှသည့် ဆရာတော်ဦးဝိမလ၏ လက်ခံနိုင်စွမ်းဆိုင်ရာ အနောက်သိဒ္ဓိအစွမ်းကြောင့်ပင် ဖြစ်ပါသည်။ လျှုဒါန်းလိုသူ ပဌာန်းဆက်များ ဆရာတော်ဦးဝိမလ ၀၉ ၇၁ ၃၁၀ ၇၇၆ ထံ ဆက်သွယ်နိုင်ပါသည်။

အောင်သာတော်

www.burmeseclassic.com

www.burmeseclassic.com

ရွှေရင်နာစေတီတော်

နွေဝုံးသားဝေနာ ပြေဆည်ရာ ရွှေရင်နာစေတီမှာ

ဆန်းညွှန့်(မွေစရိယ)

ရွှေရင်နာစေတီတော်

လွန်ခဲ့သောလအတွင်းက မြင်းမူမြို့နယ်အတွင်းရှိ ရွှေယင်းမာရွာဘက်သို့ ရောက်သွားဖြစ်ခဲ့သည်။ အညာမြေ၏ ဟေမန္တရာသီက အလွမ်းဘွဲ့ကို သီကျူးနေသည့် အလားပင် နှင်းမှုန်လေးများ တဖွဖွ ကျဆင်းနေစဉ်မှာ အရာဏ်ဦး နေခြည်က အလုအယက် ဝင်ရောက်ထိုးဖောက်လို့နေလေရာ နှင်းမှုန်တို့ပါ ပဝါပါးသည် အညာမြေ၏ သဘာဝအလှမြင်ကွင်းတို့ကို ကာဆီးထားသကဲ့သို့ ဖြစ်နေသည်။ ပြင်ပရာသီဥတု အနေအထားက အေးစိမ့်စိမ့် အနေအထားများ ဖြစ်နေသော်လည်း စာရေးသူ၏ ရင်တွင်းမှာကား တမ်းတခြင်း၊ သတိရခြင်းများ၏ ရိုက်ခတ်မှုကြောင့် ဗလောင်ဆူလျက်သား ရှိနေသည်။ လောကမံတရားက ဖန်တီးလာသော ဝေးလွင့်ခြင်း ဝေဒနာသည် ရင်ထဲမှာ လှုပ်ခတ်နေရာယူလျက်သား ရှိနေသည်။

ရွှေယင်းမာရွာဘက်ဆီသို့ လာမိဖြစ်ခဲ့သည်မှာ ရွာ၏ အရှေ့တောင်ဘက် မလှမ်းမကမ်းတွင် မန်ကျည်း၊ တမာ၊ ထနောင်း၊ ကုက္ကိုပင်တို့ဖြင့် အေးချမ်းသော အုံအုံဆိုင်းဆိုင်း တောအုပ်ငယ်လေး တည်ရာဆီသို့ အရောက်သွားမိဖြစ်သည်။ ထိုနေရာသို့ အရောက်သွားမိခြင်းမှာ စာရေးသူ ရင်တွင်း မွန်းကျပ်စွာ ပြည့်နှက်ဖိစီးနေသည့် ရင်နာစရာ အကြောင်းတရားများ ပြေလျော့ပပျောက်သွားစေရန် ရည်သန်ကာ ထွက်လာမိခဲ့ခြင်းသာ ဖြစ်သည်။

အကြောင်းမှာ ထိုတောအုပ်ငယ် အနီးပါးဝယ် ရှေးဟောင်းသမိုင်းဝင် ရွှေရင်နာစေတီတော်မြတ် တည်ရှိသဖြင့် ရင်နာစရာ အကြောင်းတရားတို့ကို ပြေလျော့ပေးနိုင်စွမ်းရှိသည်ဟု ရောက်ဖူးသူတို့ထံမှ သတင်း စကားအရ လာမိ

www.burmeseclassic.com

www.burmeseclassic.com



ဘုရင့်နောရထာစေတီတော်



စေတီတော် အဝေးမြင်ကွင်း

ဖြစ်ခြင်းပင် ဖြစ်သည်။

ရွှေရင်နာစေတီတော်မြတ်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ရွှေယင်းမာရွာစွင် တည်ရှိသည်။ ရွှေယင်းမာရွာကြီးသည် ယနေ့အချိန်အခါအထိ ဘာသာ, သာသနာ ထွန်းကားသော ရွာကြီးပင်ဖြစ်သည်။ အိမ်ခြေငါးရာကျော်သာသာရှိသော ရွာကြီးတစ်ရွာဖြစ်လေရာ ဘုန်းတော်ကြီးကျောင်း လေးကျောင်းရှိသည်။ သံဃာတော်များကို ပင့်ကာ ဝါတွင်းကာလ သုံးလပတ်လုံး ဥပုသ်နေ့တိုင်း ရွှေရင်နာစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပူဇော်ပွဲ ကျင်းပလေ့ရှိသည်။

ရွှေရင်နာစေတီတော်မြတ်ကြီးသည် ရွှေယင်းမာရွာ၏ အရှေ့တောင်ထောင့်တွင် တည်ရှိသည်။ စေတီတော်မြတ်ထဲပါး လျှောက်လှမ်းနိုင်သော စောင်းတန်းတော်ကြီးမှာ ခုံညားထည်ဝါလှကာ စေတီတော်မြတ်ကြီးနှင့် ပန်သင့်ကာ ကြည်ညိုအလေးထားဖွယ်ကောင်းလှသည်။ တန်စောင်းတော်ကြီး နံဘေးတွင်ကား ကြီးမားထည်ဝါလှသော ခြင်္သေ့ကြီး တည်ရှိသည်။ ကျန်စစ်မင်း ထီးလှိုင်ရှင် တည်ထားခဲ့သည့် စေတီတော်မြတ်တိုင်းတွင် ခြင်္သေ့များစွာ မတွေ့ရပေ။ ကေသရာဇာခြင်္သေ့မင်းတို့မည်သည် ဂူတစ်ဂူတည်းတွင် နှစ်ကောင် အောင်းလေ့မရှိဟူသော ထုံးကို နှလုံးမူကာ ကျန်စစ်မင်း ထီးလှိုင်ရှင် တည်ထားခဲ့သော စေတီတိုင်းတွင် ခြင်္သေ့တစ်ကောင်သာ အထူးထုဆစ်ထားခဲ့ခြင်း ဖြစ်ဟန်တူသည်။



စေတီတော်ကြီးမှ ခြင်္သေ့ပုံ

www.burmeseclassic.com

www.burmeseclassic.com

ပင်ရပါတော် ဆင်းတုတော်ကြီး

မဟာမိုဂ်္ဂလာန်အတွင်္ဂါရဲတော်ဆင်းတုတော်

ရွှေရင်နာစေတီတော်မြတ်ကြီးသည် ဥဏ်းတော်လေး ဆယ့်ငါးပေခန့် မြင့်သည်။ အရှေ့ဘက်တွင်သာ မုခ်လိုဏ်ပါသော စေတီတော်ဖြစ်သည်။ မြောက်ဘက်ဂသာ မုခ်လိုဏ်ပါမည်။ တစ်ဖက်တည်း ပါမည်ဆိုပါက တစ်ဝဂု စေတီဘွဲ့မည် တွင်နိုင်သော်လည်း ရွှေရင်နာစေတီတော်မြတ်မှာ အရှေ့ဘက်တွင်သာ မုခ်လိုဏ်ပါသော စေတီတော်မြတ်ဖြစ်သဖြင့် ထူးခြားသော့စေတီတော်မြတ်ဖြစ်ပြီး ရန်အပေါင်းကို အောင်မြင်နိုင်သည့် ဆုတောင်းပြည့်စေတီတော်မြတ်အဖြစ် ထင်ရှားကျော်ကြားလျက် ရှိနေခဲ့သည်။

အလောင်းတော်သိဒ္ဓတ္ထမင်းသား ဒုက္ကရစရိယာကျင့်၍ အရှေ့အရပ်သို့ မျက်နှာမူပြီး မာရ်ငါးပါးကို အောင်မြင်တော်မူလျက် ဘုရားအဖြစ်သို့ ရောက်တော်မူသကဲ့သို့ဖြစ်သည်။ စေတီတော်မြတ်မုခ်အတွင်း သီတင်းသုံးနေတော်မူလျက်ရှိသည့် ရုပ်ပွားတော်မြတ်မှာ ဘုရားရှင်အဖြစ်သို့ ရောက်တော်မူသော ဘူမိဖဿမုခြာအသွင်ပင် ဖြစ်သည်။ လွန်စွာ ရှေးကျလှသည်။ ပုဂံခေတ်လက်ရာ ရုပ်ပွားတော်မြတ် တစ်ဆူပင် ဖြစ်သည်။ လာရောက်ဖူးမြော်ကြသူ အပေါင်းတွင်ရှိနေမည့် နှလုံးသားဝေဒနာတို့ကို ပြေငြိမ်းလျော့ကျစေသည့် ဆင်းတုတော်မြတ်ပင် ဖြစ်သည်။


ဆင်းတုတော်ရှိုး ပေါ်တော်မူခဲ့

စာရေးသူ အာရုံစိုက်၍ ဖူးမြော်သမျှပြုနေစဉ်မှာပင် ရင်တွင်းဒဏ်ကိန်းအောင်းနေသည့် အပူအားလုံးကို ဆွဲနုတ်ပယ်ကာ စန္ဒကူးနှံသာ

www.burmeseclassic.com

www.burmeseclassic.com

စစ်တိဘက်ဇတ္တင်ရဲ့ ရူးမောင်းဆင်းဘုတော်



ရွှေရင်နာမြတ်စွာဘုရား၊ ထပ်မံပြုပြင်ခြင်း မော်ကွန်းကျောက်စာ

ရန်သင်းနေသည့် နတ်ရေစင်ဖြင့် ဖျန်းပက်ခံလိုက်ရသကဲ့သို့ ခံစားလိုက်ရကာ ကြည်လင်အေးမြ၍ စိတ်နှလုံးချမ်းသာသုခ ပြည့်ဝသွားစေခဲ့သည်။

မုခ်လိုဏ်အတွင်း သီတင်းသုံးနေတော်မူသည့် ရှေးဟောင်းပုဂံခေတ်လက်ရာ ရုပ်ပွားဆင်းတုတော်မြတ်ကြီးကို သံတံခါးအထပ်ထပ်တွင် အာမခံသော့ကြီးများခတ်ကာ ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိသည်။ ရွှေရင်နာစေတီတော်မြတ်ကြီး၏ အရှေ့ဘက် အာရုံခံတန်ဆောင်းအတွင်းတွင်ကား ကျွန်စစ်သားမင်းကြီး၏ ဘဝခရီးပုံရိပ်တို့ကို ဆေးရေးပန်းချီဖြင့် ရေးဆွဲထားသည်။ ရွှေရင်နာစေတီတော်ကြီးသည် ရင်နာကြေကွဲစရာ ဝေဒနာခံစားနေကြရသူများအတွက်ဖြစ်စေ၊ လောကီထွက်ရပ်ပေါက်ပုဂ္ဂိုလ်များအတွက်ဖြစ်စေ၊ အဓိဋ္ဌာန်ပြုဆုတောင်းသမှုပြုပါက ဆုတောင်းပြည့်ဝကာ အောင်ရာအောင်လမ်းရရှိပေါက်မြောက်နိုင်သည့် အောင်မြေမုန်ရာ နေရာတစ်နေရာပင် ဖြစ်သည်။

အောင်မြေမုန်ရာတွင် တည်ထားသည့် ရွှေရင်နာစေတီတော်မြတ်ကြီးထံတော်ပါးသို့ အရောက်သွားလိုပါလျှင် စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ အလွယ်ကပ္ပရွာမှ မဲတောရွာလမ်းအတိုင်း သွားပါက ရွှေရင်နာဘုရားဆိုဟူသည့် လမ်းညွှန်ဆိုင်းဘုတ်အား တွေ့ရမည် ဖြစ်သည်။ လမ်းညွှန်ဆိုင်းဘုတ်အတိုင်း နှစ်မိုင်ခန့် ဆက်လျှောက်သွားမည်ဆို

ဇေတဝနာရုံကျောင်းတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



နှင်းခဲဆင်းတုတော်(ဂူနံပတ်၁)

ပါက ရွှေရင်နာစေတီတော်မြတ်ကြီးထံတော်ပါးသို့ ရောက်ရှိနိုင်ကြမည်ပင် ဖြစ်သည်။

ရွှေရင်နာစေတီတော်မြတ်ကြီးမှာ ကျန်စစ်သားမင်းသည် ခမည်းတော် အနော်ရထာမင်း နတ်ရွာစံ ကံတော် ကုန်ပြီးသည့်နောက် သက္ကရာဇ်(၄၂၆)ခုနှစ်တွင် သီရိဘဝနာဒိတျမွေရာဇာ ဘွဲ့ခံလျက် ပုဂံထီးနန်းကို စိုးစံတော်မူသည့် ကျန်စစ်သားမင်းကြီး တည်ထားတော်မူခဲ့သည့် စေတီတော်ပင်ဖြစ်သည်။ ကျန်စစ်သားမင်းကြီးမှာ မိမိရင်ဝယ် နှလုံးသားဝေဒနာခံစားရင်း ဒုက္ခသည်အဖြစ် ပုဂံပြည်မှ ထွက်ပြေးတိမ်းရှောင်စဉ်ကာလက ရောက်ရှိသွားခဲ့ကာ နှလုံးသားဝယ် အေးမြလန်းဆန်းစေသည့် သက်ရောက်မှုများ ခံစားခဲ့ရသည့် အကြောင်းကို တ,သသတိရလျက် ရွှေရင်နာစေတီတော်မြတ်ကို တည်ထားခဲ့ခြင်းပင် ဖြစ်သည်။

စေတီတော်မြတ် ဝန်းကျင်ဝယ် နဂါးရုံဆင်းတုတော် တည်ရှိသကဲ့သို့ ပဌာန်းဆက်အရ ရောက်ရှိနေသော ဧရာမမြွေကြီးတစ်ကောင် ငြိမ်သက်စွာဝပ်စင်းလျက် စေတီတော်မြတ်၏ အောင်မြေမှန်ရာတွင် ခိုနားမှေးစက်လျက် ရှိနေသည်ကို တွေ့ရသည်။

စေတီတော်မြတ်အား လှည့်လည်ကြည်ညို ဖူးမြော်နေမိစဉ်မှာပင် ကျန်စစ်သားမင်းကြီး စေတီတော်မြတ် တည်ထားဖြစ်ခဲ့သည့် နောက်ခံသမိုင်းကြောင်းက ရင်ထဲ ဝင်ရောက်လှုပ်ခတ်လာသည်။

ပုဂံရာဇဝင်တွင် ကျန်စစ်သားမင်းကြီးသည် အထင်ကရပေါ်လွင်ထင်ရှားခဲ့သလို မြန်မာ့နိုင်ငံသမိုင်းတွင်လည်း ထင်ရှားခဲ့သည့် မင်းတစ်ပါးပင်ဖြစ်သည်။ ကျန်စစ်သား၏ ဘဝခရီးလမ်းအစက ကြမ်းတမ်းလှသည်။ ပုရောဟိတ်များဟောပြောချက်အရ ဘုန်းကံကြီးမားသည့် မင်းလောင်းမပေါ်ပေါက်စေရန်အတွက် ကိုယ်ဝန်ဆောင် မိန်းမများအားသတ်၊ သက်တမ်းအရွယ်အစားအလိုက် ကလေးငယ်များကိုသတ် စသဖြင့် အဆင့်ဆင့် သုတ်သင်ရှင်းလင်းစေခဲ့သော်လည်း ဘုန်းရှင်ကံရှင် ကျန်စစ်မင်းလောင်းလျာမှာ အရွယ်ရောက်လူလားမြောက်သည်အထိ အသက်မသေနိုင်ဘဲ ရှင်သန်လွတ်မြောက်မှုရခဲ့သည်။ ထိုဖြစ်စဉ်ကြောင့်ပင် ကျန်စစ်မင်းသား အမည်တွင်ရာက ကျန်စစ်သားအဖြစ် တွင်ခဲ့ခြင်းပင် ဖြစ်သည်။

အနော်ရထာမင်းကြီး ပုဂံပြည်ထီးနန်းကို စိုးစံတော်မူစဉ် ကာလအတွင်း ဥဿာပဲခူးမင်းမှာ တိုင်းတစ်ပါးသားတို့၏ ကျူးကျော်စီးနင်းကားကာ တိုက်ခိုက်ရန်ပြုသဖြင့်

စေတီတော်အနီးရှိ ယိုကူညီမင်းကြီး

www.burmeseclassic.com

www.burmeseclassic.com


နန်းရထင်းတော်

ပဲခူး ဥဿာမင်းက အနော်ရထာမင်းထံ စစ်ကူတောင်းသည်။ အနော်ရထာမင်းက စစ်သည်လေးသိန်း အင်အားဖြင့် ညီမျှသည့် ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး စသည်တို့ သူရဲကောင်းလေးဦးကို စေလွှတ်ပေးခဲ့ရာ ထိုအဖွဲ့တွင် ကျန်စစ်သားမှာ ဦးစီးဦးဆောင်ပြုသူအဖြစ် တာဝန်ယူခဲ့ရသည်။ ဥဿာပဲခူးမင်းသည် ကျန်စစ်သား ဦးဆောင်သည့် လေးဦးအဖွဲ့ကို မြင်သည့်ခဏတွင် အထင်သေးမိသော်လည်း လေးဦးသား၏ စွမ်းပကားများကို သိတော်မူခွင့် ရလေလျှင် ပဲခူးစစ်သည်တို့ကို စစ်ရေးလေ့ကျင့်ပေးစေတော့သည်။

ဥဿာပဲခူးမင်း၏သမီးတော် ခင်ဦး(မဏိစန္ဒာ)သည် စစ်ရေးလေ့ကျင့်ပေးနေသည့် ကျန်စစ်သား၏ ယောကျ်ားပီသမှု၊ စွမ်းပကားများကို သဘောကျနှစ်သြိုက်နေမိခဲ့သည်။ ကျန်စစ်သားကလည်း ခိုးကြောင်ခိုးဝှက်ကြည့်မိသော ခင်ဦး၏ ရူးရွရွအကြည့်များအပေါ် သာယာယစ်မူးနေမိသည်။ ဇွဲဟမပြောမိ ဖြစ်ကြသော်လည်း နှလုံးသားချင်းကား ငြိတွယ်နေမိကြပြီ ဖြစ်သည်။

တိုင်းတစ်ပါးသား ကျူးကျော်သူတို့ရန်စွယ်ကို အငုတ်ပါမကျန် ရှင်းလင်းချေမှုန်းပြီးခါနီးတွင် ပဲခူးဥဿာမင်းက သမီးတော် ခင်ဦး(မဏိစန္ဒာ)ကို အနော်ရထာမင်းထံ လက်ဆောင်ပဏ္ဏာအဖြစ် ဆက်သတော့သည်။ ဥဿာမြေမှ ပုဂံသို့တိုင် စောင့်ရှောက်ခေါ်သွားခဲ့ရလေရာ တစ်လမ်းလုံးလိုလိုပင် ကျန်စစ်သားနှင့် ခင်ဦး(မဏိစန္ဒာ)တို့ အမိပွာယ်များစွာပါသော စကားများကို မျက်နှာဝန်းချင်းဆုံမိတိုင်း ပြောဆိုမိဖြစ်သည်မှာ ရင်ထဲ နှလုံးသားတို့တွင်သာ ဖြစ်ခဲ့ကြသည်။ နွှတ်တို့မှ ပွင့်အံထွက်ကျခွင့် မရှိတော့သည့် အခြေအနေတွင် ရပ်တည်နေကြရသော ဘဝကြောင့်ပင် ဖြစ်သည်။

ပုဂံပြည်သို့ရောက်သည်တွင် အနော်ရထာမင်း အမျက်တော်ရှသဖြင့် အရိန္ဒမာလုံဖြင့် ပစ်လေရာ အရိန္ဒမာလုံကို ကောက်ယူပြီး အသက်ဘေးလွတ်ရာသို့ ပြေးရတော့သည်။ အသက်ဘေးဒုက္ခ ကြုံတွေ့ခဲ့ရသည့်အပြင် နှလုံးသားကြေကွဲစရာ ဝေဒနာကပါ ရင်ထဲကိန်းအောင်းပါလာသည်။ လွမ်းတပူဆွေးစေသော နှလုံးသားဝေဒနာကို ရင်မှာပိုက်ရင်း ခရီးပြင်းနှင်ခဲ့ရာက မြင်းမူမြို့နယ် ရွှေယင်းမာရွာ၏အရှေ့ဘက် မလှမ်းမကမ်းတွင်ရှိ ညီညီညွတ်ဆိုင်းဆိုင်း တောအုပ်ငယ်လေး


တန်ဆောင်းတော်အနီးရှိ ညီညီညွတ်ဆိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံ

တစ်ခုဆီသို့ ရောက်လာသည်။ ကြီးမားလှသည့် မန်ကျည်းပင်ကြီးအား မှီ၍ အနားယူနေမိသည့် တစ်ခဏအတွင်းမှာပင် နှလုံးသားတို့ တည်ငြိမ်လာကာ ရင်နာမှုဖြစ်တည်နေခဲ့သည့် ဝေဒနာလှိုင်းများ လွင့်ပါးကွယ်ပျောက်သွားကြတော့သည်။

ထူးခြားစွာ အေးငြိမ်းချမ်းသာမှုပေးလိုက်သည့် နေရာဒေသလေးကို ကျန်စစ်သားရင်ထဲမှာ မှတ်မှတ်ထင်ထင် စွဲမှတ်ထားမိလိုက်ဖြစ်သည်။ ကျန်စစ်သားမင်းကြီးပုဂံပြည်၏ ထီးနန်းကို စိုးစံခွင့်ရသည်နှင့် နှလုံးသားဝေဒနာ ရင်မှာပိုက်ကာ ဒုက္ခသည်ဘဝဖြင့် ပြေးရင်းလွှားရင်း ရောက်ရှိသွားကာ နှလုံးသား ဝေဒနာတို့ လွင့်စဉ်ပျောက်ကွယ်ကာ အေးငြိမ်းချမ်းသာမှု ရရှိခဲ့သော နေရာလေးသို့ အရောက်လာကာ ရွှေရင်နာစေတီတော်မြတ်ကို တည်ထားခဲ့တော့သည်။

ရွှေရင်နာစေတီတော်ကို တည်ထားရာတွင် လူသားတို့ ရင်၌ ကိန်းအောင်းလေ့ရှိတတ်သော နှလုံးသားဝေဒနာ ဒုက္ခနှင့် သောကများ ယခု အောင်မြေမှန်ရာတွင် ကောင်းမှုပြုကာ တည်ထားသည့် ရွှေရင်နာစေတီတော်မြတ်ကြီးထံပါး ဦးနှိမ်ချကာ ဆုတောင်းခြင်းဖြင့် ကင်းစင်ပပျောက်နိုင်ကြပါစေကြောင်း သစ္စာတိုင်ကာ တည်ထားခဲ့ကြောင်း သိရှိရပါသည်။

ဝိဇ္ဇာလမ်း လျှောက်လှမ်းနေကြသည့် သူတော်စင် သူမြတ်လောင်း အပေါင်းတို့လည်း လာရောက်အမိဋ္ဌာန်ဝင်လျက် ရှိနေကြသည်ကို တွေ့ရသည်။ အမိဋ္ဌာန်အောင်ရာ အောင်မြေဖြစ်သဖြင့် စဉ်ဆက်မပြတ် အရောက်လာကာ အမိဋ္ဌာန်ဝင်နေကြခြင်းဖြစ်သည်ဟု သိရသည်။

ထိုနောင်းရိပ်၊ မန်ကျည်းရိပ်တို့ ဝေစည်ရာ ရွှေရင်နာစေတီတော်မြတ် အောင်မြေမှ ပြန်တွက်လာတော့ နေမွန်းတည့်ကျော်နေပြီပင်။ အညာနေသည် အပူစွမ်းပြနေပြီဖြစ်သော်လည်း အောင်မြေဆီမှ ကပ်ငြိပါလာခဲ့သော အေးငြိမ်းမှုသည် ကိုယ်လုံးကို လွှမ်းခြုံနေဆဲပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ကျန်စစ်သား နှလုံးသားဝေဒနာကို ရင်မှာပိုက်ကာ ပြေးလွှားလာခဲ့စဉ်က အညာနေသည် အောင်မြေတောရိပ်မဝင်မီမချင်း ပြင်းပြစွာ လောင်မြိုက်ပေးနေမည်ကတော့ အမှန်ပင်ဖြစ်ပါသည်။

လွှမ်းငွေ့ဝေဒနာ မဖြေသာပါက ရွှေရင်နာသို့ အရောက်လှမ်းပါ။

ဆန်းညွှန့်(ဝမ္မာဝရိယ)

www.burmeseclassic.com

www.burmeseclassic.com

Wat Suthat ကျောင်းတော်ကြီးအား အဝေးမှမြင်ရစဉ်

တက္ကသိုလ်မျိုး

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ (၁၃)ရာစုလက်ရာ ရှေးဟောင်းကြေးဆင်းတုတော်

Wat Suthat မြတ်စွာဘုရားကြီး

စာရေးသူမိသားစု လေးယောက်သည် ထိုင်း-တရုတ် စားသောက်ဆိုင်၌ ခေါက်ဆွဲပြုတ် တစ်ယောက် တစ်ပွဲ စားသောက်ပြီးနောက် မူလအစီအစဉ်အတိုင်း Wat Suthat Thepwarraram (ဝပ်စုတက်သက်ဝါရာရာမ်) ဘုရား ကျောင်းတော်သို့ Taxi ကားငှားကာ ထွက်ခွာခဲ့သည်။ စာရေးသူ၏ သမီးချွေးမ မနန်းအွန်ခမ်းသည် ယခင်ကာလ များကပင် ဘန်ကောက်မြို့သို့ အမေ၊ အဘွား၊ အဒေါ်တို့ ဆေးကုသမှုခံယူတိုင်း အကြိမ်ကြိမ်အခါခါ ရောက်ခဲ့ဖူး သည်။ ထို့ကြောင့်လည်း ထိုင်းဘာသာစကားကို အတော် အသင့် နားရည်ဝသူ ဖြစ်သည်။ ရုမ်းသွေးနှောရှိလည်း ထိုင်းနှင့် ရုမ်းစကားမှာ နီးစပ်၍ ထိုင်းဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင် မပြောဆိုနိုင်သော်လည်း တစ်ဖက် ပြောစကား၏ အဓိပ္ပာယ်ကို နားလည်သလို တစ်ဖက်ကို လည်း အတော်အသင့် ပြန်ပြောနိုင်သူဖြစ်၍ ဘန်ကောက် မြို့၌ သွားလာရေးတွင် အတော်ပင်အဆင်ပြေလှသည်။ အထူးသဖြင့် Taxi ကားငှားရာ၌ ထိုင်း Taxi ဒရိုင်ဘာတို့ အများစုမှာ အင်္ဂလိပ်စကား မတတ်ကျွမ်း၍ နိုင်ငံခြားသား ခရီးသည်တို့ အခက်ကြုံရသည်။ သမီးချွေးမ နန်းအွန် ခမ်း၏ ကျေးဇူးကြောင့် ဘန်ကောက်မြို့တွင် ခရီးသွားရာ၌ အခက်အခဲသိပ်မရှိဘဲ လိုရာခရီးကို သွားလာနိုင်ခြင်း ဖြစ်သည်။

ယခုလည်း Golden Mount ခေါ် ရွှေတောင်ဘုရား

www.burmeseclassic.com

www.burmeseclassic.com



Wat Suthat ရုပ်ပွားတော်ကြီးအား ပရိဝုဏ်တော်နှင့်တကွ အနီးကပ်ဖူးမြော်ရစဉ်

ဖူးပြီးနောက် Wat Suthat ဘုရားကိုသွားရာ၌ Taxi ကား အလွယ်တကူ ငှားရမ်းနိုင်ခြင်း ဖြစ်သည်။ ဤနေရာ၌ ဗဟုသုတဖြစ်စေရန် ဘန်ကောက်ကားငှားရာ၌ သတိပြုစရာ အကြောင်းအရာတစ်ခုကို ဖော်ပြအံ့။

ဘန်ကောက်မြို့၌ မောင်းနှင်သွားလာနေသော Taxi အငှားယာဉ်များသည် ဘန်ကောက်မြို့တော် အုပ်ချုပ်သူများ၏ စနစ်တကျ စီစဉ်ပေးမှုကြောင့် အငှားကားတိုင်းသည် မီတာတပ်ဆင်ရသည်။ မှန်အလုံပိတ်၍ လေအေးစက်ဖွင့်ကာ မောင်းရသည်။ ရှေ့ခန်းခွဲစီးသော ခရီးသည်နှင့် ယာဉ်မောင်းသည့် ဒရိုင်ဘာသည် ထိုင်ခုံခါးပတ်ကို မပတ်မနေရ ပတ်ရသည်။ ခါးပတ် မပတ်သော် ဘန်ကောက်ရဲတို့က ချက်ချင်း အရေးယူပြီး ဒဏ်ငွေဘတ် (၁၅၀၀)ကို ပေးဆောင်စေသည်။ မြန်မာငွေနှင့်တွက်သော် ငါးသောင်းလေးထောင်ခန့် ကျသည်။ ထိုစည်းကမ်းကို ထိုင်း Taxi ဒရိုင်ဘာတို့ အတိအကျ လိုက်နာကြသည်။ မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ယာဉ် စည်းကမ်းဖောက်ဖျက်သော ဒဏ် ငွေသုံးသောင်းကျပ် သတ်မှတ်သည်ကို ဘတ်(စ်)ကား ဒရိုင်ဘာများ မကျေနပ်၍ မော်တော်ယာဉ် မံထွက်ဘဲ ဆန္ဒပြကြ၍ စာမေးပွဲဖြေမည့် ကျောင်းသားများ၊ ရုံးဝန်ထမ်းများ၊ အလုပ်သမားများ အတော်ပင် အခက်ကြုံခဲ့ရသည်။ ဒဏ်ကြေးသည် ထိုင်းနိုင်ငံ၌ မများသော်လည်း ဝင်ငွေကွာခြား၍ သတ်မှတ်ဒဏ်ကြေး များသည်ဟု ဆိုနိုင်သော်လည်း အပြစ်မကျူးလွန်ရန် စောင့်ထိန်းက ဒဏ်ကြေးငွေ ပေးဆောင်စရာ မလိုခြင်းကိုလည်း သတိချပ်စေချင်သည်။ ဘန်ကောက်မြို့ ယာဉ်မောင်းသူတို့က အပြစ်ဒဏ် မကျူးလွန်မိရန် စည်းကမ်းထိန်းကြသည်ကိုတော့ အတုရမည်ဖြစ်သည်။

လူသဘာဝ လောဘသားများဖြစ်၍ စည်းကမ်းဖောက်ဖျက်မှု ဆော့ရှိ ကြောင်း တွေ့ရသည်။ Taxi ကားတိုင်း၌ စနစ်တကျ မီတာတပ်ဆင်ကြရသည်။ ခရီးသည် ပို့ဆောင်ရာတွင် မီတာဖြင့် သာ ပို့ရသည်။ ဘန်ကောက် အငှားဒရိုင်ဘာ တချို့က ကားငှား သည့်သူကိုကြည့်၍ နိုင်ငံခြားသားဟု သိသောအခါ ခရီးစဉ် အနီး,အဝေးကို ကြည့်၍ အပြတ်တောင်းတတ်သည်။ မီတာခထက် ပိုတောင်းခြင်း ဖြစ်သည်။ မီတာဖြင့် သွားမည်ဟု ပြောသော် ခေါင်းခါ၍ မောင်းထွက်သွားတတ်သည်။ ထိုလောကသား ဒရိုင်ဘာတို့ကား အနည်းစုသာ

ထင်ရှားကျော်ကြားသော Giant Swing (Sao Ching Ching Cha) ကြီးမားအသာ သစ်သားအနီနှင့် ကျောင်းတော်

www.burmeseclassic.com

www.burmeseclassic.com



Wat Suthat မြင်ကွင်းဘုရားရှစ်ပွားတော်မြတ်အား
နောက်ကျောဘက်မှ ဖူးမြော်ရစဉ်

Wat Suthat မြင်ကွင်းဘုရားရှစ်ပွားတော်မြတ်အား
ဘေးတိုက်ဖူးမြော်ရစဉ်

ဖြစ်သည်။ အများစုကတော့ မီတာအတိုင်း လိုက်ပို့တတ်ကြသည်။ ကားငှားကတည်းက မီတာဟုပြော၍ ငှားပြီး သဘောတူမှ သွားသည်က အဆင်ပြေသည်။ ဒုန်ကောက် Taxi တို့၏ မီတာမှာ စတင်၍ စီးစဉ်၌ပင် (၃၅)ဘတ်ဖြင့် စတင်၍ ခရီးစဉ်ဝေးသော် ဝေးသလောက် မီတာခကျသည်။

စာရေးသူတို့ စတင်စီးသည့်နေရာနှင့် Wat Suthat ဘုရားရှိရာသို့ ဘတ်(၄၀)သာ မီတာခကျသည်။ မြန်မာငွေဖြင့် ကျပ်(၁၄၅၀)ခန့်သာ ဖြစ်သည်။ ဘုရားမုခ်ဝအနီး၌ မော်တော်ယာဉ်ကိုရပ်ပေး၍ ကားပေါ်မှဆင်းလျှင်ဆင်းချင်း အနီခံ ကမ္ဘည်းပြားဖော်၌ ရွေရောင်စာလုံးဖြင့် -

WAT SUTHAT - THEPWARARAM

ဟု ရေးထိုးထားသော ကမ္ဘည်းကို တွေ့မြင်ရသည်။

ကမ္ဘည်းပြားဘေးရှိ ဘုရားအတွင်းဝင်ရန် မုခ်ပေါက်မှ ဘုရားကျောင်းတော် အတွင်းသို့ ဝင်ရောက်ခဲ့သည်။

စာရေးသူ ရှေ့လက ရေးသားခဲ့သော ဆောင်းပါးတွင် ဒုန်ကောက်မြို့ရှိ ထင်ရှားကျော်ကြားပြီး သွားရောက်ဖူးမြော်သူများသည် ဘုရား(၁၀)ဆူတွင် ပါဝင်သော Wat Suthat ဝဝ်စုတပ်ဘုရား ဒုန်ကောက်မြေပုံတွင်ကြည့်ရာ စာရေးသူတို့ မနက်ပိုင်းက ဖူးမြော်ပြီး ခဲ့သော Golden Mount ရွှေတောင်ဘုရားနှင့် ခရီးသိပ်မဝေးသော နေရာ၌ ရှိ၍ ဒုတိယမြောက် သွားရောက်ဖူးမြော်ရန် ရွေးချယ်မိခြင်း ဖြစ်သည်။ ဒုန်ကောက်လမ်းညွှန်မြေပုံတွင် Wat Suthat ဘုရားဘွဲ့တော်အမည်မှာ မထင်မရှားသာ ရေးသားထားပြီး Wat Suthat ဘုရားဘွဲ့အမည်နှင့်ကပ်လျက် Giant Swing ဟူသော အမည်မှာ အထင်အရှား ဖော်ပြထားသည်ကို တွေ့ရသည်။ Giant Swing အမည်နှင့်အတူ မြင့်မားလှသော တိုင်နှစ်တိုင်ထိပ်၌ လက်ရာမြောက်လှသော ပန်းပုပညာဖြင့် ထုလုပ်ထားသည့် အချွန်အတက်များနှင့် ထိပ်အုပ်ဖြင့် တိုင်ထိပ်ကို ချုပ်ထားသည်။ ထိုထိပ်အုပ်အောက်၌ သစ်သားချောင်းတစ်ချောင်းကို တိုင်နှစ်တိုင်နှင့် ဆက်သွယ်ထား၏။

Gaint Swing ဟူသော အမည်မှာ တိုက်ရိုက် အဓိပ္ပာယ်ပြန်သော် ကြီးမားလှစွာသောဒန်းကို ပြန်ဆို

www.burmeseclassic.com

www.burmeseclassic.com

နိုင်သည်။ ထို့ကြောင့် ထိုတိုင်နှစ်တိုင်၏ထိပ် သစ်သားတန်းသည် ဒန်းကြိုးချိတ်ရာသဏ္ဌာန် ဖြစ်နေကြောင်း တွေ့ရသည်။

အနီရဲရဲအရောင်ဖြင့် မြင့်မားလှသော Gaint Swing သည် Wat Suthat ဘုရားတည်ရာ ပရိဝုဏ်အုတ်တံတိုင်းရှေ့လမ်း တစ်လမ်းခြား၌ တည်ရှိသည်။ ထို Gaint Swing ကို ထိုင်းဘာသာအားဖြင့် Sao Ching Cha ဟု ခေါ်ကြောင်းလည်း သိရသည်။ ထို Gaint Swing ကို ပထမမြောက် ရာမမင်းလက်ထက် (၁၇၈၂-၁၈၀၉) (၁၇၈၄)ခုနှစ်တွင် ဘုရင့်အမိန့်ဖြင့် ပြုလုပ်တည်ဆောက်ခဲ့သည်။ ထို Gaint Swing သည် ဟိန္ဒူဘာသာနတ်ဘုရား Brahinin နှင့် ဆက်စပ်၍ တည်ထားကြောင်းလည်း သိရသည်။ ဘန်ကောက်မြို့ Bamrungmueng Road ၌တည်သော Gaint Swing သည် ဒုတိယရာမလက်ထက်၌ မိုးကြိုးကြောင့် ပျက်စီးခဲ့ပြီး ပြန်လည်ပြုပြင်မတည်ဆောက်ဘဲထားရာ (၂၀၀၅)ခုနှစ်၊ ဧပြီလ၌ ပြန်လည်တည်ဆောက်ပြီး (၂၀၀၆)ခုနှစ်၊ ဒီဇင်ဘာလ၌ ပြီးစီးသည်။ ထို့နောက်ပိုင်းမှစ၍ ဟိန္ဒူဘုရားပွဲများကျင်းပသည်။

Gaint Swing သည် သစ်သားနှင့် ပြုလုပ်ထား၍ မကြာခဏ ပျက်စီးသည်။ (၁၉၀၅)ခုနှစ်လည်း ပြန်လည်တည်ဆောက်ခဲ့သည်။ နောက်ပိုင်း မကြာခဏ ပြိုကျပျက်စီးမှုများရှိခဲ့ပြီး လူအသေအပျောက်ပင်ရှိခဲ့သည်။ (၂၀၀၆) ခုနှစ် တည်ဆောက်ထားသော လက်ရာကို ယခုတွေ့မြင်နေရခြင်း ဖြစ်သည်။

ထိုကဲ့သို့ ကြီးမားလှသော Gaint Swing သည် ယနေ့တိုင် ရှေးဟောင်းအမွေအနှစ်အဖြစ် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တော်၏ အထိမ်းအမှတ်အဖြစ် မြင်တွေ့နိုင်သည်။

စာရေးသူတို့ မိသားစုသည် Wat Suthat ဘုရား ဖူးမြော်ရန် နှစ်ခု အတွင်းသို့ ဝင်ရောက်ခဲ့ရာ ဆောက်မှတ်ရောင်းသည့် တိုက်ငယ်လေးကို စတင်မြင်တွေ့ရသည်။ လှေကားထစ်အနည်းငယ်တက်၍ လက်မှတ်ဝယ်ခဲ့ရသည်။ တစ်ဦးလျှင် ဘတ်(၂၀) ပေးရသည်။ မြဘုရားဖူးခွင့် ဘတ်(၅၀၀)ထက်စာလျှင် တော်သေးသည်ဟု မှတ်ယူမိသည်။ Wat Suthat ဘုရားသည် တံတိုင်း(၂)ထပ် ကာထား၍ ပထမမုခ်ပေါက်မှ ဝင်ရောက်ပြီး လက်မှတ်ဝယ်ပြီးနောက် ဒုတိယမုခ်ပေါက်ကို ဖြတ်ဝင်မှ Wat Suthat ကျောင်းတော်သို့ ရောက်ရှိသည်။ ဘုရားဖူးမြော်ရန် အချိန်သတ်မှတ်ထားရာ နံနက်(၈)နာရီ (၃၀)မိနစ်မှ ည(၉)နာရီအထိ ဖူးမြော်ခွင့်ရှိကြောင်း သိရသည်။ ဒုတိယမုခ်ပေါက်သည် ထိုင်းပန်းတောင်ပန်းဆွဲများဖြင့် လက်ရာမြောက်စွာ တည်ဆောက်ထားကြောင်း တွေ့ရသည်။

♦ ♦ ♦

ဒုတိယမုခ်မှ ဝင်လျှင်ဝင်ချင်း ကြီးကျယ်ခမ်းနားလှစွာ ဖွဲ့စည်းတည်ဆောက်ထားသည့် Wat Suthat ကျောင်းတော်ကြီးကို မြင်တွေ့ရသည်။ ကျောင်းတော်ကြီးသည် ထိုင်းအနုပညာ ဗိသုကာပညာဖြင့် ထိုင်းတို့၏ လက်ရာအတိုင်း ဘုံအဆင့်ဆင့်နှင့် တိုင်လုံးပေါင်းများစွာနှင့် ခံ့ညားထည်ဝါလှစွာ တည်ဆောက်ထားလေသည်။ ဘေးပတ်လည်၌လည်း ဘုံခုနစ်ဆင့်ပေါ်၌ စေတီသဏ္ဌာန်တည်ထားသော ဘုံအဆင့်ဆင့်နှင့် တရုတ်ဗိသုကာလက်ရာ တံခွန်တိုင်ပမာ လက်ရာမြောက်လှသော အဆောက်အအုံငယ်များကိုလည်း တွေ့ရသည်။ တိုင်ဘုံအဆင့်များနှင့် တိုင်



ရေတံခွန်ထုနှင့်တူသော ပလ္လင်တော်အား အနီးကပ်မြင်ရစဉ်
(ဘုရားဖူးဝင်ကျသောတံခါးပေါက်မှတောက်)

www.burmeseclassic.com

www.burmeseclassic.com

တရုတ်ပိုသုကာလက်ရာ ဆုံရုံနှစ်ဆင့်နှင့် မဏ္ဍပ်တိုင်ငယ်များကို ကျောင်းတော်ကြီးယတ်လည်၌ တွေ့ရှိရစဉ်

ငယ်များသည် ကျောင်းတော်ကြီးမျက်နှာစာသာမက ဘေးပတ်လည်၌လည်း အမြောက်အမြား တည်ဆောက်ထားသည်ကို တွေ့ရသည်။ ထိုဘုံအဆင့်ဆင့်နှင့် တံဉာထားသော တိုင်ငယ်များ၏ လက်ရာမှာ တရုတ်ဗိသုကာလက်ရာများ ဖြစ်ဟန်ရှိပြီး တရုတ်ဘုရားကျောင်းငယ်များကို အဆင့်ဆင့်ထပ်၍ လက်ရာမြောက်စွာ တည်ဆောက်ထားခြင်းဖြစ်သည်ကိုလည်း လေ့လာတွေ့ရှိရသည်။

ကျောင်းတော်ကြီး၏ မျက်နှာစာ၌ သစ်ပင်ငယ်လေးများကို ပြုပြင်ပြီး လှပစွာ စိုက်ပျိုးထားသည်မှာလည်း အမြင်ဆန်းလှသည်။ ထိုအလုံးအဝိုင်း ပုံဖော်ထားသော သစ်ပင်ငယ်လေးများကို မျက်နှာစာ၌သာမက ဘေးပတ်လည်ရှိ ဗုဒ္ဓရုပ်ပွားတော်များ ကိန်းဝပ်စံပယ်တော်မူရာ စောင်းတန်းရှည်ကြီးများ၏ မျက်နှာစာ၌လည်း လှပစွာ စိုက်ပျိုးထားသည်မှာ မြင်ရသူတို့၏ စိတ်အာရုံအား ကြည်လင်အေးမြစေခဲ့သည်။

ကျောင်းတော်ကြီး၏ မျက်နှာစာ၌ တရုတ်လက်ရာ မီးပုံးအနီရောင်များကို ချိတ်ဆွဲပြီး အလှဆင်ထားသည်မှာလည်း ထူးခြားသော အသွင်အဖြစ် မြင်တွေ့ရသည်။ စာရေးသူ ယခင်ဆောင်းပါးများ၌ ရေးသားတင်ပြခဲ့သည့်အတိုင်း ထိုင်းနိုင်ငံ၌ တရုတ်ဗိသုကာယဉ်ကျေးမှု လွှမ်းမိုးရုံသာမက တရုတ်ယဉ်ကျေးမှု လက်ရာများကိုလည်း နေရာအတော်များများ၌ တွေ့မြင်နေရသည်။ ဘုရားကျောင်းတော်ကြီး၏ မျက်နှာစာ၌ တရုတ်နတ်ရုပ်ကြီးများ၊ ရှေးခေတ် တရုတ်စစ်သူကြီး နတ်ရုပ်များကိုလည်း တွေ့ရသည်။ ထိုင်းနိုင်ငံ၏ အထင်ကရဘုရားစေတီ အတော်များများ၌ မြဘုရားအပါအဝင် တရုတ်နတ်ရုပ်များ၊ တရုတ်စစ်သူကြီးနတ်ရုပ်များကို တွေ့ရသလို ယခု Wat Suthat ကျောင်းတော်ကြီး၌လည်း တွေ့ရသည်။ နတ်ရုပ်ကြီးများသာမက ကျောင်းတော်ကြီး၏ အပြင်ဘက် မျက်နှာစာရှေ့၌ တရုတ်ဘုရားကျောင်း(ဘုံကျောင်း)ငယ် တစ်ခုကိုလည်း တည်ဆောက်ထားသည်ကို တွေ့ရသည်။ ကျောင်းတော်ကြီး၏ ဘေးအုတ်ခုံအမြင့်၌လည်း ဝံတရုတ်ဘုရားကျောင်းသဏ္ဌာန် အဆောက်အအုံတစ်ခုကို ခမ်းခမ်းနားနား တည်ဆောက်ထားသည်ကိုလည်း တွေ့ရသည်။

ကျောင်းတော်ကြီးအရှေ့ဘက်ရှိ ဘုံကျောင်းငယ်နှင့် ဆုံရုံနှစ်ဆင့်ကို ဖြတ်ကျော်ပြီး ဘုရားရှေ့ဆီသို့ ဦးတည်ရောက်ရှိလာသူများ

♦ ♦ ♦

စာရေးသူတို့ မိသားစုသည် Wat Suthat ဘုရားကျောင်းတော်အတွင်းသို့ ဝင်ရောက်လိုက်သောအခါ ရွှေရောင်ဝင်းလျက် ဘူမိ

www.burmeseclassic.com

www.burmeseclassic.com

ဇသဟန် ထိုင်နေတော်မူသော ဗုဒ္ဓမြတ်စွာဘုရား ရုပ်တုတော်ကို ကြည်ညိုဖွယ် ဖူးမြော်လိုက်ရသည်။

ရွှေရောင်ပလွင်တော်သည် လက်ရာမြောက်လှသော ပန်းရန်ပညာ၊ မှန်စီရွှေချပညာများ စုစည်းဖန်တီးထားပြီး အနုစိတ်ပိုးဒယားပန်းကွက်များ၊ ရာမလက်ရိုးပန်းပုံများကို ထွင်းထုထားရုံသာမက ရောင်စုံမှန်ကွက်များဖြင့် ဖြည့်ဆည်းထားသောကြောင့် ဖူးမြင်ရသူတို့၏ စိတ်အာရုံအား ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရုပ်ပွားတော်မြတ်အပေါ် ပို၍ လေးစားကြည်ညိုသဒ္ဓါစိတ်များကို တိုး၍ဖြစ်စေရန် ဖန်တီးထားသည့်အလားပင်ဖြစ်သည်။ ထိုင်းတို့၏ ရွှေချပညာကလည်း လက်ရာမြောက်လှသောကြောင့် ပလွင်တော်မှာ ပို၍ကြွရွနေပေတော့သည်။

လက်ရာမြောက်လှသော ပလွင်တော်ထက်၌ သီတင်းသုံး စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ရွှေရောင်ဝင်းလျက် သပ္ပာယ်လှသည်ကိုလည်း ဖူးမြော်ရသည်။ အထက်၌ ဆိုခဲ့သည့်အတိုင်း ထိုင်းတို့၏ ရွှေချပညာ၏ လက်ရာပြောင်မြောက်မှုကြောင့် ကိုယ်လုံးတော်အပြည့် ရွှေရောင်ဝင်းတောက်နေသည်မှာ ရွှေရောင်အဆင်းရှိသော ရောင်ခြည်တော်များ ကွန့်မြူးနေသည့် အလား အာရုံ၌ ပေါ်လာမိအောင် ခံစားရလေသည်။

ယခုဖူးတွေ့ရသော Wat Suthat ဗုဒ္ဓရုပ်ပွားတော်မြတ်သည် ဘူမိဖသဟန် တည်ထားတော်မူရာ လက်ချောင်းတော် အနေအထားသည် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ကြန်အင်လက္ခဏာတော်နှင့်အညီဖြစ်ပြီး မျက်နှာတော်၊ နားတော်တို့မှာလည်း ဘုရားရှင်၏ ကြန်အင်လက္ခဏာတော်များနှင့်ညီ၍ ပိုပြီးကြည်ညိုဖွယ်ကောင်းလှပေသည်။

စာရေးသူသည် ထိုင်းနိုင်ငံသို့ အကြိမ်အတော်များများ ဆေးကုသရန် ရောက်ရှိခဲ့ပြီး ဘန်ကောက်မြို့ရှိ ဘုရားအတော်များများ အယုဒ္ဓယမြို့ ဘုရားအတော်အတင့်သို့ သွားရောက်ဖူးမြော်ခဲ့ရာ တချို့ဗုဒ္ဓရုပ်ပွားတော်များသည် မြတ်စွာဘုရားရှင်၏ အင်္ဂါတော်လက္ခဏာတော်တို့နှင့် မညီသည်ကို ဖူးမြော်ခဲ့ဖူးရာ အထူးသဖြင့် လက်ချောင်းတော်အနေအထားမှာ လက်မတော်မှလွဲ၍ လက်ချောင်းတော်လေးချောင်းစလုံးသည် အရွယ်တော်တူညီရမည့်အစား လူပုဂ္ဂိုလ်များလို အတိုအရှည် ဖြစ်နေသည့်အတိုင်း ထုလုပ်ထြ၍ စိတ်အာရုံ၌ ဘဝင်မကျ ဖြစ်ခဲ့ရသော်လည်း ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုယ်စား အာရုံပြုပြီး ဖူးမြော်ကာ ကုသိုလ်ယူခဲ့ရသည်ကို သတိရမိ၍ Wat Suthat ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြတ်စွာဘုရားရှင်၏ လက္ခဏာတော်နှင့်အညီ, ထုလုပ်ကိုးကွယ်မှုအပေါ် ကြည်ညိုသဒ္ဓါပွားများကာ ကြည်ညိုမဆုံးအောင် ဖြစ်မိလေသည်။

စာရေးသူသည် Wat Suthat မြတ်စွာဘုရားရှင်အား ဦးချကန်တော့ပြီးနောက် ရုပ်ပွားတော်မြတ် ကိန်းဝပ်စံပယ်ရာပလွင်တော်အား လက်ယာရစ်တစ်ပတ်, ပတ်ရင်း ရုပ်ပွားတော်မြတ်အား အာရုံပြုပူဇော်ခဲ့သည်။ ဘေးမှ အနီးကပ်ပူဇော်၍လည်းကောင်း၊ အနောက်ဘက်မှ အနီးကပ်ပူဇော်၍လည်းကောင်း ကြည်ညိုခဲ့ရာ ဗုဒ္ဓမြတ်စွာဘုရားရှင်အား သက်တော်ထင်ရှားရှိသည့်ပမာ မြင်ယောင်ရင်း ကြည်နူးမှု ဖြစ်ပေါ်ခဲ့ရသည်။

Wat Suthat ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူရာ ကျောင်းတော်ကြီးအတွင်းရှိ ဂန္ဓကုဋိတိုက်၌ မှန်ကျောင်းဆောင်အတွင်း ယိုးဒယားမင်းတို့၏ မင်းဝတ်

ဘုရားဆောင်အတွင်းတော်ရှေ့တည့်တည့်မှာရှိသော ကျောက်ဆောင်ပေါ်တွင် ထားရှိတော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်

www.burmeseclassic.com

www.burmeseclassic.com

ခြေထောက်တော် တွဲလောင်းချ၍ ထိုင်စတော်မူသော ရုပ်ပွားတော်ထား ဖူးမြော်ရခြင်း

တန်ဆာဆင်မြန်းထားသော ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူကိုလည်း ကြည်ညိုဖွယ် ဖူးတွေ့ရသည်။ မကိုင်ရတော်ဆောင်းလျက် မန္တလေး မဟာမြတ်မုနီရုပ်ပွားတော်မြတ်ကဲ့သို့ပင် မင်းဝတ်တန်ဆာနှင့် သပ္ပာယ်လှသည်။ အဖိုးတန်ကျောက်မျက်ရတနာများ စီခြယ်ထား၍လောမသိ မှန်ကျောင်းဆောင်နှင့် လုံလုံခြုံခြုံ စံပယ်တော်မူသည်ကိုလည်း ထူးခြားစွာ ဖူးမြော်ရသည်။

ထိုင်းလူမျိုးတို့အနေနှင့် ဟံသာဝတီခေတ် နန္ဒဘုရင်၏သားတော် အိမ်ရှေ့ဥပရာဇာကို အယုဒ္ဓယဘုရင်၏သားတော် အိမ်ရှေ့မင်းက ဆင်ချင်းစစ်ထိုးရာမှ မြန်မာအိမ်ရှေ့မင်းသားကို အောင်မြင်စွာ အနိုင်ရခဲ့ပုံကို ဂုဏ်ယူသည့် အနေနှင့် ရုပ်တုအတော်များများကို ဘုရားစေတီများ၌ အမှတ်တရထားတတ်ကြရာ ယခု Wat Suthat ကျောင်းတော်၌လည်း ထိုဆင်တိုက်ပွဲပုံကို လက်ရာမြောက်စွာထား ရှိသည်ကိုလည်း တွေ့ရသည်။

Wat Suthat ကျောင်းတော်ကြီးမှာ ပထမမြောက် ရာမမင်း (၁၇၈၂-၁၈၀၉)လက်ထက်မှ စတင်ခဲ့ရာ တတိယမြောက် ရာမမင်း(၁၈၂၄-၁၈၅၁) လက်ထက်၌ ပြီးစီးအောင် တည်ဆောက်ခဲ့၍ ရှေးဟောင်းကျောင်းတော်ကြီးဖြစ်ခဲ့သည်။ ထို့ကြောင့် Wat Suthat ကျောင်းတော်ကြီးအတွင်း၌ ရှေးခေတ် ပန်းချီလက်ရာများကို ကျောင်းတော်ကြီးအတွင်း နံရံများ၏ အမြောက်အမြားတွေ့ရသလို ရှေးခေတ်ပန်းပုလက်ရာများကိုလည်း လက်ရာပြောင်မြောက်စွာ သစ်သားတံခါးများကို တွေ့ရသည်။

အထူးသဖြင့် နံရံပန်းချီလက်ရာများမှာ အနုစိတ်ရုသာမက ဆေးရောင်တို့မှာလည်း စုံလှသည်။ အထူးသဖြင့် အဆောက်အအုံများ၊ သစ်ပင်များ၊ လူပုံများမှာ ပီပြင်လှပြီး ရုပ်ကြွနေအောင် လက်ရာမြောက်လှသည်။ အထူးသဖြင့် မင်းခမ်းမင်းနားပုံများ၊ ဗုဒ္ဓဝင်ပုံများ၊ ဘာသာရေးပုံများကို တွေ့ရသည်။ အထူးသဖြင့် လူပုံများ၊ ရဟန်းပုံများ၊ ဘုရားရှင်၏ ပုံတော်များ၊ ဘီလူးပုံများမှာ လက်ရာအလွန်မြောက်လှကြောင်း တွေ့ရသည်။ သုံးစွဲထားသော အရောင်တို့မှာလည်း ရုပ်ပုံများကို ပေါ်လွင်စေရုံသာမက လိုက်ဖက်အောင်လည်း သုံးစွဲထား၍ အထူးပင်လက်ရာမြောက်လှသည်။ ပန်းချီပုံများကို နံရံအပြည့် ရေးခြယ်ထားသည်မှာ ရှေးဟောင်းအမွေအနှစ်တစ်ရပ်အဖြစ် အထင်အရှား ကျန်ရှိစေပြီး စနစ်တကျ ထိန်းသိမ်းထားမှုကိုလည်း ချီးကျူးမိသည်။

နံရံဆေးရေးပန်းချီနည်းတူ ကျောင်းတော်ကြီး၏ တံခါးရွက်ကြီးများ၌ ထွင်းထုထားသော သစ်သားပန်းပုလက်ရာများမှာလည်း လက်ရာမြောက်လှသည်။ ပန်းခက် ပန်းနွယ်များမှာ အနုစိတ်ထုလုပ်ထားကြောင်း တွေ့ရသည်။ ကျောင်းတော်ကြီးအဝင်တံခါးမကြီး၏ ပန်းပုလက်ရာမှာ အံ့မခန်းပင် အနုစိတ်ပြီး လက်ရာမြောက်လှသည်။ Wat Suthat ကျောင်းတော်ကြီးသည် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်ကြီး ကိန်းဝပ်စံပယ်မှု၊ နံရံဆေးရေးပန်းချီများ၏ လက်ရာမြောက်မှု၊ ရှေးဟောင်းပန်းပုလက်ရာနည်းတူ ရှေးဟောင်းပန်းပုလက်ရာများ၏ လက်ရာမြောက်မှုများကြောင့် ရှေးဟောင်းသမိုင်းဝင် ကျောင်းတော်ကြီးအဖြစ် အသိအမှတ် ပြုခြင်းခံခဲ့ရသည်။

Wat Suthat ကျောင်းတော်ကြီး၏ ထူးခြားမှုတစ်ရပ်မှာ ကျောင်းတော်ကြီးအတွင်း၌ ဝတ်ဖြူစင်ကြယ်များ ဝတ်ဆင်ထားသည့် အမျိုးသမီးများကို အများအပြား တွေ့မြင်

www.burmeseclassic.com

www.burmeseclassic.com

ချခြင်းဖြစ်သည်။ စားဖွယ်သောက်ဖွယ်ရာများ ထည့်ထားသော ပလတ်စတစ်ခြင်းများဖြင့် လာရောက်ကြသည်ကို ခြင်တွေ့ရ၍ ဘုရားကျောင်း၌ တစ်နေကုန်အောင် နေထိုင်ကြမည်ပုံ တွေ့ရသည်။ တချို့သော အမျိုးသမီးများသည် အသက်ငယ်ရွယ်သူများ ပါဝင်သလို တချို့သော အမျိုးသမီးများက အသက်ကြီးသူများ ဖြစ်ကြသည်။ တချို့က တရားစာအုပ်ဟု ယူဆရသော စာအုပ်များကို ဖတ်ရှုကြသလို တချို့ကတော့ ဘုရားကို အာရုံပြု၍ ကန်တော့ကြသူများ ရှိကြသည်။ အတော်များများအနေနှင့်ကား ငြိမ်သက်စွာ ဝိပဿနာကမ္မဋ္ဌာန်းတရား အားထုတ်နေသည်ကိုလည်း တွေ့ရသည်။

စာရေးသူတို့မိသားစုသည် Wat Suthat ဘုရားကျောင်းတော်မှ ပြန်လည်ထွက်ခွဲရာ အဝင်စကြံ၌ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို သပွာယ်စွာ ဖူးတွေ့ရသည်။ ဘုရားဖူးများအနေနှင့် အမွေးတိုင်၊ ဆီမီးတိုင်များနှင့် ပူဇော်ပ,သထားသည်မှာ အမွှေးနံ့ပျံနံ့လျက် ရှိနေသည်။ ရုပ်ပွားတော်ခြတ်၏ လက်ယာဘက်၌ ကြေးဖြင့် သွန်းလောင်းထားသော ဆင်ရုပ်ကိုလည်း အစွယ်ဖွေးဖွေးနှင့် တွေ့ရသည်။ ထိုနေရာ၌ပင် ရုပ်တော်မူ ဗျာဒိတ်ပေးဟန် ရုပ်ပွားတော်ခြတ်နှင့် ခြေတွဲလောင်းချ၍ ထိုင်နေတော်မူဟန် ရုပ်ပွားတော်နှစ်ဆူတိုလည်း သပွာယ်စွာ ဖူးမြော်ရသည်။

ကျောင်းတော်ကြီး၏အရှေ့ဘက် မလှမ်းမကမ်း၌ ကြေးနက်နှင့်သွန်းလောင်းထားသော ထိုင်းဘုရင်မင်းမြတ် တစ်ပါး၏ မတ်တတ်ရပ်ရုပ်တုကိုလည်း တွေ့ရသည်။ ရှေ့ပ တုအောက်ခြေ၌ ထိုင်းအက္ခရာနှင့်ရေးထိုးထားသော ဏာမည်းကိုလည်း တွေ့ရ၍ အခက်တွေ့ရသည်။ ဘယ်ငင်း၏ ရုပ်တုမှန်း ခန့်မှန်းရန် မလွယ်၍ ဓာတ်ပုံမှတ်တမ်းသာ ရိုက်ခဲ့ရသည်။ နောက်ပိုင်း Wat Suthat ဘုရားသမိုင်းမှတ်တမ်း ဖတ်ရသောအခါမှ ရှစ်ဆက်မြောက် ရာမမင်း၏ ရုပ်တုမှန်း သိရသည်။ King Rama VIII Anada Mahidol ရုပ်တုကို နိုဝင်ဘာလ (၂)ရက် (၁၉၇၄)ခုနှစ်၌ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်၍ ခေတ်သစ်ကြေးရုပ်တုဖြစ်ကြောင်း တွေ့ရသည်။ Rama VIII ဘုရင်သည် သူ့ဘဝသက်တမ်းကာလအတွင်း ဗုဒ္ဓဝါဒအကြောင်းကို Wat Suthat ကျောင်းထိုင်ဆရာတော် Somdet Vanarat (Pae) ထံ၌ သင်ကြားတပည့်ခံခဲ့မှုကို မှတ်တမ်းတင်သည့်

အနေနှင့် Rama VIII ဘုရင်၏ရုပ်တုကို ထုလုပ်ထားခြင်းဖြစ်ကြောင်း လေ့လာသိခဲ့ရသည်။

♦♦♦

စာရေးသူတို့မိသားစုသည် Wat Suthat ကျောင်းတော်ကြီးမှ ထွက်ခွာပြီးနောက် ကျောင်းတော်ကြီးအား လေးဖက်လေးတန် ဝိုင်းပတ်၍ တည်ဆောက်ထားသော တန်ဆောင်းကြီးများအတွင်း ဝင်ရောက်ခဲ့ရာ ထိုင်တော်မူ ရုပ်ပွားတော်များအား ရွှေသင်္ကန်းများ ကပ်လှူပူဇော်ထားပြီး ပုံစံတူ ထုလုပ်ကိုးကွယ်ထားသည်ကို ဖူးမြော်ရသည်။ စာရေးသူအနေနှင့် ပထမအစီအစဉ်အရ ရုပ်တု၊ ရုပ်ပွားတော်များအား သာမန်အားဖြင့်သာ ဖူးမြော်ကြည်ညိုခဲ့ရာ ရွှေသင်္ကန်းဖြင့် လွှမ်းခြုံကြည်ညိုဖွယ်အသွင်ကိုသာ သတိပြုမိသည်။ ဗုဒ္ဓရုပ်ပွားတော်အဆူဆူသည် ပုံစံတူ၊ ဉာဏ်တော်အရွယ်တူများဖြစ်ပြီး ကမ္မဋ္ဌာန်းတရားရှုပွားဟန် ထုလုပ်ထားသည်ကိုလည်း ဖူးတွေ့ရသည်။

စာရေးသူ အထူးသတိပြုမိသည်မှာ Wat Suthat ကျောင်းတော်ကြီးအတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော

www.burmeseclassic.com

www.burmeseclassic.com

Wat Suthat ဘုရားကြီး၏ ရှေ့တည့်တည့်အလယ်၌
ရတနာမြောက်ခန်းတော်ဘုရားကို တွေ့မြင်ရစဉ်

ပွားတော်ကြီး၏ လက်တော်အနေအထားမှာ ဘူမိဖဿမုဒြာဟန် ဖြစ်သော်လည်း ပုံစံတူ ရုပ်ပွားတော်ငယ်များ၏ဟန်မှာ ဝိပဿနာကမ္မဋ္ဌာန်းတရားအားထုတ်နေဟန် မုဒြာအနေအထားပင် ဖြစ်သည်။ လက်တော်အနေအထားဟန် ကွဲလွဲမှုမှလွဲ၍ ကျန်ပုံတော် အနေအထား၊ မျက်နှာတော် အနေအထား၊ ခြေထောက်တော် အနေအထားတို့မှာ ပုံစံတူ ထုလုပ်ထားကြောင်းလည်း သတိပြုမိသည်။ ပလ္လင်တော်မှာလည်း Wat Suthat မြတ်စွာဘုရားရှင် သီတင်းသုံး စံပယ်တော်မူရာ ပလ္လင်တော်နှင့် ယခု ဖူးမြော်နေရသည့် ရုပ်ပွားတော်များ သီတင်းသုံးရာပလ္လင် တော်ငယ်များမှာလည်း ပုံစံတူများဖြစ်ကြောင်း တွေ့ရသည်။

Wat Suthat မြတ်စွာဘုရားရှင်၏ ပုံတော်ငယ်များအဖြစ် ထုလုပ်ကိုးကွယ်ထားသည်ကို တွေ့ရသည်။ မျက်နှာတော်၊ ကိုယ်လုံးတော်၊ ခြေထောက်တော်အနေအထားတို့မှာ Wat Suthat မြတ်စွာဘုရားရုပ်ပွားတော်ကြီးနှင့် ပုံစံတူ ထုလုပ်ထားကြောင်း တွေ့ရသည်။ Wat Suthat ဗုဒ္ဓရုပ်ပွားတော်ကြီးနှင့် စောင်းတန်းအတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော ရုပ်ပွားတော်ငယ်များနှင့် ကွဲပြားချက်မှာ လက်တော်အနေအထားပင်ဖြစ်သည်။ Wat Suthat ရုပ်

ထိုပလ္လင်ငယ်များ၏ အောက်ခြေ၌ အလှူရှင်အမည်များကို စက္ခင်ကျောက်ပြားများနှင့် ကမ္ဘည်းရေးထိုးထားသည်ကိုလည်း တွေ့ရသည်။ ရုပ်ပွားတော် တစ်ဆူ၌ အလှူရှင်သုံးဦး၏ ဓာတ်ပုံများဖြင့် ကမ္ဘည်းရေးထိုးထားသည်ကိုလည်း တွေ့ရသည်။ ဓာတ်ပုံများမှာ ထင်ထင်ရှားရှား မရှိသော်လည်း မင်းမျိုးမင်းနွယ်တို့၏ ပုံများဟု ထင်မှတ်ရသည်။ အဆောင်အယောင်ဝတ်စုံနှင့် အမျိုးသား တစ်ဦးနှင့် အမျိုးသမီး နှစ်ဦး၏ ပုံများ ဖြစ်သည်။

ကျောင်းတော်ကြီး၏ လက်ယာဘက်၌ရှိသော စောင်းတန်းအတွင်း၌
ဗုဒ္ဓရုပ်ပွားတော် အလှူရှင်အား ဖူးမြော်ရစဉ်

စောင်းတန်းလေးသွယ်(ကျောင်းတော်ကြီး၏ အရှေ့၊ အနောက်၊ တောင်၊ မြောက်)ရှိ တန်ဆောင်းကြီးများအတွင်း ပုံစံတူ ကမ္ဘဋ္ဌာန်းတရားအားထုတ်ဟန် (Meditation Pose) ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရုပ်ပွားတော်များမှာ ပြုပြင်ရွေ့ချဆဲ ရုပ်ပွားတော် လေး၊ငါး

www.burmeseclassic.com

www.burmeseclassic.com

ဆူမှလွဲ၍ ရွေရောင်ဝင်းလျက်ရှိသည်။ စောင်းတန်း တန်ဆောင်းလေးဖက်အတွင်း သီတင်းသုံးစံပယ်တော်မူသော ရုပ်ပွားတော်အရေအတွက်မှာ (၁၅၆)ဆူရှိကြောင်းလည်း လေ့လာမိသည်။

Wat Suthat ဘုရားကျောင်းတော်ကြီးဘေး လေးဖက်လေးတန်၌ရှိသော စောင်းတန်းကြီးများအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်(၁၅၆)ဆူအား သာမန်အားဖြင့် ဖူးမြော်စဉ်က ဗုဒ္ဓရုပ်ပွားတော် သီတင်းသုံးတော်မူရာ ပလ္လင်အောက်ခြေ၌ ကမ္ဘည်းကျောက်စာများကို တွေ့မြင်ရစဉ်က အလှူရှင်တို့၏ ကမ္ဘည်းကျောက်စာများဟု မြန်မာတို့၏ ခလေထုံးစံနှင့် ယှဉ်၍ တွေးခဲ့မိသည်။ ရေးသား ထားသောစာများမှာ ထိုင်းအက္ခရာဖြင့် ရေးထိုးထား၍ မည်သည့် အကြောင်းအရာဟု မသိခဲ့ရသော်လည်း Wat Suthat Thepwararam အမည်ရှိ သမိုင်းစာအုပ်ကို လေ့လာဖတ်ရှုရသော အခါမှ ထိုင်းလူမျိုးတို့၏ အစဉ်အလာအရ ကွယ်လွန်သူတို့၏ ကြွင်းကျန်ရှိသော အရိုးပြာကို ကျောင်းတိုက်အတွင်း၌ထား ရှိပြီး ထိုကွယ်လွန်သူတို့၏ အမည်ကမ္ဘည်း ရေးထိုးထားကြောင်း သိရသည်။

စာရေးသူအနေနှင့် ပလ္လင်တော်တစ်ခု၏ရှေ့၌ ဓာတ်ပုံနှင့် ကမ္ဘည်းရေးထိုးထားသော မင်းမျိုးမင်းနွယ်ဟု ထင်ရသည့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့၏ ပုံကို တွေ့ခဲ့ရသည်ကို ပြန်၍အမှတ်ရမိသည်။ ထိုမှတ်တမ်းတမွှည်းရှေ့၌ ပန်းခွေတစ်ခုချထားသည်ကိုလည်း ပြန်၍ သတိရမိသောအခါ ကွယ်လွန်သူတို့၏ ဆွေမျိုးသားချင်းများ လာရောက်ကန်တော့်ကြခြင်း ဖြစ်ပုံရကြောင်းကို ပြန်ဆင်ခြင်စားမိလေတော့သည်။

ထိုလေးဖက်လေးတန်ရှိ ဘုရားစောင်းတန်းကြီးကို နှစ်ထပ်မြောက် ရာမမင်း ကဲထက်၌ စတင်တည်ဆောက်ခဲ့ကြောင်းကိုလည်း သိရသည်။ ထိုင်းနိုင်ငံ၏ တန်ခိုးကြီးရုပ်ပွားတော်ကြီးများကို ပထမမြောက် ရာမဘုရင်လက်ထက်တပင် ဘုန်းတော်ကြီးကျောင်းတစ်ရာကျော်ကို တည်ဆောက်ခဲ့ပြီး ပင့်ဆောင်ပူဇော်ရာမှ ကျောင်းတိုက်ကြီးအတော်များများ၌ ဖူးမြော်တွေ့မြင်နေရခြင်းဖြစ်သည်။ ထိုသို့ ဗုဒ္ဓရုပ်ပွားတော်မြတ်များ ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋိကျောင်းတိုက်ကြီးများကို ခမ်းခမ်းနားနား တည်ဆောက်ပြီး ရာဇဝတ် ကျောင်းတိုက်ကြီး၏ ဘေးပတ်လည်တွင် စောင်းတန်း သုံးသွယ်(သို့မဟုတ်) လေးသွယ် တည်ဆောက်ပြီး ဗုဒ္ဓရုပ်ပွားတော်အဆူဆူကို ကြည်ညိုဖွယ် သပ္ပာယ်စွာ ထုလုပ်ကိုးကွယ်ကြသလို တချို့ကျောင်းတိုက်ကြီးများ၌ နိုင်ငံအနှံ့မှ ပင့်ဆောင်လာသော ရွှေဟောင်းရုပ်ပွားတော်အဆူဆူကို ထားရှိပူဇော်ကြသည်ကိုလည်း တွေ့ရသည်။

ထိုင်းလူမျိုးတို့၏ ချီးမွမ်းစရာကောင်းသော အစဉ်အလာမှာ ထင်ရှားတန်ခိုးကြီးသော ဗုဒ္ဓမြတ်စွာဘုရားရှင် ကိန်းဝပ်စံပယ်တော်မူရာ ကျောင်းတိုက်ကြီးများသည် သန့်ရှင်းသပ်ရပ်ပြီး ဘုရားဖူးများ၏စိတ်ဝယ် ကြည်နူးပီတိဖြစ်စေရန် ပြုပြင်တည်ထားခြင်းပင်ဖြစ်သည်။ အထူးသဖြင့် သစ်ပင်ပန်းပင်များကို ရှုချင်စဖွယ်စိုက်ပျိုးထားသည်မှာ မြင်ရသူအပေါင်း၏ စိတ်အာရုံ၌ ကျောင်းတိုက်အတွင်း ဝင်လိုက်သည်နှင့် စိတ်အေးချမ်းပြီး ဖူးမြော်ရတော့မည့် မြတ်စွာဘုရားရှင်အား မဖူးမြော်ရခင်ကပင် သဒ္ဓါတရား ထက်သန်ပွားများမှု ဖြစ်ပေါ်စေသည်မှာ အမှန်ပင်ဖြစ်သည်။

Wat Suthat ကျောင်းတော်ကြီးမှ ရာမဘုရားအား ရှေ့ဆောင်ညွှန်ကြားဆုတောင်းပွဲတော်တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com

ယခု Wat Suthat ဘုရားကြီး စီပယ်တော်မူရာ ကျောင်းတော်ကြီးနှင့် ဘေးပတ်လည်၌ တည်ဆောက်ထားသော ဗုဒ္ဓရုပ်ပွားတော်များ ကိန်းဝပ်စံပယ်တော်မူရာ စောင်းတန်းရှည်ကြီးမှာ ပေ(၇၀)ခန့်ခြားပြီး တည်ဆောက်ထားသည်။ ပေ(၇၀)ကျယ်ဝန်းသော ကြားကွက်လပ်ကြီးအား ကြွေပြားများကို အပြည့်ခင်းထားပြီး အကွက်ဖော်ထားသည်မှာလည်း အလွန်ကြည့်၍ကောင်းလှသည်။ ကျောင်းတော်ကြီးပတ်လည်၌ စာရေးသူ အထက်၌ ရေးသားခဲ့သည့် တရုတ်ဗီသုကာလက်ရာ ဘုံအဆင့်ဆင့်နှင့် ကျောင်းတိုင်များ အစီအရီ စိုက်ထူထားသလို ကျောင်းတိုင်ခြေ၌လည်း ကျောက်ခက်ပင် ဝိုင်းဝိုင်းလေးများမှာလည်း မျက်စိအကြည်ဓာတ်ကို ကြည်လင်စိမ်းစိစေသည်ကို သတိပြုမိသည်။ ဗုဒ္ဓရုပ်ပွားတော်အဆူဆူ ကိန်းဝပ်စံပယ်ရာ စောင်းတန်းဘေး၌လည်း ပြုပြင်ထားသည့် သစ်ပင်လုံးလေးများမှာလည်း အမြင်ဆန်းလှသည်။ ထိုမြင်ကွင်းနှင့်ပတ်သတ်၍ ဓာတ်ပုံကိုလည်း ဖော်ပြပေးထားသည်။

Wat Suthat ကျောင်းတော်ပတ်လည်ရှိ တရုတ်ဗီသုကာလက်ရာ ဘုံအဆင့်ဆင့်နှင့် ကျောင်းတိုင်ပုံနှင့် ပတ်သက်၍ ရှေ့ပိုင်း၌ ဖော်ပြခဲ့ပြီးဖြစ်သည်။ ထိုဘုံအဆင့်ဆင့်နှင့် ကျောက်ဆောင်ပုံနှင့် ပတ်သက်၍ Wat Suthat Thepwararm သမိုင်းစာအုပ်၌ Chinese Pagodas (တရုတ်ဘုရားများ)ဟု ဖော်ပြထားသည်ကို တွေ့ရသည်။ အရှယ်တူ Chinese Pagodas (တရုတ်ဘုရားများ) အားလုံး (၂၈)ဆူတည်ထားကြောင်းလည်း တွေ့ရသည်။

♦ ♦ ♦

စာရေးသူတို့သည် Wat Suthat ကျောင်းတော်ကြီးအနှံ့ ဖူးမြော်လေ့လာပြီးနောက် နောက်ထပ်လေ့လာ ဖူးမြော်ရန် Wat Mahathat တည်ရှိရာ Phra That Road (Near Sanman Luang Park, Between the Grand Palace and the National Musem) သို့ တက္ကစီ(Taxi) ကား ငှား၍ ထွက်ခွာလာခဲ့သည်။ Wat Suthat ဘုရားကျောင်းတော်ကြီးသည် Bamrung Muang Road, Old City (Rattanako Sin) Opposite Bangkok City Hall

ဘုံရုနှစ်ဆင့်တိုင်အား တရုတ်နတ်ရုပ်များနှင့် အံ့နှံးကာပ်တွေ့ရစဉ်



ဧဆေးရေးနှံ့ပန်းချီပုံပေါင်းများစွာမှ လတ်ဆတ်ပြောက်လှသော ပန်းချီပုံတစ်ပုံ

www.burmeseclassic.com

www.burmeseclassic.com

ရှိရာ အရပ်နှင့် သိပ်မဝေးလှ၍ ကားခ ဘတ်(၄၀)ပင် စကျော်ပေ။ Wat Suthat ဘုရားကျောင်းတော်ကြီးသည် နံနက်(၈)နာရီ (၃၀)မိနစ်မှ ညကိုးနာရီအထိ ဖွင့်လှစ်ထားပြီး ဝင်ကြေး ဘတ်(၂၀)သာ ပေးရသည်။ Wat Mahathat ဘုရား ဝင်ရောက်ဖူးမြော်ရန်အချိန်မှာ နံနက်(၉)နာရီမှ ညနေ(၅)နာရီအထိဖြစ်ကြောင်း တွေ့ရသည်။

စာရေးသူအနေနှင့် Wat Mahathat ဘုရားဖူးအတွေ့အကြုံကို မဖော်ပြမီ Wat Suthat ဘုရားသမိုင်းအကျဉ်းကို စာရှုသူတို့ ဗဟုသုတရစေရန် အောက်ပါအတိုင်း ရေးသား ဖော်ပြလိုက်ရပေသည်။

ဘုရားကြီးကို စတင်တည်ဆောက်ခဲ့သလို ချက္ကရီမင်းဆက်ကို ယူဆောင်ခဲ့သော ပထမမြောက်ရာမ မင်း(၁၇၈၂-၁၈၀၉)သည် ဗုဒ္ဓဘာသာ ထွန်းကားရေး အတွက် အစွမ်းကုန်ကြိုးပမ်းခဲ့သည်။ ဘန်ကောက်မြို့သစ်၌ ဘုန်းတော်ကြီးကျောင်း တစ်ရာကျော်အား ကျယ်ဝန်းသော ကျောင်းနေရာများ သတ်မှတ်၍ လှူဒါန်းတည်ဆောက်ခဲ့သည်။ အယုဒ္ဓယမြို့ဟောင်းအပါအဝင် ထိုင်းနိုင်ငံအနှံ့မှ သံဃာတော်များအား ပင့်ဆောင်၍ ဘန်ကောက်မြို့တော်သစ်၌ ကြွရောက်သီတင်းသုံးတော်မူစေသည်။

ဘုန်းတော်ကြီးကျောင်းများ တည်ထောင်ဆောက်လုပ်ပေးရုံသာမက ဘုန်းတော်ကြီးကျောင်းများ၌ သာသနာထွန်းကားရေးအတွက် နိုင်ငံတော်အနှံ့၌ရှိသော အထူးသဖြင့် အယုဒ္ဓမြို့တော်ဟောင်း၌ရှိသော ဉာဏ်တော်မြင့်စားသည့် ကြည်ညိုဖွယ် ဗုဒ္ဓရုပ်ပွားတော်ကြီးများနှင့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် အမြောက်အမြားအား ဘန်ကောက်မြို့တော်သစ်ရှိ ဘုန်းကြီးကျောင်းတိုက်အသီးသီးသို့ ရေကြောင်း၊ ကုန်းကြောင်းမှ ပင့်ဆောင်ပူဇော်စေသည်။ ထို့ကြောင့်လည်း ဘန်ကောက်မြို့၌ ကြည်ညိုဖွယ် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်ကြီးများအား ကြီးကျယ်ခမ်းနားသော ဘုန်းကြီးကျောင်းတိုက်ကြီးများအတွင်း၌ ခမ်းနားလှသော ဂန္ဓကုဋိတိုက်ကြီးများနှင့် ယနေ့ ဖူးမြော်မြင်တွေ့နေရခြင်းဖြစ်သည်။

Wat Suthat ကျောင်းတော်ကြီးအတွင်း သီတင်းသုံးတော်မူသော Wat Suthat ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည်လည်း ပထမမြောက် ရာမမင်းလက်ထက်၌ ဘန်ကောက်

ဝင်ထွက်တန်ဆာ ဆင်မြန်းထားစဉ်အခါ ရုပ်ပွားတော်မြတ်ကို ပုန်းကျောင်းဆောင်အတွင်း ဖူးမြော်ရစဉ်

မြို့သို့ ပင့်ဆောင်ပူဇော်ရာမှ ယနေ့တိုင် ကြည်ညိုဖွယ်ဖူးမြော်နိုင်ခြင်း ဖြစ်သည်။

Wat Suthat ရုပ်ပွားတော်မြတ်သည် (၁၃)ရာစုကြေးဆင်းတုလက်ရာဖြစ်ရာ ရှေးဟောင်းဘုရားတစ်ဆူဖြစ်လေသည်။ ပထမမြောက် ရာမမင်းသည် ထိုကြေးဆင်းတုရုပ်ပွားတော်ကြီးအား Sukhotai (ဆူဟိုထိုင်း) ဒေသမှ ရေကြောင်းခရီးဖြင့် ဘန်ကောက်မြို့သို့ ပင့်ဆောင်ပူဇော်ခဲ့ခြင်းဖြစ်သည်။

ပထမမြောက် ရာမမင်း လက်ထက်မှစတင်၍ Wat Suthat ဘုရားကျောင်းတော်ကြီးအား စတင်တည်ထောင်ခဲ့ရာ သတ္တမမြောက် ရာမမင်း(Rama III)(၁၈၂၄-၅၁) လက်ထက်ရောက်မှ ပြီးစီးအောင် တည်ဆောက်နိုင်ခဲ့သည်။

Wat Suthat ဘုရားကျောင်းတော်ကြီးသည် မြို့တော်ဟောင်း(Old City) ဧရိယာအတွင်း၌ရှိပြီး ဘုရင့်နန်းတော်၏ အရှေ့ဘက်၌ရှိသည်။ Wat Suthat ဘုရားကျောင်းတော်ကြီးကို ဘုရားဖူးတို့ အလွယ်တကူ တဆက်တစပ်

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှေ့ကြွက်လှေသား ဧရာဝေပန်းပုပုံတော်



သစ်သားတံခါးပြင် ပန်းပွင့်ပန်းဂက်များကို
အနုစိတ် ထုဆစ်ထားသော
တန်ဖိုးမဖြတ်နိုင်သည့် လက်ရာ

တည်း ဖူးမြော်လိုသော် ဘန်ကောက်နန်းတော်အတွင်း မြဘုရားကျောင်းတော်(Temple of the Emeral Buddha) နှင့် လျောင်းတော်မူဘုရား Wat Po နှင့် နီးကပ်စွာ တည်ရှိခြင်းကြောင့် ထိုဘုရားများကို ဖူးမြော်ရင်း ဆက်၍ဖူးမြော်သော် အချိန်တိုအတွင်း ဖူးမြော်နိုင်ပေသည်။ စာရေးသူတို့အနေနှင့် ဘုရင့်နန်းတော်ကြီး၏အနီး၌ တည်ရှိသော ဘုရားများကို တစ်နေရာတည်း၌ အချိန်တိုတိုနှင့် ဖူးမြော်ရန် မသိနားမလည်၍ ဘန်ကောက်မြို့တော်သို့ သုံး,လေးကြိမ်ရောက်မှ တစ်ခေါက် ဘုရားတစ်ဆူ သွားရောက်ဖူးမြော်ရ၍ အချိန်လည်းကုန်၊ ခရီးစရိတ်လည်းကုန်သည့်အဖြစ်နှင့် ကြုံခဲ့ရသည်။

Wat Suthat ဘုရားဟု စာရေးသူတို့ အတိုကောက် ခေါ်ဆိုခဲ့သော်လည်း ကျောင်းတော်၏ အမည်အရှည်မှာ Wat Suthatthepwararam ဖြစ်သည်။ Wat Suthat ကျောင်းတော်ကြီးသည် ဘုရင့်ကျောင်းတော် (Royal Wats) လေးကျောင်းရှိသည့်အနက် တစ်ကျောင်းအဖြစ် ပါဝင်သည်။ ကျန်ကျောင်းတော် သုံးကျောင်းမှာ Wat Mahathat, Wat Po နှင့် Wat Arun တို့ဖြစ်သည်။

Wat Suthatthepwararam ဘွဲ့တော်သည် နောက်ဆုံး သတ်မှတ်ခေါ်ဆိုသော အမည်ဖြစ်သည်။ ပထမအစဉ် Wat Phra Yai ဟုလည်းကောင်း၊ Wat Phra Doh ဟုလည်းကောင်း၊ Wat Sao Ching Cha ဟုလည်းကောင်း၊ Wat Suthat-theptaram ဟုလည်းကောင်း ခေါ်ဆိုကြရာမှ နောက်ဆုံး၌ Wat Suthatthepararam ဟူသော ဘွဲ့ဖြင့် ယနေ့ ထင်ရှားသတ်မှတ် ခေါ်ဆိုခဲ့ကြောင်း တွေ့ရသည်။

ထိုကျောင်းတော်ကြီးကို ပထမမြောက် ရာမမင်းကြီးက စတင်တည်ထောင်ခဲ့ပြီး ဒုတိယမြောက် ရာမမင်း (Rama II) က ဆက်လက်တည်ဆောက်ခဲ့သည်။ ထိုမင်းလက်ထက်၌ Wat Phra Doh (Temple of Big Buddha) ဥာဏ်တော်ကြီးမားသော ဗုဒ္ဓဘုရားရှင်၏ ကျောင်းတော်ဟု သတ်မှတ်ခေါ်ခဲ့ကြောင်း တွေ့ရသည်။

(၁၈၂၄)ခုနှစ်၌ သီဟိုဠ်ကျွန်း (သီရိလင်္ကာ)မှ ပင့်ဆောင်လာသော မဟာဗောဓိပင်ကို Wat Suthat ဘုရား

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန်ရောက် သစ်ပင်ဆစ်ရုပ်များကို ရန်ကုန်၊ မဟာဂီတ စသည့် တိုက်ကွန်ပုံများနှင့် ထုနှစ်ခေါ်ဆောင်ထားသော ဆစ်ခွေင်းပန်းဖူ

Rama VIII တို့ ရုပ်တု (Wat Suthat တောင်ဦး ဗုဒ္ဓစာပေသင်ကြားခဲ့သူ)

ကျောင်းတော်၌တစ်ပင်၊ Wat Mahathat နှင့် Wat Saket တို့၌ တစ်ပင်စီ စိုက်ပျိုးခဲ့ကြောင်းလည်း တွေ့ရသည်။

တတိယမြောက် ရာမမင်း လက်ထက်ရောက်မှ Wat Suthat ကျောင်းတော်ကြီး၏ တည်ဆောက်မှု ပြီးစီးခဲ့သည်။ စတုတ္ထမြောက် ရာမမင်း လက်ထက်ရောက်မှ ယနေ့ ခေါ်ဆိုနေသော Wat Suthat-thepwararam ဘွဲ့အမည်တွင်ခဲ့ခြင်း ဖြစ်သည်။

Wat Suthat ကျောင်းတော်ကြီးအတွင်း၌ စံပယ်သီတင်းသုံးတော်မူသော (၁၃-၁၄)ရာစုလက်ရာ ရှေးဟောင်းကြေးဆင်းတုရုပ်ပွားတော်မြတ်ကြီး၏ သပ္ပာယ်မှုကြောင့် Wat Suthat ကျောင်းတော်ကြီးမှာ ထင်ရှားသလို ကျောင်းတော်ကြီး၏ရှေ့၌ စိုက်ထူထားသော (၂၁.၁၅)မီတာအမြင့် ရှိသည့် The Giant Swing ကြီးမားမြင့်မားသော ဒန်းသဏ္ဌာန် သစ်သားတိုင်ကြီးကြောင့်လည်း ထင်ရှားကျော်ကြားခဲ့သည်။

ဗုဒ္ဓဘာသာဝင် ဘုရားဖူးများ အမြောက်အမြား လာရောက်ဖူးမြော်ကြသလို ကမ္ဘာလှည့်ခရီးသည် အများ အပြားလည်း လာရောက်လေ့လာကြသည်ကို တွေ့မြင်ရသည်။

စာရေးသူတို့မိသားစုအနေနှင့်ကား ကျောင်းတော်ကြီးအတွင်း သီတင်းသုံးစံပယ်တော်မူသော ရှေးဟောင်း Wat Suthat ဗုဒ္ဓကြေးဆင်းတုတော်မြတ်ကြီးအား ကြည်ညိုသဒ္ဓါတရားပွားကာ ဗုဒ္ဓမြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိသည့်အလား စိတ်အာရုံ၌ အမှတ်ပြုကာ ဖူးမြော်ရင်း ဒေါသ၊ လောဘ၊ မောဟမပါသောဆုများကို အကြိမ်ကြိမ်တောင်းဆိုရင်း ကြည်နူးသဒ္ဓါ ပီတိဖြာခဲ့ရပေတော့သည်။

ကိုးကားစာရင်း

(၁) Wat Suthatthepwararam by Ven Benton Pandito

(၂) အင်တာနက် Wat Suthat in Bangkok မှတ်စုများ

(၃) ကိုယ်တိုင်သွားရောက်ဖူးမြော်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည်။ မတ်လ (၈)ရက်နှင့် (၉) ရက်နေ့များတွင် မြတ်စွာဘုရား အဖြစ်သို့ ရောက်ရှိတော်မူရာ မဟာဗောဓိမဏ္ဍိုင်နှင့် ဗုဒ္ဓဂယာအနီး ပတ်ဝန်းကျင်ရှိ ဗုဒ္ဓအမွေအနှစ်ကို ဖူးမြော်ကြသည်။ မတ်လ (၁၀) ရက်နေ့တွင် မြတ်စွာဘုရားရှင်က ပဉ္စဝဂ္ဂိငါးဦးတို့အား တရားဦးဧမ္မစက် မောမြွက်ကြားခဲ့ရာ ဗာရာဏသီရှိ မိဂဒါဝုန် အင်ကြင်းရုံသို့ လည်းကောင်း၊ မတ်လ (၁၁)ရက်နေ့တွင် သင်္ကဿနဂိုရိနှင့် နယူး

အလှူဒါနရှစ်ဖျိုး မြတ်ဧသောအကျိုး

တွန်းအားရှင်

သာဝတ္ထိမြို့

သာဝတ္ထိမြို့သည် မြတ်စွာဘုရားရှင်လက်ထက်က ကောသလဟိုင်း၊ ပသေနဒိကောသလမင်းကြီး၏ ထီးနန်းစိုက်ရာမြို့တော် ဖြစ်သည်။ ထိုစဉ်က လူဦးရေငါးသန်းကျော်ရှိသော မြို့တစ်မြို့ဖြစ်သည်။ အစီရဝတီမြစ်ကမ်းပါး၌ တည်ရှိသည်။ သာဝတ္ထိမြို့တော်၏ အရှေ့ဘက်တွင် ဝိသာခါကျောင်းအမကြီး၏ ပုဗ္ဗာရုံကျောင်းတော်၊ တောင်ဘက်တွင် ရာဇကာရုံကျောင်းတော်နှင့် ဧရာဝန်ကျောင်းတော်တို့ ရှိသည်။ မြတ်စွာဘုရားသည် ဧရာဝန်ကျောင်းတော်တွင် (၁၉)ဝါ၊ ပုဗ္ဗာရုံကျောင်းတော်တွင် (၅)ဝါ ဝါကပ်တော်မူခဲ့ရာ သာဝတ္ထိမြို့တွင် (၂၄)ဝါတိုင်တိုင် ဝါကပ်တော်မူခဲ့သောကြောင့် ဗုဒ္ဓသာသနာ အလွန်ပင် စည်ပင်ပြန့်ပြောခဲ့သော နေရာတစ်ခုပင် ဖြစ်သည်။

စာရေးသူတို့ ဘုရားဖူးအဖွဲ့သည် ဒါနဗုဒ္ဓဂယာဘုရားဖူး အကျိုးဆောင်အဖွဲ့၏ အစီအစဉ်ဖြင့် မြတ်ဗုဒ္ဓ၏ သံဝေဇနီယ လေးဌာနနှင့် အဝိဇဟိတာလေးဌာနတို့ကို ဖူးမြော်ရန်အတွက် (၂၀၁၅)ခုနှစ်၊ မတ်လအတွင်း သွားရောက်ဒေလိမြို့သို့ ခရီးဆက်ကြပြီး မတ်လ (၁၅)ရက်နေ့တွင် သာဝတ္ထိမြို့သို့ ရောက်ရှိကြသည်။

သာဝတ္ထိမြန်မာဘုန်းကြီးကျောင်းတွင် တစ်ညအိပ် တည်ခိုကြပြီး နောက်နေ့နံနက်ပိုင်းတွင် မြတ်စွာဘုရား သီတင်းသုံးတော်မူခဲ့ရာ ဧရာဝန်ကျောင်းတော်ရာသို့ သွားရောက်ဖူးမြော်ကြသည်။ ဧရာဝန်ကျောင်းဝင်းအတွင်းရှိ သော အာနန္ဒာဗောဓိပင်ကို ဘုရားဖူးများက လက်ဝါးရစ် တစ်ပတ်လှည့်ကာ ပဋ္ဌာန်းဒေသနာတော်ကို ညီညာဖြဖြ ရွတ်ဖတ်ပူဇော်ကြသည်။ ဆက်လက်၍ ဘုရားရှင်တိုင်း သီတင်းသုံးတော်မူခဲ့သော ဂန္ဓကုဋိတိုက်သို့ သွားရောက်ကာ ဘုရား၊ တရား၊ သံဃာဂုဏ်တော်များကို ရွတ်ဖတ်ပူဇော်ကာ မိမိတို့ တည်းခိုရာ သာဝတ္ထိမြန်မာဘုန်းကြီးကျောင်းမှ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် မင်္ဂလသုတ်၊ မေတ္တာသုတ်တို့ကို ရွတ်ဖတ်ပူဇော်ကြပြီး ဆယ့်ငါးမိနစ်ခန့် တရားရှုမှတ်ခဲ့ကြသည်။

သာဝတ္ထိမြို့တွင် မြတ်စွာဘုရား သီတင်းသုံးတော်မူ

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရာ ဇေတဝန်ကျောင်းတော်ရာမှာ အထင်အရှားရှိ၍ ဖူးတွေ့ခဲ့ရာ မြတ်စွာဘုရားရှင်ကို သက်တော်ထင်ရှား ဖူးတွေ့ရဘိသကဲ့သို့ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ဝိတိဖြာခဲ့ရသည်။ သို့ရာတွင် ကျောင်းအမကြီးဝိသာခါ လျှုဒါန်းခဲ့သော ပုဗ္ဗာရုံကျောင်းတော်ရာမှာကား အစီရဝတီမြစ်ရေတိုက်စားသဖြင့် သဲသောင်များ ဖုံးလွှမ်းသွားပြီကို သိရှိရသောအခါတွင် ရင်ထဲမှာ လွန်စွာစိတ်မကောင်း ဖြစ်မိသည်။ ထိုစဉ် စာရေးသူ၏ စိတ်အစဉ်ဝယ် လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ငါးရာကျော်ကာလက ကျောင်းအမကြီး ဝိသာခါ၏ ဘဝပုံရိပ်များကို မြင်ယောင်လာမိသည်မှာ ဤသို့ပင်။

မိဂါရမာတာ ဝိသာခါ

ဝိသာခါသည် အင်္ဂတိုင်း၊ ဘဒ္ဒိယမြို့၌ မေဏ္ဍကသူဌေးကြီး၏သား ဓနဉ္ဇသူဌေးနှင့် သုမနဒေဝီ သူဌေးကတော်ကြီး၏သမီးဖြစ်သည်။ ဝိသာခါ၏ အဘိုးဖြစ်သူ မေဏ္ဍကသူဌေးကြီး၏ လမ်းညွှန်မှုဖြင့် (၇)နှစ်သမီးအရွယ်တွင် ရဲရွေဖော်များခြံရံလျက် မြတ်ဗုဒ္ဓအား ခရီးဦးကြိုဆိုမှုပြုလေသည်။ မြတ်စွာဘုရားသည် ဝိသာခါအား သူမ၏ စရိုက်နှင့် လိုက်လျောညီညွတ်သော တရားကို ဟောကြားတော်မူသောအဆုံး၌ သောတာပတ္တိဖိုလ်၌တည်၍ (၇)နှစ်အရွယ်ကပင် သောတာပန်အရိယာ ဖြစ်လေသည်။

အရွယ်ရောက်သောအခါ သာဝတ္ထိပြည် မိဂါရသူဌေး၏သား ပုဏ္ဏဝဍ္ဎနနှင့်ထိမ်းမြား၍ သာဝတ္ထိပြည်၌နေ၏။ မိဂါရသူဌေးသည် ရှေးအခါက တက္ကတွန်းတို့ကို ကိုးကွယ်၏။ ဝိသာခါ၏ တိုက်တွန်းမှုကြောင့် မြတ်စွာဘုရား၏ တရားကို ကြားနာခဲ့ရသည်။ ထို့နောက် သောတာပန်အဆင့်သို့ရောက်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ဝိသာခါအား 'သမီး...ယနေ့မှစ၍ သင်သည် ငါ၏အမိတည်း' ဟု ဖြောဖြ၏။ ထိုအခါမှစ၍ လူတို့သည် ဝိသာခါကို မိဂါရမာတာဟု ခေါ်ကြသည်။ မိဂါရ၏အမေဟု ခေါ်ဆိုခြင်း ဖြစ်သည်။

ဝိသာခါက ပုဗ္ဗာရုံကျောင်းအမ

ဝိသာခါသည် ကိုးကုဋ္ဌေဖြင့် ကျောင်းမြေရာကိုဝယ်၍ ကိုးကုဋ္ဌေအကုန်အကျခံကာ ကျောင်းကိုဆောက်၏။ ထိုကျောင်းကို ပုဗ္ဗာရုံကျောင်းဟု ခေါ်သည်။ ကျောင်းဆောက်လုပ်ပြီးသောအခါ ကိုးကုဋ္ဌေအကုန်အကျခံကာ ရေစက်ချကျောင်းပူဇော်ပွဲပြုလုပ်ပြီး မြတ်စွာဘုရားအား လှူဒါန်း၏။

ဆု(၈)ပါးကို သူတောင်းဆို

သာဝတ္ထိပြည်တွင် အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းနှင့် ဝိသာခါဆောက်လုပ်လှူဒါန်းသော ပုဗ္ဗာရုံကျောင်းရှိသည်။ မြတ်စွာဘုရားသည် ထိုကျောင်းနှစ်ကျောင်းတွင် တစ်လှည့်စီ ချီးမြှောက်သီတင်းသုံးနေတော်မူသည်။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတွင် သီတင်းသုံးနေတော်မူစဉ် ပုဗ္ဗာရုံကျောင်းအမ ဝိသာခါက ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းဘုဉ်းပေးရန် အိမ်သို့ပင့်၏။ ဆွမ်းကိစ္စပြီးသောအခါ ဝိသာခါက မြတ်စွာဘုရားထံတွင် အောက်ပါဆု(၈)ပါးကို ပေးသနားရန် တောင်းပန်လျှောက်ထားသည်။

(၁) သံဃာတော်များကို မိုးရေခံသင်္ကန်းလှူဒါန်းခွင့်၊
(၂) ဧည့်သည်အာဂန္တုရဟန်းတို့အား ဆွမ်းလှူဒါန်းခွင့်၊
(၃) ခရီးသွားရဟန်းများအား ဆွမ်းလှူဒါန်းခွင့်၊
(၄) ဂိလာနရဟန်းများအား ဆွမ်းလှူဒါန်းခွင့်၊
(၅) ဂိလာနရဟန်းများအား ဆေးလှူဒါန်းခွင့်၊



သာဝတ္ထိရှိ ဇေတဝန်ကျောင်းဝင်္ကပ်ရာရှိ အာနန္ဒာဗောဓိပင်အောက်တွင် စာရေးသူ ဧည့်ခံစဉ်ဘဝရ

www.burmeseclassic.com

သာဝတ္ထိ ဇေတဝန်ကျောင်းတော်ကြီးရှိ သစ်ပင်များအောက်တွင် တရားနာပရိသတ်များ ထေရဝါဒနှင့် ဆုရားပူးအရှေ့တိုင်းတရားရှုမှတ်ဝန်းစဉ်

(၆) သူနာပြုရဟန်းများအား ဆွမ်းလှူဒါန်းခွင့်၊
(၇) သံဃာတော်တို့အား အမြဲမပြတ် ယာဂုလှူဒါန်းခွင့်၊
(၈) ဘိက္ခုနီရဟန်းမများအား ရေသနုပ်သင်္ကန်း လှူဒါန်းခွင့်။

တောင်းပန်ရခြင်းအကြောင်းရင်း

ထိုအခါ မြတ်စွာဘုရားက အဘယ်ကြောင့် ဤအလှူ(၈)မျိုးဆုကို တောင်းရသနည်းဟုမေးရာ ဝိသာခါက အောက်ပါအတိုင်း လျှောက်ထားလိုက်လေသည်။

"အို...မြတ်စွာဘုရား၊ ယနေ့နံနက် မြတ်စွာဘုရားနှင့် သံဃာတော်များအား ဆွမ်းဘုဉ်းပေးကြွဖို့ ကြိုဆိုရန် အိမ်ဖော်အမျိုးသမီးကို သုံးခေါက်စေလွှတ်ခဲ့ပါတယ်ဘုရား။ ဖြစ်ပုံက ဒီလိုပါဘုရား။

ယမန်နေ့ညက တန်ဆောင်မုန်းလ မိုးဥတု၏ နောက်ဆုံး မိုးကြီး ရွာသွန်းခဲ့ပါတယ်ဘုရား။ ဇေတဝန်ကျောင်းထဲမှာ ရေများ ဒူးလောက်အထိ မြုပ်နေခဲ့ပါတယ်ဘုရား။ ယနေ့နံနက် အိမ်ဖော်အမျိုးသမီး ဆွမ်းစားပင့်ရောက်ချိန်မှာ ရဟန်းတော်များဟာ သင်္ကန်းမပါဘဲ ကျောင်းဝိုင်းထဲတွင် ရေချိုးနေကြပုံရတယ် တွေ့ရပါတယ်ဘုရား။ အဲဒါကို မသိတဲ့ အိမ်ဖော်အမျိုးသမီးလေးကပြန် လာပြီး ကျောင်းတိုက်ထဲမှာ ရဟန်းတစ်ပါးကိုမျှ မတွေ့ခဲ့ရပါ။ အဝတ်မပါဘဲ ရေချိုးနေတဲ့ တက္ကတွန်းများကိုသာ တွေ့ခဲ့ပါတယ်လို့ တပည့်တော်မကို ပြောပြပါတယ်ဘုရား။

တပည့်တော်မက အဲဒါကို ရိပ်မိသိရှိပြီး ရဟန်းတွေရှိပါတယ်။ ပင့်သာ ပင့်ချေပါလို့ ဒုတိယအကြိမ် ပြန်စေလွှတ်ပါတယ်ဘုရား။ ဒီအခါမှာ ရဟန်းတော်များဟာ ရေချိုးပြီးလို့ ကျောင်းခန်းတွင်းဝင်ပြီး ကိုယ်ဒွေ့ရအောင် ကိန်းအောင်းနေပုံရပါတယ်ဘုရား။ ဒါကိုမသိတဲ့ အိမ်ဖော် *ကျွန်မက ဒီတစ်ခါတော့ ရဟန်းတော်တစ်ပါးကိုမျှ* မတွေ့တာကို ထားလိုက်ပါဦး။ စောစောက ရေချိုးနေတဲ့ တက္ကတွန်းတောင် တစ်ပါးမျှ မတွေ့ခဲ့ပါလို့ ပြန်လာပြီး ပြောပါတယ်ဘုရား။ ဒီတော့ တပည့်တော်မက တတိယအကြိမ် စေလွှတ်ပါတယ်ဘုရား။

ဇေတဝန်ကျောင်းနေကိုဒုတိယဝန်းတွင် စာရေးသူနှင့် ဆုရားပူးအရှေ့တိုင်းတရားရှုမှတ်ဝန်းစဉ်

ယခုအခါ ကြွမည့် ကြွလာတော့လည်း ပင့်သူပင် အိမ်ပြန်မရောက်သေးပါ။ မြတ်စွာဘုရားနှင့် သံဃာတော်များဟာ သင်္ကန်းတော်များမှာ ဓရတစ်ပေါက်မျှ စိုစွတ်တာကို မတွေ့ရတဲ့အတွက် အဘိညာဉ်တန်ခိုးဖြင့် ကောင်းကင်မှ ကြွလာကြောင်း သိရလို့ ဝမ်းသာလှပါတယ်ဘုရား" ဟု လျှောက်ထားသည်။

(၁) ထို့ကြောင့် သံဃာတော်များ

www.burmeseclassic.com

www.burmeseclassic.com

သည် မိုးရေခံသက်နှံ မရှိဘဲနေ၍ ရေချိုးရာတွင် အခက်အခဲဖြစ်ကြသဖြင့် မိုးရေခံသက်နှံး လျှုဒါန်းခွင့်ပြုတော်မူပါဘုရား။

(၂) နောက်ပြီး အာဂန္တုရဟန်းများသည် ဤသာဝတ္ထိမြို့သို့ ရောက်လာခါစတွင် ဆွမ်းခံလမ်းလည်းမသိ၊ ရင်းနှီးသူ ဒါယကာ,ဒါယိကာမများလည်းမရှိဘဲ ဆွမ်းခံရဖို့ ခက်ပါသည်ဘုရား။ ထို့ကြောင့် အာဂန္တုရဟန်းတို့အား ဆွမ်းလှူဒါန်းခွင့်ပြုတော်မူပါဘုရား။

(၃) ခရီးသွား ရဟန်းများသည် အဆင်မသင့်က မွန်းတည့်မီတွင် ဆွမ်းမရဘဲ ဒုက္ခတွေ့နိုင်ပါသည်။ ထို့ကြောင့် ခရီးသွားရဟန်းအား ကြိုတင်ဆွမ်းလှူဒါန်းခွင့်ပြုတော်မူပါဘုရား။

(၄) မကျန်းမာသူ ဂိလာနရဟန်းအား အတူနေရဟန်းများ၏ ဆွမ်းခံကျွေးမွေးသည်ကိုစောင့်ပြီး ဘုဉ်းပေးနေရလျှင် သပွာယဖြစ်ဖွယ် မရှိပါဘုရား။ ထို့ကြောင့် ဂိလာနရဟန်းအား ဆွမ်းလှူဒါန်းခွင့်ပြုတော်မူပါဘုရား။

(၅) ဂိလာနရဟန်းအား ဆွမ်းကိုသာ လှူရုံနှင့် ရောဂါမပျောက်နိုင်သေးပါ။ သင့်လျော်သည့်ဆေးကို အချိန်မီစားသုံးခွင့်ရမှလည်း ရောဂါပျောက်ကင်းနိုင်ပါမည်ဘုရား။ ထို့ကြောင့် ဆေးကိုပါ လှူဒါန်းခွင့်ပြုတော်မူပါဘုရား။

(၆) ဂိလာနရဟန်းကို ပြုစုရသော သူနာပြုရဟန်းသည် ဆွမ်းခံကြွနေရလျှင် ထိုအချိန်မှာ ဂိလာနရဟန်းအား ပြုစုမည့်သူမရှိဘဲ အခက်အခဲတွေ့နိုင်ပါသည်ဘုရား။ ထို့ကြောင့် သူနာပြုရဟန်းအား ဆွမ်းလှူဒါန်းခွင့်ပြုတော်မူပါဘုရား။

(၇) ရဟန်းများက ညနေစာ မစားရသည့်အတွက် နံနက်စောစောတွင် မွတ်သိပ်ဆာလောင်ပြီး လေနာရောဂါ စွဲနိုင်ပါသည်ဘုရား။ ထို့ကြောင့် နံနက်စောစောပိုင်း သံဃာတော်များအား ယာဂု(ဆန်ပြုတ်) လှူဒါန်းခွင့်ပြုတော်မူပါဘုရား။

(၈) အမျိုးသမီးရဟန်းတော် ဘိက္ခုနီများသည် ဂဂ်ါမြစ်ထွင်းသို့ အဝတ်သင်္ကန်းမပါဘဲ ရေဆင်းချိုးကြသဖြင့် ယုအမျိုးသမီးများနှင့် မကွဲပြားလို့ ရောနှောပြီး အပြောင်အလောင်ခံကြရသည်လို့ ကြားသိရပါသည်ဘုရား။ ထို့ကြောင့် ဘိက္ခုနီရဟန်းမများအား ရေသန့်ပသင်္ကန်း လှူဒါန်းခွင့်ပြုတော်မူပါဘုရား။

ဝိသာခါကျောင်းအမက ဤကဲ့သို့ လျှောက်ထားလေသည်။

အလှူရှင်ကား အကျိုးများ

ထိုအခါ မြတ်စွာဘုရားက 'ဝိသာခါ.. ဤအလှူရှစ်မျိုးနှင့်ပတ်သက်၍ အလှူခံပုဂ္ဂိုလ်ဖြစ်သော သံဃာအား မရှိမဖြစ် လိုအပ်ပုံနှင့် အကျိုးများပုံက ထင်ရှားပါပြီ။ အလှူပေးပုဂ္ဂိုလ်ဖြစ်သော ဒါယိကာမကြီးဘက်က မည်သည့်အကျိုးရမည်ကိုမြင်၍ လှူချင်သနည်း' ဟု မိန့်တော်မူပါသည်။

ဝိသာခါကျောင်းအမကြီးက 'မြတ်စွာဘုရားရှင်၏ တပည့်သံဃာတော်များသည် ဝါဆိုဦး၌ တောသို့ဝင်ပြီး တစ်ဝါတွင်းလုံးပင် တရားအားထုတ်ကြပါသည်။ ဝါကျွတ်သောအခါ မြတ်စွာဘုရားထံလာပြီး ပူဇော်ကန်တော့ကြပါသည်။

ထိုအခါ တပည့်တော်မသည် မြတ်ဗုဒ္ဓအနီးတွင် ရောက်နေပါမည်။ ရောက်လာသော ရဟန်းများသည် တပည့်တော် ရဟန်းကိစ္စ ပြီးခဲ့ပါသည်။ တပည့်တော်နှင့် အတူ တရားအားထုတ်ဖက်(အဘယ်မည်သော) ရဟန်းသည် ကွယ်လွန်ခဲ့ပါသည်ဘုရား။ ထိုရဟန်းသည် ယခု



www.burmeseclassic.com

www.burmeseclassic.com

တရားကာသိုရိ စေမွတေတေဘုရားတွင် တရားသူ ဇာတ်တရ

အခါ ဘယ်ဘဝရောက်သွားပါသလဲဘုရားလို့ လျှောက်ထားကြပါမယ်ဘုရား။

ထိုသို့လျှောက်ထားသည့်အခါ မြတ်စွာဘုရားက ထိုရဟန်းသည် သောတာပန်၊ သကဒါဂါမ်ဖြစ်ပြီး နတ်ပြည်ရောက်သွားသည်။ အနာဂါမ်ဖြစ်ပြီး ဗြဟ္မာပြည် ရောက်သွားသည်။ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံသွားပြီလို့ မိန့်တော်မူပါမယ်ဘုရား။

ထို့နောက် ထိုရဟန်းများသည် မြတ်စွာဘုရားကို ပူဇော်ပြီး မိမိအတွက် ရရှိသော နေရာတွင် ရောက်သောအခါ တပည့်တော်မက လိုက်သွားပြီး ယခုလို လျှောက်မေးပါမယ်ဘုရား။

အရှင်ဘုရား..အဲဒီမြတ်စွာဘုရား မိန့်တော်မူတဲ့ တရားထူးရပြီး အရိယာဖြစ်သွားတယ်ဆိုတဲ့ ရဟန်းဟာ ဒီသာဝတ္ထိကိုများ ရောက်ဖူး၊ နေဖူးပါသလားဘုရားလို့ လျှောက်ထားပါမယ်ဘုရား။

အဲဒီအခါ ရဟန်းက ဒကာမကြီး..အဲဒီတရားထူးရ အရိယာဖြစ်သွားတဲ့ ကွယ်လွန်သွားတဲ့ ရဟန်းဟာ ဒီသာဝတ္ထိမြို့ကို ရောက်ဖူးတယ်၊ နေဖူးတယ်လို့ မိန့်တော်မူပါမယ်ဘုရား။

ထိုသတင်းကို ကြားရသော တပည့်တော်မသည် သြော်..ဤတရားထူးရသွားသော အရိယာဖြစ်သွားသည့် ရဟန်းသည် ဤသာဝတ္ထိမြို့ကို ရောက်ဖူး၊ သီတင်းသုံးဖူးသည်ဆိုလျှင် ငါလျှာဒါန်းသော အလှူရှစ်မျိုးထဲက တစ်မျိုးမျိုးကိုတော့ အနည်းဆုံး အလှူခံဖူးသောရဟန်း ဖြစ်ရမည်။ ထိုရဟန်းသည် ငါတို့လျှာဒါန်းသော ပစ္စည်းအလှူကို ခံယူသုံးဆောင်ပြီး တရားအားထုတ်သည့်အတွက် တရားထူးရသွားခြင်းဖြစ်ကြောင်း ဆင်ခြင်ဝမ်းမြောက်ရမည် ဖြစ်ပါသည်ဘုရား။

ထို့ကြောင့် တပည့်တော်မသည် ထိုသဒ္ဓါဝိတိများနှင့် အတူ အားထုတ်မှု ဝီရိယ၊ အမှတ်ရမှု သတိ၊ တည်ကြည်မှု သမာဓိ စသည့်တရားစွမ်းအားများကို ရလာပါမည်ဘုရား။ ထိုအခါ တပည့်တော်မသည် ထိုမိမိသန္တာန်တွင် ဖြစ်ပွားသော ကြည်ညိုမှု၊ ဝမ်းသာမှု၊ ချမ်းသာမှု၊ စိတ်တည်ငြိမ်မှုများကို အစဉ်တစိုက် ရှုမှတ်နိုင်သည့်အတွက် ဝိပဿနာဉာဏ်များ တိုးပွားလာပါမည်။ အထက်မဂ်၊ အထက်ဖိုလ်အတွက် တရားစွမ်းအားများ တိုးပွားလာပါမည်။ ထို့ကြောင့် တပည့်တော်မသည် ဤအလှူရှစ်မျိုးကို လှူဒါန်းခွင့်ရရန် တောင်းပန်လျှောက်ထားခြင်း ဖြစ်သည်'ဟု ဝိသာခါက မြတ်စွာဘုရားအား လျှောက်ထားပါသည်။

ထိုအခါ မြတ်စွာဘုရားက 'သာဓု..သာဓု..သာဓု ကောင်းပါပေစွ၊ ကောင်းပါပေစွ။ သင်တောင်းပန်လျှောက်ထားသော သံဃာလှူဒါန်းခွင့် အလှူဒါနရှစ်မျိုးကို ငါဘုရား ခွင့်ပြုသည်'ဟု မိန့်တော်မူခဲ့လေသည်။

ဇေတဝန်ကျောင်းတော်ရာတွင် ဘုရားဖူးပြီးချိန်တွင် အိန္ဒိယစံတော်ချိန် နံနက်(၁၀)နာရီခွဲရှိနေပြီ။ မိမိတို့ တည်းခိုရာ သာဝတ္ထိမြန်မာကျောင်းသို့ ပြန်လာကြပြီး နေ့လယ်စာစား ခဏနားကာ မြတ်စွာဘုရားဖွားတော်မူရာ နီပေါနိုင်ငံ လုမ္ဗနီသို့ ခရီးဆက်ခဲ့ကြသည်။ သာဝတ္ထိမြို့သည်ကား ဝေးရှ၍,ဝေးရှ၍ ကျန်ရစ်ခဲ့လေပြီ။

တွန်းအားရှင်

ကျမ်းကိုး

* မဟာဇာတ်ဝင်၊ ဆဋ္ဌမတွဲ (ဒုတိယပိုင်း)၊ မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်။
* စာရေးသူကိုယ်တိုင် သွားရောက်ဖူးမြော်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com

နန္ဒာဗိုး
(ဆင်ဖြူကျွန်း)
အန္တိမဘဝိက
ရှင်သာသ

(၁)

သူဘဝသည် အံ့အားသင့်ဖွယ်လည်းရှိ၏။ ခိုးကျူးဖွယ်လည်းကောင်း၏။ မည်သို့ဆိုစေ သူဘဝသည် သာမန်လူတို့နှင့် မတူခြားနားခဲ့သည်ကတော့ အမှန်ပင်။

သူသည် ဗာရာဏသီပြည့်နှင့် အလှမ်းမဝေးလှသော တောကျေးလက်ဒေသပုဒ်သား လူဆင်းရဲတစ်ဦးမျှသာ ဖြစ်သည်။ ဝမ်းရေးအတွက် တောသို့ဝင်ကာ ထင်းခုတ်ပြီး ထိုထင်းများကို ဗာရာဏသီပြည်သို့ သွားရောက်ရောင်းချခဲ့ရသူ ဖြစ်သည်။ ဤသို့ ထင်းရောင်းချ၍ ရရှိသော ငွေအသေပြာတို့ဖြင့် ဝမ်းရေးကို ဖြေရှင်းရ၏။ သူဘဝသည် လူတန်းစားအလွှာအား အနိမ့်ကျဆုံးသော လက်လုပ်လက်စား ဘဝမျှသာ။

သို့ရာတွင် ဖြစ်ချင်တော့ ဗာရာဏသီမြို့တော်သို့ သူထင်းရောင်းသွားသော တစ်ရက်တွင်မှ တိုက်တိုက်ဆိုင်ဆိုင် မြို့တော်ရှိ ဂန္ဓသူဌေးမင်း၏ ထမင်းစားတော်ခေါ်ပွဲကြီးနှင့် တည့်တည့်တိုးရသည်။ နှယ်နှယ်ရရမဟုတ်၊ မြို့တော်အနှံ့သို့ မောင်းကြေးနင်း စည်တော်များဖြင့် တီးမှုတ်လှည့်လည် ကြော်ငြာပြီးမှ ကျင်းပသော စားတော်ခေါ်ပွဲ။ မြို့သူမြို့သား လူအများတို့ ထိုပွဲကျင်းပရာ မဏ္ဍပ်တွင် ကြိတ်ကြိတ်တိုးမျှ လာရောက်ကြည့်ရှုကြရသော စားတော်ခေါ်ပွဲမှာ ဂန္ဓသူဌေးမင်း တစ်နပ်စာ စားသောက်မည့် ထမင်းက တစ်သိန်းတန် ထမင်းတဲ့။ ကြားပဲ မကြားဖူးပေါင်ဟု ဒြေးချယူရမည့် တန်ဖိုးဖြစ်သည်။

ထို့ကြောင့် သူလည်း အများနည်းတူ ထိုမဏ္ဍပ်သို့သွားရောက်ကာ တိုးဝှေ့ကြည့်ရှု၏။ တစ်သိန်းတန်သည်ဆိုသော

www.burmeseclassic.com

www.burmeseclassic.com

နေပါလျှင် ထိုသူဆင်းရဲသည် သူထံ၌ (၃)နှစ်တိတိ ကျွန်ခံရမည်။ သူ၏ အမှုကိစ္စအဝဝတို့ကို လုပ်ဆောင်ပေးရမည်။ (၃)နှစ်စေ့သောရက်တွင်မူ ထိုတစ်သိန်းတန် ထမင်းကို သူဌေး စားတော်ခေါ်သကဲ့သို့ ခမ်းနားသော မဏ္ဍပ်ကြီးထဲတွင် စားသောက်ရမည်ဟု ဆို၏။ တကယ်တော့ မဖြစ်နိုင်တာကို အဆမတန် တောင်းဆိုဟန်တားလိုက်ခြင်းဖြစ်သည်။ ဘယ့်နယ် ထမင်းကလေး တစ်နပ်အတွက် (၃)နှစ်တောင် ကျွန်ခံရမည် ဆိုတာကတော့ လွန်လွန်းသည်။ ကလေးသူငယ် တစ်ယောက်၏ ဦးနှောက်အသိဉာဏ်မျှဖြင့်ပင် လက်ခံနိုင်လိမ့်မည်မဟုတ်။ သို့သော် သူသည် ထိုဂန္ဓသူဌေးမင်း၏ တောင်းဆိုမှုကို လက်ခံသဘောတူခဲ့လေသည်။

ဗာရာဏသီ တစ်မြို့လုံးလည်း ကြောက်မက်ဖွယ်ကောင်းသော သူ၏ ရသတဏှာပြင်းပြမှုကို လက်ဖျားခါသွားကြ၏။ အံ့သြတုန်လှုပ်သွားကြ၏။ တချို့က ဖြစ်မှဖြစ်ရလေဟု စုတ်သပ်ကြ၏။ မည်သူတွေ မည်သို့ဘဲရှိကြ၊ ထမင်းနှင့် ဟင်းလျာတို့၏ မွေးပျံ့သောရနံ့ကို ရှူမွှိုက်ရုံဖြင့်ပင် ထိုထမင်းဟင်းလျာတို့ကို စားသုံးလိုသော ရသာတဏှာက သူ့ကို ကြောက်ခမန်းလိလို ဖိစီးနှိပ်စက်လာတော့၏။ ထိုထမင်းကို မစားရလျှင် ယခုပင် အသက်သေရတော့မလောက် တမ်းတတပ်မက်မိ၏။ သူ့အဖြစ်ကို မကြည့်ရက်သော ဗာရာဏသီမှ သူမိတ်ဆွေက ဂန္ဓသူဌေးထံမှ ထမင်းတစ်နပ်စာမျှပဲရရ စွန့်ကြဲပေးကမ်းတော်မူပါဟု တောင်းပန်တောင်းဆိုပေး၏။

သို့ရာတွင် ဂန္ဓသူဌေးက ထမင်းတစ်စေ့မျှပင် စွန့်ကြဲရမည်ဆိုလျှင် သည်လောက်မှ မစားရမနေနိုင် ရသတဏှာပြင်းပြ

www.burmeseclassic.com

အံ့သြကြ၊ ချီးကျူးကြစေတော့ ဆိုးသည်ပြောပြော ကောင်းသည်ဆိုဆို သူမမှတော့။ ဝန်ခံထားသည့်အတိုင်း (၃)နှစ်တာ အချိန်ကာလကို သူဌေးမင်း၏ အမှုလုပ်ကျွေးကျွန်အဖြစ် နောက်မတွန့်စတမ်း အပြည့်အဝဖြတ်သန်း၏။ သည်လိုနှင့် သူမျှော်လင့်ခဲ့သော (၃)နှစ်တာကာလ ပြည့်မြောက်သော ရက်သို့ ရောက်လာ၏။

ကိုင်း...သည်တစ်ခါတော့ သူ အောင်ပွဲခံရမည့်အလှည့်ပဲ။ ဂန္ဓသူဌေးကလည်း ပေးထားသည့်ကတိ တည်၏။ (၃) နှစ်စေ့ပြီဆိုသည်နှင့် တစ်သိန်းတန် ထမင်းဟင်းလျာများကို ကျွေးမွေးဖို့ ပြင်ဆင်လေတော့၏။ ထမင်းစားမည့် ခမ်းနားကြီးကျယ်သော မဏ္ဍပ်ကြီးကို ဆောက်လုပ်စေ၏။ မြို့တော်အနှံ့သို့ (၃)နှစ်တာ ကျွန်ခံခဲ့သော ကျေးတောသားသည် အချိန်စေ့မြောက်ခဲ့ပြီဖြစ်၍ တစ်သိန်းတန် ထမင်းဟင်းလျာတို့ကို စားသောက်တော့မည်။ လာရောက်ကြည့်ရှုလှည့်ကြကုန်ဟု စည်မောင်းကြေးနင်းများ တီးခတ်လှည့်လည်ကြော်ငြာစေ၏။ စားတော်ကဲ့ ပညာရှင်များဖြင့် တစ်သိန်းတန် ထမင်းဟင်းလျာတို့ကို ချက်ပြုတ်ပြင်ဆင်စေ၏။ မြို့သူမြို့သားတို့လည်း စားတော်ပွဲကျင်းပရာ မဏ္ဍပ်ကြီးပတ်ချာလည်တွင် ကြိတ်ကြိတ်တိုးမျှ ရောက်ရှိနေခဲ့ကြပြီ။

ဤတွင် ခက်လိုက်ပုံက သူ တကယ်ပင် တစ်သိန်းတန် ထမင်းဟင်းလျာတို့ကို စားသောက်တော့မည့် အချိန်တွင်မှ ဂန္ဓမာဒနတောင်ဘက်မှ ပစ္စေကဗုဒ္ဓါအရှင်မြတ် တစ်ပါးက မဏ္ဍပ်ရှေ့ဘက်သို့ အလှူခံကြွရောက်တော်မူလာခဲ့သည်။ နိရောဓသမာပတ်ကို ဝင်စားတော်မူနေခဲ့ရာမှ ခုနစ်ရက်စေ့မြောက်၍ ကြွရောက်တော်မူလာသော ထိုအရှင် ပစ္စေကဗုဒ္ဓါကို မြင်သောအခါ သူသည် (၃)နှစ်တိုင်တိုင် ကျွန်ခံပြီးမှ ရရှိလာခဲ့သော တစ်နပ်စာ တစ်သိန်းတန် ထမင်းဟင်းလျာတို့ကို မိမိမစားသောက်တော့ဘဲ ကြီးစွာသော ရသတဏှာကိုဖြတ်၍ လှူဒါန်းလိုက်လေတော့သည်။

ဤဆွမ်းလှူဒါန်းရခြင်း၏ အကျိုးအလို့ငှာ အရှင် ဘုရားတို့ သိမြင်အပ်သော သစ္စာ(၄)ပါးတရားတော်တို့ကို သိမြင်သူ ဖြစ်ရပါလို၏ဟု ဆုပန်၏။ အရှင်ပစ္စေကဗုဒ္ဓါက လည်း ထိုဆုတောင်းအတိုင်း ပြည့်စေဟု ဆုပေးပြီးနောက် ဂန္ဓမာဒနတောင်တော်သို့ ပြန်ကြွချီတော်မူ၏။

ထိုသို့မကြွချီမီတွင် ဤမဏ္ဍပအဝန်းအဝိုင်းရှိ လူအများသည် အရှင်မြတ်ကိုယ်တော်တိုင် ဂန္ဓမာဒနတောင်တော်သို့ ရောက်ရှိသည့်တိုင်အောင် အတားအဆီးမရှိ ပကတိကြည်လင်စွာ မြင်နိုင်ကြစေသတည်းဟု အဓိဋ္ဌာန်ပြု၏။ ထိုအဓိဋ္ဌာန်ကြောင့် ပရိသတ်အများတို့သည် အလှူခံယူတော်မူခဲ့သော အရှင်ပစ္စေကဗုဒ္ဓါအရှင်မြတ် ဂန္ဓမာဒနတောင်တော်သို့ ပြန်ရောက်ရှိ၍ အခြားသော ပစ္စေကဗုဒ္ဓါငါးရာတို့အား ထိုတစ်သိန်းတန်ဆွမ်းနှင့် ဟင်းလျာတို့ကို ခွဲဝေလှူဒါန်းပုံကိုလည်းကောင်း၊ ပစ္စေကဗုဒ္ဓါငါးရာလုံးပင် ထိုဆွမ်းဟင်းလျာတို့ကို ဝဝလင်လင်သုံးဆောင်ရန် လောက်ငရုံသာမက မူလအလှူခံသပိတ်တော်ထဲမှာလည်း တစ်ပါးစာ ဆွမ်းဟင်းလျာများ လျော့မသွားဘဲ ကျွန်ရှိနေပုံကိုလည်းကောင်း မျက်ဝါးထင်ထင် မြင်တွေ့ကြရကာ ဝမ်းမြောက်နမော် သာဓုခေါ်ကောင်းချီးပေးခဲ့ကြလေသည်။

ဆင်းရဲသားကျေးတောသား၏ ထိုအလှူကောင်းမှုသည် ဘဝမခြားဘဲ လက်ငင်းအကျိုးပေးလေတော့၏။ ပြုနိုင်ခဲ့စွာသော အလှူကို ပြုခဲ့သောကြောင့် ဂန္ဓသူဌေးမင်းသည် ကျေးတောသား၏ အလှူအဖို့ဘဝကို အမျှတောင်းခံ၍ သာဓုခေါ်၏။ ပြီးနောက် မိမိ၏ပိုင်ဆိုင်သော စည်းစိမ်၏ ထက်ဝက်ကိုခွဲ၍ ပေးလေသည်။ ထို့အတူ ဗာရာဏသီပြည်ရှင် ဘုရင်မင်းမြတ်ကလည်း ကျေးတောသား၏ ထိုအလှူကို အမျှတောင်းခံ၍ သာဓုခေါ်ကာ များစွာကျေနပ်အားရတော်မူလှသဖြင့် စည်းစိမ်ဥစ္စာ လယ်ယာမိုးမြေနှင့် အမှုလုပ်ကျေးကျွန်များကိုပါ ချီးမြှင့်တော်မူပြီးနောက် သူဌေးဘွဲ့ထူးကို ပေးတော်မူ၏။

အလွန်ဆင်းရဲသဖြင့် ထုံးခုတ်စားခဲ့ရသော သူဆင်းရဲ ကျေးတောသားသည် (၃)နှစ်ကျွန်ခံမှ တစ်နပ်စာ စားခွင့်ရခဲ့သော တစ်သိန်းတန် ထမင်းဟင်းလျာတို့ကို ပစ္စေကဗုဒ္ဓါအရှင်မြတ်အား သဒ္ဓါရက်ရောစွာ စွန့်လွှတ်လှူဒါန်းခဲ့သော ကုသိုလ်အဟုန်ကြောင့် ယခုလက်ငင်းဘဝမှာပင် ပြည့်ရှင်မင်းကိုယ်တိုင် ချီးမြှင့်သော သူဌေးဘွဲ့ထူးကို ရရှိခဲ့၏။

ထို့နောက် မူလက ဗာရာဏသီပြည်၏ သူဌေးဖြစ်ခဲ့သော ဂန္ဓသူဌေးမင်းနှင့်အတူ ညီရင်းအစ်ကိုပမာ ချစ်ခင်ဝမ်းမြောက်စွာ နေထိုင်ပြီးနောက် ထိုဘဝမှ သက်တမ်းစေ့ကုန်ကွယ်လွန်ခဲ့ပြီးသော်လည်း နှစ်ဆူသောဘုရားရှင်တို့၏ တစ်ခုသောအကြားကာလပတ်လုံး အပါယ်လေးဘုံသို့ မကျရောက်ရဘဲ နတ်ပြည်၌သာလျှင် နတ်တို့၏စည်းစိမ်ကို ချမ်းသာစွာ ခံစားခဲ့ရလေသည်။

တစ်ချိန်က ထုံးခုတ်သမား သူဆင်းရဲ၊ နောင်သော် ပြည့်ရှင်မင်းကိုယ်တိုင် ချီးမြှင့်သော သူဌေးဘွဲ့ကို ရရှိခဲ့စား

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရသော ထိုအံ့အားသင့်ဖွယ်၊ ချီးကျူးအားကျဖွယ် ဘဝ ပိုင်ရှင်၏ အမည်နာမကား ဘတ္တဘတိက ဟူပေတော့သည် တကား။

(၂)

ဂေါတမရှင်တော်မြတ်စွာဘုရားသည် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ အကျိုးအလို့ငှာ ပွင့်ထွန်းတော်မူခဲ့လေပြီ။ ရှင်တော်ဂေါတမတွင် လက်ယာတော်ရံ၊ လက်ဝဲတော်ရံ အရှာသာဝကကြီးနှစ်ပါး ရှိခဲ့လေရာ လက်ဝဲတော်ရံမှာ အရှင် မဟာမောဂ္ဂလ်ာန်အရှင်မြတ်ကြီးဖြစ်၍ တန်ခိုးတော်အရာ၌ စေတဒဂ်ဘွဲ့ထူး ရရှိခဲ့သူ ဖြစ်သည်။ လက်ယာတော်ရံ အဂ္ဂ သာဝကကြီးမှာ အရှင်သာရိပုတ္တရာအရှင်မြတ်ကြီးဖြစ်ပြီး ပညာအရာ၌ တရားစစ်သူကြီးအဖြစ် စေတဒဂ်ဘွဲ့ရကာ ထင် ရှားတော်မူ၏။ အချိန်ကာလမှာ ဘုရားရှင်နှင့် အဂ္ဂသာဝက ရဟန္တာအရှင်မြတ်ကြီးနှစ်ပါးလုံးတို့ သာဝတ္ထိပြည် စေတဝန် ကျောင်းတော်တွင် သီတင်းသုံးနေတော်မူစဉ်ကာလ ဖြစ်လေ သည်။

သာဝတ္ထိပြည်တွင် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ ဥပဋ္ဌာကအလုပ်အကျွေးအဖြစ် အမြဲအနီးကပ်ဆည်းကပ် ကိုးကွယ်သော ဥပါသိကာ ဒါယိကာမ၏ ဇနီး, ခင်ပွန်းမောင်နှံစုံတို့ ရှိကြ၏။ ထိုမောင်နှံစုံတို့၏ လူမှုစီးပွား အနေအထားမှာ အများသူငါ အလယ်အလတ်တန်းလွှာများ ထဲသို့ မရှိမရှား အခြေအနေမျှသာဖြစ်၏။ ချမ်းသာသည် လည်းမဟုတ်၊ ဆင်းရဲမွဲတေသည်လည်းမဟုတ်၊ အထိုက် အလျောက်သင့်တင့်စွာ နေထိုင်စားသောက် လှူဒါန်းနိုင်ကြ သူများ ဖြစ်ကြ၏။ သို့သော် မောင်နှံစုံနှစ်ဦးလုံးပင် အရှင် သာရိပုတ္တရာမထေရ်မြတ်ကြီးကို ကြည်ညိုဆည်းကပ်ကြ၍ အလုပ်အကျွေးတာဝန်ကို အမြဲယူခဲ့ကြရာတွင်တော့ တက် ညီလက်ညီ ရှိကြလေသည်။

ထိုဥပါသကာ ဇနီးမောင်နှံတို့တွင် တစ်ခုသောနေ့ရက်၌ ဒါယိကာမကြီးတွင် ပဋိသန္ဓေစွဲကပ်လာခဲ့၏။ ထိုပဋိ သန္ဓေသည် ဘုန်းကံကြီးများသော ဘုန်းသမ္ဘာရှင် ရင်သွေး ရတနာဖြစ်ကြောင်းကို မိဘနှစ်ပါးနှင့်အတူ အနီးပတ်ဝန်း ကျင်ရှိ လူသူအများကပင် ရက်များမကြာမီ၌ တညီတညွတ် တည်း လက်ခံအသိအမှတ်ပြုကြရလေသည်။ အဘယ် ကြောင့်ဆိုသော် ထိုပဋိသန္ဓေစွဲကပ်လာပြီဆိုကတည်းက ဒါ ယိကာမကြီးသည် အထူးကျန်းမာရွှင်လန်း၏။ တစ်မိသားစု ထဲဆောလည်း ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာများကိုသာ တွေ့ကြုံ ခံစားကြရ၏။ စီးပွားဓနဥစ္စာဘက်တွင်လည်း လုပ်သီးကိုင် စားများ တိုးပွားရရှိကာ ဝင်လာမစဲတဖွဲဖွဲ ဆိုသကဲ့သို့ ကြံ တိုင်းအောင် ဆောင်တိုင်းမြောက်ခဲ့ကြ၏။ ထို့ကြောင့် ထို ပဋိသန္ဓေခိုဝင်လာသူသည် ရှေးကုသိုလ်ဘုန်းကံကြီးများသူ သာ ဖြစ်ရမည်ဟု မိခင်,ဖခင်တို့နှင့်တကွ ဆွေမျိုးမိတ်သင်္ဂဟ အများက ဝမ်းမြောက်ခဲ့ကြရလေသည်။

မှန်၏။ ထိုအချက်သည် မိခင်၌ ကိုယ်ဝန်ဆောင်ပြီး များမကြာမီ၌ မိခင်တို့၏ တပ်လေ့ရှိသော ချင်ခြင်းအာသီသ တွင် ထင်ရှားစွာ ပြသလာပြန်လေသည်။ ဒါယိကာမကြီး၏ ဝမ်းတွင်းသန္ဓေ၏ လှုံ့ဆော်မှုဖြင့် တပ်လာသောချင်ခြင်းမှာ များစွာထူးကဲလှ၏။ ဒါယိကာမကြီးက ထိုချင်ခြင်းကို လင် ယောကျ်ားအား ဖွင့်ဟပြောကြား တောင်းဆိုလာ၏။

"ခင်ပွန်းသည်ကြီးရေ.. ကျွန်မတော့်ဖြင့် အသွေး အသား ရိုးတွင်းချဉ်ဆီထဲကအထိ ချင်ခြင်းတပ်လာတဲ့ကိစ္စ ကို အမြန်ဆောင်ရွက်မှ ဖြစ်တော့မယ်ထင်တယ်။ နို့မို့ရင် တော့ ကျွန်မမှာ နေမထိ ထိုင်မသာနဲ့ ဆောက်တည်ရာမရ အောင် ဖြစ်နေရပြီ"

"ဘယ်လိုချဉ်ခြင်းတပ်တယ် ဆိုတာကိုသာ ပြောပါ ရှင်မရယ်။ ဒါက ကိုယ်ဝန်ဆောင် မိခင်လောင်းလျာတို့ရဲ့ ဖြစ်မြဲဓမ္မတာပဲ။ ပြည့်အောင် ဖြည့်ဆည်းကြရမှာပေါ့"

"ကျွန်မတပ်မိတဲ့ချင်ခြင်းက ဒီလိုပါ။ ကျွန်မတို့ အမြဲ ကိုးကွယ်ဆည်းကပ်နေတဲ့ အရှင်သာရိပုတ္တရာမထေရ်မြတ် ကြီးနဲ့ နောက်တော်ပါရဟန်းငါးရာကို အိမ်မှာ ပင့်ဖိတ်ပြီး သတရသဘောဇဉ်ကို လောင်းလှူဆက်ကပ်ချင်ပါတယ်။ အဲသလို ဆွမ်းဆက်ကပ်ချိန်မှာ ကျွန်မက ဖန်ရည်ဆိုးတဲ့ အဝတ်တို့ကို ဝတ်ဆင်ပြီး ရွှေခွက်ကိုကိုင်ကာ ရဟန်းတော် များရဲ့ နေရာအစွန်းမှာထိုင်ရင်း ဆွမ်းဒါနကို အာရုံပြုပြီး နေလိုတယ်။ ပြီးမှ ရဟန်းတော်များ ဆွမ်းစားပြီးကြတဲ့အချိန် မှာ အရှင်မြတ်များရဲ့ စားကြွင်းစားကျန်များကို ရွှေခွက်ထဲသို့ ထည့်ပြီး မြိန်ယှက်စွာ စားသုံးလိုပါတယ်။ အဲသလိုဆိုရင် တော့ ကျွန်မရဲ့ချင်ခြင်းဟာ ပြေပျောက်မှာ အမှန်ပါပဲ ဆွမ်း ဒကာကြီးရေ"

ခင်ပွန်းသည်မှာ ထိုသို့ချဉ်ခြင်းတပ်လာမှုအတွက် အပြစ် မမြင်သည့်အပြင် များစွာနှစ်ထောင်းအားရ ဖြစ်ရလေတော့ သည်။

"ဟန်ကျလိုက်တာ ရှင်မရယ်၊ မင်းရဲ့ ဝမ်းကြောတိုက်မှာ သန္ဓေတည်လာတဲ့ ရင်သွေးရတနာကတော့ ဘုန်းသမ္ဘာနဲ့

www.burmeseclassic.com

www.burmeseclassic.com

ပြည့်စုံတဲ့ အထွတ်အထိပ်သို့ ရောက်မယ်သူဆိုတာ သေချာနေပြီပဲ။ မိခင်မှာဖြစ်တဲ့ ချင်ခြင်းဆိုတာ ပဋိသန္ဓေတည်နေတဲ့ သားသမီးရတနာရဲ့ ပုဗ္ဗနိမိတ်ပဲ။ ပညာရှိများက ပုဗ္ဗေ ဇာတ် နိမိတ္တံ။ ပုဗ္ဗေ-မဖြစ်မီရှေးအဖို့၌၊ ဇာတံ-ကြီတင်၍ဖြစ်ပေါ်လာသော၊ နိမိတ္တံ-သိကြောင်းဖြစ်သော နိမိတ်တည်းလို့ ဖွင့်ဆိုကြတယ်မဟုတ်လား။ သာမန်အားဖြင့် မိခင်လောင်းတွေဟာ မန်ကျည်း၊ မရမ်း၊ သံပရာလို အချဉ်အရသာတွေကို စားလိုတာ။ မြေစာခဲ၊ မီးသွေးခဲ၊ ဆေးလိပ်ပြာ၊ မြက်မြေဇာ၊ မုန်ညင်း အစရှိတာတွေကို စားလိုတာ ချင်ခြင်းမျိုးတွေသာ တပ်လေ့ရှိကြတယ်။ အခု ရှင်မက သတရသဘောဇ္ဈင်ကိုမှ ချင်ခြင်းတပ်ပြီး အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးနဲ့ နောက်ပါ ရဟန်းတော်ငါးရာတို့ရဲ့ စားကြွင်းဖြစ်တော့မှ ရွေးခွက်နဲ့ ထည့်ပြီး စားသောက်လိုတယ်ဆိုတော့ ဒါဟာ နှယ်နှယ်ရရ ချင်ခြင်းမဟုတ်ဘူး။ မြတ်စွာဘုရားရဲ့ သာသနာတော်ကို အကျိုးပြုပြီး အထွတ်အထိပ်သော ကုသိုလ်ကောင်းမှုကိုပြုမယ့် ရင်သွေးငယ်ကြောင့်သာ ဒီလိုချင်ခြင်းမျိုးတပ်တာဖြစ်ရမယ်။ စိတ်မပူနဲ့ ရှင်မ။ မင်းအလိုရှိတဲ့အတိုင်း အဲဒီချင်ခြင်းဆန္ဒ ပြည့်ဝရစေမယ်ဗျာ'

သတရသဘောဇ္ဈင်ဆိုသည်မှာ အရသာ၈ပါင်းစုံ သမျှိုးအမည်တစ်ရာတိတိပါဝင်သော ဆွမ်းဘောဇ္ဈင်ဖြစ်၏။ ထို ဆွမ်းဘောဇ္ဈင်ဖြစ်မြောက်အောင် ချက်ပြုတ်စီမံရာတွင်လည်း တန်ဖိုးကြီးမြင့်၍ ငွေကုန်ကြေးကျများလှ၏။ သို့သော် ဒါယိကာမကြီး ချဉ်ခြင်းတပ်လာသော အချိန်ကာလတွင်မူ နှတ်တို့ဖန် ရေကန်အသင့် ကြာအသင့် ဆိုသကဲ့သို့ ထိုမိခင်, ဖခင်လောင်းလျှာ ဇနီးမောင်နှံတို့မှာ တတ်စွမ်းနိုင်သော ဓနဥစ္စာငွေကြေး တိုးကြွယ်ဝနေခဲ့ပြီဖြစ်၏။ ထို့ကြောင့် ခင်ပွန်းသည်၊ ဇနီးသည် ဒါယိကာမကြီး၏ ဆန္ဒချင်ခြင်းကို ဖြည့်ဆည်းရန် သတရသဘောဇ္ဈင်ဆွမ်းလျာများကို စိတ်တိုင်းကျ ချက်ပြုတ်စေ၏။ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးနှင့် နောက်ပါရဟန်းတော် အပေါင်းငါးရာတို့ကို မိမိတို့အိမ်သို့ ဝိုင်ဖိတ်၍ ဝမ်းမြောက်ကြည်ဖြူစွာ ဆွမ်းဆက်ကပ်လှူဒါန်းပေး၏။

ရဟန်းတော်များ ဆွမ်းဘုဉ်းပေး သုံးဆောင်တော်မူနေချိန်တွင် မိခင်လောင်း ဒါယိကာမကြီးသည် မိမိကိုယ်မိမိ ရေမိုးသန့်စင်၍ စင်ကြယ်သော ဖန်ရည်ဆိုးဝတ်စုံကို ဝတ်ဆင်၏။ ထို့နောက် မိမိတို့၏ ဆွမ်းအလှူဒါန ကောင်းမှုကုသိုလ်ကို နလုံးသွင်းအာရုံပြုလျက်နေ၏။ ရဟန်းတော်များ ဆွမ်းဘုဉ်းပေး သုံးဆောင်ပြီးသည်နှင့် ကျွန်ရစ်သော ဆွမ်းဟင်းလျာတို့ကို ရွှေခွက်ဖြင့်ခံယူကာ စိတ်တိုင်းကျ စားသုံးလေသည်။ ထို့ကြောင့် ဒါယိကာမကြီး၏ ပြင်းပြသော ချင်ခြင်းတပ်မှုလည်း ရွှင်လန်းစွာပြေပျောက်သွားခဲ့ရတော့၏။

ဤသို့ ရတနာသုံးပါးနှင့်စပ်လျဉ်း၍ လှူဒါန်းခြင်းကုသိုလ်ဖြင့် အစပြုခဲ့ရခြင်းမှာ အခြားကြောင့်မဟုတ်။ ဘတ္တာဘတိက သူဆင်းရဲ ထင်းခုတ်သမားဘဝက အရှင်ပစ္စေကဗုဒ္ဓါအား နိရောဓသမာပတ်မှအထတွင် ပင်ပန်းဆင်းရဲစွာ (၃)နှစ်ကျွန်ခံပြီးမှ ရရှိခဲ့သော တစ်သိန်းတန် ထမင်းဟင်းလျာကို ပြတ်သားသော သဒ္ဓါပြဋ္ဌာန်း၍ လှူဒါန်းခဲ့သော ကုသိုလ်၏ အကျိုးဆက်အရှိန်အဟုန်ကြောင့် ဖြစ်လေသည်။

ထိုဘဝမှ စုတေခဲ့ပြီးသောအခါတွင် နတ်ပြည်၌သာ အစဉ်ဖြစ်လျက် နတ်စည်းစိမ်ကိုသာ ခံစားကျင်လည်ခဲ့ပြီး ဂေါတမမြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူပြီးအချိန်တွင်မှ နတ်ပြည်မှတစ်ဖန် လူပြည်သို့ ပြန်လည်ရောက်ရှိလာသည်အထိ စဉ်ဆက်မပြတ် အကျိုးပေးနေသော ကုသိုလ်၏အစွမ်းပင်တည်း။

(၃)

ဒါယိကာမကြီး၏ ကိုယ်ဝန်သည် ကိုးလလွန်မြောက်ဆယ်လရောက်သည်နှင့် ချမ်းသာစွာ မွေးဖွားလာခဲ့တော့၏။ သားမြတ်ရတနာကို မွေးဖွားပြီးနောက် အမည်မှည့်မည့်နေ့၌ပင် မိခင်,ဖခင်တို့သည် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကို အထူးပင်ဆောင်ကြပြန်ကာ လျှောက်ထားကြ၏။

'အရှင်မြတ်ဘုရား..တပည့်တော်မ၏သားကို သိက္ခာပုဒ် ပေးတော်မူပါဘုရား'

ထိုသို့အမည်မှည့်သောနေ့၌ပင် မိမိတို့၏ ရင်သွေးရတနာကို သိက္ခာပုဒ်ပေးကြခြင်းမှာ ပုဏ္ဏားများ၏ ထုံးစံတစ်ခုပင် ဖြစ်သည်။ ဤတွင် အရှင်မြတ်ကြီးက ပြန်လည်မေးမြန်းတော်မူ၏။

'ဒါယိကာမကြီး..သင်တို့ရင်သွေး သတို့သားကို ဘယ်အမည်နဲ့ သိက္ခာပုဒ် ပေးရမှာလဲ။ မှည့်ခေါ်ရမည့် အမည်နာမကိုရော စဉ်းစားရွေးချယ်ပြီးပြီလား'

'စဉ်းစားရွေးချယ်ပြီးပါပြီဘုရား၊ တပည့်တော်မတို့မှာ ဤသတို့သားကို ပဋိသန္ဓေတည်သည့်နေ့မှစပြီး မည်သည့်ပြဋိဋ္ဌာန်းရဲဒုက္ခကိုမှ မတွေ့ရတော့ဘဲ တစ်အိမ်လုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းကိုသာ ရရှိခံစားခဲ့ရပါ

www.burmeseclassic.com

www.burmeseclassic.com

ဟောတယ်။ စီးပွားဥစ္စာများလည်း ဒီရေအလား တိုးပွားထွန်းပင်လာခဲ့ပါတယ်။ ဒါကြောင့် ဤသတို့သားကို အနှတ္တ သညာအားဖြင့် သုခကုမာရ၊ သုခသတို့သား ဆိုသောအမည်ကို မှည့်ခေါ်ပေးဖို့ ရွေးချယ်ထားပါတယ် အရှင်ဘုရား'

မိခင်ဒါယိကာမကြီးက သူတို့ ရည်မှန်းရွေးချယ်ထားသောအမည်ကို ပြန်လည်လျှောက်ထား၏။ မိဘဆွေမျိုးအိုင်းအိုင်းတို့ကို ချမ်းသာခြင်းကိုသာပေးခဲ့သောကြောင့် မောင်သုခဟူသော အမည်ကို မှည့်လိုက်ခြင်း ဖြစ်လေ၏။

'ကဲ..သည်လိုဖြင့် ဒါယကာ,ဒါယိကာမကြီးတို့ အလိုဆန္ဒအတိုင်း မောင်သုခလို့ပဲ အမည်တွင်စေတော့ပေါ့။ ထိုအမည်နဲ့ပဲ သိက္ခာပုဒ်ကို ပေးတော်မူမယ်'

အရှင်မြတ်သည် သတို့သားရဲ့ မောင်သုခဟူသော အမည်ဖြင့်ပင် သိက္ခာပုဒ် ပေးတော်မူ၏။ မောင်သုခသည် သူ့အမည်နာမအတိုင်း ဆင်းရဲဟူသရွေ့ မြူငွေ့မျှပင်မသန်းဘဲ ချမ်းမြေ့စွာဖြင့် နေထိုင်လာခဲ့ရာ ခုနစ်နှစ်သားအရွယ်သို့ ရောက်လာ၏။ ထိုကာလတစ်လျှောက်လုံးတွင် မင်္ဂလာခုနစ်ရပ်တို့ကို မိဘများက ပြုလုပ်ကျင်းပပေးခဲ့၏။

ယင်းတို့မှာ (၁) ဓာတမင်္ဂလာ-ဖွားမြင်သောမင်္ဂလာ၊ (၂) သီလဂ္ဂဟဏမင်္ဂလာ-သီလယူသောမင်္ဂလာ၊ (၃) နာမကရဏမင်္ဂလာ-အမည်မှည့်သောမင်္ဂလာ၊ (၄) အာဟာရပရိဟောရကမင်္ဂလာ-ထမင်းဦးခွဲသောမင်္ဂလာ၊ (၅) ကဏ္ဏဝိဒ္ဓနမင်္ဂလာ-နားထွင်းသောမင်္ဂလာ၊ (၆) ဒုဿဂဟဏမင်္ဂလာ-အဝတ်ဆင်းသောမင်္ဂလာ၊ (၇) စူဠာကမ္မနမင်္ဂလာ-ဆွဲကုံးထုံးသောမင်္ဂလာ စသည်တို့ ဖြစ်ကြ၏။

ထိုသို့သော မင်္ဂလာခုနစ်ရပ်ကို ကျင်းပသောပွဲတိုင်းတွင်ထည်း သံဃာတော်အရှင်မြတ်များ မပါဝင်ဘဲ ကျင်းပသည်မရှိချေ။ ပွဲတိုင်းမှာပင် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး အမှူးပြုသော ရဟန်းသံဃာများအား ပင့်ဖိတ်ကျင်းပသည်ချည်း ဖြစ်လေသည်။

ဤသို့ဖြင့် မောင်သုခသည် အသက်ခုနစ်နှစ်အရွယ်သို့ ရောက်သည်နှင့် သူ၏ ရှေးပါရမီအလျောက် အလင်းဉာဏ်ပေါက်လာခဲ့တော့၏။ အခြားမဟုတ်၊ သူ၏စိတ်ထဲတွင် ငါတို့၏ဆရာသခင် ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးထံတော်၌ ရဟန်းသာမဏေပြုပြီးလျှင် ထေရ်မြတ်၏ ဩဝါဒများကို နာယူမှတ်သား၍ ကျင့်ကြံကြိုးတုတ် အားထုတ်ရပါမူ မည်မျှကောင်းလိမ့်မည်နည်း။ ဤသို့ပြုနိုင်လျှင် ရရှိခဲ့သော ငါ၏ လွတ်ဝသည် အရတော်လှပေစွဟူသော အတွေးအကြံတို့ ပေါ်ပေါက်လာခဲ့ခြင်းပင် ဖြစ်လေတော့သည်။

မောင်သုခသည် ဆိုင်းငုံတွေဝေနေသည်မဟုတ်။ ရှေးပါရမီ၏ လှုံ့ဆော်တိုက်တွန်းမှုကြောင့် ပေါ်ပေါက်လာခဲ့သော အတွေးအကြံတို့ကို လက်တွေ့အမြန် အကောင်အထည်ဖော်သူသာ ဖြစ်၏။ ထို့ကြောင့် မိခင်ဖြစ်သူ အားမဆိုင်းမတွ ဖွင့်ပြောအသိပေးကာ တောင်းဆိုလိုက်လေတော့သည်။

'မိခင်..သားတော်မောင်အနေနဲ့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးရဲ့ထံမှာ လက်ရင်းတပည့်အဖြစ်နဲ့ ရဟန်းသာမဏေအဖြစ် ခံယူပြီး အရှင်မြတ်ကြီးရဲ့ အဆုံးအမအတိုင်း ရဟန်းတရားကို အားထုတ်လိုပါတယ်။ ဒါကြောင့် ဒီအကြောင်းကို မထေရ်မြတ်ကြီးထံ လျှောက်ထားခွင့်ပန်ပေးပါ။ ခွင့်ပြုချက်ရတာနဲ့ အရှင်မြတ်ကြီးရဲ့ ကျောင်းတော်ကို သွားရောက်ကြပြီး အရှင်မြတ်ထံတော်ပါးမှာ ရဟန်းသာမဏေပြုပေးပါ မိခင်'

ထိုအခါ မိခင်ဒါယိကာမကြီးအဖို့ ဝမ်းနည်းဝမ်းသာနှစ်ဖြာသော ခံစားမှုတို့နှင့် ရင်ဆိုင်ရလေတော့၏။ ဝမ်းနည်းသည်မှာ အသက်အားဖြင့် ခုနစ်နှစ်မျှသာရှိသေးသော သားငယ်ကို အတူနေ၍ ချစ်ခင်မြတ်နိုးရှိမှ အားမရသေးခင် ရှင်သာမဏေပြုပေးလိုက်ပါက ခွဲခွာရတော့မည်ဖြစ်သောကြောင့်ပင်။ မိခင်တစ်ဦးအနေဖြင့်မူ မျက်စိအောက်က အပျောက်မခံဘဲ အရိပ်တကြည့်ကြည့် ချစ်ခင်နေလိုသေးပေသည်။ ရှင်သာမဏေ ဖြစ်သွားခဲ့လျှင်မူ ဆရာသမားဖြစ်သော အရှင်မြတ်ကြီး၏ ကျောင်းတော်တွင်သာ သီတင်းသုံးစေရမည်ဖြစ်သည်။ ရသေ့၊ ရဟန်း၊ သာမဏေတို့မည်သည် ဖန်ရည်ဆိုးသော သင်္ကန်းတော်ကို ဝတ်ရုံပြီးသည်နှင့် လူဝတ်ကြောင်တို့၏ အိမ်ရာများ၌ လူတို့နှင့်အတူ မိသားစုသဖွယ် လက်ပွန်းတတီး အရောရောအနှောနှော နေထိုင်၍ တင့်တယ်တော့သည်မဟုတ်။ သံဃာဟူသည်မှာ ညီညွတ်သော အစုအဝေး အသင်းအဖွဲ့သာဖြစ်၍ မိမိတို့တူရာ,တူရာ ရဟန်းသံဃာသာမဏေများချင်းသာ အတူစုဝေးနေထိုင် သီတင်းသုံးကြရမြဲ ဖြစ်၏။ ထို့ကြောင့် သား၏အလိုကိုလိုက်လျှင် မိမိမျက်စိအောက်မှ ခွဲခွာ၍ ကျောင်းတော်တွင်သာ သီတင်းသုံးနေထိုင်စေရတော့မည်ဖြစ်၍ ဝမ်းနည်းမိခြင်းပေတည်း။

သို့ရာတွင် တစ်ပြိုင်နက်တည်းတွင်လည်း သား၏

www.burmeseclassic.com

www.burmeseclassic.com

တောင်းဆိုမှုအတွက် ဝမ်းသာသော ခံစားမှုကလည်း တူပြိုင်ဖြစ်ပေါ်လျက်ရှိပြန်၏။ အကြောင်းရင်းမှာ သားဇ၏အလိုဆန္ဒကို ပန်ဆောင့်ယှက် မဆန့်ကျင်တော့ဘဲ လိုက်လျောပေးလိုက်ခြင်းပြင့် သားငယ်သည် စကန်စိတ်ချမ်းသာရမည်ဖြစ်သည်။ ထို့အပြင် မိဘများဖြစ်သော မိမိတို့ ဇနီးမောင်နှံတို့သည်လည်း သာသနာ့ဒါယကာဆိုသော သာသနာ့အမွေကိုခံပြီးလျှင် သာသနာတော်ကြီး၏ အလင်းရောင်ကို ခိုလှုံခွင့်ရရှိကြသူများ ဖြစ်သွားကြပေမည်။ ထိုအကြောင်းနှစ်ချက်ကတော့ အထူးဝမ်းသာကျေနပ်ဖွယ် ဖြစ်နေပြန်၏။ ထို့ကြောင့် ခင်ပွန်းသည်ကိုသာ တိုင်ပင်ရလေတော့သည်။

'ကဲ...သားကလေး မောင်သုခကတော့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးထံမှာ သာမဏေပြုပေးဖို့ တောင်းဆိုနေပြီ တော်ရော့။ ကျွန်မအဖို့တော့ ခွင့်ပြုရနိုးနိုး တားဆီးရနိုးနိုးနဲ့ အကျပ်ကျတော့တာပဲ။ တားဆီးလိုက်လို့ သားကလေး စိတ်ဆင်းရဲသွားမှာစိုးတာကတစ်ဖက်၊ ခွင့်ပြုလိုက်ပြန်အတွက်လည်း သားကလေးကို ကိုယ့်မျက်စိအောက်ကနေခွဲဝေးရမှာကိုက ပို့ထားရမှာ မလိုလားတာကတစ်ဖက်နဲ့ ဘယ်လိုဆုံးဖြတ်ရမှန်းကို မသိတော့ဘူး။ အဲဒီကိစ္စကို ဖခင်တစ်ယောက်အနေနဲ့ ဘယ်လိုသဘောရသလဲဆိုတာ ပြောပါဦး'

ဤနေရာတွင် ဖခင်ဖြစ်သူ ခင်ပွန်းသည်၏ သဘောကတော့ ပြတ်သားလေသည်။ မိန်းမသားဖြစ်သူ မိခင်ဒါယိကာမကြီးကဲ့သို့ စိုးရိမ်ကြောင့်ကြနေခြင်းမရှိ။

'ဒီကိစ္စအတွက်ဖြင့် အတွေးရခက်မနေပါနဲ့ ရှင်မရယ်။ ပြန်စဉ်းစားကြည့်စမ်းပါ။ ငါတို့ သားကလေးဟာ သူ့သန္ဓေကို ကိုယ်ဝန်ဆောင်ခဲ့ရပြီဆိုကတည်း ငါတို့အားလုံးအတွက် အတိတ်ကောင်း နိမိတ်ကောင်းနဲ့ အေးချမ်းသာယာမှုတွေကို ချည်းပဲ ခံစားတွေ့ကြုံရစေခဲ့တာ မဟုတ်လား။ ဒါကြောင့်လည်း တို့က မောင်သုခလို့တောင် နာမည်မှည့်ပေးခဲ့ကြရတာလေ။ သူပါရမီဓာတ်ခံကိုက ရတနာသုံးပါးနဲ့ စပ်ခဲ့သူမို့ ချင်ခြင်းတပ်တာတောင်မှ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးနဲ့ ပေးနှောင်ဆက်ဝါးရာကို သတရသဆွမ်းဘောဇဉ်ကပ်လှူစေပြီး သူပို့ဆိုး စားကြွင်းကို ဖန်ရည်ဆိုးတဲ့ အဝတ်ကို ဝတ်ဆင်ပြီး စားလိုတဲ့ချင်ခြင်းတပ်ခဲ့တာလေ။ ခုလိုငယ်ငယ်ရွယ်ရွယ်ကလေးနဲ့ ရဟန်းသာမဏေပြုလိုတယ်လို့ တောင်းဆိုလာခဲ့တာဟာ သူပါရမီဓာတ်ခံကြောင့်ဆိုတာ ထင်ရှားလှတယ်။ မတားဆီးပါနဲ့ကွယ်။ အရှင်မြတ်ကြီးရဲ့ ကျောင်းတော်မှာ သီတင်းသုံးနေတော့လည်း ဘာဖြစ်သလဲ။ ငါတို့နဲ့ သာဝတ္ထိတစ်မြို့တည်းမှာ ရှိနေတာပဲ။ အတူတူ တစ်အိမ်တည်း ညမအိပ်ရတာကလွဲလို့ ငါတို့ဟာ ဆွမ်း၊ ကွမ်းပစ္စည်းလေးပါး သွားရောက်လှူဒါန်းရင်းနဲ့ နေ့စဉ် သွားတွေ့နိုင်ခွင့် ရှိနေတာပဲ။ ရာသက်ပန် မမြင်ရမတွေ့ရအောင် ကင်းကင်းပြတ်ပြတ်ကြီး ဖြစ်သွားမှာမှ မဟုတ်တာ။ သားကလေးဆန္ဒ ရှိတဲ့အတိုင်း ဆောင်ရွက်ပေးကြဖို့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကိုသာ တို့အိမ်ကို ပင့်ဖိတ်ဆွမ်းဆက်ကပ်ပြီး သားကလေးကို ရှင်သာမဏေပြုပေးဖို့ အသိပေးလျှောက်ထားကြတာ အကောင်းဆုံးပေါ့။ ဘာမှ နောက်တွန့်မနေနဲ့ ရှင်မ။ သားရဲ့ဆန္ဒကို လိုက်လျောလိုက်ကြတာ အကောင်းဆုံးပဲလို့သာ ဆုံးဖြတ်ချက်ချလိုက်ပေတော့'

ခင်ပွန်းသည်၏ အကြံပြုချက်စကားကို ကြားရသော အခါတွင်မှ မိခင်ဖြစ်သူ ဒါယိကာမကြီးမှာ ပြတ်သားစွာ ဆုံးဖြတ်ချက်ချနိုင်တော့၏။ ထို့ကြောင့် မိခင်ဖခင်တို့သည် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကို မိမိတို့ အိမ်ဧကာသို့ ပင့်ဖိတ်ကြ၍ ဆွမ်းဘောဇဉ်များ ဆက်ကပ်ကြရင်း လျှောက်ထားကြလေသည်။

'အရှင်မြတ်ဘုရား...တပည့်တော်မတို့ရဲ့ သားကလေး မောင်သုခဟာ အရှင်တို့ရဲ့ထံပါးမှာ ရှင်သာမဏေပြုလိုလှပါတယ်ဘုရား။ ဒါကြောင့် တပည့်အဖြစ် သတ်မှတ်ပြီး ရှင်သာမဏေအဖြစ်သို့ သွတ်သွင်းချီးမြှင့်ပေးတော်မူပါ။ အရှင်ဘုရား ခွင့်ပြုတော်မူပါလျှင် ယနေ့ည နေချမ်းအခါမှာပဲ သားကလေးကို အရှင်ဘုရားတို့ ကျောင်းတော်သို့ ခေါ်ဆောင်လာခွင့်ပေးတော်မူပါဘုရား'

မထေရ်မြတ်ကြီးအနေဖြင့်မူ မောင်သုခကလေးကို မမွေးဖွားမီကပင်လျှင် မိခင်ဖြစ်သူ ချင်ခြင်းတပ်ခဲ့ချိန်ကတည်းက စတင်သိရှိခဲ့ပြီးဖြစ်သည်။ မွေးဖွားလာပြီးနောက် ယခု ခုနစ်နှစ်သားအရွယ်သို့ ရောက်သည့်တိုင် မောင်သုခနှင့် ပတ်သက်၍ ကျင်းပခဲ့သော မင်္ဂလာခုနစ်ရပ်သောပွဲတို့၌လည်း ပါဝင်ချီးမြှင့်ခဲ့ရသည်ချည်းဖြစ်၍ မောင်သုခကို ရင်းနှီးနေပြီဖြစ်သည်။ မိဘနှစ်ပါးမှာလည်း ဆရာရင်း၊ ဒကာရင်းများ ဖြစ်ကြသောကြောင့် အထူးငြင်းဆိုနေဖွယ် မရှိလေပြီ။ ထို့ကြောင့် မောင်သုခကို ရှင်မဏေပြုပေးရန် ကိစ္စအတွက် ခွင့်ပြုချက်ပေးတော်မူခဲ့ပြီး ကျောင်းတော်သို့ ပြန်ကြွချီတော်မူလေသည်။

မိခင်၊ဖခင်တို့သည် အရှင်မြတ် ပြန်လည်ကြွချီသွားပြီး

www.burmeseclassic.com

ညနှင့်ပင် အဆွေအမျိုးတို့ကို ခေါ်ယူ၍ စည်းဝေးတိုင်ပင်ကြလေတော့သည်။ အဆွေအမျိုးတို့ကလည်း ဝမ်းမြောက်သာသောတူ ကောင်းချီးပေးတိုက်တွန်းကြတော့၏။ ဆင်ခြင်စဉ်သူသည် ငါ၏သားကလေး မောင်သုခအား လူ၏ အမြင်ဖြင့် ပြုစုချီးမြှောက်ရခြင်းသည် ယနေ့နောက်ဆုံးဖြစ်၍ အဖွမ်းကုန်ပြုစုကာ ဓာန်ဆာဆင်ရတော့မည်ဟု အကြံ ပေါ်ခဲ့ပေသည်ဖြစ်၏။ ထို့ကြောင့် ညနေချမ်းသို့ မရောက်မီတွင် ဆေးရေတို့ဖြင့် ရေချိုးစေ၏။ ပြီးလျှင် မြင့်မြတ်ကောင်းမွန်ကြယ်လှစွာသော အဆင်တန်ဆာတို့ကို ဆင်ယင်စေပြီး ကြယ်ခမ်းနားတင့်တယ်စွာ အဆွေအမျိုးမိတ်သင်္ဂဟများခြံရံလျက် အရှင်သာရိပုတ္တရာမထရ်မြတ်ကြီး၏ ကျောင်းတော်သို့ သိုက်သိုက်ဝန်းဝန်း လိုက်လံပို့ဆောင်ပေးလေသည်။ ထို့ကြောင့် မောင်သုခကလေး၏ ရှင်ပြုပွဲမင်္ဂလာအခမ်းအနားသည် များစွာသိုက်မြိုက်စည်ကားလှပေတော့သည်။

မောင်သုခကလေး၏ စိတ်နလုံးတွင်မူ ကျောင်းတော်အတွင်းသို့ ခြေချလိုက်မိသည်နှင့်ပင် ရွှင်ပြုံးကြည်လင်၍ ရှေးပါရမီအဟုန်ကြောင့် ဩော်...သံသရာဝဋ်ပေါက် လွတ်မြောက်ရာလွတ်မြောက်ကြောင်း တရားခမ္မတို့ကို ထူးပူးနာယူ ကြိုးစားအားထုတ်ခွင့် ရပေတော့မယ်ဟူသော အလင်းရောင်စိတ်ကူးဉာဏ်များလည်း ပေါ်ပေါက်လာနေ၏။ ကျောင်းတော်ပေါ်သို့ရောက်ကြ၍ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကို ရှိခိုးဦးချကန်တော့ကြပြီးသောအခါတွင် မထေရ်မြတ်ကြီးက အများရှေ့မှာပင် မေးမြန်းတော်မူလေသည်။

'ချစ်သားကလေး မောင်သုခ...ရှင်ရဟန်းတို့၊ ရှင်သာမဏေတို့အဖြစ်ဆိုတာ လွန်စွာမှ ဆင်းရဲတော်မူကြတယ်။ အဲဒါကို လိုချင်သော်လည်း အအေးကို ရခဲ့ပါက ရတဲ့အအေးခွက်ဟာ မျှတရောင့်ရဲကြရ...ယ်။ သူတစ်ပါးကို အမှီပြုဆောက်မွေးကြရတဲ့အတွက် လှူဒါန်းကျွေးမွေးကြတဲ့ ဆွမ်းဟာ ဆွမ်းဒကာမတို့ရဲ့ မျက်နှာကိုကြည့်ပြီးတော့ သူတို့၏ စားနာသဒ္ဓါတရားကိုလည်း မယုတ်ပြားစေရအောင် ထိန်းသိမ်းစောင့်ရှောက်ရတာကတစ်မျိုး၊ ကိုယ့်အမိ,အဖ၊ အဆွေအမျိုးရယ်လို့ အနီးမှာ တိုးတိုးဖော်လောက်မျှမရှိဘဲ တစ်ပါးတည်းစား၊ တစ်ပါးတည်းနေ၊ တစ်ပါးတည်းအိပ်၊ သပိတ်ကိုယ်ထုံးကိုသာ အားကိုးပြီး ခြိုးခြံစွာနေရတာက တစ်မျိုးနဲ့မို့ အသည်းစိတ်မာတပါးရမီနဲ့ ရှင်ရဟန်း၊ ရှင်သာမဏေအဖြစ်မှာ ပျော်မွေ့နိုင်ခဲကြလှတယ်။ ချစ်သားမောင်သုခရော အဘက်ဘက်က ရောင့်ရဲခြိုးခြံပြီး ရှင်သာမဏေဘဝမှာ ကြာရှည်ပျော်မွေ့နိုင်ပါ့မလား'

မထေရ်မြတ်သည် မောင်သုခအား ရှင်သာမဏေအဖြစ်သို့ သွတ်သွင်းချီးမြှင့်ပေးခြင်းမပြုမီ ကြိုတင်၍ သွေးတိုးစမ်းမေးမြန်းတော်မူလိုက်ခြင်း ဖြစ်၏။ တစ်နည်းအားဖြင့် ယခုအချိန်တွင် နောက်ဆုတ်လိုက ဆုတ်နိုင်သေးသည်ဟု သွယ်ဝိုက်သတိပေးလိုက်ခြင်းလည်း ဖြစ်၏။ သို့ရာတွင် ရှေးပါရမီအဟုန် အလိမ္မာဂုဏ် အညွှန့်အဖူးနှင့် ထူးကဲပြည့်စုံပြီးဖြစ်သော မောင်သုခကလေးသည် အရွယ်အားဖြင့်သာ အသက်ခုနစ်နှစ်သားမျှသာ ရှိသေးသော်လည်း အန္တိမဘဝိကပုဂ္ဂိုလ် ဖြစ်နေခဲ့လေပြီ။ အန္တိမဘဝိကပုဂ္ဂိုလ် ဆိုသည်မှာ ယခုရရှိနေသောဘဝသည် သံသရာ၌ ကျင့်လည်ရန် နောက်ဆုံးဘဝအဖြစ်သို့ ရောက်ရှိဖြတ်သန်းနေသော ပုဂ္ဂိုလ်ဟု ဆိုလို၏။ ထို့ကြောင့် မောင်သုခက နောက်မတွန့် စတမ်း ပြန်လည်လျှောက်ထားလေသည်။

'အရှင်မြတ်ဘုရား...တပည့်တော်သည် သာမဏေဘောင်တွင် အရှင်မြတ်တို့၏ ဩဝါဒအဆုံးအမအတိုင်း လိုက်နာကျင့်ကြံ၍ ပျော်မွေ့စွာ နေထိုင်ပါ့မယ်ဘုရား'

မောင်သုခကလေး၏ ရဲရဲတောက်လျှောက်ထားချက်ကို ကြားကြရသောအခါ မထေရ်မြတ်ကြီးနှင့်တကွ အနီးအပါးရှိ အခြားရဟန်းတော်များသည်လည်းကောင်း၊ မောင်သုခ၏ အမိ,အဖ အဆွေအမျိုးတို့သည်လည်းကောင်း များစွာဝမ်းမြောက်ကြလေသည်။ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကိုယ်တော်တိုင်ကလည်း သာသနာတော်တွင်ဖြင့် အရောင်ပြောင်ဦးမည့် ပုဂ္ဂလဝိသေသကလေးပဲဟု ဒက်ခနဲ သိတော်မူ၏။ ထို့ကြောင့် ရှင်ကျင့်ဝတ်သိက္ခာပုဒ်တော်ဒေသနာတို့ကို ဟောကြားဆုံးမ နည်းလမ်းပြတော်မူပြီးနောက် သင်္ကန်းကို ဝတ်ဆင်၍ ရှင်သာမဏေအဖြစ်သို့ရောက်အောင် ချီးမြှောက်တော်မူလေသည်။

မောင်သုခသည် သာမဏေဘဝသို့ ရောက်ရှိသွားပြီး သုခသာမဏေဟု မထေရ်မြတ်က ခေါ်ဆိုခြင်းကို ခံယူရပြီးသည်နှင့်ပင် ဝါတော်ခြောက်ဆယ်ရ မထေရ်ကြီးများကဲ့သို့ တည်ငြိမ်သောဣန္ဒြေနှင့် ပုံစံပြောင်းသွားလေတော့သည်။ ထို့ကြောင့် မိခင်,ဖခင်၊ ဆွေမျိုးသားချင်းတစ်စုတို့သာမက ပူးမြင်ရသူတိုင်းကပင် များစွာကြည်ညိုကြရလေသည်။

မိခင်ကြီးမှာမူ သားဖြစ်သူသုခသာမဏေ၏ တည်ငြိမ်

www.burmeseclassic.com

www.burmeseclassic.com

သော ဤနှစ်နှင့် အနေအထိုင်ကို ဝမ်းမြောက်ကြည်ညိုလှသဖြင့် ငါသားကလေးအား လူအဖြစ်၌ အားရအောင် မချီးမြှောက်ခဲ့ရသော်လည်း ယခုသင်္ကန်းတော် ရွှေရောင်နှင့် သာမဏေဘဝတွင် ချီးမြှောက်ဦးမည်ဟု ကြိုစည်လျက် ဘုရားရှင်ကို အမှူးထား၍ ကျောင်းတိုက်ရှိ သံဃာတော် အရှင်မြတ်တို့အား ခုနစ်ရက်တိုင်တိုင် တစ်ရာသော အရသာကိုဆောင်သည့် သတရသဘောခဲဖြင့် လှူဒါန်းဆက်ကပ်ရန် အစီအစဉ်ဆွဲလေတော့သည်။

ဤသို့ဖြင့် အရှင်မြတ်များ ဟောကြားတော်မူသော တရားတော်ဒေသနာများကို ကြားနာမှတ်သားနာယူလျက် ခုနစ်ရက်စေ့သော ညချမ်းတွင်မှ မိမိတို့အိမ်သို့ ပြန်ကြလေသည်။ သုခသာမဏေကလေးမှာမူကား ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ ကျောင်းတော်မှာပင် မွေ့လျော်စွာ သီတင်းသုံးကျန်ရစ်နေခဲ့လေတော့သည်။

(၄)

သုခသာမဏေကလေး ရှင်သာမဏေဘဝသို့ ရောက်ရှိခဲ့ပြီး၍ ရှစ်ရက်မြောက်သောနေ့။

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ ကျောင်းတော်တွင် ခုနစ်ရက်တိုင်တိုင် သတရသဘောခဲ့ကို ဆက်ကပ်လှူဒါန်းသော အလှူဒါနပွဲကြီးလည်း ပြီးခဲ့သောနေ့က ပြီးဆုံးသွားခဲ့ပြီမို့ ရှစ်ရက်မြောက်သော ဤယနေ့အဖို့ရာတွင် မူလအစဉ်အလာအတိုင်း သံဃာတော်များအဖို့ မြို့ရွာထဲရှိ မိမိတို့ ဆွမ်းခံအိမ်များသို့ ဆွမ်းခံကြွရောက်ကြရတော့မည် ဖြစ်သည်။ သုခသာမဏေကလေးကမူ ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ နောက်တော်ပါးမှ လိုက်ပါ၍ ဆွမ်းခံကြွရမည်ဖြစ်၏။ မထေရ်မြတ်ကြီးသည် ကျောင်း၌ပြုအပ်သော သေနာသနဝတ် စသည်တို့ကို ပြုပြီးလျှင် သုခသာမဏေကလေးအား သပိတ်၊ သင်္ကန်းတို့ကို ယူစေ၍ ဆွမ်းခံရန်အတွက် ကျောင်းတော်မှထွက်တော်မူ၏။ ထိုအခါ သုခသာမဏေကလေးက မထေရ်မြတ်ကြီး၏ နောက်တော်ပါးမှ သပိတ်၊ သင်္ကန်းတို့ကို သယ်ဆောင်၍ လိုက်ပါခဲ့ရ၏။ ဤတွင် လမ်းခရီးတစ်နေရာသို့ ရောက်သောအခါ ဖြတ်ကူးစရာ ရေမြောင်းတစ်ခုကို တွေ့ရှိရသည်၌ သုခသာမဏေကလေးက မေးလျှောက်လေသည်။

'အရှင်ဘုရား...ယခုမြင်တွေ့ ဖြတ်ကျော်ရမည့်အရာကို ဘယ်လိုခေါ်ပါသလဲဘုရား'

'ချစ်သားသာမဏေ၊ အဲဒါကို ရေမြောင်းလို့ခေါ်တယ်'

'ဤရေမြောင်းဖြင့် ဘာလုပ်ရပါသလဲ အရှင်ဘုရား'

'ချစ်သား...ဤရေမြောင်းဖြင့် ထိုမှ ဤမှ အလိုရှိရာ အရပ်သို့ ရေကို သယ်ဆောင်စီးဆင်းစေပြီး လယ်ယာလုပ်ငန်းများ လုပ်ကိုင်ခြင်းအမှုကို ပြုကြရခြင်းဖြစ်တယ်။ ရေတွေဟာ ဖောက်သွယ်ထားတဲ့ မြောင်းအတိုင်း စီးဆင်းသွားပြီး လိုအပ်တဲ့ လယ်မြေ၊ ယာမြေတွေထဲကို ရောက်အောင် သွားကြတယ်'

'အရှင်မြတ်ဘုရား...တပည့်တော်မသိလို့ မေးလျှောက်ပါရစေဦး။ ရေတွေဟာ ဖောက်သွယ်ထားတဲ့မြောင်းအတိုင်း စီးဆင်းသွားပြီး လိုအပ်တဲ့ လယ်မြေ၊ ယာမြေတွေထဲကို ရောက်အောင် သွားကြတယ်ဆိုတော့ အဲဒီရေမှာ စိတ်ရှိပါသလားဘုရား'

'ရေဆိုတာ ဘယ်မှာစိတ်ရှိပါ့မလဲ သာမဏေကလေးရဲ့'

ထိုဖြေကြားချက်မှာပင် သုခသာမဏေကလေး၏ အသိဉာဏ်ဝယ် အံ့အားသင့်ခြင်းတို့ ဖျတ်ခနဲ ပေါ်ပေါက်လာခဲ့၏။ ထို့ကြောင့် ထပ်မံမေးလျှောက်မိပြန်လေသည်။

'အရှင်မြတ်ဘုရား...စိတ်မှကင်းတဲ့ စိတ်မရှိတဲ့ရေကို မိမိအလိုရှိရာဌာနသို့ ယူဆောင်ပြီး လယ်ယာလုပ်ငန်း လုပ်ကိုင်ကြပါသလားဘုရား'

'ချစ်သားသုခသာမဏော...စိတ်မရှိတဲ့ရေကို မိမိအလိုရှိရာ အရပ်ဌာနကို ဆောင်ယူနိုင်ကြသည်ကား အမှန်ပဲဖြစ်တော့တယ်။ ယခုပဲ ချစ်သားကိုယ်တိုင် မျက်မြင်ပဲလေကွယ်'

သုခသာမဏေကလေးထံမှ နောက်ထပ်မေးခွန်းထွက်ရှိမလာတော့ဘဲ ရပ်တန့်တိတ်ဆိတ်သွားလေသည်။ သို့ရာတွင် သာမဏေ၏ အသိထဲတွင်မူ မေးခွန်းတစ်ခု ပေါ်လာနေ၏။ ထိုမေးခွန်းသည် အရှင်မြတ်ကြီး၊ သို့မဟုတ်ဘဲ မိမိကိုယ်မိမိ ပြန်မေးနေသော မေးခွန်းဖြစ်၏။ အခြားမဟုတ်။

'ကြည့်စမ်း၊ စိတ်မရှိတဲ့ ရေကိုပင်လျှင် မိမိအလိုရှိရာ နေရာဌာနကို ရအောင်ယူဆောင်၍ လယ်လုပ်ခြင်းအမှုကို ပြုနိုင်ကြတယ်ဆိုပါလျှင် စိတ်နှင့်တကွဖြစ်သော သူငါတို့သည် စိတ်ကို မိမိအလိုရှိရာသို့ လိုက်ပါစေပြီး ရဟန်းတရားကို အာယ်ကြောင့် ပွားများကာ အားမထုတ်နိုင်ဘဲ ရှိရပါမည်နည်း' ဟူသော မေးခွန်းသာ ဖြစ်လေတော့သည်။

ထိုမေးခွန်းနှင့်အတူ မိမိကိုယ်မိမိ အပြစ်တင်လိုသော စိတ်တို့လည်း ပေါ်ပေါက်၍လာနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် မိမိတစ်ကိုယ်တည်း အမျိုးမျိုးတွေးတော ဆွေးစဉ် ဆက်လက်လိုက်ပါသွားပြန်ရာ ရှေ့ဘက်တစ်နေရာ သို့ ရောက်ပြန်လျှင် လမ်းနံဘေးဌ မီးဖိုကလေးတစ်ဖို့,ဖို့၌ ဝါးမြားတံများကို မီးကင်လိုက်၊ မျက်လုံးတစ်ဖက်မှိတ်၍ ဖြောင့်၏,ကောက်၏ ကြည့်လိုက်၊ တစ်ဖန် ထိုမြားတံကို ဒီဇိုင်း ပြန်ကင်လိုက်နှင့် တစ်ယောက်တည်း အလုပ်ရှုပ် လျက် ရှိနေသူတစ်ဦးကို မြင်ရပြန်လေသည်။ ထို့ကြောင့် သုခသာမဏေကလေးက မေးလျှောက်ပြန်၏။

'အရှင်ဘုရား..ယခုတွေ့မြင်နေရတဲ့ မီးဖိုနံဘေးကလူ ဟာ ဘာအလုပ်တွေ ရှုပ်နေတာလဲဘုရား'

'ချစ်သားသုခသာမဏေ၊ အဲဒီလူဟာ လေးသမားတစ် ယောက်ဖြစ်တယ်။ သူ့ရဲ့လေးမှာ ထည့်ပြီးပစ်မယ့် ငါးမြား တံတွေကို မီးကင်ပြီး ဖြောင့်တန်းအောင် ပြုပြင်စီရင်နေခြင်း ဖြစ်တယ်။ မြားတံတွေဟာ ဖြောင့်တန်းနေမှ သူစေလွှတ် ရာပစ်မှတ်ကို တည့်တည့်ထိမှန်နိုင်မှာမို့ အခုလို မီးအပူပေး ပြီး ဖြောင့်နေခြင်း ဖြစ်တယ်ကွယ့်'

'အရှင်ဘုရား..မြားတံတွေဟာ သူနဂိုနေအတိုင်းက တည်းက ဖြောင့်တန်းနေတာ မဟုတ်ဘူးလားဘုရား'

'မြားတံသပ်တဲ့ ဝါးတံတွေဟာ သူနဂိုအတိုင်း သဘာဝ အလျောက်အားဖြင့် ဖြောင့်တန်းနေတာမျိုး ရှိကောင်းရှိနိုင် တာပေါ့။ ဒါပေမဲ့ အင်မတန်ရှားပါးလိမ့်မယ်။ ဒါကြောင့် လေးသမားဟာ အချောသပ်ပြီးတဲ့ ဝါးမြားတံတွေကို မျက်စိ နဲ့ကြည့်ပြီး ချိန်ကြည့်လိုက်၊ ကွေးနေတဲ့နေရာတွေကို မီး အပူပေးပြီး ဖြောင့်ပေးလိုက်နဲ့ ပြုလုပ်နေရတာပဲ'

'အဲဒီလိုလုပ်ပေးလိုက်ရဲ့နဲ့ ဝါးမြားတံတွေက ဖြောင့် တန်းသွားကြသတဲ့လားဘုရား'

'မူလသဘာဝအရ ကွေးကောက်ပေမယ့် လေးသမား က သူ့အလိုကျပြုပြင်စီရင်တဲ့အခါမှာတော့ တစ်ပြေးညီ ဖြောင့်တန်းသွားကြတော့တာပေါ့ကွဲ့။ ဒါမှလည်း ဦးတည် ရာပစ်မှတ်ကို ဖြောင့်ဖြောင့်သွားရောက်နိုင်ကြတော့တာပေါ့'

'ဒီလိုဖြင့် တပည့်တော် မေးလျှောက်ပါရစေဦး။ အဲဒီ ဝါးမြားတံတွေမှာ စိတ်ရှိပါသလားဘုရား'

'ဝါးမြားတံမှာ စိတ်ရယ်လို့ ဘယ်ရှိပါ့မလဲ သာမဏေ ထူးလေးရဲ့'

ဤတွင် သုခသာမဏေကလေး၏ နှလုံးသားဝယ် ဒုတိယအကြိမ်မြောက် အံ့အားသင့်ခြင်းတို့ ခိုဝင်လာကြပြန် လေသည်။ ထို့ကြောင့် အလောသုံးဆယ် မေးလျှောက်မိပြန် တော့၏။

'အရှင်ဘုရား..စိတ်မှကင်းတဲ့ စိတ်မရှိတဲ့ ကွေးကွေး ကောက်ကောက် ဝါးမြားတံတွေကို ဖြောင့်တန်းစေပြီး မိမိ အလိုရှိရာ ပစ်မှတ်သို့ အရောက်သွားစေဖို့ စေခိုင်းနိုင်ကြပါ သလားဘုရား'

'ချစ်သားသုခသာမဏေ..စိတ်မရှိတဲ့ ဝါးမြားတံတွေ ကို တစ်ပြေးညီ ဖြောင့်တန်းစေပြီး မိမိအလိုရှိရာပစ်မှတ် သို့ အရောက်စေလွှတ်နိုင်ကြတယ်ဆိုတာ အမှန်ပဲဖြစ်တော့ တယ်။ ယခုပဲ ချစ်သားကိုယ်တိုင် ဝါးမြားတံတွေ ဖြောင့်နေ ပုံကို မျက်ဝါးထင်ထင်ပဲ မဟုတ်လားကွယ့်'

သုခသာမဏေကလေး၏ အသိဉာဏ်ထဲဝယ် ဒုတိယ အကြိမ်မြောက် သံဝေဂမေးခွန်းက ထပ်ဆင့်ပေါ်ပေါက်လာ ပြန်လေတော့သည်။ စောစောတုန်းကတော့ စိတ်မရှိသော ရေ၊ ယခုတစ်ခါတော့ စိတ်မရှိသော ဝါးမြားတံ။

'ဒီမှာလည်း နောက်တစ်ကြိမ် ကြုံလာရပြန်ပြီ။ စိတ် မရှိတဲ့ ဝါးမြားတံကိုပင် ကွေးကောက်ရာက ဖြောင့်တန်း စေ၍ မိမိအလိုရှိရာ ပစ်မှတ်သို့ ထိမှန်ရောက်ရှိအောင် ပို့ ဆောင်စေလွှတ်နိုင်ကြသေးသည်ဆိုပါလျှင် စိတ်နှင့်တကွဖြစ် သော သူ,ငါတို့သည် စိတ်ကို မိမိအလိုရှိသလို ဖြောင့်တန်း စေ၍ မိမိအလိုရှိရာသို့ ပို့ဆောင်နိုင်စေမည့် ရဟန်းတရားကို အဘယ်ကြောင့် ပွားများအားမထုတ်နိုင်ဘဲ ရှိရပါမည်နည်း ဟူသော မေးခွန်းပင်ဖြစ်၏။ ထိုမေးခွန်းကြောင့် မိမိကိုယ်မိမို့ အားမလို အားမရ ဖြစ်မိသော ခံစားမှုများလည်း ဝင်ရောက် လာခဲ့ပြန်လေတော့သည်။

ဤသို့ဖြင့် ဆက်လက်၍ ကြွချီလာခဲ့ကြရာ ရှေ့ဘက် လမ်းကွေ့တစ်ချိုးသို့ ရောက်ပြန်သော် တံစဉ်း-ပဲခွပ်သမား တို့သည် သစ်သားတုံးကြီးမျ ခွဲ၍ ရထားလှည်းဘီး အလို့ငှာ အကန့်၊ အကွက်၊ ပုံတောင်း၊ စက်ဝန်း စသည်တို့ ပြုလုပ်နေကြသည်နှင့် တိုးရပြန်၏။

သုခသာမဏေကလေးကလည်း ယခင်နည်းအတိုင်း မေးမြန်းလျှောက်ထားပြန်၏။ အရှင်သာရိပုတ္တရာမထေရ် မြတ်ကလည်း ရှေးနည်းအတိုင်း ဖြေကြားပြန်လေရာ သုခ သာမဏေကလေး၏ စိတ်အတွင်း၌ 'သြော်..စိတ်မရှိတဲ့ သစ်တုံးတွေကိုယူ၍ မိမိအလိုရှိသော ရထား၊ လှည်း၊ ပုံ တောင်း၊ စက်ဝန်း စသည်တို့ကို ပြုလုပ်နိုင်ပါလျက် စိတ် ရှိသောငါတို့မှာ ဘယ်အတွက် စိတ်ကို မိမိလိုရာဆောင်၍ ရဟန်းတရားကို ပွားများကာ အားမထုတ်နိုင်ဘဲ နေရအံ့

www.burmeseclassic.com

www.burmeseclassic.com

နည်းဟု တတိယအကြိမ်မြောက် အလင်းဉာဏ်ပေါက်ကာ မိမိကိုယ်ကို အပြစ်ဆိုမိလေတော့၏။

သို့ရာတွင် တတိယအကြိမ်မြောက် အလင်းဉာဏ်ပေါက်ပြီးချိန်တွင်မူကား သုခသာမဏောကလေး၏စိတ်သည် ရဟန်းတရားကို ပြင်းပြစွာ ကြိုးကုတ်အားထုတ်ရန် သန္နိဋ္ဌာန်ခိုင်ခိုင်ချဆုံးဖြတ်လိုက်ပြီး ဖြစ်နေလေပြီ။ ရှေးအတိတ်မှ ပါလာသော ပါရမီ၏နိဿင်္ဆေမှုဖြင့် ရဟန်းတရားကို ယနေ့ပင် အားထုတ်ရန် အထက်သန်ကြီး ထက်သန်နေခဲ့လေပြီ။ ထို့ကြောင့် သုခသာမဏောကလေးက လျှောက်ထားလိုက်၏။

အရှင်ဘုရား..အရှင်ဘုရားတို့၏ သပိတ်၊ သင်္ကန်းတို့ကို အကယ်၍ အရှင်ဘုရားယူပါမူကား တပည့်တော်သည် ယခုပင် ကျောင်းတော်သို့ ပြန်လိုပါသည်ဘုရား'

အရှင်သာရိပုတ္တရာမထေရ်ကြီးကား သူ၏ ပူပူနွေးနွေး တပည့်ငယ် သာမဏောကလေးကို များစွာကရုဏာသက်မိသွားတော်မူလေသည်။ သူခမျာ ကလေးမှာ သာမဏောဘဝ သို့ရောက်ခဲ့၍ ရှစ်ရက်မြောက်ပြီသာ ဆိုရ၏။ မြို့ရွာအတွင်း လှည့်လည်ဆွမ်းခံခြင်းဟူသော အလေ့အထကို ယနေ့မှ စတင်ရခြင်းဖြစ်သည်။ အသက်အရွယ်အားဖြင့်လည်း ခုနစ်နှစ်ဆိုတော့ နေ့နယ်ငယ်ရွယ်လှရှာသေး၏။ သပိတ်၊ သင်္ကန်းတို့ကိုထမ်း၍ ငါ၏နောက်မှ တတန်းတန်း လိုက်ပါရခြင်းအတွက် ပင်ပန်းရှာပေမည်ဟုသာ ရိုးရိုးကြီးရွမြင့်သုံးသပ်တော်မူလိုက်၏။ သာမဏောကလေး၏ ရှေးအတိတ်ပါရမီနှင့် ရှေးဘုန်းရှေးကံတို့၏ လှုံ့ဆော်မှုကို ထည့်မတွက်မိချေ။

ရဟန်းတရားကို ယခုပင် ကျောင်းတော်သို့ပြန်၍ အပြင်းအထန် အားထုတ်ပေတော့အံ့ဟူသော သုခသာမဏောကလေး၏ ရင်တွင်းဆုံးဖြတ်ချက်ကို သိရှိတော်မူရန်အထိလည်း စဉ်းစားတွေးဆနေဖို့ အချိန်မရှိ။ ယခုပင် ဆွမ်းခံထွက်လာကြ၍ လမ်းခုလတ်မှာပင် ရှိနေကြသေးသည်မဟုတ်လော။

သို့သော် မထေရ်မြတ်ကြီးသည် ဥပနိဿယ်ဆရာပီပီ မိမိတပည့်သာမဏောကလေး၏ အလိုကို ဆန့်ကျင်ဖျက်ဆီးရန် ဆန္ဒရှိသူ မဟုတ်။ ထို့ကြောင့် အေးအေးချမ်းချမ်းပင် ခွင့်ပြုလိုက်လျောတော်မူလေသည်။

'ချစ်သားသုခသာမဏော..ငါ၏ သပိတ်၊ သင်္ကန်းတို့ကို ငါ့အား လွှဲပြောင်းပေးခဲ့၍ ကျောင်းတော်သို့ ပြန်လိုက်ပြန်ပေတော့။ ငါ ခွင့်ပြုပါတယ်ကွယ်'

မထေရ်မြတ်ကြီးသည် သုခသာမဏောကလေးထံမှ သပိတ်၊ သင်္ကန်းတို့ကို လက်လွှဲပြောင်းယူလိုက်ကာ ကျောင်းသို့ပြန်မည့် သာမဏောလက်သို့ သံကောက်ကို လွှဲပေးလိုက်လေသည်။ သံကောက်ဟူသည်မှာ ကျောင်းတော်၏တံခါးအဖွင့်,အပိတ်တွင် အသုံးချရသော ချိန်တွယ်စရာ သော့တစ်မျိုးပင်ဖြစ်၏။ ကျောင်းတော်မှထွက်လျှင် ထိုသံကောက်ဖြင့်သာ ကျောင်းတံခါးမကြီးကို ပိတ်ခဲ့ရ၏။ ပိတ်ခဲ့သော တံခါးမကြီးကို ထိုသံကောက်ဖြင့်ပင် ပြန်လည်ဖွင့်လှစ်ရ၏။ သာမဏောကလေးသည် သံကောက်ကို လက်ကမ်းယူလိုက်ပြီးနောက် ဆရာသခင်ထေရ်အရှင်ကို ကြည်လင်စွာ ရှိခိုးကန်တော့၏။ ပြီးလျှင် သူ၏အလိုဆန္ဒကို လျှောက်ထားလေသည်။

'အရှင်မြတ်ဘုရား..အကယ်၍ အရှင်ဘုရား အပြန်တွင် တပည့်တော်အတွက် အာဟာရဘောဇဉ်များ ဆောင်ယူခဲ့မည်ဆိုပါလျှင် အရသာတစ်ရာရှိသော သတရသဘောဇဉ်ကိုသာလျှင် ဆောင်ယူတော်မူခဲ့ပါဘုရား'

ထိုအခါ မထေရ်မြတ်က ပြန်၍မေးမြန်းတော်မူ၏။

'ချစ်သားသာမဏောကလေး..သတရသဘောဇဉ်ဆိုတာ သာမန်အားဖြင့် ဒကာ,ဒကာမများ နေ့စဉ် ချက်ပြုတ်နေကျဖြစ်တဲ့ ဆွမ်းဘောဇဉ်များလို အမြဲတမ်းလွယ်လွယ်ကူကူ အဆင်သင့်ရရှိ အလှူခံနိုင်တဲ့ ဘောဇဉ်မျိုးမဟုတ်ဘူးကွဲ့။ ဒီတော့ ချစ်သားအလိုရှိတဲ့ သတရသဘောဇဉ်ကို အဘယ်မှာ ရနိုင်ပါသလဲ'

ဤတွင် သုခသာမဏောကလေးက ပြန်လည်လျှောက်ထားလေသည်။

'ဘုန်းတန်ခိုးကြီးမားတော်မူသော အရှင်မြတ်ဘုရား..

www.burmeseclassic.com

www.burmeseclassic.com

အကယ်၍ အရှင်မြတ်၏ ကုသိုလ်ကောင်းမှုဖြင့် သတရသ ဘောဂဠာကို မရခဲ့သည်ရှိသော် တပည့်တော်၏ ကုသိုလ်ကောင်းမှုဖြင့်ပင် ရရှိခဲ့ပါလိမ့်မယ်ဘုရား'

စင်စစ်၌ ထိုလျှောက်ထားချက်သည် သုခသာမဏေကလေးက မိမိကိုယ်မိမိ အထင်တကြီးရှိလှသဖြင့် ထွက်ပေါ်လာသော လျှောက်ထားချက်မျိုး မဟုတ်ချေ။ အတိတ်ကံပါရမီ ယခုဘဝသို့ထိတိုင် လိုက်ပါအကျိုးပေးနေသော ကုသိုလ်တရား၏ အရှိန်အဟုန်ရိုက်ခတ်မှုကြောင့် သာမဏေငယ်၏ နှုတ်ဖျားမှ အလိုအလျောက် ထွက်ပေါ်လာခဲ့သော လျှောက်ထားချက်ပင် ဖြစ်လေသည်။

အရှင်မြတ်ကြီးက ခပ်ပြုံးပြုံးပင် မိန့်တော်မူ၏။

'ကောင်းပြီ ချစ်သားသုခသာမဏေ၊ ကဲ..ကဲ..သိပ်နေမပူခင် ကျောင်းတော်ကို ပြန်ကြွနှင့်ပေတော့ကွယ်'

သို့နှင့် သုခသာမဏေကလေးသည် ကျောင်းတော်သို့ ပြန်ရောက်သည်နှင့် ကျောင်းတံခါးကို သံကောက်နှင့် ဖွင့်၍ဝင်၏။ ထို့နောက် ဆရာရင်းမထေရ်မြတ်၏ အခန်းတွင်း သို့ဝင်ကာ အတွင်းမှ တံခါးကို ပြန်ဝိတ်ပြီးလျှင် မိမိကိုယ်၌ အလင်းရောင်ဉာဏ်သက်စေ၍ ရဟန်းတရားကို ကြိုးစားအားထုတ် ဆောက်တည်နေလေတော့သတည်း။

(၅)

သုခသာမဏေကလေးသည်ကား ဆရာအရှင်ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ ကျောင်းတော်သို့ ပြန်လည်ရောက်ရှိသည်နှင့်ပင် ရဟန်းတရားကို အပြင်းအထန် အားထုတ်ခဲ့လေပြီ။ ထိုအခါ သာမဏေ၏ ရှေးကုသိုလ်အကျိုးများ၏ ရိုက်ခတ်မှုက နေရာအနှံ့အပြားသို့ လှိုင်းလုံးများသဖွယ် တရစပ် ပျံ့နှံ့သွားလေတော့၏။ ထိုမှစတင်ကာ သူလည်းမနေရ၊ ငါလည်းမနေရ ဆိုသလို တစ်ပြုတစ်မကြီး ငန်းတိုက်လိုက်ပါကြရတော့ခြင်းပင်။

ထိုဒဏ်ကို ပထမဆုံး စတင်ရင်ဆိုင်ရသူကား တာဝတိံသာနတ်တို့ရွာ၏ အကြီးအမှူးဖြစ်သော သိကြားမင်းဖြစ်၏။ သုခသာမဏေကလေးက မိမိ၏ ဆရာအရှင်ဖြစ်သူ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ ကျောင်းတံခါးကိုပိတ်၍ ရဟန်းတရားကို အားထုတ်ပြီးနောက် ဘာမျှသိပ်မကြာလိုက်၊ သိကြားမင်း၏ ထိုင်နေရာ ပဏ္ဍုကမွှေးလာမြကျောက်ပြာသည် တဖြည်းဖြည်း ပြည့်တင်းခက်မာလာကာ တင့်ငွေ့ ပူပြင်းလာလေတော့သည်။

'ဟဲ့..ဟဲ့..ဟဲ့..ငါ့နေရာ ငါ့ကျောက်ဖျာက ဘယ်လိုဖြစ်လာတာလဲ။ ဧကန္တ အကြောင်းထူးတစ်စုံတစ်ရာတော့ ပေါ်ပေါက်နေပြီ။ ဘယ်သူတော်ကောင်းကိုများ အတာယ်သူယုတ်မာတစ်ဦးဦးက နှိုင်ထက်ကလူ ညှဉ်းပန်းနှိပ်စက်နေပြီလဲ။ ဒါမှမဟုတ် ဘယ်သူတော်ကောင်းတစ်ဦးဦးများ တရားထူးရဖို့ အပြင်းအထန် ကျင့်ကြံအားထုတ်နေပြီလဲ။ သေချာတယ်။ ငါ့ကျောက်ဖျာကတော့ ငါ မနေနိုင်လောက်အောင် တရှိန်ရှိန်ပူပြင်းတင်းမာပြီး အချက်ပြလာနေပြီ'

သိကြားမင်းသည် ပူလောင်တင်းမာလာသော ကျောက်ဖျာပေါ်မှ အလန့်တကြား ဆင်းပြေးရ၏။ ထို့နောက် သိကြားတို့၏ မူပိုင်ဖြစ်သော သဟဿကွိုနတ်မျက်စိဖြင့် လှမ်ပြည့်၊ နတ်ပြည့်၊ ဗြဟ္မာပြည့်တို့ကို ထက်အောက်စုံနန်းဆန် ကြည့်ရှုရာဖွေစူးစမ်းသော် လူပြည်မှ သုခသာမဏေကလေး၏ အပြင်းအထန်တရားအားထုတ်နေပုံကို ခြေရာခံမိလေသည်။ သည်အတိုင်း လက်ပိုက်ကြည့်နေ၍မဖြစ်။ သာမဏေကလေး၏ ရှေးဘုန်းရှေးကံက သိကြားမင်းကို ကောင်းကောင်းကြီး ဖိစီးထား၏။

'ဟဲ့..အမောင်နတ်သားတို့၊ မာတလိတို့၊ ဝိသကြို့တို့၊ အခုအမြန်လာကြစမ်း။ အေး..ရောက်ကြပြီလား။ အချိန်ဆိုင်းမနေကြနဲ့။ အခုပဲ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးကို အမြန်ခေါ်ကြစမ်းဟေ့'

သိကြားမင်း၏ အရေးပေါ်အမိန့်ကြောင့် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးလည်း အမြန်ရောက်ရှိ ခစားလာကြ၏။

'အရှင်သိကြားမင်းက ဆင့်ခေါ်တယ်ဆိုလို့ ဘယ်လို အကြောင်းကိစ္စ ပေါ်ပေါက်လို့ပါလိမ့် အရှင်သိကြားမင်းဘုရား'

'ကိုင်း..နတ်မင်းကြီးလေးပါးတို့ ယခုအခါ လူ့ဘုံက သာဝတ္ထိပြည်မှာရှိတဲ့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးရဲ့ ကျောင်းတော်မှာ ရဟန္တာလောင်းလျာဖြစ်တဲ့ သုခသာမဏေကလေး တရားအားထုတ်တော်မူနေတယ်။ အဲဒီကျောင်းတော်ကို သွားကြရမယ်။ ကျောင်းဝန်းကျင်အနီးအရပ်က မကောင်းဆိုးရွားအသံရှိကြတဲ့ ငှက်တွေကအစ နှင်ထုတ်ပြီး သစ်ရွက်ကြွေကျသံလောက်မျှ မကြားရအောင် အရပ်လေးမျက်နှာက စောင့်ရှောက်ကြပေတော့။ အဲဒါ အရေးပေါ် ကိစ္စပဲဗျာ'

'အမိန့်တော်အတိုင်း ဆောင်ရွက်ပါမယ် အရှင်သိကြားမင်း'

www.burmeseclassic.com

www.burmeseclassic.com

စတုမဟာရာဇိနတ်မင်းကြီး လေးပါးတို့လည်း သိကြားမင်း၏ အမိန့်အတိုင်း သုခသာမဏောကလေး တရားအားထုတ်တော်မူနေရာ ကျောင်းတော်ဝန်းကျင်သို့ အမြန်သွားရောက်ကာ စောင့်ရှောက်ကြလေသည်။

သိကြားမင်းကား ထိုမျှနှင့် တာဝန်မငြိမ်းသေး။ သုခသာမဏောကလေး စတင်တရားအားထုတ်ချိန်သည် ရဟန်းတော်တို့၏ နေ့ဆွမ်းအတွက် ဆွမ်းခံထွက်နေကြဆဲအချိန်သာဖြစ်ကြောင်း တွေ့ရှိရသောအခါ မျက်လုံးပြူးရပြန်လေသည်။ တော်တော်ကြာ မွန်းတိမ်းချိန်ရောက်တော့မှ ရဟန်းကိစ္စပြီးမည်ဆိုလျှင် ခက်ရချည့်။ ထိုရဟန္တာအရှင်မြတ်သည် မွန်းတိမ်းသွားသောကြောင့် ဆွမ်းမျှပင် ဘုဉ်းမပေးလိုက်ရဘဲ ရှိပေချိမ့်မည်။ ကိစ္စမရှိ၊ ထိုသို့မဖြစ်ရလေအောင် သူ ကာကွယ်နိုင်စွမ်းရှိ၏။

ထို့ကြောင့် နေနတ်သားနှင့် လနတ်သားတို့ကို အမြန်ဆင့်ခေါ်စေလိုက်ပြန်၏။ နေနတ်သားနှင့် လနတ်သားတို့ ရောက်လာကြသောအခါ ၄င်းတို့၏ ဗိမာန်များကို ကိုင်ဆွဲထိန်းချုပ်ထားကြရန် အမိန့်ပေးလိုက်၏။ အထူးသဖြင့် နေနတ်သားကို မွန်းတည့်ချိန်သို့ မရောက်ရန် နေဗိမာန်ကို ဆွဲထားဖို့ သတိပေးရ၏။ သို့မှသာ ရဟန္တာလောင်းလျာဖြစ်သော သုခသာမဏောကလေး ဆွမ်းဘုဉ်းပေးနိုင်မည် ဖြစ်သောကြောင့်ပင်။

သိကြားမင်းသည် နတ်မင်းအပေါင်းတို့၏ အခေါင်အချုပ် အကြီးအမှူးတစ်ဦးအနေဖြင့် သူနေရာနှင့်သူ တာဝန်ချထားပေးလိုက်ပြီးသဖြင့် အတော်အတန်စိတ်အေးသွား၏။ သို့သော် ခေါင်းဆောင်တစ်ဦးအနေဖြင့် သည်အတိုင်း နောက်ပိုင်းမှာ ထိုင်နေခဲ့ရန်မှာလည်း အတော်နောက်ကျော မလုံစရာကြီး ဖြစ်နေလေရာ သိကြားမင်းကိုယ်တိုင်လည်း ထိုပွဲမှာ ခေါင်းမရောင်သာဘဲ ကိုယ်တိုင်ဝင်ခဲ့ရလေတော့သည်။

'ကိုင်း...တခြားနတ်မင်းတွေကိုတော့ တာဝန်တွေ ကိုယ်စီ ချပေးပြီး ငါက ငြိမ်ထိုင်နေခဲ့လို့ မဖြစ်ဘူး။ ငါလည်း လှုပ်ရှည်ကို ဆင်းပြီဟေ့'

သိကြားမင်းသည် မိမိကိုယ်တိုင် လှုပ်ရှည်သို့ ဆင်းသက်ကာ သုခသာမဏောကလေး တရားအားထုတ်ရာ ကျောင်းတော်တိုက်ခန်းတံခါးမှနေပြီးလျှင် အထွေထွေသော ဘေးရန်များ မဖြစ်စေရန် တံခါးကျင်ကြီးကို ကိုင်ဆောင်၍ စောင့်ရှောက်လေသည်။ ကျောင်းတော်ဝန်းကျင် အရပ်လေးမျက်နှာတွင်လည်း စတုမဟာရာဇိနတ်မင်းကြီးလေးပါးက ဝန်းရံစောင့်ရှောက်ထားပြန်သေးသည်ဖြစ်ရာ ကျောင်းတိုက်ကြီးတစ်ခုလုံးသည် မည်သည့်အသံဗလံမျှ ထွက်ပေါ်လာခြင်း မရှိတော့ဘဲ အလွန်ဆိတ်ငြိမ်ခြင်းသို့ ရောက်ရှိသွားတော့၏။

တိတ်ဆိတ်ငြိမ်သက်ခြင်းသည် တရားအားထုတ်သူအတွက် ကြီးစွာသော အထောက်အပံ့ကြီးတစ်ခု ဖြစ်လေရာ ရှင်သာမဏောကလေးသည် တည်ငြိမ်သော ကေဂ္ဂတာသမာဓိစိတ်ဖြင့် ဝိပဿနာသို့တက်၍ ဉာဏ်အလင်းသက်ကာ အကြိတ်အနယ် ပွားများအားထုတ်လေရာ သုံးမင်္ဂ၊ သုံးဖိုလ်သို့ တစ်ဆက်တည်း ဆိုက်ရောက်အောင်မြင်လေတော့သည်။ သုံးခုမြောက်ဖြစ်သော အနာဂါမိဖိုလ်သို့ တည်ဆိုက်ခြင်းကြောင့် အနာဂါမ်ပုဂ္ဂိုလ်အဆင့်သို့ ရောက်ရှိသွားခြင်းပင်။ ရဟန်းကိစ္စ ပြီးစီးရန်အတွက် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဆိုသော နောက်ဆုံးအဆင့် တစ်ခဏ်၊ တစ်ဖိုလ်သာ လိုတော့သည့် အခြေအနေသို့ ရောက်ရှိနေပေပြီ။

ထိုအချိန်တွင် သာမဏောကလေး၏ ဥပနိဿယဆရာ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကား သာဝတ္ထိမြို့ထဲတွင် ဆွမ်းခံနေရာမှ ပြန်ကြွမလာသေး။ မထေရ်မြတ်ကြီးသည် သာမဏောကလေးထံမှ သပိတ်၊ သင်္ကန်းတို့ကို လက်လွှဲယူ၍ မိမိတစ်ပါးတည်း ဆက်လက်ထွက်ခွာလာခဲ့ရင်း သာမဏောကလေး မှာကြားလိုက်သော သတရသဘောင်္ဂေါ်ကို အာယ်မှာ ရနိုင်အုံနည်းဟု ကြည့်ရှုဆင်ခြင်၏။ ထို့နောက် အလွန်အကျွမ်းဝင်လှသော ဥပဋ္ဌာကဒါယကာ အလုပ်အကျွေးတစ်ယောက်၏ အိမ်သို့ ကြွတော်မူ၏။ ဒါယကာလည်း အရှင်မြတ်ကြီး ကြွတော်မူလာသည်ကို မြင်သည်နှင့် ရွှင်လန်းဝမ်းမြောက်စွာ ခရီးဦးကြိုဆို၏။

'အရှင်မြတ်...ဒါယကာ၏အိမ်ကို ကြွတော်မမူခဲ့တာ ကြာခဲ့ပါပြီဘုရား။ ယနေ့တပည့်တော်၏အိမ်ကို ကြွတော်မူလာတဲ့အတွက် အလွန်ဝမ်းမြောက်ရပါတယ် အရှင်ဘုရား။ အိမ်အတွင်းသို့ဝင်၍ သီတင်းသုံးပါဦးဘုရား'

ဒါယကာကြီးသည် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး မမျှော်လင့်ဘဲ ကြွရောက်လာသည့်အတွက် လွန်စွာကျေနပ်ဝမ်းမြောက်နေ၏။ အိမ်အတွင်းသို့ ပင့်ဖိတ်ကာ ခြံတံသောနေရာထိုင်ခင်း ပြင်ဆင်ပေး၍ သီတင်းသုံးစေ၏။ ထို့နောက် အဆင်သင့်ရှိနေနှင့်သော ယာဂုခဲဖွယ်တို့ကို ကပ်လှူ၏။ မထေရ်မြတ်ကြီးသည် ယာဂုခဲဖွယ်တို့ကို ဘုဉ်းပေးပြီးလျှင် တစ်သက်တာ မှတ်သားအပ်သော သာရဏီယမ္မကထာ သာသနာ့အလင်းရောင်ဒေသနာကို ဟောကြားတော်

www.burmeseclassic.com

သုခသာမဏေကလေး၏ ပြင်းထန်သော တရားအား ထုတ်မှဂယက်သည် တာဝတိံသာမှ သိကြားမင်းနှင့်တကွ စတုမဟာရာဇနတ်မင်းကြီးလေးပါး၊ နေနတ်သား၊ လနတ်သားတို့ကို ရိုက်ခတ်ရုံမျှနှင့် အရှိန်သေမသွား။ သုံးလောက၏ အမြင့်ဆုံးဖြစ်သည့် အနန္တဘုန်းတော်၊ ကံတော်၊ ဉာဏ်တော် အထွတ်အထိပ်ဖြစ်တော်မူသော ဂေါတမမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးထံသို့တိုင် ဆက်လက်ရိုက်ခတ်လေသည်။ ချောင်းငယ်၊ မြစ်ငယ်များစွာမှ စီးဆင်းသော ရေတို့မည်သည် အဆုံးသတ်တွင် မဟာသမုဒ္ဒရာသို့ ဦးခိုက်ရောက်ရှိကြရသည့် ပမာအလားပင် သုခသာမဏေကလေးနှင့် ပတ်သက်သော ကိစ္စအရပ်ရပ်သည်လည်း နောက်ဆုံးတွင် မြတ်စွာဘုရားရှင်ထံတော်သို့သာ ဦးခိုက်ရောက်ရှိသွားလေတော့သည်။

မြတ်စွာဘုရားရှင်သည် ထိုနေ့၊ ထိုရက်၊ ထိုအချိန်အပိုင်းအခြားအတွင်းမှာပင် ဂန္ဓကုဋိတိုက်တော်အတွင်းမှ နေတော်မူလျက် သာမဏေကလေး၏ အကြောင်းကို ဆင်ခြင်တော်မူမိသောအခါ သုံးမင်္ဂလာသို့ ဆိုက်ရောက်နေပြီဖြစ်ကြောင်းကို သိမြင်တော်မူလေသည်။ တစ်မင်္ဂလာတစ်ဖို့လ်သာ ကျန်တော့သဖြင့် ပန်းတိုင်သို့ ရောက်ဇာနိုးနီးအနေအထား ဖြစ်နေသောကြောင့် သာမဏေကလေးသည် ယနေ့ ဆွမ်းမစားမီ၌ အရဟတ္တဖိုလ်သို့ တည်ဆိုက်နိုင်အံ့လောဟု တစ်ဖန်ဆင်ခြင်တော်မူပြန်ရာ တည်ဆိုက်နိုင်သော အကြောင်းရှိသည်။ သို့သော် တစ်ဆက်တည်း တောက်လျှောက်ဆက်လက်အားထုတ်မှသာ ဖြစ်နိုင်မည်။ အနှောင့်အယှက်တစ်စုံတစ်ရာ ပေါ်ခဲ့သော် ပျက်အံ့ဟု သိမြင်တော်မူပြန်လေသည်။

ထိုအခါ ဘုရားရှင်သည် သာမဏေလေးနှင့် အဆက်အစပ်ရှိသမျှသော အကြောင်းခြင်းရာတို့ကို ဖြန့်ကြက်ကြည့်ရှုတော်မူသောအခါ ကျောင်းတိုက်တံခါး၊ ကျင်ကြီးကိုကိုင်လျက် တံခါးမှူးသဖွယ် စောင့်ရှောက်နေသော သိကြားမင်းနှင့် ကျောင်းတိုက်၏ ဝန်းကျင်အရပ်လေးမျက်နှာတွင် လေးဖက်လေးတန် စောင့်ရှောက်နေကြသော စတုမဟာရာဇနတ်မင်းကြီးလေးပါးတို့ကို တွေ့၏။ မိမိတို့၏ နေဗိမာန်၊ လဗိမာန်တို့ကို ဆွဲကိုင်ထားကြသော နေနတ်သား၊ လနတ်သားတို့ကိုလည်း တွေ့ရှိ၏။ ထားတော့၊ သိကြားမင်းနှင့် နတ်မင်းများ၏ ဝိုင်းဝန်းစောင့်ရှောက်မှုကဖြင့် အားရကျေနပ်

www.burmeseclassic.com

ရှေး ထိုတရားဟောကြားတော်မူ၍ ပြီးဆုံးသောအချိန်တွင် ဒါယကာကြီးက လျှောက်ထား၏။

'အရှင်မြတ်ဘုရား...အရှင်မြတ် ကြွရောက်တော်မူလာစေ တပည့်တော်တို့အိမ်တွင် ယာဂုခဲဖွယ်ကိုသာ ချက်ပြုတ်ပြီး အသင့်ရှိနေတာကြောင့် ယာဂုခဲဖွယ် အနည်းငယ်မျှကိုသာ အရှင်ဘုရား ဝမ်းဟာမှုပြေရုံမျှလောက် ဆက်သပ်ရခြင်း ဖြစ်ပါတယ်။ အဲဒီအချိန်မှာပဲ တပည့်တော်က သတရာသောဇဉ်ကို အလျင်အမြန်ချက်ပြုတ်ဖို့ စေခိုင်းထားခဲ့တာမို့ ယခု အရှင်မြတ် တရားဟောပြောပြီးချိန်မှာ ထပ်မံတည်လှူဖို့ ရရှိနေပြီ ဖြစ်ပါတယ်။ ဒါကြောင့် သတရာသောဇဉ်ကို ဝလင်စွာ ဘုဉ်းပေးတော်မူပါဦးဘုရား။ အရှင်ဘုရား ပြန်ကြွတဲ့အချိန်မှာ ကျောင်းတော်သို့ ယူဆောင်သွားရန် သတရာသောဇဉ်ကိုလည်း ထပ်မံလှူဒါန်းလိုက်ခွင့်ပြုတော်မူပါဘုရား'

ထိုအခါ အရှင်မထေရ်မြတ်သည် သတရာသောဇဉ်ထို့ တပည့်တော်၏ ကုသိုလ်ကောင်းမှုဖြင့် ရပါလိမ့်မည်ဘုရားဟု လျှောက်ထားခဲ့သော သုခသာမဏေကလေး၏ စကားသံကို သတိရလာကာ ဤဘောဇဉ်ကား သာမဏေငယ်၏ ရှေးကုသိုလ်ကောင်းမှုအစွမ်းဖြင့်ရသော ဘောဇဉ်ဖြစ်တော့သည်ဟု သတ်မှတ်လိုက်လေတော့သည်။ သို့သော် ဒါယကာ၏ စေတနာသဒ္ဓါတရားကို စောင့်ရှောက်သောအားဖြင့် ကပ်လှူလာသော သတရာသောဇဉ်ကို ဒါယကာ၏ အိမ်မှာပင် ထပ်မံဘုဉ်းပေးတော်မူ၏။ ဒါယကာမှကား ထိုအချိန်မှာပင် အရှင်မြတ်၏ သပိတ်တော်နှင့်အပြည့် သတရာသောဇဉ်တို့ကို ဖြည့်တင်းထားနှင့်လေပြီး ကျောင်းတော်သို့ ပြန်အကြွတွင် ယူဆောင်သွားနိုင်ရန် ထပ်မံလှူဒါန်းလိုက်ခြင်း ဖြစ်၏။

အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ဒါယကာ၏အိမ်တွင် ထပ်မံဘုဉ်းပေးပြီးသည်နှင့် သပိတ်တော်ကို ယူဆောင်လာ ကျောင်းတော်သို့ ပြန်ကြွခဲ့၏။ ငါ၏တပည့် သုခသာမဏေကလေးတော့ဖြင့် သင်္ကန်းကလည်း ဝတ်ခါစမို့ ဆွမ်းဆာလောင်လှပေတော့မယ်ဟု စိုးရိမ်တော်မူသောကြောင့် ဘုန်းတော်တို့ ဣန္ဒြေမပျက်ရုံမျှ မြန်ဆန်သောခြေလှမ်းတို့ဖြင့် ကြွလှမ်းတော်မူ၏။ သို့သော် ကျောင်းတော်၏ တိုက်ခန်းအတွင်းဝယ် တပည့်ဖြစ်သူ သာမဏေကလေးသည် သုံးဖိုလ်အထိ ပေါက်ရောက်နေခဲ့ပြီ ဆိုသည်ကိုမူ ထောရ်မြတ်ကြီး သိရှိတော်မမူခဲ့ပေ။

www.burmeseclassic.com

ဖွယ်ကောင်းလှသည်။ သို့သော် သိကြားမင်းနှင့် နတ်မင်းများလည်း ဘယ်လိုမှတတ်နိုင်မည်မဟုတ်သော အကြောင်းတစ်ခုက ရှိနေ၏။ အခြားမဟုတ်၊ သာမဏေကလေး၏ ဥပဇ္ဈာယ်ဆရာရင်းဖြစ်သော အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးပေတည်း။

မိမိ၏ လက်ယာတော်ရံ အဂ္ဂသာဝကကြီးသည် သူတပည့် သာမဏေကလေးတော့ ဆွမ်းဆာလောင်ရာရွှေမည်ဟူသော စိုးရိမ်မှုဖြင့် ကျောင်းတော်သို့ အမြန်ပြန်ကြွလာနေပြီဟု သိမြင်တော်မူ၏။ ထိုအရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကိုမူ သိကြားမင်းနှင့် နတ်မင်းများကလည်း တားမြစ်ဝံ့ကြမည်မဟုတ်။ ရင်ဆိုင်တွေ့သည်ထားဦး၊ ဘာမျှပြောဆိုရဲမည်မဟုတ်ဘဲ ထိုင်ရှိခိုးလိုက်ကြရမည်သာဖြစ်၏။ ဤတွင် မထေရ်မြတ်ကြီးက စေတနာဖောဖြင့် ကျောင်းတော်သို့ အမြန်ဝင်ရောက်ကာ ဆွမ်း၊ သပိတ်ကို ပေးလိုက်ပါမူကား သာမဏေအား အရဟတ္တဖိုလ်၏အန္တရာယ်ကို ပေးသည်နှင့်သာ ထပ်တူကျပေရွေ့မည်။ ထို့ကြောင့် ငါဘုရားရှင်ကိုယ်တော်တိုင်ကြွ၍ ကျောင်းတိုက်တံခါးမုခ်ဦးပြာသာဒ်မှနေကာ သားကြီးသာရိပုတ္တရာအား လေးရပ်သော ပုစ္ဆာတို့ကို မေးမြန်းခြင်းဖြင့် စောင့်ရှောက်တော်မူအံ့ဟု ဂန္ဓကုဋိမြန်နန်းမှကြွလှမ်းတော်မူခဲ့၍ တံခါးမုခ်ဦးအဝင်မှ အရှင်သာရိပုတ္တရာကို စောင့်မျှော်တော်မူ၏။

အရှင်သာရိပုတ္တရာမထေရ်မြတ်မှာမူ သပိတ်တော်ကို ပိုက်လျက် စိုက်စိုက်,စိုက်စိုက်နှင့် ကတိုက်ကရိုက် အဆောတလျင်ကြီး ကြွချီတော်မူလာလေသည်။ ကျောင်းတိုက်မုခ်ဦးပြာသာဒ်တံခါးဝအနီးသို့ရောက်တော့မှ ထိုရှေ့တွင် ရပ်တန့်တော်မူနေသော မြတ်စွာဘုရားရှင်ကို တွေ့မြင်လိုက်ရပေရာ အံ့အားသင့်ကြီး သင့်သွားရလေတော့၏။ သည်တော့မှ ပိုက်လာသောသပိတ်ကို သင့်လျော်သန့်ရှင်းရာ တစ်နေရာတွင် ချလိုက်ကာ မြတ်စွာဘုရားရှင်အား လက်အုပ်ချီ၍ ရှိသေစွာ ရှိခိုးကန်တော့လေသည်။ မထေရ်မြတ်ကြီးသည် မည်မျှပင် စိတ်ဆန္ဒစော စောနေသော်ငြား တပည့်တော်ရဲ့ တပည့် သာမဏေကလေးကို ဆွမ်းသပိတ် အမြန်ပေးလိုတာမို့ လမ်းဖယ်ပေးပါဘုရားဟူ၍ မည်သို့မျှ မလျှောက်ထားဝံ့ချေ။ ကေန္တ အကြောင်းထူးတစ်ခုခု ရှိသောကြောင့်သာ ဘုရားရှင်တော်မြတ်ကိုယ်တော်တိုင် ကြွရောက်လာခြင်းဖြစ်မည်ဟု ရိပ်စားမိသည့်တိုင် မည်သည့်အကြောင်းထူးဖြစ်သည်ဟုလည်း ဝေခွဲမသိနိုင်ပြန်ချေ။

ထိုအချိန်မှာပင် ဘုရားရှင်က လေးရပ်သော ပုစ္ဆာပြဿနာတို့ကို မေးမြန်းတော်မူလာလေတော့သည်။

'ချစ်သားသာရိပုတ္တရာ...ယခု ချစ်သား ဘယ်အရာကို ဆောင်ခဲ့ပါသလဲ'

'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား...ယခု တပည့်တော်သည် အာဟာရကို ဆောင်ခဲ့ပါသည်ဘုရား'

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးမှာ လက်ယာတော်ရံ အဂ္ဂသာဝက တရားစစ်သူကြီးပီပီ သပိတ်နှင့် ဆောင်ယူခဲ့သည်မှာ သတရသဘောဧဉ် ဖြစ်ပါသည်၊ ယာဂုခဲဖွယ်ဖြစ်ပါသည်၊ သကာတင်လဲ့ ဖြစ်ပါသည် စသည်ဖြင့် အချိုးအမည်နာမပညတ်များကို ထုတ်ဖော်ခွဲခြားမနေတော့ဘဲ အာဟာရဟူ၍သာ လိုရင်းကိုချုပ်၍ ဖြေဆိုလိုက်၏။ ထိုအခါ ဘုရားရှင်က ထပ်မံမေးမြန်းတော်မူပြန်သည်။

'သားကြီးသာရိပုတ္တရာ...ထိုအာဟာရသည် ဘာကို ဆောင်ပါသလဲ'

'သုံးလောကထွတ်ထား အရှင်မြတ်စွာဘုရား...အာဟာရသည် ဝေဒနာကို ဆောင်ပါသည်ဘုရား'

'လျင်မြန်သော ဉာဏ်ပညာဖြင့် ပြည့်စုံတဲ့ ချစ်သား သာရိပုတ္တရာ...ထိုဝေဒနာသည် ဘာကိုဆောင်ပြန်ပါသလဲ'

'လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသော မြတ်စွာဘုရား။ ဝေဒနာသည် ရုပ်ကို ဆောင်ပါသည်ဘုရား'

'ငါဘုရားမှတစ်ပါး ပညာဉာဏ် တေဒင်ထားရသည့် ချစ်သားသာရိပုတ္တရာ...ထိုရုပ်သည် ဘာကိုဆောင်ပြန်ပါသလဲ'

'လောကသုံးပါးတွင် ပြိုင်ဘက်ကင်း တရားမင်း ဖြစ်တော်မူသော အရှင်မြတ်ဘုရား...ရုပ်သည် ဖဿကို ဆောင်ပါသည်ဘုရား'

ဘုရားရှင်နှင့် အရှင်သာရိပုတ္တရာမထေရ်တို့၏ ထိုမေးခွန်းလေးခု အမေး-အဖြေကိစ္စမှာ အချိန်တိုအတွင်း မေးသူက ဖျတ်ခနဲမေး၊ ဖြေသူက ဒက်ခနဲဖြေနှင့် ခဏချင်း လျင်လျင်မြန်မြန် ပြီးဆုံးသွားသည်မဟုတ်။ ဘုရားရှင်၏ အမေးတို့ကို မထေရ်မြတ်ကြီးက ဝိပဿနာဉာဏ် ပဋိဘာန်ဖြင့် ပြန်လှန်တွေးဆစဉ်းစားပြီးမှ ဖြေဆိုရသည်ဖြစ်ရာ အတိုင်းအတာတစ်ခုအထိ အချိန်ကြာမြင့်၏။ ထို့ကြောင့် နောက်ဆုံးအဆင့်ဖြစ်သော အရဟတ္တဖိုလ်သို့ ဆိုက်တည့်နိုင်ရန် အပြင်းအထန် ဆက်လက်ကြိုးကုတ် အားထုတ်နေသော

www.burmeseclassic.com

သာမဏေကလေးအတွက် အချိန်ပို၍ရ၏။ ထိုသို့ အချိန်ပို ထွက်လာစေရန်အတွက် ဘုရားရှင်က ရှင်သာရိပုတ္တရာ ထေရ်မြတ်အား မေးခွန်းများ ဖြေကြားစေလျက် သွယ်ဝိုက်သောနည်းဖြင့် ဟန့်တားထားခဲ့ခြင်းလည်း ဖြစ်လေသည်။

ဘုရားရှင်၏ ရည်ရွယ်ချက်အတိုင်းပင် ထိုလေးထွေသော အမေး-အဖြေတို့ မေး၊ဖြေ၍ ပြီးဆုံးချိန်တွင် ကျောင်းတိုက်အတွင်းမှ သုခသာမဏေကလေးသည် ကိလေသာသုံးထောင်ဝက်ကို အရဟတ္တမဂ်တည်းဟူသော ဓားသန်လွန်ကဲဖြင့် အကြွင်းမဲ့ပယ်ဖျက်ခုတ်ထွင် အောင်မြင်တော်မူ၍ အရဟတ္တဖိုလ်တည်းဟူသော ထီးဖြူကို, ဆောင်းနိုင်ခဲ့လေပြီး အတ္ထပဋိသမ္ဘိဒါ၊ ဓမ္မပဋိသမ္ဘိဒါ၊ နိရုတ္တိပဋိသမ္ဘိဒါ၊ ပဋိဘာဏပဋိသမ္ဘိဒါဟူသည့် လေးရပ်သော ပဋိသမ္ဘိဒါနှင့် တကွ ဘုံသုံးပါးမှ ထွက်မြောက်၍ ရဟန္တာအဖြစ်သို့ ရောက်ရှိဆိုက်တည်တော်မူခဲ့ပြီး ဖြစ်တော့သည်။

ထိုအချိန်သို့ ရောက်သော အခါတွင်မှ မြတ်စွာဘုရားရှင်က 'ချစ်သားသာရိပုတ္တရာ...သင်၏ သာမဏေကလေးအား ဆွမ်းပေးလော့' ဟု မိန့်တော်မူကာ ဂန္ဓကုဋိတိုက်တော်သို့ ပြန်လည်ကြွချီတော်မူလေသည်။

ဘုရားရှင် ကြွချီသွားတော်မူသောအခါတွင်မှ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးလည်း သပိတ်ကိုပွေ့ပိုက်ကာ ရှေ့မြန်စွာ ကျောင်းတော်သို့လာ၍ တိုက်ခန်းတံခါးကို အပြင်ဘက်မှ ခေါက်၏။ ရဟန္တာသာမဏေကလေးသည် ဉာဏ်ငြိမ်သော ဣန္ဒြေသိက္ခာဖြင့် တိုက်ခန်းအပြင်သို့ ထွက်တော်မူ၍ ဥပဇ္ဈာယ်မထေရ်မြတ်ကြီးအား ယပ်လေစက်ခြင်း အစရှိသော ဝတ်ကြီး,ဝတ်ငယ်အသွယ်သွယ်ကို ပြုလုပ်တော်မူ၏။

'ချစ်သားသာမဏေ...သင်မှာကြားလိုက်သော သတ္တသောဇဉ်ဆွမ်းကို သင့်ကုသိုလ်ကံအဟုန်ကြောင့် ရရှိခဲ့ပေသည်။ ဘုဉ်းပေးသုံးဆောင်ပေတော့ကွယ်'

ထေရ်မြတ်ကြီးက သယ်ဆောင်လာခဲ့သော ဆွမ်းအိုးတော်ကို ကမ်းပေးလိုက်ကာ မိန့်တော်မူလျှင် ရဟန္တာသာမဏေကလေးက ပြန်လည်လျှောက်ထား၏။

'အရှင်မြတ် ဘုဉ်းပေးတော်မူပါဘုရား။ ကြွင်းကျန်တဲ့အရာတွေမှာ တပည့်တော် စားပါအုံး'

'ချစ်သား...ငါကား ဆွမ်းစားခြင်းကိစ္စ ပြီးခဲ့ပြီ။ မိမိအား စိတ်ဖြောင့်တန်းစွာ စားပါလေတော့'

ထိုအခါကျမှ သပိတ်တော်ကို လက်ကမ်းယူကာ ငါသည်ကား ဆွမ်းမစားမီပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ပြီးချေပြီဟု ဝမ်းမြောက်စွာဆင်ခြင်ရင်း သတရသဘောဧဉ်ကို ဘုဉ်းပေးတော်မူ၏။ ပြီးလျှင် သပိတ်တော်ကို မိမိကိုယ်တိုင် ဆောင်ကြောတော်မူလေသည်။

♦♦♦

ရဟန္တာသာမဏေကလေး ဆွမ်းကိစ္စ ပြီးစီးသွားသောအခါ သိကြားမင်းနှင့် စတုမဟာရာဇ် နတ်မင်းတို့လည်း စောင့်ရှောက်ရန်ကိစ္စ ပြီးမြောက်ပြီဖြစ်၍ မိမိတို့ ဘုံဗိမာန်များသို့ အသီးသီးပြန်ကြွသွားကြ၏။ နေနတ်သားနှင့် လနတ်သားတို့သည်လည်း မိမိတို့ ဘုံနန်းဗိမာန်များကို ထိန်းချုပ်ဆွဲကိုင်ထားကြရာမှ လွှတ်လိုက်ရာ နေဗိမာန်သည် လွှတ်သည်နှင့်တစ်ပြိုင်နက် မွန်းတည့်ရာကတစ်ဆင့် ငြိမ့်ခနဲ လျှောကျသွားပြီးနောက် နေ့လယ်အချိန်သာသာ ညနေချိန်မကျတကျ အနေအထားသို့ ဖြုန်းခနဲ ရောက်သွားလေတော့၏။ ထိုဖြစ်စဉ်မှာ မျက်ဝါးထင်ထင် သိသိသာသာကြီး ဖြစ်လေသောကြောင့် ကျောင်းတော်ကြီးအတွင်းရှိ ရဟန်းတော်များ အချင်းချင်း တအံ့တသြ မေးမြန်းပြောဆိုကြလေသည်။

'ဟောဗျာ...ဒီကနေ့ကျမှ ဘယ့်နယ်ဖြစ်ပါလိမ့်။ မနက်ဝိုင်းအချိန်က ရှည်နေပြီး ညနေခင်းအချိန်က တိုနေသလိုကြီးပဲ။ တယ်လည်း ထူးဆန်းပါကလား ကိုယ်တော်'

'ဟုတ်သဗျ၊ ကျုပ်လည်း သတိထားမိတယ်။ စောစောကလေးတုန်းကမှ သုခသာမဏေကလေး ဆွမ်းစားနေတာတွေ့ခဲ့ပါသေးတယ်။ ဆွမ်းစားပြီးတာတောင် ဘာမှမကြာလိုက်လှသေးဘူး၊ နေက ချက်ချင်းလက်ငင်းကြီး လျှောကျသွားပြီး ညနေချိန်လောက် ရောက်သွားပြီ။ ဘယ်လိုဖြစ်ရတာတုံး'

'ကျုပ်လည်း မပြောတတ်တော့ဘူး ကိုယ်တော်။ ရာသီဥတုဖောက်ပြန်တာပဲလား မသိဘူး။ အံ့သြစရာကောင်းနေတာတော့ အမှန်ပဲ။ ဒီလိုနေမျိုး ကြုံပဲ မကြုံခဲ့ဖူးပေါင်ဗျာ'

ထိုအခါ ရှင်တော်မြတ်ဘုရားသည် ရဟန်းတော်များ စုဝေးပြောဆိုနေကြရာသို့ ကြွလာတော်မူ၍ ချစ်သားရဟန်းတို့၊ ယခု ငါဘုရား ကြွလာတော်မူသောအခါ အဘယ်တရားနှင့် အဘယ်စကားတို့ကို ပြောဆိုတိုင်ပင်နေကြပါသလဲဟု မေးမြန်းတော်မူ၏။ ထို့ကြောင့် ရဟန်းတစ်ပါးက ပြန်လည်လျှောက်ထား၏။

'ရှင်တော်မြတ်ဘုရား...ယနေ့တွင် နံနက်အချိန်က

www.burmeseclassic.com

www.burmeseclassic.com

အားကြီးပြီး ညနေအချိန်က အားနည်းလှတာကြောင့် အံ့သြပြောဆိုနေခဲ့ကြတာပါဘုရား။ သုခသာမဏောကလေးသည် ယခုမကြာမြင့်လှသေးမီကမှ ဆွမ်းစားခြင်းကိစ္စ ပြီးပါတယ်။ နေကလည်း ချက်ချင်းကြီး သုတ်ခနဲ လျှောကျသွားပြီး ညနေအချိန်ကို ဆိုက်လုလုဖြစ်သွားတာ အံ့သြစရာကြီးပါ အရှင်ဘုရား'

ဤတွင် မြတ်စွာဘုရားရှင်က ထိုဖြစ်စဉ်၏ အကြောင်းရင်းကို ရှင်းလင်းပြတော်မူလေသည်။

'ငါ၏ချစ်သား ရဟန်းများတို့...ရှေးကုသိုလ်လက်ကိုင်နှင့် မြိုင်ဆိုင်ပြီး ပြည့်စုံသောပုဂ္ဂိုလ်တို့ ရဟန်းတရားကို မရလျှင်မနေ အပြင်းအထန်အားထုတ်တဲ့အခါမျိုးမှာ ဤကဲ့သို့ မဖြစ်စဖူး ထူးကဲအံ့ဖွယ်အသွယ်သွယ်တို့ ဖြစ်ပေါ်တတ်လေ့ရှိတယ်။ ယနေ့ ငါဘုရား၏ သားတော်အထွေး သုခသာမဏောကလေးသည် သားတော်ကြီး သာရိပုတ္တရာနှင့် ဆွမ်းခံလိုက်ပါသွားရင်း ရေမြောင်း၊ လေးသမား၊ တံစဉ်၊ ပဲခွပ်သမားတို့ကို တွေ့မြင်ခဲ့၍ မိမိကိုယ်ကို ဆုံးမပြီးလျှင် ဥပစ္ဈာယ်ဆရာ သာရိပုတ္တရာအား သင်္ကန်း၊ သပိတ်ကို လွှဲပေးအပ်ခဲ့ပြီး လမ်းတစ်ဝက်ကပင် ပြန်လာခဲ့တယ်။ ကျောင်းတော်ကို ရောက်တာနဲ့ ရဟန်းတရားကို အပြင်းအထန် အားထုတ်တဲ့အခါမှာ အတိတ်ရှေးက ပါလာခဲ့တဲ့ ကုသိုလ်အဟုန်ကြောင့် စတုမဟာရာဇဓနတ်မင်းကြီးလေးပါးတို့က အရပ်လေးမျက်နှာက စောင့်ရှောက်ကြရတယ်။ သိကြားမင်းကလည်း တရားအားထုတ်ရာ တိုက်ခန်းတံခါးဝက စောင့်ရှောက်ပေးတယ်။ နေနတ်သား၊ လနတ်သားတို့က သူတို့ရဲ့ နေ၊ လ ဘုံဗိမာန်တို့ကို ရပ်တန့်အောင် ဆွဲငင်ပြီး ကိုင်ထားပေးကြတယ်။ ငါဘုရားကိုယ်တိုင်လည်း ကျောင်းတိုက်မုခ်ဦးပြာသာဒ်သို့ ကြွတော်မူပြီး ဆွမ်းခံကြွရာက ပြန်လာတဲ့ သားကြီးသာရိပုတ္တရာကို လေးထွေသော အမေး-အဖြေပြုခြင်းဖြင့် ဆိုင်းငံ့ထားတဲ့နည်းနဲ့ သားထွေးဖြစ်တဲ့ သုခသာမဏောကလေးရဲ့ တရားအားထုတ်မှု အရှိန်မပျက်အောင် စောင့်ရှောက်တော်မူရပေသေးတယ်။

ယခုအခါမှာတော့ သာမဏောကလေးသည် ယခုဘဝသည် သူ့ရဲ့အန္တိမဘဝိက နောက်ဆုံးသော ဘဝပိုင်ရှင် ဖြစ်ခဲ့သူပီပီ ကိလေသာကုန်ခန်း၍ ပဋိသမ္ဘိဒါလေးပါးနှင့် တကွ အရဟတ္တဖိုလ်ဟု ဆိုအပ်သော ရဟန္တာအဖြစ်သို့ ဆိုက်ရောက်ခဲ့ပြီးပေပြီ ချစ်သားတို့။ ရဟန္တာသာမဏောအရှင် ဆွမ်းဘုဉ်းပေးပြီးချိန်ကျမှ နေနတ်သားက သူ ဆွဲကိုင်ဟန့်တားထားခဲ့တဲ့ နေဗိမာန်ကို လက်လွှတ်လိုက်တာမို့ ညနေခင်းရောက်လှလှအချိန်သို့ နေဗိမာန်က လျှောကျသွားခဲ့ခြင်းသာ ဖြစ်ပေတယ်'

ဘုရားရှင်သည် ထိုသို့ ရှင်းလင်းပြပြီးနောက် သုခသာမဏောရဟန္တာနှင့်ပတ်သက်၍ ဓမ္မစည်တော်ကို ရိုက်တီး၍ ဆုံးမဟောကြားတော်မူလေသည်။

ဥဒကဋ္ဌိ နယန္တိ နေတ္တိကာ၊
ဥသုကာရာ ဒမယန္တိ တေဇနံ။
ဒါရုံ ဒမယန္တိ တစ္ဆကာ၊
အတ္တာနံ ဒမယန္တိ သုဇ္ဈတာ။

နေတ္တိကာ-တောင်သူယောကျ်ား လက်သမားတို့သည်၊ ဥဒကံ-မူးမြစ်မုန်းမန်း ချောင်းစမ်းအင်းအိုင် ဖြိုင်ဖြိုင်စီးသွန်ရေတံခွန်စသား များပြားထွေထွေ လိုသောရေကို၊ နယန္တိ-မြောင်းသွယ်တူးဖောက် လိုရာရောက်အောင် အမျိုးမျိုး ယူဆောင်ကြလေကုန်၏။ ဥသုကာရာ-လေးမြားသမားတို့သည်၊ တေဇနံ-အသုံးခက်ငြား ကောက်သောမြားကို၊ ဒမယန္တိ-မီးမှာမြိုက်ကင် ဖြောင့်အောင်ပြင်ကြလေကုန်၏။ တစ္ဆကာ-တံစဉ်းဆရာ ဗိသုကာတို့သည်၊ ဒါရုံ-စုံတောမြိုင်ချောက်အကြား အလိုလိုပေါက်ပွားသည့် စားစားဖုံဖုံ သစ်မျိုးစုံကို၊ ဒမယန္တိ-ရထားပုံတောင်း အိမ်ကျောင်းဧရပ်အကွပ်စသည် ပြုလုပ်မည်ဟု အလိုလိုရွေခုတ်ကြလေကုန်၏။ သုဇ္ဈတာ-နှလုံးစိတ်ဓာတ် ကောင်းမြတ်လေဘိ ပညာရှိတို့သည်၊ အတ္တာနံ-ရုပ်နာမ်နှစ်ပါး ပေါင်းစပ်ထားသည် ငါကားခေါ်ဆို မိမိကိုယ်ကို၊ ဒမယန္တိ-သီလသမာပညာစသား မြတ်တရားဖြင့် ကြိုးစားဖုံဖုံ ယဉ်ကျေးအောင် ဆုံးမတော်မူကြလေကုန်သည်ဟု သုခသာမဏောရဟန္တာ၏ ဖြစ်စဉ်ကို ဆင်ခြင်၍ ကိုယ်တိုင်လည်း ပွားများကြကုန်လော့ချစ်သားတို့။

မြတ်စွာဘုရားရှင်၏ တရားစည်တော် ရိုက်ခတ်ဆော်သည့် ထိုဒေသနာတော်အဆုံးတွင် များစွာကုန်သော ရဟန်းတို့သည် သောတာပတ္တိဖိုလ် အစပြုသော မိမိတို့ ပါရမီအလျောက် အလင်းဉာဏ်တော်တောက်လျက် မဂ်စင် ဖိုလ်စင် ခိုစင်ဆိုက်ရောက်တော်မူကြလေကုန်သည်တကား။

နန္ဒာစိုး(ဆင်ပြူကျွန်း)

ကျမ်းကိုး

* သာသနာ့အလင်းရောင်ဒေသနာ၊ အရှင်ပညာဒီပ၏ သုခသာမဏောဝတ္ထု။

www.burmeseclassic.com

www.burmeseclassic.com

ကြည်ညိုဖွယ်ရာ အဘယမဆောရှိမြတ် ဓမ္မာတရာ

ရေပြာပတ်ဝိုင်း ရွှတိုင်းသာစွ လက်ဘဒီပ ကျွန်းညိုမြို့ ဒေဝဟု အမည်ရသော အမတ်တစ်ဦး ရှိလေ၏။ ဒေဝတာဟူသော ရွာကြီးကို အပိုင်စားရထားသောကြောင့် ဒေဝတာရွာစားကြီးဟုလည်း ခေါ်ဝေါ်ကြသည်။ ဒေဝအမတ် ရွာစားကြီးသည် မိမိနှင့် သက်ဆိုင်ရာ အမှုကိစ္စများကို ရွာစဉ်လျှောက်၍ စီမံရသည်။ ဆော်သြတန်သည်ကို ဆော်သြ၍ ညွှန်ကြားတန်သည်ကို ညွှန်ကြားနေရ၏။

တစ်နေ့သောအခါ ဒေဝအမတ်သည် တောအရပ်မှ အပြန်တွင် ထမင်းဆာလှသည်နှင့် အိမ်သို့ ပြန်ရောက်သော

www.burmeseclassic.com

www.burmeseclassic.com

အခါ အိမ်သားတို့အား အလျင်အမြန် ထမင်းပြင်ခိုင်းလေ၏။ အိမ်သားတို့လည်း ထမင်းပြင်ရန် စီစဉ်ကြ၏။ ဒေဝအမတ်မှာ ခရီးပန်းနွမ်းနယ်လှသဖြင့် အိမ်ပေါ်သို့ မတက်လေဘဲ အိမ်ရှေ့ကွပ်ပျစ်ပေါ်၌ အပန်းဖြေနေ၏။ မကြာခင်မှာပင် ရွှေမှောက်သို့ ထမင်းပွဲရောက်လာ၏။ ဆာလောင်လွန်းသဖြင့် ဒေဝအမတ်က ထမင်းစားမည် ပြု၏။

ထိုအချိန်တွင် ဒေဝအမတ်ကဲ့သို့ ဆာလောင်မွတ်သိပ်နေသော ခွေးပိန်မတစ်ကောင်သည် ထမင်းပွဲကို မြင်သော အခါ စားရအံ့နိုးနိုးဖြင့် အရဲစွန့်၍ အမတ်ဆီသို့ တိုးဝင်လာ၏။ ငယ်သားတို့က ထိုခွေးပိန်မကို ရိုက်ပုတ်၍ နှင်ထုတ်လေ၏။ ထိုသို့ ခွေးပိန်မအား ရိုက်ပုတ်နေသည်နေကို မြင်လေသော် စားမည့် ထမင်းလုတ်ကို မစားသေးဘဲ 'ဟော့...ဟော့...အောင်တို့၊ မရိုက်ကြပါနဲ့။ သူလည်း ငါလိုပဲ ဆာလောင်မွတ်သိပ်နေရှာဟန်တူတယ်။ လာပါစေကွယ်' ဟု ဟန့်တား၏။

ထိုစဉ် ခွေးပိန်မသည် ကြောက်ကြောက်ရွံ့ရွံ့နှင့် ရှေ့သို့ တိုးလာ၏။ ဒေဝအမတ်သည် မိမိစားမည့် ထမင်းလုတ်ကို ဆုပ်နယ်၍ လုံးပြီးလျှင် ခွေးပိန်မဆီသို့ ပစ်ကျွေးလိုက်သည်။

ခွေးပိန်မသည် အာယပ်မျှ ဆာလောင်နေသည်မသိ၊ အမတ်က ပစ်ကျွေးလိုက်သော ထမင်းလုံးကို အငမ်းမရစားလေ၏။ အမတ်သည် ခွေးပိန်မ စားနေသည်ကိုကြည့်ရာ များစွာပင် ဝိတိဖြစ်လေ၏။ ပြည့်ဝပါစေ၊ ချမ်းသာပါစေဟူ၍ စိတ်ထဲမှ ဆုတောင်းနေလေ၏။

သူ၏ ဒါနကံ၊ ထမင်းတစ်လုတ်မျှသာတည်း။ ထိုအတိ အသက်အရွယ်ကြီးရင့်၍ စုတေပြတ်ကြွသောအခါ ထိုဒေဝတာရွာ၌ပင် လူပြန်ဖြစ်လေ၏။ တဖြည်းဖြည်း ငယ်ရွယ် ကြီးပြင်းလာခဲ့ရာ အိမ်ထောင်ပြုချိန် ရောက်သောအခါ ယူတို့ ဓမ္မတာအတိုင်း အိမ်ထောင်ပြုလေ၏။

သို့သော်လည်း ထိုသူသည် အိမ်ထောင်ရှင်ဘဝ၌ ကြာရှည်စွာ မနေရ။ သူ၏ ကံကြမ္မာက ကြာရှည်စွာ ခွင့်မပေး။ ထိခွမျှားမြောင် လူတို့ဘောင်ကို စွန့်ခွာ၍ သာသနာ့ဘောင်သို့ ဝင်ခဲ့လေ၏။ လက်ာဒီပကျွန်း အနောက်ပိုင်းရှိ ပုပ္ပဝတီဆရာင်းတိုက်၌ပင် ရဟန်းပြုခဲ့လေ၏။ အခြားရဟန်းများနည်းတူ ပရိယတ္တိဓမ္မကို ကြိုးစားအားထုတ်လေ၏။ ပါရမီတော်ခံ အညွှန့်သန်သူ ဖြစ်သည့်အလျောက် စာပေကျမ်းဂန်များကို ဆရာနည်းကျကျ တတ်မြောက်လာခဲ့လေ၏။

ထိုစဉ်ကာလ၌ တိုင်းရေးပြည်ရေး မငြိမ်မသက် ဖြစ်လာ၏။ ထီးနန်းကို လုယူရန် အကြံနှင့် ဗြဟ္မတိသ ဆိုသူဦးဆောင်ကာ သူပုန်ထနေကြ၏။ လက်ာဒီပတစ်ကျွန်းလုံးမှာ ကြိမ်မီးအုံးသကဲ့သို့ရှိလေ၏။ ထိုသူပုန်ဘေးကြောင့် လူတို့အဖို့ အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရ။ ဒုက္ခအကြီးအကျယ်တွေ့နေရသည်။ တစ်ချိန်တည်းမှာပင် (၁၂)နှစ်လုံးလုံး မိုးခေါင်သည့်ဒဏ်ကြောင့် နိုင်ငံအတွင်းရှိ ရေတွင်း၊ ရေကန်၊ တမံ၊ ဆည်မြောင်းတို့မှာ ရေများ ခန်းခြောက်ကုန်လေ၏။ လူတို့မှာလည်း အစာရေစာပြတ်၍ ငတ်မွတ်ခြင်းဟူသော ဒုဗိက္ခန္တရကပ်ကြီးနှင့် ရင်ဆိုင်ကြရပြန်လေ၏။

မိုးခေါင်ငတ်မွတ်မှုကြောင့် ပုပ္ပဝတီကျောင်းတိုက်နေသံဃာတော်များ ဂေါစရဂါမ်ပြုရာ ဆွမ်းခံရွာများသည်လည်း ရပ်တည်၍ မရနိုင်တော့ဘဲ ရွေ့ကြည်ရာ မြက်နုရာ ဒေသများသို့ ပြောင်းရွှေ့ကြရကုန်၏။ ထိုအခါ သာသနာတော်ကို ကြည်ညိုသော ဒါယကာများက အရှင်အာယသအား 'မှန်လှပါဘုရား။ တပည့်တော်များ ဤဒေသမှ ပြောင်းရွှေ့ကြရပါကုန်အံ့။ အရှင်ဘုရားတို့လည်း တပည့်တော်များနှင့်အတူ လိုက်တော်မူပါကုန်ဘုရား' ဟု လျှောက်ထားကြ၏။

ထိုအခါ "အရှင်အာယသမထေရ်က 'သင်တို့ လျှောက်ထားသော စကားသည် သင့်မြတ်ပါသည်။ လျှောက်ထိုက်သောစကား ဖြစ်ပါသည်။ သို့သော် ငါသည် ဘုရားရှင်၏ သရီရဓာတ်တော်၊ မွေတော်များ ကိန်းဝပ်ရာ စေတီတို့ကိုလည်းကောင်း၊ ဗောဓိပင်တို့လည်းကောင်း ဘုရားရှင် အသက်ရှိစဉ်ကလို ဆည်းကပ်နေသော ငါ့အဖို့မှာ စွန့်၍ သွားအံ့သောငှာ မတတ်နိုင်ချေ။ ဤကျောင်းတိုက်မှာပင် ငါသည် အသက်ဆုံးသည့်တိုင်အောင် တံမြက်သုတ်သင်၍ ခစားနေပါအံ့။ ငါ့ကို လိုက်ပါစိမ့်သောငှာ သင်တို့ မကြိုးစားပါနဲ့တော့' ဟု မိန့်တော်မူလေ၏။

အရှင်အာယသမထေရ်မြတ်အား လိုက်ပါရန် တောင်းပန်၍မရသည့်အဆုံးတွင် ဒါယကာတို့သည် အခြားဒေသများသို့ ပြောင်းရွှေ့သွားကြကုန်လေ၏။

ထိုအခါမှစ၍ အာယသမထေရ်မှာ ဆွမ်းဒါယကာများ မရှိတော့သည့်အတွက် ဆွမ်းမဘုဉ်းရဘဲ ရှိလေ၏။ ပထမနေ့တွင် စေတီတော် ဗောဓိပင်ရင်ပြင်တို့၌ ရေကြည်ဆေးကပ်ခြင်း၊ တံမြက်လှည်းခြင်း စသည့်ဝေယျာဝစ္စအမှုတို့ကို

www.burmeseclassic.com

www.burmeseclassic.com

ပြုခြင်းဖြင့် တစ်နေ့တာ ကုန်လွန်စေ၏။ နောက်တစ်ရက်၊ နှစ်ရက်မှာလည်း ထို့အတူပင် စေတီယဝတ်၊ ဗောဓိဝတ် တို့ကို ပြုခြင်းဖြင့်သာ အချိန်ကုန်စေခဲ့သည်။

ဤသို့ဖြင့် ရက်ကာလ ကြာညောင်းလာသောအခါ အရှင်အာဘယမထေရ်မှာ တစ်နေ့တခြား နွမ်းပါးလာ၏။ မထေရ်မြတ်၏ ခန္ဓာကိုယ်ရုပ်ဓာတ်မှာလည်း သိသိသာသာ ကြီး နွမ်းဖတ်လာ၏။ စေတီရင်ပြင် ဗောဓိပင်တို့၌ တံမြက် ခတ်သော်လည်း ခန္ဓာကိုယ် ဒယီးဒယိုင်နှင့် တံမြက်စည်းရိုး ကိုပင် မြဲအောင် မကိုင်နိုင်သည့်အခြေသို့ ရောက်လာ၏။ မထေရ်မြတ်သည် ဗောဓိပင်အနီးရှိ မဏ္ဍပ်သို့သွားကာ အပန်းဖြေနားနေလေ၏။ ထိုမဏ္ဍပ်အပွန့်ရှိ သင်းဝင်ပင်၌ ရက္ခစိုးနတ်လင်မယားတို့ နေ၏။ မဏ္ဍပ်၌ ပင်ပန်းစွာအပန်း ဖြေနေသော မထေရ်မြတ်ကိုမြင်ရလျှင် ကြည်ညိုသဒ္ဓါ ကရဏာသက်ဝင်လာကြလေ၏။

လွန်ခဲ့သောဘဝ၌ အမတ်ဖြစ်ခဲ့စဉ် ဆာလောင်မွတ်သိပ် နေသော ခွေးပိန်မအား စေတနာအပြည့်အဝဖြင့် ထမင်း ကျွေးမွေးခဲ့သောကုသိုလ်သည် အကျိုးပေးခွင့်ဆိုက်လာ၏။ ဆွမ်းမမှီဝဲရသဖြင့် အားပြတ်နေသော မထေရ်မြတ်နှင့် ပတ်သက်၍ ရက္ခစိုးနတ်လင်မယားတို့ တိုင်ပင်ခြင်းပြုလေ၏။

"ဤအာဘယအရှင်မြတ်ကြီးကား စေတီတော်ကိုလည်း ကောင်း၊ ဗောဓိပင်ကိုလည်းကောင်း စွန့်၍ အခြားတစ်ပါး အရပ်သို့ ထွက်ခွာသွားခြင်း မပြုပေ။ အငတ်ဘေးနှင့် ကြုံနေရသော်လည်း စေတီတော်နှင့် ဗောဓိပင်တို့ကို တံမြက် လှည်းခြင်းအမှုကို မပျက်စေဘဲ နေ့စဉ်ပြုမြဲပြုနေ၏။, ထို အရှင်မြတ်အား ငါတို့မှတစ်ပါး ဆွမ်းခံရာအိမ် မရှိပြီ။

အကယ်၍ ထိုအရှင်မြတ် အာဟာရ ငတ်မွတ်ခြင်းကြောင့် ဘဝတိမ်းပါးခဲ့သော် သာသနာတော်အတွက် ကြီးစွာသော ဆုံးရှုံးခြင်းတစ်ရပ် ဖြစ်လေမည့်အပြင် ငါတို့အားလည်း မလျောက်ပတ်။ ငါတို့ကဲ့သို့သူများ ရှိပါလျက် ထိုအရှင်မြတ် မပျက်စီးစေအံ့။ ယနေ့ပင်လျှင် ဆွမ်း ဒါယကာအဖြစ် ငါတို့ ခံယူကုန်စို့" ဟူ၍ ဇနီးမောင်နှံတို့ အကြံချင်း တူမျှကြလေ၏။

အရှင်သူမြတ်သည် စေတီရင်ပြင်၌ ကျန်ရှိသောနေရာ များကို တံမြက်လှည်းရန်အလို့ငှာ တံမြက်စည်းရိုးကို အား ပြု၍ ထိုင်ရာမှ ထလိုက်စဉ် ရက္ခစိုးဇနီးမောင်နှံတို့သည် လူသားအသွင်ဖြင့် ဆရာတော်ဆီသို့ ရှိခိုးလျက် ရောက် လာပြီး ပင့်လျှောက်ကြကုန်၏။

"အရှင်ဘုရား...ယနေ့မှစ၍ အသက်ထက်ဆုံး ဘုရား တပည့်တော်တို့အား ဆွမ်းဒါယကာအဖြစ် မှတ်တော်မူပါ။ ဤနေရာသို့ နေ့စဉ် ဆွမ်းအလှူခံကြွတော်မူပါ" ဟု ပင့် လျှောက်လေ၏။

ထိုအချိန်မှစ၍ အာဘယမထေရ်ကြီးမှာ နတ်၌ဖြစ် သော ဆွမ်းကို နေ့စဉ် ဘုဉ်းပေးတော်မူရပြီး စေတီဝတ်၊ ဗောဓိဝတ်တို့ကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့လေသည်။

လင်္ကာဒီပကျွန်း၌ဖြစ်နေသော အငတ်ဘေးကြီးကား အရှိန်အဟုန်ကောင်းနေဆဲဖြစ်၏။ အာဘယမထေရ်ကြီးအဖို့ ဆွမ်းကိစ္စ နိုးရိမ်ကြောင့်ကြမှု ကင်းဝေးနေခဲ့သော်လည်း များစွာသောလူတို့မှာ ငတ်မွတ်ခြင်းဘေးကြီးကြောင့် သေသူသေ၊ ရောဂါဖြစ်သူဖြစ်၊ အသက်ရှင်လျက် ဒုက္ခရောက် နေသူတွေ အနန္တဖြစ်လျက်ရှိ၏။ အကြင်နာတရား ခေါင်း ပါးသူတို့မှာ အငတ်မခံနိုင်ကြသည့်အဆုံးတွင် လူသားကိုပင် စားကြသည့် အခြေသို့ ဆိုက်လာ၏။

အာဘယမထေရ်အား နေ့စဉ် ဆွမ်းလှူသော ဒါယကာ များကား လူသားမောင်နှံဖြစ်၏။ သို့သော် ဘုဉ်းပေးရသော ဆွမ်းမှာ နတ်ဩဇာ၊ နတ်ဆွမ်းဖြစ်သောကြောင့် အရှင်သူ မြတ်၏ အသားအရေများမှာ စိုစိုပြည်ပြည် ဝဝဖြိုးဖြိုးရှိနေ ၏။ ထိုသို့ ဝဝဖြိုးဖြိုး ကျက်သရေတိုးနေခြင်းက ဆရာတော် အတွက် အသက်အန္တရာယ် နိုးရိမ်ဖွယ်ဖြစ်လာပြန်၏။ မိုက် မဲသော လူငတ်များက ဝဖြိုးနေသော ဆရာတော်၏ အသား ကို သွားရည်ယိုကျလာနေသည်။

တစ်နေ့မှာတော့ ငတ်မွတ်နေသော လူအချို့သည် ဆရာတော်အား သတ်စားကြရန် တိုင်ပင်ကြကုန်၏။

ဆရာတော် သီတင်းသုံးသော ပုပ္ပဝတီကျောင်းတိုက် ကို ထွက်ပြေးပေါက်မရှိအောင် လေးဖက်လေးတန်းဝိုင်း ကြကုန်လေ၏။ ထိုအချိန်တွင် ဆရာတော်ကား ကျောင်း

www.burmeseclassic.com

www.burmeseclassic.com

ရှေ့တွင် တံမြက်စည်းလှည်းနေ၏။ ဝိုင်းဟ,ဝိုင်းဟဟူသော အသံသဲ့များသည် ကျောင်းတိုက်ကြီးတစ်ခုလုံး လွှမ်းခြုံခဲ့တာထပ်သွား၏။ ဆရာတော်ကား မကြားလေသကဲ့သို့ တံမြက်ကို ဆက်ခတ်မြဲ ခတ်နေ၏။

လူသတ်သမားများသည် မားလွတ်ကို ကိုယ်စီကိုင် လျက် ကျောင်းတိုက်ထဲသို့ တစ်ဟုန်ထိုး ဝင်လာကြ၏။ ဆရာတော်ကြီးအား ရှာဖွေကြသော်လည်း မတွေ့ရပေ။ ကျောင်းကြိုကျောင်းကြား ရှာသူကရှာ၊ ကျောင်းပေါ်တက်၍ ကြည့်သူကကြည့် အသေးစိတ်လိုက်လံရှာဖွေကြသော်လည်း ထုံးဝမတွေ့ရဘဲ ဖြစ်နေ၏။ ဆရာတော်က ကျောင်းရှေ့တွင် တံမြက်လှည်းနေ၏။ အခြားတစ်နေရာသို့ ပုန်းရှောင်နေခြင်း ရှိ၊ ဆရာတော်အား မမြင်ရခြင်းမှာ လွန်ခဲ့သောဘဝ အတိတ်ဖြစ်ခဲ့စဉ်က ခွေးပိန်မအား လူငယ်များက ရိုက်ပုတ်၍ နှင်ထုတ်သည့်အခါ မရိုက်ရန်၊ အန္တရာယ်မပြုရန် တားမြစ်ခဲ့သည့် ကုသိုလ်အကျိုးက ဤဘဝ၌လာ၍ တန်ခိုးပြခြင်း ဖြစ်သည်။

ဆရာတော် ကျောင်းရှေ့တွင် ထင်ထင်ရှားရှား တံမြက် လှည်းနေသည်ကို တွေ့မြင်နေရပါလျက် ရှာဖွေမတွေ့ရခြင်းမှာ ထူးဆန်းပါပေစွ။ ဇကန္တ ဤမထေရ်ကြီးကား သာမန်ပုဂ္ဂိုလ်မျိုးမဟုတ်၊ ရဟန္တာမြတ်ဖြစ်ဖွယ်ရှိတကား။ နတ်တို့ မကြိုက်ပါက ငါတို့အား ဒဏ်ရိုက်ခံရကုန်အံ့ဟူ၍ ကြောက်လန့်ကာ လူသတ်သမားတို့လည်း ခြေကုန်သုတ်၍ ထွက်ပြေးသွားကြလေ၏။

အဘယမထေရ်မြတ်သည် သင်းဝင်ပင်စောင့်နတ် ဇနီးမောင်နှံတို့ ဆက်ကပ်သောဆွမ်းကို (၁၂)နှစ်ပတ်လုံး ဘုဉ်းပေးတော်မူပြီး ဝိပဿနာတရားကို လုံ့လပြုအားထုတ်ခဲ့ရာ ကြောင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူခဲ့ခြင်း ဖြစ်လေသည်။

အဘယမထေရ်သည် ဘဝတစ်ခုတုန်းက ခွေးပိန်မ အား သဒ္ဓါစေတနာအပြည့်ဖြင့် ထမင်းကျွေးမွေးလှူဒါန်းခဲ့သော ကုသိုလ်အကျိုးဆက်ကား နိဗ္ဗာန်သို့တိုင်အောင် ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ပါကြောင်း တင်ပြရပေသည်။

မောင်ထည်ဝါ(ပျော်ဘွယ်)

ကျမ်းကိုး

* လင်္ကာဒီပဝတ္ထု(၆၀) ဒုတိယတွဲ၊ ဒဂုန်ဦးစန်းငွေ။

မှတ်ပုံတင်ပြီး

အမှတ်တံဆိပ်

အမဲဆေး ဆီးချို၊ သွေးချို သောက်ဆေး

သုံးစွဲရန် ဆေးပမာဏ

နံနက် အစာမစားမီ (၃) ပြား
နေ့လယ် အစာမစားမီ (၃) ပြား
ည အစာမစားမီ (၃) ပြား

ပင်ရင်း အမှတ် (၃၁)၊ (၀၂၂)လမ်း၊
ဒဂုတ္တရ၊ကုန်းရပ်တွက်၊
မင်္ဂလာဒေါဝင်ညွန့်ပြိုမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း - ၀၀ - ၃၇၆၇၀၁၊ ၀၁ - ၃၇၆၇၀၂၊ ၀၉ - ၇၃၂၀၀၉၇၀

အပြုသဘောရှိသော ဆေးမှီးခံဖုံးများတွင် ရရှိနိုင်ပါသည်။

တိုင်းရင်းဆေးဝါးထုတ်လုပ်သူ့လိုင်စင်အမှတ် - ၂၂၁၁၃၀၀၁၀၀၁၁၀၁၂၀၁၁၀၁၁၀၁၁

www.burmeseclassic.com

(က)

ရဟန်းတစ်ပါးမှာ သာမန်ရဟန်းတစ်ပါးတော့ မဟုတ်ပါ၊ ရဟန္တာဖြစ်ပါသည်။ ရဟန္တာထဲတွင်လည်း တန်ခိုးကြီးတဲ့နေရာမှာ အထူးကဲဆုံး ဇာဒဂ်ရ ပုဂ္ဂိုလ် ဖြစ်သည်။ မြတ်ဗုဒ္ဓ၏ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂ လာန် ဖြစ်ပါသည်။

အရှင်မဟာမောဂ္ဂလာန်သည် မြေလျှိုးမိုးပျံနိုင်သော ဈာန်အဘိညာဉ်ရ ပုဂ္ဂိုလ်ပီပီ ငရဲသို့လည်း ရောက်သည်။ နတ်ပြည်သို့လည်း ရောက်သည်။ ငရဲပြည်သို့ကြွ၍ ငရဲခံနေရသူများအကြောင်းကို လေ့လာစူးစမ်းမေးမြန်းသည်။

အဘယ်အပြစ်တွေ့၊ မကောင်းမှုအကုသိုလ် ဒုစရိုက်မှုတွေကို ပြုခဲ့သဖြင့် ငရဲတွင် ဆင်းရဲဒုက္ခကြီးစွာ ခံစားရပုံတို့ကို လူပြည်သို့ ပြန်ရောက်သောအခါ လူတွေကို ပြောပြလေ့ရှိသည်။ ငရဲသို့သာမက ပြိတ္တာဘုံသို့လည်း ရောက်ရှိကာ စားရမဲ့မဲ့ သောက်ရမဲ့မဲ့ နေစရာချို့တဲ့၊ အဝတ်အစား ချို့တဲ့နေသော ပြိတ္တာများကို ပြန်ဟောလေ့ရှိသည်။

နတ်ပြည်သို့ ကြွသောအခါတွင်လည်း နတ်ပြည်တွင် တွေ့မြင်ခဲ့ရသည့် နတ်သား၊ နတ်သမီးများကို ဘယ်ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ခဲ့သဖြင့် နတ်ပြည်သို့ ရောက်လာကြောင်း စသည်များကို စူးစမ်းမေးမြန်းလေ့ ရှိပေသည်။ အရှင်မြတ်ကြီးသည် နတ်ပြည်သို့ ခရီးလှည့်လည် ဒေသစာရီကြွလေ့ ရှိတော်မူပါသည်။

(ခ)

ယခုတစ်ခေါက် နတ်ပြည်သို့ ရောက်သောအခါ တန်ခိုးကြီးသော နတ်သမီးတစ်ဦးကို မေးမြန်းတိုးခေါက်ကြည့်တော်မူသည်။ နတ်တို့၏ ခမ်းနားသော ဗိမာန်၊ သာယာကြည်နူးဖွယ်ကောင်းသော ဥယျာဉ်၊ ရေကန်၊ များပြားသော အလုပ်အကျွေး၊ အခြံအရံတို့နှင့် ပြည့်စုံသဖြင့် လူဘဝတုန်းက မည်သို့သော ကုသိုလ်ကောင်းမှုတွေ ပြုခဲ့

မဲ့ရာဇနီကာ
နတ်ပြည်ရောက် ရဟန်းတစ်ပါးနှင့် နတ်သမီးများ

www.burmeseclassic.com

www.burmeseclassic.com

သလဲဟု သိလိုသောကြောင့်-

'သင်သည် ဘယ်ကောင်းမှုတွေ ပြုခဲ့သဖြင့် ဤသို့ကြီးကျယ်ခမ်းနားသော နတ်စည်းစိမ်ကို ခံစားရသနည်း' ဟု မေးလိုက်လေ၏။

'တပည့်တော် အလှူဒါနကုသိုလ်ကောင်းမှု မပြုခဲ့ပေ။ သို့သော် မှန်ကန်သောစကားကိုသာ ပြောဆိုလေ့ရှိပါ၏။ မုသာဝါဒ-မဟုတ်မမှန်သော စကားကို ဘယ်သောအခါမှ မပြောမဆိုခဲ့ပါ' ဟု ပြန်လည်လျှောက်ထားလေ၏။

အရှင်မြတ်ကြီးသည် နောက်ထပ် ခမ်းနားကြီးကျယ်သော ဗိမာန်၊ ဥယျာဉ်၊ ရေကန်၊ အခြံအရံတို့နှင့် နတ်စည်းစိမ် ခံစားနေသည့် နတ်သမီးတို့ကို တွေ့သဖြင့် မေးမြန်းကြည့်၏။

'သင်တို့...လူပြည်တုန်းက ဘယ်ကောင်းမှုတွေ ပြုခဲ့ကြလို့ ယခုလို နတ်ပြည်သို့ရောက်ကာ နတ်စည်းစိမ်တွေ ခံစားနေရသနည်း'

နတ်သမီး တစ်ဦးက-

'တပည့်တော် အလှူဒါန မပြုခဲ့ဖူးပါ။ လူဘဝတုန်းက လင်က ရိုက်နှက်လျှင် သည်းခံခဲ့ပါသည်။ ဒေါသအမျက် မထွက်မိအောင် မိမိကိုယ်ကိုယ် ဆုံးမပြီး နေခဲ့ပါသည်။ ဒေါသကို ထိန်းချုပ်ကာ ငုံ့ခံနေခဲ့ပါသည် အရှင်ဘုရား'

ကျန်နတ်သမီးတွေကို မေးမြန်းကြည့်သောအခါ နတ်သမီး အသီးသီးတို့၏ အဖြေစကားများမှာ-

'တပည့်တော်သည် ရဟန်းတစ်ပါးအား ကြဲချောင်းတစ်ချောင်းလှူခဲ့ဖူးပါသည်ဘုရား'

'တပည့်တော်သည် ရဟန်းတစ်ပါးအား တည်(တယ်)သီးတစ်လုံး လှူခဲ့ဖူးပါသည်ဘုရား'

'တပည့်တော်သည် ရဟန်းတစ်ပါးအား သခွားသီးတစ်လုံး လှူခဲ့ဖူးပါသည်ဘုရား'

တပည့်တော်သည် ရဟန်းတစ်ပါးအား သရက်သီးတစ်လုံး လှူခဲ့ဖူးပါသည်ဘုရား'

တပည့်တော်သည် ရဟန်းတစ်ပါးအား သစ်မြစ်တစ်ဆုပ်(ပဲမြစ်တစ်ဆုပ်)သာ လှူခဲ့ဖူးပါသည် အရှင်ဘုရား' ဟူသည်တို့ ဖြစ်လေသည်။

လူဘဝတုန်းက သူတို့၏ အလှူဒါနမှာ များများစားစား မဟုတ်ပါ။ ကြီးကြီးကျယ်ကျယ် အလှူမျိုးလည်း မဟုတ်ပါ။ သို့သော် စေတနာ၊ သဒ္ဓါတရား အပြည့်အဝထား၍ လှူခဲ့ခြင်းဖြစ်ပုံရသည်။ နတ်သမီးများက ဆက်၍ အရှင်မြတ်ကို လျှောက်ထားကြသည်။

'ဤအလှူဒါနလေး အနည်းငယ်မျှဖြင့်သာ လှူခဲ့ရပြီး ဤနတ်ပြည်သို့ ရောက်လာခြင်း ဖြစ်ပါသည်ဘုရား'

ဤတွင် အလှူဒါနဟူသည် ဝတ္ထုပစ္စည်း နည်းသည်၊ များသည်မဟူ စေတနာသုံးတန်ပြည့်စုံပြီး ထက်သန်ခိုင်မာသော သဒ္ဓါတရားဖြင့် လှူဒါန်းလျှင် ကောင်းကျိုးချမ်းသာ အဖြာဖြာရရှိနိုင်ကြောင်း မှတ်သားအပ်ပေသည်။

(၈)

အရှင်မဟာမောဂ္ဂလာန်သည် လူပြည်သို့ရောက်သောအခါ နတ်ပြည်တွင် တွေ့ဆုံမေးမြန်းခဲ့ရသော နတ်သမီးများအကြောင်းကို ဗုဒ္ဓမြတ်စွာအား ပြန်လည်မေးမြန်း လျှောက်ထားလေ၏။

'မြတ်စွာဘုရား...မုသားရှောင်ရှား မှန်သောစကားကို ဆိုရုံမျှဖြင့်လည်းကောင်း၊ အမျက်ဒေါသကို ချုပ်တည်းကာ သည်းခံရုံမျှဖြင့်လည်းကောင်း၊ တည်သီးတစ်လုံး၊ သခွားသီးတစ်လုံး၊ သရက်သီးတစ်လုံး၊ သစ်မြစ်တစ်ဆုပ် လှူရုံမျှဖြင့်လည်းကောင်း နတ်ပြည်သို့ရောက်ကာ နတ်စည်းစိမ် ခံစားရနိုင်ပါသလားဘုရား'

'ချစ်သားမောဂ္ဂလာန်...အဘယ်ကြောင့် ငါဘုရားကို မေးလျှောက်ဘိသနည်း။ သင့်အား နတ်သမီးများက သူတို့၏ အကြောင်းကို လျှောက်ထားလိုက်ပြီ မဟုတ်လော'

အမှန်စင်စစ် အရှင်မြတ်မောဂ္ဂလာန်သည် သူတွေ့မြင်ခဲ့ရပုံ အလုံးစုံကို ပြည့်စုံထင်ရှားစေလိုသဖြင့် ခိုင်မာစေလို၍သာ ဗုဒ္ဓမြတ်စွာကို မေးမြန်းလျှောက်ထားခြင်း ဖြစ်ပါ၏။ မိမိတင်ပြချက်၊ အစီရင်ခံချက် ခိုင်မာအောင် အကြီးအကဲ၏ လက်မှတ်ကို ရယူသကဲ့သို့ မှတ်သားရန် ဖြစ်ပါ၏။

<u>နတ်ပြည်ရောက်ရန် နည်း(၃)တန်</u>

လူဘဝသည် တိုတောင်း၏။ ဆင်းရဲ၏။ ကျပ်တည်း၏။ ဆင်းရဲချမ်းသာ ဆူကြွဲဖိနှိပ်မြင့် အဆင့်အလွှာစုံလှ၏။ အပြိုင်အဆိုင်တွေပေါ၏။ အကြိတ္တလျှင် ရန်သူဖြစ်ကာ မနာလိုသူတွေ ပေါ၏။ စီးပွားဥစ္စာရှာဖွေရသည်မှာ မလွယ်ကူလှပေ။ ပညာရေး၊ လူမှုရေး၊ နိုင်ငံရေး စသည်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ရွှပ်ထွေးလှ၏။ ကိစ္စများမြောင် လူတို့ဘောင် ဖြစ်၏။ သရာဝါသ၊ သမ္မာဓတွေ များလှ၏။

နတ်ပြည်တွင်ကား ဤဒုက္ခတွေ မရှိပေ။ ခန္ဓာဒုက္ခ သာ ရှိ၏။ စီးပွားရှာဖွေမှု၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေးကိစ္စတွေ မရှိ။ လွှမ်းပြည်တုန်းက မိမိပြုခဲ့သော ကုသိုလ်ကောင်းမှု ရှိလျှင် ရှိသလို ချမ်းသာ၏။ ပြည့်စုံ၏။ နတ်စည်းစိမ် ခံစားရ၏။ လူဘဝတွင် ရှိစဉ်က မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေထိုင်ကြကာ ကုသိုလ်ကောင်းမှု မပြု၊ ကိုယ်ကျင့်သီလပျက်ပြား၊ မုသားတွေ ရေလိုသုံး၊ သည်းခံခွင့်လွှတ်မှု နားမလည်၊ အချိန်ဖြုန်းပြီး နေထိုင်ကြလျှင်ကား ရခဲသည်ဆိုသော လူဘဝ တန်ဖိုးရှိမည်မဟုတ်ပေ။

သို့ဖြစ်ပေရာ နတ်ပြည်ရောက်ရန် နတ်စည်းစိမ်ခံစားရရန် -

(၁) မုသာဝါဒ-မဟုတ်မမှန်ပြောခြင်းကို ရှောင်ပါ။
(၂) အမျက်ဒေါသ မထားဘဲ ခွင့်လွှတ်သည်းခံပါ။
(၃) မိမိတတ်စွမ်းသလောက် (နိုင်သလောက်) နည်းများ

မဟူ အလျှဒါနပြုပါဟူ၍ ဤဇာတ်လမ်းကို ထောက်ထား၍ ရေးသားတိုက်တွန်းလိုက်ရပေသတည်း။

နမော သမ္မာသမ္ဗုဒ္ဓဿ

မုံရွာ-နေဇာ

(ဓမ္မပဒ အဋ္ဌကထာ ကောဓဝဂ်၊ မောဂ္ဂလာန်မထေရ် ဝတ္ထုကို ခြယ်မှုန်းပါသည်။)

မန္တလေး-နေပြည်တော် ဆရာလှ၏ မြေးတပည့်

ဆရာမကြီး ဒေါ်စောဦးစံ (ရှမ်းပြည်)

B.A (History)

ဖေဒင် လက္ခဏာ ဝေဒပညာရှင်

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှုမ်းပညာစစ်စစ်၊ အံ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယဉ်ကြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နှလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသော ဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် ဟောခန်းဖွင့်ပါသည်။

ဟောခန်း - အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ဝိုင်းဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဟောခန်း(အိမ်) - တိုက်-၇၉(၅-လွှာ)၊ အောင်မေတ္တာလမ်း၊ (၁)ရပ်ကွက်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဝေ ၇၃ ၂၄၀၇၉၆ ၊ ဝေ ၃၂ ၂၂ ၇၇ ၉၇

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

တိုင်းရင်းဆေးပါးမျိုးစုံတော် 0412 YR 004687
လိုင်စင် ဂ/ ၂၀၀၈ တာဆေလ (တိုး)-၁၃၁၂



အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

မုံရွာ ဆရာမိုး ရဲ့ ရောက်တစ်လုံးဝမ်းမှန်ဆေး

ကြောကြာနွားကိုပြုမှုကာဆမုတ်တဆေတ(ဈာနယ်ဇင်း)၁၃၀/၀၁၁၃

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးဝါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်တကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီး၁၀ပါးညီညွတ်မှုတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဒီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်းခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အခြေသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အခြေသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေနှဲ့လေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး၊ အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဝိုက်နာ, ဝိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆဲပင်ဖြူခြင်း။ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ခွေးနှဲ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်တင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရဲ့ ဓာတ ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာဇင်းဏာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးတ ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်ပြီး မန္တလေးပြီးနှင့် မုံရွာပြီးမော်လမြိုင်ပြီးရှိ ပြန်မှာဆေးရုံးစုံတွင်ရရှိနိုင်ပြီးကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ရိုးပေးနေပါပြီး

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

ဖုန်း-၀၃-၆၉၀၅၀၇၊ ၀၉-၅၁၁-၀၀၆၁၂
မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၃၁ လိုင်း၃ခု (၃၄၇)၊ ၆၉၀၄၅၅၆ လိုင်း၃ခု (၃၄၇)

www.burmeseclassic.com

www.burmeseclassic.com

ဓမ္မဃောသက အရှင်ကြာဘသ

နောင်တစိတ်ဖြင့်

လမ်းလျှောက်ခြင်း

နောင်းမှတ,တတ်သော သဘောသည် နောင်တ, ဖြစ်၏။ နောင်းခြင်းသည် အချိန်နောင်းခြင်း၊ အချိန်လွန်ခြင်းကို ဆို၏။ တ,သည် တမ်းတခြင်း၊ အမှတ်ရနေခြင်း၊ သတိရခြင်း၊ ဝမ်းနည်းခြင်း၊ ထိုင်မှိုင်းခြင်း၊ လွမ်းမောခြင်းကို ဆို၏။ အချိန်လွန်မှ ရလိုက်သော သတိသည် နောင်တဖြစ်၏။ လောကဥ္စ အခွင့်အရေးသည် အမြဲတမ်း ပေါက်ရောက်တတ်သောသစ်ပင် မဟုတ်၊ နေရာတကာမှာ တွေ့ ရတတ်သော အရိုင်းပင် မဟုတ်။ အခွင့်အရေးသည် ရာသီအလိုက်၊ အချိန်အခါအလိုက် ပေါက်ရောက်လာတတ်သော သစ်ပင်ဖြစ်၏။ ရှားရှားပါးပါး တွေ့ရသော သစ်ပင်ဖြစ်၏။

ဘဝသို့ ရှားပါးစွာ ပေါက်ရောက်လာတတ်သော အခွင့်အရေးကို အချိန်အခါအလိုက် ယူရ၏။ အချိန်အခါအလိုက် ယူတတ်မှ အခွင့်အရေးသည် ဘဝအား တန်ဖိုးမြင့်တင်ပေး၏။ အချိန်ကလေး တစ်ချက် လွန်သွားသည်နှင့် အခွင့်အရေးသည် ဘဝအား လက်ပြန်တက်ဆက်

www.burmeseclassic.com

www.burmeseclassic.com

ဖြတ်ခွာသွားတတ်၏။ အခွင့်အရေးကို ဆုံးရှုံးလိုက်ရသည့် အခါ အခွင့်အရေးကပေးသော ဘဝတန်ဖိုးသည်လည်း ရေ အရပ်ဆွဲသလို ဖြစ်သွား၏။ အခွင့်အရေး ဆုံးရှုံးသွား ရသည့်အကြောင်း တွေးမိသည့်အခါ နောင်တသည် ရင်ကို အင်နှင့် အားနှင့် ဆောင့်တွန်းလာတတ်၏။ အခွင့်အရေးအား ဆောက်တစ်ကြိမ် ဘဝသို့ လာပါစေကြောင်း တမ်းတခြင်း တို့ ပေါ်ပြင်စွာ သရုပ်ပေါ်လာတတ်၏။ အခွင့်အရေးအား ဆုံးရှုံးလိုက်ရလေခြင်းဟူသော ဝမ်းနည်းမှုတို့ စင်မြင့်ထက် သို့ ရောက်လာတတ်၏။

လူတို့သည် မွေးဖွားရှင်သန်မှုခရီးအား စောချွေးများ အလိမ်းလိမ်းကပ်လျက် လျှောက်နေကြရ၏။ အများအား ဖြင့် ထိုစောချွေးတို့သည် လောဘစော၊ ဒေါသစော၊ မောဟ စောများဖြစ်နေတတ်၏။ လောဘ၊ ဒေါသ၊ မောဟတို့ဖြင့် အများတို့သည် အပြုံးနှင့် ကြိုဆိုနေတတ်၏။ လောဘစော ချွေး အလိမ်းခံရသောအခါ အများကို အမှားမှန်းမသိ ဖြစ် တတ်၏။ ဒေါသစောချွေး အလိမ်းခံရသောအခါ အများကို အမှားမှန်းမသိ ဖြစ်တတ်၏။ မောဟစောချွေး အလိမ်းခံရ သောအခါ အများကို အမှားမှန်းမသိ ဖြစ်တတ်၏။ အများ အားလုံးကို ကျူးလွန်မိတတ်၏။ အများများကိုပြုလုပ်မိတတ်၏။ လောဘ၊ ဒေါသ၊ မောဟ စောချွေးများ ပျောက်သွားသည့် အခါမှ ကိုယ်ကျူးလွန်မိ၊ ပြုလုပ်မိသော အရာတို့သည် အများဖြစ်နေမှန်း သိတော့၏။ မလုပ်သင့်သော လုပ်ရပ်မှန်း သိတော့၏။ ဖြစ်နိုင်လျှင် ပြုလုပ်မိသောအချိန်သို့ ပြန်သွား ချင်၏။ မပြုလုပ်မိအောင် ထိန်းချုပ်ချင်၏။ အချိန်သည် ပြန်ဆွဲတင်၍ မရတော့သော အတိတ်မှာ ကျန်ခဲ့ပြီဖြစ်၏။ ပြုလုပ်ခဲ့မိသော အများသည်လည်း ဘဝသမိုင်းတွင် အမည်း စက်ထင်ခဲ့ပြီ ဖြစ်၏။ ထိုအများကိုတွေး၍ ဝမ်းနည်းလာ တတ်၏။

အခွင့်အရေးအား ဆုံးရှုံးလိုက်၍လည်း နောင်တ ဖြစ် လာတတ်၏။ အများများကို ပြုလုပ်မိ၍လည်း နောင်တ သည် ဖြစ်လာတတ်၏။ တချို့သော သားသမီးတို့သည် သက်ရှိထင်ရှားရှိသော မိဘများအား လုပ်ကျွေးရကောင်းမှန်း သိကြပေ။ သူတို့၏ အောင်မြင်မှု၊ ကျော်ကြားမှု၊ ချမ်းသာ ကြွယ်ဝမှုများအပေါ် နစ်မွန်းပျော်မြူးနေတတ်ကြ၏။ မိဘ များ ဘဝသစ်သို့ ခရီးဆက်သွားသည့်အခါမှ မိဘများအား လုပ်ကျွေးရကောင်းမှန်း သိလာကြ၏။ လုပ်ကျွေးချင်စိတ်တို့ ဖြစ်ပေါ်လာကြ၏။ သူတို့၏ အသိစိတ်သည် နောင်းမှရသော အသိစိတ်ဖြစ်၏။ မိဘများ မရှိတော့ပြီဖြစ်၍ လုပ်ကျွေးချင် သော်လည်း လုပ်ကျွေးခွင့် မရှိတော့ပေ။ ထိုသောအခါ သားသမီးတို့သည် မိဘများ ရှိနေခဲ့စဉ်ကို သတိရကြ၏။ မိဘများ ရှိနေခဲ့စဉ်က မလုပ်ကျွေးမိခဲ့သော ကိုယ့်ကိုယ် ကိုယ် အပြစ်ဆိုကြ၏။ ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင် အောင်ထိ ဖြစ်တတ်ကြ၏။

နောင်တသည် စိတ်ကို နှိပ်စက်ဖျက်ဆီးတတ်၏။ နောင်တသည် ဝမ်းနည်းမှုကို သက်တမ်းရှည်စေ၏။ တမ်းတ မှုကို လည်ပင်းရှည်စေ၏။ အလွမ်းကို ခရီးရှည်ဆွဲတတ်၏။ နောင်တသည် အရင်းနှီးဆုံးရန်သူ ဖြစ်၏။ နောင်တစိတ် ဖြင့် လမ်းလျှောက်ခြင်းသည် ပျင်းစရာကောင်း၏။ အချိန် တစ်ရာလေးသော ဝန်ထုပ်ကို ထမ်းထားရသည်ထက် စိတ် သည် လေးလံ၏။ နောင်တစိတ် လွှမ်းမိုးထားသည့်အခါ ပျော်စရာတို့သည် စိတ်သို့ ရောက်မလာတော့။ ဘဝ၏ ကြည်နူးစရာ နေ့ရက်များအား နောင်တစိတ်သည် ဝါးမျိုသွားတတ်၏။ နောင်တစိတ်ဖြင့် နေထိုင်ခြင်းသည် ဘဝအား ကောင်းကျိုးတစ်စုံတစ်ရာ မပေးပေ။ ပစ္စုပ္ပန်တန်ဖိုးရှိသော အချိန်များအား အလဟဿဖြုန်းတီးနေခြင်းဖြစ်၏။ တန်ဖိုး မဲ့အောင် ပြုလုပ်နေခြင်းဖြစ်၏။ ဘဝ၏ တိုးတက်အောင်မြင် ရေးတို့သည် နောင့်နှေးကြန့်ကြာသွားတတ်၏။ နောင်တစိတ် ဖြင့် လမ်းလျှောက်နေခြင်းကို မြတ်စွာဘုရားက မကောင်း မှုကို တိုးပွားစေသူဟု ဟောတော်မူ၏။

အင်္ဂလိမာလမထေရ်အကြောင်း ဗုဒ္ဓဘာသာ သူတော် စင်များ သိရှိကြ၏။ အင်္ဂလိမာလသည် ဆရာ့စကားကို နားထောင်သော တပည့်ကောင်းတစ်ယောက်ဖြစ်၏။ သို့ သော် အင်္ဂလိမာလ၏ဆရာသည် အင်္ဂလိမာလအပေါ် တစ်ကြိမ် မကောင်းခဲ့ပေ။ ဆရာ၏ စာစကြိမ်မကောင်းခဲ့ ခြင်းက အင်္ဂလိမာလအား လူမိုက်ဖြစ်အောင် တွန်းအား ပေးခဲ့၏။ ဆရာတောင်းသော လက်ညှိုးတစ်ထောင်ကိုရဖို့ လူပေါင်းများစွာကို သတ်ခဲ့၏။ အန္တရာယ်ပေါင်း များစွာကို ရင်ဆိုင်ခဲ့ရ၏။ မြတ်စွာဘုရားနှင့်တွေ့မှ ရဟန်းဖြစ်ခဲ့၏။ ရဟန်းဖြစ်သွားပြီးနောက် အင်္ဂလိမာလ မထေရ်သည် ကမ္မဋ္ဌာန်းတရား အားထုတ်၍ မရခဲ့ပေ။ သမာဓိတည်ကြည်မှု မရရှိခဲ့ပေ။ ကမ္မဋ္ဌာန်းတရား ရှုမှတ် တိုင်း သူပြစ်မှားကျူးလွန်ခဲ့သော မကောင်းမှုပုံရိပ်များက စိတ်ထဲ ထင်လာတတ်၏။ မကောင်းမှုပုံရိပ်များသည် သော စိတ်အာရုံတစ်ခုလုံးကို လွှမ်းမိုးထား၏။ မကောင်းမှုပုံရိပ်

www.burmeseclassic.com

www.burmeseclassic.com

များ ထင်လာတိုင်း အဂုံလိမာလသည် နောင်တစိတ်ကို ပွားနေတတ်၏။ ကမ္မဋ္ဌာန်းပွားများခြင်း လုပ်ငန်းသည် ခါးညောင်းရုံသာ ရှိခဲ့၏၊ အကျိုးမရှိခဲ့။

ဘဝသမိုင်း၌ နောင်တစိတ်ကင်းအောင် ကြိုးစားသင့်၏။ မလုပ်သင့်သော အရာတို့ကို မလုပ်မိအောင် သတိထားရမည်ဖြစ်၏။ ရောက်ရှိလာသော အခွင့်အရေးကို အမိအရ အသုံးပြုနိုင်အောင် နိုးကြားမှုသတိ အမြဲရှိရမည် ဖြစ်၏။ သတိသာ ရှိနေမည်ဆိုလျှင် နောင်တစိတ်သည် ဘဝသမိုင်း၌ လုံးဝကင်းရှင်းနေမည် ဖြစ်၏။ ခက်သည်က ပုထုဇဉ်တို့သည် သတိမမြဲသူများဖြစ်၏။ သတိထားရမည်ကို ဝန်လေးတတ်ကြ၏။ သတိထားရသည်ကို အကျဉ်းချခံရသည်ဟု ထင်မှတ်ကြ၏။ သတိလွတ်ကြ၍ အမှားများကို ပြုလုပ်တတ်ကြ၏။ အခွင့်အရေးများကို ဆုံးရှုံးခံရတတ်၏။ အမှားများကို မပြုလုပ်မိအောင် ထိန်းချုပ်လျက်၊ အခွင့်အရေးများ မဆုံးရှုံးရအောင် သတိထားလျက် အမှားများ ပြုလုပ်မိသည့်အခါ၊ အခွင့်အရေးများ ဆုံးရှုံးသွားသည့်အခါ နောင်တစိတ် မဝင်ရအောင် ထိန်းချုပ်ရမည်ဖြစ်၏။ ပြီးခဲ့သော အရာများအား ပြန်ပြုပြင်၍ မရတော့။ ပြန်ဆွဲတင်၍ မရတော့။ ကောင်းအောင်၊ ဆိုးအောင် ပြုလုပ်၍မရတော့။ ကောင်းသောအရာ ဆိုလျှင်လည်း ကျန်ခဲ့ပြီဖြစ်၏။ မကောင်းသော အရာဆိုလျှင်လည်း ကျန်ခဲ့ပြီဖြစ်၏။ ကျန်ရစ်ခဲ့လေပြီသော အတိတ်များအား တန်ဖိုးရှိအောင် ပြုလုပ်နိုင်သည်မှာ သင်ခန်းစာဖြစ်၏။

ဘာချို့ယွင်းချက်ကြောင့် အမှားများကို ပြုလုပ်ခဲ့သနည်း။ ဘာချို့ယွင်းချက်ကြောင့် အခွင့်အရေးများ ဆုံးရှုံးခဲ့ရသနည်း။ အမှားပြုလုပ်ခြင်း၊ အခွင့်အရေးများ ဆုံးရှုံးခဲ့ရခြင်း၌ ချို့ယွင်းချက်ကို ရှာရမည်ဖြစ်၏။

ထိုကဲ့သို့ ချို့ယွင်းချက်များ နောက်ထပ် မကြုံရအောင်၊ ဘဝထဲသို့ မရောက်ရအောင် အကောင်းဆုံး ပြင်ဆင်ထားရ၏။ ဤကို သင်ခန်းစာယူခြင်းဟု ဆို၏။ သင်ခန်းစာယူခြင်းသည် အတိတ်ထဲက တန်ဖိုးကို ဆွဲထုတ်လိုက်ခြင်းဖြစ်၏။ အတိတ်ကို ဆန်းစစ်ကြရမည် ဖြစ်၏။ အတိတ်ကို ဆန်းစစ်ခြင်းသည် ပစ္စုပ္ပန်ကို အကောင်းဆုံး ပြုလုပ်ခြင်းလည်း မည်၏။ ညနေ တိတ်ဆိတ်စွာ အိပ်ရာထဲ ဝင်သော အခါ တစ်နေကုန် လုပ်ကိုင်ခဲ့သော လုပ်ရပ်များအား ဆန်းစစ်သင့်၏။ လုပ်ကိုင်ခဲ့သော လုပ်ရပ်များ၌ မှားယွင်းသော အရာ၊ မှန်ကန်သောအရာ၊ အကျိုးရှိသောအရာ၊ အကျိုးမဲ့သော အရာတို့ကို သေချာခွဲခြားသင့်၏။ မှားသောအရာ၊ အကျိုးမဲ့သော အရာများကို အနာဂတ်ခရီး၌ ကပ်မပါလာရအောင် ပိတ်သင့်သော တံခါးများကို ပိတ်ရ၏။ ဖွင့်သင့်သော တံခါးများကို ဖွင့်ရ၏။ အကောင်းဆုံး ပြုပြင်ထားရ၏။ အနာဂတ်အတွက် အတက်ကြွဆုံးသူ ဖြစ်နေသင့်၏။ နောင်တစိတ်သည် တက်ကြွမှုများကို ဖျက်ဆီးတတ်၏။ ခွန်အားများကို ဝါးမျိုတတ်၏။

အရှင်အဂုံလိမာလမထေရ်သည် နောင်တ၏ ဝါးမျိုခြင်းကို ခံခဲ့ရ၏။ တရားအားထုတ်၍မရ ဖြစ်နေခဲ့၏။ ထို့အကြောင်းအား မြတ်စွာဘုရားကို လျှောက်တင်ခဲ့၏။ မြတ်စွာဘုရားသည် အရှင်အဂုံလိမာလ မထေရ်အား နောင်တစိတ်ကို ဖျောက်နည်းသင်ပေးတော်မူခဲ့၏။

အရှင်အဂုံလိမာလ မထေရ်သည် အဟိသဘဝ လူဖြစ်နေစဉ်ကသာ လူပေါင်းများစွာ သတ်ခဲ့၏။ မြတ်စွာဘုရား ဧဟိဘိက္ခုခေါ်၍ ရဟန်းဖြစ်ပြီးနောက် အဂုံလိမာလသည် မည်သည့်သက်ရှိသတ္တဝါကိုမှ မသတ်တော့ပေ။ မြတ်စွာဘုရား၏ ဆုံးမမှုကို တစ်သဝေမတိမ်းလိုက်နာ၏။ မြတ်စွာဘုရားသည် ထိုအကြောင်းကို ထောက်ပြတော်မူ၏။ လူဘဝနှင့် ရဟန်းဘဝကို ခွဲခြားပြ၏။ လူဘဝက ပြုလုပ်ခဲ့သော မကောင်းမှုများသည် ရဟန်းဘဝမှာ ပြုလုပ်သော မကောင်းမှုမဟုတ်ကြောင်း ရှင်းပြတော်မူ၏။ ဘဝမတူတော့သော မကောင်းမှုများကိုတွေးပြီး နောင်တ,မရသင့်ကြောင်း ဆုံးမ၏။ ဘဝသစ်မှာ လုပ်ငန်းသစ်ကို စိတ်သစ် လူသစ်ဖြင့် လုပ်ရန် မြတ်စွာဘုရား တိုက်တွန်းတော်မူ၏။ မြတ်စွာဘုရား စကားတော်အတိုင်း အဂုံလိမာလမထေရ်သည် ဘဝကို အကန့်ခွဲလိုက်၏။ မကောင်းမှုကို ပြုလုပ်ခဲ့သော ဘဝနှင့် ကောင်းမှုပြုလုပ်ခဲ့သော ဘဝဟု ဘဝတစ်ခုကို ဤသို့

www.burmeseclassic.com

www.burmeseclassic.com

ခွဲခွာခဲ့ရလိုက်၏။ မကောင်းမှုပြုလုပ်ခဲ့သော အချိန်၊ ကာလ၊ အကြောင်းတို့ကို ကောင်းမှုပြုလုပ်နေသော ဘဝဆီသို့ရောက်အောင် ဆွဲဆောင်တော့၏။

ရဟန်းဘဝကို ဘဝသစ်ဟု ခံယူလိုက်၏။ လူ့ဘဝကို ကောင်းဟု ခံယူလိုက်၏။ ဤသို့ အကန့်ခွဲလိုက်သည့် ဘဝဟောင်းက ပြုလုပ်ခဲ့သော မကောင်းမှုများကို ဆင်ခြင်တာ,ရမနေတော့ပေ။ ကြုံတွေ့နေရသော ပစ္စုပ္ပန်အခြေအနေကို အကောင်းဆုံးပြုပြင်ပြီး ကြုံတွေ့လာရမည့် အနာဂတ်များကို ရင်ကျော့ခံနိုင်ဖို့အတွက် အရှင်အင်္ဂုလိမာလ ထက်ဆန်ရ ကြိုးစား၏။ နောင်တ,တရားများ ကင်းကွာသွားစေတတ်သည် လွတ်လပ်လျက်ရှိ၏။ သန့်ရှင်းလျက်ရှိ၏။ ကြည်လျက်ရှိ၏။ ကမ္မဋ္ဌာန်းတရား အားထုတ်သည့်အခါ ဖြစ်သည် လွယ်ကူစွာ ကပ်ငြိလာ၏။ သမာဓိသည် လျင်မြန် ရောက်ရှိလာ၏။ သတိခိုင်မြဲ၊ သမာဓိကိန်းအောင်းသည့်အခါ ပညာအလင်း ပွင့်လာခဲ့၏။ အရှင်အင်္ဂုလိမာလ ထက်ဆန်သည် ရဟန္တာအဖြစ်သို့ ရောက်သွားခဲ့၏။

အကယ်၍များ အရှင်အင်္ဂုလိမာလ မထေရ်သည် ဆင်တစီတ်ကို ရင်လွယ်ထားခဲ့မည်ဆိုလျှင် ပစ္စုပ္ပန်ကို အကောင်းဆုံးပြုလုပ်နိုင်မည်မဟုတ်။ ပစ္စုပ္ပန်ကို အကောင်းဆုံး မပြုလုပ်နိုင်လျှင် ရဟန္တာမထေရ်မြတ် ဖြစ်လာမည် မဟုတ်။ နေ့ရက်တို့သည်သာ တစ်ရက်ပြီးတစ်ရက် ပစ္စုပ္ပန်ကို စွန့်လွှတ်၊ အနာဂတ်ဆီ ခရီးဆက်နေသော်လည်း နောင်တစိတ်သည် အတိတ်နေ့ရွဲတစ်ခုတွင် သောင်တင်နေတတ်၏။ ကျောက်ချနေတတ်၏။ ခရီးမတွင်၊ ခရီးမဆက်တတ်။ လုပ်ငန်းခရီး မဆက်သော်လည်း အချိန်က အငြိမ်မနေ။ သွားလျက်သွားမြဲဖြစ်၏။ အချိန်နှင့်တစ်ပြေးညီ ရရှိလာမည့် အခွင့်ရေးများ ဆုံးရှုံးသွားနိုင်၏။ မနေ့ကသည် ဒီနေ့မဟုတ်တော့ပေ။ မနေ့နှင့် ဒီနေ့သည် အပြောင်းလဲကြီး ပြောင်းလဲနေပြီဖြစ်၏။ မနေ့က ပြုလုပ်ခဲ့သော မကောင်းမှုအမှား၊ ဆုံးရှုံးခဲ့သော အခွင့်အရေးများကို အလွမ်းသယ် တမ်းတနောင်တ,ရနေမည်ဆိုလျှင် ဒီနေ့လည်း မကောင်းမှုအမှားများကို ပြုလုပ်မိနေဦးမည် ဖြစ်၏။ အခွင့်အရေးများ ဆုံးရှုံးနေဦးမည်ဖြစ်၏။ ပြောင်းလဲနေသော အချိန်များတွင် ဘဝသည်လည်း ပြောင်းလဲနေသင့်၏။

မေတ္တာဖြင့်

ဓမ္မဃောသက-အရှင်ဩဘာသ

ချက်ချင်းသောက်-လက်ငင်းပျောက်

အမှတ်တံဆိပ်

အစာအိမ်လေနှိုင်သောက်ဆေး

နှစ်ပေါင်း(၂၀)ကျော် အစာအိမ် လေထိုးလေအောင့် ဝေဒနာရှင်များအတွက် အထူးဖော်စပ် လူူဒါန်းကုသပြီး ဝေဒနာရှင် ရဟန်း၊ ရှင်လူ၊ ပြည်သူများ၏ ပျောက်ကင်း ထောက်ခံတောင်းဆိုမှုကြောင့် စေတနာ၊ ဝါသနာကို အရင်းခံ၍ ထုတ်လုပ်ဖြန့်ချိလိုက်သော 'အစာအိမ်ရောဂါ လေနာ ရောဂါဝေဒနာရှင်များအတွက် အထူးသင့်လျော်သော ဆေးစွမ်းကောင်းတစ်လက်' ဖြစ်ခြင်းကြောင့် သုံးစွဲသူများအတွက် တန်ဖိုးလုံးဝဆုံးရှုံးခြင်း မရှိစေရ။

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0114 Y 010697

ဖျောက်ကင် ဒိုင်ဇော ဇရာဂါများ

အစာအိမ်ရောဂါ လေထိုးလေအောင့်၊ အစားများအစားများ၍ မတ်မလည်ဖြစ်ခြင်း၊အစာအိမ်အချဉ်ပေါက်ခြင်း၊ အစာပမကြေ၊ ရင်ပြည်ရင်ကယ်၊ ဝမ်းဖောဝမ်းပျက်ခြင်း၊ လေနှင့်ဝမ်း မကွဲခြင်း၊ အစာအိမ်နှင့်ပတ်သက်သော ရောဂါများအတွက် ယုံကြည်စိတ်ချစွာဖြင့်သုံးစွဲနိုင်ပါသည်။

ပင်ရင်း - ဦးမြသွေး၊ အမှတ်(၆၈၉)၊ ဘယသကြီးနှံလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

၀၉ ၃၁ ၃၅ ၁၅ ၉၆ ၊ ၀၉ ၃၁ ၀၅ ၉၉ ၃၂

www.burmeseclassic.com

www.burmeseclassic.com

ဓမ္မာစရိယ သန့်ထွန့်နို့ ထင်ရှားကျော်ကြား သာမဏေများ (၉)

AA

ရှင်ရေဝတ ရဟန္တာဖြစ်ခြင်း

တကယ်လို့ ငါ ဒီနေရာမှာ နေမယ်ဆိုရင် ဆွေမျိုးတွေ လက်က လွတ်မှာမဟုတ်ဘူး။ ဆွေမျိုးတွေ လိုက်လာပြီး ငါ့ကို ခေါ်ကြလိမ့်မယ်။

ရှင်ရေဝတသည် ဆွေမျိုးများအား စိတ်မချ။ ဆွေမျိုးများ လိုက်ရှာနေကြသည်ကို ရှင်ရေဝတသိသည်။ ထိုသို့ သိခြင်းမှာ အတိဉာဏ်ရ၍ ထူးထူးခြားခြား သိခြင်းမဟုတ်။ ထွက်ပြေးလာသူဖြစ်၍ သိခြင်းဖြစ်သည်။ တစ်ဆက်တည်း ပင် ဤနေရာမှာနေလျှင် ဆွေမျိုးများလက်က မလွတ်နိုင်ကြောင်းကိုလည်း သိနေသည်။ ဤနေရာမှ ထွက်ခွာဖို့ ရှင်ရေဝတ ဆုံးဖြတ်လေသည်။ သာမဏေဘဝသို့ရောက်၍ သိပ်မကြာခင် အရဟတ္တဖိုလ်သို့ ရောက်နိုင်သည့် ကမ္မဋ္ဌာန်းကို ကြိုးစားပမ်းစား သင်ယူသည်။ ကမ္မဋ္ဌာန်းပွားများနည်းကို တွင်တွင် ကျယ်ကျယ် ရပြီးသည်နှင့် ဤနေရာမှ ထွက်ခွာဖို့ ကြားလျှောက်သည်။ ဥပဇ္ဈာယ်ဆရာ နှင့် ရဟန်းများသည် ရှင်ရေဝတ၏ ကြားလျှောက်မှုကို မငြင်းဆန်နိုင်ကြ။

ရှင်ရေဝတသည် အသက်ခုနစ်နှစ်သာ ရှိသေးလော ကလေးတစ်ယောက်သာဖြစ်သည်။ ဆရာများအနီးပွင့် နွေ နွေးထွေးထွေး နေထိုင်ရမည့် အခြေအနေဖြစ်သည်။ အထီး

www.burmeseclassic.com

www.burmeseclassic.com

ကျန် တစ်ယောက်တည်း ဒေသစာရီထွက်ခွာဖို့ မသင့်လျော်ပေ။ သို့သော် ရှင်ရေဝတ၏အဖြစ်က ထွက်မသွားရှာမဖြစ်။ အချိန်မီ မထွက်သွားလျှင် ဆွေမျိုးတို့က အချိန်မီ ရောက်လာကြမည် ဖြစ်သည်။ ထိုအကြောင်းကြောင့် ဥပဇ္ဈာယ်ဆရာနှင့် ရဟန်းများ ခွင့်ပြုကြရခြင်းဖြစ်သည်။ ရှင်ရေဝတသည် ဥပဇ္ဈာယ်ဆရာနှင့် ရဟန်းများအား ရိုသေစွာ ရှိခိုးတန်တော့သည်။ သပိတ်၊ သင်္ကန်းကို ယူသည်။ တစ်ကိုယ်ဆော် ဒေသစာရီခရီးကို စတင်လာခဲ့သည်။ ဆွမ်းခံချိန်သို့ ရောက်လျှင် အနီးစပ်ဆုံးရွာသို့ဝင်၍ ဆွမ်းခံသည်။ ဆွမ်းစားပြီးလျှင် ခရီးဆက်သည်။ ဝါကပ်ရမည့်အချိန် နီးကပ်လာသည့်အခါ ရှင်ရေဝတ လျှောက်လာခဲ့သော ခရီးသည် ဘူဇောပေါင်း သုံးဆယ်ရှိခဲ့ပြီ ဖြစ်သည်။

ရှင်ရေဝတသည် ဒေသစာရီခရီးကို အပြီးသတ်လိုက်သည်။ ရှေ့ဆက် မသွားတော့ပေ။ ရောက်နေသည့် နေရာဝန်းကျင်တွင် သင့်လျော်မည့်နေရာကို ရွေးချယ်သည်။ ဝန်းကျင်တွင် ရှားတောတစ်တောရှိသည်။ ရှားတောသည် ဆူးများဖြင့် ရှုပ်ယှက်ခတ်လျက်ရှိသည်။ လူတစ်ယောက် ဝင်ရောက်နိုင်ဖို့ရာ ခက်ခဲသည်။ ရှင်ရေဝတသည် ရှားတောဘ၌ ဝါဆိုဝါကပ် သီတင်းသုံးနေထိုင်ရန် ရွေးချယ်လိုက်သည်။ သမားရိုးကျ တွေးကြည့်မည်ဆိုလျှင် ရှင်ရေဝ ရွေးချယ်မှုမှာ မှားယွင်းသည်ဟု ဆိုရမည် ဖြစ်သည်။ ခက်ခက်ခဲခဲ နေထိုင်ရမည့် ရှားတောဝန်းကျင်တွင် ဆွမ်းကိုလည်း ခက်ခက်ခဲခဲ ရှာဖွေနိုင်သည်။ ရှင်ရေဝတအတွက်မူ နေရာထိုင်ခင်းလည်း အရေးမပါပေ။ ဆွမ်းလည်း အရေးမပါပေ။ ရှင်ရေဝတ အတွက် အရေးပါသည်မှာ တရားအားထုတ်ဖို့၊ ဆွေမျိုးများ လာက်က လွတ်ဖို့ပင်ဖြစ်သည်။

ရှင်ရေဝတ၏ အတွေးဖြင့်ဆိုလျှင် ရှင်ရေဝတ၏ ရွေးချယ်မှုမှာ မှန်ကန်တိကျပါသည်။ ဝါတွင်းသုံးလပတ်လုံး ရှင်ရေဝတသည် တရားဘာဝနာ အားထုတ်လျက်နေခဲ့သည်။ တတ်ဝန်းကျင်၏ အန္တရာယ်ပေးမှုသည်မရှိ။ လူတို့၏ အသံများ ကင်းရှင်းသည်။ တိတ်ဆိတ်ငြိမ်သက်မှုများက တရားဘာဝနာ အားထုတ်သူများအတွက် အကောင်းဆုံးဖြစ်နေသည်။ ရှင်ရေဝတသည် ဝါတွင်းကာလအတွင်း ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်သွားခဲ့သည်။

မြတ်စွာဘုရားတို့ ရှင်ရေဝတဆီ ကြွတော်မူခြင်း

'မြတ်စွာဘုရား..တောကျောင်းနေ ရဟန်းတွေဟာ ရေဝတကို ရှင်သာမဏေပြုပေးလိုက်ကြတယ်လို့ သတင်းစကား ပို့လိုက်ပါတယ်ဘုရား။ တပည့်တော် ရေဝတဆီ သွားလိုပါတယ်ဘုရား။ ရေဝတကို ကြည့်ရှုပြီးမှ ပြန်လာလိုပါတယ်ဘုရား'

အရှင်သာရိပုတ္တရာမထေရ်သည် သီတင်းကျွတ်လပြည့် ပဝါရဏာပြုပြီးချိန်တွင် ရှင်ရေဝတဆီသို့ သွားလိုကြောင်း မြတ်စွာဘုရားကို ကြားလျှောက်သည်။ အရှင်သာရိပုတ္တရာမထေရ်သည် ဤသို့ကြားလျှောက်သည်မှာ တစ်ခါမဟုတ် ရှိပြီဖြစ်သည်။ ရေဝတ သာမဏေဘဝသို့ ရောက်သည့် သတင်းကို ကြားသည့်အချိန်တွင် တစ်ခါကြားလျှောက်ဖူးသည်။ မြတ်စွာဘုရား ခွင့်ပြုတော်မမူခဲ့ပေ။ တစ်ရက်၊ နှစ်ရက် ကြာသည့်အခါ တစ်ခါကြားလျှောက်သည်။ မြတ်စွာဘုရား ခွင့်ပြုတော်မမူခဲ့ပေ။ မြတ်စွာဘုရားရှင်သည်လည်း လိုက်တော်မူမည်ဟု ပြောဆိုခဲ့သည်။ ယခုကြားလျှောက်သည့်အခါ မတားဆီးတော့ပေ။

'ချစ်သားသာရိပုတ္တရာ..ငါဘုရားတို့လည်း သွားကြမယ်'

မြတ်စွာဘုရား ဤသို့ မိန့်ကြားတော်မူလိုက်သည်။ ပဝါရဏာပြုပြီးသည်နှင့် မြတ်စွာဘုရားသည် ရဟန်းငါးရာနှင့်အတူ ရှင်ရေဝတ သာမဏေရှိသည့် ရှားတောခရီးစတင်ခဲ့သည်။ လမ်းနှစ်သွယ် ခရီးဆုံသို့ရောက်လာသည်။ အရှင်အာနန္ဒာသည် လမ်းနှစ်သွယ်ခရီးဆုံးဦး ရပ်တော်မူလိုက်သည်။

'မြတ်စွာဘုရား..ရေဝတသာမဏေဆီ သွားရာခရီးမှာ ဒီလမ်းခရီးဟာ မဖြောင့်ဘူးဘုရား။ ယူနောခြောက်ဆယ်ရှိဇါတ်ဘုရား၊ လူနေရွာများ ရှိပါတယ်ဘုရား။ ဒီလမ်းခရီးဟာ ဖြောင့်ဖြူးပါတယ်ဘုရား၊ ယူနောသုံးဆယ်သာဝေးပါတယ်ဘုရား။ လူနေရွာများ မရှိပါဘုရား။ နတ်ဘီလူးတို့ နေထိုင်ကြပါတယ်ဘုရား။ ဘယ်လမ်းခရီးက သွားကြပါမလဲဘုရား'

လူဘဝက အရှင်အာနန္ဒာသည် ကုန်သည်အလုပ်ကို ပြုလုပ်ခဲ့သည်။ နေရာအတော်များများကို ရောက်ဖူးသည်။ လမ်းအတော်များများကိုသိသည်။ ရှားတောသို့ သွားမည့် လမ်းကိုလည်းသိသည်။ အရှင်အာနန္ဒာ ရှင်းပြပုံအရ လမ်းနှစ်သွယ်လုံးတွင် အခက်အခဲကိုယ်စီ ရှိနေသည်။ ပထမလမ်းတွင် ဆွမ်းအတွက် အခက်အခဲမရှိ။ လူနေရွာများရှိ၍ ရဟန်းငါးရာအတွက် ဆွမ်းကို ရနိုင်သည်။ ခရီးကြာမည့် အခက်အခဲရှိနေသည်။ ဒုတိယလမ်းသည် ပထမလမ်းထက်

www.burmeseclassic.com

တစ်ဝက်ခန့် ခရီးတိုသည်။ လူနေရွာများမရှိ၍ ဆွမ်းအတွက် အခက်ရှိနေသည်။

'ချစ်သားအာနန္ဒာ..အရှင်သီဝလိ ငါတို့နဲ့ အတူပါ - လာလား'

'မြတ်စွာဘုရား..အရှင်သီဝလိ လိုက်ပါလာပါတယ် ဘုရား'

'အရှင်သီဝလိ ပါလာရင် ဖြောင့်တဲ့လမ်းက သွားကြမယ်'

မြတ်စွာဘုရားသည် အရှင်သီဝလိကို အကြောင်းပြု၍ ဒုတိယလမ်းခရီးကို ရွေးချယ်လိုက်သည်။ ဘုရားသာသနာတော်၌ ဇာတဒဂ်ဟု ဆိုအပ်သည့် ဘွဲ့တံဆိပ်တော်များ ရရှိခဲ့သည့် ရဟန်းများ ရှိခဲ့သည်။ ထိုရဟန်းများထဲတွင် အရှင်သီဝလိမထေရ်သည်လည်း တစ်ပါးအပါအဝင် ဖြစ်သည်။ အရှင်သီဝလိမထေရ် ရရှိခဲ့သောဘွဲ့သည် 'လာဘ်လာဘပေါများသောဘွဲ့ဖြစ်သည်။ သာသနာတော်၌ မြတ်စွာဘုရားပြီးလျှင် လာဘ်လာဘအပေါများဆုံးဖြစ်သည်။ အရှင်သီဝလိမထေရ်အား နတ်များ ချစ်ကြသည်။ အရှင်သီဝလိမထေရ် ရောက်သည့်နေရာ၌ လာဘ်လာဘပေါများသည်ချည်းဖြစ်သည်။ လူမလှူလျှင် နတ်များ လှူကြသည်။ ယူဇနာသုံးဆယ်ဝေးသောခရီးကို ရွေးချယ်ကာ ကြွတော်မူကြသည်။ အရှင်အာနန္ဒာ ရှင်းပြသည့်အတိုင်း လမ်းခရီးတွင် လူနေရွာများ မရှိပေ။

သို့သော် နေရာကိစ္စနှင့် ဆွမ်းကိစ္စများအတွက် အခက်ခဲမရှိ။ အရှင်သီဝလိမထေရ်ကို ကြည်ညိုကြသော နတ်တို့သည် တစ်ယူဇနာကွာသော အရပ်တိုင်း၌ ရဟန်းများသီတင်းသုံးနေထိုင်ရန်အတွက် ကျောင်းဆောင်များ ဖန်ဆင်းပြုလုပ်ထားကြသည်။ မြတ်စွာဘုရားနှင့်တကွ ရဟန်းများသည် တစ်ရက်လျှင် တစ်ယူဇနာခရီးသာ ကြွတော်မူကြသည်။ ထို့ထက်ပို၍ ကြွတော်မမူကြပေ။ နံနက်စောစော၌ နတ်တို့သည် နတ်၌ဖြစ်သော ယာဂုဆွမ်း စသည်တို့ကို ယူဆောင်ကြသည်။ အရှင်သီဝလိမထေရ်ဆီ ကပ်လှူကြသည်။ အရှင်သီဝလိမထေရ်သည် ရောက်ရှိလာသော ဆွမ်းများအား မြတ်စွာဘုရားနှင့်တကွ သံဃာတော်များအား လှူဒါန်းစေသည်။ ယူဇနာသုံးဆယ်ရှိသောခရီးသို့ ရက်ပေါင်းသုံးဆယ် ကြွတော်မူရသည်။ မြတ်စွာဘုရားနှင့်တကွ ရဟန်းသံဃာများသည် လမ်းခရီးတစ်လျှောက်လုံး အရှင်သီဝလိမထေရ်၏ ဘုန်းကံကြောင့် အဆင်တပြေရှိခဲ့သည်။

မြတ်စွာဘုရားရှင်တို့ ရှင်ရေဝတ သီတင်းသုံးရာ ရှားတောသို့ ရောက်သည့်အခါ ရှားတောကို မမြင်ရတော့ပေ။ ရှားတောသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းဝင်းကဲ့သို့ ဖြစ်နေသည်။ အချွန်အထွတ်များနှင့် တင့်တယ်နေသော ကျောင်းပေါင်းငါးရာ ရှိနေသည်။ စင်္ကြံငါးရာ၊ ညဉ့်သန့်စရာ၊ နေ့သန့်စရာ အရပ်ပေါင်းငါးရာတို့ ရှိနေလေသည်။ မြတ်စွာဘုရား သီတင်းသုံးရန်အတွက် ဂန္ဓကုဋိတိုက်ရှိသည်။ လူသူနှင့် ဝေးသောအရပ်၊ မြို့အနီး၊ ရွာအနီး မရှိသောအရပ်၌ ဤကဲ့သို့ ကျောင်းဆောင်များနှင့် တင့်တင့်တယ်တယ် မွေ့လျော်ဖွယ် ကောင်းနေသည်မှာ ထူးဆန်းလွန်းသည်။ အံ့သြစရာဖြစ်သည်။ ပစ္စည်းဥစ္စာမြောက်မြားစွာ အကုန်အကျခံပြီး ဘယ်သူဆောက်လုပ် လှူဒါန်းခဲ့ပါသနည်း။ ပစ္စည်းဥစ္စာ ဤမျှလောက်အကုန်ကျခံနိုင်သော သူဌေးသည် ဤဝန်းကျင်၌ ရှိနေပါသလား။ ဤသို့စဉ်းစားဖွယ်ရာများ ရှိနေသည်။

အမှန်က ဤနေရာ၊ ဤဝန်းကျင်၌ ဤမျှချမ်းသာကြွယ်ဝသော သူဌေးသည် မရှိပါပေ။ တင့်တင့်တယ်တယ် မွေ့လျော်ဖွယ်ကောင်းသော ကျောင်းဆောင်များကို အလှူရှင်များစုပေါင်း၍ လှူထားသည်လည်း မဟုတ်ပေ။ ကျောင်းဆောင်တို့သည် တည်ဆောက်ထားသော ကျောင်းဆောင်များလည်း မဟုတ်ပေ။ ဖန်ဆင်းထားသော ကျောင်းဆောင်တို့သာ ဖြစ်သည်။ ရှားပင်များကို ကျောင်းအဖြစ် တည်ဆောက်ထားခြင်းဖြစ်သည်။ ဖန်ဆင်းရှင်မှာ ရှင်ရေဝတ ဖြစ်သည်။ ရှင်ရေဝတသည် မြတ်စွာဘုရားနှင့်တကွ ရဟန်းသံဃာများ ရှားတောသို့ မရောက်ခင်ကပင် မြတ်စွာဘုရားနှင့်တကွ ရဟန်းသံဃာများ ရှားတောသို့ လာနေသည်ကို သိခဲ့သည်။ ရောက်လာသည့်အခါ အဆင်သင့်ဖြစ်အောင် ကြိုတင်ဖန်ဆင်းတားခြင်းဖြစ်သည်။ ရှင်ရေဝတ ဖန်ဆင်းထားသည်ကို ရောက်ရှိလာကြသည့် ရဟန်းတိုင်း မသိကြပေ။ မြတ်စွာဘုရား နောက်တော်ပါးမှာ လိုက်ပါလာကြသည့် ရဟန်းငါးရာတွင် ပုထုဇဉ်ရဟန်းများလည်းပါသည်။ အရိယာရဟန်းများလည်း ပါသည်။ အဘိညာဉ်ရှင်များလည်း ပါသည်။ အဘိညာဉ်မရှိသော ရဟန်းများလည်း ပါသည်။ ထို့ကြောင့် ရဟန်းအချို့သည် ဖန်ဆင်းထားသည်ကို မသိကြ။

<u>ခံယူချက်မတူ၍ ခံစားချက်ကွဲပြားခြင်း</u>

'ဒီရဟန်းဟာ ဒီလောက်များပြားတဲ့ အရုပ်တွေကို

www.burmeseclassic.com

www.burmeseclassic.com

ပြုလုပ်ထားတယ်။ ဒီရဟန်း ရဟန်းတရားကို ဘယ်လိုအားထုတ်နိုင်မှာလဲ။ ဘုရားရှင်ဟာ အရှင်သာရိပုတ္တရာမထေရ်ရဲ့ ညီငယ်ဆိုတဲ့ မျက်နှာလိုက်ကာ ဒီသဘောရှိတဲ့ အလုပ်တွေကို လုပ်လေ့ရှိတဲ့ ရဟန်းဆီ ကြွလာဘိတယ်'

ရှားတောသို့ဝင်သည်နှင့် ရဟန်းကြီးနှစ်ပါး ဤသို့ တွေးကြသည်။ သာသနာတော်၌ ဝိပဿနာ ဓူရအလုပ်ကို အားထုတ်ကြသော ရဟန်းများသည် ဗလီဖောနေညှိုးသည်ထက် နည်းအောင် နေထိုင်ကြရသည်။ ကျောတစ်ခင်းစာ နေရာကလေးနှင့် ရောင့်ရဲတတ်ရသည်။ နေရေးထိုင်ရေး၊ စားရေးသောက်ရေး စသည်တို့ကို အလေးအနက် မထားရပေ။ တရားအားထုတ်ရေးကိုသာ အလေးအနက် ထားရသည်။ နေ့ရက်များ၏ ရသမျှအချိန်တို့၌ တရားအားထုတ်လျက် နေရသည်။ ရှင်ရေဝတ၏ တောရပ်မြို့ငှေ့နန်းသည် အထူးတလည် ခမ်းနားထည်ဝါလျက် ရှိပေသည်။ ဤမျှလောက် ထည်ဝါလှာအောင် ရှင်ရေဝတသည် အချိန်ကြာမြင့်စွာ ကြိုးစားခဲ့ရပေလိမ့်မည်။ ဤသို့ ကြိုးစားနေခြင်းများမှာ ရှင်ရေဝတ ရဟန်းတရား အားထုတ်နိုင်လိမ့်မည်မဟုတ်ပေ။ ဤသည် ရဟန်းကြီး နှစ်ပါး၏ အတွေးဖြစ်သည်။ ရဟန်းနှစ်ပါး၏ ခံယူချက်အတွေးက ရှင်ရေဝတကို အထင်သေးစေခဲ့သည်။

ရဟန်းကြီးနှစ်ပါးသည် မှန်ကန်သော ခံယူချက်ဖြင့် တွေးတတ်ခဲ့ခြင်းဖြစ်သည်။ မြတ်စွာဘုရားသည် ဓူရနှစ်ဖြာ အားမထုတ်သော ရဟန်းဆီသို့ ကြွလာလေ့မရှိပေ။ ရှင်ရေဝတဆီ ကြွလာခဲ့သည်မှာ ခေါင်းပါးသောအရပ်၌ နေထိုင်နိုင်သော ရှင်ရေဝတအား ချီးမြှောက်လို၍ ဖြစ်သည်။ ဤသို့ကြွလာကတည်းကပင် ရဟန်းကြီးနှစ်ပါး သဘောဆေါက်သင့်ပေသည်။ ရဟန်းကြီးနှစ်ပါး သဘောမပေါက်သည်မှာ ရှင်ရေဝသည် အရှင်သာရိပုတ္တရာမထေရ်၏ ညီအငယ်ဆုံးဖြစ်နေ၍ ဖြစ်သည်။ အရှင်သာရိပုတ္တရာမထေရ်သည် သာသနာတော်၌ မြတ်စွာဘုရားပြီးလျှင် အကြီးဆုံးသော အဂ္ဂသာဝကကြီး ဖြစ်သည်။ သာသနာတော်၌ အရေးပါ ပါဝါကြီးသော မထေရ်၏ညီဖြစ်၍ အရှင်သာရိပုတ္တရာမထေရ် မျက်နှာကြောင့် မြတ်စွာဘုရားသည် ရှင်ရေဝတဆီသို့ သွားခြင်းဖြစ်သည်။ ရဟန်းကြီးနှစ်ပါး၏ ဤအတွေးများသည် လောကီအတွေးဖြစ်သည်။ မြတ်စွာဘုရားသည် လောကီနယ်သားမဟုတ်၊ လောကုတ္တရာနယ်က ဖြစ်သည်။

လောကုတ္တရာနယ်သည် အမှန်တရားနှင့် တည်ဆောက်ထားသောအရပ် ဖြစ်သည်။ လောကုတ္တရာနယ်၌ အမှန်တရားကိုသာ ကြည့်သည်။ ခံယူချက်မတူ၍ ရဟန်းကြီးနှစ်ပါး၏ ခံစားချက်များသည်လည်း အခြားရဟန်းများနှင့် မတူ ကွဲပြားနေခြင်းဖြစ်သည်။ ရဟန်းကြီးနှစ်ပါး၏ ခံစားချက်တွင် ရှင်ရေဝတနှင့် မြတ်စွာဘုရားကို အထင်သေးခြင်း အဓိကပါဝင်နေသည်။ ထိုအခြင်းအရာကို မြတ်စွာဘုရား သိတော်မူသည်။ သို့သော် မြတ်စွာဘုရားသည် မည်သို့မှ နှုတ်မဟခဲ့ပေ။ အချိန်အခါကိုစောင့်၍ ဆုံးမရန်သာ ရည်ရွယ်ခဲ့သည်။

ရှင်ရေဝတထံ၌ မြတ်စွာဘုရားသည် တစ်လတိတိ သီတင်းသုံးနေတော်မူသည်။ တစ်လနေပြီးနောက် သာဝတ္ထိသို့ ပြန်ကြွတော်မူသည်။ ကြွတော်မူသည့်အခါ ရဟန်းကြီးနှစ်ပါး၏ အသုံးဆောင်ပစ္စည်းများ မေ့ကျန်ခဲ့အောင် မြတ်စွာဘုရား ပြုလုပ်တော်မူသည်။ ရဟန်းကြီး နှစ်ပါးသည် မေ့ကျန်ခဲ့သော ပစ္စည်းများယူရန် ပြန်သွားသည့်အခါ မည်သည့်ကျောင်းဆောင်ကိုမှ မတွေ့တော့ပေ။ ရှားပင်များနှင့် ရှားတောကိုသာ တွေ့ရတော့သည်။ မေ့ကျန်ခဲ့သော ပစ္စည်းများကို ရှားပင်ပေါ်ကသာ ရလာခဲ့သည်။

www.burmeseclassic.com

မွေ့လျော်ဖွယ်ကောင်းသောအရပ်

'အရှင်ဘုရားတို့..အရှင်ဘုရားတို့လည်း ဘုရားရှင်နဲ့အတူ ရှင်ရေဝတမထေရ် နေရာကို ကြွရောက်တော်မူပါသလားဘုရား'

မြတ်စွာဘုရားသည် သာဝတ္ထိပြည်သို့ ရောက်လာခဲ့သည်။ အနာထပိဏ်သူဌေးလှူဒါန်းသော ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူဘဲ ဝိသာခါလှူဒါန်းသော ပုဗ္ဗာရုံကျောင်းသို့ကြွ၍ သီတင်းသုံးနေတော်မူသည်။ ရဟန်းကြီးနှစ်ပါးသည် နံနက်စောစောကပင် ဝိသာခါအိမ်သို့ ရောက်လာခဲ့သည်။ ဝိသာခါအိမ်တွင် ဧည့်သည်ရဟန်းများအတွက် ဆွမ်း၊ ခဲဖွယ်တို့ကို အမြဲလှူဒါန်းလေ့ရှိသည်။ ဆွမ်း၊ ခဲဖွယ်သုံးဆောင်ရန်အတွက် ရဟန်းကြီးနှစ်ပါး ရောက်လာခဲ့ခြင်းဖြစ်သည်။ ဝိသာခါသည် ရဟန်းကြီးနှစ်ပါးအား ဆွမ်း၊ ခဲဖွယ်များလှူဒါန်းသည်။ လှူဒါန်းပြီးသည်နှင့် အထက်ပါစကားဖြင့် ကြားလျှောက်လေသည်။

'ဒါယိကာမကြီး..သွားကြပါတယ်'

'အရှင်ဘုရားတို့..ရေဝတမထေရ် နေရာအရပ်က မွေ့လျော်ဖွယ် ကောင်းပါရဲ့လားဘုရား'

'ဒါယကာမကြီး..ရေဝတနေရာ ဘယ်မှာမွေ့လျော်ဖွယ်ရှိမှာလဲ။ ထိုနေရာဟာ ဆူးရိုတဲ့ ရှားပင်တွေ ရှုပ်ထွေးလျက်ရှိတယ်။ ပြိတ္တာတွေနေတဲ့ နေရာနဲ့တူတယ်'

ရဟန်းကြီးနှစ်ပါးသည် နေထိုင်ခဲ့သော မြင်ကွင်းများကို ရှု၍ ပြောဆိုခဲ့သည်မဟုတ်။ ပစ္စည်းများ မေ့ကျန်လိုက်၍ သွားယူသည့် မြင်ကွင်းများကိုရှု၍ ပြောဆိုခြင်းဖြစ်သည်။ ရဟန်းကြီးနှစ်ပါးသည် ပစ္စည်းများ သွားယူသည့်အခါ နေရာအား မှတ်မရကြပေ။ လုံးဝဆန့်ကျင်နေသော မြင်ကွင်းများကြောင့် အံ့သြခဲ့ရသည်။ ထိုအခါမှ ရှင်ရေဝတသာမဏေဖန်ဆင်းထားသည်ကို သိရှိကြသည်။ ဆူးရိုသော ရှားတောကို တိုးခဲ့၍ ဆူးစူးခဲ့ကြသည်။ ဝိသာခါနှင့် အနည်းငယ်မျှ စကားပြောဆိုပြီးလျှင် ကျောင်းသို့ပြန်သွားကြသည်။ ရဟန်းကြီးနှစ်ပါး ပြန်သွားကြသည်နှင့် မရှေးမနှောင်းမှာပင် ရဟန်းငယ်နှစ်ပါး ရောက်လာသည်။ ဝိသာခါသည် ရဟန်းငယ်နှစ်ပါးအားလည်း ဆွမ်း၊ ခဲဖွယ်များကို လှူဒါန်းသည်။ ရဟန်းကြီးနှစ်ပါးကို မေးသကဲ့သို့ မေးသည်။

'ဒါယိကာမကြီး..ချီးမွမ်းဖို့တောင် ခက်တယ်။ ရေဝတမထေရ်နေရာဟာ သုဓမ္မာနတ်သဘင်နဲ့တူတယ်။ တန်ခိုးနဲ့ ဖန်ဆင်းထားသလိုပဲ'

ရဟန်းငယ်နှစ်ပါးသည် ရေဝတသာမဏေဖန်ဆင်းထားသည်ကိုသာ မြင်ခဲ့ရခြင်းဖြစ်သည်။ ရှားတော၏ သရုပ်မှန်ကို မတွေ့ခဲ့ရပေ။ မတူညီသော အဖြေနှစ်ခုကို ဝိသာခါ ရရှိလိုက်သည်။ အဖြေနှစ်ခုထဲက အမှန်တရားကို ဝိသာခါ ကိုယ်ပိုင်ဉာဏ်ဖြင့် ရှာဖွေသည်။

'ပထမကြွလာတဲ့ ရဟန်းကြီးနှစ်ပါးက တစ်မျိုးပြောတယ်။ ဒီရဟန်းနှစ်ပါးက တစ်မျိုးပြောတယ်။ ပထမကြွလာတဲ့ ရဟန်းကြီးတွေဟာ တစ်စုံတစ်ခု မေ့ကျန်ခဲ့လို့ တန်ခိုးရုပ်သိမ်းတဲ့အခါမှာ ပြန်လာကြတာ ဖြစ်လိမ့်မယ်။ ဒီရဟန်းနှစ်ပါးက တန်ခိုးနဲ့ ပြုပြင်စီရင်ဖန်ဆင်းထားတဲ့ ကာလကပင် ပြန်လာကြတာ ဖြစ်လိမ့်မယ်'

ဤသို့ ဝိသာခါ ဆုံးဖြတ်မိသည်။ ထိုဆုံးဖြတ်ချက်ကို အမှန်တရားအဖြစ် ဝိသာခါ အပြီးမသတ်။ မြတ်စွာဘုရားအား ကြားလျှောက်ဖို့ တွေးထားသည်။ မကြာမီအချိန်တွင် မြတ်စွာဘုရားနှင့်တကွ အခြံအရံရဟန်းသံဃာများ ကြွတော်မူလာသည်။ အဆင်သင့် စီမံပြုလုပ်ထားသောနေရာ၌ ထိုင်တော်မူသည်။ ဝိသာခါသည် ဘုရားအမှူးပြုသော ရဟန်းသံဃာများအား ဆွမ်း၊ ခဲဖွယ်များ လှူဒါန်းသည်။ ဆွမ်းကိစ္စပြီးသည့်အခါ ဝိသာခါသည် မြတ်စွာဘုရားအား ကြားလျှောက်လေသည်။

'မြတ်စွာဘုရား..အရှင်ဘုရားတို့နဲ့အတူ ကြွသွားကြကဲ့. ရဟန်းတွေထဲမှာ ရဟန်းတချို့က ရေဝတသာမဏေနေရာအရပ်ဟာ ရှားချုံရုပ်ထွေးတဲ့တောလို့ ဆိုကြပါတယ်ဘုရား။ ရဟန်းတချို့က မွေ့လျော်ဖွယ်ရှိတယ်လို့ ဆိုကြပါတယ်ဘုရား။ ဒီအကြောင်းက ဘာပါလဲဘုရား'

မြတ်စွာဘုရားသည် အကြောင်းအရာနှစ်မျိုးကို ရှင်းမပြတော့ပေ။ မွေ့လျော်ဖွယ်ဟူသော စကားကိုသာ တရားဟောတော်မူပါသည်။ မွေ့လျော်ဖွယ်ကောင်းသော အရပ်ကိုသာ ညွှန်ပြတော်မူပါသည်။

'ရွာမှာမူလည်းဖြစ်စေ၊ ထိုမှတစ်ပါး တောမှာမူလည်းဖြစ်စေ၊ ချိုင့်ဝှမ်းရာ နိမ့်ရာအရပ်မှာမူလည်းဖြစ်စေ၊ ထိုမှတစ်ပါး ကြည်းကုန်းမြင့်ရာအရပ်မှာမူလည်းဖြစ်စေ အကြင်အရပ်မှာ ရဟန္တာတွေ နေထိုင်ကြတယ်။ ထိုနေရာဟာ မွေ့လျော်နှစ်သက်ဖွယ် ကောင်းပါတယ်'

ဓမ္မာစရိယ-သန်းထွန်း

ကျမ်းကိုး

* ဓမ္မပဒအဋ္ဌကထာ၊ အရဟန္တဝဂ်၊ ရေဝတထေရဝတ္ထု။

www.burmeseclassic.com

www.burmeseclassic.com

ယောနက-ဘိုးထောင်

လယ်တီဆရာတော်နှင့် ယောမင်းကြီးဦးဘိုးလှိုင်

ဒီပဲရင်းနယ်၊ စိုင်ပြင်ရွာတွင် ထူးခြားစွာ ဖွားမြင်လာသော သတို့သားလေး လယ်တီလောင်းလျှာ ဂုဏ်သတင်းမှာ ရုတ်ခြည်းဂယက်ရိုက်ခတ်နေလေ၏။ ပန်းသတင်းကို လေညင်းဆောင်ယူသကဲ့သို့ ဦးထွန်းသာနှင့် ဒေါ်ကျူးတို့မှာ သားရတနာ၏ အရိပ်အဝါဖြင့် မျက်နှာပွင့်လန်းနေကြသည်။ သားထူးသားမြတ်ရကာ ပတ္တမြားဆန်ကျိုး အဖိုးပြည်တန်သကဲ့သို့ ဖြစ်နေတော့သည်။ ဤသားမြတ်သတိုး အဖိုးပြည်တန်ကို ရရှိကြသဖြင့် မိဘနှစ်ပါးမှာ ပီတိဓာတ်ဂမုန်းအိမ်၌ အပြုံးရှိန်နှင့် ကြည်နူးနေကြလေသည်။

ဦးထွန်းသာနှင့် ဒေါ်ကျူးတို့သည် ဗေဒင်အကျော်ဆရာကြီး ဦးကျော်လှထံသို့ သွားရောက်ကြပြီးလျှင် ငါးလကျော် ခြောက်လအရွယ်ရှိ သားဦးရတနာကို နာမည်မှည့်ပေးရန် တောင်းပန်ကြလေသည်။ ဆရာကြီးဦးကျော်လှသည် လယ်တီလောင်းလျှာ သတို့သားလေး၏ ထူးဆန်းသော နိမိတ်များဖြင့် ဖွားသန့်ပုံကို တင်ကြိုသိရှိပြီးဖြစ်၍ ကိုယ်တိုင်တွေ့မြင်ရသောအခါ ပို၍ပင်အံ့အားသင့်နေလေသည်။ ဆရာကြီးဦးကျော်လှသည် ရုပ်အသွင်သဏ္ဌာန်ကြွန်အင်လက္ခဏာများကို စေ့စပ်သေချာစွာကြည့်ရှုပြီးလျှင် ဤသူငယ်သည် ဘုန်းတန်ဒိုးကြီးမား၍ သတ္တဝါအားလုံးတို့ မှီခိုရာဖြစ်သည်။ ဉာဏ်ပညာကြီးကျယ်လျက် တစ်မိပေါက် တစ်ယောက်ထွန်းမည့် ယောကျ်ားမြတ်လည်းဖြစ်သည်။ အထူးစောင့်ရှောက်ပြုစုကြရန် ဆုံးမညွှန်ကြားလေ၏။

နာမည်ပေးမင်္ဂလာကိုမူ အိမ်၏အလယ်ကောင် တိုင်ခြေရင်းမြေပြင်မှ အရောင်နွယ်တန်းကြီး ရောင်မှိုးစုံကွန့်မြူးတက်လာပြီး အိမ်၏ခေါင်ပေါ်သို့ရောက်ရှိကာ မိုးကောင်းကင်တွင် ပျံနှံ့တည်နေသော ပုဗ္ဗနိမိတ်ထူးကို အကြောင်းခံလျက် အန္တတ္ထသညာမင်္ဂလာအားဖြင့် မောင်တက်ခေါင်ဟု အမည်နာမကို မှည့်ခေါ်လေသည်။ အမည်နာမ အန္တတ္ထသညာအတိုင်းပင် အထက်သို့တက်၍ ခေါင်ခေါင်ဖျားဖျား အကျိုးပေးထူးခြားမည့် နာမည်တော်သည် အကျိုးပေးပုံနှင့် များစွာကိုက်ညီလှပေသည်။ ပညတ်သွားရာ ဓာတ်သက်ပါသကဲ့သို့ နောင်အခါ ဤအန္တတ္ထသညာတော်ဖြင့် ကမ္ဘာလောကဓာတ်ကြီးတစ်ခုလုံး ထိပ်ဖျားသို့ တက်ပြီးလျှင် ဂယက်ရိုက်ကျော်စောစေခဲ့သော အချက်ကပင် ထောက်ခံနေပေသည်။

ဦးထွန်းသာနှင့် ဒေါ်ကျူးတို့မှာ သားသမီးငါးယောက် ပေါက်ဖွားထွန်းကားခဲ့ပေသည်။ ကြီးစဉ်ငယ်လိုက် ဖော်ပြရလျှင် (၁) ဦးတက်ခေါင်(လယ်တီဆရာတော်ဘုရားကြီး)၊ (၂) ဦးတက်စွာ(လူဝတ်ကြောင်)၊ (၃) ဦးတက်မွား(ဦးကုမာရ ဘွဲ့အမည်နှင့် ထင်ရှားခဲ့ပေသည်)၊ (၄) ဦးတက်ထွား(ဦးကိတ္တိဘွဲ့နှင့် ထင်ရှားခဲ့သည်)၊ (၅)ဒေါ်မလေး မွေးချင်းငါးယောက် ရှိခဲ့သည်။

မိဘနှစ်ပါးသည် မောင်တက်ခေါင်ကို ရွာရှိ ဖျောက်ပင်ကျောင်းတိုက် ဆရာတော်ကြီး အရှင်နန္ဒဓဇ မဟာထေရ်မြတ်ထံသို့ ပညာသင်ကြားနိုင်ရန် အပ်နှံကြလေသည်။ (၁၅)နှစ်သားအရွယ်တွင် သင်ရိုးပို့ကစာပေများ အဆုံးတိုင် တတ်မြောက်အောင် သင်ကြားခဲ့သည်။ မိဘနှစ်ပါးတို့မှာ လူရည်ချွန် မောင်တတ်ခေါင်ကို သာမဏေအဖြစ် သာသနာ့အမွေ ခံယူကြလေသည်။

ဤသို့ဖြင့် ဦးကံစနှင့် ဒေါ်ဖုတို့သည် ရဟန်းဒါယကာများအဖြစ် ခံယူကြ၍ လယ်တီရှင်ဉာဏဓဇကို ဖျောက်ပင်ဆရာတော်ကြီး ဦးနန္ဒဓဇမဟာထေရ်က ဥပဇ္ဈာယ် ပြုလျက် မြင်ထင် စသော ဆရာတော်သံဃာတော် နှစ်ကျိပ်ကျော်တို့က ကမ္မဝါဆရာတော်ကြီးများပြုကြ၍ ပဉ္စင်းအဖြစ်ရောက်အောင် ချီးမြှောက်တော်မူကြလေသည်။ မြတ်သောကျက်သရေဂုဏ်အပေါင်းကိုဆောင်လျက် ရှင်ကျော်လယ်တီ ကိုရင်ဉာဏဓဇသည် သက္ကရာဇ်(၁၂၂၈)ခုနှစ်၊ ကဆုန်လဆန်း (၇)ရက်နေ့တွင် မြွင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ခဲ့ပေသည်။

ပဉ္စင်းသစ် လယ်တီဦးဉာဏဓဇသည် ရဟန်းဖြစ်သည့်အခါမှစ၍ ဓာတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံ၍ သင်ကွာပုဒ်များကို အသက်ကဲ့သို့ စောင့်ရှောက်ထိန်းသိမ်းနေတော်

www.burmeseclassic.com

www.burmeseclassic.com

သည်။ သမာဓိကိုလည်း မိမိဦးခေါင်းနှင့်တူစွာ ပြုကျင့်ဆောက်မှုလေသည်။ ပညာကိုလည်း မိမိကိုယ်နှင့် ထပ်တူပြုလျက်ရှိလေသည်။ မိမိဇာတိမြေမှ မန္တလေးနေပြည်တော်ကြီးသို့ သွားရောက်ကာ ပညာရင်ကို သောက်စို့ဆည်းပူးခဲ့လေသည်။

မန္တလေးနေပြည်တော်သည် ပညာမုန်သောက် မင်းဆရာများ သီတင်းသုံးရာဒေသဖြစ်သည်။ လယ်တီရှင် ဉာဏဓဇသည် ခမ္မာစရိယ ဆရာကျေးဇူးရှင် စံကျောင်းဆရာတော်ကြီးထံပါးတွင် ပညာဆည်းပူး ပန်းသို့ ခူးခဲ့လေဟူသည်။ လယ်တီဦးဉာဏဓဇသည် ရွှေပင်နှား ရွှေထူး ဆိုသကဲ့သို့ အကျော်ဆုံး အတော်ဆုံး စံကျောင်းတိုက်သို့ ရောက်ရှိ၍ ခရေပင်ကျောင်းတွင် သီတင်းသုံးခွင့်ရှိလေသည်။ ပျားကောင်များသည် ပျားရည်များသောနည်းပမာ ပိဋကတပင်လယ်ကြီးတွင် ရည်မှန်းတိုင်းဆိုက်ရောက်အောင် ဝမ်းမြောက်ကျေနပ်စွာ တပည့်ဝတ်ပြုပါးနှင့်အညီ သင်ယူအားထုတ်လျက် ရှိလေသည်။ စံကျောင်းဆရာတော်ကြီး၏ ခြေတော်စုံကို ခိုလှုံဆည်းကပ်ရပ်ရပ်ကျမ်းဂန်တို့ကို သင်ကြားနေသည်မှာ ရွှေပေါ်မြတ် ဥဒါန်းတွင်လောက်သည်အထိ ဖြစ်သည်။

လယ်တီဆရာတော်ဟု ကျော်စောထင်ရှားလာမည့် ဉာဏဓဇသည် စံကျောင်းတိုက်တွင် စာချုပ်နေစဉ် ရွှေပြည်ကြီးအမည်ရ မင်းလှမင်းခေါင်သီဟသူ ဘွဲ့ခံ ယောမင်းကြီး အကျော်ထင်ရှား ယောအတွင်းဝန် ဦးဘိုးလှိုင်တို့သို့ စာဝါအားလပ်ချိန်တိုင်း ကြွသွားတော်မူလေသည်။ နေ့စဉ်နေ့တိုင်း ဝတ်ထား၍ ကြွနေခြင်းမှာ ယောတွင်းဝန် ဦးဘိုးလှိုင်နှင့် စာပေအရေးအသား၊ စာပေဆွေးလေးရေး အယူအဆများအတွက် ဖြစ်သည်။ ဦးဘိုးလှိုင်သည် စာရေးရာ၌ပ္ပဝေစေ၊ စကားပြောရာ၌ဖြစ်စေ ပြိုမာစကားလုံး - ပြောင်မြောက်အောင် ရေးနိုင်သည်။ ဆေးကို ရှင်းအောင်လင်းအောင်၊ ဖွဲ့ထွားအောင်၊ ကြီးမြင့်အောင် ရေးတတ်၊ ပြောဆိုတတ်သော ပညာရှိကြီးတစ်ဆူဖြစ်သည်။

ကျေးဇူးရှင် လယ်တီဆရာတော်သည် ယောမင်းကြီး ဦးဘိုးလှိုင် စာပေအယူအဆ နိဿရည်းကို မှီးလေသည်။ ထို့ပြင် စာပေတတ်ကျွမ်းလှသော ဆရာတော်လူထွက်ကြီးနေအိမ်သို့လည်း ရံဖန်ရံခါ စာပေဆွေးနွေးလေ့လာ



ပထမလယ်တီဆရာတော်ဘုရားကြီး

ရန် သွားလေ့သွားထရှိလေသည်။

အခြားစာတတ်၊ ဗေဒင်တတ်၊ ဆေးအတတ် ပုဂ္ဂိုလ် ပညာရှင်အသီးသီးထံသို့လည်း ချဉ်းကပ်ခြင်း ဆွေးနွေးဖလှယ်ခြင်းများကိုလည်း ပြုလျက်ရှိသည်။ ယောမင်းကြီး ဦးဘိုးလှိုင်နေအိမ်တော်၌ စာကြည့်ခန်းရှိရာ ဘာသန္တရာစပေ မျိုးစုံလှသည်ဟု အဆိုရှိသည်။ ယောမင်းကြီး ဦးဘိုးလှိုင်သည် မကြာခဏလာလေ့ရှိသော လယ်တီလောင်းလှာ ဦးဉာဏဓဇနှင့် တွေ့ဆုံခွင့်မပေးသေးချေ။ တွေ့ဆုံခြင်း မရရှိသော်လည်း ဇွဲကောင်းလှသော လယ်တီ ဦးဉာဏဓဇမှာ စာပေဆွေးနွေးရေးအတွက် တစ်နေ့သော် တွေ့ရမည်ဟုယူဆလျက် စိတ်ပျက်တော်မမူပေ။

တစ်နေ့သ၌ ဦးဘိုးလှိုင်သည် ဦးဉာဏဓဇ လယ်တီဆရာတော်နှင့် တွေ့ဆုံလေရာ-

ယော - မောင်ပဉ္စင်း..အိမ်တော်လာလှချည်လား။ ဘယ်တိုက်မှာ နေပါသလဲ။

လယ်တီဦးဉာဏ - ဦးပဉ္စင်း..စံကျောင်းတိုက်မှာ နေပါသည်။ ဒကာတော်နှင့် စာပေဆွေးနွေး လေ့လာချင်လို့ ခဏ,ခဏ လာနေခြင်းပါ။

ယော - ဦးပဉ္စင်း စာတတ်ချင်တယ် ထင်တယ်။

လယ်တီဉာဏ - စာတတ်ချင်လို့ ဒကာတော် အိမ်

www.burmeseclassic.com

www.burmeseclassic.com

ဝေဒနာခံစားခဲ့ရသူ ဦးဘိုးလှိုင်

တော်ကို လာနေခြင်းပဲ။

ယော - ဘာကြောင့် စာတတ်ချင်ရသလဲ။

လယ်တီဦးဥာဏ - နိဗ္ဗာန်ကို လိုချင်လို့ပေါ့။

ယော - စာရော တော်တော်ကြည့်ဖူးပါသလား။

လယ်တီဦးဥာဏ - ပါဠိတော်နှင့်တကွ အဋ္ဌကထာ၊ ဋီကာ အစုံကြည့်ခဲ့ပါတယ်။

ယော - သည်လိုဆိုလျှင် နေတွဲ့နှင့် ကထာဝတ္ထုပါဠိတော်များကို နေတွဲ့နည်းနှင့်တကွ သကပက္ခငါးရာ ပရပက္ခငါးရာ နိုင်နင်းကွဲပြားအောင် ကြည့်ပါ။ ပြီးတော့ ဂန္ထဏ္ဌရဟုသုတကိုလည်းလေ့လာ စာတတ်ကရော့။

လယ်တီဦးဥာဏဓေသည် ယောမင်းကြီးနေအိမ်သို့ ရက်လကြာမြင့်စွာ သွားလာနေရခြင်းအတွက် အကျိုးနပ်လေသည်။ ထို့နောက် ရက်အတန်ကြာ မသွားဘဲနေပြီးနောက် ဦးဘိုးလှိုင်နေအိမ်သို့ တစ်ဖန်ကြွသွားပြန်ရာ-

ယော - မောင်ပဉ္စင်း..စာတတ်နေပြီ ထင်တယ်။

လယ်တီဦးဥာဏ - စာတော့ တတ်ပါပြီ။ စာရေးဖို့ အတွက်ကို။

ယော - လယ်တီဆရာတော်နှင့် ယောမင်းကြီးဦးဘိုးလှိုင် မြန်မာစာရေးတတ်ဖို့ မခက်ပါဘူး။ စကားပြေ ရေးတဲ့အခါ ဝါကျတို့တို့၊ ရှင်းရှင်း၊ လိုရင်းရေးတတ်ဖို့ လိုတယ်။ ပါဠိတော်နည်း အသွားအလာအတိုင်း အဖုံးအပိတ်နှင့် ရေးလျှင် စာကောင်းဖြစ်လာတာပဲ။

လယ်တီဦးဥာဏ - ကဗျာရေးတတ်ဖို့ရော။

ယော - လေးလုံးစပ်ကို သတိထားလေ့လာလျှင် ကဗျာတတ်ဖြစ်ကရော့။

လယ်တီဆရာတော်ဟု ဖြစ်ပေါ်လာမည့် ဦးဥာဏဓေသည် ယောမင်းကြီးဦးဘိုးလှိုင်၏ ညွှန်ကြားချက်အတိုင်း မြန်မာစာပေအရေးအသားကိုလည်းရေး၍ လေ့လာသည်။ ကဗျာလင်္ကာကိုလည်း စပ်ဆိုလေ့လာသည်။

ကဝိလင်္ကာဒီပနီကျမ်းပြု ဦးခြိမ့်တို့အဖွဲ့မှ စာချစစ်တမ်း မေးမြန်းခဲ့ရာ ဝါကျအသွားအလာ အနုသန္ဓေအဆက်အစပ် ပုဒ်၊ ပါဒ် အက္ခရာအဆုံးအဖြတ် စသည်တို့ကို ကဗျာဖြင့် ဖြေဆိုမိန့်ကြားတော်မူခဲ့သည်။

ထိုအခါ စာချစာတမ်း အဖွဲ့ဝင်များက-

စာချအဖွဲ့ - အရှင်ဘုရား..ကဗျာအသွားအလာ အင်မတန်ကောင်းလှပါသည်

ဟု လယ်တီဦးဥာဏဓေအား လျှောက်ထားရာ-

လယ်တီဦးဥာဏ - ငါတို့ စာရေးတတ်လာတာ ယောမင်းကြီး ကျေးဇူးပေါ့။ ယောမင်းကြီး ရေးဟန်အတိုင်းပဲ။

ဒကာများ - အရှင်ဘုရား..ယောမင်းကြီးနဲ့ ဆက်သွယ်တော်မူပါသလား။

လယ်တီဦးဥာဏ - အိမ်း..ယောမင်းကြီးနဲ့ ဆက်သွယ်ခဲ့တာကြောင့် စာရေးပြောင်တာ။ ယောမင်းကြီးဟာ ပညာရှိတစ်ဦးပဲ။ နေတွဲပါဠိ တော်တတ်လျှင် စာတတ်တယ်ဆိုတာ မှန်တယ်။

ထိုအခါ ဦးခြိမ့်၊ ဦးယံတို့ လူစုမှာ ယောအတွင်းဝန် ဦးဘိုးလှိုင်၏ ပညာစွမ်းရည်ကို ပို၍,ပို၍ သိရ၍ ပို၍ပင် ဖိမ့်ဖိမ့်တုန်ကြောက်လန့်နေကြသောဟူ၏။

မှန်ပါပေသည်။

ထိုခေတ်က ယောမင်းကြီးဦးဘိုးလှိုင်နှင့် ဖက်ကြိုင်ခဲ့သူ ရဟန်း၊ ရှင်၊ လူ မထွက်ပေါ်ခဲ့ပေ။ ယောမင်းကြီးဦးဘိုးလှိုင်ကား ထူးချွန်လှသော ဉာဏ်လည်းရှိသည်။ ပညာ

www.burmeseclassic.com

ကြီး၊ မာန်မာနလည်း ကြီးလှသည်။ သိုးဆောင်း၊ ဟိန္ဒီ၊ အဋ္ဌာတ ဘာသာစုံကို နားလည်တတ်ကျွမ်းသည်။

ယောမင်းကြီးဦးဘိုးလှိုင်၏ ဖြစ်ရပ်စဉ်ကို လေ့လာသွား ရာထူးကျလိုက်၊ ပြန်ရလိုက်ဖြစ်၍ ဘဝခရီးတစ်သွားတွင် ချမ်းသာဆင်းရဲ ဒွန်တွဲနေကြောင်း သိရှိနားရသည်။ လယ်တီလောင်းလျာ ဦးဉာဏာသည် ယောမင်းကြီး၏ ဝါကျတို့နှင့် လိုရင်းကို ရေးသကဲ့သို့ ဒီဃနိကျမ်းပေါင်းများစွာကို ရေးရာတွင် ဝါကျတို၍ လိုရင်းထိမိအောင် ရေးသားတော်မူခဲ့သည်။

ထိုအချိန်က ရတနာပုံသတင်းစာကို ဘိုးဝဇီရ ဦးစီးသွက် ထုတ်ဝေနေချိန်ဖြစ်သည်။ စာဖတ်ပရိသတ်တို့သည် ဘာရန် နဘေ အစပ်အဟပ် လုံးချင်းထပ်ကို လေးစားခင်တွယ်ကြသောခေတ် ဖြစ်လေသည်။ သို့ဖြစ်ရာ စာရေးဆရာတို့သည် ကာရန်မိမိနှင့် ထိအောင် စာပန်းချီခြယ်မှုန်းခဲ့ကြသည်။ ယောမင်းကြီးဦးဘိုးလှိုင်ကား ကာရန် နဘေ ခေတ်ကို တော်လှန်ပြီး အဓိပ္ပာယ်မိမိ ဝါကျချောချော သာသာအပြည့်အစုံ ပါဝင်သော ဝါကျတိုများဖြင့် သာ ရေးသားခဲ့ပေသည်။

ယောမင်းကြီးဦးဘိုးလှိုင် တီထွင်ခဲ့သော ရေးသားအနှံသည် မျက်မှောက်ခေတ် စာပေလောကကို မီးရှူးတန်ဆောင်ပမာ လမ်းခင်းပေးနေသကဲ့သို့ ခေတ်ရှေ့ပြေး ဖြစ်လေသည်။ ယောမင်းကြီးဦးဘိုးလှိုင်သည် ခေတ်ပြင်ဆော်လှန်ရေး တိုင်းပြုပြည်ပြု ဖြစ်သကဲ့သို့ လယ်တီဆရာတော်ဖြစ်လာမည့် ဦးဉာဏာဓဇသည် ထိုအချိန်မှစ၍ စာပေခေတ်ကို ပြင်လေသည်။ သမားရိုးကျ ရှေးအယူအဆဟောင်းများကို လမ်းခွဲထွက်ကာ လမ်းသစ်ဖောက်ခဲ့ကြသည်။

လယ်တီဆရာ[illegible]စ်လာသောအခါ ဒီပနီကျမ်းများစွာ ပြုစုစီရင်ရေးသားတော်မူခဲ့လေသည်။ လယ်တီစာပေများတွင် ဝါကျတို၍ လိုရင်းဆို၍ ရှင်းလှသည်။ ထင်းလှစေသည်။ အထူးသဖြင့် ပရမတ္ထဒီပနီပါဠိကျမ်းကြီးသည် ယထာဘူတကျ၍ ရှေးအယူအဆဝါဒများကို ဖော်ဆေး၍ ပယ်သင့်က ပယ်ထားလေသည်။ သမားစဉ်လာ ရှေးရိုးစွဲ ပုဂ္ဂိုလ်တစ်စုတို့က လယ်တီဟန် လယ်တီမူကို မကြိုက်နှစ်သက်နိုင်ကြပေ။ လယ်တီလောင်းလျာ ဦးဉာဏာဓဇသည် ကဗျာလင်္ကာများထက် စကားပြေကို အထူးအလေးထား ရေးသားခဲ့သည်။

လယ်တီဆရာတော်သည် ခေတ်သစ်ရောင်နှိုးဦး ရေးဟန် စကားပြေကို အစပျိုးဖော်ထုတ်ခဲ့သည်။ ခေတ်စကားနှင့် ဆိုရသော် လယ်တီလောင်းလျာ ဦးဉာဏာဓဇကို ရှေးရိုးလမ်းတွင် ဆင့်ကာထွင်ခဲ့သော စာပေသုခမိန်ကြီးဟု ဆိုရမည် ဖြစ်သည်။ လယ်တီဆရာတော် ဦးဉာဏာဓဇသည် သမားရိုးကျ မြန်မာအမြင်ထက် ကမ္ဘာ့စာပေ ရေစီးကြောင်းထဲက ခေတ်ပြင်ယူဆချက်များ ဖြစ်နေပေသည်။ ထို့ကြောင့်ပင်လျှင် နယ်ချဲ့အင်္ဂလိပ်အစိုးရက စာပေသုခမိန်ပညာရှိဟူသော စာပေပါရဂူ ဘွဲ့ထူးဖြင့် ချီးမြှင့်မွှောက်စားခဲ့လေသည်။ ပညာရဲရင့် ပွဲလယ်တင့်ခဲ့သော သက်သေသာဓကတစ်ခု ဖြစ်သည်။

ရွှေဥမင်ဆရာတော်၏ စကားစာပေထဲတွင် လယ်လုပ်မခက် လယ်တီခက်သည်။ အကျင့်မခက် အသိခက်သည်။ သူတော်မခက် ပညာရှိခက်သည်ဟူ၍ ဆိုခဲ့သည်။ စာပေလမ်းကြောင်း ရေးသားတီထွင်ခြင်းမှာ မည်မျှခဲယဉ်းကြောင်း သိသာထင်ရှားလှပေသည်။

လယ်တီဆရာတော်ကြီး၏ သင်ဆရာရင်း ယောမင်းကြီးဦးဘိုးလှိုင်သည် အဖ ယင်းတော်ဝန်ကြီး ဦးရွှေတုတ်၊ အမိ ဒေါ်ငြိမ်းတို့မှ သက္ကရာဇ်(၁၁၉၁)ခုနှစ်၊ တန်ခူးလဆန်း(၁၀)ရက် ည(၃)ချက်တီးကျော် သောကြာနေ့အဝင် ဖွားမြင်ခဲ့သည်။ ဇာတိမှာ မြင်းခြံခရိုင်၊ တလုပ်မြို့၊ ပုလဲရွာဖြစ်ပါသည်။ နေပြည်တော် ဘုရင်မင်းမြတ်က ယောမြို့၊ ဆောမြို့တို့ကို အပိုင်စားပေးခြင်း ခံရသည်။ ထို့ကြောင့် ယောမြို့စား ယောမင်းကြီးဦးဘိုးလှိုင် ဖြစ်လာသောအခါ ရွှေမြို့တော် မြောက်ပြင်သူရဲတပ် အရှေ့ဘက် မန္တလေးတောင်အနီး ဆောက်လုပ်လျှက်သော အုတ်ကျောင်းကြီးကို နိုင်ငံခြားအင်ဂျင်နီယာတို့ အကူအညီဖြင့် ဆောက်လုပ်ခဲ့သည်။ ငွေကျပ်(၁၀)သိန်းကျော်မျှ ကုန်ကျကြောင်း မှတ်တမ်းများတွင် အဆိုရှိပါသည်။ လယ်တီဆရာတော်နှင့် ယောမင်းကြီးဦးဘိုးလှိုင်တို့၏ စာပေပေါင်းကူးမှုပုံရိပ် ဖြစ်ပါတော့သည်။

နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ

ယောနက–ဘိုးထောင်

စာကိုး

* လယ်တီဂန္ထဝင်ကျော်များသမိုင်း (လယ်တီ ဦးလှိုင်)။

www.burmeseclassic.com

www.burmeseclassic.com

တောင်တန်းသာသနာပြုဆရာတော် ဦးဥတ္တမသာရ၏
ဆင်တုံးမန္တယ်နှင့် နတ်ဆေးကဗျုန်း ဆေးနည်းများ

ဝမ်းတော်ဦး(ကူမဲ)

တောင်တန်းသာသနာပြု ဗွေဆော်ဦးပုဂ္ဂိုလ်ကို ညွှန်ပြပါဆိုလျှင် ဆရာတော်ကြီးဦးဥတ္တမသာရပင် ဖြစ်ပါလိမ့်မည်။ ဆရာတော်ကြီးသည် နယ်ခြားတောင်ပေါ်သားတို့ ဘဝကို လက်တွေ့ကျကျ လေ့လာ၍ အနီးကပ် ရှုမြင်သုံးသပ်ကာ ဘာသာရေးသာမက လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို မျက်စိဖွင့်ပေးခဲ့၍ လမ်းကြမ်းခက်ခဲရပုံအား ကိုယ်တွေ့မှတ်တမ်းများ စာအုပ်တွင် ဖတ်ရှုကြရလေသည်။

ကျွန်ုပ်သည် ဥစ္စာတစ်ခု ပညာစု၊ ရမှုလိုရင်းပင် ဟူသော ရှေးပညာရှိဩဝါဒ ကထာစာသားကို လွန်စွာသဘောကျသည်။ ထို့ကြောင့် ပညာစုသည့်အနေဖြင့် ကျမ်းဂန်စာအုပ်မှမဟုတ်၊ စာရွက်ပြုတ် အစုတ်အနုပ်များထဲတွင်သာမက ရှာဖွေဖတ်ကြည့်သည်။ သဘောလည်းကျ၊ ကိုယ်လည်း အကျိုးရှိ၊ အများလည်း သိနိုင်အောင် မှတ်စုထုတ်၍ မှတ်သားလေ့လာထားရှိသည်။ ဤနေရာတွင် တောင်မြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ ဩဝါဒတစ်ခုကို ရေးသားတင်ပြရလျှင် အောက်ပါအတိုင်း တွေ့ရပေမည်။

နေ့စဉ် မျက်ရှု

ကုသိုလ်ဥစ္စာ၊ ကျန်းခဲ့သာ၍၊
ပညာတန်ခိုး၊ တစ်မျိုးမျိုးမှ၊
အကျိုးမထွက်၊ ထိုနေ့တွက်၊
သက်သက်ဝမ်းနည်းဖွယ်။

နေ့စဉ်နေ့တိုင်း လူတစ်ဦးသည် အကျိုးမဲ့ မနေဘဲ ကုသိုလ် (သို့မဟုတ်) ဥစ္စာ (သို့မဟုတ်) ပညာ တစ်မျိုးမျိုး ရအောင် အကျိုးရှိစွာဖြင့် နေရမည်ဟု ဆိုလိုသည်။ ထို့ကြောင့် ကျွန်ုပ်လည်း တန်ဆောင်မုန်းလပြည့်နေ့တွင် ဆရာတော်ကြီး ဦးဥတ္တမသာရ၏ လူထုကံကျန်းမာရေးအတွက် မြန်မာ့ဆေးနည်းတို့များ အကြောင်းကို ထပ်ဆင့်တင်ပြပေးချင်နေမိသည်။ ဤစာမူရေးနေသည့်ကာလ တန်ဆောင်မုန်းလပြည့်နေ့တွင် မီးနတ်မင်းကြီးနှင့်တကွ တန်ခိုးကြီးသောနတ်အပေါင်းတို့ ခိုလှုံရာ မဏ္ဍူရိပင် (ခေါ်) မယ်ဇလီပင်မှာ ဆေးပေါင်းခသည်ဟု မြန်မာ့အယူအဆကြောင့်လည်း ရောဂါအန္တရာယ်တွေကို ဖယ်ရှားကြစေနိုင်ရန် ရည်ရွယ်၍ ဦးဥတ္တမသာရ၏ အသက်ရှည်ဆေးနည်းများထဲမှ အသက်ကြီးလျှင် ဆင်စီးပါဆိုသည့် ဆင်တုံးမန္တယ်ဆေးနည်းကို တင်ပြလိုက်ရပါသည်။

အသက်ရှည်ဆေးနည်းကို ဖော်လိုသော် ဆင်တုံးမန္တယ်ကို လိုသလောက် ရှာဖွေယူ၍ တောက်တောက်စဉ်းပြီးနေလှန်းပါ။ ခြောက်သောအခါ မီးရှို့ပြာချပါ။ အကောင်းဆုံးနည်းမှာ ဒယ်အိုးတွင်ထည့်၍ ပြာချလျှင် သန့်ရှင်းသောပြာကို ရမည်။ ထိုပြာကို ရေနှင့်ဖျော်၍ ဆားချက်ယူပါ။ ပြာကို ရေနှင့်ဖျော်ပြီး ဒယ်အိုးနှင့်ချက်ပါက ခန်းသွားသောအခါ ဆားဖြစ်လာမည်။ ရေမနည်းလွန်းစေရပါ။ မကြာခဏ မွှေပေးရသည်။

ဖျော်စပ်နည်း၊ စားသုံးနည်း

ပျားရည်တစ်ပိသာ(နှစ်ပုလင်း)တွင် ထိုဆားကို ဟင်းစားဇွန်းနှင့် တစ်ဇွန်းမောက်မောက်ထည့်၍မွှေပြီး နေပူတွင် သုံးရက်လှန်းပါ။ ဖန်ဘူးပိတ်၍ လှန်းရသည်။ နောင်ကိုလည်း မကြာခဏ နေလှန်းပေးသွားပါ။ ဤတွင် ဆေးဖျော်စပ်နည်း ပြီးပါပြီ။

စားသုံးနည်းမှာ တစ်နေ့လျှင် နှစ်ကြိမ်ကျ နံနက် အိပ်ရာထနှင့် ညဉ့်အိပ်ရာမဝင်မီ ထိုဆေးဖျော်ပြီး ပျားရည်ကို ဟင်းစားကြွေဇွန်းနှင့် တစ်ဇွန်းကျစားပါ။ ပြီးလျှင် ရေနွေးလက်ဖက်ရည်အဖန်ဖြစ်စေ၊ ရေအေးဖြစ်စေ ကြိုက်ရာကို ဝဝသောက်ပေးပါ။

ဤဆေးစားနေချိန်အတွင်း အခြားဆေးမျိုးကို မစားဘဲနေလျှင် ဆေးတန်ခိုးပို၍သိသာလွယ်သည်။ အကယ်၍ ဤဆေးလက်စဆေးကို မဖြတ်ချင်သဖြင့် စားလိုပါက စားနိုင်

www.burmeseclassic.com

www.burmeseclassic.com

သည်။ သို့ရာတွင် အကောင်းဆုံးနည်းမှာ စားလဲက်စ ဆေးကို တစ်လခန့်ရပ်ပြီး အထက်ပါ အသက်ရှည်ဆေး တစ်မျိုးတည်းသာ မြဲမြံပုံမှန်စားကြည့်ကြပါ။ ထူးခြားကြောင်း လက်တွေ့သိကြရပါမည်။

ဦးစွာသိထားရမည့် လက္ခဏာမှာ အအေးကြောက် တတ်သူများ မကြောက်တော့ပါ။ ရေချိုးချင်လာမည်။ အအေးဒဏ် ခံနိုင်လာမည်။ စားသမျှ အစာကြေလာမည်။ အိပ်ချင်ပျော်မည်။ ဤမျှဆိုလျှင် ကိုယ်ခန္ဓာ၌ အရေးကြီးဆုံးမှာ ပထဝီဓာတ်နှင့် တေဇောဓာတ် အားကောင်း ခိုင်မာလာလိမ့်မည်။ တေဇောဓာတ် လုံလောက်မှသာ ပထဝီဓာတ်ခိုင်သည်။ ဤဓာတ်နှစ်ပါး အားကောင်းလျှင် ရောဂါဒဏ်ခံနိုင်သည်။ ရောဂါဒဏ် ခံပြီတော့လျှင် အသက်ရှည်ကြောင်း ဆေးဝါးကောင်း ဖြစ်သည်ဟု နားလည်နိုင်ပါပြီ။

ဤဆေးစားပြီး ထူးခြားချက်များကား ဖြူနေပြီး ဆံပင်များ ပြန်မည်းလာသည်။ မျက်စိမှုန်နေရာမှ ပြန်ထွက်ကြည်လင်လာသည်။ ခြေသည်း၊ လက်သည်း ပျက်နေသူများ ပြန်ကောင်းလာသည်။ ကျွတ်သွားပြီး ဆံပင်များ အစားပြန်ပေါက်လာသည်။ အိပ်ပြီးရုပ်သွင် အံ့သြလောက်အောင် ပြန်လည်နုပျိုလာလိမ့်မည်။ ကျန်းမာရေး ပြန်ကောင်းလာလျှင်လည်း မကြာခဏ ဖော်စားနေလျှင် ရောဂါကို ကြိုတင်ကာကွယ်မှုဖြစ်စေသည့် ဆေးစွမ်းကောင်း တစ်ခုပင် ဖြစ်သည်။



သွေးတိုး၊ အဆုတ်နာ နလုံးရောဂါနှင့် နတ်ဆေးဂမုန်း

ဤခေတ်တွင် သွေးတိုးရောဂါ၊ အဆုတ်နာနှင့် နှလုံးရောဂါသည်တွေ အတော်များလာကြောင်း တွေ့ရသည်။ ထိုရောဂါသုံးမျိုးအတွက် နတ်ဆေးဂမုန်းကို ညွှန်ကြားချက်အတိုင်း စားသုံးကြရာ ရောဂါပျောက်ကြသူတွေ များစွာရှိသည်။ သို့သော် ဆင်တုံးမန္တယ်ကဲ့သို့ နတ်ဆေးဂမုန်းပင်ကို လွယ်ကူစွာပင် စိုက်ပျိုးနိုင်မှု မရှိချေ။ ထိုနတ်ဆေးဂမုန်းပင်မှာ ဟိမဝန္တာတောင်စွယ်တွင်သာ ရှိနေတတ်သည်။ နတ်ဆေးပင်မျိုးဖြစ်၍ မြေပေါ်၌ မပေါက်ပါ။

သန့်ပြန့်သော နတ်တောင်ထွတ် ကျောက်ကမ်းပါးစွန်းတို့၌သာ သဘာဝအလျောက် ထူးဆန်းစွာ ပေါက်ရောက်နေကြ၍ နတ်ဆေးဂမုန်းဟုပင် ခေါ်တွင်ခြင်းဖြစ်သည်။ ဂမုန်းအမျိုးပေါင်း သုံးထောင်ကျော်ရှိသည်တွင် ကောင်းကင်ဂမုန်းမှာ ဖြစ်သည်။ မြေတောင်မျိုး၌ မရှိပါ။ ကျောက်တုံးတိုင်းတွင်လည်း မပေါက်ပါ။ ဤဆေးဂမုန်းထူးသည် မြန်မာပြည်အတွင်း နယ်ခြားရှိ ဟိမဝန္တာတောင်မြင့်ကြီးတို့၌သာ ပေါက်ရောက်တတ်သည်။

တိဗက်ဆေးဆရာကြီးတို့က ပြောပြသွားချိန်မှ ဂေါ်ရခါးလူမျိုးများ ဆေးဖက်ဝင်မှန်း သိရသည်။ဤနတ်ဆေးပင်ကို ဂေါ်ရခါးစကားနှင့် ပါးခန်းဘက်ဟု ခေါ်သည်။ တောရိုင်းတောင်ဆိတ်များ အနာဒဏ်ရာရရှိကြလျှင် ဤဆေးပင်ရှိရာသို့ အမြန်ပြန်ပြေးသွားကာ စားသုံးပျောက်ကင်း ချမ်းသာသွားကြ၍ ချင်းလူမျိုးတို့က တောင်ဆိတ်ဆေးပင်ဟု ခေါ်ကြပြန်သည်။

နတ်ဆေးဂမုန်းပင်သည် အရွက်နှင့် အပင်ရိုး ဆေးအာနိသင် ခြားနားချက်ရှိသည်။ အရွက်စိုကို အစိမ်းသုပ်စားလျှင် သွေးတိုးနှင့် နားလေထွက်ရောဂါ ပျောက်သည်။ အရွက်စို (သို့မဟုတ်) အရွက်ခြောက်ကို ရေနှင့်ကျိုသောက်လျှင် ဆီးချို၊ ဆီးလွန်၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးချုပ် စသော ဆီးရောဂါအားလုံး ပျောက်သည်။ အပင်ရိုးကို ပျားရည်၊ ထောပတ်နှင့် ဖော်စပ်စားလျှင် သွေးတိုး၊ နာတာရှည်၊ ဆေးဖြတ်၊ ချောင်းဆိုးသွေးပါ၊ သွေးဝမ်းလိပ်ခေါင်း၊ နှလုံး

www.burmeseclassic.com

www.burmeseclassic.com

ရောဂါ၊ တီဘီ၊ အဆုတ်နာ၊ အားကုန်၊ ပန်းသေပန်းညှိုး၊ မီးယပ်နာ၊ သေဆုံး၊ သွေးလေမမှန်ရောဂါ အားလုံး ပျောက်ကင်းသည်။

နတ်ဆေးဂမုန်းကို စားသုံးလျှင် သွားမကျိုး ဆံမဖြူ ရောဂါကင်း၍ အသက်ပိုရှည်သည်။ လူမှာ စားကောင်းအိပ်ပျော်၍ ကျန်းမာသန်စွမ်းစေသည်။ အားအင်ပြည့်ဖြိုးကာ အိုပြီးသူ ပျိုရွယ်လာသကဲ့သို့ ဖြစ်စေသည်။ ဤဆေးကို စားသုံးနေကြသော ဂေါရခါးအဘိုးကြီးတို့သည် အသက် (၇၀)ကျော်၊ (၈၀)ကျော် အရွယ်ကြီးများဖြစ်ကြလျက် သူတို့၏ သားမြေး၊ လူပျိုလူရွယ်တို့နှင့်မခြား ကျန်းမာသန်စွမ်းနေကြသည်။ စိတ်ပျော်ရွှင်စွာ သီချင်းတကြော်ကြော်နှင့် မောပန်းခြင်း မရှိသလို တောတောင်ကြီးတွေပေါ် တက်ဆင်းသွားလာခြင်းကို တွေ့မြင်နေရလေသည်။

ဖော်စပ်နည်း

နတ်ဆေးဂမုန်းအပင်ရိုးကို ရေဆေးပြီး ပါးပါးလှီး၊ နေလှန်း၊ ခြောက်လျှင် အမှုန့်ပြု၍ ပျားရည်စစ်၊ ထောပတ်ကောင်းနှင့် ဖျော်စပ်ပြီး နေလှန်းရသည်။ တန်ခိုးထက်သော နတ်ဆေးမျိုးဖြစ်၍ ပျားရည်၊ ထောပတ်တို့က များများရောစပ်ရသည်။ အကောင်းဆုံး အချိန်အဆမူသေမှာ ဆေးမှုန့် (၂)ကျပ်သားခန့်ကို ပျားရည်(၅၀)ကျပ်သား တစ်ပုလင်း၊ ထောပတ်(၂၅)ကျပ်သားနှင့် ဖန်ဘူးတွင် ရောစပ်ပြီး နေ(၇)ရက်လှန်းပါ။ ရာသီဥတုအေးလွန်းလျှင် မကြာခဏ နေလှန်း၍ နေလှန်းပြီးတိုင်း သမသွားအောင် ကြာကြာမွှေပေးပါ။ နေပူကောင်းလွန်းလျှင် ပျားရည်ထပ်ရောပြီး နေလှန်းပါ။

စားသုံးနည်း

သွေးတိုးရောဂါ သွေးနှမ်း၊ လိပ်ခေါင်း၊ မောနာ၊ ပန်းနာ၊ လေနာ၊ ချောင်းဆိုးသွေးပါ၊ နှလုံးရောဂါ၊ တီဘီအဆုတ်နာ၊ ဒူလာ၊ ညောင်းညာကိုက်ခဲခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ ခြေလက်အေးခြင်း၊ ခေါင်းမူးခြင်း၊ မျက်စိဝေခြင်း၊ မှုန်ခြင်း၊ ဝမ်းကိုက်အစာမကြေ၊ လေအန်,လေထိုးခြင်း၊ လေပူထခြင်း၊ လေဖြတ်၍ ကိုယ်တစ်ပိုင်းသေခြင်း၊ ပန်းသေပန်းညှိုး၊ အားအင်ကုန်ခန်း မောပန်းလွယ်ခြင်း၊ စားမကောင်း အိပ်မပျော်ခြင်း၊ စိတ်မကြည်ခြင်း၊ မိန်းမတို့ မီးယပ်ရောဂါ၊ သွေးလေမမှန်ခြင်း၊ သွေးဆုံးရောဂါ၊ လည်ပင်းကင်ဆာ၊ အစာအိမ်ကင်ဆာ၊ လျှာကင်ဆာရောဂါတို့အတွက် စားသုံးနည်းမှာ ညဉ့်နံနက် တစ်နေ့ နှစ်ကြိမ် ဖွန်းငယ်နှင့် တစ်ဖွန်းကျ စားပါ။ ရောဂါကြီးနေလျှင် ကြာနေပြီဖြစ်လျှင် နှစ်ဖွန်း၊ သုံးဖွန်းကျ စားပေးပါ။

ဆေးစားပြီးလျှင် လက်ဖက်ရည်အဖန် (သို့မဟုတ်) ရေအေးကို ဝဝကြီးသောက်ပေးပါ။ ပြီးလျှင် ငါးမိနစ်ခန့် ခေတ္တငြိမ်ငြိမ်နေပါ။ ဝမ်းတွင်းလေရောဂါ အထူးရှိသူများ တီဘီနှင့် နှလုံးရောဂါသည်များမှာ ဆေးစားစတွင် ရင်နည်းနည်း ပူတတ်သည်။ ရောဂါကို လောင်ကျွမ်းခြင်းဖြစ်သည်။ ရောဂါရင့်နေသူများမှာ (၁၅)ရက်ခန့်အထိ ရောဂါနှင့် ဆေးတိုက်နေခိုက်တွင် အခံရခက်သလို ခံစားရတတ်သည်။ မကြာခင် ရောဂါစင်ပြီး ကျန်းမာရေးအထူးကောင်းလာစေမည်။ ရဲရဲယုံကြည်ပြီး စားသုံးကြပါ။

ဆေးမျိုးစုံကုစား၍ မရနိုင်ဟု ယူဆသော ကုဋ္ဌနှစ်နာရောဂါသည်များအတွက် ကြွေဖွန်းကြီးနှင့် တစ်ဖွန်းကျ တစ်နေ့ သုံးကြိမ်စားပါ။ စားပြီးလျှင် ရေနွေးလက်ဖက်ရည်အဖန် ဝဝသောက်ပါ။ ကိုယ်ရေပြားရောဂါ၊ သွေးမသန့်ရောဂါသည်များအတွက် ရောင်ရန်မှာ နတ်ဆေးဂမုန်း စားနေစဉ် တိရစ္ဆာန်သားငါးဟင်း မစားရ။ ငါးပိ၊ ငံပြာရည်ပါ လုံးဝရောင်ရမည်။ ဆေးကို ကြွေဖွန်းနှင့် တစ်နေ့ သုံးကြိမ်မှန်မှန် စားနေပါ။ သုံးလကြာလျှင် ပျောက်ကင်းသွားတတ်သည်။ လိုသေးလျှင် ဆက်လက်စားသွားပါ။

နွားနာ၊ ကျွဲနာများကို နတ်ဆေးဂမုန်းလိုးပြီး အခြောက်အနံ့ငယ် ရေနှင့်ကျိုချိုတိုက်ပါ။ လက်တွေ့ပျောက်ကင်းသည်။ လူကိုယ်ပေါ်၌ မီးပူရေနွေးပူလောင်လျှင် နတ်ဆေးဂမုန်းကို ရေနှင့်သွေး၍ လိမ်းပါ။ အနာမဖြစ်၊ အမြန်ပျောက်ကင်း၏။ ထိခိုက်ရှုနာတို့ကိုလည်း နည်းတူလိမ်းပါ။ အလွန်အပျောက်မြန်ပါသည်။

ဆီးချို၊ ဆီးလွန်ရောဂါအတွက် ရေမောင်းထောင် ခွက်နှစ်လုံးခန့်ကို အိုးသန့်သန့်တွင်ထည့်၍ ကျိုပါ။ နတ်ဆေးဂမုန်းရွက်ခြောက် လက်တစ်ဆုပ်ခန့် ရေကောင်းကောင်းမဆူခင် ထည့်၍ အိုးအဖုံးပိတ် ကျိုပါ။ သုံးခွက် တစ်ခွက်တင် ကျကျကျိုပြီး အိုးချ၍ လက်ဖက်ရည်အဖန် သောက်သကဲ့သို့ မကြာခဏ သောက်ပေးပါ။ သုံးရက် ဆက်တိုက်သောက်ပါ။ လိုအပ်လျှင် ရောဂါသက်သာသည်အထိ ဆက်သောက်နေပါ။ ဤဆေးရည် သောက်နေသော ရက်များအတွင်း ရေရိုးရိုးနှင့် လက်ဖက်ရည်၊ ကော်ဖီ စသည့် မည်သည့်ရေကိုမှ မသောက်ရပါ။ ဂမုန်းရွက်ကျိုရည်ခွဲသည်းသာ သောက်နေရပါမည်။ ရောဂါသည်အားလုံး ပျောက်သား၊

www.burmeseclassic.com

www.burmeseclassic.com

ကျွဲသား လုံးဝမစားရပါ။ စားမိလျှင် ရောဂါ ပြန်ပေါ်လာတတ်သည်။ ဆီးရောဂါရှိသူများ နွားသား၊ ကျွဲသား၊ ပုစွန်ချဉ်၊ ငါးချဉ်၊ မျှစ်ချဉ်၊ မျှစ်ဟင်း၊ တညင်းသီးနှင့် ရေတ်သီး စသော်လွန်းသော ဟင်းများကို ရှောင်ရမည်။

ဤနှတ်ဆေးဂမုန်းကို လူကြီးလူငယ်ကလေး ကျား၊မ အားလုံး စားနိုင်သည်။ မည်သည့်ရောဂါနှင့်မသင့်ဟူ၍ မရှိပါ။ ဆီး၊ ဝမ်း၊ သွေး၊ လေ အစာအိမ်နှင့် ပတ်သက်သော ရောဂါအမျိုးမျိုးကို ပျောက်ကင်းစေသည်။ စားကောင်းအိပ်မျော်၍ တစ်နေ့တခြား အထူးနေထိုင်ကောင်းလာပုံကို ထက်တွေ့သိရမည်။ အူကျရောဂါ၊ မုတ်ရောင်၊ ပန်းရောင်ရောဂါ၊ ကိုယ်တစ်ခြမ်းသေ၊ ခြေတစ်ဖက်၊ လက်တစ်ဖက် သေသော အကြောလိုက်ရောဂါဆိုးများပါ ပျောက်ကင်းနေကြပေပြီ။ အအေးပတ်နေသူ သွေးသားပူ၍ ကိုယ်ငွေ့ကောင်းလာမည်။ ဓာတ်လေးပါး ညီညွတ်စေသည်။ ပိန်နေသူ ဝဖြိုးလာမည်။ ဝလွန်းသူ အသားကျစ်လာမည်။ ထူးရည်နှင့် ဖျော်စပ်စားရပါမည်။

မည်သည့်ရောဂါမဆို နတ်ဆေးဂမုန်း စားနေလျှင် အခြားဆေးများကို ဖြတ်ထားပါ။ ဆေးတန်ခိုးညံ့၍ ရောဂါ အပျောက် နှေးတတ်သည်။ လူအချို့မှာ ဆေးစားစတွင် နေချင်း ညချင်း သိသာထူးခြားလာတတ်သည်။ လူအချို့မှာ ဆေးစား၍ ခုနစ်ရက်၊ ဆယ်ရက် ကြာပြီးမှ သိသာလာသည်။ ဟိမဝန္တာတောင်စွယ်ကြီးများ၌ နေကြသော ဟိန္နူယောဂီ၊ ပန်ဂျပ်ယောဂီကြီးများသည် ဤဆေးကို စားသုံးနေကြရာ သူတို့ အသက်(၁၀၀)ကျော် (၃၀၀)ကျော်အထိ ရှည်နေကြသည်။ ဘာရောဂါမှ ထူးခြားခံစားရခြင်း မရှိဟု။

သို့သော် ဤနတ်ဆေးဂမုန်းအစစ်မှာ ဝယ်ယူရန် မရှိပါ။ ဝေးလံသော ဟိမဝန္တာတွင်းရှိ တောတောင်ကြီးများသို့ တောင်တက်သမားနှင့် အထမ်းသမားငှားရမ်း၍ သွားကြရပေလိမ့်မည်။ ထို့ကြောင့် အသက်ရှည်လိုသူများ ဟိမဝန္တာတောင်ဆီမှ နတ်ဆေးဂမုန်းအစစ်ကို ရအောင်ရှာဖွေပါဟု နတ်လမ်းညွှန်ပြလိုက်ရပါတော့သည်။

ဝမ်းဇော်ဦး(ကူမဲ)

ကျမ်းကိုး

ဦးဥတ္တမသာရ၏ ကိုယ်တွေ့မှတ်တမ်းများ(၂)၊ (၁၉၈၂)ခုနှစ်ထုတ် စိန်မြစာပေ။

နှလုံးတုန်၊ ရင်ခုန်၊ မူးမောသူများအတွက်

နှလုံးအားတိုးဆေး

နှလုံးခုန်နှုန်း မမှန်ခြင်း၊ နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်မြို့ထဲစွာ အိပ်မရခြင်း၊ အိပ်ရာမှနိုးစက်တွင် ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်းမှိုင်းခြင်း၊ အသားအရေ မွဲခြောက်ပိန်လှိခြင်း၊ ဗဒေါ်မသာဖြစ်ခြင်း၊ အသက်ရှူမမှန်ခြင်း၊ နှလုံးနှင့်ဝတ်သက်သော ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန် သောက်သုံးပါက အသားအရေစိုပြေကြည်လင် လှပနုပျို ကျန်းမာသက်ရှည်ပါမည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၉/၂၀၁၀ တဆထလ(နိုင်)
ယာယီဆေးပါးမှတ်ပုံတင်အမှတ် - ၀၂၁၃ Y ၀၁၀၁၃၀
ကြော်ငြာခွင့်ပြုချက် - ၂၃၁/၁၀၁၃ [တဆထက(စာနယ်ဇင်း)]

ဆင်ခြင်း နှန်းဆိပ်တောင်ဆေးဆိုင် - တိုက်(၅)၊ အခန်း(၁၀၀)၊ သိရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံပြည်နယ်၊ ရန်ကုန်မြို့
☎ ၀၉၂၀၀၉၉၇၊ ☎ (၀၁)၂၁၈၈၃

ရန်ကုန် ပြည်ပြေးနှန်းဆေးဆိုင်ကြီးနုံဆိုင် - ဆိုင်အမှတ်(B-50, 51)ရွှေပြည်စုံစျေး (ဒုတိယထပ်)၊ မင်္ဂလာတောင်ညွန့်ပြိုနယ်၊ ရန်ကုန်မြို့
☎ ၀၉၄၂၁၀၀၇၇၃၊ ၀၉၄၂၀၁၀၈၂၃

မန္တလေး ဦးအောင်ပြေ မြန်မာဆေးဆိုင်ကြီးနုံဆိုင် - ဧရာဝတီလမ်းရေး/E ရုံ(သဇင်ရုံ)၊ အမှတ် - ၉၆(ဧရာဝတီထပ်)၊ စျေးဆိုင် မန္တလေးမြို့ ☎ (၀၂)၃၀၀၈၈

www.burmeseclassic.com

www.burmeseclassic.com

ကိုမောင်သန်းဝင်း
ဆရာတော် ဦးအုန်းခိုင်

သထုံ၊ မော်လမြိုင်မြို့နယ်တစ်ဝိုက် ဆရာတော် ဦးအုံးခိုင် ရှိခဲ့သည်။ အရိယာပုဂ္ဂိုလ်ကြီး တစ်ပါးဟုလည်း ကျော်စောထင်ရှားခဲ့လေ၏။ နှစ်ကာလကြာမြင့်ခဲ့သော်ငြားလည်း သိမီသူတို့ ရှိကြပေလိမ့်မည်။

ဆရာတော် ဦးအုံးခိုင်သည် ရဟန်းဖြစ်သည့်နေ့ကစ၍ သုသာန်ဓူတင်ကျင့်ရသော ကျောင်းမှာပင် နေထိုင် သီတင်းသုံးခဲ့သည်။ ဆွမ်းခံအမြဲထွက်ခြင်း၊ တိစီဝရိတ် ဓူတင်ဆောင်ခြင်း စသည်ဖြင့် ဓူတင်(၁၃)ပါးကို အမြဲဆောင်တော်မူသည်။

အကျင့်ပဋိပတ်တရားတို့၌လည်း လွန်စွာကျင့်ကြံအားထုတ်တော်မူသည်။ အာနာပါနကမ္မဋ္ဌာန်း၊ မေတ္တာကမ္မဋ္ဌာန်း တို့တွင်လည်း တကယ်တမ်းကြိုးပမ်းအားထုတ်တော်မူသဖြင့် လူအများက အောင်နေပြီဟု ပြောဆိုကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

အောင်နေပြီဟူသော ပြောဆိုချက်သည် ယုံကြည်ဖွယ်ရာရှိသည် ဟူ၏။ အကြောင်းသည်ကား အလွန်ဆိုးဝါးသောင်းကျန်းလှပါသော ကျားဆိုးကြီးတစ်ကောင်သည် ညဉ့်လုံလုံပင် နွားတစ်ကောင်ကို ကိုက်ခဲမှန်လာပြီး ဂူအတွင်း ဝင်ရောက်စားသောက်လေ့ရှိသည်။

ထိုစဉ် ဆရာတော် ဦးအုံးခိုင်က ကျားသောင်းကျန်းရာ ကရင်ရွာသို့ ကြွရောက်လာသည်။ ကျားသောင်းကျန်းရာ ဂူအတွင်း သွားရောက်ပြီး သီတင်းသုံးသည်။ ကျားသောင်းကျန်းသည် ဆရာတော် ဦးအုံးခိုင်အား ရန်မူခြင်း အလျင်းမရှိသည့်အပြင် ဆရာတော်၊ ဦးအုံးခိုင်၏အနီးတွင် ကြာလိမ္မာတစ်ကောင်ကဲ့သို့ ဝပ်နေလျက်ရှိသည်။ ဆရာတော် ဦးအုံးခိုင် ဂူအတွင်း ကြွရောက်လာပြီးနောက် ရွာအတွင်းရှိ လူများကို ဝင်ရောက်ကိုက်ခဲစားသောက်ခြင်း အလျင်းမရှိတော့ပေ။ အံ့ဖွယ်ရာတည်း။

အခြားထူးဆန်းဖွယ်ရာတစ်ခုကို ကိုယ်တိုင်တွေ့မြင်ရသူ ရွာနေ ဦးစံညွှန့်နှင့် အဖော်အပေါင်းတို့က ပြောပြခဲ့ဖူးသည်။ ဦးစံညွှန့်နှင့် အဖော်တစ်သင်းတို့သည် ဆရာတော် ဦးအုံးခိုင်ထံ သွားရောက်ဖူးမြော်ပြီး တရားနာနေခိုက်တွင် ကျွဲဆိုးတစ်ကောင်သည် ဆရာတော် ဦးအုံးခိုင်ရှိရာသို့ တွားသွားရောက်ရှိခဲ့သည်။ ဆရာတော်ဦးအုံးခိုင်၏ ခြေတော်ရင်း၌ ခေတ္တမျှဝပ်ခွေပြီး ပြန်လည်ထွက်ခွာသွားခဲ့သည်ဟူ၏။

ဤသို့သော အကြောင်းကြောင်းတို့ကြောင့် ဆရာတော် ဦးအုံးခိုင်သည် မေတ္တာဘာဝနာများ ပေါက်ရောက်နေပြီကြောင်း ယုံကြည်နေကြလေတော့၏။

၄င်းအပြင် ဆရာတော် ဦးအုံးခိုင်သည် ရေပြင်ပေါ်၌ လျှောက်သွားသည်ကို မြင်တွေ့ရသူတွေရှိကြောင်း၊ ကောင်းကင်ယံတွင် ဆက်မှုန်ရှေ့၍ ပျံကြွတော်မူသည်ကို တွေ့မြင်ကြရကြောင်း၊ အာကာမိပုဂ္ဂိုလ်ဖြစ်နေပြီး ၍လည်းကောင်း၊ ရဟန္တာတစ်ပါးဟူ၍လည်းကောင်း ပြောဆိုသံများ လွှင့်ပျံလျက် ရှိခဲ့ကြောင်း သိမီသူတို့က ပြောကြားခဲ့လေ၏။

တောနက်ကြီးထဲတွင် တစ်ပါးတည်း ဆင်းရဲပင်ပန်းစွာ နေထိုင်ခဲ့ခြင်း၊ ကြမ်းတမ်းသော အစာအာဟာရကို စားသောက်ကာ ပဋိပတ်အကျင့်မြတ်ကို လွန်ကဲစွာ ကျင့်ကြံအားထုတ်ခြင်းတို့က ထင်ရှားလှသောကြောင့် အရိယာတစ်ပါးဟု ယုံမှားသံသယ မရှိကြဟူ၍လည်း ဆိုကြပေသည်။

လယ်တီဆရာတော်ဘုရားကြီးက ဆရာတော် ဦးအုံးခိုင်အား ဤသို့ ချီးကျူးတော်မူသွားခဲ့ပေ၏။

'ငါ့ရှင်ကဲ့သို့ တို့မှာ မကျင့်နိုင်ပါ။' ငါ့ရှင်၏ ကျင့်ကြံမှုကို သာဓုခေါ်ပါ၏' ဟူ၍ ဖြစ်လေ၏။

ဆရာတော် ဦးအုံးခိုင်၏ အတ္ထုပ္ပတ္တိကို လေ့လာမိသမျှ ဖော်ပြပါမည်။ သထုံဒီစတြိတ်၊ ဘီးလင်းမြို့နယ်၊ ကင်မွန်းချုံရွာတွင် တောင်သူမိုးရိုး မိဘနှစ်ပါးက ဆရာတော်လောင်းလျာကို မွေးဖွားသန့်စင်ခဲ့သည်။

ဆရာတော်လောင်းလျာသည် မိဘများက တောင်သူတို့သဘာဝ ငါးသားဟင်းလျာများနှင့် ထမင်းကို ကျွေးသော အခါတိုင်းတွင် သူတစ်ပါး မသာကောင်တွေ ချက်ကျွေးလို့ မစားချင်ဘူးဟု ညည်းတွားပြီး ထမင်းကို ခပ်၊ ဆားတို့နှင့်သာ နယ်ဖတ်စားသောက်လေ့သည်ဟု ဆိုသည်။

လူလားမြောက်သော အရွယ်ရောက်ချိန်မှစ၍ အသက် (၃၀)အရွယ်အထိ မိဘနှစ်ပါးအား သမာအာဇီဝကျစွာဖြင့် တောင်သူယာခုတ်၊ လယ်ယာလုပ်ကာ ကျွေးမွေးပြုစုလျက် လူပျိုကြီးဘဝဖြင့် နေထိုင်ပြီး အဂ္ဂရတ်ပညာကိုပါ လေ့လာလိုက်စားခဲ့သည်။ လောကီနိဗ္ဗာန်ဟု ခေါ်ဆိုနေကြသော ကွမ်းရိုးတစ်တို့လမ်း၊ လုံကျင်းလမ်းတို့နှင့် ရွေ့ဖြစ်သော အတတ်ကိုပင် တတ်မြောက်နေခဲ့လေတော့၏။

ယင်းသို့သော ပညာရပ်များ တတ်မြောက်နေစဉ် အတွေးတစ်ခု ဖြစ်တည်လာခဲ့သည်။ လောကီနိဗ္ဗာန်ဖြစ်တဲ့ အတတ်ရှိလျှင် လောကုတ္တရာနိဗ္ဗာန် ရသည့်အရပ်သည် မလွဲမသွေ ရှိရပေလိမ့်မည်ဟု အတွေးပေါက် ယုံကြည်ကာ လောကီနိဗ္ဗာန်လမ်းကို ငဲ့ကွက်ခြင်းအလျှင်းမရှိဘဲ စွန့်လွှတ်လျက် ကင်မွန်းချုံရွာ ကန်တော်ကြီးကျောင်းတွင် ယင်းကျောင်းတိုက်ဆရာတော်ကို ဥပဇ္ဈာယ်ထားပြီးလျှင် ရဟန်းပြုလေတော့၏။

မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်တော်မူသည်မှစ၍ ရဟန်း(၅)ဝါရသည်အထိ ဥပဇ္ဈာယ်ဆရာတော်နှင့်အတူ တောကျောင်းတွင် အတူနေထိုင်ပြီးလျှင် ဝိနည်းကျမ်းဂန်များကို လေ့လာသင်ကြားနာယူလျက် မေတ္တာဘာဝနာ၊ အာနာပါနကမ္မဋ္ဌာန်းတို့ကို အစဉ်တစိုက် စီးဖြန်းနေလေတော့၏။

ဆက်လက်၍ ရဟန္တာအဖြစ် ကျော်ကြားတော်မူလှသော ဆရာတော်ဦးသီလ နေထိုင်ကျင့်ကြံ အားထုတ်တော်မူခဲ့သော တောရများတွင် လှည့်လည်သီတင်းသုံးရင်း ကျင့်ကြံအားထုတ် နေထိုင်တော်မူလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံး(၁၀)နှစ်အတွင်းတွင် သထုံမှ ဘီလင်းသို့ သွား ကားလမ်းနံဘေးရှိ ရွှေရောင်ပျတောရတွင် သီတင်းသုံးနေထိုင်ခဲ့သည်။ ရွှေရောင်ပျတောရတွင် တရားအားထုတ်ကြသော ရဟန်းတပည့်၊ ရသေ့၊ ယောဂီတပည့်တို့ များစွာရှိခဲ့ကြသည် ဟူ၏။

တစ်ခါတစ်ရံ သထုံမြို့၊ ဂေါ့တောင်ထိပ် ဆရာတော်ဦးသီလ နေထိုင်ကျင့်ကြံခဲ့ဖူးသောနေရာသို့ နှစ်စဉ်နှစ်တိုင်း တစ်လတန်သည်၊ နှစ်လတန်သည် ဘွဲ့ရောက်၍ တရားချီးမြှင့်တော်မူလေ၏။ ဆွမ်းခံလည်း ကြွရောက်လေ၏။

ဆရာတော် ဆွမ်းခံကြွသည်ဟု ကြားရသည်နှင့် တစ်ပြိုင်နက် အချိန်းအချက်မရှိပါဘဲ လူအများထွက်၍ လောင်းလှူကြသည်မှာ လှည်းများနှင့်ပင် တိုက်ယူရသည်။ ဆရာတော်သည် ထိုလှူဖွယ်ပစ္စည်းများကို စာသင်တိုက်ကြီးများသို့ တစ်ခုမကချန် ပြန်လည်စွန့်လှူတော်မူခဲ့လေ၏။

ဆရာတော် ဦးအုံးခိုင်သည် ပျံလွန်တော်မူခါနီးဆဲဆဲတွင် တပည့်ဒါယကာများကို ခေါ်ယူ၍ ၄င်းပိုင် သပိတ်၊ သင်္ကန်း ပစ္စည်းများကို ခွဲခြားလှူဒါန်းခဲ့ပြီး-

"ငါသေလျှင် တစ်နာရီမျှသာထားပြီး မီးရှို့ပစ်ရမည့် တာဝန် ခံနိုင်ကြရဲ့လား" ဟု သုံးကြိမ်သုံးခါ မေးမြန်းပြီး တပည့်ဒါယကာ ပရိသတ်များက ဝမ်းနည်းကြေကွဲစွာနှင့် အာမဘန္တေ ခံဝန်ကြလေ၏။ ထို့နောက် ဆရာတော်က ကိုယ့်နေရာ ကိုယ်သွား တရားအားထုတ်ကြပါလေဟု ဆို ခိုင်းတော်မူခဲ့လေ၏။

တပည့်ဒါယကာများ ထွက်ခွာသွားကြပြီး တစ်နာရီ နီးပါးခန့်ရှိသောအချိန် သက္ကရာဇ်(၁၃၀၀)ပြည့်နှစ် ဝါခေါင လဆန်း (၇)ရက်နေ့ နံနက်အချိန်တွင် သတိကောင်းစွာရှိပြီး တရားရှုမှတ်ရင်း အိပ်သောယောကျ်ား နိုးသောလားသို့ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသတည်း။

တပည့်ဒါယကာ အပေါင်းတို့ကလည်း ဆရာတော်မှာကြားတော်မူခဲ့သည့်အတိုင်း တစ်နာရီတိတိ ထားရှိပြီး သကာလ ပူဇော်ခြင်းအမှုတို့ကိုပြုကြကာ အင်္ဂါစျာပနပြုခဲ့ကြလေတော့၏။

ကိုမောင်သန်းဝင်း

မှီငြမ်း

* သာသနာ့အလင်း စာစောင်(၇)၊ ၁၃၀၀ ပြည့်နှစ်ထုတ်

ဆရာဦးသိန်းဝင်း

B.A (Geog:), ဒ.ဘန.ဝ (တ.ဆ-၁၄၃၂)

ပြည်တော်စံ

ကိုင်းရိုင်းဆေးကုဒန်း

နှလုံး၊ အသည်း၊ ကျိုးဓပါင်း၊ အာရုံခကြော အားနည်း၊ ဓလေဓန်း/ဓလေဖြတ်၊ ကိုယ်ခံအားကျခြင်း၊ အကြောနှင့်ပတ်သက်သော ရောဂါများ ကုသဓပးပါသည်။

✤ ဓလေဖြတ်ရောဂါ - ဓဝဒနာရှင်များ အထူးကုသဓပးပါသည် ✤

ဓလေဖြတ်ခြင်းကို ကြိုတင်ကာကွယ်ပါ

ဓလေဖြတ်မည့် လက္ခဏာများ

* ဦးခေါင်းနောက်ဓဘတွင် ခေါင်းကိုက်ခြင်း
* မျက်ခွံနှင့် မျက်စိကြွက်သားတို့ ဆတ်ခနဲ လှုပ်ရှားခြင်း
* ပစ္စည်းများ ကိုင်လျှင် မကြာခဏ လွတ်ကျခြင်း
* ခြေ, လက်များ ထုံကျဉ်ခြင်း
* လမ်းလျောက်လျှင် ခြေဆွဲနေခြင်း
* စကားပြော လေးခြင်း

စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစားခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုဓပါက ဓလေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။

ဆေးခန်းဖွင့်ချိန် - နံနက်(၁၁း၀၀)နာရီမှ ညနေ(၄း၃၀)နာရီထိ (တနလာနေ့ ဝိတ်သည်)
အမှတ်(၁၉)၊ (၁၁၂)လမ်း၊ (ဗိုလ်မင်းရောင်လမ်းမ)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ရဲစခန်းရှေ့)။
၀၉ ၇၉၅၁၄၄၂၆၈၃ ၊ ၀၉ ၃၁၆၅၂ ၇၂၄

www.burmeseclassic.com

www.burmeseclassic.com

ကိုဝင်းမြသန်း(သမိုင်း)

သာသနာ့ဝန်ဆောင်ဆရာတော်ကြီးများ၏ ဩဝါဒတထာများနှင့် တရားအားထုတ်ရန်နည်းလမ်းများ

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် သာသနာ့ဝန်ဆောင် ဆရာတော်ကြီးများသည် တရားချစ်ခင် သူတော်စင် တို့အား ဓမ္မသံဝေဂ ယူနိုင်ကြစေရန် ဩဝါဒကထာများ ဟောကြွေးလေ့ရှိကြပါသည်။ များသောအားဖြင့် ဆရာတော် ကြီးများ၏ ဩဝါဒကထာများတွင် ရုပ်,နာမ်နှစ်ပါး၊ ခန္ဓာ ငါးပါးတို့ မမြဲဆင်းရဲပုံ၊ အတ္တမဟုတ် အနတ္တကိုယ်ကောင် ဟုဆိုကြီး ဖြစ်ပုံ,ပျက်ပုံ တရားတို့ကို အစဉ်မပြတ် ရှုမှတ် ကြရမည်ဖြစ်ပုံ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်အာရုံတို့ ဖြစ်ပေါ်လာသော တဏှာအညစ်အကြေးများ ကို ဗယ်ခွာနိုင်မှ နိဗ္ဗာန်ရောက်မည်ဖြစ်ပုံ၊ မသေခင် ဒါန၊ သီလ၊ ဘာဝနာ အလုပ်ကို အားထုတ်ကြရမည်ဖြစ်ပုံ စသည် တို့ ဝါဝင်ပါသည်။

သို့ဖြစ်ပါ၍ သာသနာ့ဝန်ဆောင် ကျေးဇူးတော်ရှင် ဆရာတော်အချို့၏ သံဝေဂယူဖွယ် ဩဝါဒကထာများနှင့် တရားအားထုတ်ရန် နည်းလမ်းများကို ကျမ်းအဆူဆူမှ ထုတ်နုတ်ရှာဖွေ ဖော်ပြလိုက်ပါ၏။

ကိုယ်ဌကရ၊ ပခုက္ကူဆရာတော် အရှင်နေမိန္ဒ၏ သံဝေဂအလင်္ကာ

တင့်တယ်လှပ နုပျိုကြ၊
အိုရ နောက်ဆုံးပါတကား။
ရောဂါကင်းပ ကျန်းမာကြ၊
နာရ နောက်ဆုံးပါတကား။
မြူးပျော်ရွှင်ပျ သက်ရှင်ကြ၊
သေရ နောက်ဆုံးပါတကား။
ပျော်ရွှင်မြူးကြွ ပေါင်းသင်းကြ၊
ကွဲရ နောက်ဆုံးပါတကား။
စည်းစိမ်တက်ကြွ ချစ်ခင်ကြ၊
ခွဲရ နောက်ဆုံးပါတကား။
ဝတ်စားဆင်သ ပြုဖြင်ကြ၊ အသုဘအမှန်ပါတကား။
ရုပ်နာမ်နှစ်ဝ ဖြစ်ပျက်ရ၊ ဒုက္ခအမှန်ပါတကား။
ရုပ်နာမ်နှစ်ဝ ဖြစ်ပျက်ရ၊ အနတ္တအမှန်ပါတကား။
ဖြစ်ပြီးပျက်ရ မမြဲကြ၊ အနိစ္စအမှန်ပါတကား။
ဖြစ်ပျက်ဒဏ်ကျ ဆင်းရဲရ၊ ဒုက္ခအမှန်ပါတကား။
အိုနာသေရ အလိုမကျ၊ အနတ္တအမှန်ပါတကား။

တိပိဋကဓရ အတိဓမ္မဟာရဋ္ဌဝရ အရှင်ဝိစိတ္တသာရာဘိဝံသ၏ သံဝေဂအလင်္ကာ

ဤကိုယ်ကာယ တစ်လံမျှဋ္ဌ၊
နှစ်ဝနာမ်ရုပ်၊ ဖြစ်၍ချုပ်၏။
နာမ်ရုပ်တရား၊ အလွတ်ထား၍၊
ဤကားလိပ်ပြာ၊ ဤကဲ့ဂါတည်း၊
ဤမှာဇီဝ၊ ဤအတ္တဟု၊
ညွှန်ပြစရာ၊ မရှိပါသည်၊
နှစ်ဖြာနာမ်ရုပ်၊ မျှသာတည်း။
နာမ်ရုပ်တရား၊ ဤနှစ်ပါးလည်း၊
ရှည်လျားကာလ၊ မတည်ကြဘဲ၊
ခဏဖြစ်လျက်၊ ခဏပျက်၍၊
နိပ်စက်ခြင်းရာ၊ လိုမပါဘူး၊
သဘာဝအား၊ ဤသုံးပါးကြောင့်၊
ဖြစ်ပွားသမျှ အနိစ္စသည်၊ ဒုက္ခအနတ္တတည်း။

အတိဓမ္မဟာရဋ္ဌဝရ ရွှေဟင်္သာဆရာတော်၏ သံဝေဂအလင်္ကာ

ရုပ်နာမ်သဘာဝ အနိစ္စ၊ ရှုကြ ဉာဏ်ဖြင့်သာ၊
လောကအလုံး ရှုမဆုံး၊ လုံးလုံး အနိစ္စာ၊
အနိစ္စပင် အနိစ္စထင်၊ ဉာဏ်မြင် မဲ့၍သာ၊
အနိစ္စပင် အနိစ္စထင်၊ တွေ့မြင် နိဗ္ဗာန်သာ၊
နိဗ္ဗာန်လိုက ဤကာလ၊ ရှုကြ အနိစ္စာ။
ရုပ်နာမ်သဘာဝ ဒုက္ခမျှ၊ ရှုကြ ဉာဏ်ဖြင့်သာ၊
လောကအလုံး ရှုမဆုံး၊ လုံးလုံး ဒုက္ခသာ။
ဒုက္ခကိုပင် သုခထင်၊ ဉာဏ်မြင် မဲ့၍သာ၊
ဒုက္ခကိုပင် ဒုက္ခထင်၊ တွေ့မြင် နိဗ္ဗာန်သာ။
နိဗ္ဗာန်လိုက ဤကာလ၊ ရှုကြ ဒုက္ခသာ။
ရုပ်နာမ်သဘာဝ အနတ္တမျှ၊ ရှုကြ ဉာဏ်ဖြင့်သာ၊
လောကအလုံး ရှုမဆုံး၊ လုံးလုံး အနတ္တာ၊
အနတ္တပင် အတ္တထင်၊ ဉာဏ်မြင် မဲ့၍သာ၊

www.burmeseclassic.com

www.burmeseclassic.com

အနတ္တပင် အနတ္တထင်၊ တွေ့မြင် နိဗ္ဗာန်သာ။
နိဗ္ဗာန်လိုက ဤကာလ၊ ရှုကြ အနတ္တာ။

မဟာစည်ဆရာတော် အရှင်သောဘန၏
ဘဝတန်ဖိုး တရားတော်

ဖြစ်ပျက်နှစ်ဖြာ၊ မမြင်ပါဘဲ၊ တစ်ရာအသက်၊ ရှည်သည်ထက်လည်း၊ ဖြစ်ပျက်နေဟန်၊ ရုပ်နှင့်နာမ်ကို၊ အမှန်မြင်လျက်၊ ဉာဏ်စဉ်တက်၍၊ တစ်ရက်တာမျှ၊ သက်ရှည်ရသော်၊ လောကလူရွှာ၊ ကောင်းမြတ်သာသည်၊ မြတ်စွာဗုဒ္ဓ မိန့်ခွန်းတည်း။

တောင်ပုလုဆရာတော် အရှင်နန္ဒိယ၏ တရားအလင်္ကာ

လူဖြစ်တုံလတ်၊ လူဘုံရပ်၌၊ ထူးမြတ်သည်ဆို၊ ထိုကုသိုလ်ကို၊ ထိုလထိုနေ့၊ ချိန်မရွေဘဲ၊ ယနေ့ပင်သာ၊ အားထုတ်ရာ၏၊ သေချာဇကန်၊ မနက်ဖြန်သန်ဘက်၊ သေမည့်ရက်ကို၊ ချိန်းချက်မရှိ၊ ဘယ်သူသိလိမ့်။

မဟာဝိသုဒ္ဓါရာမဆရာတော်၏
ဘယ်သူမပြု မိမိမှ တရားအလင်္ကာ

ရန်သူဝိုင်းထား၊ ထိုယောကျ်ားကား၊ ပြေးသွားဖို့ရာ၊ လမ်းပေါက်သာလျက်၊ ပြေးမထွက် လမ်းတွက် မဟုတ်ပေ။

မစင်လူးလျှင်၊ အေးကြည်လင်သည့်၊ ရေစင်ရှိလျက်၊ မဆေးရက် ကန်တွက် မရှိပေ။

ဟစ်အော်ငိုလည်း၊ ရောဂါသည်း၍၊ လူးလဲဗျာဒိ၊ နာမရှိသော်၊ တတ်သိမြင်မြော်၊ သမားတော်၌၊ ဆေးကျော်ရှိလျက်၊ မစားခက်၊ ဆေးတွက် မဟုတ်ပေ။

အနုပွကမ်း၊ ဘေးချမ်းများစွာ၊ သံသရာမှ၊ ထွက်ရာလမ်းမ၊ သမထဝိပဿနာ၊ ကိလေသာဘင်၊ အဟောင်းကျင်ကို၊ သန့်စင်လျှော်ဆေး၊ ရေအေးလေးမင်္ဂ၊ ရှိပါလျက်နဲ့၊ မထွက်ပြေးလို၊ မဆေးလို၊ မင်းပျို ကိုယ်တွက်ပေ။

ထွဋ်ခေါင်ဆရာတော်ဘုရားကြီး၏
သည်းညည်းခံ နိဗ္ဗာန်ရောက် တရားတော်

စက္ခုကဖြစ်၊ တဏှာညစ်ကို၊ ခွာပစ်နိုင်ရန်၊ နင်သည်းခံ နိဗ္ဗာန်ရောက်မည်သိ။

သောက,ကဖြစ်၊ တဏှာညစ်ကို၊ ခွာပစ်နိုင်ရန်၊ နင်သည်းခံ နိဗ္ဗာန်ရောက်မည်သိ။

ဃာနကဖြစ်၊ တဏှာညစ်ကို၊ ခွာပစ်နိုင်ရန်၊ နင်သည်းခံ နိဗ္ဗာန်ရောက်မည်မှတ်။

ဇိဝှါကဖြစ်၊ တဏှာညစ်ကို၊ ခွာပစ်နိုင်ရန်၊ နင်သည်းခံ နိဗ္ဗာန်ရောက်မည်မှတ်။

ကာယကဖြစ်၊ တဏှာညစ်ကို၊ ခွာပစ်နိုင်ရန်၊ နင်သည်းခံ နိဗ္ဗာန်ရောက်မည်သိ။

မနောကဖြစ်၊ တဏှာညစ်ကို၊ ခွာပစ်နိုင်ရန်၊ နင်သည်းခံ နိဗ္ဗာန်ရောက်မည်မှတ်။

ရွှေကျင်သာသနာဝိုင်း စံကင်းဆရာတော်ကြီး၏
သံပြိုင်ဆိုသံပေါက်

အိုနာသေရေး ဒုက္ခဘေး
မနာမိက တရားကျ နေ့,ည မမေ့ရာ။
မအိုမိက တရားကျ နေ့,ည မမေ့ရာ။
မသေမိက တရားကျ နေ့,ည မမေ့ရာ၊
အမှုကိစ္စ ပေါများလှ ဘဝလူတို့ရွာ။
နေ့မအား ညမအား တရားလက်လွတ်ကွာ။
ကိစ္စကြားတွင် ရွှေဆင်ခြင် သိမြင်ဉာဏ်ပညာ၊
သံဝေစိတ်ဓာတ် စွဲယူမှတ်၊ ဖြောင့်မတ်စေကြပါ။
မြူးရွှင်ပျော်ပါး အားဟားဟား လမ်းမှားသတိကွာ။
နောင်တပူပန် မရှိရန် နည်းမှန်တရားသာ။
နိဗ္ဗာန်ရောက်မှ အေးသည်ပ မုချဓမ္မတာ။

တောင်မြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏
သံဝေဂတရားအလင်္ကာ

ဧါတို့နေရာ ဤကမ္ဘာ တဏှာအုပ်စိုးသည်။
တဏှာစေရာ မနေသာ ဖွေရှာဆက်ရသည်။
ရသည့်ဥစ္စာ ချစ်သူပါ ခွဲခွာသွားရမည်။
တကယ်အရေး တကယ်ဘေး ဘယ်သွေးဘယ်သားမကယ်ပြီ။
ငါနှင့်ရွယ်တူ ငါ့အောက်လူ ကြီးသူသေကြ များလှပြီ။
ခဏမြဲ အိုစမြဲ ကိုယ်လည်း သေဘက်နီးခဲ့ပြီ။
ဧရာမီးတောင် ကိုယ်လည်းလောင် သေအောင် မြှိုက်တော့သည်။
မသေရခင် သွားလမ်းစဉ် ကြိုတင်ပြင်သင့်ပြီ။
ဒါန၊ သီလ၊ ဘာဝနာ လမ်းသာ ထွင်လိမ့်မည်။
မဂ္ဂင်ယာဉ်ကြီး အမြန်စီး ခရီးထွက်တော့မည်။

ကျေးဇူးတော်ရှင် ဝေဘူဆရာတော်ဘုရားကြီး၏
ခမ္မလမ်းစဉ်

ဘုရားအဆုံးအမဖြစ်တဲ့ ပိဋကတ်သုံးပုံ အကုန်လုံးဟာ ဆင်းရဲမှ လွတ်မှုတစ်ခုဖြစ်၍ နည်းတွေ များသော်လည်း အားလုံးအတူတူပဲ။ အကုန်လုံးလိုက်ပြီး လုပ်စရာ မလိုဘူး။ အများကြီးထဲက ကြိုက်ရာတစ်ခုခုကို ဝိရိယမှန်မှန်နဲ့

www.burmeseclassic.com

www.burmeseclassic.com

သန်သန်လုပ်ဖို့ အရေးကြီးတယ်။

စရဏနဲ့ဝိန္ဓာ တစ်ပြိုင်နက်ဖြစ်အောင် လုပ်ရတယ်။ တစ်ချိန်တည်းမှာ အလုပ်နှစ်ခုပြီးတာ ဒါပဲရှိတယ်။

ဘုရားစကား၊ ဆရာစကား တစ်ထစ်ချနာယူ၊ အံ့ရာရာ ရှိသေး၊ ကိုယ်ကိုနှိမ့်ချ၊ ခန္တီနှင့်မေတ္တာ များများထားပြီး ထုပ်ရတယ်။

ဝိပဿနာတရားဆိုတာ ထင်ရှားရှိတဲ့တရားကို မြင်အောင် ရှုမှတ်ခြင်းပင်ဖြစ်တယ်။ ထင်ရှားရှိတဲ့ တရားကို မြင်အောင် မရှုနိုင်ရင် ဝိပဿနာမဖြစ်ဘူး။

ထင်ရှားရှိတဲ့ တရားဆိုတာ တခြားမှာသွား၍ ရှာရ တာမျိုးမဟုတ်။ ရှောင်မရ တိမ်းမရ မခြောင်ချင်၍ မနေရ အောင် ကိုယ်မှာ အမြဲထင်ရှားရှိနေတဲ့ ရုပ်နာမ်တရားတွေပဲ ဖြစ်တယ်။

ဆံသာဝတီကမ္ဘာ့ဥာန်းတိုက် မဟာနာယကဆရာတော်ကြီး၏ ဝိပဿနာဆောင်ပုဒ်များ

ဖြစ်ခြင်း၊ ပျက်ခြင်း ဖောက်ပြန်ခြင်းများ မယွင်းဒုက္ခ ဓုတ်။

ဖြစ်ပျက်ကိုမြင် မဖြစ်ချင် မဂ္ဂင်တရားမှတ်။

မဖြစ်ချင်မှ လမ်းမှန်ကျ မဂ္ဂသစ္စာမှတ်။

မဖြစ်ပါမှ နိရောဓ ဒုက္ခအေးငြိမ်းမှတ်။

သဒ္ဓါမြို့ မူလမင်းကွန်းဓေတဝန်ဆရာတော်ကြီး၏ ထူးတော်နှင့် ပရမတ်

ကိလေသာ အာရုံက ပုဂ္ဂိုလ်ပဲ၊ ဝိပဿနာ၏ အာရုံက ခန္ဓာပဲ၊ မင်္ဂဇောဏ်၏ အာရုံက နိဗ္ဗာန်ပဲ။

ပုဂ္ဂိုလ်ဆိုတာက ပညတ်ပဲ၊ ရုပ်နာမ်ဆိုတာက ပရမတ်ပဲ။

ရုပ်၊ နာမ်၊ ပရမတ်က သခ်ိတပဲ။ နိဗ္ဗာန်ပရမတ်က အသခ်ိတပဲ။

ထွေးရွေးရှင်လယ်တီဆရာတော်ဘုရားကြီး၏ ဆုံးမသြဝါဒတေးထပ်

ပစ္စည်းရှာအလုပ်နှင့် နေ့ပုပ်လို့ရက်ကုန်၊
နှစ်မျောလို့ အသက်ကုန်တယ် တွက်ပုံဖြင့်မကောင်း၊
ခုလိုနှင့် သံသာဇွေမှာ ခန္ဓာတွေ များခဲ့စတောင်း။
သက်မွေးမှု စခန်းပိုအောင် ဝမ်းကိုသာ နင်ကျောင်း၊
လေးဆယ်ကျော် အရွယ်နှောင်းကာမှ သူကြွယ် လောင်း လုပ်ချင်
မိုးကုန်ပြီ ထွန်မချချင်နှင့် ရွှံစရာ မှားဖို့ဖြစ်အောင်။

နွားအိုကြီး အမှော်သင်သလို မလျော့လျှင် ဘဝဆုံး ရှာတော့

ဘဝတံုး နှင့်အဆင် လွဲဖို့သာပြင် တရားသို့ မသက် ဝင်လျှင်

အခက်နင် ကြုံတွေ့ဖို့လေး။

သာသနာ့ဝန်ဆောင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး များ၏ သံဝေဂရဖွယ် ဩဝါဒကထာများကို လိုက်နာကြိုး ကုတ် အားထုတ်နိုင်ကြ၍ တရားသံဝေဂယူနိုင်ကြပါစေဟု ဆိုစကားပါးရင်းဖြင့် တရားအားထုတ်ရန် နည်းလမ်းများကို ရှာဖွေတင်ပြလိုက်ပါ၏။

အားထုတ်ရန် တရားများ

အားထုတ်ရန် တရားများကား သမထတရားနှင့် ဝိပဿနာတရားများပင် ဖြစ်ပါသည်။ ယင်းသမထ၊ဝိပဿနာ နှစ်ပါးကိုပင် မိမိသန္တာန်၌ ဖြစ်ပေါ်အောင် တစ်ကြိမ် အားထုတ်ပြီးနောက် အထပ်ထပ်တိုးပွားအောင် အားထုတ်ထိုက် သောကြောင့် ဘာဝနာဟုခေါ်သည်။ ဘာဝနာအားထုတ်မှု၏ တည်ရာအာရုံဖြစ်သောကြောင့် ကမ္မဋ္ဌာန်းဟူ၍လည်း ခေါ်ပါသည်။

တရားအားထုတ်မည့်သူ၏ ရှိရမည့်အင်္ဂါငါးပါး

(၁) သဒ္ဓါ၊ ယုံကြည်မှု ရှိရမည်။

(၂) တရားအားထုတ်နိုင်စွမ်းသည့် ကျန်းမာရေးပြည့်စုံရမည်။

(၃) ဖြောင့်မတ်မှန်ကန်သောစိတ်ထား ရှိရမည်။

(၄) အကုသိုလ် ဒုစရိုက်များကို ပယ်ရှားပြီး ကုသိုလ် သုစရိုက်တရားကို တိုးပွားအောင် အားထုတ်သော ဝီရိယ ရှိရမည်။

(၅) ရုပ်၊နာမ်နှစ်ပါးကို ပိုင်းခြားသိမြင်နိုင်စွမ်းသော ပညာ နှင့် ပြည့်စုံရမည်။

တရားအားထုတ်မည့်သူ၌ ရှိရမည့် အပရိဟာနိယတရား(၇)ပါး

(၁) ဘုရား၌ ရိုသေမှု ရှိရမည်။

(၂) တရားတော်၌ ရိုသေမှု ရှိရမည်။

(၃) သံဃာတော်ဆရာသမားနှင့် ထေရ်ကြီးများ၌ ရိုသေမှု ရှိရမည်။

(၄) ကိုယ်ကျင့်သီလ၌ ရိုသေမှုရှိရမည်။

(၅) တည်ကြည်ခြင်း၌ ရိုသေမှုရှိရမည်။

(၆) မိမိအားထုတ်သော ကမ္မဋ္ဌာန်းတရားအတွက် လမ်း

www.burmeseclassic.com

www.burmeseclassic.com

ညွှန်မှုပေးနိုင်သော ကလျာဏမိတ်ကောင်း ရှိရမည်။
(၇) ယင်းကလျာဏမိတ်ကောင်း၏ နည်းပေးလမ်းပြ ဆိုဆုံးမမှုကို မပယ်မရှားဘဲ လိုက်နာမှတ်သားနိုင်သူ ဖြစ်ရမည်။

ကမ္မဋ္ဌာန်းအခြေခံတရား(၁၅)ပါး

ကမ္မဋ္ဌာန်းအခြေခံတရား (ကမ္မဋ္ဌာန်းအလုပ်နှင့် အနီးကပ်ဆုံးတရား) (၁၅)ပါးကိုလည်း သိအောင်လေ့လာပြီး အသားကျနေသည်အထိ အားထုတ်ပြီး ဖြစ်ရပါမည်။ ယင်းတို့ကား အောက်ပါအတိုင်း ဖြစ်ပါ၏။
(၁) ကမ္မဋ္ဌာန်းအလုပ် အားထုတ်နိုင်စွမ်းရှိခြင်း၊
(၂) ကိုယ်,နှလုံးတို့ဖြောင့်မတ်ရိုးသားခြင်း၊
(၃) တည်ကြည်သောစိတ်ရှိခြင်း၊
(၄) ပညာရှိစကားကို နာယူလွယ်ခြင်း၊
(၅) နူးညံ့သိမ်မွေ့စွာ နေထိုင်လေ့ရှိခြင်း၊
(၆) အလွန်မာနမကြီးခြင်း၊
(၇) ရောင့်ရဲလွယ်ခြင်း၊
(၈) အဆာမကျယ်. မွေးမြူလွယ်ခြင်း၊
(၉) ဗာဟီရကိစ္စများမများဘဲ နည်းဗဟုသောကိစ္စရှိခြင်း၊
(၁၀) အနေအစားပေါ့ပါးသော အသက်မွေးမှုရှိခြင်း၊
(၁၁) ငြိမ်သက်သောဣန္ဒြေရှိခြင်း၊
(၁၂) အရာရာကို သေချာဥထောက်ချင့်သောပညာရှိခြင်း၊
(၁၃) ကြမ်းတမ်းသော ကိုယ်,နှလုံးစိတ် မရှိခြင်း၊
(၁၄) အမျိုးတို့၌ သံယောဇဉ်ကင်းခြင်း၊
(၁၅) ဒုစရိုက်မှုများကို ရှောင်ရှားခြင်း စသည်တို့ပင် ဖြစ်ပါသည်။

ဈာန်မဂ်ဖိုလ်ကို အန္တရာယ်ပြုသော ကံကြီးငါးပါး

တရားအားထုတ်သော်လည်း ဈာန်မဂ်ဖိုလ်ကို မရရှိစေနိုင်သော ကံကြီးငါးပါးရှိသည်။ ယင်းကံကြီးငါးပါးကို ကျူးလွန်ထားသူများသည် မည်မျှပင် တရားအားထုတ်ကြစေကာမူ ဈာန်မဂ်ဖိုလ်ကို ရရှိနိုင်ကြမည် မဟုတ်ပါ။

ယင်းကံကြီးငါးပါးမှာ-
(၁) ကမ္မန္တရာယ်-အမိသတ်သူ၊ အဖသတ်သူ၊ ရဟန္တာသတ်သူ၊ ဘုရားရှင်အား သွေးစည်းတည်စေသူ၊ သံဃာအသင်းခွဲသူဟူသော ပဉ္စာနန္တရိယထိုက်သူများနှင့် ဘိက္ခုနီမ ဖျက်ဆီးသူ။
(၂) ကိလေသန္တရာယ်-ကောင်းမှု၊ မကောင်းမှု ပြုသော်လည်း ပြုသည်မမည်ဟု ယူဆသော အကိရိယဒိဋ္ဌိ၊ ကောင်းမှု,မကောင်းမှုကဲ့ အကြောင်းမရှိဟုယူသော အဟေတုကဒိဋ္ဌိ၊ ကောင်းမှု,မကောင်းမှု ကဲ့အကျိုးမရှိဟုယူသော နတ္ထိကဒိဋ္ဌိဟူသော သေလျှင် မုချမလွဲ အပယ်ငရဲကျမည့် နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသူ၊
(၃) ဝိပါကန္တရာယ်-ပဋိသန္ဓေစိတ်အရ အဟိတ်ဖြစ်သော တိရစ္ဆာန်၊ သုဂတိအဟိတ်ဖြစ်သော နတ်ပုန်း၊ ပဏ္ဍုကိ၊ ဥဘတောဗျည်းနှင့် ဒွိဟိတ် (သာမန်ပုထုဇဉ်)ပုဂ္ဂိုလ်များ။
(၄) အရိယပဝါဒန္တရာယ်-အရိယာ (အောက်ထစ်ဆုံးလူသောတာပန်)အား သိလျက် (သို့မဟုတ်) မသိဘဲ စွပ်စွဲဆဲရေးကဲ့ရဲ့ ပြစ်မှားသူ။ (တောင်းပန်က ကျေနိုင်ပါသည်)
(၅) အာဏာဝိဝိဂ္ဂမန္တရာယ်-ဝိနည်းသိက္ခာပုဒ်ကို ကျူးလွန်သော ရဟန်း၊ ပါရဇိက၊ သံဃာဒိသိသ်၊ ထုလ္လစည်း၊ ပါစိတ်ပါဋိဒေသနီဒုဿာသီဟူသော အာပတ်ညစ်ပုံအနက် အယုတ်ဆုံး ဒုဿာသီအာပတ်ရှိလျှင်ပင် ဈာန်မဂ်ဖိုလ်ကို မရနိုင်ပါ။ (ပါရဇိကအာပတ် ကုစားမရ။ ကျန်အာပတ်များ ကုစား၍ ရပါသည်။)

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းဟူသည် သက်တော်ထင်ရှားမြတ်စွာဘုရားကို အာရုံပြု၍ ဂုဏ်တော်ကို အောက်မေ့ပွားများရသော ကမ္မဋ္ဌာန်းဖြစ်ပါသည်။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းပွားများသူ၌ ရှိရမည့်အင်္ဂါ(၅)ပါး

(၁) မုဆိုးကြည်မှုသဒ္ဓါ ရှိရမည်။
(၂) ကျန်းမာသန်စွမ်းမှု ရှိရမည်။
(၃) ဖြောင့်မတ်မှန်ကန်မှု ရှိရမည်။
(၄) လုံလား ဝီရိယ ရှိရမည်။
(၅) ရုပ်နာမ်တရား အဖြစ်အပျက်များကို သိစွမ်းနိုင်သော ပညာ ရှိရမည်။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကျင့်ကြံနည်း အင်္ဂါ(၆)ပါး

(၁) ဆိတ်-ဆိတ်ငြိမ်နေရာ ဖြစ်ရမည်။
(၂) တင်-တင်ပျဉ်ခွေ ထိုင်ရမည်။ မိန်းမဖြစ်က မိန်းမထိုင် ထိုင်ရမည်။
(၃) ဖြောင့်- ကိုယ်ကို ဖြောင့်မတ်စွာ ထားရမည်။
(၄) ငါး- ဒွါရငါးပါး ဝိတ်ထားရမည်။
(၅) ရှေ- မိမိရှေ့မနီးမဝေး၌ ဗောဓိပင်နှင့် မြတ်စွာဘုရားကို စွဲစွဲမြဲမြဲ နှလုံးသွင်းရမည်။
(၆) ပွား-သက်တော်ထင်ရှား မြတ်စွာဘုရားကိုကြည့်၍ အရဟံ..အရဟံ စသည်ဖြင့် ဂုဏ်တော်ကို ပွားရမည်။

www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်တော်ပုတီးစိပ် အင်္ဂါ(၅)ပါး

ဂုဏ်တော်ကို ပုတီးစိပ်ပွားများရာတွင် အောက်ဖော်ပြ ၅ါ အင်္ဂါငါးပါးနှင့် ညီညွတ်ရပါမည်။

(၁) စိတ်တည်ကြည်ရမည်။
(၂) ပုတီး၌ စိတ်မရောက်စေရ။
(၃) မြတ်စွာဘုရားကို ထင်မြင်အောင် အာရုံပြုရမည်။
(၄) ဂုဏ်တော်ကိုပွားခိုက် လိုသောဆုကို တောင်းရမည်။
(၅) ထိုမြတ်စွာဘုရားအား အချိန်တိုတိုအားဖြင့် ရှိခိုးရမည်။
(မဟာဂန္ဓာရုံဆရာတော်နည်း ဖြစ်ပါသည်။)

အဓိဋ္ဌာန်ပုတီးစိပ်လုပ်ငန်းခွင် ကျင့်ဝတ်များ

အချို့သောသူများသည် အဓိဋ္ဌာန်ပုတီးစိပ်လေ့ရှိကြ ၅ါသည်။ ဤသို့ အဓိဋ္ဌာန်ပုတီးစိပ်ရာ၌ လိုအပ်သော လုပ်ငန်းခွင်ကျင့်ဝတ်များမှာ အောက်ပါအတိုင်းပင် ဖြစ်ပါ၏။

(၁) ဆာလောင်မွတ်သိပ်မှု မရှိစေရ။
(၂) သန့်ရှင်း သန်မြန့်ရမည်။
(၃) အချိန်ရွေးချယ်မှု ရှိရမည်။ (နံနက်အရုဏ်တက်ချိန်)
(၄) နေရာယူ မှန်ရမည်။
(၅) သရဏဂုံသီလ ဆောက်တည်ရမည်။
(၆) အနုဿတိပါးကို ကန့်တော့ရမည်။
(၇) မေတ္တာပို့ရမည်။
(၈) ဘုရားပင့်ရမည်။
(၉) မိမိခန္ဓာကိုယ်ကို လှူဒါန်းရမည်။
(၁၀)ပုတီးစိပ်ကမ္မဋ္ဌာန်း တောင်းရမည်။
(၁၁)အဓိဋ္ဌာန်ပြုရမည်။
(၁၂)စနစ်တကျ ထိုင်ရမည်။
(၁၃)ပုတီးကိုင်နည်းစနစ်မှန်ရမည်။
(၁၄)ဂုဏ်တော်နှင့် တရားဓမ္မများ။
(၁၅)ဆောင်ရမည့်အချက်များ
(ဂုဏ်တော်စိပ်လျှင် အနက်အဓိပ္ပာယ်ကို ရူးစိုက်ဝင်စားရမည်။ ရုပ်ပုံကိုပယ်၍ ဂုဏ်တော်ကို စိုက်ရန် ဖြစ်ပါသည်။)
(၁၆)ရှောင်ရမည့် အချက်များ
(လိုချင်စိတ်၊ မျှော်ကိုးစိတ် မထားရ။ ဝိတက်မပွားရ)
(၁၇)ပြန်လည်ဆင်ခြင်ရမည်။
(၁၈)အမျှအတန်းပေးဝေရမည်

စသည်တို့ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါ၏။

ကိုရွှေမြသန်း(သမိုင်း)

www.burmeseclassic.com

www.burmeseclassic.com

'မင်္ဂလာပါ အစ်ကိုကြီးခင်ဗျား'

'အေးဗျာ၊ မင်္ဂလာပါ။ ကဲ...လာထိုင်စမ်းပါဦး။ အခု ဘယ်က လှည့်လာတာလဲ'

အိမ်ရှင်ဖြစ်သူ ကျွန်တော်မှ ဧည့်သည်ကို ရေနွေးကြမ်းဖြင့် ဧည့်ခံရသည်။ ဧည့်သည်က တစ်ရပ်ကွက်တည်းသားပါပဲ။ သူရော ကျွန်တော်ပါ စစ်မှုထမ်းဟောင်း အငြိမ်းစားများဖြစ်ကြပြီး သူ့အရင် (၅)နှစ်ခန့်စောလျှင် ကျွန်တော်က သက်ပြည့်ပင်စင်ယူခဲ့သူ ဖြစ်သည်။

တပ်ရင်းတစ်ရင်းထဲတွင် တာဝန်ထမ်းဆောင်ခဲ့ကြသူများတော့ မဟုတ်ပါ။ မိမိတို့ တာဝန်ကျရာ တပ်များတွင် နှစ်ပေါင်း (၄၀)ခန့် စစ်ဆင်ရေး၊ လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး တာဝန်များဖြင့် ဒေသအသီးသီးသို့ ရောက်ခဲ့ဖူးကြတာချင်း၊ ယနေ့အထိ တိုင်းပြည်ကို ချစ်မြတ်နိုးသော စိတ်ရင်းဖြင့် တပ်မတော် အပေါ် သံယောဇဉ်ကြီးနေတာချင်း၊ မိမိတို့၏ တပ်မတော်ကြီးကို ပြည်သူလူထု၏ မေတ္တာရင်ခွင်ထဲမှာ ရေနှင့် ငါးပမာ

ထွန်းကားကြပါစေ သက်ကြီးဝါကား သက်ငယ်ကြား

www.burmeseclassic.com

www.burmeseclassic.com

အသားတည်း ဖြစ်နေစေလိုသောဆန္ဒများ တူညီနေကြခြင်းတို့ကြောင့် အငြိမ်းစားများ ဘဝမှာ ရင်းနှီးလာခဲ့ရသည်။

ပိုမိုရင်းနှီးခင်မင်လာစေသော အချက်မှာ နှစ်ဦးစလုံး အတော်ဝါသနာကြီးနေခြင်းပင် ဖြစ်သည်။ စာအုပ်ကောင်းများ ရလာလျှင် တစ်ဦးကိုတစ်ဦး ပေးရ၍ ဖတ်ကြသည်။ ဘွဲ့ခင်း၊ ဂျာနယ်များတွင် ဆောင်းပါးဓာတ်ခင်း၊ ဝတ္ထုဆောင်းလေးများ တစ်ဦးဖတ်ရလျှင် ကျန်တစ်ဦးကို ဖတ်ခိုင်းသည်။ အရသာရှိသော အစားအစာကိုစားပြီး လျှာထူးတွင် ထိုအရသာ၏ အာရုံကို ထားနေသလို ဖတ်ပြီးတိုင်းရသော စာပေ၏ရသကို ဟဒယတွင် တင်ပြမှုပြုခဲ့ကြတာချင်းလည်း ကျွန်တော်တို့နှစ်ယောက် တူညီကြပါသည်။

'ဒီကို လာခဲ့တာပါ။ အစ်ကိုကြီးက ဒီစာအုပ်ကြီးကိုင်း ဖတ်သင့်တယ်ဆိုလို့ ယူသွားတာ။ ဖတ်လို့ပြီးပြီ။ အဝင်မကျတာလေးတွေ ပြောချင်တယ်'

စာအုပ်ကြီးမှာ အိုးဝေဦးညိုမြ ရေးသည့် ကုန်းဘောင်ရှာပုံတော် ဖြစ်သည်။ စာပေမြတ်နိုးသူတိုင်း ဧာတိတန်ရှိသောလူတိုင်း ဖတ်သင့်သောစာအုပ် ဖြစ်သည်။ မြန်မာ့သမိုင်း၏ နှောင်းပိုင်းကုန်းဘောင်ခေတ် ရာဇဝင်ကို အခိုင်းကြောင်းအမှန် အခြေခံ၍ ရသပြောင်မြောက်စွာ ရေးသွဲ့ထားသည်။

အကြိမ်ကြိမ်ဖတ်ပြီးသော်လည်း ကျွန်တော့်မှာ ပြန်၍ ဖတ်ပြီးတိုင်း ငြီးငွေ့ခြင်း မဖြစ်ခဲ့ဖူးပါ။ ကျွန်တော်တို့ ဒီဘုံဘွား ရှေးမြန်မာကြီးတို့၏ သတ္တိ၊ ဗျတ္တိ စွမ်းဆောင်ရည်အသက်များကြောင့် စာအုပ်ကြီးကို ဖတ်ပြီးတိုင်း မိမိ မြန်မာလူမျိုးဖြစ်နေရတာကို ဂုဏ်ယူနေမိသည်။

ကုန်းဘောင်ရှာပုံ ၏စာအုပ်ကြီးကို (၁၉၈၂)ခုနှစ်တွင် အိုးဝေဦးညိုမြမှ ရေးသားထုတ်ဝေခဲ့သည်။

(၁၉၉၇)ခုနှစ်၊ ဒုတိယအကြိမ် ရိုက်နှိပ်ခြင်း၏ ထုတ်ဆို အမှာတွင်-

လူငယ်အားလုံး မဖြစ်မနေကို ဖတ်သင့်တဲ့စာအုပ်၊ ဖတ်ရှုသိကိုင်း၊ တပ်မတော်သားတိုင်း ဖတ်သင့်တဲ့အထိ ဆောင်းပုံ၊ သူကိုယ်တိုင် ည(၈)နာရီခွဲလောက်မှ စပြီးဖတ်ခဲ့ရတဲ့ စာအုပ်ကြီးကို လက်ထဲမှ မချနိုင်ဘဲ မိုးလင်းသွားပုံ၊ အသက်(၇၀)အရွယ် မွန်အမျိုးသမီးကြီးတစ်ဦးမှာ ညီမြ၏ ကုန်းဘောင်ရှာပုံတော် စာအုပ်ကို မိုးလင်းထိ မနားတမ်း ဖတ်လိုက်ပြီး-

'ကောင်းလိုက်တဲ့ စာအုပ်ကွယ်၊ တို့ငယ်ငယ်က ပွဲကြည့်ရတာထက် ပိုပြီးရသပေးနိုင်သေးတယ်။ လွမ်းစရာလည်းပါ၊ ရယ်စရာလည်းပါ၊ အံ့သြစရာ၊ ရဲရင့်စရာ၊ ကြောက်ရွံ့ထိတ်လန့်စရာတွေလည်းပါ၊ ဇာတ်ပွဲတွေ၊ ရုပ်ရှင်တွေထက် အများကြီးသာတယ်'ဟု ပြောလာရအောင် ကောင်းသည့် စာအုပ်ကို သူက ဘာများဘဝင်မကျ ဖြစ်လာပါလိမ့်ဟု တွေးမိသည်။

'ဘာကိုဘဝင်မကျတာလဲ ကိုယ့်ညီရဲ့။ ပြစမ်းပါဦး'

ကျွန်တော့်အမေးကို သူက စာမျက်နှာတစ်နေရာကို လက်ဖြင့် တို့ထိထားကာ 'ဒီနေရာပဲဗျ၊ ဖတ်ကြည့်'ဟု ဆိုပါသည်။

ကျွန်တော် ဖတ်ကြည့်လိုက်တော့-

♦♦♦

ဦးချစ်ညိုကား မြင်းစီး၊ လှံထိုး၊ ကြိုးပစ် စသောသူရဲကောင်းအတတ်တို့၌ ကျွမ်းကျင်၏။

သူမိခင် ဒေါ်ဇကလားက-

'ငါ့သား မင်းဖြစ်လိုလျှင် မုဆိုးဖိုသား အောင်ဇေယျကို ဦးစွာသုတ်သင်ရမည်။ အောင်ဇေယျက ကိန်းခန်းကြီးလှသည်။ အောင်ဇေယျကို စောစောကပင်-မသုတ်သင်နိုင်သော် သင့်အဖို့ အခက်ကြုံခြိမ့်မည်။ သူကို မရလျှင် အင်းဝသို့ဝင်၍ မွန်တို့ထံ ကျွန်ခံလေ'ဟု ဆိုလေသည်။

ဒေါ်ဇကလားကား ဗေဒင်အခါပေးကောင်း၍ တစ်နေ့သ၌ 'ယနေ့သည် အခါကောင်းသောနေ့ဖြစ်၍ မုဆိုးဖိုသားကို အဖမ်းအယူ ထွက်လော့'ဟု ဆို၏။

ဦးချစ်ညိုလည်း ညီမောင်ချစ်မြကိုခေါ်၍ မုဆိုးဖိုရွာသို့ သွားလေ၏။ ထိုနေ့၌ပင် ဦးအောင်ဇေယျသည် ဦးချစ်ညိုကို ဖြားယောင်းသွေးဆောင် သိမ်းသွင်းရန် မြင်းစီး၍ ခင်ဦးမြို့သို့ ထွက်ခဲ့၏။ ဦးချစ်ညိုက စစ်မှုစစ်ရေး ကျွမ်းကျင်၍ ဗိုလ်ခြောက်သိန်းသော်လည်း တစ်ယောက်နှင့် ခံနိုင်သူဟု ယူဆထားသဖြင့် အသာတကြည် ဆွေးနွေးစည်းရုံးလိုလေသည်။

လမ်းတွင် သူတို့နှစ်ဦး ရင်ဆိုင်မိရာ ဦးချစ်ညိုက ကြိုးကွင်းပစ်ကာ ဦးအောင်ဇေယျ၏ လည်ပင်းကို ရစ်

www.burmeseclassic.com

ပစ်လေသည်။ ထိုသို့ရစ်ပတ်ဆွဲငင်ရာတွင် ဦးအောင်ဇေယျနှင့်တကွ မြင်းလည်း လဲလေသည်။ ဦးအောင်ဇေယျသည် လဲရာမှထ၍ ကြိုးကို ဓားဖြင့် ဖြတ်နေခိုက် ဦးချစ်ညိုက လုံ့ဖြင့်ပစ်သည်။ ထိုလုံ့ကို ဦးအောင်ဇေယျက ဓားဖြင့် ကာသဖြင့် လွဲလေသည်။

ဦးချစ်ညို၏ညီ ဦးချစ်မြက အစ်ကိုဘက်မှ ကူညီရန် လိုက်လာသည်။

သို့သော် ထန်းပင်ထက်က ထန်းသမားက 'တစ်ဦးချင်း ရန်ဖြစ်နေတာကို ဘာလို့ကူရမှာလဲ' ဆိုကာ ထန်းပင်မှဆင်း၍ ချစ်မြ၏ လည်ပင်းကို ညှစ်၏။

ဤတွင် ချစ်မြက 'ကယ်ပါ' ဟု အော်သည်ကို သူ့အစ်ကိုဦးချစ်ညို ကြားသော် ဦးအောင်ဇေယျကို လွှတ်ခဲ့၏။ ညီနှင့် ထန်းသမားတို့ သတ်ပုတ်ရာသို့ ပြေးလာ၏။ သို့မှ ထန်းတက်သမားလည်း ချစ်မြကိုလွှတ်ကာ ပြေးလေသည်။ ဦးအောင်ဇေယျလည်း တစ်ဦးနှင့်နှစ်ဦးဖြစ်၍ မြင်းစီး၍ အပြင်းဆုတ်ခွာလေသည်။

ခင်ဦးသို့ ဦးချစ်ညိုတို့ညီအစ်ကို ပြန်ရောက်သော် မိခင်က မေးသည်။

မိခင် - အောင်ခဲ့၏လော။

ချစ်ညို - ကျွန်တော် အောင်ဇေယျနှင့် အထွေးထွေးရှိသည်တွင် ငချစ်မြသည် ထန်းသမားနှင့် အချင်းဖြစ်၍ ကူညီရန် သွားရပါသည်။ ထိုအတောအတွင်း အောင်ဇေယျက မြင်းစီးပြီး ခွာလေသောကြောင့် မအောင်မြင်ပေ။

မိခင် - ထဘီခါ၍ ဟယ်...သားမောင်၊ မှားခဲ့ပြီ။ ရှင်ဘုရင် လုပ်မည့်သူသည် ညီဟူ၍ အမှတ်ထားရသလော။ ညီဆိုသည်မှာ ဟောဒီမိခင်ဝမ်းဗိုက် ရှိသမျှ ရနိုင်သည်။

ချစ်ညို - ညီက ကယ်ပါဆို၍ ကျွန်တော်ကူမိသည်။

မိခင် - အခါရသော သည်ယနေ့တွင် အောင်ဇေယျကို မအောင်မြင်လျှင် သူ့ကို တစ်ကိုယ်ချင်း မခုခံလေနှင့်။ မနက်ဖြန် အင်းဝသွား၍ မွန်တို့ထံ ဝင်လော့။

သို့လျှင် ထိုနေ့မှစ၍ ဦးအောင်ဇေယျနှင့် ဦးချစ်ညိုတို့ ရန်မီးပွားကာ ဦးချစ်ညိုသည် မွန်စစ်သူကြီး ဒလယန်းတို့နှင့် ဆက်သွယ်ခဲ့သည်။ (တတိယအကြိမ်ထုတ်၊ နှာ-၅၉)

ထိုစာများကိုဖတ်ပြီး ကျွန်တော့်မှာ သူ့ကို ရှင်းပြရသည်။

'ဒီလို ကိုယ့်ညီရဲ့၊ မြန်မာသက္ကရာဇ်(၁၁၁၃)ခုနှစ် နှစ်ဆန်းချိန်မှာ အင်းဝမင်းနေပြည်တော်ကို မွန်တွေက တက်ပြီးသိမ်းထားလို့ မြန်မာတွေ ထီးနန်းပျောက်နေချိန်မှာ ကုန်းဘောင်မင်းဆက်ကို ထူထောင်မယ့် ဦးအောင်ဇေယျကိုယ်တိုင်က ရဲမက်ဗိုလ်ပါ စုဆောင်းနေရတဲ့ မုဆိုးဖိုရွာ သူကြီးအဆင့်ဝဲ ရှိသေးတယ်။ ဦးအောင်ဇေယျနဲ့ ဦးချစ်ညိုတို့ဟာ ခေတ်ပြိုင်သူရဲကောင်းတွေပဲ။ လူလုံးလူဖန် ပိုပြီးထွားကျိုင်းသန်စွမ်းသလို လက်ရုံးရည်မှာလည်း ဦးချစ်ညိုက သာလွန်တယ်။ အင်းဝရွှေနန်းရှင် ရှိစဉ်က ဦးချစ်ညိုဟာ လက်ယာပျံချီဘွဲ့နဲ့ ခင်ဦးမြို့စား ခန့်ထားခြင်း ခံရသူဖြစ်တယ်။ အထက်မြန်မာပြည်မှာ မြန်မာဘုရင် မရှိရှိမွန်နဲ့ ကွေ့ရှမ်းလို့ ခေါ်တဲ့ ရှမ်းဘုရင်ကြီးတွေ ကြီးစိုးနေလို့ ကာကွယ်ဖို့ နောက်လိုက်ငယ်သား စုရင်းကြံရည်ဖန်ရည် နှစ်ရပ်လုံးသာလွန်တဲ့ ဦးအောင်ဇေယျက ရှင်ဘုရင်ဖြစ်သွားတာ။ ဘုရင်ဖြစ်မည့် ဘုန်းကံပါရမီကလည်း ရှိကြောင်း ရေးထားတာပါကွာ'

ကျွန်တော့်စကားကို လက်ခံလိုဟန် မပြဘဲ ခေါင်းတယမ်းယမ်းဖြင့် သူက-

'ဒီစာအုပ်မှာရေးတဲ့ အိုးဝေဦးညိုမြဆိုတာ ရန်ကုန်တက္ကသိုလ်မှာ ဗိုလ်ချုပ်အောင်ဆန်းတို့နဲ့ ကျောင်းနေဖက်ဟ။ လွတ်လပ်ရေးမရမီက အင်္ဂလန်နဲ့ အမေရိကန်မှာ ပညာသင်ခဲ့ပြီး (၁၉၄၂)ခုနှစ်မှာ စာနယ်ဇင်းပညာ မဟာဘွဲ့ကို ချီကာဂို(အမေရိကန်)က ရခဲ့သူဆိုတော့ ဦးအောင်ဇေယျနဲ့ ဦးချစ်ညို စီးချင်းထိုးအခန်းကို အနောက်တိုင်းဆန်ဆန်တွေးပြီး ယုတ္တိဗေဒရှိရှိ ရေးထားတာပါဗျာ။ အမှန်က ဒီလိုမှ မဟုတ်ဘဲ'

'ကိုယ့်ညီက ဘာကိုပြောချင်တာလဲ'

ကျွန်တော်က မေးရသည်။

'ညီဖြစ်သူ ချစ်မြရဲ့ ကယ်ပါ အော်သံကြားလို့ သူ့နိုင်ခါနီး စီးချင်းထိုးပွဲကို ထားခဲ့ပြီး ညီရှိရာ အပြေးသွားရမယ်။ အဲဒီကယ်ပါလို့ အော်ရတဲ့ အကြောင်းရင်းကို ထန်းတက်သမား တစ်ယောက်က ချစ်မြရဲ့လည်ပင်းကို ညှစ်ထားလို့တဲ့။ အိုးဝေဦးညိုမြက အဲဒီလိုရေးထားတာ ကျွန်တော့်ကို ငယ်ငယ်က အဘိုးပြောခဲ့တာနဲ့ လွဲနေသယ်'

'ဆိုစမ်းပါဦး။ ကိုယ့်ညီအဘိုးက ဘယ်လိုပြောခဲ့သလဲ'

www.burmeseclassic.com

www.burmeseclassic.com

"ဦးအောင်ဇေယျဟာ တတိယမြန်မာနိုင်ငံတော်ကြီး ထူထောင်အုပ်ချုပ်ရတဲ့ မင်းဇကာရာဇဝင်ဖြစ်ဖို့ ဘုန်းကံပါရမီနဲ့ ပွေးဖွားလာသူ ဖြစ်တယ်။ ဘုရင်မဖြစ်မီကဘဲ အကြိမ်ကြိမ် လက်ရုံးတော်က မီးတောက်တာ၊ အိပ်မက်ထူး၊ နိမိတ်တဘောင်ထူးတွေနဲ့ သတင်းကြီးခဲ့တာကြောင့် ဒီလို ဥဇ္ဈိလ်မျိုးကို လူသားတွေ မမြင်နိုင်တဲ့ ပရလောကသား နတ်ကောင်းနတ်မြတ်များက သူဘုန်းကံအလျောက် စောင့်ရှောက်နေကြရတယ်တဲ့ဗျ။

အဲဒီစီးချင်းတိုက်ပွဲဖြစ်တဲ့နေ့က ဦးအောင်ဇေယျက ထည်း တစ်ယောက်တည်းလာတာ မဟုတ်ဘူး။ မိခင် ဘွဲ့ချက်ပေးတဲ့ ဗေဒင်ကိန်းခန်းအရ ထွက်လာခဲ့ရတဲ့ ခင်ဦးစား ဦးချစ်ညီကလည်း သူညီ ငချစ်မြ တစ်ယောက်ထည်း ပါလာတာ မဟုတ်ဘူး။ ဘုရင်ဖြစ်ဖို့ နောက်လိုက်ခြွေရံ စုနေတဲ့ လူတွေပဲဗျာ။ နှစ်ယောက်လုံးမှာ သင့်တင့်တဲ့ နောက်လိုက်ငယ်သား အရေအတွက်တွေ ပါလာကြတယ်။

တွေ့ကြတော့ သူဘက်သားနဲ့ ကိုယ့်ဘက်သားချင်း ခေါင်းဆောင်ကလည်း ခေါင်းဆောင်ချင်း ထိုးကြခုတ်ကြ၊ တိုက်ခိုက်ကြရင်း ဦးအောင်ဇေယျက တဖြည်းဖြည်း အရေး နိမ့်ပြေနေပြီ။ ခင်ဦးစားက အောင်ဇေယျကို အပြတ်ရှင်း ချိန်းမှာ သူညီ ငချစ်မြရဲ့ အစ်ကို ကယ်ပါလို့ ကြောက် အားလန့်အား အော်ဟစ်တဲ့အသံ ကြားလိုက်ရတယ်။

ညီကိုချစ်တဲ့ဇောကြောင့် ရန်သူကို လွှတ်ထားခဲ့ပြီး အသံကြားရာကို အပြေးသွားခဲ့တယ်။ ရောက်သွားတော့ သူညီက ဘေးကင်းရန်ရှင်းနဲ့ တိုက်ပွဲဝင်နေတာ တွေ့ရပြီး အောင်ဇေယျကတော့ အခြေအနေမလှလို့ တပ်ဆုတ်သွား ပြီး

တကယ်တော့ ဒီ သံဟာ ငချစ်မြအသံ မဟုတ်ဘဲ ဦးအောင်ဇေယျရဲ့ အသက်ဘေးလွတ်ဖို့ ပရလောကသား၊ နတ်ကောင်းနတ်မြတ်များက အကူအညီပေးလိုက်ရတာလို့ ဆိုးက ပြောဖူးတယ်"

ကျွန်တော်က သူ့စကားကို ချင့်ချိန်နေစဉ်မှာ သူက ဆက်ပြောပါသေးသည်။

"အစ်ကိုကြီး စဉ်းစားကြည့်ဗျာ၊ ခင်ဦးစား ဦးချစ်ညီ ဟို လက်ရုံးစွမ်းပကားကြီးတဲ့ မြို့စားရဲ့ညီကို ဘယ်ထန်း ဆက်သမားက လည်ပင်းညှစ်ရဲမှာလဲ။ အဲဒီတုန်းက သက် ဦးဆံပိုင်ခေတ်ဗျ။ အခု ဒီမိုကရေစီခေတ်မှာတောင် ရာထူး ကြီးကြီးလူရဲ့ သားမယား၊ ဆွေမျိုးတွေကို ဘယ်သူအရေး ယူဝံ့လို့လဲတဲ့"

သူကတော့ သူ့အဘိုး စကားကိုပဲ လက်ခံယုံကြည် သတဲ့။ သူ့အဘိုး ဦးဘိုးကြင်ကလည်း အင်္ဂလိပ်မင်းများ လက်ထက်က ပခုက္ကူခရိုင်၊ မြို့ငြိမ့်နယ်ထဲမှာ (၈)ရွာအုပ်၊ ငွေဝေးရ သူကြီးမင်း၊ အင်္ဂလိပ်စာ မတတ်ပေမယ့် ဗုဒ္ဓ စာပေကျမ်းဂန်နဲ့ ရာဇသတ်၊ ဓမ္မသတ်တွေ လွှမ်းတဲ့လူ၊ အဘိုးရဲ့ စာအုပ်ဗီရိုထဲမှာ ငါးရာငါးဆယ်နီပါတ်၊ ဇိနတ္ထ ပကာသနီ၊ စွယ်စုံကျော်ထင်ကျမ်း၊ ဥတ္တဘောဇနကျမ်း စတဲ့စတဲ့ ရှေးပညာရှိများရေးတဲ့ စာအုပ်တွေ အပြည့်။ လူအများရဲ့ ကြည်ညိုလေးစားမှုကို ခံခဲ့ရသူဖြစ်လို့ ပေါ့ သွမ်းသော စကားများကိုတော့ ပြောခဲ့မည်မဟုတ်ပါ" ဟု ဆိုပြန်ပါသည်။

"ဟုတ်ပါပြီ။ အိုးဝေဦးညီမြကလည်း အမေရိကန်မှာ စာနယ်ဇင်းပညာကို မဟာသိပ္ပံဘွဲ့ရအောင် သင်ခဲ့သလို နာမည်ကြီး ယေး(လ်)တက္ကသိုလ်မှာ ကျောင်းဆရာ လုပ်ခဲ့တာဆိုတော့ အဲဒီတုန်းက ခေတ်ပညာတတ်တွေအနေနဲ့ တစ္ဆေ၊ သရဲ၊ စုန်းနဲ့ နတ်တွေကို လက်မခံကြသေးဘူးဆို ဦးအောင်ဇေယျ အသက်ဘေးက လွတ်ခဲ့တာဟာ နတ်ကောင်းနတ်မြတ်တွေ ကူညီစောင့်ရှောက်မှုအဖြစ် မရေးဘဲ ထန်းတက်သမားတစ်ယောက် ထည့်ပေးလိုက်တာ ထင်ပါရဲ့။ ကိုယ့်ညီကရော ဝိညာဉ်လောကသားတွေ ရှိတယ်ဆို့တာ ယုံကြည်သလား"

လို့ သူကို ကျွန်တော်မေးတော့-

"ယုံတယ်ဗျ၊ ယုံတယ်။ ကျွန်တော်က အကြိမ်ကြိမ် ကိုယ်တွေ့ ကြုံဖူးတယ်။ စစ်မြေပြင်မှာရော ဝါသနာ အလျောက် ရိုးမပေါ် တောလည်၊ တောပစ်ရင်း ညဉ့်နက် သန်းခေါင် တောနက်ကြီးတွေထဲမှာရော ပရလောကသား နဲ့ ကြုံခဲ့ဖူးတယ်။ စကားပါ ပြောခဲ့ဖူးတယ်လေ။ ယုံတာ ပေါ့ အစ်ကိုကြီးရာ"

"ဒါဆို ကိုယ့်ညီရဲ့ ကိုယ်တွေ့လေးတွေ ကြားရ အောင်ကွာ"

"ပြောပါ့မယ်။ ဒီနေ့တော့ ထမင်းစားချိန်ရောက်နေလို့ အိမ်ကမိန်းမ မျှော်နေလောက်ပြီ။ နောက်နေ့ပေါ့ဗျာ"

ထွန်းလျော်လူ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်နှင့် ထူးဆန်းသော ကိုးလုံးပုတီး ရှင်ထွေးအောင်

နှစ်ပင် အတန်ကြာခဲ့ပြီဖြစ်သည်။

ကျွန်ုပ်သည် အဘသူတော်၏ တာဝန်ပေးချက်အရ လုပ်ငန်း တစ်ခုကို ဆောင်ရွက်ပေးခဲ့ရာ ကောင်းမွန်စွာ အောင်မြင်ခဲ့ပေ၏။

မြန်မာပြည်ပေါက် ကုလားလူမိုက် ဆမ္မဂ္ဂန်းတို့အဖွဲ့ကို အောင်မြင်ကျော်လွှားနိုင်ခဲ့သောကြောင့် အဘသူတော်က ကျွန်ုပ်အား အကျိုးဆောင်ခအနေဖြင့် ငွေသား ကျပ်တစ်ထောင် ချီးမြှင့်ခဲ့လေ၏။

ဆမ္မဂ္ဂန်းလူမိုက်ဆီက ရရှိခဲ့သော မြေပုံခြမ်းကြောင့် အဘသူတော်က ကျွန်ုပ်အား ဤကဲ့သို့ချီးမြှင့်ခဲ့ခြင်း

www.burmeseclassic.com

www.burmeseclassic.com

ခြစ်ပေ၏။

ထိုစဉ်က ကျွန်ုပ်သည် သက်တံရောင်ဖြာဓားနှင့် သံလက်စွပ်ကွင်းကို အဘသူတော်အား ပြန်၍ပေးအပ်ခဲ့စဉ် အဘသူတော်က လက်မခံခဲ့ပေ။

'မောင်အာကာပဲ ယူထားလိုက်ပါ။ အဲဒီပစ္စည်းတွေထဲ မင်းအတွက် အများကြီး အသုံးတည့်လာလိမ့်မယ်။ အဘတို့က ပြည့်စုံသလောက် ရှိနေပါပြီ။ စခန်းသိမ်းဖို့ တောင် သိပ်မလိုတော့ပါဘူးကွယ်' ဟု ဆိုကာ ကျွန်ုပ်အား နှုတ်ဆက်ပြီး ခရီးထွက်သွားခဲ့လေ၏။

အဘသူတော်၏ ခရီးစဉ်မှာ အဘယ်ခရီးစဉ်မှန်း ကျွန်ုပ် မသိခဲ့ပေ။ အဘသူတော်ကလည်း ကျွန်ုပ်အား အဘယ်ခရီးစဉ်သို့ သွားမည်ဟု ပြောမသွားခဲ့ပေ။

အဘ၏ လုပ်ရပ်များသည် လွန်စွာလျှို့ဝှက်ဆန်းကြယ်ရှိလှ၏။ ဆိုရလျှင် ဂန္ဓိရဆန်လှသည်ဟု ဆိုနိုင်ပေ၏။

ကျွန်ုပ်သည် ယခုအချိန်၌ တစ်ကိုယ်တည်းသမား၊ စာစံယောက်တည်းသမား ဖြစ်လျက်နေတော့၏။ ရုံဖန်ခါခါ ကျွန်ုပ်သည် ဆာဒူးကြီးရန်းချန်ဒရာဆင်းကို သတိရလေ၏။ ၄င်းပုဂ္ဂိုလ်ကြီးမှာလည်း ထူးဆန်းသော ပုဂ္ဂိုလ်ကြီးတစ်ဦးပင် ဖြစ်လေ၏။ အဘသူတော်ကဲ့သို့ပင် ထွက်ရပ်ပေါက်လမ်းစဉ်ကို လိုက်စားနေသူ ဖြစ်လေ၏။

ထွက်ရပ်ပေါက်လမ်းစဉ် (သို့မဟုတ်) ဝိဇ္ဇာလမ်းစဉ်ဆိုသည်ကို ကျွန်ုပ်သည် ကောင်းစွာသိကျွမ်းသူ မဟုတ်ပေ။

ဆာဒူးကြီး ရန်းချန်ဒရာဆင်းနှင့် အဘသူတော်တို့မှာ ထွက်ရပ်ပေါက် ဝိဇ္ဇာလမ်းစဉ်ကို လိုက်စားနေကြသူများထု ကျွန်ုပ်သည် ကြားသိထားခဲ့သူ ဖြစ်လေ၏။

'ငါတို့ရဲ့ကျင့်စဉ်က ဝိဇ္ဇာလမ်းစဉ်ပေါက်ကျင့်စဉ်စခန်းဖြစ်တယ်။ ငါတို့ဆိုတာက ကိုသူတော်နဲ့ ငါ့ကို ပြောတာ။ ဝိဇ္ဇာဆိုတာ အလင်းရောင်ကို ပြောတာ။ အလင်းရောင်ဆိုတာက အမှန်တရားကို ပြောတာ။ အမှန်တရားဆိုတာက သစ္စာစကားကို ပြောတာ။ သစ္စာစကားဆိုတာက ဝိဇ္ဇာဉာဏ်ရပ်ကို ပြောတာ။ ဝိဇ္ဇာပညာရပ်ဆိုတာက လူတိုင်းဆီနိုင်တဲ့ ဂန္ဓိရပညာရပ်ကို ပြောတာ။ ဆက်ပြောရင် ငါ့ရဲ့ ဦးခေါင်းအကန့်တွေ ပေါက်ကွဲပျက်စီးသွားနိုင်တယ်။ အဲဒီတော့ ငါ ဆက်မပြောတော့ဘူး။ အဲဒီလောက်ပဲ မှတ်သားထားလိုက်ပါကွာ' ဟု ဆာဒူးကြီး ရန်းချန်ဒရာဆင်းက အထက်ပါအတိုင်း ကျွန်ုပ်အား ပြောပြခဲ့ဖူးတော့၏။

၄င်းဆာဒူးကြီး၏ အဆိုအမိန့် စကားရပ်များသည် ကျွန်ုပ်အဖို့ အမှန်တကယ်ပင် မသိနိုင်သော လက်လှမ်းမမီသော အဆိုအမိန့်များသာ ဖြစ်လေ၏။

ထိုနည်းတူစွာပင် အဘသူတော်ကလည်း အထက်ပါဆာဒူးကြီး ဆိုမိန့်သက့်သို့ပင် ကျွန်ုပ်အား အလင်းတန်းသဖွယ် အသိဉာဏ်များ ပေးခဲ့ဖူးလေ၏။ ကျွန်ုပ်အဖို့တော့မူ ယင်းပုဂ္ဂိုလ်ကြီးနှစ်ဦးတို့မှာ တကယ့်ကို အံ့ဖွယ်သူရဲလျှို့ဝှက်ဆန်းကြယ် ပုဂ္ဂိုလ်ကြီးနှစ်ဦးပင် ဖြစ်ပါတော့သတည်း။

ကျွန်ုပ်သည် အိမ်ခြေဃာခြေ မရှိသူတစ်ယောက် ဖြစ်၏။ တစ်နည်းဆိုရလျှင် ခြေသလုံးအိမ်တိုင် ကြိုသလိုနေ၊ ကြိုသလိုစား၊ ဖြစ်သလို လုပ်ကိုင်စားသောက်နေသူဖြစ်၏။ ဖြစ်သလို လုပ်ကိုင်စားသောက်နေသည်ဆိုရာ၌ ကောင်းရာကောင်းကြောင်း သမ္မာအာဇီဝအလုပ်မျိုးကိုသာ လုပ်ကိုင်စားသောက်ခြင်းမျိုးဖြစ်၍ မသမာသောအလုပ်၊ ဥပဒေနှင့်မကင်းသောအလုပ်၊ ခိုးဆိုးတိုက်ခိုက် လုယက်စားသောက်သော အလုပ်မျိုးကား မဟုတ်ပေ။

ကျွန်ုပ်သည် အရပ်ထဲဝင်၍ ရေခပ်၊ ထင်းခွဲ၊ ထင်းတိုက်၊ ဝါးတိုက်၊ ယုတ်စွအဆုံး အိမ်ရှင်တို့ ခိုင်းစေလျှင် အိမ်သာကျင်းပါမကျန် လုပ်ကိုင်ဆောင်ရွက်ပေးတတ်၏။ ဖင်းလုပ်ငန်းမှ ရရှိသော အခကြေးငွေ ငွေစက္ကူတို့သည် သမ္မာအာဇီဝအလုပ်ပင် မဟုတ်ပါလား။ သိမ်ငယ်သည်ဟု ကျွန်ုပ် မယူဆပေ။

အလုပ်ဟူက ဂုဏ်ရှိစွ ဆိုသော စကားရပ်သည် ယင်းသို့သော သမ္မာအာဇီဝ အလုပ်မျိုးကိုသာ ဆိုလိုခြင်းဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်လက်ခံပေ၏။ အလုပ်တိုင်းကို ကျွန်ုပ် မဆိုလိုပေ။ ခိုးဆိုးတိုက်ခိုက်လုယက် စားသောက်ခြင်းသည်လည်း အလုပ်ပင် မဟုတ်ပါလား။ သို့သော် ဂုဏ်မရှိသော၊ သမ္မာအာဇီဝမကျသော ဒုစရိုက်အလုပ်ဟုသာ မြင်လေ၏။

ကျွန်ုပ်သည် သရီရိုင်းကုန်းတစ်ခု၏ ဧရပ်ပျက်တွင် နေထိုင်လေ၏။ နေထိုင်သည် ဆိုရာ၌လည်း အစဉ်သဖြင့် နေထိုင်ခြင်းမျိုး မဟုတ်ပေ။ ကြိုလျှင်ကြိုသလို နေထိုင်၍

www.burmeseclassic.com

www.burmeseclassic.com

အများအားဖြင့်တော့ ခြေသလုံးအိမ်တိုင် လျှောက်သွားလျှောက်နေခြင်းကသာ များလေ၏။

သည်နေ့တော့ ကျွန်ုပ်သည် သရဲမြိုင်းကုန်း၌ စတည်းချဖြစ်၏။ ဧရပ်ပေါ်တွင် ကျွန်ုပ် အိပ်စက်လဲလျောင်းနေစဉ် သရဲမြိုင်းစောင့် ကိုဆွာမိသည် သီချင်းလေးဆို၍ ဧရပ်ပေါ်သို့ တက်ရောက်လာလေ၏။ အာကာပုလင်းရွယ် အရက်တစ်လုံးကိုလည်း လက်က ဆွဲကိုင်လျက် ပါလာ၏။

ကျွန်ုပ်သည် လဲလျောင်းနေရာမှ ၄င်းအား မော့ကြည့်လိုက်ရာ ကိုဆွာမိ ကောင်းလာပုံရ၏။ တော်တော်လေး ထွေလာပုံရလေ၏။

'ကောင်လေး ထ၊ မင်းက အရက်မသောက်တော့ ဘယာကြော်စား' ဟု ပြော၍ ခါးပုံစဉ် ထုပ်လာသော ဘယာကြော်များ ထုတ်၍ လှမ်းပေးလေ၏။

ကျွန်ုပ်လည်း အိပ်ရာမှ ဖြုန်းခနဲထ၍ လှမ်းယူလိုက်လေ၏။

'ဘယာကြော်ငါးခု ဘယ်လောက်ကျလဲ ကိုဆွာမိ။ ကျသင့်သလောက် ကျွေပေးမယ်' ဟု ကျွန်ုပ်က ပြောလိုက်ရာ ကိုဆွာမိက 'သူစိမ်းမဆန်ချင်စမ်းပါနဲ့ကွာ။ မေတ္တာနဲ့ ကျွေးတာကို မေတ္တာနဲ့ ခံယူပြီး စားစမ်းပါကောင်လေးရာ' ဟု ပြန်၍ပြောလေ၏။

ကျွန်ုပ် မပြောတော့ပေ။ ကိုဆွာမိ ကောင်းနေသောကြောင့် စကားကြောရှည်နေမှာစိုးသဖြင့် အစာငြိမ်၍ နေလိုက်ပြီးလျှင် ဘယာကြော်ကို စားလေ၏။

'စားလို့ ကောင်းလား'

'ကောင်းတယ် ကိုဆွာမိ'

'ကောင်းရင် ငါလည်း ကောင်းအောင် သောက်လိုက်ဦးမယ်' ဟုဆိုကာ ကိုဆွာမိသည် အရက်ကို ပုလင်းလိုက် မော့၍ သောက်လေတော့၏။

ကျွန်ုပ်က 'ရော့..ဘယာကြော်နဲ့ မြည်း' ဟု ဆို၍ ဘယာကြော်ကို ကမ်း၍ပေးရာ ၄င်းက 'အရက်သမားအတွက် အမြည်းက အပိုအလုပ်တွေပါကွာ။ အရက်သောက်ဖို့သွားတာ အမြည်းစားဖို့သွားတာမှ မဟုတ်ဘဲ။ အမြည်းဆိုတာ မင်းလို အရက်မသောက်တဲ့လူအတွက်ပဲ ကောင်းမယ်။ စား..စား၊ မင်းပဲ စား' ဟု ဆိုလေ၏။

ထို့နောက် ကိုဆွာမိက 'တစ်ပတ်လောက်တော့ ကြာခဲ့ပြီနဲ့တူတယ်။ ဆာဒူးကြီးတစ်ယောက် ရောက်လာပြီး မင်းကို မေးတယ်။ အဲဒီတုန်းက မင်းလည်း မရှိတော့ ငါလည်း သူ မရှိဘူး။ ထုံးစံအတိုင်း လမ်းပေါ် ရောက်နေတယ်လို့ အလွယ်ပဲ ပြောလိုက်တယ်ကွ' ဟု ဆိုလေ၏။

'ဘာတွေ ပြောဆို မှာသွားသေးလဲ' ဟု ကျွန်ုပ်က မေးလိုက်၏။

'ဘာမှတော့ မှာမသွားဘူး ကောင်လေး။ အထုပ် တစ်ထုပ် ပေးသွားတယ်။ မင်းအတွက်' ဟု ကိုဆွာမိက ပြောပြီး ဧရပ်ပေါ်ရှိ ဖာတောင်းရှိရာသို့ လျှောက်သွားလေ၏။

ဖာတောင်းလေးမှာ အစုတ်ကလေးဖြစ်၍ ကိုဆွာမိ ပိုင် ဖာတောင်းလေးဖြစ်၏။

ဖာတောင်းအတွင်းက အဝတ်ထုပ်လေး တစ်ထုပ်ကို ဆွဲ ထုတ်ယူလာပြီး ကျွန်ုပ်အား လှမ်း၍ပေးကာ 'ဆာဒူးကြီး ပေးသွားတဲ့ အထုပ်ပဲ' ဟု ဆို၏။

ကျွန်ုပ်ယူ၍ ဖြေကြည့်ရာ အထုပ်ထဲမှ ယွန်းဘူးငယ်လေးတစ်ဘူးကို တွေ့ရလေ၏။ ယွန်းဘူးငယ်ကို ထပ်မံ၍ အဖုံးကို ဖွင့်ကြည့်လိုက်ရာ ကိုးလုံးပုတီးတစ်ကုံးကို တွေ့ရပြန်လေ၏။ ၄င်းယွန်းသတ္တောဘူးငယ်အတွင်းကပင် စာရွက်ခေါက် တစ်ရွက်ကိုလည်း တွေ့ရလေ၏။

စာရွက်ခေါက်ကို ဖြန့်၍ကြည့်လိုက်ရာ ဆာဒူးပုဂ္ဂိုလ်ကြီး၏ လက်ရေးမူ စာဖြစ်နေသည်ကို တွေ့ရလေ၏။ စာမှာ အောက်ပါအတိုင်း ရေးသားဖော်ပြထားလေ၏။

'မောင်အာကာ..ငါနဲ့ ကိုသူတော်တို့ စခန်းသိမ်းပွဲ ဝင်သွားကြပြီ။ ငါတို့နဲ့ ဆုံချင်ရင် ကိုးလုံးပုတီးကို နာနာစိပ်၊ (၉)နှစ်အတွင်း ငါတို့နဲ့ ပြန်ဆုံနိုင်တယ်။ ကိုးလုံးပုတီးကို သေသေချာချာကြည့်၊ စာလုံး(၉)လုံး ပါတယ်။ ဉာဏ်ရှိသလိုသာ သုံးပေတော့ မောင်အာကာ။ ဆာဒူးကြီး (လှမ္မိန်)' ဟူ၍ ဖြစ်လေ၏။

ကျွန်ုပ်သည် ပုတီးကို တစ်လုံးချင်း သေသေချာချာကြည့်လိုက်ရာ ပုတီး(၉)လုံးစလုံး၌ စာများကို တွေ့ရလေ၏။ စာမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပေတော့သတည်း။

(၁) မ၊ (၂) သိ၊ (၃) သူ၊ (၄) ကျော်၊ (၅) သွား၊ (၆) သိ၊ (၇) သူ၊ (၈) ဖော်၊ (၉) စား ဟူ၍ ဖြစ်လေ၏။

ရှင်ထွေးအောင်

www.burmeseclassic.com

www.burmeseclassic.com

နှလုံးသုခ သွေးသန့်အားတိုးဆေး

နှလုံးသုခ(သွေးသန့်)
0601 Y 2128

ဤဆေးသည် နှလုံးတုန်၊ ရင်ခုန်ခြင်း၊ မောပန်း၊ မူးဝေခြင်း၊ နှလုံးစူးအောင့်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ အိပ်မပျော်၊ စားမဝင်သူများ၊ စိတ်နှလုံးနောက်သူများ၊ သွေးဆုံးမီးယပ် ရောဂါသည်များ၊ မီးယပ်သွေးဆင်းလွန်သူများနှင့် အထူးသင့်လျော်ပါသည်။

အမျိုးသား၊ အမျိုးသမီးများ အထွေထွေအားနည်းခြင်းအတွက် အားဆေးကောင်းတစ်လက်ဖြစ်သည်။

ကလေးငယ်များအား ရွေးစေ့ခန့် မပြတ်ခွန့်ပေးပါက ကျောက်၊ ဝက်သက် စသောရောဂါများအတွက် ကာကွယ်နိုင်ပါသည်။

လူကြီး – ဆေးတစ်ပဲသားခန့်
တစ်နေ့ (၂)ကြိမ်မှ (၃)ကြိမ် သောက်သုံးသင့်သည်။

ဖြန့်ချိရေး

မော်လမြိုင်ဖြန့်ချိရေး - ဖဒ၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ ☎ ၀၅၇-၂၁၈၃၆

အကြောသုခ ဒဏ်ကြေလိမ်းဆေး



အကြောသုခ(ဒဏ်ကြေလိမ်းဆေးအဆီ)
0203 Y 4340

0203 Y 4340

အကြောသုခ(ဒဏ်ကြေလိမ်းဆေးအမျည်)
0502 Y 3750

ဤလိမ်းဆေးသည် အရိုးအဆစ် နာကျင်ကိုက်ခဲခြင်း၊ အဆစ်လွဲခြင်း၊ အကြောတင်၊ အကြောညှပ်၊ အကြောထုံခြင်း၊ ဓက်ကြောတက်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ လေဒါနာရောဂါတို့ကိုပါ အထူးပျောက်ကင်းစေပါသည်။

ဖြန့်ချိရေး

မော်လမြိုင်ဖြန့်ချိရေး - ဖဒ၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ ☎ ၀၅၇-၂၁၈၃၆

www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရားရှင်သည် ဗိမ္မိသာရမင်းကြီး ဆောက်လုပ်လှူဒါန်းသော ဝေဠုဝန်မင်းကျောင်းတော်၌ စံပယ်တော်မူနေချိန်။ တစ်နေ့တွင် ရှင်မောဂ္ဂလာန်နှင့် ရှင်လကုဏ္ဌကတို့ ဂိဇ္ဈကူဋ်တောင်ပေါ်မှ ဆင်းလာကြစဉ် ရှင်မောဂ္ဂလာန်သည် တစ်စုံတစ်ခုကို မြင်တွေ့၍ ပြုံးရယ်တော်မူ၏။

ထိုအခြင်းအရာကို ရှင်လကုဏ္ဌကာက မြင်တွေ့၍ မေးသည့်အခါ-

'အရှင်..ထိုမေးခွန်းကို ဘုရားရှင်ထံတော်ရောက်မှ မေးပါ' ဟု ဆိုလေသည်။

ထို့နောက် အရှင်နှစ်ပါးသည် ရာဇဂြိုဟ်မြို့တွင်း၌ ဆွမ်းခံလှည့်လည်၍ ဝေဠုဝန်မင်းကျောင်းတော်ရှိ မြတ်စွာဘုရားထံ ဝင်ရောက် ရှိခိုးကြလေသည်။ ထိုအခါကျမှ ရှင်လကုဏ္ဌကာက ပြုံးရယ်ခြင်းအကြောင်းကို မေးလေသည်။

ရှင်မောဂ္ဂလာန်က-

'ငါ့ရှင်..ဂိဇ္ဈကူဋ်တောင်မှ ဆင်းလာစဉ် တစ်နေရာ၌ တစ်ကောင်သော ပြိတ္တာကို မြင်လိုက်၏။ ထိုသတ္တဝါ၏ ကိုယ်သည် သုံးဂါဝုတ်ရှည်သည်။ လူ၏ကိုယ်နှင့် ဝက်၏ခေါင်းရှိသည်။ ခံတွင်း၌ အမြီးပေါက်နေသည်။ ထိုခံတွင်းမှ ပိုးလောက်တို့သည် ယိုစီးထွက်နေသည်။ ထိုကဲ့သို့ မမြင်ဖူးသော သတ္တဝါကို မြင်ရသောကြောင့် ပြုံးရယ်ခြင်း ဖြစ်ပါသည်' ဟု ဖြေလေသည်။

မြတ်စွာဘုရားရှင်က-

အသိဉာဏ်ယာ
သံသရာအဆက်ဆက်
(ဝတ္ထုရသဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

'ငါဘုရား၏ တပည့်တို့သည် မျက်စိအမြင် ရှိကြကုန်သည်။ ငါဘုရားလည်း ထိုသတ္တဝါကို ဗောဓိမဏ္ဍိုင် သီတင်းသုံးစဉ် ကာလကပင် မြင်ခဲ့ဖူးသည်။ ထိုအချိန်က ငါဘုရား ထိုအကြောင်းကို ပြောဆိုလျှင် မယုံကြည်ကြကုန်သော သူတို့အတွက် အကျိုးမဲ့သာ ဖြစ်ပေလိမ့်မည်ဟု တွေးတောမိသောကြောင့် ပြောကြားခြင်း မပြုခဲ့ပေ။ ယခုအခါ ရှင်အာဂလာန်ကို သက်သေပြု၍ ငါဟောအံ့'ဟု မိန့်တော်မူလေသည်။

ရဟန်းတို့က ဝက်ပြိတ္တာ၏ ရှေးမကောင်းမှုကံအကြောင်းကို ဟောကြားတော်မူပါဟု လျှောက်ထားကြသဖြင့် အတိတ်ကိုဆောင်၍ ဟောကြားတော်မူလေသည်။

ကဿပမြတ်စွာဘုရား လက်ထက်တွင် ရွာတစ်ရွာ၌ ထေရ်နှစ်ပါးတို့သည် ကျောင်းသခိမ်းတစ်ခု၌ နေကြ၏။ တစ်ပါးသော မထေရ်က ဝါတော်ခြောက်ဆယ်ရှိ၍ တစ်ပါးသော မထေရ်က ငါးဆယ့်ကိုးဝါရှိ၏။ တစ်ဝါငယ်သော ထေရ်က တစ်ဝါကြီးသော မထေရ်၏ သပိတ်၊ သင်္ကန်းတို့ကို ယူဆောင်ပေး၏။ သာမဏေကဲ့သို့ အလုံးစုံသော ဝတ်ကြီးဝတ်ငယ်တို့ကို ပြု၏။ တစ်မိုဝမ်းတွင်း ညီရင်းအစ်ကို ဆွဲသို့ ကြီးသူကိုလေးစား ငယ်သူကိုသနား ဆိုသောစကားအတိုင်း နေထိုင်ကြသည်။

တစ်နေ့တွင် ဓမ္မကထိက မထေရ်တစ်ပါး ထိုရွာကို ရောက်လာသည်။ ထိုနေ့က ဥပုသ်နေ့ဖြစ်၍ ရွာခံ မထေရ်နှစ်ပါးက ဓမ္မကထိက မထေရ်အား တရားဟောကြားပါရန် တိုက်တွန်းကြ၏။ ထို့ကြောင့် ဓမ္မကထိကမထေရ်က နိဗ္ဗာန်ဆောက်ကြောင်း တရားများကို ဟောကြား၏။ ရွာခံမထေရ်နှစ်ပါးသည် ငါတို့တွင် တရားဟောတတ်သော ပုဂ္ဂိုလ်ရှိပြီဟု ဝမ်းမြောက်ဝမ်းသာခြင်း ဖြစ်ရလေသည်။

နောက်တစ်နေ့တွင် ရွာတစ်ရွာသို့ ဆွမ်းခံကြွကြ၏။ ဆွမ်းစားအပြီး ရွာသူရွာသားများက တရားဟောပါဟု တိုက်တွန်းသောကြောင့် တရားဟောရပြန်သည်။ တရားတော်ကို နာကြားရသောကြောင့် နောက်တစ်နေ့ နေ့ဆွမ်းအတွက် ဆင်ကြပြန်သည်။ ဤသို့ဖြင့် မထေရ်နှစ်ပါးသည် ပတ်ဝန်းကျင်မှ ဆွမ်းခံရွာများသို့ ရက်ရှည်လများ ဆွမ်းခံကြွရင်း ဓမ္မကထိက ရဟန်းကိုပါ ခေါ်၍သွားကြလေသည်။

ဓမ္မကထိက ရဟန်းသည် မကြံကောင်း မစည်အပ်သော စိတ်ကူးတစ်ခု သူ့တွင် ပေါ်လာလေသည်။ ထိုအကြောင်း ထိုမထေရ်နှစ်ပါးကို နေထိုင်ရာ ကျောင်းမှ ထွက်ပြေးစေပြီး ကျောင်းကို အပိုင်စီးအုံ့ဟု ကြံ၏။

ထို့ကြောင့်မထေရ်ငယ်အား-

'အရှင်ဘုရားကို လျှောက်ထားရန် အနည်းငယ်ရှိပါသည်'ဟု ပြောလေ၏။

မထေရ်ငယ်က-

'ဘာအကြောင်းများနည်း ငါ့ရှင်'

ပြောချင်ပေမယ့် မပြောဒေါ်လို့ မပြောတော့ပါဟု ဆိုလေသည်။ ဓမ္မကထိကရဟန်းက မထေရ်ကြီးထံသို့ ချဉ်းကပ်ကာ အထက်ပါအတိုင်း ပြောပြန်လေသည်။

နှစ်ရက်၊ သုံးရက် ကြာသောအခါတွင်လည်း ထိုနည်းအတိုင်းပင် ပြောပြန်လေသည်။ မထေရ်နှစ်ပါးလုံး၏ စိတ်ထွင် သို့လော၊ သို့လောဖြင့် စဉ်းစားနေသည်ဖြစ်လာလေသည်။

ထိုအခါကျမှ ဓမ္မကထိကရဟန်းက မထေရ်ကြီးကို ပြောစရာရှိပါသည်။ ဒါပေမဲ့ မပြောဝံ့ပါဟု ဆိုလေသည်။

မထေရ်ကြီးက ပြောသာပြောပါဟု အတန်တန်တိုက်တွန်းသောကြောင့် 'အရှင်ဘုရား..မထေရ်ငယ်သည် အရှင်ဘုရားနှင့် အတူနေခြင်းသည် မည်သို့သောအကြောင်းကြောင့် ဖြစ်ပါသလဲ'ဟု မေးလေသည်။

'သူတော်ကောင်း ဓမ္မကထိက..ငါတို့ နှစ်ပါးသည် တစ်ပါးရသော ဝတ္ထုပစ္စည်းသည် နှစ်ပါးစလုံးအတွက်သာ ဖြစ်သည်။ နှစ်ပေါင်းကြာမြင့်စွာ နေလာခဲ့သည်အထိ မထေရ်ငယ်၏ ကျေးဇူးမသိတတ်မှုကို မမြင်ခဲ့ဖူးပါ။ တစ်မိုဝမ်းတွင်း ညီရင်းအစ်ကိုကဲ့သို့ နေထိုင်ကြပါသည်'

'အရှင်ဘုရား..ဤအတိုင်း အမှန်ဖြစ်ပါသလား'

'အရှင်ဓမ္မကထိက..အမှန်အတိုင်းပါပဲ'

'အရှင်ဘုရား..ထိုမထေရ်ငယ်က တပည့်တော်အား အသင့်သည် သီလ၊ သမာဓိနှင့် ပြည့်စုံသူဖြစ်သည်။ ဤမထေရ်ကြီးသည် မကောင်းမှုဌ ရှက်တတ်သည်။ သီလကို မြတ်နိုးလှသည်ဟု ထင်ပြီး သင်စိတ်ချနေခြင်းကို သတိနှင့်သာ ပြုပေတော့ဟု တပည့်တော်ရောက်သောနေ့မှစ၍ ပြောပါသည်'ဟု လျှောက်သည်။

မထေရ်ကြီးသည် ထိုစကားကို ကြားရလျှင် အမျက်ဒေါသထွက်ပြီး မထေရ်ကြီး၏ ကြည့်လင်နေသောစိတ်သည် တုတ်ဖြင့် ရိုက်ခတ်မိသော အိုးခွက်ကဲ့သို့ ပေါက်ကွဲလေသည်။ မထေရ်ငယ်ကိုလည်း ထိုနည်းအတိုင်းပင် ပြောဆိုပြန်သဖြင့် မထေရ်ငယ်သည်လည်း မထေရ်ကြီးအပေါ် စိတ်ခုမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ချက်တွင်ကား
တစ်သက်လုံး မထေရ်နှစ်ပါး တသီးတခြားစီ ဆွမ်းခံခဲ့ဖူးသည် မရှိခဲ့ရာမှ ထို့နောက်တွင် မထေရ်ငယ်သည် စောစောထွက်ကာ ဆွမ်းစားဇရပ်သို့ ရောက်လေသည်။ မထေရ်ကြီးက နောက်မှ ရောက်သည်။

မထေရ်ငယ်က ရှေးကကဲ့သို့ ပြုကျင့်နေကျအတိုင်း သပိတ်၊ သင်္ကန်းတို့ကို လှမ်းယူရကောင်း, မကောင်း စဉ်းစားရင်း တစ်သက်လုံး လုပ်လာပြီးမှ နောက်ကျမှမယူဘူး ဆိုလျှင် မသင့်ပေဟု စိတ်ကိုနှုးညံ့စွာထားပြီး ပြုပြီးပြုမြဲ ဝတ်အတိုင်း မထေရ်ကြီးထံမှ သပိတ်၊ သင်္ကန်းတို့ကို လှမ်းယူလိုက်သည်။

မထေရ်ကြီးက 'သင် ငါ့သပိတ်ကို မကိုင်နဲ့။ ငါ့သပိတ်က သင်နှင့်မတန်' ဟု ဆိုလိုက်သည်။

မထေရ်ငယ်ကလည်း 'ကြော်...ဟုတ်ပါပြီ။ တပည့်တော်လည်း မကိုင်တော့ပါဟု စိတ်ကူးလိုက်ပါသည်' ဟု ပြန်လည်ပြောဆိုလေသည်။ ထိုအခါ မထေရ်ကြီးက-

'သင် ဘယ်လိုထင်သနည်း။ ငါက ဤကျောင်းကို မက်မောတွယ်တာနေသည်ဟု ထင်သလား'

'အရှင်ဘုရားကကော တပည့်တော်သည် ဤကျောင်းကို မက်မောနေသည်ဟု ထင်ပါသလား။ ဤကျောင်းကို အရှင်တစ်ပါးတည်းသာ စိုးစံ၍ နေရစ်ပါလော့' ဟု ပြောဆို၍ မထေရ်ငယ်က သပိတ်၊ သင်္ကန်းတို့ကိုယူကာ ထွက်သွားလေသည်။

မထေရ်ကြီးကလည်း ထိုသို့ပင်ပြောဆိုကာ ထွက်သွားလေသည်။ မထေရ်နှစ်ပါးသည် အရှေ့အနောက် ကျောခိုင်း၍ ထွက်သွားကြသောအခါ ဓမ္မကထိကရဟန်းက ဟန်ဆောင်၍ 'အရှင်ဘုရားတို့ ဤကဲ့သို့ 'မပြုကြပါလင့်။ မပြုကြပါလင့်' ဟု ပြောဆိုသော်လည်း မထေရ်နှစ်ပါးတို့သည် ပြန်လည်၍ လှည့်မကြည့်ဘဲ ထွက်ခွာသွားကြလေသည်။

နောက်တစ်နေ့ ဆွမ်းခံကြွလျှင် ဒါယကာတို့က 'တပည့်တော်တို့၏ အရှင်နှစ်ပါး အဘယ်မှာနည်း' ဟု မေးကြလေသည်။

ဓမ္မကထိကရဟန်းက 'အချင်းချင်း စိတ်ဆိုး၍ ထွက်သွားကြပြီ။ တောင်းပန်သော်လည်း မရပါ' ဟု ဖြေလေသည်။

စဉ်းစားချင့်ချိန်တတ်သော ဒါယကာများက ဤမျှလောက်သော ကာလပတ်လုံး မထေရ်နှစ်ပါးတို့သည် ချစ်ခင်ညီညွတ်ကြသည်။ ယခုမှ စိတ်ဆိုး၍ ထွက်ခွာသွားကြခြင်းသည် ဤဓမ္မကထိက ရဟန်းရောက်လာမှသာ ဖြစ်ရမည်ဟု စဉ်းစားမိကြကာ စိတ်လက်မသက်မသာ ဖြစ်ကြလေသည်။

မထေရ်နှစ်ပါးတို့သည် စိတ်ဝမ်းကွဲပြား၍ ထွက်ခွာသွားကြသော်လည်း တစ်နေ့တစ်ရက်မျှ စိတ်ချမ်းသာမှုကို မရကြပေ။ အကျိုးအကြောင်းကို ပြန်လည်စဉ်းစားမိပြီး တရားအားထုတ်ခြင်းကိုပင် မပြုနိုင်ကြပေ။ နှစ်ပေါင်းတစ်ရာကြာမှ ထိုမထေရ်နှစ်ပါးတို့သည် အနောက်မျက်နှာအရပ်မှ ကျောင်တစ်ခုတွင် သွားရောက်ဆုံမိကြသည်။ (ကဿပဘုရားရှင်လက်ထက်တွင် အနှစ်နှစ်သောင်းသက်တမ်း ရှိသည်။)

ကျောင်းနေရာ ခွဲဝေချထားရာ ထိုမထေရ်နှစ်ပါးသည် တစ်ကျောင်းတည်းတွင် ကျရောက်နေ၏။ မထေရ်ကြီးသည် ကျောင်းသို့ဝင်၍ ညောင်စောင်း၌ အိပ်နေချိန်တွင် မထေရ်ငယ်သည် ကျောင်းတွင်းသို့ ဝင်လာ၏။ မထေရ်နှစ်ပါးဆုံမိကြလျှင် ရှေးရှေးကဆုံခဲ့ကြဖူးသော သံယောဇဉ်များကို တွေးကာ မျက်ရည်မဆည်နိုင်ဖြစ်ကြပြီး မထေရ်ငယ်က မထေရ်ကြီးကို ရှိခိုး၍-

'အရှင်ဘုရား...တပည့်တော်သည် အရှင်ဘုရားနှင့် အတူနေခဲ့သမျှ ကာလပတ်လုံး ကာယကံမှု ပြုစုလုပ်ကျွေးရာ၌ အနည်းငယ်မျှ မသင့်လျော်သည်ကို မြင်ဖူးပါသလား'

'ငါ့အရှင် မမြင်ဖူးပါ'

'ထိုသို့ မမြင်ဖူးပါလျက် အဘယ်ကြောင့် ခေတ္တမျှသာရှိသော ဓမ္မကထိကကို မထေရ်ငယ်နှင့် ပူးပေါင်းသုံးဆောခြင်းကို မပြုလင့်ဟု ဆိုရပါသနည်း'

www.burmeseclassic.com

www.burmeseclassic.com

'ငါ့ရှင်..ငါ့ဘဝသို့ တစ်ရံတစ်ဆစ်မျှ မပြော။ သင်သည်သာ ငါ၏အကြောင်းကို ဤသို့ဆိုသည် မဟုတ်လော'

'အရှင်ဘုရား..တပည့်တော်လည်း မပြောမိပါ'

ထိုခဏ၌ပင် မထေရ်နှစ်ပါးတို့သည် ဓမ္မကထိက ဘုန်း၏ ကုန်းချောမှကိုသိ၍ အချင်းချင်း အပြစ်ကို ဖော်ပြ ဝေဖန်ကြား၍ စိတ်မကောင်းဖြစ်ကြကုန်၏။ အနှစ်တစ်ရာ ကျော်လုံး စိတ်မချမ်းသာကြဘဲ ထိုနေ့မှ အကြောင်းစုံသိကာ ညီညွတ်ကြသည်ဖြစ်၍ ထိုဓမ္မကထိကရဟန်းကို ကျောင်းမှ နှင်ထုတ်ကြကုန်အံ့ဟု အစဉ်အတိုင်းသောခရီးဖြင့် ကျောင်းသို့ သွားရောက်ကြလေသည်။

ဓမ္မကထိကရဟန်းသည် မထေရ်နှစ်ပါး အတူကြွလာသည်ကို မြင်သည်နှင့် မလုံမလဲဖြစ်ကာ သပိတ်၊ သင်္ကန်းတို့တို့ လှမ်းယူမည်ပြု၏။

မထေရ်နှစ်ပါးက 'သင်သည် ဤကျောင်း၌ နေရန် ဆောင့်'ဟု လက်ဖျစ်ကို တီးခတ်၏။ ထိုဓမ္မကထိကရဟန်း သည်း မနေ့ဝံ့တော့ဘဲ ချက်ချင်းပင် ထွက်ပြေးလေ၏။

ထိုဓမ္မကထိကရဟန်းသည် အနှစ်နှစ်သောင်းပတ်လုံး ဘုန်းတရား ကျင့်သော်လည်း မရနိုင်ဘဲ ထိုဘဝမှ စုတေသော် အဝီစိငရဲသို့ကျ၏။ တစ်ဆူသော ဘုရားရှင်တို့အကြား ကာလပတ်လုံး အဝီစိငရဲ၌ခံရပြီး ယခုအခါ ဂိဿကုဋ္ဌတောင်၌ ဆိုခဲ့ပြီးသော ခန္ဓာကိုယ်ဖြင့် ဝဋ်ဆင်းရဲကို ခံစားရ၏။

မြတ်စွာဘုရားသည် ထိုဝက်ပြိတ္တာ၏ ရှေးမကောင်းမှုကံကို ဆောင်တော်မူပြီး 'ချစ်သားတို့..ရဟန်းမည်သည်ကား ကိုယ်အမူအရာ စသည်တို့ဖြင့် ငြိမ်သက်သောသဘော ရှိသည်ဖြစ်အပ်၏'ဟု မိန့်တော်မူပြီး ဝါစာနုရက္ခိအစရှိသော ဒေသနာတော်ကို ဟောတော်မူ၏။

ထိုဒေသနာတော် အဓိပ္ပာယ်မှာ နှုတ်ကို အစဉ်စောင့်ရှောက်ရာ၏။ စိတ်ဖြင့် အဘိဇ္ဈာကို မဖြစ်အောင် ကောင်းစွာ စောင့်ရာ၏။ ကိုယ်ဖြင့်လည်း အကုသိုလ်ကိုမပြုရာ။ ကိုယ်စိတ်နှလုံး ဤသုံးပါးသော အကုသလ ကမ္မပထတို့ကို သန့်ရှင်းဖြူစင်အောင် သုတ်သင်ရာလျှင် ဘုရားရှင်တို့ ဟောကြားအပ်သည့် အင်္ဂါရှစ်ပါးရှိသောမဂ်ကို ပြီးစေရာ၏ဟု ဟောတော်မူလေသည်။

အာသဒီယာ

ကျမ်းကိုး

* ဓမ္မပဒ မဂ္ဂဝဂ်၊ ခြောက်ခုမြောက် ဝက်ပြိတ္တာဝတ္ထု။

တောင်တွင်းကြီးမဟာတံခွန်

နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ ဩဒွိ ဂမ္ဘီရ (အကြားအမြင်) ပညာရှင်

အမှတ်-၄၃၃(၃-လွှာ) ကျိုက္ခဆံလမ်း၊ အခွန်လွတ်ဈေးဧရိယာ၊ တာဝန္တမြို့နယ်၊ ရန်ကုန်မြို့။

. ☎ ၇၀၈၆၂၁ ၊ ၀၉ ၅၀ ၆၉၇၆၄ ၊ ☎ (၀၁) ၄၀၁၁၆၅

အပိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရုံမျှဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည်သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထီပေါက်ကိုန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ လစဉ်အလိုက် ထိုးသင့်သော အက္ခရာစိုးမိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး).. သေည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရသူများအား မြန်မာ့ရိုးရာအင်္ဂဝိဇ္ဇာ ဓာတ်ယဟြာပညာရပ်များဖြင့် ကံကြမ္မာမြှင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။

www.burmeseclassic.com

www.burmeseclassic.com

မောင်လှယဉ် (မော်လမြိုင်)
ကျိုင်းမြစ်အတွင်းက ယောင်မိုက်သော ဇနီးရက်များ

ရောထွေးနေတဲ့ ကံတရား

ကျွန်ုပ်တို့ လူ့ဘဝထဲမှာပဲ ကျွန်ုပ်တို့ရဲ့ မတ်ဝန်းကျင်မှာ ကျင်လည်ကျက်စားနေပြီး ကမ္ဘာနဲ့ချီကာ ငတ်မွတ်နေကြတဲ့ ပြိတ္တာတွေ၊ နေ့စဉ်ပြီး ညမှာ ဒုက္ခခံစားရတဲ့ ပြိတ္တာမျိုးတွေ၊ နေ့မှာ ဒုက္ခခံစားရပြီး ညမှာ သုခခံစားနေရတဲ့ ပြိတ္တာမျိုးတွေ၊ တစ်ကောင်နဲ့တစ်ကောင် ကြီးနိုင်ငယ်ညှဉ်းစားသောက်နေကြတဲ့ တိရစ္ဆာန်၊ တစ်ချက်ကလေး မှားသွားတာနဲ့ ပြန်တက်ရန် မလွယ်တဲ့ အပါယ်လေးဘုံတို့မှာ ကျွန်ုပ်တို့ အနားမှာပင် ရှိနေကြပါတယ်။

အခု ကျွန်ုပ်တို့ ရောက်ရှိနေဆဲဘဝဟာ အစမ်းသပ်ခံကာလဆိတာ မမေသင့်ပါနဲ့။ ဒါန၊ သီလ၊ ပညာဆိုတဲ့ နာကု ကုယဝိုင်သာသနာဖြစ်အောင် ကျွန်ုပ်တို့ လုပ်ယူကြရပါမည်။

အခု ကျွန်ုပ်တို့နေရတဲ့ လူ့ဘဝကြီးဟာ ကောင်းတာနှမ်းစေ့တစ်စေ့လောက်ရှိပြီး အဆိုးက သဲတစ်ဆုပ်လောက်ရှိတယ်ဆိုတာ သိထားရပါမယ်။

ကောင်းတာလုပ်က ကောင်းကျိုးတရား ရရှိမှာဖြစ်ပြီး ဆိုးတာလုပ်က ဆိုးကျိုးတရား ရမှာပါ။ ဒကန်မလွဲပါလို့ မြတ်စွာဘုရားရှင်က ကမ္မနိယာမဟု ဟောကြားခဲ့ပါတယ်။

သတ္တဝါတို့အား အကောင်းနဲ့အဆိုး ရောထွေးသောကံကသာ ပေးမြဲဖြစ်လို့ သည်ကံကို မိဿကံ-ရောထွေးတဲ့ကံလို့ မြတ်စွာဘုရားက ဖွင့်ဆိုတော်မူပါတယ်။

သံသရာက လုပ်ခဲ့မိကြတဲ့ ကံအဆိုးများ အပြစ်ဒဏ်က ပြေလျော့စေရန်၊ ပယောက်စေရန်မှာ မိမိရဲ့ ကိုယ်ပိုင်သာသနာကသာ အားကိုးရာဖြစ်ပါတယ်။ မကောင်းမှုတွေကို သီလတရားကသာ တားဆီးပေးနိုင်ပါတယ်။ မေတ္တာဘာဝနာကလည်း ခဏသာ ဆိုင်းငံ့ထားနိုင်တယ်လို့လည်း ဟောကြားတော်မူခဲ့ပါသေးတယ်။ ပြေပျောက်အောင် တင်နေတဲ့ အကုသိုလ်အကြွေးတွေ လျော့ပစ်နိုင်အောင်၊ ကြေပျောက်အောင်၊ ပြေပျောက်အောင်၊ အမြစ်ပြတ်နိုင်အောင် လုပ်နိုင်တာက ဝိပဿနာတရားကပဲ ကယ်နိုင်စွမ်း ရှိပါတယ်။

ယင်း မိဿကံ-ရောထွေးတဲ့ကံတို့ကြောင့်ပင် ပြိတ္တာဘဝတွေမှာပင် နေ့မှာ စံစားရပြီး ညတွေမှာ ဒုက္ခတွေ့စံစားကြရတဲ့ အပြစ်တွေ ရှိခဲ့သလို သည်နေ့တိုင်လည်း ရှိနေ

www.burmeseclassic.com

www.burmeseclassic.com

ဖါသေးတယ်။ နောင်သံသရာမှာလည်း ရှိဦးမှာပါ။

ဒီအဖြစ်အပျက်နဲ့ပတ်သက်ပြီး ကျွန်ုပ်တို့ ငယ်ငယ်က အဘွားက အိပ်ရာဝင်ပုံပြင်လို အမြဲပြောပြခဲ့တဲ့ ရင်နာစရာ အဖြစ်အပျက်ပါ။ အိပ်ရာဝင်ပုံပြင်ဆိုပေမယ့် အဘွား အပျို ဆေက်ဘဝက တွေ့ကြုံခဲ့ရတဲ့ အဘွားကိုယ်တွေ့ပါလို့ အဘွားပြောပြခဲ့တာကို ကျွန်ုပ် မှတ်မိနေပါတယ်။

ကျွန်ုပ်အဘွား ကြီးပြင်းခဲ့တာက ညောင်ပင်ဆိပ် တစ်ကက်မ်း ထပ်ကေးရွာက မွန်အမျိုးသမီးတစ်ဦးဖြစ်ပြီး ထွန်ုပ်အဘိုး မြန်မာနဲ့ စာသင်ကျောင်းမှာ တွေ့ကြပြီး ညားခဲ့ကြလို့ ကျွန်ုပ်အမေ မွေးခဲ့တာပါ။

ကျွန်ုပ်အဘွား ထပ်ကေးသူ ပြောပြခဲ့တဲ့ သည်ရင်နှင့်ရော အဖြစ်အပျက်တွေကို မဆင်ခြင်မိခဲ့ပေမယ့် ကျွန်ုပ် အသက်ကလေးရလာ၊ ဗုဒ္ဓဘာသာတရားလည်း လိုက်စားလာမှ သြော်...တယ်လည်း ကြောက်စရာကောင်းတဲ့ ဘဝ တွေပါလားလို့ နောင်တရမိပါတယ်။ ဖြစ်ပျက်ခဲ့တာက အဘွားနေတဲ့ ထပ်ကေးရွာနဲ့ကပ်နေတဲ့ လက်ပံကုန်းရွာလေးမှာပါ။

လူမျိုးမတူပေမယ့် စိတ်ချင်းတူတဲ့ လူမိုက်သုံးယောက်

မော်လမြိုင်မြို့နဲ့ ကျိုက်မရောမြို့ကြားမှာ လက်ပံကုန်း အမည်ရတဲ့ ရွာလေးတစ်ရွာရှိတယ်။ အိမ်ခြေတစ်ရာငါး ဆယ်လောက်ရှိပြီး မွန်၊ မြန်မာ၊ ကရင်၊ ကုလား လူမျိုး ပေါင်းစုံ ညီညီညွတ်ညွတ်နဲ့ စုပေါင်းနေထိုင်ကြတယ်။ သူ တို့ရွာသားနားကကပ်ပြီး သံလွင်မြစ်ကြီးထဲကို စီးဝင်နေတဲ့ ကျိုင်းမြစ်ထဲမှာ တံငါအလုပ်ကို အဓိကထားပြီး လုပ်ကိုင်ကြ တာပါ။ လယ်ပိုင်မရှိကြလို့ စပါးစိုက်ချိန် အငှားလိုက်ကြ ပြီး ကျန်အချိန်တွေမှာ တံငါအလုပ်သာ လုပ်ကိုင်ကြရတယ်။ လက်ပံကုန်းရွာလေးမှာ လယ်ပိုင်သူဆိုလို့ နှစ်ဦး၊ သုံးဦး လောက်သာ ရှိကြပြီး လက်လုပ်လက်စားသမားတွေက များ တာပါ။

တံငါအလုပ်ကို လုပ်သူတွေထဲမှာ သူငယ်ချင်းသုံး ယောက်က နာမည်ကြီးတွေပါ။ သူတို့သုံးယောက်မှာ သုံး ဦးပိုင်လှေလေးတစ်စင်း၊ ပိုက်တစ်ဖုံနဲ့ လှော်တက်တစ်ချောင်း သာ ပိုင်ကြသူတွေပါ။ အသက်သုံးဆယ်ကျော်အရွယ်တွေ ဖြစ်ကြပြီး လူမျိုးချင်းမတူကြပေမယ့် အလွန်ချစ်ခင်ကြတဲ့ သူငယ်ချင်းတွေပါပဲ။

သူတို့ သုံးယောက်ထဲမှာ တစ်ဦးက ကရင်-မြန်မာ၊ ကျန်နှစ်ဦးက ကုလားလူမျိုးပါ။ လူမျိုးချင်းမတူကြပေမယ့် စရိုက်ချင်းကတော့ တူကြတယ်။ တစ်ဦးက ဒါလုပ်မယ်ဆို ကျန်နှစ်ဦးက ကောင်း၊ မကောင်း၊ သင့်၊ မသင့် မတွေးတော့ ဘူး။ ခေါင်းညိတ်လိုက်တာပါပဲ။ အရက်ကိုလည်း သုံးဦး လုံး ခုံမင်ကြသလို လက်ယဉ်တဲ့နေရာမှာလည်း စံတင် လောက် သူတွေပါ။

သူတို့ဘယ်လောက်ပဲဆိုးဆိုး လက်ပံကုန်းရွာလေးကို တော့ ချစ်ကြတယ်။ ရွာကို မနှောင့်ယှက်၊ လူကြီးတွေကို ထော်လော်ကန့်လန့်မလုပ်၊ ပြန့်မပြော နားမထောင် လူစား တွေပါ။ ငပြူးဆိုသူက ဗုဒ္ဓဘာသာဆိုပေမယ့် ဘုန်းကြီး ကျောင်းမသွား၊ ဘုရားမရှိခိုးတတ်တဲ့သူ။ မာမွတ်နဲ့ ဆူလေ မန်တို့ကလည်း သူတို့မိဘတွေ ကိုးကွယ်တဲ့ ဘာသာကို ဘာမှန်းမသိတဲ့သူတွေလေ။

တစ်နေ့ ငပြူးတို့သုံးယောက် ရွာထိပ်က ဒေါ်မဂွက် အရက်ပုန်းဆိုင်မှာ မနက်ရှစ်နာရီလောက်ကတည်းက အရက် ဝိုင်းဖွဲ့နေကြတယ်။ နှစ်လုံးကုန်သွားပြီမို့ ထွေကလည်းထွေ သွေးကလည်း ကြွလာစမှာ ကံဆိုးမယ့် ငမိုက်သားတစ် ယောက် ဆိုင်ထဲကို ဝင်လာတယ်။ သူက ကျိုက်မရော ပိန္နဲကုန်းသား အီစွတ်ဆိုတဲ့ ပိန္နဲကုန်းသား လူမိုက်တစ်ဦး။

'ဟေ့...ငပြူး၊ ဒီကောင် မဟုတ်လား။ ဦးပြားကြီး သမီး ငြိမ်းတင်ကို ရိသဲ့သဲ့လုပ်တာ'

ဆူလေမန်က ငပြူးကိုမေးလိုက်လို့ ငပြူး သေသေ ချာချာကြည့်ပြီး ဟုတ်ကြောင်း ပြန်ပြောလိုက်တယ်။

'ဟုတ်တယ်ကွ သူပဲ။ ပိန္နဲကုန်းသား အီဆွတ်ဆိုတာပဲ ကွ'

'ရာရာစစ ခွေး...က၊ တောက်'

မာမွတ်က အီဆွတ်ကို ခွေးနဲ့နှိုင်းပြီး ဆဲလိုက်တယ်။

'ဘာကွ မာမွတ်၊ ဟိုကောင်ကိုတော့ ခွေးလို့ဆိုတော့ မင်းက တရုတ်မို့လို့လားကွ။ ဟား...ဟား...ဟား'

ဆူလေမန်က နောက်လိုက်တော့ မာမွတ် ရှုံးရှုံးရဲရဲ ဖြစ်သွားပြီး ဆူလေမန်ကို ပြန်ပြောလိုက်တယ်။

'ငါက ဗမာလူမျိုးကွ။ အသားမည်းနေတာ တစ်ခုပဲ ရှိတယ်။ ရှီးမှပဲ'

မာမွတ်က သူ ဗမာလူမျိုး၊ အသားမည်းနေတာလို့ ပြောလိုက်တော့ ငပြူးနဲ့ ဆူလေမန်တို့ ဝိုင်းရယ်လိုက်ကြတာ ဝက်ဝက်ကွဲပါရော။

'ဟား...ဟား...ဟား'

'ငါ ဒီကောင့်ကို ပညာသွားပေးလိုက်ဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com

ငပြူးက အရက်တစ်ခွက် ငဲ့သောက်ပြီး ထိုင်နေရာမှ ထလိုက်တော့ ဆူလေမန်က ငပြူးကို လက်ဆွဲထိုင်ခိုင်းပြီး မာမွတ်ကို မေးငေါ့ပြလိုက်တယ်။

'မင်း သွားစရာမလိုပါဘူး ငပြူးရာ။ ဟိုကောင် တရုတ်ငချိတ် မာမွတ် သွားရှင်းပါလိမ့်မယ်'

ဆူလေမန်က မာမွတ်ကို မေးဆတ်ပြလိုက်တယ်။ မာမွတ်က ခေါင်းညိတ်ပြီး ထရပ်လိုက်တော့တယ်။ မာမွတ်ဆိုတာက လူကောင် သေးသေးညက်ညက်လေး။ ရိုင်းရိုင်းပြောရရင် ခွေးပစ်တဲ့တုတ်လောက် ရှိတာ။ လေပြင်းပြင်းတိုက်ရင် ပါသွားနိုင်တဲ့ပုံဆိုပေမယ့် လက်လျင်ပြီး သွေးအေးတဲ့ နေရာမှာတော့ လက်ဖျားခါလောက်တယ်။

'ဒီမှာမိတ်ဆွေ..ခင်ဗျားလား ဟိုတစ်နေ့က ကျုပ်တို့ ရွာက မိန်းကလေးကို ရိုသဲ့သဲ့လုပ်တာ'

အီဆွတ်ဆိုတာကလည်း ခေသူ,မဟုတ်၊ ပိန်ခဲကုန်းရွာမှာ နာမည်တစ်လုံးနဲ့ မိုက်နေတဲ့ကောင်။ လက်ကလည်း ယဉ်သူဆိုတော့ ပြုံးဖြဲဖြဲနဲ့ မာမွတ်ကို ထီမတင်သလို လုပ်တယ်။

'ဟာ..မိတ်ဆွေကလည်း ရွာချင်းက သိပ်ဝေးတာမှ မဟုတ်တာဗျာ။ တို့ရွာနဲ့ မင်းတို့ရွာကို ရွှေလမ်း,ငွေလမ်း ဖောက်ပြီး ဆွေမျိုးတော်ချင်လို့ပါသူငယ်ချင်းရာ'

'သြော်..မင်းလိုခွေးနဲ့ တို့ရွာသူကို ပေးစားရမယ် ဟုတ်လား။ ကောင်မလေးတော့ မရဘူး။ ဒါပဲ ရမယ်ကွ'

မာမွတ်စကားလည်းရပ် ခြေထောက်ကလည်း အီဆွတ် မျက်နှာပေါ်အရောက် ကွက်တိပါပဲ။

နောက်ဆုံးတော့ ပိန်ခဲကုန်းသား အီစွတ် သွားနှစ်ချောင်း ထွက်သွားပြီး မာမွတ်တို့သုံးယောက် သူကြီးထိပ်တုံးနဲ့ ခုနစ်ရက်တိတိ နှစ်ပါးသွားလိုက်ရတယ်။

ငပြူးတို့သုံးဦးက ကိုယ့်ရွာနဲ့ ကိုယ့်ရွာသူရွာသားတွေကို အတင်စီးမခံ၊ အထိမခံကြဘဲ ရွာနဲ့ ရွာသူရွာသားတွေအပေါ် ကာကွယ်တတ်တာ သူတို့ရဲ့ ဝါသနာပါပဲ။

လောဘသားကောင်တွေရဲ့ နောက်ဆုံးနေ့ရက်များ

ငပြူးတို့ လူမိုက်သုံးဖော် သူကြီးထိပ်တုံးနဲ့ ခုနစ်ရက်၊ တစ်ပတ် နှစ်ပါးသွားပြီး ထွက်လာကြတယ်ဆိုရင်ပဲ သူတို့သုံးဦးမှာ သောက်စရာသုံးစရာ ငွေမရှိကြတော့ဘူး။ အရက်ဆိုင်မှ အရက်သုံးလုံး တောင်းတောင်းပန်ပန်နဲ့ အကြွေးယူပြီး ကျိုင်းမြစ်ထဲကို ငါးဖမ်းဆင်းခဲ့ကြတော့တယ်။

သူတို့သုံးဦး ငါးပိုက်ချထားရင်း အမြည်းမပါ ဆက်ရက်မင်းစည်းစိမ် ခံစားနေကြတယ်။ လှေလေးက သူတို့လက်ပံကုန်းရွာနဲ့ တဖြည်းဖြည်း ဝေးလာပေမယ့် ငါးကလည်း သုံးကောင်သာ ရသေးလို့ နှစ်ကောင်ကို အမြည်းလုပ်လိုက်ကြတယ်။ ငါးနှစ်ကောင် အမြည်းလုပ်စားတာကလည်း မီးမကင် မီးမဖုတ်ဘဲ အစိမ်းလိုက် ဝါးစားကြလို့ သူတို့သုံးဦး ပါးစပ်တစ်ပြင်လုံးများ သွေးစိမ်းများက ပေကျံနေလို့ ရုတ်တရက်ကြည့်ရင် အစိမ်းသရဲသုံးကောင် လှေပေါ် ရောက်နေသလိုပါပဲ။

နေရောင်က ကိုးနာရီကျော်လောက်ရှိပြီဖြစ်မည်။ ကျိုင်းမြစ်တစ်ပြင်လုံး အလင်းရောင် ကောင်းကောင်းရနေပါပြီ။ ဆူလေမန်က အရက်ရီဝေဝေနဲ့ ဘာရယ်မဟုတ် သောင်စပ်ကို မျက်စိရောက်သွားပြီး မျက်စိကိုထပ်ပွတ်ကာ ထပ်မံကြည့်လိုက်တော့ ဝင်းဝင်းလက်လက် အရာတစ်ခုကို ဆူလေမန် တွေ့လိုက်ရပါတယ်။

'ဟေ့..ငပြူး၊ ဟိုသောင်စပ်ကို မြန်မြန်လှော်ကွာ။ ဟိုမှာ ဘာလဲမသိဘူး။ အရောင်တလက်လက်နဲ့ကွ'

ဆူလေမန်က သောင်စပ်ကို လက်ညှိုးထိုးပြပြီး လှေကို အမြန်လှော်ခိုင်းလိုက်တယ်။ ငပြူးနဲ့ မာမွတ်တို့ကလည်း ဆူလေမန် ညွှန်ပြတဲ့ သောင်စပ်ကို လိုက်ကြည့်ကြပြီး လှေကို အမြန်လှော်ခတ်ကြတယ်။ သောင်စပ်ကို လှေကပ်မိတော့ သုံးယောက်သား လှေပေါ်က ဆင်းလိုက်တယ်။ ဆူလေမန် လက်ထဲမှာတော့ မြနေအောင် သွေးထားတဲ့ ဓားမကို လိုရမည်ရ ကိုင်လာတယ်။

မာမွတ်က ထိုဝင်းလက်နေတဲ့ပစ္စည်းကို သဲတွေဖယ်ပြီး ယူကြည့်လိုက်တော့ ရွှေသားစစ်စစ် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ဖြစ်နေတာ တွေ့ရပါတယ်။ ဉာဏ်တော်က လေးလက်မလောက် ရှိမည်။

'ဟေ့ကောင်တွေ..ပြန်ထားလိုက်ကြပါကွာ။ ဒါမှ မဟုတ်လည်း ရွာကို ယူသွားပြီး သူကြီးကို အပ်လိုက်ကြရအောင်ကွာ'

'ခေါက်ထားစမ်းပါ ငပြူးရာ။ တို့က ဆင်းရဲသားတွေ။ ဒါကို သုံးပိုင်း,ပိုင်းပြီး တစ်ယောက်တစ်ပိုင်း ယူကြမယ်'

'ငါ မယူဘူး ဆူလေမန်၊ မင်းတို့လည်း မယူပါနဲ့ကွာ။ ငရဲကြီးပါတယ်'

ငပြူးက 'ဘယ်လိုပင် တောင်းပန်ပေမယ့် ဗုဒ္ဓဘုရားဝင် မဟုတ်တာရယ်၊ လောဘဖော ငယ်ထိပ်ရောက်နေကြတဲ့

www.burmeseclassic.com

www.burmeseclassic.com

ဆူလေမန်နဲ့ မာမွတ်တို့က မျက်လုံးတွေ လောဘအရောင် ဝေကာက်နေကြတယ်။

"မင်းမယူချင် တို့နှစ်ယောက်ကတော့ ယူမှာပဲကွ"

ဆူလေမန်က ပြောလည်းပြော ဆင်းတုတော်ကို ကျောက်တုံးပေါ်တင်ပြီး ဓားမနဲ့ နှစ်ပိုင်း ပိုင်းလိုက်ပါတယ်။ တစ်ပိုင်းကို ဆူလေမန်ယူပြီး တစ်ပိုင်းကိုတော့ မာမွတ်က ဝေကာက်ယူပြီး လှေထဲကို ဆင်းသွားကြတော့တယ်။ ငပြူးတည်း ပြောမရတဲ့ သူငယ်ချင်းနှစ်ယောက်အတွက် ရင်လေးဖို နေးကွေးတဲ့ ခြေတို့နဲ့ လိုက်ဆင်းလာတယ်။

မာမွတ်နဲ့ ဆူလေမန်တို့နှစ်ယောက် ရွာမှ စာစ်ပတ် ဝေကာက် ပျောက်နေပြီး ရွာပြန်ရောက်လာကြတော့ ပြောင်ပြောင်ရောင်ရောင်ဖြစ်လာပြီး အရက်ကိုလည်း အလျှံပယ် သောက်နေကြတယ်။ သူတို့ သားမယားတွေကလည်း အဝတ်အစား သစ်သစ်လွင်လွင်နဲ့ ကိုယ်ပေါ်မှာလည်း ရွှေတို့ ရွှေစတို့နဲ့ လှုမှုန်းအောင် လမ်းသလားနေကြတယ်။

ဒီနှစ်ကောင် ရွာထဲမှာ သတင်းလွင့်ထားတာက ယိုး ဝေး(ထိုင်း)ဘက်သွားရင်း အချိုကြီး ပွလာတယ် ဆိုတာ ပါပဲ။

ရွာလူကြီးတွေကတော့ မယုံကြပါဘူး။ ငပြူးကို တိုး တိုးတိတ်တိတ် မေးတော့လည်း မသိပါဘူးလို့ဆိုထားတော့ ဒီနှစ်ကောင်ကို စောင့်ကြည့်ရုံကလွဲလို့ ဘာမှမတတ်နိုင် တော့ပေ။

မနှစ်ကမှ ငပြူးမယား သေဆုံးသွားပြီဖြစ်လို့ မယား ဟောင်းရွှေကို သတိရတာကတစ်ကြောင်း၊ ဘုရားကိုပြစ်မှားပြီး အလွဲသုံးစားလုပ်ကြတဲ့ ဟိုနှစ်ကောင်ကိုလည်း စိုးရိမ်၊ သူ တို့ယ်တိုင် မယူသော်လည်း မတားနိုင်လို့ ကြောက်ရွံ့နေပြီး အရက်ပါ မသောက်တော့ချေ။

နှစ်လလောက်ကြာတော့ မာမွတ်နဲ့ ဆူလေမန်တို့ ဒုံ ရင်းဘဝ ပြန်ရောက်သွားပြီး ငပြူးထံ ရောက်လာကာ ငါး မိမ်းထွက်ရန် လာခေါ်တော့တယ်။ ငပြူးလည်း တံငါ အလုပ်ကလွဲ၍ ဘာမှမလုပ်တတ်။ ဝမ်းရေးက ရှိနေသေးလို့ စိတ်မပါဘဲ ဝမ်းရေးမို့ ထလိုက်ခဲ့ရတယ်။

မိုးတွင်းကာလမို့ မိုးတဖွဲဖွဲအောက်မှာ သုံးယောက်သား ဝိုက်ထမ်းသူထမ်း၊ လှော်တက်ကိုင်သူကိုင်၊ အရက်ပုလင်း ထပိုင်းထဲ ထည့်လွယ်သူကလွယ်ပြီး လှေဆိပ်ကို ဆင်းခဲ့ကြ တယ်။

မိုးတဖွဲဖွဲအောက်မှာ သူတို့သုံးဦး ဂျိုင်းမြစ်ထဲမှာ ပိုက် ချထားပြီး မာမွတ်နဲ့ ဆူလေမန်တို့နှစ်ယောက် အရက်ဝိုင်းဖွဲ့ နေသော်လည်း ငပြူးက အရက်မသောက်ဘဲ ငေးချင်ရာ ငေး၊ ငိုင်ချင်ရာ ငိုင်နေတယ်။

"ဟေ့ကောင် ငပြူး..မင်း ဒီလိုသာ ငေးငိုင်နေပုံမျိုးနဲ့ တော့ ငါးရမယ့်ပုံ မပေါ်ပါဘူးကွာ။ အရင်လို ဖျော်ဖျော် နေစမ်းပါ"

ဆူလေမန်က ငပြူးကို မကျေနပ်သလို ပြောလာပေ မယ့် ငပြူးကတော့ သူ့ကိုပြောတာ မဟုတ်သလိုဘဲ တစ် ခွန်းမှ ပြန်မပြော ငေးချင်ရာ ငေးနေတယ်။ တစ်အောင့် လောက်ကြာတော့ ကောင်းကင်တစ်ပြင်လုံး မည်းမှောင် လာပြီး လေရော မိုးပါ သည်းလာတယ်။ တစ်စ,တစ်စ လေက ပြင်းသထက် ပြင်းလာပြီး ကောင်းကင်ပြင်ကြီး လည်း မည်းမှောင်လာပြီး ပတ်ဝန်းကျင်ကိုပင် မမြင်ရ လောက်အောင် ဖြစ်နေတော့တယ်။ သည်ကြားထဲ လေ ပြင်းတစ်ချက် မွေနှောက်လိုက်တာကြောင့် ကျောက် ဆူးကြိုးနဲ့ ပိုက်ကြိုးတွေပါ ပြုတ်ထွက်ကုန်ပြီး လှေလေး လည်း မျောချင်ရာ မျောနေတော့တယ်။

မကြာခင်မှာတော့ လေရော မိုးရော ပြင်းသထက် ပြင်းလာပြီး လှိုင်းလုံးရဲရိုက်ခတ်မှုကြောင့် လှေလေးလည်း မှောက်သွားတော့တယ်။

နေ့စဉ် ညခံ နေရတဲ့ ဘဝများ

လှေလေးမှောက်သွားလို့ ဆူလေမန်နဲ့ မာမွတ်တို့နှစ် ယောက် ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိတော့။ ငပြူး လှမ်းခေါ်ပေမယ့် မိုးသံ လေသံတို့ကြောင့် ကြားနိုင်မယ် မထင်ဘူး။ ငပြူးမှာလည်း အသက်မသေဖို့ လေမိုးကြားထဲ မှာ အားခဲယူနေပြီး လက်အန်သေခါနီး ရေထဲမြုပ်၍ မေ မြော်သွားတော့တယ်။

သတိရလာလို့ ဘေးဘီလှမ်းကြည့်လိုက်တော့ ငပြူး ဘယ်နေရာကို ရောက်နေမှန်း မသိရ။ ဟိုနှစ်ယောက်ကို လည်း မတွေ့တော့ဘဲ ဖြစ်နေတယ်။ ရွာကို ရွာကြည့်ပေ မယ့်လည်း အိမ်ဆိုလို့ တစ်အိမ်မှ မမြင်ရဘဲ သောင်ပေါ်မှ ကုန်းထပြီး မြင်နေရတဲ့ တောတွင်းထဲကို ဝင်လာတော့ တယ်။

ဝမ်းဗိုက်ကလည်း တဝိုးဝိုးနဲ့ ဆာနေပြနေပြီး ရေက လည်း ငတ်လာကာ အာခေါင်တွေပါ ခြောက်လာတော့ တယ်။ အစာနဲ့ ရေလေးများ ရလိုရငြား တော်အုပ်လေးမှာ ရှာနေမိတုန်းအချိန်မှာ တောထဲက ဟင်းရွက်ခူးပြီး ထွက်

www.burmeseclassic.com

လာတဲ့ အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရလို့ ငပြူး အား တက်သွားတယ်။ မလှမ်းမကမ်းရောက်မှ ငပြူး ထိုမိန်းမရဲ့ မျက်နှာကို ကြည့်လိုက်တော့ မနှစ်က သေဆုံးသွားတဲ့ ချစ်ဇနီး ထားရွှေနဲ့ အလွန်တူနေလို့ သေချာအောင် မေး လိုက်ရတယ်။

'ဟေ့...မင်း ထားရွှေ မဟုတ်လားဟင်'

'ဟုတ်ပါတယ်တော်၊ တော့်ဇနီး မိထားရွှေအစစ်ပါ ရှင်။ ရှင် အခု ဘယ်သွားမလို့လဲ'

'ဟာ...မင်းက ကွယ်လွန်သွားပြီမဟုတ်လား။ အခု ဒီမှာ လူလာဖြစ်နေတာလားဟ'

'ကျွန်မအကြောင်း နောက်ထားပါရှင်။ အခု ရှင့် အကြောင်း အရင်ပြောဦး။ ရှင်ဘယ်ကလာလို့ ဘယ်သွား မှာလဲရှင့်'

'ငါ့လေမှောက်သွားပြီး သတိရလာတော့ သောင်ပေါ် ရောက်နေတယ်။ ဗိုက်ကလည်းဆာ ရေကလည်းငတ်လို့ ဒီတောထဲ ဝင်ရှာတာဟ။ အခု မင်း ဘယ်မှာနေနေလဲဟင်'

ငပြူးက ဇနီးဟောင်းထားရွှေကို အကြောင်းစုံပြောပြ လို့ ထားရွှေက သူနေတဲ့အိမ်ကို ခေါ်လာပြီး ထမင်းဟင်းတို့ ချကျွေးတယ်။ ငပြူးလည်း ဆာဆာနဲ့ တဝတပြစားပြီး အိမ်ရှေ့မှာ အိပ်ပျော်သွားတော့တယ်။

'လာဟေ့၊ သွားကြစို့' ဆိုတဲ့ အသံကျယ်ကြီးကို ကြား လိုက်ရလို့ ငပြူး လန့်နိုးလာတယ်။ အပြင်ကို ကြည့်လိုက် တော့ ညနေပိုင်း မှောင်ရည်သန်းနေပြီမို့ ညနေပိုင်းတောင် ရောက်နေပြီဆိုတာ ငပြူး သိလိုက်ပါတယ်။

မကြာခင်မှာတော့ ငပြူးဇနီးဟောင်း မိထားရွှေ အဝတ် အစား ပြောင်ပြောင်ရောင်ရောင်နဲ့ ထွက်လာတာကို ငပြူး တွေ့လိုက်ရတယ်။

'ကိုငပြူး...ထားရွှေ သွားလိုက်ဦးမယ်နော်။ မနက်မှ ပြန်လာရမှာ'

'ဘယ်ကိုသွားမလို့လဲ ထားရွှေ၊ ငါတစ်ယောက်တည်း မနေရဲဘူး'

'တောင်ပေါ်ကိုပါ အစ်ကိုရယ်။ မသွားမဖြစ်လို့ သွား ရမှာပါ။ ဘာမှမကြောက်နဲ့။ ရွာထဲမှာ ဘယ်သူမှမရှိဘူး။ အားလုံးသွားကြရမှာ။ ဟိုမှာ သွားကုန်ကြပြီ။ ကျွန်မ သွား မယ်နော်'

မိထားရွှေက ငပြူးကို နှုတ်ဆက်ကာ ရှေ့ကသွားနေ သူများနောက်ကို ပြေးလိုက်သွားတယ်။ ငပြူး ထားရွှေတို့ သွားတာကို အိမ်ပေါ်က ထိုင်ကြည့်လိုက်ရာ လူတွေရော တိရစ္ဆာန်တွေပါ တောင်ပေါ်ကို တက်သွားတာကို မြင်လိုက် ရတယ်။ ရွာထဲမှာလည်း ငပြူးတစ်ယောက်ကလွဲလို့ ဘယ် သူမှ မရှိတော့ ငပြူး ကြောက်ရွံ့လာပြီး ငယ်ငယ်က မိခင် ကြီး သင်ထားပေးတဲ့ သမ္မုဒ္ဓေါဟာတော်ကို သွားသတိရ ပြီး ကပေါက်တိကပေါက်ချာ ရွတ်ဆိုနေရင်း အိပ်ပျော်သွား ပါတယ်။

ငပြူး မည်မျှအိပ်ပျော်သွားသည်မသိ တောင်ပေါ်မှ ပြန်ကြတော့ဆိုတဲ့ အသံကျယ်ကြီးကို ကြားလိုက်ရတဲ့ ငပြူးမှာ လန့်နိုးလာပါတော့တယ်။

မကြာခင်မှာပဲ တောင်ပေါ်က ထားရွှေတို့ ရွာသူရွာ သားတွေ ပြန်ဆင်းလာတာကို ငပြူး တွေ့ရတယ်။

'အစ်ကို...ညက အိပ်လို့ရရဲ့လားဟင်'

မိထားရွှေက အိမ်ရောက်ရောက်ချင်း ငပြူးကို ကရု ဏာသက်စွာနဲ့ မေးလိုက်ပါတယ်။

'အိပ်လို့ပျော်ပါတယ် ထားရွှေရယ်။ မင်းကို မေးပါရ စေဦးကွယ်။ ညက မင်းတို့ ရွာသားတွေအားလုံး တိရစ္ဆာန် တွေပါမကျန် တောင်ပေါ်မှာ ဘာသွားလုပ်ကြရတာလဲ။ ညကြီးမင်းကြီးကွာ၊ မနက်ဆိုလည်း ဟုတ်သေး။ ပြောပါဦး ထားရွှေရယ်'

ငပြူးရဲ့အမေးကို ထားရွှေ ဖြေသင့်,မဖြေသင့် စဉ်းစား ရင်း မျက်နှာသျှိုးငယ်ပြီး ဟိုအဝေးတောင်ပေါ်ကို ကြည့်နေ တယ်။ နောက်မှ မျက်လုံးအိမ်မှ မျက်ရည်ဝဲလာပြီး အသံ တိုးတိုးနဲ့ ငပြူးအမေးကို ဖြေလာပါတယ်။

'ဒီလိုပါ အစ်ကိုရယ်...မိထားရွှေ လူဘဝက အလှူ အတန်း နည်းခဲ့တာရယ်၊ ဘာသာရေး အားနည်းခဲ့တာရယ် ကြောင့် ထားရွှေသေတော့ ဒီပြိတ္တာဘုံမှာ လာခံစားနေရ တာပါ။ တချို့ပြိတ္တာတွေဆို ထားရွှေတို့ထက် ဆိုးရွားကြ ပါတယ်။ အစာရေစာမရဘဲ ဒုက္ခခံကြရတယ်။ ထားရွှေတို့ ကမှ တော်သေးတယ်လို့ ဆိုရမှာပေါ့ရှင်။ ထားရွှေတို့ ဘုံ သားတွေလိုပဲ နေစံညခံရတဲ့ ဘုံသားတွေလို နေ့ခံပြီး ညမှာ စံရစားရတဲ့ ဘုံသားတွေလည်း ရှိကြပါသေးတယ် အစ်ကို ရယ်။ နေ့ခင်းပိုင်းမှာ အေးအေးနေရတဲ့ ထားရွှေတို့ကျတော့ ညဘက်ရောက်ရင် သတ်မှတ်တဲ့နေရာသွားပြီး ငရဲခွေးတွေ ရဲ့ အစားခံကြရတယ်။ အစ်ကိုငပြူးလည်း မသေခင် စပ်ကြားလေးမှာ ကုသိုလ်တရားကို နိုင်သလောက် ကုသပါ အစ်ကိုရယ်။ ထားရွှေတို့ရဲ့ ဘဝဒုက္ခတွေကိုလည်း လူတွေကို

www.burmeseclassic.com

www.burmeseclassic.com

ပြောပြစေချင်လို့ အစ်ကိုနဲ့ တွေ့တာပါ။ အစ်ကိုသူငယ်ချင်း နှစ်ယောက်ကတော့ မလုပ်သင့် မလုပ်ထိုက်တာကို လုပ်ကြလို့ ငရဲကို ရောက်သွားပါပြီ အစ်ကိုရယ်'

မိထားရွှေက သူမ ဒုက္ခခံစားနေရတာကို မျက်ရည်တို့နဲ့ ပြောပြလာပါတယ်။

'ညတိုင်း ဒီလိုပဲ သွားဒုက္ခခံနေရတာလားမိထားရွှေ ရယ်'

'ဟုတ်ကဲ့ အစ်ကို၊ ညတိုင်း ဒီလိုပဲသွားပြီး ဒုက္ခခံစား နေရတာပါရှင်'

'ဟာ..ဒီလိုဆို ငါ မနေရဲဘူး ထားရွှေရယ်။ ငါ ပြန်ချင်ပါတယ်'

'ပြန်ချင်ပြန်ပါ အစ်ကိုရယ်။ ထားရွှေ လမ်းပြပေးပါ့မယ်။ ရွာကိုပြန်ရောက်ရင် ရွာသူရွာသားတွေကိုလည်း ပြောပြပေးပါ။ ထားရွှေအတွက်လည်း အလှူလုပ်ပေးပြီး အမျှအတန်းပေးဝေပေးပါ အစ်ကိုရယ်။ ထားရွှေ သာဓုခေါ်ဖို့ အောင့်နေပါ့မယ်'

မိထားရွှေလည်း သူမရဲ့ချစ်လင်ဟောင်း ငပြူးကို ငိုယိုပြောဆိုပြီး ရွာပြန်နိုင်ရန် တောထဲကို ခေါ်သွားကာ ရွာပြန်နိုင်ရန် လမ်းပြပေးတယ်။ ငပြူးလည်း နောက်ကြည့်၊ ရှေ့ကြည့်နဲ့ ပြန်လာလိုက်ရာ ရွာကို ဘယ်လိုရောက်သွားန်း မသိတော့ချေ။

ငပြူးတို့လူမိုက်သုံးဦး ကျိုင်းမြစ်ထဲမှာ မုန်တိုင်းမိပြီး သွေ့ခောက် ပျောက်ဆုံးသွားခဲ့ကြတာ တစ်လကျော်ကြာခဲ့ပြီဖြစ်လို့ ဆွေမျိုးသားချင်းတို့နဲ့ ရွာသူရွာသားတွေက ဗုဒ္ဓဘာသာဝတ်ခဲ့အတိုင်း သမိတ်သွတ် အလှူလုပ်ပေးကြပြီးဖြစ်တယ်။

အခု ငပြူး ရုတ်တရက်ကြီး ရွာထဲဝင်လာတာ တွေ့ကြုံကြတဲ့ ရွာသားတွေ၊ ကလေးတွေက ငပြူး သရဲလာကြောက်တာထင်ပြီး ပြေးကြလို့ လက်ပံကုန်းရွာလေး ဆူညံသွားတော့တယ်။

ငပြူးက လူကြီးတွေကို အကျိုးအကြောင်း စုံလင်စွာ ရှင်းပြပေးလို့ အံ့သြဝမ်းသာကြပြီး ငပြူးဇနီး မိထားရွှေတို့ ရွာမှစုပေါင်းကာ အလှူလုပ်ပေးကြပါတယ်။

ပြုလုပ်တစ်ဖြစ်လဲ အရှင်ပဏ္ဍိတရဲ့ နောင်တ၊တရား

မနက်ခင်း လက်ပံကုန်းရွာဦးစေတီလေးဆီမှ ဆည်းဆာသံလေးများနဲ့ ကျွေးငှက်တို့ရဲ့ အသံတို့က လက်ပံကုန်းရွာလေးရဲ့ မနက်ခင်းကျက်သရေကို ဆောင်နေပါသည်။

စေတီတော်ရဲ့ ကြာသပတေးထောင့်မှာ ရဟန်းတော်တစ်ပါး တရားရှုမှတ်လို့နေပါတယ်။ တစ်နာရီခန့်ကြာမှ တရားရပ်နားပြီး ဘုံရားကန်တော့ကာ သုံးဆယ့်တစ်ဘုံတွင် ရှိကြကုန်သော ဝေနေယျသတ္တဝါအပေါင်းတို့ကို အသံကျယ်ကျယ်နဲ့ အမျှပေးဝေသံမှာ မနက်ရောင်ခြည်ဦးနဲ့အတူ နွေစဉ် ကြားနေရပါတော့တယ်။

'အားလုံးသော မြင်အပ်,မမြင်အပ် ပုဂ္ဂိုလ်သတ္တဝါ အပေါင်းတို့နဲ့တကွ ဒကာမမိထားရွှေရေ..ဦးပဉ္စင်း နွေစဉ် ပြုအပ်သော ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါတယ်ကွယ်။ ရောက်ရာအရပ်၊ ကြားရတဲ့အရပ်ကနေ သာဓု..သာဓု..သာဓု ခေါ်ဆိုနိုင်ပါစေကွယ်။ မိထားရွှေ ကြုံတွေ့ခံစားနေရတဲ့ ဘဝဆိုးကြီးထဲမှလည်း အမြန်ဆုံး လွတ်ကင်းနိုင်ကြပါစေ'

သည်အမျှပေးဝေသံကို နွေစဉ် မနက်တိုင်း ဝတ္တရားမပျက် ပြုလုပ်နေကျအသံကို ကြားရသူအပေါင်းတို့မှာ အရင်လူဘဝက ဆိုးခဲ့မိုက်ခဲ့တဲ့ ငပြူးတစ်ဖြစ်လဲ ရဟန်းတော် အရှင်ပဏ္ဍိတဆိုတာကို မပြောဘဲနဲ့ သိနိုင်ကြပါတယ်။

ကောင်းကျိုးလိုရာပြည့်ပါစေ

မောင်လှယဉ်(မော်လမြိုင်)

(လွန်ခဲ့တဲ့ နှစ်ခုနှစ်ဆယ်လောက်က မော်လမြိုင်မြို့နဲ့ ကျိုက်မရောမြို့ကြားတွင် စီးဆင်းနေတဲ့ ကျိုင်းမြစ်ပေါ်က ရင်နှင့်စရာ အဖြစ်အပျက်ကို ခံစားရေးဖွဲ့ထားပါတယ်။)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ကို အသိမိတ်ဆွေများက နားလည်ရခက်သူ ဟု ပြောကြသည်။ ထိုသူတို့ ပြောရင်လည်း ပြောစရာပါ။ အသားအရေ၊ ရုပ်ဆင်းအင်္ဂါနှင့် ကျွန်ုပ်၏ မျိုးရိုးကလည်း မသိသူများအတွက် နားလည်ရခက်သည်၏ ဟိုဘက်ကို လွန်နေသောကြောင့်ပင် ဖြစ်၏။ အစားအသောက် တစ်ခု တည်းနှင့်ပင် ဘယ်လိုအကဲခတ် နားလည်နိုင်ကြမှာလဲ။ မဆလာများများ အနံ့ထွက်၍ တရူးရူးတရဲရဲနှင့် အေးစက်စက် အစားအစာကို ဖက်နှင့်ခင်း ထည့်ကျွေးသော သီးနှံ သားငါးပဲဟင်းနှင့် ထမင်းထက် အငွေ့တထောင်း ထောင်းထ၍ ကြွေပန်းကန်လုံးလေးထဲမှ ထမင်းဟင်း၊ ဟင်း က ခပ်ချိုချိုကို တူ(တုတ်)နှင့် ဇွန်းနှင့် စားရသည်ကို ပို၍နှစ်သက်သည်။

အဝတ်အစားကြပြန်တော့ အဖြူအသန့်ကိုသာ ဝတ် ဆင်သည်။ အနက်နှင့် အကြောင်အကျားကို တစ်ခါမှ မဝတ်ဖူးပေ။ အနက်ရောင်က ကျွန်ုပ်ကိုယ် ပျောက် သွားနိုင်သော အနေအထားရှိသောကြောင့် ဖြစ်သည်။

အသီးအရွက် စိမ်းစိမ်းစိုစိုနှင့် ဇူးခေါ် ထော့ဉာဏ်ဟု ခေါ်သည့် တရုတ်အမဲဖြစ်သည့် ဝက်သားကို ပို၍ကြိုက် သည်။ အဲဒီတော့လည်း ကျွန်ုပ်က လေ့လေ့လာလာ ပြုထား ရသည်ပဲပေါ့။ ကွမ်ရင်မယ်တော်၊ အန်းကုံးဘိုးတော်ကြီး အကြောင်းလိုမျိုး၊ တရုတ်ပြည်မှာ အကောင်းဆုံးဖြစ်တဲ့ ကျွဲရှန်းလက်ဖက်ခြောက်လို အကြောင်းမျိုးတွေက အစ ပေါ့။ ကြွေသား၊ ကြွေထည် ပစ္စည်းကို အမြတ်တနိုးနှင့်

စိုးယဉ်ဆွန်း
ယုံကြည်ချိမ့်ပေးသော အကျိုး

www.burmeseclassic.com

www.burmeseclassic.com

အန်ဖိုးထားမှုက အစပေါ့လေ။

အဲ..အဲ..ကြွေထည်ပစ္စည်းအကြောင်း တစ်ကြောင်းဆို။ တိုက်ဆိုင်မှုလား၊ အကျိုးပေးလို့ အကြောင်းထင်တာထားတော့ မသိဘူး ကျွန်ုပ်က အကြားအမြင်ရထားတာဆုတ်တော့ အင်း..ဆိုခဲ့ပြီးတဲ့အတိုင်း ယုံကြည်၍ ပေးသောအကျိုးလို့ပဲ ထပ်ပြောပါရစေ။ လေးမြတ်မှု၊ မှန်ကန်မှုအကြောင်းလည်း သိပါရဲ့။ ဖြစ်လာပုံက အံ့သြစရာပါပဲ။

တစ်နေ့ပေါ့။ ကျွန်ုပ်နေတဲ့ (၃၂)လမ်း ကမ်းနားဘက်အခြမ်း ဘဏ်တွေနှင့်နီးတဲ့ မြေညီထပ်တိုက်ခန်းကို ကျင်ပိုက်ဆိုတဲ့ လူငယ်လေးက သူရဲ့ ညားခါစဇနီးဖြစ်သူနဲ့ နံနက်ခင်းစောစောပဲ ရောက်လာကြသည်။

'ဆရာ..တော်ပါသေးရဲ့။ ဆရာ ရှိမှရှိပါ့မလားလို့ စိတ်ပူမိသေးတယ်'

'အေး..ဆရာတောင် အခုပဲ လက်ဖက်ရည်သောက်ချက်တော့မလို့ကွ'

'ဟား..ဆရာရယ်၊ အနှောင့်အယှက်များ ဖြစ်သွားသား။ ဟို..ကျွန်တော်တို့'

'မဖြစ်ပါဘူးကွ ကျင်ပိုက်ရယ်။ အေး..လက်ထဲက အထုပ်ကြီးက ဘာလဲကွ'

ကျွန်ုပ်က မေးရင်းမှ ညှော့ခန်းထဲမှ ခုံတွင် ထိုင်ရန် သတ်ညှိုးထိုးပြ၏။ ကျင်ပိုက်က စားပွဲခုံပေါ်ကို သူလက်ထဲမှ အဝတ်ဖြူနှင့်ရော စက္ကူနှင့်ပါ ပတ်ထုပ်ထားသော အရာဝတ္ထုကို ချလိုက်သည်။ နှစ်ယောက်စလုံး ခုံအသီးသီးတွင် ဝင်ထိုင်လိုက်ပြီး ကျင်ပိုက်က-

'ဆရာ..လက်ဖက်ရည် ဝယ်ခိုင်းဖို့ ဘယ်သူရှိလဲ'

'နေ..နေ..ကျင်ပိုက်၊ ငါ စီစဉ်လိုက်မယ်။ မိန်းမရေ..မိန်းမ'

နောက်ဖေးမီးဖိုခန်းတွင် အဆာပြေစာအတွက် ထမင်းကြော်နေသော ဇနီးကို လှမ်းခေါ်လိုက်သည်။

'လာပြီ ယောကျ်ားရေ..လာပြီ'

'အေး..မိန်းမ၊ ကော်ဖီဖျော်ပါကွာ။ ထမင်းကြော်လည်း လုပ်ပါ'

ကျွန်ုပ်တို့ ဇနီးမောင်နှံက စ၍အိမ်ထောင်ကျစဉ်မှပင် အရည်ကိုလည်း မခေါ်၊ ကိုရေ၊မရေဟုလည်း မခေါ်၊ မောင်တို့-မြင့်တို့ဟုလည်း မခေါ်ဘဲ ယောကျ်ားရေ၊ မိန်းမရေ ဟူသာ ခေါ်လာသည်မှာ ယနေ့ သားသမီးမြေးများပင် ရှိသည့်အချိန်ထိ ဖြစ်သည်။ ကျင်ပိုက်၏ ဇနီးသည်လေးက ထူးဆန်းသည်ဟု မျက်နှာတွင် ပေါ်နေသည်။

'ဆရာ..ဒါက ကျွန်တော့်မိန်းမ မွေးရင်ပါ။ မွေးရင်..ဒါ ကိုယ့်ဆရာရင်း ဆရာစိုးထွန်းပဲ။ အခုနထွက်လာတာက ဆရာကတော် ဒေါ်မြင့်မြင့်ကြည်ပဲ'

'ဟုတ်ကဲ့ပါ ဆရာ၊ သမီးကိုလည်း ဆရာတပည့်လို့ မှတ်ပါ ဆရာ'

'အေးကွယ် ကျင်ပိုက်၊ ဒါကြီးက ဘာလဲကွ'

'ဟုတ်ကဲ့ ဆရာ၊ ဒါက အန်းကုံးဘိုးတော်ရုပ်တုပါ'

ကျင်ပိုက်က ရုပ်တုတွင်ပတ်ထားသော ပိတ်စအဖြူနှင့် စက္ကူများကို ခွာလိုက်သည်။ ပေါ်လာသည်က ကြွေအစစ်ဖြင့် ထုလုပ်ထားသော အန်းကုံးဘိုးတော်ရုပ်တုဖြစ်သည်။

ကျွန်ုပ်က-

'ဟ..ကြွေအစစ်ပါလား။ လက်ရာကလည်း ကောင်းတယ်။ ဒါကို တရုတ်လို မီလိမ္ပတ်လို့ ခေါ်တယ်ကွ။ ကမ္ဘာ့ဧနောက်ဆုံးပွင့်တော်မူမယ့် ဘုရားအလောင်းတော်အမှတ်နဲ့ သတ်မှတ်ပူဇော် ကိုးကွယ်ကြတယ်'

'ဟုတ်ကဲ့ ဆရာ၊ အဲဒါတွေသိချင်လို့ ကျွန်တော် ဆရာဆီကို ယူလာတာပါ။ နယ်စပ်က ကြွေရုပ်တုတွေရောင်းတဲ့ တရုတ်အဘိုးကြီးက လက်ဆောင်ပေးလိုက်တာပါ။ အဲဒီ တရုတ်အဘိုးကြီးကို ငွေတစ်သောင်းငါးထောင် ကန်တော့ခဲ့ပါတယ်'

'အေး..အဲဒါ မင်းကို ရုပ်တုသည်ကြီးက စေတနာမေတ္တာနဲ့ ဆုတောင်းပေးလိုက်တာပဲကွ'

ကျွန်ုပ်၏ဇနီးက လင်ပန်းနှင့်တင်ယူလာသော ထမင်းကြော်ပန်းကန်များ၊ ကော်ဖီခွက်များကို စားပွဲပေါ်တင်ပြီး ကြွေရေနွေးကရား အသေးလေးနှင့် အကြမ်းပန်းကန်လုံးသေးသေးလေးများကိုပါ ချပေးရင်းမှ-

'မောင်ကျင်ပိုက်..မင်းတို့ ဆရာ၊တပည့်တွေ ပြောလည်းပြော စားလည်းစားကြ။ ကလေးမလည်း စားကြ။ မင်းတို့လာလို့၊ နို့မို့ဖြင့် မင်းရဲ့ဆရာက လက်ဖက်ရည်ဆိုင်သွားရင် အပင်ပေါက်ရော'

'ဗျာ..ဆရာက ဘာပင်ပေါက်တာလဲ အန်တီမြင့်'

'မေ့ပင်လေ..မေ့ပင်။ စာအကြောင်းပေကြောင်း ပြောရရင် ထမင်းမေ့ ဟင်းမေ့ ငါ့ကိုပါ မေ့ရော'

ကျွန်ုပ်၏မိန်းမ အပြောကို ကျင်ပိုက်ရော သူရဲ့ မိန်းကလေးကပါ ရယ်ကြသည်။ ကျွန်ုပ်၏ ဇနီးသည်က ပြောပြီးသည်နှင့် နောက်ဖေးမီးဖိုခန်းထဲကို ပြန်ဝင်သွားသည်။

www.burmeseclassic.com

ကျင်ပိုက်က-

"ဆရာ.. ဒီအန်းကုံးဘိုးတော် ကိုးကွယ်တာ၊ တင်မြောက်ပူဇော်တာလည်း ပြောပြပါဦး ဆရာ။ ကျွန်တော်က အန်းကုံးဘိုးတော်ရပ်တုကို မြင်မြင်ချင်း အရမ်းလိုချင်တာနဲ့ ယူလိုက်တာပဲ ဆရာ"

"အေး..ပြောပြတာပေါ့ကွာ။ အဲဒီရေနွေးကြမ်းလည်း သောက်ကြည့်ဦး"

"ဟုတ်ကဲ့"

ကြွေပန်းကန်သေးသေးလေးထဲမှ ရေနွေးကြမ်းကို ကျင်ပိုက်က ယူ၍ မော့ချလိုက်သည်။

"အာ..ကောင်းလိုက်တဲ့ ရေနွေးပဲ ဆရာရယ်"

"ဟ..ကျင်ပိုက်ရဲ့၊ ရေနွေးက ကောင်းတာမဟုတ်ဘူး လက်ဖက်ခြောက်ကွ၊ လက်ဖက်ခြောက်က ကောင်းတာ။ အဲဒါ ကျွဲရှုန်းလက်ဖက်ခြောက်ပေါ့။ ရှုန်ဟဲက ငါ့မိတ်ဆွေ စာရေးဆရာ ရွှေ(သစ္စာ)ဆိုတာ ပြန်လာလို့ ပါလာတာနဲ့ လက်ဆောင်ပေးတဲ့ လက်ဖက်ခြောက်ပဲ။ တရုတ်လက်ဖက်ခြောက်ထဲမှာ နာမည်ကြီးပေါ့။ ငါတို့မြန်မာပြည်က လက်ဖက်အများကြီးထွက်ပေမယ့် အဲဒီကျွဲရှုန်းက နည်းနည်းပဲ ထွက်ပြီး စျေးကြီးတယ်။ အန်းကုံးဘိုးတော်ကို အဲဒီရေနွေးကြမ်းနဲ့ သစ်သီးမျိုးစုံ တင်လှူပူဇော်ကြတယ်။ ကွာစေ့လည်း ပါတယ်၊ မှတ်ထား"

"ဟုတ်ကဲ့ ဆရာ"

ကျင်ပိုက်က ကျွန်ုပ်ပြောသမျှကို ဂရုစိုက်နားထောင်မှတ်သားသလို သူ့ဇနီးလေးကတော့ ကျွန်ုပ်ပြောပြနေသော အကြောင်းများနှင့် ကျွန်ုပ်၏ ရုပ်သွင်ကိုကြည့်ပြီး အံ့သြမှုများက မျက်နှာသွင်ပြင်နှင့် မျက်လုံးက ဖော်ပြနေသည်။

"ဒီအန်းကုံးဘိုးတော်ရပ်တုက ကျန်းစီးနယ်ကထွက်တဲ့ ကြွေရုပ်တုပဲ။ ရှေးခေတ် တရုတ်သမိုင်းထဲမှာကိုက ဒီကျန်းစီးနယ်က ကြွေရုပ်တုဟာ အကောင်းဆုံးလို့ဆိုတယ်။ ငါက ဗုဒ္ဓဘာသာ ထေရဝါဒဖြစ်ပေမယ့် တရုတ်သွေးစပ်တဲ့ အတွက် ဒါတွေကို လေ့လာထားတာပဲကွ"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် ဒီအန်းကုံးဘိုးတော်ကို ကိုးကွယ်ပြီး လေးလေးမြတ်မြတ်နဲ့ ပူဇော်ပ,သမှာပါ။ အဲဒါကြောင့် ဆရာ့ဆီမှာ သိချင်တဲ့ရိုးရာအကြောင်းတွေကိုလည်း မေးရင်း စင်ကာပူ၊ ထိုင်ဝမ်လိုမျိုးမှာ အလုပ်သွားလုပ်မယ်လို့ စိတ်ကူးထားတာလည်း ဆရာ့ကို ပြောချင်လို့ပါ"

"အေး..အရွယ်နဲ့ အချိန်အခါရှိတုန်းမှာ ကြိုးစားတာကောင်းတယ်။ အဲ..ရိုးဆိုတာက ချောင်းရိုး၊ မြောင်းရိုး၊ ထီးရိုးတို့ဟာ ရှည်လျားတာကို ဆိုခြင်းပဲ။ ရာဆိုတာက ရှေးအစဉ်အလာအဆက်ဆက်က ပြုလုပ်ဆောင်ရွက်လာတဲ့ လုပ်ရပ်ကိစ္စကိုဆိုတယ်။ အဲဒီနှစ်ခုကို ပေါင်းလိုက်တော့ ရှေးအစဉ်အဆက်က ပြုလုပ်ဆောင်ရွက်သောကိစ္စ၊ အဲဒါကို ရိုးရာလို့ပဲ အလွယ်မှတ်ထား။ ဗုဒ္ဓဘာသာမှာလည်း ရိုးရာဆိုတာ ရှိတယ်"

ကျွန်ုပ်ပြောသမျှကို မှတ်သားပြီး အချိန်အတော်ကြီးကြာမှ ကျင်ပိုက်တို့ လင်မယားက ကျွန်ုပ်ကိုရော ကျွန်ုပ်၏ ဧနီးကိုပါ နှုတ်ဆက်ကန်တော့၍ ပြန်သွားကြသည်။

◆◆◆

ကျွန်ုပ်သည် ဌာနမှ အငြိမ်းစားယူပြီး ရန်ကုန်မြို့၊ ကမ်းနားအခြမ်း (၃၂)လမ်းမှ တိုက်ခန်းကို ပြန်အပ်ပြီး မွေးဇာတိ အရပ်ပြန်၍ ပြောင်းရွှေ့လာခဲ့သည်။

တစ်နေ့တွင် ရန်ကုန်ဘက်ကမ်း ကူးရင်းမှ လသာလမ်းရှိ အသိမိတ်ဆွေ ကိုသန်းစိန်၏ စျေးဆိုင်ကို ဝင်မိလိုက်သည်။

"ဟာ..ဆရာစိုး၊ လာ..လာ..လက်ဖက်ရည်ဆိုင် သွားမယ်။ တလောကပဲ ဆရာ့ရွှေက ပြောသေးတယ်။ ကိုယ့် ဆရာ အလုပ်အားတာနဲ့ ဖိနပ်နေလို့ အပြင်တောင် မထွက်ဘူးနဲ့တူတယ်ဆိုပြီး ပြောဖြစ်သေးတယ်"

"အင်း..နားနား ရေးရေးပါပဲ။ ဆရာ့ရွှေကတော့ ရေးရေး နားနားနဲ့ ရောက်ဖြစ်မှာပေါ့ ကိုသန်းစိန်ရယ်"

စဉ်အိုးတန်းလမ်းမှ ထိုင်နေကျ လက်ဖက်ရည်ဆိုင်မှာ ဆိုင်ကြီးပြီး ကိုသန်းစိန်ဆီမှ အနှစ်သာရနှင့် မွန်မြတ်၍ တန်ဖိုးရှိသော ဗုဒ္ဓတရားတော်များ၊ ကျင့်ကြံပွားများသင့်မှုများကို နှလုံးပိတိဖြစ်စွာဖြင့် ကြားရသည်။

လူတစ်ယောက်၏ ဘာမှမကျန်သောအချိန်မှာ အခိုက်အတန့်အနာဖြင့် တရားအကြောင်းကို ကြားနာရသည်ပင် သွားလမ်းဖြောင့်အောင် ပြေးနေသလိုပင်။

ကျွန်ုပ်က ကြည်ကြည်နူးနူးနှင့် နားစိုက်ထောင်နေစဉ်မှာ-

"ဆရာ..ဆရာ"

"ဟင်..ဟို"

"ဆရာရယ်..အိမ်ပြောင်းသွားတာ ဘယ်ကိုမှန်းမသိလို့ အရှာရခက်နေတာ။ အခုမှ ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ရတာ ဝမ်းသာလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com

'အယ်'

ကျွန်ုပ်၏ ဇဝေဇဝေဖြစ်နေမှုကို ကိုသန်းစိန်ကသိပြီး ဆော်တာတ်ရုပ်လျက် ဝမ်းသာအားရပြောနေသော မိန်းကလေးကို-

'အေး..ထိုင်ကွယ့် သမီး၊ ဆရာစိုးက ဝေတေတေဖြစ်နေတယ်'

'အဲ..ဆရာရယ်'

'အေးကွယ့်၊ ထိုင်..သမီး၊ ထိုင်..ထိုင်..ဟို'

မိန်းကလေးက ခုံတွင်ဝင်ထိုင်ရင်း လက်ထဲမှ အထုပ်များကို ဘေးခုံလေးတွင် တင်လိုက်ပြီး-

'ဆရာ..သမီးက ဆရာတပည့် ကိုကျင်ပိုက်ရဲ့ဇနီးမွေးရင်လေ ဆရာ'

'ဟေ့..အာ၊ သမီးရယ်..မေ့တာမဟုတ်ဘူး၊ အမှတ်မှားသွားတာ။ အေး..အေး..သမီး၊ ကျင်ပိုက်ရော ဒီမှာ ဝဲလားကွယ်။ မရောက်ကြဘူးကို။ ကိုသန်းစိန်..ဒါ ကျွန်တော့်တပည့်လေး ကျင်ပိုက်ရဲ့မိန်းကလေး မမွေးရင်ပါ။ ဒါက ဆရာ့မိတ်ဆွေ ကိုသန်းစိန်ပဲ'

'ဟုတ်ကဲ့ပါ၊ ဆရာ၊ တပည့် ဒီလထဲလောက်မှာ ပြန်ဆောက်မှာပါ။ ဖုန်းဆက်တိုင်း ဆရာ့ကို မေးတယ်။ သူဆောက်တာနဲ့ ဆရာ့ကို ရှာမယ်လို့လည်း ပြောတယ် ဆရာ'

ကျွန်ခဲ့သော အချိန်တော်တော်ကြာက ကျင်ပိုက်နှင့် ကြွေသားအစစ် အန်းကုံးဘိုးတော်ရုပ်တု အကြောင်းတို့ကို တိုရွှေ(ရွှေသစ္စာ)နှင့် ကိုသန်းစိန်တို့ကို ပြောပြထားဖူးသည့် အတွက် ကိုသန်းစိန်က-

'အေးကွယ့်၊ ဆရာစိုး ပြောဖူးတယ်။ တော်တော်ကြာပါပြီ။ အဲဒါနဲ့ အန်းကုံးဘိုးတော်ရုပ်တုရော သမီး'

'ရှိပါတယ်၊ အိမ်မှာပါ။ သမီးလည်း သူမှာခဲ့တဲ့အတိုင်း ထုပ်ပါတယ်'

'အေး..ပြောပါဦး သမီး'

'ဟုတ်ကဲ့'

♦ ♦ ♦

သဃ်နန်းကျွန်းအပိုင်တွင် စျေး၊ ဘူတာရုံ၊ ကားဂိတ်သည်တို့တွင် လက်ပွေ့၊ အထမ်း၊ ခေါင်းရွက် စသည့်ပုံစံအမျိုးမျိုးနှင့် ကျင်ပိုက်က စျေးရောင်းသည်။ ပညာအရည်အချင်း နည်းပါးပြီး ရုပ်ရည်သန့်ပြန့်၍ အသားဖြူဖြူနှင့် ကျင်ပိုက်ကို လူနှင့် အမည်ကိုတွဲ၍ တရုတ်ကလေးဟုပင် ထင်ကြသည်။

မမွေးရင်ကလည်း သဃ်နန်းကျွန်းစျေးကြီးထဲမှာ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်စုံရောင်းသော မိခင်ကြီး ဒေါ်ကြိုင်နှင့်အတူ လုပ်ကိုင်ရောင်းချနေသူလေးဖြစ်သည်။ အမြင်အတွေ့များ ခင်မင်မှုတရားက အကြင်နာပွားမိကြသည်။ ရိုးသား၍ ကြိုးစားသော ကျင်ပိုက်ကို မမွေးရင်က ထာဝရအတွက် လက်တွဲလိုက်သည်။ တစ်ယောက်တည်း မဟုတ်တော့သော ကျင်ပိုက်က ရုရာအလုပ်ကို လုပ်သည်။ အဖော်ကောင်း၍ နယ်စပ်အထိ လိုက်သွားသည်။ နယ်စပ်မှ ကုန်သည်ပွဲစားများ၊ လုပ်ငန်းရှင် သူဌေးများက ကျင်ပိုက်ကို ရိုးသားမှု၊ လုံ့လ,ဝီရိယရှိမှု၊ မခိုမကပ်ဘဲ အလုပ်ကို လုပ်သည့်အတွက် အလုပ်ပေးကြသည်။

အလုပ်လုပ်၍ရသော ငွေကြေးလေးများကို သေချာစွာ ထုပ်သိမ်း၍ အဖော်တစ်စုနှင့် ပြန်လာကြသည်။ ထမင်းဆိုင်မှာ ထမင်းစားပြီး ညအိပ်နားကြသည်။ ဆိုင်က တရုတ်လူမျိုးဆိုင်၊ နံရံများတွင် ကွမ်ရင်မယ်တော်ပုံများ၊ အန်းကုံးဘိုးတော်များကို အနှံ့ကပ်ထားသည်။ ကျင်ပိုက်က အန်းကုံးဘိုးတော်ပုံရှိသည့် နံရံနားတွင် ကပ်၍အိပ်ရသည်။ ဘုရား၊ တရား၊ သံဃာနှင့် ကြီးမြတ်သော ပုဂ္ဂိုလ်တို့ကို ရိုသေတတ်သော ကျင်ပိုက်က ဘုရားရှိခိုးပြီး မေတ္တာပို့ အမျှဝေရင်း အန်းကုံးဘိုးတော်ကြီးကိုပါ ရှိခိုးပြီး အပြန်လမ်း ချောမွေ့ပါစေဟုလည်း ဆုတောင်း၍ ရှေ့လုပ်ငန်းစဉ်များ ကောင်းလျှင် အန်းကုံးဘိုးတော်ကို သီးသီးခြားခြား ကိုးကွယ်ပါမည်ဟု ဆုတောင်းအဓိဌာန်ပြုလိုက်သည်။

သည်လိုနေရာမျိုးက လူစုံ အသောက်အစား၊ လောင်းကစားနှင့် အပျော်အပါးကို အချိန်ပြည့်လုပ်၍ ရသည့်နေရာ။ ဝါသနာကြီးသူတို့ရှိသလို အကြံအဖန်သမား၊ အချောင်သမားများကလည်း အလွန်ပေါသည်။

ညက အမောင်နှင့် ဖုံးလွှမ်းထားခြင်းကြောင့် ညဆိုတာ ပီပြင်နေခြင်းဟု ကျင်ပိုက် နားလည်သည်။ ထမင်းဆိုင်ထဲတွင် ညအိပ်သူများ၏နေရာက ကိုယ့်လက် ကိုယ်ထောင် ကြည့်လျှင်တောင် မမြင်ရပါ။ ကျင်ပိုက်သည်လည်း လျှောက်လှမ်းလာရသည့်ခရီးကြောင့် အင်အားများက ညှ၏ မြူဆွယ်မှုတွင် စီးမျောပါ၍ မလှုပ်မယှက်ပင် မှောင်မိုက်၍ ငြိမ်သက်တိတ်ဆိတ်နေသော ထမင်းဆိုင်၏ အိပ်ခန်းထဲတွင် လှုပ်ရှားမှုတစ်ခုက ရှိနေသည်။ ကျင်ပိုက်ကို တစ်ဦးတစ်ယောက်က နေရာမှ တွန်းရွှေ့လိုက်သလို တစ်ဖက်ကို ရွှေ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

နံနက်မိုးလင်းတော့ ကျင်ပိုက်နှင့် တခြားလူ နှစ်ယောက်သာလျှင် ကျန်ခဲ့ကြသည်။

'ဟေ့..ဗမာကျင်၊ ညက လူကွာ အတော်ဆိုးတာပဲ။ အပေါ့သွားတာလား၊ အလေးသွားတာလား မသိဘူး အသွားအပြန် တက်နင်းလိုက်တာ အတော်အီသွားတယ်'

'ဟုတ်တယ် ဗမာကျင်၊ လူက ဝဝကြီးပဲကွ'

ကျင်ပိုက်က ထိုလူတွေပြောသည်ကို ငြိမ်၍နားထောင်ပြီး တွေးမိသည်။ ညက အိပ်မက်လား၊ တကယ်လားဟု ခဲခြား၍ မရပေ။ လူကြီးတစ်ယောက်က ပွေ့လိုက်သည်။ ပြီးတော့ နေရာရွှေ့ပြီး ပြန်ချပေးလိုက်သည်။ ဘာလဲဟု တွေးရင်းနှင့် အတွင်းခံဘောင်းဘီထဲကို စမ်းကြည့်လိုက်သည်။ တော်ပါသေးရဲ့၊ ရသမျှလေးတွေကို စုဆောင်းသိမ်းထားသည်က ရှိနေသည်။ ထိုစဉ်မှာ-

'ဟာ..ငပု၊ ငါ့..ငါ့ပိုက်ဆံတွေ မရှိတော့ဘူး'

'အာ..မောင်ပျော်၊ ငါ့မှာလည်း ဘာမှမရှိတော့ဘူး။ ဗမာကျင်..မင်းရော'

'ကျွန်တော့်မှာတော့ ရှိတယ်။ အတွင်းဘောင်းဘီအိတ်ထဲမှာပဲ'

'တောက်..သွားပါပြီကွာ။ ညက တက်နင်းတဲ့လူကွ'

'ဟာ..ကုန်ပါပြီကွာ။ ငါ..ငါတို့ ဘယ်လိုပြန်ရမလဲ'

ကိုငပုဆိုသူနှင့် ကိုပျော်တို့နှစ်ယောက်မှာ ပင်ပင်ပန်းပန်း လုပ်ကိုင်ရှာဖွေ စုဆောင်းထားသည်များမှာ တစ်ညအိပ်ရုံနှင့် ဆုံးရှုံးလိုက်ရသည်။ ထိုထမင်းဆိုင်မှပင် ကိုပျော်နှင့် ကိုငပုတို့က လမ်းခွဲ၍ နေခဲ့ကြသည်။ ကျင်ပိုက်က ကိုယ့်အထုပ်အပိုးနှင့် ကိုယ့်လမ်းကိုယ် လျှောက်ခဲ့သည်။ လျှောက်လာရင်းမှ တောအုပ်၏ အပင်အုံ့ဆိုင်းဆိုင်းနှင့် နေရာ၊ ထိုနေရာမှလွဲလျှင် ကားစီး၍ရသည်။

ကျင်ပိုက်က တစ်ယောက်တည်းဖြစ်၍ ခပ်သွက်သွက် လျှောက်လာသည်။ လူသွားလမ်းဘေး သစ်ပင်ခြောက်ကြီး တစ်ပင်၏အောက်တွင် ငုတ်တုတ်ထိုင်နေသော လူတစ်ယောက်။ ခရီးသွားရင်း မောၗ ထိုင်နားနေလေသလား၊ ရေမှ ပါရဲ့လား၊ ဗိုက်လည်း ဆာနေသလားဟု ထိုသူကို ကြည့်ရင်း တွေး၍ အနားကိုရောက်အောင် လျှောက်လိုက်သည်။

အနားရောက်လျှင် အိတ်ထဲမှပါသည့်ရေလည်း တိုက်မည်၊ အစားလည်း ကျွေးမည်ဟု ကြည့်လိုက်ရာ-

'ဟာ..အဝတ်ထုပ်ကြီး၊ အဲ..အရုပ်ထုပ်ကြီး'

လူသူရှင်း၏။ ခဏထားသည့်သဘောမဟုတ်၊ မေ့ကျန်ခဲ့တာလား ထားပစ်ခဲ့တာလား သည်တစ်ခါတော့ ကျင်ပိုက်က စပ်စပ်စုစုလုပ်လိုက်သည်။ အရုပ်ပုံအထုပ်ကြီး အဝတ်(ဝိတ်စ)ကို ဖြေလိုက်သည်။ သေချာစွာ ပတ်ချည်ထုပ်ပိုးထားသည့် အဝတ်စ(ဝိတ်စ)များ ကုန်သွားသည်။

'ဟာ..အန်းဘိုး၊ အန်းကုံးဘိုးတော်ရှပ်..ရှပ်တု'

ကြွေသားနှင့် ထုဆစ်ပုံဖော်ထားသော အန်းကုံးဘိုးတော်ရုပ်ဖြစ်ပြီး တစ်ပေခွဲအရွယ် အနေအထား။ အဲ့ဩဝမ်းသာခြင်းနှင့် ဝိတ်စများနှင့် ပြန်၍ထုပ်ပိုးလိုက်သည်။ ထိုအနားတွင်ပင် ထိုင်လိုက်ပြီး ရောဘူးဖွင့်၍ သောက်ရင်းအင်း..ငါနဲ့ပဲ ထိုက်လို့လား၊ တစ်ဦးတစ်ယောက် ကျန်ခဲ့တာလား။ အို..ဘာဖြစ်ဖြစ်လေ။ ပိုင်ရှင်တွေ့ရင် ပြန်ပေးလိုက်မယ်။ ဒီအတိုင်းတော့ မထားခဲ့ရက်ဘူး'

အတွေးဆုံးသည်နှင့် ထိုင်ရာမှထပြီး အန်းကုံးရုပ်တုကို ကောက်ထမ်း၍ ထိုနေရာမှ ထွက်လာခဲ့သည်။ ကျင်ပိုက် တစ်ယောက် အထုပ်ကြီးတစ်ထုပ်နှင့် အလုပ်သွားလုပ်သောနယ်စပ်မှ ပြန်ရောက်လာသည်။

မမွေးရင်က ပြောနေသောစကားကို ခဏရပ်လိုက်ပြီး ရေခွေးကြမ်းအနည်းငယ်သောက်လိုက်ပြီး သူပြောစကားကို ဆက်လိုက်သည်။

'အဲဒီလိုပြန်ရောက်ပြီး ဆရာ့ဆီကို လာဖြစ်ကြတာပါ။ သူသိချင်တာတွေ ဆရာကိုမေးပြီး ဆရာပြောတဲ့အတိုင်း လုပ်တာ၊ သမီးကိုလည်း လုပ်ခိုင်းလို့ ဒီနေ့ထိအောင် မပျက်မကွက်လုပ်ပါတယ်။ ဆရာ့ဆီက ပြန်လာပြီး တစ်လပြည့်ဂဲ့ နေ့မှာပဲ စင်ကာပူမှာ အလုပ်သွားလုပ်ရတယ် ဆရာ'

'ဩော်..ဒါဆိုရင် ကျင်ပိုက်က စင်ကာပူမှာပေါ့'

'ဟုတ်ကဲ့ ဆရာ။ သူအလုပ်လုပ်တဲ့ ပိုင်ရှင်သူဌေးက ဟိုမှာလည်း လူယုံအဖြစ်ထားပြီး အခု မြန်မာပြည်မှာ ကုမ္ပဏီလုပ်ဖို့ရဲ့ သူ့ကို ကိုယ်စားလှယ်ခန့်လိုက်တယ်'

ကျွန်ုပ်မှာ ကျင်ပိုက်၏ဇနီးသည်လေး ပြောနေသည့် ကျင်ပိုက်၏ အကြောင်းနှင့် စင်ကာပူသူဌေး၏ ကိုယ်စားလှယ်အဖြစ်နှင့် မြန်မာနိုင်ငံလုပ်ငန်းခွဲကို လုပ်ကိုင်ခိုင်းသည်ကို အတော်ပင်အံ့သြတကြီး ဖြစ်မိလေသည်။ ကျွန်ုပ်သိသော မိဘမဲ့ ကျင်ပိုက်ကို ကျွန်ုပ်ကိုယ်တိုင် စာရေး စာဖတ်ကို ကြိုးသလို သင်ပေးခဲ့ရပြီး ဈေးဗန်းလေးနှင့် ကျွန်ုပ်ထံကို ရောက်လာသော ကျင်ပိုက် မြန်မာ့သွေး မြန်မာစစ်သည်တွင်း ကျွန်ုပ်ထက်ပင်သာသည့် ကျင်ပိုက်ဟု အလွယ်တကူခေါ

www.burmeseclassic.com

www.burmeseclassic.com

သော မောင်ပိုက်ကလေးသည် သေစာရှင်စာဟုပြောရသော စာရေးတတ် ဖတ်တတ်အဆင့်မှ သူဌေးဖြစ်၊ ကိုယ်စားလှယ် ရာထူးနန်းတစ်ခုလုံးကို ကြီးကြပ်ရမည်ဆိုတော့ လူတစ်ဦး၏ စိတ်ကြမ္မာကို မည်ကဲ့သို့မှ ကြိုမသိပါလေ။

ကျင်ပိုက်၏အဖြစ်ကို မမွေးရင်ပြောပြသည့် နောက် ဆက်တွဲ အဖြစ်က-

'ဆရာ့တပည့်ကြီး သမီးလောက်တောင်မှ အတန်း ကျောင်းနေခဲ့ရတာမဟုတ်ဘူး။ ဒါပေမဲ့ ရိုးသားမှု၊ ကြိုးစား မှု၊ ရိုသေလေးမြတ်မှုရဲ့ အကျိုးကို ခံစားရတာလို့ သမီးကို ပြောတယ်။ စင်ကာပူမှာ ဘုရား၊ တရား၊ သံဃာ၊ ကျေးဇူး ရှင် အန်းကုံးဘိုးတော်တို့ကိုပဲ အားချိန်ရသလောက် ပူဇော် တန်တော့တယ်။ သမီးလည်း အန်းကုံးဘိုးတော်ကို သူပြော ခဲ့သလို ပူဇော်တယ်။ အဲ..စင်ကာပူမှာ တစ်နေ့ လုပ်ငန်း တစ်ခုရှိလို့ သူဌေးက ကိုပိုက်နဲ့ အလုပ်သမား လေးယောက် ကို ကားနဲ့ ခေါ်သွားတာ မြို့အလွန် အဝေးပြေးကားလမ်း ဆောက်တော့ လမ်းပေါ်မှာ သံပိုက်လုံးကြီး ကျနေတာတွေ့လို့ သူဌေးက မောင်းနေတဲ့ကားကို ရပ်လိုက်တာ အဲဒီမှာ လမ်း သားက လူသုံးယောက်က သေနတ်၊ ခက်ရင်းခွလိုမျိုး လက်နက်တွေနဲ့ ထွက်လာပြီး ကားကိုချိန်ထားရင်း သူဌေး ကို ပြန်ပေးဆွဲဖို့ လုပ်ကြတာ။ ဒို့ပြင် နိုင်ငံသား အလုပ် သမားသုံးယောက်က ထွက်ပြေးသွားပြီး ကိုပိုက်က သူ သူဌေးနားက မခွာဘဲ ရှေ့က ပိတ်ပြီးရပ်နေတယ်'

'ဟာ..ဒီကောင်လေး သေမှာပေါ့။ ဟိုက သေနတ်နဲ့'

'အင်း..ကျင်ပိုက်က မျက်စိလျင်တယ်၊ တွေးတော တတ်တယ် ကိုသန်းစိန်ရဲ့။ အင်း..ပြောပါဦး သမီး'

'ဟုတ်ကဲ့ ဆရာ၊ ကိုပိုက်က သေနတ်သမားနဲ့ ခက် ရင်းခွသမားကို တစ်ပြိုင်တည်း ခုန်ကန်ပြီး ခက်ရင်းခွကို ကောက်၊ ဓားမြှောင်သမားကို ရိုက်ပြီး ကျန်တဲ့လူတွေပါ ဆက်ရိုက်တာ အကုန်လုံး လဲကျကုန်တယ်။ အဲဒီမှာ ရဲကား မောင်းလာတာကို သူဌေးကတားပြီး သူတို့စကားနဲ့ပြောပြီး ရဲကားနောက်က ပြန်လိုက်လာပြီး ရဲဌာနမှာ လုပ်စရာရှိတာ လုပ်၊ လူဆိုးတွေလည်းအမ်ပြီး ပြန်လာကြတယ်။ တစ်ခု ထူးဆန်းတာက ဆရာ့တပည့် ကိုပိုက်ကို ဘေးက လူကြီး တစ်ယောက်က ကိုပိုက် ပြန်လုပ်ဖို့ တွန်းတွန်းပေးတယ်လို့ ဒုဏ်ရာနဲ့လည်းပြောတယ်၊ စာထဲမှာလည်း ထည့်ရေးတယ်။ အဲဒီလူကြီးက လူနီကြီးတဲ့ ဆရာ'

'အေးပေါ့ကွာ၊ သူရဲ့ယုံကြည်လေးမြတ်မှုကြောင့် တဲ့ ပြန်ကူညီစောင့်ရှောက်တာပေါ့'

'ဟုတ်ကဲ့ဆရာ၊ ကိုပိုက်က ရောက်ရောက်ချင်း ဆရာ့ ဆီကို လာမှာပါ။ ဟို..ပိုထူးဆန်းတာက စင်ကာပူသူဌေး အဘိုးကြီးက မြန်မာပြည်မှာ ကုမ္ပဏီဖွင့်ပြီးတာနဲ့ သူရဲ့လုပ် ငန်းတွေ၊ ချမ်းသာသမျှ ငွေကြေး ပစ္စည်းဥစ္စာအားလုံးကို ကိုပိုက်ကို အမွေလွှဲပြီးပေးဖို့ စင်ကာပူမှာစီစဉ်ပြီး ဒီမှာပါ လိုက်ပြီး စီစဉ်မယ်တဲ့ ဆရာ'

'ဟာ'

'ဟော'

'ဆရာ..သမီးသွားမယ်။ ကားက ဟိုဘက်မှာ ရပ် ထားတဲ့ ကားအနီလေးပဲ ဆရာ'

ကျွန်ုပ်ကို လက်အုပ်ချီ၍ နှုတ်ဆက်ထွက်သွားသော ကျင်ပိုက်နှီး မိန်းကလေး၏ နောက်ကျောကို ကြည့်၍ ခေါင်းညိတ်ပြီး-

'ကဲ..ကိုသန်းစိန်ရေ၊ အမြင်အကြားပဲ။ ယုံကြည်လို့ ခံစားရတဲ့ အကျိုးထူးပဲ'

'အင်း..ဟုတ်ပါ့ဗျာ။ ကဲ..ကဲ..ဆရာစိုးရေ၊ သွားကြ မယ်။ ဆရာ့ရွှေကိုလည်း ပြောစရာရသွားပေါ့။ အဲဒီအထုပ် က ဆရာစိုးအထုပ် မဟုတ်လား'

'ဟာ..မဟုတ်ပါဘူး။ ကျွန်တော်က လွယ်အိတ်ပဲ ပါတာ'

ကိုသန်းစိန်က ကျွန်ုပ်ပြောစကားဆုံးသည်တွင် အထုပ် ကို ဖြေလိုက်ရာ ငွေစက္ကူအသစ် တစ်ထောင်တန်အုပ်လိုက် နှင့် ဘေးမှာ ထည့်ထားသော သတင်းစာစက္ကူအစနှင့် ရေးထားသော စာရွက်ကလေး။ ထိုစာရွက်မှ စာမှာ-

'ဆရာ လိုရာသုံးရန် ပါလာသည့်ငွေကို ယခု ကန် တော့ခဲ့တာပါ'

'ဆရာတပည့်၏ မမွေးရင်'

'ဟာ..ဆရာစိုး၊ ကန်တော့ပြီး ငြင်းမှာစိုးလို့ တင်ခဲ့ တာပဲ။ အင်း..ကလေးတွေက ဆရာကို သိတတ်ကြတာပဲ'

'ဟာဗျာ၊ ကျွန်တော် မသိလိုက်လို့။ အဲ..သူတို့နေတဲ့ နေရာလည်း မသိဘူး'

မမွေးရင် လက်ညှိုးထိုးပြသော တစ်ဖက်ပလက်ဖောင်း နားမှ ကားနီနီလေးကို လှမ်းကြည့်လိုက်ရာ ကားနီနီလေး က ထိုနေရာမှ မောင်းထွက်သွားပြီဖြစ်၍ မတွေ့လိုက်ရတော့ ပါလေ။

စိုးယဉ်ထွန်း

www.burmeseclassic.com

www.burmeseclassic.com

စကားအရာတွင် ရောင်ကြဉ်စောင့်ထိန်းခြင်း

ဗုဒ္ဓဘာသာဝင်တို့ ကောင်းမှုကုသိုလ်တစ်ခုခုပြုပြီးတိုင်း မဖြစ်မနေ တောင်းဆုခွေကြသည်မှာ မင်္ဂဖိုလ်နိဗ္ဗာန်သို့ ရလွယ် ရောက်လွယ်သူများ ဖြစ်ရလိုကြောင်းတည်း။ တကယ့်တကယ် စဉ်းစားကြည့်မိတော့ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ ကင်းဝေးရာ ပင်ပန်းဆင်းရဲမှုတွေကိုဖြစ်စေတဲ့ ဒုက္ခဝေဒနာ၊ သုခဝေဒနာတွေ ကင်းပရာ အေးချမ်းတဲ့ မြတ်နိဗ္ဗာန်ကို စံဝင်လိုကြသည်မှာ မဆန်းပါ။

တစ်နေ့တာကုန်ဆုံးလို့ အိပ်ရာဝင်ဖို့ လဲလျောင်းရင်း နဖူးပေါ် လက်တင် စဉ်းစားကြည့်လိုက်တိုင်း ခန္ဓာကိုယ်ရော စိတ်ပါ ပင်ပန်းနွမ်းနယ်မှု ကင်းလွတ်သည့်နေ့ဟူ၍ မရှိပါချေ။ တစ်ခုမဟုတ်တစ်ခု ကြုံတွေ့နေကြရသည်ကား တစ်ခါတစ်ရံ အိပ်မပျော်နိုင်သည်အထိ စိတ်ဝေဒနာများ ဖြစ်ပေါ်ခံစား ပူပင်ရပါ၏။ နောက်တစ်နေ့ မနက်လင်းသည်နှင့် လူပ်ရှားရုန်းကန်ကြရပြန်ပါသည်။

ငယ်စဉ်ခါများမှာတော့ ထိုသုခဝေဒနာများတွင် မွေ့လျော်၏။ အတိတ်ကာလက ကြုံတွေ့ခဲ့ရသော ဒုက္ခဝေဒနာများကိုပင် ပြန်ပြောင်းတွေးတော ပြောဆိုရယ်မောကာ နေနိုင်ကြပါလေသည်။ နိဗ္ဗာန်ဆီကို ဆုတောင်းသည်ပင် ပေါ့ပေါ့ဆဆ၊ မိရိုးဖလာသာ။ ခန္ဓာက စိတ်သွားတိုင်း

www.burmeseclassic.com

www.burmeseclassic.com

ခါနိုင်တော့ ဇရာရဲ့ အက်ကြောင်းတွေ ထပ်လာတဲ့အခါ မှာတော့ နိဗ္ဗာန်ရောက်လိုတဲ့ဆုတောင်းက လေးနက်လို့ သာပေါ့။ မိရိုးဖလာမှသည် နှလုံးသားပြင်သို့ စွဲထင်လို့ သာခဲ့ရ၏။

အိုခြင်း၊ နာခြင်း၊ သေခြင်းတို့သည်ကား လက်တစ်ဆစ်စီမှာ ရှိနေကြလေပြီ။ မျက်စိအောက်မှာပင် ဖြိုးခန့်ခြောက်ခန့် ဝိုးခန့် ခေါက်ခန့် သွားနှင့်ကြသူတွေကို သတိထားမိလာတော့ အားလုံးကို ဆင်ခြင်ဖို့ လိုပြီတည်း။ ငယ်သူ၊ ရွယ်သူ၊ အလယ်လူ အားလုံးကို သတိပြုဆင်ခြင်စေချင်သည်။ အလေးအနက် ထားစေချင်သည်။ မမျှော်မှန်းနိုင်သည့် သံသရာစက်ဝန်းထဲမှာ (၃၁)ဘုံရဲ့ အပါယ်(၄)ဘုံကို ဆင်းမသွားဖို့၊ အရင်းလေးကျန်ဖို့၊ အမြတ်ကလေးရပြီး အထက်ဘုံအဆင့်ကို တက်လှမ်းနိုင်ဖို့၊ လိုက်နာနိုင်ရန် ကြိုးပမ်းရပါမည်။ ထိုသို့လိုက်နာနိုင်ရန် ခက်ခဲသည့် စောင့်ထိန်းခြင်းက စရပေမည်။

စကားအရာတွင် ရှောင်ကြဉ်စောင့်ထိန်းခြင်း လေးသွယ်ကို ဦးစွာကျင့်အပ်၏။

မုသာဝါဒဟု ဆိုအပ်သော လိမ်ညာပြောဆိုခြင်း၊ ဟုတ်မမှန်ပြောဆိုခြင်း၊ လှည့်ပတ်၍ ပြောဆိုခြင်းတို့ကို သာမန်အားဖြင့် ပြုမိမှားတတ်ကြပေသည်။ အကျိုးစီးပွားနှင့် ယှဉ်လာသော ကိစ္စရပ်များတွင် မုန်းမာန်မပွားရလေအောင် ပရိယာယ်ဆင်၍ ဥပါယ်တံမျဉ်ဖြင့် ပြောဆိုမိတတ်ကြသည်လည်း ရှိပေရာ သတိထား ဆင်ခြင်အပ်ပေသည်။

ဒုတိယအနေဖြင့် **ဖရုသဝါစာ**-ရုန့်ရင်းကြမ်းတမ်းသောစကား၊ ဆဲရေးတိုင်းထွာသောစကားများ မပြောဆိုမိရန် ဖြစ်ပါသည်။ လောဘ၊ ဒေါသတို့နှင့် ယှဉ်တွဲလာသော အခါများ၌ ထိန်းသိမ်းနိုင်ရန် ခက်ခဲပါ၏။ သတိကပ်၍ ချုပ်ချင်း ပြုပြင်နိုင်အောင် နေထိုင်ရပါမည်။

စောင့်ထိန်းရှောင်ကြဉ်ရမည့် နောက်တစ်ချက်ကား-

ပိသုနဝါစာ-ချောပစ်ကုန်းတိုက်စကား ဖြစ်ပါသည်။ ချင်းချင်း စိတ်ဝမ်းကွဲပြားစေသော၊ နားလည်မှုလွဲမှားစေသော၊ ညီညွတ်မှုကို ပျက်ပြားစေသော စကားလုံးအသုံးအနှုန်းတို့ကို သတိထားရပါမည်။ အမှတ်တမဲ့ သတိလက်လွတ် ပြောဆိုလိုက်မိသော စကားတစ်ခွန်းကြောင့် စုစည်းညီညွတ်လျက်ရှိသော အဖွဲ့အစည်းတစ်ခုလုံး ကပြောင်းကပြန် ဖြစ်သွားတတ်သကဲ့သို့ မိမိကိုလည်း တန်ပြန်ရိုက်ခတ်ကာ ဘဝပျက်သွားတတ်ပါ၏။

နောက်ဆုံးအချက်ကား-

သမ္ဖပ္ပလာပဝါစာ-သိမ်ဖျင်းသောစကား၊ မည်သည့်အကျိုးမှမဖြစ်သောစကား၊ အလေနတွေ့ာ စကားတို့ကို ပြောဆိုခြင်းမှ ဆင်ခြင်ရပါမည်။ ဘဝအတွက် တန်ဖိုးရှိသော အချိန်များကို ဖြုန်းတီးပစ်ရာရောက်ပြီး မည်သည့် အာဟာရကိုမျှ ခံစားရရှိနိုင်မည် မဟုတ်ပါပေ။

အဆိုပါ စကားအရာတွင် သတိနှင့်ယှဉ်၍ ဆင်ခြင်အပ်သော အချက်များသည် သမ္မဝါစာဟူ၍ မြတ်ဗုဒ္ဓ၏ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်လမ်းစဉ်များမှဖြစ်ပေရာ နိဗ္ဗာန်အကျိုး မျှော်ကိုးသူတိုင်း သတိပြုအပ်ပေသည်။

အမှတ်တမဲ့မှ အမှတ်တရပုံရိပ်များ

မပြောမီ စဉ်းစား၊ ပြောနေတုန်း စဉ်းစား၊ ပြောပြီး ပြန်စဉ်းစားဟူ၍ မြတ်စွာဘုရားရှင်က သားတော် ရာဟုလာကို မိန့်မှာစကားကို အရာထမ်းလောင်းဘဝက သင်တန်းကျောင်းတွင် ပညာပေးရေးသားထားသည်မှာ မှတ်သားဖွယ် ဖြစ်ပါ၏။

ပုဂ်ရာဇဝင် မှတ်တမ်းမှတ်ရာအချို့ကို လေ့လာမိရာ စကားအရာတွင် မဆင်ခြင်မှုကြောင့် အမှတ်တမဲ့ပြောဆိုလိုက်မှု၏ အမှတ်တရပုံရိပ်များကို ထုတ်နုတ်တင်ပြလိုပါသည်။

ကွမ်းဆော်ကြောင်ဖြူမင်းကို သားတော်စက္ကတေးနှင့် ကြည်စိုးတို့က တောရုပ်မိရဟန်းပြုစေကာ စက္ကတေးမင်းမင်းပြုစဉ်အခါက ဖြစ်ပါ၏။

အမေညီမမွေး ညီတော်စပ်သော အနော်ရထာအား စက္ကတေးမင်းက ညီသားနောင်မယ်ဟု စကားအရာဖြင့် ကျိစယ်လိုက်မိရာ အနော်ရထာ၏မိခင် ကွမ်းဆော်ကြောင်ဖြူမင်း၏မိဖုရား၊ ၄င်း၏ အဒေါ်တော်စပ်သူကို မိဖုရားအရာထား မြှောက်စားမည်ဖြစ်၍ အနော်ရထာအား ညီလည်း တော်စပ်ပြီး သားလည်း တော်စပ်မည်ဟု ဆိုလိုရင်း အဓိပ္ပာယ်ကို ကွမ်းဆော်ကြောင်ဖြူမင်းက ရှင်းပြသဖြင့် အနော်ရထာ နားလည်သဘောပေါက်သွားသောအခါ ဒေါသအမျက်ခြောင်းခြောင်းထွက်ပြီး ပုပ္ပားအရပ်မှ လူသူစုဆောင်းကာ ပုန်ကန်ခြားနားရာ ညီနောင်နှစ်ပါး စီးခွင်းထိုးကြရပြီး အနော်ရထာ၏ လက်ချက်ဖြင့် စက္ကတေးမင်း

www.burmeseclassic.com

ကံတော်ကုန်၍ အသက်ပင် ဆုံးရှုံးခဲ့ရလေသည်။

အလားတူပင် စောလူးမင်း မင်းပြုစဉ်အခါကလည်း ပဲခူးစား ငရုမန်ကန်းနှင့် ကြွေအံ့ကစားရာတွင် ကြွေအံ့ကစားပွဲ ရှုံးသည့်ကိစ္စမှ အစပြု၍ စောလူးမင်းက ပဲခူးစားဟု ငရုမန်ကန်းကို-

"နင် ငါ့ကို အံ့တစ်ပွဲမျှ နိုင်သည်ကို လက်ခမောင်းခတ် ကြွားဝါသည်ကား နင် ယောကျ်ားဟုတ်နိုးသော် နင်စားသော ပဲခူးနှင့် ပုန်စားလေ ဟု မပြောအပ်သော စကားတစ်ခွန်းကို မဆင်မခြင် ပြောလိုက်မိရာ ငရုမန်ကန်းက ဥဿာပဲခူးမှ လူသူစုရုံးတော်ပြုပြီး ပုန်ကန်ခြားနား သဖြင့် စစ်ပွဲတွင် စောလူးမင်း အဖမ်းခံရပြီး နောက်ဆုံး အသက်ပါ ဆုံးရှုံးရပါလေ၏။ စကားအရာတွင် သတိထား ဆင်ခြင်ဖွယ်ရာများပါတည်း။

နေ့စဉ်နှင့်အမျှ လူတစ်ဦးနှင့်တစ်ဦး ထိတွေ့ပေါင်းသင်း ဆက်ဆံကြရာတွင် ရံဖန်ရံခါ၌ ရုတ်တရက် ဖြစ်ပေါ်လာသည့် စိတ်ဆန္ဒကြောင့် သတိလက်လွတ် ပြုမူလိုက်မှုကလေးများသည့် ပြုမူလိုက်မိသူအား မထင်မှတ်လောက်သော တုံ့ပြန်မှုမျိုး ခံစားရတတ်ပါလေ၏။

မင်းယဉ်နရသခံမင်းလက်ထက်၌ ဝါးတဲအတွင်းတွင် မွေးဖွားလာခဲ့သည့် သာမန်အရပ်သူပင် ဖြစ်လင့်ကစား ရုပ်ဆင်းအင်္ဂါ လွန်စွာတင့်တယ်သည့်အတွက် ဝေဠုဝတီမိန်းမပျိုအား ထုံးတမ်းစဉ်လာနှင့်အညီ ဘုရင်မင်းမြတ်ထံ ဆက်သရာ နားရွက်ကားလွန်းသည်ဟု ညီတော်နရပတိစည်သူအား လွှဲအပ်လိုက်လေ၏။

ဝေဠုဝတီမိန်းမပျိုအား နန်းမှနန်းဟန်၊ နန်းဆန်ဆန် အဝတ်တန်ဆာများ ဆင်ယင်ပေးလိုက်သည်တွင် လွန်စွာလှပတင့်တယ် ရှုမောဖွယ် ဖြစ်လာသည်ကို မင်းယဉ်နရသခံဘုရင် တွေ့မြင်တော်မူလေရာ ပြန်လည်သိမ်းယူလိုသဖြင့် ညီတော်နရပတိစည်သူအား ငဆောင်ချမ်းအရပ်သို့ ဆူပူသောင်းကျန်းမှုများအား နှိမ်နင်းရန် အကြောင်းရှာ၍ စေလွှတ်ကာ ဝေဠုဝတီမင်းသမီးအား သိမ်းပိုက်လေ၏။ ဖြစ်စဉ်အား ညီတော်နရပတိစည်သူ သိရှိချိန်တွင် နောင်တော်ဘုရင် မင်းယဉ်နရသခံကို လုပ်ကြံနိုင်သူအား မရီးတော်(၃)ပါးအနက် ကြိုက်နှစ်သက်ရာနှင့် ပေးစား၍ သူကောင်းပြုမည်ဖြစ်ကြောင်း ကြော်ငြာလေရာ သူရဲကောင်း ငအောင်စွာငယ်က နောက်လိုက်နောက်ပါ ရှစ်ဆယ်နှင့်အတူ မင်းယဉ်နရသခံဘုရင်ကို သွားရောက်လုပ်ကြံအောင်မြင်လေသည်။

နရပတိစည်သူလည်း ကတိစကားနှင့်အညီ ငအောင်စွာငယ်ကို မရီးတော်(၃)ပါးအနက် ကြိုက်နှစ်သက်သူနှင့် ပေးစားသူကောင်းပြုရန် စီမံလေ၏။ သို့ပေါ်ရာ မရီးတော်သုံးပါးက ကျွန်မျိုးရိုးနှင့်တော့ မပေးစားပါနှင့်ဟု ငိုယိုရှိတောင်းပန်ကြသဖြင့် နရပတိစည်သူမင်းလည်း သနားကရုဏာသက်သည်ဖြစ်၍ သူရဲကောင်း ငအောင်စွာငယ်အား အခြားသော ကြိုက်နှစ်သက်ရာ မိန်းမပျိုကို ရွေးချယ်ရန် ပြောလေရာ ကတိစကား ပျက်ရပါမည်လောဟု ငအောင်စွာငယ်က ထွီခနဲ တံတွေးထွေးကာ ထွက်လို့သွားသည်တွင် ငအောင်စွာငယ်၏ ပြုမူလိုက်မိသည့် အပြုအမူအပေါ် နရပတိစည်သူမင်း အမျက်တော်ရှု၍ နောင်တော်ဘုရင် မင်းယဉ်နရသခံကို သက်စွန့်ဆံဖျား သွားရောက်လုပ်ကြံခဲ့သည်ကိုမျှ မထောက်ထားတော့ဘဲ သူရဲကောင်း ငအောင်စွာငယ် အသက်ဆုံးရှုံးခဲ့ရရှာလေ၏။

အစွဲကို ဘယ်လိုဖျောက်ရမယ်

သာမန်အားဖြင့် ကျွန်ုပ်တို့သည် အတိတ်ကာလတွင် ပြုမူဆောင်ရွက်ခဲ့မှုများကို အခြေပြုကာ ဖြစ်တည်လာသော ဘဝတစ်ခုကို နေ့စဉ်နှင့်အမျှ ဖြတ်သန်းနေကြရ၏။ ပင်ပန်းဆင်းရဲမှု၊ အေးချမ်းသာယာမှု၊ ပျော်ရွှင်ကြည်နူးမှု စသည်များကို တစ်ခုမဟုတ်တစ်ခု ကြုံတွေ့ခံစားနေကြရ၏။

ပင်ပန်းဆင်းရဲမှုများကို ကြုံတွေ့ရသောအခါ ဒေါသနှင့်ယှဉ်သော၊ ပျော်ရွှင်ကြည်နူးမှုများကို ကြုံတွေ့ရသောအခါတွင်လည်း မောဟနှင့်ယှဉ်သော အမှုမဲ့အမှတ်မဲ့ လုပ်ဆောင်ချက်များသည် အမှတ်တရများဖြစ်သွားကာ ယင်းနှင့်သက်ဆိုင်သည့်ကိစ္စများ၊ ဖြစ်စဉ်တူ တိုက်ဆိုင်မှုများကို ကြုံတွေ့ရတိုင်း အတွေးဝင်စားဖွယ်ရာ တဝဲလည်လည်နှင့် ပြန်လည်သတိရမိကြလေသည်။

မိမိအတွက် ဝမ်းသာကြည်နူးမှုများသည် အခြားသူများအတွက်လည်း အလားတူ မျှဝေခံစားရသည်များ ရှိသကဲ့သို့ ဝမ်းနည်းပူဆွေး ပေးဆပ်ရသည်များလည်း ရှိတတ်ပေသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီး ထီးတော်တင်လှူပွဲ ခြိမ့်ခြိမ့်သဲ ကျင်းပမှုနှင့် ကြုံကြိုက်၍ သဒ္ဒါဂီတာ ဖြစ်ကာ ကြက်သီးဖြန်းဖြန်းထမျှ ခံစားရသဖြင့် မိမိ၏ ကိုယ်တွင် ဆင်မြန်းထားသော ရွှေထည်အဝတ်များ

www.burmeseclassic.com

www.burmeseclassic.com

ဟာနာများကိုဖြတ်၍ လှုံ့ဒါန်းသော အလှူမျိုးကား စိတ်ကူးခဲ့ကာ အကြိမ်ကြိမ် ပြန်လည်ဖြစ်ပေါ်နေသမျှ အကျိုးကို ဖြစ်စေပါ၏။ ကြားသိရှုသူများလည်း စိတ်ကြည်နူးကြလေသည်။

ကုသိုလ်၊ အကုသိုလ် ခွဲခြားနားမလည်သေးသည့် သေးစဉ်တောင်ကျေး ကလေးဘဝအရွယ်က နေထိုင်ကြီးပြင်းရာ ဒေသအလျောက် တစ်နှစ်တစ်ခါ ဧရာဝတီမြစ်ရေ၊ အချို့နှစ်များတွင် ဒုဋ္ဌဝတီမြစ်ရေပါ တက်လာသည့် ဝါဆို၊ ဝါခေါင်လများတွင် မြစ်ရိုးချောင်းစပ်မှ ကျေးရွာများ ရေဘဲ့ဆဖြင့် မိရိုးဖလာ အလုပ်အကိုင်များကို ရပ်ထားကြရလေ၏။

အဆိုပါကာလများတွင် လှေတစ်စင်းဖြင့် တစ်နေကုန် တစ်နေခန်း ငါးမျှား၊ မြို့ချပြုခဲ့သည်များ၊ ညဘက်တွင်သည်း မီးပုံတစ်ဖက် ဓားတစ်လက်ဖြင့် ငါးခုတ်၊ ဖားရာဖွတ်ခဲ့သည်များ၊ မြားတန်း၊ ကိုင်းထောက်ဖြင့် တစ်လတာ ခရီးမျှ ဝါဆိုတံငါအဖြစ် အပျော်ကြီးပျော်ခဲ့သည်များလည်း ရှိခဲ့ကြသည်။ ဘဝကို ခင်တွယ်ကြသည့် သတ္တဝါများပေမို့ အစာဟပ်ရင်း ပါးဟက်မှာ ချိတ်မိနေသည့် ငါးမျှားချိတ်ကို လွတ်ရလေအောင် ရေပြင်ထဲမှာ တဝုန်းဝုန်း တဖြုန်းဖြုန်း ရုန်းသံခတ်သံများက မိမိအတွက်တော့ မင်္ဂလာစည်းဝေးယွန်းသံတည်း။ သတ္တဝါခများတော့ နာကျင်တဲ့ခန္ဓာ၊ သေရမှာကို ကြောက်လန့်တဲ့ ဝေဒနာတွေ အဘယ်မျှခံစားနေရရှာမည်ကို သတိမရ၊ သည်လိုဖြစ်စဉ်မျိုးသည်သည်း စိတ်မှာစွဲ၍ စိတ်အစဉ်မှာ မကြာခဏ ပြန်လည်သတိရခြင်းမျိုး ဖြစ်တတ်ပေသည်။ ဗုဒ္ဓဘာသာဝင်တို့၏ ဘဝဆောင်မှ ကြည့်ပါက မိမိအတွက် မကောင်းပါ။ နောက်ဆုံးခရီးအထိ စိတ်မှာစွဲပြီး မြင်ယောင်နေလျှင် ပို၍ ကောင်းပါ။

သို့ဖြစ်ပေရာ မိမိတို့ အမှတ်တမဲ့ ပြုမူခဲ့ဖူးသည့် အကုသိုလ်တရားများ၊ မိမိတို့ စိတ်အစဉ်တွင် အဖန်ဖန် အထပ်ထပ် ဖြစ်ပေါ်နေခြင်းမှ လျော့ပါးပျောက်ကွယ်သွားစေရန် မည်သို့ပြုမူရပါမည်နည်း။

ယင်းကိစ္စ စပ်မိစပ်ရာ ပြောကြရင်းက နောင်တော်ပြီး တစ်ယောက်၏ အတွေးစဉ်နှင့် ပြုမူကုစားချက်များထား မှတ်သားဖွယ် ဖြစ်ပါ၏။

ငှင်းသည် တပ်ထဲတွင် အနှစ်သုံးဆယ်ဝန်းကျင် ကျင်လည်ခဲ့ပြီး မြန်မာပြည်နယ်စပ် အနှံ့အပြားတွင် စစ်ဆင်ရေးမျိုးစုံကို တွေ့ကြုံဆင်နွှဲခဲ့၊ စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သူဖြစ်၍ သူရဲကောင်းမှတ်တမ်းဝင်အဖြစ် ချီးမြှင့်ခံခဲ့ရသူတစ်ဦးဖြစ်၏။

ဒီလိုအတွေးမျိုးတွေက ရှိတတ်ကြတာပါပဲ။ လမ်းသွားရင်တောင် ပုရွက်ကျင်နီ ပိုးကောင်ငယ်လေးတွေ နင်းမိပြုမိပြီး သေကြေကျေကြတာမျိုး ရှိမှာပါပဲလေ။ ကျွန်တော်ကတော့ ဒီလိုစဉ်းစားတယ်။ စေတနာပေါ့။ စေတနာမပါရင် ကံမမြောက်ဘူး။ ကိုယ့်ရဲ့ပယောဂ၊ လောဘ၊ ဒေါသတွေ မပါအောင် သတိထားပြီးနေတယ်။ နောက်တစ်ခုက ဥပေက္ခာပေါ့။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရား လေးပါးထဲက ဥပေက္ခာပေါ့။ ကိုယ်မစွမ်းနိုင်၊ မသိနိုင်တဲ့ ကိစ္စတွေကျတော့ ဥပေက္ခာပြုရတာလေ။

မြတ်စွာဘုရားရှင် ဟောကြားခဲ့တယ် မဟုတ်လား။ ယောနိသော မနသိကာရ-သင့်တင့်လျောက်ပတ်အောင် နလုံးသွင်း၊ ပြီးတော့ ခင်ဗျားတို့ ကျွန်တော်တို့ နေ့စဉ်နေ့တိုင်း ပြုနေကြတဲ့ ဒါန၊ သီလ၊ ဘာဝနာတရားတွေ၊ ကောင်းမှုကုသိုလ်တွေ ပြုပြီးတိုင်းမှာ အမျှအတန်းပေးဝေဖို့လည်း လိုတယ်ဗျ။ အမျှအတန်းပေးဝေတဲ့နေရာမှာလည်း သာမန်သမားရိုးကျ အမျှအတန်းပေးဝေတာမျိုးအပြင် ကျွန်တော်နဲ့ ကျွန်တော့်မိသားစုအတွက် ဒီလိုလေးထပ်ပြီး အမျှအတန်းပေးဝေလိုက်တယ်ဟုဆိုကာ ခဏနားပြီး ပြုံးပြုံးကြီး ကြည့်နေရှာမှ အောက်ပါအတိုင်း ရွတ်ဆိုကြလေ၏။

ငယ်စဉ်မှစ၍ ကျွန်ုပ်နှင့် ကျွန်ုပ်၏ မိသားစုကြောင့် သေကျေပျက်စီး ထိခိုက်ဒဏ်ရာရရှိခဲ့သူများရှိပါက ငှင်းတို့အား ကျွန်ုပ်တို့ ယခုပြုခဲ့သော ဒါန၊ သီလ၊ ဘာဝနာတရားများကို အမျှအတန်းပေးဝေပါ၏ဟူ၍ ဖြစ်လေသည်။

ထို့နောက် ဆက်ပြီး ရှင်းပြလေ၏။

"ဒီလိုအမျှအတန်းပေးဝေဖို့ကိုလည်း မိသားစုအားလုံးကို အသိပေးထားပြီး သူတို့ကိုလည်း အမျှအတန်းပေးဝေဖို့ တိုက်တွန်းပါတယ်။ အဲဒီလို နေ့စဉ်နေ့တိုင်း ကိုယ်ပြုသမျှ ကုသိုလ်ကောင်းမှုတွေကို ကိုယ့်ကြောင့် အကြောင်းအမျိုးမျိုးနဲ့ သေကျေထိခိုက်ဒဏ်ရာရတဲ့သူတွေကို ရည်စူးပြီး အမျှအတန်းပေးဝေတဲ့အမှု ပြုခဲ့တာ ကြာလာတာနဲ့အမျှ တဖြည်းဖြည်း စိတ်ထဲမှာ ပေါ့ပါးလာပြီး စိတ်ထဲမှာ စွဲ

www.burmeseclassic.com

ထင်နေမှုတွေဟာ လျော့ပါးပျောက်ကွယ်သွားတော့တာပဲဗျ' ဟူ၍ ဖြစ်ပါ၏။

မိတ်ဆွေအနေနဲ့လည်း စိတ်ထဲမှာ စွဲထင်နေတဲ့ ပြုခဲ့မှားခဲ့တဲ့ အကုသိုလ်တရားတွေ ရှိနေတယ်လို့ စွဲနေပြီး ဖြေလျော့ချင်တဲ့ ဆန္ဒရှိမယ်ဆိုရင် နည်းလမ်းကောင်းလေးတစ်ခု လက်ဆောင်ပါးလိုက်ခြင်းပါ။

ကံကို ဉာဏ်နဲ့ဖြောင့်

ကျွန်ုပ်တို့သည် မိမိတို့ လက်ရှိရရှိထားသော ဘဝရပ်တည်မှု၊ လူနေမှုအဆင့်အတန်းတို့ကို ပြန်လည်သုံးသပ်ရန် လိုပါသည်။ စိတ်ရင်းစေတနာပေါ် မူတည်၍ ကံအကျိုးပေးတို့ ဖြစ်ပေါ်လာကြ၏။ စိတ်နေသဘောထား မတူ၊ လုပ်ဆောင်မှုတွေ ကွဲပြားကြ၍ ဘဝရပ်တည်မှုများလည်း ကွာခြားကြရပါသည်။ ရှေးဘဝအတိတ်က အကျိုးပေးကို သာ ယိုးမယ်ဖွဲ့ အားကိုးအားထားပြုနေကြမည်ဆိုပါလျှင် လက်ရှိလုပ်ဆောင်မှုတို့ အားပျော့လျော့ရဲလာမည် ဖြစ်ပါသည်။

အခြေခံအားဖြင့် ရှေးအတိတ်က အကြောင်းတရားများ ရှိကြမည်မှန်သော်လည်း ထိုထိုသော ရှေးအတိတ်ကံတရားတို့ကို ယခုလုပ်ဆောင်မှုများဖြင့် ယခင်ကောင်းမွန်သော ကံအကျိုးပေးရိုက ပို၍ကောင်းအောင်၊ ကံဆိုးကံညံ့များ ရှိပါကလည်း လျော့ပါးပြောင်းပြောက်သွားအောင် လုပ်ဆောင်ကြရပါမည်။

No One is Perfect ဟု ဆိုကြ၏။

လူတစ်ဦးချင်းစီ၏ စိတ်နေသဘောထားအရာတွင် အကောင်းနှင့်အဆိုး ဒွန်တွဲလျက်ရှိကြမည်သာဖြစ်ပြီး မိမိတို့ကိုယ်တိုင် အသိဆုံးဖြစ်ပေရာ အစစအရာရာ သတိထား ပြုပြင်သင့်ပါသည်။

စေတနာကောင်း စေတနာမှန် မေတ္တာကို အခြေခံ၍ ပြုမူဆောင်ရွက်မှုများသည်သာ မိမိနှင့် မိမိပတ်ဝန်းကျင် အတွက် ကောင်းကျိုးချမ်းသာကို ဧကန်မုချ ပေးစွမ်းနိုင်မည် ဖြစ်ပါကြောင်း။

ကိုယ်စီ,ကိုယ်စီ ဘဝလမ်းဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်ကြပါစေ။

မျိုးကြီး(အမရပုရာနေ)

ဆရာကြီးဦးဇေားထွန်း

[အကြောပြင်ပညာရှင်]

အကြောပြင်ပည်ာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး-

- ခါးနာ၊ ဒူးနာ၊ ကျိုးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၁၅)မိနစ်အတွင်း၊
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်။
- လေဖြတ်ခံရပြီး ပုံမှန်ခြေ,လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ၊ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

တွေ့ချိန် - နေ့စဉ် (၉)နာရီ မှ ညနေ(၅)နာရီအတွင်း

အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြို့ငရုပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း) ဖုန်း - ၀၉ ၇၃ ၂၄၂၄၄ ၊ ၀၉ ၂၅၀ ၁၅၄၇၅

www.burmeseclassic.com

www.burmeseclassic.com

[၂၀၁၆]ခုနှစ်၊ နက္ခတ်ပေဒင်ဟောစာတမ်း

နက္ခတ်တာရာများက ဖော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

❤ ❤ ❤ ဆရာကံထူး(ဇဝဒသုတောသီ) ★ ★ ★

နက္ခတ်တာရာများနှင့် ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်ကာ သယ်ဆောင်လာခဲ့ကြသဖြင့် လူဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း၊ဆိုးနှစ်တန် ကုသိုလ်၊ အကုသိုလ်လောကခံကို အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော ပညာ ကား ဗေဒင်ပညာပင်ဖြစ်ပါသည်။ အတိတ်ကံကောက်ကြောင်းပန်းချီကို ဤသို့ဤပုံဟု သိမြင် မထားဘဲ ပစ္စုပ္ပန်ကို အလှဆင်လျှင် ကြည်လင်လှပ၊ နုကြွရွတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့် အပြင် မလှစီးပွား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြိုးစားမှုက နွားချိုကို နို့ညှစ်မိသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားမှား ဖြစ်နေတတ်ပါသည်။ ဆရာ ချစ်တဲ့ ဂန္ဓီရပရိသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆန္ဒ ထပ်တူကျနိုင် စေဖို့ရာ အတွေးသစ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်း ပြပေးလိုက်ပါသည်။

မသိသူတွေ ကျော်သွားပြီး သိသူတွေ ဖော်စားကြမည့် ဤကဏ္ဍာပါ ဇယားများကို ကမ္ဘာ့မဒီရီယံမျဉ်းဖြတ်တဲ့ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ အရှေ့လောင်ဂျိတွဒ်(၉၇° ၃၂')၊ မြောက်လတ္တီတွဒ်(၁၆° ၂၁')ကို အခြေခံကာ လ၊အလိုက် နေထွက်၊နေဝင်ချိန်များဖြင့် တွက် ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရှာကြည့်ရုံဖြင့် ဘေးတွင်ယှဉ်တွဲပြထားသော ရာသီလဂ်ကို အလွယ်တကူသိနိုင်ပေသည်။ ဂန္ဓီရချစ်သူများအနေ ဖြင့် မိမိရာသီလဂ်ကို အတိအကျသိထားလိုပါက ဖုန်း-၀၉ ၄၀ ၁၅၃ ၄၄၉၉ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပြီး မိနစ်(၂၀)အတွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလဂ် သိရုံသက်သက်ဆိုပါက ဇာတာဖွဲ့ခ ပိုက်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လဂ်အတိုင်းပင် ဟောကွက်တွင် ဖတ်ရှုနိုင်ပါသည်။

ဧနံနဝါရီလ (၁၄)ရက်မှ ဖေဖော်ဝါရီလ (၁၂)ရက်အထိ

မွေးချိန်	လဂ်
၆း၄၀ - ၈း၄၀	မကာရ
၈း၄၀ - ၁၀း၄၀	ကုမ်
၁၀း၄၀ - ၁၂း၄၀	မိန်
၁၂း၄၀ - ၁၄း၄၀	မိသ
၁၄း၄၀ - ၁၆း၄၀	ပြိသ
၁၆း၄၀ - ၁၈း၄၀	မေထုန်
၁၈း၄၀ - ၂၀း၄၀	ကရကဋ်
၂၀း၄၀ - ၂၂း၄၀	သီဟ်
၂၂း၄၀ - ၂၄း၄၀	ကန်
၂၄း၄၀ - ၂း၄၀	တူ
၂း၄၀ - ၄း၄၀	ဗြိစ္ဆာ
၄း၄၀ - ၆း၄၀	ဓနု

ဖေဖော်ဝါရီလ (၁၃)ရက်မှ မတ်လ (၁၃)ရက်အထိ

မွေးချိန်	လဂ်
၆း၄၀ - ၈း၄၀	မကာရ
၈း၄၀ - ၁၀း၄၀	ကုမ်
၁၀း၄၀ - ၁၂း၄၀	မိန်
၁၂း၄၀ - ၁၄း၄၀	မိသ
၁၄း၄၀ - ၁၆း၄၀	ပြိသ
၁၆း၄၀ - ၁၈း၄၀	မေထုန်
၁၈း၄၀ - ၂၀း၄၀	ကရကဋ်
၂၀း၄၀ - ၂၂း၄၀	သီဟ်
၂၂း၄၀ - ၂၄း၄၀	ကန်
၂၄း၄၀ - ၂း၄၀	တူ
၂း၄၀ - ၄း၄၀	ဗြိစ္ဆာ
၄း၄၀ - ၆း၄၀	ဓနု

မတ်လ (၁၄)ရက်မှ ဧပြီလ (၁၂)ရက်အထိ

မွေးချိန်	လဂ်
၆း၁၀ - ၈း၁၀	မိန်
၈း၁၀ - ၁၀း၁၀	မိသ
၁၀း၁၀ - ၁၂း၁၀	ပြိသ
၁၂း၁၀ - ၁၄း၁၀	မေထုန်
၁၄း၁၀ - ၁၆း၁၀	ကရကဋ်
၁၆း၁၀ - ၁၈း၁၀	သီဟ်
၁၈း၁၀ - ၂၀း၁၀	ကန်
၂၀း၁၀ - ၂၂း၁၀	တူ
၂၂း၁၀ - ၂၄း၁၀	ဗြိစ္ဆာ
၂၄း၁၀ - ၂း၁၀	ဓနု
၂း၁၀ - ၄း၁၀	မကာရ
၄း၁၀ - ၆း၁၀	ကုမ်

ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အထိ

မွေးချိန်	လဂ်
၀း၄၅ - ၀း၄၅	မိသ
၀း၄၅ - ၀း၄၅	ပြိသ
၀း၄၅ - ၁၁း၄၅	မေထုန်
၁၁း၄၅ - ၁၃း၄၅	ကရကဋ်
၁၃း၄၅ - ၁၅း၄၅	သီဟ်
၁၅း၄၅ - ၁၇း၄၅	ကန်
၁၇း၄၅ - ၁၉း၄၅	တူ
၁၉း၄၅ - ၂၁း၄၅	ဗြိစ္ဆာ
၂၁း၄၅ - ၂၃း၄၅	ဓနု
၂၃း၄၅ - ၀၁း၄၅	မကာရ
၀၁း၄၅ - ၀၃း၄၅	ကုမ်
၀၃း၄၅ - ၀၅း၄၅	မိန်

www.burmeseclassic.com

www.burmeseclassic.com

ဩဂုတ်လ (၁၇)ရက်မှ စက်တင်ဘာလ (၁၆)ရက်အတွင်း

မွေးချိန်	လက်
၅း၄၀ - ၆း၄၀	သိဟ်
၆း၄၀ - ၇း၄၀	ကန်
၇း၄၀ - ၁၀း၄၀	တူ
၁၀း၄၀ - ၁၃း၄၀	ဗြိစ္ဆာ
၁၃း၄၀ - ၁၅း၄၀	ဓနု
၁၅း၄၀ - ၁၈း၄၀	မကာရ
၁၈း၄၀ - ၂၀း၄၀	ကုမ်
၂၀း၄၀ - ၂၂း၄၀	မိန်
၂၂း၄၀ - ၀း၄၀	မိသ
၀း၄၀ - ၂း၄၀	ဗြိသ
၂း၄၀ - ၅း၄၀	မေထုန်
၅း၄၀ - ၅း၄၀	ကရကဋ်

စက်တင်ဘာလ (၁၆)ရက်မှ အောက်တိုဘာလ (၁၇)ရက်အတွင်း

မွေးချိန်	လက်
၅း၄၀ - ၆း၄၀	သိဟ်
၆း၄၀ - ၇း၄၀	ကန်
၇း၄၀ - ၁၀း၄၀	တူ
၁၀း၄၀ - ၁၃း၄၀	ဗြိစ္ဆာ
၁၃း၄၀ - ၁၅း၄၀	ဓနု
၁၅း၄၀ - ၁၈း၄၀	မကာရ
၁၈း၄၀ - ၂၀း၄၀	ကုမ်
၂၀း၄၀ - ၂၂း၄၀	မိန်
၂၂း၄၀ - ၀း၄၀	မိသ
၀း၄၀ - ၂း၄၀	ဗြိသ
၂း၄၀ - ၅း၄၀	မေထုန်
၅း၄၀ - ၅း၄၀	ကရကဋ်

အောက်တိုဘာလ (၁၇)ရက်မှ နိုဝင်ဘာလ (၁၅)ရက်အတွင်း

မွေးချိန်	လက်
၅း၅၅ - ၆း၅၅	တူ
၆း၅၅ - ၉း၅၅	ဗြိစ္ဆာ
၉း၅၅ - ၁၁း၅၅	ဓနု
၁၁း၅၅ - ၁၃း၅၅	မကာရ
၁၃း၅၅ - ၁၅း၅၅	ကုမ်
၁၅း၅၅ - ၁၈း၅၅	မိန်
၁၈း၅၅ - ၂၀း၅၅	မိသ
၂၀း၅၅ - ၂၂း၅၅	ဗြိသ
၂၂း၅၅ - ၁း၅၅	မေထုန်
၁း၅၅ - ၃း၅၅	ကရကဋ်
၃း၅၅ - ၅း၅၅	သိဟ်
၅း၅၅ - ၅း၅၅	ကန်

နိုဝင်ဘာလ (၁၆)ရက်မှ ဒီဇင်ဘာလ (၁၅)ရက်အတွင်း

မွေးချိန်	လက်
၅း၅၅ - ၈း၅၅	ဗြိစ္ဆာ
၈း၅၅ - ၁၀း၅၅	ဓနု
၁၀း၅၅ - ၁၂း၅၅	မကာရ
၁၂း၅၅ - ၁၄း၅၅	ကုမ်
၁၄း၅၅ - ၁၆း၅၅	မိန်
၁၆း၅၅ - ၁၈း၅၅	မိသ
၁၈း၅၅ - ၂၀း၅၅	ဗြိသ
၂၀း၅၅ - ၂၂း၅၅	မေထုန်
၂၂း၅၅ - ၀း၅၅	ကရကဋ်
၀း၅၅ - ၂း၅၅	သိဟ်
၂း၅၅ - ၄း၅၅	ကန်
၄း၅၅ - ၅း၅၅	တူ

ဒီဇင်ဘာလ (၁၆)ရက်မှ ဇန်နဝါရီလ (၁၃)ရက်အတွင်း

မွေးချိန်	လက်
၅း၅၅ - ၈း၅၅	ဓနု
၈း၅၅ - ၁၀း၅၅	မကာရ
၁၀း၅၅ - ၁၂း၅၅	ကုမ်
၁၂း၅၅ - ၁၄း၅၅	မိန်
၁၄း၅၅ - ၁၆း၅၅	မိသ
၁၆း၅၅ - ၁၈း၅၅	ဗြိသ
၁၈း၅၅ - ၂၀း၅၅	မေထုန်
၂၀း၅၅ - ၂၂း၅၅	ကရကဋ်
၂၂း၅၅ - ၀း၅၅	သိဟ်
၀း၅၅ - ၂း၅၅	ကန်
၂း၅၅ - ၄း၅၅	တူ
၄း၅၅ - ၅း၅၅	ဗြိစ္ဆာ

မေလ (၁၄)ရက်မှ ဇွန်လ (၁၄)ရက်အတွင်း

မွေးချိန်	လက်
၅း၂၅ - ၆း၂၅	ဗြိသ
၆း၂၅ - ၉း၂၅	မေထုန်
၉း၂၅ - ၁၁း၂၅	ကရကဋ်
၁၁း၂၅ - ၁၃း၂၅	သိဟ်
၁၃း၂၅ - ၁၅း၂၅	ကန်
၁၅း၂၅ - ၁၈း၂၅	တူ
၁၈း၂၅ - ၂၀း၂၅	ဗြိစ္ဆာ
၂၀း၂၅ - ၂၂း၂၅	ဓနု
၂၂း၂၅ - ၀း၂၅	မကာရ
၀း၂၅ - ၂း၂၅	ကုမ်
၂း၂၅ - ၅း၂၅	မိန်
၅း၂၅ - ၅း၂၅	မိသ

ဇွန်လ (၁၄)ရက်မှ ဇူလိုင်လ (၁၅)ရက်အတွင်း

မွေးချိန်	လက်
၅း၂၀ - ၆း၂၀	မေထုန်
၆း၂၀ - ၉း၂၀	ကရကဋ်
၉း၂၀ - ၁၁း၂၀	သိဟ်
၁၁း၂၀ - ၁၃း၂၀	ကန်
၁၃း၂၀ - ၁၅း၂၀	တူ
၁၅း၂၀ - ၁၈း၂၀	ဗြိစ္ဆာ
၁၈း၂၀ - ၂၀း၂၀	ဓနု
၂၀း၂၀ - ၂၂း၂၀	မကာရ
၂၂း၂၀ - ၀း၂၀	ကုမ်
၀း၂၀ - ၂း၂၀	မိန်
၂း၂၀ - ၅း၂၀	မိသ
၅း၂၀ - ၅း၂၀	ဗြိသ

ဇူလိုင် (၁၆)ရက်မှ ဩဂုတ်လ (၁၆)ရက်အတွင်း

မွေးချိန်	လက်
၅း၃၀ - ၆း၃၀	ကရကဋ်
၆း၃၀ - ၉း၃၀	သိဟ်
၉း၃၀ - ၁၁း၃၀	ကန်
၁၁း၃၀ - ၁၃း၃၀	တူ
၁၃း၃၀ - ၁၅း၃၀	ဗြိစ္ဆာ
၁၅း၃၀ - ၁၈း၃၀	ဓနု
၁၈း၃၀ - ၂၀း၃၀	မကာရ
၂၀း၃၀ - ၂၂း၃၀	ကုမ်
၂၂း၃၀ - ၀း၃၀	မိန်
၀း၃၀ - ၂း၃၀	မိသ
၂း၃၀ - ၅း၃၀	ဗြိသ
၅း၃၀ - ၅း၃၀	မေထုန်

(၂၀၁၆)ခုနှစ်၊ မေလအတွက် နက္ခတ်ဗေဒင်ဟောစာတမ်း

သိုးလား (Aries)

ဆွေမျိုးသားချင်း၊ အနီးနေသူ စတဲ့ လူယုံ သတ်၍ မိမိလုပ်ငန်း၊ ကိုယ်ရေးကိုယ်တာ ရည်ရွယ်ချက်များ ရပ်တန့်ဆုံးရှုံး နစ်နာရတတ်၏။ သတိရှိမှ တော်တော်မည်။ အပူရှပ်ပြီးမှ အအေးပတ်လာတတ်၍ ရေခဲရေဆာက်ခြင်း၊ ရေချိုးခြင်း ဆင်ခြင်ပါ။ ငွေကြေးအခက်အခဲ အရှုပ်အထွေး ဖြစ်တတ်ပါတယ်။ အချစ်နှင့် ပတ်သက်လာလျှင် မိုးမခြင် လေမခြင်ရောက်အောင် မှားယွင်းတတ်၏။ ဝင်ငွေနည်းသော်လည်း ယခင်ကထက် စုငွေစုဆောင်းမိသည်ကို အံ့သြစွာတွေ့ရလိမ့်မည်။ ကိုယ့်ပမာဏကို မဆင်ခြင်တတ်ပါက အကြွေးတင်နေမှာ သေချာ၏။ အိမ်ထောင်ပြုလိုသူများ အလျင်စလို အိမ်ထောင်ပြုဖြစ်သွားတတ်၏။ နိုင်ငံရပ်ခြား နယ်စပ်ဒေသရောက် အလုပ်သမားများ ထမင်းစား ဝမ်းပေါင် ဖြစ်နေတတ်ပါသည်။ ယခင် အစာအိမ်လေနာ ဖြစ်ခဲ့ဖူးသူများ အနာဟောင်း ပြန်ပေါ်

www.burmeseclassic.com

www.burmeseclassic.com

တတ်၍ အစားအသောက် သတိထားပါ။ အလုပ်အကိုင် ပြောင်းလဲချင်စိတ် ပေါက်နေတတ်၏။ မပြောင်းသင့်တဲ့ ကာလပါ။ ဥယျာဉ်ခြံမြေဖြင့် လုပ်ကိုင်စားသောက်သူများ စိတ်ချမ်းသာလောက်အောင် အကျိုးအမြတ် ခံစားရမည်။ စာပေသမား အဆင်မပြေသော်လည်း အနုပညာသမားများ ကတော့ ဘဝနှင့်ဆန္ဒ ထပ်တူကျနေပေမည်။ ရွှေကုန်သည်များ အရင်းအနှီး မတိုးမြှင့်သင့်ပါ။ ဘာပဲလုပ်လုပ် (၁၅၊ ၁၆)နှင့် (၂၇၊ ၂၈)ရက်များကို ဆောင်ပါ။

ယတြာ - ဆံတော်ရှင်စေတီ တစ်ဆူဆူအား မွေးနေ့တွင် အားရပါးရ သွားဖူးပြီး နန္ဒင်းမကင်းမုန့် နိုင်သလောက် ဝယ်ကာ ဆွမ်းခံကိုယ်တော်အား လောင်းလှူပါ။

ပြိဿလင် (Taurus)

ကျန်းမာရေး ညံ့တတ်၏။ အထူးအားဖြင့် ဦးခေါင်းနှင့် ပတ်သက်တဲ့ ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်၏။ ခေါင်း အုံ၊ ခေါင်းကိုက်၊ ခေါင်မူး၊ သွေးတိုး၊ သွေးတက်တတ်၏။ အခန့်မသင့်က ဆေးရုံ၊ ဆေးခန်း ရောက်သည်အထိ ဖြစ်သွားတတ်၏။ ဝေဒနာလွန်ကဲနေချိန် အကြင်နာသံယောဇဉ်မဲ့တဲ့ ပြောဆိုပြုမူခြင်းနှင့် တွေ့ရ၍ ဝေဒနာတိုးသွားတတ်၏။ အိမ်ထောင်ရှင်များ အိမ်ထောင် ဖက်အပေါ် အထူးဂရုစိုက်ပေးပါ။ ယခုလတွင် အိမ်ထောင် ဖက်ရဲ့ ဝေဒနာကို ဆရာဝန်ထက် ကုစားပေးနိုင်သည်ကို ယုံကြည်စွာ သတိပြုလိုက်ပါ။ ဂုဏ်မက်လွန်းတဲ့ စိတ်ကို လျှော့ချပြီး ဂုဏ်မောက်တဲ့ ပြုမူပြောဆိုခြင်းကို အတတ် နိုင်ဆုံး လျှော့ချနိုင်မှ အရာရာအဆင်ပြေမည်။ အိမ်မှာ ထိုင်နေပြီး ပါးစပ်ဖြင့် လုပ်ကိုင်နေသူများ အဆင်ပြေနေ မည်။ လက်နက်ကိုင်တပ်ဖွဲ့များ၊ တိုက်ခိုက်ရေး အားကစား သမားများ ဒဏ်ရာကြီးငယ် ရတတ်၏။ သားသမီးအရေး တွေးပူနေရသည်များ လျှော့နည်းပပျောက်သွားမည်။ မချစ် တတ်တဲ့ မိဘ၊ ဆရာသမားများ သံယောဇဉ် မွားထားမိ တတ်၏။ အင်္ဂါ၊ စနေနံ့သင့် ပစ္စည်းများ ထုတ်လုပ်ဖြန့်ချိ ရောင်းဝယ်ဖောက်ကားသူများ အရင်းအနှီး လျှော့ချပြီး ဟန့်မပျက်ရုံသာ လုပ်ကိုင်ပါ။ မယုံလို့ အရင်းအနှီး မြှင့် တင်မိလျှင် ရှေ့တိုး ထမ်းပိုး၊ နောက်ဆုတ် လှည်းတုတ် ဆိုသလို မလူးသာ မလွန့်သာ ဖြစ်နေလိမ့်မည်။ (၂၀)ရက် နောက်ပိုင်းမှ ကိုယ်ရေးကိုယ်တာ ဆောင်ရွက်ချက်များ အဆင်တပြေ ရှိလာမည်။ (၁၉၊ ၂၀)နှင့် (၂၇၊ ၂၈)ရက် (၄)ရက်ကို လုပ်ငန်းသစ်အတွက် ရှောင်ပေးပါ။

ယတြာ - ပဲဆီ၊ နှမ်းဆီ (၂)မျိုးကို မိမိနိုင်သလောက် သီလရှင် စာသင်တိုက်သို့ လှူဒါန်းပေးပါ။ မလွယ်ကူနိုင် သူများ ပဲဟင်းဆွမ်း ချက်ပြီး လောင်းလှူပါလေ။

မေထုန်လင် (Gemini)

ရစရာရှိသည်များ မရနိုင်ဘဲ မှိုင်နေ တတ်၏။ အပြောအဆို စည်းလုတ် ပ လုတ် ပြောဆိုနေတတ်၏။ ဆင်ခြင်ထ လေ။ အချစ်နုသူများ ယခင်လို မပြ မယုယမိ၍ စိတ်ခုနေခြင်းကို ခံရတတ်၏။ ငွေကြေးကို ဆိုပါက လက္ခဏာနိမိ် (၁၀)ရက်လောက်မှ အဆင်ပြေမည် အိမ်ထောင်ပြုလိုသူများ မသေချာ မရေရာတဲ့ သတင်းစကား ကြားရ၍ စိတ်ပျက်နေရတတ်၏။ အရာရာ အဆင်မပြေ ပါလားလို့ ညည်းတွားချင်လောက်အောင် စိတ်အားငယ်စေ မည်။ စစ်သည်တော်များ၊ ရဲတပ်သားများ၊ တိုက်ခိုက်ရေး အားကစားသမားများ၊ ဆန်၊ ပဲ၊ နှမ်း ကုန်သည်များ ရွှေ လက်၊ မျက်စိ တစ်ခုခု ထိခိုက်ဒဏ်ရာရတတ်၏။ မေထုန် ရာသီလင်းသမားများ ရှေ့နောက်ပြောင်းပြန် ကသိကအောက် နိုင်လွန်းတဲ့ ကာလပါ။ (၁၀၊ ၁၁)နှင့် (၂၄၊ ၂၅)ရက်များ တွင် ကောင်းတဲ့မင်္ဂလာသတင်းများ ကြားရတတ်ပြီး ရင် မှန်းချက်များလည်း အောင်မြင်တတ်ပါသည်။ ဝါသနာ မိတ်ဆွေများကို ခဏတာ ရှောင်ရှားပြီး အပေါင်းအသင်း သစ်၊ နယ်မြေသစ် ရှာဖွေနိုင်မှ သက်သာရာရပေမည်။ ရှေ့နေ၊ ပွဲစားများ အလုပ်အကိုင် အဆင်မပြေနိုင်ပါ။ စာ အနုပညာရပ်ဝန်းမှ အထူးအားဖြင့် သရုပ်ဆောင်များ လစ် လောက် အဆင်ပြေနေပြီး တတိယပတ်လောက်မှ အဆ မပြေခြင်း စတင်တွေ့လာရမည်။ ဉာဏ်ဖြင့် ဆင်ခြင်ထ အပေးအယူလုပ်ပါ။

ယတြာ

မွေးနေ့ မနက်တွင် ရှင်ရဟန်း(၃)ပါးကို ဒိန်ခ ဝယ်ကပ်လိုက်ပါ။ အရာရာ အဆင်တပြေ ဖြစ်သွားပေ မည်။

ကရကဋ်လင် (Cancer)

သားရေး သမီးရေး တွေးတောပူပန်ဆုံး ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

တတ်၏။ ဤလတွင် ကလေး မွေးဖွားမည့် ကိုယ်ဝန်ဆောင်မိခင်များ (၁၉၊ ၂၀၊ ၂၁)ရက်များကို ရှောင်သင့်၏။ မရှောင်နိုင်က ခက်ခဲစွာ မွေးဖွားရတတ်ပါသည်။ ငွေကြေးအခက်အခဲ ကြုံရတတ်၏။ အချစ်ရေးမှာ စိုးရိမ်မကင်းနိုင်ဘဲ ရှိနေမည်။ အချစ်ကြောင့် ပြဿနာဖြစ်တတ်၏။ အိမ်ထောင်ရေး အကြောင်း မတွေးတာ ဖိုကောင်းပါသည်။ လူငယ်လူရွယ်များဆိုပါက အချစ်ကြောင့် ကိုယ်ပိုင်စည်းကမ်းများ ပျက်စီးကာ ပရမ်းပတာ ဖြစ်နေတတ်၏။ အတိုက်အခံလုပ်ရသော နိုင်ငံရေးပါတီအလုပ်ကို လုပ်ကိုင်ပါက အောင်မြင်သည်။ အိုးသစ်အိမ်သစ် ပြောင်းရွှေ့ရတတ်၏။ ကောင်းသော ပြောင်းရွှေ့ခြင်းပါ။ အထူးသတိထားရမှာ စည်းရုံးခြင်းပါ။ နိုင်ငံရေး၊ ဘာသာရေး၊ လူမျိုးရေး တစ်ခုခုအတွက် စည်းရုံးလှုံ့ဆော်မိလျှင် ကောင်းကျိုးမထင် ဆိုးကျိုးဝင်လာတတ်ပါသည်။ သစ်လုပ်ငန်းရှင်များ ဝင်ငွေကောင်းတဲ့လပါ။ ညီသည့်လုပ်ငန်းပဲလုပ်လုပ် ခွဲ၊ လှဲ၊ ဝီရိယ လျော့နည်းနေတတ်၏။ တစ်လွဲဆံပင်ကောင်း ဆိုသကဲ့သို့ ခွဲမကောင်း သင့်သည်၌ ခွဲကောင်းနေတတ်၏။ ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်ရေးဆိုင်ရာ လုပ်ငန်းရှင်များအားလုံး အကျိုးအမြတ် ခံစားရမည်။ ဖိမ်ခံပစ္စည်း ရောင်းဝယ်သူများ သိသိသာသာ ခြွတ်စွန်းမည်။

ဆတ်ကြာ

ပထမပတ် မွေးနေ့တွင် မြောက်အရပ်သို့ မျက်နှာမူ၍ (၁၊ ဖ၊ ဗ၊ ဘ၊ မ)အက္ခရာ အသံထွက်ပါသော ခေါင်းလျှော်ရည် တစ်မျိုးမျိုးဖြင့် ခေါင်းလျှော်လိုက်ပါ။

သိဟ်လဂ် (Leo)

အမှောင်ကင်းတဲ့ အမှောင်လောကကို စိတ်ဝင်တစား ရှိနေတတ်၏။ မျက်ကန်းတစ္ဆေမကြောက် ဆိုသလို မဖြစ်ပါစေနှင့်။ ပညာရှိနှင့် တိုင်ပင်ကာ ဆောင်သင့်ရာဆောင်၊ ရှောင်သင့်ရာ ရှောင်ပါ။ အိမ်ထောင်ရေးမှာ အာဂ်ဘာဂ်က ပြီးပြည့်စုံနေပါလျက် မသာယာနိုင်၊ စံအေးချမ်းရ ဖြစ်လာတတ်၏။ နေအိမ်၊ နေရာဒေသနှင့် ပြောင်းပြီး ပြဿနာခိုက်ရန် ဖြစ်ရတတ်၏။ သတိချပ်ပြီး ရှောင်ပါလေ။ လောဘအလို ပိုမလိုက်ဘဲ ဂုဏ်သိက္ခာပိုင်းကို ရှေ့တန်းတင်ကာ အလုပ်ကိုသာ ဖိဖိစီးစီး ကြိုးစားပါက ဝင်ငွေလာဘ်လာဘ သိသိသာသာ တိုးလိမ့်မည်။ ငွေကြေးရော အချစ်ရေးပါ အဆင်ပြေနေတတ်၏။ ပညာရေးကတော့ အနည်းငယ် အားနည်းနေမည်။ အိမ်ထောင်ပြုရန် ရည်ရွယ်သူများ စကားအချေအတင် ပြောပြီးမှ အောင်မြင်သွားလိမ့်မည်။ ပြန်တမ်းဝင် အရာရှိအဆင့် ဆိုပါက ဆန့်စင်ရာကျည်ပွေ့လိုက်မနေဘဲ ကိုယ့်တာဝန်ကိုသာ ကျေပွန်အောင် ထမ်းဆောင်နေပါက အလုပ်ဂုဏ်ပြောင့်၍ ရာထူးတိုးတက်သွားလိမ့်မည်။ သင့်စိတ်ထဲတွင် ယခင် ကြိုစည်ထားသော လုပ်ငန်းအား ယခုလတွင် ဖြစ်အောင် အကောင်အထည် ဖော်လိုက်ပါ။ မုချအောင်မြင်လိမ့်မည်။ စက်ဘီး၊ ဆိုင်ကယ် ရောင်းဝယ်သူများ ရောင်းရေးဝယ်တာ မကောင်းနိုင့်ပါ။ ဝယ်ဖို့ ကြိုစည်သူများ မဝယ်ဖြစ်ပါ။ ဘာပဲပြောပြော ဘာပဲလုပ်လုပ် (၂၊ ၃)နှင့် (၂၉၊ ၃၀)ရက်များကို ရှောင်ပါလေ။

ယတြာ

အောင်သပြေ(၉)ညွှန့်ကို ဟာနင်္ဂနေထောင့် ဂြိုဟ်တိုင်ဘုရားတွင် ဆက်ကပ်လှူဒါန်းပြီးနောက် သောကြာထောင့် ဂြိုဟ်တိုင်ဘုရားတွင် လိုရာဆုတောင်းကာ ရှိခိုးဦးချပါလေ။

ကန်လဂ် (Virgo)

ကြိုးစားသလောက် အဖတ်မတင်နိုင်တဲ့ ကာလပါ။ အကျိုးမထင် ကျေးဇူးမတင်တဲ့အပြင် အပြစ်မြင်ခံနေရတတ်၏။ လူကြီးသူမ ကူညီမှုကြောင့် လုပ်ငန်းသစ်ထူထောင်နိုင်ပြီး ဂုဏ်သတင်း ကျော်စောနေတတ်၏။ အလှကုန်၊ အလှပြင်နှင့်ပတ်သက်တဲ့ ထောက်ကူပစ္စည်း ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသူများ လူတကာ အထင်ကြီးလောက်အောင် ပေါက်မြောက်အောင်မြင်မည်။ ကိုယ်ဝန်ဆောင်မိခင် ဆိုပါက ကလေးမွေးရေးအတွက် တစ်ခုမဟုတ်တစ်ခု ခက်ခဲနေမည်။ သက်သက်မဲ့ အိမ်လာလည်သူများ ရှိလာပါက မငြိုငြင်ပါနှင့်။ ပူတင်း၊ ပေါက်စီ၊ ပိန္နဲသီးလွယ်ရာတစ်ခုခုကို ကျွေးမွေးလိုက်ပါ။ သိပ်မကြာခင် အဆင်ပြေခြင်းနှင့် ကြုံတွေ့ရမည်။ နိုင်ငံရပ်ခြားသွားပြီး စီးပွားရှာလိုသူများ အဆင်တပြေ သွားရလိမ့်မည်။ ရောက်နေပြီးသူများ အထူးအောင်မြင်နေမည်။ အတွေ့ဟိတ ရှေးရှူတဲ့ ပရဟိတသမားများ ဖမ်းခေါ်ချုပ်နှောင်ခံရတတ်၏။ စီမံကိန်း၊ စာရင်းအင်း

www.burmeseclassic.com

www.burmeseclassic.com

ဝန်ထမ်းများ မနာလိုဝန်တိုသူများရဲ့ အကွက်ချ ကြိစည်မှုကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရတတ်၏။ အနုပညာဖန်တီးရှင်များ ထိပ်တန်းရောက်မည်။ ပဲတောင်သူများ မိုးကောင်းတုန်း ရေခဲမိ၍ နောင်တ,ရနေတတ်၏။ အိမ်ထောင်ရှင်များ. နီးလျက် ဝေးနေမည်။ (၁၇၊ ၁၈)နှင့် (၂၅၊ ၂၆)ရက်များကို ယခုလ စာင်မည့် လုပ်ငန်းအတွက် ရက်ရာဇာသဖွယ် မှတ်ပါလေ။

ယတြာ

ပျားရည်ဖြင့် ဖော်စပ်သော မြန်မာ့ဆေးတစ်မျိုးမျိုးကို နိုင်သလောက် ဝယ်ပြီး ဘိုးဘွားရိပ်သာ (သို့မဟုတ်) အဘိုး၊ အဘွားများကို လှူပေးပါ။

တူလာ (Libra)

သူ အရင်လို မဟုတ်တော့ဘူးလို့ မှတ်ချက်ချလာရလောက်အောင် ကိုယ်ကျင့်တရား၊ ကိုယ်ပိုင်စည်းကမ်းများ ခဏာတာ ဝေးနေမည်။ မစုဆောင်းမိနိုင်တဲ့ ငွေကြေးကြောင့် အတွေးမှားကာ လမ်းလွဲမနေပါနှင့်။ တစ်နေ့တာ လုပ်ဆောင်ဖွယ်ရာကိုသာ ပြီးစီးအောင် လုပ်ပါ။ မုချအဆင်ပြေသွားပါလိမ့်မည်။ တစ်ခုသတိထားရမှာက အကြင်နာရော ဒေါသပါ ဆေးအဖြစ်တောင် အာရုံမပြုပါနှင့်။ ဆေးမဖြစ်သဲ့ ဘေးဖြစ်တတ်ပါသည်။ ပညာရေး စိတ်မဝင်စားသလို ဖြစ်နေမည်။ ယင်းစိတ်ကြောင့်ပင် မှတ်ဉာဏ်များလည်း လျော့နည်းနေပေမည်။ ငယ်ရွယ်သူဖြစ်ပါက မိသားစုအလယ်တွင် မျက်နှာငယ်ရလောက်အောင် အမှားအယွင်းများ ပြုမူမိတတ်၏။ စိတ်သာပဓေန လွှဲဘဝမို့ ကိုယ့်စိတ်ကို တည်ငြိမ်အောင်သာ ကြိုးစားပေးပါ။ အားလုံးအဆင်တပြေ ဖြစ်သွားလိမ့်မည်။ (၄၊ ၅)နှင့် (၈၊ ၉)ရက်များကို ရှောင်ပါ။ (၁၀၊ ၁၁)နှင့် (၂၉၊ ၃၀)ရက်များကို ဆောင်ပါ။

ယတြာ - မိမိယုံကြည်ရာ ဂါထာတစ်ပုဒ်ကို မွေးနေ့ လေးပတ်တိတိ သက်စေ့ရွတ်ဆိုပူဇော်ပါ။ စိုတ်တည်ငြိမ်လာပြီး ဆိုးကျိုးကင်းပျောက် ကောင်းကျိုးရောက်လိမ့်မည်။

ပြိဿာလ် (Scorpio)

ငါကောင်းတယ်၊ ငါမှန်တယ်ဆိုတဲ့ အယူအဆကို တင်းမာစွာ ဆုပ်ကိုင်မထားပါနှင့်။ ဘေးသင့်လာတတ်ပါ

သည်။ ဆီးစပ်၊ အင်္ဂါဇာတ်တွင် မထင်မှတ်ဘဲ ဒဏ်ရာရတတ်၏။ ပန်းသေပန်းညိုး ဖြစ်တတ် ပါသည်။ နိုင်ငံရေး ဘာသာရေး စည်းရုံးလှုပ်ရှားခြင်း မပြုပါနှင့်။ ပြုမိလျှင် တောင်မင်းကို မြောက်မင်းမကယ်နိုင်ခဲ့တစ်ယောက်တည်း ဒုက္ခခံရကိန်း ဆိုက်လိမ့်မည်။ အလုပ်ထဲတွင် အမှားအယွင်း ကြုံတတ်၏။ ပညာရေးဆိုင်ရာ လုပ်ငန်းများ လုပ်ကိုင်သူများ အလုပ်အဆင်ပြေသော်လည်း အမှားအယွင်း တစ်ခုခုကြောင့် နောက်ပြန်သွားနေရမည်။ အလုပ်သစ် စတင်သူများ တုတိယပတ်လောက်မှ အဆင်ပြေမည်။ အိမ်ထောင်ရှင်များ မိမိဆန္ဒ၊ မိမိအကြိုက်အစည်ထဲက အိမ်ထောင်ဖက်ရဲ့ဆန္ဒ၊ အကြိုက်အစည်အတိုင်း ဦးစားပေး လုပ်ကိုင်မှ အောင်မြင်မည်။ (၁၂၊ ၁၃၊ ၁၄)ရက်များတွင် ဂုဏ်သိက္ခာ တိုးတက်မြင့်မားခြင်း (သို့မဟုတ်) လက်ဆောင်ပဏ္ဏာသရခြင်း တစ်ခုခု စိတ်ချမ်းမြေ့ဖွယ်ရာ ကြုံလာလိမ့်မည်။ ဤလတွင် အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ သားသမီးများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း မပြုပါနှင့်။ အန္တရာယ်နှင့် စာပေအနုပညာ ထုတ်လုပ်ဖြန့်ချိသူများ (၂၁)ရက်ကျော်မှ ဖြန့်ချိပါ။ အထူးအကျိုးပေးပါလိမ့်မည်။ မည်သည့်ကိစ္စမဆို (၆၊ ၇)နှင့် (၁၉၊ ၂၀)ရက်များကို ရှောင်ပါ။

ယတြာ

စန္ဒာဘရာဆိုတဲ့ ကုလားမုန့် ဝယ်ပြီး အိမ်ရှိ ဘုရားထဲ ဆွမ်းကပ်ပါ။ ပြီးလျှင် မေတ္တာသုတ်ကို စာအုပ်ကြည့်ပြီး (၉)ခေါက်ရွတ်ပါ။ ဘေးရန်ကင်းကွာ ချမ်းသာရလိမ့်မည်။

ဓနုလ် (Sagittarius)

ကျန်းမာရေး ဂရုစိုက်ပေးပါ။ ဆီးကျွတ်ဆီးအောင့်ပြီး ခေါင်းအုံနေတတ်၏။ ရသင့်ရထိုက်တဲ့ ငွေကြေးလာဘ်လာဘများ လွယ်လွယ်မရနိုင်ဘဲ စကားဖြင့် လှည့်ပတ်ခြင်းကို ခံရတတ်၏။ သားရေး သမီးရေး စိတ်မအေးနိုင်ပါ။ ငယ်ရွယ်သူများ အချစ်ရေးမှာ နောက်ဆုံး စကား ဆိုရတတ်၏။ ရှေ့နေ၊ ပွဲစား၊ ဟောပြောစည်းရုံးသူများ ထင်သလောက် မအောင်မြင်နိုင်ပါ။ စစ်၊ ဆေးဓာတ်သတ္တု တူးဖော်ရေး လုပ်သားများ အနစ်နာခံ ကြိုးစားသော်လည်း အကျိုးအမြတ် ခံစားရခါနီးမှ ခရီးဝေးသွားရတတ်၏။ ကြီးငယ်ရွယ်သူတို့ အားလုံးပင် ဂုဏ်သိက္ခာ

www.burmeseclassic.com

www.burmeseclassic.com

ကျဆင်းရတတ်၍ မသွားသင့်တဲ့ အရပ်ဒေသများ မသွားဘဲ ရှောင်ပါ။ အထူးအားဖြင့် အရှေ့မြောက်ထောင့်အရပ်ရှိ ဧရာအိုကော၊ ကေတီဗီ စတဲ့ အမှောင်လောကများ ရှောင်ပါလေ။ လကုန်ခါနီး နောက်ဆုံးပတ်တွင် ဝမ်းသာစရာများ ဆက်တိုက်ဆိုသလို တွေ့ရတတ်၏။ ဟိုတယ်သင်တန်း၊ ဆေးဝါးသင်တန်း၊ ကျောက်မျက်သင်တန်းများ တက်ရောက်သင်ယူမည့်သူများ အခက်အခဲတွေ့ပြီးမှ အောင်မြင်မည်။ နာရီဆိုင်များ အရောင်းသွက်မည်။ ပိုးသတ်ဆေးမျိုးစုံ ထုတ်လုပ်ဖြန့်ချိသူများ အောင်မြင်မည်။ စားသောက်ဆိုင်များ၊ စတိုးဆိုင်များ ထင်သလောက် အဆင်မပြေနိုင်။ ဘာသာရေးစာပေ ရေးသား၊ ထုတ်ဝေ၊ ဖြန့်ချိသူများ မဆိုင်တဲ့ ပြဿနာ တက်လာတတ်၏။ ဝေဖန်ရေးဆောင်းပါးများ ရေးသားသင့်တဲ့ ကာလပါ။ ဆေးဆရာ၊ ဗေဒင်ဆရာ စတဲ့ လောကဓာတ်ပညာဖြင့် သက်မွေးဝမ်းကျောင်းပြုသူများ စကားစစ်ထိုးခြင်းကို ရှောင်ပါလေ။ မရှောင်နိုင်က ပြင်မရလောက်အောင် မှားသွားတတ်ပါသည်။

ထိတြာ

ဗိုလ်တထောင်စေတီတော် အင်္ဂါထောင့်တွင် ရွက်လှန်း လျှပြီး လိုရာဆွတောင်းပါ။ မလွယ်ကူသူများ ထီးဖောင်း၊ ဖိနပ်ဟောင်းများကို အင်္ဂါထောင့်သို့ စွန့်ပစ်လိုက်ပါ။

မကာရလ် (Capricon)

အမှန်တရားနှင့် တရားမျှတမှုကို နှစ်သက်သော်လည်း ရန်ကိုရန်ချင်း မတုပမိအောင် ရှောင်ပါလေ။ ရှောင်နိုင်လေလေ လာဘ်ရလေလေပါ။ လက်ရှိ နေအိမ်အပေါ် စိတ်တိုင်းမကျ ဖြစ်နေမည်။ ပြောင်းရွှေ့ရလျှင်လည်း ကောင်း၏။ အချစ်ရေးလူပ်ရှားသူများ နောက်ဆုံးထတ်တွင် အဆင်တပြေ ဖြစ်သွားမည်။ သို့သော် အကြင်နာသံယောဇဉ်ကတော့ စိတ်တိုင်းကျ မဖြစ်နိုင်သေးပါ။ ရန်သူကို မိတ်ဆွေပြုနိုင်မှ ဥစ္စာကြေး၊ ပညာရေး၊ သားရေး သမီးရေး ကိစ္စများ အောင်မြင်မည်။ ဝီရိယစိုက်လွန်း၍ (တက်ကြွလွန်း၍) အကြွေးတင်သွားတတ်၏။ စိတ်ဓာတ်မကျပါနှင့်။ ပုံမှန်သာ လုပ်ဆောင်သွားပါ။ သင် အောင်မြင်ပါလိမ့်မည်။ အကြောင်းတစ်ခုခုကြောင့် စကားများရပြီး ပြဿနာတက်လာပါက ရှေ့နေမခေါ်ဘဲ ကိုယ့်ဘာသာ စေ့စပ်ဆွေးနွေးပါ။ ငြိမ်းအေးသွားလိမ့်မည်။ (၁၂၊ ၁၃၊ ၁၄)ရက်များတွင် အိမ်ထောင်ဖက်ရဲ့ တစ်မူထူးခြားတဲ့ အကြင်နာကို ရရှိလိမ့်မည်။ ကျန်းမာရေးအနည်းငယ် ညှဉ်တတ်၏။ ပရဟိတနှင့်ဆိုင်တဲ့ လုပ်ငန်းခွင် ပညာတစ်ခု လက်တွေ့ဆည်းပူးရလိမ့်မည်။ အိမ်၊ ခြံ၊ မြေ ရောင်းလိုပါက ရောင်းဖြစ်သွားပါလိမ့်မည်။ သို့သော် ဈေးကောင်းမရနိုင်ပါ။ စစ်၊ စစ်ဆရာဝန်၊ စစ်သူနာပြုများ မှတ်တမ်းဝင် ဂုဏ်ပြုလက်မှတ်များ ရိုးမြွှင့်ခံရတတ်၏။ (၁၅၊ ၁၆)နှင့် (၂၅၊ ၂၆) ရက်များကလွဲလို့ ကျန်နေ့များကို ဆောင်ပါလေ။

ယကြာ

လာဘ်လာဘရဖို့အတွက် စတီးပစ္စည်းတစ်ခုခု လှုံ့ဒါန်းပြီး ဂုဏ်သိက္ခာအတွက်မူ သောက်ရေသန့် နိုင်သလောက် လှူပေးလိုက်ပါ။ သိသာထင်ရှားပါလိမ့်မည်။

ကုမ်ဘ် (Aquarius)

အလုပ်မလုပ်ဘဲ ရှိတဲ့ပိုက်ဆံ ထိုင်ဖြန်းနေတယ်ဆိုတဲ့ နာမည်ဆိုး ကင်းပျောက်ပြီး မျက်နှာပန်းလှ မျက်နှာရတဲ့ ဘဝသို့ ရောက်နေမည်။ သို့သော် သင်ကိုယ်တိုင်ကတော့ အလုပ်တွင် စိတ်ညစ်နေရတတ်၏။ မိသားစု စိတ်ချမ်းသာရေး အလေးပေးပြီး အလုပ်တွင် စိတ်နှစ်ထားလိုက်ပါ။ ပညာသင်လူငယ်များ ပညာဆက်မသင်ချင် ဖြစ်နေတတ်၏။ အချစ်က ဘဝရဲ့ အဆိပ်ဖြစ်လာနိုင်၍ အနှစ်မပါတဲ့ အချစ်ကို ခဏတာ အောင့်အည်းထားလိုက်ပါ။ ထူးခြားတဲ့ အောင်မြင်မှု ရလိမ့်မည်။ အိမ်ထောင်ရှင်များကတော့ အိမ်ထောင်ရေး သာယာလိုက်၊ မသာယာလိုက်ပါ။ သူမှား ကိုယ်မှား ဖြစ်နေတတ်၏။ လက်ရှိကာလမှာ အတိုက်အခံကို လေ့ကားထစ်သဖွယ် ထင်မှတ်သင့်၏။ ဒိုင်းကာ၊ ကျောက်ဆောင်သဖွယ် စိတ်က ထင်မှတ်မနေသင့်ပါ။ ပိုက်ဆံဝင်ငွေထက် ဂုဏ်သတင်း ကျော်စောနေမည်။ အတိတ်ဟောင်းတစ်ခု ပြဿနာတွေ့ပြီး ဝင်လာတတ်၏။ တကယ့် တကယ် ဝင်လာခဲ့ပါက အိမ်တွင် စကားမပြောဘဲ ပန်းခြံတစ်ခုတွင် ဖိနပ်ကို ဖင်ခုထိုင်ပြီး ပြောဆိုပါ။ ပြေလည်သွားလိမ့်မည်။ အနုပညာ၊ စာပေ၊ သရုပ်ဆောင်၊ တေးဂီတ သမားများ ပီတိပွားနေမည့်လပါ။ (၁၀၊ ၁၁)နှင့် (၂၀၊ ၂၁)ရက်များကိုဆောင် (၁၃၊ ၁၄)နှင့် (၂၃၊ ၂၄)ရက်များကို ရှောင်ပါလေ။

www.burmeseclassic.com

www.burmeseclassic.com

ယတြာ - ဗုဒ္ဓဝါဂုဏ်တော်ကို ပုတီး(၉)ပတ်စီ မွေးနေ့တိုင်း စိပ်ပေးပါ။ ပြီးလျှင် အိမ်ရှိ ဘုရားအား ပေါက်စီဆွမ်း ကပ်လှူ၍ လိုရာဆုတောင်းပါ။

မိန်လင်္ဂ (Pisces)

စာချု၊ တရားဟော၊ စာသင်စာပြ၊ ဟော ပြောရသူများ ဒုတိယပတ်အတွင်း လေ ပူထပြီး အစာအန်လာတတ်၏။ မအန် ခဲ့ပါက ဆန့်ကျင်ဘက်ဆန်တဲ့ အတွေး အခေါ်များ မခေါ်ဘဲ ပြေးဝင်လာနေမည်။ ဆင်ခြင်တုံတရား ဖြင့် ဖျောက်ပစ်လိုက်ပါ။ ဂုဏ်သိက္ခာ မကျစေလို၍ ချေပ ပြောဆိုတော့မှ ပို၍သိက္ခာကျသွားတတ်၏။ တိတ်တိတ်နေ ထောင်တန် ဆိုသည့်အတိုင်း ကျင့်သုံးလိုက်ပါ။ ရသဖွဲ့ ရေးတဲ့ ဘာသာရေးဆရာများ အောင်မြင်မှု အထွတ်အထိပ် ရောက်မည်။ အိမ်သူသက်ထား ဇနီးမယားနှင့် စကားအပြန် အလှန် ပြောဆိုရတတ်၏။ အထူးအားဖြင့် နေအိမ်ကိစ္စ ဖြစ်နိုင်ပါသည်။ မိန်လင်္ဂဇာတာရှင်များ အကျဉ်းချုပ် လိုတို ရှင်း အကြံပေးပါက စကားနည်းနည်းပြောပြီး အလုပ်များ များ လုပ်ပါ။ မကောင်းတဲ့ အကြောင်းတရား ရှင်းသွား၍ ဆိုးကျိုးတရားများလည်း ကင်းသွားပေမည်။ အချစ်ရေး၊ ပညာရေး၊ ငွေကြေးကိစ္စများ ဆောင်ရွက်လိုပါက ဒုတိယ ပတ်အတွင်း ဆောင်ရွက်ပါ။ ဘယ်လိုပဲဖြစ်ဖြစ်၊ ဘာပဲ ပြောပြော မိန်လင်္ဂဇာတာရှင်များ လွမ်းရင်းဆွေးရင်း ဖွဲ့၊ လုံ့လ၊ ဝီရိယ ပိုကောင်းနေမည်။ အလုပ်အကိုင်ကတော့ ပုံမှန်လောက်ပဲရှိမည်။ လတ်တလော အခြေအနေမှာ ကသိ ကအောက်နိုင်လွန်းနေမည်။ (၄၊ ၅)နှင့် (၂၇၊ ၂၈)ရက် များကို ဆောင်ပါလေ။

ယတြာ

မဖွယ်မရာ မေမြို့ပန်းနှင့် ဆီးညွှန့်ကို ဆတူရောစည်း ပြီး အင်္ဂါထောင့်နှင့် ကြာသပတေးထောင့် မိမိစိတ် ကြည် လင်ရာထောင့်၌လှူပြီး ဆုတောင်းပါ။ လိုအင်ဆန္ဒ ပြည့်ဝ ပေလိမ့်မည်။

ရွှင်လန်းချမ်းမြေ့ကြပါစေ

ဆရာကံထူး(ဇဝဒသုတောသီ)

- ၀၉ ၄၀ ၁၅၃ ၄၄ ၉၉

နှစ်ပေါင်း(၃၀)ကျော် အကြားအမြင် ဟာသက်ရှိခဲ့သော

ဆရာကြီးအရဟံဆရာအောင်

အကြားအမြင် ဂန္ဓိရပညာပါရမီရှင်

မော်လမြိုင်၊ ဒေါင်းဆောက်ကြွန်း။ ပဲခူး ဒေးဒူနန်ပါ၊ သန်လျင် ကကွက်တန်း ဘုရားတည်နှယ်လှည့်ပတ်နားမြို့

- ပညာရေးကိစ္စများ၊ စာမေးပွဲအတွက် လိုအပ်ချက်များ၊ နိုင်ငံခြားကိစ္စ၊ သင်္ဘောလိုက်ရန်နှင့် အလုပ်အကိုင်ဝင်ငွေကောင်းရန်ကိစ္စ။
- စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်ကိစ္စ၊ တိုက်အိမ်၊ ခြံ၊ မြေ၊ ကား အမြန်ရောင်းဝယ်ရေး၊ ဆိုင်၊ ကုမ္ပဏီ၊ ပွဲရုံလုပ်ငန်း မော်ဒယ်လုပ်ငန်းများ အမည်ပေးခြင်း၊ အချစ်ရေး မင်္ဂလာအခါပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ အိမ်ထောင်ရေးကိစ္စများ (မူလအိမ်ထောင်ရှင်ဘက်မှသာ ဆောင်ရွက်သည်)၊ ပစ္စည်းပျောက်၊ လူပျောက်။
- ရာထူးတိုးတက်ရေး၊ ပြောင်းလဲရေး၊ တည်မြဲရေး၊ အကြွေးကိစ္စများ၊ အမှုအခင်းကိစ္စများ၊ သားသမီးများကို လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်တို့ကို ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံ၍ ဆောင်ရွက်သည်။ ကံစမ်းလုပ်ငန်းများနှင့် ထီကိစ္စများအတွက် အထူးဆောင်ရွက်သည်။

နေ့စဉ် - နံနက်(၇း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ(တနလာနေ့ပိတ်သည်)

မင်္ဂလာဟောခန်း - အမှတ်(၉)၊ ဆူးလေဘုရားအိုင်း၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၁ ၅၃၁၈၈၊ (၀၅၆)၂၁၆၀၉ (အိမ်)

အိမ် - နေ့စဉ် ညနေ(၆း၀၀)နာရီနောက်ပိုင်း၊

အမှတ်(၁၇) အောင်နိုလာလမ်း၊ အောင်မင်္ဂလာရပ်၊ သန်လျင်၊ နဲ့သာကုန်းမှတ်တိုင်။ ဖုန်း-၀၉ ၅၁ ၁၂၁၄၆

www.burmeseclassic.com

www.burmeseclassic.com



ကဗျာရေးဆရာတော်မေးခွန်း

ဆရာရေနံအောင်ဟိန်း ဖြေသည်

ကဗျာရေးဝါသနာ (ပေဒင် အမေး-အဖြေ ကဏ္ဍ)

ကဗျာရေးဝါသနာပါသူတွေဟာ မေးမြန်းလိုသောအချက်ကို အတိအကျ(လိုတိုရှင်း) ရေးသားပြီး အောက်ဖော်ပြပါလိပ်စာအတိုင်း လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ပေဒင်ရဲ့ လိပ်စာ

အမှတ်-၁၀၂(က)(မြေညီထပ်)၊ ဥဒု-လမ်း(အထက်)၊ တောင်ကုတ်တံတားမြို့နယ်၊ ရန်ကုန်မြို့။

- မေးသူ၏အမည် _____
- မွေးနေ့ (နှစ်၊ လ၊ ရက်) _____
- မွေးဖွားရာ မြို့/ရွာ _____
- အခုနေနေရာ (နေ့/ည) _____

မေးခွန်းများ

(၁) _____

(၂) _____

(၃) _____

www.burmeseclassic.com

www.burmeseclassic.com

ပြဿနာ

မထက်ဝေလှိုင်

(၁၄-၇-၁၉၉၀၊ စ၊၂၀ နာရီ၊ မကွေးမြို့)



၁။ *သားသမီးရက်၊ ကောင်း/မကောင်း။*

(၂)တန်းသခင်ကြီးဟာ ၅တေား (၁၁)တန်းဘာဝတွင် ရပ်တည်၍ လင်သခင် ၁၆နှင့်ပူး၍ သားသမီးရရှိပေမည်။ (၂)ဦးမှ (၄)ဦးထိ ရနိုင်သည်။ (၅)တန်းတွင် (၆၊ ၇)တန်း သခင် စနေရပ်တည်၍ သားသမီးထဲတွင် မိဘစကား မနာခံသူတစ်ဦး ပါတက်သည်။ ယေဘုယျအားဖြင့် သားသမီးက ကောင်းပါသည်။

၂။ *အိမ်ထောင်ရေး အခြေအနေ။*

(၇)တန်းသခင်ကြီးဟာ စနေ (၅)တန်းတွင် ရပ်တည်၍ (၇)တန်း၊ (၁၁)တန်း၊ (၂)တန်း ဘာဝတို့အပြင် (၅)တန်း သခင် ၅တေားနှင့်လည်း အပြန်အလှန် အမြင်ကြုံထားသည်။ အိမ်ထောင်က ကောင်းပါသည်။ လင်ရှိတွင် (၁-၃-၂၀၁၇)ထိ (၂၊ ၁၁)တန်းသခင် (၁၂)တန်းရပ် ၄ဟူးထူးနှင့် စနေဘုတ္တိဒသာတို့ ပူးတွဲစားဝင်နေသည်။ ယာယီခွဲနေရတာတော့ ခြင်းမျိုးမှအပ အိမ်ထောင်ရေးအခြေအနေသင့်ပါသည်။

၃။ *ချမ်းသာမည့်ကံ ပါပါသလား။*

(၂)တန်းသခင် ၄ဟူးဂြိုဟ် (၁၂)တန်းဘာဝတွင် ရပ်တည်သည်ကို (၄၊ ၉)တန်းသခင် အင်္ဂါ (၉)တန်းမှ အမြင်ကြုံထားသည်။ အလတ်စား ချမ်းသာမည့်ကံမျိုး ရှိပါသည်။

မချောစု

(၂၀-၇-၁၉၈၈၊ နံနက် ၈း၄၂ နာရီ၊ မြင်းမူမြို့)



၁။ *(၂၀၁၆)ခုနှစ်တွင် သားသမီးရကိန်း ရှိ/မရှိ။*

(၅)တန်းနှိပ်သည် တေဇောရာသီ(ခန့)၌ ကျရောက်၍ (၅)တန်းတွင် စနေဂြိုဟ် ရပ်တည်ထားသည်။ သို့သော် (၂၊ ၁၁)တန်းသခင် ၄ဟူး (၁၁)တန်းတွင် ရပ်တည်ကာ ယင်းစနေဂြိုဟ်နှင့် အပြန်အလှန် အမြင်ကြုံထားသည်။ သားသမီးရက်ရှိသော်လည်း နောင့်နေးတတ်သည်။ (၁၃-၁၀-၂၀၁၅)မှ (၁၃-၁၀-၂၀၁၈)အတွင်း ရာဟု ထူးကိတ် ဘုတ္တိဒသာ စားဝင်မည်။ ရာဟုသည် စနေကို ကိုယ်စားပြုပြီး ကိတ်သည် သိဟ်ရာသီ(မီးရာသီ)တွင် ရပ်တည်ပေရာ သားသမီးရက် အားနည်းနေသေးသည်။ မရနိုင်သေးပါ။

၂။ *သားသမီးယူပါက ကျားလား၊ မလား။*

သားသမီးရပါမူ (၅)တန်းသခင် ၅တေား ပြဿ ဓ

www.burmeseclassic.com

www.burmeseclassic.com

ဆီတွင် ဖြကြာကြိုဟ်နှင့် ပူးယှဉ်ရပ်တည်၍ သားဦး
ဆာလေးဖြစ်ပါမည်။ (၂၀၁၈)ခုနှစ်တွင်ရောက်မှ သား
သီးရက် ရှိမည်။

အိမ်ထောင်ရေးကံ ကောင်း/မကောင်း။

(၇)တန်သခင် (၅)တံန်တွင် ရပ်ကာ (၂၊ ၇၊ ၁၁)
နှစ်ဘဝများအား အမြင်ကြဲခြင်း၊ (၁၁)တန်သခင်နှင့်
ပြန်အလှန်မြင်ခြင်းကြောင့် အိမ်ထောင်ရေးကံ ကောင်း
သည်။

ဆိန်းမောင်

(၁၄-၃-၁၉၄၇၊ ည ၉း၄၀ နာရီ၊ မြောင်းမြစ်)



ထီပေါက်ကံ။

(၃)တန်သခင်ကြိုဟ် ၅တေးသည် (၆)တန်သခင်
ကြီးလည်းဖြစ်ကာ (၂)တန်တွင် ရပ်တည်၍ ဘဝတွင်
ထီပေါက်ကံ ရှိပါသည်။ သို့သော် ရာဟု၊ ကိတ် အကျပ်
ကိုင်း၍ ဆုကား မကြီးတတ်ပါ။ အနုစပ်ထိုးပါမူ ဆု
ကြေး ပိုအားကောင်းလာတတ်သည်။ (၁၁-၁၁-၂၀၁၆)ထိ
ကာလ ထူလ(၈-တန်ရပ်)ဒသာဖြစ်ရာ စပ်တူသာ ထိုးရ
မည်။ ၁၄၆ အန္တရ(၁၁-တန်သခင် ၆တန်ရပ်)နှင့်
ကြီး အန္တရ(၁၀-တန်သခင် ၂-တန်ရပ်)ကာလ (၂-
၉-၂၀၁၆)မှ (၁၁-၁၁-၂၀၁၆)အတွင်း ထီပေါက်ရန်
ရှိနေပါ၏။

ကျန်းမာရေးညွှန်မည့်နှစ်။

(၈)တန်ရပ် ရာဟု ထူလဒသာ (၁၊ ၈ ကိုယ်စားပြု)
၁၁-၁၁-၁၉၉၈)မှ (၁၁-၁၁-၂၀၁၆)ထိကား ကျန်းမာ
ရေး တောက်လျှောက်ညံ့နေခဲ့တတ်သည်။ ရာဟုသည်
(၅)တန်သခင် ၅တေးနှင့် အပြန်အလှန်မြင်၍ ဖြစ်၏။
ဤရာသီရပ် ၅တေး (၃၊ ၆)သခင်ကြောင့် ဆီးချို၊
အသက်ရှူလမ်းကြောင်း၊ အဆုတ်၊ မျက်စိ ရောဂါများ
သတိထားရပေဦးမည်။

၃။ *အင်္ဂါ၊ ၄ဟူး၊ သောကြာ၊ စနေထဲမှ အကျိုးပေးမည့်
မြေး။*

(၅)တန်မှ (၅)တန်ဖြစ်သော (၉)တန်သခင် ၄ဟူး
ကြိုဟ် (၅)တန်တွင် (၂၊ ၇)တန်သခင် အင်္ဂါနှင့် ပူးယှဉ်
ရပ်တည်၍ မြေးထဲတွင် အကျိုးပေးမည့်သူ ပါနေသည်။
စနေကား ပိုအားကောင်းသည်။

မရွှေရည်ထွန်း

(၁၃-၁၂-၁၉၈၃၊ ၁၃း၀၅ နာရီ၊ ရန်ကုန်မြို့)



၃။ *ဖူးစာရှင်၏ အသက်အရွယ်၊ ပုံသဏ္ဌာန်၊ အလုပ်
အကိုင်၊ ဌေးကြေးပြည့်စုံမှု ရှိ/မရှိ။*

(၇)တန်သခင်ကြိုဟ် ၄ဟူး ခနေရာသီတွင် ရပ်တည်
၍ ကြွက်သားများပြည့်ဝသော ခန္ဓာကိုယ်၊ အရပ် အသင့်
အတင့်၊ မျက်နှာသွယ်၊ အသားလတ်မည်။ ဇာတာရှင်
ထက် အသက်အနည်းငယ်(၅-နှစ်ခန့်) ကြီးတတ်သည်။
ခရီးသွားလုပ်ငန်းလုပ်သူ (သို့မဟုတ်) သင်္ဘောသား (သို့
မဟုတ်) နိုင်ငံခြားဆက်သွယ်မှုရှိသော အလုပ်မျိုး လုပ်
သူ ဖြစ်မည်။ ဌေးကြေးပြည့်စုံ ကြွယ်ဝမည်။

၄။ *အပျိုကြီးကံ ပါသလား။*

(၇)တန်သခင် ၄ဟူးကြိုဟ် (၁၀)တန်တွင် ရပ်တည်
၍ (၂၊ ၉)တန်သခင်ကြိုဟ် အင်္ဂါ (၇)တန်မှ (၄)တန်
အထူးမြင်ကြိုနေ၍ အိမ်ထောင်ကျမည်။ အိမ်ထောင်ကျ
နောက်ကျတတ်သည်။ (၂၀၁၆)ခုနှစ်၊ နိဝင်္ဘာလ (၁၆)
ရက် ကောစ ၅တေး (၇)တန်ဘဝ ကန်ရာသီသို့ ပြန်
ဝင်ပြီး တစ်နှစ်အတွင်း အိမ်ထောင်ရေး ပေါ်ပေါက်လာ
နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

၃။ *ဖွားစာရှင်နှင့် တွေ့ဆုံရမည့်ကာလ။*

အထက်တွင် ဆိုခဲ့သည့်အတိုင်း (၂၀၁၆)ခုနှစ်၊ နိဝင်ဘာလနောက်ပိုင်း တွေ့ဆုံပြီး မကြာခင် အိမ်ထောင်ကျသွားဖို့ ရှိသည်။

မန္တစုံ

(၈-၅-၂၀၁၄၊ နံနက် ၈း၂၉ နာရီ၊ မြောက်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်မြို့)



၁။ *ခင်ပြည့်စုံ အမည်နှင့် သင့်လျော်ပါသလား။*

မှည့်ခေါ်နိုင်ပါသည်။ ထိပ်တန်းကောင်းသော အမည်မျိုးကား မဟုတ်ပါ။

၂။ *ပညာရေး ကောင်း/မကောင်း။*

(၄)တန်ဆင်ဂြိုဟ် ၄ဟူး (၁၂)တန်ဘာဝတွင် ရပ်တည်သော်လည်း (၁၁)တန်ရပ် (၃)တန်သခင် ၁နေ့ပိုင် နက္ခတ်အား စီးထားခြင်း၊ ယင်း၏ ရပ်တည်အားပြောင်းဂြိုဟ်(depositor) ဖြကြာ (၁၀)တန်တွင် ရပ်တည်ခြင်းကြောင့် ပညာရေးကံ ကောင်းပါသည်။ ဘွဲ့တစ်ခုမက ရတတ်သည်။

၃။ *ကြီးပွားချမ်းသာမည့်ကံ ပါသလား။*

(၂)တန်သခင် ၂လံဂြိုဟ် (၃)တန်တွင် ရပ်တည်၍ မိမိပိုင်နက္ခတ်ကိုပင် ပြန်စီးထား၍ ငွေကြေးပြည့်စုံကြွယ်ဝပါမည်။

မသီတာနေဝင်း

(၅-၅-၁၉၈၉၊ ၁၄း၂၀ နာရီ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့)

၁။ *ဥပဒေအရာရှိ အဆင့်(၄) အောင်/မအောင်။*

ဘယ်အချိန် ဖြေရမည်လဲ။ (၁၀-၁၁-၂၀၁၄)မှ (၁၀-၇-၂၀၁၆)အတွင်း၌ ၂လံ ထူလ၊ ဖြကြာ ဘုတ္တိ



ဒသာ စားဝင်နေ၏။ ထူလဒသာသခင် ၂လံသည် (
တန်တွင် ရပ်တည်သော (၁၂)တန်သခင်ဖြစ်သည်။ ဘု
ဒသာသခင်ဂြိုဟ် ဖြကြာသည်လည်း (၃၊ ၁၀)တန်သ
အဖြစ် (၉)တန်ဘာဝတွင် ရပ်တည်နေသည်။ ကော
၁နေ့ဂြိုဟ် (၆)တန်ဘာဝသို့ ရောက်မည့် ဖေဖော်ဝါဒီ
မတ်လများတွင် ယင်းရာထူးနေရာအတွက် စာမေးပွဲ
ရပါက အောင်မြင်ရန် ဖြစ်နိုင်ပါသည်။

၂။ *တရားရေးဝန်ထမ်း အဆင့်(၄) အောင်/မအော
ဖြစ်/မဖြစ်။*

အထက်(၁)မှ ဟောဆိုချက်အတိုင်းပင် ဖြစ်သည်

၃။ *အောင်ချိန်အမည်ရှိသူနှင့် လက်ထပ်၍ ဖြ
မဖြစ်။*

(၇)တန်သခင်ဂြိုဟ် စနေ (၅)တန်တွင် ရပ်တည်
(၇၊ ၁၁၊ ၂)တန်ဘာဝများအား အမြင်ကြိုနေရာ ဘဝတ
အိမ်ထောင်ကျမည်။ အိမ်ထောင်ဖက်သည် ဗုဒ္ဓဟူး၊
အင်္ဂါသားထဲက ဖြစ်ဖို့များသည်။ (၂၀၁၇)ခုနှစ် ရော
ပြီးက အိမ်ထောင်ကျရန် အားကောင်းပေမည်။

မဆုသန့်စင်

(၂၆-၁၂-၂၀၀၀၊ ၁၅း၀၇ နာရီ၊ ရန်ကုန်မြို့)



www.burmeseclassic.com

www.burmeseclassic.com

(၂၀၁၇)ခုနှစ် (၁၀)တန်းစာမေးပွဲကို နှစ်ချင်းပေါက်
ခြင်းမည်လား။

(၁-၂-၂၀၁၇)မှ (၂၈-၃-၂၀၁၇)ထိ ၁၆၆ ထူလ၊
ဘုတ္တိ၊ ကြော အန္တရဒသာ စားဝင်သည်။ ထူလ
ခင် ၁၆၆ကြိုးဟ်သည် (၄)တန့်သခင်အဖြစ် (၈)တန့်
တွင် (၂၊ ၅)တန့်သခင် ၄ဟူးကြိုးဟ်၊ (၃)တန့်သခင်
ကြိုးဟ်တို့နှင့် ပူးယှဉ်ရပ်တည်၏။ ဘုတ္တိဒသာသခင်
ကြိုးဟ်သည် (၁၀၊ ၁၁)တန့်သခင်ဖြစ်ကာ လဂ်ဘာဝ
ရပ်တည်၍ (၁၀)တန့်ဘာဝအား (၁၀)တန့်အထူး
ကြိုနေ၏။ အန္တရဒသာသခင် ကြောသည် (၁၊ ၆)
သခင်အဖြစ် (၉)တန့်၌ ရပ်တည်နေ၏။ နှစ်ချင်း
ပေါက်ကား အောင်ပေမည်။ အချို့ဘာသာရပ်များတွင်
နည်းကာ အမှတ်လျော့တတ်သည်။

ဂုဏ်ထူးတွက်မည်လား။

ဘာသာအချို့တွင် ဂုဏ်ထူးထွက်ပါမည်။

ချမ်းသာမည်လား။

(၂)တန့်သခင် ၄ဟူးကြိုးဟ် (၈)တန့်တွင် (၄)တန့်
ခင် ၁၆၆၊ (၃)တန့်သခင် ၂လီးတို့နှင့် ပူးယှဉ်ရပ်တည်
အသင့်အတင့်(အလတ်စား) ကြွယ်ဝပါမည်။

သက်တမ်းစေ့ နေရမည်လား။

လဂ်သခင်ကြိုးဟ် ကြော (၉)တန့်ဘာဝကအိမ်တွင်
ရပ်တည်နေသော်လည်း (၈၊ ၁၁)တန့်သခင် ၅တေး လဂ်
ဘာဝမှ (၉)တန့်အထူးမြင်၍ သက်လတ်တမ်း ဖြစ်ပါ
သည်။ (၆၈)နှစ်တစ်ဝိုက်ထိ နေရတက္ကိုသည်။

အိမ်ထောင်ကျ စောမည်လား။

(၇)တန့်သခင် အင်္ဂါကြိုးဟ် (၆)တန့်တွင် ရပ်တည်၍
(၂)တန့်ရပ် ရာဟုနက္ခတ်အား စီးထားသည်။ အိမ်ထောင်
မစောနိုင်ပါ။ နော်ကျတတ်သည်။

အိမ်ထောင်က် ကောင်းမည်လား။

အထက်ဖော်ပြပါ (၇)တန့်သခင်၏ အနေအထား
ကြောင့် အိမ်ထောင်က် သင့်ရုံသာရှိသည်။

M.K.T

(၂၁-၁၁-၁၉၈၂၊ ၅း၁၅ နာရီ၊ မုဒုံမြို့)

မိဘကို ရေရှည်ကျေးဇူးပြုနိုင်မည်လား။

(၄)တန့်သခင် ၅တေးကြိုးဟ် (၂)တန့်တွင် (၅၊ ၆)



တန့်သခင် စနေနှင့် ပူးယှဉ်ရပ်တည်သည်။ (၉)တန့်သခင်
ကြိုးဟ် ကြော လဂ်ဘာဝတွင် (၁၂)တန့်သခင် ၁၆၆ကြိုးဟ်၊
(၁၊ ၁၀)တန့်သခင် ၄ဟူးကြိုးဟ်တို့နှင့် ပူးယှဉ်ရပ်တည်
၏။ မိဘကို ရေရှည်ကျေးဇူးဆပ်ခွင့် ကြုံနိုင်ပေသည်။

၂။ အိမ်ပိုင်ဖြင့် နေရကိန်း၊ ကာလ။

(၄)တန့်သခင် ၅တေးကြိုးဟ် (၂)တန့်တွင် (၅၊ ၆)
တန့်သခင် စနေနှင့် ပူးယှဉ်ရပ်တည်၍ အင်္ဂါ၊ ၁၆၆ကြိုးဟ်
တို့နှင့် ဆက်စပ်မှုမရှိ၍ အိမ်ပိုင်ဖြင့် နေရဖို့ကိန်း အား
နည်းလှသည်။

၃။ ငွေကြေးအဆင်ပြေနိုင်မည့်ကာလ။

(၁၅-၉-၂၀၁၇)ထိ ရာဟု ထူလဒသာ စားဝင်နေ
သည်။ ရာဟုသည် (၁၀)တန့်တွင် ရပ်တည်၍ (၁၊ ၁၀)
တန့်သခင် (၁)တန့်ရပ် ၄ဟူးအား ကိုယ်စားပြု၏။ တစ်
ဖန် (၂၇-၈-၂၀၁၆)ထိ ၂လီး ဘုတ္တိဒသာ စားဝင်သည်။
(၁၁)တန့်သခင်အဖြစ် (၉)တန့်တွင် ရပ်တည်၍ (၂)တန့်
သခင် ကြောနှင့် တြိကောဏအနေအထားတွင် ရှိ၏။
ဓလိုင်လ၊ ညဂုတ်လခန့်တွင် ငွေကြေးအထိုက်အလျောက်
အဆင်ပြေပါမည်။

Y.Y.A

(၃၀-၈-၁၉၆၁၊ ညနေ ၄း၀၀ နာရီ)

(မွေးစာတို ပါမလာ၍ လဂ်ကြွမ်းတတ်ကာ ဟောပေး
လိုက်ရ၍ မှန်ကန်မှု အားနည်းပါမည်။)

၁။ ကိုယ်ပိုင်ကား ဝယ်နိုင်မည်လား။

(၄)တန့်သခင် ၃ဂ်ါ (၂)တန့်တွင် ရပ်တည်၍ ယာဉ်
ကား ကာရက ကြောနှင့် ဆက်သွယ်မှုမရှိသောကြောင့်
ယာဉ်ကား ဝယ်နိုင်ရန် မမြင်ပါ။

၂။ သားသမီးအကျိုးပေးမည်လား။

www.burmeseclassic.com

www.burmeseclassic.com



(၅)တန်သခင်ကြိုဟ် ၅တေား (၆)တန်တွင် (၆၊ ၇) တန်သခင် စနေနှင့် ပူးယှဉ်ရပ်တည်သည်။ (၇)တန်သခင် စနေလည်း (၆)တန်တွင် ၅တေးနှင့် ပူးယှဉ်ရပ်တည်၏။ (၉)တန်သခင် အင်္ဂါကြိုဟ် (၂)တန်တွင် ရပ်တည်၏။ သားသမီးအကျိုးပေး ရှိသော်လည်း တတိယကလေးက ဝိုအားကိုးရမည်။

၃။ ဘဝအဆင့်အတန်း။

လင်္ဂသခင် လင်္ဂတွင် (၂၊ ၁၁)တန်သခင် ၄ဟူးနှင့် ပူးသော်လည်း ရာဟု၊ ကိတ် အကျပ်ခံထားရ၏။ (၁၀) တန်သခင်ကြိုဟ် ၆ကြာ (၁၂)တန်တွင် ရပ်တည်၏။ ဘဝကံ အလတ်စား(လူလတ်တန်းစား)ခန့်သာ ရှိပေမည်။

မရည်ပွန်
(၂၁-၁၀-၁၉၈၁၊ ဂုဒေ နာရီ၊ မုဒုံမြို့)



၁။ *အိမ်ထောင်ကံ၊ တနင်္ဂနွေသား အကျိုးပေး/မပေး။*

(၇)တန်သခင် အင်္ဂါ (၁၁)တန်ဘာဝတွင် ရပ်တည်၍ (၂)တန်ရှိ ၆ကြာကြိုဟ်အား (၄)တန်အထူးမြင်ကြိုခြင်း၊ (၅)တန်အား သမသတ်မြင်ခြင်းတို့ကြောင့် အိမ်ထောင်ကံကောင်းပါသည် အိမ်ထောင်ဖက်မှာ အင်္ဂါ၊ သောကြာ၊ တနင်္ဂနွေထဲက ဖြစ်တတ်၍ တနင်္ဂနွေသား အကျိုးပေးပါမည်။

၂။ *ဤအိမ်ထောင် မြဲ/မမြဲ။*

(၇)တန်သခင် အင်္ဂါ (၁၁)တန် သိဟ်ရာသီ(ထီ ရာသီ)တွင် ရပ်တည်၍ ဤအိမ်ထောင် မြဲပါမည်။ ၁ ကြိုဟ် နိစ်မူ၍ အိမ်တွင်းရေးပဋိပက္ခ ရှိတတ်သည်။

၃။ *နေရာမည့် အဆင့်အတန်း။*

လင်္ဂသခင် ၆ကြာ (၂)တန်ရပ်၍ (၁၀)တန်သခင် ၂လ်ာ (၁၀)တန်တွင်ပင် ရပ်တည်၍ ဘဝအဆင့် မြင့်မား စွာ နေရတတ်သည်။ ရာဟုပူး၍ စိတ်ချမ်းသာမှုကား နည်းတတ်သည်။

၄။ *ကျန်းမာရေး။*

(၆)တန်သခင် ၅တေး (၁၂)တန်တွင် ရပ်တည်ကာ (၆)တန်အား ပြန်မြင်၍ ကျန်းမာရေး ချူချာတတ်သည်။ (၂၈-၅-၂၀၁၅)မှ (၂၈-၅-၂၀၁၈)ထိ ၆ကြာ ထူလာ ရာဟု ဘုတ္တိဒသာ စားဝင်မည်။ ကျန်းမာရေး အညံ့ကား ရှိနေမည်သာ။ နှလုံးရောဂါ၊ ဆီး၊ မီးယပ်၊ သားအိမ်၊ အစာအိမ်၊ အစာလမ်းကြောင်းဆိုင်ရာများတွင် သတိပြုပါ။

၅။ *စီးပွားရေး အဆင့်ပြေမည့်ကာလ။*

ကောဇာ ၅တေးကြိုဟ် (၂)တန် ဗြိဿာရာသီသို့ ဝင်မည်။ (၁၁-၁၀-၂၀၁၈)မှ တစ်နှစ်ခွဲခန့်အတွင်း စီးပွားရေး အဆင်ပြေပါလိမ့်မည်။ လက်ရှိလည်း အသင့်အတင့် အကျိုးပေးနေသည်သာ။

၆။ *သက်တမ်းစေ့ နေရမည်လား။*

လင်္ဂသခင်ကြိုဟ် ၆ကြာ (၂)တန် မာရကဘာဝတွင် ရပ်တည်သည်ကို (၂၊ ၇)တန်သခင် အင်္ဂါ (၄)တန်အထူး မြင် ကြိုထားသည်။ သက်လတ်တမ်းဖြစ်၍ (၃၅)နှစ်မှ (၆၈)နှစ်အတွင်း နေရတတ်သည်။

ဆရာရုန်ဇောဘီန်း(B.Sc)
(ခရစ်ရှနားမူတီးပဒ္ဓတိ ရှေ့ဆောင်နက္ခတ်ပညာရှင်)
အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊
(CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၂၆၊
၀၉ ၂၆၁ ၄၄ ၇၇ ၆၆ ၊ ၀၉ ၇၉၅ ၄၂၀ ၉၉၄

www.burmeseclassic.com

www.burmeseclassic.com

ဆရာရန်အောင်ဟိန်း(B.Sc)

ရုပ်မြင်သံကြားဇာတ်လမ်းတွဲ ရိုက်ကူးထုတ်လုပ်ခြင်း အောင်မြင်မည်လား နှင့် ကေ.ပီစနစ်

မြန်မာနိုင်ငံတွင် အစိုးရအသစ် ပြောင်းလဲခြင်းနှင့် အတူ ရုပ်သံမီဒီယာ အပါအဝင် မီဒီယာကဏ္ဍလည်း ပိုမိုဖွံ့ဖြိုး လွတ်လပ်လာမည်ဟု မျှော်မှန်းနေကြချေပြီ။ ယခင်အစိုးရဟောင်း လက်ထက်တွင်ပင် ရုပ်သံဇာတ် လမ်းတွဲများ၊ ရိုက်ကူး၊ ထုတ်လုပ်၊ ထုတ်လွှင့်ခြင်းမျိုး ရှိနေခဲ့ပြီး ဖြစ်သည်။ ယခု မေးခွန်းမျိုးသည် နက္ခတ် ဗေဒပညာ နယ်ပယ်တွင် ပညာယူစရာများ ရှိနေပြီး အောင်မေးမြန်းမှုများ ပေါ်လာနိုင်သောကြောင့် နက္ခတ် ဗေဒပညာသင်များအတွက်ရော မေးမြန်းအကြံရယူလို သူများအတွက်ပါ ဗဟုသုတဖြစ်စေရန် ဘာသာပြန်ဆို ရေးသားဖော်ပြပေးလိုက်ပါသည်။

ဤဆောင်းပါးကို (၂၀၁၃)ခုနှစ်၊ ဩဂုတ်လထုတ် ကေ.ပီ အီးဇင်း(K.P Ezine) မှ ဆောင်းပါးရှင် စာဒစီဗန် ဂေါပါလ ခရစ်ရှနန်၏ 'ရုပ်သံဇာတ်လမ်းတွဲ ရိုက်ကူး ထုတ်လွှင့်ပါက ကျွန်ုပ်အတွက် အကျိုးအမြတ်ရှိမည်လား' (Will T.V serial production be profitable for me?) ဆောင်းပါးအား ဆီလျော်အောင် ဘာသာပြန်ဆို တင်ပြ ပေးထားခြင်း ဖြစ်ပါသည်။



နာမည်ကျော် ရုပ်ရှင်ဒါရိုက်တာ တစ်ဦးက ကျွန်ုပ်ထံ ဖုန်းဆက်ကာ သူ့အနေနှင့် ရုပ်သံဇာတ်လမ်းတွဲ ရိုက်ကူး ထုတ်လုပ်ရန် ရည်ရွယ်ထားကြောင်း၊ ဖက်စပ်သဘော ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းသို့ လုပ်ကိုင်ပါက အကျိုးအမြတ် ရနိုင်ပါမည်လားဟူ၍ မေးမြန်းလာခဲ့ပါသည်။

ကဲရာလပြည်နယ်၊ ကာလီကပ် (၁၁°-၁၅')မြောက်၊ (၇၅°-၄၆')အရှေ့တွင် ဆန္ဒနက္ခတ်ဂဏန်း(၇၁)ဖြင့် အိန္ဒိယစစ်တော်ချိန် ည(၁၀း၁၃း၅၈) နာရီတွင် ဆုံးဖြတ်ခဲ့သည်။

ဟူးရားဇာတာမှာ တစ်ဖက်ပါ အတိုင်း ဖြစ်သည်။

သုံးသပ်ဆုံးဖြတ်ချက်များ

လုပ်ငန်းအတွက် (၁၀)တန်သာရာ သန္ဓိဘုတ္တိနက္ခတ် သခင်ကြီးက်သည်

www.burmeseclassic.com

www.burmeseclassic.com

(၂၊ ၆၊ ၁၀၊ ၁၁)တန့် ဘာဝများအတွက် အကျိုးဆောင်ပါက ယင်းဘာဝများ၏ အကျိုးဆောင်ကြိုဟ်များ ပူးတွဲဒဿကာလတွင် လုပ်ငန်းလုပ်၍ အကျိုးအမြတ် ရရှိပေမည်။

ယခု ဟူးရားဇောတာတွင် (၁၀)တန့်ဘာဝသန့်ဘုတ္တိ နက္ခတ်သခင်ကြိုဟ်မှာ ၄ဟူးဖြစ်သည်။ ၄ဟူးကြိုဟ်သည် ရာဟုဝိုင် နက္ခတ်နှင့် အင်္ဂါဝိုင် ဘုတ္တိနက္ခတ်တို့ကို စီးနင်းထားသည်။

၄ဟူးကြိုဟ်သည် (၃၊ ၁၂)တန့်သခင်အဖြစ် (၁၂) တန့်တွင် ရုပ်တည်ထားသည်။ ယင်း ၄ဟူးကြိုဟ်သည် **(၆)တန့်၊ (၁၀)တန့်ဘာဝသန့်များ၏ ဘုတ္တိနက္ခတ်သခင် ကြိုဟ်အဖြစ် တည်ရှိနေသည်။ ယင်းအတွက် (၆၊ ၁၀) တန့်ဘာဝ အကျိုးများကို အားကောင်းစွာ ထမ်းဆောင် ပေးပါမည်။** ယင်း ၄ဟူးကြိုဟ်သည် (၅၊ ၁၁)တန့်သခင် အင်္ဂါကြိုဟ်၊ (၆၊ ၉)တန့်သခင် ၅တေးကြိုဟ်တို့နှင့်လည်း ပူးယှဉ်ရပ်တည်ထားပါသည်။

ရာဟုသည် (၄)တန့်ဘာဝတွင် စနေကြိုဟ်နှင့် ပူးယှဉ် ရပ်တည်ထားသည်။ စနေကြိုဟ်သည် (၇၊ ၈)တန့်သခင် အဖြစ် (၃)တန့်ဘာဝတွင် ရပ်တည်သော်လည်း (၄)တန့် ဘာဝသန့်နှင့် တစ်အံသာအတွင်း အလွန်နီးကပ်စွာ ပူး ယှဉ်ရပ်တည်ထားသည်။ ရာဟုသည် ဗကြာဝိုင် တူရာသီ ပတ်ဝင် ရပ်တည်၍ ဗကြာကိုလည်း ကိုယ်စားပြုသည်။ ဗကြာသည် (၄၊ ၁၁)တန့်သခင်အဖြစ် လင်္ဂဘာဝတွင် ရပ်တည်နေ၏။ (၂)တန့်ဘာဝသန့်နှင့် နီးကပ်စွာ ပူးယှဉ် ထားသည်။

အင်္ဂါကြိုဟ်သည် (၅၊ ၁၀)တန့်သခင်အဖြစ် (၁၁) တန့်တွင် ရပ်တည်နေ၏။ (၁၂)တန့်ဘာဝသန့်နှင့် အလွန် နီးကပ်စွာ ပူးယှဉ်ရပ်တည်ထားသည်။ ၅တေး၊ ၄ဟူး ကြိုဟ်တို့နှင့်လည်း ပူးယှဉ်ရပ်တည်နေသည်။

ရုပ်သံဇောတ်လမ်းတွဲလုပ်ငန်း လုပ်ကိုင်ခြင်းအတွက် (၅)တန့်ဘာဝဖြင့် ဆုံးဖြတ်ရပေမည်။ ယင်းအတွက် (၅) တန့်ဘာဝသန့် ဘုတ္တိနက္ခတ်သခင်ကြိုဟ်ဖြင့် ဆန်းစစ်ရ ပေမည်။

အထက်ပါ ဟူးရားဇောတာတွင် (၅)တန့်ဘာဝ သန့် ဘုတ္တိနက္ခတ်သခင်ကြိုဟ်သည် အင်္ဂါဖြစ်သည်။ အင်္ဂါသည် (၅၊ ၁၀)တန့်သခင်အဖြစ် (၁၁)တန့်ဘာဝတွင် ရပ်တည်



နေသည်။ ၅တေး၊ ၄ဟူးတို့နှင့် ပူးယှဉ်ကာ (၁၂)တန့် သန့်နှင့်လည်း နီးကပ်လွန်းစွာ ပူးယှဉ်ရပ်တည်ထားသည်။

အင်္ဂါကြိုဟ်သည် ရာဟုဝိုင် နက္ခတ်ကို စီးထားသည်။ ရာဟုအကြောင်း အထက်တွင် ဆိုခဲ့ပါပြီ။ သို့အတွက် တူရာသီသခင် ဗကြာအား ကိုယ်စားပြုသော (၅၊ ၁၀၊ ၁၊ ၂)တန့် ဘာဝများနှင့် ပူးယှဉ်သော စနေကြိုဟ်အတွက်၊ (၇၊ ၈၊ ၄၊ ၃)တန့်ဘာဝများအတွက်ပါ အကျိုးဆောင် ပေးရပါမည်။

သို့အတွက် ရုပ်သံဇောတ်လမ်းတွဲ ထုတ်လုပ်ခြင်းကို စပ်တူလုပ်ကိုင်ခြင်းဖြင့် အကျိုးအမြတ်များ ရရှိပေမည်။

ဆုံးဖြတ်ချိန် စိုးမိုးကြိုဟ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

နေ့သခင် - ၁နေ့
စန်းသခင် - ၅တေး
စန်းစီးနက္ခတ် - ဗကြာ (ရာဟု)
လင်္ဂသခင် - ၅တေး
လင်္ဂစီးနက္ခတ် - ၅တေး

ဟူးရားဇောတာအရ လင်္ဂရှိစားဝင်နေသည်မှာ ဗကြာ ထူလဒဿာဖြစ်ပြီး (၂-၈-၂၀၂၃)ထိ စားဝင်မည် ဖြစ် သည်။

လင်္ဂရှိတွင် ဗကြာထူလအတွင်း၌ ရာဟုဘုတ္တိဒသာ သည် (၂-၁၀-၂၀၁၃)ထိနှင့် ၅တေးဘုတ္တိဒသာသည် (၂-၁၀-၂၀၁၃)မှ (၁-၆-၂၀၁၆)ထိ စားဝင်ပေမည်။

www.burmeseclassic.com

www.burmeseclassic.com

ထူလဒသာသခင်ကြီးဟာ ဖြောသည် (၄၊ ၁၁)တန် သခင်အဖြစ် လင်္ဘာဝတွင် ရပ်တည်ထားသည်။ (၂)တန် သန္ဓိနှင့် နီးကပ်စွာ ပူးယှဉ်ရပ်တည်နေသည်။ ဖြောသည် (၁၀)တန်ရပ် ကိတ်ကြိုဟ်ပိုင် နက္ခတ်ကို စီးထားသည်။ ကိတ်သည် အင်္ဂါပိုင် မိဿရာသီတွင် ရပ်တည်၍ (၅၊ ၁၀၊ ၁၂)တန်ဘာဝများအတွက်လည်း အကျိုးဆောင်သည်။ ဖြောသည် အင်္ဂါပိုင် ဘုတ္တိနက္ခတ် (၅၊ ၁၀၊ ၁၂)တန်ကို စီးထားသည်။ စိုးမိုးကြိုဟ်တွင်လည်း စန်းစီးနက္ခတ်သခင်ကြိုဟ် ဖြစ်သည်။ သို့အတွက် ထူလဒသာသခင် ဖြောကြိုဟ်သည် ရပ်သံဇာတ်လမ်းတွဲလုပ်ငန်းဖြင့် အကျိုးအမြတ်ရမည်ကို ဖော်ပြနေသည်။

(၂-၁၀-၂၀၁၃)ထိ စားဝင်မည့် ဘုတ္တိဒသာသခင် ကြိုဟ် ရာဟုသည် (၄)တန်တွင် မိမိပိုင်နက္ခတ်ကိုစီး၍ (၇၊ ၈)တန်သခင် စနေနှင့် ပူးယှဉ်ရပ်တည်နေသည်။ (၅၊ ၁၀)တန်သခင် လင်္ဘာဝရပ် ဖြောကိုလည်း ကိုယ်စားပြုထားသည်။ ရာဟုသည် (၆)တန်ရပ် (၁)တန်သခင် ၂လံပိုင် ဘုတ္တိနက္ခတ်ကို စီးထား၏။ ဤရာဟုဘုတ္တိဒသာကား အကျိုးအမြတ် ရနိုင်ပေသည်။

(၂-၁၀-၂၀၁၃)မှ (၁-၆-၂၀၁၆)ထိ ၅တေးဘုတ္တိဒသာ ဆက်လက်စားဝင်ပါမည်။ ၅တေးသည် (၆၊ ၉)တန်သခင်အဖြစ် (၁၁)တန်ဘာဝတွင် ရပ်တည်နေသည်။ (၄)တန်ရပ် ရာဟုပိုင်နက္ခတ်ကို စီးထားသည်။ ရာဟု (၇၊ ၈)တန်သခင် (၃)တန်ရပ် (၄-တန်သန္ဓိနှင့် နီးကပ်စွာပူး) စနေနှင့် ပူးယှဉ်ရပ်တည်ထားသည်။ ယင်းတို့ကို ၅တေးကြိုဟ်က (၅)တန်အထူးမြင် ကြိုထားသည်။ ရာဟုသည် ဖြောပိုင်ရာသီ (တူ)တွင် ရပ်တည်ခြင်းဖြင့် (၅၊ ၁၀၊ ၁၁၊ ၂)တန် ဘာဝများအတွက်လည်း အကျိုးဆောင်သည်။ ၅တေးသည် စိုးမိုးကြိုဟ်များတွင် စန်းသခင်၊ လင်္ဘာသခင်၊ လင်္ဘာစီးနက္ခတ်သခင်အဖြစ် (၃)ခါပါနေ၍ အားကောင်းလှသည်။

သို့ဖြစ်၍ ၅တေးဘုတ္တိဒသာတွင် ရာဟုဘုတ္တိဒသာထက် ပို၍သာလွန်သော အကျိုးအမြတ်များ ရနိုင်ပေသည်။

ဆရာရန်အောင်ဟိန်း(B.Sc)

"လိမ်းသေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ လိမ်းကြည့်ပါ။"

စန်းသော်တာ

ကွမ်းရွက်ဆီလိမ်းဆေး (အဝေး)

- အကိုက်အခဲပျောက်လိမ်းဆေး။
- ရင်လူးဆေး။
- အနာကျက်ဆီ၊ အပြစ် သုံးနိုင်သည်။

(ကွမ်းရွက်အဆီထုတ်၍ သိပ္ပံနည်းကျ ဖော်စပ်ထားသည်)

- အဆစ်ရောင်ကိုက်၊ လေးဖက်နာ၊ ကျိုးပေါင်း၊ အကြောတက်ခေါင်းအုံ၊ ဂက်ဝေး၊ မျက်ကြောကိုက်တို့ကို အတိုက်အခံ ဝေဒနာဓာတ်ဆေး အပြစ် သုံးစွဲနိုင်ပါသည်။
- ကလေးချွဲကျွမ်၊ ချောင်းဆိုး၊ အစာမကြေ လေထိုးလေအောင့် စသည်တို့ကို ရင်လူးဆေး အပြစ် သုံးစွဲနိုင်ပါသည်။
- အပူနာ၊ Bed Sores ၊ အပူကျိတ်၊ အပူထောင်၊ နွတ်ခမ်းကွဲ၊ ခြေကွဲနာ၊ လိပ်ခေါင်း စသည်တို့ကို အနာဓာတ်စီ အပြစ် သုံးစွဲနိုင်ပါသည်။

(3In1) ဆေးအစွမ်းဖြင့် သုံးစွဲသူတိုင်း လန်းဆန်းစေမည်။

ပြန်ဖြေရေး- ကိုဝင်းပြင့်+မအေအိ ၁၅လမ်းနှစ်ကမ်းနားလမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၆၃၂၂

ဆိုင်းဘုတ်- စန်းသော်တာဆေးဟိုက်၊ ၁၃-၂ (၁၁၂) ပန်းလိုင်အိမ်ကား၊ ဥဒ္ဓသံလွင်၊ ဟုပ်လမ်းရပ်ကွက်၊ ဝမ်းခေျာင်ပြုန်ယ၊ ဖုန်း-၅၀၇၉၉၈။

www.burmeseclassic.com

www.burmeseclassic.com



(၂၀၁၆)ခုနှစ်၊ မေလအတွင်း၌ ဓနသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ်သို့ လင်္ဂနှင့် မွန်းတည့်မျဉ်း ဖြတ်ကျော်မည့် အချိန်ဇယားများကို အထူးတွက်ချက် ဖော်ပြပေးထားပါသည်။

ယင်းအချိန်ပိုင်းများတွင် မဟာဝေဒင္ဗမန္တန်၊ စူဠဝေဒင္ဗမန္တန် စသည့် လာဘ,ဓနဆိုင်ရာ ဂါထာ၊ မန္တန်များ ရွတ်ပွားပူဇော်ခြင်းဖြင့် အကျိုးထူးများစွာ ခံစားရပါလိမ့်မည်။

အထူးမှာ (၃၀-၄-၂၀၁၆) ည(၁၀း၄၁း၄၆)နာရီမှ (၁-၅-၂၀၁၆) ည(၁၀း၀၆း၄၃)နာရီအတွင်းနှင့် (၂၈-၅-၂၀၁၆) နံနက်(၄း၄၄း၁၆)နာရီမှ (၂၉-၅-၂၀၁၆) နံနက်(၄း၄၁း၄၅)နာရီအတွင်းတို့တွင် စန်း(ခေါ်) တနလ်းဂြိုဟ်သည် ဓနသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ်သို့ ကောစသွားခြင်းဖြင့် ဖြတ်ကျော်စီးနင်းနေပါသည်။

သို့ဖြစ်ပါ၍ လင်္ဂဖြတ်ကျော်ခြင်းအတွက် (၁-၅-၂၀၁၆) နံနက်(၁း၀၇း၀၈)နာရီမှ (၁း၅၃း၀၉)နာရီအတွင်းနှင့် (၂၈-၅-၂၀၁၆) ည(၁၁း၁၇း၀၃)နာရီမှ (၂၉-၅-၂၀၁၆) နံနက်(၀း၀၇း၀၀)နာရီ (၂၈-၅-၂၀၁၆ ၏ ညသန်းခေါင်ကျော်) အတွင်းတို့၌လည်းကောင်း၊ မွန်းတည့်မျဉ်းဖြတ်ကျော်ခြင်းအတွက် (၁-၅-၂၀၁၆) နံနက်(၆း၄၆း၄၉)နာရီမှ (၇း၃၈း၂၇)နာရီအတွင်းနှင့် (၂၈-၅-၂၀၁၆) နံနက် (၅း၀၀း၃၉)နာရီမှ (၅း၅၂း၁၈)နာရီအတွင်းတို့၌လည်းကောင်း လာဘ,ဓနဆိုင်ရာ ဂါထာ,မန္တန်များ ရွတ်ပွားခြင်း၊ ယတြာအစီအရင်များ လုပ်ဆောင်ခြင်းဖြင့် အကျိုးထူးများ ကေန်မုချ ခံစားရပါလိမ့်မည်။

ဆရာရန်အောင်ဟိန်း(B.Sc)

www.burmeseclassic.com

www.burmeseclassic.com

(၂၀၁၆)ခုနှစ်၊ မေလအတွင်း

ကျောင်းသူကျောင်းသားများ ပြုစုပြင်ဆင်ပေးသော

ထွက်ခွာချိန်	စင်္ကာချိန်	ရက်
ဂုဏ်ဒေါက်	ဒီဇင်္ဂဗီဇ	၁
ဒဿဂဏ်	ဇဝဏ်ဂါဇ	၂
ဇဝဏ်ဂါ	ဇဝဏ်ဂါဇ	၃
ဇဝဏ်ဂါ	ဇဝဏ်ဂါဇ	၄
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၅
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၆
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၇
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၈
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၉
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၁၀
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၁၁
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၁၂
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၁၃
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၁၄
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၁၅
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၁၆
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၁၇
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၁၈
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၁၉
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၂၀
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၂၁
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၂၂
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၂၃
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၂၄
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၂၅
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၂၆
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၂၇
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၂၈
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၂၉
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၃၀
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၃၁

(၂၀၁၆)ခုနှစ်၊ မေလအတွင်း

ကျောင်းသူကျောင်းသားများ ပြုစုပြင်ဆင်ပေးသော

ထွက်ခွာချိန်	စင်္ကာချိန်	ရက်
ဂုဏ်ဒေါက်	ဒီဇင်္ဂဗီဇ	၁
ဒဿဂဏ်	ဇဝဏ်ဂါဇ	၂
ဇဝဏ်ဂါ	ဇဝဏ်ဂါဇ	၃
ဇဝဏ်ဂါ	ဇဝဏ်ဂါဇ	၄
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၅
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၆
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၇
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၈
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၉
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၁၀
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၁၁
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၁၂
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၁၃
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၁၄
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၁၅
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၁၆
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၁၇
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၁၈
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၁၉
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၂၀
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၂၁
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၂၂
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၂၃
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၂၄
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၂၅
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၂၆
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၂၇
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၂၈
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၂၉
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၃၀
ဂါဏ်ဂါ	ဇဝဏ်ဂါဇ	၃၁

www.burmeseclassic.com

www.burmeseclassic.com

(၂၀၁၆)ခုနှစ်၊ မေလအတွက် လူကွက်ခန့်မှန်းချက်

မိဿရာသီ၌ ၁နေ့ပြို့ဟ်၊ ၄ဟူးပြို့ဟ်၊ ၆ကြာပြို့ဟ်တို့ ပူးတွဲတည်ရှိနေသောကြောင့် ကြီး၊ ဆီ၊ နှမ်း ရှားပါးအံ့။ ခြေလေးချောင်းသတ္တဝါ၊ ရွှေနှင့် ဆန်စပါး ရှားပါး၍ မိုးကောင်းအံ့။ သိဟ်ရာသီ၌ ၅တေးနှင့် ရာဟုပြို့ဟ်တို့ ပူးတွဲရှိသဖြင့် မိုးကောင်း၊ ချောင်းစီး၊ ကောက်ပဲစပါး ကြီးပွားစည်ပင်အံ့။ ချင်းစိမ်း ရှားအံ့။ ဗြစ္ဆရာသီ၌ တနင်္ဂနွေပြို့ဟ်နှင့် ၃ဂြိုဟ်တို့ ပူးတွဲရှိနေပြန်သဖြင့် အဝတ်အထည် ကုန်ဈေးနှုန်း တက်အံ့။ နံ့သာနီနှင့် ကြေးနီတို့ ပေါအံ့။ ကုမ်ရာသီ၌ ကိတ်ရှိနေသောကြောင့် ဂျုံ၊ စပါး၊ ချည်ထည်များ ရှား၍ ဈေး တစားအံ့။

မင်းမဟော်ညွှန့်

နက္ခတ်ဂေဟာ ရာဂ်မြတ်ကောင်းအချိန်အခါ

၁-၅-၂၀၁၆ (တနင်္ဂနွေနေ့)

(၁၃၇၈)ခုနှစ်၊ တန်ခူးလဆုတ် (၉)ရက်



မိတ်သင်္ဂဟ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံရှင်ပြုရန်၊ နားသမင်္ဂလာ ကျင်းပရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အဆောက်အအုံ ဆောက်လုပ်ရန်၊ အိမ်တက်,အိမ်ပြောင်းရန်၊ မျိုးစေ့ချအပင် စိုက်ရန်၊ လယ်ယာသီးနှံများ ရိတ်သိမ်းရန်၊ အထက်လူကြီးများထံ အစီရင်ခံစာတင်သွင်းရန်၊ လေကြောင်းခရီး သွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ (၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အေးချမ်းမောင်၊ မအေးချမ်းမေ...ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ ပန်းရောင်ဖြစ်ပြီး အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်မည်။

၂-၅-၂၀၁၆ (တနလာနေ့)

(၁၃၇၈)ခုနှစ်၊ တန်ခူးလဆုတ် (၁၀)ရက်

ဘဝအဆင့်အတန်း တိုးတက်သောယုဂ် ရရှိသဖြင့်

ယနေ့ ဘုရားတည်ရန်၊ ထီးတော်တင်ရန်၊ အဆောက်အအုံအတွက် အုတ်မြစ်ချရန်၊ အုတ်စီရန်၊ အိမ်တိုင်ထူရန်၊ အိမ်တက် လေ့ကားထောင်ရန်၊ စပါးရိတ်သိမ်းရန်၊ လက်ထပ်ထိမ်းမြားရန်၊ ဆေးဝါးကုသမှု ခံယူရန်၊ ဆိုင်းဘုတ်တင်၍ ဆိုင်သစ်ဖွင့်ရန်၊ ပညာစသင်ရန်၊ တိုက်ခန်းသစ် တက်ရန်၊ ငွေကြေးချေးငှားရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၇း၃၀)နာရီမှ (၉း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုက်ပါက မောင်ကျော်လူမော်၊ မကေခိုင်မြင့်ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ လိမ္မော်ရောင်ဖြစ်ပြီး အနောက်အရပ်တွင် လာဘ်ပွင့်မည်။

၄-၅-၂၀၁၆ (ဗုဒ္ဓဟူးနေ့)

(၁၃၇၈)ခုနှစ်၊ တန်ခူးလဆုတ် (၁၂)ရက်

တိထီရက်မြတ်ယုဂ် ရရှိသဖြင့် ယနေ့ ရှင်ပြု,နားသရန်၊ စေ့စပ်,လက်ထပ်ရန်၊ အဆောက်အအုံအတွက် ကျင်းတူး၊ အုတ်မြစ်ချ၊ တိုင်ထူ၊ လေ့ကားထောင်ရန်၊ ဆေး

www.burmeseclassic.com

www.burmeseclassic.com

ဝါးဖော်စပ်ရန်၊ ဆိုင်းဘုတ်တင်၍ ဆေးခန်းဖွင့်ရန်၊ အမည်ထင်ပွန်းတပ်ရန်၊ ရုပ်ရှင်၊ ဇာတ်သဘင်တွင် သရုပ်ဆောင်ရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ ထွန်ယက်စိုက်ပျိုးရန်၊ ဃယ်ယာသီးနှံ ရိတ်သိမ်းရန်၊ သစ်ပင်စိုက်ရန်၊ မေတ္တာဆေးရောစကားပြောရန်၊ ပန်းချီ၊ပန်းပု စသော ပန်း(၁၀)မျိုး လုပ်ငန်း စတင်ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ထိုနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝင်းမင်း၊ မယမင်းမေ..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အပြာနုရောင်ဖြစ်ပြီး ဆောင်အရပ်တွင် လာဘ်ပွင့်မည်။

၅-၅-၂၀၁၆ (ကြာသပတေးနေ့)

(၁၃ဂုဏ)ခုနစ်၊ တန်ခူးလဆုတ် (၁၃)ရက်

ကြီးပွားတိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ ရဟန်းခံရှင်ပြုရန်၊ လက်ထပ်မင်္ဂလာပွဲကျင်းပရန်၊ ဆံရိတ်ဆံသနင့် အလှပြင်ရန်၊ လက်ဝတ်ရတနာပစ္စည်း ရောင်းဝယ်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံပါတီပွဲ၊ ဆုံခံပွဲ ကျင်းပရန်၊ ဆိုင်သစ်၊လုပ်ငန်းသစ်များ စတင်ဖွင့်လှစ်ရန်၊ အချစ်မေတ္တာရေးရာစကားပြောရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်မင်းမောင်၊ မြင့်မြတ်မေ..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အစိမ်းရောင်ဖြစ်ပြီး မြောက်အရပ်တွင် လာဘ်ပွင့်မည်။

၆-၅-၂၀၁၆ (သောကြာနေ့)

(၁၃ဂုဏ)ခုနစ်၊ တန်ခူးလကွယ်

အလိုဆန္ဒ ပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ နံနက်ပိုင်းအတွင်း ဂါထာ၊မန္တန်သိဒ္ဓိတင်ရန်၊ ဘုရားတည်ရန်၊ အိမ်၊ခြံ၊မြေ ပန္နက်ရိုက်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ တိုင်ထူရန်၊ အဝီစိတွင်း တူးဖော်ရန်၊ ပညာစသင်ရန်၊ ဘဏ်လုပ်ငန်းဆောင်ရွက်ရန်၊ ခွဲစိတ်ကုသမှု ခံယူရန်၊ ဆေးဝါးဖော်စပ်ရန်၊ ဆေးခန်းဖွင့်ရန်၊ ဘာသာရေးကိစ္စ ဆောင်ရွက်ရန်၊ ရှင်ပြုပွဲ၊လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ စပါးရိတ်သိမ်းရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ ခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်သွားထက်မင်း၊ မသိမ့်သိမ့်မြတ်..ဟု ပေးနိုင်သည်။ ယတြာအရောင်မှာ အနီရောင်ဖြစ်ပြီး အရှေ့အရပ်တွင် လာဘ်ပွင့်မည်။

၈-၅-၂၀၁၆ (တနင်္ဂနွေနေ့)

(၁၃ဂုဏ)ခုနစ်၊ ကဆုန်လဆန်း (၂)ရက်

အထွတ်အမြတ်ဖြစ်သောယုဂ် ရရှိသဖြင့် ယနေ့ စေတီပုထိုးတည်ရန်၊ ထီးတော်တင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်၍ ဆိုင်သစ်ဖွင့်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ အဆောက်အအုံလုပ်ငန်းများ ဆောင်ရွက်ရန်၊ လေကြောင်းခရီး သွားရန်၊ လက်ထပ်ထိမ်းမြားရန်၊ ငွေကြေးချေးငှားရန်၊ ဆေးဝါးကုသမှု ခံယူရန်၊ အောင်ဘာလေထီထိုးရန်၊ လယ်ယာမြေ ထွန်ယက်စိုက်ပျိုးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အေးချမ်းမောင်၊ မအေးချမ်းမေ..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အစိမ်းရောင်ဖြစ်ပြီး အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်မည်။

၉-၅-၂၀၁၆ (တနလာနေ့)

(၁၃ဂုဏ)ခုနစ်၊ ကဆုန်လဆန်း (၃)ရက်

အလိုဆန္ဒပြည့်ဝသောယုဂ်ရရှိသဖြင့် ယနေ့ ရေတွင်း၊ရေကန် တူးဖော်ရန်၊ နာမည်ကင်ပွန်းတပ်ရန်၊ ရဟန်းခံရှင်ပြုရန်၊ ယာဉ်၊စက်ပစ္စည်း ဝယ်ယူရန်၊ အဆောက်အအုံဆောက်လုပ်ရန်၊ အိမ်ပြောင်းရွှေ့ရန်၊ ပျိုးကြဲ၊ကောက်စိုက်

www.burmeseclassic.com

www.burmeseclassic.com

ရန်၊ မိတ်သစ်ဆုံတွေ့ရန်၊ အချစ်ရေးရာစကား ပြောရန်၊ လက်ထပ်ထိမ်းမြားရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ကံစမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလ ဖြစ်သော နံနက်(၇း၃၀)နာရီမှ (၉း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်လူမော်၊ မကေခိုင်မြင့်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဝါရောင်ဖြစ်ပြီး အနောက် အရပ်တွင် လာဘ်ပွင့်မည်။

၁၀-၅-၂၀၁၆ (အင်္ဂါနေ့)

(၁၃၇၈)ခုနှစ်၊ ကဆုန်လဆန်း (၄)ရက်

ကြံစည်သမျှ ပြီးမြောက်သောယုဂ် ရရှိသဖြင့် ယနေ့ သာသနာ့အလံလွှင့်ထူ၍ ထီးတော်တင်ရန်၊ ဂါထာ,မန္တန် သိဒ္ဓိတင်ရန်၊ ဆိုင်းဘုတ်တင်ရန်၊ အောင်ဘာလေထီ ထိုးရန်၊ ခွဲစိတ်ကုသမှု ခံယူရန်၊ ရေကြောင်း,လေကြောင်း ခရီး သွားလာရန်၊ စာနယ်ဇင်းလုပ်ငန်းများ လုပ်ဆောင်ရန်၊ အိမ်ပြောင်းနှင့် တိုက်ခန်းတက်ရန်၊ အဆောက်အအုံ လုပ်ငန်းများ လုပ်ဆောင်ရန်၊ ပျိုးကြဲ,ကောက်စိုက်ရန်၊ လယ်ယာမြေ ထွန်ယက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၃၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဓော်ဝင်းမောင်၊ မစန္ဒာမြင့်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ ရွှေအိုရောင်ဖြစ်ပြီး အရှေ့တောင်အရပ်တွင် လာဘ်ပွင့်မည်။

၁၂-၅-၂၀၁၆ (ကြာသပတေးနေ့)

(၁၃၇၈)ခုနှစ်၊ ကဆုန်လဆန်း (၆)ရက်

မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောယုဂ် ရရှိသောကြောင့် ယနေ့ ကြော်ငြာဆိုင်းဘုတ် တင်ရန်၊ ထီးတော်တင်ရန်၊ ရဟန်းခံရှင်ပြုရန်၊ ရဲတနာဝတ်ဆင်,ရောင်းဝယ်ရန်၊ အဆောက်အအုံလုပ်ငန်းအဝဝ လုပ်ဆောင်ရန်၊ လယ်ယာသီးနှံများ ရိတ်သိမ်းရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ လေကြောင်းခရီးသွားရန်၊ ပညာစသင်ရန်၊ အောင်ဘာလေထီ ထိုးရန်၊ ကုမ္ပဏီအစုရှယ်ယာဝင်ရန်၊ စေ့စပ်,လက်ထပ်ပွဲ ကျင်းပရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်မင်းမောင်၊ မမြင့်မြတ်မေ..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဖြူရောင်ဖြစ်ပြီး မြောက်အရပ်တွင် လာဘ်ပွင့်မည်။

၁၅-၅-၂၀၁၆ (တနင်္ဂနွေနေ့)

(၁၃၇၈)ခုနှစ်၊ ကဆုန်လဆန်း (၉)ရက်

မင်းခရီးမြောက်ခံရသောယုဂ် ရရှိသဖြင့် ယနေ့ ရှင်ပြုရဟန်းခံရန်၊ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေတွင်း,ရေကန်,အဝိစိတွင်း တူးဖော်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ စေ့စပ်,လက်ထပ်ရန်၊ အလှကုန်ပစ္စည်းများ ဖြန့်ချိရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ အစုရှယ်ယာ ဝင်ရန်၊ လက်မှတ်ရေးထိုးရန်၊ အလုပ်လျှောက်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ မိတ်ဆုံစားပွဲ ကျင်းပရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အေးချမ်းမောင်၊ မအေးချမ်းမေ..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ ပန်းရောင်ဖြစ်ပြီး အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်မည်။

၁၆-၅-၂၀၁၆ (တနလာနေ့)

(၁၃၇၈)ခုနှစ်၊ ကဆုန်လဆန်း (၁၀)ရက်

ဘုန်းကံကြီးမားသောယုဂ်ရရှိသဖြင့် ယနေ့ ရဟန်းခံရှင်ပြုရန်၊ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေတွင်း,ရေကန်,အဝိစိတွင်း တူးဖော်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ဘုရားတည်ရန်၊ ဂါထာ,မန္တန် သိဒ္ဓိတင်ရန်၊ အဆောက်အအုံလုပ်ငန်းအဝဝ ဆောင်ရွက်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ အစုရှယ်ယာဝင်ရန်၊ စေ့စပ်,လက်ထပ်ရန်၊ ဘဏ်စာရင်းဖွင့်ရန်၊ ကျန်းမာရေးကုသမှု ခံယူရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်၊ ရာဟုကာလဖြစ်သော နံနက်(၇း၃၀)နာရီမှ (၉း၀၀)နာ

www.burmeseclassic.com

www.burmeseclassic.com

အတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကောင်းစံမြင့်၊ မကေခိုင်မြင့်.. ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ နံ့သာရောင်ဖြစ်ပြီး အနောက်အရပ်တွင် လာဘ်ပွင့်မည်။

၁၇-၅-၂၀၁၆ (အင်္ဂါနေ့)

(၁၃၇၈)ခုနှစ်၊ ကဆုန်လဆန်း (၁၁)ရက်

အထွတ်အမြတ်ဖြစ်သောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇောတင်ရန်၊ ထီးတော်တင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အလှူမဏ္ဍပ်နှင့် မုခ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ပန်း(၁၀)မျိုးလုပ်ငန်း ဆောင်ရွက်ရန်၊ အဆောက်အအုံကိစ္စ အဝဝ ဆောင်ရွက်ရန်၊ လေကြောင်းခရီးသွားရန်၊ လယ်ယာသီးနှံများ ရိတ်သိမ်းဆွတ်ခူးရန်၊ စေ့စပ်,လက်ထပ်ရန်၊ ဆံရိတ်ဆံသရဏ်၊ အောင်ဘာလေထီ ကံစမ်းရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဘဏ်စာရင်းဖွင့်ရန်၊ ဆေးဝါးကုန်ပစ္စည်းရောင်းဝယ်ရန်၊ အချစ်ရေးကိစ္စ စကားပြောရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းမောင်၊ မစန္ဒာမြင့်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဖြူရောင်ဖြစ်ပြီး အရှေ့တောင်အရပ်တွင် လာဘ်ပွင့်မည်။

၁၈-၅-၂၀၁၆ (ဗုဒ္ဓဟူးနေ့)

(၁၃၇၈)ခုနှစ်၊ ကဆုန်လဆန်း (၁၂)ရက်

အလိုဆန္ဒပြည့်ဝသောယုဂ်ရရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ ရှင်ဖြူ,နားသရဏ်၊ စေ့စပ်,လက်ထပ်ရန်၊ ဆံရိတ်ဆံသဖြူရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အလှပြင်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်,ခြံ,မြေနှင့် ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံဖွဲ့ခဲ့ပွဲ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ မေတ္တာရေးရာစကားပြောရန်၊ အောင်ဘာလေထီထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝင်းမြတ်မောင်၊ မရွှေယမင်းဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အစိမ်းရောင်ဖြစ်ပြီး တောင်အရပ်တွင် လာဘ်ပွင့်မည်။

၂၁-၅-၂၀၁၆ (စနေနေ့)

(၁၃၇၈)ခုနှစ်၊ ကဆုန်လပြည့်

မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ,ဓာတ်ငွေ့နှင့် ဓာတ်သတ္တုတူးဖော်ရန်၊ ရေတွင်း,ရေကန်,အိုင်စိတွင်းတူးဖော်ရန်၊ လယ်ယာသီးနှံများ ဆွတ်ခူး,ရိတ်သိမ်းရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ဂီတ,အနုပညာပညာဆိုင်ရာ အဆို,အကနှင့် သရုပ်ဆောင် လုပ်ငန်းများ စတင်ရန်၊ အဆောက်အအုံလုပ်ငန်းအဝဝ လုပ်ဆောင်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ အစုရှယ်ယာဝင်ရန်၊ အလုပ်သစ်လျှောက်ရန်၊ ငွေကြေးကိစ္စ ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ထူးဇော်မောင်၊ မထိုက်စံမြင့်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ နက်ပြာရောင်ဖြစ်ပြီး အနောက်တောင်အရပ်တွင် လာဘ်ပွင့်မည်။

၂၃-၅-၂၀၁၆ (တနင်္လာနေ့)

(၁၃၇၈)ခုနှစ်၊ ကဆုန်လဆုတ် (၂)ရက်

ဥစ္စာပစ္စည်း ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ ပညာစသင်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ပန်း(၁၀)မျိုးလုပ်ငန်းများ ဆောင်ရွက်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း,ပြည်ပ ခရီးသွားလာရန်၊ အချစ်ရေးရာစကားပြောရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ ငွေကြေးကိစ္စ ဆောင်ရွက်ရန်၊ လုပ်ငန်းသစ် စတင်ရန်၊ လယ်ယာမြေ ထွန်ယက်ရန်၊ သီးနှံပင်များ စိုက်ပျိုးရန်၊ စေ့စပ်,လက်ထပ်ပွဲ ကျင်းပရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၇း၃၀)နာရီမှ (၉း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်လူမော်၊ မကေခိုင်

www.burmeseclassic.com

www.burmeseclassic.com

မြင့်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အနီရောင်ဖြစ်ပြီး အနောက်အရပ်တွင် လာဘ်ပွင့်မည်။

၂၆-၅-၂၀၁၆ (ကြာသပတေးနေ့)
(၁၃၇၈)ခုနှစ်၊ ကဆုန်လဆုတ် (၅)ရက်

ချမ်းသာကြွယ်ဝသောယုဂ်ရရှိသဖြင့် ယနေ့ဘုရားတည်ရန်၊ ထီးတော်တင်ရန်၊ အနေကဇာတင်ရန်၊ ပညာစသင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ အဆောက်အအုံလုပ်ငန်း၁၀ ဆောင်ရွက်ရန်၊ အိမ်တက်,အိမ်ပြောင်းရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အထက်သို့လွှတ်တင်ရသောလုပ်ငန်း ဆောင်ရွက်ရန်၊ လေကြောင်းဆိုင်ရာ ခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မင်းမြင့်မြတ်၊ မောင်မြတ်မင်းမောင်၊ မမြင့်မြတ်မေ..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ ဖက်ဖူးရောင်ဖြစ်ပြီး တောင်အရပ်တွင် လာဘ်ပွင့်မည်။

၂၇-၅-၂၀၁၆ (သောကြာနေ့)
(၁၃၇၈)ခုနှစ်၊ ကဆုန်လဆုတ် (၆)ရက်

တိတိရက်မြတ်ယုဂ် ရရှိသဖြင့် ယနေ့ နာမည်ကင်ပွန်းတပ်ရန်၊ မီဒီယာများတွင် ကြော်ငြာထည့်သွင်းရန်၊ ရတနာရောင်းဝယ်,ဝတ်ဆင်ရန်၊ အဆောက်အအုံလုပ်ငန်း ဆောင်ရွက်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အထက်သို့လွှတ်တင်ရသောလုပ်ငန်း ဆောင်ရွက်ရန်၊ လေကြောင်းခရီးသွားရန်၊ ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ စေ့စပ်,လက်ထပ်ရန်၊ အစုရှယ်ယာဝင်ရန်၊ သစ်ပင်စိုက်ပျိုးရန်၊ ငွေချေးငှား အပ်နှံရန်၊ မိတ်ဆွေသင်္ဂဟ ဖွဲ့ဆိုရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်သျှားထက်မင်း၊ မသူသူမောင်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ ဖက်ဖူးရောင်ဖြစ်ပြီး အရှေ့အရပ်တွင် လာဘ်ပွင့်မည်။

၂၈-၅-၂၀၁၆ (စနေနေ့)
(၁၃၇၈)ခုနှစ်၊ ကဆုန်လဆုတ် (၇)ရက်

ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံရှင်ပြုရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ မီဒီယာများတွင် လုပ်ငန်းကြော်ငြာထည့်ရန်၊ မုခဒ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ ထီးတော်တင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ ရတနာရောင်းဝယ်,ဝတ်ဆင်ရန်၊ အဆောက်အအုံ ဆောက်လုပ်ရေးကိစ္စ အဝဝ ဆောင်ရွက်ရန်၊ အိမ်ပြောင်း,အိမ်ရွှေ့ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ လယ်ယာသီးနှံများ ဆွတ်ခူးရန်၊ အထက်သို့လွှတ်တင်ရသော လုပ်ငန်းများ ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ထွန်းဇော်မင်း၊ မထူးစံမြင့်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဖြူရောင်ဖြစ်ပြီး အနောက်တောင်အရပ်တွင် လာဘ်ပွင့်မည်။

၃၁-၅-၂၀၁၆ (အင်္ဂါနေ့)
(၁၃၇၈)ခုနှစ်၊ ကဆုန်လဆုတ် (၁၀)ရက်

အလိုဆန္ဒပြည့်ဝသောယုဂ်ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ အနေကဇာတင်ရန်၊ ရဟန်းခံရှင်ပြုရန်၊ အမည်ကင်ပွန်းတပ်ရန်၊ အဆောက်အအုံလုပ်ငန်းအဝဝ ဆောင်ရွက်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ လယ်ယာမြေထွန်ယက်ရန်၊ ပန်း(၁၀)မျိုး အနုပညာလုပ်ငန်းများ ဆောင်ရွက်ရန်၊ ဆေးဝါးသစ်များ စမ်းသပ်ဖော်စပ်ရန်၊ ဆေးဝါးကုသမှု ခံယူရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းမောင်၊ မစန္ဒာမြင့်ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ လိမ္မော်ရောင်ဖြစ်ပြီး အရှေ့တောင်အရပ်တွင် လာဘ်ပွင့်မည်။

ဝေဒ-တာရာ
မင်းမဇော်ညွှန့်
ဖုန်း-၀၉ ၂၅၀ ၁၆၇ ၃၃၄

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတုန်းက ချစ်ပုံပြင်မဟုတ်ပါ။ မကြာသေးမီက တကယ့်ဖြစ်စဉ်လေးတစ်ခုသာ ဖြစ်ပါသည်။ ယခင်က မသိခဲ့ရဖူးတဲ့ လောကဓာတ်ခံ ဖြစ်ပျက်ပုံကို အစုံအလင် နီးပါး သိခွင့်ရ၍ ဗေဒင်ဆရာဘဝကို ယခင်ထက် ပိုခုံမင်လာသည်ဟု ဆိုရပေမည်။ ဗေဒင်ပညာများကို အတွေ့အကြုံ မျှဝေခံစားရင်း သမီးကညာများကိုလည်း သတိပေးလို၍ မရေးသင့်တဲ့ ဤအကြောင်းကို ဆောင်းပါးအသွင် တင်ပြလိုက်ပါသည်။

ကာယကံရှင်ရဲ့ အရက်နှင့် ဂုဏ်သိက္ခာကို ငဲ့ကွက်ပြီး အမည်၊ မွေးသက္ကရာဇ်၊ မွေးဒေသများ ဖော်ပြ မနေတော့တဲ့ ဇာတာခွင်လေးပဲ ဖော်ပြလိုက်ပါသည်။ အမည်ကတော့ ဇာတ်လမ်းအရ မဗေဒါလို့ ပေးထားပါသည်။ လုပ်ကြံထားတဲ့ ဇာတ်လမ်းမဟုတ်။ ဗေဒင်ပညာမှတ်တမ်း တစ်ပုဒ်သာဖြစ်ကြောင်း ရိုးသားစွာ ဝန်ခံပါသည်။

ဖြစ်စဉ်က ဤသို့ပါ။

(၂၀၁၄)ခုနှစ်၊ မတ်လလောက်က စတင်ခဲ့ပါသည်။ စာရေးသူ ဖုန်းလက်ခံပြီး ထုံးစံအတိုင်း 'ဟဲလို..အမိန့်ရှိပါခင်ဗျာ'လို့ နူတ်ဆက်လိုက်သည်နှင့် 'ဆရာဖုန်းနံပါတ်ကို ဂမ္ဘီရမဂ္ဂဇင်းက ရလို့ပါ ဆရာ။ သမီး ဗေဒင်မေးချင်လို့ပါ'ဆိုပြီး နိဒါန်းချီလာ၏။

'ဟုတ်..ကဲပြော သမီး'ဆိုပြီး အမည်၊ မွေးသက္ကရာဇ်၊ မွေးဒေသ၊ မွေးချိန်များ တောင်းယူကာ ဇာတာဖွဲ့လိုက်ပါသည်။ မြင်သည့်အတိုင်းပင် ဟောသင့်သည်များ ဟောပေးလိုက်၏။

မှတ်မိသည်ကို ပြန်ပြောရလျှင် မိခင်အကျိုးကို မခံစားရ၊ အမေမရှိနိုင်တော့တဲ့ ဇာတာရှင်မို့ သမီး အခုနေတာ အဖေတစ်ခု သမီးတစ်ခု မဟုတ်ဘူးလားလို့ မေးရင်း ဟောလိုက်ရာ ဟုတ်ကဲ့ဟု ဝန်ခံ၏။

ဟောကိန်းမှန်သွားတော့ ဟောရတာ အားရှိသွား၏။ အခု စက်နှင့်ပတ်သက်တဲ့ အလုပ်တစ်ခုရ လုပ်နေတာ မဟုတ်လားလို့ ဆက်ဟောတော့လည်း မှန်နေ၍ 'ဒါဆိုရင် သမီးပညာရေး မပြီးဆုံးခဲ့ဘူး ထင်တယ်'လို့ ခပ်အေးအေး ဟောပြောလိုက်ရာ 'ဟုတ်ကဲ့၊ မပြီးခဲ့ပါဆရာ'ဟု ဆိုပါသည်။

ဗေဒင်ဟောခြင်းကိစ္စ ပြီးဆုံးသွားတော့ မှတ်တမ်းစာအုပ်မှာ ရေးမှတ်ထားလိုက်ပါသည်။

ထို့နောက်မှာတော့ Viber ကနေ သူ့အကြောင်း ကိုယ့်အကြောင်း သတင်းမေး သတင်းလာ အခါအားလျော်စွာ တွေ့ဖြစ်၊ ပြောဖြစ်ပါသည်။ တီတီတာတာ ပလီပလာ ဘာညာသရကာတော့ မရှိပါဘူး။

ဆရာကံထူး
(ဝေဒသုတသီ)

မဟောရက်ပါ မဗေဒါရယ်

www.burmeseclassic.com

www.burmeseclassic.com

သည်လိုနှင့် အတော်ကြာသွားတော့ မဗေဒါ ဖုန်းခေါ်လာပြန်၏။

"ထုံးစံအတိုင်း ဟဲလိုလို့ နွှတ်ဆက်လက်ခံလိုက်သည်နှင့် 'ဆရာ..ဗေဒင်ပြန်တွက်ချင်လို့ ခဏာတွက်ပေးပါဦး' တဲ့။

(၂၀၁၄)ခုနှစ်၊ မတ်လလောက်က မေးခဲ့ဖူးတာဆိုတော့ အခု (၂၀၁၅)ခုနှစ်၊ အောက်တိုဘာလဆို အင်း.. တစ်နှစ်ကျော်နေပြီလေလို့ စိတ်ထဲ တွက်လိုက်ပြီး 'အေးဝါ..အေးပါ။ ခဏနေ Viber က ဟောပေးထားလိုက်ဒယ်လေ' လို့ ပြန်ပြောလိုက်ပါသည်။

'ဆရာ အခု ဖုန်းထဲကနေ တစ်ခါတည်း တန်းဟောပေးလို့ မရဘူးလား' ဆိုပြီး အရေးကြီးဟန် အားငယ်သံဖြင့် ပြောလာ၍ 'ဒါဆို ဖုန်းခဏာပြန်ချလိုက်လေ။ ဆရာက ပြန်ကြည့်ရဦးမှာ။ နောက်(၁၅)မိနစ်လောက် ပြန်ဆက်ဟေ့' လို့ ပြောလိုက်ပါသည်။

ဟုဇာဆိုပြီး ဖုန်းချသွားတော့ မှတ်တမ်းစာအုပ်ဖွင့်ပြီး အချက်အလက်များယူကာ ဇာတာပြန်ဖွဲ့လိုက်ပါသည်။



'ကောဇာရာဟုက သဟဇာဘဝကို ရောက်နေပြီး သုဘဘဝကို (၇)တန့်လှမ်းမြင်နေတာမို့ ဂုဏ်သိက္ခာထူဆောင်းလို့ အလုပ်အကိုင် မလုပ်ချင် မကိုင်ချင် ဖြစ်နေမှာပေါ့' လို့ မြင်တဲ့အတိုင်း ဟောလိုက်ပါသည်။

'ဒါပဲလား ဆရာ' တဲ့။ အရေးတကြီး သိချင်နေတာ သွန်သေးတယ်ဆိုတဲ့ သဘောပါပဲ။ အစဉ်အတိုင်း ဟောရင် ဟောကိန်းများပြီး အနာနှင့်ဆေး မတည့်ဖြစ်နေမှာစိုးလို့ ဖုန်းဘေလ်ကိုလည်း အားနာတာနှင့် 'ကဲ..သမီး စိတ်ထဲ အရေးတကြီး သိချင်နေတာ ပြော။ ဆရာ အဖြေထုတ်ပေးမှာပေါ့' လို့ ပြောလိုက်မိပါသည်။

'ဟာ..ဆရာကလည်း ဗေဒင်ဆရာပဲဥစ္စာ၊ မြင်တာအကုန်ဟောပေါ့' တဲ့။

'ဒါဆို ဆရာမြင်တာ ဟောမယ်နော်' ဆိုပြီး ကောဇာနေကြိုဟ် (၅)တန့်ပုတ္တရာဘဝသို့ ဝင်ရောက်စီးနင်းနေသည်ကိုကြည့်ကာ 'အချစ်ရေး၊ ငွေကြေး၊ သင်တန်းပညာတစ်ခုခုကြောင့် သမီးဘဝမှာ အတော်ကို အခက်အခဲတွေ့နေမှာပေါ့' လို့ ဟောလိုက်ပါသည်။

'တစ်ခုမှကို မမှန်ဘူး။ ဘာတွေလျှောက်ဟောနေမှန်းကို မသိဘူး' တဲ့။

ဟာ..ဒုက္ခပဲ။ စာရေးသူ ခံရခက်သွား၏။ မှန်တာပြောရင် ဉာဏ်ပူဇော်ခ ပိုက်ဆံ(၅၀၀၀) မလိုချင်တော့လောက်အောင် တင်းသွားပါသည်။ စိတ်တိုတိုနှင့် 'ဗေဒင်ဆရာက ဘုရားမှမဟုတ်တာ၊ အကုန်လုံး ဘယ်သိနေပါ့မလဲ။ သမီးသိချင်နေတာတာ ဘာမှန်းမှ ဆရာ မသိတာ' လို့ ပြန်ပြောလိုက်ပါသည်။

နည်းနည်းတော့ အားနာသွားပုံရ၏။

'ကဲ..ထားပါတော့' ဟု ဆိုကာ ဉာဏ်ပူဇော်ခ အကြောင်း ဆက်လာ၍ 'နေပါစေ သမီး၊ မှန်မှ မမှန်တာ မယူရက်ပါဘူး' လို့ ပြောလိုက်တော့ မဝံ့မရဲသံလေးနှင့် 'ရပါတယ် ဆရာ' ဟု တိုးတိုးကလေးပြောပြီး ဖုန်းချသွားပါသည်။

အတော်ကို စိတ်ကသိကအောက် ဖြစ်သွား၏။ စိတ်ကူးထဲက မင်္ဂလာဆောင်ဆိုတဲ့ ရေးလက်စ ဆောင်းပါးလည်း ပြန်မကိုင် ဆက်မရေးတော့ဘဲ ကော်ဖီတစ်ခွက်ဖျော်ကာ တစ်ငုံသောက်လိုက်ပါသည်။ ဆေးလိပ်ကောက်ဖွာရင်း လွင့်သွားတဲ့ မီးခိုးနှင့် အပြိုင်ပြေးကာ မဗေဒါအကြောင်း ခေါင်းထဲ တွေးနေမိပါသည်။ သို့သော် ဇာတာခွင်ကိုသာ မြင်၏။ ဟောဂဏ်ကတော့ ထူးမခြားနားပါ။

ရာဟုကြိုဟ် သဟဇာဘဝကို ရောက်နေ၍ ညီအစ်ကို မောင်နှမ နှင့်များ ပြဿနာတက်လေသလားလို့ တွေးကြည့်သေး၏။ သို့သော် (၂၀၁၄)ခုနှစ်၊ မတ်လ ဗေဒင်စမေးကတည်းက အဖေတစ်ခု သမီးတစ်ခုဖြစ်ကြောင်း ဟောခဲ့တာ မှန်ခဲ့တယ်ဆိုတော့ မဖြစ်နိုင်ဘူးလေဆိုပြီး ကိုယ့်ဘာသာ ဖယ်လိုက်ပါသည်။

(၅)တန့်ပုတ္တရာဘဝကို ကောဇာစနေ စီးနင်းထား၍

www.burmeseclassic.com

www.burmeseclassic.com



အချစ်ရေးမှာ ပြဿနာတက်နိုင်၏။ အချစ်ဟာ မီးလားလို့ ဆိုညည်းနေရမည့် အချိန်အခါပဲ။ သို့သော်လည်း ကာယကံရှင်က ဟင့်အင်းလို့ ငြင်းထား၏။ ဒါမှမဟုတ် ငွေကြေးပြဿနာ၊ ငွေကြေးခက်ခဲမှု ကြုံရတတ်၏။ သို့သော် ကာယကံရှင်က မဟုတ်ပါဘူးလို့ ဆိုနေ၏။ သင် တန်းပညာ တက်ရောက်ရေးတွက် အခက်အခဲတွေ့တတ်၏။ သို့သော် ကာယကံရှင်က ဘာမှမဆိုင်တဲ့။ လင် (တနုဘာဝ)သခင် တနလာ်ဂြိုဟ် ပုတ္တရာဘာဝ၌ ရပ်တည်၏။ ထိုရပ်တည်ဂြိုဟ်နှင့် ဘာဝကို စနေစီးနင်းထား၏။ တစ်နည်းပြောပါက ပုတ္တရာဘာဝ၌ ရပ်တည်သော ဇနမစန်းကို စနေစီးနင်းထား၍ ဆတ္တီဆတ္တိ ဒုတိယပိုင်း ဖြစ်ပါသည်။ ထို့ကြောင့် ကျန်းမာရေးအနေဖြင့် အစာအိမ်၊ နှလုံးဆိုင်ရာ ဝေဒနာများ ခံစားရတတ်၏။ သို့သော် ကာယကံရှင်က ဘာမှမဖြစ်ပါတဲ့။

ထို့အပြင် အကြင်နာသံယောဇဉ်၊ နေအိမ်ကိုယ်စားပြုတဲ့ (၄)တန်သခင် သောကြာရော (၃)တန်၊ (၁၂)တန် သခင် ဗုဒ္ဓဟူးရော ထိုဘာဝ၌ ရပ်တည်နေ၏။ ထိုဂြိုဟ်များလည်း စနေစက်ကွင်းက မလွတ်နိုင်ချေ။ ထို့ကြောင့် အကြင်နာသံယောဇဉ် လျော့ပါးသွားလို့ အချစ်ရေးပူလောင်ကာ မလုပ်ချင် မကိုင်ချင် ဖြစ်နေတတ်၏။ သို့သော် ကာယကံရှင်က မဟုတ်မှန်ပါဘူးတဲ့။ ငွေကြေးကိစ္စသာ ဆိုပါက လင်္ဂရိငွေအပြင် ကဋ္ဌမ္ဘာဘာဝကို စနေ (၁၀)တန် အထူးမြင်နေ၍ စုငွေများပါ တက်တက်ပြောင်နေမှာပေါ့။ သို့သော် ကာယကံရှင်က ဟင့်အင်းဆိုနေ၍ ဆက်မဟောနိုင်ဘဲ ငုတ်တုတ်ထိုင်နေလိုက်ရ၏။

ခက်တော့ ခက်သားပဲ။ စာရေးသူ ကိုယ့်ဘာသာ အတန့်တွေ၊ ဘာဝတွေ၊ ဂြိုဟ်တွေ လိုက်စစ်ပြီး ခရကို ခါးတောင်းကျိုက် ဖမ်းနေမိသော်လည်း မဗေဒါက ဘာမှ မဟုတ်ပါဘူးလို့ ငြင်းပယ်ထားပြီမို့ သတိရတိုင်း စဉ်းစားရုံကလွဲလို့ အဖြေမှန် မထုတ်နိုင်ခဲ့ပါ။ ကြာလာတော့လည်း မေ့လုလုဖြစ်လာ၏။ တစ်ခါ၊ တစ်ခါတော့လည်း မခံချင်စိတ် ပြန်ပြန်ပေါ်လာပါသည်။ ပြန်ပေါ်လာလည်းပဲ မထူးစာရင်းသွင်းကာ မေ့ထားလိုက်ရသည်ပင်။

နိဝင်ဘာလ ပထမပတ်ထဲမှာ မဗေဒါ ဖုန်းဆက်လာပြန်၏။ အသံကတော့ ယခင်လို သွက်လက်မှုမရှိ ဝမ်းနည်းအားငယ်သံ၊ စိုးရိမ်သံများ ရောစွက်နေပါသည်။

ထုံးစံအတိုင်း ဟဲလိုနှင့်လက်ခံပြီး 'ကဲ..သမီး ပြော' ဆိုတော့ 'သမီး အကူအညီတစ်ခုလောက် တောင်းချင်လို့ပါ ဆရာ' တဲ့။

'အေး..ပြော သမီး၊ ဘာအကူအညီပေးရမလဲ' လို့ ကမ်းလှမ်းစကားဆိုလိုက်သည့်တိုင် မဗေဒါထံမှ ဘာသံမှ ထွက်မလာခဲ့ပါ။ တစ်ဖက်မှာ လောကဓံထောင်းထုခံရတဲ့ ဝေဒနာ ပြင်းထန်လေသလောက် တစ်ဖက်မှာလည်း ဆွေးမတော် မျိုးမစပ် လူပင် မမြင်ဖူးလေတော့ ပြောရမှာ အားနာလွန်း၍ ချိန်ဆနေဟန်တူ၏။

'ကဲ..ပြောမှာဖြင့်ပြော၊ အားနာမနေနဲ့' လို့ အားတင်းကာ တွန်းပေးလိုက်တော့မှ 'ဆရာ..သီလရှင်ကျောင်း အသိမရှိဘူးလား ဆရာ' တဲ့။

ထင်ထားသည့်နှင့် တခြားစီမို့ ဟင်ဟုပင် အာမေဋိတ် ထွက်သွားပါသည်။ သို့သော် ကိစ္စရင်းကို မသိရသေး၍ 'သီလရှင်ကျောင်းတော့ အသိမရှိဘူး။ ဒါနဲ့ ဘာကိစ္စမို့လို့လဲ။ သီလရှင်ကျောင်းက ဘုန်းကြီးကျောင်းရော မဖြစ်ဘူးလား' လို့ စေတနာအတွန့်တက်လိုက်ပါသည်။

သင်တန်းတက်ချင်လို့ တည်းခိုဖို့ရာ ရှာတယ်လို့ ကိုယ့်ဘာသာ ထင်ကြေးပေးပြီး မေးလိုက်ခြင်း ဖြစ်ပါသည်။ 'နှစ်လလောက် ခဏတည်းခိုချင်လို့' ပါတဲ့။

အင်း..ဒါဆိုတော့ ငါထင်တာ မှန်သွားပြီဆိုပြီး 'ရပါတယ်။ ဆရာ့အသိကျောင်းမှာ ပြောပေးမယ်' လို့ အာမခံလိုက်ပါသည်။

သူတော်ကောင်းနှင့် တွေ့ပြီလို့ သဘောထားထားသလား၊ အချဉ်တစ်ကောင်တော့ တွေ့ပြီလို့ သဘောပိုက်လေသလား မပြောတတ်ပါ။

'သမီးလာမှာ တစ်ယောက်တည်းနော်။ ဒါတော့

www.burmeseclassic.com

www.burmeseclassic.com

ဆကယ်တော့ နှစ်ယောက်ပါ ဆရာ'လို့ ပဖောင်ဒို ဆန်ဆန်ပြောပြီး တစ်ကျော့ထပ်ချည်လာပါသည်။

ရည်းစားနှင့်လာပြီး တစ်ယောက် တစ်နေရာစီ ခွဲ ထည်းကာ ဇာတ်လမ်းရှုပ်နေမှာ ထင်တယ်လို့ အထင်နှင့် တွေးပြီး 'ဘုန်းကြီးကျောင်းမှာ အဲလိုတော့ ဘယ် ဆောင်းပါ့မလဲကွာ'လို့ ပြောလိုက်မိပါသည်။

'မဟုတ်ဘူး၊ အဲလို မဟုတ်ဘူး ဆရာ'ဆိုပြီး သွက် သွက်ခါအောင် ငြင်းပါသည်။

'ဒါဆို ဘာလဲကွ၊ ရှင်းအောင် ပြောလေ။ မင်း စကားက'လို့ စိတ်တိုသံနှင့် ပြောလိုက်ပါသည်။

သို့သော် ပြောမထွက်နိုင်သေး၍ 'ဟိုလေ..ဟိုလေ' ထုပ်နေပါသည်။

အတွေးတစ်ခု ပေါက်လာ၍ 'နေဦး၊ ဆရာ တစ်ခု ဆေးမယ်။ မဟုတ်ရင်လည်း စိတ်မဆိုးနဲ့နော်'လို့ စကား ခံလိုက်တော့ 'ဟုတ်..ပြောပါ ဆရာ၊ အဆိုးဆုံး အခြေ အနေထိ ပြောလို့ရပါတယ်'တဲ့။

မဗေဒါရဲ့ ဝမ်းနည်းအားငယ်သံကို လျစ်လျူရှုကာ 'ဒါဆို မင်း ကိုယ်ဝန်ရှိနေတယ်လို့ ဆိုလိုတာလား'လို့ ဆေးလိုက်ပါသည်။ ဝိသံတစ်ဝက်ဖြင့် 'ဟုတ်ကဲ့'ဟု ဖြေ ပါသည်။

အိုး..အာမေဍိတ်ထွက် သက်ပြင်းချပြီးမှ အကြောင်း စုံတို ထောင့်စေ့ကွက်စေ့ မေးလိုက်ပါသည်။

'မဖျက်ချဘူး၊ မွေးမှာပါ။ ရန်ကုန်မှာ မမွေးပါဘူး။ ကိုယ့်ရပ်ပြန်ပြီး မိခင်နှင့် ကလေးစောင့်ရှောက်ရေးမှာ ထွေမှာပါ။ နှစ်လလောက် ရှောင်ချင်တယ် ဆိုတာက ဆယ်(၇၀)အရွယ် အဖေအို့ရဲ့ ဂုဏ်သိက္ခာကို အဖတ် ဆယ်ချင်လို့ပါ'တဲ့။

အဖေဂုဏ်သိက္ခာ၊ အဖေအသက်၊ အဖေအရှက်ကို ဆောင်ထိန်းကာကွယ်ချင်လို့ပါဆိုတဲ့ စိတ်စေတနာကောင်း ထေးကို ရင်ထဲက အသိအမှတ်ပြုပြီး အမှားဟူသမျှကို ဖျောခ်လျူရှုကာ ကူညီရန် အာမခံလိုက်ပါသည်။

သည်အကြောင်းကို လက်ထပ်အံ့ဆဲဆဲ ဇနီးလောင်း ဖြင့်ပြောတိုင်ပင်တော့ 'ဗေဒင်ဆရာ၊ စာရေးဆရာ ဘယ်ရောက်သွားတာလဲ။ ဘာဖြစ်သွားတာလဲ'လို့ မေးပါသည်။

'လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေး ဦးစီးမှူး ဖြစ်သွားပြီပေါ့'လို့ အသေအသွမ်း စွက်ကာ ပြောလိုက်ရ၏။

တကယ့်တကယ် မဗေဒါ ရောက်လာသောအခါ ခင်မင်ရင်းနှီးသူများက အခြေနှစ်ချောင်း မကယ်ကောင်း က စပြီး ဆရာ့အိမ်ထောင်ရေး အလယ်၊ ဒီမိန်းကလေး တစ်ခုခုဖြစ်သွားရင် ဥပဒေအရ ဆရာ မလွတ်ဘူးနော် ဆိုတာအဆုံး အမျိုးမျိုး တားကြပါသည်။

သို့သော် စာရေးသူက စေတနာအမှန်တွင် သစ္စာ တရား ကြားခံထားပြီး ယောကျ်ားကတိအတိုင်း ကူညီ လိုက်ပါသည်။

အခြေအနေကို အကျဉ်းချုပ်ပြောပါက နားနှင့်မနာ ဖဝါးနှင့်နာပါ။ တစ်ယောက်တည်း နှစ်ယောက်လာ၊ ပိုက် ဆံမပါ ဗိုက်ချည်းလာပါသည်။ သို့သော် ဗေဒင်ဟောစဉ် ကတော့ အမှားတွေချည်း။ ဘာမှ မမှန်ဘူးလို့ မဗေဒါ ကိုယ်တိုင် ပြောခဲ့၏။ ခုတော့ အမှန်တွေချည်းပါလားလို့ ကိုယ့်ဘာသာ မသက်မသာ တွေးမိ၏။ အပြည့်အစုံကို သာ ဇာတ်လမ်းဟန်နှင့် ရေးပါမူကား ရုပ်ရှင်တစ်ကား ရိုက်လို့ရပေသည်။ သို့သော် မဆိုင်၍ မရေးတော့ပါ။ လိုရင်းပြောပြီး ဇာတ်သိမ်းပါက စာရေးသူ မဂ််လာပွဲ ကျင်းပနေစဉ်မှာပဲ ဗဟိုအမျိုးသမီးဆေးရုံကြီးမှာ ကလေး အသေမွေးပါသည်။ မဗေဒါကတော့ ကျန်းမာလျက်ပါ။

ဤ၌ ပြောလိုရင်းကား ဗေဒင်ဆရာသည် ဗေဒင် ပညာကို အခြားအကြောင်း တစ်ခုခုကြောင့် လျစ်လျူမရှု သင့်ဆိုတာကို ပထမဆုံးအနေဖြင့် ဗေဒင်ပညာသင်တို့အား မျှဝေချင်ပါသည်။

မှန်၏၊ ဤမဗေဒါ ဇာတ်လမ်းတွင် အပျိုစင်ဆိုတဲ့ အသိ စာရေးသူခေါင်းထဲရှိနေ၍ ပုတ္တရဘာဝအား စနေ စိန်းထားသည်ကို မြင်တွေ့နေပါလျက် သားသမီးအရေး ကြောင့် ရတက်မအေး ဖြစ်နေရတတ်တယ်လို့ ဟော မထွက်ခဲ့ပါ။ ကျန်တဲ့အကြောင်းအရာများကိုသာ ဟော ထွက်ခဲ့၏။ တနဘာဝသခင် တနလာ်ဂြိုဟ်ပါ အတူပါဝင် နေတာမို့ သားသမီးမှ အပြင်က သားသမီးမဟုတ်၊ ကိုယ် ခန္ဓာနှင့် တစ်စပ်တည်းရှိနေတဲ့ သားသမီး(ကိုယ်ဝန်သန္ဓေ သား)ဆိုတာ တွက်ထုတ်လို့ ရနေပါသည်။ သို့သော် လူကို မမြင်ရဘဲ ဖုန်းထဲကနေ ဟောရာမှာ သမီးပျို တစ်ဦးကို သမီး ကိုယ်ဝန်သန္ဓေသားကြောင့် ဒုက္ခရောက်

www.burmeseclassic.com

နေတယ် မဟုတ်လားလို့ ဘယ်ဗေဒင်ဆရာ ဟောရက်မှာ လဲဗျာ။ မဟောရက်တော့ ဟောကွက်မှားတာပေါ့။ ဒါ အတွေ့အကြုံပညာပါ။ သို့သော် စာရေးသူ ဟောပြောခဲ့သည်များအားလုံး မှန်ခဲ့ပါသည်။

အကြင်နာသံယောဇဉ် ကိုယ်စားပြုတဲ့ (၄)တန့်သခင် သောကြာဂြိုဟ် ပါဝင်နေ၍ တစ်ဖက်က အကြင်နာသံယောဇဉ် ပြတ်တောက်သွား၏။ တစ်ဖက်တွင် အကြင်နာ၏ခြေရာ ကျန်နေခဲ့၍ ယင်းဝေဒနာကြောင့် မူလလုပ်ငန်းခွင်မှာ အလုပ်မလုပ်ချင်တော့၍ နုတ်ထွက်ခဲ့လေပြီ။ ထို့ကြောင့် ဂုဏ်သိက္ခာကျတဲ့အပြင် ငွေကြေးပါ ခက်ခဲလာ၏။ လက်ရှိငွေရော စုငွေများပါ တက်တက်ပြောင်လာသောအခါ ဒုက္ခထုထည် ပိုကြီးလာခဲ့၏။ တဖြည်းဖြည်း ခြေရာကြီးလာ၍ ဖုံးဖိမနိုင်တဲ့အခါ ဂုဏ်သိက္ခာများ ရစရာမရှိအောင် ကျဆင်းသွားတော့၏။ မိမိဂုဏ်သိက္ခာကို အသာထားလို့ အဖေဂုဏ်သိက္ခာလေးများ ကာကွယ်နိုင်လျှင် ကောင်းမှာပဲဆိုတဲ့ အတွေးကြောင့် စာရေးသူအား မြက်တစ်ပင်ပမာ အားကိုးစွာ ဆုပ်ကိုင်ခဲ့ခြင်းဖြစ်ပါသည်။ အမှန်တကယ်လည်း လူရော ငွေပါ ကူညီလိုက်ပါသည်။

ကိုယ်တွေ့အသိကို ဗေဒင်ပညာသင်များအား မျှဝေရလျှင် ဗေဒင်ပညာကပြသော အမြင်ကို အမြင်အတိုင်းသာ ဟောပါ။ အထင်ဖြင့်သော်လည်းကောင်း၊ မြင်ခြင်း၊ ကြားခြင်း အကြောင်းရင်း တစ်ခုခုကြောင့်သော်လည်းကောင်း မချေဖျက်ပစ်ပါနှင့်။ ချေဖျက်ပြီး ချန်ထားခဲ့ပါက အဟောမှန်နှင့် လွဲနေပေလိမ့်မည်။ စာရေးသူကတော့ လက်တွေ့ရတဲ့ ဗေဒင်ပညာအဖြစ် သိမ်းဆည်းထားလိုက်ပါပြီ။

ဒုတိယအနေဖြင့် သမီးကညာများကို သတိပေးချင်ပါသည်။ အရွယ်ရောက်လာသည်နှင့် အန္တရာယ်က လက်တစ်ကမ်းတွင် အသင့်ရှိနေတော့၏။ အန္တရာယ်များလွန်းလို့ပင် မိဘ-သမီးဆိုတဲ့ စကားလုံးကို မိဘမောင်ဖားတို့သည်သွား လေရာရာ ဆောင်ယူသွားအပ်သောကြောင့် သမီးမည်ဟု ပါဠိစာပေ၌ ဖွင့်ဆိုပြထားခြင်း ဖြစ်ပါသည်။

ဘာအန္တရာယ်လဲ။ တင့်တယ်သော အိမ်ထောင်ကျခြင်းဖြင့် မကျေသေးမီ ကြားဖြတ်ကျရောက်တတ်တဲ့ အန္တရာယ်။ လိုတိုရှင်းပြောပါက အသက်အန္တရာယ်၊ အရှက်အန္တရာယ်ပါ။ သို့သော် လောကီအရေးမှာ သမီးကညာ အခါမလင့်စေနှင့်လို့လည်း အဆိုရှိ၏။

အခါလင့်ပါကလည်း 'ချိန်ခါရောက်ခြား၊ ဆိုင်းလင့်ထားက၊ မောင်ဖားမိဘ၊ အရှက်ရ၏' (မဃ ၃၀၄)လို့ ဆိုထားပါသည်။

အရှက်အန္တရာယ်၊ အသက်အန္တရာယ်လည်း မရောက်ရလေအောင်၊ မောင်ဖားမိဘလည်း အရှက်မရ၊ရလေအောင် အရွယ်ရောက်လာသည်နှင့် အန္တရာယ်ကို ကျော်မြင်ထားသင့်၏။ ကျော်မြင်ဖို့ရာ ဗေဒင်ပညာအကူအညီဖြင့် ဆင်ခြင်ပါလို့ ပြောချင်ပါသည်။

ဗေဒင်ပညာဖြင့် ဘဝကို ဆင်ခြင်လျှင် ဘယ်တော့အချစ်မှားနှင့်၊ ဘယ်တော့ အချစ်မှန်နှင့် ကြုံတွေ့ရမည်ကိုလည်း သိနိုင်၏။ ဘယ်တော့ မှားယွင်းတဲ့အိမ်ထောင်ကျတတ်သည်။ ဘယ်တော့ တင့်တယ်စွာ အိမ်ထောင်ကျတတ်သည်ကိုလည်း ဗေဒင်ပညာက အကြံပေးနိုင်၏။ အိမ်ထောင်ဖက်ရဲ့ အသက်အရွယ် အိုင်းအခြားနှင့် အခြေအနေ အင်္ဂါလက္ခဏာကိုလည်း လမ်းညွှန်နိုင်၏။ အိမ်ထောင်ကျပြီး အနီးကပ် အန္တရာယ်ကိုလည်း ကြိုမြင်နိုင်ပါသည်။

ဥပမာ-မဗေဒါရဲ့ ဇာတာကိုပဲ ကြည့်လိုက်ပါ။ အိမ်ထောင်ရေးဘာဝသခင် စနေဂြိုဟ်သည် (၆)တန့် အာရီဘာဝဖြစ်တဲ့ ခနုရာသီမှာ ရပ်တည်နေပါသည်။ ကောစာစနေသည် (၂၆-၁-၂၀၁၇)ရက်တွင် ထိုရာသီသို့ ရောက်လာပေမည်။ ထို့ကြောင့် (၂၀၁၅-၂၀၁၆)ခုနှစ်များတွင် အိမ်ထောင်ပြုပါက စနေကို စနေဒီးတဲ့ (၂၆-၁-၂၀၁၇) နေ့မှ (၂၄-၁-၂၀၂၀)ရက်နေ့အတွင်းမှာ အိမ်ထောင်ရေးပြုကွဲသွားနိုင်ပါသည်။ ထို့ကြောင့် ယင်းကာလလွန်မှ အိမ်ထောင်ပြုသင့်ကြောင်း ဗေဒင်ပညာက အကြံပေးနိုင်ပါသည်။ အိမ်ထောင်ဖက်ရွေးခဲ့စဉ်က အင်္ဂါရပ် မပြည့်စုံမကောင်းမွန်လျှင် (၉၀)ရာခိုင်နှုန်း ကွဲဖို့ရာ သေချာ၏။ အင်္ဂါညီပါမူကား ကွဲဖို့ရာ မသေချာပေ။ ကွဲခဲ့ပါကလည်း ပြန်ပေါင်းရန် ရနိုင်ပါသည်။

ထို့ကြောင့် မဗေဒါလိုဘဝမျိုး မကြုံရအောင် ဗေဒင်ပညာဖြင့် ဘဝကို အလှဆင်ပါလို့ တိုက်တွန်းပါရစေ။

စာရှုသူများ ရွှင်လန်းချမ်းမြေ့ကြပါစေ။

ဆရာကံထူး(ဝေဒသူတော်)

www.burmeseclassic.com

www.burmeseclassic.com

ကြည်ဝင်း(တသိုဘာ)

လက္ခဏာပညာ လေ့လာသူတို့ သတိထားရမည့်အချက်များ

သဘာဝက လက်ဝါးပြင်များပေါ်၌ သတိပေးချက်များနှင့် ဆိုင်းဘုတ်များကို စိုက်ထူခဲ့ကြပေသည်။ သို့သော် ထိုသတိပေးချက်များကို လူတို့သည် ဂရုမစိုက် လျစ်လျူရှုခဲ့ကြသည်ကိုသာ တွေ့ခဲ့ကြရ၏။

လက်ဝါးပြင်ထက်၌ ရှိကြသော လမ်းကြောင်းများသည် ထင်ရှားစွာလည်း ရှိရမည်။ ပန်းရောင် (သို့မဟုတ်) အနီရောင်လည်း သန်းနေရမည်။ ၄င်းတို့၌ အပြတ်အတောက်များ၊ ကြက်ခြေခတ်များ၊ အခက်များလည်း ကင်းရှင်းရမည် ဖြစ်၏။

အကယ်၍ အရောင်အဆင်းအားဖြင့် ဖြူဆွတ်နေပါက ၄င်းတို့သည် အင်အားနည်းပါးခြင်းနှင့် အားအင်ကုန်ခန်းခြင်းအပြင် ကျန်းမာရေးချို့တဲ့ခြင်းတို့ကိုပါ ဖော်ပြနေ၏။

အနီရင့်ရောင် သန်းနေပါမူ ဒေါသတရားကြီးမားခြင်းတို့ ဖော်ပြနေ၏။

အဝါရောင် သန်းနေပါမူ အစာအိမ်နှင့် ကျောက်ကပ်ရောဂါများ ဖြစ်ပွားတတ်ပြီး ထိုင်းမှိုင်းသော သဘောတရားများကို ဖော်ပြနေ၏။

ခွသဖျာန် ဖော်ပြနေသော လမ်းကြောင်းများသည် အများအားဖြင့် ကောင်းတတ်၏။ ထိုညွှန်ပြနေသော လမ်းကြောင်းကို အင်အားဖြည့်တင်းနေတတ်လေသည်။ အကယ်၍ ဦးခေါင်းလမ်းကြောင်း၏အဆုံး၌ ခွသဖျာန်ရှိနေပါသူ၏အင်အား(၂)မျိုးရှိသည်ဟု ယူဆနိုင်ပေသည်။ တစ်နည်းအားဖြင့် သုံးသပ်ရပါမူ မည်သည့်အမျိုးအစား၌မဆို စူးစိုက်မှုအင်အား လျော့နည်းသွားသည်ဟု ယူဆရပေမည်။

အစက်များသည် လမ်းကြောင်းတို့ကို အင်အားနည်းစေပြီး ကြီးပွားတိုးတက်မှုများကို ရပ်ဆိုင်းစေ၏။

ပန်းပွားများသည် မကောင်းသော သဘောတရားများ ဖြစ်၏။ ၄င်းတို့နှင့် အဆုံးသတ်ပါမူ ထိုအဆုံးသတ်သော လမ်းကြောင်း၏ အင်အားကို လျော့ပါးစေ၏။ ဥပမာ-အသက်လမ်းကြောင်း၏ အဆုံး၌ တွေ့ရပါမူ ၄င်းတို့သည် အာရုံကြောများအား အင်အားလျော့နည်းကြောင်းပြသည့် သင်္ကေတများပင် ဖြစ်၏။

လှိုင်းတွန့်လမ်းကြောင်းများသည် မရေရာခြင်း၊ ဆုံးဖြတ်ချက် အင်အားနည်းပါးခြင်းတို့ကို ဖော်ပြနေ၏။

အပြတ်လမ်းကြောင်းများသည် လမ်းကြောင်းတို့၏ အာနိသင်ကို ဖျက်ဆီးပစ်နေခြင်းဖြစ်၏။ အထူးသဖြင့် ပြတ်တောက်နေသော အသက်အဝိုင်းအခြား ပတ်ဝန်းကျင်တွင် ဖြစ်တတ်ပေသည်။ အကယ်၍ အပြတ်တို့သည် တစ်ခုနှင့် တစ်ခု ထပ်နေပါက သိပ်ဆိုးဝါးသည်ဟု မဆိုနိုင်ပေ။ နဂိုအာနိသင်များ ပြန်လည်ဆက်လက်တည်ရှိလိမ့်မည်ကို ညွှန်ပြနေ၏။

အထောက်အကူလမ်းကြောင်း (ခေါ်) နှမတော်လမ်းကြောင်းတို့သည် ဆတက်ထမ်းပိုးတိုးတက်၍ အင်အားဖြည့်တင်းပေးခြင်း (သို့မဟုတ်) ထိုလမ်းကြောင်း၏ အာနိသင်ကို နှစ်ထပ်ဖြစ်စေခြင်း၊ နှစ်ဆတိုးစေခြင်း ဖြစ်၏။

ကျွန်းများသည် အမြဲတမ်းမကောင်းသော လက္ခဏာကိုသာပြရင်း ၄င်းတို့ကို တွေ့ရှိရသော လမ်းကြောင်းများ၊ ဂြိုဟ်ခုံများ၏ အာနိသင်ကို လျော့နည်းစေခြင်း၊ ဆုံးရှုံးစေခြင်းလို့ ဖော်ပြနေလေသည်။

အထက်သို့တက်သည့် လမ်းကြောင်းများသည် မည်သည့်နေရာ၊ မည်သည့်လမ်းကြောင်းမျိုးမှာမဆို အစပျိုးပြီး တက်နေခြင်းသည် ကောင်းသောအမှတ်အသားပင်ဖြစ်၏။ အကယ်၍ အသက်လမ်းကြောင်းမှ တက်နေပါက ၄င်းတို့သည် ဆန္ဒဖြစ်ပေါ်လာသည့် မည်သည့်ကိစ္စရပ်မျိုးမဆို

www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်မှုကိုရရှိခြင်း၊ အနိသင်ဆတက်ထမ်းပိုးတိုးတက်ခြင်း၊ အကယ်၍ အထက်သို့တက်သော လမ်းကြောင်းများသည် မည်သည့်ဂြိုဟ်ခုံ (သို့မဟုတ်) လက်ဝါး၏ မည်သည့်ဒေသသို့မဆို တက်သွားပါမူ တက်သွားသည့်ဂြိုဟ်ခုံ (သို့မဟုတ်) နေရာဌာန၏ သဘောတရားကို တိုးတက်စေခြင်း၊ အောင်မြင်စေခြင်းတို့ကို ဖော်ပြနေ၏။

အောက်သို့ကျသည့် လမ်းကြောင်းများမှာမူ အထက်ပါ သဘောတရားများနှင့် ဆန့်ကျင်နေပြီး ဆုံးရှုံးခြင်း၏ အဓိပ္ပာယ်ကို ဖော်ဆောင်ကာနေပေသည်။

သံကွင်းဆက် လမ်းကြောင်းများသည် အင်အားလျော့နည်းခြင်း၊ စိတ်ထားတစ်သမတ်တည်း မရှိခြင်းကို ဖော်ပြနေ၏။

လက်ဝါးပြင်တစ်ခုလုံးတွင် လမ်းကြောင်းငယ်များနှင့် ရှုပ်ယှက်ခတ်နေပါက ထိုအမှတ်အသားသည် တရားလွန်စိတ်လှုပ်ရှားခြင်းကို ညွှန်ပြနေ၏။ ထို့အပြင် အများအားဖြင့် သောကများပြီး ဆုံးဖြတ်နိုင်သည့် အင်အားနည်းပါးခြင်းတို့ကို ဖော်ပြနေပေသည်။

လူတစ်ယောက်၏ လက္ခဏာကို ကြည့်ရှုစစ်ဆေးသည့် အခါတိုင်း၌ လက်ဝါးပြင် နှစ်ဖက်စလုံးတို့၌ အထက်ပါ အမှတ်အသားများ ကင်းရှင်းစွာရှိ၊မရှိကို သေချာစွာကြည့်ရှုစစ်ဆေးရမည် ဖြစ်၏။ အကယ်၍ တွေ့ရှိပါက ယင်းအမှတ်အသားတို့၏ သဘောတရားများကို ထည့်သွင်းကာသုံးသပ်ရမည် ဖြစ်၏။

အကယ်၍ ဘယ်ဘက်လက်ဝါးတွင် အချို့သောအမှတ်

သေးငယ်သော အမှတ်အသားနှင့် သင်္ကေတများ

တွဲဖက်လမ်းကြောင်း

အပြုတ်များ



အတက်အကျလမ်းကြောင်းများ

လိုင်းတွဲနှံများ

ပန်းပွား

သံကွင်းဆက်များ

ခက်ရင်းမွှ

ကျွန်း

www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာရေးလမ်းကြောင်းပေါ်တွင် ကျန်းသာရွှင်လန်းမှုတံဆိပ် ရှိနေပါက အစာမကြေရောဂါ ဖြစ်တတ်သည်။ အသက်လမ်းကြောင်းပေါ်တွင် အနက်စက်တစ်ခု ထွေခြင်ရှိ၍ ၄င်းအနက်စက်သရဖူနှင့် အမှတ်အသားအား လက်နှစ်ဖက်စလုံးတွင် တွေ့ရလျှင် ထိုအသက်အိုင်းအခြားဌ ကွယ်လွန်အနီးစွရောက်မည်ဟု မှတ်ချက်ချရပေမည်။

အသားများရှိပြီး ညာဘက်လက်ဝါးတွင် မပါရှိပါက သက်ဆိုင်ရာ ပုဂ္ဂိုလ်၏ နဂိုဇီဇသဘောစိတ်ဌသာ အကျိုးသက်ရောက်တတ်၏။

တစ်နည်းအားဖြင့်ဆိုရသော် ညာဘက်လက်တွင် မပါရှိပါက အတိအကျမှန်ကန်လိမ့်မည် မဟုတ်ပေ။ လက်(၂)ဖက်စလုံးဌ ထပ်တူထပ်မျှ တူနေပါမူ သက်ဆိုင်ရာပုဂ္ဂိုလ်သည် မျိုးရိုး (သို့မဟုတ်) သဘာဝမှ ပေးအပ်လိုက်သော သဘောတရားအတိုင်း ဖြစ်လာတော့မည်မှာ အမှန်ပင်ဖြစ်၏။

ကျွန်ုပ်တို့သည် ဦးနှောက်၏ ဘယ်ဘက်ခြမ်းကို ညာဘက်ခြမ်းထက် ပို၍အသုံးပြုကြပြီး ဘယ်ဘက်ခြမ်းမှ ဦးစောက်ကြောတို့သည် ညာဘက်လက်ဆီသို့ ဖြတ်သန်းသွားကြောင်းကို အမြဲတမ်းသတိရနေရမည်ဖြစ်၏။ ယင်းကြောင့်လည်း ထိုလက်သည် တန်ခိုးကြွွန်ပါဒ်နှင့် ပြည့်စုံသော ဦးနှောက်ကို ကိုယ်စားပြုနေခြင်းဖြစ်၏။ ဘယ်ဘက်လက်သည် သဘာဝဗီဇမှ ဖြစ်ပျက်သမျှကိုသာ ဖော်ပြနေပေသည်။

လက္ခဏာပညာကို လေ့လာကြကုန်သော ပုဂ္ဂိုလ်တို့သည် သိပ္ပံနည်းကျစေရန်နှင့် တိကျမှန်ကန်သော အဖြေများကို ရရှိစေရန် ဤဥပဒေသကို အမြဲတမ်းသတိရမည်ဖြစ်၏။ ထို့အပြင် မိမိ၏ ကောက်နုတ်ချက်တို့သည် သက်ဆိုင်ရာ လက္ခဏာလာရောက်ကြည့်ရှုသည့်ပုဂ္ဂိုလ် ညွှန်ပြသော ဘယ်ဘက်လက်ရှိ ထင်ရှားသည့် လမ်းကြောင်းများကြောင့် ယောင်ဝါးဝါးအများသို့ မရောက်သင့်ပေ။

ထပ်လောင်း၍ ဆိုဦးအံ့။ ဘယ်ဘက်လက်ရှိ အမှတ်အသားကို ညာဘက်လက်၌ မတွေ့ရှိပါက မှန်ကန်သော အဖြေများကို မည်သည့်နည်းနှင့်မျှ ရရှိလိမ့်မည်မဟုတ်ပေ။

ယခုအချိန်၌ ရာဇဝင်က ဟုတ်တိုင်းမှန်ရာ သက်သေခံသွားသော မိုက်မဲမှုများသည် အစီအရီ ရှိနေကြ၏။ ဥပမာ-တိုင်းရေးပြည်ရေးတွင် လိမ္မာပါးနပ်မှုနှင့် တိုင်းပြည်ဘဏ္ဍာတော်ဆိုင်ရာ စီမံကိန်းများကို တွက်ချက်တတ်သော ဘယ်(လ်)ဂျီယံဘုရင်မင်းမြတ် ဒုတိယမြောက် လီယိုပေါ့(ဒ်)၏ အကြောင်းကို ဖော်ပြပါမည်။

ကျွန်ုပ်သည် ဘုရင်ကြီး၏ လက္ခဏာကို ကြည့်ပြီး သက်တမ်းကို ဟောလိုက်ရသည့်အတွက် ဂုဏ်ယူမိပါ၏။ သတ္တမမြောက် အက်ဒွက်ဘုရင်က ဘုရင်ကြီး လီယိုပေါ့(ဒ်)အား ညှင်းပွင့်နှုတ်ခမ်းမွေးဟု သမုတ်ကာ အတော့်ကို ရုပ်ဖြောင့်ပြီး ဉာဏ်ထက်မြက်တဲ့ ဘုရင်ပဲဟု မှတ်ချက်ချခဲ့၏။

လီယိုပေါ့(ဒ်)ဘုရင်အကြောင်းကို စဉ်းစားမိတိုင်း ၄င်းချစ်မြတ်နိုးခဲ့သော အမျိုးသမီးနှစ်ယောက်၏ အကြောင်းကိုလည်း ကျွန်ုပ် မစဉ်းစားဘဲ မနေနိုင်ခဲ့ချေ။ သူ၏ တရားမဝင်သည့် ဇနီးမယား အမတ်ကတော် ဖော့ဟင်နှင့် သူ၏ ရာဇဏ္ဍန်ဒြေမကျဆင်းရလေအောင် ပံ့ပိုးပေးနေသော ရုပ်ရည်ချောမောသည့် ဂါဘိုင်ဒေး(လ်)တို့ အကြောင်းပင်ဖြစ်၏။

ဘယ်(လ်)ဂျီယံဘုရင်မင်းမြတ် ဒုတိယမြောက် လီယိုပေါ့(ဒ်)သည် ထိုစဉ်အခါက ဥရောပတိုက်တစ်တိုက်လုံးတွင် ဥပမာရုပ်အကောင်းဆုံးဟု ရေပန်းစားနေသည့် ဘုရင်တစ်ပါးလည်း ဖြစ်၏။ ဘုရင်ကြီးက ကျွန်ုပ်အား သူ၏လက္ခဏာကို စစ်ဆေးပေးရန် ဖိတ်ခေါ်ခဲ့သဖြင့် ဘယ်(လ်)ဂျီယံပြည်

www.burmeseclassic.com

သို့ ကျွန်ုပ်ရောက်ခဲ့ရ၏။

လီကင်ဟုခေါ်သော နန်းတော်မှာ မျက်စိပသာဒ၌ ခုံညားထည်ဝါလှပြီး ကြည့်ချင်စဖွယ် အဆောက်အအုံတစ်ခုလည်း ဖြစ်ပေသည်။

ရဲတိုက်ဟောင်းတစ်ခုကို ခေတ်ဆန်ဆန် မွမ်းမံခြယ်သထားပြီး စိမ်းလန်းစိုပြည်သော တောအုပ်များ၏အလယ်၌ တည်ဆောက်ထားခြင်းလည်း ဖြစ်၏။ နန်းတော်၏ အရှေ့တံခါးဝသို့ ရောက်သည်နှင့် ကျွန်ုပ်အား အစောင့်တစ်ဦးက သက်ဆိုင်ရာ အရာရှိထံသို့ ခေါ်ဆောင်သွားလေသည်။

ကျွန်ုပ်သည် အရာရှိအား ဘုရင်ကြီး ပေးထားသော လက်မှတ်ကို ပြလိုက်သည့်အခါ တစ်စုံတစ်ရာ မေးမြန်းစုံစမ်းခြင်း မရှိတော့ဘဲ ဝင်ခွင့်ပြုလိုက်လေ၏။ တံခါးမကြီးမှ ခြေလှမ်း(၆)လှမ်းစာမျှ လျှောက်ခဲ့သည်နှင့် အခန်းတစ်ခုအတွင်းသို့ ရောက်လာ၏။ ထိုအခန်းမှာ ဟိုတယ်များရှိ ဧည့်ခန်းမျိုးနှင့်လည်းမတူ၊ တစ်မူထူးခြားစွာ ပရိဘောဂများကို ခင်းကျင်းမွမ်းမံထားလေသည်။

ရုတ်တရက် အတွင်းတံခါးတစ်ချပ် ပွင့်လာပြီး ဘုရင်ကြီး ထွက်လာသည်။ သူသည် နံနက်ခင်းဝတ်သည့် အဝတ်အစားရိုးရိုးကို ဝတ်ဆင်ထားပြီး ဆေးပြင်းလိပ်တစ်လိပ်ကို သောက်နေလေသည်။ ထို့နောက် ကျွန်ုပ်အား သူ၏စာကြည့်ဆောင်သို့ ခေါ်သွားပြီးလျှင် ကိုယ့်အိမ်ကဲ့သို့ သဘောထား၍ လွတ်လွတ်လပ်လပ်နေရန် အမိန့်ရှိတော်မူ၏။

ကျွန်ုပ်နှင့် ဘုရင်ကြီးသည် ပဏာမအနေဖြင့် အာလာပသလ္လာပစကားများ အနည်းငယ်ပြောဆိုနေရာမှ ဖြိတ်သျှဘုရင်၏ ဆွေတော်မျိုးတော်များအကြောင်းသို့ ရောက်ရှိသွားရာ ဘုရင်ကြီး၏ လေ့လာချက်များကို အံ့အားသင့်စွာ သတိထားမိစေသည့် စကားတစ်ခွန်းမှာ နိုင်ငံခြားအရေးအခင်းတွေကို အက်ဒွတ်ဘုရင်ကြီး အာရုံစိုက်မိတာနဲ့ အတော်ကလေး တုန်လှုပ်ချောက်ချားသွားရလိမ့်မယ်။ ဒါပေမဲ့ သူဟာ မွေးရာပါ တိုင်းရေးပြည်ရာ စေ့စပ်ပြောတတ်တဲ့ ငြိမ်းချမ်းရေးသမားကြီးပါပဲ။

ဘုရင်ကြီးသည် ယခု နန်းတက်နေသော ဂျော့ဘုရင်ထိုစဉ်က ယောက်မြို့စားကြီး၏ အကျင့်စာရိတ္တကိုလည်း မှတ်ချက်ချလိုက်သေး၏။ ထို့ကြောင့်လည်း ဗဟုသုတကြွယ်ဝပြီး အခြားတိုင်းပြည်များမှ ဆွေတော်မျိုးတော်များ၏ အကြောင်းကို လေ့လာထားသော ဘယ်(လ်)ဂျီယံပြည့်ရှင်ကို ကျွန်ုပ်အနေဖြင့် အံ့အားပင်သင့်မိလေ၏။

ဘုရင်ကြီးက-

"ကဲ...ဆရာကိုင်ရို၊ ကျွန်ုပ်လက္ခဏာကို စစ်ဆေးပြီး ဆရာတွေ့တာတွေကို တစ်ခုမှ မချန်လှပ်ဘဲ ဟောဦး ကျွန်ုပ် လိုလားတယ်။ ဆရာ့အကြောင်းကိုတော့ ကျွန်ုပ် ခဏ၊ခဏ ကြားရပါတယ်။ ဆရာဟာ အရေးကြီးတဲ့ ဖြစ်ရပ်တွေနဲ့ အချိန်ကာလ ရက်စွဲတွေကို ဟောနိုင်တဲ့ စွမ်းရည်ရှိတယ်လို့လည်း ကြားသိရပါတယ်။ ဒီတော့ ကျွန်ုပ်ကိုလည်း ရှေ့မှာ ဘာတွေဖြစ်မယ်ဆိုတာကို တွက်ချက်ပေးပါဦး။ အားမနာပါနဲ့။ တိတိကျကျ သိချင်ပါတယ် ဆရာ"

ဘုရင်ကြီးလီယိုပေါ့(ဒ်)သည် စကားပြောရင်း စကား၊ စကား ပြောပါများ စကားထဲက ဇာတိပြဟု ဆိုသကဲ့သို့ သူ၏ အမူအရာများမှာ ရုတက်မအေးဖွယ်ရာ အသွင်သို့ ပြောင်းလာနေ၏။ ကျွန်ုပ်၏ တွေးထင်ယူဆချက်အရ ဘုရင်ကြီးသည် သူ၏ ရှည်ကြာလှပြီဖြစ်သော နန်းဆက်မှာ နိဂုံးချုပ်တော့မည့် အရိပ်အယောင်တို့ဖြင့် လွမ်းမိုးနေကြောင်းကို သိရှိဟန်တူပေ၏။ ဤသို့သပင် သိလင့်ကစား စိုးတထိတ်ထိတ်ဖြင့် ၄င်း၏အနာဂတ်ဖြစ်ရပ်ကို တစေ့တစောင်း သေချာသည်ထက် ပိုမိုသေချာစေရန် ကျွန်ုပ်အား မေးမြန်းခြင်းသာ ဖြစ်ပေလိမ့်မည်။

ဖဂူရှင်ကလေးပေါ်၌ တင်ထားသော သူ၏လက်ဝါးပြင် နှစ်ဖက်ကို စေ့စေ့စပ်စပ် ကျွန်ုပ် ကြည့်ရှုစစ်ဆေးနေခိုက် ဘုရင်ကြီးသည် တုတ်တုတ်မျှမလှုပ်၊ ငြိမ်သက်စွာ ရှိနေလေ၏။

ညာဘက်လက်ဝါးပြင်ပေါ်တွင် အသက်(၆၂)နှစ်တိုင် အောင်ပင် ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ ဆုံးရှုံးခြင်း၊ အောင်မြင်ခြင်းဟူသော လောကဓံတရားတို့ဖြင့် ရစ်ပတ်ခဲ့သည့် ဘဝဇာတ်ကြောင်းကို သရုပ်ဖော်နေသည့် လမ်းကြောင်းများအား တွေ့ရ၏။ ဘယ်ဘက်လက်ဝါးပြင်ပေါ်၌မူ အမျိုးအနွယ်များ၏ အမွေအနှစ်များဖြစ်သော စိတ်ဓာတ်အခြေအနေများ၊ အတက်အကျများနှင့် ကိုယ်လက်အင်္ဂါ ကြွင်ခိုင်မှုများကို အခြားသော လက်ဝါးပြင်များကဲ့သို့ပင် ဘုရင်ကြီး၏လက်၌ တွေ့ရှိရ၏။

ကျွန်ုပ်သည် တတ်စွမ်းသမျှ အသေးစိတ်တွက်ချက်ပြီး အင်အားကောင်းသော ဦးနှောက်၊ အဆုတ်၏ ကြီးထွားလာပုံ၊ ဦးနှောက်ကြောများ၏ သတ္တိထူးများနှင့် သာမန်ထက် ပိုမိုနေသော သွေး သွားလာလှည့်ပတ်မှုများကို အထောက်အထားများဖြင့် ရှင်းလင်းပြောပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

ဘုရင်ကြီးက-

'တယ်လည်း နားထောင်လို့ကောင်းပါလား ကိုင်ရို'

ဘုရင်ကြီးသည် ကျွန်ုပ်၏မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေ၏။ ထိုအချက်သည် ရှေ့ဆက်၍ သိလိုသည့် အချက်များ ရှိနေသေးကြောင်းကို မေးမြန်းနေသကဲ့သို့ ရှိ ထော့၏။

ကျွန်ုပ်သည် နောက်ဆုံးပိတ်အနေဖြင့် ဘုရင်ကြီး၏ သက်တမ်းကုန်ဆုံးမည့်ရက်ပိုင်းသည် မကြာနောင်းမီ အချိန် ထာလအတောအတွင်း၌ ကြုံရတော့မည် ဖြစ်ကြောင်းကို အထောက်အထားများနှင့်တကွ ရှင်းလင်းဟောလိုက်တော့ ၏။

'တကယ်လို့များ ကျန်းမာရေးညံ့ခဲ့ရင်တော့ အရှင်မင်း ခြေတ်ရဲ့ အစာခြေတဲ့စနစ်အတွင်းမှာပဲ ဖြစ်ရလိမ့်မယ်'

သူသည် ကျွန်ုပ်၏ ဟောပြောချက်အား အကျောက် အကန် ငြင်းဆန်ပြီး-

'အို...မဟုတ်နိုင်ဘူး။ ဒါတော့ ဟုတ်နိုင်မယ် မထင် ဘူး ကိုင်ရို။ ခင်ဗျား ဒီတစ်ခါတော့ဖြင့် မှားပြီနဲ့ တူပါရဲ့။ ထွန်ုပ်ဟာ ဘာမဆိုစားနိုင်တဲ့လူပဲ ဆရာ'

မဟုတ်ပါဘူးဟု ငြင်းဆိုသူတစ်ယောက်နှင့် ကျွန်ုပ် သည် ပြိုင်ဆိုင်မငြင်းဆန်လိုသဖြင့် တိတ်ဆိတ်နေလိုက်ပြီး အခြားသော အချက်အလက်များကိုသာ ဆက်လက်၍ ဆွေး နွေးကြ၏။

ထိုသို့ ကျွန်ုပ်တို့ ဆွေးနွေးပြီးနောက် (၂)နှစ်အကြာ ဒီဇင်ဘာလ (၁၇)ရက်နေ့၌ ဘယ်(လ်)ဂျီယံပြည်ရှင် ဒုတိယ မြောက်လီယိုပေါ့(ဒ်)ဘုရင်ကြီး နတ်ရွာစံကြောင်းကို ကြား သိရတော့၏။

တရားဝင်ကြေညာရာ၌ ဘုရင်ကြီးသည် အစာခြေ သော အင်္ဂါအစိတ်အပိုင်းများ ချို့ယွင်းပြီး ဝမ်းချုပ်ခြင်း တို့ကြောင့် နတ်ရွာစံကြောင်း ပါရှိလေသည်။

သို့ဖြစ်၍ သဘာဝက လက်ဝါးပြင်များပေါ်၌ သတို ပေးချက် ဆိုင်းဘုတ်များကို စိုက်ထူခဲ့ကြသည်ဟု ကျွန်ုပ် ဆိုရခြင်း ဖြစ်ပေသည်။

ကြည်ဝင်း(ဟသ်ာတ)

ကျမ်းကိုး

(၁)Cheiro's Life, Love and Marriage.

(၂)ဗိုလ်ညွန့်မောင် သိပ္ပံလက္ခဏာစွယ်စုံကျမ်း။

ယတြာဆရာမ ဒေါက်တာခင်မျိုးစောင့်

Ph.D (Hon - Doctor of Astrology)

[နက္ခတ္တဗေဒ၊ မြန်မာ့ဗေဒင်၊ နဝင်းစီးပညာ]

အရေးကြီးတဲ့ ကိစ္စရှိရင် လာခဲ့ပါ။

အမျိုးသမီးများ၏ အခက်အခဲများကို ဉီးစားပေးဆောင်ရွက်ပေးပါသည်၊

စာမေးပွဲ၊ အောင်ပွဲဝင် ယတြာများ၊ ထိရောက်ထက်မြက်သော နဝင်းစီးပွဲယတြာများ ဆောင်ရွက်ပါသည်၊

အခန်း(၄)၊ အနောက်ဆက်မုခ်၊ ခြေဆုံ့နှစ်ကောင်အိမ်၊ မဟာဝိဇယစေတီ၊ ရန်ကုန်မြို့၊ ဝင္ဒ ၅၁၀ ၇၅၀ ၂၇

ဒေါက်တာယတြာလေဒီ

Ph.D (India)., M.Sc (Chemistry)

ရှေ့ဖြစ်တွေ၊ နောက်ဖြစ်တွေ လုပ်မနေနဲ့

ဘာဖြစ်နေလဲ၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ

လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့အတွက်

ထိထိမိမိ ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာဆောင်ရွက်လိုလျှင်...

ကြိုတင်ရက်ချိန်းယူပါ

လူမှုရေးဝိုင်း၊ ဂုဏ်သိက္ခာဝိုင်းနှင့် ပတ်သက်၍ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

အမှတ်(၆၆)၊ အခန်း(၄)၊ ဒုတိယထပ်၊ တုန်ဓရီးတန်းလမ်း၊(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဝင္ဒ ၅၁၀ ၁၈၀ ၇၅၅

www.burmeseclassic.com

ဒေတ္တရာ-ဆရာကျော်

တနလ်ာနေ့အဒါဇနီးချယ်ခြင်း အယူအဆနှင့် လေ့လာစရာ



"ကျွန်တော်ကတော့ ဘာပဲလုပ်လုပ် တနလ်ာနေ့ စလုပ်တာကို ရှောင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီနေ့မှာ စတင်ရင် မအောင်မြင်တတ်ဘူး ဆရာရဲ့"

"ဟုတ်တယ်၊ ကျွန်မလည်း တနလ်ာမှာ အလုပ်စပြီး ဘယ်တော့မှ မလုပ်ဘူး။ စမိရင် တစ်ကြိမ်ပြီး ဘယ်တော့မှ မပြီးဘူး။ အနည်းဆုံး နှစ်ကြိမ်နှစ်ခါတော့ လုပ်ရတတ်တယ်"

ကျွန်တော်ဆိုလည်း တနလ်ာနေ့ဆိုရင် အလုပ်ဆိုင် ပိတ်ကိုထားလိုက်တယ်။ ခရီးထွက်စရာရှိလည်း တနလ်ာနေ့ကို ရှောင်တယ်။

ထိုစကားများမှာ ကျွန်ုပ်ထံသို့ ဗေဒင်လာမေးကြသူများမှ သူတို့၏ အယူအစွဲကို တင်ပြကြခြင်း ဖြစ်သည်။ ထို့အတွက် အောက်တွင် ပညာရှင်တို့၏ အယူအဆကို မှီငြမ်း၍ ကျွန်ုပ်၏ အယူအဆကို တင်ပြအပ်ပါသည်။

လောကီပညာရပ်ဖြစ်သော ဗေဒင်ပညာကို ဝါသနာပါသူ တော်တော်များများနှင့် လောကီအယူအဆ လက်ခံကြသူ တော်တော်များများထဲတွင် တနလ်ာနေ့ကို အလုပ်စတင် မလုပ်ဆောင့်သင့်ဟူသော အယူအဆကို ယုံကြည်လက်ခံသူများ ရှိနေကြောင်း တွေ့ရပါသည်။

တကယ်တမ်းတွင် တနလ်ာနေ့သည်လည်း မင်္ဂလာရက်မြတ် အခါကောင်း၊ အလုပ်စတင်ရန် အခါကောင်း၊ ခရီးသွားရန် အခါကောင်း စသဖြင့် ကောင်းမြတ်သောနေ့အဖြစ် ကြိုးနိုင်ပါသည်။

တနလ်ာနေ့တွင် ရက်ကောင်း အခါကောင်း ကြိုးရခြင်းကို ပညာရှင်များ ထုတ်ဝေသော မင်္ဂလာ ပြက္ခဒိန်များတွင် ကြည့်ပါက တွေ့မြင်နိုင်ပါသည်။

တနလ်ာနေ့တွင် အလုပ်မလုပ်သင့်ဟူသော အယူအဆ၊ အလုပ် မစတင်သင့်ဟူသော အယူအဆကို စဉ်းစားရခက်လှပါသည်။

ရှေးပညာရှင်တို့၏ မင်္ဂလာရက်မြတ်အခါနေ့ ရွေးချယ်ရာ၌ပင် တနလ်ာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး သောကြာနေ့များတွင် လက်ထပ်နိုင်တယ်ဟူ၍ ဆိုလေရာ တနလ်ာနေ့ ပါနေလေသည်။ ဘဝအတွက် အရေးကြီးသော လက်ထပ်မင်္ဂလာ အစ၌ပင် တနလ်ာနေ့ကို ထည့်သွင်းပေးထားလေရာ မှတ်သားသင့်ပါသည်။

ကျွန်တော်၏ အယူအဆမှာ တနလ်ာနေ့၌လည်း အခါကောင်း ရက်ကောင်းဖြစ်ပါက အလုပ်စတင်ခြင်း၊ အလုပ်ဆောင်ရွက်ခြင်း၊ မင်္ဂလာပြုခြင်း၊ ခရီးထွက်ခြင်းနှင့် အကြိုအစည်အသစ်များ ရွက်ဆောင်နိုင်ခြင်းပင် ဖြစ်ပါသည်။

တစ်ဖန် ရှေးဗေဒင်ပညာရပ်တွင် လုပ်ငန်းဆောင်တာများကို စတင်လုပ်ကိုင်ဆောင်ရွက်နိုင်သည့် နေ့များအလိုက် ဖော်ပြရာတွင် တနလ်ာနေ့တွင် တနလ်ာဂြိုဟ်ဆိုင်ရာ ကိစ္စများကို ရွက်ဆောင်ပါက မုချအောင်မြင်ကြောင်း အဆိုတစ်ရပ် ရှိပါလေသည်။

ဆိုလိုသည်မှာ တနင်္ဂနွေနေ့တွင် တနင်္ဂနွေဂြိုဟ်ဆိုင်ရာကိစ္စများ၊ တနလ်ာနေ့တွင် တနလ်ာဂြိုဟ်ဆိုင်ရာကိစ္စများ၊ ဗုဒ္ဓဟူးနေ့တွင် ဗုဒ္ဓဟူးဂြိုဟ်ဆိုင်ရာကိစ္စများ၊ ကြာသပတေးနေ့တွင် ကြာသပတေး

www.burmeseclassic.com

www.burmeseclassic.com

ဂြိုဟ်ဆိုင်ရာကိစ္စများ၊ သောကြာနေ့တွင် သောကြာဂြိုဟ်ဆိုင်ရာ အလုပ်ကိစ္စများ၊ စနေနေ့တွင် စနေဂြိုဟ်ဆိုင်ရာ အလုပ်ကိစ္စများကို လုပ်ဆောင်ပါက အောင်မြင်ဖါလေသည်။ မွေးနေ့ဆောင် အောင်ဟူသော စကားလာအတိုင်းပင် ဖြစ်ပါပေသည်။

အောက်တွင် နေ့အလိုက် လုပ်ဆောင်သင့်သော လုပ်ငန်းအမည်များကို ဝါသနာရှင်များအတွက် ဗဟုသုတဖြစ်ဖွယ် ရေးပြောပေးပါသည်။

တနင်္ဂနွေနေ့

ရွှေနှင့် ရွှေဆိုင်ရာအလုပ်၊ ကြေးနီ၊ သစ်လုပ်ငန်း၊ သားရေလုပ်ငန်း၊ သိုးမွေးလုပ်ငန်း၊ သစ်တောထွက်ပစ္စည်းများ၊ လက်နက်ကိရိယာ၊ ရုံးအသစ်ဖွင့်လှစ်ခြင်း၊ ရောဂါကုသခြင်း၊ ဝန်ထမ်းများခန့်ထားခြင်း၊ ပိုးထည်လုပ်ငန်း၊ မီးနှင့်ဆက်စပ်သော လုပ်ငန်းမှန်သမျှ။

တနလ်ာနေ့

အမွေးအကြိုင် ပစ္စည်းများ၊ ကျောက်မျက်ရတနာပစ္စည်းများ၊ စားပင်သီးပင်များ၊ ကြံပင်များ၊ ဆည်သွတ်ဘူး လုပ်ငန်းများ၊ အမျိုးသမီးနှင့်ဆိုင်သော အလုပ်များ၊ နို့ထွက်ပစ္စည်းများနှင့်စပ်သည့် အလုပ်များ၊ သစ်စေး၊ မြက်၊ ရှဉ့်ချွန်တောနှင့်စပ်သော အလုပ်များ၊ အရည်လုပ်ငန်း၊ စိုက်ပျိုးရေး၊ ဧကတပညာ သင်ကြားခြင်း၊ ခရီးစတင်ထွက်ခြင်း၊ လူအများနှင့်ပတ်သက်သောအလုပ်၊ အဝတ်သစ်ဝတ်ခြင်း။

တနင်္ဂနွေအတွက် ထပ်သိရန်မှာ ကောဇောတနင်္ဂနွေသည် စန်းမှ (၃)၊ (၆)၊ (၁၀)၊ (၁၁)တန့်တွင် နိဂုံးချုပ် တနင်္ဂနွေနေ့ဆိုင်ရာ လုပ်ငန်းများ အထူးအောင်မြင်သည်။ တနလ်ာအတွက် ထပ်သိရန်မှာ ကောဇောတနလ်ာသည် လင်္ဂမှဖြစ်စေ၊ ကရကဋ်ရာသီမှဖြစ်စေ (၄)၊ (၇)၊ (၁၀)တန့်များသို့ ရောက်ခြင်း တနလ်ာနေ့ဆိုင်ရာ လုပ်ငန်းများ အထူးအောင်မြင်နိုင်ပါသည်။

အင်္ဂါနေ့

ရွှေ၊သတ္တု တူးဖော်ခြင်း၊ ကွဲ၊ နွား၊ မြင်း ဝယ်ခြင်း၊ ဆေးဝယ်ခြင်း၊ ဆရာဝန်ပင့်ခြင်း၊ စကားစမ်းထိုးခြင်း၊ လက်နက်၊ မီးကိစ္စများ၊ ဦးဆောင်မှုပြုခြင်း၊ မီးရထားနှင့်ပတ်သက်သော အလုပ်များ၊ စစ်မှုရေးရာ အငြင်းအခုံကိစ္စများ၊ လျှပ်စစ်ဆိုင်ရာ၊ ဆည်မြောင်းတာတမံ တည်ဆောက်ခြင်း၊ မြေယာပြဿနာ ပြေငြိမ်ခြင်း။

ဗုဒ္ဓဟူးနေ့

ကျောက်စိမ်းလုပ်ငန်း၊ အဖိုးတန်ကျောက်တွင်းနှင့် ၄င်းဆိုင်ရာ ကိစ္စများ၊ မြေဝယ်ခြင်း၊ အမွေးအကြိုင်ပစ္စည်းနှင့် ရေမွှေး၊ သိပ္ပံပညာ၊ ကဗျာအနုပညာရေးရာများ၊ လေ့လာသင်ယူခြင်း၊ သံရုံးနှင့်ဆက်စပ်သော ကိစ္စများ၊ ခန္ဓာကိုယ် ပြုပြင်ခြင်း၊ စာရေးခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း၊ အလုပ်အချုပ် ချုပ်ဆိုခြင်း၊ ကုန်သွယ်ရေး၊ ကုန်စည်ဖလှယ်မှု၊ ရောင်းဝယ်ရာ။

ထပ်သိရန်မှာ ကောဇောဗုဒ္ဓဟူးသည် မေထုန်နှင့် ကန် ရာသီတွင် ရှိချိန်၌ ဖော်ပြပါ လုပ်ငန်းများကို လုပ်ဆောင်ပါက အထူးအောင်မြင်ရတတ်ပါသည်။

ကြာသပတေးနေ့

အလှူဒါနဆိုင်ရာကိစ္စများ၊ အိမ်ပန္နက်ရိုက်ခြင်း၊ ကွန်ကရစ်လောင်းခြင်း၊ ပညာရေးစတင်ဆောင်ရွက်ခြင်း၊ ယာဉ်ဝယ်ခြင်း၊ နက္ခတ္တပညာလေ့လာခြင်း၊ ဘဏ်ကိစ္စ(ငွေချေး ခြင်း)၊ ကလေးသူငယ်ဆိုင်ရာ ကိစ္စများ၊ ရွှေလုပ်ငန်း၊ ငွေလုပ်ငန်း။

သောကြာနေ့

ချစ်မှုရေးရာကိစ္စများ၊ ချစ်သူကို ဖွင့်ဟပြောဆိုခြင်း၊ စာပေးခြင်း၊ အားဆေးမှီဝဲခြင်း၊ ယာဉ်အသစ်

www.burmeseclassic.com

www.burmeseclassic.com

ဝယ်ယူခြင်း၊ စိုက်ပျိုးရေးလုပ်ငန်း စတင်ခြင်း၊ လယ်ယာ၊ ကျွဲ၊နွား သားစပ်ခြင်း၊ ကုန်သွယ်ရေးလုပ်ငန်း၊ သင်္ဘော၊ ရေကြောင်းခရီးကိစ္စများ၊ ဘဏ်လုပ်ငန်း။

စနေနေ့

သံ၊ သံမဏိလုပ်ငန်းများ၊ အလုပ်ရုံကိစ္စများ၊ ကုန်သွယ်ရေး၊ အလုပ်သမားရေးရာ၊ အငြင်းအခုံကိစ္စ ရပ်များဆိုင်ရာ စည်းကမ်းအသစ်ချမှတ်ခြင်း၊ ရာဇဝတ်မှု၊ သူခိုးများအား ဖမ်းဆီးအရေးယူမှုများ။

ယခုရေးသားခဲ့သည်မှာ နေ့အလိုက် ရွက်ဆောင်နိုင်လျှင် အောင်မြင်မှုများ အထူးရနိုင်သည့် လုပ်ငန်းများကို ယေဘုယျတင်ပြထားခြင်း ဖြစ်ပါသည်။

လေ့လာသူများအနေဖြင့် ထပ်မံချဲ့ထွင်၍ စဉ်းစားဝေဖန်နိုင်ပါသေးသည်။ ဒီထက်မက လေ့လာရန် လိုအပ်ပါသေးသည်။ အင်္ဂါဗိဇ္ဇာအရလည်းကောင်း၊ အခါလင်္ဂရွေး၍လည်းကောင်း အလုပ်ကံကောင်း စေရန် ရွက်ဆောင်နိုင်ပါသေးသည်။

အထူးပြောလိုသည်မှာ တနလ်ာနေ့တွင် တနလ်ာနေ့ဆိုင်ရာ လုပ်ငန်းများ အထူးအောင်မြင်၍ ကောင်းလာသောအခါ လင်္ဂကို ရှာကြံလုပ်ဆောင်နိုင်ခြင်းဖြင့် အကျိုးများသော နေ့တစ်နေ့ ဖြစ် ဖွယ်ရာရှိပါကြောင်း တင်ပြလိုက်ရပါသတည်း။

တနလ်ာနေ့အတွက်ယတြာ

အကြောင်းအမျိုးမျိုးကြောင့် တနလ်ာနေ့တွင် လုပ်ငန်းစတင်မိခြင်း၊ ခရီးထွက်ခြင်း၊ အကြံအစည် အသစ် ပြုလုပ်ခြင်းများ ရှိခဲ့သော် အောက်ပါအတိုင်း ယတြာပြုလုပ်သင့်ပါသည်။ တနလ်ာအတွက် စိတ်အစွဲ မကောင်းသူများ အကျိုးထူးလာပါလိမ့်မည်။

မနက်(၆)နာရီမှ (၇း၃၀)နာရီအတွင်း အဖြူပြောက်ရောင် အင်္ကျီကိုဝတ်၊ (သို့မဟုတ်) အညိုရောင် ဝတ်ပြီးလျှင် သစ်သီးတစ်မျိုးကို ဘုရားလှူ၊ လိုရာဆုတောင်း။

မနက်(၇း၃၀)နာရီမှ (၉း၀၀)နာရီအတွင်း အစိမ်းရောင် အင်္ကျီကိုဝတ်၊ ရွက်လှပန်း(၄)ညွှန့်ကို ဘုရားလှူ၊ လိုရာဆုတောင်း။

မနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း အဖြူရောင်၊ (သို့မဟုတ်) ဆင်စွယ်ရောင် အင်္ကျီကိုဝတ်၊ ကုံကော်ညွှန့်(၂)ညွှန့်ကို ဘုရားလှူ၊ လိုရာဆုတောင်း။

မနက်(၁၀း၃၀)နာရီမှ (၁၂း၀၀)နာရီအတွင်း နက်ပြာရောင် အင်္ကျီဝတ်၊ ထိမ်ညွှန့် (သို့မဟုတ်) ဒန်းညွှန့် (၁၀)ညွှန့်ကို ဘုရားလှူ၊ လိုရာဆုတောင်း။

နေ့(၁၂း၀၀)နာရီမှ (၁း၃၀)နာရီအတွင်း အဝါရောင် အင်္ကျီကိုဝတ်၊ မေဖြို့ပန်း(၅)ပွင့်နှင့် အဝါရောင်ရှိသော ပန်း(၅)ပွင့် ဘုရားလှူ၊ လိုရာဆုတောင်း။

နေ့(၁း၃၀)နာရီမှ (၃း၀၀)နာရီအတွင်း ပန်းရောင် အင်္ကျီကိုဝတ်၊ ဇွန်ပန်း(၃)ကုံး ဘုရားလှူ၊ လိုရာဆုတောင်း။

နေ့(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း အနီရောင် အင်္ကျီကိုဝတ်၊ အုန်းပန်း(၁)ညွှန့် ဘုရားလှူ၊ လိုရာဆုတောင်း။

နေ့(၄း၃၀)နာရီမှ ညနေ(၆း၀၀)နာရီအတွင်း အဖြူပြောက်ရောင်၊ အညိုရောင်၊ ယောကီရောင် အင်္ကျီကိုဝတ်၊ သစ်သီးတစ်မျိုး ဘုရားလှူ၊ လိုရာဆုတောင်း။

စေတနာဖြင့်

ခေတ္တရာ-ဆရာကျော်

မှီငြမ်း

* ခေတ္တရာ-ဆရာကျော်၏ 'သိထားရင် လွယ်ပါတယ် လက်တွေ့သုံး ယတြာများ(၂)'။

www.burmeseclassic.com

www.burmeseclassic.com

(၇)နေသားသမီးများအားလုံးအတွက်
(၁၃၇၈)ခုနှစ်မှာ ပြုလုပ်ရမည့်ယတြာ

ဂဏိတရာဆရာလှမျိုး(B.Sc)

မကြာမီကာလတွင် မြန်မာသက္ကရာဇ်(၁၃၇၇)ခုနှစ်မှ (၁၃၇၈)ခုနှစ်သို့ ကူးပြောင်းရောက်ရှိတော့မည် ဖြစ်ပါသည်။ မဟာသင်္ကြန်ကျပြီးနောက် နှစ်ဆန်း(၁)ရက်နေ့သည် (၁၃၇၈)ခုနှစ်သို့ စတင်ဝင်ရောက်သည့် ပထမဆုံးနေ့ ဖြစ်ပါသည်။ အင်္ဂလိပ်ခရစ်နှစ်အားဖြင့် (၁၇-၄-၂၀၁၆)ရက်နေ့ ဖြစ်သည်။ သင်္ကြန်အတက်နေ့သည် စနေနေ့ဖြစ်၍ စနေသားသမီးများ တာစားသောနှစ် ဖြစ်သည်။ တန်ခူးလတွင် ရက်ရာဇာမှာ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့ ဖြစ်သည်။ ကြာသပတေး၊ စနေသည် ပြဿဒါးနေ့ ဖြစ်သည်။

နှစ်သစ်ကူးအခါသမယတွင် ကုသိုလ်ကောင်းမှုများနှင့် လောကီရေးရာ ယတြာများကို ဆောင်ရွက်ကြသည်။ အချို့လည်း မဟာသင်္ကြန်စာကိုဖတ်ကာ ပြုလုပ်ဆောင်ရွက်ကြသည်။ စာရေးသူအနေဖြင့် နှစ်ဆန်း(၁)ရက်နေ့ ရန်ကုန်မှာရှိတိုင်း အုန်းသီးပါးစပ်ဖွင့်ယတြာချေပေးသည်။ ဦးခေါင်းဆေးမင်္ဂလာ အကြောင်းလည်း မဂ္ဂဇင်း၊ ဂျာနယ်မှာ ရေးသားဖူးပါသည်။

ယခု စာရေးသူအနေဖြင့် (၁၃၇၈)ခုနှစ် တစ်နှစ်တာအတွက် (၇)နေ့သားသမီးများ ဆောင်ရန်၊ ရှောင်ရန်နှင့် ပြုလုပ်ရမည့်ယတြာများကို မြန်မာ့ရိုးရာဗေဒင်ပညာများဖြစ်သည့် မဟာဘုတ်၊ ဆန်းကျမ်းပညာ၊ အင်္ဂဝိဇ္ဇာပညာများဖြင့် ညှိနှိုင်းတွက်ချက် အဖြေရှာကာ ရေးသားဖော်ပြပေးလိုက်ပါသည်။

	၃	
၅	၁	၄
၂	၆	၀

ဆောစမူလမဟာဘုတ် (၁၃၇၈)

(၁၃၇၈)ခုနှစ်သည် မဟာဘုတ်အလိုအားဖြင့် (၆)ခုကြွင်းမဟာဘုတ်ဖြစ်သည်။ (၁၃၇၈)ကို (၇)ဖြင့်စားပါက (၆)ကြွင်းသောကြောင့် ဖြစ်သည်။ အောက်ပါပုံစံအတိုင်း ဖြစ်ပါသည်။

	၅	
၄	၂	
၃		၁
	၇	၆

ဓနယာနာမကွရတိုင်

အကြမ်းဖျင်းအားဖြင့် ဤနှစ်တွင် တနလာ၊ သောကြာ၊ စနေနံများ ညှဉ်းနေပါသည်၊ ရှောင်သင့်သည်။ နာမကွရတိုင်အားဖြင့် သောကြာနှင့် စနေတိုင်ခြေရောက်နေသည်။ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနံများ အကောင်းဆုံးဖြစ်သည်။ မဟာဘုတ်တွင်လည်း အင်္ဂါ(အဓိပတိ)၊ ဗုဒ္ဓဟူး(ရာဇ)၊ (၅)တေး(အထွန်း) ဖြစ်နေသည်။ တနလာ(မရဏ) ညှဉ်းသည်။ နာမကွရတိုင်တွင် တနင်္ဂနွေနှင့် တနလာ အလယ်အလတ် အသင့်အတင့်ကောင်းသည်။

(၇)နေ့သားသမီးများ ပြုလုပ်သင့်သောယတြာ

အောက်ဖော်ပြပါ ယတြာများကို နှစ်ဆန်း(၁)ရက်မှ စတင်၍ ဆောင်ရွက်ပါ။ တစ်ပတ်တစ်ကြိမ် မွေးနေ့တိုင်း ပြုလုပ်သွားနိုင်သည်။ တစ်လတစ်ကြိမ် ပြုလုပ်၍လည်း ရသည်။ မိမိနေအိမ်ဘုရားမှာ ဖြစ်စေ၊ နီးစပ်ရာဘုရားစေတီမှာ ဖြစ်စေ ပြုလုပ်နိုင်သည်။ ဗုဒ္ဓယတြာကို အလေးပေး ဖော်ပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေသားသမီးများ

(၅+၄)နဝင်းတွဲ ကောင်းကျိုးပြုသည်။ ဘုရားတွင် မုန့်လုံးရေပေါ်၊ နို့မလိုင်လုံး၊ ဖယောင်းတိုင်၊ မရမ်းသီး၊ မရမ်းညွှန့်၊ ပုတ္တရိက်ပန်းအညွှန့်၊ မိုင်လို၊ ပုလင်းပေါ် ဖယောင်းတိုင်တင်ပူဇော်ခြင်း၊ မီးလုံးလှူခြင်း၊ ပျဉ်းမညွှန့်၊ မေမြို့ပန်း၊ ပိန်းပန်း၊ ပေါက်ပန်းဖြူတစ်မျိုးမျိုး (၅)ညွှန့်၊ (၅)ပင်ကို ဖန်ခွက်၊ ပုလင်းတစ်လုံးတွင် ရေထည့်၍လှူခြင်း၊ ပုလဲပုတီးဆောင်ခြင်း၊ ဘုရင့်နှင့် မိဖုရားပုံ၊ မြင်းလှည်းပုံ ဆောင်ခြင်း စသည်တို့ကို ဆောင်ရွက်ရပါမည်။

ကြာသပတေး+ဗုဒ္ဓဟူး(၅+၄)အတွဲကို တစ်နှစ်တာ ဆောင်နိုင်၊ လှူနိုင်သည်။ ပြောင်းပြန်(၄+၅) မလှူပါ။ မဆောင်သင့်ပါ။ ဥပမာ-လက်ဖက်၊ လက်ဖက်ရည်၊ လိမ္မော်သီး။

၅တေးနံ့တစ်ခုတည်းလည်း လှူဒါန်းနိုင်သည်။ ပြောင်းဖူး၊ ပေါက်ပေါက်၊ မြေပဲ၊ ပေါင်မုန့်၊ ပညာရေးဆိုင်ရာ အလှူဒါန။

တနလာသားသမီးများ

(၁+၃)(၂+၄)အတွဲလှူခြင်း၊ ဆောင်ခြင်းများ ပြုလုပ်ရမည်။ နှစ်ဆန်း(၁)ရက်နေ့မှ အပတ်စဉ် မွေးနေ့တိုင်း အလှူဦးသင့်သလို လိုရာဆန္ဒပြည့်ဝစေရန် သြဇာညွှန့်၊ ခရေညွှန့်၊ သြဇာသီး၊ အုန်းဆီ၊ မုန့်သြဇာ၊ အုန်းဆွမ်း၊ (အုန်းသီးပါသောမုန့်)၊ အုန်းစိုပေါက်၊ ခရေပန်း၊ ငဝါညွှန့်၊ ကွမ်းရွက်၊ ချောကလက်၊ ကြံရည်၊ ခေါင်းလောင်း၊ ကရေကရာ၊ ကလပ်၊ ကြက်လှာ စသည်တို့ကို ယတြာအဖြစ် လှူဒါန်းရပါသည်။ ဖော်ပြပါ အရွက်၊ အညွှန့် ပစ္စည်းအားလုံး လှူစရာမလိုပါ။ မိမိပတ်ဝန်းကျင်မှ လွယ်ကူစွာရနိုင်တာ၊ အဆင်ပြေတာကို ဦးစားပေးလှူပါ။ သြဇာညွှန့်ဆိုပါက (၁+၃) (၄)ညွှန့်၊ ခရေညွှန့်ဆိုပါက (၆)ညွှန့် လှူဒါန်းပါ။ အကြောင်းကိစ္စရှိပါက ခရေသား၊ သြဇာသားကို လက်သူကြွယ်တစ်ချောင်းစာ ဆောင်သွားပါ။ သြဇာသားကို အိုးစည်လေးထု လုပ်ဆောင်ထားပါ။ ရွှေတိဂုံ၊ ကျိုက်ထီးရိုးဘုရားပုံ ပူဇော်၊ နွေစဉ် ရေတော်ကပ် လှူပါ။

အင်္ဂါသားသမီးများ

(၁+၅) (၂+၄)အတွဲများ လှူဒါန်းဆောင်ရွက်နိုင်ပါသည်။ အုန်းဖူး၊ အုန်းညွှန့်၊ အုန်းသီးပေါင်မုန့်၊ အအေးဘူး၊ ခရေညွှန့်၊ ငဝါညွှန့်၊ ကြံရည်၊ ခေါင်းလောင်း၊ ကလပ်၊ ကရေကရာမုန့်၊ ချောကလက်၊ ရွှေပန်းငွေပန်း၊ ရွက်လှည်ညွှန့်၊ ရွှေသင်္ကန်း၊ ရေတော်၊ ကြက်လှာ၊ ယပ်၊ ဓွန်း၊ ခက်ရင်း၊ ကျိုက်ထီးရိုး၊ ရွှေတိဂုံဘုရားပုံတော်၊ ကျိုက်မရောဘုရားပုံ၊ အောင်မြေ၊ အင်းပြား၊ ကြခတ်ဝါး စသည်တို့ကို တစ်နှစ်တာ ယတြာအဖြစ် ဆောင်ရွက်ရမည်။ ဥပမာ-အဓိဋ္ဌာန်ဝင်လိုပါက ဘုရားစေတီတစ်ဆူ၏ အောင်မြေတွင် အဓိဋ္ဌာန်ဝင် ဆုတောင်းပါ။ ကလပ်တစ်ခုပေါ်မှာ ခေါင်းလောင်းတင်၍ လာဘ်ခေါ်ယတြာ ပြုလုပ်ပါ။ မိမိမွေးနံ့ထောင့်တွင် အုန်း(၁)ညွှန့်၊ ဆီး(၃)ညွှန့်၊ ရွက်လှ(၄)ညွှန့် စုပေါင်းလှူ၍ လိုရာဆန္ဒ ဆုတောင်းပါ။ အုန်း၊ ၄က် ပျောပွဲ လှူပါက အောင်ပွဲဟု အမည်ရေးထိုး၍ လှူလိုက်ပါ။

ဗုဒ္ဓဟူးသားသမီးများ

(၃+၅) (၄+၅)အတွဲများ လှူဒါန်းဆောင်ရွက်ပါ။ စိန်ပန်း၊ စံပယ်ပန်း၊ ဘူးမွေးညွှန့်၊ ဆပ်ပြာ၊ ဆေးဘူး၊ ဆီးဖျော်ရည်၊ ဆီးပြား၊ ဆီးဖြူသီး၊ ဆီမီး၊ လက်ဖက်၊ ရောဂူး၊ လက်ပံညွှန့်၊ ရွှေပန်း၊ ရွှေပြား၊ လိမ္မော်သီး၊ လိမ္မော်ရည်၊ ရေမုန့်၊ ရေခဲမုန့် စသည်တို့ကို လှူပေးပါ။ မွေးနေ့တိုင်း စံပယ်ပန်း(၈)ကုံး၊ ရွှေပန်းငွေပန်း(၁၀)ကုံး ဘုရားကပ်လှူပါ။ ဆီမီးလှူရာတွင် အောက်မှ ဆီမီးခွက်ခံ၍ ဖယောင်းတိုင်ထွန်း ပူဇော်နိုင်ပါသည်။ နီးစပ်ရာ ဗောဓိညောင်ပင်မှာလည်း ဆီမီး၊ နံ့သာတိုင်၊ ဆီးသီး၊ ပန်းသီး စံပယ်ပန်း အဆင်ပြေသလိုလှူဒါန်း လိုရာဆန္ဒ ဆုတောင်းပါ။ (၃+၅)ရှင်စောပုဘုရားပုံ ဆောင်ခြင်း၊ ရှင်စောသုဘုရင်မကြီးပုံ ဆောင်ခြင်း၊ ဆယ်တော်မူဘုရား ပူဇော်ခြင်း၊ စိန်ဖူးတော်ပူဇော်ခြင်း၊ ဘုရားတွင် လျှပ်စစ်မီး ပူဇော်ခြင်း စသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ပေးပါ။

ကြာသပတေးသားသမီးများ

(၃+၅) (၅+၃)အတွဲများ အပြန်အလှန်ပြုလုပ်ဆောင်ရွက် လှူဒါန်းနိုင်ပါသည်။ စံပယ်ပန်း၊ စိန်ပန်း၊ ဆူးမွေးရွက်၊ ဆပ်ပြာ၊ ဆေးဘူး၊ ဆီမီး၊ ပုန်းညက်ပန်း၊ ပေါက်စီပဲဆီ၊ ဆီးဖျော်ရည်၊ ဆီးဖြူသီး၊ မုန့်ဆီကြော်၊ ပျဉ်းမညွှန့်၊ ပေါက်ပန်းဖြူ၊ ဆီးညွှန့်၊ ဓော်စိမ်းညွှန့်၊ ဓွန်ပန်း၊ မေမြို့ပန်း၊ ပိန်းပန်း၊ စမပုတော်၊ ပိုက်ဆံ၊ မုန့်စိမ်းပေါင်း၊ မုန့်ပန်း စသည်တို့ကို နှစ်ဆန်း(၁)ရက်နေ့မှစ၍ အပတ်စဉ် မွေးနေ့

www.burmeseclassic.com

www.burmeseclassic.com

တိုင်း လျှပ်ပေးပါ။ စိန်ပန်းသားပေါ်မှာ ဖယောင်းတိုင် တင်ထွန်း၍ ဆီမီးပူဇော်ပါ။ ဖယောင်းတိုင်အောက်မှာ မတ်စေ့ခံ ထွန်းပါ။ (၃၅၊ ၅၃)အတွဲ အကျိုးပြုပါသည်။ ဘုရား၊ ရဟန်းသံဃာ၊ မိဘ၊ ဆရာသမားတို့ကို လျှူဒါန်းနိုင်သည်။ ကိုယ်တိုင် ဆပ်ပြာမွှေးလျှော်ခြင်း၊ ဆပ်ပြာမှုန့် လျှော်ခြင်း၊ ဆေးဘူးလျှော်ခြင်း၊ ဆီးဖျော်ရည်လျှော်ခြင်းတို့သည် မိမိအတွက် ကောင်းကျိုးဖြစ်စေပါသည်။

သောကြာသားသမီးများ

ဤနှစ်တွင် သောကြာနံ့ တိုင်ခြေရောက်နေ၍ ကျန်းမာရေးလည်း ဂရုစိုက်ရမည်။ သက္ခတ်ကောင်းသူများ မစိုးရိမ်ရပါ။ ကြိုတင်ကာကွယ်တာ ပိုကောင်းသည်။ (၄+၁)အတွဲနှင့် ဗုဒ္ဓဟူးနံ့ကို ဦးစားပေးဆောင်ရွက်ပါ။ အင်္ဂါနံ တစ်မျိုးတည်းလည်း လျှူ၍ရသည်။ ဝင်အုန်းရွက်၊ ရွှက်လှည်းနှုန်း၊ ရွေပန်း၊ ရေအိုး၊ ရွေအိုး၊ ဝါးညွှန့်၊ ရှောက်ယို၊ ရှောက်သီး၊ ယပ်၊ ရေ၊ အအေးဖျော်ရည်၊ ရှင်သီဝလီ ရဟန္တာပုံတော်၊ ဆီးသီး၊ ဆီးညွှန့်၊ ဇော်စိမ်းညွှန့်၊ ဆန်၊ ဆီ၊ ဆား၊ ဆေး စသည်တို့ကို အဆင်ပြေသလို လျှူပါ။ အိုးသစ်တစ်လုံးကို ရွှေချ(ရွှေချထားသော အိုးတစ်လုံးဝယ်)၊ ထိုအိုးတွင် ရေထည့်ပြီး ရွှက်လှည်းနှုန်းများ ထည့်လျှူထားပါ။ မွေးနံ့ထောင့်မှာ သွားလျှူ၍လည်း ရပါသည်။ နှစ်ဆန်း(၁) ရက်မှာ ပြုလုပ်ပါ။ အရေးအကြောင်းရှိပါက ရွှက်လှသား၊ ဝါးသားတစ်မျိုးမျိုး ဆောင်သွားပါ။ ရွှေလက်စွပ် ဝတ်ဆင်ပါ။ ဉာဏ်ရှိသလို ဆောင်ရွက်နိုင်သည်။ ရှင်သီဝလီ ရဟန္တာကို ရေတော်၊ ဆီမီး နေ့စဉ် ပူဇော်ပါ။

စနေသားသမီးများ

ဤနှစ် တာစားသောကြောင့် ကျန်းမာရေး အထူးဂရုစိုက်ရမည်။ လောဘ,ဒေါသ မဖြစ်အောင်၊ အကုသိုလ် မဖြစ်အောင် နေထိုင်ရမည်။ မွေးနေ့တိုင်း (အတက်)နေ့မှ စတင်၍ အပတ်စဉ် သက်သတ်လွတ်စားပါ။ စနေဂြိုဟ်၊ ဘုဇ္ဈင်္ဂရောက်နေသူ ပို၍ဂရုစိုက်ရမည်။ (၄+၃)အတွဲ လျှူဒါန်းဆောင်ရွက်သောယတြာ ပြုလုပ်ပါ။ ရေစစ်၊ ရေသန့် ဘူး၊ ရေအိုး၊ ရေသန့် စက်လျှပ်ပေးပါ။ လိပ်စာ ကျေးပါ။ လေးညှင်းပွင့် လျှူခြင်း၊ ဆောင်ခြင်း ပြုလုပ်ပါ။ ရေသတ္တဝါများကို အစာကျွေးပါ။ ဘုရားစေတီ ရောက်ပါက မွေးနံ့ထောင့်တွင် သက်စေ့ရေသပွာယ်ပါ။ ရေတော်ကပ် လျှူပါ။ ဘုရားရှေ့သင်္ကန်း ကပ်လှူပါ။ ယပ်တောင်(၄) လက်၊ ရွှက်လှ(၄)ည့ွှန့် လျှူပေးပါ။ နဝင်းယတြာချေသင့် သောနှစ် ဖြစ်သည်။ မိမိနေအိမ်တွင် ထီး၊ ဖိနပ်၊ နာရီ အဟောင်းအစုတ် ရှိနေပါက စွန့်ပစ်ပါ။ ဆင်းရဲနွမ်းပါးသူကို အဝတ်အထည်ဟောင်း စွန့်ကြေးကမ်းပါ။

ဗုဒ္ဓဟူးနံ့(ရေဘူး၊ အအေးဖျော်ရည်၊ လက်ဖက်ရည်၊ လိမ္မော်သီး၊ ရှောက်ယို၊ ဝက်သားဟင်း၊ ရေမုန့်၊ ရေခဲမုန့်၊ လက်ဖက်၊ လိမ္မော်ရည်၊ ရဲယိုသီး) တစ်မျိုးမျိုးကို ဘုရား၊ ရဟန်းသံဃာ၊ ကလေး၊ လူကြီး တစ်ဦးဦးကိုလျှူပြီး မိမိက အင်္ဂါနံတစ်မျိုးမျိုး စားလိုက်ပါ။

အချိန်အခါမရွေး ပြုလုပ်နိုင်သည်။ လျှူသောပစ္စည်း တစ်နေ့တာ မစားရပါ။ (ဥပမာ-လိမ္မော်သီးတစ်လုံးလျှူပြီး ဆီးသီးတစ်လုံး စားခြင်း။)

(၇)နေ့သားသမီးများ ဖော်ပြရာတွင် ရာဟုသားသမီးဆိုပါက ဗုဒ္ဓဟူးသားသမီးအတိုင်း ပြုလုပ်ရပါမည်။ ဤနှစ်တွင် စံကားအပြောအဆို ဆင်ခြင်ရမည်။ (၇)နေ့သားသမီးအားလုံး ခရီးမကြာခဏ မသွားသင့်ပါ။ ဂုဏ်၊ မာန၊ လောဘကြီးခြင်း၊ ကြွားဝါခြင်း၊ ငွေဖြုန်းခြင်းများ မပြုလုပ်သင့်ပေ။ နေရာတကာ ဆရာဝင်လုပ်တာ ရှောင်ပါ။

(၃၊ ၄၊ ၅)နေ့နံ့ သုံးခုကို အမည်၊ လုပ်ငန်းစီးပွား အဆောင်အဖြစ် အဆင်ပြေသလို အသုံးပြုပါ။ [ဥပမာ-ဆီးဖျော်ရည် (၃၊ ၅၊ ၄)၊ ဆေးပြင်းလိပ် (၃၊ ၅၊ ၄)၊ လိမ်းဆေးဘူး (၄၊ ၃၊ ၅)၊ လျှပ်စစ်မီး (၄၊ ၃၊ ၅)တို့ ဖြစ်ပါသည်။]

ပရိမိတ္တဇာလသုတ်ကို နေ့စဉ် ရွတ်ဆို၊ ခင်ပွန်းကြီး ဆယ်ပါးကန်တော့၊ ပေါက်ဝိဇ္ဇာများကို မေတ္တာပို့၍ တစ်နှစ်တာမှာ ဘေးအန္တရာယ်ကင်းဝေး ကပ်သုံးပါးကျော်၍ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ။

ဂဏိတရ-ဆရာလှမျိုး(B.Sc)

www.burmeseclassic.com

www.burmeseclassic.com



သားဦးစဉ်နှင့် မီးလို မမွေ့စေသောနည်း

သာထက်တော်(ပင်လုံ)

တစ်နေ့သောအခါသမယတွင် ကျွန်တော်မဟိဒ္ဓိဗေဒင် ဟောခန်းသို့ မကွေးမြို့နယ်၊ မြင်ကွန်းအုပ်စုအတွင်းရှိ သာယာကုန်းရွာကလေးမှ ဒေါထားထားဟူသော အမျိုးသမီးကြီးတစ်ဦး ရောက်လာလေသည်။ သူမ ကျွန်တော့်ဗေဒင် ဟောခန်းသို့ ရောက်လာလေတိုင်း မေးမြန်းစရာ တစ်ခု မဟုတ်တစ်ခု အမြဲပါလာလေ့ရှိ၏။

ထို့ကြောင့် ကျွန်တော်မှာလည်း သူမ မေးမြန်းလာသမျှကို မရှိမဲ့ရှိမဲ့ စုဆောင်းသိမှီးလေ့လာထားသည့် ပညာရပ်အချို့ဖြင့် တတ်အားသမျှ ဖီလိုဆိုဖာကြီးဂိုက်ဖမ်းပြီး ဖြေရှင်းပေးခဲ့သည်ချည်း။ တစ်ခုကောင်းသည်က ကျွန်တော် ရှင်းပြ ပြောပြသည့် ပညာရပ်တိုင်းကို ၄င်းဒေါထားထားက မည်သည်မည်မျှ မှတ်စုရေးသားတတ်လေ့ရှိသလို ဦးနှောက်နှင့်လည်း အပီအပြင် မှတ်သားနိုင်စွမ်းရှိခြင်းပင်။ သူမသည် ဗေဒင်ပညာရပ်ကို ရူးသွပ်စွာ စိတ်ဝင်စားတတ်သကဲ့သို့ ဗေဒင်ကိုလည်း အကြွင်းမဲ့ယုံကြည်မှုရှိသူ ဖြစ်သည်။

ထိုသို့သော ဒေါထားထားသည် ကျွန်တော့်ဆီရောက်လာတိုင်း ဘာစကားတစ်ခွန်းမျှ မပြောရသေးခင် တို့ဆရာရေဟူသည့် အာလုတ်စကားဖြင့် စတင်ပြောဆိုလေ့ရှိသူလည်း ဖြစ်ပေ၏။

'တို့ဆရာရေ..ညတုန်းကပေါ့။ ကမ္ဘာပေါ်မှာ တစ်ကြိမ်တစ်ခါမျှ မဖြစ်ဖူးသေးတဲ့ ဖြစ်စဉ်(၂)ခု ကျုပ်တို့ရွာမှာ ဖြစ်ခဲ့တယ်တော့'

'ဘာဖြစ်စဉ်တုန်းဗျ။ ခင်ဗျားတို့တစ်ရွာလုံး နှစ်ခြိုက်သဘောကျနေတဲ့ ဟိုပါတီကို ရွာလုံးကျွတ် မဲအပြတ်အသတ် ပေးလိုက်လို့ မဲအနိုင်ရတာကြောင့် အဲဒီပါတီက အိမ်ထောင်စုတိုင်း တိုက်တစ်လုံး ကားတစ်စီးချီးမြှင့်လိုက်တာမျိုးလား။ ကောင်းတာပေါ့ဗျာ'

'တို့ဆရာရေ..ပြောရော့မယ်။ မဟုတ်ပါဘူးတော်၊ ကျုပ်ပြောပါရစေဦး။ ဒီလိုတော့ ဒီလို..ကျုပ်တို့ရွာမှာ ထူးခြားတဲ့ အိမ်ထောင်စုနှစ်စုရှိတယ် သိလား။ ဘာထူးခြားတာလဲဆိုရင် အဲဒီစုံတွဲနှစ်တွဲက စနေနေ့မှာ စေ့စပ်ကြောင်းလမ်းစနေနေ့မှာ အုပ်တင်၊ စနေနေ့မှာ မင်္ဂလာဆောင်။ အဲ..ပြီးတော့ ဟိုဥစ္စာ..ဟိုဒင်း ဗိုက်၊ ကိုယ်ဝန်ဆောင်ကြတာလည်း အတူတူ။ ဒီထက်ထူးဆန်းတာက ညကပေါ့၊ အဲဒီစုံတွဲနှစ်တွဲရဲ့ မိန်းမနှစ်ယောက်စလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း မီးဖွားကြတယ်လေ။ အဲ..ပြောဖို့မေ့သွားတာ ရှိသေးတယ်။ သူတို့စုံတွဲက ခြေရင်း ခေါင်းရင်း အိမ်ချင်းကပ်တွေလေ။ ဒီတော့ အော်ဟစ်ညည်းတွားသံတွေကလည်း အားကျမခံ ပြိုင်ဆိုင်အော်နေသလား အောက်မေ့ရတယ်။ နာရီပြန်(၄) ချက်တီးလည်းရောက်ရော ပြိုင်တူကလေးမွေးဖွားတဲ့ကိစ္စ ပြီးဆုံးတယ်။ ခေါင်းရင်းအိမ်က ယောကျ်ားလေးမွေးတယ်။ ခြေရင်းအိမ်က မိန်းကလေးမွေးတယ်။ ကျား,မသာ ကွာခြား သွားတယ်။ နာရီလည်းအတူတူ၊ မွေးနေ့လည်းအတူတူ။ စနေနေ့ဖွားတွေချည်းပဲ။ ဒါပေမဲ့ တို့ဆရာရေ..အဲဒီ အိမ်ထောင်နှစ်စုလုံး အခု အကြီးအကျယ် စိတ်ဆင်းရဲနေကြတယ်'

'ဘယ်လိုက ဘယ်လိုအကြောင်းကြောင့် စိတ်ဆင်းရဲနေကြရတာတုံး။ ရှင်းပြစမ်းပါဦး'

'တို့ဆရာရေ..ဗေဒင်ဆရာလည်းပြောသေး၊ ဒီလောက် ထူးခြားဖြစ်စဉ် ပြောပြနေတာတောင် မိန်းရန်ကော။ ဥသျှစ်သီးအခွံနဲ့ လိပ်ကျောကုန်းအခွံ သွေးသောက်ပြီးတော့ အမေက မွေးခဲ့လေသလားဟင်။ ပြောစမ်းပါဦး'

'ခင်ဗျားဥပမာလည်းဗျာ..တစ်ခါမှ မကြားဖူးတဲ့ ဥပမာအဆန်းပါလား။ ဦးနှောက်နည်းတယ်၊ အတွေးအခေါ် အမြော်အမြင် မရှိဘူးဆိုရင် ရပါတယ်'

'ထားပါ။ စနေနေ့မှာ တစ်ပြိုင်တည်း၊ တစ်ချိန်တည်း မွေးဖွားလာတဲ့ ကလေးနှစ်ယောက်အတွက် မိဘနဲ့ ဆွေမျိုးအသိုင်းအဝိုင်းက နောင်တစ်ချိန်မှာ ကြီးလာမယ့် အန္တရာယ်ဆိုး ဘေးဆိုးရန်ကို ကြောက်ရွံ့ထိတ်လန့်နေတာလေ'

'ပေါက်ပြီ။ ဒီတော့ ခင်ဗျားကို ကလေးနှစ်ယောက် စလုံးအတွက် ယတြာလုပ်ပေးစမ်းပါဆိုပြီး အပူလာကပ်၊ ခင်ဗျားမှာလည်း ကျုပ်သင်ပေးထားတဲ့ သားဦးစနေ မီးလို့ မမွေ့စေတဲ့ နည်းယတြာက မရှိ။ အခက်ကြုံ၊ အကြံအိုက်

www.burmeseclassic.com

www.burmeseclassic.com

ပြီး ဒီနေ့မနက်စောစော ကျုပ်ဟောခန်းကို အပြေးအလွှား ရောက်လာခဲ့တယ် ဆိုပါတော့'

'တို့ဆရာရေ..တော့်ဉာဏ် အဲဒီလိုပွင့်စမ်းပါ။ ဒီအတိုင်း ဆက်ကြိုးစားသွားမယ်ဆိုရင် မကြာခင် တော်အကြားအမြင်ပါ ပေါက်လိမ့်မယ်။ ဟုတ်ပါတယ်၊ တော်ပြောသလိုပါပဲ။ ညတုန်းက ကျုပ်အိမ်က သူတို့အိမ်တွေနဲ့ မျက်စောင်းထိုးမှာ ရှိတာဆိုတော့ ဝမ်းဆွဲဆရာမရဲ့ အားပေးသံ၊ အရပ်ထဲက အမျိုးသမီးတွေရဲ့ ညာသံပေးသံတွေကို အတိုင်းသား မကြားချင်မှအဆုံး။ ဒါနဲ့ပဲ ကျုပ်လည်း ခြေရင်းအိမ်ဘက်က အမျိုးသမီးကို ပြေးအားပေးလိုက်၊ ခေါင်းရင်းအိမ်ဘက်က အမျိုးသမီးကို ပြေးအားပေးလိုက်နဲ့ သူတို့နှစ်ယောက် ရောရောရှုရှု မွေးပြီးမှ ဘရိတ်အုပ်ရပ်နိုင်တော့တယ်။ တစ်မှေး,မွေးလိုက်ဦးမယ် ကြံလိုက်တော့ မနက်(၅)နာရီက ထိုးနေပြီ။ ဒါနဲ့ မနက်စာ ထမင်းဟင်းချက်လိုက်ရတော့တယ်။ ထမင်းအိုးလေး မီးဖိုပေါ်တင်တယ် ဆိုရုံရှိသေး၊ ခေါင်းရင်းအိမ်က မီးနေသည်ရဲ့ ယောကျ်ားက အိမ်ပေါ် အမောတကော ပြေးတက်လာတယ်။ အစ်မကြီးရယ်..လုပ်ပါဦးတဲ့။ အစ်မကြီးက ဆရာသာထက်ဇော်ဆီ မကြာခဏသွားပြီး ဗေဒင်သင်နေတော့ သားဦးစနေ မီးလိုမမွေစေတဲ့ ယတြာ သိမှာပေါ့တဲ့။ အဲဒါ ကျွန်တော့်သားလေးအတွက် ယတြာမြန်မြန်လုပ်ပေးစမ်းပါဗျာတဲ့။ အမယ်လေး..မောင်မင်းကြီးသား စကားမှ မဆုံးသေးဘူး၊ ခြေရင်းအိမ်က မိန်းထလေးမွေးတဲ့ ဖခင်ကလည်း ဝုန်းဆို ကျုပ်အိမ်ပေါ် အတင်းတက်လာပြန်တယ်။ သူကလည်း အစ်မရယ်..ကယ်ပါဦးဗျာတဲ့။ ကျုပ်သမီးလေးနဲ့ ကျုပ်တို့မိသားစုလေး ဥမင်္ဂသိုက်မပျက် မဖြစ်ရအောင် သားဦးစနေ မီးလိုမမွေစေတဲ့ ယတြာတစ်ခုခု လမ်းညွှန်ပြောပြပေးစမ်းပါတဲ့။ ကျုပ်လည်း ဘာပြောလို့ ပြောရမှန်းမသိအောင် ဖြစ်သွားမိတယ် တို့ဆရာရေ။ တို့ဆရာကို ပြေးအမှတ်ရမိသွားတယ်။ အဲဒါကြောင့် ကိုယ် မသင်ရသေးတာလည်း မသိရအောင် နေကြစမ်းပါဦးဟယ်။ ဗေဒင်ယတြာဆိုတာ အခုမေး အခုဖြေလို့ တန်းပြီးရတဲ့ အရာမျိုး မဟုတ်ဘူးဟဲ့။ တစ်အောင့်လောက်ကြာမှ ငါ့ဆီ လာခဲ့လို့ ပြောထားခဲ့ရတယ်။ အဲဒါပဲ တို့ဆရာရေ။ ကျုပ်ကို အမြန်ဆုံး သားဦးစနေ မီးလိုမမွေတဲ့ယတြာ မြန်မြန်သင်ပေးစမ်းပါ။ တို့ဆရာ ကျုပ်ကို သင်မပေးရင် ကျုပ်ရော တို့ဆရာပါ မဟာ့မဟာအရှက်ကြီးကွဲပြီး သိက္ခာတော် ကျကုန်ပါလိမ့်မယ်'

'ဘယ့်နယ်ကဘယ်လို ကျုပ်က ခင်ဗျားလက်ခံလာတဲ့ အရှုပ်တော်ပုံကြီးကြား အရှက်ကွဲ အကျိုးနည်းရမယ်လို့'

'ကျုပ်တို့ ဗမာစကားပုံရှိတယ်လေ။ တပည့်မကောင်း၊ ဆရာခေါင်းတဲ့။ ကျုပ်ကို သူတို့က မေးတယ်။ ကျုပ်က မသိလို့ မသိဘူး ပြောလိုက်ရုံလေး။ သူတို့ကတော့ ပြောကြမှာပေါ့၊ ဆရာသာထက်ဇော်တပည့်တဲ့ဗျာ။ ဒါလေးတောင် လုပ်မပေးတတ်ဘူး ဘာညာဆိုပြီး သူ့ဆရာကလည်း တတ်ချင်မှ တတ်မှာကိုး။ ဟော..တို့ဆရာကိုပါ ထိခိုက်ပြောလာကြပြီ။ နောက်ပြီး တို့ဆရာရဲ့ ဆရာကြီး..'

'တော်စမ်းပါ ဒေါထားထားရယ်။ ခင်ဗျားဟာ ခင်ဗျားမတတ်တာနဲ့ ကျုပ်ကိုရော ကျုပ်ဆရာကြီးကိုပါ ရောသမမွှေ မလုပ်စမ်းပါနဲ့။ အဲဒါကြောင့် ကျုပ် ခင်ဗျားကို ပြောပြောနေရတာပေါ့။ ကျမ်းဖောက်နိုင်တဲ့သူဖြစ်ပါစေ ကျမ်းလျှောက်တဲ့သူ မဖြစ်စေနဲ့လို့။ ကျုပ်တို့ အခုဟောပြောနေတဲ့ ဗေဒင်ပညာရပ်ဆိုတာ အတတ်ပညာ(၁၈)ရပ်ထဲမှာ (၅)မျိုး (၅)စားတောင် အကျုံးဝင်တယ်ဗျာ။ ပေါ့ပေါ့လျော့လျော့ မတွေးလိုက်နဲ့၊ မစော်ကားနဲ့။ တစ်ကြိမ်တစ်ခါမှ ဗေဒင်ပညာကို ထဲထဲဝင်ဝင် မလေ့လာ မဆည်းပူးကြည့်ဖူးဘဲနဲ့ တော့ မြင်းမိုရ်တောင်၊ မရှိဘူးလို့ပြောတဲ့ နိုင်ငံခြားသားတွေလို ဖြစ်တော့မှာပေါ့ဗျာ'

'ကြံတုန်း အတတ်ပညာ(၁၈)ရပ်ကို ပြောပြစမ်းပါဦး တို့ဆရာရယ်။ ကျုပ်သိချင်လို့'

'ကဲ..လိုက်မှတ်။

(၁) သုတ-အကြားအမြင်အတတ်ပညာ၊
(၂) သမ္မုတိ-မမှန်သတ်အတတ်ပညာ၊
(၃) သဒ္ဒါ-ဂဏန်းအတတ်ပညာ၊
(၄) ယောဂ-တစည်း၊ စူး၊ ဆောက် စသည့်အတတ်ပညာ၊
(၅) နီတိ-နီတိကျမ်းအတတ်ပညာ၊
(၆) ဂိသေသက-ယတြာ စသည့်ဗျာရိဏ်း အတတ်ပညာ၊
(၇) ဂန္ဓဗ္ဗ-စောင်းညှင်းခရာ စသည့်အတတ်ပညာ၊
(၈) ဂဏိကာ-လက်ဆစ်ချိုးကာရေတွက်သည့် အတတ်ပညာ၊
(၉) ဓနုဗေဒ-လေးအတတ်ပညာ၊
(၁၀) ပုရာဏ-စကားဟောင်းအတတ်ပညာ၊
(၁၁) တိကိစ္ဆာ-ဆေးဝါးအတတ်ပညာ၊
(၁၂) ဇ္ဇာတိဟာသ-ရယ်ရွှင်ဖွယ်အတတ်ပညာ၊
(၁၃) ဇောတိ-ဗေဒင်အတတ်ပညာ၊

www.burmeseclassic.com

www.burmeseclassic.com

(၁၄)မာယာ-လှည့်ပတ်မှုအတတ်ပညာ၊
(၁၅)ဆန္ဒထိ-ဆန်းကျမ်းအတတ်ပညာ၊
(၁၆)ကေတု-သံတမန်အတတ်ပညာ၊
(၁၇)မန္တီ-မန္တန်အတတ်ပညာ၊
(၁၈)သဒ္ဒါ-သဒ္ဒါကျမ်းအတတ်ပညာ..တဲ့။

အမှတ်(၃၊ ၆၊ ၁၃၊ ၁၅၊ ၁၇)တွေက ဗေဒင်ပညာရပ်ထဲမှာ ဆက်စပ်မှု အရှိဆုံးပဲ၊ အကျုံးဝင်ဆုံးပဲ။ ထားတော့၊ တစ်ဆက်တည်း သားဦးစနေ မီးလိုမမွေစေတဲ့နည်းပါ ဆက်ပြောလိုက်ရအောင်'

တနင်္ဂနွေအမိ,အဖ နှစ်ပါးက သားဦးစနေ သားသမီးတစ်ဦးဦးကို မွေးဖွားလာခဲ့ပါက နန္ဒင်းတက် (သို့မဟုတ်) နာနတ် (သို့မဟုတ်) ထနောင်းသား ရဂုနှစ်ခုကို နေအိမ်၏ မြောက်အရပ်သို့ ကြာသပတေးသားသမီး တစ်ဦးဦးအား မြစ် (သို့မဟုတ်) စမ်းချောင်း (သို့မဟုတ်) ရေရှိရာအရပ် (သို့မဟုတ်) ဝေးကွာသောအရပ်မှာ လိုရာဆုတောင်း၍ စွန့်ပစ်ခိုင်းပါလေ။

တနလာအမိ,အဖ နှစ်ပါးက သားဦးစနေ သားသမီးတစ်ဦးဦးကို မွေးဖွားလာခဲ့ပါက ထောက်ကြံ့ (သို့မဟုတ်) နှပ်ချိုသား ရဂုနှစ်ခုကို နေအိမ်၏ မြောက်အရပ်သို့ ကြာသပတေးသားသမီးတစ်ဦးအား မြစ် (သို့မဟုတ်) ချောင်း (သို့မဟုတ်) ရေရှိရာအရပ် (သို့မဟုတ်) ဝေးကွာသောအရပ်မှာ လိုရာဆုတောင်း၍ စွန့်ပစ်ခိုင်းပါလေ။

အင်္ဂါအမိ,အဖ နှစ်ပါးက သားဦးစနေ သားသမီးတစ်ဦးဦးကို မွေးဖွားလာခဲ့ပါက နှင်းဆီ (သို့မဟုတ်) တဇောင်းသား ရဂုနှစ်ခုကို နေအိမ်၏ မြောက်အရပ်သို့ ကြာသပတေးသားသမီးတစ်ဦးအား မြစ် (သို့မဟုတ်) ချောင်း (သို့မဟုတ်) ရေရှိရာအရပ် (သို့မဟုတ်) ဝေးကွာသောအရပ်မှာ လိုရာဆုတောင်း၍ စွန့်ပစ်ခိုင်းပါလေ။

ဗုဒ္ဓဟူးအမိ,အဖ နှစ်ပါးက သားဦးစနေ သားသမီးတစ်ဦးဦးကို မွေးဖွားလာခဲ့ပါက ထန်းလျက် (သို့မဟုတ်) ဒူးရင်းသား ရဂုနှစ်ခုကို နေအိမ်၏ မြောက်အရပ်သို့ ကြာသပတေးသားသမီးတစ်ယောက်အား မြစ် (သို့မဟုတ်) ချောင်း (သို့မဟုတ်) ရေရှိရာအရပ် (သို့မဟုတ်) ဝေးကွာသော အရပ်မှာ လိုရာဆုတောင်း၍ စွန့်ပစ်ခိုင်းပါလေ။

ကြာသပတေးအမိ,အဖ နှစ်ပါးက သားဦးစနေ သားသမီးတစ်ဦးဦးကို မွေးဖွားလာခဲ့ပါက တမာသားနှစ်ခုကို နေအိမ်၏ မြောက်အရပ်သို့ ကြာသပတေးသားသမီး တစ်ယောက်အား မြစ် (သို့မဟုတ်) ချောင်း (သို့မဟုတ်) ရေရှိရာအရပ် (သို့မဟုတ်) ဝေးကွာသောအရပ်မှာ လိုရာဆုတောင်း၍ စွန့်ပစ်ခိုင်းပါလေ။

သောကြာအမိ,အဖ နှစ်ပါးက သားဦးစနေ သားသမီး တစ်ဦးဦးကို မွေးဖွားလာခဲ့ပါက ဒဟတ်သားနှစ်ခုကို နေအိမ်၏ မြောက်အရပ်သို့ ကြာသပတေးသားသမီး တစ်ယောက်အား မြစ် (သို့မဟုတ်) စမ်းချောင်း (သို့မဟုတ်) ရေရှိရာအရပ် (သို့မဟုတ်) ဝေးကွာသောအရပ်မှာ လိုရာဆုတောင်း၍ စွန့်ပစ်ခိုင်းပါလေ။

စနေအမိ,အဖနှစ်ပါးက သားဦးစနေ သားသမီးတစ်ဦးဦးကို မွေးဖွားလာခဲ့ပါက နန္ဒင်းတက် (သို့မဟုတ်) နာနတ် (သို့မဟုတ်) ထနောင်းသား ရဂုနှစ်ခုကို နေအိမ်၏ မြောက်အရပ်သို့ ကြာသပတေးသားသမီး တစ်ယောက်အား မြစ် (သို့မဟုတ်) စမ်းချောင်း (သို့မဟုတ်) ရေရှိရာအရပ် (သို့မဟုတ်) ဝေးကွာသောအရပ်မှာ လိုရာဆုတောင်း၍ စွန့်ပစ်ခိုင်းပါလေ။

ရာဟုအမိ,အဖ နှစ်ပါးက သားဦးစနေ သားသမီးတစ်ဦးဦးကို မွေးဖွားလာခဲ့ပါက ထန်းလက် (သို့မဟုတ်) ဒူးရင်း (သို့မဟုတ်) တရော်သား ရဂုနှစ်ခုကို နေအိမ်၏ မြောက်အရပ်သို့ ကြာသပတေးသားသမီးတစ်ယောက်အား မြစ် (သို့မဟုတ်) စမ်းချောင်း (သို့မဟုတ်) ရေရှိရာအရပ် (သို့မဟုတ်) ဝေးကွာသောအရပ်မှာ လိုရာဆုတောင်း၍ စွန့်ပစ်ခိုင်းပါလေ။

ကဲ..ပြီးပြီ။ တခြားယတြာချေနည်းတွေတော့ ရှိပေမယ့် ဒီနည်းက လုပ်ရကိုင်ရတာ လွယ်ကူတာမို့ ဒီနည်းပဲ ပြောပြလိုက်တယ် ဒေါ်ထားထားရေ။ ဖြစ်နိုင်ရင် သုံးကြိမ်အနည်းဆုံးတော့ လုပ်ပေးစေချင်တယ်။ ဒါမှ ယတြာဆိုတာ အစွမ်းထိရောက်တတ်တာ မဟုတ်လား'

'တို့ဆရာရေ..ကျေးဇူးကြီးလှပါတယ်တော်။ ကျုပ်လည်း ကျုပ်ကို လာမေးထားကြတဲ့ ဟိုကလေးအဖေ နှစ်ယောက်ကို ခပ်တည်တည်နဲ့ ဒီယတြာ ပေးလိုက်ဦးမယ်။ ခုအချိန်လောက်ဆိုရင် ကျုပ်အိမ်ကို သူတို့ ရောက်နေလောက်ပြီ။ ကျုပ်ပျောက်လို့ ဟိုရှာဒီရှာတောင် လုပ်နေကြမလား မသိဘူး။ သွားဦးမယ် တို့ဆရာရေ'

'ကောင်းလှပါပြီ ဒေါ်ထားထား'

ဓမ္မော ဟဓေ ရက္ခတိ ရက္ခစာရီ

သာထက်ဇော်(မကွေး)

www.burmeseclassic.com

www.burmeseclassic.com

မင်းနေထွန်း(ကန့်ဘလူ)

သီကြားဒေသက်သေညွှန်း

ဗေဒင်ပညာနဲ့ ပတ်သက်ရင် ဘယ်သိဒ္ဓိပညာရှင်၊ ဘယ်မဟိဒ္ဓိရှင်ကမှ အကြားအမြင် ထေးထားတာမျိုး မရှိနိုင်ဘဲ အတွက်အချက်ပညာ တစ်မျိုးမှီနဲ့သာ ဟောကြားလို့ရနိုင်မယ်ဆိုတာမျိုး မကြာခဏ ဆိုသလို ကျွန်တော့်ဆောင်းပါး အချို့တွေမှာ ပါပါသွားတတ်ပါတယ်။ အဲဒါအပြင် အကြားအမြင်လို့ ထင်မြင်ယူဆနိုင်လောက်တဲ့ ဗေဒင်အတွက်အချက်ပညာရပ် တချို့၊ တချို့ကိုလည်း နမူနာသဘော တင်ပြခဲ့တာတွေ ရှိပါတယ်။

(၂၀၁၅)ခုနှစ်၊ နိုဝင်ဘာလထုတ် ဂန္ဓီရမဂ္ဂဇင်းကြီးမှာ အကြားအမြင်လို့ ထင်ရလောက်တဲ့ နာမည်ကြားသိလိုက်ရုံနဲ့ ဟောလို့ပြောလို့ရတဲ့ ဗေဒင်ပညာရပ်တစ်မျိုးကို ကျွန်တော်တင်ပြခဲ့မိပါသေးတယ်။ အဲဒီဆောင်းပါးကို အကြောင်းပြုပြီး ဗေဒင်ဝါသနာရှင်တစ်ဦးက စာရေးလာပါတယ်။ စာပါ အကြောင်းအရာကတော့ အဲဒီဟောပြောနည်းဟာ သူမိသားစုအဝင်းမှာရှိတဲ့ လူနာမည်တွေအားလုံး ကွက်တိမှန်ကန်မှု ရှိနေကြတယ်ဆိုတဲ့ အကြောင်းပါပဲ။ ဝမ်းသာကြည်နူးရပါတယ်။

တစ်ဆက်တည်းပဲ အဲဒီလိုအကြားအမြင်လို့ ထင်ရတဲ့ အခြားပညာ၊ ဗေဒင်ပညာ ရှိ,မရှိလည်း သိချင်ပါသေးတယ်။ ဖော်ထုတ်ပေးစေချင်ကြောင်း တောင်းခံလာပါတယ်။ အဓိက,ကတော့ အကြားအမြင်ဆိုတာ တန်ခိုးရှင်တစ်ဦးဦးက ဓာတ်ကိန်း၊ နာမ်ကိန်းပြီး စောင်မ,တဲ့ပညာရပ်ဖြစ်နေလို့ပါတဲ့။ အဲဒီလိုပုဂ္ဂိုလ် ကျား,မ ရှိနိုင်၊ မရှိနိုင် သိချင်လို့ပါတဲ့။

သူ့စာကို ဖတ်မိတော့မှပဲ ကျွန်တော် ဗေဒင်ပညာလက်တွေ့လေ့လာဆည်းပူးစဉ်က ကျွန်တော့်ကို ဗေဒင်ဟောရာ ခေါခေါသွားတဲ့ ဆရာကြီးရဲ့ ဟောချက်,ပြောချက်အချို့ကို ပြန်လည်တွေးကြည့်မိပါတယ်။ အဲဒီဗေဒင်ဆရာကြီးကိုလည်း ဗေဒင်မေးပရိသတ် တော်တော်များများက အကြားအမြင်ရ ဆရာကြီးလို့ ကင်ပွန်းတပ်ထားကြပါတယ်။ တကယ်တော့ အဲဒီလို အကြားအမြင်ရတယ်လို့ အထင်အမြင် ခံနေရတာကိုပဲ ဆရာကြီးက ရှက်နေတာပါ။ သူတတ်ထားတဲ့ ပညာရပ်တွေ သိမ်နှံ့သွားစေတယ်လို့ ခံယူထားသူပါ။ အကြားအမြင်ကိစ္စနဲ့ ပတ်သက်လို့လည်း သူကိုယ်တိုင်က တပ်မက်မှုတရားတွေ ဒါလောက်များမြောင်နေတဲ့ ကျုပ်တို့လို သာမန်လူတန်းစားတွေကို ဘယ်တုန်ခိုးရှင်ကမှ ဓာတ်မကိန်းဘူး၊ နာမ်မကိန်းဘူး၊ မကူညီ မစောင့်ရှောက်ပါဘူးဗျာ။ အဲဒီတန်ခိုးရှင်တွေကလည်း လောကီကိစ္စ ရွံမုန်းလို့ ထွက်ရပ်လမ်းမြန်းကြတာ ဘယ်လိုလုပ်ပြီး လောကီကိစ္စမှာ ပြန်ပြီးဓာတ်ရှုပ်လာပါတော့မလဲ စဉ်းစားကြည့်ပါဦးတဲ့။ စကားစပ်မိတိုင်း ပြောပြဖူးပါတယ်။ ဒါပေမဲ့ သူဟောတိုင်း,ပြောတိုင်းလိုက် အကြားအမြင်လို့ ထင်စရာတွေ ဖြစ်ခဲ့တာကိုး။

တစ်ခါက စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဆည်လမ်းဆုံအိမ်တစ်အိမ်မှာ ဗေဒင်ဟောနေကြတုန်း အခြားအိမ်တစ်အိမ်က အမျိုးသမီးကြီးတစ်ယောက် ရောက်လာပြီး သူ့အိမ်လည်း ကြွရောက်ခဲ့ဖို့ ဆရာကြီးကို ပင့်ဖိတ်ပါတယ်။ ဒါနဲ့ပဲ အဲဒီအမျိုးသမီးကြီးရဲ့အိမ်ကို ဆရာကြီးနဲ့အတူ ကျွန်တော်တို့ ရောက်သွားကြတယ် ဆိုပါတော့။

အဲဒီအမျိုးသမီးကြီးရဲ့အိမ် ရောက်သွားတော့ အိမ်အောက်ထပ် ခုံတန်းလျားမှာ အသက်(၄၀)ကျော် (၅၀) လောက်ရှိမယ့် အမျိုးသားကြီးတစ်ဦးက ခြေထောက်နှစ်ဖက် ခုံတန်းလျားပေါ်တင်ပြီး ထိုင်နေတာကို တွေ့ရပါတယ်။

ဆရာကြီးနဲ့ ကျွန်တော်တို့နှစ်ယောက် အဲဒီအမျိုးသားကြီးရဲ့ မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်ကြပါတယ်။ ထူးခြားတာက အိမ်ရှင်အမျိုးသားကြီးဟာ သူ့ထက် အသက်အရွယ်အားဖြင့်ကြီးတဲ့ ဧည့်သည်ဗေဒင်ဆရာကြီးကို ရိုသေလေးစားတဲ့ အမူအရာ အသွင်အပြင် လုံးဝမရှိဘဲ အထင်သေး အမြင်သေး ပမာမခန့်အသွင်သဏ္ဌာန်နဲ့ ဆရာကြီးကို မေးခွန်းတွေ ထုတ်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

သူမေးတဲ့ မေးခွန်းအများစုကတော့-

'ဗေဒင်ဟောနေတာကြာပြီလား။ ဗေဒင်ဆိုတာ ခန့်မှန်းတွက်ချက်တဲ့ပညာ မဟုတ်လား။ ရမ်းတုတ်မှန်းတုတ်ရာက တိုက်ဆိုင်မှုဖြစ်သွားတဲ့ ပညာရပ်မျိုးလား။ ခုနစ်ခုစား၊ ရှစ်ခုစား တွက်ချက်ရုံနဲ့ လူတစ်ယောက်ရဲ့ဘဝကို တကယ်သိနိုင်ပါ့မလား' စသဖြင့် ဗေဒင်ပညာရပ်အပေါ်မှာ စော်စော်ကားကား မေးခွန်းတွေ ဖြစ်တဲ့အပြင် သူကိုယ်တိုင်က ဗေဒင်ပညာကို အယုံအကြည်မရှိကြောင်းတွေပါပဲ။

ဆရာကြီးကတော့ အိမ်ရှင်အမျိုးသားကြီး မေးသမျှ ပြေလည်စွာဖြေပြောသမျှ အပြုံးနဲ့ နားထောင်နေပြီး အိမ်ရှင်အမျိုးသားကြီး စကားပြတ်သွား၊ စကားရပ်သွားတာနဲ့ တစ်ပြိုင်တည်း အပြုံးမျက်နှာနဲ့ပဲ မေးခွန်းထုတ်လိုက်ပါတယ်။

အဲဒီမေးခွန်းကတော့ 'ကိုယ့်ညီ..ထောင်၊ အချုပ်က ဘယ်တုန်းက လွတ်လာခဲ့တာလဲဗျာ' ပါတဲ့။

အမေးခံလိုက်ရတဲ့ ကာယဏ်ရှင်အမျိုးသား ဘယ်လို ခံစားသွားရမယ်ဆိုတာ မသိပေမယ့် ကြားလိုက်ရတဲ့ ကြားလူ ကျွန်တော်ကတော့ လူတစ်ကိုယ်လုံး မြောက်တက်သွားသလားလို့တောင်မှ ခံစားလိုက်ရပါတယ်။ ဘာမှလည်း မတွက်မချက်ဘဲ အသားလွတ်ကြီး မေးချလိုက်တဲ့ မေးခွန်းက မှန်ကန်ရင် တော်တော်ရှိရဲ့၊ မှားသွားလို့ကတော့ အရိုက်ခံရမယ့်ကိန်းမျိုးကိုး။ ပြီးတော့ အင်္ဂါဝန္ဓာအခါတိုင်ကို စိတ်တွက်နဲ့တွက်ပြီး မေးလိုက်တာမျိုးလည်း လုံးဝမဟုတ်ဘူးလေ။ ဘာကြောင့်လဲဆိုတော့ အဲဒီအချိန်အခါက ဗေဒင်အခေါ် ဘောမချိန်၊ အရပ်အခေါ် အင်္ဂါချိန်ပေါ့။

ဘောမချိန်ဆိုတာ အင်္ဂါဝန္ဓာအခါတိုင်အရ ရာထူး၊ ဂုဏ်ပါဝါ၊ အာဏာ၊ တန်ခိုးတွေ အောင်မြင်မှုရရှိချိန်၊ ရရှိနိုင်တဲ့အချိန်။ စနေဂြိုဟ်တိုင်ထိပ် အောင်မြင်ရေးနေရာမှာ ရှိချိန်။

* ဝ အောင်မြင်မှုရရှိ

၄

၁

၃

၆

၂

၅

ဒါပေမဲ့ ကျွန်တော်စိုးရိမ်သလို ဖြစ်မလာဘဲ အခြေအနေက ထူးထူးခြားခြား ပြောင်းသွားပါတယ်။ စောစောက ငါနှင့်ငါသာ နှိုင်းစရာရယ်လို့ ပမာမခန့်မျှော်နှာထားနဲ့ ထိုင်ခုံပေါ် ခြေထောက်တင်ထိုင်နေတဲ့ အိမ်ရှင်ဟာ ဆရာကြီးရဲ့ အမေးစကားလည်းဆုံးရော ရုတ်တရက် ခြေထောက်နှစ်ဖက် မြေကြီးချထိုင်လိုက်ပါတယ်။ ပြီးတော့ ရုတ်အမြင်အမ်း မျက်နှာအပြုံးနဲ့ 'ကျွန်..ကျွန်တော်..တစ်..တစ်ပတ်လောက်ပဲ ရှိပါသေးတယ်။ အချုပ်က လွတ်လာတာ' တဲ့။ ထစ်ထစ်ငေါ့ငေါ့ဖြေပါတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ပျော်သွားပါတယ်။ ဆရာကြီးအမေးစကား မှန်ကန်သွားတာရော၊ အရိုက်ခံရမယ့်ဘေးက ကင်းလွတ်သွားတာရောပေါ့။ ဆရာကြီးကတော့ သူထုံးစံအတိုင်း 'အဟဲဆိုတဲ့ ရယ်သံတစ်ချက်ပဲ ထွက်ပြီး ပြုံးပြုံးကြီး လုပ်နေပါတယ်။

ပြီးတော့ ကျွန်တော့်ဘက်ကို မျက်နှာလွှဲညွှန်လာပြီး မသိမသာ ဦးခေါင်းတစ်ချက် ညိတ်ပြလာပါတယ်။ ကျွန်တော်ကလည်း ဆရာကြီးကို ပြန်ကြည့်လိုက်ပြီး ပြုံးပြလိုက်ပါတယ်။ ကဲ..ဘာမှမတွက်မချက်ဘဲ အင်္ဂါဝန္ဓာဗေဒင်ပညာ စိတ်တွက်လည်း မဟုတ်ပါဘဲ ဒက်ခနဲမှန်အောင် ပြောလိုက်တာဆိုတော့ ရုတ်တရက်ကြည့်ရင် အကြားအမြင်ရသလိုလိုပေါ့။ တကယ်တော့ အကြားအမြင်မဟုတ်ပါဘူး။

တန့်ဆည်လမ်းဆုံကအပြန် မူးဆုံလက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်း ဆရာကြီး ရှင်းပြတာက အဲဒီလူကို ဘာမှမတွက်ပါဘူး။ သူထိုင်နေပုံကိုကြည့်ပြီး ဆန်းနည်းနဲ့ ဟောလိုက်တာပါ။ အဲဒီလူ ထိုင်နေပုံကို ပြန်ပြီးမြင်ကြည့်လိုက်ပါလား။ ခြေထောက်နှစ်ချောင်း ထိုင်ခုံပေါ်တင်ပြီး နှစ်ဖက်ထောင် ထိုင်နေတာလေဗျာ။ အဲဒီအထိုင်မျိုးကို ဆန်းနည်းအထိုင်ကရိုဏ်းမှာ ပုံစံထိုင်လို့ခေါ်တယ်။ အချုပ်သားတွေ၊ ထောင်သားတွေ ထိုင်ကြရတဲ့ ပုံစံပေါ့။ အဲဒါကြောင့် ဒီလူ အချုပ်က လွတ်လာတာလား၊ ထောင်က လွတ်လာတာလား တစ်ခုခုပဲဆိုပြီး မေးချလိုက်တာပါတဲ့။ ဆရာကြီးက ကြုံတုန်းကြုံခိုက်မှာ အထိုင်ကရိုဏ်းတွေ အကြောင်း ရှင်းပြပညာပေးခဲ့ပါတယ်။

နောက်တစ်ခု ကျွန်တော့်စိတ်ထဲမှာ အမှတ်ရနေတဲ့ ဖြစ်ရပ်တစ်ခုကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့ထဲ အိမ်တစ်အိမ်မှာပါ။ ဆရာကြီး ခင်ဦးမြို့ကို ရောက်တိုင်း အဲဒီအိမ်မှာ စတည်းချ ဗေဒင်ဟောလေ့ရှိပါတယ်။ အဲဒီအိမ်က ဗေဒင်မေးရောက်လာကြသူ (၆)ဦး၊ (၇)ဦးခန့် ရှိတတ်တယ်။ မှတ်မှတ်ရရ အခေါ်ကြီးနှစ်ယောက်ကို ဗေဒင်ဟော

www.burmeseclassic.com

www.burmeseclassic.com

အပြီး တတိယမြောက် ဗေဒင်မေးသူက အသက်(၂၀)ကျော်(၂၅)နှစ်လောက်ရှိမယ့် မိန်းကလေးတစ်ဦးပါ။

အဲဒီမိန်းကလေး ဆရာကြီးရှေ့ ထိုင်ထိုင်ချင်းပဲ အဒေါ်ကြီးတစ်ယောက်က 'အဲဒီကောင်မကို ဟောပေးလိုက်စမ်းပါ ဆရာကြီးရယ်။ ဘယ်တော့ လင်ရမလဲလို့။ အဟဲ..ဟဲ..ဟီး..ဟီး..ဟီး' လို့ ရယ်သွမ်းသွေးပြောလိုက်သံ ထွက်လာပါတယ်။ ကျန်တဲ့လူတွေကလည်း ရောယောင် ရယ်လိုက်ကြပါတယ်။ မိန်းကလေးကိုယ်တိုင်ကလည်း ရှက်ပြုံးမျက်နှာနဲ့ ဒေါ်ကြီးကတော့ ပြောကရွေ့မယ်လို့ နှုတ်လှန်ထိုးလိုက်ပါတယ်။

ဆရာကြီးက အဲဒီကလေးမကို သေသေချာချာ စူးစိုက်ကြည့်လိုက်ပြီး 'ငါ့တူမ အခုတွဲနေတဲ့လူက လူလွတ်လူပျို မဟုတ်ဘူးနော်။ အိမ်ထောင်သည်တစ်ယောက် ဖြစ်နေတယ်။ နောက်ဆုတ်လိုက်ပါ တူမရယ်။ သူတစ်ပါးရဲ့ အိမ်ထောင်ကို မပျက်စီးပါစေနဲ့' တဲ့ ပြောချလိုက်တယ်။

ဆရာကြီးရဲ့စကားကြောင့် ဗေဒင်မေးပရိသတ်ရောက္ကန်တော်ပါ ပါးစပ်အဟောင်းသား ဖြစ်သွားကြရပါတယ်။ ကာယကံရှင် မိန်းကလေးကတော့ နှုတ်က ဘာမှမပြောဘဲ ချက်နှာလေးငယ်ငယ်နဲ့ ခေါင်းညိတ်ပြပါတယ်။ ပြီးတော့ ခေါင်းလေးငုံ့ထားရှာပါတယ်။

ဒီဟောပြောပေါက်မျိုးက ဂြိုဟ်တွေ၊ နက္ခတ်တွေနဲ့ သေချာတွက်ပြီး ဟောရတာမျိုး။ အဲဒီလိုတွက်မှ ဘာနက္ခတ်နဲ့ မွေးခဲ့လို့၊ ဘယ်နက္ခတ်နဲ့ ယှဉ်နေလို့၊ ဘယ်ဂြိုဟ်စီးဂြိုဟ်နင်း ဖြစ်နေလို့ ဆိုတာမျိုး အဖြေပေါ်တာပါ။ ခုတော့ ဆရာကြီးက ဘာဂဏန်းကိန်းသင်္ချာမှ မချမတွက်ဘဲ ရုတ်တရက်ကြီး ပြောချလိုက်တာဆိုတော့ အကြားအမြင်ရတဲ့ ဗေဒင်ဆရာကြီးသဖွယ် ဖြစ်သွားတော့မှာပေါ့။ တကယ်က ဆရာကြီးက အကြားအမြင်ရတဲ့ ဗေဒင်ဆရာ မဟုတ်ဘူး။

နောက်တော့ ဆရာကြီး ရှင်းပြတော့မှပဲ ဘာကြောင့် ဆရာကြီး ကွက်တိဒက်ထိ ပြောနိုင်သလဲဆိုတာ အဖြေပေါ်ပါတော့တယ်။ ဆရာကြီးက-

'ကလေးမ ကျွပ်ရှေ့ ဝင်ထိုင်ချိန်မှာ ဟိုအဒေါ်ကြီးတစ်ယောက် ပြောလိုက်တဲ့ စကားကြောင့်ပါ။ အဒေါ်ကြီးက အဲဒီကောင်မကို ဟောပေးလိုက်စမ်းပါ ဆရာကြီးရဲ့ယ်။ ဘယ်တော့လင်ရမလဲလို့ ပြောလိုက်တယ်မဟုတ်လား။ အဲဒီစကားထဲမှာ အဖြေပါပြီးသား။ ကောင်မလို့ သုံးနှုန်းခေါ်ဝေါ်လိုက်တဲ့ စကားလုံးဟာ **နှိမ့်ချသံပါတယ်။ အသုံးအတူတဲ့သူလို့ သွယ်ဝိုက်အဓိပ္ပာယ်ရတယ်။ နောက်တစ်ခု လင်ဘယ်တော့ရမလဲတဲ့။**

လင်ဘယ်တော့ရမလဲဆိုတော့ လင်နဲ့ တွေ့တော့တွေ့ထားနေပြီ။ မရသေးတာပဲရှိတယ်လို့ ဆိုတဲ့သဘောပဲ။ ဘယ်တော့ရမလဲပေါ့။ အဲဒီမှာသုံးတဲ့ စကားကြည့်၊ လင်တဲ့။ လင်ဆိုတာ မယားရှိသူကို ခေါ်တဲ့စကား။ အဲဒီကောင်မ ယောကျ်ားဘယ်တော့ရမလဲလို့ ပြောတာမဟုတ်ဘူး။ ဒီတော့ ဒီကလေးမ တွေ့ထားတဲ့လူဟာ လူလွတ်လူပျို မဖြစ်နိုင်တော့ဘူး။ မယားရထားပြီးတဲ့လင်(လူအို)ပဲ ဖြစ်ရတော့မပေါ့တဲ့'

ဆရာကြီးက ရှင်းပြပါတယ်။ သူရှင်းပြတော့လည်း ကွက်တိ ဒက်ထိ။

ဗေဒင်တွက်တယ်၊ ဗေဒင်ဟောတယ်ဆိုတာ ကိန်းဂဏန်းသင်္ချာတွေချည်း စားတာ၊ မြွောက်တာ၊ ပေါင်းတာ၊ နှုတ်တာသာမဟုတ်ဘဲ အတိတ်နိမိတ်၊ တဘောင်စကားတွေကို ဆင်ခြင်နှလုံးသွင်းတဲ့ကိစ္စလည်း အရေးကြီးတယ်ဆိုတာ ဆရာကြီးက ပညာပေးပါတယ်။ အထူးသဖြင့် ဗေဒင်မေးသူရဲ့ အပြုအမူ၊ အလှုပ်အရှား၊ ကရိယာတွေကို ဆန်းနည်းနဲ့ အာရုံစိုက်လေ့လာအကဲခတ်ဖို့ မှာကြားလေ့ရှိပါတယ်။

အခုတင်ပြခဲ့တဲ့ ဖြစ်ရပ်နှစ်ခုလုံးမှာ ဘာကိန်းဂဏန်းသင်္ချာမှ မပါဘဲ အကြားအမြင်ရသူပမာ ဟောပြောခဲ့တဲ့ နမူနာတွေပါ။ ဒါကို အကြားအမြင်လို့ အထင်ရောက်ရင် ဒါမှမဟုတ် ဗေဒင်ဟောသူက အကြားအမြင်နဲ့ ဟောတာပီဆိုရင် ဒါဟာ လုံးဝမှားပါတယ်။ မယုံကြပါနဲ့။

ဒီဆောင်းပါးရဲ့ အဓိကတင်ပြလိုရင်းကိစ္စဟာ ဗေဒင်လောကမှာ အကြားအမြင်လို့ ထင်ဖွယ်ရာကောင်းတဲ့ ဟောနည်းပြောနည်းတွေ အများအပြားရှိနေတယ် ဆိုတာပါပဲ။ အဲဒီနည်းတွေနဲ့ ဗေဒင်မေးသူတွေရဲ့ အထင်ကြီးမှုကိုရယူပြီး ဘာကြေးညာကြေး၊ ယတြာကြေး၊ ဓာတ်ဆင်ဓာတ်ရိုက်ကြေး စတဲ့ မတန်တဆကြေးတွေကို ယူနေသူတွေနဲ့ ကင်းဝေးဖို့၊ ရှောင်ကြဉ်နိုင်ဖို့ အဓိကရည်ရွယ်ရင်း ဖြစ်ပါတယ်။

စေတနာ၊ မေတ္တာနဲ့ ထိုက်သင့်တဲ့ ဉာဏ်ပူဇော်ခယူပြီး ခုနစ်နေ့သားသမီးများကို ကူညီမှုပေးနေတဲ့ ဗေဒင်ဆရာကြီးတွေကို ဂုဏ်ပြုဦးခိုက်လိုရင်း ဖြစ်ပါကြောင်းခင်ဗျား။

ပညာရှင်အပေါင်းကို မညှော်ဇင်းသောဂါရဝဖြင့်

မင်းဇေနဝတ္ထန်း(ကန့်ဘလူ)

www.burmeseclassic.com

www.burmeseclassic.com

တောယုန္ဒာ (ဓမ္မရင်ခွင်)

မွေးနေ့လေး မှန်အောင်မွေးကြစို့

မြန်မာလူမျိုးတို့တွင် ချစ်စရာ ခလေး များစွာရှိလေသည်။ ထိုများစွာထဲမှ ချစ်စရာခလေးတစ်ခုကို ပြောပြရလျှင် ရပ်ကွက်သူ (သို့မဟုတ်) အိမ်နီးနားချင်း (သို့မဟုတ်) မိတ်ဆွေ သူငယ်ချင်းများတွင် ကလေးမွေးဖွားသန့်စင်သည်ဟု သိရလျှင် သွားရောက်၍ မင်္ဂလာသတင်းမေးခြင်း ပြုကြသည်။ ရှေးအခါက ထိုသို့ပြုခြင်းကို မီးနေဝင်သည်ဟု ဆိုကြသည်။ မီးနေဝင်သည်ဟူသောစကား ပေါ်ပေါက်လာရခြင်းမှာ ရှေးယခင်က မြန်မာအမျိုးသမီးများ ကလေးမွေးဖွားလျှင် မွေးဖွားသည့် အခန်းကို သီးသန့်ထား၍ ထိုအခန်းတွင် (၇)ရက် (၇)လီ မီးမပြတ် မွေးထား၍ မီးလုံစေပါသည်။

(၇)ရက်ပြည့်သောအခါမှ မီးငြိမ်း၍ ထိုအခန်းမှ ထွက်ရသည်။ မင်္ဂလာသတင်းမေး သွားသူများသည် ထို အခန်းတွင်းဝင်၍ သတင်းမေးသည်ကို မီးနေခန်း ဝင်မေးသဖြင့် မီးနေဝင်သည်ဟု ဆိုကြသည်။ ထိုအခန်းတွင်းမှ ကလေးမီးဖွားသူကိုလည်း မီးနေသည်ဟု ခေါ်ဆိုခဲ့ကြသည်မှာ မြန်မာ့ရိုးရာခလေ့တစ်ခု ဖြစ်ခဲ့သည်။

ခေတ်ပြောင်းလာသည်နှင့်အမျှ လူနေမှုစနစ်များ ပြောင်းလဲခဲ့ရာတွင် ကလေးမွေးဖွားလျှင် တောရွာအချို့တွင် ရိုးရာခလေ့အတိုင်း မီးနေခန်းလုပ်၍ မီးဖွားကြသည်ကို အနည်းငယ်သာ တွေ့ရတော့သည်။ မိခင်နှင့်ကလေး အတွက် လုံခြုံစိတ်ချရသည့် ဆေးရုံ၊ ဆေးခန်းများတွင်သာ မီးဖွားခြင်းကို ပြုကြလေသည်။ ဆေးပညာများ တိုးတက်

www.burmeseclassic.com

www.burmeseclassic.com

လာသည်နှင့်အမျှ ခမ္မတာအတိုင်း မွေးဖွားခြင်းအပြင် ခွဲစိတ်၍ မွေးဖွားခြင်းများကိုလည်း ပြုလာကြသည်။

ရှေးအခါက ကလေးမွေးဖွားသည့် မင်္ဂလာသတင်းကိုကြားလျှင် ဘာလေးမွေးလဲ၊ ဘယ်နေ့ကမွေးလဲ၊ ဘာနေ့သားလေးလဲ ဆိုစကားကို မရိုးတမ်း ပြောနေကြသည်။ သို့သော် ဆေးပညာလောကဓ၏ တိုးတက်မှုဖြင့် ဝမ်းနှင့် လွယ်ထားသော ကလေးကို ယောကျ်ားလေး၊ မိန်းကလေး ခွဲခြားသိနိုင်သော အာထရာဆောင်းရိုက်ကူးခြင်းဖြင့် သိလာကြလေသည်။

မွေးဖွားလာမည့် ကလေးသည် ယောကျ်ားလေးဟု သိလျှင် ယောကျ်ားလေးနှင့် ပတ်သက်သော ပြင်ဆင်မှုများပြုကြသလို မိန်းကလေးဟုသိလျှင်လည်း မိန်းကလေးနှင့်ပတ်သက်သော ပြင်ဆင်မှုများ ပြုကြသည်။ အနောက်တိုင်းဆန်သောဓလေ့တွင် ယောကျ်ားလေးအတွက် အပြာနရောင် အသုံးအဆောင်များ ဦးစားပေးဝယ်ကြသလို မိန်းကလေးအတွက် ပန်းနရောင် အသုံးအဆောင်များ ဦးစားပေး ဝယ်ယူကြလေသည်။

ငွေကြေးတတ်နိုင်သူများက သဘာဝအတိုင်း မွေးဖွားခြင်းကို မပြုကြတော့ဘဲ မွေဆေး၊ ထုံဆေးတို့ကို အသုံးပြု၍ ခွဲမွေးနိုင်စေရန် သားဖွားမီးယပ် အထူးကုဆရာဝန်များကို အပ်နှံကြလေသည်။ ထိုသို့အပ်နှံရာတွင်လည်း မိမိလိုချင်သောနေ့၊ အချိန်တို့ကို ဦးစားပေး ရွေးချယ်ကြလေသည်။ တနလ်ာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ရာဟု၊ ကြာသပတေး၊ သောကြာ၊ စနေ၊ တနင်္ဂနွေတို့တွင် မွေးဖွားမည့်နှစ်အတွက် အကောင်းဆုံးဖြစ်မည်ကို ဗေဒင်ဆရာနှင့် တိုင်ပင်ကာ ရွေးချယ်ကြသည်။ ထိုရွေးချယ်သည့် နေ့ရက်၊ အချိန်ကို ခွဲ၍မွေးဖွားပေးမည့် ဆရာဝန်ကြီးနှင့် ညှိယူကြသည်။ ရသည်လည်း ရှိသည်၊ မရသည်လည်း ရှိလေသည်။ သို့သော် အားလုံးတူညီသည့် အချက်တစ်ခုမှာ စနေကိုရှောင်ကြခြင်းပင်ဖြစ်သည်။ ထိုသို့ရှောင်ကြခြင်းမှာ သားဦးစနေ မီးလိုမ္ဘေဟု ဆိုရိုးစကား ရှိထားသောကြောင့်ပင် ဖြစ်သည်။ မည်သူစခဲ့သော ဆိုရိုးစကားမှန်း မသိကြသော်လည်း မြန်မာလူမျိုးအများစု လက်ခံသောစကားဖြစ်နေပေသည်။

'အနောက်နိုင်ငံများတွင် လူတစ်ဦး၏ မွေးနေ့(Date) မွေးရက်(Day) တို့ကို မှတ်သားကြရာတွင် မွေးနေ့ကိုသာ မှတ်သားခြင်းများ၍ မွေးရက်(Day) ကို အထူးဂရုပြုမှတ်သားခြင်း မပြုသည်ကို အများအားဖြင့် တွေ့ရသည်။ မွေးနေ့(Date of birth) ကို မေးလျှင် မမှတ်မိကြသည်ကများသည်။ သို့သော် မြန်မာလူမျိုးများတွင် Day of birth ကို အလွန်အရေးထားသည်ကို တွေ့ရသည်။

လိုချင်သည့်နေ့၊ အချိန်တို့ကို မည်သို့ပင် ကြိုးစားကြစေကာမူ ကလေး၏ အတိတ်ကံတရားကိုမူ လွှမ်းမိုးမှုမရှိနိုင်ပေ။ မွေးဖွားမည့်ကလေး၏ အတိတ်ကံပါလာမှသာ ထိုနေ့ ထိုအချိန်ကို ရရှိနိုင်မည်။ အတိတ်ကံ မပါလာလျှင် မည်သို့ပင် ကြိုးစားစေကာမူ မရရှိနိုင်ပေ။ တနလ်ာ အဓိပတိဖွား ကလေးကို လိုချင်၍ စာရေးသူထံတွင် လာရောက်ဗေဒင် တွက်ချက်ပြီးမှ ဆရာဝန်နှင့် ရက်ချိန်းယူခဲ့သော မိသားစုသည် တနင်္ဂနွေနေ့တွင် ရုတ်တရက် ဗိုက်နာလာပြီး သဘာဝအတိုင်း လွယ်ကူစွာ မွေးဖွားခဲ့လေသည်။ ထို့ကြောင့် ထိုကလေး၏ ဖွားဇာတာသည် တနင်္ဂနွေ မရဏဖွား ဖြစ်သွားလေသည်။

နောက်တစ်ဦးကား စာရေးသူနှင့်ခင်မင်သော အမျိုးသမီးကြီးတစ်ဦး ဖြစ်သည်။ သူမသည် တစ်ဦးတည်းသော သမီးဖြစ်သူမှ မွေးဖွားလာမည့် မြေးအတွက် အလွန်စိတ်အားထက်သန်လျက် ရှိသည်။ သားဦးဖြစ်သည့်အတွက် စနေနေ့ မွေးမည်ကို အလွန်စိုးရိမ်ပူပန်နေသည်။ သားဦးသောကြာ ပဒေသာဆိုသည့် စကားကို ကြားဖူးထားဟန် ရှိသည်။ ထို့ကြောင့် မွေးလာမည့်မြေးကို သောကြာနေ့လိုချင်သည်ဟုဆိုကာ တွက်ချက်ခိုင်းပါသည်။

စာရေးသူသည် မိဘများ၏ နေ့နံနှင့် သင့်,မသင့် တွက်ချက်ကြည့်သည်။ သောကြာနေ့ဖွားလျှင် ကလေး၏ မွေးဇာတာမှာ ပုတိဖွားဖြစ်လိမ့်မည်ဟု ပြောဆိုလျှင် အတွားဖြစ်မည့်သူက ဖွားဇာတာကို မည်သည့်ဖွားဇာတာဖြစ်နေပါစေ သောကြာနေ့ကိုပင် လိုချင်သည်ဟုပြောပြီး ပုတိဖွား သောကြာသားကို ပြုံးပျော်စွာ လက်ခံသွားသည်။

ထိုအကြောင်းအရာနှင့်ပတ်သက်၍ စာရေးသူ ငယ်စဉ် ကျောင်းသူဘဝက ကြုံခဲ့ရသော အဖြစ်တစ်ခုကို သတိမရပေမယ့် မှတ်မိနေလေသည်။ စာရေးသူ၏ မိဘများသည် အစိုးရဝန်ထမ်းများဖြစ်၍ တာဝန်ကျနေရာသို့ ပြောင်းရွှေ့ရသည်။ စာရေးသူမှာ ရှစ်တန်းအစိုးရစစ် စာ

www.burmeseclassic.com

www.burmeseclassic.com

မေးပွဲကို ဖြေဆိုရမည်ဖြစ်၍ ပြောင်းရွှေ့သည့်နေရာသို့ မလိုက်ပါဘဲ အဘိုး၊ အဘွားများနှင့် နေခဲ့သည်။ စာရေးသူ၏ အဘိုး၊အဘွားနှင့် အိမ်နီးချင်းဖြစ်သော မိသားစုသည် ဆွေမျိုးရင်းချာပမာ နှစ်အိမ့်တစ်အိမ် ခင်မင်လေသည်။

ထိုအိမ်မှ သမီးဖြစ်သူ မီးဖွားရန်အတွက် အဘွားဖြစ်မည့်သူမှာ အိမ်တွင် စနေသုံးယောက် ဖြစ်နေ၍ မြေးဦးကို သောကြာနေ့ဖွား လိုချင်သဖြင့် ဆရာဝန်နှင့်တိုင်ပင်ကာ သောကြာနေ့ ညဘက်ရောက်သည်အထိ မမွေးလျှင် စနေနေ့ နေ့မကူးခင် ခွဲမွေးပေးရန် ဆရာဝန် အခန်းအား ဝင်၍ ခဏ၊ခဏ နားပူနားဆာလုပ်ခဲ့သည်ဟု စာရေးသူ၏ အဘွားအား ပြန်၍ပြောပြပုံများကို စာကျက်ရင်း နားမထောင်ဘဲ ကြားနေခဲ့ရသည့် အကြောင်းအရာများ ဖြစ်ခဲ့သည်။

ဆရာဝန်သည် ထိုနေ့ ညနေ သောကြာနေ့ (၇)နာရီခန့်တွင် မိန်းကလေးကို ခွဲ၍မွေးဖွားပေးခဲ့သည်။ ကျွန်မကိုယ်တိုင် သောကြာသမီးလေးကို သွား၍ကြည့်ခဲ့သေးသည်။ ကလေးအဘွားဖြစ်သူက သူသားသည် သောကြာသား၊ သူသည်လည်း သောကြာသမီး၊ မြေးမလေးသည်လည်း သောကြာသမီးဖြစ်၍ ကြိုက်နှစ်သက်ကြောင်း ပြောပြခဲ့သည်။

ကလေး၏မိခင်မှာ ဗုဒ္ဓဟူးသမီးဖြစ်သည်။ ထို့နောက် အဋ္ဌမတန်းစာမေးပွဲ ဖြေပြီး၍ မိခင်,ဖခင်တို့ရှိရာနယ်သို့ နွေဘက်တွင် အပြီးပြန်ခဲ့သည်။ အဘိုး,အဘွားအိမ်နှင့် အဆက်အသွယ်ရှိခဲ့သော်လည်း အိမ်နီးချင်း သောကြာသမီးကလေးကိုတော့ သတင်းမေးသော အဆင့်သို့သာ ရှိခဲ့သည်။ မတွေ့ဖြစ်တော့ပေ။ သို့သော် သောကြာသမီးကလေး (၁၀)နှစ်အရွယ်တွင် မိခင်,ဖခင်တို့မှာ သဘောထားချင်း မတိုက်ဆိုင်၍ ကွဲကွာသွားခဲ့ကြောင်း၊ သောကြာသမီးကလေးသည် မိခင်နှင့် လိုက်ပါသွားကြောင်း ကြားသိခဲ့ရသည်။

စာရေးသူသည်လည်း ဘဝတွင် လူလတ်ပိုင်းအရွယ်ရောက်ခဲ့၍ အစိုးရအလုပ်လည်း လုပ်ကိုင်ရင်း တခြားဘက်၌လည်း ဗေဒင်ကို ဝါသနာပါ၍ လေ့လာလိုက်စားခဲ့သည်။ တစ်နေ့ ရွှေတိဂုံဘုရား၌ ဘုရားရေသပွာယ်၍ များစွာသောလူတို့ကို ကြည့်ရှုနေစဉ်တွင် ငယ်စဉ်က သောကြာသမီးလေး၏ မိခင်ကို လွန်စွာဝန်ပေါနေသော ခန္ဓာကိုယ်နှင့် တွဲ၍တွေ့မိသည်။ ကိုယ်နှင့် တစ်ခါပတ်သက်ခဲ့ဖူးလျှင် မမေ့တတ်သော ကျွန်မ၏ မှတ်ဉာဏ်တွင် အနှီတို့လွှင် မဟုတ်လားဟု လျင်မြန်စွာမေးရာတွင် ဟုတ်သည့် အကြောင်း ပြန်ပြောပြသည်။

လွန်ခဲ့သည့် နှစ်ဆယ့်ခြောက်နှစ်လောက် မတွေ့ခဲ့သော်လည်း ကျွန်မ မှတ်မိသည်ကို အနှီတီလွင်ကလည်း ဝမ်းသာအားရ သူ့ကို မှတ်မိသည့်အတွက် ပျော်ရွှင်မိကြောင်း၊ ကျွန်မကိုလည်း လူကြီးဖြစ်သွားပြီဟု နှုတ်မှ ရေရွတ်နေရင်း ကျွန်မကသာ မမှတ်မိလျှင် သူမ လုံးဝ မသိမှာဖြစ်ကြောင်း ရှေးဟောင်းနှောင်းဖြစ်များကို ပြန်ပြောနေကြသည်။ အသက်(၆၀)ပတ်ဝန်းကျင်တွင်ရှိ၍ ဘဝတွင် ကျန်းမာရေးကို ဂရုစိုက်၍ ဘုရား,တရားကိုသာ အာရုံစိုက်နေပုံများကို ပြောပြသည်။

အလျဉ်းသင့်၍ သိချင်သည်များကို မသိမသာ မေးခဲ့သည်။ ဗေဒင်ကိုလေ့လာနေသူအဖို့ တွေ့ရှိရသည်မှာ အနှီတီလွင်သည် ဗုဒ္ဓဟူးသမီး အထွန်းဖွားဖြစ်ခဲ့သည်။ အနှီတီလွင်၏ ခင်ပွန်းဟောင်းသည် သောကြာသား မရဏဖွား ဖြစ်သည်။ သမီးဦးလေးကို သောကြာ ဘင်္ဂဖွား မွေးဖွားခဲ့သည်။ ထိုမိသားစုဘဝတွင် ပက္ခမိနေသည်ကို တွေ့ရှိခဲ့မိသည်။ ပက္ခ၏သဘောမှာ မကောင်းသော အကျိုးအကြောင်းများ ရှိသဖြင့် ထိုသူတို့၏ မိသားစုဘဝသည် ကွဲကွာခြင်းဖြစ်မည်ဟု ဗေဒင်သဘောအရ တွေ့ရှိခဲ့သည်။



ဗုဒ္ဓဟူးသမီး အထွန်းဖွားနှင့် သောကြာသား ခင်ပွန်းတို့ ပက္ခမိနေသည်။

သမီးကလေး ဘင်္ဂဖွား သောကြာသမီးသည် ခင်ပွန်းနှင့် ပြန်၍ ပက္ခမိနေသည်။ ထို့အတွက် မိသားစု ပြိုး

www.burmeseclassic.com

www.burmeseclassic.com

သွားခြင်းဖြစ်၍ မိခင်နှင့်သမီး အတူတကွနေထိုင်ရသည်။ သမီးနှင့် မိခင်သည်လည်း ပက္ခမိသောကြောင့် မကြာခဏ စကားများခြင်း၊ အလိုမကျခြင်းတို့လည်း မကြာခဏ ဖြစ်တတ်သည်။



(၁၅၀၈)မေတ္တာနှင့် ခင်မွန်းမိန်းမ ပက္ခမိ၍ ကွဲသော်လည်း (၅၂၈)မေတ္တာနှင့် မိခင်၊ သမီး ပက္ခမိခြင်းတွင် မိခင်နှင့်သားသမီးသံယောဇဉ်မေတ္တာကြောင့် ကွဲကွာထွက်သွားခြင်းမျိုးမဟုတ် မပြင်းထန်နိုင်သော်လည်း ဂရုစိုက်သင့်သည့် အခြေအနေဖြစ်သည်။ ယခုအခါတွင် ထိုသမီးလေးသည် အိမ်ထောင်ရက်သားကျသည့် အရွယ်ရောက်၍ သူ့အိမ်ထောင်နှင့်သူ တည်ငြိမ်ခဲ့ညားစွာ နေနိုင်သောအဝသို့ ရောက်ရှိနေပြီဖြစ်သည်။ ထိုသမီးလေးသည် အရွယ်ငယ်စဉ်ကာလတွင် ဖခင်နှင့်မိခင် ကွဲခဲ့သည်။ စာရေးသူသည် ထိုသမီးလေး မွေးမည့်အချိန်က ရုစ်တန်းကျောင်းသူ မဟုတ်ဘဲ ယခုကဲ့သို့ ဗေဒင်ပညာကို နားလည်သူ ဖြစ်ခဲ့ပါလျှင် ကြာသပတေးနေ့တွင် မွေးပါဟု အကြံဉာဏ် ပေးမိခဲ့မှာ အမှန်ဖြစ်ပါသည်။

ယခု စာရေးသူတင်ပြခဲ့သော နေ့နံများအကြောင်းကို မှတ်သားလေ့လာ၍ ရှေးကဆိုခဲ့သော ဆိုရိုးစကားများကို ကိုန်းသေမှတ်ယူခြင်းမပြုဘဲ တတ်သိနားလည်သောစေရာများနှင့်တိုင်ပင်ကာ ရွေးချယ်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်

(၇)နေ့ သမီးများ ကျက်သရေတို့၌ ရောဂါကင်းရှင်း ပါ၏။

မေတ္တာဖြင့်

စောယုနန္ဒာ(ဒဖုရင်ခွင်)

အရေးသုံးဆူ တည်ပို့ရန်အတွက် အဘဝိဇ္ဇာဘဏ္ဍာ၏ အိမ်မက်ဖေးဖေးခိုင်းချက်အရ

အထူးအဓိဋ္ဌာန်ဖြင့် သာသနာပြုလျက်ရှိသော

ဆရာမကြီး ဒေးဝိုးဝိုး

စိတ်မနေ့နာအာဏံ အကြားအမြင်လက္ခဏာရှင့် (ဂ)ရက်သားသမီးများတို့မှာ ဖြစ်ပေါ်တတ်သည့်

ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ ကလေးအမည်ပေးခြင်း၊ ဆိုင်းအမည်ပေးခြင်း၊ အိမ်မြို၊ ကား၊ တိုက်ခန်း၊ ငွေကြွေး ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် အငြင်းအရှုပ်ပြုပြင်ခြင်း၊ မင်္ဂလာရက်ရွေးခြင်းနှင့် တခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ အထူးယဉ်ကြား မာဟိရိုက်မာဟ်ဆင်ညာဖြင့် ဆရာမကြီးက မေတ္တာ၊ ဓေတနာ ရေထွားပြီး အထူးဆောင်ရွက် ကူညီပေးနေပါသည်ရှင်။ အားလုံးသော ခုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ရှိသော မဟာဝိဇယဘုရား(မြောက်ဘက်မုခ်)၊ ဓာတ်နန်းအမှတ်(၇)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၅၅ ၉၅၂ ၆၂၀ ၊ ၀၉၄၂၁ ၀၂၁ ၁၆၈

www.burmeseclassic.com

www.burmeseclassic.com



[၁၃၇၈]ခုနှစ်တွင် မွေးဖွားလာမည့် ကလေးများအား နာမည်ကောင်း ရွေးပေးခြင်း

သုခစုစံ(ကျိုက်လတ်)

လူတစ်ယောက်အဖို့ နာမည်သည် အလွန်ပင်အရေးကြီးလှပါသည်။ နာမည်တစ်ခုသည် လူတစ်ယောက်၏ကံကြမ္မာနှင့် များစွာဆက်စပ်မှု ရှိနေပါသည်။ နာမည်မကောင်းသောကြောင့် ဘဝတွင် အောင်မြင်သင့်သလောက် မအောင်မြင်ခြင်း၊ ဖြစ်ထွန်းသင့်သလောက် မဖြစ်ထွန်းခြင်းတို့ကို တွေ့ရ ကြုံရ မြင်နေရပါသည်။ ထို့အတူ နာမည်ကြောင့် ရှိသည့်အရှည်အချင်းထက် ပိုပြီးကြီးပွားအောင်မြင်ချမ်းသာသွားခြင်း၊ ဖြစ်ထွန်းသင့်တာထက် ပိုပြီးဖြစ်ထွန်းသွားခြင်းတွေလည်း များစွာရှိနေပါသည်။ ထို့ကြောင့် နာမည်သည် လူတစ်ယောက်အတွက် အလွန်ပင် အရေးကြီးလှပါသည်။

ရတနာထိုက်သော သားသမီးများကို (၉)လလွယ် (၁၀)လဖွားလာပြီးမှ ဖြစ်သလို စဉ်းစားပြီး လှလျှင်ပြီးရော၊ ဆန်းလျှင်ပြီးရော တော်သလို နာမည်ပေးနေကြခြင်းသည် ဗေဒင်စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုနှံ့ကန့်သွားခဲ့လျှင်တော့ ကောင်းပါသည်။ မညီမညွတ် မမှန့်ကန် မှားယွင်းသွားခဲ့လျှင်တော့ကား ထိုကလေးငယ်သည် လောကမျက်မြင် ဒုက္ခအဖုံဖုံကို တွေ့ရကြုံရ ရင်ဆိုင်ရမည် ဖြစ်ပါသည်။

နာမည်ကောင်းများ ရွေးချယ်ပေးရာတွင် လက်ဆန်းဗေဒင်နည်းအရ ဗေဒင်ဆရာအများစု ပေးလေ့ပေးထရှိသော နည်းများ၊ အဓိကထား၍ သုံးလေ့သုံးထရှိသော ပညာရပ်များမှာ မဟာဘုတ်၊ အင်္ဂီဝိဇ္ဇာ၊ နာမက္ခရဆန်းဗေဒင်ပညာရပ်တို့ပင် ဖြစ်ပါသည်။ တချို့ဆရာများက အင်္ဂီဝိဇ္ဇာပညာကိုသာ အဓိကထား လက်ဆုပ်လက်ကိုင်ပြုကာ အစင်အကြယ် ရွေးချယ်၍ ပေးကြပါသည်။ တချို့ဆရာများက မဟာဘုတ်ပညာကိုသာ အဓိကထား လက်ဆုပ်လက်ကိုင်ပြုကာ အစင်အကြယ် ရွေးချယ်၍ ပေးကြပါသည်။ တချို့ဆရာများကမူ နာမက္ခရဆန်းကျမ်းပညာကိုသာ အဓိကထား လက်ဆုပ်လက်ကိုင်ပြုပြီး အစင်အကြယ် ရွေးချယ်ကာ ပေးကြပါသည်။

ခေတ်အဆက်ဆက် ဆရာဆရာများတို့သည် သူနည်းသူဟန် သူပညာနှင့်သူ ကောင်းမွန်သော နာမည်ကောင်းများကို အစင်အကြယ် ရွေးချယ်၍ ပေးကြကုန်လေသည်။ တချို့ဆရာတို့သည် ထိုအဓိကပညာရပ်(၃)ခုတွင် ပညာရပ်တစ်ခုကိုသာ အခိုင်အမာ လက်ဆုပ်လက်ကိုင်ပြုကာ နာမည်ပေးကြ၏။ တချို့ဆရာတို့သည် ပညာရပ်(၂)ခုကို ပေါင်း၍၊ ညှိ၍ အစင်အကြယ် ရွေးချယ်ကာ နာမည်ပေးကြ၏။ တချို့ဆရာများကမူ ပညာရပ်(၃)ခုလုံးကို ညှိနှိုင်း၍ အစင်အကြယ်ပြုကာ ရွေးချယ်၍ ပေးကြကုန်လေသည်။

ကျွန်ုပ်၏ နာမည်ပေးနည်းစနစ်သည်ကား ထိုပညာရပ်ကြီး(၃)ခု (မဟာဘုတ်၊ အင်္ဂီဝိဇ္ဇာ၊ နာမက္ခရဆန်း)တို့ကို အဓိကထား လက်ကိုင်ပြု ညှိနှိုင်း၍ အစင်အကြယ် ရွေးချယ်ကာ ပေးသောစနစ် ဖြစ်ပါသည်။ မိဘနှစ်ပါးတို့ မခိုက်အောင်လည်း ရွေးချယ်၍ ပေးပါသည်။ လောကပညာ၏ အချုပ်ဟု ဆိုကြကုန်သော ဆန်းဂိဏ်းရွေးချယ်ခြင်းဖြင့်လည်း အစင်အကြယ် ရွေး၍ ပေးပါသည်။ အနောက်တိုင်း ဂဏန်းဗေဒင် နည်းစနစ်ဖြင့်လည်း ထပ်၍ အစင်အကြယ် ရွေးချယ်နိုင်လျှင် ပို၍ကောင်းမွန်သည်။

www.burmeseclassic.com

www.burmeseclassic.com

ယခု ကျွန်ုပ်သည် (၁၃၇၈)ခုနှစ်တွင် မွေးဖွားလာသည့် ရင်သွေးရတနာတို့အား ပညာဟူရတနာတို့ဖြင့် စေတနာရှေ့ထား၍ နာမည်ကောင်းများ ရွေးချယ်မေးခြင်းကို ဤဂန္ထဝင်းကြီး စာမျက်နှာမှတစ်ဆင့် ရေးသားတင်ပြပေးလိုက်ပါသည်။ ရင်သွေးငယ်အပေါင်း အသက်ရှည်ခြင်း၊ အနာရောဂါကင်းခြင်း၊ အဆင်းလှခြင်း၊ ဉာဏ်ထွားကြီးခြင်း၊ ထင်ရှားကျော်ကြားခြင်း၊ ကြွယ်ဝချမ်းသာခြင်း၊ ဘုန်းကြီးခြင်း အစရှိသော ကောင်းမြတ်သည့် ဘဋ္ဌာရုံဘဝတို့ကို လက်ဝယ်ပိုင်ပိုင် ရရှိကြပါစေ။ သားကောင်းရတနာ၊ သမီးကောင်းရတနာတို့မှ နိုင်ငံ့သွားကောင်း၊ နိုင်ငံ့သမီးကောင်းများအဖြစ်သို့ ရောက်ရှိကြပါစေသတည်း။

♦ ♦ ♦

နာမည်ကောင်းများ ရွေးချယ်ပေးထားခြင်းနှင့် ပတ်သက်၍ ပညာခွင်ပညာရှပ် အယူအဆများကို အထွေအထူး တစ်ခုစီ,တစ်ခုစီ ရှင်းမပြတော့ပါ။ မဟာဘုတ်ထုဿရပ်အရ အမည်(၄)ပါးတွင် ဣဋ္ဌ+ဣဋ္ဌနာမည်များ ဖြစ်ခြင်း၊ အင်္ဂါဝိဇ္ဇာပညာရပ်တွင် အထက်ဆောင်ပန်းများ နှင့်တွဲ၍ မွေးထားခြင်း၊ သာစည်၊ ပင်းယ၊ အမြစ်၊ အညွှန့်ကြီးများဖြင့် တွဲ၍ပေးထားခြင်း၊ ပဉ္စပွတ်၊ ဆပွတ်၊ အညွှန့်အထက်ဆောင်ပန်း လှည့်ခွေ၍ ပေးထားခြင်း၊ နမက္ကရတိုင်စဉ်အရ တိုင်စဉ်မှန် နာမည်များ ရွေးချယ်ပေးထားခြင်းများ ဖြစ်သောကြောင့် စိတ်ချလက်ချ ယုံယုံကြည်ကြည်ဖြင့် ကြိုက်နှစ်သက်ရာနည်း တစ်မျိုးမျိုးကို ရွေးချယ်၍ ပေးနိုင်ကြပါစေသော်။

တနင်္ဂနွေသားသမီးများ

တနင်္ဂနွေသားသမီးများသည် နတ်နက္ခတ်၊ လက်ယာဖွား၊ သိုက်ဖွား၊ ဆန်းအလို ဝရဖွားလေးများ ဖြစ်ကြပါသည်။

ပထမနည်း

တနင်္ဂနွေအစ ကြာသပတေးအဆုံး မှည့်ပါ။

ဥပမာ - အောင်စွမ်းပြည့်၊ အောင်ဇွဲပိုင်၊ အိမန်းဖြူ၊ အိမွန်ဖြိုး။

ဒုတိယနည်း

အင်္ဂါအစ ကြာသပတေးအဆုံး မှည့်ပါ။

ဥပမာ - ဇွဲမင်းမြတ်၊ ဇွဲမြတ်ပိုင်၊ ဆုရှင်မိုး၊ ဇွန်ပွင့်ဖြူ။

တတိယနည်း

ကြာသပတေးအစ ကြာသပတေးအဆုံး မှည့်ပါ။

ဥပမာ - ပိုင်စစ်မှူး၊ မိုးယံမင်း၊ ဖြူစင်မောင်၊ မေဆုမွန်။

တနလ်သားသမီးများ

တနလ်သားသမီးများသည် နတ်နက္ခတ်၊ လက်ဝဲဖွား၊ မရဏဖွား၊ ဆန်းအလို ကိစ္စဖွားလေးများ ဖြစ်ကြပါသည်။

ပထမနည်း

အင်္ဂါအစ အင်္ဂါအဆုံး မှည့်ပါ။

ဥပမာ - ဇွဲပိုင်ဆက်၊ စွမ်းပြည့်စုံ၊ ဆုယွန်းစံ၊ ဆုပြည့်စုံ။

ဒုတိယနည်း

တနင်္ဂနွေအစ အင်္ဂါအဆုံး မှည့်ပါ။

ဥပမာ - အောင်ပြည့်စုံ၊ အောင်ဘုန်းတော်၊ အိဖြူစင်၊ အိမဉ္ဇု။

အင်္ဂါသားသမီးများ

အင်္ဂါသားသမီးများသည် နတ်နက္ခတ်၊ လက်ယာဖွား၊ အဓိပတိဖွား၊ ဆန်းအလို ဗျယဖွားလေးများ ဖြစ်ကြပါသည်။

ပထမနည်း

အင်္ဂါအစ ဗုဒ္ဓဟူးအဆုံး မှည့်ပါ။

ဥပမာ - စွမ်းရည်လှိုင်း၊ ညီထူးလွင်၊ ဆုမေလင်း၊ ဆုစံပယ်ဝင်း။

ဒုတိယနည်း

တနင်္ဂနွေအစ ကြာသပတေးအဆုံး မှည့်ပါ။

ဥပမာ - အောင်စွမ်းပြည့်၊ အုပ်စိုးပိုင်၊ အိဇွန်မိုး၊ အေးမြမြ။

တတိယနည်း

ဗုဒ္ဓဟူးအစ ဗုဒ္ဓဟူးအဆုံး မှည့်ပါ။

ဥပမာ - ဝေယံလင်း၊ ရဲဝံ့လူ၊ ယွန်းဝတ်ရည်၊ ဝတ်မှုန်ရည်။

ဗုဒ္ဓဟူးသားသမီးများ

ဗုဒ္ဓဟူးသားသမီးများသည် နတ်နက္ခတ်၊ လက်ဝဲဖွား၊ ရာဇဖွား၊ ဆန်းအလို လာဘဖွားလေးများ ဖြစ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမနည်း

ဗုဒ္ဓဟူးအစ ကြာသပတေးအဆုံး မှည့်ပါ။

ဥပမာ - ရန်ပိုင်ဖြိုး၊ လင်းမြတ်ဘုန်း၊ ယဉ်ဆုမြတ်၊ ဝင့်ဝါမိုး။

ဒုတိယနည်း

တနင်္ဂနွေအစ ကြာသပတေးအဆုံး မှည့်ပါ။

ဥပမာ - အောင်စည်မိုး၊ အောင်ဇွဲပိုင်၊ အိမန်းဖြူ၊ အေးဆုမြတ်။

တတိယနည်း

ကြာသပတေးအစ ကြာသပတေးအဆုံး မှည့်ပါ။

ဥပမာ - မင်းစစ်ပိုင်၊ ဘုန်းဇေမြတ်၊ မြယွန်းမို့၊ မေဇွန်ပွင့်။

စတုတ္ထနည်း

အင်္ဂါအစ ကြာသပတေးအဆုံး မှည့်ပါ။

ဥပမာ - ဇင်ဝေမောင်၊ ဉာဏ်စစ်ပိုင်၊ ဆုယမုံ၊ စံပယ်ဖြူ။

ကြာသပတေးသားသမီးများ

ကြာသပတေးသားသမီးများသည် နတ်နက္ခတ်၊ တိုင်ထိပ်ဖွား၊ အထွန်းဖွား ဆန်းအလို ဇေယျဖွားလေးများ ဖြစ်ကြပါသည်။

ပထမနည်း

ကြာသပတေးအစ ကြာသပတေးအဆုံး မှည့်ပါ။

ဥပမာ - မင်းအုံဖွယ်၊ ဗညားမင်း၊ မြစာဖြူ၊ မိုးစက်ပိုင်။

ဒုတိယနည်း

အင်္ဂါအစ ကြာသပတေးအဆုံး မှည့်ပါ။

ဥပမာ - စွမ်းပိုင်ဖြိုး၊ ညီစွမ်းပြည့်၊ ဆုပြည့်မြ
စံပယ်မောင်။

တတိယနည်း

အင်္ဂါအစ အင်္ဂါအဆုံး မှည့်ပါ။

ဥပမာ - ဉာဏ်မိုးစည်၊ ဉာဏ်မင်းစိုး၊ ဇွန်မြတ်ဆု
ဆုမွန်စည်။

သောကြာသားသမီးများ

သောကြာသားသမီးများသည် နတ်နက္ခတ်၊ လက်
ယာဖွား၊ ဘင်္ဂီဖွား၊ ဆန်းအလို မရဏဖွားလေးများ ဖြစ်ကြ
ပါသည်။

ပထမနည်း

တနင်္ဂနွေအစ အင်္ဂါအဆုံး မှည့်ပါ။

ဥပမာ - အုပ်ပိုင်စိုး၊ အောင်ဖြိုးဆွေ၊ အိပွင့်စံ၊ အိမ်
စိုး။

ဒုတိယနည်း

အင်္ဂါအစ အင်္ဂါအဆုံး မှည့်ပါ။

ဥပမာ - စွမ်းပိုင်ဆက်၊ ညီအုပ်စိုး၊ ဆုဝေစည်
ဆုယမင်းစံ။

တတိယနည်း

ဗုဒ္ဓဟူးအစ ဗုဒ္ဓဟူးအဆုံး မှည့်ပါ။

ဥပမာ - ရဲရင့်မိုးယံ၊ ရဲဝေဠု၊ ဝတ်မှုန်ရည်၊ ရည်ညွှန်
လှိုင်။

စနေသားသမီးများ

စနေသားသမီးများသည် နတ်နက္ခတ်၊ လက်ဝဲဖွား
ပုတီဖွား၊ ဆန်းအလို ဒွယဖွားလေးများ ဖြစ်ကြပါသည်
ပထမနည်း

ဗုဒ္ဓဟူးအစ ဗုဒ္ဓဟူးအဆုံး မှည့်ပါ။

ဥပမာ - ရဲဇေယျာ၊ ရဲစွမ်းရည်၊ ယွန်းဝတ်ရည်
ယဉ်မူယာ။

ဒုတိယနည်း

တနင်္ဂနွေအစ တနင်္ဂနွေအဆုံး မှည့်ပါ။

ဥပမာ - အောင်ဇော်ဦး၊ အောင်စွမ်းဦး၊ အိမ်စည်ဦ
အိမွန်ဦး။

တတိယနည်း

ကြာသပတေးအစ ကြာသပတေးအဆုံး မှည့်ပါ။

ဥပမာ - မျိုးဆက်ပိုင်၊ မိုးဦးပိုင်၊ မိုးစက်ပိုင်၊ မြစာ

www.burmeseclassic.com

www.burmeseclassic.com

နာမည်ကောင်းများ ရွေးချယ်ထားပြီးသော်လည်း တချို့သော မိဘ၊ ဘိုးဘွား၊ ဦးလေး၊ အဒေါ်၊ အစ်ကို၊ အစ်မတို့သည် ကလေးငယ်အား အိမ်ခေါ်နာမည်အဖြစ် ချစ်စနိုးနာမည်၊ ကျပန်းနာမည်လေးများကို ခေါ်ဆိုတတ်ကြပါသည်။ ထိုသို့ခေါ်ဆိုခြင်းကို အထူးရှောင်ကြဉ်သင့်ပါသည်။ ရွေးချယ်ထားသော နာမည်ကောင်းကိုသာ အပြည့်အစုံ ခေါ်ဆိုသင့်သည်။ သို့မှသာ နာမည်ကောင်း၏ အကျိုးကျေးဇူးကို အပြည့်အဝခံစားကြရမည် ဖြစ်ပါသည်။

ထိုအိမ်ခေါ်နာမည်များတွင် ဝက်လေး၊ ခွေးပု၊ နွားကြီး၊ သက်သက်၊ ခက်ခက်၊ တူးတူး၊ တုံတုံ၊ တစ်စာစ် အစရှိသည့် အဓိပ္ပာယ်မကောင်းသော နာမည်များ ဖြစ်နေခဲ့သော် ကလေးအတွက် ကံနိမ့်စေစာတ်ပါသည်။ ထို နာမည်များ တစ်သက်လုံး နာမည်တွင်သွားခဲ့လျှင် ကလေးအတွက် ဘဝအနေအထားများ အလားအလာ မကောင်းနိုင်တော့ပါ။ မိန်းကလေးများကိုလည်း မီး၊ မီးမီး၊ မီးလေး၊ မီးကြီး အစရှိသည်ဖြင့် ခေါ်ဆိုခြင်း မပြုသင့်ပါ။ အပူဟပ်တတ်၊ အပူများ တတ်ပါသည်။

မှတ်ချက်

နံတူအစအဆုံး ပေးထားသော နာမည်ရှင် ဥပမာ-တနင်္ဂနွေအစ တနင်္ဂနွေအဆုံး၊ တနင်္လာအစ တနင်္လာအဆုံးတို့ကို အလယ်လုံးများ ဖြည့်စွက်ရာ၌ နာမည်၏ အလယ်တွင် မိဘနှစ်ပါး၏ နာမည်စာလုံးများ မထည့်သင့်ပါ။

အထူးသတိပြုရန်မှာ ဤနှစ်တွင် ကလေးများအား နာမည်မှည့်ခေါ်ရာ၌ နာမည်၏ အလယ်လုံးများ ဖြည့်စွက်ရာတွင် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ တနင်္ဂနွေ နံသင့်အက္ခရာများကိုသာ လှည့်ပတ်စဉ်းစား ရွေးချယ်၍ ဖြည့်စွက်ကာ မှည့်ခေါ်ပေးကြပါလေ။

အထူးသဖြင့် အဓိပ္ပာယ်ကောင်းမွန်လှသော နာမည်စာလုံးများကိုသာ ဦးစားပေးရွေးချယ်ပေးကြပါဟု မေတ္တာစကားဆိုရင်း...။

ကောင်းမှုအကြောင်းပြု တောင်းဆုပြည့်ပါစေ

သုခစုစံ(ကျိုက်လတ်)

(ယောမြို့) ဆရာပြောင်၊ ဆရာအောင်၊ ဆရာထွန်းမင်းအောင်တို့၏ သားတပည့်

ရှမ်းဆရာ ဦးစိုင်းငြေးလှိုင်

(ဝမ်းတွင်းမော်စက်ရှင်)

လူအများ၏ ကောင်းကျိုးချမ်းသာအတွက် အံ့ဖွယ်နက်နဲသော ပညာရပ်များဖြင့်သာ ကူညီဆောင်ရွက်မည်၊

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး(အချစ်ရေး)၊ နိုင်ငံရပ်ခြားကိစ္စများနှင့် ဘာသာ၊ သာသနာရေး ကိစ္စရပ်များ၊ အိမ်မြေ၊ ခြံမြေ၊ တိုက်တာ၊ ကား ရောင်းဝယ်ခြင်းများ၊ အိမ်တွင်း/အိမ်ပြင် မည်သည့်ပယောဂနှင့်ယှဉ်သော အနှောင့်အယှက်၊ အတိုက်အခိုက်များမဆို ရက်ပိုင်းအတွင်း တိကျမှန်ကန် မြန်ဆန်အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်ပေးပါသည်။

ဆရာနှင့်တွေ့ချိန် - ၎ရှည် (တနင်္လာနှစ်ဖူးအပေး)

နံနက်(၉)နာရီ မှ ညနေ(၄)နာရီ အထိ

အမှတ်-၄၀၇၊ လော်ကားလမ်းမကြီး (ဘုန်းကြီးကျောင်းကွေ့ကားမှတ်တိုင်ရှေ့)၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်။ ဝေ့ ၇၃၁ ၇၂၉၇၀

www.burmeseclassic.com

www.burmeseclassic.com

မြေဦးမြုပ်ထားသော ရတနာပစ္စည်းများ ပြန်လည်ရရှိစေသော ကျွဲကျောသယ်အင်း

ပုဇရောဟိတ် ဆရာဦးမြတ်စံ

ရန်ကုန်တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားစဉ် ခင်မင်ခဲ့သော သူငယ်ချင်းတစ်ယောက် ရှိပါသည်။ ကိုနေဝင်းဟု ခေါ်ပါသည်။ စာရေးသူနှင့် မေဂျာမတူပါ။ သူက ရူပဗေဒဘာသာအထူးပြု ကျောင်းသားတစ်ဦး ဖြစ်ပါသည်။ R.C (Recration Center) တွင် ကျင်းပသော သိုင်းပြိုင်ပွဲကို အကြောင်းပြု၍ ခင်သွားကြပါသည်။ ခင်သွားကြတော့လည်း ညီအစ်ကိုအရင်းတမျှ ချစ်ခင်သွားကြပါသည်။ အကြောင်းမှာ ဝါသနာတူ၊ စရိုက်တူသောကြောင့် ဖြစ်ပါသည်။ စာရေးသူက သိုင်းနှင့် ဂန္ဓိရပညာ ဝါသနာပါသောကြောင့် အမြဲတေရှိရာ အမြဲတေစု ဆိုသလို ကိုနေဝင်းနှင့် ခင်မင်သွားရခြင်း ဖြစ်ပါသည်။

မြို့တ်(ဘိတ်)ပုလောဇာတိ ဖြစ်ပါသည်။ နယ်မှလာ၍ တက္ကသိုလ်တက်သော ကျောင်းသားဖြစ်ပြီး အဆောင်မှနေ၍ ကျောင်းတက်ခွင့် မရခဲ့ပါ။ အပြင်ဆောင်တွင်နေရင်း ကျောင်းတက်သူ ဖြစ်ပါသည်။ ရံဖန်ရံခါ စာရေးသူအိမ်လိုက်၍ ထမင်းစားပါသည်။ စာရေးသူ၏အိမ်မှာ ကိုနေဝင်း၏ စားအိမ်သောက်အိမ် ဝင်ထွက်သွားလာနေကျ ဖြစ်ပါသည်။

သူ့အဘိုးဖြစ်သူထံမှ ရရှိသော ပုတီးစိပ်နည်း၊ ဂါထာ၊ မန္တန်တို့ကို စာရေးသူအား မျှဝေပေးပါသည်။ တနင်္ဂနွေ ကျောင်းအားရက် ရွှေတိဂုံဘုရားပေါ်တက်၍ ပုတီးစိပ်တော့လည်း အတူတူဖြစ်ပါသည်။ အထက်ပစ္စယာနှင့် ဓမ္မစေတီဆုတောင်းပြည့်ဘုရားတွင် ပုတီးစိပ်ဖြစ်ကြပါသည်။

ဌင်း၏အဘိုးမှာ ဦးအေး (ခေါ်) စာရေးဆရာကြီး၏ မြစကြာ ဖြစ်ပါသည်။ အဘိုးနေထိုင်ရာ တာမွေမြို့နယ်၊ (၁၅၅)လမ်းသို့ စာရေးသူအားခေါ်၍ အဘိုးဖြစ်သူ ဆရာကြီး မြစကြာနှင့် မိတ်ဆက်ပေးပါသည်။ ဆရာကြီး၏ဝတ္ထုတွင် အဓိကဇာတ်ကောင်မှာ မောင်အေးဖြစ်ပါသည်။ မောင်အေးနှင့် သူ့ဆရာကြီးတို့ သိုက်တူးသွားခဲ့သော အတွေ့အကြုံကို လည်းကောင်း၊ နာမ်လောကမှ ပုဂ္ဂိုလ်များအကြောင်း ကိုယ်တွေ့ အတွေ့အကြုံများကို မမောတမ်း ပြောပြလေ့ရှိပါသည်။ ထိုစဉ်ကတည်းက သိုက်တူးခြင်း၊ ရှေးဟောင်းပစ္စည်းများ မြှုပ်နှံထားရာကို ရှာဖွေဖော်ထုတ်ခြင်း အကြောင်းတို့ကို နားရည်ဝခဲ့ပါသည်။ (၁၅၅)လမ်းတွင် ရုပ်ရှင်မင်းသမီးကြီး ခေါ်မေန့်လည်း နေထိုင်ခဲ့ပါသည်။

ကိုနေဝင်းကိုလည်း နန်းတွင်းရှမ်းတရုတ်သိုင်းဆရာကြီး ဦးခွေး (ခေါ်) ဦးကျော်မင်းနှင့် မိတ်ဆက်၍ ပါရမီမဋ္ဌလမ်း၌ အတူတကွ သိုင်းပညာသင်ကြားခဲ့ကြပါသည်။ ဆရာတော်အရှင်သံဝရကျောင်းသို့ ကိုနေဝင်းအား ခေါ်သွားပြီး ဆရာတော်နှင့် မိတ်ဆက်ပေးခဲ့ပါသည်။ ထိုအခါ ဆရာတော်မှလည်း ပညာရှာ နှုတ်ခမ်းမသတ်နှင့် ဆိုရိုးစကားနှင့်အညီ ကိုနေဝင်းထံမှရရှိသော ဂန္ဓိရပညာ ဂါထာမန္တန်များကို တလေးတစား မှတ်ယူခဲ့ပါသည်။ ကိုနေဝင်းကိုလည်း စာရေးသူနည်းတူ ဂန္ဓိရပညာများ အလျဉ်းသင့်သလို သင်ကြားပေးပါသည်။

တက္ကသိုလ် ရက်ရှည်ကျောင်းပိတ်လျှင် ကိုနေဝင်း ပုလောမြို့သို့ ပြန်ပါသည်။ ဆက်သွယ်ရန် အခက်ခဲရှိသဖြင့် စာတိုက်ကိုသာ အားကိုး၍ စာအပြန်အလှန်ထည့်ကြပါသည်။ ကိုနေဝင်း၏ဖခင် ဦးသိန်းမောင်မှတစ်ဆင့် ကျောက်မှော်ရပ်၊ ပုလောမြို့ဟု လိပ်မူ၍ စာတိုက်မှစာပို့လျှင် ရောက်ပါသည်။

အလားတူ ကျောင်းတွေ ပြန်ဖွင့်တော့ နောက်ဆုံးနှစ် အတန်းတင်စာမေးပွဲ ပြီးဆုံးသောအခါ ဘွဲ့ရပြီး အသီးသီး လုပ်ငန်းခွင် ဝင်ကြပါတော့သည်။ တနင်္ဂနွေတစ်ရက်သာ တွေ့ဖြစ်ကြပါသည်။ သူငယ်ချင်းနှစ်ယောက်ချိန်း၍ Indiana Jones သရုပ်ဆောင်သော နီဂင်ခြားရုပ်ရှင်ကား Raiders of Lost Arc အာဖရိကတောတွင်းမှ ရတနာသိုက်တူးသော ဇာတ်ကားကို သမ္မတရုပ်ရှင်ရုံတွင် သွားကြည့်ကြ

www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ထိုရုပ်ရှင်ကားတွင် မင်းသားနှင့် မင်းသမီး စွန့်စား ခန်းများ၊ စက်ယန္တရားများ ဆင်ထားသဖြင့် ကျောက်ဝူ အတွင်း အန္တရာယ်နှင့် ရင်ဆိုင်ရပုံများမှာ ကြည့်ရသူအဖို့ သည်းထိတ်ရင်ဖို ဖြစ်စေခဲ့ပါသည်။ ပိုးဟပ်နှင့် တောတွင်းမှ အင်းဆက်များ၊ အရှင်စားရပုံများကို ကြည့်ရသောအခါ ဆရာကြီးမြစကြာ ပြောပြသော တောတွင်းအတွေ့အကြုံ များကို ပြန်လည်သတိရစေခဲ့ပါသည်။

စာရေးသူ၏ ဖခင်ကလည်း ဂျပန်ခေတ်က တော ကြောင်(ဓားပြ၊ သူခိုး)ရန်မှ ကာကွယ်ရန် မိသားစုပိုင်ပစ္စည်း များကို ရာဝင်အိုး(စဉ့်အိုးကြီး)များတွင်ထည့်၍ မြေကြီးတွင် မြှုပ်နှံခဲ့ရာ စစ်ပြီးသောအခါ မှတ်သားထားသောနေရာကို ပြန်၍တူးဖော်ကြည့်ရာ လုံးဝမတွေ့တော့ပါ။ မြှုပ်နှံထား သော နေရာမှ ဝေးကွာသောနေရာတွင် အိုးခြမ်းပဲ့များသာ တွေ့ရပါသည်။ ဘူမိပထဝီသဘောတရားအရ အိုးများ ရွေ့ သွားခြင်းဖြစ်သည်ဟု သိရပါသည်။ စာရေးသူ၏ ယောကျ်ားမ ဖြစ်သို့မှာလည်း အလားတူပင် အဖိုးတန်ပစ္စည်းများ မြေ တွင်း မြှုပ်နှံထားရာ စစ်အေးကာလရောက်သောအခါ မြှုပ် ထားသော နေရာတွင် ပြန်ရှာတူးကြည့်သောအခါ ပြန် မတွေ့ရတော့ပါ။

ထိုအကြောင်းအရာများကို ဆရာတော် အရှင်သံဝရ ကျောင်းသို့ ရောက်သောအခါ အထက်ပါ ဖြစ်စဉ်များကို လျှောက်ထားကြပါသည်။

ထိုအခါ ဆရာတော်က "ဒကာမြတ်စိန့် ဒကာနေဝင်း ကို ဗဟုသုတအဖြစ် ပြောပြမယ်။ ပစ္စည်းကို မြှုပ်ဖို့ကတော့ မယ်ဆိုရင် စဉ့်အိုးနဲ့ မြှုပ်ရတယ်။ မမြှုပ်ခင် မြေကြီးတူးရင် မြှုပ်မယ့်အိုးထက် ထူထည်ကြီးတဲ့မြေကျင်း တူးရပါတယ်။ နောက် တွင်းကို အိုးမမြှုပ်ခင် မီးသွေးတွေနဲ့ ရံထားရပါ တယ်။ အိုးကို မြှုပ်ပြီးတော့ အပေါ်မှာ အင်တုံတစ်လုံး လှန်၍ဝင်ပြီး အင်တုံပေါ်မှာလည်း မီးသွေးတွေ တင်ရပါ တယ်" ဟု ကွမ်းကိုဝါးရင်း ပြောနေပါသည်။

စာရေးသူက အလိုက်သိစွာ ထွေးခံကို ဆရာတော် ရှေ့သို့ ထိုးပေးလိုက်ပါသည်။ ဆရာတော်ကလည်း ထွေးခံ ကို အလိုက်သင့်ယူကာ ကွမ်းသွေးကို ထွေးခံတွင်း ထွေးချ လိုက်ပါသည်။

ထို့နောက် ဆရာတော်က ဆက်၍ ခုနမြှုပ်ထားသော အိုးကို အချိန်ကာလ အတော်ကြာပြီးမှ ပြန်ဖော်သောအခါ မြှုပ်ထားသောအိုးမှ မြေအောက်တွင် ရွှေလျားသွားသော လမ်းတစ်လျှောက် မီးသွေးခဲများက လမ်းကြောင်း(စွပ် ကြောင်း)အဖြစ် ညွှန်ပြနေပါသည်။ ထိုမီးသွေးစွပ်ကြောင်း အတိုင်း လိုက်၍တူးပါက မြှုပ်ထားသော မြေအိုးရတနာ အိုးကို ပြန်လည်ရရှိနိုင်ပါသည်ဟု ဆရာတော်က မိန့်ပါ သည်။

ဆရာတော်က ၄င်း၏မွေးရာဇာတိ ခရမ်းတွင် ဒုတိယ ကမ္ဘာစစ်က သူ့ဌေးချစ်တီးများ ထားခဲ့သော လှိုဏ်ဂူမြှုပ်နှံ ထားသည့် ရတနာအိုးကို ရှာဖွေဖော်ထုတ်ရပုံကို ရှင်းပြပါ သည်။ ဆရာတော်၏ ငယ်ဆရာက ဆရာတော် ကိုရင်သဲ မဏ္ဍောဘဝက ချစ်တီးများ မြှုပ်နှံထားသော ရတနာအိုးကို ချစ်တီးထံတွင် လယ်သူရင်းငှား အလုပ်သမားက မှတ်မိ သလောက်နေရာကို အတိလေ့ကားဘေးတွင် မှတ်သားထား သော မြေပုံကြမ်းကို အကြောင်းပြု၍ ရှာဖွေခဲ့ကြပါသည်။ ထိုသို့ရှာဖွေသောအခါ ဂန္ဓိရပညာနှင့် အင်းကို အသုံးပြု၍ ရှာဖွေခဲ့ကြောင်း ရှင်းပြပါသည်။

လယ်သူရင်းငှား ကိုဘရွှေမှာ ၄င်း၏ဖခင်လက်ထက် ကတည်းက လယ်သူရင်းငှားလုပ်လာခဲ့သူများ ဖြစ်ကြပါ သည်။ ဖခင်ဖြစ်သူ ဦးဘသိန်းမှာ ချစ်တီးသူဌေး၏ ညာ လက်ရုံး လူယုံဖြစ်ပြီး ထိုသူဌေး၏အိမ်သို့ ဂျပန်စစ်လေ ယာဉ်များ ဗုံးကြဲသောအခါ ဗုံးဆန်ထိမှန်၍ ဦးဘသိန်းနှင့် ချစ်တီးသူဌေးတို့ ကွယ်လွန်သွားကြပါသည်။

သားဖြစ်သူ ကိုဘရွှေအား ဖခင်ဖြစ်သူ ဦးဘသိန်းက အိပ်မက်ပေးပါသည်။ တမာပင်အောက်တွင် မြှုပ်ထားသော ချစ်တီး၏ ရွှေအိုးများကို တူးဖော်၍ ပိုင်ရှင်ချစ်တီးနှင့် ဖခင်ဖြစ်သူတို့အား ရည်စူးကုသိုလ်ပြု အမျှအတန်းဝေရန် အိပ်မက်ထဲတွင် ပြောပါသည်။ ဦးဘသိန်းက တစ်ဝက်ကို ငါ့သား၊ ငါ့မြေးများ သုံးကြ။ ကျန်တစ်ဝက်ကို ငါ့သူဌေး ချစ်တီးနှင့် အဖေအတွက် ကုသိုလ်ကောင်းမှုပြုရန် မှာကြား ပြီး ပျောက်သွားပါတော့သည်။

ထိုအကြောင်းကို ဆရာတော် အရှင်သံဝရ၏ ငယ် ဆရာတော်ကြီးအား ကိုဘရွှေမှ လာရောက်လျှောက်ထား သောအခါ ဆရာတော်ကြီး၏ ဂန္ဓိရပညာ အစီအမံဖြင့် ရတနာရွှေအိုးများ တူးဖော်ရန် စီမံကြပါတော့သည်။ ထို ဂန္ဓိရအစီအရင်မှာ အင်းနှင့် ဂါထာကို အသုံးပြုရကြောင်း သိရပါသည်။ ဗားမဲ့ဆရာတော်က စီရင်ထားခဲ့သော ရှေး ဟောင်းပုရပိုက်ကျမ်းမှဖြစ်ကြောင်း သိရပါသည်။ စီရင် ဆောင်ရွက်ပေးသော ပညာရှင်အနေဖြင့် ဉာဏ်ဦးဇော်ခ

www.burmeseclassic.com

www.burmeseclassic.com

အဖြစ် ပစ္စည်းပေးနိုင်ဖို့၏ (၁၀)ရာခိုင်နှုန်းမျှသာ ယူပါမည်ဟု သစ္စာအဓိဋ္ဌာန်ပြုရပါသည်။ လောဘမကြီးရပါ။ သစ္စာရှိရပါမည်။ ဤအင်းအမည်မှာ ဣဒ္ဓိသယ ရတနာဒီပံဟု သိရပါသည်။

ထိုဣဒ္ဓိသယ ရတနာဒီပံအင်းကို စီရင်သောအခါ ဝိသာခါနက္ခတ်နှင့် စန်းယဉ်သောအခါ စီရင်လျှင် ပိုကောင်းပါသည်။ ဝိသာခါနက္ခတ်သည် ကဆုန်လပြည့်နေ့တွင်



ဗားမဲ့ဆရာတော်၏ ဣဒ္ဓိသယ ရတနာဒီပံ အင်းတော်ကြီး

ကောင်းကင်အမြင့်နက္ခတ်၌ စန်းယှဉ်လျှင် မြှုပ်နှံထားသော ရတနာပစ္စည်းများ ပြန်လည်ပေါ်ပေါက်လေ့ရှိသည်။ ရွှေပညာရှင်ကြီးများ ယူဆထားသောကြောင့် ဖြစ်ပါသည်။ အကြောင်းမှာ လွန်ခဲ့သော နှစ်ပေါင်း(၇၀၀)ကျော်ခန့်က ဗားမဲ့ဆရာတော်သည် (Physical Plain) လူ့ဘုံနှင့် (Astral Plain) အဆင့်မြင့်နာမ်လောကဘုံတို့သို့ သွားနိုင်သော ပုဂ္ဂိုလ်ထူးဖြစ်ကြောင်း သိရပါသည်။ ဝိသာခါနေ့ ကဆုန်လပြည့်နေ့တွင် မြတ်စွာဘုရား၏ နိမိတ္တရုပ်ပွားတော် ပြန်၍ပေါ်ထွန်းပြီး ကမ္ဘာသူကမ္ဘာသားတို့အား မေတ္တာဓာတ် ဖြန့်ဝေတော်မူသောကာလ ဖြစ်ပါသည်။ ထိုကာလကို ဟိမဝန္တာတွင် တရားအားထုတ်နေသော သူတော်စင်ကြီးများနှင့် စကြဝဠာတစ်ခွင်မှ သူတော်စင်ကြီးများ၏ အဆင့်မြင့်ကျွှန်စဉ်ကြောင့် အဆင့်မြင့်နာမ်လောကဘုံသို့ ရောက်ရှိသွားကြပြီး မြတ်စွာဘုရား၏ နိမိတ္တရုပ်ပွားတော်မှ မေတ္တာဓာတ် ဖြန့်ဝေခြင်းကို ခံယူကြပါသည်။ ထိုဖြစ်စဉ်ကို အကြောင်းပြု၍ မြတ်စွာဘုရား၏ ဓာတ်တော်များ ပြန်လည်စုဝေးခြင်း ပုံစံအတိုင်း မြှုပ်ထားသော ရတနာများ ပြန်လည်ပေါ်ပေါက်ချိန်ကို အင်းစီရင်ရခြင်း ဖြစ်ပါသည်။

ဣဒ္ဓိသယ ရတနာဒီပံအင်း စီရင်သောအခါ ပျား ဖယောင်း(၅)ကျပ်သား၊ မီးစာ[ရတနာရှာဖွေသောသူ၏ ကိုယ်တိုင်းဖြင့် ချည်မျှင်ကို (၇)ပြန်ယူရပါမည်]၊ အင်းစီရင်သောအခါ မိုင်းကိုင်စက္ကူတွင် ရေးသားပြီး အင်းနှင့် မီးစာကို လိပ်ရပါမည်။ မီးစာနှင့် အင်းလိပ်သောအခါ ပျား ဖယောင်းကို ထည့်၍လိပ်ပါ။ ကန်တော့ပွဲ(၃)ပွဲဖြင့် တင်မြောက်ပ,သရပါမည်။ စားပွဲပေါ်တွင် ပိတ်ဖြူလေးတောင်း

သက်သတ်လွတ်စားခြင်း၊ နဝင်္သီလ ဆောက်တည်ခြင်း၊ မေတ္တာသုတ်(၉)ခေါက် ရွတ်ဖတ်ပြီးမှသာ ဤဣဒ္ဓိသယ ရတနာဒီပံ အင်းတော်ကြီးကို စီရင်ပါ။ ဖယောင်းတိုင် (၃)တိုင်အတွက် အင်း(၃)အင်း စီရင်ပါ။

၁။ ကန်တော့ပွဲပေါ်တွင် (၁)တိုင် ထွန်းပါ။

၂။ ဘုရားစင်တွင် (၁)တိုင် ထွန်းပါ။

၃။ ရတနာပစ္စည်းများ မြှုပ်နှံထားသည်ဟု ထင်ရ ဃော နေရာတစ်ဝိုက်တွင် မနောလင်ပန်းပေါ်၌ ထွန်း၍ လျှောက်သွားပါ။ ရုတ်တရက် ဖယောင်းတိုင်မီး ငြိမ်းငြိမ်းမိမိရင်နေရာသည် သိမ့်ခနဲ ဖြစ်သွားပါက ရတနာရှိရာ ဖြစ်သည်။ ထိုနေရာကို တူးပါ။

www.burmeseclassic.com

www.burmeseclassic.com

ရှင်နိုလေးတောင် ခင်းရပါမည်။ ဘုရားပွဲတစ်ပွဲ၊ သမ္မာဒေဝနတ်မင်းကြီးများတစ်ပွဲ၊ (၃၇)မင်းနတ်ပွဲတစ်ပွဲ တင်မြှောက်ပါ။ အကယ်၍ မြေဦးမြှုပ်ထားသော ရတနာရွေးအိုးများ တူးဖော်လျှင် ဘုမ္မစိုးနတ်မင်းအား ကန်တော့ပွဲတစ်ပွဲ တင်မြှောက်ပေးရပါမည်။ အင်းဖယောင်းတိုင်ကို အရန်ဂါထာ (၁၀၀၀)ဖြင့် သိဒ္ဓိတင်ပါ။

ထိုကဲ့သို့ အစအဆီရင်များ မပြုလုပ်မီ ကာယကံရှင်နှင့် စီရင်ပေးသော ဆရာတို့အကြား သဘော်တူညီမှုတစ်ခု ပြုရပါသည်။ နှစ်ဦးသဘောတူ ကတိပြုကြခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ တူးဖော်ရရှိသော ရတနာပစ္စည်းတန်ဖိုး၏ တစ်ဆယ်ရာခိုင်နှုန်းကို ဉာဏ်ပူဇော်ခအဖြစ် ဆရာဖြစ်သူအား ကန်တော့ရပါမည်။ ဆရာဖြစ်သူကလည်း ထို့ထက်ပို၍ လောဘမကြီးရပါ။ နှစ်ဦးနှစ်ဖက် သစ္စာရှိမှ ရတနာပစ္စည်းကို တူးဖော်ရရှိပါမည်။

နောက်ဆုံးတွင် ကိုဘရွှေတစ်ယောက် တမာပင်အောက်တွင် ချစ်တီးသူဌေး မြှုပ်နှံထားသော ရတနာရွှေအိုးကို ဂန္ဓိရပညာဖြင့် တူးဖော်ရရှိပါသည်။ ထိုအချိန်တွင် အခြေအနေကို စောင့်ကြည့်နေသော ကိုဘရွှေ၏ အဒေါ်မိသားစုက ကိုဘရွှေအား ရှယ်ယာဝေစု တောင်းပါတော့သည်။ ကိုဘရွှေ၏ဖခင် ဦးဘသိန်းနှင့် မောင်နှမတော်စပ်၍ ၄င်းတို့လည်း ဝေစုရသင့်ကြောင်း ကွမ်းခြံကုန်း ဒီစတြိတ်ရုံးတော်တွင် အမွေစုရပိုင်ခွင့်အဖြစ် တရားမမှု ရင်ဆိုင်ကြရပါသည်။ ထိုအခါ ဆရာတော်အရှင်သဝဏ၏ ငယ်ဆရာတော်ကြီးမှ ဣန္ဒာသယရတနာဒီပံအင်းကို အသုံးပြုကာ အမွေမှုကို ဆက်လက်ရင်ဆိုင်ကြပါသည်။ နောက်ဆုံးတွင် တရားဥပဒေသဘောအရလည်းကောင်း၊ ဣန္ဒာသယရတနာဒီပံအင်းအစွမ်းကြောင့်လည်းကောင်း ရတနာပစ္စည်းများမှာ ကိုဘရွှေ၏ ဖခင်ပိုင်ဆိုင်သော ပစ္စည်းများမဟုတ်ဘဲ ချစ်တီးသူဌေး၏ အိမ်ပိုင်းအတွင်းမှ တူးဖော်ရရှိသဖြင့် ကိုဘရွှေသာ ပိုင်ဆိုင်သင့်ကြောင်း ရုံးတော်မှ ဆုံးဖြတ်သဖြင့် အနိုင်ရသွားပါသည်။ ဆိုလိုသည်မှာ အမွေမှုများကိုလည်း ဣန္ဒာသယ ရတနာဒီပံအင်းကို အသုံးပြုနိုင်ကြောင်းပင် ဖြစ်ပါတော့သည်။

မေတ္တာရည်၍

ပုရောဟိတ် ဆရာဦးမြတ်စံ

ဖုန်း - ၀၉ ၅၁ ၇၆၆၄၆

ဆရာကြီးရာဇာဇေဇော်ဝင်း (LL.B)

နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲဓာတ်ပြည့်ဖြင့် အနာဂတ်ဟောကိန်းများ

ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခမဲ့ရွေးပေးခြင်း၊ ရှေးမူမပျက် နာမည်လှလှလေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘဝတစ်သက်တာဟောစာတမ်း၊ ကုမ္ပဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ ကုမ္ပဏီဖွင့်ပွဲ အချိန်၊ နာရီ၊ နေ့ရက်များ၊ မြန်မာဇာတာ၊ အင်္ဂလိပ်ဇာတာ၊ မြန်မာဟောစာတမ်း၊ အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း စသည့် နာမည်ပေးပါရှု ဆရာကြီးတစ်ဦးဖြစ်ပါသည်။ (ဉာဏ်ပူဇော်ခ ၇၀၀၀-ကျပ်) သံတမန်ဝန်ထမ်း အင်္ဂလိပ်နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲစိတ်မွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာရီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယတြာများ OG ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရက်၊ လ၊ နှစ် ပိုင်းခြားထားသော ဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း၊ နိုင်ငံခြားသင်္ဘောသားများ လိုင်းကောင်းကောင်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့်နိုင်ငံတွင် အဆင်ပြေစေရန်၊ ချစ်သူမောင်နှံများ စုံတွဲဇာတာ စစ်ဆေးခြင်း၊ အကြွေးပြန်ရစေရန် အမှုနိုင်/မနိုင်၊ ပညာရေးထူးချွန်မှုရှိ/မရှိ၊ အိမ်ထောင်ရေးတွင် အနှောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ရုပ်ရည်ချောမောသော်လည်း အဆင်ပြေဖြစ်နေသည့် လူပျိုကြီး၊အပျိုကြီးများ ကံပွင့်အောင်ပြုလုပ်ခြင်း၊ အိမ်၊ ခြံ၊ကား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက် ဓာတ်ဆင်ပညာများဖြင့် ဆရာဝန်ရောက်လျှင်သင် အောင်မြင်စေရမည်ဟု မှတ်ပါ။ (နှုတ်ဟောဉာဏ်ပူဇော်ခ ၅၀၀၀-ကျပ်) နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီနေ့အပ်လျှင် မနက်ဖြန်ရမည်။ နယ်သို့ VPL ဖြင့်လဲညီးကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ ဖော်ပြ၍ မေးမြန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြိုပေးစရာ မလိုဘဲ ပို့ပေးမည်။ ဖုန်းဆက်ဆက်လိုက်ပါ။

တိုက်-၃၅(မြေညီထပ်)၊ (စ၇)လမ်း၊ မင်္ဂလာဘောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ပိတ်ရက်မရှိ)

☎ (01)394727, (01)399426, 09 730 09994, 09 730 78260, 09 51 52521

www.burmeseclassic.com

www.burmeseclassic.com

ပဒုမ္မာရွှေကြာအင်း အစီအရင်နှင့် ရန်အောင်ပြင်စေသောကထာ

ပုဇောဟိတ် ဆရာဦးမြင့်စံ

တစ်ခုသော တပေါင်းလပြည့်နေ့တွင် ဆရာတော်အရှင်သံဝရက အထူးအစီအစဉ်တစ်ခုရှိကြောင်း တစ်လခန့် ကြို တင်၍ အသိပေးထားခဲ့ပါသည်။ ကြိုတင်စီစဉ်စရာရှိသည်များကို ဆောင်ရွက်နိုင်ရန်ဟု အမိန့်ရှိခဲ့ပါသည်။ ပဲခူးမြို့တွင် သွားရောက်လုပ်ကိုင်ရမည်ဖြစ်သဖြင့် - ပဲခူးမြို့သို့ သွားရောက်နိုင်ရေး၊ အစားအသောက်၊ တည်းခိုနေထိုင်မှု၊ နေရာအခင်းအကျင်းကိုပါ စီမံခိုင်းပါသည်။

တပေါင်းလပြည့်နေ့မတိုင်မီ တစ်ရက်အလိုတွင် သဃ်ိန်းကျွန်း၊ ဇဝနရုပ်ကွက် ဆရာတော်၏ သီတင်းသုံးရာ ကျောင်းတိုက်မှနေ၍ စင်းလုံးငှားမော်တော်ကားဖြင့် ဆရာတော်အပါအဝင် စုစုပေါင်း(၄)ဦး ပဲခူးမြို့သို့ ထွက်ခွာခဲ့ကြပါသည်။ ညနေစောင်း နေဝင်ရီတရောတွင် တည်းခိုမည့် ရွှေမော်ဓော စေတီတော်မြတ်ကြီး၏ ခြေတော်ရင်းအောက်ခြေရှိ ခမ္မာရုံတစ်ခုတွင် တည်းခိုခဲ့ကြပါသည်။ စာရေးသူ၏ ကြိုတင် ဆက်သွယ်စီစဉ်ပေးမှုကြောင့် နာမည်ကြီးဆေးလိပ်ခုံဝိုင်ရှင် တစ်ဦးက အစစတာဝန်ယူခဲ့ပါသည်။ လိပ်ပြာကန်နားတွင် နေထိုင်သော အင်ဂျင်နီယာမှူးကြီး တစ်ဦးကလည်း ရွှေမော်ဓောစေတီကြီးနှင့်ပတ်သက်၍ ကန်တော့ပွဲ၊ နေရာထိုင်ခင်းကအစ ကူညီပေးခဲ့ကြပါသည်။

ပဲခူး ရွှေမော်ဓောဆုတောင်းပြည့်စေတီတော်မြတ်ကြီးနှင့် ပတ်သက်၍ သိသာသင့်သော အချက်များကို ဆရာတော်မှ ရန်ကုန်က စတင်ထွက်ခွာကတည်းက အကျဉ်းချုပ်ရှင်းပြခဲ့ပါသည်။

သထုံဘုရင် မဏ္ဍလိပ်မင်းကြီးက ဂေါတမမြတ်စွာဘုရားရှင်၏ ဆံတော်မြတ်(၂)ဆူကို မဟာသက္ကရာဇ်(၁၁၅)ခုနှစ်၊ တန်ခူးလဆန်း (၁)ရက် စနေနေ့တွင် တည်ထားကိုးကွယ်ခဲ့ကြောင်း ရှင်းပြပါသည်။ ယခုဆိုလျှင် နှစ်ပေါင်း(၂၆၀၀)ခန့် ရောက်ရှိနေပြီ ဖြစ်ပါသည်။ ထိုစဉ်က ဆံတော်ရှင်ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဥာဏ်တော်မှာ အတောင်(၅၀)၊ (၇၅)ပေသာရှိပါသည်။

စေတီတော်မြတ်ကြီးသည် သဘာဝဘေးဒဏ်ကို (၄) ကြိမ်တိုင် ပြင်းပြင်းထန်ထန် ခံစားခဲ့ရပါသည်။

၁။ ပထမအကြိမ် ခရစ်နှစ်(၁၄၉၂)ခုနှစ်၊

၂။ ဒုတိယအကြိမ် ခရစ်နှစ်(၁၇၅၇)ခုနှစ်၊

၃။ တတိယအကြိမ် ခရစ်နှစ်(၁၉၁၂)ခုနှစ်၊

၄။ စတုတ္ထအကြိမ် ခရစ်နှစ်(၁၉၃၀)ပြည့်နှစ်တို့တွင် သဘာဝငလျင်ဘေးဒဏ် အသီးသီးခံစားခဲ့ရပါသည်။

ထိုကဲ့သို့ သဘာဝဘေးဒဏ်များခံစားပြီး (၁၉၅၃)ခုနှစ်တွင် စေတီတော်ကြီးကို ပြန်လည်မွမ်းမံရာ ဥာဏ်တော်(၃၇၃)ပေ (၉)လက်မထိ မြှင့်တင်တည်ဆောက်နိုင်ပြီး အောင်မြင်စွာ ထီးတော်တင်နိုင်ခဲ့ပါသည်။

သမိုင်းဝင် ရွှေမော်ဓောစေတီတော်ကြီးတွင် တပင်ရွှေထီးသည် နားထွင်းမင်္ဂလာ ကျင်းပခဲ့ပါသည်။ ရန်သူစစ်သည်များ ဝိုင်းထားသည့်ကြားမှ အောင်မြင်စွာ နားထွင်းမင်္ဂလာကို ကျင်းပနိုင်ခဲ့ခြင်းမှာ သီရိဝိစိတ္တာပဏာမအလင်္ကာ ရွှေကြာအင်းအစီအရင်ကြောင့်ဟု သိရပါသည်။

ယခု တပေါင်းလပြည့်နေ့တွင် စာရေးသူအပါအဝင် လူပုဂ္ဂိုလ်(၃)ဦးကို ရွှေကြာအင်းအစီအရင် ဆောင်ရွက်ပေးရန် ပဲခူးမြို့သို့ လာရောက်ခြင်းဖြစ်ကြောင်း သိရပါသည်။ ထိုကဲ့သို့ လူပုဂ္ဂိုလ်(၃)ဦးအား ရွေးချယ်ရခြင်းအကြောင်းကိုလည်း ဆရာတော်မှ ဆက်လက်ရှင်းပြရာ သုံးတန်ပေါ်နိမိတ်ဗေဒင်ပညာအရ အင်္ဂါ၊ ဗုဒ္ဓဟူးဂြိုဟ်ခွင်သို့ သက်ရောက်ကာလတွင်ရှိနေသော လူပုဂ္ဂိုလ်များအတွက် စီရင်ပေးရခြင်းဖြစ်ကြောင်း ရှင်းပြပါသည်။

တနင်္ဂနွေ	တနင်္လာ	အင်္ဂါ
သောကြာ	သိုက်	ဗုဒ္ဓဟူး
ရာဟု	ကြာသပတေး	စနေ

မိမိမွေးနံ့ဂြိုဟ်မှ အင်္ဂါ၊ ဗုဒ္ဓဟူးဂြိုဟ်ခွင်မှ သမသတ်မျှော်ပြီး တစ်ခွင်ဆုတ်လျှင် ကြာသပတေးတန်းစီးရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အသေးစိတ်ကိုမူ သုံးတန်ပေါ်နိစ်ဗေဒင်ကျမ်းတွင် ဖတ်ရှုကြည့်ပါကုန်။

ထိုအခါ ဗေဒင်အခေါ်အရ ဗုဒ္ဓဟူး၊ ကြာသပတေး၊ စနေဂြိုဟ်တို့သည် ဇာတာရှင်အား အကျိုးပြုသောဂြိုဟ်များ ဖြစ်ကြပါသည်။ သို့ဖြစ်ရာ ရွှေမော်ဓော(၄၅၈)စေတီသည် ထိုဇာတာရှင်များအဖို့ ဘူမိနက်သန်နေရာ ဖြစ်ပါသည်။

ရန်ကုန်တွင် ရွှေမုဋ္ဌောစေတီကို ပုဇွန်တောင်ဈေးအနီး ဘုန်းကြီးကျောင်းဝင်း၌ ဖူးမြော်နိုင်ပါသည်။ သို့ဖြစ်ရာ စနေနေ့သည် ရွှေမော်ဓော စေတီတော်ကြီးတွင် မင်္ဂလာအခါ အကောင်းဆုံးအချိန်ဖြစ်ပါတော့သည်။

ထို့ကြောင့် ဆရာတော်က တပေါင်းလပြည့်နေ့ စနေနေ့ နံနက်အရုဏ်တက်ကို သိရိဝိစိတ္တာ ရွှေကြာအင်းကို ဘုရားသူအပါအဝင် လူပုဂ္ဂိုလ်(၃)ဦးအား ဦးခေါင်းတွင် ဟသ်ပြဒါးဖြင့် ထိုးနှံပေးရခြင်းဖြစ်ကြောင်း ရှင်းပြပါသည်။ နံနက်စောစော အရုဏ်တက်ကတည်းက ရွှေမော်ဓောဘုရား၏ စနေထောင့်တွင် ကန်တော့ပွဲများ အစီအရီစီစဉ်လျက်ရှိပါသည်။ သာသနာငါးထောင့်ပွဲကို နတ်မင်းကြီး(၄)ပါးပွဲခြံရဲလျက် စားပွဲပေါ်တွင် တင်မြှောက်ထားပါသည်။ ဝိဇ္ဇာရပွဲနှင့် ထွက်ရပ်ပုဂ္ဂိုလ်ကြီးများအား ပူဇော်သော ကန်တော့ပွဲ တစ်ပွဲကိုလည်း တင်မြှောက်ထားပါသည်။ စားပွဲပေါ်တွင် ဝိတ်ဖြူ၊ ဝိတ်နီများ ခင်းထားပါသည်။ အောင်အိုးကို အောင်သပြေဖြင့် ထိုးထားပြီး နံ့သာတိုင်၊ အလင်းတိုင်များ ပူဇော်ထားပါသည်။

တပေါင်းလပြည့်နေ့ မတိုင်မီခင်ကတည်းက ဆရာတော်၏ မိန့်မှာချက်အရ နဝဂ်သီလဆောက်တည်ခြင်း၊ သက်သတ်လွတ်စားစေခြင်း၊ အမိဋ္ဌာန်ပုတီး(ဂုဏ်တော်ကွန်ချာ) စိပ်ခြင်းအပြင် သိရိဝိစိတ္တာရွှေကြာအင်းတွင် ပါရှိသော အင်းဆဲဂါထာကို ပုတီးစိပ်ခဲ့ရပါသည်။

သိရိဝိစိတ္တာအလင်္ကာပဏာမ ရွှေကြာအင်း

ဓိနာတိ မာရာရိ
ဓိနော ဒယာလယော။
ဓိနတ္တ ဓမ္မောစ
ဓိနေန ပူဇိတော။
ဓိနောရသော နန္ဒ
ဓိနပ္ပ သံသိတော၊
ဓိနာဒယော တေရိ
ဓိတေ နမာ မဟံ။

အထက်ပါ အင်းဆဲဂါထာကို မရွတ်မီ-

'ဥဠု သိဒ္ဓါဘဝန္တု ဓိနစတ္တာရာမိ ဗုဒ္ဓိယော' ကို အရင်ရွတ်ရန် ဆရာခို၏မြေးဖြစ်သူက ဖြည့်စွက်ပြောကြားခဲ့ပါသည်။



သိရိဝိစိတ္တာအလင်္ကာပဏာမ ရွှေကြာအင်း

သိရိဝိစိတ္တာ ရွှေကြာအင်းတော်ကြီးကို ဘုရင့်နောင်ကျောက်ထင်အနော်ရထာသည် သမိန်ထောရာမနှင့် တိုက်ခိုက်သော စစ်ပွဲတွင် ဆင်တော်၏ဦးကင်းတွင် ဟသ်ပြဒါးနှင့် စီရင်ခဲ့ပါသည်။ ဘုရင့်နောင်ကျောက်ထင် အနော်ရထာမင်းကြီး ကိုယ်တိုင်လည်း ထိုဂါထာတော်ကြီးကို ရွတ်ဖတ်ပြီးမှ စစ်ထွက်လေ့ရှိပါသည်။ ထို့ကြောင့် ရန်သူများ ကစဉ့်ကလျားဖြင့် ကျဆုံး၍ စစ်အောင်နိုင်ခဲ့ပါသည်။ ရွှေကြာအင်းဂါထာတော်ကြီးကို ရန်အောင်မြင်ဂါထာဟု လူသိများခဲ့ရခြင်း ဖြစ်ပါသည်။

ထိုရွှေကြာအင်းတော်ကြီးမထိုးမီ ဆေးထိုးခံမည့် လူပုဂ္ဂိုလ်(၃)ဦးကို ဆံပင်များကို ရိတ်ပယ်လိုက်ပါသည်။ ဆံပင်များကိုလည်း စနစ်တကျသိမ်းဆည်းပြီး မြေအိုး(အတာအိုး)ဖြင့် သိမ်းဆည်းခဲ့ကြပါသည်။ နောက်မှ သိရသည်မှာ ထိုဆံပင် ထည့်ထားသော အတာအိုးများကို ရေစီးသော ပဲခူးမြစ်တွင် ရေတော်၌ မျှောလိုက်ကြပါသည်။ ဦးခေါင်းတွင် ထိုးနှံသော ရွှေကြာအင်းပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ရှေးခေတ် ထိုးကွင်းမင်ကြောင်ဓလေ့သည် လေးရွာများတွင် အတော်ခေတ်စားခဲ့ပါသည်။ ယခုအခါတော်

www.burmeseclassic.com

www.burmeseclassic.com

Tatoo နှင့် မတူပါ။ စာရေးသူတို့ ကျောင်းသားဘဝတွင် သတ္တိ၊ ဇွဲ စာတန်းနှင့် အသည်း(အသဲ)ပုံ၊ အရိုးခေါင်း အစရှိသည်တို့ကို ဘက်ထရီနှင့် ကျင်စက်တို့ ဆက်သွယ်ကာ အပ်ကို တုန်ခါစေပြီး ဆေးထိုးအလှဆင်ကြပါသည်။ စိန်ဂေါလီဂိုဏ်း ဆေးမင်ကြောင်တက်တူးလည်း တစ်ခေတ် ထခဲ့ပါသည်။

စာရေးသူတို့ဖခင် လက်ထက်ကဆိုလျှင် ထိုးကွင်းမင်ကြောင်ကို အရွယ်ရောက်သောလူငယ်များ ထိုးကြပါသည်။ ရွာထိပ် ညောင်ပင်အောက်တွင်လည်းကောင်း၊ ဂိုဏ်းဆရာကြီးများ၏အိမ်တွင်လည်းကောင်း ကန်တော့ပွဲပေး၍ ထိုးကြပါသည်။ ခါးတွင် ထိုးသောအခါ ဝက်ကုန်းရုပ်ကို ထိုးပါသည်။ ပေါင်(၂)ဖက်တွင် ကြောင်အတက်အဆင်းရုပ်၊ ခွး(၂)ဖက်တွင် ဘီလူးရုပ်ထိုးပါသည်။ နတ်ဆေးအဖြစ် မင်းကြီးမင်းလေး၊ ခွန်ချိုခွန်သာ၊ ကိုးမြို့ရှင် စသည်ဖြင့် ထိုးကြပါသည်။ ကြောက်တတ်သူများ၊ သူရဲဘောကြောင်သူများ မထိုးကြပါ။ ထိုအခါ ကွမ်းတောင်ကိုင်တို့က သတ္တိမရှိဟု မှတ်ချက်ပေး၍ ချစ်ရေးဆိုရာတွင် မျက်နှာငယ်ကြောင်း သိရပါသည်။

ဆရာက ဆေးထိုးပေးသောအခါ ထလို့ပြေးချင် ရေအိုးတင် ဆရာကော်ဆဲ တင်ပလွဲဟု အဆိုရှိပါသည်။ စာရေးသူတို့ ရွှေကြာအင်းထိုးစဉ်က ကွမ်းသီးကိုကိုက်၍ အံကို ကြိတ်ထားရပါသည်။ ကြက်ခေါင်းဆီစက်မခံ ဆိုသည်မှာ အနာမခံနိုင်၍ ပြန်၍တုံ့ပြန်ခြင်း ဖြစ်ပါသည်။ ဆေးထိုးပေးသောဆရာဖြစ်၍ ငုံ့ခံနေခြင်း ဖြစ်ပါသည်။ စုတ်ဆေး တစ်ချက်ပေါက်တိုင်း မျက်စိထဲတွင် နာလွန်း၍ မီးတစ်ချက်ပွင့်သွားပါတော့သည်။

ရွှေကြာအင်းဆေး ထိုးပြီးသောအခါ တစ်ပတ်(၇)ရက်တိုင်တိုင် ဆရာတော်ကျောင်းတွင် ထပ်၍ နဝင်္ဂသီလ ဆောက်တည်ပြီး ရွှေကြာအင်းဆံဂါထာကို တစ်နေ့ တစ်ထောင်ရွတ်ကြရပါသည်။ တစ်ပတ်ပြည့်မှ အိမ်ပြန်ရပါသည်။

ထိုအကြောင်းကို ဆရာကြီးဦးကျော်ရင်နှင့် တွေ့သောအခါ ရွှေကြာအင်းအကြောင်း ပြောပြသောအခါ ဆရာခိုလိမ်းဆေး၏ LOGO(ကုန်အမှတ်တံဆိပ်)မှာ ရွှေကြာအင်းဖြစ်ကြောင်း ရှင်းပြပါသည်။ ILBC တွင် Primary 1 ၌ ကျောင်းတက်နေသောမြေးကို ကျောင်းသွားကြိုသောအခါ ဆရာခို၏ မြေးဖြစ်သူက ဂါထာ၏ ပဏာမရွတ်စဉ်ကို ဖြည့်စွက်ပြောပြပါသည်။ သူတို့ပေယ်စဉ်ကတည်းက ဘုရားဝတ်တက်လျှင် ရွှေကြာအင်းဂါထာကို အမြဲရွတ်ကြရကြောင်း ပြောပါသည်။

ဆရာခို၏ မြေးမြစ်ဖြစ်သူ ဦးအောင်ကျော်ဆန်း၏ သမီးနှင့် စာရေးသူ၏ မြေးတို့သည် (Class Mate) ILBC တွင် အတန်းဖော်များ ဖြစ်ကြပါသည်။ ကျောင်းသွားကြို တိုင်း လူကြီးချင်း ခမ္မသာဂစ္ဆာခမ္မမိတ်ဆွေအဖြစ် တရားဆွေးနွေးလေ့ရှိပါသည်။ မကြာခဏဆိုသလို ဆရာခိုလိမ်း



ထိုင်းနိုင်ငံ ဝပ်ဇလွန်ဆရာတော်ဘုရားကြီး၏ ရတနာရွှေကြာအင်း



ကုန္ဓိတံလာဘာဓနရွှေကြာအင်း

www.burmeseclassic.com

www.burmeseclassic.com



ကာယသီဒို့ရွှေကြာအင်း



သမာဆာလိပ်ကိုယ်လုံးကြီးရွှေကြာအင်း

သီရိဝိစိတ္တ ရွှေကြာအင်းဂါထာ

အစ္ဆန္တာဒရအဂ္ဂဝံသဇံ
အန္တာတိဂ္ဂတအဗ္ဘုတဂ္ဂဏံ
အဂ္ဂတျဂ္ဂဇအဂ္ဂဒေသနံ
အစ္ဆေယျသီရိအသုံမဇိနံ။



သည်။

ထိုရွှေကြာအင်းများသည်လည်း အစွမ်းထက်ကြောင်း လေ့လာသိရှိရပါသည်။ စာဖတ်သူတို့ ဗဟုသုတအလို့ငှာ ဖော်ပြလိုက်ပါသည်။ ခွဲစိတ်အထူးကုဆရာဝန်ကို ကျေးဇူးတင်ရမည် ဖြစ်ပါသည်။ ဆရာဝန်ပင် ဖြစ်ငြားသော်လည်း ငယ်ငယ်ရွယ်ရွယ်နှင့် ဂန္ဓိရပညာကို ဌာနကုန်အောင် လေ့လာလိုက်စားသဖြင့် လေးစားလောက်သော အနာဂတ်မျိုးဆက်သစ် ပညာရှင်ဟု ခေါ်ဆိုရမည် ဖြစ်ပါသည်။

အလားတူပင် ငှက်တွင်းဂိုဏ်းနှင့် စတုဘုမ္မိကကျင့်စဉ် စာအုပ် ဓမ္မဒါနလက်ဆောင် ပေးလိုက်ပါသည်။

ဆေးနှင့် လျက်ဆား လက်ဆောင်ပေးလေ့ရှိသည့်အပြင် ငှက်တွင်းဂိုဏ်း စတုဘုမ္မိက သာသနာ့ပြုကျင့်စဉ် စာအုပ် ၀၀၂ ဓမ္မဒါနလက်ဆောင် ပေးလိုက်ပါသည်။

တစ်ဖန် စာရေးသူထံတွင် ဂန္ဓိရပညာများ လာရောက် လေ့လာနေသော ခွဲစိတ်အထူးကုဆရာဝန် တစ်ဦးကလည်း သူ့ရရှိထားသော ရွှေကြာအင်းမူကွဲများကို ယူလာပြီး ပြပါသည်။ စာရေးသူ ယိုးဒယား(ထိုင်းနိုင်ငံ)တွင် အင်္ဂလိပ်စာ ပြသော အလုပ်လုပ်စဉ်က ထိုင်းဆရာတော်ကြီးအား နီးနီးစပ်ကပ် ဖူးမြော်ခွင့်ရခဲ့သလို မြဘုရားသို့လည်း ဆရာတော်ကြီး၏ကျေးဇူးကြောင့် အချိန်မရွေး ဖူးမြော်ခွင့်ရရှိခဲ့ပါ

မေတ္တာရည်၍

ပုဇော်ဟိတ် ဆရာဦးမြတ်နိုး

ဖုန်း - ၀၉ ၅၁ ၇၆၆၄၆

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓနိယာမ အနန္တသိဒ္ဓိအင်းကိုဆောင်

သုဒ္ဒ(နဝင်းမြို့)

တစ်နေ့သည် ကျွန်ုပ်၏တပည့် မောင်စောလှမြင့် ကျွန်ုပ်ထံ ရောက်လာပါသည်။ သူလက်ထဲတွင် (၃၂)တိုင်ပါသော ဖယောင်းတိုင်ထုပ်(၃)ထုပ်နှင့် အမွေးတိုင်အထုပ်ကြီး(၁)ထုပ်ကို ကြွပ်ကြွပ်အိတ်နှင့် ထည့်ခွဲလာပါသည်။

သီတင်းဝါလဆန်းကျွတ်ပြီးဖြစ်၍ ကျွန်ုပ်၏ ဘုရားခန်းတွင် မြတ်စွာဘုရားရှင်ကို ကပ်လှူပူဇော်ရန် ကျွန်ုပ်၏အကြိုက် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာလှူဖွယ်ပစ္စည်းတို့ဖြင့် လာရောက်ကန်တော့ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်၏ တပည့်သည်လည်း နတ်ကိုးကွယ်သူများ ပြောလေ့ရှိသော စကားအရဆိုလျှင် ပဲခူးလာလျှင် မိုးပါရမည်ဟု မှတ်သားထားလေသည်။ ကျွန်ုပ်တပည့်ကလည်း ရောက်လာလျှင် အမေးပုစ္ဆာပြဿနာ ပါလာမြဲ ဖြစ်လေသည်။

သူပါလာသည့်ပစ္စည်းများ လာရောက်ပေးအပ် ကန်တော့သည့်ကိစ္စ ပြီးသည်နှင့် အောက်ပါအတိုင်း စကား စလေတော့သည်။

"ဆရာ..ကျွန်တော်တို့ရဲ့ သုံးလောကထွတ်ထား မြတ်စွာဘုရားရှင်တို့မှာ စုစုပေါင်း အသင်္ချေယျ(၂၀)တိုင်အောင် ပါရမီဖြည့်ဆည်းရတဲ့ယ်။

စိတ်ဖြင့်ကြံစည်မှု၊ စိန္တိက် သတ္တသင်္ချေယျ၊

နှုတ်မြွက်အားထုတ်မှု၊ နဝသင်္ချာယျ ဝါစက်၊

ကိုယ်စိတ်နှလုံးသုံးပါးလုံး ဖြည့်ဆည်းမှု၊

ကာယဝါစာ စကုဒ္ဓာက်လို့ ဆိုထားတာမို့

သင်္ချာရေပေါင်း အသင်္ချေ(၂၀)ပါ။

အခု ကျွန်တော် သိချင်တာ၊ လိုချင်တာကို ပြောမှာပါ။ မြတ်စွာဘုရားရှင်တို့ ပါရမီတော်ကို အဆင့်(၃)ဆင့်ဖြင့် တည်ဆောက်ခဲ့ပြီး အတုမဲ့ အရှိုင်းမဲ့ ဖြစ်တော်မူခဲ့ရတာမို့ လွန်စွာကိုးစားယုံကြည် ကြည်ညိုပါတယ် ဆရာ။

ဝိဇ္ဇမရဂမ္ဘီရပညာနယ်အနေနဲ့ ထိုဗုဒ္ဓနိယာမ သင်္ချာရေ(၂၀)ကို အင်းစီမံပြီး ဆောင်ချင်လို့ပါ။ အဲဒါ ဆရာ့အနေနဲ့ ကူးပေးပါ"ဟု တောင်းဆိုလာပါတော့သည်။

မောင်စောလှမြင့်သည် ယောကျ်ားတိုင်း ရှောင်နိုင်ခဲသော အဲကြောင်းသုံးမျိုးဖြစ်သည့် အပျော်(၃)ရပ်ကို ရှောင်ကြဉ်သူဖြစ်ခြင်း၊ နောက် (အ)လေးလုံးနှင့် ကင်းလွတ်သူဖြစ်နေ၍ ချီးမြှင့်ရန် သဘောတူလိုက်ပါသည်။

ယောကျ်ားတိုင်း ရှောင်နိုင်ခဲသော အပျော်(၃)မျိုးမှာ-

(က) သောက်စားခြင်း၊

(ခ) လောင်းကစားခြင်း၊

(ဂ) အပျော်အပါးဝါသနာရှိခြင်းတို့ပင် ဖြစ်ပါသည်။

အများအကြိုက် ရေသာခိုလိုက်နေတတ်သော (အ) လေးလုံးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) အကြွားကြီးခြင်း၊

(၂) အစားကြီးခြင်း၊

(၃) အပျင်းကြီးခြင်း၊

(၄) အအိပ်ကြီးခြင်းတို့ ဖြစ်သည်။

စာချစ်သူမိတ်ဆွေများ သိပြီးဖြစ်မည်ဟု ယူဆပါသည်။

ကျွန်ုပ်တင်ပြရမည့် ဗုဒ္ဓနိယာမ အနန္တသိဒ္ဓိအင်းသည် (၃၂)ကွက်ပါဝင်နေသော ခိုနန်းချိုးအင်းပင် ဖြစ်ပါသည်။ အင်းဆံအဖြစ် ရေးသွင်းရမည့် စာလုံးရေ အားလုံးပေါင်း အရေအတွက်သည် (၃၂)လုံး ဖြစ်ပါသည်။

ထိုခိုနန်းချိုးအင်းကို အင်းဆံရေးသွင်းရာတွင် အင်းသွားပုံ စည်းကမ်းနည်းလမ်းများစွာမှ မြင်းသွားစနစ်ဖြင့် အင်းဆံရေးသွင်းရမည်ဖြစ်သည်။ မြင်းသေမြင်းသွား ကိုတော် ရန်လည်း အထူးအရေးကြီး အရာရောက်ပါသည်။

ဆန္ဒတူညီ၍ စီမံဆောင်ရွက်လိုကြသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ လွယ်လင့်တကူ စီမံဆောင်ရွက်နိုင်ကြစေရန် ခိုနန်းချိုးအင်းဘောင်တွင် အင်းဆံထည့်ရန် မြင်းသွားနည်းဖြင့် ချနိုင်စေရန် သင်္ချာရေ(၁)ဂဏန်းမှ (၃၂) တိုင်အောင် မြင်းသွားကိုက် ရေးပြထားပြီး ဖြစ်ပါသည်။

နမူနာ ခိုနန်းချိုးအင်းနှင့် မြင်းသွားနည်းနမူနာပုံစံကို အောက်တွင် ဖော်ပြထားလိုက်ပါသည်။ အင်းဆံဂါထာကိုလည်း အောက်တွင် ရေးပြထားလိုက်ပါသည်။

စိန္တိတ် သတ္တသင်္ချေယျ၊ နဝသင်္ချာယျဝါစက်၊

ကာယဝါစာ စတုဒ္ဓာတ်၊ ဗုစ္ဓတ္တံ ပရိပူရိတံ။

အင်းဆံရေးသွင်းရာတွင် အမှားအယွင်းမရှိစေရအောင် ဖြည်းဖြည်းနှင့် လှလှရေးသွင်းရန် သတိပြုရမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဂိုဏန်းချိုး မြင်းသွားအင်း နမူနာပုံစံ

	၂၄	၁	၁၄	၂၁	
၃၂	၅	၂၂	၂၅	၂	၁၅
၂၃	၂၆	၉	၄	၁၃	၂၀
၆	၃၁	၂၈	၁၉	၁၆	၃
၂၇	၁၀	၁၇	၈	၂၉	၁၂
	၇	၃၀	၁၁	၁၈	

ဗုဒ္ဓနိယာမအနုဿတိဒိဋ္ဌအင်းစီမံရပုံ

၁။ **ရက်ရွေးရခြင်းနှင့် ကာလသတ်မှတ်ရခြင်း**

(က) မြန်မာလ၏ လဆန်း(၅)ရက် အတွင်းတွင် စတင်ပါ။

(ခ) ကာလမှာ (၄၅)ရက် ဖြစ်ပါသည်။

ပထမဝါရ - (၁၅)ရက်

ဒုတိယဝါရ - (၁၅)ရက်

တတိယဝါရ - (၁၅)ရက်

စုစုပေါင်း (၃)ဝါရ (၄၅)ရက် ဖြစ်ပါသည်။

၂။ **စီမံရန်နှင့် ကြိုတင်ပြုဖွယ်များ**

(က) ဗုဒ္ဓနိယာမ အနုဿတိဒိဋ္ဌအင်း စီမံထားပါ။

(ခ) သာသနာစောင့် နတ်မင်းကြီးလေးပါး သိဒ္ဓိရှင် ဆရာသခင်များ၊ အမြဲကူညီပေးကြသောသူများ (ပုဂ္ဂိုလ်များ)။

(ဂ) ပန်း၊ ရေချမ်း၊ နံ့သာတိုင်၊ အလင်းတိုင်တို့ ကပ်လှူပူဇော်ပါ။

၃။ **အဓိဋ္ဌာန်ကာလ နေ့စဉ်ပြုဖွယ်များ**

(က) ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ ဆုမွန်တောင်းခံခြင်း၊

(ခ) အောက်ပါဂါထာတို့ဖြင့် သိဒ္ဓိတင်ပူဇော်ပါရန်။

* စိန္တာမဏိ ရတနာနိ
ဗုဒ္ဓံ ဗုဒ္ဓ ရတနာနံ
ကရံ ကရတိ သရဏံ
ခိပ္ပမေဝ သမိဇ္ဈတု။
* စိန္တာမဏိ ရတနာနိ
ဓမ္မံ ဓမ္မ ရတနာနံ
ကရံ ကရတိ သရဏံ
ခိပ္ပမေဝ သမိဇ္ဈတု။
* စိန္တာမဏိ ရတနာနိ
သံဃံ သံဃ ရတနာနံ
ကရံ ကရတိ သရဏံ
ခိပ္ပ မေဝ သမိဇ္ဈတု။

ဂါထာတစ်ပုဒ်ကို ပုတီးတစ်လုံးချစနစ်ဖြင့် ပုတီးတစ်ပတ် စိပ်ရပါမည်။ ဂါထာ(၃)ပုဒ်ဖြစ်၍ ပုတီး(၃)ပတ်စိပ်ရန် ဖြစ်ပါသည်။ (ဂုဏ်တော်ပုတီးကို ၁၀၈ လုံးပုတီးကုံးကိုသာ အသုံးပြုရပါမည်။)

(ဂ) ထုပ်မံပြီး သစ္စာပြုပါ။

* ဆုမွန်တောင်းခံပါ။
* ဝေနေယျအများကို မေတ္တာပို့သပါ။
* ဝေနေယျအားလုံး ကုသိုလ်အမျှပေးဝေပါ။
* ဖိတ်ထားခဲ့သူများ နေရပ်ပြန်ပို့ပါရန်။

အထက်တွင် ဖော်ပြထားခဲ့သော ဝါရငယ်တို့မှာ (၁၅) ရက်စီဖြစ်၍ ရပ်နားရခြင်း မရှိပါ။ တစ်ဆက်တည်း သွားရမည် ဖြစ်ပါသည်။

ဤနေရာတွင် သစ္စာစကားဆိုပါက ဝစီသစ္စာဖြစ်သည် အရပ်စကားနှင့်ဆိုလျှင် နှုတ်ကတိဖြစ်သည်။ ဥပမာ- တစ်စုံတစ်ခုကို ချိန်းဆိုထားပါက နှုတ်ထွက်စကားအတိုင်း အချိန်တိကျဖို့ အရေးကြီးပါသည်။

အကြောင်းကြောင်းကြောင့် အချိန်းအချက် မရဲနိုင် တော့လျှင် ယုံနေခေတ်သည် လက်ကိုင်ဖုန်းများ ပေါနေပြီ ဖြစ်၍ အချိန်မီ ပြောင်းရွေ့ချိန်းဆိုပါ။ (စာရေးသူ)

ပြုဖွယ်ကိစ္စအဝဝကို အဓိဋ္ဌာန်ကာလတွင် အောင်မြင်ပြီးသည်နှင့် ဗုဒ္ဓနိယာမ အနုဿတိဒိဋ္ဌအင်းကို ဆောင်နိုင်ကြပြီဖြစ်ပါသည်။ ထူးထူးခြားခြား အောင်မြင်မှုများရပြီဆိုလျှင် မိဘမဲ့ကလေးများကျောင်းကို သဒ္ဓါပြဋ္ဌာန်းသလောက် လှူဒါန်းကြပါဟု ဆန္ဒပြုလိုက်ပါသည်။

ပညာတိုးပွားရန် အကျိုးများကြပါစေ

သုဒ္ဓ(နဝင်းမြို့)

မှီငြမ်း * ဗာဟုမဲ့ကျမ်းရင်း။
* ကိုယ်တိုင်လေ့လာချက်များ။

www.burmeseclassic.com

www.burmeseclassic.com

လိုတရစွယ်ဓိဘုရင်း

တက္ကသိုလ်အပန်းယဉ်

စာရေးသူတို့၏ ပိန္နဲကုန်းရပ်ကွက်တွင် စာကြည့်တိုက်တစ်ခုကို ကျပ်သိန်း(၅၀)ကျော် အကုန်ခံ၍ (၂၀၀၀)ပြည့် နှစ်က ဆောက်လုပ်ထားစဖြစ်၏။ (၁၀)ပေ × (၂၀)ပေ နှစ်ထပ်တိုက်အဆောက်အအုံ ဖြစ်သည်။ အောက်ထပ်တွင် စာဖတ်ခန်းဖွင့်ထား၏။ ဖွင့်ခါစက စာဖတ်သူ အတော်များပါသည်။ ယခုအခါ တစ်နေ့လျှင် စာဖတ်သူ ဆယ်ယောက်မျှသာ ရှိတော့၏။

စာဖတ်သူများထဲတွင် ဝါသနာပါသူနှစ်ဦးမှာ ပုံမှန်လာနေကျဖြစ်သည်။ တစ်ယောက်က စာရေးဆရာ ဒါရိုက်တာ နန္ဒဝင်းကျော်ခေါင်ဖြစ်ပြီး ကျန်တစ်ယောက်မှာ မောင်ဉာဏ်မင်းလွင်တို့ဖြစ်၏။ မောင်ဉာဏ်မင်းလွင်သည် အသက်နှစ်ဆယ့်ငါးနှစ်ကျော်အရွယ် လူငယ်တစ်ဦးဖြစ်ပြီး လောကီပညာရပ်များကို ဝါသနာထုံသူ ဖြစ်သည်။

စာကြည့်တိုက်ရှိ လောကီပညာရပ်နှင့်ပတ်သက်သော စာအုပ်မှန်သမျှကို ဖတ်ရှုလေ့လာပြီးဖြစ်၏။ လောကီကျမ်း၊ အင်းကျမ်းနှင့် နိမိတ်ကျမ်းများကို ရသမျှ ဝယ်ယူစုဆောင်းထားပြီး နေအိမ်တွင် ကိုယ်ပိုင်စာကြည့်တိုက်သဖွယ် ပြုလုပ်ထားသည်။ အင်းစိန်ဈေးထဲတွင် အိမ်သုံးဖစ္စည်းများကို ရောင်းနေသော်လည်း စာပေဝါသနာပါ၏။ စာကြည့်တိုက်မှ စာအုပ်များကို နေ့စဉ်ငှားရမ်း၍ စာဖတ်သည့် အလေ့အကျင့်ကို ပြုလုပ်ထားသည်။

တစ်နေ့ စာရေးသူတို့သုံးဦး ဝိုင်းဖွဲ့၍ စာပေအကြောင်း ဆွေးနွေးနေစဉ် မောင်ဉာဏ်မင်းလွင်က စာရေးသူအား စကားဖြတ်၍ မေးလာသည်။

"ဦးတို့ကို တစ်ခုမေးပါရစေ"

"ဘာများမေးချင်လို့လဲ"

"ကျမ်းတွေကို ဖြုတ်ထားတာ နှစ်ပေါင်းတစ်ရာကျော်ရှိပြီ။ တိုးတက်နေတဲ့ ယခုခေတ်နဲ့ရော အံဝင်ခွင်ကျ ရှိပါ့တော့မလား"

"ရှေးခေတ်အဆက်ဆက်က ပညာရှိကြီးတွေ ပြုစုခဲ့တဲ့ ကျမ်းတွေဟာ နှစ်ကြာမြင့်ပြီ ဖြစ်ပေမယ့် အခုအထိ ပယ်လို့ မရသေးဘဲ အသုံးတည့်နေတုန်းပဲ။ ဝိဇ္ဇာလမ်းတွေဆိုရင် ဒီကျမ်းတွေကိုပဲ လေ့လာလိုက်စားနေရတုန်းပဲလေ။ ရှေးထုံးလည်း မပယ်နဲ့ ဈေးသုံးလည်း မလွယ်နဲ့လို့ ဆိုထားတယ် မဟုတ်လား"

"ဒါဆိုရင် အင်းပညာတွေကလည်း အစွမ်းထက်နေသေပေါ့။ ကျွန်တော်က ဝါသနာပါလို့ လက်ရှမ်းမီသလောက် လေ့လာနေတာ စမ်းတော့ မစမ်းရသေးဘူး။ တတ်ကျွမ်းသူရှိရင် မျက်မြင်ကိုယ်တွေ့ ဒေလာချင်ပါတယ်"

"အေးလေ..ရှေးထုံးပယ်တော့ လွဲတတ်တယ်ဆိုသလို ရှေးထုံးအစီအမံတွေမှာ အတိအကျရှိပြီးသား။ အောင်မြင်ပေါက်မြောက်သွားတဲ့ သာဓကတွေလည်း အများကြီးရှိတယ်။ တကယ်လုပ်ရင် တကယ်ဖြစ်တာပေါ့။" မောင်ဉာဏ် လေ့လာချင်ရင် တို့ဆရာကြီးဆီကို လိုက်ခဲ့လေ"

"ဒီလိုဆိုဟန်ကျပြီ။ ဘယ်တော့လိုက်ခဲ့ရမှာလဲ"

"ကြာတယ်။ မနက်ဖြန် တနင်္ဂနွေပဲ။ မနက်ဖြန်သွားကြတာပေါ့"

◆◆◆

တနင်္ဂနွေရုံးပိတ်ရက်ပေမို့ ဆရာကြီး၏ နေအိမ်မှာ လူစည်ကားနေ၏။ ဆရာကြီးသည် (...)ဂိုဏ်းမှ ဂိုဏ်းထိပ်တစ်ဦးဖြစ်သည်။ ဆရာကြီးသည် အဓိကဆေးကုသမှုပယောဂများကို ရံဖန်ရံခါကုသပေးသည်။ စီးပွားကျန်းမာရေးနှင့် လူမှုရေးကိစ္စများကိုလည်း အင်းများ၊ ဖယောင်းတိုင်များ စသည်တို့ကို စီရင်ပေး၏။

စာရေးသူတို့ ရောက်သွားသောအခါ ဆရာကြီး ပြုံး၍နှုတ်ဆက်သည်။ တနင်္ဂနွေ ရုံးပိတ်ရက်ဆိုင်း လာ

www.burmeseclassic.com

www.burmeseclassic.com

ကျွမ်မို့ အရေးတယူ မရှိတော့ပါ။ ဆရာကြီးသည် ယနေ့ပိတ်ဖြူဝတ်မထားဘဲ ယောဂီဝတ်စုံကိုသာ ဝတ်ထား၏။

စာရေးသူတို့ ရောက်သွားခိုန်တွင် ဧည့်သည်တစ်ဦးကို အင်းတစ်ချပ် စီရင်ပေးနေ၏။ လိုတရစွယ်စုံအင်းဟု ပြောနေသည်။ စာရေးသူတို့နှစ်ယောက် စိတ်ဝင်စားစွာ ရှေ့သို့ တိုးကြည့်သည်။ မောင်ဉာဏ်မင်းထွန်းတစ်ယောက် အတော့်ကို စိတ်ဝင်စားနေပုံရ၏။

ဆရာကြီးက ဧည့်သည်နှင့် စာရေးသူတို့နှစ်ဦး သဘောပေါက်နားလည်စေလိုသော စေတနာဖြင့် အင်းရေးနည်းကို အသေးစိတ် ရှင်းလင်းပြသပါသည်။

အင်းဟူသမျှသည် စမွာနဝ မူလအင်းတော်ကြီးမှ ဆင်းသက်လာသည်။ ယခုအင်းတော်မှာ (၅)ကွက်အင်းဖြစ်ပြီး အင်းဆံ(၂၅)ခု ရေးသွင်းရမည်။ အင်းကွက်နှင့် အင်းဆံအစီအစဉ်လိုက် သွားပုံကို အောက်တွင် ဖော်ပြပါသည်။

၁၁	၄	၁၇	၁၀	၂၃
၂၄	၁၂	၅	၁၈	၆
၇	၂၅	၁၃	၁	၁၉
၂၀	၈	၂၁	၁၄	၂
၃	၁၆	၉	၂၂	၁၅

အင်းဆံသွားပုံ

အစဉ်လိုက် ဝံမှယာသို့ ပေါင်း

၁၁ + ၄ + ၁၇ + ၁၀ + ၂၃ = ၆၅
၂၄ + ၁၂ + ၅ + ၁၉ + ၆ = ၆၅
၇ + ၂၅ + ၁၃ + ၁ + ၉ = ၆၅
၂၀ + ၈ + ၂၁ + ၁၄ + ၂ = ၆၅
၃ + ၁၆ + ၉ + ၂၂ + ၁၅ = ၆၅

အထက်မှ အောက်သို့ ပေါင်း

၁၁ + ၂၄ + ၇ + ၂၀ + ၃ = ၆၅
၄ + ၁၂ + ၂၅ + ၈ + ၁၆ = ၆၅
၁၇ + ၁၅ + ၁၃ + ၂၁ + ၉ = ၆၅
၁၀ + ၁၈ + ၁ + ၁၄ + ၂၂ = ၆၅
၂၃ + ၆ + ၁၉ + ၂ + ၁၅ = ၆၅

ထောင့်တန်းပေါင်းပုံ

၁၁ + ၁၂ + ၁၃ + ၁၄ + ၁၅ = ၆၅
၃ + ၈ + ၁၃ + ၁၈ + ၂၃ = ၆၅

ဤသို့ပေါင်း၍ရသော အင်းဆံဂဏန်းပေါင်း(၆၅)ကို ငါးပါးသီလဖြင့် စားပါက (၁၃)ရ၍ ပြတ်၏။ အကြွင်းမရှိပါက မှန်ကန်ပါသည်။ လိုအပ်သည့် အကြောင်းကိစ္စများကို အောင်မြင်စေလိုပါက အောက်ပါအတိုင်း အင်းကို ရေးရမည်။

ဥပမာ - ငွေ ဝင် ကြ စေ
နံသင့် - ၂ ၄ ၂ ၃ = ၁၁ = ၁ + ၁ = ၂

နံသင့်ဂဏန်း(၁၁)ကို သမ္မန္ဓသချိုကနည်းဖြင့် ထပ်ပေါင်းလိုက်ပါက (၂)ဂဏန်းရမည်။ အင်းကွက်ကို (၂)ဂဏန်းမှ အစပြု၍ ရေးသွားရမည်။

၁၂	၅	၁၈	၁၁	၂၄
၂၅	၁၃	၆	၁၉	၇
၈	၂၆	၁၄	၂	၂၀
၂၁	၉	၂၂	၁၅	၃
၄	၁၇	၁၀	၂၃	၁၆

အစဉ်လိုက် ဝံမှယာပေါင်းသော် = ၇၀ ရ၏။
အထက်မှအောက်သို့ပေါင်းသော် = ၇၀ ရ၏။
ထောင့်တန်းပေါင်းသော် = ၇၀ ရ၏။
ငါးပါးသီလနှင့် စားက ပြတ်၏။

ဥပမာ - အကြွေးအမြန်ပေး
နံသင့် - ၁ ၂ ၁ ၅ ၅ = ၀၄ = (၁+၄) = ၅

နံသင့်ဂဏန်း ၁၄ ကို သမ္မန္ဓသချိုကနည်းဖြင့် ထပ်ပေါင်းလိုက်ပါက (၅)ဂဏန်းရမည်။ အင်းကွက်ကို (၅)ဂဏန်းမှ အစပြု၍ ရေးသွားရမည်။

အစဉ်အလိုက် ဝံမှယာပေါင်းသော် = ၈၅ ရ၏။

www.burmeseclassic.com

www.burmeseclassic.com

၁၅	၈	၂၁	၁၄	၂၇
၂၈	၁၆	၉	၂၂	၁၀
၁၁	၂၆	၁၇	၅	၂၃
၂၄	၁၂	၂၅	၁၈	၄
၇	၂၀	၁၃	၂၆	၁၉

အထက်မှအောက်သို့ပေါင်းသော် = ၈၅ ရ၏။
ထောင့်တန်းပေါင်းသော် = ၈၅ ရ၏။
ငါးပါးသီလ ကဲ့ငါးပါးနှင့် စားပါက ပြတ်၏။
အလိုရှိသလို အကြောင်းအရာများကို ရေးချပြီး ဤအင်းကို ရေး၍ ဆောင်ရမည်။

ဥပမာ - အောင်မြင့် ဈေးရောင်းကောင်းစေ
နံသင့် - ၁ ၅ ၃ ၈ ၂ ၃
= ၂၂ = ၂ + ၂ = ၄
မောင်ဝင်း အမြန်ပြန်လာပါ
၅ ၄ ၁ ၅ ၅ ၄ ၅
= ၂၉ = ၂ + ၉ = ၁၁ = ၁ + ၁ = ၂
စာမေးပွဲ အောင်ပါစေ
၃ ၅ ၅ ၁ ၅ ၃ = ၂၂= ၂+၂= ၄
ရာထူး တက်ပါစေ
၈ ၅ ၇ ၅ ၃ = ၃၀ = ၃

အထက်ပါအင်းများကို ရေးပြီးပါက ငါးပါးသီလခံယူပြီး ဂုဏ်တော်ကိုးပါးပုတီးကို ကိုးပတ်စိပ်ပေးပါက အောင်မြင်ပြည့်စုံမှုကို ကြုံတွေ့ခံစားရမည်ဖြစ်ပြီး မိမိ၏ လိုအင်ဆန္ဒကို ပြည့်ဝသွားသလို တခြားဘာက်မှလည်း ဂုဏ်တော်များ၏ အကျိုးကျေးဇူးများ ခံစားရမည်ဖြစ်ကြောင်း ဖော်ပြလိုက်ပါသည်။

အောင်မြင်ကြီးပွားကြပါစေ
တက္ကသိုလ်အပန်ငယ်

စိတ်မနောအာရုံ အကြားအမြင် လက္ခဏာ
ဆရာမကြီး ဒေါ်အေးမိုးမိုး၏သမီး
ဆရာမထက်ဦးခိုင်သိပ္ပံလက္ခဏာဗေဒပညာ

(ဂ)ရက်သားသမီးအပေါင်းတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးရှုထောင့်၊ အိမ်ထောင်ရေး၊ အမည်ပေးခြင်း၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက်၊ ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် ဖြောင်းရွေ့မင်္ဂလာရက်ရွေးခြင်းနှင့် အခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ ဆရာမက မေတ္တာ၊ ဗေဒနာ ရှေ့ထားပြီး "အဖူး" ခံစဉ် ဆောင်ရွက်ကူညီပေးနေပါသည်ရှင့်..

အားလုံးသောသူအပေါင်း ကိုယ်ကျော် ခံတပါ ကျန်းမာပြီး ချမ်းသာကြပါစေ...

မဟာဝိယောဘုရား အနောက်ဘက်မုခ်၊ လိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိုဘုရားလမ်း၊ ရန်ကုန်မြို့။ Ph : 09 253 361 368

www.burmeseclassic.com

ဟိန်း(ဘူမိ)

ငကျောက်ကပ်၊ ဆီးအိမ်၊ ဘီးလမ်းကြောင်းရောဂါအတွက် အံ့ဖွယ်သဘာဝဆေးများ

ဆီးလမ်းကြောင်းအတွင်း ယူရစ်အက်စစ် များလွန်း၍ ဖြစ်ပေါ်ရသော ဆီးကျောက်ကြီးကို ရောက်၊ သံပရာရည်(lemon juice) သောက်သုံးပေးခြင်းဖြင့် ပျော်ကျစေနိုင်ကြောင်း ဗီယင်နာရှိ ကိုင်ဇာဖရန့် ဂျိုးဆက်ဆေးရုံ ဆီးရောဂါအထူးကုဌာန အကြီးအကဲ ဒေါက်တာဘာ ထရန့် ဘီဘတ်(Dr. Bertrand Bibus) က ပြောပြခဲ့ပါသည်။

လူနာသည် ရောက်၊ သံပရာရည်ကို တစ်နေ့လျှင် တစ်လုံး (သို့မဟုတ်) နှစ်လုံးစာ သောက်သုံးပေးပါက ဆီးကျောက်များကို ပျော်ကျသွားစေနိုင်သည်ဟု သူက ဆိုခဲ့ပါသည်။ ကြီးမားသော ဆီးကျောက်ရှိသူများ အားလုံး၏ (၅၀)ရာခိုင်နှုန်းသည် ဤနည်းဖြင့် ထိရောက်စွာ အကျိုးရှိခဲ့ကြောင်း သူက ပြောပြခဲ့ပါသည်။ ဒေါက်တာ ဘီဘတ်က ဆီးကျောက်လေးများ တွေ့ရလျှင်လည်း ကောင်း၊ ဆီးကျောက်အသစ်များ ဖွဲ့စည်းဖြစ်ပေါ်သော ကဏ္ဍများ တွေ့ရလျှင်လည်းကောင်း ဤရောက်၊ သံသရာကုထုံးကို ချက်ချင်း လုပ်ဆောင်သင့်သည်ဟု အကြံပြုခဲ့ပါသည်။

အခြား ကျောက်ကပ်၊ ဆီးအိမ်နှင့် ဆီးလမ်းကြောင်း ပြဿနာများအတွက် သက်သာရာရစေရန် ကညွတ်၊ မုန်လာဥနီတစ်မျိုး(beet)။ မုန်လာဥနီ(carrot)။ ချယ်ရီသီးရည်(cherry juice)။ ပြောင်းဖူးမွေး ရေနွေးစိမ်ရည်၊ ကရန်ဘယ်ရီသီး(cranberries)။ ကြက်သွန်ဖြူ။ ဗိုလ်စားပဲ(kidney bean)။ ကြက်သွန်နီ၊ တရုတ်နံနံ၊ မုန်လာဥ(radishes)။ ကလျာဏီရွက် ရေနွေးစိမ်ရည်(saga tea) နှင့် ဖရဲသီးတို့ကဲ့သို့ စားစရာများကို စား၍သုံးပေးရပါမည်။

ကျောက်ကပ်အတွက် ဒေါက်တာရမ်း၏ အံ့ဖွယ်ကုထုံးနည်း

ကျောက်ကပ်ရောဂါနှင့် ဆီးအိမ်ရောဂါများအတွက် ဗိုလ်စားပဲသီးတောင့်များ(pods of kidney beans) ကို ရေဖြင့် ချက်ပြုတ်စားပေးခြင်းဖြင့် သိသာစွာ သက်သာ ပျောက်ကင်းစေနိုင်ပေသည်။ ယင်းကုထုံးနည်းကို ဂျာမနီနိုင်ငံ၊ ပရက်ဖ်မြို့မှ ဒေါက်တာရမ်း(Dr. Ramm) က (၂၅)နှစ်ကြာ သုတေသနပြုပြီး ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ဒေါက်တာရမ်းက ဖောရောင်နေသော လူနာအမျိုးသမီးတစ်ဦး (တစ်ရှူးများတွင်း ရေဓာတ်များ စုပုံနေခြင်း) အား ဗိုလ်စားပဲသီးတောင့်ကို ချက်ပြုတ်စားသုံးစေခဲ့သည်။ သူမသည် နှလုံးအဆို့ရှင်ရောဂါလည်း ခံစားနေခဲ့ရသူ ဖြစ်သည်။ ချက်ချင်းကား အကြောင်းမထူးခဲ့ပါချေ။ သို့သော် တစ်နေ့တွင် လူနာလှည့်လှည့်စစ်ဆေးစဉ် သူမ၏ ရောင်ရမ်းဖောင်းကားနေခြင်း ရုတ်တရက် လျော့ကျသွားပြီဖြစ်ကြောင်း တွေ့ရှိခဲ့ရပေသည်။ သူမက ဗိုလ်စားပဲပြုတ်ရည်ကို အမှတ်မထင် တစ်ဖန်ခွက်စာမျှ သောက်လိုက်မိခဲ့ပြီးနောက် ဆီးနှင့်အတူ ပုံဆောင်ခဲပုံသဏ္ဌာန်များစွာ ပါသွားခဲ့သည်။ သို့နှင့် သူမ ဆက်၍ကြိုးစားကာ သောက်နေခဲ့မိသည်။ သုံးပတ်မျှအကြာတွင် သူမ၏ ဖောရောင်ခြင်း လုံးဝလျော့ကျ ပျောက်ကွယ်သွားခဲ့သည်ဟု

www.burmeseclassic.com

www.burmeseclassic.com

ပြောပြခဲ့ပါသည်။

သေချာသွားစေရန် ရက်သတ္တပတ် အနည်းငယ်ခန့် ဗိုလ်စားပဲသီးတောင့်ပြုတ်ရည်ကို ဆက်လက်သောက်သုံးနေခဲ့ပြီးနောက် သောက်သုံးခြင်းကို ရပ်ဆိုင်းခဲ့လေသည်။ သို့သော် ပြန်၍ဖောရောင်မလာတော့ပါချေ။ ဒေါက်တာရမ်းက သူမသည် သာမန်အမျိုးသမီးတစ်ဦးကဲ့သို့ ကျန်းမာနေပြီဖြစ်ကြောင်း ပြောပြခဲ့ပါသည်။ သူမ၏ နှလုံးရောဂါ၊ အခြားရောဂါအချို့တို့သည် ဆီးများစွာ သွားခဲ့ပြီးနောက် သက်သာသွားခဲ့ကြောင်း တွေ့ရှိခဲ့ရပေသည်။

သူက နာတာရှည် ကျောက်ကပ်ပိတ်ဆို့ခြင်းကို ဗိုလ်စားပဲပြုတ်ရည်ဖြင့် လုံးဝပျောက်ကင်းအောင် ကုသပေးနိုင်ကြောင်း တွေ့ရှိခဲ့ရပေသည်။ ဆီးစွန့်စနစ်၏ အစိတ်အပိုင်းတိုင်းမှ သွေးပါခြင်းမျိုးကိုလည်း လျင်မြန်စွာ ရပ်တန့်သွားစေခဲ့ပါသည်။ ဆီးကျောက်များနှင့် ကျောက်စရစ်ကဲ့သို့ အရာမျိုးများကိုလည်း ပျော်ကျသွားစေခဲ့ပြီး ပြန်လည်မဖြစ်ပေါ်စေတော့ပါချေ။ ဆီးအိမ်နှင့် ဆီးပြန်(ureter) ရောဂါများကိုလည်း ကုသပေးနိုင်ခဲ့သည်။ ရိုးဆစ်ရောင်ရမ်းနာ(Rheumatism) နှင့် ပြင်းထန်သော ဂေါက်ရောဂါ(gout) တို့ကိုလည်း ပျောက်ကင်းသွားစေနိုင်ခဲ့သည်။ အချို့သော ဆီးချိုရောဂါဝေဒနာ ခံစားရသူများကိုလည်း ကုသပေးနိုင်ခဲ့သည်။ ပြင်းထန်သော အခြေအနေမျိုးတွင် အချိန်ပိုယူရသော်လည်း ယုံကြည်စွာ လုပ်ဆောင်သောက်သုံးစေခြင်းဖြင့် ရောဂါများ ပျောက်ကင်းစေနိုင်ခဲ့သည်။ ဒေါက်တာရမ်းက ယင်းကုသနည်းကို "အံ့ဖွယ်ကုသနည်း"(wonder cure) ဟု ခေါ်ခဲ့ပါသည်။

အချို့သော ကုသခံယူသူများတွင် ဗိုလ်စားပဲပြုတ်ရည်သည် မအီမသာနှင့် ပျို့အန်ခြင်းမျိုး ဖြစ်စေတတ်သည်။ ယင်းသို့သော အခြေအနေမျိုးအတွက် နှစ်နာရီ(သို့မဟုတ်) လေးနာရီခြား၍ ရေပိုင့်ဝက်တွင် ဆား လက်ဖက်စားဇွန်း တစ်ဇွန်းထည့်ကာ ဝမ်းချုပေးခြင်းဖြင့် ရလဒ်ကောင်းရစေနိုင်ခဲ့ကြောင်း ဒေါက်တာရမ်းက ပြောပြခဲ့ပါသည်။

ဒေါက်တာရမ်းနှင့် တစ်ချိန်တည်းလောက်တွင် သူ၏ကျောက်ကပ်ကုသနည်းကို စမ်းသပ်ခဲ့သည့်သူမှာ ဟမ်းဘတ်မှ ဒေါက်တာအစ်စနစ်ဘာဂ်(Dr. Isenburg) ဖြစ်သည်။

လွန်ခဲ့သော(၉)နှစ် (၁၈၉၇)ခုနှစ်ခန့်က ကျွန်ုပ်၏ဆီးအိမ်တစ်ဝိုက်တွင် မအီမသာ မခံသာသော ခံစားမှုဖြစ်ပေါ်လာခဲ့သည်။ အမြဲနာကျင်ကိုက်ခဲနေ၍ စိတ်ကျရောဂါပင် ဖြစ်လာခဲ့ရသည်။ နောက်နှစ်အနည်းငယ်အတွင်း တဖြည်းဖြည်း ပိုမိုဆိုးဝါးလာခဲ့ပြီး (၁၉၀၆)ခုနှစ်တွင် ညာဘက်ဆီးပြွန်၌ ပြင်းထန်စွာ နာကျင်ကိုက်ခဲလာခဲ့သည်။ တစ်ချိန်တည်းမှာပင် ဆီးအိမ်တွင် နာကျင်ကိုက်ခဲခြင်း တိုး၍ ခံစားလာခဲ့ရသည်။ ကျွန်ုပ်၏ သမားတော်က ဆီးအိမ်ရော ဆီးပြွန်ပါ ရောင်ရမ်းနေကြောင်း စမ်းသပ်တွေ့ရှိခဲ့သည်။ ကုသမှုခံယူရာတွင် သက်သာမှုကား မရခဲ့ပါချေ။

ဆီးသွားရာတွင် ပြည်များပါ ပါလာခဲ့ပြီး တစ်ခါတစ်ရံ ပြည်အတော်များများပင် ပါရှိခဲ့သည်။ (၁၉၀၅) ခုနှစ်တွင် နောက်ဘုံး ရောဂါလက္ခဏာ ပြလာခဲ့ပြီး နောက်ကျောဘက်တွင်ပါ နာကျင်ကိုက်ခဲလာခဲ့သည်။ နာကျင်ကိုက်ခဲလွန်း၍ အိပ်မရသည်က များခဲ့သည်။ ရေအေးဝတ်တိုက်ခြင်းနှင့် လင်နမင်လိမ်းခြင်းတို့မှာလည်း ယာယီသက်သာရာသာရခဲ့သည်။

(၁၉၀၆)ခုနှစ် နွေဦးတွင် နာကျင်ကိုက်ခဲခြင်း ပိုမိုဆိုးဝါးလာခဲ့ပြီး ကြွက်သားများ ရောင်ရမ်းကိုက်ခဲသည်ထိ ဖြစ်လာခဲ့ရသည်။ နာကျင်ကိုက်ခဲလွန်း၍ နံနက်ခင်းနှင့် ညနေခင်းတို့တွင်ပင် ကိုယ့်ကိုယ်ကိုယ် ကိုယ်လက်ဆေးကြောရန် ခက်ခဲနေခဲ့ရသည်။ ရေပတ်တိုက်ခြင်းနှင့် ပလာစတာကပ်ခြင်းတို့မှလည်း တစ်စုံတစ်ရာ သက်သာရာမရခဲ့ပါချေ။ ကုသမှုခံယူရသမျှလည်း တစ်စုံတစ်ရာ ထူးခြားမှုမရှိခဲ့ဘဲ တိုး၍သာ ဆိုးဝါးလာခဲ့သော အခြေအနေမျိုးတွင် ရှိနေခဲ့သည်။

ယခုတစ်ကြိမ် (၁၉၀၆)ခုနှစ် နွေရာသီတွင် ပဲသီးမှည့်တောင့် ရေနွေးစိမ်ရည်ကို ကျွန်ုပ်အား ညွှန်ကြားခဲ့သည်။ ထို့ကြောင့် ပဲသီးတောင့်(၅)ပေါင်ကို ဝယ်ယူစေခဲ့သည်။ ပဲသီးတောင့်ရေနွေးစိမ်ရည်ကို သောက်သုံးခဲ့ရာ သိပ်ကြာကြာ မစောင့်လိုက်ရဘဲ ယူရစ်အက်စစ်မှုန့်များနှင့် အယ်လ်ဗျူမင့်များစွာ ဆီးနှင့်ထွက်သွားကာ ဆီးအိမ်နှင့် ကျောက်ကပ်တို့တွင် စတင်သက်သာရာရကာ ဆီးအိမ်မှ နာကျင်ကိုက်ခဲခြင်း သုံးပတ်အတွင်း ပျောက်ကင်းသွားခဲ့

www.burmeseclassic.com

သည်။ ကြွက်သားများ ရောင်ရမ်းကိုက်ခဲခြင်းမှာ နောက်ရက်သတ္တပတ် အနည်းငယ်အကြာတွင် သက်သာသွားခဲ့ကာ (၈)ပတ်ခန့် အကြာတွင် လုံးဝသက်သာပျောက်ကင်းသွားခဲ့သည်။

ကျွန်ုပ်သည် မှကြာလှခင်တွင် ပြင်းထန်သော နာကျင်ခံစားနေရခြင်းများမှ လွတ်ကင်းခဲ့ရပေတော့သည်။ ပဲသီးတောင့်ရေနွေးစိမ်ရည် သောက်သုံးပေးခြင်းဖြင့် ယူရစ်အက်စစ် များပြားစွာ လျော့ကျသွားခဲ့ခြင်းကား မှတ်သားလောက်ပေသည်။ တစ်ခါတစ်ရံ ညဘက် ဆီးသွားသည့်အိုး၏ အောက်ခြေတွင် အနည်ထိုင်နေသည်ကိုပင် တွေ့ရှိခဲ့ရသည်။

ဒေါက်တာ့ရမ်းက ပဲသီးတောင့်ပြုတ်ရည်ကို လတ်လတ်ဆတ်ဆတ် ပြုလုပ်ပြီး တစ်နေ့တည်းတွင် အသုံးပြုရန် ပြင်ဆင်ပေးထားခဲ့သည်။ (၂၄)နာရီထက် ကျော်လွန်သွားပါက ယင်းပြုတ်ရည်သည် ဝမ်းသွားစေပါသည်။ ဒေါက်တာရမ်းက ပဲသီးတောင့်ကို စိုက်ထားသောခြံမှ လတ်လတ်ဆတ်ဆတ် ရယူကာ ပဲသီးစေ့မပါဘဲ ပဲသီးတောင့်အသားကိုသာ ဖြတ်ထည့်ကာ ပြုတ်သောက်စေခဲ့သည်။ (ပဲသီးစေ့များကား အာနိသင်မရှိပါချေ။) ပဲသီးတောင့် (၂)အောင့်စကို ရေနွေးပူပူ တစ်ဂါလန်ထဲတွင် လေးနာရီကြာ စိမ်ပေးထားပြီး အဝတ်ပါးစဖြင့် စစ်ယူကာ အသုံးပြုရသည်။ စစ်ထားပြီး ပဲသီးတောင့်ရေနွေးစိမ်ရည်ကို အေးသောနေရာ(ရေခဲသေတ္တာ)တွင် (၈)နာရီကြာထားပေးရသည်။ (၈)နာရီကြာပြီးနောက် အဝတ်ပါးစဖြင့် ထပ်မံစစ်ယူကာ သောက်သုံးပေးနိုင်ပါသည်။ သောက်သုံးရန် ပမာဏမှာ နှစ်နာရီစီ ခြားပြီးလျှင် တစ်ဖန်ခွက်စာခန့် သောက်သုံးပေးရမည်။ ယင်းကုသနည်းမှာ ဘေးထွက်ဆိုးကျိုးကင်းပြီး အံ့ဖွယ်ရလဒ်ရစေကြောင်း ဒေါက်တာရမ်းက ဆိုခဲ့ပါသည်။

ဤကုသနည်းဖြင့် ရောဂါသက်သာသူများ၏ အကြောင်းကြားချက်များ

* မစ္စက်ဘီ·ဒီက ဤသို့ ရေးသားပေးပို့ခဲ့သည်။

'ကျွန်မသည် လွန်ခဲ့သော ခြောက်ပတ်က ကျောက်ကပ်ရောဂါ ခံစားခဲ့ရသည်။ ဆရာဝန်က ပဋိဇီဝဆေးများ ပေးခဲ့သော်လည်း မသက်သာခဲ့ပါချေ။ တတိယ ဆရာဝန်ထံ အရောက်တွင် စမ်းသပ်စစ်ဆေးခဲ့ပြီးနောက် ကျောက်

ကပ်ကျောက်တည်ခြင်းနှင့် ဆီးချိုရောဂါ ခံစားနေရကြောင်း သိခဲ့ရသည်။ ကျွန်မ၏ သွေးချိုမှာ (၃၂၆)ထိ ရှိခဲ့သည်။ ဆရာဝန်က ကျောက်ကို ခွဲစိတ်ထုတ်ပစ်ရန် လိုအပ်မည်ဟု ပြောခဲ့သည်။ ကျွန်မ အိမ်ပြန်လာခဲ့ပြီးနောက် ပဲသီးတောင့်ရေနွေးစိမ်ရည်ကို တစ်နေ့ ဂါလန်တစ်စိတ်(၁-ခွက်)စာ သောက်ခဲ့သည်။ နှစ်ပတ်အကြာတွင် ဆရာဝန်ထံ ပြန်လည်ပြသခဲ့ရာ ကျောက်ကပ်ကျောက်မရှိတော့သည့်အပြင် သွေးချိုမှာ (၁၂၈)သာ ရှိတော့ကြောင်း တွေ့ရှိခဲ့ရသည်။ ဆရာဝန်ပင် အံ့သြသွားခဲ့ရသည်။ ကျွန်မအတွက် ဆီးချိုကုဆေးသောက်ရန်ပင် အချိန်မရခဲ့ပါရှင့်'

* မစ္စကော်·ဘီက အောက်ပါအတိုင်း ရေးသားပေးပို့ခဲ့သည်။

'ကျွန်မ၏ ဆီးပြန်ရောင်ခြင်းကို နှစ်ပေါင်းများစွာ ခံစားခဲ့ရသည်။ ကျွန်မသည် ဒုတ်ဆေးရုံ(Duke Hospital)၊ ကိုယ်ပိုင်ဆေးရုံနှင့် အခြားဆေးရုံတစ်ရုံ စသည်ဖြင့် ဆေးရုံ(၃)ရုံပြောင်း၍ ကုသမှုခံယူခဲ့သည်။ ဆေးရုံများက ဖြတ်တောက်ကုသပေးခဲ့သော်လည်း သက်သာရာမရခဲ့ပါချေ။ ကျွန်မသည် ပဲသီးတောင့်များ စိုက်ကာ ပဲသီးတောင့် ရေနွေးစိမ်ရည်ကို (၃)ပတ်ဆက်သောက်ခဲ့သည်။ ထူးခြားစွာ သက်သာလာခဲ့သည်။ ခန္ဓာကိုယ်မှ ရောင်ရမ်းခြင်းများ လျော့ကျသွားခဲ့သည်။ ယင်းက ဝမ်းပျော့ဆေးကောင်း သဖွယ်လည်း အသုံးဝင်ခဲ့ပါသည်'

ဟိန်း(ဘူမိ)

ကျမ်းကိုး

* MIRACLE MEDICINE FOODS
By Rex Adams.

www.burmeseclassic.com

www.burmeseclassic.com

ရဲမြတ်တင်
လောကဓံဆိုတဲ့ ကြိုးလုံး



ဝန်ကြီးဟောင်း ဦးသန်းတင့်က အချုပ်ခန်းသံတိုင်များကြားမှ အပြင်ဘက်ကို လှမ်းမျှော်ကြည့်လိုက်မိသည်။ ရုံးခန်းထဲမှာတော့ ရဲဝန်ထမ်း အတော်များများက ဝင်လိုက်,ထွက်လိုက်နှင့် အလုပ်ရှုပ်နေကြသည်။ အပြင်ဘက် ကိုက်(၅၀)ခန့်တွင် အလုံပိတ် အချုပ်ကားတစ်စီး ထိုးဆိုက်ထားသည်ကို တွေ့ရသည်။ အချုပ်ကားကို တစ်စီးလုံး မမြင်တွေ့ရတဲ့ ကား၏ နောက်ဖြီးပိုင်း လောက်ကိုသာ သူ မြင်ရခြင်းဖြစ်သည်။ ဝင်းတံခါး "အပြင်ဘက် လမ်းပေါ်မှာတော့ ကင်မရာ လွယ်ထားသည့် သတင်းထောက် တစ်ဦးစ၊ နှစ်ဦးစကို ဖျိုးခနဲ ဖျက်ခနဲ သူ လှမ်းတွေ့နေရသည်။

www.burmeseclassic.com

www.burmeseclassic.com

သူ နာရီကို တစ်ချက်ငဲ့ကြည့်မိသည်။ အချိန်က နံနက် (၉)နာရီ မထိုးတတ်သေး။ ယနေ့နံနက်(၁၀)နာရီတိတိတွင် သူ့အတွက် ရုံးချိန်းရှိသည်။ ဤရုံးချိန်းက နောက်ဆုံးစီရင်ချက်ချမှတ်မည့် ရုံးချိန်းလည်းဖြစ်သည်။ ထို့ကြောင့် အရေးကြီးသော ဤလိုနေ့မျိုးတွင် ရဲတွေက အထူးအလုပ်များနေကြခြင်းဖြစ်သည်။ အပြင်ဘက်တွင်မူ သတင်းထောက်တွေ အပါအဝင် များပြားလှသည့် လူအုပ်ကြီးက အသင့်စောင့်ကြိုနေမည့်အဖြစ်ကို သူ မြင်ယောင်မိပြီးဖြစ်သည်။ သူတို့ အလုပ်က အချုပ်ကားနောက်မှနေ၍ ထက်ကြပ်မကွာ လိုက်ပါလာမည်။ တရားရုံးရောက်၍ အချုပ်ကားပေါ်က မိမိဆင်းလိုက်သည်နှင့် ဓာတ်ပုံတွေ ဝိုင်းရိုက်ကြမည်။ မေးခွန်းတွေ ဝိုင်းမေးကြမည်။ မိမိပြောဆိုချက်ကို အသံဖမ်းသူက ဖမ်းကြမည်။ စသည်..စသည်။

လက်နှစ်ဖက်ဖြင့် သံတိုင်တွေကို ကိုင်ထားရင်း ခေါင်းကို ငုံ့ချလိုက်သည်။ ပူနွေးသော ပင့်သက်တစ်ချက်ကိုပါ ရှိုက်လိုက်မိသည်။ တရားခံက ဧရာမပုဂ္ဂိုလ်ကြီး။ အမှုတွေကလည်း အကျော်ဇောယူအမှုတွေဆိုတော့ တကယ့်ကို လူပ်လှုပ်ရှား အုံးအုံးကြွက်ကြွက် ဖြစ်စရာကြီးပေပေါ့။ ပြီးတော့ သူတို့က ဘာခံစားချက်မျှ ရှိကြသူတွေမဟုတ်။ မိမိမှာသာ နာကြည်းမှု၊ ကြေကွဲမှုတွေနှင့် သည်းကျမ်းကြေမျှ တနင့်တပိုး ခံစားနေရသည်။ မကြာမီ စီရင်ချက်ကို မိမိကြားရတော့မည်။ အနည်းလား၊ အများလားတော့ မသိ။ ထောင်ဒဏ်တစ်ဦး အဖြစ်ကိုတော့ မိမိ သေချာပေါက် ခံယူရတော့မည်။ မိမိဘဝ၏ အကြီးမားဆုံးသော လောကဓံတရားနှင့် ထိပ်တိုက်ရင်ဆိုင်ရတော့မည်။ ထိုအတွေး၊ ထိုအသိတွေက သူ့ကို မချိပြုံးကလေးမျှပင် ပြုံးစေနိုင်စွမ်း မရှိတော့ပြီ။

အလို..ဘာတဲ့၊ စောစောက အတွေးထဲမှာ လောကဓံဆိုသည့် အကြောင်းကို သူ ထည့်ပြီး တွေးလိုက်မိသည်။ လောကဓံတဲ့လား။ မိမိက လောကဓံ၏ စီရင်ခြင်းကို ခံရဖို့မှာတဲ့လား။ နေပါဦး၊ သည်လောကဓံဆိုသည့် ပညတ်တရားနှင့်ပတ်သက်ပြီး လူတစ်ယောက်က သေသေချာချာ ပြောသွားခဲ့ဖူးတာကို သူ မှတ်မိသည်။ ဘယ်သူပါလိမ့်။ ဘယ်နေရာမှာပါလိမ့်။

ဩော်..သတိရပြီ၊ မှတ်လည်း မှတ်မိပြီ။ အချိန်ကြာခဲ့ပြီဆို မေ့လျော့သလို ဖြစ်နေသော်ငြား မိမိအသိစိတ်တွင် ထိထိရှရှနှင့် တိတိကျကျ မှတ်တမ်းတင်ထားခဲ့ဖူးလေသောကြောင့် ထိုအဖြစ်သနစ်တွေက တကယ်အစပြန်ဖော်ပြီး နိမိတ်ယူကြည့်လိုက်ပြန်တော့လည်း တစ်ခုမှ မှုန်ဝါးနေတာမျိုး မရှိ ရအောင်ကို ကြည်ကြည်လင်လင် ကွက်ကွက်ကွင်းကွင်းကြီး ပြန်လည်မြင်ယောင်လာရတော့သည်။

သေချာပါသည်။ အဲသည်လူမှ အဲသည်လူပါ။ ဘာတဲ့၊ သူ ပြောသွားဖူးတာက-

'လုပ်ကြဦးပေါ့ဗျာ။ ကျုပ်ကတော့ ခံလိုက်ရပြီပေါ့။ ဒါပေမဲ့ လောကဓံဆိုတဲ့ ကြိမ်လုံးက ကျုပ်တစ်ယောက်တည်း ရိုက်ဖို့ထားတာ မဟုတ်ဘူး။ လူတိုင်းအတွက် ရိုက်ဖို့ထားတာဗျ။ ကိုယ့်အလှည့် ရောက်ရင်သာ အရိုက်ခံနိုင်အောင် ကြိုးစားထားကြဦးပေါ့'

♦♦♦

သည်တုန်းက ရုံးကုန်းမြင့်ပေါ်မှာ နှင်းတွေ ဝေနေဆဲ၊ ချယ်ရီတွေ ပွင့်နေဆဲဖြစ်သလို ခုပ်ဝေးဝေးသို့ တိမ်းရောင် ဖျော့ဖျော့လျက်ရှိသော နေမင်းကြောင့် အအေးဓာတ်က အချိန်တိုင်းမှာ မင်းမူစိုးမိုးလျက်ရှိသည့် ကာလလည်းဖြစ်သည်။

ထိုတစ်နေ့ကို သူ ကောင်းကောင်းမှတ်မိသည်။ ချုပ်ဝတ်တန်ဆာအပြည့်အစုံ ဝတ်ဆင်ထားသည့် စစ်သည်နှစ်ဦးက စိမ်းစိုသော ခြံစည်းရိုးပင်များကြားမှ ဖြတ်လျှောက်ပြီး သူတဲ့ရှိရာသို့ ဦးတည်လာနေကြသည်။ ထိုစစ်သည် နှစ်ယောက်ကို သူက အတွင်းမှနေ၍ လှမ်းမြင်နေရသည်။ သူတို့က အလံတိုင်နားရောက်သည်နှင့် ရဲဘော်တစ်ယောက်အား လှမ်းမေးလိုက်သံကိုပါ သူကြားလိုက်ရသည်။

'ဟေ့..ရဲဘော်၊ ဗိုလ်မှူးသန်းဇင့် ရှိသလားကွ'

'ရှိတယ် ဆရာကြီး၊ ဗိုလ်မှူး အထဲမှာ ရှိပါတယ်'

ထိုနှစ်ယောက်က ဆက်လျှောက်လာကြသည်။ မကြာမီ ထိုနှစ်ယောက်က သူတဲ့အပေါက်ဝ၌ ပေါ်လာပြီး ပြိုင်တူ အလေးပြုလိုက်ကြသည်။

'ဟော..ဆရာကြီးထွန်းကြည်တို့ပါလား။ လာဗျာ၊ ထိုင်ကြ'

သူက ဆီးကြို၍ နှုတ်ဆက်စကား ပြောလိုက်သည်။ ဒုအရာခံဗိုလ်ထွန်းကြည်နှင့် တပ်ကြပ်ကြီးထန်ကြိုးတို့က ကုလားထိုင်များတွင် ဝင်ထိုင်လိုက်ကြသည်။ သူက အချိန်မဆိုင်းဘဲ လိုရင်းကို မေးလိုက်သည်။

'ကဲ..ဆို၊ ဘာကိစ္စရှိသလဲ'

'ဟုတ်ကဲ့ ဗိုလ်မှူး၊ ကျွန်တော်တို့ သတင်းပို့စရာရှိလို့။ အကြောင်းကတော့..'

ဆရာကြီးထွန်းကြည်က ပြောနေရင်း စကားကိုရပ်ကာ

www.burmeseclassic.com

တပ်ကြပ်ကြီးထန်ကြိုးဘက်ကို လှမ်းကြည့်နေသေးသည်။ သူက စကားလှမ်းထောက်ပေးလိုက်သည်။

'ဘာတွေ သတင်းပို့စရာရှိသလဲ။ ပွင့်ပွင့်လင်းလင်း ပြောပါ ဆရာကြီး'

သည်တော့မှ ဒုအရာခံဗိုလ်ထွန်းကြည်က တစ်ချက် လည်ချောင်းရှင်းကာ လေးနက်သော အမူအရာဖြင့် စကား စသည်။

'ဒီလိုပါ ဗိုလ်မှူး၊ ကျွန်တော်တို့ တပ်ခွဲမှူးက ဒီကနေ့ တပ်စုတပ်စိတ်တွေကို ရိက္ခာငွေထုတ်ပေးရာမှာ တစ်ကျပ် နှုန်းနဲ့ပဲ ထုတ်ပေးပြီး တစ်မတ်ကိုတော့ ဖြတ်ယူထားလို့က် တယ်ခင်ဗျ'

'ဟင်..ဟုတ်လား၊ သူက ဘာလို့ဖြတ်ယူထားရတာ လဲ။ ငါးမတ်နှုန်းရတဲ့ဥစ္စာ၊ ငါးမတ်နှုန်းနဲ့ပဲ ရှင်းပေးရမှာ ပေါ့ဗျ'

'ဟုတ်တယ် ဗိုလ်မှူး၊ ကျွန်တော်တို့လည်း ဘယ်သူမှ မကျေနပ်ကြဘူး။ အဲဒါ ကျွန်တော်တို့လည်း ဒီအကြောင်း ကို သတင်းပို့ရင်း ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုတာ အကြံ ယူဖို့ ဗိုလ်မှူးဆီ ထွက်လာခဲ့ကြတာ။ သူပြောတာကတော့ တပ်ခွဲအတွက် ငှက်ဖျားဆေးတွေဝယ်ဖို့ ဖြတ်ထားလိုက်တာ လို့ ပြောတာပဲခင်ဗျ'

'ဟာ..ဘာဆိုင်လို့လဲဗျ။ ဒီပြင်ကိစ္စအတွက် သုံးချင် ရင် ဒီပြင်နေရာကပဲ ရှာသုံးရမှာပေါ့။ ရိက္ခာငွေထဲက ဖြတ် ခွင့်မှမရှိဘဲ။ နေဦး၊ ဒါကို ဘယ်လိုလုပ်ရမလဲဆိုစမ်း ကျွန်တော် စဉ်းစားဦးမယ်'

သူက မျက်မှောင်ကြုတ်ရင်း စဉ်းစားသည်။ ခက်ခက် ခဲခဲတော့ မစဉ်းစားရပါ။ အဖြေက ချက်တော်လွယ်ပါသည်။ အမှန်တော့ ဤဆရာကြီးနှစ်ယောက်မှာ တပ်ခွဲ(၁)မှ ဖြစ်ကြ သည်။ တပ်ခွဲ(၁)ဆိုသည်က သူ လပေါင်းများစွာ ကိုင်လာ ခဲ့သော တပ်ခွဲဖြစ်သည်။ ပြီးခဲ့သည့် သုံးလလောက်ကမှ တပ်ရင်းသို့ အသစ်ပြောင်းလာသည့် ဗိုလ်ကြီးအောင်မြင့်သို့ သူ တာဝန်လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။ ယခုလက်ရှိ သူ တာဝန်ယူနေရသည်က တပ်ခွဲ(၅)ခေါ် လက်နက်ကြီးတပ်ခွဲ ပင် ဖြစ်သည်။ ဆိုတော့ကာ ဆရာကြီးထွန်းကြည်တို့က ယခင်သံယောဇဉ်ဖြင့် လက်ရှိ သူတို့တပ်ခွဲမှူး ဗိုလ်ကြီး အောင်မြင့်၏ ဆိုးရွားချက်များအပေါ် လာရောက်ကာ တိုင် တန်းရင်ဖွင့်နေကြသည့် သဘောပင်။

သူက သူ့အကြံအား ဆရာကြီးနှစ်ယောက်ကို တိုးတိုး ကြိတ်ကြိတ် ပြောပြလိုက်သည်။

'ဒီလိုလုပ်၊ တပ်ခွဲမှူးဗိုလ်ကြီးအောင်မြင့်က ရိက္ခာငွေ အပြည့်မပေးပါဘူးဆိုတဲ့အကြောင်း တိုင်စာရေးပြီး တပ် ရင်းမှူးဆီ တင်ဗျာ။ တိုင်စာမှာ ဆရာကြီးတို့ အဆင့်ကနေ စာပစ်တင်မှူးအဆင့်ထိ အကုန်လက်မှတ်ထိုးပြီး တင်လိုက်။ အဲဒီလိုလုပ်။ ကျွန်တော်ပြောတာ သဘောပေါက်လား'

'ဟုတ်ကဲ့၊ သဘောပေါက်ပါတယ်'

'ပိပိရိရိနဲ့ သေသေချာချာ လုပ်ပေါ့။ ခင်ဗျားတို့ ကျွန်တော့်ဆီ လာတာကိုရော ကျွန်တော်က ခုလိုအကြံပေးတာ ကိုပါ ဘယ်သူမှ မသိစေနဲ့။ ကြားလား ဆရာကြီး'

'ဟုတ်ကဲ့ ဗိုလ်မှူး'

ဆရာကြီးနှစ်ယောက်က ကျေနပ်ပြီး ပြန်သွားကြ သည်။ သူသည်လည်း ကျေနပ်ပြီး ကျွန်ခဲ့သည်။ သည်အမှု မျိုးက ပေါ့သေးသေးအမှုမျိုးမဟုတ်။ သူ အကြံပေးလိုက် သည့်အတိုင်း တပ်ခွဲ(၁)ရှိ ဆရာတွေကသာ အားလုံး လက် မှတ်ထိုးပြီး တိုင်လိုက်ပါက ဗိုလ်ကြီးအောင်မြင့်ဆိုသောသူ ကောင်းကောင်းဒုက္ခရောက်သွားနိုင်သည်။ တပ်ရင်းမှူးက ခုံရုံးဖွဲ့ပြီး စစ်မည်။ ပြီးလျှင် အပြစ်ပေးမည်။ ရရှိနိုင်သည့် ပြစ်ဒဏ်က ရာထူးပြုတ်၊ ထောင်ကျ ဖြစ်မသွားသည့်တိုင် ပြင်းထန်စွာ သတိပေးပြီး စစ်သက်လျှော့ချခံရနိုင်သည့် ပြစ်ဒဏ်ကတော့ သေချာပေါက်ရသွားနိုင်သည်။ ဤပြစ် ဒဏ်မျိုးမှာ အရာရှိတစ်ယောက်အတွက် နည်းသည်ဟု မဆို သာပေ။

အမှန်တော့ သူကိုယ်တိုင်ပင် ဤဗိုလ်ကြီးအောင်မြင့်ကို မျက်မုန်းကျိုးနေမိသည်။ သည်လူတပ်ရင်းကို ရောက်လာ လာချင်းမှာပင် သည်လူပုံစံကိုကြည့်ပြီး ဘယ်လိုမှ မနှစ် မြို့နိုင်အောင် ဖြစ်ခဲ့ရသည်။ လူပုံက နည်းနည်းမျှ ထောင့် မကျိုးပေ။ ဘဝင်လိုလို ဘာလိုလိုနှင့် ဆောင့်ကြွားကြွား ပုံစံမျိုးဖြစ်သည်။ ပြောရလျှင် သည်လူက စစ်သားနှင့် လုံးဝမတူ။ သည်လူ ရှိုးထုတ်ပုံ၊ စတိုင်ထုတ်ပုံတွေက ပီဘီ မင်းသားတစ်ယောက်နှင့်သာ ဆင်တူလျက်ရှိသည်။

ပြီး သူ့အပေါ် သည်လူ လူလည်ကျသွားသည့် အချက် နှစ်ချက်တိတိ ရှိသေးသည်။ ပထမတစ်ချက်မှာ ပြီးခဲ့သည့် ခဝဲကုန်းတိုက်ပွဲမှာတုန်းကဖြစ်သည်။ တိုက်ပွဲက ပြင်းထန် ဆဲ၊ ရန်သူ၏ စိုးမိုးမှုကို မိမိတပ်ခွဲက ငံ့ခံနေရဆဲ။ သည် လူ့တပ်ခွဲက စစ်ကူပေးသင့်ပါလျက်၊ ပေးရှဉ်လည်း ပေး ပါလျက် စစ်ကူမပေးခဲ့ပေ။ ထိုတိုက်ပွဲတွင် မိမိတပ်ခွဲမှ

www.burmeseclassic.com

www.burmeseclassic.com

အထိနာပြီး အကြောပ်တစ်ဦးနှင့် စစ်သည်တစ်ဦး ကျဆုံးသွားခဲ့သည်။ ထိုအဖြစ်ကို သူ ဘယ်တော့မှမမေ့။ သည်လူအဖေါ်ကိုလည်း ဘယ်တော့မှ မကျေနပ်ပေ။ တစ်နေ့နေ့တွင် လက်စားပြန်ချေရမည်ဟု တေးမှတ်ထားခဲ့မိသည်။

နောက်ထပ် အချက်တစ်ချက်ဖြစ်သော သည်လူလုပ်ရပ်ကတော့ ဝိုလို့တောင် ဆိုးနေသေးသည်။ ထိုအမှုက အသည်းကို ကျွဲခတ်ခံရသော ကိစ္စမျိုး ဖြစ်နေသဖြင့် သူ အနေနှင့် ပို၍ပင် ခံရခက်လှသည်။

ဖြစ်ပုံက ဤမန်ဆာစခန်းကြီးတွင် တပ်ရင်းမှူး ဦးစီးသော စစ်ကြောင်း(၁)က စခန်းထိုင်နေခြင်း ဖြစ်သည်။ စစ်ကြောင်း(၁)တွင် တပ်ခွဲ(၅)နှင့် တပ်ခွဲ(၁)တို့ ပါဝင်သည်။ လိုရင်းပြောရလျှင် သူက အလုပ်အားချိန် မန်ဆာရွာထဲ ဆင်းလည်ရင်း ခေါက်ဆွဲဆိုင်ပိုင်ရှင် လုံးကြီးပေါက်လှ နန်းမြနှင့် အဆင်ပြေလျက် ရှိသည်။ ထိုသို့ သူနှင့် နန်းမြ အခြေအနေကောင်းနေတုန်းမှာ သည်လူ (ဗိုလ်ကြီးအောင်မြင့်)က ဝင်ရှုပ်လာခဲ့ခြင်း ဖြစ်သည်။

ဆိုခဲ့သည့်အတိုင်း သည်လူက ရှိုးလည်းကောင်းသည်၊ အိုးလည်းကောင်းသည်။ မိမိတပ်ခွဲ လှည့်ကင်းတွေ၊ တိုက်ကင်းတွေ၊ ရိက္ခာပို့တွေ ခရီးထွက်နေတုန်းမှာ သည်လူက အခွင့်ကောင်းယူပြီး ခြေသွက်လက်သွက်ဖြင့် နန်းမြကို အတင်းဝင်ပူးသည်။ သည်လိုနှင့် သည်လူဆက်ကို နန်းမြက ပါသွားသည်။ ပါသွားသည်ဆိုသည်ထက် သည်လူ နန်းမြကို ရသွားသည်ဟု ဆိုချင်သည်။ အမှန်တော့ မိမိတို့ နှစ်ယောက်စလုံးက နောက်တန်းမှာ မိန်းမတွေကိုယ်စီ ရှိကြသည်။ ယခု နန်းမြကိစ္စက ယောကျ်ားတို့ ထုံးစံအတိုင်း ရှေ့တန်းမှာ ကိလေသာအယားဖြေရင်း ကမြင်းကြောထခြင်းသာ ဖြစ်သည်။

မည်သို့ဆိုစေ မိမိထံမှ စားခွက်ဝင်လုသွားသူကိုတော့ မည်သူမျှ ကျေနပ်နိုင်လိမ့်မည် မဟုတ်ပေ။ သူ့အနေနှင့် သည်လူ့အပေါ် ပို၍ကြိတ်မုန်း,မုန်းနေရသော အချက်မှာ ထိုအချက်ပင် ဖြစ်သည်။

ခုတော့ သူ့ဆန္ဒ ပြည့်ခဲ့ရလေပြီ။ သည်လူက သူဖြစ်ချေချင်သည့် ခွင်အတွင်းသို့ တည့်တည့်ကြီး ဝင်သွားခဲ့လေပြီ။ သည်လူ မောက်မာပုံ၊ ကြေကြေမိုးပုံတို့ကို တပ်ခွဲ(၁)ရှိ မိမိတပည့်ဟောင်းများမှတစ်ဆင့် မကြာ,မကြာ ကြားသိနေခဲ့ရသည်။ ယနေ့မှာတော့ ဆရာကြီးများက သည်လူ့ဆိုးယုတ်ပုံများအား ကိုယ်တိုင်ကိုယ်ကျ လာရောက်နှိုးနှောတိုင်ပင်ကြသည်အထိပင် ဖြစ်ခဲ့ရပြီ။ မိမိက ဆရာကြီးများအား လုပ်ပုံလုပ်နည်းအား အကြံပေးလွှတ်လိုက်သည်။ ဤသည်မှာ အဆင်းကို ဘီးတပ်ပေးလိုက်ခြင်းဖြစ်ရာ မကြာမီ သည်လူနှင့်ပတ်သက်ပြီး မင်္ဂလာသတင်းများ ကြားလာရတော့မည့် အဖြစ်ကို ကြိုတင်မျှော်တွေးရင်း သူက ကြိတ်၍ ကျေနပ်နေမိခြင်း ဖြစ်တော့သည်။

မှန်ပါသည်။ မကြာမီပင် သူကြားချင်သည့်သတင်းကို တကယ်ကြားလာရတော့သည်။ တပ်ခွဲ(၁)ရှိ ရဲဘော်များအား ရိက္ခာငွေဖြတ်တောက်သည့်ကိစ္စနှင့်ပတ်သက်ပြီး တပ်ရင်းမှူးက ခွဲမှူးဗိုလ်ကြီးအောင်မြင့်ကို အရေးယူတော့မည် ဆိုသည့်သတင်းက စစ်ကြောင်းတစ်ကြောင်းလုံးကို ပျံ့နှံ့သွားသည်။ သူမှာ ဝမ်းသာလိုက်ရသည့်ဖြစ်ခြင်း၊ ကျေနပ်လိုက်ရသည့်ဖြစ်ခြင်း။ ကောင်းကွာ၊ ဒီလိုလူမျိုး ဒီလိုခံရတာ နည်းတောင် နည်းသေးတယ်ဟု သူက စိတ်ထဲကပင် ကြိုးဝါးလိုက်မိသေးသည်။

ဤပြဿနာဖြစ်ပွားပြီး နောက်တစ်လခန့် အကြာမှာတော့ ဗိုလ်ကြီးအောင်မြင့်က နောက်ထပ်ကွိုင်တစ်ခု ထပ်တက်ပြန်သည်။ ထိုပြဿနာကတော့ ကြီးလည်းကြီးမား သလို အလွန်မှလည်း ရုပ်ဆိုးလွန်းလှသည်။

တစ်နေ့တွင် ဗိုလ်ကြီးအောင်မြင့်က သူတဲထဲတွင် သေနတ်တိုက်နေရင်း ကျည်ထွက်မှုဖြစ်မှုခြင်းဖြစ်သည်။ ပေါက်ထွက်သွားသော ကျည်က ရဲဘော်တစ်ယောက်ကို ထိမှန်ကာ ထိုရဲဘော်ကို တိုက်နယ်ဆေးရုံသို့ ချက်ချင်း တင်လိုက်ရသည်။

ဖြစ်ပုံမှာ တပ်ခွဲ(၅)မှ ရဲဘော်ကျော်ကျော်က ထိုနေ့တွင် တပ်ခွဲ(၁)ဘက်သို့ အလည်သွားသည်။ သွားရင်း ဗိုလ်ကြီးအောင်မြင့် တဲရှေ့အရောက် ရုတ်တရက် သေနတ်ထိမှန်ခံလိုက်ရခြင်းဖြစ်သည်။ ဖြစ်ချင်တော့ ရဲဘော်ကျော်ကျော်က ခွဲ(၁)မှ ခွဲ(၅)သို့ ပြောင်းရွှေ့လာသည်မှာ တစ်လခန့်သာ ရှိသေးသည်။ ပြောင်းရွှေ့လာရသည့် အကြောင်းကလည်း ဗိုလ်ကြီးအောင်မြင့်၏ ထိုးကြိတ်ဆုံးမခြင်းကို မကျေနပ်သဖြင့် စစ်ကြောင်းရုံးသို့ သွားရောက်တိုင်ကြားရာမှ တပ်ရင်းမှူးက တပ်ခွဲ(၅)သို့ ပြောင်းရွှေ့ပေးလိုက်ခြင်း ဖြစ်သည်။

မည်သို့ဆိုစေ သည်တစ်ချက်တွင်လည်း ဟန်ကျပြန်ပြီဟု သူက တွေးလိုက်မိသည်။ ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ဆိုသလို ပေးလာသော အခွင့်အရေးကို အရယူရန်ပါ

www.burmeseclassic.com

www.burmeseclassic.com

ဆုံးဖြတ်လိုက်သည်။ သူ တိုက်နယ်ဆေးရုံသို့ အမြန်သွားသည်။ ရဲဘော်ကျော်ကျော်နှင့် ဝင်တွေ့သည်။ ပြီး အောက်ပါအတိုင်း ရဲဘော်ကျော်ကျော်ကို သွန်သင်ပေးလိုက်သည်။

"ဟေ့ကောင် ကျော်ကျော်..ဒါဟာ မတော်တဆမှု မဖြစ်နိုင်ဘူးကွ။ မင်းက အထက်ကို တိုင်ခဲ့တဲ့ကိစ္စနဲ့ ပတ်သက်ပြီး သူက မင်းကို မုန်းနေတယ်၊ ငြိုးနေတယ်ကွ။ ငါပြောတာ သဘောပေါက်လား"

ရဲဘော်ကျော်ကျော်က ခုတင်ပေါ်တွင် ပက်လက်အိပ်နေရင်း စကားပြန်ဖို့ အတော်အားယူနေရသေးသည်။ အတန်ကြာမှ ခပ်ယဲ့ယဲ့အသံဖြင့် "ကျွန်တော်လည်း ဗိုလ်မှူးပြောသလို ထင်တာပဲ" ဟု ပြန်ပြောသည်။

ဤတွင် သူက ဘေးဘီကို တစ်ချက်အကဲခတ်လိုက်ပြီးနောက် "ကျော်ကျော့်မျက်နှာအနီး တိုးကပ်၍ စကားလုံးအချို့ကို တိုးတိုးကြိတ်ကြိတ် ပြောလိုက်သည်။ သူပြောသမျှစကားကို ကျော်ကျော်ကလည်း ခေါင်းညိတ်လက်ခံသည်။ ထို့နောက် သူက တပ်ခွဲရှိရာသို့ ပြန်လာခဲ့သည်။

ညနေပိုင်း ကျော်ကျော့်ထံသို့ စစ်ချက်ယူမည့် ပုဂ္ဂိုလ်များ ရောက်လာသောအခါ ကျော်ကျော်က-

"ကျွန်တော် ဗိုလ်ကြီးအောင်မြင့်တဲ့ရှေ့ကိုရောက်တော့ ဟော့ကောင်..ငါ့ကို ဒုက္ခပေးသွားတဲ့ကောင်ဆိုပြီး လှမ်းအော်သံကို ကြားလိုက်ရပါတယ်။ ကျွန်တော်က လှည့်ကြည့်လိုက်တော့ ဗိုလ်ကြီးအောင်မြင့်က သူ့လက်ထဲက သေနတ်နဲ့ ကျွန်တော့်ကို လှမ်းပစ်လိုက်တာပါ။ သူက အဲရက်တွေလည်း အတော်များနေဟန်တူပါတယ်" ဟူ၍ စစ်ချက်ပေးလိုက်လေသည်။

စစ်ချက်ယူသော အဖွဲ့က ကျော်ကျော့်ထွက်ဆိုချက်ကို ရေးမှတ်ယူသွားသည်။ ထို့နောက် တပ်ရင်းမှူးထံ တင်ပြလိုက်သည်။ ဤမှာပင် ရိုးရိုးကျည်ထွက်မှု မဟုတ်တော့ဘဲ အချင်းချင်းပစ်ခတ်မှုအဖြစ်သို့ ပြောင်းလဲသွားရတော့သည်။

နောက်နှစ်ရက်ခန့်အကြာတွင် ကျော်ကျော့် ဆေးရုံပေါ်မှာပင် ဆုံးသွားသည်။ တပ်ရင်းမှူးက အထက်ဌာနများသို့ ဖြစ်စဉ်ကို တင်ပြသည်။ အထက်မှ ဗိုလ်ကြီးအောင်မြင့်ကို အရေးယူရန် ညွှန်ကြားသည်။ မကြာမီ ဗိုလ်ကြီးအောင်မြင့် တစ်ယောက် နောက်တန်းသို့ အချုပ်ဖြင့် ပြန်သွားရသည်။ ဖြစ်ပွားခဲ့သည့်အမှုကို နောက်တန်း၌ စုံခုံဖွဲ့၍ စစ်ဆေးလိမ့်မည်။

နောက်နှစ်လခန့် အကြာတွင် သူတို့တပ်ရင်း နောက်တန်းသို့ ပြန်ဝင်ခဲ့သည်။ နောက်တန်းပြန်ရောက်ပြီး သုံးပတ်ခန့်အကြာတွင် စုံခုံအဖွဲ့က ရိက္ခာငွေအမှုနှင့် အချင်းချင်းပစ်ခတ်မှုများကို ကျူးလွန်ခဲ့သူ ဗိုလ်ကြီးအောင်မြင့်ကို စီရင်ချက်ချသည်။ ပြစ်ဒဏ်က တပ်မတော်မှ အပြီးထုတ်ပယ်ကာ အရပ်ဘက်အကျဉ်းထောင်၌ အလုပ်ကြမ်းနှင့် ထောင်ဒဏ်(၂)နှစ် ကျခံစေရမည်ဟူသည့်ပြစ်ဒဏ်။

ထိုနေ့ကို သူ ကောင်းကောင်းမှတ်မိနေသေးသည်။ ထိုနေ့ နံနက်ပိုင်းက တပ်ခွဲလက်နက်တိုက်သို့သွားရင်း တပ်ရင်းဗဟိုကင်းဘက်ကို သူရောက်သွားသည်။ ထိုအချိန်တွင် အရပ်ထောင်ပို့မည့် ဗိုလ်ကြီးအောင်မြင့်အား တပ်ရဲများက အချုပ်ထဲမှ ထုတ်လာသည်။ သည်လူနှင့် တစ်ပတ်စဉ်ထဲဖြစ်သော အရာရှိတစ်ဦးပါ ရောက်ရှိနေသည်ကို တွေ့ရသည်။ ထိုအရာရှိက သည်လူကို လာရောက်နှုတ်ဆက်ဟန်တူသည်။ ကားပေါ် မတက်ခင် ထိုနှစ်ယောက်က ခေတ္တရပ်စကားပြောနေကြသည်။

ထိုအချိန်တွင် သူက ဗဟိုကင်း၏ အုတ်နံရံအကွယ်နားတွင် ရပ်လျက်ရှိသည်။ ဟိုနှစ်ယောက်က သူတို့ဘာသာ စကားပြောလျက်ရှိသည်။ လူကို မမြင်ရသော်လည်း သူတို့ပြောနေသည့် စကားသံများကိုတော့ ပီပီပြင်ပြင် ကြားနေ

www.burmeseclassic.com

www.burmeseclassic.com

ရသည်။

'ဟိုရဲဘော်ကို တမင်ပစ်သတ်တယ်ဆိုတာ မဟုတ်ပါဘူး သူငယ်ချင်းရာ၊ လုံးဝမဟုတ်ပါဘူး။ မတော်တဆကျည်ထွက်သွားတာပါ။ ကိုယ့်အချင်းချင်း ပစ်ခတ်ရလောက်အောင် ကိုယ်က မမိုက်မဲသေးပါဘူး။ ရိုက္ခာငွေကိစ္စကလည်း တပ်ခွဲမှာ ငှက်ဖျားနဲ့ပတ်သက်တဲ့ ဆေးကောင်းဝါးကောင်းတွေ ဆောင်ထားချင်လို့ စေတနာနဲ့ လုပ်လိုက်မိတာပါ။ အေးလေ..ဒီကိစ္စနောက်ကွယ်မှာ ဘယ်သူတွေ ပါနေတယ်ဆိုတာ ကိုယ်သိပါတယ်။ ဒါပေမဲ့ ကိုယ် ပြောမယ် သူငယ်ချင်း။ ဒါဟာ လောကဓံတရားပဲ။ ဒီလောကဓံတရားကို ကိုယ် ကျေကျေနပ်နပ်ပဲ ခံယူနိုင်ပါတယ်။

ကိုယ်က လောကဓံကြိမ်လုံးရဲ့ဒဏ်ကို ခံလိုက်ရပြီပေါ့။ ဒါပေမဲ့ ဒီကြိမ်လုံးဟာ ကိုယ်တစ်ယောက်တည်း ရိုက်ဖို့ထားတာ မဟုတ်ပါဘူး။ လူတိုင်းအတွက် ရိုက်ဖို့ထားတာပါ။ ကိုယ့်အလှည့်ရောက်တဲ့တစ်နေ့ ခံနိုင်ရည်ရှိရှိ အရိုက်ခံနိုင်ဖို့သာ ကြိုးစားထားကြပါလို့ပဲ ကိုယ်ပြောခဲ့ချင်တယ် သူငယ်ချင်း'

အဲသည်စကားပဲ၊ အတော်အဓိပ္ပာယ်ရှိသည့်စကား၊ အတော်မှတ်လောက်သားလောက်သည့်စကား။ ကြာခဲ့ပြီဆိုဆော့ သည်လူကိုလည်း မမေ့နေပြီ။ သည်လူစကားတွေကိုလည်း မမေ့နေခဲ့ပြီ။ ဟော..အကြောင်းတိုက်ဆိုင်လာတော့ ဖျတ်ခနဲ သတိရ၊ သတိရပြန်တော့လည်း အတော်ထက်မြက်စူးရှသော ထိုစကားကိုပါ ကြည်ကြည်လင်လင်ကြီး ပြန်အမှတ်ရမိသလို ထိုစကား၏ အကြောင်းပြုရာ အတိတ်ဖြစ်စဉ်တွေကိုပါ ဝိုင်ဝိုင်းပြင်းပြင်းကြီး ပြန်လည်မြင်ယောင်နေမိရသည်သာ။

♦ ♦ ♦

သံတိုင်တွေကို လက်ဖြင့် ခပ်တင်းတင်း ဆုပ်ထားလိုက်မိသည်။ ဆည်တစ်ခါတော့ သူ ခပ်ဖျော့ဖျော့ကလေးပါ ပြုံးလိုက်မိသည်။ ဟုတ်သားပဲ၊ လောကဓံဆိုတာ ဘယ်သူ့ကိုမျှ ကင်းလွတ်ခွင့်မပေးဘဲ အားလုံးကို စီရင်မြဲဖြစ်သည်။ ဝန်ကြီးဆိုသည့် အဆောင်အယောင်က နည်းသတဲ့လား။ သည်လိုကြီးမားသည့် ဘဝသမ္မတ္တိမျိုး ရရှိဖို့ဆိုတာလည်း လွယ်သတဲ့လား။ သို့ပေမယ့် ဘယ်သူက ဘယ်လောက်ပင် ကြီးကျယ်ပါစေ သည်လောကဓံ၏ ခြေရင်းကိုတော့ အကြောင်းတစ်မျိုးမျိုးနှင့် ဝပ်စင်းရမြဲပင်မဟုတ်လား။

ခု မိမိအလှည့် ရောက်ပြီ။ ကြည့်စမ်း၊ အမှုတွေကဘာတဲ့။ အာဏာပြုမူတဲ့၊ ငွေအလွဲသုံးစားမှုတဲ့၊ အစိုးရအဖွဲ့ကို အကြည်ညိုပျက်စေမှုတဲ့ အမှုတွေက တစ်ခုမျှ သေးကွေးတာ မပါ။ အားလုံး ဧရာမအမှုကြီးတွေ။ ပြီးတော့ ဒါတွေက ဟုတ်တာလည်း ပါသည်၊ မဟုတ်တာလည်း ပါသည်။ မှန်တာလည်း ပါသည်၊ မမှန်တာလည်း ပါသည်။ မိမိဘက်က ဖေးမ,လိုသူတွေရှိသလို မိမိကို ဝိုင်းပြီး ဆွဲမ်းကြိုးလောင်းမည့်သူတွေလည်း ရှိနေသည်။ ဒါတွေ အားလုံးကို မိမိကောင်းကောင်း သိသည်။

သို့ငြား , အခြေအနေက မည်သို့မျှ ရောင်လွဲမရနိုင်တော့။ မိမိအတွက် စီရင်ချက်က လက်တစ်ကမ်းအကွာတွင် ရောက်ရှိနေပြီ။ (၁၀)နှစ်လား၊ (၁၅)နှစ်လားတော့ မသိ။ ထောင်ဒဏ်စီရင်ချက်ကြီးက မိမိခေါင်းပေါ်မှာ ပျံဝဲနေလေပြီ။ ဤအချက်က လောကဓံတော့ လောကဓံပင်။ သို့သော် သူချည်းသက်သက်ပင်လော၊ ဝဋ်ကြွေးနှင့် ပူးတွဲနေခြင်းလော ဆိုသည်ကိုတော့ ခွဲခြားသိနိုင်စွမ်း မရှိတော့ပြီ။

'လူကြီးမင်းခင်ဗျာ..ရုံးချိန်းသွားဖို့ အချိန်ရောက်ပါပြီ'

ချေချေငံငံ ပြောဆိုလိုက်သံနှင့်အတူ အချုပ်ခန်းတံခါးက ပွင့်သွားသည်။ သူ ခေါင်းငုံ့ပြီး အပြင်ထွက်လိုက်သည်။ အပြင်ဘက်မှာတော့ သက်ဆိုင်ရာ တာဝန်ရှိသူတွေက သူ့ကို ကျိုးနွံသော အမူအရာဖြင့် စောင့်ကြိုလျက်ရှိသည်။ သည်လူတွေကို ဂရုစိုက်ဖို့၊ အသိအမှတ်ပြုဖို့ သူ စိတ်မကူးမိပေ။ သူ့မျက်စိထဲမှာ ဟိုလူကိုသာ ဖျတ်ခနဲ မြင်ယောင်လိုက်မိသည်။

ယခု မိမိဖြစ်ပျက်နေသော အနေအထားကိုသာ အဲသည်လူ မြင်တွေ့ခဲ့ပါက မည်သို့များ တုံ့ပြန်လေမည်နည်း။

ဟန်ဆောင်ပန်ဆောင် သဘောမျိုး လက်ပိုက်၍သာ ခပ်တည်တည် လှမ်းကြည့်နေလေမလား၊ သို့မဟုတ် ခါးထောက်ကာ ဟားတိုက်ရယ်မောရင်း-

'လောကဓံကြိမ်လုံးရှေ့ကို သွားပေတော့။ ခင်ဗျားအလှည့် ရောက်ပြီ။ လှလှကြီးသာ အရိုက်ခံလိုက်ပေတော့'

ဟူ၍များ ပြောဆိုနေလေမလား။

သူ့အဖို့ လောလောဆယ် ဘယ်အရာကိုမျှ တိတိကျကျ ခွဲခွဲခြားခြား တွေးခေါ်မြင်မြော်နိုင်စွမ်း မရှိတော့သည်မှာ အမှန်ပင်ဖြစ်သည်။

ရဲမြတ်ဇင်

www.burmeseclassic.com

www.burmeseclassic.com

ကြည်ဝင်း (ဟသံတ)

တောကြီးမာယာ ဝင်ပါ

ဒီခရီးစဉ်မှာ မောင်ညိုနဲ့ မောင်ဦးတို့ကလည်း လိုက်ချင်ပါသတဲ့။ အဲဒါက ပြဿနာပါပဲ။ ဒီခရီးဟာ အန္တရာယ် အလွန်များတဲ့ ခရီးဖြစ်လို့ သူတို့ မိဘတွေက သား(၂)ယောက်ကို မသွားဖို့ တားမြစ်ပါတယ်။ သား(၂)ယောက်လည်း ဘယ်လိုမှ တားမရဖြစ်လာတဲ့အခါမှာ အာဆရာကြီးက မောင်ညိုနဲ့ မောင်ဦးတို့ရဲ့ မိဘ(၂)ပါးကို ဟောဒိုရှင်းပြပါတယ်။

နေရာဒေသတစ်ခုကနေ အခြားသော နေရာဒေသတစ်ခုသို့ သွားခြင်းအားဖြင့် မိတ်ဆွေသစ်များ ရရှိခြင်း

သံသပိတ်ကြီးနဲ့ မှင်စာကလေး ဖိုးသက်ရှည်တို့ဟာ အာဆရာကြီးရဲ့ မိန့်ကြားမှာထားချက်အရ ဘုရားငုတ်တို့ကလေးထဲမှာရှိနေတဲ့ ရတနာတွေကို လောဘသားတွေနဲ့ ဝေးရာဘေးအန္တရာယ် ကင်းရှင်းတဲ့နေရာကို ရွှေ့ပြောင်းဖို့ စီစဉ်နေကြပါတယ်။

ဘုရားငုတ်တို့ကလေးထဲမှာ ရှိနေတဲ့ ရတနာတွေက တော့ ပတ္တမြားဘုရားတစ်ဆူ၊ စိန်ဘုရားတစ်ဆူ၊ မြဘုရားတစ်ဆူ၊ မြတ်စွာဘုရားရှင်နဲ့ အဂ္ဂသာဝက၊ မဟာသာဝကတွေရဲ့ ဓာတ်တော်,မွေတော်တွေ၊ ဂေါတမမြတ်စွာဘုရားရှင်ရဲ့ ဓာတ်တော်,မွေတော်တွေ၊ နိမ္မိတရုပ်ပွားအသွင်နဲ့ တရားဟောကြားတော်မူတဲ့အခါမှာ ထိုရုပ်ပွားတော်ကို ရည်စူးလျှဒါန်းထားတဲ့ ရတနာတွေ မြောက်မြားစွာ ဖြစ်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

အေသန္တရဗဟုသုတများ ရရှိခြင်း၊ မိမိကိုယ်ကိုမိမိ ယုံကြည်စိတ်ချမှု ရရှိခြင်း၊ နား,မျက်စိများပွင့်လာကာ အသိပညာ၊ အတတ်ပညာရပ်များ ပိုမို၍ တိုးပွားလာခြင်း စတဲ့အချက်များကို ရရှိလာစေတယ်လို့ ရှင်းပြပါတယ်။

နောက်တစ်ခါမှာလည်း ဇာဘဆရာကြီးဟာ ဒီခရီးသွားသူတွေကို နောက်ကွယ်က လိုက်လံစောင့်ရှောက်မှာဖြစ်လို့ အသက်အန္တရာယ် ထိခိုက်စရာမရှိပါဘူး။ ဒါ့အပြင် အခုချက်ချင်းမှာပဲ ဇာဘဆရာကြီးက မောင်ညိုနဲ့ မောင်ဦးတို့ (၂)ယောက်အတွက် သရဏဂုံ အနုလုံပဋိလုံ လက်ဖွဲ့စာစ်ခုစီ ပြုလုပ်ပြီး သူတို့ရဲ့လည်မှာ ဆွဲပေးလိုက်ပါတယ်။

သရဏဂုံ အနုလုံပဋိလုံ ဆိုတာကတော့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိလို့ ရွတ်ဆိုပြီးတဲ့အခါမှာ သံဃံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိလို့ အပြန်ရွတ်ဆိုရပါတယ်။ အဲဒီလို အပြန်အလှန်ရွတ်ဆိုတာကို တစ်ခေါက်လို့ သတ်မှတ်ပြီး လက်ဖွဲ့တစ်ခုကို သရဏာဂုံ အခေါက်ပေါင်း (၈၄၀၀၀)(ရှစ်သောင်းလေးထောင်) ရွတ်ဆိုပြီး သိဒ္ဓိတင်ထားပါတယ်။

သရဏာဂုံ အနုလုံပဋိလုံကို ရွတ်ဆိုပူဇော်တဲ့အခါ ရရှိလာတဲ့ အကျိုးကျေးဇူးကတော့ မိမိကို တွေ့မြင်သူများက ချစ်ခင်ကာ လိုအပ်သည့် အကူအညီများပေးခြင်း၊ မိမိအလိုရှိသည့် အရာများသည် တရားသဖြင့်ဖြစ်ပါက အလိုဆန္ဒများ ပြည့်ဝလာစေခြင်း၊ အစားအစာများ စားသောက်သည့်အခါတွင် သရဏာဂုံ အနုလုံပဋိလုံကို ရွတ်ဖတ်ပြီး စားသောက်ပါက သူတစ်ပါးတို့ မိမိကို အစာဖြင့် ဆေး၊ အဆိပ်စသည်တို့ မခတ်နိုင်ခြင်း၊ မကောင်းသောအကြံဖြင့် မိမိကို အကောက်ကြံပါက ၎င်းတို့၏ အကြံအစည်များ ပျက်ပြယ်စေခြင်း၊ သရဏာဂုံ အနုလုံပဋိလုံကို ပုတီးတစ်ပတ် ဝန်ခြံ

www.burmeseclassic.com

တမ်း ရွတ်ဆိုထားပါက အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဂါထာ၊ မန္တရား စသော လောကီပညာရပ်များနှင့် မိမိကို မနှိပ်စက်နိုင်ခြင်း စတဲ့ကောင်းကျိုးများကို ရရှိစေပါတယ်။

ထို့အပြင် သရဏဂုံ အနုလုံပဋ္ဌလုံကို အမြဲရွတ်ဆိုပူဇော်မှု များလာလို့ ရင့်ကျက်လာတဲ့အခါမှာတော့ တရားထူး တရားမြတ်များကိုပင် ရရှိစေနိုင်တဲ့အတွက် အလွန်အဖိုးအနဂ္ဃထိုက်တန်တဲ့ ဂါထာတော်မြတ် ဖြစ်ပါတယ်။

ဒီခရီးစဉ်ဟာ အန္တရာယ်များပြားလှတဲ့အတွက် သံသပိတ်ကြီးကိုလည်း လိုအပ်သလို ပြုနိုင်ဖို့အတွက် ပညာရပ်များကို သင်ကြားမြှင့်တင်ပေးခဲ့ပါတယ်။ သံသပိတ်ကြီး၊ မှင်စာကလေး ဖိုးသက်ရှည်၊ မောင်ညိုနဲ့ မောင်ဦးတို့ ဝိုင်းဝန်းလက်အုပ်ချီ ဓာန်တော့နေကြစဉ်မှာပဲ အဘဆရာကြီးဟာ တရားအားထုတ်ရန်အတွက် တောတောင်တွေထဲကို ထွက်ခွာလို့ သွားခဲ့ပါပြီ။

အဘဆရာကြီး ထွက်ခွာသွားပြီးလို့ မကြာမီမှာပဲ သံသပိတ်ကြီး၊ မှင်စာကလေး ဖိုးသက်ရှည်၊ မောင်ညို၊ မောင်ဦးတို့ အဖွဲ့ဟာလည်း ဓာတ်တော်၊ မွေတော်တွေနဲ့ ရတနာတွေကို သယ်ဆောင်ပြီး ခရီးထွက်လာခဲ့ကြပါတော့တယ်။

သူတို့(၄)ဦး ခရီးထွက်ခွာလာခဲ့ကြတာ ရက်သတ္တပတ်ကြာတဲ့အထိ တစ်စုံတစ်ရာထူးခြားမှု တစ်ခုမှမတွေ့ရှိဘဲ အေးချမ်းစွာနဲ့ သွားလာခဲ့ကြပါတယ်။ (၈)ရက်မြောက်တဲ့နေ့မှာတော့ အလွန်အင်မတန်ကြီးမားတဲ့ တောအုပ်ကြီးတစ်ခုကို တွေ့ရှိလိုက်ရပါတော့တယ်။

တောအုပ်ကြီးထဲမှာရှိတဲ့ သစ်ပင်ကြီးတွေဟာ မြင့်မားလွန်းလှတဲ့အတွက် နေရောင်ခြည်ဟာ သစ်တောကြီးရဲ့ အတွင်းပိုင်းကို မရောက်နိုင်ပါဘူး။ ဒါကြောင့် တောအုပ်ကြီးဟာ နေ့အခါဖြစ်ပေမယ့် ညဉ့်နက်သန်းခေါင်ယံအချိန်လို မှောင်နဲ့မည်းမည်း ဖြစ်နေပါတယ်။ သံသပိတ်ကြီးက-

'အားလုံး သတိထားကြတော့။ အချိန်ရှိတုန်း ရောက်နိုင်သမျှ သွားကြ။ ဒီတောအုပ်ကြီးထဲက အမြန်ဆုံး ထွက်နိုင်လေ ကောင်းလေပဲ'

တောအုပ်ကြီးကို ဖြတ်နေကြစဉ်အခါမှာ သံသပိတ်ကြီးက အားလုံးကို ခေတ္တရပ်တန့်စေပြီး သစ်ပင်ကြီးတစ်ပင်ကို လက်ညှိုးထိုးပြပါတယ်။

ပြီးတော့မှ 'ဒီသစ်ပင်ကြီးမှာ ဖြူနေတဲ့ အပိုင်းက နေရောင်ထိတဲ့အပိုင်း၊ မည်းနေတဲ့အပိုင်းက နေရောင်နဲ့ မထိတဲ့အပိုင်း။ နေထိတဲ့ဘက်က နေထွက်တဲ့ဘက်ဆိုတော့ အရှေ့အရပ်ပေါ့။ နေမထိတဲ့ဘက်က အနောက်အရပ်၊ ဒါဆိုရင် တောင်နဲ့မြောက်အရပ်ကို ရှာဖွေဖို့ လွယ်ကူသွားပြီး အခုပြောတာကို သေသေချာချာ မှတ်ထားပါ။ ငါတို့တစ်တွေ သွားရမယ့် ခရီးအဆုံးဟာ မြောက်အရပ်မှာရှိတယ်။ တကယ်လို့ မင်းတို့တစ်တွေ လူချင်းကွဲသွားရင် မြောက်အရပ်စူးစူးကိုသာ တည့်တည့်သွားပါ'

'ဟုတ်ကဲ့ပါ အဘ'

'ဟောဒီ သင်္ကေတအမှတ်လက္ခဏာကို မှတ်ထား။ အကယ်၍ လူချင်းကွဲသွားရင် မြောက်စူးစူးကို သွားရင်း သင်္ကေတအမှတ်ကို တွေ့အောင်ရှာကြပါ။ သင်္ကေတအမှတ်ကိုတွေ့ရင် ကိုယ်သွားတဲ့ ခရီးလမ်းကြောင်း မှန်တယ်လို့ မှတ်ပါ'

'ဟုတ်'

သံသပိတ်ကြီးက သူတို့အားလုံးကို လမ်းညွှန်သင်္ကေတအမှတ်လက္ခဏာကို ပြသသင်ကြားပေးပါတယ်။ အားလုံးကလည်း လေးလေးစားစား မှတ်သားနာယူကြပါတယ်။ ညနေ(၅း၀၀)နာရီအချိန်လောက်မှာတော့ တောအုပ်ကြီးထဲကို အတော်ဝင်ရောက်ခဲ့ပြီးဖြစ်ပါတယ်။

အဲဒီအခါမှာ သံသပိတ်ကြီးက-

'ငါတို့ ဒီည ဒီနေရာမှာ ခဏအနားယူမယ်။ အိပ်ကြမယ်။ အားလုံး ကြားကြလား'

'ဟုတ်'

ပြီးတာနဲ့ သံသပိတ်ကြီးဟာ အနားမှာရှိတဲ့ ဝါးပင်တွေကို ဓားနဲ့ဖြတ်တောက်ပြီး ပေအစိတ်(၂၅ ပေ)လောက်မြင့်တဲ့ သစ်ပင်ကြီးတစ်ပင်ရဲ့ခွဆုံမှာ လင့်စင်ထိုးပါတယ်။ ဖြတ်တောက်ထားတဲ့ဝါးတွေနဲ့ လူ(၄)ယောက်နေနိုင်လောက်တဲ့ စင်ကလေးတစ်ခုပြုလုပ်ပြီး နွယ်ကြိုးတွေကိုဖြတ်၊ ဝါးတွေကို ချည်နှောင်ပါတယ်။ သစ်ပင်ပေါ်ကို တက်နိုင်အောင်လည်း ကြိုးလှေကားတစ်ခု ပြုလုပ်ပါတယ်။

အားလုံးပြီးတဲ့အခါ သံသပိတ်ကြီးက-

'အားလုံး သစ်ပင်ပေါ်ကို တက်ကြဟော့။ အပေါ်ကမှ စိတ်အေးလက်အေး အနားယူကြ'

သူတို့(၄)ယောက် လင့်စင်ပေါ်ကို တက်ပြီးတဲ့အခါ ကြိုးလှေကားကိုဆွဲယူပြီး လင့်စင်ပေါ်မှာ တင်ထားလိုက်ပါတော့တယ်။ လင့်စင်ပေါ်မှာ ဆီးသွားဖို့ ဝါးကျည်တောက်များကိုလည်း ပြုလုပ်ပေးထားပါတယ်။ အခင်းကြီး၊ အခင်ငယ် ဆီး၊ ဝမ်း သွားချင်ရင် သစ်ပင်အောက်ကို ဆင်းသွား

www.burmeseclassic.com

www.burmeseclassic.com

စရာ မလိုတော့ပါဘူး။

ည(၇)နာရီလောက်မှာတော့ အားလုံးစားသောက်ပြီး စီးလို့ တစ်နေ့တာ ပင်ပန်းသမျှ အနားယူနေကြပါတယ်။ သံသပိတ်ကြီးကတော့ လင့်စင်ပေါ်မှာပဲ ဘုရားရှိခိုး၊ ပုတီးစိပ်ပြီးတော့ တရားထိုင်နေပါတယ်။ ကျန်(၃)ယောက်ကတော့ ထိုင်သူထိုင်၊ လဲသူလဲနဲ့ အနားယူနေကြပါတယ်။ ဒီအချိန်မှာပဲ ဟိုးအဝေးကြီးကနေ လူရာပေါင်းများစွာ ကြောက်လန့်တကြား အော်ဟစ်ပြေးလာကြသလို တော်လည်းသံကြီးပေါ် ထွက်လာပါတော့တယ်။

ပထမတော့ အသံကြီးဟာ ဟိုးအဝေးကြီးကနေ တိုးတိုးကလေး ပေါ်ထွက်လာပါတယ်။ တဖြည်းဖြည်းနဲ့ အသံကြီးဟာ ကျယ်လောင်လာပြီး သူတို့ဆီကို ပြေးဝင်လာပါတော့တယ်။ တောနက်ကြီးတစ်ခုလုံးဟာလည်း တဝုန်းဝုန်း မြည်ဟည်းလာပါတယ်။ လေပြင်းမုန်တိုင်းကျသလို တဝူးဝူး တဟဲဟဲ မြည်ဟည်းသံကြီးဟာလည်း ကမ္ဘာပျက်သလို ပေါ်ထွက်လာနေပါတယ်။ ထူးဆန်းဘာကတော့ အဲဒီလို တောနက်ကြီးတစ်ခုလုံး ဝရုန်းသုန်းကား ဖြစ်နေပေမယ့် သစ်ပင်တွေကတော့ တစ်ပင်မှ မလှုပ်ရှားပါဘူး။

မောင်ညိုနဲ့ မောင်ဦးဟာ ကြောက်လန့်တကြား တစ်ယောက်နဲ့တစ်ယောက် ဖက်တွယ်ထားကြပါတယ်။ သံသပိတ်ကြီးဟာ တရားထိုင်ပြီးစီးသွားလို့ ထိုင်နေရာက အသာထလာပြီး၊ ကလေးနှစ်ယောက်ကို အသာဖက်ထားလိုက်ပါတယ်။ သူရဲ့ နူတ်ဖျားကလည်း တီးတိုးညင်သာတဲ့ လေသံနဲ့။

'မကြောက်ကြပါနဲ့။ ဒါဟာ တောခြောက်တာ'လို့ ရှင်းလိုက်ပါတယ်။

ခေတ္တခဏအကြာမှာ တော်လည်းသံကြီးဟာ ပျောက်ကွယ်သွားပြီး တောနက်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားပါတော့တယ်။ ဘယ်လောက်တောင်မှ ငြိမ်သက်သွားသလဲဆိုပါရင် မိမိရဲ့ နှလုံးခုန်သံကိုတောင်မှ ကျယ်လောင်စွာ ကြားနေရပါတယ်။ သူတို့စိတ်ထင် တစ်ကမ္ဘာလောက် ကြာတယ်လို့ ထင်ရတဲ့အချိန်မှာတော့ မှောင်ကြီးမည်းမည်း ဟိုးအဝေးမှာ အလင်းရောင်ပျပျကလေးကို မြင်တွေ့လိုက်ရပါတော့တယ်။

တစ်ခဏချင်းမှာပဲ အလင်းရောင်ဟာ သူတို့တစ်တွေ နေနေတဲ့ သစ်ပင်နဲ့ ဝါးတစ်ရိုက်အကွာကို ရောက်လာပါတော့တယ်။ သေသေချာချာ ကြည့်လိုက်တဲ့အခါ အထက်အောက် အဝတ်အဖြူ ဝတ်ဆင်ထားပြီး ဆံပင်ဖားလျားနဲ့ မိန်းမတစ်ယောက် ဖြစ်နေပါတယ်။

အဲဒီမိန်းမဟာ မျက်လုံးရွဲကြီးနဲ့ သစ်ပင်ပေါ်ကို မော့ကြည့်ပြီး လက်(၂)ဖက်ကို ဆန့်တန်းလို့-

'သားကလေး မောင်ညို၊ မောင်ဦးတို့ မမေ့ဆီကို လာပါဦးကွယ်'

ကြည်လင်ရွှန်းပ ကရုဏာပါတဲ့အသံကို ကြားလိုက်ရတဲ့အခါမှာတော့ မောင်ညိုနဲ့ မောင်ဦးတို့ နှစ်ယောက်စလုံး တွန့်ခနဲဖြစ်သွားပြီး တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြပါတယ်။

ပြီးတာနဲ့ မောင်ဦးက မောင်ညိုကို-

'အစ်ကိုကြီး..ဟိုမှာ မမေရယ်။ သားတို့ကို စိတ်မချလို့ လိုက်လာတာဖြစ်မယ်။ လာ..အစ်ကိုကြီး၊ မမေ့ဆီကို သွားကြရအောင်'

နှစ်ယောက်သား ကြိုးလှေကားကို လင့်စင်ပေါ် ပစ်ချလိုက်ပြီး အောက်ကိုဆင်းဖို့ ပြင်ကြစဉ်မှာ-

'ဟိတ်..အဲဒါ မင်းတို့အမေ မဟုတ်ဘူး။ တောကောင်ကြီးကွ'

မောင်ညိုက သံသပိတ်ကြီးကို မော့ကြည့်လိုက်ပြီး-

'ဘာကလည်း မမေ့ကို မြင်လျက်သားနဲ့ တောကောင်ကြီးလို့ ပြောနေတယ်။ တော်ပြီ၊ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် ဘာတို့နဲ့ မလိုက်တော့ဘူး။ မမေ့ဆီပဲ သွားတော့မယ်'

သစ်ပင်အောက်ကို ရောက်လာတဲ့ မိန်းမကလည်း ပြုံးရွှင်စွာနဲ့ လက်နှစ်ဖက် ဆန့်တန်းထားရာက-

'မမေရဲ့အချစ်ဆုံး သားလေးတွေရယ်..မမေ့ဆီကို အမြန်လာပါဦးကွယ်'

နောက်တော့ ဆံပင်ဖားလျားနဲ့ မိန်းမဟာ စိတ်မရှည်တော့တဲ့ဟန်နဲ့-

'ကလေးတို့ရေ..မင်းတို့မလာလည်း မမေ မင်းတို့ဆီကို လာခဲ့ပါ့မယ်ကွယ်'

ပြောပြောဆိုဆိုနဲ့ မောင်ညိုတို့ချထားတဲ့ ကြိုးလှေကားကိုဆွဲပြီး သစ်ပင်ပေါ်ကို တက်မယ်ဟန်ပြင်လိုက်ပါတယ်။ ဒီအချိန်မှာ အခြေအနေကို စောင့်ကြည့်နေတဲ့ ဖိုးသက်ရှည်ဟာ လင့်စင်ပေါ်မှာရှိတဲ့ ဝါးခွန်တစ်ချောင်းကို ဆွဲယူပြီး သစ်ပင်ပေါ်ကို တက်မယ်ဟန်ပြင်နေတဲ့ မိန်းမရဲ့ ခေါင်းတည့်တည့်ဆီကို ပစ်ပေါက်ထည့်လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

သူ့ရဲ့ နှုတ်ကလည်း-

'မိန်းမယုတ်..သေလိုက်စမ်း'

'နင်တို့တစ်တွေ ကဲကောင်းသွားတယ် မှတ်ပါ'

အဲဒီမိန်းမဟာ ပြောပြော်ဆိုဆို့နဲ့ ကြိုးလှေကားကို ကိုင်ထားတဲ့ လက်နှစ်ဖက်ကို လွှတ်လိုက်ပြီး နောက်ကျမ်းတစ်ချက် ပစ်လိုက်တဲ့အခါမှာတော့ ဧရာမကိုးတောင်ကျားကြီးတစ်ကောင် ဖြစ်သွားပါတော့တယ်။

'အလိုလေး..ငါတို့တစ်တွေ အောက်ကိုသာ ဆင်းသွားမိရင်တော့ မတွေးဝံ့စရာပါဘဲ'

မောင်ညိုဟာ ထိတ်လန့်တကြား ရေရွတ်လိုက်မိပါတယ်။

ကိုးတောင်ကျားကြီးဟာ မြေပြင်ပေါ်ကို လက်ထောက်ပစ်ကျသွားချိန်မှာပဲ သူ့ရဲ့နံဘေးမှာ ခါးမှာ နံငယ်ဝိုင်းချည်ထားပြီး ကတုံးပြောင်ကိုယ်ခန္ဓာ အပေါ်ဝိုင်းဇလာနဲ့ လူနီကြီး လေးယောက်ဟာ ခေါင်းတလားကြီးတစ်လုံးကို ထိပ်က သံကွင်းကို ကိုင်ထားသူနှစ်ယောက်၊ နောက်ကသံကွင်းကို ကိုင်ထားသူနှစ်ယောက် မ,လျက်သားနဲ့ ရောက်လာပါတော့တယ်။ သူတို့ရဲ့နှုတ်က စကားတစ်ခွန်းမှ မပြောပါဘူး။ သစ်ပင်ပေါ်မှာရှိနေတဲ့ လူလေးယောက်ကို မော့ကြည့်လိုက်ပြီး သူတို့လက်ညှိုးတွေကို ကွေးချည်,ဆန့်ချည် ပြုလုပ်ကာ သူတို့ဆီကို ဆင်းလာဖို့ ခေါ်နေကြပါတော့တယ်။ သူတို့လက်ချောင်းတွေက လက်သည်းတွေဟာ ရှည်လျားချွန်ထက်နေပြီး သွေးတွေ တစက်စက်ကျနေပါတယ်။

နောက်တော့ သူတို့ပါးစပ်ကြီးတွေကို ဖြဲပြလိုက်တဲ့ အခါမှာ ချွန်ထက်တဲ့ အစွယ်ကြီးတွေ ထွက်ပေါ်လာပါတယ်။ ကျားကြီးကလည်း သူ့ရဲ့ပါးစပ်ကြီးကို ဖြဲပြလိုက်ပြီးတော့ တဝုန်းဝုန်း အော်ဟစ်လိုက်ပါတော့တယ်။

'ဝုန်း..ဝုန်း'

ကျားကြီးရဲ့အော်သံ၊ လူနီကြီးတွေရဲ့ ခေါ်နေပုံတွေကို ကြည့်ပြီး မောင်ညိုတို့ ညီအစ်ကိုနှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ဖက်ထားကြပါတော့တယ်။ သူတို့ညီအစ်ကိုနှစ်ယောက်မှာ ပြေးစရာမြေမရှိ ဖြစ်နေပါတယ်။ မောင်ညိုက-

'ညီ..ညီ..ညီလေး၊ ကြောက်..ကြောက်..ကြောက်..သ..သ..လား'

မောင်ဦးကလည်း-

'အ..အ..အစ်ကို..ကြီး..ကြီး၊ မ..မ..မ..မကြောက်ပါ..ပါ..ပါဘူး'

အဲဒီလို ပြောဆိုနေကြစဉ်မှာပဲ ကြောက်သေးတွေ တဖျန်းဖျန်း ပါချလိုက်ပါတော့တယ်။ ညီအစ်ကိုနှစ်ယောက်ရဲ့ သေးတွေဟာ သစ်ပင်ပေါ်ကနေ မြေကြီးပေါ်ကို ဧး ဆင်းသွားပါတော့တယ်။

အဲဒီအချိန်မှာပဲ လင့်စင်ထိုးထားတဲ့ သစ်ပင်နဲ့ မနီးမဝေးမှာရှိတဲ့ မြေကြီးပေါ်မှာ လက်ကွေး,ချည်ဆန့်လုပ်နေတဲ့ လူနီကြီး(၄)ယောက်နဲ့ တဝုန်းဝုန်း အော်ဟစ်နေတဲ့ ကျားကြီးဟာ ချက်ချင်းပဲ ငြိမ်သက်သွားပါတယ်။ ပြီးတဲ့အခါ သူတို့နှာခေါင်းတွေကို ရှုံ့ချည်ပွချည်ပြုလုပ်ပြီး အနံ့ခံနေကြပါတယ်။ ပြီးတာနဲ့ ငယ်သံပါအောင် အော်ဟစ်ရင်း ထွက်ပြေးပျောက်ကွယ်သွားကြပါတော့တယ်။

'ခွေး..ခွေး..ထောခွေးတွေ လာနေပြီ၊ ပြေးကြတော့'

လူနီကြီးလေးယောက်နဲ့ ကျားကြီး အဝေးကို ထွက်ပြေးပျောက်ကွယ်သွားချိန်မှာတော့ သံသပိတ်ကြီးက ပြုံးရွှင်စွာနဲ့-

'ညီအစ်ကိုနှစ်ယောက် ကြောက်သေးပါတာကို တောခွေးတွေရဲ့ သေးနံ့မှတ်ပြီး တောကောင်ကြီးတွေ ထွက်ပြေးသွားလို့ တော်ပါသေးရဲ့။ အဆိုးထဲက အကောင်းလို့ ဆိုရမှာပဲ'

တောခွေးတွေရဲ့ သေးနံ့နဲ့ လူတွေရဲ့ သေးနံ့ဟာ တူသလို ရှိပါတယ်။ တောခွေးတွေဟာ သားကောင်ကို ဖမ်းချင်ရင် သားကောင်သွားလာတတ်တဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ သစ်ပင်၊ သစ်ရွက်တွေကို သေးနဲ့ ပန်းထားတတ်ပါတယ်။ သေးပန်းထားတဲ့ သစ်ရွက်နဲ့ ထိမိတဲ့ သားကောင်ရဲ့ မျက်လုံးဟာ ဘာကိုမှ မမြင်ရတော့ဘဲ အကန်းသဖွယ် ဖြစ်သွားပါတော့တယ်။ ဒီအခါမှာတော့ တောခွေးတွေဟာ မိမိတို့ရဲ့ သားကောင်ဟာ တောဘုရင်ဆင်ကြီး ဖြစ်ပါစေ အရိုးပါမကျန်အောင် ဝိုင်းစားကိုက်ဖဲ့ စားသောက်ပစ်လိုက်တော့တာပါပဲ။

ဒါကြောင့် တောခွေးအုပ်ဆိုရင် တောထဲမှာရှိတဲ့ သားရဲတိရစ္ဆာန်မှန်သမျှ ရှောင်ရှားကြပါတယ်။ အခုလည်း မောင်ညိုတို့ ညီအစ်ကိုနှစ်ယောက် ကြောက်သေးပါတာကို တောခွေးတွေရဲ့ သေးနံ့နဲ့မှားပြီး တောခြောက်ကောင်တွေဟာ ကြောက်လန့်ထွက်ပြေးသွားကြတော့တာပါပဲ။

နောက်တစ်နေ့နံနက် မိုးစင်စင်လင်းတော့မှ သူတို့

www.burmeseclassic.com

www.burmeseclassic.com

ပျော်ရွှင်နေကြပါတယ်။ အဲဒီ အချိန်မှာပဲ ထူးခြားမှုကို စတင် သတိထားမိသူကတော့ သံသပိတ်ကြီးပါပဲ။ သံသပိတ်ကြီးက ထိတ်လန့်တကြားနဲ့ အော်ဟစ်သတိပေးလိုက်ပါတယ်။

'အားလုံး သတိထားကြဟေ့'

အကြောင်းကတော့ တောအုပ်ကြီးအတွင်းမှာရှိနေတဲ့ သစ်ပင်ကြီးများ၊ ပန်းပင်များ၊ အသီးပင်များ၊ ချုံပင်နွယ်ပင်ကြီးများဟာ သူတို့နဲ့အတူတူ လိုက်လံရွှေ့ရှားနေကြခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့အားလုံးဟာ ဘယ်လောက်ပဲ လျှောက်လျှောက် သူတို့ရှိနေတဲ့ နေရာကနေပြီး တစ်လက်မမှ မရွေ့သလို ဖြစ်နေကြပါတယ်။

'အားလုံး ခဏရပ်ကြ'

သံသပိတ်ကြီးဟာ အခြေအနေမှန်ကို သိလိုတဲ့အတွက် စစ်ဆေးကြည့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သူတို့အားလုံးဟာ ရောက်တဲ့နေရာမှာ မလှုပ်မယှက် ခေတ္တရပ်ပြီး ငြိမ်သက်စွာ နေလိုက်ကြပါတယ်။ နောက်ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ပြီး အကဲခတ်လိုက်တဲ့အခါ သူတို့ ရှေ့တည့်တည့်က အပင်ကြီးအပေါ်မှာ အလွန်နီရဲတဲ့ သစ်ခွပန်းပင်ကြီးရှိနေပြီး ဘယ်ဘက်ဘေးမှာ ငှက်ပျောတောနဲ့ ညာဘက်ဘေးမှာ လက်မောင်းလောက်ရှိတဲ့ နွယ်ပင်ကြီးတွေ၊ နောက်ဘက်မှာတော့ မှည့်ဝင်းနေတဲ့ သရက်သီးတွေသီးနေတဲ့ သရက်တောအုပ်ကို တွေ့ရပါတယ်။ သံသပိတ်ကြီးက-

'အားလုံး လမ်းမှန်မှန်လျှောက်'

သူတို့အားလုံး ကူန္ဒြေရရ လျှောက်လှမ်းနေကြပါတယ်။

'မြန်မြန်လျှောက်'

အားလုံးက လက်များကိုလွှဲပြီး ညီညီညာညာ လျှောက်ကြပါတယ်။ သံသပိတ်ကြီးက-

လေးယောက်ဟာ သစ်ပင်ကြီးရဲ့အောက်ကို ကြိုးလှေကားနဲ့ ဆင်းခဲ့ကြပါတယ်။ အောက်ကိုရောက်တာနဲ့ လေးယောက်သား တက်သုတ်ရိုက်ပြီး ခရီးနှင်လာခဲ့ကြပါတော့တယ်။ ခရီးပြင်းနှင်လာခဲ့ကြတာ တောအုပ်ကြီးရဲ့ အလယ်ကို ရောက်တော့ စမ်းချောင်းငယ်ကလေးတစ်ခုကို တွေ့ရပါတယ်။ ဒီစမ်းချောင်းကလေးမှာ မောင်ညိုတို့ ညီအစ်ကို နှစ်ယောက်ဟာ ပေကျံနေတဲ့ အဝတ်အစားတွေကို လျှော်ဖွပ်ဆေးကြောရင်း ရေချိုးကြပါတယ်။ ပြီးတာနဲ့ အစားအစာတွေ ချက်ပြုတ်စားသောက်ရင်း အနားယူ အပန်းဖြေကြပါတယ်။ အမောပြေတော့ နားနေရာကထပြီး ရှေ့ကို တစ်ဖန် ခရီးဆက်ခဲ့ကြပြန်ပါရော။ ညနေ နေဝင်ခါနီး အချိန်မှာတော့ သင့်လျော်တဲ့ သစ်ပင်ကြီးတစ်ပင်ကိုရှာ၊ လှဉ့်စင်ထိုးပြီး တက်အိပ်ကြပါတယ်။ မနက်မိုးလင်းတော့ သစ်ပင်အောက်ကိုဆင်းပြီး ခရီးဆက်ကြပြန်ပါတယ်။

ဒီလိုနဲ့ လာလိုက်ကြတာ (၄၊ ၅၊ ၁၀)ရက်လောက်ကြာတဲ့အထိ အနှောင့်အယှက်တွေ့ မတွေ့ရတော့ပါဘူး။ နောက်တစ်နေ့နံနက် ခရီးဆက်ကြတော့ သံသပိတ်ကြီးက အားလုံးကို ပြုံးရွှင်စွာနဲ့ ပြောလိုက်ပါတယ်။

'မနက်ဖြန်ခါဆိုရင် တို့တစ်တွေ ဒီတောအုပ်ရဲ့အပြင်ကို ရောက်ပြီဟေ့'

တောအုပ်ကြီးရဲ့အစပ် တောအုပ်အပြင် ထွက်ခါနီးဟာ အင်မတန်မှ သာယာပါတယ်။ ပန်းပင်များ၊ ချုံပင်များ၊ သီးပင်စားပင်များ အရောင်စုံသီးပွင့်နေတာဟာ ပန်းချီဆရာ အကျော်အမော်များ လာက်စွမ်းပြသလို လှပနေပါတယ်။ သစ်သီးများက ဝင်းထိန်နေအောင် မှည့်နေသလို ပန်းရနံများကလည်း ကြိုင်သင်းနေပါတယ်။

တောအုပ်ကြီးဟာ တိတ်ဆိတ်ငြိမ်နေတဲ့အတွက် ပျားပိတုန်းများရဲ့ တောင်ပံခတ်သံ၊ ကျေးငှက်တို့ရဲ့ တွန်သံတွေကလွဲလို့ အခြားဘာသံကိုမှ မကြားရပါဘူး။ သူတို့အားလုံးရဲ့ အသည်းနှလုံးထဲမှာလည်း သာယာချမ်းမြေ့လွန်းလို့ မောင်ညိုနဲ့ မောင်ဦးတို့ဟာ တေးသီချင်းကလေးကိုပင် ဆိုညည်းမိကြပါတော့တယ်။

'တောင်တောရယ်သာ×××မာလာကင်ဖူး××× တစ်ပင်ကို နှစ်ပင်ယှက်တယ်×××ကျေးငှက်ကမြူး'

သူတို့အားလုံး ချမ်းမြေ့ကြည်နူးစွာ လမ်းလျှောက်နေကြပါတယ်။ မကြာခင် တောအုပ်ကြီးရဲ့ အပြင်ဘက်ကို ရောက်တော့မယ်ဆိုတဲ့ အသိကြောင့်လည်း အားလုံးဟာ

www.burmeseclassic.com

www.burmeseclassic.com

"ပြေးကြဟေ့"

အားလုံး ဒရောသောပါးနဲ့ ပြေးသွားကြပါတယ်။ သူတို့အားလုံး ဘယ်လောက်ပဲ လျင်မြန်အောင် ပြေးကြပေမယ့် သူတို့ရဲ့ ရှေ့တည့်တည့်မှာ သစ်ပင်ကြီးနဲ့ သစ်ခွပန်းနိမ့်ရဲရဲကြီး၊ ဘယ်ဘက်က ငှက်ပျောတော၊ ညာဘက်မှာ နွယ်ပင်တော၊ နောက်ဘက်မှာ သရက်အုပ်တော်ကတော့ သူတို့နဲ့ အတူ လိုက်လို့ရွှေ့နေကြပါတယ်။

သူတို့အားလုံး ခဏာရပ်လိုက်ကြပါတယ်။ နောက်လမ်းလျှောက်၊ အမြန်လျှောက် ပြေးကြပြန်ပါလေရော။ ဘယ်လိုပဲလုပ်လုပ် အကြောင်းမထူးပါဘူး။ သစ်ပင်အားလုံးဟာ သူတို့နဲ့အတူ လိုက်လံရွှေ့ရှားနေကြပါတယ်။

"ဘုရား..ဘုရား..ဘုရား"

သံသပိတ်ကြီးဟာ ဘုရားတရင်း ရုတ်တရက်ထိုင်ချလိုက်ပါတယ်။ ကျွန်လူများကလည်း သူနဲ့အတူတူ လိုက်လံပြီး ထိုင်ချလိုက်ကြပါတယ်။

"အောက်လမ်း ကိုးတွင်းကျွတ်၊ အန္တိမဆရာကြီး သံသပိတ်တောင်မှ ဘုရားတ,နေရပြီကိုး။ ဟိုး..ဟိုး..ဟိုး"

ညောင်မုတ်ဆိတ်များကျနေတဲ့ သစ်ပင်အိုကြီးတစ်ပင်ဆီက အသံထွက်လာပါတယ်။ ပြီးတာနဲ့ အဲဒီသစ်ပင်အိုကြီးဟာ သူရဲ့ အရွက်များ၊ အခက်များ လေမုန်တိုင်းကျသလို သွက်သွက်ခါအောင် လှုပ်ယမ်းလာပြီး ဇော်ဂျင်ပြောင်ရယ်မောသံကြီး ထွက်ပေါ်လာပါတော့တယ်။ ညောင်မုတ်ဆိတ်ပင်အိုကြီး အသံထွက်လာတာနဲ့ သူရဲ့ပတ်ပတ်လည်မှာ ရှိနေတဲ့ သီးပင်၊ ပန်းပင်၊ ချုံပင်၊ နွယ်ပင်များဟာလည်း တဝေါဝေါ လှုပ်ယမ်းလာကြပြီး သောသောညံအောင်ကို ရယ်မောသံတွေ ဆူညံလို့သွားပါတော့တယ်။

သစ်တောအုပ်ကြီးထဲမှာရှိနေတဲ့ အပင်တွေရဲ့ ပျော်ရွှင်စွာနဲ့ ဇော်ဂျင်ပြောင်ရယ်မောသံတွေဟာ သူတို့လေးဦးရဲ့ နားထဲကို ဒလဟောပြေးဝင်လာတဲ့အတွက် သူတို့ရဲ့ နားနှစ်ဖက်ကို လက်ဝါးနဲ့ အုပ်ထားကြရပါတယ်။ သူတို့ အဲဒီလို ဖြစ်လေလေ သစ်ပင်တွေက သဘောကျရယ်မောလေနဲ့ တောအုပ်ကြီးတစ်ခုလုံး တဝုန်းဝုန်းဖြစ်နေပါတော့တယ်။

ရယ်မောသံတွေအားလုံး တိတ်ဆိတ်ငြိမ်သက်သွားတဲ့အခါ ညောင်မုတ်ဆိတ်ပင်အိုကြီးက-

"ဘယ်လိုလဲ ဘုရားဒကာကြီး သံသပိတ်၊ သင်စွမ်းမယ်ဆိုရင် သင်နှင့်ငါ ယှဉ်ပြိုင်ကြမယ်။ အို..ချစ်မိတ်ဆွေကြီး၊ သင်တို့ ဒီတောအုပ်ကြီးထဲက အသက်ရှင်လျက် ဘယ်လိုပြန်ထွက်မလဲ။ ငါ့တို့ ပြောစမ်းပါဦး။ ဟား..ဟား..ဟား"

သစ်ပင်အိုကြီးက ရယ်မောလိုက်တဲ့အခါမှာ ကျန်တဲ့သစ်ပင်များကလည်း ကျယ်လောင်စွာ လိုက်လံရယ်မောကြပါတယ်။ တောအုပ်ကြီးတစ်ခုလုံး တအုန်းအုန်းဖြစ်ကာ နေပါတယ်။

အဲဒီအချိန်မှာ သံသပိတ်ကြီးက သူ့လူအားလုံးကို အချက်ပြလိုက်ပါတယ်။ သူ့လူများကလည်း ချက်ဆို နားခွက်က မီးတောက်ပြီးသားဆိုတော့ သံသပိတ်ကြီး ဘာကို ဆိုလိုတယ်ဆိုတာ သိပါတယ်။ ဒါကြောင့် သစ်ပင်တွေရဲ့ ရယ်မောလှောင်ပြောင်သံ ရပ်သွားတာနဲ့ တစ်ပြိုင်နက် မောင်ညိုနဲ့ မောင်ဦးတို့ဟာ သီချင်းတစ်ပုဒ်ကို အော်ဟစ်သီဆို လိုက်ကြပါတော့တယ်။

"ပျော်သလားဟေ့ မောင်တို့ရေ××× ပျော်တယ်ဟေ့ ပျော်တယ်ဟေ့××× ပျော်သလားဟေ့မောင်တို့ရေ×××ပျော်တယ်ဟေ့×××ပျော်တယ်ဟေ့"

မှင်စာကလေး ဖိုးသက်ရှည်က သူတို့သီဆိုနေတဲ့ သီချင်းနဲ့လိုက်ဖက်တဲ့ စည်း၊ ဝါးကို တုတ်တစ်ချောင်းနဲ့ လိုက်လံတီးခတ်ပါတယ်။ သံသပိတ်ကြီးကလည်း သူ့ဘေးမှာရှိတဲ့ သစ်ပင်က သစ်ရွက်တစ်ရွက်ကို ခူးယူလိုက်ပြီး မောင်ညိုတို့ တေးသွားကို နောက်က နောက်ခံတီးလုံးအဖြစ် သစ်ရွက်ပလွေသံ မှုတ်ပေးပါတယ်။ မောင်ညိုနဲ့ မောင်ဦးဟာ သီချင်းဆိုရင်း စိတ်ပါလာတော့ နှစ်ယောက်သား ကျွေးနေအောင် ထပြီး ကကြပါလေရော။

သူတို့လေးယောက် မြိုင်မြိုင်ဆိုင်ဆိုင်ကြီး သီဆိုတီးမှုတ် ကခုန်နေတာကို မြင်ရ၊ ကြားရတော့ သစ်ပင်များဟာလည်း မနေနိုင်ကြတော့ဘဲ စည်းဝါးအတိုင်း လိုက်လံလှုပ်ယမ်းနေကြပါတော့တယ်။ ဒီအဖြစ်အပျက်ကို မြင်ရတဲ့အခါ ညောင်မုတ်ဆိတ်ပင်အိုကြီးဟာ အတော်ပဲ ဒေါသထွက်လာပါတယ်။

"အားလုံး တိတ်ကြစမ်း၊ ရပ်ကြစမ်း"

သူ ဘယ်လိုပဲပြောပြော မောင်ညိုတို့တစ်တွေတော့ အဆို၊ အတီး မပျက်ပါဘူး။ မောင်ဦးဆို တေးသွားနဲ့လိုက်ဖက်တဲ့အကကို ကွေးနေအောင် ကပြပါတော့တယ်။ မောင်ဦး ကတာကိုမြင်တော့ သစ်ပင်များဟာလည်း ဟိုဘက်ယိမ်းလိုက်၊ ဒီဘက်ယိမ်းလိုက်နဲ့ ကကြပါတော့တယ်။ ဒီအဖြစ်ကိုမြင်လေ ညောင်မုတ်ဆိတ်ပင်အိုကြီးဟာ ဒေါသ

www.burmeseclassic.com

www.burmeseclassic.com

ထွက်လေ ဖြစ်တော့တာပါပဲ။

'မင်းတို့ ဒီတောအုပ်ထဲက ဘယ်လိုပြန်ပြီးထွက်ကြမှာလဲ'

ညောင်မုတ်ဆိတ်ပင်အိုကြီးက မေးလိုက်ပါတယ်။

'ဟား..ဟား..ဟား..ဟား'

ညောင်မုတ်ဆိတ်ပင်အိုကြီးက လှောင်ပြောင်ရယ်မောလိုက်ပါတယ်။ ပြီးတဲ့အခါ-

'သင်တို့တစ်သက် သင်တို့အားလုံး ဒီတစ်သက်တော့ ဒီတောနက်ကြီးထဲက ပြန်ထွက်နိုင်ဖို့ မစဉ်းစားကြနဲ့တော့'

မောင်ညိုတို့အုပ်စုဟာ မကြားဟန်ဆောင်ပြီး ဆက်လက် သီဆိုကခုန်နေကြပါတယ်။

'ဟေ့..ကလိမ်ကောင်တွေ'

အပင်အိုကြီးက အော်ပြောလိုက်ပါတယ်။ ပြီးတဲ့အခါ-

'ဟေ့..ငါပြောတာကို မကြားချင်ယောင်ဆောင်မနေကြနဲ့'

ပြီးလျှင် ပို၍စိတ်ဆိုးဒေါသထွက်လာပြီး-

'နင်တို့တစ်တွေ နားပင်းနေသလား'

သစ်ပင်အိုကြီးမှာ ဒေါသဖြစ်လွန်းလို့ အသံများပင် တုန်ယင်လာပြီး-

'သည်ကလိမ်ကောင်တွေဟာ နားပင်းနေတာလား၊ အ,ချင်ယောင်ဆောင်နေကြတာလား။ ဒီတောနက်ကြီးထဲက ထွက်ချင်ရင် ငါ့ပင်စည်ဘယ်ဘက်က အကိုင်းကိုကိုင်၊ ဘုရားရှင်ကို သုံးခါတ,ပြီး သစ်ကိုင်းကို ပင်စည်ဘက် သုံးခါဆွဲရင် ဒီတောနက်ကြီးထဲက ထွက်မယ့်လမ်းကို တွေ့ရမယ်လို့ ငါပြောရင်တောင်မှ သူတို့ ကြားကြမလား မသိဘူး'

သူတို့လေးဦးစလုံး သီဆိုတီးမှုတ်ကခုန်နေရာမှ ဖြုန်းခနဲ ရပ်လိုက်ကြပါတယ်။ ပြီးတာနဲ့ သံသပိတ်ကြီးက ပြူးကျယ်စွာနဲ့ ညောင်မုတ်ဆိတ်ပင်အိုကြီးရဲ့ အနားကို ကပ်သွားလိုက်ပါတယ်။ ပြီးတော့ သစ်ပင်အိုကြီးကို ဦးညွှတ်အလေးပြုလိုက်ပြီး-

'ကျေးဇူးတင်ပါတယ် မဟာပညာရှိ သစ်ပင်အိုကြီးရယ်။ သင်ပြောသလို လုပ်ပါ့မယ်လို့ ကတိပေးပါတယ်။ ကျုပ်တို့ကလည်း ဒီတောနက်ကြီးထဲမှာ တစ်သက်လုံး မနေပါဘူး။ ဟူး..ဟူး..ဟူး'

သံသပိတ်ကြီးက ပြောပြောဆိုဆို ရယ်မောလိုက်ပြီး သစ်ပင်အိုကြီးရဲ့ ဘယ်ဘက်သစ်ကိုင်းကိုကိုင်၊ ဘုရားရှင်ကို သုံးခါတ,ပြီး သစ်ကိုင်းကို ဇင်စည်ဘက်ကို သုံးခါဆွဲလိုက်ပါတယ်။ အဲဒီအခါမှာ ညောင်မုတ်ဆိတ်ပင်အိုကြီးဟာ တစ်ခါတည်း သစ်ပင်အခေါက်များကွာကျ၊ အရွက်များကြွေကျသွားပြီး မုတ်ဆိတ်ဖားဖားနဲ့ အဘိုးအိုကြီးတစ်ယောက်ရဲ့ အသွင်သဏ္ဌာန်ကို ပြောင်းလဲသွားပါတော့တယ်။

ထူးခြားတာကတော့ အဘိုးကြီးရဲ့ ခြေသည်း၊ လက်သည်း၊ ဆံပင်၊ မုတ်ဆိတ်၊ မျက်လုံး တစ်ကိုယ်လုံးကို စိမ်းစိမ်းကြီး ဖြစ်နေတာပါပဲ။ အဘိုးအို လူစိမ်းစိမ်းကြီးက သစ်ပင်တွေကြားထဲက မြင်နေရတဲ့ လွင်ပြင်ကလေးတစ်ခုကို လက်ညှိုးထိုးပြလိုက်ပါတယ်။ ပြီးတာနဲ့-

'ကိုင်း..အဲဒီလမ်းအတိုင်းသာ သွားကြပေတော့ ငါ့လူတို့။ သင်တို့အားလုံး ဒီတောနက်ကြီးထဲကနေ ပြင်ပကို ရောက်သွားကြလိမ့်မယ်'

အဘိုးအို လူစိမ်းကြီးဟာ သံသပိတ်ကြီးကို သေသေချာချာ စူးစိုက်ကြည့်လိုက်ပြီးတော့-

'သင်ဟာ သူတော်ကောင်းဖြစ်ဖို့ ကြိုးစားနေသူမို့ ကျွန်ုပ်က သင့်အတွက် စကားလက်ဆောင်တစ်ခု ပေးလိုက်ပါ့မယ်။ သင့်ရဲ့မျက်စိနဲ့ မြင်တွေ့ရပေမယ့် အမှန်လို့ တစ်ထစ်ချ မမှတ်သားလေနဲ့။ သင့်ရဲ့နားနဲ့ သေသေချာချာ ကြားရပေမယ့် ဟုတ်တယ်လို့ တရားသေ မမှတ်လေနဲ့။ ကိုင်း..သွားကြပေတော့ ငါ့လူများ'

အဘိုးအို စိမ်းစိမ်းကြီးဟာ ချက်ချင်းပဲ ညောင်မုတ်ဆိတ်ပင်အိုကြီး အသွင်သဏ္ဌာန်ကို ပြန်လည်လို့ ပြောင်းလဲသွားပါတော့တယ်။

သံသပိတ်ကြီးက ညောင်မုတ်ဆိတ်ပင်အိုကြီးကို ဦးညွှတ်အလေးပြုလိုက်ပြီး-

'ကျုပ်တို့သွားပြီ မိတ်ဆွေကောင်းကြီးရေ'

ကျွန်သူသုံးဦးဟာလည်း ညောင်မုတ်ဆိတ်ပင်အိုကြီးရဲ့ ရှေ့မှာ တန်းစီရပ်ပြီး ဦးညွှတ်ဂါရဝပြုကြပါတယ်။ ပြီးတာနဲ့ သစ်ပင်အိုကြီးညွှန်ပြတဲ့ လွင်ပြင်ကလေးဆီကို တန်းပြီး သွားလိုက်ကြပါတယ်။ လွင်ပြင်ကလေးထဲကို ဝင်မိတယ်ဆိုရင်ပဲ တောအုပ်ကြီးဟာ နောက်မှာကျန်ခဲ့ပြီး သူတို့လေးဦးရဲ့ရှေ့မှာ လွင်ပြင်ကျယ်ကြီးရဲ့ အဆုံးမှာ ရွာကြီးတစ်ရွာနဲ့ အဲဒီရွာကြီးကို အုပ်မိုးထားတဲ့ အလွန်မြင့်မားတဲ့ တောင်စဉ်တောင်တန်းကြီးတစ်ခုကိုလည်း တွေ့ရှိလိုက်ကြရပါတော့တယ်။

ကြည်ဝင်း(ဟာသဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

အခန်း(၁၈)

မဟုတ်တာ လုပ်မိသူများ၏ ကိုကြွား

စောရန်အောင်နှင့် မိုးမိုးတို့သည်

ချစ်သူများဖြစ်ကြပြီးသော်လည်း သိုသိပ်ကျစ်လျစ်စွာ

www.burmeseclassic.com

www.burmeseclassic.com

မောင်သွေးရဲ့ မြို့မင်းဘား

နေထိုင်ခဲ့ကြလေ၏။ စောရန်အောင်ကလည်း မိမိရည်မှန်းချက် ဓမ္မက်ဖို့ ကိုယ့်အလုပ် ကိုယ်လုပ်ကာ ကုန်သည်လေး အဖြစ် ခရီးထွက် ကုန်ဝယ်,ကုန်ပို့လုပ်ရင်း မောင်မောင်တုတ် သတင်းကို စုံစမ်းနေလေ၏။

ဦးဗလကြီးကလည်း ဆေးဆရာကြီး အသွင်ဖြင့် တစ်ရွာဝင် တစ်ရွာထွက် စုံစမ်းသမှု ပြုနေကြလေ၏။

စောရန်အောင်နှင့် မိုးမိုးတို့ သိုသိပ်စွာနေပါသော်လည်း မြို့ပိုင်တပည့် စာရေးကိုစိုးက ရိပ်မိကာ ကြိမ်းဝါးလျက် ရှိလေ၏။

'မိမိုး..မိမိုး၊ နောက်မှပေါက်တဲ့ ရွှေကြာပင်လက် နှင့်ကို အရောက်မခံနိုင်ဘူး။ နင့်ကို ငါ ရအောင်ယူရမယ်'ဟု ကြိမ်းဝါးရင်း ဆင်ကြဲ,ကြွလျက် ရှိလေ၏။

နောက်ဆုံးတွင် အကြိတစ်ခုရှာပြီး သူဆရာ မြို့ပိုင်ထံ ချဉ်းကပ်အကူအညီတောင်းလေတော့၏။ ထိုအကူအညီမှာ မိုးမိုးအား လိုက်လံတောင်းရမ်းပေးရန် ဖြစ်လေ၏။

အစီအစဉ်တွင် ဒေါမိုးစန္ဒာအား အဏ္ဏဝ်ကိုင်သည့် အနေဖြင့် အမှုဖြစ်နေသော ဒေါမိုးစန္ဒာ ညီမတစ်ယောက်၏ အမှုကိစ္စအား ပြီးပြတ်စေရမည်ဟု တာဝန်ယူလေ၏။ မဟုတ်ပါက ထောင်ကျနိုင်သည် ခြိမ်းခြောက်ထားလေ၏။

ထိုအစီအစဉ်ကို ကိုစိုးက သူတပည့်တစ်ယောက်ဖြင့် ကြိုတင်ပြောထားစေပြီး သူက မြို့ပိုင်မင်းကိုခေါ်လျက် လာရောက်တောင်းရမ်းလေ၏။

ဒေါမိုးစန္ဒာမှာ အကျပ်ရိုက်လျက် 'သမီးဆန္ဒ ဆေးရဲ့

www.burmeseclassic.com

www.burmeseclassic.com

စေ၊ တစ်ပတ်အချိန်ပေးပါ' ဟု ချွေးသိပ်လိုက်ရလေ၏။

ထိုအကြောင်းအရာများကို မိုးမိုးက စောရန်အောင်အား ပြောပြလေရာ စောရန်အောင်က မေးကြောကြီးများ ထောင်အောင် အံကြိတ်လျက်-

'အင်း...မဟုတ်တာလုပ်ရင်တော့ မြွေကြီးကိုက်တော့မှာပဲ' ဟု ပြောလိုက်လေ၏။

မိုးမိုးကို ဘာမှမစိုးရိမ်ရန် ချွေးသိပ်ထားခဲ့လေ၏။ မိုးမိုးမှာမူ စိတ်မအေးနိုင်ဘဲ ရှိလေ၏။ ဒေါ်မိုးစန္ဒာမှာလည်း ပူပင်သောက ရောက်နေရလေ၏။

ဦးဗလကြီးနှင့် စောရန်အောင်တို့မှာမူ ခပ်အေးအေးပင် ရှိလေ၏။

တစ်ပတ်ပြည့်ရန် နှစ်ရက်အလိုထိ စောရန်အောင်သည် ဘာမှမစီစဉ်ဘဲ ရှိလေ၏။ မိုးမိုးအား မစိုးရိမ်ရန်သာ ပြောနေလေ၏။

'ကိုလေး...ကိုလေးက မစိုးရိမ်နဲ့ လုပ်နေ၊ နောက်နှစ်ရက်ပဲ ကျန်တော့တယ်။ သူများရင်ခွင်ထဲ ဝင်ရရင်တော့ မိုး သတ်သေလိုက်မှာနော်'

'စိတ်ချပါ မိုးရယ်၊ မိုး ဘာမှမဖြစ်စေရဘူး။ ကိုလေး တာဝန်ယူပါတယ်' ဟုသာ စောရန်အောင်က ပြောမြဲဖြစ်နေလေ၏။ ပြောနေကျစကားကိုချည်း ပြောပြန်လေ၏။

'အင်း...မဟုတ်တာလုပ်တဲ့သူ မြွေကြီးကိုက်တော့မှာပါကွာ'

မှန်တော့လည်း မှန်နေပါပြီ။ စောရန်အောင် ပြောသလိုပင် ကိုစိုးတစ်ယောက် ထိုနေ့ ညမှာပင် မြွေကိုက်ခံရပြီး သေဆုံးသွားခဲ့လေတော့၏။ သူခြံထဲမှာတင် မြွေကိုက်ခံရပြီး မြွေကိုတော့ မမီလိုက်ဟု သိရသည်။

ထိုသတင်းကြောင့် မိုးမိုး အံ့အားသင့်နေရသည်။ ခပ်အေးအေးအမူအရာရှိနေသော စောရန်အောင်အပေါ်လည်း တွေးရခက်နေလေတော့သည်။

မဟုတ်တာလုပ်တဲ့လူ မြွေကြီးကိုက်လိမ့်မယ်လို့ သူ ဘာကြောင့်ပြောနေရတာလဲ။ ဒါပါနဲ့ဆို နှစ်ယောက်ရှိပြီဟုလည်း တွေးနေမိလေတော့သတည်း။

♦ ♦ ♦

သတို့သားလောင်း ကိုစိုး မြွေကိုက်သေသည့်အတွက် အမူအကြိုးအကျယ်တော့ မဖြစ်ပါချေ။ သူခြံထဲမှာ မြွေဆွယ်ရာနှင့် လဲကျနေပြီး မြွေဆိပ်ကြောင့် သေရကြောင်း ဆေးစာအရမို့ ဘယ်သူကိုမှလည်း အမှုဖွင့်၍မရသလို မည်သူ့ကိုမျှလည်း သံသယပွားနေရန် မလိုခဲ့ပါချေ။

မိုးမိုးသာလျှင် စောရန်အောင်၏ ခပ်အေးအေးအမူအရာနှင့် ပြောစကားကြောင့် တွေးရခက်နေခြင်း ဖြစ်လေ၏။ သူ့အိပ်မက်ထဲမှာ စောရန်အောင်ကို မြွေမင်းသားလေးဟု သူ မြင်မက်ခဲ့သည်။ တကယ်လည်း စောရန်အောင်သည် မြွေမင်းသားဖြစ်စေဦးတော့၊ သည်လောက်ထိကြီးတော့ စွမ်းဆောင်နိုင်မည် မထင်။ လူ့ဘုံလူ့ဘဝတွင် မြွေဘဝ၊ နဂါးဘဝမှ လာကြသူတွေ အများကြီးရှိနေကြသည်သာ ဖြစ်ချေ၏။

နဂါးများ၊ မြွေများသည် ဘုရား၊ တရား ကြည်ညိုကြသည်။ ဘူရိဒတ်နဂါးမင်းသည် လူပြည်တက်၍ ဥပုသ်စောင့်ခဲ့သည်။ နေရာအနှံ့တွင်မြွေများ ဘုရားတက်ဖူးကြသည်။ ဘုရားမှာ နေကြသည်။ လူကို အန္တရာယ်မပြုကြ။ ထို့ကြောင့် မြွေများနှင့် လူဘဝ လွန်စွာနီးစပ်သည်ဟု ယူဆရမည်ဖြစ်ပေ၏။

နတ်ကတော်တစ်ဦးက မိုးမိုးဟာ နဂါးဆက်ဟု ပြောခဲ့ဖူးသည်။ မိုးမိုးကိုယ်တိုင်ကလည်း ဘုရား၊တရား ကြည်ညိုသည်။ မြွေများကို ချစ်သည်၊ ကြင်နာသနားတတ်သည်။ မြွေကိုသတ်သူအား အလွန်အမင်း မုန်းလေ၏။

ဘာပဲဖြစ်ဖြစ်-

မြွေဆရာ မြွေကိုက်ခံ၍ သေခြင်းနှင့် ကိုစိုး မြွေကိုက်ခံသေရခြင်းတို့မှာ ဆက်စပ်မှုရှိသော်လည်း စောရန်အောင်၏ လက်ချက်မဟုတ်ဟုတော့ မိုးမိုး ယုံကြည်သည်။ မိုးမိုး စဉ်းစား၍မရပါ။

မိုးမိုး တွေးရကျပ်နေတုန်း နောက်ထပ်ပြဿနာက ထပ်တက်လာသည်။ ကိုစိုး မြွေကိုက်ခံ သေရပြီးမှ တစ်လမပြည့်သေး မိုးမိုးတို့မြို့သို့ ပြောင်းရွှေ့ရောက်ရှိလာသော သစ်တောဝန်ထောက်တစ်ဦးက ထမင်းစားလာရင်း မိုးမိုးကို တွေ့ကာ သဘောကျသွားလေသည်။ သူကလည်း တစ်ကိုယ်တည်း မုဆိုးဖိုကြီးဖြစ်လေ၏။ အသက်ချင်းကတော့ များစွာကွာသည်။ မုဆိုးဖိုကြီး ဆိုသော်လည်း သူ့တပည့်တစ်ဦးက မှုးမှုးနှင့်ပြော၍ သိကြရသည်။

ထိုသစ်တောဝန်ထောက်မင်းက ရောက်၍မှ နှစ်ပတ်မပြည့်သေး မိုးမိုးကို ချဉ်းကပ်လေတော့သည်။ မိုးမိုးအတွက်လည်း လက်ဆောင်ပစ္စည်းများ ပေးလေ၏။

ထိုအကြောင်းများကို မိုးမိုးက စောရန်အောင်အား ပြောပြလေရာ-

www.burmeseclassic.com

www.burmeseclassic.com

'အင်း...မဟုတ်တာလုပ်ရင်တော့ မြွေကြီးကိုက်ဦးမှာပဲ' ဟု ပြောသဖြင့် မိုးမိုးက အံ့သြရပြန်လေသည်။

စောရန်အောင်၏ပုံစံကား ထုံးစံအတိုင်း ခပ်အေးအေးပင်။

သစ်တောဝန်ထောက်က အချဉ်းကပ်ကောင်းတော့ ဒေါ်မိုးစန္ဒာက အရေးပေးချင်သည်။ လက်ဆောင်ပစ္စည်းများ အတွက် အားနာတာလည်း ပါလိမ့်မည်။ အားနာတော့ ခါးပါရမည့်အဖြစ်ကို ကြုံတော့မှ ဒေါ်မိုးစန္ဒာ ရင်ဘတ်လေး ဖိလေ၏။

ဝန်ထောက်မင်းက သူ့မွေးနေ့ပါတီသို့ ဖိတ်ကြားသဖြင့် သားအမိနှစ်ယောက် သွားကြရသည်။ ပါတီပွဲ ညဘက်မှာ လုပ်ခြင်းပါ။

အိမ်ထဲမှာ ပါတီပွဲနဲ့နေတုန်း ဝန်ထောက်မင်း၏ ခိုင်းစေချက်အရ မိုးမိုးကို ခဏဆိုပြီး ခေါ်ထုတ်သွားသည်။ ဒေါ်မိုးစန္ဒာကိုတော့ သူလှုမျှားဖြင့် ဆွဲဆောင်ထားခိုင်းသည်။

ခြံထဲရောက်တော့ အသင့်စောင့်နေသည့် ဝန်ထောက်မင်းက ကောင်မလေးကို ပြန်လွှတ်ပြီး မိုးမိုးအား အမှတ်တရ လက်ဆောင်ဆိုကာ စိန်လက်စွပ်လေး ပေးသည်။

မိုးမိုး ငြင်းတော့ လက်ကိုဆွဲလို့ စွပ်ပေးသည်။ ငြင်းနေသည့်ကြားမှ စွပ်ပေးပြီး ဆတ်ဆို ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။ မိုးမိုး အော်မည်လုပ်တော့ ပါးစပ်ပိတ်ထားသည်။

'အား'

အော်သံကြီးနှင့်အတူ ဝန်ထောက်မင်း တွန့်သွားသည်။ မိုးမိုးကို ဖက်ထားသောလက်များ လျော့ကျသွားသည်။ တဖြည်းဖြည်းချင်း လဲကျသွားသည်။ မိုးမိုး ကြည့်လိုက်မိချိန်မှာတော့ ကြီးမားလှသော ငန်းမြွေကြီးတစ်ကောင် ပြေးထွက်သွားသည်ကို မီးရောင်နှင့် မြင်လိုက်ရသည်။ မိုးမိုးလည်း မိခင်ရှိရာ ပြေးသွားလေတော့၏။ မိခင်ရင်ခွင် ခေါင်းလေးတိုးဝင်ကာ ဖြစ်သမျှ ပြောပြလိုက်တော့သည်။

'မိုးမိုး ဘာဖြစ်သွားသေးလဲ' ဟု မေးသံကြောင့် မော့ကြည့်လိုက်တော့ ချစ်သူစောရန်အောင်ကို မြင်လိုက်ရသဖြင့် မိုးမိုး အံ့အားသင့်သွားမိသည်။ ပါတီပွဲတွင် မမြင်ခဲ့ရဘဲ အခုမှ မြင်ရသဖြင့် အံ့သြမိခြင်းပါ။

စောရန်အောင်ကတော့ ဘာမှမဖြစ်သလို မိုးမိုးတို့ သားအမိကို လိုက်ပို့သည်။ စိတ်အေးအေးထားရန် အားပေးသည်။ စကားတစ်ခွန်းလည်း ပြောသွားပြန်၏။

'မဟုတ်တာလုပ်ရင် မြွေကြီး အကိုက်ခံရမှာပဲလေ'

အခန်း(၁၉)

မြွေများ၏ကံကြမ္မာ

ဝန်ထောက်မင်း မြွေကိုက်ခံရသည့်အရေးနှင့်ပတ်သက်၍ မြို့တွင်းမှာ သတင်းမျိုးစုံ ဖြစ်နေလေ၏။ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ပြောဆိုနေကြလေ၏။

ထမင်းဆိုင်မှ မိုးမိုး၏ချစ်သူသည် မြွေမင်းသားဖြစ်ပြီး မိုးမိုးအား ကြိုက်သူများအား ကိုက်သတ်တတ်ကြောင်း ပြောဆိုနေကြလေ၏။ ထိုသတင်းစကားများကြောင့် မိုးမိုးအား ကြိုက်မည့်သူများမှာလည်း တွန့်ဆုတ်ကုန်ကြလေ၏။

မိုးမိုးမှာမူ ထိုသတင်းစကားများကြောင့် စိတ်မပျက်သည့်အပြင် ဂုဏ်ပင်ယူမိလေ၏။ မိမိ၏ချစ်သူသည် မြွေမင်းသားလေးဖြစ်သည်ဟူ ရှေးမဆွကပင် ယုံကြည်ထားသူဖြစ်သောကြောင့်လည်း မတုန်လှုပ်ခြင်း ဖြစ်လေ၏။ ချစ်သူကိုကား ဤသို့ မေးမိလေ၏။

'ကိုလေး...ကိုလေးဟာ မြွေမင်းသားလေးဆို၊ မြွေယောင်ဆောင်တတ်လား'

'ကြံကြီးစည်ရာကွယ်၊ မြွေဝင်စားတော့ ဟုတ်ပါတယ်၊ မြွေဘဝက လာတဲ့သူဟာ မြွေဝင်စားပဲပေါ့။ မြွေဝင်စားဖြစ်တာနဲ့ မြွေယောင်ဆောင်တတ်ပါ့မလားကွယ်'

'ဟုတ်မှာပါ။ လူတွေ ချဲ့ကားပြောတာနေမှာပါ' ဟု မိုးမိုး ဖြေသိမ့်လေ၏။

ချစ်သူကိုလည်း ရွှန်းရွှန်းစားစား ကြည့်ရင်း-

'သိပ်ချစ်တာပဲ ကိုလေးရယ်၊ မိုးကို ပစ်မသွားပါနဲ့နော်' ဟု ပြောလေ စောရန်အောင်က-

'ဘာလို့ပစ်သွားရမှာလဲကွယ်။ ကိုလေးကလည်း မိုးကို သိပ်ချစ်ပါတယ်' ဟုပြောရင်း နဖူးလေးအား နမ်းလေ၏။

မိုးမိုးကလည်း စောရန်အောင်၏ ပါးလေးကို ကြင့်နာစွာ နမ်းလေ၏။ နမ်းပြီးသော် စိုးရိမ်သဖြင့် မေးပြန်လေ၏။

'ဒါထက် ကိုလေးကို မြို့ပိုင်မင်းက ဆင့်ခေါ်ထားတယ်ဆို'

'ဟုတ်တယ် မိုးရဲ့။ မနက်ဖြန်နေ့ခင်း သူ့ရုံးခန်းကို လာခဲ့ပါတဲ့။ ဦးဗလကြီးလည်း ပါတယ်'

'ဘာလုပ်မလို့လဲဟင်'

'ကြားတာတော့ ဒီမြို့မှာရှိတဲ့မြွေတွေ ဖမ်းခိုင်းမလို့တဲ့။ ဒီမြို့မှာ မြွေကြောင့်သေတာ သုံးယောက်တောင်ရှိပြီမို့ အထက်က သူ့ကို ဆူနေသတဲ့။ ဒါကြောင့် တစ်မြို့လုံးရှိတဲ့ မြွေတွေကို မြေလှန် ရှာဖမ်းမလို့တဲ့'

www.burmeseclassic.com

www.burmeseclassic.com

'ဟင်..မြွေတွေတော့ ဒုက္ခပဲ။ ကိုလေးက ဖမ်းပေးမှာလား'

'ဘယ်ဖမ်းပေးပါ့မလဲ။ သွားတော့ တွေ့ရမှာပေါ့လေ။ ဟိုကျ ငြင်းရုံပဲရှိတယ်'

'ကိုလေးကို အရေးယူနေပါဦးမယ်'

'မြွေဖမ်းမပေးတာနဲ့ အရေးယူလို့ မရပါဘူးကွယ်။ မယူပါနဲ့။ မဟုတ်တာလုပ်တဲ့လူ မြွေကြီး ကိုက်လိမ့်မယ်'

စောရန်အောင်၏ စကားကြောင့် မိုးမိုး ရင်ဖိုသွားလေ၏။ စောရန်အောင် ဤသို့ပြောပြီးတိုင်း မြွေကိုက်ခဲ၍ သေကြသည်ကို မိုးမိုးသာလျှင် အသိဆုံး မဟုတ်ပါလား။

မိုးမိုးသည် နှုတ်ဆိတ်စွာ စဉ်းစားနေပြီးမှ စောရန်အောင်ကို တိုးတိုးလေး မေးလေ၏။

'ကိုလေး..အန္တရာယ်များတဲ့ အလုပ်တွေကို မလုပ်ပါနဲ့နော်'

'စိတ်ချပါ မိုးရယ်၊ ကိုလေးအတွက် စိတ်ချပါ။ အလုပ်တာဝန်တစ်ခုပြီးရင် ပြီးပါပြီ။ မိုးသာ စိတ်အေးအေးထားနေ။ ကိုလေး ဘာမှမဖြစ်စေရဘူး'

နှစ်ဦးသား စိုးရိမ်စကားတွေ တတွတ်တွတ်ပြောရင်း တင်းကျပ်စွာ ဖက်ထားမိကြလေ၏။ ညအတော်နက်မှပင် စောရန်အောင်သည် မိုးမိုးတို့ဆိုင်မှ ပြန်ခဲ့လေ၏။ ဦးဗလကြီးက ဆေးကုထွက်နေ၍ ပါမလာပါချေ။

စောရန်အောင် အပြန်ခရီးဝယ် လူတစ်ယောက် နောက်မှ လိုက်နေသည်ကို သတိမထားမိခဲ့ပါချေ။ ထိုအရိပ်မည်းသည် စောရန်အောင် သူ့အိမ်ထဲ ဝင်သွားသည်ထိ အတန်ကြာအောင် ကြည့်နေပြီးမှ လှည့်ထွက်သွားလေ၏။

စောရန်အောင် အိမ်ထဲရောက်တော့ ဒေါ်မယ်တင်ကိုယ်တိုင် တံခါးဖွင့်ပေးလေ၏။ သားကို စိုးရိမ်စွာ မေးလေ၏။

'မိုးချုပ်လိုက်တာ သားရယ်၊ မယ်မယ် စိတ်ပူလှလို့ စောင့်နေတာ။ တစ်ယောက်တည်းလား၊ ဗလကြီးရော'

'ဦးဗလ ဆေးကုသွားတယ် မယ်မယ်။ မနက်ကျ ပြန်ရောက်ပါလိမ့်မယ်'

'သားတို့ကို မြို့ပိုင်မင်း ဆင့်ခေါ်ထားတယ်ဆို'

'ဟုတ်တယ် မယ်မယ်'

'ဘာအရေးလဲကွယ်'

'မြွေတွေ ဖမ်းခိုင်းမလို့တဲ့။ မမအတွက် လုံခြုံအောင် စီစဉ်ဦးမှ'

စောရန်အောင်က မိခင်အား နှစ်သိမ့်အိပ်စက်စေပြီး မြွေကြီးရှိရာ သေတ္တာရှေ့ လာရပ်ကာ ပြောလိုက်လေ၏။

'မမရေ..ဒီမြို့မှာ မြွေတွေကို ဖမ်းမလို့တဲ့။ အဲဒါ ဘယ်မှလျှောက်ထွက်မနေနဲ့နော်။ ကျွန်တော် စိတ်မချဘူး။ မမကို အိမ်ထဲ လုံခြုံတဲ့နေရာ ရွှေ့ထားမယ်'

စောရန်အောင်က ပြောလည်းပြော၊ သေတ္တာကြီးကိုလည်း မ,မည်လုပ်နေတုန်း ငန်းမြွေကြီးက ထွက်လာလေ၏။

သေတ္တာထဲမှ ထွက်မည်လုပ်သောမြွေကြီးအား ပြန်ဝင်စေရန်-

'မဖယ်ပါနဲ့ မမရာ၊ ကျွန်တော် မ,နိုင်ပါတယ်'ဟု ပြောရင်း သေတ္တာကြီးကို မ,ယူကာ အတွင်းခန်းလုံခြုံရာသို့ ရွှေ့သွားလေတော့၏။

သေတ္တာကို သေချာချထားခဲ့ပြီး-

'ဘယ်မှလျှောက်သွားမနေနဲ့နော်'ဟု မှာကြားထားခဲ့လေ၏။ မြွေကြီးကလည်း ငြိမ့်သက်စွာ ခွေနေလေတော့၏။

♦ ♦ ♦

နောက်တစ်နေ့ နံနက်တွင် ဦးဗလကြီး ပြန်ရောက်လာလေရာ အကျိုးအကြောင်းပြော၍ မြို့ပိုင်ရုံးသို့သွားရန် ထွက်ခဲ့ကြလေ၏။

ဦးစွာ မနက်စာ ထမင်းစားရန် မိုးမိုး၏ ထမင်းဆိုင်သို့ ဝင်ရောက်ကြလေ၏။ ထမင်းဆိုင်ထဲ၌ ထမင်းစားနေကြသောလူများမှာ စောရန်အောင်ကို ကြည့်ကြလေ၏။ ဘာမှတော့ မပြောကြပါချေ။

ထို့အတူ မိုးမိုးကိုလည်း ထိကပါး ရိကပါး မပြောဝံ့ကြတော့ချေ။

ဒေါ်မိုးစန္ဒာအား မရိုမသေလုပ်ရဲသူမှာ ဦးဗလကြီးတစ်ယောက်သာ ရှိလေ၏။

ဆိုင်ထဲ ဝင်သည်နှင့်-

'ကျုပ်နှမ နေကောင်းရဲ့နော်'ဟု ပြုံးဖြဖြဖြင့် နှုတ်ဆက်လေ၏။ ဒေါ်မိုးစန္ဒာက ထုံးစံအတိုင်း မျက်နှာငင်းခြင်း

www.burmeseclassic.com

www.burmeseclassic.com

လေ၏။ မိုးမိုးကလည်း ထုံးစံအတိုင်း စောရန်အောင်ကို ထွက်ကြိုကာ နေရာချပေးလေ၏။

'ဘာဟင်းနဲ့စားမဲ့လဲ၊ အသည်းဟင်းပဲလား' ဟု မေးလေ၏။

စောရန်အောင်က-

'သိသားနဲ့ ဘာလို့မေးနေရသေးတာလဲ။ ရှိတဲ့အသည်းအကုန်ထည့်ခဲ့' ဟု ပြောလေ၏။

သူတို့နှစ်ဦး ပြောဆိုနေသည်များကို ကြားကြသော *လည်း ထမင်းစားနေသူများမှာ တုတ်တုတ်မျှ မလှုပ်ဘဲကြဘဲ* ထမင်းငုံစားနေကြလေ၏။

မိုးမိုးက ဟင်းဖတ်လေးများ ထည့်ပေးရင်း-

'စားကောင်းရဲ့လား'

ဟု မေးရာ စောရန်အောင်က-

'မိုးရဲ့ စေတနာကောင်းတော့ ဟင်းကလည်း ပိုကောင်းနေတာပေါ့' ဟုပြောပြီး ဟင်းဖတ်များကို ခပ်စားနေလေ၏။

စားသောက်ပြီး ငွေရှင်းမည် လုပ်လေရာ-

'ဟင့်အင်း၊ မပေးနဲ့။ ဒီနေ့ မိုးမွေးနေ့မို့ ကျွေးတာ'

ဟု ပြောသဖြင့် စောရန်အောင်က အံ့အားသင့်သွားပြီး-

'ဟင်..မိုးကလည်း ကြိုပြောမထားဘူး။ မွေးနေ့လက်ဆောင် ပေးရအောင်ဟာကို'

ဟု မချင့်မရဲ ပြောလိုက်လေရာ မိုးက အနားကပ်ကာ တိုးတိုးလေးလေသံဖြင့်-

'ညက ကိုလေးပဲ မိုးနဖူးမှာ မွေးနေ့လက်ဆောင် ပေးသွားပြီလေ'

ဟု ပြောလေရာ ဦးဗလကြီးက-

'တယ်မြန်ပါလားနော်' ဟု ဝင်ဖော်သေး၏။

ထမင်းစားသောက်ကြပြီး၍ မြို့ပိုင်ရုံးခန်းသို့သွားရန် ထွန်ပြင်သော် မိုးမိုးက-

'ကိုလေး..အပြောအဆို ဆင်ခြင်ပါနော်' ဟု သတိပေးလိုက်လေ၏။

စောရန်အောင်က-

'စိတ်ချပါ မိုးရယ်' ဟု ကတိပြုရင်း ဆိုင်ထဲမှ ထွက်ခဲ့ကြလေတော့၏။

ဦးဗလကြီးကလည်း ကောင်တာမှ ဒေါ်မိုးစန္ဒာအား-

'နှမကြီး..ကျုပ်ကို ဘာမှာဦးမလဲ'

ဟု လှမ်းမေးလေရာ ဒေါ်မိုးစန္ဒာက-

'အပြောအဆိုဆင်ခြင်၊ အချုပ်ထဲ ရောက်သွားရင် ထမင်း လာမပို့နိုင်ဘူး' ဟု ပြောလိုက်လေ၏။

ဦးဗလကြီးက-

'အဲဒီလိုတော့ မရက်စက်ပါနဲ့ကွာ' ဟု ဆိုကာ ပြုံးဖြဲဖြဲနှင့် ထွက်ခွာသွားခဲ့လေတော့၏။

မြို့ပိုင်ရုံးသို့ရောက်သော် နာမည်ပြောလိုက်သည်နှင့် ပျာတာက ကပျာကယာပင် မြို့ပိုင်ထံ သတင်းပို့လေ၏။ မြို့ပိုင်၏ အမိန့်အရ သူတို့နှစ်ယောက်အား ခမ်းနားလှသော မြို့ပိုင်မင်း ရုံးခန်းသို့ ခေါ်သွားလေ၏။

မြို့ပိုင်မင်းက သူတို့နှစ်ယောက်အား သူ့စားပွဲရှေ့ရှိ ကုလားထိုင်တွင် ထိုင်စေ၍ စောရန်အောင်ကို ကြည့်ကာ-

'မောင်ရင်က စောရန်အောင်နော်'

'ဟုတ်ပါတယ်'

'သူက'

'ဦးဗလပါ'

'ဘာတော်လဲ'

'ဦးလေးပါ'

'မိဘများကရော'

'ငယ်ငယ်ကတည်းက ဆုံးသွားကြပါတယ်။ မြင်တောင် မမြင်ဖူးလိုက်ပါဘူး'

'အို..အို..ဘာဖြစ်လို့လဲကွယ့်'

'ဝမ်းရောဂါဖြစ်ပြီး ဆုံးတယ် ပြောကြတာပဲ။ ကျွန်တော်ထောင် ဒီဦးလေး ကယ်ထားလို့ အသက်ရှင်နေတာပါ'

ဦးလေးက မည်းပြီး မောင်ရင်က ဖြူတယ်နော်ဟု ပြောသည်တွင် ဦးဗလက ဝင်ဖြေလေ၏။

'ဒီလိုပါ..ကျွန်တော်က ဆင်းရဲတော့ ငယ်စဉ်က ဇရာဝတီမြစ်ထဲမှာ ငါးဖမ်းရပါတယ်။ နေပူပူမှာ ရေထဲ နေရတော့ မည်းကုန်တာပါပဲ'

'ရပါတယ်၊ မည်းတာ အပြစ်မရှိပါဘူး'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့တူဝရီးကို ဘာလုပ်ဖို့များ ခေါ်ပါသလဲခင်ဗျာ'

'ဒီလိုပါ၊ ဒီမြို့မှာ မြွေကိုက်သေတာ သုံးယောက်ရှိပြီ။ နောက်ဆုံးသေတာ သစ်တောဝန်ထောက်ကိုယ်တိုင် ဖြစ်နေတယ်။ ဒီအတွက် အထက်က ကျုပ်ကို ခေါ်ဆူတယ်။ နောက်ထပ်ဖြစ်ရင် ကျုပ်ကို အရေးယူမယ်တဲ့။ ဒါကြောင့် ဒီမြို့မှာရှိတဲ့ မြွေတွေအားလုံးကို ကျုပ် ဖမ်းချင်တယ်။ မောင်ရင်လေးဟာ မြွေနိုင်တယ် ပြောကြတယ်။ ဒါကြောင့် မြွေတွေ ဖမ်းပေးဖို့ ခေါ်ရတာပါ'

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ စောရန်အောင်နှင့် ဦးဗလတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြလေ၏။ ဦးဗလကြီးက ခပ်တိုးတိုး ပြောလေ၏။

'ဒီကလေးဟာ မြွေမဖမ်းတတ်ပါဘူးခင်ဗျာ'

'ဒါဆို ခင်ဗျားရော'

'ကျွန်တော်မျိုးလည်း မဖမ်းတတ်ပါဘူးခင်ဗျာ'

'မလိမ်နဲ့နော်။ မြွေဆရာတစ်ယောက်ဆီက မြွေကို မောင်ရင် ခေါ်သွားဖူးတယ်ဆို'

'အဲဒါ သူဟာသူ လိုက်လာတာပါ'

'မောင်ရင်ခေါ်တာ မဟုတ်ဘူးလား'

'မဟုတ်ပါဘူး၊ သူဟာသူ လိုက်လာတာပါ'

စောရန်အောင်စကားကြောင့် မြို့ပိုင်မင်း စဉ်းစားနေလေ၏။ စောရန်အောင်ကို စေ့စေ့ကြည့်ကာ မေးခွန်းထုတ်ပြန်လေ၏။

'မောင်ရင့်ကို မြွေမင်းသားလို့ ဘာကြောင့်ခေါ်ကြသလဲ'

'ကျွန်တော် သိုင်းကစားရင် မြွေတစ်ကောင် က,နေ သလို ကစားတတ်လို့ ခေါ်ကြတာ ထင်ပါတယ်'

'မြွေမင်းသားက မြွေလို ကတတ်တယ်။ မြွေမဖမ်း တတ်ဘူးလား'

'မဖမ်းတတ်ပါဘူး'

'ကောင်းပြီ။ ဒါဖြင့် ဖမ်းတတ်တဲ့သူ ခေါ်လိုက်မယ်'

မြို့ပိုင်မင်းက ပြောရင်း စားပွဲပေါ်မှ ဘဲ(လ်)ကို နှိပ်လိုက်ရာ မင်းလုလင်လေး ဝင်လာ၏။

မြို့ပိုင်မင်းက-

'မင်းရဲ့မြွေဆရာ ခေါ်ခဲ့စမ်း'ဟု အမိန့်ပေးရာ မင်းလုလင်လေးက ,ဟုတ်ကဲ့ဟု ဆိုကာ ပြန်ထွက်သွား၏။

မကြာမီ လူတစ်ယောက်ကို ခေါ်လာ၏။ နှုတ်ခမ်းမွေးကားကားနှင့် အသက်ခြောက်ဆယ်ခန့်ရှိသော လူကြီးတစ်ဦး ဖြစ်လေ၏။

'ထိုင်ပါ ဆရာကြီး'

မြို့ပိုင်မင်း ထိုင်ခိုင်းသဖြင့် ထိုဆရာကြီးက စောရန်အောင်ဘေးကခုံမှာ ဝင်ထိုင်၏။ မြို့ပိုင်မင်းက ဆရာကြီးဆိုသူကို မေး၏။

'ဆရာကြီးက နယ်လှည့်မြွေဖမ်းဆရာနော်'

'ဟုတ်ပါတယ်'

'တစ်ယောက်တည်းလား'

'တပည့်နှစ်ယောက် ပါပါတယ်'

'မြွေဖမ်းလာတာ ကြာပြီလား'

'ကြာပါပြီ'

'ဒီမြို့မှာရှိတဲ့ မြွေတွေအားလုံးကို ဖမ်းပေးနိုင်မလား'

'ဟုတ်ကဲ့၊ ဖမ်းပေးနိုင်ပါတယ်'

'တစ်ခါဖမ်းရင် မြွေဘယ်လောက်များများ ဖမ်းရလဲ'

'ဒါကတော့ ဒီလိုရှိပါတယ်။ ကျွန်တော်တို့က ကိုယ်လိုသလောက်ပဲ ဖမ်းလေ့ရှိပါတယ်။ တစ်ခါတလေ အခုလို ခေါ်ဖမ်းခိုင်းမှသာ ဖမ်းခိုင်းသူ လိုသလောက် ဖမ်းပေးပါတယ်။ ရွာကြီးတစ်ရွာမှာဆိုရင် သူဌေးကြီးတစ်ယောက် ဖမ်းခိုင်းလို့ ဖမ်းပေးတာ တစ်ရွာလုံး အကောင်ငါးဆယ်ကျော် ရပါတယ်'

'ဟင်..ဟုတ်လား၊ သူက ဘာလုပ်တာလဲ'

'ဘာမှမလုပ်ပါဘူး။ မြွေဆို ကြောက်လို့တဲ့။ ဖမ်းပြီး သတ်ပေးရပါတယ်'

'တယ်ထူးပါလား။ ဘယ်ရွာကလဲ၊ ဘယ်သူလဲ'

'ဒီကနေ မိုင်နှစ်ဆယ်ကျော်ဝေးတဲ့ ကျွဲတောရွာကပါ။ သူဌေးကြီး ဦးရွှေဘော်ပါ'

'သြော်..သိတယ်။ ရာဇဝတ်အုပ်ဟောင်း မောင်မောင်တုတ်ပဲ။ သူက အဲဒီရွာမှာ ဇာတ်မြုပ်နေတာ ကြာပြီ။ သူက ဘာလို့ မြွေကြောက်ရတာလဲ'

'မသိပါဘူးခင်ဗျ'

မြို့ပိုင်မင်းနှင့် မြွေဖမ်းဆရာကြီး ပြောနေကြသော စကားများထဲမှ မောင်မောင်တုတ်ဟူသောအသံ ကြားလိုက်ရသည်နှင့် စောရန်အောင် ကြက်သီးမွေးညင်းများ ထသွားလေ၏။

ဦးဗလကြီးကိုလည်း ခေါင်းညိတ်ပြလေ၏။ ဦးဗလကြီးကလည်း ခေါင်းညိတ်ပြလေ၏။

မြွေဖမ်းဆရာကြီးက သူ မြွေဖမ်းခဲ့ပုံများကို ဂုဏ်ယူစွာ ပြောနေချိန်မှာတော့ စောရန်အောင်သည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလျက် ရှိချေ၏။

မြွေဖမ်းသမားကြီး ပြောပုံအရ ဤမြို့၌ ရှိသမျှ မြွေများကို ဖမ်းယူသွားပြီး ဦးရွှေဘော်ထံ ရောင်းချရန် ဖြစ်လေ၏။ ဦးရွှေဘော်က မြွေများကို အကုန်သတ်ပစ်မည် ဖြစ်လေ၏။

မြို့ပိုင်မင်းသည် မြွေဖမ်းသမားကြီးအား တစ်မြို့လုံး ရှိသမျှ မြွေများ ဖမ်းယူသွားရန်ပြောလေ၏။ မြွေဖမ်း

www.burmeseclassic.com

www.burmeseclassic.com

ပေးဦးမည်ဟုလည်း ပြောလေ၏။ မြွေဖမ်းသမားကြီးမှာ ငွေနှစ်ခါရမည်မို့လည်း ပျော်နေပုံရလေ၏။

မြို့ပိုင်မင်းက နောက်နေ့ချက်ချင်းပင် မြွေဖမ်းရန် မှာကြားသလို ဦးဗလကြီးတို့ကိုလည်း ကူညီကြရန် မှာကြားကာ ပြန်လွှတ်လိုက်လေ၏။

အပြန်ခရီး၌ စောရန်အောင်သည် အသားများပင် တုန်လျက်ရှိတော့၏။

'ပျံလေတဲ့ငှက်ခါး နားတဲ့နေရာသိပြီ ဦးဗလရေ။ တွေ့ကြပြီပေါ့ကွာ' ဟုလည်း ကြိမ်းဝါးလေ၏။

ဦးဗလက-

'တို့ ဘာဆက်လုပ်ကြမလဲ'

'ခေါင်းအေးအေးနဲ့ အစီအစဉ် ဆွဲကြတာပေါ့။ ဒင်းပြေးမလွှတ်တော့ပါဘူး။ လောလောဆယ် မြွေတွေရဲ့ ပြဿနာက ရှိသေးတယ်။ မြွေတွေကို ကယ်ရဦးမယ်'

'ဘယ်လိုလုပ် ကယ်ကြမလဲ'

ဦးဗလ အံ့မေးကို ချက်ချင်းမဖြေသေးဘဲ ဘေးဘီဝဲယာကြည့်ပြီးမှ နားနားကပ်ကာ တိုးတိုးလေး ပြောလိုက်လေ၏။

စောရန်အောင် တိုးတိုးကပ်ပြောသည်ကို နားထောင်ရင်း ဦးဗလမှာ ခေါင်းတညိတ်ညိတ် ရှိနေလေတော့သတည်း။

အခန်း(၂၀)

မြွေဖမ်းကြပြီ

မြွေဖမ်းမည့် ဆရာကြီးနှင့်အဖွဲ့သည် မနက်စောစော ဝင် မြို့လယ်ရှိ လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်နေကြပြီး မြွေဖမ်းမည့် အကြောင်းများကို ပြောဆိုနေကြလေ၏။ လူအများလည်း နားထောင်နေကြပြီး အထူးစိတ်ဝင်စားလျက် ရှိကြလေ၏။

တကယ်တော့ မြို့ပိုင်မင်းသည် စောရန်အောင်တို့ကို မြွေဖမ်းခိုင်းရန်ဖြစ်သော်လည်း အကြောင်းတိုက်ဆိုင်စွာ သူ ရုံးမှ ရုံးလုပ်သားလေးက သူဦးကြီး မြွေဖမ်းဆရာရှိကြောင်း ပြောမိရာမှ ခေါခိုင်းသဖြင့် နယ်မှ သွားခေါထားခြင်း ဖြစ်လေ၏။ မြို့ပိုင်မင်း အကြံကတော့ အားလုံးပူးပေါင်း၍ ကုန်စင်အောင် ဖမ်းခိုင်းရန် ဖြစ်လေ၏။ စောရန်အောင်ခြင်းသဖြင့် ယခုဆရာကြီးတ စ်ဦးတည်းကိုသာ ဖမ်းခိုင်းလိုက်ခြင်း ဖြစ်လေ၏။

စောရန်အောင်နှင့် ဦးဗလသည် နံနက်စောစောထ၍ မြို့ထဲ ထွက်ခဲ့ကြလေ၏။ ခြံတံခါးကို သေချာပိတ်ခိုင်းပြီး ဘယ်သူလာလာ ဖွင့်မပေးဖို့ မှာခဲ့လေ၏။ ငန်းမြွေကြီးနှင့် သေတ္တာကိုလည်း လုံခြုံစွာ ဝှက်ထားခဲ့လေ၏။

'မမ..ဘယ်မှထွက်မသွားပါနဲ့နော်။ မြွေဖမ်းတဲ့အဖွဲ့တွေ ရောက်နေတယ်' ဟုလည်း မြွေကြီးအား မှာခဲ့လေ၏။

မြွေကြီးက သိသည့်အလား ငြိမ်သက်စွာခွေလျက် ကျန်နေခဲ့လေ၏။

စောရန်အောင်တို့ မြို့ထဲရောက်တော့ ယနေ့ မြွေဖမ်းမည့် သတင်းကြောင့် လူများစိတ်ဝင်စားစွာ ဟိုတစ်စု သည်တစ်စု ရှိနေကြလေ၏။ မြွေဖမ်းမည့် ဆရာကြီးနှင့် အဖွဲ့ကိုလည်း ကွက်ကြည့်,ကွက်ကြည့် လုပ်နေကြလေ၏။

စောရန်အောင်တို့သည် ဦးစွာ မိုးမိုး၏ ထမင်းဆိုင်သို့ သွားရောက်ကြလေ၏။

မိုးမိုးက စောရန်အောင်ကိုမြင်တော့ ပြေးထွက်လာပြီး-

'ကိုလေး..မြွေတွေ ဖမ်းကြတော့မလို့ဆို' ဟု စိုးရိမ်တကြီး မေးလေ၏။

စောရန်အောင်ကလည်း မျက်နှာမသာမယာနှင့်-

'ဟုတ်တယ်၊ သူတို့ ရောက်နေကြပြီ' ဟု ပြန်ပြောလေ၏။

မြွေဖမ်းသမားများသတင်းကို မိုးမိုးလည်း ကြားပြီးပြီမို့ သက်ပြင်းကိုသာ ချလျက်ရှိလေ၏။ စောရန်အောင်တို့အား ထမင်းကြော်နှင့် ရေနွေးကြမ်းချပေးပြီး ကော်ဖီပါ ဖျော်တိုက်လေ၏။

စောရန်အောင်နှင့် ဦးဗလကြီးတို့လည်း စားသောက်ပြီး-

'အင်း..မြွေဖမ်းဆရာတွေနောက် လိုက်ကြည့်လိုက်ဦးမယ်' ဟု ပြောကာ ဆိုင်မှထွက်ရန် ထလေ၏။

မိုးမိုးက စိုးရိမ်ဟန်ဖြင့်-

'ကိုလေး..နှုတ်ကျွံလက်လွန် ဘာမှမဖြစ်ပါစေနဲ့နော်။ သူတို့က မြို့ပိုင်မင်းအမိန့်နဲ့ လုပ်ကြတဲ့လူတွေ' ဟု သတိပေးလေ၏။

စောရန်အောင်က ခေါင်းလေးညိတ်ကာ-

'စိတ်ချပါ မိုးရယ်၊ ကြည့်ရုံတင်ပါ' ဟု ပြောရင်း ထွက်ခဲ့လေ၏။

မိုးမိုးက ရုတ်တရက် တစ်စုံတစ်ရာ စဉ်းစားဟန်ဖြင့် တိုးတိုးလေး ခေါလေ၏။

'ကိုလေး'

'ဘာလဲ မိုး၊ ဘာပြောမလို့လဲ'

www.burmeseclassic.com

www.burmeseclassic.com

'ဟင့်အင်း..ဘာမှမပြောပါဘူး၊ မေးမလို့'

'ဘာမေးမှာလဲဟင်'

'ဟို..ကိုလေးပြောနေကျ စကားတစ်ခွန်းကို ဘာလို့ မပြောတာလဲဟင်'

မိုးမိုးစကားကြောင့် စောရန်အောင် ငိုင်သွားလေ၏။ မှန်၏။ ယခင်ကဆို သူသည် ယခုလို အခြေအနေမျိုးတွင် မဟုတ်တာလုပ်ရင် မြွေကြီးကိုက်မှာပေါ့ဟု ပြောတတ်မြဲ ဖြစ်လေ၏။ ယခုမူ မပြောနိုင်ခဲ့ပါ။ ဒါကို မိုးမိုးက ရည်ညွှန်းနေခြင်း ဖြစ်ပေ၏။

စောရန်အောင်က ခေါင်းအသာယမ်းရင်း-

'လောလောဆယ်တော့ ဘာမှကို ပြောလို့မဖြစ်သေးပါဘူး မိုးရယ်'ဟု ပြန်ပြောကာ စိတ်မသက်သာစွာဖြင့် ထွက်ခွာသွားလေတော့၏။

စောရန်အောင်နည်းတူ ဦးဗလကြီးလည်း စိတ်မကောင်းနေသည်ဖြစ်ရကား ဒေါ်မိုးစန္ဒာကိုပင် မနောက်နိုင်၊ မစနိုင်ပါတော့ချေ။

စောရန်အောင်၏ ခြေလှမ်းများက မြွေဖမ်းသမားအဖွဲ့ ရှိသည့် လက်ဖက်ရည်ဆိုင်သို့ သွက်သွက်လျှောက်လျက် ရှိလေ၏။ လက်ဖက်ရည်ဆိုင်ရောက်သော် ထသွားကြပြီဟု သိရသဖြင့် မေးမြန်း၍ လိုက်သွားကြလေ၏။

ရပ်ကွက်တစ်ခုအတွင်း၌ မြွေဖမ်းအဖွဲ့ကို တွေ့ရသဖြင့် အသာစောင့်ကြည့်နေမိလေ၏။ စောရန်အောင်တို့နည်းတူ လူတချို့လည်း စိတ်ဝင်စားစွာ ကြည့်နေကြလေ၏။

သူတို့ မြွေဖမ်းပုံကား ကျွမ်းကျင်လှပါပေ၏။ သည်နည်းဖြင့် မြွေဖမ်းသည်ကို ဦးဗလကြီးပင် မတွေ့ဖူးသဖြင့် စေးကြည့်နေမိလေ၏။

သူတို့ထဲမှတစ်ဦးသည် လင်ပန်းတစ်ချပ်ထဲမှ တထောင်းထောင်းထွက်နေသော အငွေ့များဖြင့် ခြံတစ်ခြံကို ပတ်လျှောက်နေ၏။ ဗန်းထဲမှ အငွေ့များသည် ထောင်းထောင်းထလျက်ရှိပြီး ထိုခြံတစ်ခုလုံးမှာ လွှမ်းလျက်ရှိချေ၏။

သိပ်မကြာ၊ တွင်းပေါက်တစ်ခုထဲမှ မြွေဟောက်ကြီး တစ်ကောင် ထွက်လာပြီး ခေါင်းပင် မထောင်နိုင်ဘဲ မြေမှာ ခေါင်းချနေလေ၏။ အမြီးဖျားကမူ တွန့်လိမ်လျက်ရှိလေ၏။ မြွေဆရာကြီးသည် ထိုမြွေကို တုတ်ခွလေးဖြင့် ကုတ်ကို ထောက်ကာ ကျွမ်းကျင်စွာဖမ်းယူ၍ ပခြုပ်ကြီးထဲ ထည့်လိုက်လေတော့၏။

(ထိုမြွေဖမ်းနည်းကို မြွေများ ဒုက္ခရောက်မည်စိုး၍ မဖော်ပြတော့ပါ။ မြွေအန္တရာယ်ကင်းရှင်းလိုရံသာ ပြုလုပ်လိုပါက ဆရာဦးခင်ညွှန့်၊ တိုက် B-၁၀၊ အခန်း-၄၀၃/က၊ ရွှေခင်းသာ၊ သာကေတ၊ ရန်ကုန်သို့ ဆက်သွယ်နိုင်ပါသည်။ စာရေးသူ)

ထိုစဉ် ဦးဗလကြီးဘေးမှ စောရန်အောင်သည် အသက်ရှူကျပ်သလို ရင်ဘတ်ကို လက်ဝါးဖြင့် ဖိရင်း 'အဟွတ်..အဟွတ်'ဟု ဖြစ်နေလေရာ ဦးဗလကြီး မျက်လုံးပြူးသွားလေ၏။ ကြည့်လိုက်တော့ စောရန်အောင်မှာ ချွေးစီးများ ပြန်လျက် မောဟိုက်သလို ဖြစ်နေလေ၏။

'ကောင်လေး..ဘာဖြစ်လို့လဲ'

ဟု မေးသော ဦးဗလကြီးအား လက်ကာပြပြီး-

'ပြန်ကြစို့'ဟု ပြောကာ ပြန်လေတော့၏။

ဦးဗလကြီးလည်း ခုန အငွေ့များကို စောရန်အောင် မခံနိုင်မှန်း ရိပ်မိသွားပြီး ဖေးမ,လျက် ခေါ်ခဲ့လေ၏။

အိမ်ပြန်ရောက်သော ဒေါ်မယ်တင်က-

'သား..ဘာဖြစ်လာတာလဲ'ဟု မေးကာ ပြုစုပေးလေ၏။

ဦးဗလကြီးက အကျိုးအကြောင်း ပြောပြပြီး တောထဲမှ ရထားသည့် သက်ရှည်အားတိုးဆေးမြစ်ကို သွေး၍ ရေနှင့် တိုက်လေ၏။ ထိုအခါမှသာ စောရန်အောင်သည် ပကတိ ပြန်ကောင်းမွန်လာလေ၏။ ဦးဗလကြီးသည် ထိုဆေးပင်ကို တောထဲမှ နုတ်လာပြီးကတည်းက တစ်အိမ်သားလုံးကို အမြဲတိုက်၍ သူပါ သောက်နေခဲ့၏။ မြွေကြီးအတွက်လည်း သောက်ရေထဲမှာ အမြဲထည့်ထားပေးခဲ့၏။ ထို့ကြောင့်လည်း အိမ်သားများနှင့် မြွေကြီးပါ ကျန်းမာသန်စွမ်းကြလေ၏။

စောရန်အောင်လည်း ဆေးရည်သောက်ပြီး အားမွေးရန် အိပ်လေ၏။ ပြင်ပမှ အခြေအနေများကိုလေ့လာရန် ဦးဗလကြီးအား မှာကြားထားလေ၏။ သူကတော့ အပြင်မထွက်တော့ဘဲ အားမွေးရင်း တစ်စုံတစ်ရာပြုလုပ်ရန်အတွက် စဉ်းစားလျက်နေလေ၏။ ဦးဗလကြီးကိုလည်း တိုးတိုးလေး မှာကြားထားလေ၏။

စောရန်အောင်သည် အိမ်ပြင်မထွက်တော့ဘဲ နှစ်ရက်မျှ အိမ်တွင်းအောင်းကာ ပြုဖွယ်ရှိသည်တို့ကို ပြုလုပ်နေလေ၏။ နံရံမှာချိတ်ထားသည့် ဌက်ကြီးတောင်မား နှစ်လက်ကိုလည်း တလက်လက်နေအောင် သွေးလေ၏။ စောရန်အောင် ပြုသမျှ ဒေါ်မယ်တင်မှာ ရင်တဖို့ဖို့နှင့် ကြည့်လျက်သာ ရှိလေ၏။ မေးစမ်းတားမြစ်၍လည်း မရခဲ့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com

ထိုအတောအတွင်း ဦးဗလကြီးသည် မြွေဆရာများသတင်းကို စုဆောင်းလျက်ရှိလေ၏။ မြွေအကောင်ငါးဆယ်ခန့် ဖမ်းပြီးဖြစ်၍ သေတ္တာကြီးသုံးလုံးတွင်ထည့်ကာ နောက်နေ့ မနက် ဤမြို့မှ ထွက်တော့မည်ဟု သိရလေ၏။

ဦးဗလကြီးသည် မြင်းညိုကြီးနှစ်ကောင်ကိုလည်း ရှာဖွေလာပြီး ခြံထဲ၌ အသင့်ထားရှိလေ၏။ မြင်းကုန်းနီးမှအစလိုအပ်သမျှ အသင့်စီးနိုင်ရန် ထားလေ၏။ သူတို့၏လှုပ်ရှားမှုများကိုကြည့်ကာ ဒေါ်မယ်တင်က စိုးရိမ်စွာမေးလေ၏။

"သားရယ်...ဘာအရေးကိစ္စတွေများ ပေါ်နေလို့လဲ။ မယ်မယ် ရင်တုန်လှတယ်"

"ဘာမှမဟုပါနဲ့ မယ်မယ်ရယ်။ ဘာမှ အရေးတကြီး မဟုတ်ပါဘူး။ မြွေတွေကို ကယ်တင်မလို့ပါ"

"အန္တရာယ်များလှပါတယ်ကွယ်"

"ဒီအရေးက ခပ်သေးသေးပါ မယ့်မယ်ရယ်။ အရေးတော်ပုံကြီးက နီးလာပါပြီ။ အရေးကိစ္စတွေအားလုံးပြီးရင် မယ်မယ့်အနားက တစ်ဖဝါးမှ မခွာပါဘူး"

သားဖြစ်သူ၏ နှစ်သိမ့်မှုကြောင့် ဒေါ်မယ်တင် ကျေနပ်သွားရပြန်လေ၏။ သားပြုမူသမျှ ရင်တဖိုဖိုနှင့်သာ ကြည့်နေရလေတော့၏။

စောရန်အောင်သည် ငှက်ကြီးတောင်စားကို တဆဆလုပ်နေသလို ဦးဗလကြီးကလည်း စားတပြင်ပြင်နှင့် ရှိနေကြလေ၏။

ထိုအချိန်တွင် သေတ္တာထဲရှိ ငန်းမြွေကြီးမှာ ဂနာမငြိမ်နိုင်ဘဲ ရှိနေသည်ကို သူတို့ သတိမထားမိခဲ့ကြပါချေ။

အခန်း(၂၁)

ရင်ဆိုင်တိုက်ပွဲ

တစ်နေ့သ၌ သစ်ပင်ကြီးများအုံ့ဆိုင်းလျက် မှိုင်းမှိုင်းညို့ညို့ရှိနေသော လမ်းတစ်လမ်းဝယ် နွားလှည်းနှစ်စီးသည် တအိအိမောင်းသွားလျက် ရှိလေ၏။ ရှေ့ဆုံးက လှည်းပေါ်ဝယ် သေတ္တာကြီးတစ်လုံးနှင့် လူသုံးယောက် ပါရှိ၍ နောက်လှည်းတွင် သေတ္တာနှစ်လုံးနှင့် လူနှစ်ယောက် ပါရှိကြလေ၏။

ထိုသူများက မြွေဖမ်းဆရာကြီးနှင့် အဖွဲ့ဖြစ်ပြီး ကျန်သူနှစ်ဦးမှာ လှည်းဆရာများ ဖြစ်ကြလေ၏။ သူတို့သည် ဖမ်းဆီးရမိထားသော မြွေများကို သေတ္တာကြီးများအတွင်းထည့်လျက် မိုင်နှစ်ဆယ်ခန့်ခရီးကို နှင်နေကြခြင်းပင် ဖြစ်လေ၏။

ဤခရီးကား ဓားပြတိုက်တတ်သော ခရီးဖြစ်သဖြင့် တော်ရုံလူ မသွားကြဘဲ လူသွားလူလာ ကင်းရှင်းသောအရပ်ဖြစ်လေ၏။ လှည်းနှစ်စီးနှင့် လှည်းပေါ်က လူများကမူ ခပ်အေးအေးသာ ရှိကြလေ၏။ မြွေဆရာကြီးသည် မြွေများဖမ်းဆီးပေးသဖြင့် မြို့ပိုင်မင်းပေးသော ဆုငွေများကို ရခဲ့ပြီးဖြစ်လေ၏။ ယခုတစ်ဖန် ထိုမြွေများကို ဦးရွှေဘော်ထံ ရောင်းချရန် သွားနေခြင်းပင် ဖြစ်လေ၏။

ထိုစဉ်ခိုက်ဝယ် လှည်းနှစ်စီးနှင့် မလှမ်းလှသော နောက်ဘက်ဆီမှ မြင်းနှစ်စီး ခုန်စိုင်းလာနေသည်ကို တွေ့ရမည်ဖြစ်ပေ၏။ မြင်းညိုကြီးတစ်စီးပေါ်ဝယ် ခေါင်း၌ ပိုးပဝါပန်းရောင်လေး ပတ်ထားပြီး ရှဲမ်းဘောင်းဘီပွပွ၊ ပင်နီလက်တိုအင်္ကျီ ဝတ်ထား၍ ငှက်ကြီးတောင်စားတစ်လက် လွယ်ထားသော လူရွယ်ဘစ်ယောက်ကို တွေ့ရမည်ဖြစ်ပြီး တစ်စီး၌မူ စားလွယ်ထားသော လူညိုထွားကြီးတစ်ဦးကို တွေ့ရမည် ဖြစ်ပေ၏။

ထိုလူနှစ်ဦးမှာ စောရန်အောင်နှင့် ဦးဗလကြီးတို့သာလျှင် ဖြစ်လေတော့၏။

သူတို့နှစ်ဦးသည် မြွေဆရာ၏ လှည်းနှစ်စီး ထွက်သွားပြီး ရွေးမနှောင်းခင်ပင် မြင်းကိုယ်စီနှင့် လိုက်ခဲ့ကြခြင်းဖြစ်လေ၏။

သူတို့၏ အစီအစဉ်မှာ လမ်းမဖြတ်တိုက်၍ မြွေများကို တောထဲ လွှတ်ပစ်ပြီး မြွေဆရာအား စားစာခံခေါ်ကာ ဦးရွှေဘော်ထံဝင်ဖို့ ဖြစ်လေ၏။ ဦးရွှေဘော်အမည်ခံ မောင်မောင်တုတ်အတွက် လက်ဆောင်ပေးရန် သိမ်းထားသော ခြောက်လုံးပြူးကိုလည်း ဝှက်ယူခဲ့ပေ၏။ ထိုဒေသနတ်မှာ စားပြရွှေမောင်းထံမှ ရထားသော သေနတ်ပင် ဖြစ်လေ၏။ ဤသေနတ်အား စားပြရွှေမောင်းထံ ဦးရွှေဘော် ပေးထားသည့် ဦးရွှေဘော်၏ သေနတ်ပင် ဖြစ်လေ၏။ ထိုအချက်ကိုမူ စောရန်အောင် မသိသေးချေ။

www.burmeseclassic.com

www.burmeseclassic.com

သူဖခင်အား သေနတ်နှင့် ပစ်သတ်ခဲ့သလို မောင်မောင်တုတ်အား သေနတ်ဖြင့် ပစ်သတ်ရန် ကြံစည်ထားလေ၏။

တကယ်ဆိုမူ ထိုသေနတ်သည်ပင်လျှင် မောင်မောင်တုတ်က သူ့ဖခင် တပ်မှူးလေးဝဏ္ဏအား ပစ်သတ်ခဲ့သော သေနတ်ပေတည်း။ ယခု ထိုသေနတ်က သူလက်ထဲ ရောက်ရှိနေပါပြီ။ ကံကြမ္မာလှည့်စားမှုကား ဆန်းလေစွ။

ကံကြမ္မာလှည့်စားမှုကြောင့်ပင် စောရန်အောင်၏ အစီအစဉ်သည်လည်း ပြောင်းလဲသွားရပြန်တော့၏။

သူတို့၏ မြင်းနှစ်စီးသည် ဒုန်းစိုင်းမောင်းချလာလေရာ လှည်းနှစ်စီးက မြင်သွားပြီး အဆင်းမောင်းပြေးလေ၏။ မြင်းနှစ်စီးက အုတင်းဖြတ်ကျော်တက်ကာ ရှေ့မှ ပိတ်ရပ်ထားလိုက်လေ၏။ လှည်းများလည်း ရပ်တန့်သွားရလေ၏။

လှည်းပေါ်မှ မြွေဆရာကြီးက-

'ဟင်..မင်း..မင်း'

ဟု ရေရွတ်လေရာ စောရန်အောင်က-

'ဟုတ်တယ်၊ ကျုပ် မြွေမင်းသား စောရန်အောင်ပဲ။ အသက်မသေချင်ရင် မြွေတွေအားလုံးကို အခုချက်ချင်း လွှတ်လိုက်ပါ' ဟု အမိန့်ပေးလေ၏။

မြွေဆရာသည် ပထမတော့ ကြောင်အမ်းအမ်းရှိနေပြီး နောက်မှ တစ်စုံတစ်ရာကို စဉ်းစားမိဟန်ဖြင့် တစ်ချက်ပြုံးလိုက်ကာ ရယ်မောလျက်-

'ဟား..ဟား..ကျလည်းကျသကွာ။ မလောက်လေး မလောက်စားနဲ့ လူနှစ်လောက် ဓားနှစ်လက်နဲ့ လာတားနေတယ်။ ဟေ့..အားလုံး အသင့်' ဟု အော်လိုက်ရာ လှည်းသမားမှအစ ကျန်လူများပါ ဝှက်ထားသည့် ဓားလွှတ်များကို ကိုယ်စီကိုင်စွဲလျက် အသင့်ရှိနေကြလေတော့၏။

အခြေအနေအရ တိုက်ခိုက်ရတော့မည်မို့ စောရန်အောင်က ဦးဗလကြီးကို အချက်ပေးလျက် ကျောမှ ဓားကို ဆွဲယူလိုက်လေ၏။ ဦးဗလကြီးကလည်း ဓားကို ဆွဲထုတ်ပြီး ဖြစ်လေ၏။

မြွေဆရာအဖွဲ့မှာ သူတို့ထင်ထားသလို ရိုးရိုးမြွေဆရာများမဟုတ်ဘဲ ဓားပြများနှင့် အဆက်အသွယ်ရှိသော အဖွဲ့ဖြစ်၍ တိုက်ရည်ခိုက်ရည်ရှိသူများဖြစ်ကြောင်း မသိခဲ့ကြချေ။ ထို့ကြောင့်ပင် လျှော့တွက်ခဲ့မိကြလေ၏။

ယခုတော့ အခြေအနေက ပြောင်းသွားလေပြီ။ မြွေဆရာ၏ တပည့်များကပင် စတင်၍ သူတို့နှစ်ဦးကို ထိုးခုတ်တိုက်ခိုက်ကြလေတော့၏။

တိုက်ပွဲကား ပြင်းထန်လှပေ၏။ စောရန်အောင်၏ ဓား ချက်ဖြင့် မြွေဆရာ၏ တပည့်နှစ်ယောက် သေဆုံးရသလို ဦးဗလကြီးလက်ချက်ဖြင့် လှည်းသမားနှစ်ယောက်လုံး ဒဏ်ရာကိုယ်စီဖြင့် လဲကျနေကြလေ၏။

မြွေဆရာကြီးက တောထဲ ဝင်ပြေးလေရာ လိုက်သော်လည်း မမီတော့သဖြင့် လက်လျှော့ပြန်လာကာ လှည်းပေါ်မှ သေတ္တာများကို မ,ချကြလျက် မြွေများကို လွှတ်ပေးကြလေ၏။

'ဟား..ဟား..ကယ်တင်ရှင် လူစွမ်းကောင်းကြီးတွေ့ လက်မြှောက်ထားကြစမ်း' ဟူသော အသံကြောင့် ကြည့်လိုက်ရာ ဓားပြရွှေမောင်းသည် မြင်းပေါ်မှ သေနတ်ဖြင့် ချိန်ထားသည်ကို တွေ့ရလေ၏။ သူတို့နောက်မှာတော့ မြွေဆရာကြီးနှင့်အတူ ဓားလွှတ်ကိုင် ဓားပြနှစ်ယောက်ကို တွေ့လိုက်ရလေ၏။

ဓားပြထဲမှ တစ်ယောက်က စောရန်အောင်နှင့် ဦးဗလကြီးအား မှတ်မိသွားပြီး-

'ဆရာ..ဆရာ..အဲဒါ သုသာန်ထဲမှာ ကျွန်တော်တို့ကို တိုက်သွားတဲ့ နှစ်ယောက်ပဲ' ဟု ပြောလိုက်လေ၏။

ဓားပြရွှေမောင်းက အံ့အားသင့်သွားပြီး-

'ဟေ..ဟုတ်ပါ့။ ဟန်ကျလိုက်လေ။ ငါ့ကို ဓားနဲ့ ပေါက်သွားတဲ့ကောင်၊ မင်းကို သေနတ်နဲ့ မသတ်ဘူး။ ဓားနဲ့ပဲ သတ်မယ်။ ဟေ့..ဘယ်မှာလဲ ငါ့သေနတ်' ဟု မေးလေ၏။

စောရန်အောင်က ခပ်အေးအေးပင်-

'မရှိတော့ဘူး၊ ပေါင်ထားတယ်' ဟု ပြောလိုက်လေ၏။

ဓားပြရွှေမောင်းက ဒေါသဖွားပြီး သေနတ်ဖြင့် ထိုးချိန်ကာ-

'ဟေ့ကောင်..ရီးတီးယားတားမလုပ်နဲ့။ ခလုတ်ဖြုတ်လိုက်လို့ မသာပေါ်သွားမယ်။ ငါ့သေနတ် ဘယ်မှာလဲ' ဟု မေးမြန်းလေ၏။

ထိုအချိန်ဝယ် တစ်စုံတစ်ရာကို သတိထားမိသော ဦးဗလကြီးက စောရန်အောင်အား တိုးတိုးပြောလေ၏။

'ကောင်လေး..သူ့သေနတ်က အတုကွ။ မကြောက်နဲ့'

ဦးဗလကြီး သတိပေးသဖြင့် စောရန်အောင်ကလည်း သတိထား၍ ရွှေမောင်းလက်ထဲမှ သေနတ်ကို အကဲခတ်ရာ အပေါက်ပိတ် အတုကြီးမှန်း သိရလေတော့၏။

ထိုအချိန်တွင် ရွှေမောင်းသည် မြင်းပေါ်မှဆင်းလျက်

www.burmeseclassic.com

www.burmeseclassic.com

မြင်းကုန်းနီးမှာ ချိတ်ထားသော ဓားမြှောင်ကိုပါ ဆွဲထုတ်လိုက်လေ၏။ တစ်ဆက်တည်း ပစ်ပေါက်လိုက်လေ၏။

'ဝိုး'

'ဒုတ်'

'အင့်' ဟူသော အသံများဖြင့် ဦးဗလကြီး ရင်ဝဝယ် ဓားစိုက်လျက် ညွှတ်ခွေကျသွားလေတော့၏။ ရွှေမောင်း ဓားဖြင့် ပစ်လိုက်သည်ကို မြင်လိုက်သည့်ဗလကြီးက သတိပေးချိန် မရတော့သဖြင့် ရှေ့မှ ဝင်ကာလိုက်ခြင်းပင် ဖြစ်လေ၏။

ဦးဗလကြီး ဓားထိသွားသဖြင့် စောရန်အောင်လည်း ထိန်းသိမ်းမရအောင်ဖြစ်လျက် ရွှေမောင်းကို ဝင်ရောက်တိုက်ခိုက်လေတော့၏။ ရွှေမောင်းမှာ သေနတ်အတွဲဖြင့် ဘာမှလုပ်မရဘဲရှိစဉ် ဒေါသတကြီး ပြေးခုတ်လိုက်သော စောရန်အောင်၏ ဓားချက်ကြောင့် ခေါင်းပြတ်သွားရလေတော့၏။

ကျန်ဓားပြနှစ်ယောက်က စောရန်အောင်ကို ဝင်ရောက်ထိုးခုတ် တိုက်ခိုက်နေစဉ် မြွေဆရာကြီးသည် အိတ်ထဲမှ တစ်စုံတစ်ရာကိုထုတ်၍ ဗန်းလေးပေါ်တင်ကာ မီးရှို့ဖို့လုပ်နေလေ၏။ မြွေဆရာ၏အကြံကား မြွေဖမ်းသည့် မီးခိုးမှိုင်းတိုက်လိုက်လျှင် မြွေမင်းသား ပျော့ခွေသွားမည်သိသဖြင့် လေတင်မှနေ၍ ပြုလုပ်နေခြင်းပင် ဖြစ်ပေ၏။

စောရန်အောင်ကတော့ သတိမထားမိသေးဘဲ ဓားပြနှစ်ဦးနှင့် ထိုးခုတ်နေရာ တစ်ဦးက ဓားချက်ကြောင့် လဲကျသွားသော်လည်း တစ်ဦးက အပြင်းအထန် ခုခံနေသဖြင့် ဆက်လက်တိုက်ခိုက်နေရလေ၏။

'အား'

ထိုစဉ် အော်သံကြီးကြောင့် ကြည့်လိုက်ရာ မြွေဆရာသည် တစ်စုံတစ်ရာကို မီးရှို့အံ့ဆဲဆဲ မျက်လုံးကြီးပြူးလျက် လက်ထဲမှပစ္စည်းများ ပြုတ်ကျကာ လူပါ ညွှတ်ခွေကျသွားလေတော့၏။ ဓားပြတစ်ယောက်သည် ဆက်လက်မတိုက်ခိုက်ဝံ့တော့ဘဲ ထွက်ပြေးသွားလေတော့၏။

စောရန်အောင်သည် ထိုအခါမှပင် ဦးဗလကြီးထံ ပြေးသွားကာ ဖေးမ,ရလေ၏။

ဦးဗလကြီးသည် သေအံ့မူးမူးနှင့် စောရန်အောင်ကို ကြည့်ကာ-

'မဟုတ်တာလုပ်တဲ့လူ မြွေကြီးကိုက်သွားပြီကွ။ မင်း ဘာမှမဖြစ်ဘူးနော်..ဝမ်းသာလိုက်တာ ကောင်လေးရာ' ဟု အားတင်းပြောလေ၏။

စောရန်အောင်မှာမူ ဖြေမဆည်နိုင် မျက်ရည်ပေါက်ပေါက်ကျလျက် ရှိလေ၏။

ထိုအခါ ဗလကြီးက ယဲ့ယဲ့လေးပြုံး၍-

'မငိုပါနဲ့ ကောင်လေးရာ။ ငိုတာ ယောကျ်ားကောင်းတွေရဲ့အလုပ် မဟုတ်ဘူးကွ။ မင်းအလုပ် မင်းဆက်လုပ်စမ်းပါ။ ငါ့မြင်းပေါ်က အိတ်ထဲမှာ သေနတ်ရှိတယ် ယူသွား။ အဲဒါ မင်းအဖေကို သတ်ခဲ့တဲ့ သေနတ်ပဲ' ဟု ပြောလေရာ စောရန်အောင် အံ့သြသွားလေ၏။

ဦးဗလကြီးက ဆက်ပြောလေ။

'မအံ့သြနဲ့ ကောင်လေး၊ သေနတ်မှာ MT ဆိုတဲ့ စာလုံးသေးသေးလေး ပါတယ်ကွ။ မောင်မောင်ကုတ် အတိုကောက်ပေါ့ကွာ။ ပိုသေချာအောင် ငါစုံစမ်းတော့ ဓားပြခေါင်းဆောင် ရွှေမောင်းဟာ ဦးရွှေဘော်ရဲ့တပည့် ဖြစ်နေမှန်း သိရတယ်။ မင်းကို ငါ မပြောသေးတာ အချိန်မကျသေးလို့ပါ။ အခုတော့ အချိန်ကျပါပြီကွာ။ ငါ လိုက်မကူညီနိုင်တော့တာ ခွင့်လွှတ်ပါ။ ဘရသေ့ကို ဆောင်းမန်ကြောင်းလျှောက်ထားပေးပါကွာ..နော်' ဟု ပြောရင်း ငြိမ်ကျသွားလေ၏။

စောရန်အောင်က လူပ်ခေါ်သော်လည်း ပြန်လည်လှုပ်ရှားလာခြင်း မရှိတော့ပါချေ။

စောရန်အောင်သည် ဦးဗလကြီး၏အလောင်းအား မြေချိုင့်လေးတစ်ခုသို့ ရွှေ့ပြောင်းကာ ချထားပြီး ဘေးမှ ကျောက်တုံးများပတ်စီလျက် မြေဖို့လိုက်လေ၏။ ထို့နောက် မြေပုံလေးကို ဦးညွှတ်လိုက်ပြီး မြင်းဆီသို့ လျှောက်လှမ်းသွားလေ၏။ မြင်းပေါ်ရှိ အိတ်ထဲမှ သေနတ်ကို ထုတ်ယူကာ သေချာကြည့်နေမိလေ၏။

သူတစ်ချိန်က မမြင်ခဲ့မိသော MT ဆိုသော ထိုစာလုံးလေးသုံးလုံးကို ယခုမှ သတိထားမိလေတော့၏။

ဓားကို ကျောမှာလွယ်လျက် ခြောက်လုံးပြူးကို ခါးမှာထိုးကာ မြင်းညိုကြီးပေါ် လွှားခနဲခုန်တက်လိုက်သော စောရန်အောင်၏အသွင်ကား အားမာန်အပြည့်နှင့် ဖြစ်လေ၏။

တိုက်ခိုက်ရင်း ကြွယ်သီးပြုတ်နေသော အင်္ကျီကြောင့် ဟနေသော ရင်ညွန့်ပေါ်မှ ပါးပျဉ်းထောင်နေဟန် မြွေရုပ်အမှတ်လေးကလည်း ထင်ရှားကြွတက်နေဘိသကဲ့သို့ ရှိလေတော့သတည်း။

(ဆက်ရန်)

မောင်ဇေယျဆရာ

www.burmeseclassic.com

www.burmeseclassic.com

တပ္ဆေးပေးသော ဆေးမြစ် ဝေယံသားချစ်

ဦးပေသီးသည် သူ့ယာဘေးနားရှိ တောင်ကျချောင်းခြောက်တစ်ခုကိုဖြတ်၍ ဆည်ကန်သင်း တမံဆည်နေ၏။ သူဆယ်နေသော ကန်သင်းတမံမှာ မြေသားမဟုတ်။ ချောင်းခြောက်ဘေးနှစ်ဖက်ရှိ ကျောက်လုံးကျောက်ခဲများကို မြေဆွတူးယူကာ ချောင်းခြောက်ကို ကျောက်ခဲကျောက်တုံးများစီချ၍ ပိတ်ဆည်နေသော ကျောက်ဆည်တောင်ဖြစ်သည်။

နွေလတွင် ရေမရှိသော တောင်ကျချောင်းငယ်ကို ပိတ်ဆည်ထားခြင်းအားဖြင့် မိုးတွင်းကာလရောက်၍ တောတောင်ထဲမှ ရေစီးကျလာသောအခါ သူငုတ်ရိုက်ဆည်ထားသော ဆည်အထက်ပိုင်းတွင် နုန်းမြေများ တင်ကျန်ခဲ့ကြမည်။

မိုးကုန်၍ ဆောင်းဦးပေါက် ရောက်သောအခါ ထိုနုန်းမြေပေါ်တွင် ဦးပေသီး ဆေးရွက်ကြီးပင်များ စိုက်ရမည်။ နွေဦးရောက်လျှင် ထိုဆေးရွက်ကြီးများကိုခူး၍ ဦးပေသီး ရောင်းချရမည်။

ဤသည်မှာ နွေလရောက်တိုင်း ချောင်းခြောက်ထဲတွင် ဦးပေသီး ဆည်တစ်ခု၊ နှစ်ခု၊ သုံးခု ဆည်နေကျ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

သူ ချောင်းခြောက်တစ်လျှောက်တွင် ဦးပေသီး ဆည်ကြီး ဆယ်ငယ်က သုံး,လေးခုရှိသလို ဆေးရွက်ကြီးသုံး,လေး ခင်းကလည်း နှစ်စဉ် ဖြစ်ထွန်းသည်။

ဤနေ့ ဦးပေသီး ကန့်သင်းဆည်သောအလုပ်ကို တစ်မနက်လုံး အားသွန်ခွန်စိုက် လုပ်သည်။ နေမွန်းတည့်ချိန် အရောက်တွင် အလုပ်နား၍ ထုပ်ယူလာသော ထမင်းထုပ်ကို ဖြေစားသည်။ ပြီးတော့ ယာတဲထဲက တဲပေါ်တွင် ဆေးတံဖွာ၍ တစ်ရေးတစ်မော အိပ်တတ်သည်။ အိပ်ရာက ထလျှင် နေမည်ဖြစ်ချင်း ဦးပေသီး ကန့်သင်းဆည် ပြန်ဆည်ရဦးမည်။

ဦးပေသီး အိပ်ပျော်နေစဉ် တစ်စုံတစ်ယောက်က သူ့ခြေထောက်ကို လာကိုင်လှုပ်နှိုးသဖြင့် ဦးပေသီး မျက်စိဖွင့်ကြည့်လိုက်၏။ သူ့ခြေရင်းတွင် ခြောက်နှစ်၊ ခုနစ်နှစ်သား အရွယ် ကလေးငယ်တစ်ယောက် လာထိုင်ပြီး သူ့ခြေထောက်ကို ဆုပ်ကိုင်ထားသည်။

'ဟေ့..ဟေ့ကောင်လေး၊ ဘာလဲဟ။ မင်း..မင်း ဘယ်ကလဲ'

'ဟိုဘက်တဲကပါ ဘဘ'

'ဟင်..ဘယ်ဘက်တဲကလဲ။ ဒီတောထဲ ငါကလွဲလို့ ဘယ်သူ့တဲမှ မရှိတာ'

ဦးပေသီး ရုတ်ခနဲ ထထိုင်လိုက်၏။

ဦးပေသီးပြောသည်မှာ အမှန်ပင်။ သူ့ဆေးခင်းကိုင်းနားဝန်းကျင် တောတောင်ထဲတွင် ဘယ်ကိုင်းတဲ၊ ယာတဲမှ မရှိ။ ရှိဦးတော့ ဤခြောက်နှစ်၊ ခုနစ်နှစ်သားကို ဘယ်မိဘကမှ တောကြီးမျက်မည်းထဲ ခေါ်လာကြမည်မဟုတ်။ ထို့ကြောင့် ဦးပေသီးက ကောင်လေးကို အံ့သြတကြီး မေးလိုက်ခြင်းဖြစ်သည်။ ဦးပေသီးအမေးကို ကောင်လေးက ဘာမှပြန်မပြောသေးဘဲ ဦးပေသီးကိုသာ စိုက်ကြည့်နေ၏။

'ဟေ့ကောင်လေး၊ ငါမေးနေတယ်။ မင်း ဘယ်ကလဲ၊ ဘယ်သူ့သားလဲ။ ငါ့ကို မှန်မှန်ပြောစမ်း'

'ကျုပ် ဘယ်သူ့လဲဆိုတာ ဘဘသိချင်တယ် ဟုတ်လား'

'အေးပေါ့ဟာ၊ သိချင်လို့ မေးနေပါတယ်ဆိုမှ'

'သိချင်ရင် ကျုပ်ကို ကြည့်လေ။ ဟဲ..ဟဲ'

ကောင်လေး စကားအဆုံးမှာပင် ကောင်လေးသည် ချက်ချင်း ရုပ်ပြောင်းသွား၏။ ဦးခေါင်းမှာ တင်းတောင်းလောက်ဖြစ်သွားပြီး မျက်လုံးနှစ်လုံးမှာလည်း တဖြည်းဖြည်း ကျယ်ကျယ်လာကာ အကြမ်းသောက်ပန်းကန်လုံးလောက် ပြူးကျယ်လာ၏။ သို့သော် သူ့အရပ်မှာ ခြောက်နှစ်၊ ခုနစ်နှစ်သား အရွယ်ထက် ရှည်မလာဘဲ ဦးပေသီးခါးသာသာ လောက်သာ အမြင့်ရှိနေ၏။

'အောင်မယ်..မယ်၊ လက်စသတ်တော့ မင်းက သရဲတစ္ဆေလေးပါလား'

'ဟုတ်ပါတယ် ဘဘ'

'ဟဲ..ဟဲ..မင်းက ငါ့ကို လာခြောက်တယ်ပေါ့လေ။ ဟော့..တစ္ဆေကောင်လေး၊ ဒီလို နေ့လယ်နေ့ခင်းကြီး မပြောနဲ့ ည‌ကြီးမင်းကြီး ငါ့ကို လာခြောက်လည်း ငါက သရဲတစ္ဆေလောက် ကြောက်တတ်တဲ့လူမှ မဟုတ်တာ'

'ဘဘ မကြောက်တတ်မှန်း ကျုပ်သိပါတယ်'

'ဟယ်..ဒါဆို မင်း ငါ့ကို နေ့ခင်းကြောင်တောင်ကြီး ဘာလို့ လာခြောက်နေလဲ'

'ကျုပ် ဘဘကိုလာခြောက်တာ မဟုတ်ပါဘူး။ အကူအညီတစ်ခု တောင်းချင်လို့ လာတာပါ'

'ဘာအကူအညီလဲကွ။ ထမင်းစားချင်ရင် မင်း စောစောလာမှပေါ့။ ခု ငါ ထမင်းစားပြီးလို့ အိပ်တောင်နေပြီးမှ မင်းလာတော့ ဘာစားရတော့မှာလဲကွ။ ငါ့မှာ မင်းကို ကျွေးစရာ ဘာမှမရှိတော့ဘူး'

'ဟာ..ဘဘကလည်း ထမင်းစားချင်လို့ မဟုတ်ပါဘူးဗျ။ အကူအညီတစ်ခု တောင်းချင်လို့ပါဆို'

'ဘာအကူအညီလဲ ပြောလေကွာ။ မင်းရုပ်ရွှံစရာကြီး ကိုလည်း ပြန်ပြင်ဦးလေကွာ။ ငါ မင်းကို မြင်နေရတာ မနက်က စားထားတဲ့ထမင်းတောင် ပြန်အန်ထွက်ချင်လာပြီ'

ဦးပေသီး၏ စကားအဆုံးမှာပင် တစ္ဆေလေး၏ရုပ်က ခြောက်နှစ်၊ ခုနစ်နှစ်သားအရွယ် ချစ်စရာကလေးငယ် တစ်ယောက်အသွင် ပြန်ဖြစ်သွားသည်။

'မအေပေးလေး..တတ်လည်း တတ်နိုင်တဲ့အကောင်'

'ဟဲ..ဟဲ.. ကျုပ်လိုချင်တဲ့ အကူအညီက ဒီလိုပါ ဘဘ'

'အေးပါ၊ ပြောစမ်းပါ။ ငါကူညီနိုင်ရင် ကူညီမှာပေါ့'

'ဘဘတို့ရွာမှာ ခု နတ်ကနားပွဲ လုပ်နေတယ်လေ'

'ငါသိပါတယ်။ ဟိုနတ်ကတော်ခင်ရီတို့ အိမ်မှာလေကွာ'

'ဘယ်သူ့အိမ်လည်းတော့ ကျုပ်မသိဘူး။ ကျုပ်အမေ မနက်က အဲဒီနတ်ကနားပွဲထွက်သွားတာ ခုထိ ပြန်မလာ

www.burmeseclassic.com

www.burmeseclassic.com

သေးဘူး ဘဘ။ ကျုပ်ညီလေး နို့ဆာလို့ငိုနေတာ ခု ဘဘ နားထောင်လိုက်ရင် ကြားရမှာပါ'

တစ္ဆေလေးစကားက တကယ်လားဟု ဦးပေသီး နားစွင့်လိုက်၏။

သူ၏ ယာအစတောနားက ကလေးတစ်ယောက် အာခေါင်ခြစ် ငိုနေသံကို အမှန်ပင် ကြားနေရလေသည်။

'ကျုပ်ညီလေး ငိုနေသံကို ဘဘကြားတယ်နော်'

'ကြားပါတယ်၊ အဲဒါ ငါက ဘာလုပ်ပေးရမှာလဲ'

'ဘဘ ခု ရွာပြန်သွားလိုက်ပါဗျာ။ ကျုပ်ညီလေး နို့ဆာလို့ တစ်နေ့လုံး ငိုနေတယ်ဆိုတာ နတ်ကနားရောက်နေတဲ့ အမေ့ကို ပြောပေးပါ'

'ဟ..ငါက လူကွ။ မင်းအမေတစ္ဆေမကို ငါ ဘယ်လိုလုပ် မြင်ရပါ့မလဲ'

'မြင်ရတဲ့ဆေးနည်း ဘဘကို ကျုပ်ပေးလိုက်ပါ့မယ်'

'ဟော..တယ်ဟုတ်ပါလား တစ္ဆေလေးရာ။ လုပ်စမ်းဗျာ၊ မင်းတို့တစ္ဆေတွေကို ငါတို့လူတွေ မြင်ရတဲ့ဆေးနည်း'

'လွယ်လွယ်လေးပါ ဘဘရာ။ ခု ဘဘ ရွာပြန်သွားတော့ ဘဘတို့ ရွာအဝင်ထိပ်မှာ ညောင်ပင်ကြီးတစ်ပင် ရှိတယ် မဟုတ်လား။ အဲဒီညောင်ပင်ကြီးအောက်မှာ ပေါက်နေတဲ့ ညောင်ပင်လေးတစ်ပင်ကို ဘဘ နတ်ယူလိုက်။ အိမ်ရောက်တော့ရင် အဲဒီညောင်ပင်လေးအမြစ်ကို သွေးပြီး မျက်စိကို ကွင်းပြီးတော့ နတ်ကနားပေးနေတဲ့ နေရာကို သွားပြီး ဘဘကြည့်၊ ကျုပ်အမေကို တွေ့ပါလိမ့်မယ်။ တွေ့တဲ့အခါသာ ကျုပ်ညီလေး နို့ဆာလို့ ငိုနေတယ်ဆိုတာ သာ အမေ့ကိုပြောပြီး ကျုပ်'

'မင်းပဲ အပြောကောင်း၊ ငါက ညောင်ပင်လေးမြစ်ကို မျက်စိကွင်းကြည့်ဖြိုဆိုပါတော့။ နတ်ကနားဆိုတာ မင်းအမေလို တစ္ဆေမတွေ အများကြီး ဝိုင်းကခုန်နေကြမှာပေါ့။ ဘယ်ကောင်မဟာ မင်းအမေပါလို့ ငါက ဘယ်လိုလုပ်သိနိုင်မလဲ'

'ဟာ..ဘဘ၊ ခုလောလောဆယ်မှာ သားသည်အမေ တစ္ဆေမဆိုလို့ ဒီတစ္ဆေကြီးပိုင်နက်မှာ အမေကလွဲပြီး တစ်ယောက်မှမရှိဘူး။ သားသည်အမေဆိုတာ ဘဘတို့လူလိုခဲနို့တင်းကြီးနဲ့ အသိသာကြီးပါဗျာ။ ကျေးဇူးပြုပြီး ပြောပေးစမ်းပါ'

'ကောင်းပါပြီ မောင်ရာ။ နို့ဆာလို့ငိုနေတဲ့ မင်းညီလေးကိုလည်း ဘဘ သနားလို့ ခုပဲ သွားလိုက်ပါ့မယ်ကွာ'

'ကျေးဇူးပါပဲ ဘဘရယ်'

သို့နှင့် ဦးပေသီးသည် တစ္ဆေလေး မှာလိုက်သည့် အတိုင်း ရွာပြန်လာ၏။ ရွာထိပ်ညောင်ပင်ကြီးအောက်မှ ညောင်ပင်ငယ်လေးတစ်ပင်ကို ဆွဲနုတ်ယူလာသည်။ အိမ်ရောက်သောအခါ ညောင်ပင်လေးမြစ်ကို ကျောက်ပျဉ်တွင် နစ်နုစ်သွေးပြီး မျက်စိကိုကွင်း၏။

နောက်နောင် တစ္ဆေတွေကို ကြည့်ချင်လျှင် ဤညောင်ပင်လေးမြစ်ကိုသွေးပြီး မျက်စိကွင်း ကြည့်နိုင်ရန် ရည်ရွယ်ချက်နှင့် ညောင်မြစ်ကလေးကို ခါးထိုးပြီး နတ်ကနားလုပ်နေသော ခင်ရီတို့အိမ်နား လျှောက်လာသည်။

တစ္ဆေလေး မှာလိုက်သည်မှာ အမှန်ပင်ဖြစ်၏။ တစ္ဆေမများ အများကြီးထဲတွင် နို့ပျဉ်းကျ၊ နို့သက်နေသော တစ္ဆေမ တစ်ကောင်သည် နတ်ကနားထဲမှ ပေါက်ပေါက်စေ့တွေကို ကောက်စားနေတာ မြင်ရ၏။

ဦးပေသီးက တစ္ဆေမနား ကပ်သွားသည်။ တစ္ဆေမကမူ တစ်နေ့လုံး ပျော်မြူးကခုန်ထားရ၍လားမသိ၊ ဦးပေသီးကို သတိမပြုဘဲ မောမောနှင့် ပေါက်ပေါက်စေ့များကိုသာ လိုက်ကောက်စားနေ၏။

'အောင်မာ..ဟော့ကောင်မ၊ နင်ကတော့ ပျော်လွှီမြူးလို့ စားလို့သောက်လို့ လုပ်နေ နင့်အငယ်ကောင် နို့ဆာလို့ သေတော့မယ်။ နင့်အကြီးကောင်က ခုချက်ချင်း ပြန်လာပါလို့ မှာလိုက်တာ ခု ငါ လာပြောတာဟာ တစ္ဆေမရဲ့၊ နင်က..'

ဦးပေသီး စကားမဆုံးလိုက်ရ။ တစ္ဆေမက ဦးပေသီး

www.burmeseclassic.com

www.burmeseclassic.com

ကို ဖက်လုံးတော့သည်။

သည်လိုနှင့် နတ်ကနားပွဲတွင် ဦးပေသီးနှင့် တစ္ဆေမတို့ လုံးထွေးသတ်ပုတ်ကြရာ ဦးပေသီး လုံချည်ကျွတ်ကျသွား၏။ တစ္ဆေမလည်း လန့်ပြီး ထွက်ပြေးသွားလေသည်။ ဦးပေသီး လုံချည်ကျွတ်ကျသွားသဖြင့် ဦးပေသီး ခါးထိုးလာသော ညောင်မြစ်ငယ်ကို ခွေးတစ်ကောင်က ကိုက်ခဲယူပြေးသွားလေသည်။

နတ်ကနားထဲတွင် တစ်ယောက်တည်း လုံးသတ်ပြီး ပုဆိုးကျွတ်ကာ ပက်လက်လန်နေသော ဦးပေသီးအား ရွာသူရွာသားများက ဆွဲထူ ဝိုင်းမေးကြရာ ဖြစ်ကြောင်းကုန်စင်ကို ဦးပေသီးက ရွာသူရွာသားများအား ပြောပြလိုက်၏။

ထိုအခါ တစ္ဆေတွေကို မြင်လို့ ကြည့်လို့ကြသောသူများသည် ရွာထိပ်ညောင်ပင်ကြီးအောက်သို့ တစ္ဆေတွေကို မြင်နိုင်သော ညောင်ပင်လေးဆေးမြစ်နတ်ရန် သူထက် ငါဦးခြပြုကြလေသည်။

သို့သော် ရွာထိပ်ရှိ ညောင်ပင်ကြီးအောက်သို့ သူတို့ ရောက်သွားကြသောအခါ ညောင်ပင်ကြီးအောက်တွင် ညောင်ပင်လေးဆိုး၍ တစ်ပင်မှ မတွေ့ရတော့ပေ။ ဤသည်မှာလည်း ထိုစဉ်ကသာမဟုတ်၊ ယခုထိ ဘယ်ညောင်ပင်အောက်မှာမှ ညောင်ပင်လေးတွေ ပေါက်နေသည်ကို ဘယ်အရပ်၊ ဘယ်ဒေသမှာမှ မတွေ့ကြရတော့ပေ။

ဤသည်မှာ သူတို့အား လူသားများကြည့်လျှင် မြင်နိုင်သော ဆေးမြစ်ဖြစ်သည့် ညောင်ပင်ကြီးအောက်မှ ညောင်ပင်လေးများကို တစ္ဆေများက နတ်ပစ်လိုက်ကြသဖြင့် ဖြစ်သည် ဆို၏။

ယခုအခါ တစ္ဆေများကို ခွေးများကမြင်၍ ဟောင်ကြခြင်းမှာ ဦးပေသီးခါးမှ ထွက်ကျသွားသော တစ္ဆေမြင်ဆေးမြစ်ဖြစ်သည့် ညောင်ပင်ငယ်မြစ်ကို ခွေးရသွား၍ဖြစ်သည် ဆို၏။

ဝေယံလင်းဆေါင်

ဝန်ခံချက်

စာရေးသူတို့ ငယ်စဉ်က ခွေးဟောင်တာ၊ ခွေးအူတာ တစ္ဆေကို မြင်လို့ဟု အဘွားက ပြောပြရာ စာရေးသူက ခွေးက ဘယ်လိုလုပ်မြင်လဲဟု မေးမိရာ အဘွား ပြောပြသော ပုံပြင်သာဖြစ်ပါသည်။ ဟုတ်၊မဟုတ်ကိုမူ...။

♥ **အမျိုးသမီးတို့၏ အချစ်ရေး စိတ်အေးချမ်းသာ ဖြစ်စေမည်** ♥

❀ ကိုယ့်အမှား တစ်ခုကြောင့် ကိုယ့်အပေါ် စိတ်နာပြီး အဆက်အသွယ် ဖြတ်သွားတဲ့ ကိုယ့်ချစ်သူက စိတ်ဆိုးဒေါသ ပြေပျောက်ပြီး ကိုယ့်အပေါ် ယခင်လို ချစ်ခင်ကြင်နာကာ အဆက်အသွယ် အမြန်ဆုံး ပြန်လုပ်လာစေချင်ပါသလား။

❀ အကြောင်းတစ်မျိုးမျိုးကြောင့် အဆက်အသွယ် ပြတ်နေတဲ့ ကိုယ့်ချစ်သူနှင့် အဆက်အသွယ် အမြန်ဆုံး ပြန်ရစေချင်ပါသလား။ လက်ရှိ အဆင်မပြေဖြစ်နေတဲ့ အချစ်ရေးကိစ္စ အမြန်ဆုံး အဆင်ပြေလိုပါသလား။

❀ ကိုယ့်ချစ်သူအပေါ် စကားအပြောအဆို အောင်မြင်ပြီး အမြန်ဆုံး ခေ့စပ် လက်ထပ် ပေါင်းသင်းချင်ပါသလား။

❀ ရှာဖွေရသမျှ ကြည်ဖြူစွာ မအပ်ဘဲ သို့ဂုက်ထားသူကြောင့် မခံစားနိုင်သူများ။

(ဂန္ဓိရပညာ ယတြာအစီအရင် နည်းလမ်းကောင်း ရှိတယ်။)

* အဆင်မပြေဖြစ်နေတဲ့ အချစ်ရေး အမြန်ဆုံး ပြန်လည်ပြေလည်စေဖို့၊ * အဆက်အသွယ် ပြတ်နေသော (သို့မဟုတ်) အဆက်အသွယ် ဖြတ်သွားသော ချစ်သူက မိမိထံသို့ အဆက်အသွယ် အမြန်ဆုံး ပြန်လုပ်စေဖို့၊ ချစ်သူနှင့် အဆက်အသွယ် အမြန်ဆုံး ပြန်ရဖို့၊ * ချစ်သူက မိမိတစ်ဦးတည်းကိုသာ ချစ်ခင်စွဲလမ်း သစ္စာရှိနေစေဖို့၊ * မိမိနှင့် ချစ်သူကို နှစ်ဖက်မိဘ ဆွေမျိုးများက အမြန်ဆုံး သဘောတူကြည်ဖြူ လက်ခံလာစေဖို့၊ * ချစ်သူနှင့် အမြန်ဆုံး လက်ထပ်ပေါင်းသင်းရဖို့၊ * ပြည်တွင်း အဝေးမှာ (သို့မဟုတ်) ပြည်ပနိုင်ငံခြားမှာ သွားရောက် လက်ထပ်ပေါင်းသင်းရဖို့၊ ပြည်တွင်း အဝေးမှာ (သို့မဟုတ်) ပြည်ပနိုင်ငံခြား သွားရောက်လုပ်ကိုင်နေသော ချစ်သူ အမြန်ဆုံး ပြန်လာစေဖို့။

(အဓေးရေးကြီးရင် အမြန်လာခဲ့ပါ။)

ဆရာမ ဒေါ်နှင်းသူကြည်

(အမျိုးသမီး သီးသန့်) (လက္ခဏာ ဓမ္မဗင် ယတြာ အစီအရင်)

တိုက်(၄၀)၊ A-2 (ပထမထပ်)၊ ဦးဝိစာရလမ်း၊ မဟာမြိုင်အိမ်ရာ၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉၄၅၀၉၃၈၉၁ ၊ ၀၉၇၃၃၄၇၀၂၄ ၊ ၀၉၂၅၅၀၇၃၃၆

www.burmeseclassic.com

www.burmeseclassic.com

ဒါရိုက်တာ

မျိုးဇော်အောင်

ဆေးသကြားလုံး နှစ်လုံး

သမီးလေးအဖြစ်ကိုကြည့်ပြီး ကျွန်တော် ငိုနေမိသည်။ ကျွန်တော်က သမီးလေးလက်ကို ဖွဖွလေးဆုပ်ကိုင်ထား၏။ လက်က စေးထန်းထန်း အေးချမ်းချမ်း မရတော့မှန်း သိနေသလို ခံစားရသည်။

လေးနှစ်ဆိုသော ကာလသည် အလွန်မှ တိုတောင်းလှပါသည်။ လူဘဝတိုတိုလေးအတွင်းမှာ တီတီတာတာ ချစ်စဖွယ်သမီးလေးကို စွန့်လိုက်ရမှာ နှမြောလှ၏။ အဖေတစ်ယောက်အနေဖြင့် မလွှဆိတ်။

လေးနှစ်သမီးလေး ကျွန်တော့်သမီးလေး သီရိမျိုး၊ လူဘဝကို အပြီးအပိုင် စွန့်ခွာသွားတော့မည်။ ကျွန်တော့် သမီးလေးကို ကျွန်တော့်အသက်နှင့် လဲခွင့်ရလျှင် ကျွန်တော် လဲပေးလိုက်ချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တောင်ငူကွာလာ (၁၀)ရပ်ကွက် မိခင်နှင့်ကလေး(ကာတိုလိပ်)ဆေးရုံ၏ ဆရာဝန်၊ ဆရာမများကလည်း မည်သူသားသမီးဖြစ်ဖြစ် အသက်ရှင်နိုင်ရေးအတွက် အတတ်နိုင်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်ပေးနေကြသည်။ သမီးလေးတစ်ကိုယ်လုံး သွေးစမ်းလို့ပင် မရတော့။ နောက်ဆုံး ခြေထောက်က ဆေးသွင်းထားရ၏။ သမီးလေး အောက်နှုတ်ခမ်းလေးပင် တိုစပြုနေပြီ။

သမီးလေးကို တင်ထားသော ခုတင်မှာ အ,မင်္ဂလာခုတင်ဟု ပြောရလေမလားမသိ။ ဆေးရုံသို့ သမီးလေး မရောက်မီ ကလေးသုံးယောက် ဆုံးပါးခဲ့သော အရေးပေါ်ခုတင်ဖြစ်သည်။ ကလေးသုံးယောက် သေဆုံးဖူးသော ခုတင်မို့ ကျွန်တော် သိပ်အစိုးရိမ်လွန်နေသည်။ အနုပညာသမားတစ်ယောက်ဖြစ်၍လည်း စိတ်နုသည်။ ပူပင်သောက စိတ်က လွန်ကဲနေ၏။

သို့သော် ကာတိုလိပ်ဆေးရုံမှာ ကလေးအထူးကုဆေးရုံဖြစ်၍ ကျွန်တော့်အနေဖြင့် ဆရာဝန်ရော ဆရာမတွေ အပေါ်ပါ အယုံအကြည်ရှိသည်။ သူတို့ ကြိုးစားကုသပေးနေကြသည်။ မျက်လုံးလေးနှစ်လုံးမှိတ်၍ အသက်လေးမျှင်မျှင်ရှူနေသော သမီးလေးကို ကြည့်ကာ ကျွန်တော် မခံစားနိုင်တော့၊ မကြည့်ရက်နိုင်တော့။ ဘယ်လောက်များ သမီးလေး ခံစားနေရမည်ကို ကျွန်တော် မခန့်မှန်းနိုင်တော့။

လေးဆယ့်ရှစ်နာရီလုံးလုံး သမီးလေး သတိမရဘဲ ငြိမ်သက်စွာ ခုတင်ပေါ်တွင် မှေ့နေခဲ့သည်။

ကျွန်တော့်ဖေဖေ ဒါရိုက်တာသန်းကျော်ဌေး၏ မိခင်ကို ကျွန်တော်က မေကြီးဟု ခေါ်သည်။ မေကြီးသည် ကျွန်တော့်သမီးလေးအတွက် ဆုတောင်းမေတ္တာတွေပို့ကာ အိမ်မှာ ကျွန်ရစ်ခဲ့သည်။ အသက်(၈၀)ကျော်လုပြီဖြစ်သော မေကြီးကို ဆေးရုံသို့ မလိုက်စေချင်သောကြောင့် ချော့မော့ပြီး အိမ်မှာ နေခိုင်းထားခဲ့ရသည်။

ကျွန်တော်၏သမီး သူမြစ်လေးကို မေကြီး အလွန်ချစ်မှန်း ကျွန်တော်သိပါသည်။ တစ်ဦးတည်းသော မြစ်မိန်းကလေးမို့လည်း ထူးထူးခြားခြား အချစ်ပို၏။ မေကြီးသည် ရှေးအလွန်ဆန်သောကြောင့် ဗေဒင်မေးခြင်း၊ နတ်မေးခြင်းဖြင့် အိမ်မှာ အလုပ်ရှုပ်နေ၏။ သူမြစ်ကလေး နေပြန်ကောင်းဖို့အရေးထက် အခြားဘာအရေးမှ စိတ်ဝင်စားပုံမရချေ။

ကျွန်တော်သည် သမီးလေး ဆေးရုံတင်ထားသည့်နေ့မှစ၍ ရုပ်ရှင်ရိုက်ကူးခြင်းအလုပ်ကို တစ်ပိုင်းတစ်စနှင့် ခေတ္တရပ်ဆိုင်းထားရ၏။ ထုတ်လုပ်သူမှာ ကျွန်တော့်မိတ်ဆွေရင်းဖြစ်၍လည်း ပြောသာဆိုသာရှိသည်။ ငွေရေးကြေးရေးကအစ ကျွန်တော့်ကို လိုလေသေးမရှိ အကူအညီပေးသည်။ သဘောကောင်းသော ထုတ်လုပ်သူတစ်ယောက်ပါ။

မေကြီးသည် ဘာစိတ်ကူးရသည်တော့မသိ နတ်ဆရာကပဲ အမိန့်ချလိုက်သည်လား မပြောတတ်ပါ၊ အိမ်မှာ မိန်းလေးဆိုလား မမနဲ့လေးဆိုလား ပင့်ဖိတ်ကန်တော့နေတာတွေ့သည်။ ရှားမီးသကြားလုံးနှစ်လုံး၊ ဘဲဥတစ်လုံး၊ နှင်းဆီပန်းအနီတစ်ပွင့်နှင့် ရေစင်တစ်ခွက် ဘာတွေဆုတောင်းကန်တော့နေသည်တော့မသိ မေမေနှင့် မေကြီးတို့ အလုပ်ရှုပ်နေကြသည်။

'ဟဲ့..ဖိုးသန်၊ သီရိလေး နေကောင်းဖို့အတွက် ငါ့မမနဲ့လေးကို ဆုကောင်းနေတာ'ဟု ကျွန်တော့်ကိုပြောသည်။

'ငါ့မြစ်မလေး သီရိကို မမနဲ့လေး ဆောင့်ရောက်လိမ့်မယ် မခင်ယုန်'

မေကြီးက မေမေ့ကို ပြောနေသည်။

မေမေကလည်း မေကြီးစကားကို လုံးဝအယုံအကြည်ရှိပုံရ၏။ ခေါင်းတညိတ်ညိတ် ဖြစ်နေ၏။

'အဲဒီတင်ထားတဲ့ သကြားလုံးကို စွန့်သွား၊ သီရိကို ကျွေးလိုက်။ မရရင် ရေဖျော်တိုက်၊ နေကောင်းသွားလိမ့်မယ်။ ဟိုနှင်းဆီပန်းလေးပါ သီရိခေါင်းရင်းမှာ ထားလိုက်'

မေကြီးအသံကို ကြားသည်။ ကျွန်တော် တော်တော်ကို စိတ်ညစ်သွား၏။ ကျွန်တော့်သမီးလေးမှာ ရေတောင် မသောက်နိုင်တော့သည့်အဆင့်။ အစားအစာဆိုလို့ကတော့ အဝေးကြီး။ သကြားလုံးကျွေးလိုက်ဆိုသော မေကြီးစကားကို မေမေကလည်း ယုံယုံကြည်ကြည်ဖြင့် 'ကျွေးလိုက်ပါ့မယ် အမေ'ဟု ဖြေသံကို ကြားသည်။

မေမေနှင့် မေကြီးတို့က အပေးအယူတွေလုပ်ကာ တော်တော့်ကို ဟုတ်နေကြ၏။

'ဆရာလည်း ဒီသမီးလေးကြောင့် ရုပ်ရှင်တောင် ကောင်းကောင်းမရိုက်နိုင်ရဘူးနဲ့တူတယ်။ ဆရာ့သမီးကို ကျွန်တော်တို့ ကြိုးစားပြီး ကုသပေးပါမယ်။ ဘာမှမပူပါနဲ့'

ဆရာဝန်ကြီးကလည်း ကျွန်တော့်ကို အားပေးရှာပါသည်။ ရုပ်ရှင်ဒါရိုက်တာ တစ်ယောက်အနေနှင့် ကျွန်တော် ရိုက်ခဲ့သော ဇာတ်ကားများကို ကြည့်ဖူး၍လည်း ကျွန်တော့်ကို လေးစားပုံရသည်။ ခဏကြာတော့ ကျွန်တော့်ဇနီး မေမေ ထမင်းချိုင့်နှင့် ရောက်လာသည်။ ဆရာဝန်ကြီးက

www.burmeseclassic.com

www.burmeseclassic.com

ဆရာမလေးကို မှာကြားပြီး ထွက်သွားသည်။

မမေမေကိုမြင်တော့ ဆရာမလေးက ကျွန်တော့်ဘက် လှည့်ကြည့်ပြီး-

'ဆရာ့အမေက ကလေးလေးတစ်ယောက်နဲ့ ဝင်လာတာ အပြင်က အစောင့်တွေ မတားကြဘူးနဲ့တူတယ်။ ဒုက္ခပါပဲ။ ဆေးရုံကို ကလေးခေါ်လာလို့ မရဘူးလေ'

ဟု ပြော၍-

'ဘယ်က ကလေးလဲ ဆရာမ' ဟု ကျွန်တော်က ပြန်မေးလိုက်သည်။

'ဆရာက ရုပ်ရှင်သမား ပီသပါတယ်။ ကြည့်စမ်းပါဦး။ ကလေးလေးကို ပြင်ပေးထားတာ အရမ်းကြည့်လို့ကောင်းတာပဲ။ ကြက်တောင်စည်းလေးနဲ့ နှင်းဆီပန်းနီတစ်ပွင့် ပန်ထားတာရယ်၊ ပါးနှစ်ဖက်မှာလည်း ပါးကွက်နှစ်ကွက်နဲ့ ရှင်မီးအင်္ကျီလေး ဝတ်ထားတာ တကယ့်ကို တောက ကျေးလက်ကလေးလေးကျနေတာပဲ။ ဆရာနဲ့ ဘာတော်လဲဟင်'

'ဆရာမ ဘာတွေပြောနေတာလဲ။ ဘယ်က ကလေးကို ပြောနေတာလဲဗျ'

ကျွန်တော့်စကားကြောင့် မမေမေလည်း အူကြောင်ကြောင် ဖြစ်နေသည်။ ကျွန်တော့်အမြင်မှာတော့ မမေမေတစ်ယောက်တည်းပါ။ မမေမေတစ်ယောက်တည်းပဲ မြင်သည်။

'ဟိုမှာလေ၊ ဒေါ်ဒေါ့်ဘေးက ကလေးကို ပြောတာ။ ဟဲ့..ဟဲ့..ကလေးလေး၊ ဟုင့်..'

ဆရာမ ထွက်သွားတာ မြင်သည်။ ပါးစပ်ကလည်း ဘာတွေအော်ပြောသွားမှန်းမသိ။ မမေမေက ကျွန်တော့်ကို သမီးလေးအခြေအနေ မေးသည်။ ကျွန်တော်က မထူးခြားသေးကြောင်း ပြောပြသည်။ ထို့နောက် မမေမေက အသင့်ယူလာသော ရေပုလင်းမှရေကို ဂွမ်းနှင့်ဆွတ် သကြားလုံးနှစ်လုံးကို ဂွမ်းနှင့်ပွတ်၍ သမီးလေးပါးစပ် နူတ်ခမ်းထဲ

ညှစ်ထည့်ပေးသည်။ ရေစက်လေးတွေက သမီးလေးပါးစပ်ဘေးမှ စီးကျ၏။ သမီးလေးမှာ ပါးစပ်မဟနိုင်။ ရေကို ဂွမ်းနှင့်ဆွတ်ပြီး ညှစ်ထည့်ပေးရ၏။

ခဏကြာတော့ သမီးလေးရဲ့နှုတ်ခမ်းလေး လှုပ်လာသည်။ လျှာကလေးပြူထွက်သယောင်ရှိသည်။ သကြားလုံးဆွတ် ဂွမ်းစရည်ကို ပြွတ်ခနဲ၊ ပြွတ်ခနဲ စုပ်စုပ်လာ၍ ကျွန်တော့်တို့သားအမိ အံ့သြသွားသည်။ (၄၈)နာရီလုံးလုံး ဘာမှမစား ဘာမှမသောက်သော သမီးလေး ထူးခြားလာတာတွေ့ရ၍ ကျွန်တော် ဆရာဝန်ကို ပြေးခေါ်လိုက်သည်။

ဆရာဝန် ရောက်လာပြီး သမီးလေးကို ကြည့်လိုက်သည်။ သမီးလေးလက်ကလေးကို အသာယူပြီး စမ်းကြည့်သည်။ ဆရာဝန်လည်း တော်တော်အံ့သြနေပုံရသည်။

များမကြာမီ သမီးလေးက ရေတောင်းလာသည်။ မျက်လုံးလေးဖွင့်လာပြီး ဟိုဒီကြည့်နေရှာသည်။ နောက် မမေမေလက်ထဲက သကြားလုံးနှစ်လုံးကို တောင်းသည်။

ကျွန်တော်က ဆရာဝန် ဘာပြောမလဲဟု စောင့်ကြည့်နေသည်။

'ကလေးတောင်းတာ အားလုံးပေးလိုက်ပါ။ သကြားလုံးက အမာဆိုတော့ ဝါးပြီး ရေဖျော်တိုက်လိုက်ပေါ့ဗျာ။ ခင်ဗျားသမီး ဘာမှမဖြစ်တော့ဘူး'

'ဟုတ်ရဲ့လား ဆရာရယ်'

'သေချာတယ် ဒါရိုက်တာကြီး၊ သကြားလုံးဖျော်ရည်သာ တိုက်လိုက်ပါ။ ဒါထက် ဒီကလေး ဘယ်သူ့ကလေးလဲ' ဟု ဆရာဝန်က မမေမေ့ဘေးကို လက်ညှိုးထိုး၍ မေးသည်။

ကျွန်တော် လှမ်းကြည့်တော့ ဘာမှမမြင်။ မမေမေတစ်ယောက်တည်း ထူထဲထဲရှားရှား ရပ်နေ၏။

'ဘယ်ကလေးကို ပြောတာလဲ ဆရာ'

အူကြောင်ကြောင်ဖြင့် ကျွန်တော်က ဆရာဝန်ကို မေးလိုက်သည်။

'ဒီမှာလေ၊ ပါးကွက်ကျားနဲ့ ကြက်တောင်စည်းစည်းနှင်းဆီပန်းပန်ထားတဲ့ ကလေးကို ပြောတာ'

ထိုစဉ် စောစောက အပြင်ကို ပြေးထွက်သွားသော တာဝန်ကျဆရာမ ပြန်ရောက်လာသည်။

မမေမေ့ဘေးကို လှမ်းကြည့်ပြီး-

'ဒေါ်ဒေါ့်ကလေးကို အပြင်ကို ခေါ်ထုတ်သွားပေးပါ။ ဆေးရုံထဲကို ဘယ်ကလေးမှ ဝင်လို့မရဘူး။ ခေါ်လာလို့

www.burmeseclassic.com

www.burmeseclassic.com

လည်း မရဘူး။ ဒီအရေးပေါ် အခန်းက အရေးကြီးတယ်။ ရောဂါကူးစက်မှာစိုးလို့။ တာဝန်အရ ပြောရတာပါ ဒေါ်ဒေါ်။ စိတ်မဆိုးပါနဲ့နော်' ဟု ဆရာမလေးက ပြောပြီး မေမေ့ကို တောင်းပန်သည်။

ကျွန်တော်တို့သားအမိ တစ်ယောက်ကို တစ်ယောက် ကြောင်ကြည့်နေကြသည်။

ကလေးဆိုလို့ ကလေးနှင့်တူတာ ခုတင်ပေါ်မှာရှိနေတဲ့ ကျွန်တော့်သမီးလေးမှတစ်ပါး တခြားဘယ်ကလေးမှ မတွေ့၊ မရှိ။ ဆရာမ ဘာကြောင်တာလဲဟု ကျွန်တော့်စိတ်ထဲက ကြိတ်ရေရွတ်လိုက်မိသည်။

'ဟဲ့..ဟဲ့..ဟယ်..ဒီကလေးမလေး ပြေးပြန်ပြီ'

ဆရာမသည် အပြင်သို့ ပြောပြောဆိုဆို ထွက်ပြေးသွားပြန်သည်။ ဆရာဝန်ကြီးလည်း ဆရာမနောက်က ဆက်လိုက်သွား၏။

ထိုစဉ် သမီးလေးလည်း ကျွန်တော်နှင့် မေမေ့ကိုကြည့်ပြီး-

'ဘွားဘွားနဲ့ ပါလာတဲ့ မမက သမီးကို သကြားလုံး နှစ်လုံး ပေးလိုက်တာမဟုတ်လား။ အရမ်းချိုတယ်။ မမကို သွားခေါ်လိုက်ပါ ဘွားဘွား'

'ဟဲ့..သီရိ ဘာတွေပြောနေတာလဲ။ ဖိုးသန့်..နှင့်သမီး ဘာတွေပြောနေတာလဲ။ ဘယ်က မမလဲ။ အမေလည်း ဘာမှမသိရပါလား'

မေမေက ကျွန်တော့်ကို လှမ်းမေးသည်။ အုံကြောင်ကြောင်ဖြင့် ကျွန်တော် သမီးလေးကို လှမ်းကြည့်လိုက်သည်။

'ဖေဖေ..သမီးနေကောင်းသွားပြီ။ ဘွားဘွားနဲ့ ပါလာတဲ့ မမက ဆေးသကြားလုံးနဲ့ ဆေးရေတွေတိုက်လို့ သမီး အခု နေကောင်းသွားပြီ။ ဟို..ဟိုမှာ မမ လာနေတယ်။ ဘွားဘွား ခေါ်လိုက်ပါဦး။ ဖေဖေ ခေါ်လိုက်ပါဦး'

သမီးလေး ညွှန်ရာသို့ ကျွန်တော်တို့သားအမိ လှမ်းကြည့်လိုက်ကြသည်။ ကြည့်သာ ကြည့်လိုက်ရ၏၊ ကျွန်တော်တို့ ဘာမှမမြင်ကြပေ။

ဒါရိုက်တာမျိုးဇော်အောင်

[လွန်ခဲ့သည့် (၃၅)နှစ်က ချစ်သမီးလေး သီရိမျိုး (၄)နှစ်ရွယ်၊ ယနေ့ ဇာတ်ညွှန်းရေးဆရာမ သီရိမျိုး(မြန်မာစာ)သို့ ဖေဖေ့ရဲ့ မှတ်မှတ်ရရ..]

မြန်မာနည်းပညာ၊ ကမ္ဘာနည်းပညာပြင့် ဟောပြောနေပါပြီ

ဆရာမဒေါ်ဝေဝေမင်း

ချစ်သူ၊ မုန်းသူ၊ အိမ်ထောင်ဖက်၊ စီးပွားဖက်၊ ရန်ဘက်တို့၏ နာမည်၊ ရုပ်ဆင်းသဏ္ဌာန်တို့ကို ဒေဝစက္ခု၊ မနောစက္ခုဖြင့် လက်တွေ့ပုံဖော် ဟောပြောပေးနေပါပြီ။

ထီကံ၊ ငွေကြေးကံ၊ အလွေကိစ္စ

အလုံးစုံကို တိကျပြတ်သားစွာ အမည်နှင့်တကွ ဟောပြောနေပါပြီ။ ယခုမင် ကြွခဲ့ပါ။ လာရကျိုး နပ်စေရမည်။

ထီကံ အထူးဟောနေပြီ

သင့်မှာ ထီပေါက်ကိန်းရှိပါက မုချလက်ငင်း ထီပေါက်မည်။

တစ်ဘဝစာဟောစာတမ်း

အမည်၊ မွေးနေ့သက္ကရာဇ် အတိအကျ၊ မွေးရပ်၊ မွေးချိန်နှင့် နေရပ်လိပ်စာတို့ကို ဖော်ပြပြီး ငွေ(၂၅၀၀)ကျပ် (နှစ်ထောင့်ငါးရာကျပ်)ကို စာတိုက်မှ (M.O) ဖြင့် ပေးပို့ပါက တစ်ဘဝစာဟောစာတမ်းကို စာတိုက်မှ မှတ်ပုံတင်အမြန်ဆုံးပြန်လည်ပေးပို့ပေးပါမည်။

(မှတ်ချက်-စာအိတ်အတွင်း ငွေထည့်ပို့ခြင်း လုံးဝတာဝန်မယူပါ။ မပို့ပါနှင့်)

ဆရာမဒေါ်ဝေဝေမင်း

ဆိုင်အမှတ်-၂၉၊ ကမ္ဘာအေးဘုရားဈေးတန်း၊ ရန်ကုန်မြို့

နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (ပိတ်ရက်-လပြည့်/လကွယ်)

www.burmeseclassic.com

www.burmeseclassic.com

ဦးထွန်းရွှေသည် အိပ်မက်သဖွယ် မသိတစ်ချက် သိတစ်ချက်ဖြင့် ရွာသစ်ကြီးရွာ မြောက်ဘက်ရှိ ရွာဦးစေတီသို့ မည်သို့မည်ပုံ ရောက်လာသည်ကို ပိုးတဝါးဖြစ်နေ၏။

လမ်းလျှောက်လာခြင်းမျိုးမဟုတ်ဘဲ တရွေ့ရွေ့ တဖြည်းဖြည်း ကိုယ်ဖော့ပြီး နီးကပ်လာနေသော အဖြစ်ကိုတော့ သူသိနေ၏။

တစ်စုံတစ်ဦး တစ်ယောက်သောသူဟာ သူ့နောက်မှ လိုက်၍ လျှပ်တစ်ပြက် ဆွဲခေါ်လိုက်သောကြောင့် လေတွင် သစ်ရွက်များ လွင့်မျောသကဲ့သို့ ပါသွားရာမှ ဗွက်များ၊ ခွံများ ပွက်ပွက်ထနေသော ဧရာမချိုင့်ခွက်ကြီး၏ နှုတ်ခမ်းပေါ်တွင် ချထားခြင်း ခံလိုက်ရလေသည်။

ဦးထွန်းရွှေသည် ဤသို့လိုက်သောအခါ ထိုချိုင့်ခွက်ကြီး၏ ဓောက်အနက်ပိုင်းတွင် မီးခဲမီးလျှံများ ထနေသည်ကို တွေ့လိုက်ရ၏။

ဦးထွန်းရွှေသည် တုန်လှုပ်ချောက်ချားစွာဖြင့် ဧရာမ

ဂန္ဓီရဂူမြေ အရိုန်ဟုန်ကုသိုလ်

www.burmeseclassic.com

www.burmeseclassic.com

ဒယ်အိုးခွက်ကြီး၏ နူတ်ခမ်းအတိုင်း လျှောက်နေခဲ့ရာ တစ်စုံတစ်ဦးက အခြားတစ်နေရာသို့ ထပ်ခေါ်သွားသည်ကို ခံလိုက်ရပြန်သည်။

အဝေးကပင် လူရိပ်သဏ္ဌာန်များကို တွေ့ရပြီး ထိုအစု အဝေးကြားဌ ရွာသစ်ကြီးရွာမှ အသိရွာသားနှစ်ဦးကို တွေ့လိုက်ရသဖြင့် အံ့သြစွာ ရှိသွားခဲ့၏။

အဖြူရောင် ကိုယ်လုံးခြုံသော တစ်စုံတစ်ဦးသည် သူ့အနီးသို့ ရောက်လာပြီး 'မင်း ကုသိုလ်ကောင်းမှု ပြုဖူးသလား' ဟု မေးမြန်းလိုက်သောကြောင့် 'ရွာဦးစေတီတွင် အုတ်လမ်းခင်းဖူးတယ်၊ အဝတ်အစားများလည်း လှူဖူးတယ်။ အလှူအတန်းလုပ်ပြီးတိုင်း အကျန်များကို ခွေးတွေကို ကျွေးဖူးတယ်' ဟု ပြောလိုက်၏။

'ဒါဆို သူ့ကို ပြန်ခိုင်းလိုက်ဦး' ဟု အမိန့်ပေးသံနှင့် အတူ သူတင်ပါးကို ချွန်ထက်သော အရာတစ်ခုနှင့် ထိုးလိုက်၏။

'အား..အား..အား'

♦♦♦

ရွာအနောက်ခြမ်းမှ တီးခတ်လိုက်သော ကြေးစည်ထုသံလေးသည် ရွာအရှေ့ဖျားရှိ ဖိုးထင်တို့ကာလသား အရက်ဝိုင်းဆီမှ သဲ့သဲ့ကလေး ကြားနေရ၏။

'ဒီတစ်ခါ ဦးထွန်းရွှေတော့ ရမယ်မထင်တော့ဘူးကွ'

'အေးလေ..သူမျောနေတာပဲ နှစ်ရက်လောက်ရှိပြီဆိုတော့ စောင့်ကြည့်ရုံကလွဲလို့ ဘာတတ်နိုင်မှာလဲ'

'အသက်လည်း ကြီးပါပြီကွာ၊ ဘာပဲဖြစ်ဖြစ် သူတစ်စုံတစ်ခုမဖြစ်ခင် တို့ သွားပြီး မေးဦးမှ ကောင်းမယ်နော်' ဟု သံချောင်းက ပြောလိုက်၏။

'အရက်သောက်ထားပြီး သွားမေးလို့ ကောင်းပါ့မလား'

'ဒါကတော့ကွာ ဒေါ်ဖွားမြင့်ကို သွားအားပေးရမှာက တို့တာဝန်ပဲ မဟုတ်လား' ဟု ကျော်လှက ပြောနေသဖြင့် ဦးထွန်းရွှေ၏ အိမ်ဘက်ဆီသို့ လှမ်းကြည့်လိုက်ကြ၏။

ဦးထွန်းရွှေဆိုလျှင် ပေါင်းတည်ပိုင် သပြေကြီးစုကျေးရွာအုပ်စုမှ ရွှေတဲသဲကုန်းရွာကပင် သိကြသူ ဖြစ်၏။

ဒေါ်ဖွားမြင့်သည် မျက်စိကိုမှိတ်၍ ကြေးစည်ကို ညင်သာစွာထုရင်း ရသမျှတတ်သမျှ တရားစာများကို တိုးတိုးလေး ရွတ်ဆိုပေးနေ၏။

အနားတွင်ရှိသောသူများကလည်း ငြိမ်သက်စွာဖြင့် မှင်တက်မိသလို ရှိနေကြ၏။

'ဟော..ဟော..မျက်တောင်လေး ခတ်သလိုပဲ' ဟု တစ်ယောက်သောသူ၏ ပြောသံကြောင့် ဝိုင်းကြည့်လိုက်ခိုကြ၏။

'ဟဲ့..ဖွားမြင့်၊ နင် ဘာကြည့်နေတာလဲ။ ရေလေးတိုက်ပေးလိုက်ပါလား' ဟု အနားတွင်ရှိနေသော ဒေါ်တင်အေးက သတိပေးလိုက်သဖြင့် ရေတိုက်ပေးလိုက်ရာ ဦးထွန်းရွှေသည် ဟင်းဆိုသော် သက်ပြင်းချသံကြီးနှင့်အတူ မျက်လုံးလေး ပွင့်လာသယောင်ရှိ၏။

'သတိရပြီလား..ရှင်သတိရပြီလား ကိုထွန်းရွှေ' ဟု ပြော၍ ဒေါ်ဖွားမြင့်သည် လှုပ်ခါပြီး မေးနေ၏။

ဦးထွန်းရွှေသည် မျက်လုံးလေး ဝိုပွင့်လာသလိုရှိရာမှ ဟိုဟိုဒီဒီသို့ ဝေ့ကြည့်နေသည် တွေ့ရ၏။

'ရှင် သတိရပြီပေါ့နော်။ သတိထား..သတိထား' ဟု ဒေါ်ဖွားမြင့်က အသိပေးနေသောကြောင့် ဦးထွန်းရွှေသည် 'ငါ ဘယ်ရောက်နေတာလဲ' ဟု မေးရာမှ မျက်လုံးလေး ပြန်မှိတ်သွား၏။

ဒေါ်တင်အေးသည် 'မဖြစ်ဘူး..မဖြစ်ဘူး၊ ငါ ဆရာဦးစိန်ဦးကို သွားပင့်မှဖြစ်မယ် ဖွားမြင့်' ဟုပြော၍ ကမန်းကတန်း ထထွက်သွားလိုက်၏။

ခြံဝတွင် ဒေါ်တင်အေး၊ ဖိုးထင်တို့လူသိုက်နှင့် ဆုံလိုက်သော်လည်း စကားမပြောနိုင်ဘဲ ထွက်သွားသောကြောင့် ဖိုးထင်တို့ အိမ်ပေါ်သို့ အပြေးလေး တက်ခဲ့ကြ၏။

ဒေါ်ဖွားမြင့်က 'သတိထား..သတိထား' ဟုပြော၍ ဦးထွန်းရွှေကို ပွေ့ထားသည်ကို တွေ့ကြရသဖြင့် ဖိုးထင်တို့ အံ့သြသွားကြ၏။

ဒေါ်ဖွားမြင့်က ထပ်ကာ,ထပ်ကာ သတိပေးနေ၏။

'အင်း..ငါ / ပြန်ရောက်နေပြီကိုး'

'ဟုတ်တယ်..ဟုတ်တယ်၊ အဲဒီမှာ ကိုတိုးနဲ့ အောင်ခင်ကို ငါ တွေ့ခဲ့တယ်'

'ဘယ်မှာလဲ'

'ငါရောက်ခဲ့တဲ့ နေရာမှာ' ဟု ပြောလိုက်၍ အားလုံးနားမလည်ဘဲ ရှိသွားကြလေ၏။

ထိုကိုတိုးနှင့် ထိုအောင်ခင်တို့မှာ ရွာသစ်ကြီးရွာသားများဖြစ်ပြီး သေဆုံးသွားခဲ့ကြသူများ ဖြစ်၏။

'ဒါ ရှင့်အိမ်၊ ရှင့်အိမ်လေ' ဟု ဒေါ်ဖွားမြင့်က တတွတ်တွတ် အသိပေးနေ၏။

www.burmeseclassic.com

www.burmeseclassic.com

'ငါ့ကို လှဲနဲ့ထိုးပြီး ပြန်ခိုင်းလိုက်လို့ ငါပြန်လာခဲ့တာ'

'ဘယ်သူက ထိုးလိုက်တာလဲ'

'ငရဲသား၊ ငရဲသား'

ဟု ပြောလိုက်သောကြောင့်

'အို..မဟုတ်တာဘဲ' ဟု ဒေါ်ဖွားမြင့်ကပြောရင်း သူ့ခေါင်းကို ကုတ်နေ၏။

'မဟုတ်တာ မပြောပါဘူးကွာ' ဟု ပြောရာမှ ဦးထွန်းရွှေသည် မျက်လုံးလေး ပြန်မှိတ်သွားသဖြင့် ဒေါ်ဖွားမြင့်သည် ယပ်ခတ်ပေးနေရ၏။

ဦးထွန်းရွှေသည် မျက်လုံးလေး ပြန်ဖွင့်လာပြီး သူ၏ဘေးမှ လူများကို ဇဝေဇဝေဖြင့် ကြည့်နေ၏။

'ဒီမှာ ဖိုးထင်တို့ ရောက်နေကြတယ်' ဟု ထပ်အသိပေးလိုက်သောကြောင့် ဦးထွန်းရွှေသည် ဖိုးထင်တို့လူသိုက်အား ကြည့်၍ 'ဟုတ်ပြီ..ဟုတ်ပြီ' ဟုပြောပြီး ခေါင်းညိတ်ပြနေသဖြင့် ဒေါ်ဖွားမြင့်က ယပ်တောင်လေးကို ပြင်းပြင်းခတ်ပေးလိုက်၏။

ဦးထွန်းရွှေသည် တစ်အိမ်လုံးကို လျှောက်ပြီးဝေ့ကြည့်နေပြန်၏။

ဖိုးထင်သည် ရှေ့သို့တိုးလိုက်ပြီး 'ကျွန်တော် ဖိုးထင်ပါ၊ ဖိုးထင်လေ' ဟု သူမျက်နှာကိုပြ၍ အသိပေးလိုက်ရာ 'အေး..အေး..ငါ သတိရပါပြီကွာ' ဟု ဆိုလိုက်သဖြင့် အားလုံး ဝမ်းသာသွားကြရတော့သည်။

'ကိုထွန်းရွှေ..ရှင် ဘာတွေလျှောက်ပြောနေတာလဲဟင်'

'ငါ ဘာပြောလို့လဲ'

'ငရဲသားလို့ ရှင်ပြောလိုက်တာ ကျွန်မ ကြားလိုက်သလိုပဲ'

'သူ ငါ့တင်ပါးကို သူက လှဲနဲ့ထိုးပြီး မင်းပြန်လိုက်ဦးလို့ ပြန်ခိုင်းလိုက်လို့ ငါပြန်လာခဲ့တာ'

'ဟောဗျ'

ဖိုးထင်တို့အားလုံး အလန့်တကြားရှိနေရာက အရက်မူးနေသော သံချောင်းသည် မူးမူးဖြင့် 'နေပါဦးဗျ၊ ကျွန်တော် တစ်ခုမေးကြည့်ချင်လို့ပါ' ဟု အရက်မူးလေသံဖြင့် ကောက်ကာင်ကာ မေးလိုက်သဖြင့် ဦးထွန်းရွှေက 'ဘာလဲကွ' ဟု ပြန်မေးလိုက်၏။

'သိချင်လို့ပါဗျာ'

'အရေးထဲ ဘာမှန်းမသိဘူး။ ဟေ့ကောင် သံချောင်း၊ မမေးနဲ့' ဟု ဖိုးထင် တားနေသည့်ကြားမှ 'ဟိုလေ..အဲဒီငရဲသားက ဘာဝတ်သလဲ၊ အတောင်တွေ အတက်တွေရော ပါသလား' ဟု သံချောင်းက မေးဖြစ်အောင် မေးလိုက်၏။

'အိပ်မက်,မက်သလို ဝိုးတဝါးဖြစ်နေတော့ ငါလည်း သတိမထားလိုက်မိဘူးကွ။ မည်းမည်းအင်္ကျီသဏ္ဌာန် ရှပ်သွင်မျိုးလို့ ဆိုရမလားပဲ။ တစ်ခုတော့ရှိတယ်'

'ပြောပါဦး'

'အတားအဆီး အကာအရံတွေကို ခုန်ပျံကျော်လွှားပြီး သွားစရာမလိုဘူး။ အင်္ဂြေအဖြစ်နဲ့ ဖြတ်သန်းသွားလာနိုင်တယ် ဆိုတာလောက်တော့ ငါသိတယ်'

သံချောင်းသည် စဉ်းစားရာက 'သူတို့ ဘာစကားပြောသလဲ' ဟု ထပ်ကွန့်မေးလိုက်သဖြင့် 'ဗမာလိုပြောလို့ ငါလည်း ဗမာလိုပဲ ပြန်ပြောလိုက်တာပေါ့ကွာ' ဟု ဦးထွန်းရွှေက ပြန်ဖြေလိုက်၏။

'ဟဲ့..သံချောင်း၊ နင် မူးမူးရူးရူးနဲ့ ပေါက်ကရတွေ့ မမေးစမ်းနဲ့' ဟု ဒေါ်ဖွားမြင့်က ငေါက်လိုက်မှ သံချောင်းသည် သူ့အမေး ရုပ်သွားတော့၏။

'ငါ သတိရပါပြီကွာ။ မျက်လုံးတွေလည်း မြင်ရတယ်။ ပြောသံတွေလည်း ကြားတယ်' ဟု ပြောနေသော ဦးထွန်းရွှေ၏ စကားကြောင့် အားလုံးဝမ်းသာကြရတော့၏။

'ငါ အခုလို အိမ်ပြန်ရောက်လာတာဟာ ကုသိုလ်ကောင်းမှုရဲ့ အကြောင်းဆက်တွေလို့ ပြောရမလို ဖြစ်နေတယ်'

'ရှင့်ရဲ့ ကုသိုလ်ကောင်းမှုတွေကို ငရဲပြည်က သိလို့လား' ဟု ဒေါ်ဖွားမြင့်က မေးလိုက်သဖြင့် 'အဲဒါကို ဘယ်လိုပြောရမလဲ ဆိုတာတော့ ငါလည်း မသိဘူး။ ငါ ကုသိုလ်ကောင်းမှု လုပ်နေတာကို အားလုံးသိနေကြတာပဲ မဟုတ်လား။ အဲဒါ သက်သေပဲပေါ့။ ရွာဦးစေတီမှာ အုတ်လင်းခင်းဖို့ အုတ်နီခဲတွေကို ငါ ဝယ်ပြီး ကိုယ်တိုင် လုပ်အားပေးခဲ့တာ မင်းတို့ အမြင်ပဲလေ။ အဲဒါတွေက အကြောင်းထင်လာတာများလားမှ မသိတာ။ စဉ်းစားကြည့်ကြပေါ့ကွာ' ဟု ဦးထွန်းရွှေက ပြောရာမှ 'ဖိုးထင်..မင်းမှတ်မိသေးလား' ဟု မေးလိုက်၏။

'ဗျာ'

'ရွှေတဲသဲကုန်းရွာက ဘမှန်ဆီကိုသွားတာ ဟိုကောင်ကျော့လှတောင် ပါသေးတယ်လေ'

'ဟုတ်ပါ့'

www.burmeseclassic.com

www.burmeseclassic.com

'မင်း မှတ်မိမှာပါ'

'မှတ်မိတာပေါ့ဗျာ။ အဲဒီ ကိုဘမှန် ဆိုတဲ့သူက အမတော်ကြေးတွေကို ပြန်မဆပ်နိုင်လို့ ဦးထွန်းရွှေပဲ သူ အဖမ်းမခံရအောင် ပေါင်းတည်သွားပြီး အာမခံပေးခဲ့တာ မဟုတ်လား'

'သူက မိန်းမသုံးယောက်တောင် ယူထားတာဆိုတော့ ဘယ်ပြေလည်ပါ့မလဲကွာ' ဟု ဦးထွန်းရွှေက ပြောလိုက်သဖြင့် ကာလသားများ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ပြုံးနေကြ၏။

'ကလေးတွေက များတော့ အနွေးထည်တောင် လုံလောက်အောင် ဝယ်မပေးနိုင်ရှာဘူး'

'ဟုတ်တယ်၊ အဲဒီ ကိုဘမှန်က လူတေလူပေကြီးဗျ'

'အဲဒါက တို့နဲ့ မဆိုင်ပါဘူးကွာ။ အဲဒီကလေးတွေ အတွက် အဝတ်အစားတွေကို ငါ ဝယ်ထားပြီး မင်းကိုပဲ ပေးခိုင်းလိုက်တာလေ။ အဲဒါလည်း သက်သေတစ်ခု ဖြစ်မလားပဲ'

'ဟုတ်မှာပေါ့'

'ငါ အလှူအတန်း လုပ်ပြီးတဲ့အခါ အကျန်တွေကို လိုက်စုစုပြီး ခွေးတွေကိုကျွေးလို့ ဖွားမြင်က အဲဒါ ရှင်းလုပ်စရာလား။ လူငယ်တွေကို ခိုင်းရတာပဲလို့ ပြောတယ်။ ဟုတ်တယ် မဟုတ်လား ဖွားမြင်' ဟု ပြော၍ သက်သေပြုပြလိုက်၏။

'ကျွန်မက ရှင့်ကို ခွေးမကျွေးနဲ့လို့ ကန့်ကွက်တာမှ မဟုတ်တာဘဲ'

'မင်းကို ငါ မပြောလိုပါဘူးကွာ။ အဲဒါလည်း ကုသိုလ်လို့ ဆိုရမလားပဲ'

'ဟုတ်တယ်ဗျ၊ ဒီလို ကျွေးတာလည်း ကုသိုလ်တစ်မျိုးလို့ ပြောကြတာကို ကျွန်တော် ကြားဖူးနေပါတယ်' ဟု ဖိုးထင်က ဝင်ထောက်ပေးနေ၏။

'ဝိုးတဝါးဖြစ်နေပေမယ့် အဲဒါတွေကို ငါပြောပြလိုက်လို့ ငါ့ကို ပြန်ခိုင်းလိုက်တာ'

ဦးထွန်းရွှေ၏ စကားများသည် စိတ်ဝင်စားဖွယ်ရာများ ဖြစ်နေလေ၏။

ဒေါ်ဖွားမြင့်သည် အိမ်ပေါက်ဝတွင် ရောက်နေသော ဆရာဦးစိန်ခိုကို မြင်လိုက်ရသဖြင့် 'ဆရာ...ကြွပါ၊ ကြွပါ' ဟု ခရီးဦးကြိုပြုလိုက်ရ၏။

ဆရာဦးစိန်ခိုသည် ဝင်လာရာမှ ဦးထွန်းရွှေအနားတွင် ဝင်ထိုင်လိုက်ပြီး 'စကားတွေ သိပ်မပြောနဲ့ ကိုထွန်းရွှေ' ဟု သတိပေးလိုက်၏။

'ကျွန်တော်ပြောချင်တာလေးတွေ ပြောပြနေတာပါ ဆရာ'

'ဟုတ်ပါတယ်၊ ခင်ဗျားပြောနေတာတွေကို ကျွပ်ကြားပါတယ်။ လူတစ်ယောက် ပျက်စီးနိုင်တဲ့ အကြောင်းတရား က ကံရယ်၊ စိတ်ရယ်၊ ဥတုရယ်၊ အာဟာရရယ်ဆိုတဲ့ လေးပါးတစ်ပြိုင်တည်း ပျက်သွားရင်တော့ ဆုံးပါးသွားကြရစမြဲပေါ့ဗျာ။ ဒါပေမဲ့ ခင်ဗျားစကားတွေ ပြန်ကောက်ကြည့်လိုက်တော့ ကုသိုလ်ဆက်ပေးတယ်လို့ ပြောရမှာပဲ'

'ဟုတ်ကဲ့ပါ ဆရာ'

'ကုသိုလ်ကောင်းမှုကို ကြီးကြီးမားမားပဲလုပ်လုပ်၊ သေးသေးဖွဖွပဲလုပ်လုပ် အဲဒီကောင်းမှုရဲ့ အရှိန်အဟုန်တွေဟာ ပြန်ပြီးထင်ဟပ်လာတဲ့အခါမှာ ကံကောင်းလာကြရတယ်။ ကံဆိုတာ အလုပ်ပါပဲ။ ခင်ဗျားက ကောင်းမှုတွေ လုပ်ခဲ့တာလေ။ ဘာမှမပူနဲ့တော့၊ ခင်ဗျား ပြန်ကောင်းသွားလို့မယ် ကိုထွန်းရွှေ' ဟု ဆရာဦးစိန်ခိုက ပြောလိုက်သဖြင့် ဒေါ်ဖွားမြင့်သည် 'ဝမ်းသာလိုက်တာ ဆရာရယ်' ဟု ကျေးဇူးစကား ဆိုလိုက်၏။

'ကိုထွန်းရွှေအတွက် ယတြာတော့လုပ်ဖို့ လိုတယ်'

'ပြောပါ ဆရာ'

'စနေသားဆိုတော့ မြောက်ဘက်အရပ်မှာရှိတဲ့ စေတီတစ်ဆူကိုသွားပြီး စနေဂြိုဟ်တိုင်မှာ သက်စေ့ ရေညွှန်းဆောင်းလှူပါ'

'ဟုတ်ကဲ့'

'ဘုရားမှာ ဒေါနမန်း ဒါမှမဟုတ် နှင်းဆီပန်း ညောင်ရေအိုးထိုးပါ'

'ဟုတ်ကဲ့'

'ဘုရားကို နာနတ်သီး ဒါမှမဟုတ် နဂါးမောက်သီး သစ်သီးဆွမ်း ကပ်လှူပြီး ကုသိုလ်ယူပါ။ ရှားမီးတိုင်ပူဇော်ပါ'

'ရွာဦးစေတီမှာ သွားလုပ်လို့ ရမလား ဆရာ'

'ရတာပေါ့ဗျာ။ ရွာဦးစေတီဟာ ရွာရဲ့မြောက်ဘက် အရပ်မှာရှိတဲ့ ဘုရားပဲမဟုတ်လား'

'ကောင်းပါပြီ ဆရာ'

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ ဖခင်သည် အကျဉ်းဌာနတွင် ထောင်ပိုင်ကြီးအထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ထို့အပြင် အကျဉ်းကျလာသူအချို့၏ ထူးထွေဆန်းပြားသော ဖြစ်စဉ်များကို မေးမြန်း၍ သံဃေဂရဖွယ်၊ သင်ခန်းစာယူဖွယ် စာတမ်းများကိုလည်း ရေးသားခဲ့လေသည်။

ဖခင်ကြီးသည် အငြိမ်းစား ယူပြီးနောက် သုံးနှစ်ခန့် အကြာတွင်ပင် ကွယ်လွန်သွားခဲ့သည်။ လလည်ဆွမ်းကျွေးသည့်နေ့တွင် ကျွန်ုပ်သည် သူ၏ စာရေးစားပွဲကို ရှင်းလင်းပေးမိသည်။ ထိုတွင်ပင် အောက်ဆုံးအံဆွဲထောင့်၌ ဒိုင်ယာရီဟောင်း တစ်အုပ်ဖြင့် ဖိထားခဲ့သည့် စာမူကြမ်း တစ်ပုဒ်ကို မမျှော်လင့်ဘဲ တွေ့ခဲ့ရတော့သည်။

သူသည် စာမူကြမ်းတိုင်း၏ ထိပ်တွင် ပေးပို့သည့်မဂ္ဂဇင်းတိုက် အမည်နှင့် ရက်စွဲတို့ကို တေးမှတ်ထားလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ဂီးသမားနှင့် ကြောင်နက်ကြီးနှစ်ကောင်

ခေါ်ကြော

အလားတူပင် စာမူအဆုံးသို့လည်း ရေးသားပြီးသည့် ရက်စွဲနှင့် နေရာဒေသတို့ကို ရေးထိုးထားတတ်ပြန်လေသည်။

သို့ရာတွင် အနီစာမူကြမ်းကတော့ တစ်မူထူးခြားနေတော့သည်။ ခေါင်းစည်း လုံးဝပေးမထားခဲ့။ သို့သော် ထိပ်တွင် မင်နီဖြင့် မပေးပို့ဖြစ်ဟု တေးထားလေသည်။ ကျွန်ုပ် လည်း နောက်ဆုံးစာရွက်ကို ကသောကမျော လှန်ကြည့်မိလိုက်သည်။ အညာဒေသရှိ ဆောင်ကြီးတစ်ခုတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က တွေ့ကြုံခဲ့ရပုံဖြစ်ကြောင်း သိခဲ့ရသည်။ မဂ္ဂဇင်းတိုက်သို့ အာဃာတကြောင့် မပို့ခဲ့ရပါသနည်း။ ထိုပဟေဠိကြောင့်ပင် လက်က မချဘဲ ဖတ်ကြည့်မိခဲ့တော့သည်။ အရက်ကြောင့် သိုးငယ်ကလေးကဲ့သို့သော ဘဝမှ ကြမ်းကြုတ်ရက်စက်သည့် သားရဲကြီး အလား ပြောင်းလဲသွားသူ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

၏ ဘဝကောက်ကြောင်း ဖြစ်နေသည်။ လူအများစုသည် ငှင်းတို့ မကောင်းမှုပြုခဲ့ပုံကို သံဝေဂဟန် နောင်တသံများဖြင့် ပြန်ပြောလေ့ရှိကြသည်။

ထိုတစ်ယောက်တော့မူ ကြိုး စင်တင်ခံရသည့်တိုင် နောင်တစိတ် ဝေး၍ သံဝေဂဟန် ရေးရေးမျှပင် မပြခဲ့ပေ။ နှလုံးသားက မာကြွပ် ဆတ် အဝိစိအောက်ဆုံးတွင် ချိုးကပ်မည့် လေသံများလည်း လွှမ်းနေခဲ့သည်။

ဤသည်ကို ဖခင်ကြီးက သဘောမတွေ့သဖြင့် မပေးပို့ဖြစ်ခဲ့သည်လော မသိ။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်ကတော့ သံဝေဂပွား၍ ဆင်ခြင်ထိန်းသိမ်းဖွယ်ရာ ပြယုဂ်တစ်ခုဟု ယူဆခဲ့မိသည်။ ဤသို့ဖြင့် ကာယကံရှင်က မာဆတ်ဆတ်ဖြင့် ပြန်လည်ပြောပြသည့်အတိုင်း ဖခင်၏ တပည့်တစ်ဦးက ရေးကူးမှတ်ခဲ့သော ဖြစ်စဉ်မှန်ကို သင့်လျော်မည့် ခေါင်းစဉ်းဖြင့် မိတ္ထူပွားပြလိုက်ရပေတော့သည်။

♦ ♦ ♦

ကျုပ်ကြိုးစင်တက်ဖို့ ခုနစ်ရက်ပဲ လိုတော့တယ်။

အဖြစ်က အဲဒီလောက် လွှတ်ဆိုးခဲ့တာ။ မယုံနိုင်စရာအဖြစ်။ အိပ်မက်မဟုတ်ဘူးနော်။ ရူးသွပ်ပြီး ထင်ရာစိုင်းခဲ့တယ်လို့လည်း မထင်နဲ့။ ကြုံခဲ့ရပုံတွေက သြချလောက်တယ်။ အဲဒီနှလုံးတုန်စရာ အဖြစ်တွေကြောင့် ကျုပ်ဘဝလည်း သုံးစားမရတော့ဘူး။ နိဗ္ဗိတ်ရတော့မယ်။ အဲဒီအကြောင်းတွေကို သိပ်ပြောချင်တာ မဟုတ်ဘူး။ ဆင်ခြေတွေ လျှောက်ပေးနေတာလို့ အထင်မခံနိုင်ဘူးလေ။

လူတွေက ကျုပ်ကို မကောင်းဆိုးဝါးကောင်ကြီးလို့ မြင်ကြမှာ ဧကန်ပဲ။ ကျုပ်ကိုယ်တိုင်လည်း ဖြစ်ပြီးခါစက နည်းနည်းရင်ခုန်ခဲ့ရသေးတာပဲ။ နို့ပေမယ့် အဲဒါကလည်း ခဏပါ။ တကယ်တော့ ကျုပ်ရဲ့မွေးရာပါ ဥာဏ်ရည်နိမ့်ကျသွားခဲ့တာ ထင်ပါရဲ့။ ကျုပ်ဟာ အဲဒီအချိန်တုန်းက မယုံနိုင်လောက်အောင် သွေးအေးနေခဲ့တယ်။ မထုံတက်သေးဖြစ်ခဲ့တယ်။ မှတ်ဉာဏ်တွေလျော့ရဲပြီး အကြောင်းအကျိုးအကောင်း,အဆိုးလည်း မဝေခွဲနိုင်ခဲ့ဘူး။

ငယ်ငယ်တုန်းကတော့ ကျုပ်ဟာ ဥာဏ်ထက်ပြီး ကြင်နာတတ်တဲ့ သူငယ်လေးတစ်ယောက်ပေါ့ဗျာ။ ငယ်ပေါင်းရောင်းရင်းတွေကလည်း ကျုပ်ကို နှလုံးသားနူးညံ့သိမ်မွေ့တဲ့ လူပျော်တစ်ယောက်လို့ သတ်မှတ်ခဲ့ကြထယ်။ ကျုပ်က တိရစ္ဆာန်ကလေးတွေကို လွှတ်ချစ်ခဲ့တာကလား။ မိဘတွေကလည်း အလိုလိုက် အကြိုက်ဆောင်ပေးခဲ့ကြသား။ စည်း ခန်းထဲမှာဆို အိမ်မွေးတိရစ္ဆာန်တွေနဲ့ ပြည့်လုနီးပါးပဲ။ ကလေးပီပီ ကစားမက်ရကောင်းမှန်း မသိခဲ့ဘူး။ သူတို့လေးတွေကို အစာကျွေးလိုက်၊ မြူလိုက်၊ ဆော့လိုက်နဲ့ပဲ အချိန်ကုန်ခဲ့တယ်။

အဲဒီအကျင့်က အရွယ်ရောက်တဲ့အထိ စွဲပါလာပါရော။ တိရစ္ဆာန်တွေရဲ့ အထာကိုလည်း တဖြည်းဖြည်း နောကျေလာတယ်။ အရပ်ထဲမှာလည်း အိမ်မွေးတိရစ္ဆာန်ဝိန္ဒာဘွဲ့ကို အလိုလိုရလာတော့တယ်။ သစ္စာရှိပြီး လိမ္မာတဲ့ ခွေးတစ်ကောင် မွေးချင်ရင် ကျုပ်ရဲ့အကြံဉာဏ် အရင်လာတောင်းတတ်ကြတယ်။ ခွေးဆိုတဲ့ သတ္တဝါဟာ သခင်အပေါ်မှာ အသက်စွန့်ပြီး သစ္စာရှိတတ်တာတော့ အမှန်ပဲ။ အဲဒါကို သူရဲ့ အသေးအဖွဲ လူပ်ရှားပုံလေးတွေ၊ အမူအရာကလေးတွေကိုကြည့်ပြီး အကဲခတ်နိုင်တယ်လေ။

ထားပါတော့။ ကြောင်မွေးချင်၊ ငှက်မွေးချင်တဲ့သူတွေလည်း ကျုပ်ဆီ ရောက်လာကြတာပဲ။ ကျုပ်ကလည်း အဲဒီလို အကြံပေးရတာကိုပဲ လွှတ်မျော်နေခဲ့တာကလား။

နို့ပေမယ့် ကျုပ်ဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျခဲ့တယ်ဗျ။ နတ်ဖက်ပေးလို့လား၊ ဓာတ်သက်လို့လားတော့ မဆိုနိုင်ဘူး။ သူကလည်း တိရစ္ဆာန်ချစ်တတ်သတဲ့။ အိမ်က အကောင်တွေကို ကျုပ်ထက်တောင် ပိုဂရုစိုက်နေသေးတော့။ အဲဒီတုန်းက အိမ်မှာ ငှက်တွေ၊ ရွှေငါးလေးတွေ ရှိတယ်လေ။ ခွေးကောင်းကောင်း တစ်ကောင်လည်း ရှိသေးတယ်။ ပြီးတော့ ယုန်လေးတွေနဲ့ မျောက်ပေါက်စတစ်ကောင်၊ နောက် ကျုပ်ရဲ့အချစ်တော် ကြောင်တစ်ကောင်လည်း မွေးထားခဲ့တယ်။

အဲဒီကောင်က တစ်ကိုယ်လုံး အမည်း။ သူလောက်ထွားကျိုင်းတဲ့ အကောင်မျိုးလည်း မမြင်ဖူးဘူး။ လူအကဲသိတတ်ပုံကလည်း သြချလောက်တယ်။ သူ့ရဲ့ လိမ္မာပါးနပ်ပုံတွေကြောင့် ကျုပ်မိန်းမတောင် အယူသီးဖို့ မေ့နေပုံရတယ်။ ဘာကြောင့်တုန်းဆိုတော့ ကြောင်နက်တွေဆိုတာ စုန်းမတွေက ရုပ်ပြောင်းရုပ်လွှဲ လုပ်ထားတာလို့ တစ်သောင်လုံး, ယူဆခဲ့ကြတာကလား။ ကျုပ်မိန်းမက အဲဒါကို အလေးမထားတော့ဘူးလေ။ ခုလို မိန်းမအကြောင်း ပြန်ပြောပြတာဟာ လွှမ်းဆွေးတမ်းတလွန်းလို့တော့ မထင်နဲ့။ ကျုပ်ဘဝဖြစ်စဉ်တွေထဲမှာ တစ်စိတ်တစ်ပိုင်းအဖြစ်ပါနေလို့ သိထားရရုံသက်သက် ပြောနေရတာလို့မှတ်။

♦ ♦ ♦

www.burmeseclassic.com

www.burmeseclassic.com

ပုလဲနက်တဲ့။

ကြောင်မည်းကြီးကို ကျုပ်ပေးခဲ့တဲ့နာမည်။ တစ်ချိန်က ကျုပ်ရဲ့အချစ်တော်။ ကစားဖော်ကစားဖက်ကြီးပေါ့။ ကျုပ်ကိုယ်တိုင် သူ့ကို အစာမှန်မှန် ကျွေးခဲ့တယ်။ ကျုပ်အပေါ် ခင်တွယ်ပုံကလည်း အမြင်ကတ်လောက်ပါ့။

အိမ်ထဲမှာ ကျုပ်သွားလေရာ တကောက်ကောက်နဲ့။ ခြေလှမ်းပြင်လိုက်တာနဲ့ ခြေထောက်ကြားထဲ ရောက်လာရော။ အိမ်အပြင်ကိုတောင် သူ့အလစ်ချောင်းပြီးမှ ခိုးထွက်ရတယ်။ ကျုပ်တို့သံယောဇဉ်က နှစ်အတော်လေးတောက်ကြာခဲ့သား။ ကျုပ်ရဲ့သိမ်မွေ့နူးညံ့တဲ့ မွေးရာပါစရိုက်နဲ့ သည်းခံတတ်မှုတွေ ပုံမှန်ဖြစ်နေသေးတဲ့ အချိန်အထိ ဆိုပါတော့။

တဖြည်းဖြည်းနဲ့ နောက်ပိုင်းမှာ ကျုပ်ဟာ မိစ္ဆာစိတ်တွေ ဝင်လာခဲ့တယ်။ တစ်နေ့တခြား စိတ်ညစ်ညစ်လာတယ်။ အကြောင်းမဲ့ ဒေါသထွက်နေတတ်တယ်။ ဘယ်သူ့ကိုမှ လည်း ကြည့်မရတော့ဘူး။ ကုန်ကုန်ပြောရရင် မိန်းမကိုတောင် အမြင်မကြည်တော့ဘူး။ တစ်ခါတလေ လက်ပါမိတဲ့အထိ အခြေအနေဆိုးလာတယ်။ အိမ်မှာ မွေးထားတဲ့ အကောင်တွေကိုတော့ ထည့်မပြောနဲ့တော့၊ လှည့်ကိုမကြည့်တော့ဘူး။

နို့ပေမယ့် ပုလဲနက်အပေါ်မှာတော့ သံယောဇဉ်အမျှင်ကလေး တန်းနေခဲ့သေးတယ်။ ယုန်နဲ့ မျောက်ကလေးတွေကိုတော့ ချစ်ရကောင်းမှန်း မသိတော့ဘူး။ ခွေးလိမ္မာကြီးကိုတောင် မျက်စိမွေးစူးလာတယ်။ ရှေ့က ဖြတ်လျှောက်သွားရင်ဖြစ်ဖြစ်၊ မလှမ်းမကမ်းကနေ ယောင်ပေပေလုပ်နေရင်ဖြစ်ဖြစ် တွေ့ရာနဲ့ ကောက်ပေါက်ပစ်မိတော့တယ်။

ကျုပ်အခြေအနေက ဆုတ်မသွားဘူး။ ကြာလေ ဆိုးလာလေပဲ။ ပုလဲနက်ကလည်း တဖြည်းဖြည်း အသက်ကြီးလာပြီဆိုတော့ ညည်းသံညူသံတွေ လုပ်လာတတ်တယ်။ သူ့အပေါ်လည်း စိတ်မရှည်နိုင်တော့ဘူး။ တကယ်တော့ ကျုပ်ရဲ့ ငယ်ဘဝက ပုံစံတွေဟာ လုံးဝဆန့်ကျင်ဘက်ကို ပြောင်းသွားခဲ့တာပဲ။ အရက်ဝင်သွားတာနဲ့ ကျုပ်ရဲ့ကိုယ်၊ နှုတ်အမူအရာတွေဟာ ပြောင်းပြန်ဖြစ်ကုန်တော့တယ်။ နို့ပေမယ့် ခက်တာက အဲဒါကို ကျုပ်က ကြိုက်နေတာပဲ။ အရက်ကလေး တမြမြနဲ့ ပြောဆိုလုပ်ကိုင်ရတာတွေကို လွန်း မနောခွေ့နေမိပြီ ဆိုပါတော့။

♦ ♦ ♦

ကျုပ်ရဲ့ ယမကာသမိုင်းကြောင်းဘက် လှည့်ရချေသေး။

ထုံးစံအတိုင်း ထန်းရည်နဲ့ နိဒါန်းပျိုးခဲ့တာပါပဲ။ ထုံးစံအတိုင်းလို့ ပြောရတာက အကြောင်းမဲ့မဟုတ်ဘူး။ ကျုပ်ဇာတိက ထန်းရည်လှိုင်လှိုင်ထွက်တဲ့ အရပ်လေ။ ပြီးတော့ မိဘတွေက ထန်းတောပိုင်ရှင်တွေ။ အဲဒီမှာတင် ပွဲက ပြီးနေပြီ။ ရိပ်မိတယ်နော်။

ဒါတောင် အိမ်ထောင်ကျပြီးနောက်ပိုင်းမှ ထန်းရည်စသောက်ဖြစ်ခဲ့တာ။ သောက်မယ့်သောက်တော့လည်း ထန်းတောထဲမှာ လင့်စင်ထိုးပြီး တက်သောက်ခဲ့တာဗျ။ မြင်ဖူး၊ ကြားဖူးမယ် မထင်ဘူး။ ပြိုင်သောက်ရဲတဲ့သူ လင့်စင်ပေါ်တက်ခဲ့၊ မူးသလို ရူးသလိုနဲ့ ဆင်းပြေးမယ်တော့ မကြံနဲ့။ စင်ပေါ်မှာ လူစုံတာနဲ့ လှေကားကို ဖြုတ်ခိုင်းထားပြီးသား။ ကဲချက်က ကမ်းကုန်။

အဲ...ပြီးတော့ လာပါဦ နောက်တစ်ဆင့်။ မြို့ပေါ်ရောက်တုန်းရောက်ခိုက် မန္တလေးဖြစ်စက်ကထုတ်တဲ့ ဖြစ်ခါးရည်ကို မြည်းစမ်းခဲ့တယ်။ ဘီယာလို့ပြောရင် သိကြမှာပါ။ ကနဦးမှာတော့ နှာခေါင်းရှုံ့ချင်သလိုလို၊ နောက်တော့လည်း သိတဲ့အတိုင်းပေါ့။ ဖြစ်စဉ်က အဲဒီမှာတင် ရပ်မနေဘူး။ အဆင့်က တက်လာတယ်။ မိဖြူရဲ့ ရင်ခွင်ထဲတိုးဝင်မိပါရောလား။ ကုန်သွယ်ရေးကရောင်းတဲ့ အရက်ဖြူကို ပြောတာ။ အဲဒီအဆင့်ကနေ ပြန်ကျမသွားတော့ဘူး။ မိဖြူကို တစ်နေ့ မမြင်ရရင်ဘဲ သေတော့မလိုဘဝ။ သောက်သောက်စားစား ထန်းတောပိုင်ရှင်သားရဲ့ ဘဝမျက်ခန်းကားလိပ်ဖွင့်လိုက်တာပါပဲ။

♦ ♦ ♦

ကျုပ်တစ်သက် ဘယ်လိုမှ မေ့မရတဲ့ ညတစ်ည။

ရေချိန်များသွားပေမယ့် အိမ်ကိုတော့ အရောက်ပြန်နိုင်ခဲ့တယ်။ တံခါးဝမှာ ငုတ်တုတ်ထိုင်နေတဲ့ ပုလဲနက်ကို လှမ်းကိုင်မိတယ်။ ကျုပ်ခြေလှမ်း ယိုင်လာတာကို လန့်သွားပုံရတယ်။ ဘသားချောက ကျုပ်လက်ကို မသိမသာပြန်ဟပ်လိုက်တယ်။ ကျုပ် ဒေါသတွေ ငယ်ထိပ်က ပေါက်ထွက်သွားပါရောလား။ သတိတရားတွေ အဝေ့ပျံသွားတယ်။ လူစိတ်လည်း ပျောက်ပေါ့။ ဒေါသအရှိန်ကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာတယ်။ မိစ္ဆာစက်ကွင်းမိသွားတာလေ။ စူးစူးရှားရှားနဲ့ ဘာလုပ်မိတယ် မှတ်လဲ။

ပုလဲနက်ကို ကုပ်ကနေ ဆွဲမ၊ သွားလေရာ အောင်ထားတဲ့ ခလုတ်နှိပ်ခံားကို ဆွဲထုတ်ပြီး ဖြောင်းခနဲ့ဖွင့်၊ အံ

www.burmeseclassic.com

www.burmeseclassic.com

ကြိတ်ပြီး သူမျက်လုံးတစ်ဖက်ကို ကလော်ထုတ်လိုက်ပါရောလား။ ကမ်းကုန်အောင် ဆိုးသွမ်းမှကြီးလေ။ အဲဒီညက ဒေါသတွေ့ထောင်းထောင်းထရင်း အိပ်ပျော်သွားခဲ့တယ်။ နောက်နေ့မနက် နိုးလာလာချင်းမှာပဲ ကျူပ်ကျူးလွန်ခဲ့တဲ့ အကုသိုလ်ကြီးကို ချက်ချင်းသတိရလိုက်တယ်။ ရင်တွေခုန်လာပြီး နောင်တ,ရသလို ဘာလိုလိုနဲ့။ သို့ပေမယ့် အဲဒါက ယာယီစိတ်ပျော့ညံ့သွားတာပါ။ ကိုယ့်လုပ်ရပ်အပေါ် ကိုယ်ပြန်ပြီး သံသယဝင်ခဲ့တာပါ။ ဘာကြောင့်ဆိုတော့ သူအသက် သေသွားတာမှ မဟုတ်တာ။ ဘာမှထပ်မတွေးတော့တူး။ ယမကာမင်းသားဇာတ်ကို ဆက်ကလို့ ကောင်းမှကောင်း။

♦ ♦ ♦

ကြောင်တွေဟာ လွတ်အသက်ပြင်းတာကလား။

ပုလဲနက်လေ ဘာမှကြာလိုက်တယ် မထင်ဘူး၊ ပြန်ကောင်းလာတယ်။ ဓေဒနာသိပ်ခံစားလိုက်ရပုံလည်း မရဘူး။ မျက်လုံးတစ်ဖက် ဟောက်ပက်ကြီးနဲ့ အရင်လိုပဲ အိမ်ထဲမှာ လျှောက်သွားနေတော့တယ်။ နို့ပေမယ့် ကျူပ် အရိပ်ကို မြင်တာနဲ့ လှစ်ခနဲ ပျောက်သွားရော။ ဒီလိုပဲ ဖြစ်ရမယ်လေ။ မဆန်းပါဘူး။

ဒီကောင်ကြီး ကျူပ်အပေါ်ထားတဲ့ သံယောဇဉ်ကို သိပါတယ်။ ကျူပ်ကလည်း သူ့ကို အချစ်တော်တစ်ကောင်လို့ သတ်မှတ်ထားခဲ့တာပဲ။ ခုတော့ နည်းနည်းစိတ်အချဉ်ပေါက်လာတယ်။ အဲဒီနောက်တော့ အကုသိုလ်စိတ်အစဉ်တွေဟာ တားမနိုင်ဆီးမရ ဝင်လာတော့တာကိုး။ အဲဒီအကုသိုလ်စိတ် ဆိုတာကလည်း ကမ္ဘာဦးအချိန်ကတည်းက လူတွေကို ခြယ်လှယ်ခဲ့တာဆို။ လူတွေရဲ့ အကျင့်စရိုက်တွေဖြစ်ရာက မည်းသွားတာ ဒင်းလက်ချက်တဲ့။ ပြီးတော့ အကုသိုလ်လုပ်လို့ လုပ်မှန်းတောင် မသိအောင် လူတွေရဲ့စိတ်ကို လှည့်စားထားတတ်ပြန်သတဲ့။ ကျူပ်သိလို့ပြောတာ မထင်နဲ့။ ဆရာတော်တစ်ပါး ဟောခဲ့တာ သတိရလို့ ပြန်ရွတ်ပြနေတာ။

ကျူပ်လည်း အဲဒီအကုသိုလ်စိတ်ရဲ့ လှည့်ဖြားအသုံးချတာကို ခံလိုက်ရတာနေမှာပေါ့။ ဆင်ခြင်တိုင်းဆမှ မဲ့သွားတဲ့အထိ ကျူပ်ရဲ့ဒေါသကို ဆွပေးခဲ့တယ်လေ။ မကောင်းမှုကို ရှေ့တိုးလုပ်ဖို့လည်း အားပေးတိုက်တွန်းခဲ့တယ်။ ဘာမှပြန်မလုပ်နိုင်တဲ့ အဟိတ်တိရစ္ဆာန် တစ်ကောင်အပေါ်မှာ တစ်ဖက်သတ် ရက်စက်ခဲ့တဲ့ ကျူပ်ရဲ့လွန်ကျူးမှုကို အဆုံးစွန်အထိ ဆက်လုပ်ခိုင်းခဲ့တာဗျ။

တစ်မနက်ခင်းပိုင်းမှာ ဆိုပါစို့။ ပုလဲနက်ကို စောင့်ဖမ်း၊ လည်ပင်းကို ကြိုးကွင်းစွပ်၊ အိမ်နောက်ဘက်ကို ဆွဲထုတ်သွား၊ ခြံထောင့်က သစ်ကိုင်းတစ်ကိုင်းမှာ ဆွဲချိတ်လိုက်တော့တယ်။ အဲဒီအချိန်မှာ ကျူပ်ဟာ မျက်ရည်တွေစီးကျနေခဲ့တယ်။ ရင်ထဲမှာတော့ အမုန်းတရားက အပြည့်။ ဘာကြောင့်တုန်းဆိုတော့ ဒီကောင်ကြီးက ကျူပ်ကို ခင်တွယ်လွန်းလို့၊ ပြီးတော့ ကျူပ်လုပ်သမျှ ဘာတစ်ချက်မှ မတုံ့ပြန်ဘဲ ငုံ့ခံနေလို့၊ နောက်ပြီး အဲဒီလို သူ့ကို အပြတ်ရှင်းလိုက်မှ ကျူပ် အသက်ပို့ရှည်မယ်လို့ ထင်ခဲ့လို့ပဲဗျ။"

ကျူပ်လည်း တစ်ချက်ကလေးတောင် လှည့်မကြည့်တော့ဘဲ အိမ်ထဲ ပြန်ဝင်ခဲ့တယ်။ နောက် အရက်ကို ပုလင်းလိုက် ကောက်မော့လိုက်တာ ဘစ်ပိုင်းကျိုးကျသွားပါရောလား။ လည်ပင်းကြိုးကွင်းစွပ်လျက်သား ပုလဲနက်ဟာ အဲဒီညမှာပဲ အကောင်လိုက် ပျောက်သွားခဲ့တယ်။ တစ်ယောက်ယောက် လာဖြုတ်သွားတာလေ။ ကျူပ်ကတော့ ကျေးဇူးတင်လိုက်တယ်။ မြေမြှုပ်ဖို့ အလုပ်မရှုပ်တော့ဘူးပေါ့။

♦ ♦ ♦

ကျူပ် ရူးများနေပြီလားလို့ တွေးခဲ့မိတယ်။

နို့ပေမယ့် အဲဒီလိုထင်နေသမျှ မရူးသေးဘူးလို့လည်း ပြောသံကြားဖူးတယ်။ လ,အတော်ကြာတဲ့အထိ ပုလဲနက်ကို မျက်စိထဲက ဖျောက်မရခဲ့ဘူးလေ။ နှမြောတာ,သ ဖြစ်နေတာမျှ။ အရက်လည်သောက်ရင်း ရောက်လေရာမှာ သူနဲ့အသွေးအမွေးတူတဲ့ ကြောင်တစ်ကောင် တွေ့လိုတွေ့ငြား ရှာမိတော့တယ်။ ဒီလိုနဲ့ ကံကြမ္မာတစ်ပတ်လည်ဖို့ နီဒါန်းပျိုးတဲ့ ညတစ်ညကို ရောက်လာပါလေရော။

အဲဒီတုန်းက ချောင်ကျတဲ့ အရက်ဆိုင်တစ်ဆိုင်မှာ ရေချိန်မကိုက်တကိုက်နဲ့ ထိုင်နေခဲ့တယ်။ ငေါင်တောင်တောင်နဲ့ ဟိုဒီလျှောက်ကြည့်ရင်း အရက်ပုလင်းခွံပုံ အောနားမှာ ငုတ်တုတ်ထိုင်နေတဲ့ မည်းမည်းအရိပ်တစ်ခုကို လှမ်းတွေ့လိုက်ရတယ်။ ဖြည်းဖြည်းထလျှောက်သွားပြီး ဆောင့်ကြောင့်ထိုင်ကြည့်လိုက်တယ်။ အံ့သြလွန်းလို့ မပြည့်သေးတဲ့ ရေချိန်တောင် နည်းနည်းလျော့သွားပါရော။ ငုတ်တုတ်ထိုင်နေတာက ကြောင်နက်ကြီးတစ်ကောင်။ နည်းတဲ့ကောင်ကြီးမဟုတ်ဘူး။ ပုလဲနက်နဲ့ တစ်ဆိုက်တည်း။ ကွန်ဒြေကြီး တစ်ခွဲသားနဲ့ တုတ်တုတ်တောင် မလှုပ်ဘူး။

အနီးကပ်ပြီး အသေအချာကြည့်လိုက်တော့ ပုလဲနက်

www.burmeseclassic.com

www.burmeseclassic.com

နဲ့ မတူတာကို တွေ့လိုက်ရတယ်။ ပုလဲနက်က ခေါင်းကနေ အမြီးဖျားထိ လုံးဝဥသုံ နက်ပြောင်နေတာ။ ဒီအကောင်ကြီးရဲ့ ရင်ဘတ်မှာက အဖြူကွက်ကြီး အပြည့်ပါနေတယ်။ သူခေါင်းပေါ် လက်အသာတင်ကြည့်တော့ ခေါင်းယမ်းတိုးဝှေ့ရင်း အသံပေးလာခဲ့တယ်။ ဒါဟာ ကြောင်တွေရဲ့ သဘာဝအရ ကျူပ်ကိုလက်ခံတဲ့ သင်္ကေတ။ ဒီတော့ အဲဒီကောင်ကြီးကို အသာပွေ့ချီပြီး ဆိုင်ရှင် ဒေါ်သေးသေးကို သွားပြောလိုက်တယ်။

'မမယ်သေး..ဒီကောင်ကြီး ကျူပ်ကို ရောင်းဗျာ'

'ဟဲ့..အဲဒါ ကလေကချေအကောင်ဖြစ်မယ်။ ငါ့ဆိုင်မှာ တစ်ခါမှ မမြင်ဖူးဘူး။ နင့်သဘောပဲ'

ပွဲက ပြတ်သွားပြီ။ မနောန္တေသွားတာပေါ့။ ကြောင်ကြီးကို အသာပြန်ချပြီး အရက်တစ်ပိုင်းနဲ့ အမြည်းကောင်းကောင်းတစ်ပွဲ ထပ်မှာလိုက်တော့တယ်။ ပြန်ဖို့ပြင်လိုက်ချိန်မှာ ကြောင်နက်ကြီးဟာ ကျူပ်ခြေထောက်နား ကပ်ဝပ်နေရာက ထရင်း အကြောဆန့်လိုက်တယ်။ သူလည်း လိုက်မယ်ဆိုတဲ့သဘော။ မသိဟန်ဆောင်ပြီး ဆိုင်ထဲက ထွက်လာတော့ နောက်က တကောက်ကောက် လိုက်လာပါလေရော။ တိုတိုပြောရရင် အဲဒီကောင်ကြီးက ကျူပ်အိမ်မှာ ချက်ချင်းလိုလို နေသားကျသွားတယ် ဆိုပါတော့။

♦♦♦

လူစိတ်က မျောက်နဲ့ တူတယ်တဲ့။

ဘာပြောမှန်းမသိတာ အမှန်ပဲ။ မျောက်စိတ်က ဘယ်လိုမှန်း မသိတာ။ နို့ပေမယ့် ကျူပ်စိတ်ပြောင်းသွားတာကိုတော့ ကောင်းကောင်းသိနေတယ်။ ကြောင်နက်ကြီးကို ကြည့်မရတော့ပြန်ဘူးလေ။ သူကို လိုလိုလားလားနဲ့ ခေါ်လာခဲ့တာတော့ မှန်ပါတယ်။

ခုတော့ သူအပေါ် တွယ်တာမိတဲ့ ကိုယ့်ကိုယ်ကိုယ် အော့နှလုံးနာလာတယ်။ ကြာလာတာနဲ့အမျှ ခါးခါးသီးသီး အမုန်းပွားမိတော့တယ်။ ဒါကြောင့် ကြောင်နက်ကြီးကို ရှောင်နေခဲ့တယ်။ ပုလဲနက်တုန်းကလို စိတ်နောက် လက်ထပ်ပါမှာစိုးလို့။ သို့ပေတည့် မရပါဘူး၊ ကြောင်နက်ကြီးအပေါ် မနှစ်မြို့ရာက တဖြည်းဖြည်း ပြောမပြနိုင်အောင် စကဆုပ်ရွံရှာလာပါရော။ အဲဒီကောင်ကြီး ရှိနေရင် ကပ်ရောဂါဆိုးတစ်ခုခု သင့်တော့မယ်လို့လည်း ထင်လာခဲ့တယ်။

ကျူပ် အဲဒီလောက်အထိ ခံစားနေရတာ အကြောင်းရင်းမဲ့ မဟုတ်ဘူးဗျ။ ပြောပြဖို့ မေ့သွားတာ။ ကျူပ်ကလည်း ညဲ့ တာပါ။ ရူးကြောင်မူးကြောင်နဲ့ ညဘက်ကြီး ခေါ်လာတုန်းက လုံးဝသတိမထားခဲ့မိဘူး။ နောက်နေ့မနက်ကျမှ တွေ့ခဲ့တော့တာ။ ဒီကောင်ကြီးက ပုလဲနက်လို မျက်လုံးတစ်ဖက် ဟောက်ပက်နဲ့လေ။ သဘောပေါက်လောက်ရောပေါ့။ ကျူပ် စိတ်ပြောင်းသွားတာ မလွန်ပါဘူးနော်။

ဒီလိုနဲ့ ကြောင်နက်ကြီးအပေါ် အလိုမကျမှုဟာ တစ်နေ့ထက်တစ်နေ့ ပိုတိုးလာတယ်။ ဒီကောင်ကြီးကလည်း ကျူပ်နောက်ကို ခြေရာချင်းထပ်ပြီး လိုက်တတ်တယ်ဗျ။ အဲဒီသဘောကို လူတိုင်းနားလည်အောင် ရှင်းပြဖို့တော့ ခက်တယ်။ ကျူပ်ထိုင်လိုက်တာနဲ့ ကုလားထိုင်အောက်ကို ဝင်ဝပ်နေရော၊ ဒါမှမဟုတ် ကျူပ်ဒူးပေါ် ခုန်တက်ပြီး အမြင်ကတ်လောက်အောင် ပွတ်သီးပွတ်သပ်လုပ်နေတတ်တယ်။ ကျူပ်ထိုင်နေရာက ထသွားတာနဲ့ ခြေထောက်ကြားထဲ ဟိုဝင် ဒီထွက် လိုက်လုပ်ပြန်ရော။

ကျူပ် အမုန်းဆုံးကတော့ ပုဆိုးစဆွဲပြီး ရင်ဘတ်နားအထိ ကုတ်တွယ်တက်တတ်တာပဲဗျ။ အဲဒီအခါမျိုးမှာ သူခေါင်းကို လက်သီးနဲ့ ထိုးပစ်ဖို့ ရွယ်ပြီးမှ ပြန်ပြန်ချခဲ့ရတယ်။ ပုလဲနက်ကို လုပ်ခဲ့မိတာတွေကို သွားတွေးမိလိုက်လို့ပေါ့။ မကွယ်မဝှက်ပြောရရင် အဲဒီကောင်ကြီးကို မတို့မထိရဲလောက်အောင် ကြောက်နေမိသလိုပါပဲ။

♦♦♦

www.burmeseclassic.com

www.burmeseclassic.com

အဲဒီကြောင်စုတ်ကိုများ ဘယ်အတွက် ကြောက်ရမှာ တဲ့တုန်း။

စကားလုံးအလွယ်ရှာမရလို့ ပြောလိုက်တာ။ ကျုပ်လို လူစားမျိုးက မိန်းမဆန်ဆန် ကြောက်စိတ်ဝင်မှာတဲ့လား။ သူကို ကြောက်တာ မဟုတ်ဘူးဗျ။ သူကို မြင်လိုက်ရတာနဲ့ ပုလဲနက်ရဲ့ပုံရိပ်က အတွေးထဲမှာ ပြန်ပေါ်လာပြီး ကတုန် ကယင်ကြီး ဖြစ်လာတာကို ပြောတာ။

ကျုပ်မိန်းမကလည်း ကြောင်နက်ကြီးနဲ့ပတ်သက်ပြီး သတိပေးတာ တစ်ကြိမ်မကဘူး ထင်တာပဲ။ သူလည်း ဒီကောင်ကြီးကို စုံရေမျက်ပြ သိပ်ရှိပုံမရဘူး။ ပြီးတော့ အဲဒီကောင်ကြီးရဲ့ ရင်ဘတ်က အဖြူကွက်ကြီးကို သူလည်း သတိထားမိတယ် ထင်ပါရဲ့။ အဲဒါကြီးကို အဖြူကွက် အပြည့်လို့ ထင်ထားခဲ့တာ။ ကြာလာတော့မှ ထင်တဲ့အတိုင်း မဟုတ်မှန်း သိခဲ့ရတယ်။ အဖြူရောင်အနားသတ် စတုရန်းပုံ အကွက်ကြီးပဲဗျ။ အဲဒီလက္ခဏာရဲ့ ကောင်းကျိုးဆိုးပြစ်တွေကို လုံးဝမသိပါဘူး။ လေ့လာထားသမျှထဲမှာလည်း မတွေ့ဖူးဘူး။

အဲဒီအဖြူကွက်ကြီးကို မြင်ရရုံနဲ့ ရင်ခုန်နှလုံးတုန်လာတယ်။ မိစ္ဆာသင်္ကေတလား၊ စက်တိုင်ရဲ့ လျှို့ဝှက်အမှတ်အသားပဲ ဖြစ်နေမလား၊ ဒါမှမဟုတ် ဒုက္ခတရားရဲ့ လက္ခဏာနဲ့ သေခြင်းတရားရဲ့ နိမိတ်ပုံရော မဖြစ်နိုင်ဘူးလား။ ကယောင်ချောက်ချား လျှောက်ပြောနေတယ် မထင်နဲ့။ ဗျာပါဒတွေ ပွားခဲ့ရတာ အမှန်ပဲ။

ဘာပဲပြောပြော ဒီကောင်ကြီးက ကျုပ်အတွေးကို အမြဲလွှမ်းမိုးနေခဲ့တာဗျ။ ဖျောက်လို့ကို မရနိုင်ဘူး။ အဲဒီလိုစိတ်ဖိစီးမှုတွေကြောင့် ကျုပ်ရဲ့စိတ်ဓာတ်ကြံ့ခိုင်မှုတွေ ယိုင်နဲ့လာတယ်။ ဒီတော့ မိစ္ဆာအတွေးတွေက အခွင့်ကောင်းယူလာကြပါလေရော။ စိတ်က အမြဲလိုနောက်ကျနေခဲ့တယ်။ ထစ်ခနဲဆို ဒေါသက ငယ်ထိပ်ရောက်နေပြီ။ အရာရာကို အလိုမကျ၊ ဘယ်သူ့ကိုမှလည်း ကြည့်လို့မရ။

စိတ်ထွေထွေနဲ့ အရက်ဖိသောက်၊ မူးပြီးရမ်း။ အဲဒီလို စိတ်နောက်ကိုယ်ပါ ထင်တိုင်းကြဲသမျှ ကျုပ်မိန်းမကတော့ ခါးစည်းပြီး သည်းညည်းခံခဲ့သား။ ဒီကြားထဲက ကျုပ်ရဲ့ အဆင်ခြင်ကင်းပြီး သတိလက်လွှတ်နဲ့ အဓိဗ္ဘာယ်မဲ့ ပေါက်ကွဲခဲ့တဲ့ဒဏ်ကို ခံစားခံသွားရတာကလည်း သူပဲဗျ။

♦ ♦ ♦

ပြန်မပြောချင်ဆုံးအကြောင်း ရောက်လာပြီ။

ကျုပ်တို့အိမ် မီးဖိုဆောင်အောက်မှာ မြေတိုက်ခန်း လုပ်ထားတယ်ဗျ။ ရိက္ခာခြောက်တွေ နှစ်ပေါက် လှောင်ထားတာ။ ကြမ္မာငင်တဲ့ အဲဒီနေ့က ကြိုက်သွန်အနီလား၊ အဖြူလား မမှတ်မိတော့ဘူး မိန်းမက ဆင်းယူခိုင်းခဲ့တယ်။ အံဝှက်တံခါးကို ဆွဲလှန်ပြီး ဆင်းဖို့ပြင်လိုက်ချိန်မှာပါပဲ။ ဘယ်ကရောက်လာမှန်းမသိတဲ့ ကြောင်နက်ကြီးက ကျုပ် ခြေကြားထဲဝင်ပြီး လိုက်ဆင်းဖို့ လုပ်လာပါရောလား။ ကျုပ်က ခပ်ထွေထွေနဲ့မို့ ဇောက်ထိုးပြုတ်ကျတော့မလို ဖြစ်သွားတယ်။

ဘာပြောကောင်းမလဲ မလှမ်းမကမ်းမှာ အသင့်တွေ့တဲ့ ရဲတင်းကို ပြေးကောက်ပြီး ကြောင်စုတ်ကုပ်ကို ပိုင်းဖို့ရွယ်လိုက်တယ်။ မိန်းမက ကျုပ်လက်ကို လှမ်းဆွဲလာတယ်။ ဟိုကောင်ကြီးလည်း ဘယ်ပျောက်သွားမှန်းမသိဘူး။ သို့ပေမယ့် ကျုပ်ဒေါသက မပြေပျောက်ဘဲ ဦးတည်ရာ ပြောင်းသွားတော့တယ်။ မိန်းမလက်ကို ဆွဲဖြုတ်ပြီး သူ့ခေါင်းကို ခုတ်ချလိုက်တာဗျ။ ရည်ရွယ်ချက်မရှိဘဲ လက်က အလိုလိုပါသွားခဲ့တာ။ မိန်းမဆီက ညည်းသံတောင် မကြားလိုက်ရဘူး ထင်တာပဲ။

♦ ♦ ♦

'ဒီကောင်ကွာ..လူမှ ဟုတ်သေးရဲ့လား'

'ရိုင်းချက်က ကမ်းကုန်ပါကွာ'

'မသေမချင်း ကြိုးပေးသတ်ရမယ့်ကောင်'

ကျုပ်ကို ဝိုင်းထောပနာပြုကြတာလေ။ ဘယ်တတ်နိုင်မတုန်း ကြိုက်သလို ပြောကြရော့။ ဖြစ်ပြီးသွားပြီလေ။ ဆန်းတော့ အဆန်းသား။ အဲဒီတုန်းက ကျုပ် အတော်သွေးအေးခဲ့တယ်။ ကုတ္တုစ္ဆမဖြစ်မိဘူး။ နောင်တဆိုတာလည်း ဝေးစွ။ လျှပ်တစ်ပြက် ကျုပ်တွေးခဲ့မိတာ ဘာလဲသိလား။ အလောင်းဖျောက်ပစ်ဖို့ပဲဗျ။

အိမ်အပြင်ဘက် ထုတ်သွားရင် ကိုယ့်သေတွင်း ကိုယ်တူးတာပဲ။ နေ့နေ့,ညည တစ်ယောက်ယောက်နဲ့ ကျိန်းသေပေါက် တိုးမှာ။ တစ်စစီလုပ်ပြီး မီးရှို့ပစ်ရကောင်းမလား။ မြေတိုက်ခန်းထဲမှာပဲ တူးမြှုပ်ပစ်လိုက်ရင်ရော့။ ခဲဆွဲပြီး အိမ်ထောင့်က ရေတွင်းပျက်ကြီးထဲ ပစ်ချလိုက်လို့လည်း ရတာပဲ။

ကပေါက်ချိကပေါက်ချာ လျှောက်တွေးပြီးမှ အကြံကောင်းက ထွက်လာတယ်။ မြေတိုက်ခန်းနံရံတစ်နေရာမှာ စတေးလိုက်ရံပဟာ။ အဲဒီနံရံတွေကို သရွတ်ကြမ်းပြင်ကိုင်

www.burmeseclassic.com

ထားတာ ဘာကြာသေးတာမှတ်လို့။ သရွတ်တချို့တောင် ကောင်းကောင်းမသွေ့သေးဘဲ ပြုတ်ရုပ်ရုပ် ဖြစ်နေတာက လား။ အကုသိုလ်ဆိုတာ လုပ်လို့လုပ်မှန်းမသိအောင် လှည့် စားထားတတ်တယ်လို့ ပြောခဲ့ဖူးလား မသိဘူး။ အဲဒီတုန်းက အလောင်းဖျောက်ဖို့ကလွဲလို့ တခြားဘာအတွေးမှ မဝင်ခဲ့ ဘူး။ အဲဒါကိုပဲ စိုက်စိုက်မတ်မတ် လုပ်ခဲ့တာဗျ။

မြေတိုက်ခန်းထောင့်တစ်ထောင့်မှာ လေဝင်ပေါက်လုပ် ဖို့ လျှာထားခဲ့တဲ့ တစ်နေရာရှိတယ်။ လေကြောင်းနဲ့လွဲနေ လို့ တစ်ပိုင်းလက်စ ရပ်ထားတာ ကလိုင်ပေါက် ဖြစ်ကျန် ခဲ့တယ်။ အဲဒါကို အုတ်စီပြီး ပိတ်လိုက်ရင် နံရံနဲ့ တစ်သား တည်း ဖြစ်သွားရောပေါ့။ အဲဒီကလိုဏ်ပေါက် မပိတ်ခင် အလောင်းထည့်လိုက်ရင် ပွဲပြီးသွားပြီ။ သိကြားမင်းကို တောင် လာဆင်းရှာဖို့ စိန်ခေါ်ရဲသေး။

ဆိုတော့ သံတူရွင်းတစ်ချောင်းနဲ့ ကလိုင်ပေါက် အောက်ခြေက အုတ်တွေကို ဖဲ့ချပစ်လိုက်တယ်။ ပြီးတော့ မိန်းမအလောင်းကြီးကို သယ်ချပြီး ကလိုင်ပေါက်ထဲ ထိုး သွင်းလိုက်တယ်။ အပေါက်ကကျဉ်းတော့ မတ်တတ်ရပ် နေသလို ပုံစံမျိုး ဖြစ်နေတယ်။ မတတ်နိုင်ဘူးလေ၊ ဖြစ် သလိုပေါ့။ ပြီးတာနဲ့ အုတ်ပြန်စီပြီး သရွတ်ကိုင်ပေးလိုက် တယ်။ ဒီပညာတွေကို ဘယ်လိုတတ်သွားမှန်းတောင် မသိ ဘူး။ နောက်ဆုံးမှာ လက်စလက်နဲ့ မကျန်အောင် ရှင်းလင်း ပစ်လိုက်တယ်။ နို့ပေမယ့် အလုပ်က မပြတ်သေးဘူး။ အရေးတကြီးလုပ်စရာတစ်ခု ကျန်သေးတယ်ဗျ။

♦ ♦ ♦

ကျွပ် နောက်ထပ်ရှင်းရမှာက ကြောင်နက်ကြီးပေါ့ ဗျာ။

ဖြစ်ပျက်ခဲ့သမျှတွေရဲ့ မူလဘူတက သူပဲလေ။ အဲဒီ ကြောင်စုတ်ရဲ့ ပယောဂကြောင့်ပဲ။ အဲဒီအတွက် ပြန်ပေး ဆပ်ရမှာပေါ့။ တွေ့တဲ့နေရာဟာ ဒင်းအတွက် သချိုင်းပဲ။ သို့ပေမယ့် အဲဒီကြောင်ငစဉ်းလဲကြီးက လွတ်လည်တာ။ အနားကပ်ခံဖို့ဝေးစွ၊ ကျွပ်အရိပ် မြင်တာနဲ့ လှစ်ခနဲ ပျောက် သွားရော။ အိမ်ထဲ၊ ထောင့်စုံပိုင်းထဲအနှံ့ ဘယ်မှာမှ ရှာ မတွေ့ဘူး။ အော့နလုံးနာစရာ အဲဒီကောင်ကြီးကို လက်ရ မမိသရွေ့ ကျွပ်ရင်ထဲက အာယာတအစိုင်အခဲကြီးက ကျေပျက်မှာ မဟုတ်တော့ဘူး။

ကြောင်နက်ကြီးရဲ့ အရိပ်အယောင်က ညဘက်မှာ ပါ ပျောက်နေခဲ့တာဗျ။ ကျွပ် အမူးလွန်ပြီး အိပ်မောကျနေ

ချိန် အိမ်ထဲ ပြန်ဝင်လာရင်တော့ မသိဘူးပေါ့။ ကျွပ်စိတ်ကို ဖိစီးနှိပ်စက်နေတဲ့ အဲဒီကောင်ကြီးကို မိန်းမသေတဲ့နေ့က စမတွေ့ တော့တာ။ သူ့ဇာတ် သူသိမ်းသွားရင်လည်း အေး တာပဲ။ ဖြောင့်ဖြောင့်အိပ်လို့ရတာပေါ့။ ကျွပ်ကျွေးလွန်ခဲ့ တဲ့ မကောင်းမှုအရိပ်ကတောင် သူ့လောက် ကျွပ်အပေါ် မလွမ်းမိုးခဲ့ဘူး။ ဒီလိုနဲ့ ကြောင်ကြီးကို မေ့ထားလိုက်တော့ တယ်။ အဲဒီတော့မှပဲ လွတ်လပ်ပေါ့ပါးစွာနဲ့ နေချင်သလိုနေ၊ သောက်ချင်သလို သောက်တော့တာပဲဗျ။

♦ ♦ ♦

ကံဇာတာက ထင်ထားသလောက် မကောင်းခဲ့ဘူး။ နောက်လေး၊ငါးရက်လောက်အကြာ မနက်ခင်းပိုင်း မှာပဲဗျ ပွဲသိမ်းပိုင်း ရောက်လာပါရောလား။ အရပ်လူကြီး နဲ့ ရဲတွေ အိမ်ကို ပေါက်ချလာတယ်။ ညက အရှိန်နဲ့ ရီ ဝေဝေဖြစ်နေတာတောင် ပျောက်သွားသလိုပဲ။ လုံးဝမထင် ဘူးလေ။ မေးခွန်းထုတ်တဲ့လူကထုတ်၊ ခြံပိုင်းထဲ ဆင်းမွှေ သူကမွှေ မျက်စိကို နောက်ကရော။

ကြိုက်သလိုသာရှာကြ၊ ဘာမှလိမ့်မတုန်း။ အဲဒီတုန်း က တကယ့်ကို ဘာမှမစိုးရိမ်ခဲ့ဘူး။ အပြစ်ကင်းတဲ့ ပီဘိ သူတော်စင်လို တည်ငြိမ်လို့။ ခုလို မသင်္ကာလာကြတာ လက်တို့သမားကြောင့်ပဲ။ ကြည့်လေ၊ ကျွပ်အိမ်မှာ ခြေ တိုက်ခန်းရှိတာ သိနေကြပါရောလား။

အဲဒီထဲအထိဆင်းပြီး ထောင့်စေ့အောင် နှုးစမ်းကြလေ ရဲ့။ ကျွပ်ကတော့ ဘာမထီဟန်နဲ့ ခါးထောက်ပြီး ခေါက်ကွဲ ခေါက်ပြန် လျှောက်နေလိုက်တယ်။ ဘယ်တွေ့လိမ့်မလဲနော်၊

www.burmeseclassic.com

www.burmeseclassic.com

ကျဲသေးတယ်။ နောက်ဆုံး လက်မြှောက်သွားကြရော။ ပွဲက ပြီးသွားပြီ။ အသာငြိမ်နေလိုက်ရင် အနိုင်ပိုင်းပြီးသား။ ခုတော့ဗျာ အပေါ်ပြန်တက်ဖို့ပြင်နေတဲ့ သူတို့ကို သရော်ပြီး,ပြီးရင်း အာချောင်လိုက်မိပါရော။

'ကျေနပ်ကြပြီနော်။ ဒီနေရာကို ကပျစ်ကညစ် လုပ်ထားတာမဟုတ်ဘူး။ နံရံတွေတောင့်ချက်ကို ကျွန်ုပ်ပြမယ်။ ဟောဒီမှာ ကြည့်'

အဲဒါပဲ။ ကျုပ်အသက်နဲ့ လဲလိုက်ရတဲ့ မဟာအမှားကြီး။ အပေါ်ပြန်တက်ခါနီးလူတွေ ခြေလှမ်းတုံ့သွားပြီး လှည့်ကြည့်လာကြပါရော။ ကျုပ်လည်း နံရံနှား ဘယ်ကဘယ်လို ရောက်နေမှန်းမသိတဲ့ ကြိမ်လုံးကို ကောက်ယူပြီးတော့ ကျုပ်မိန်းမအလောင်းကြီး ထည့်ပတ်ထားတဲ့ နေရာတည့်တည့်ကို ခေါက်ပြလိုက်တာဗျ။ ပါးစပ်ဆော့ရုံမက လက်ရနှာမငြိမ်ချက်က ကမ်းကုန်။ လုံးဝမရည်ရွယ်ခဲ့ရိုး အမှန်။ ဘာကြောင့် အဲဒီလိုလုပ်လိုက်မှန်းလည်း မသိ။

ကြိမ်လုံးနဲ့ခေါက်လိုက်လို့ နံရံကွဲသွားတယ် မထင်နဲ့၊ ဝေးသေး။ အထဲကနေ အသံထွက်လာတာဗျ။ အစပိုင်းတော့ ကလေးတစ်ယောက် ခပ်အုပ်အုပ် ငိုလိုက်သံလိုလို ချက်ချင်းပဲ သံရှည်ဆွဲပြီး တရစပ်အော်လိုက်တဲ့အသံ ပြောင်းသွားတယ်။ ရင်ခေါင်းထဲက ရွံက်ထုတ်လိုက်သံကြီး၊ မြေတိုက်ခန်း တစ်ခန်းလုံး တုန်ခါသွားသလား မှတ်တယ်။

လျှပ်တစ်ပြက်အတွင်းမှာ ကျုပ်တစ်ကိုယ်လုံး တောင့်တင်းပြီး ကျောက်ရုပ်ကြီးလို ဖြစ်သွားတယ်။ လာရာတဲ့အဖွဲ့သားတွေလည်း ကြက်သေ,သေကုန်ကြရော။ မျက်လုံးပြူးသူပြူး၊ ပါးစပ်ဟောင်းလောင်းဖြစ်သူဖြစ်။ ဒါကလည်း စက္ကန့်ပိုင်းလောက်ပါပဲ။ နောက်တော့ အော်သံထွက်လာတဲ့ နေရာကို ထုရိုက်ဖြိုချကြပါလေရော။

သိတဲ့အတိုင်း ကျုပ်မိန်းမရဲ့ ပုံပျက်ပန်းပျက်အလောင်းကြီးကို ဘွားခနဲ တွေ့သွားကြတာပေါ့။ ခေါင်းတစ်ခုလုံး သွေးစသွေးနတွေဖုံးလို့။ အဲဒါက မဆန်းဘူး၊ အသာထားလိုက်။ ဆန်းတာက ဘာလဲ သိလား။ ရှာမရအောင် ခြေရာပျောက်နေတဲ့ ကြောင်နက်ကြီးလေ။ ကျုပ်မိန်းမအလောင်းကြီးရဲ့ ခေါင်းပေါ်မှာ ငုတ်တုတ်ထိုင်နေတာဗျ။ သွေးတွေနဲ့ နီရဲနေတဲ့ ပါးစပ်ကြီးကိုဖြဲရင်း မာန်ဖီနေလေရဲ့။ ကျုပ်ကို လူသတ်သမားဖြစ်အောင် တစ်ဖက်လှည့်နဲ့လုပ်ခဲ့တဲ့ကြောင်စုတ်။ အခုလည်း အော်သံပေးပြီး ကျုပ်လည်ပင်းကို ကြိုးကွင်းစွပ်လိုက်ပြန်ပြီ။

ဗျာပါဒလုံးကြီးက ဝုန်းခနဲဆောင့်တက်လာတယ်။ နံရံက ဖဲချထားတဲ့ အုတ်ခဲတစ်လုံး ကောက်ယူပြီး ကြောင်ကြီးကို လှမ်းထုဖို့ ရွယ်လိုက်တယ်။ ကျုပ်နောက်မှာ ရပ်နေတဲ့ ရဲသားတစ်ယောက်က ဝင်ဆွဲလာပါရော။ သူနဲ့ ဘာဆိုင်လို့တုန်း။ ဝရုန်းသုန်းကား နည်းနည်းဖြစ်သွားတယ်။ ကြောင်နက်ကြီးလည်း ဘယ်ပျောက်သွားမှန်း မသိတော့ဘူး။ ပွဲက အဲဒီမှာ တကယ်ပြီးသွားတော့တာကိုး။ ရှိစေတော့။

ကျုပ်က ကိုယ့်အလှည့်ကျရင် နဲ့တတ်တဲ့လူစားမျိုး မဟုတ်ဘူးဗျ။ ကိုယ်လုပ်တာ ကိုယ်ခေါင်းခံဝံ့တယ်။ မှားတယ်၊ မှန်တယ် ဆိုတာကို စားမြို့မပြန်တတ်ဘူး။ ဒီကိစ္စက ကျုပ် နမော်နမဲ့နိုင်လို့ ကြုံရတာ။ ကလိုင်ပေါက်ထဲမိန်းမအလောင်းထည့်ပြီး ပြန်ပိတ်ချိန်မှာ ကြောင်နက်ကြီး အထဲ ရောက်နေတာကို မသိလိုက်ဘူး။ ဒေါသငွေ့တွေ ဖုံးနေလို့ ဖြစ်ချင်ဖြစ်မှာပေါ့။ ဒီကောင်ကြီးက ဘောက်မယ့်ကြောင့် အဲဒီထဲ ရောက်နေရတာတဲ့တုန်း။ ဝင်ပုန်းတာတော့ မဖြစ်လောက်ဘူး။ ဖော်ကောင်လုပ်ချင်လို့လား၊ သူ့အလုပ်လားဗျာ။ ထားလိုက်တော့။

မြို့ဦးကျောင်း ဆရာတော် ဆုံးမခဲ့ဖူးတာ သွားသတိရတယ်။ ကျုပ်အကြောင်း သိလို့နေမှာပေါ့။ ဒကာကြီး... သေရည်အရက်ဆိုတာ လူကောင်းကို ဆိုးစေတယ်။ အယဉ်ကို ရိုင်းစေတတ်တယ်။ နာဠာဂီရိဆိုတာ တောထဲက ဆင်ရိုင်းကြီးမှ မဟုတ်တာ။ ဒါဒမဲ့ ဘုရားရှင်ကိုတောင် ရန်ပြုပုံအောင် အရိုင်းစိတ်ဝင်သွားတာ အဲဒီအရက်ကြောင့်ပဲ။ အထူးသဖြင့် ဒေါသမထိန်းနိုင်တဲ့သူဟာ အရက်ကို လုံးဝရှောင်ကြဉ်သင့်တယ်။ နို့မို့ မီးပုံထဲ ဓာတ်ဆီလောင်းတာကမှ သက်သာဦးမယ်မှတ်တဲ့။

ကျုပ်ကတော့ မီးပုံထဲကို ဓာတ်ဆီပုံးလိုက် ပစ်ထည့်လိုက်မိတာဗျ။ အခု လူနဲ့စိတ် အိုးစားကွဲမယ့်ရက်ကို စောင့်နေတာ။ နောင်တ,မရဘူး။ အယူခံလည်း မဝင်ဘူး။ ခုချိန်မှာ ကျုပ်ရဲ့ အပြင်းပြဆုံးဆန္ဒက အရက်တစ်ဝသောက်သွားချင်တာပဲ။ သိချင်တယ်ဆိုလို့ ရင်ထဲရှိသမျှ ခရေတွင်းကျဖြာပြပြီးပြီ။ ကျုပ်ရဲ့ နောက်ဆုံးဆန္ဒကို ဖြည့်ဆည်းပေးမယ် ထင်တယ်။ ဒါပါပဲ။

ကျော်ဇော(စားကွင်း

www.burmeseclassic.com

www.burmeseclassic.com

မောင်မြစိုးနှင့် မလှကျင်တို့ ဇနီးမောင်နှံမှာ ဘာသာတရား ကိုင်းရှိုင်းသူများဖြစ်သည်။ ထို့ကြောင့် မိဘ,ဆရာသမားတို့နှင့် လူကြီးရွယ်အိုများကို ဂါရဝတရားထားကာ လေးစားရိုသေကြသည်။ ဖြူစင်ရိုးသားကြသူများဖြစ်၍လည်း အေးအေးဆေးဆေးနေထိုင် ကုန်စုံဆိုင်လေးဖွင့်ရောင်းချစားသောက်၍နေသည်။ အသက်(၃၀)အရွယ်မျှသာရှိကြပြီး ငါးနှစ်အရွယ်သမီးလေး တစ်ယောက်ကိုလည်း ပိုင်ဆိုင်ထားကြသူများ ဖြစ်သည်။

မောင်မြစိုးတို့ ဇနီးမောင်နှံ၏ ကုန်စုံဆိုင်လေးမှာ ရပ်ကွက်ထဲတွင် တစ်ဆိုင်တည်းသော ဈေးဆိုင်ဖြစ်၍ ဈေးရောင်းကောင်းလှသည်။ ကုန်မျိုးစုံနှင့် ဆေးလိပ်၊ ကွမ်းယာ မှအစ ဆေးပစ္စည်းမျိုးစုံပါ ဝယ်ယူရရှိနိုင်သောကြောင့်လည်းကောင်း၊ မောင်မြစိုးတို့ ဇနီးမောင်နှံ၏ ဖော်ရွေသွားသာရှိသာသော ဆက်ဆံမှုကြောင့်လည်းကောင်း ရပ်ကွက်ထဲ

www.burmeseclassic.com

www.burmeseclassic.com

က လူများမှာ သူတို့ဆိုင်လေးတွင်သာ အားပေးဝယ်ယူကြလေသည်။

သို့ဖြစ်ရာ မကြာမီကာလအတွင်း မောင်မြစိုးတို့ ဇနီးမောင်နှံမှာ စီးပွားဥစ္စာတိုးတက်လာတော့သည်။ ထိုသို့ စီးပွားဥစ္စာ တိုးတက်လာသမျှ မကြာခဏ အလှူအတန်းပြုလေ့ရှိသောကြောင့် မောင်မြစိုးတို့ ဇနီးမောင်နှံမှာ ရပ်ကွက်ထဲတွင် ထင်ပေါ်ကျော်စောသူများ ဖြစ်လာလေသည်။ လူချစ်လူခင် ပေါများလာသကဲ့သို့ အလိုအလျောက် မျက်စိခံပင်မွေးစူးကာ ကြည့်မရသူများလည်း ရှိခဲ့သည်။ ထိုအထဲတွင် မောင်မြစိုးတို့နှင့် အိမ်ချင်းကပ်လျက်နေသော ကိုတင်အောင်နှင့် မခင်ရွှေတို့ ဇနီးမောင်နှံလည်း ပါသည်။

'အမယ်လေးဟယ်..ကုန်စုံဆိုင်လေး ရောင်းကောင်းလို့ စီးပွားတက်လာတာများ သူတို့မျက်နှာက တကယ့် ကုမ္ပဏီပိုင်ရှင်သူဌေးကြီးတွေရဲ့ မျက်နှာထားလို ချီနေတာပဲ။ ကားများစီးနိုင်ရင် ဒီထက်ဆိုးမယ်။ ဟင်း'

မလှကျင် မကြားကြားအောင် စောင်းချိတ်ပြောလေ့ပြောထရှိသော မခင်ရွှေ၏ စကားများကို မလှကျင်တစ်ယောက် မကြားဟန်ပြုခဲ့သည်။ စကားသံနှင့်အတူ မျက်ခုံး၊ မျက်လုံးများကပါ စောင်းရွဲ့နေသည်ကို မလှကျင် မြင်သော်လည်း မမြင်ဟန်ပြုခဲ့သည်။

ကြာတော့ မခင်ရွှေ၏ စောင်းချိတ်ပြောဆိုသံများက မလှကျင်အတွက် ကြားနေကျ သီချင်းတစ်ပုဒ်လို ရိုးအီသွားသည်။ သူမစိတ်ထဲမှာလည်း မခင်ရွှေအပေါ် စိတ်ဆိုးမိစိတ်ပင် မဖြစ်ပေါ်မိတော့။ ခွင့်လွှတ်စိတ်၊ သည်းခံစိတ်များဖြင့် သာ လျစ်လျူရှုနိုင်ခဲ့တော့သည်။ သို့တိုင် မခင်ရွှေ၏ စောင်းချိတ်သံကား ပျောက်ကွယ်မသွားခဲ့။ ထို့အပြင် မလှကျင်တို့နှင့်အပြိုင် ကုန်စုံဆိုင်တစ်ဆိုင်ကိုပင် မခင်ရွှေတို့အိမ်၌ ဖွင့်လှစ်ရောင်းချလိုက်သည်။

ရပ်ကွက်ထဲတွင် လူအမျိုးမျိုး စိတ်အထွေထွေ ရှိကြသည်မို့ မလှကျင်တို့ ဇနီးမောင်နှံအပေါ် နားလည်ကြသူများက တချို့တစ်ဝက် မခင်ရွှေတို့၏ဇနီးမောင်နှံ အပြောအဆိုကို ထောက်ခံသူတို့က တချို့တစ်ဝက်နှင့် ကုန်စုံဆိုင်နှစ်ဆိုင်မှာ သူပရိသတ်နှင့်သူ ဈေးရောင်းနေကြရသည်။

'ဩော်..ညီမလေးတို့၊ မမတို့ဆိုင်မှာ ဈေးလာဝယ်ကြနော်။ မမတို့က အလေးချိန်ခွင်ဆိုလည်း အမှန်အကန် ချိန်ပေးတာ။ ပစ္စည်းတွေကလည်း အကုန်လုံး ဈေးမှန် ပစ္စည်းမှန်တွေချည်းပဲ။ အတုမရှိဘူး။ ရောင်းလည်း မရောင်းဘူး။ ဟိုဘက်ဆိုင်ထက် ဈေးလည်း သက်သာစေရမယ် သိလား။ လာအားပေးကြနော်'

မခင်ရွှေက သူနှင့် တွေ့ဆုံသည့်သူတိုင်း သူ့ဆိုင်သို့ ဈေးလာဝယ်ရန် ဆွယ်တရားက သူ့ဆိုင်သို့ ဈေးလာဝယ်ရုံသက်သက်မျှမဟုတ်၊ မလှကျင်ဆိုင်သို့ အပြစ်ဖို့သော စကားများလည်း ပါလေသည်။ သို့စေကာမူ မလှကျင်တို့ ဇနီးမောင်နှံကား မခင်ရွှေတို့ မိသားစုအပေါ် အခင်မင်မျက်လိုအပ်သော အကြောင်းကိစ္စများကိုပင် ကူညီပံ့ပိုး ပြောဆိုပေးနေသေးသည်။

'မမခင်ရွှေတို့ဆိုင်မှာ ကွမ်းယာ၊ ဆေးလိပ်ကလေးလည်း တင်ထားပေါ့။ ဆေးလိပ်၊ ကွမ်းယာက မြတ်တာ။ ပြီးတော့ နိုင်ငံခြားဆေးမျိုးစုံနဲ့ ဗမာတိုင်းရင်းဆေးတွေလည်း စုံအောင် တင်ထားပေါ့။ ကုန်စုံဆိုင်ဆိုတာက ပစ္စည်းမျိုးစုံရှိရင် ရောင်းရတာပါပဲ'

မလှကျင်က ရိုးသားစေတနာဖြင့် ပြောဆိုသည်။ မခင်ရွှေက သူ့စိတ်နှင့်နှိုင်းကာ မလှကျင်ပြောသမျှ မရိုးမသားဟူ၍ ထင်သည်။ ထို့ကြောင့် မလှကျင် မကောင်းသည့်အကြောင်း ယခင်ကထက် ပို၍ပြောလာသည်။ သည့်အပြင် မလှကျင်တို့ဇနီးမောင်နှံ အဆင်မပြေဖြစ်အောင်ပင် အကွက်ဆင်၍ ဖန်တီးပြုလုပ်ခဲ့သည်။

'ညီမလေးမလှကျင်ရေ..ညည်းကို မမ ညီမလေး အရင်းတစ်ယောက်လို သဘောထားလို့ ပြောပြရဦးမယ်။ အိမ်မှာ ငါ့ညီမ မရှိရင် ညီမယောကျ်ားက တစ်မျိုးဖြစ်နေတယ်နော်။ ညီမယောကျ်ားကို ပြန်တော့မမေးနဲ့။ ဟိုတစ်ခုလပ်မ သိန်းဥကို သိတယ်မဟုတ်လား။ အေး..အဲဒီသိန်းဥက ညီမယောကျ်ားကို အမိဖမ်းချင်နေတာ။ ညီမယောကျ်ားကလည်း သိန်းဥကို သဘောအကျကြီး ကျနေတယ်လို့ မမထင်တာပဲ။ ဟဲ့ဒါ မမက ငါ့ညီမသိရအောင် ကြိုတင်သတိပေးတာပါ။ အိမ်မှာ ညီမမရှိဘူးဆိုရင် သိန်းဥက ညီမယောကျ်ားဆီ အမြဲလာနေတာ။ ပြီးတော့ သူတို့နှစ်ယောက် ပြောဆိုနေတဲ့ အရိပ်အကဲကို မမက အမြဲမြင်တွေ့နေရလို့ စေတနာနဲ့ ပြောတာပါ'

မခင်ရွှေစကားက စေတနာလေသံ ဖန်တီးလုပ်ကြံထားသဖြင့် မလှကျင် အယုံကြီး ယုံကြည်ခဲ့ကာ ယောကျ်ားဖြစ်သူနှင့် စကားများ ရန်ဖြစ်ရသည်အထိ ဖြစ်ခဲ့သည်။ သို့သော် အမှန်မဟုတ်သော အကြောင်းကိစ္စဖြစ်သည်မို့ အရှင်းကြာလာသောအခါ သရုပ်မှန်က ရိုးသားစွာ ပေါ်လာသည်။

www.burmeseclassic.com

မလှကျင်တို့ ဇနီးမောင်နှံနှစ်ယောက် တစ်ယောက်တစ်ယောက် ရိုးသားစွာ သိသွားကြသောအခါ မခင်ရွှေ၏ မစ္ဆရိယပုံရိပ်မှာလည်း အလိုအလျောက် ပေါ်လာသည်။ မခင်ရွှေမှာ သူ့အကြောင်းသူသိ၍ သူလိပ်ပြာသူ မလုံဖြစ်ကာ မလှကျင်တို့ ဇနီးမောင်နှံအား မခေါ်နိုင် မပြောနိုင် ဖြစ်လာသည်။ ထိုစိတ်မှစ၍ အမုန်းစိတ်ရိုင်းက ကပ်ပါလာသည်။

နံနက်မိုးသောက် အလင်းရောက်သည်နှင့် မခင်ရွှေ တစ်ယောက် မလှကျင်တို့ဇနီးမောင်နှံ အကြောင်းတွေးကာ မကျေမနပ်ဖြစ်လေ့ရှိသည်။ ထိုမှစ၍ မလှကျင်တို့ဇနီးမောင်နှံမိသားစု ပျက်စီးရာပျက်စီးကြောင်း ကိစ္စရပ်များကိုသာ စဉ်းစားတွေးတောမိလာသည်။ ထိုကာလအတွင်း မလှကျင်တို့ ဈေးဆိုင်မှာ ဈေးရောင်းအားပိုကောင်းလာသောအခါ မခင်ရွှေတစ်ယောက် မနာလိုဝန်တိုလာသည်။

သို့သော် မခင်ရွှေ ဖြစ်ချင်သောဆန္ဒကား သူ့အလိုကျ အတိုင်း ဖြစ်မလာပေ။ ထိုအခါ မခင်ရွှေတစ်ယောက် သူ့ကိုယ်သူ ဘဝင်မကျဖြစ်လာသည်။ စိတ်မတည်ငြိမ်ဖြစ်ကာ ကျန်းမာရေးမှာလည်း ချို့တဲ့စပြုလာသည်။ ထိုကာလအတွင်း မခင်ရွှေတို့၏အိမ်သို့ ခင်ပွန်းသည်ဖြစ်သူဘက်မှ ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမတစ်စု ရောက်လာသည်။

ထိုဆွေမျိုးတစ်စုကား လူလေး၊ငါးဦးမျှရှိသည်။ ထို အုပ်စုမှာ မခင်ရွှေတို့အိမ်၌ လူမမာ ဆေးလာကုသည့် တောရွာမှ ဧည့်သည်များဖြစ်သည်။ လူကြီးလေးယောက်အပြင် ကလေးနှစ်ယောက် ပါပြန်ရာ မခင်ရွှေတစ်ယောက် မျက်လုံးပြူးရတော့သည်။ သို့သော် ဆွေမျိုးအုပ်စုသည်ကား မခင်ရွှေ မျက်လုံးပြူးသည်ကို သတိပင်မထားမိကြ။ စားကြသောက်ကြဖြင့် ပျော်ပျော်ပါးပါး နေသွားခဲ့ကြသည်မှာ တစ်လကျော်သည့်တိုင် မပြန်နိုင်ကြသေးချေ။

မခင်ရွှေ၏ ကုန်စုံဆိုင်ကား တဖြည်းဖြည်း ခြောက်ခန်း စပြုလာသည်။ ကုန်ပစ္စည်းရောင်းကောင်း၍ ပစ္စည်းကုန် သွားသည်ဆိုဦးတော့ ငွေကြေးက ရရမည်ဖြစ်သည်။ မခင်ရွှေအဖြစ်ကား ကုန်ပစ္စည်းလည်း ကုန်သွားသည်။ ရောင်းရငွေကလည်း တစ်ပြားမှမရှိ ဖြစ်ရသည်။ အဘယ်ကြောင့်နည်းမူ ဧည့်သည်ကလေးနှစ်ယောက်၏ လက်ချက်ကြောင့် ဈေးရောင်းရငွေတို့မှာ ပျောက်ခြင်းမလှ ပျောက်ရခြင်းဖြစ်သည်။

ထိုဧည့်သည်ကလေးနှစ်ယောက်ကား မခင်ရွှေဆိုင်မှ မုန့်မျိုးစုံတို့ကို ယူငင်စားသောက်ရုံမက ဈေးရောင်းရငွေများကို နှိုက်ယူ၍ မလှကျင်တို့ဆိုင်သို့သွားပြီး ဝယ်စားနေသည်မှာ တစ်နေကုန် ပတ်တုတ်ချ်မရ၊ သည်လိုနှင့် ဧည့်သည်တစ်သိုက် ပြန်သွားခိုက်တွင် မခင်ရွှေ အရင်းပြုတ်တော့သည်။ ထို့ပြင် ဧည့်သည်များရှိစဉ်က ဧည့်သည်တို့၏ ဝေယျာဝစ္စများကို နေ့စဉ်ဆက်တိုက် လုပ်ကိုင်ပေးနေရမှုကြောင့် ပင်ပန်းကာ ကျန်းမာရေးပါ ချို့တဲ့လာသည်။

တစ်နေ့ မခင်ရွှေ ကျန်းမာရေးမကောင်း၍ အိပ်ရာထဲလဲနေသည်ကိုသိသော မလှကျင်တစ်ယောက် အိမ်နီးချင်း ဝတ္ထုရာအရ လူမမာသတင်းမေး ရောက်လာသည်။ မခင်ရွှေ စားသုံးရန် မုန့်ပဲသရေစာအချို့ကိုလည်း ဝယ်ယူလာသည်။

"မမ...ဘာဖြစ်လို့အားမငယ်နဲ့နော်။ အကူညီရှိရင် ညီမတို့ကို လှမ်းခေါ်ပြီးပြော။ ညီမတို့ တတ်နိုင်သမျှ လာပြီးအကူအညီပေးပါ့မယ်။ မမနဲ့ ညီမတို့က အိမ်နီးနားချင်းတွေပဲ ဥစ္စာ။ မြို့ရာဟင်းကောင်း ခင်ရာဆွေမျိုးပေါ့ အစ်မရယ်။ ပြီးတော့ ဟောဒီတရားခွေက အရမ်းကောင်းတယ်။ မမ စိတ်လက်ကြည်လင်အောင် ဟောဒီတရားခွေလေး ဖွင့်နာကြည့်ပါလား။ အေးအေးဆေးဆေးနာပြီးမှ ညီမကိုပြန်ပေး"

မလှကျင်က စိတ်ရင်းစေတနာဖြူစင်စွာ မေးမြန်းကူညီပေးသော်လည်း မခင်ရွှေစိတ်ထဲ၌ကား မလှကျင်အပေါ် မလိုမုန်းထားစိတ်များက တဖွားဖွားဖြစ်ပေါ်လျက်သာ ရှိနေသည်။ ထိုစိတ်ရိုင်းကြောင့် မခင်ရွှေမှာ အိပ်ရာပေါ် လဲနေရသည့်တိုင် ထိုစိတ်ကို ချုပ်တည်း၍ပင် မရနိုင်ခဲ့။

မလှကျင် ပြန်သွားသည်နှင့်-

"အလကားပါတော်၊ စေတနာက တော်တော် စကားကြီး စကားကျယ် ပြောချင်တာက များများရယ်။ ကြည့်လေ၊ ကျုပ်ကိုများ တရားခွေနားထောင်ဖို့ ဆရာကြီး လုပ်သွားသေးတယ်။ ဘာမှမဟုတ်ဘူး။ ကျုပ်တို့အိမ်ကိုလာပြီး အခြေအနေလာကြည့်တာ။ ပြီးရင် ရပ်ကွက်ထဲကဟာတွေကို ပြန်ပြီး ဖောက်သည်ချ အတင်းပြော၊ ကျုပ်တို့ ဈေးဆိုင်ပြုတ်ရတာ သူတို့ကြောင့်။ ဟင်း...ဟင်း...အဟမ်း...အမယ်လေး...ကျွတ်...ကျွတ်"

မခင်ရွှေတစ်ယောက် သူ့ဆီ လာသူတိုင်းကို ပြောရသည်မှာ နားရသည်မရှိ။ ကြာတော့ ရင်ထဲကျပ်ကာ အော့ဖောက်လာသည်။ ဆရာဝန်ပင့်၍ ဆေးထိုးရသည်အထိဖြစ်သည်။ မလှကျင်မှကား မခင်ရွှေ ထင်သကဲ့သို့ဧည့်ဘဲ

www.burmeseclassic.com

www.burmeseclassic.com

မစ္ဆရိယစိတ်ကင်းသူဖြစ်သောကြောင့် သောကကင်းကာ အပူအပင်ကင်း၍ ငြိမ်းအေးရ၏။ မခင်ရွှေတစ်ယောက်သာ လျှင် မစ္ဆရိယစိတ်တို့ကို မွေးမြူမိ၍ သောကများတိုးပွားကာ ပူပန်မှုဝေဒနာတို့၏ နှိပ်စက်မှုကြောင့် စိတ်ဆင်းရဲမှုဒဏ်ကို ခံစားနေရရှာပါ၏။

ဓာတ်ကြီးလေးပါးနှင့် ဖွဲ့စည်းထားသော ခန္ဓာကိုယ် ဖောက်ပြန်ပျက်စီးမှုဝေဒနာကို မခင်ရွှေတစ်ယောက် ခံစားရသည့်အပြင် မစ္ဆရိယစိတ်ကြောင့် အလိုမကျခြင်း၊ စိတ် သောကဝေဒနာကိုလည်း ပူးတွဲခံစားရလေရာ ရောဂါတစ် နေ့တခြား ပို၍ဆိုးရွားလာလေသည်။ နောက်ဆုံး အိပ်ရာ ထဲ ပက်လက်ဖြစ်ကာ အစာမစားနိုင်သည်အထိ ဖြစ်တော့ သည်။ ဤသို့ သူမ အိပ်ရာမှ မထနိုင်ဖြစ်လေ မလှကျင်တို့ မိသားစုအပေါ် မကျေနပ်လေ ဖြစ်သည်။

သို့ဖြစ်ရာ မလှကျင်ပေးသော တရားခွေကို နာယူရန် ထက် မလှကျင်အပေါ် မကျေမနပ်ဖြင့် အလိုမကျခြင်း၊ မနာလိုခြင်း စသည့်စိတ်များကိုသာ မခင်ရွှေစိတ်ထဲ မွေးမြူ မိလျက်ရှိသည်။ ဤသို့ သူမ မွေးမြူထားသော မစ္ဆရိယစိတ် ရိုင်းကပင်လျှင် သူမကို နှိပ်စက်ကလူပြုကာ သေရွာသို့တိုင် ခေါ်ငင်ယူဆောင်သွားလေသည်။

မလှကျင်တို့ မိသားစုကား မခင်ရွှေ၏အဖြစ်ကိုကြည့်ကာ သနားနေမိသည်။ သို့သော် မည်သူမပြု မိမိမူ ဆိုသကဲ့သို့ မိမိပြုသောက် မိမိခံရမည့် အရေးကိုသာ စိုးရိမ်ပူပန်မိကာ မခင်ရွှေတစ်ယောက် ကောင်းရာဘုံဘဝရောက်ကြောင်း ဆုတောင်းပေးမိကြသည်။ သို့သော် မလှကျင်တို့ ဆုတောင်းကား မပြည့်ခဲ့။ အဘယ်ကြောင့်နည်းမူ မခင်ရွှေသေဆုံးသွားပြီး တစ်လလွန်မြောက်သော တစ်နေ့တွင် မလှကျင်အား မခင်ရွှေက အိပ်မက်လာပေးသည်။

အိပ်မက်ထဲတွင် မခင်ရွှေ၏ ရုပ်ဆင်းအင်္ဂါမှာ ညှိုးနွမ်းနေပြီး အဝတ်ဆင်းရဲ အစားဆင်းရဲဖြင့် နေနေရရှာသည်။ သို့ဖြစ်ရာ သူမရောက်ရှိနေသော ဘုံဘဝတွင် ချမ်းချမ်းသာသာ နေထိုင်စားသောက်နိုင်ရန်အတွက် သူမကို ရည်စူးပြီး အလှူဒါနပြုပေးကြပါရန်နှင့် လူဘဝဆီက မစ္ဆရိယစိတ် ထားခဲ့ခြင်းအပေါ် ခွင့်လွှတ်ကြပါရန် အိပ်မက်ပေး၍ လာရောက်တောင်းပန်ခဲ့ခြင်းဖြစ်သည်။

မလှကျင်မှာ ထိုအိပ်မက်ကြောင့် မခင်ရွှေအတွက် စိတ်မကောင်းဖြစ်ရသည်။ ထို့ကြောင့် မခင်ရွှေ၏ ခင်ပွန်း သည်ကိုလည်း အိပ်မက်အကြောင်း ပြောပြကာ သူမ အတွက် ရည်စူးပြီး အလှူဒါနပြုပေးရန် တိုက်တွန်းမိသည်။

မလှကျင်တို့ ဇနီးမောင်နှံကိုယ်တိုင်လည်း ကွယ်လွန်သူ မခင်ရွှေကို ရည်စူးကာ သံဃာတော်အရှင်သူမြတ်ငါးပါးကို ပင့်ဖိတ်၍ ဆွမ်း၊ သင်္ကန်း ကပ်လှူပူဇော်ခဲ့သည်။ ထိုပွဲတွင် ဆရာတော်အရှင်မြတ်က မစ္ဆရိယစိတ်နှင့် ပတ်သက်သော တရားကို တိုက်ဆိုင်စွာ ဟောကြားတော်မူသည်။

'ဗုဒ္ဓမြတ်စွာ ဟောကြားတဲ့ တရားဒေသနာတွေထဲမှာ ဆင်းရဲခြင်းတေခြင်းနှင့်ပတ်သက်ပြီး (၁) ဒါနမပြုခဲ့တဲ့အတွက် ဆင်းရဲခြင်း၊ (၂) သူတစ်ပါး ဥစ္စာပစ္စည်းကို လိမ်လည်လှည့်ဖြားခိုးယူတဲ့အတွက် ဆင်းရဲခြင်း၊ (၃) ဣသာမစ္ဆရိယ များခဲ့တဲ့အတွက် ဆင်းရဲခြင်းဆိုပြီး အတိတ်ကြောင်း သုံးပါး တွေ့ရတယ်။

အဲဒီသုံးမျိုးမှာ ဒါနမပြုခဲ့တဲ့အတွက် ဆင်းရဲခြင်းတေသူတွေအနေနဲ့ လုံလ,ဝီရိယထားပြီး ရှာဖွေရင် စားနိုင်သောက်နိုင်တဲ့ဘဝကို ရနိုင်သေးတယ်။ သူများဥစ္စာခိုးတဲ့အတွက် ဆင်းရဲခြင်းတေသူတွေကတော့ ပစ္စည်းဥစ္စာကို ရှာဖွေဖို့ မလွယ်ကူဘူး။ ရှာဖွေခဲ့ရင်လည်း မီး၊ မင်း၊ သူခိုး၊ ရေ၊ အမွေခံဆိုး စတဲ့ရန်သူမျိုးငါးပါး ဖျက်ဆီးခြင်းကိုခံရတယ်။ အေး.. ဣသာမစ္ဆရိယကြောင့် ဆင်းရဲခြင်းတေသူတွေကတော့ ပထမလူတွေထက် ပိုပြီးအကြောင်းဆိုးတယ်။ ဘယ်လောက်ဆိုးသလဲဆိုရင် ကူညီချင်တဲ့စိတ်၊ သနားညှာတာစိတ် ရှိသူတွေတောင် ဣသာမစ္ဆရိယသမားတွေနဲ့တွေ့ရင် ကူညီစိတ်၊ သနားကြင်နာတဲ့စိတ်တွေ ကုန်ခန်းသွားတတ်ကြတယ်။

အဲဒီအကြောင်းတွေကို ဗုဒ္ဓမြတ်စွာဘုရားက သံယုတ်ပါဠိတော်၊ မစ္ဆရိယသုတ်မှာ အပြည့်အစုံ ဟောပြထားပါသည်။ လိုတိုရှင်းဥပမာပြောရရင် လောသကတိဿမထေရ်အကြောင်း အနည်းငယ်ပြောပြမယ်။

လောသကတိဿမထေရ်အလောင်းဟာ အတိတ်ဘဝ ပြုခဲ့တဲ့ ဣသာမစ္ဆရိယ ဘယ်လောက်ကြီးမားခဲ့သလဲဆိုရင် သူ့ကိုယ်ဝန်ကို ပွေ့ပိုက်ပြီး စားစရာသောက်စရာ လိုက်လံ တောင်းခံခဲ့တာ ဘာတစ်ခုမှ မရခဲ့ဘူး။ သူ့ကို မွေးပြီးပြန် တော့လည်း ဒီအတိုင်းပဲ။ နောက်ဆုံး လောသကတိဿ လေးကို တစ်နေရာမှာ ထားခဲ့ပြီး သွားတောင်းရမ်းမှ အစာ ရေစာပေးမယ့်သူ ရှိတယ်။ ဣသာမစ္ဆရိယရဲ့ ဆိုးကျိုးဟာ ဘယ်လောက်ကြောက်စရာ ကောင်းသလဲဆိုတာ စဉ်းစား သာ ကြည့်ပေတော့။

နောက်ဆုံး လောသကတိဿမထေရ်ဟာ ရဟန္တာဖြစ်

www.burmeseclassic.com

www.burmeseclassic.com

တဲ့ အချိန်အထိ ဆွမ်းတစ်နပ်မှ ဝမ်းဝအောင် ဘုဉ်းမပေးခဲ့ရ ရှာဘူး။ ကျသာမစ္ဆရိယတရားဆိုး နှစ်ပါးက လှူချင်တန်း ချင်သူတွေကို လှည့်စားထားပုံဟာ အင်မတန် အံ့သြဖွယ် ကောင်းတယ်။ လောသကတိဿမထေရ် ဆွမ်းရပ်လိုက်ရင် ဆွမ်းလောင်းဖို့ အသင့်ပြင်ဆင်ထားတဲ့ ဆွမ်း၊ ဆွမ်းဟင်း တွေဟာ အလိုအလျောက်ပျောက်ပျောက်သွားလို့ အလှူရှင် တွေဟာ အားနာနာနဲ့ ကန်တော့ဆွမ်းကိုပဲ အမြဲလောင်း ကြတယ်။ အဲဒီလိုမဟုတ်ရင် လောသကတိဿမထေရ်ရဲ့ သပိတ်ထဲမှာ ဆွမ်း၊ ဆွမ်းဟင်းတွေမှာ ပြည့်မောက်နေပြီး နောက်ထပ်ထည့်လောင်းလို့မရလောက်အောင် ပြည့်လျှံနေ တဲ့သဏ္ဌာန် မြင်ကြရတယ်။ ဒီတော့ ဆွမ်းလောင်းမယ့်အလှူ ရှင်ဟာ လောင်းမရ ဖြစ်ရပြန်တယ်။ အဲဒါကြောင့် လော သကတိဿမထေရ်ဟာ တစ်လုတ်တစ်ဆုပ် ဆွမ်းလေးနဲ့ပဲ မသေရုံ အသက်ဆက်ခဲ့ရရှာတယ်။

ဒီလိုနဲ့ နောက်ဆုံး လောသကတိဿကမထေရ် ပရိ နိဗ္ဗာန်စံမယ့်အချိန်ကို ရောက်လာတယ်။ ဒီအကြောင်းကို သိတော်မူတဲ့ ရှင်သာရိပုတ္တရာမထေရ်မြတ်ဟာ ပရိနိဗ္ဗာန် စံမယ့် ရက်လေးတစ်ရက်တော့ ဆွမ်းကို ဝဝလင်လင် ဘုဉ်း ပေးသွားရပါစေဆိုတဲ့ စေတနာနဲ့ တပည့်ဖြစ်တဲ့ လောသက တိဿမထေရ်ကို သူနောက်ပါးက လိုက်ခဲ့ဖို့ခေါ်ပြီး ရှင်သာ ရိပုတ္တရာမထေရ်မြတ်ကြီးဟာ ဆွမ်းခံထွက်တော်မူရှာတယ်။

ကျသာမစ္ဆရိယ ဘယ်လောက်ကြောက်စရာကောင်း သလဲဆိုရင် ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးတောင်မှ လောသကတိဿမထေရ် ပါနေတဲ့အတွက် ဆွမ်းလောင်း လှူမယ့်သူ မရှိဖြစ်ရတယ်။ အဲဒါကြောင့် သူကို ကျောင်း ပြန်ပို့ပြီး တစ်ပါးတည်း ဆွမ်းခံကြွမှ ဆွမ်း၊ ဆွမ်းဟင်း မြောက်မြားစွာလှူဒါန်းပြီး ရှင်သာရိပုတ္တရာကိုယ်တော်မြတ် ကြီးကိုလည်း အိမ်မှာတွင် ဆွမ်းဘုဉ်းပေးသွားရန် ပင့် လျှောက်ကြတယ်။ အဲဒါကြောင့် ကျောင်းရှိ သံဃာတော် တွေအတွက်လည်း သပိတ်မှာ ဆွမ်း၊ ဆွမ်းဟင်း အပြည့် ထည့်လှူပြီး စိတ်ချရတဲ့ ဒကာများနဲ့ လောသကတိဿ မထေရ်ထံ ပို့ခိုင်းလိုက်တယ်။

ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး တရားဟောပြီးလို့ ကျောင်းကို ပြန်ရောက်တဲ့အခါမှာ လောသကတိဿမထေရ် ကို ဆွမ်းဘုဉ်းပြီး၊ မပြီး မေးတဲ့အခါ မဘုဉ်းပေးရသေး ကြောင်း သိရတယ်။ ဘာကြောင့်လဲဆိုရင် လောသက တိဿမထေရ်ရဲ့ အတိတ်ဘဝက မစ္ဆရိယအစွမ်းကြောင့် သပိတ်ယူသွားတဲ့ ဒကာများဟာ မထေရ်ကို ဆက်ကပ် ရမှာကို မေ့လျော့ပြီး လမ်းတစ်တစ်ခုမှာတင် စားသောက် ဖွယ်တွေကို စားပစ်လိုက်တဲ့အတွက်ကြောင့်ပဲဆိုတာ ရှင် သာရိပုတ္တရာမထရ်မြတ်ကြီးက သိတော်မူတယ်။

အဲဒါကြောင့် ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးဟာ အချိန်ရှိသေး၊ မရှိသေးကြောင်းကို ကြည့်လိုက်တဲ့အခါ ခွန်း လွဲသွားပြီကို သိလိုက်တယ်။ အဲဒါကြောင့် သပိတ်ကို ပိုက် ပြီး ကောသလမင်းထံမှောက် သွားရပ်လိုက်တယ်။ မင်းကြီး ကလည်း အလိုက်တသိနဲ့ စတုမဓူတွေကို လောင်းလှူလိုက် တဲ့အတွက် ကျောင်းကို ပြန်ခဲ့ပြီး လောသကတိဿမထေရ် ကို ဘုဉ်းပေးစေတယ်။

အဲလို ဘုဉ်းပေးစေတာတောင်မှ စတုမဓူတွေ ပျောက် သွားမှာ စိုးရိမ်တဲ့အတွက် ရှင်သာရိပုတ္တရာက သပိတ်ကို လက်ထဲမှာပိုက်ထားပြီး လောသကတိဿမထေရ်က လက် ဖြင့် နှိုက်ပြီး ဘုဉ်းပေးရတယ်။ လောသကတိဿမထေရ် အနေနဲ့ ယခုနောက်ဆုံး ဘဝမှာလည်း မွေးချိန်ကစပြီး ရဟန္တာဖြစ်လို့ ပရိနိဗ္ဗာန်စံမည့်အချိန်ထိ ဒီတစ်နပ်ကိုသာ ဝဝလင်အောင် ဘုဉ်းပေးပြီး ပရိနိဗ္ဗာန်စံဝင်သွားခဲ့ရရှာတယ်။

အဲဒါကြောင့် ဗုဒ္ဓမြတ်စွာဘုရားက-

'ဓေ ဝိဇ္ဇာ ပမာဒါ ဥဏာ ပဘံ နာ ကရောတိ'

ကျသာမစ္ဆရိယတရားနှစ်ပါးနှင့် မေ့လျော့ခြင်း ပမာဒ တရားများက မဂ်,ဖိုလ်ရအောင် တားဆီးတတ်ကြောင်း ဟော ကြားထားတဲ့အတွက် ကျသာမစ္ဆရိယသည် သာမန်အကု သိုလ်မဟုတ် မဂ်,ဖိုလ်မရအောင် တားတတ်တဲ့ အကုသိုလ် ကြီးဖြစ်တယ်ဆိုတာကို ဒကာ,ဒကာမအပေါင်း သတိပြု ဆင်ခြင်ကြပါ'

ဆရာတော်ဟောကြား မြတ်တရားက မလှကျင်တို့၏ နှလုံးသို့ စိမ့်ဝင်ဆိုစီးသွားပါသည်။ ထိုအခါ မခင်ရွှေ၏ အကြောင်းများကို ပြန်လည်တွေးမြင်မိရင်း ကျသာမစ္ဆရိယ စိတ်မွေးမြူခဲ့မိ၍ အကုသိုလ်တရား၏ ဆိုးကျိုးဒဏ် ခံစား နေရသည့်အပြစ်ကို ဆင်ခြင်မိကြသည်။ ထို့ကြောင့် မခင်ရွှေ တစ်ယောက် ကောင်းရာဘုံဘဝသို့ ကူးပြောင်းရောက်ရှိသွား စေရန် သူမအတွက် ရည်စူးပြုလုပ်သော ကုသိုလ်ကောင်းမှု အစုစုတို့၏ အဖို့ဘဂ အမျှအတန်းကိုလည်း မခင်ရွှေတစ် ယောက် သာခုအနုမောဒနာ ခေါ်ဆိုနိုင်ကြပါစေဟူ၍ ဆု တောင်းနေမိတော့သည်။

ချစ်မင်းသူ

www.burmeseclassic.com

www.burmeseclassic.com

ဆန်းဝင်း (အောင်ခြည်)
ခြောက်ပေပျဉ်သုံးချပ်

အချိန်က (၁၉၈၃)ခုနှစ်၊ (၂)လပိုင်းထဲမှာ။

ရန်ကုန်ကနေပြီး တွံတေးမြို့၊ အိုးဘိုအရှေ့ အုတ်ကွင်းအုတ်၊ ဆေးသမမှ မန်နေဂျာ ကိုထွန်းမြင့်၏ ဖိတ်ခေါ်တာဝန်ပေးချက်အရ ထိုနှစ်ဦးပိုင်းကပင် အနီအုတ်ကွင်းထဲသို့ စာရေးသူတို့မိသားစု ပြောင်းရွှေ့ကာ ကွင်းအလယ်၌ အသင့်ဆောက်ထားပြီးဖြစ်သော အိမ်ကလေးတွင် နေထိုင်ကြလျက် တာဝန်အား လက်ခံဆောင်ရွက်ရလေတော့သည်။

ထိုအုတ်ကျင်းမှာ အရှေ့ဘက်သို့လားသော် ကျောင်းသစ်ကျောင်းတိုက် ရွှေဆံတော်စေတီတော်ကြီး ရောက်မည်။ အိမ်ရှေ့တည့်တည့် မြောက်အရပ်ကုန်းမြင့်မြင့်ကြီးတွင် တော့ စိမ်းစိုမည်းမှောင် ညို့ဆိုင်းနေသော ရော်ဘာစိုက်ပျိုးရေးခြံကြီး ရှိလေသည်။ ယခုအချိန်၌ အိမ်ရာများ ဆောက်လုပ်ထားပြီး ရော်ဘာများ မရှိတော့ပေ။ တောင်ဘက်အိမ်၏ နောက်ဖေးဘက်တွင်ကား ကြီးမား ကျယ်ပြန့်သော အုန်းခြံကြီး ရှိလေသည်။ ထိုအုန်းခြံကို ကျော်လိုက်ပါက တွံတေးသုသာန် ရှိသည်။ အနောက်ဘက်အိမ်ခြေရင်း တစ်ခေါ်ခန့် အကွာတွင်ကား အိုးဘိုအရှေ့ရပ်ကွက် ဖြစ်လေသည်။ အနီးဆုံးအိမ်နှင့် မိမိအိမ်မှာ တစ်ခေါ်ခန့် ဝေးသည်။

အိုးဘိုအရှေ့ရပ်ကွက်အလွန်တွင် နွားများမွေးမြူသော ကုလားလူမျိုး အဘိုးကြီးတစ်ဦး နေလေသည်။ ညအခါ အထူးသဖြင့် နံနက်စောစော ကုလားဗုံကလေးအား တီးခ်၍ ဘုရားရှိခိုးသည်ဟု သိရလေသည်။

ရံခါလည်း နေဘက် ဗုံသံအား ကြားရလေသေးသည်။ မိမိတို့အိမ်ရှေ့မှာ အုတ်ကွင်းထဲသို့ နေ့စဉ်လိုလို နွားများအား လာရောက်ကျောင်းတတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်နယ်တစ်ကျေးအား ဗြုန်းခနဲလည်း ပြောင်းရ၊ နေရာစိမ်းလည်းဖြစ်၊ လူသူအသွားအလာလည်း ဝေးလံသော အရပ်ဒေသဖြစ်သောကြောင့် စာရေးသူတို့ ဇနီးမောင်နှံကား ဘုရားဝတ်တက် ပရိတ်ရွတ် မေတ္တာပို့ ဘာသာရေးကိစ္စများအား ပိုမို၍ အားစိုက်လုပ်ရလေသည်။ ဘုရားမှာ တစ်ပါး ကိုးကွယ်ရာမရှိသည် မဟုတ်ပါလား။

ထိုနွားကျောင်းသား ကုလားကြီးသည် ရံခါအိမ်ရှေ့ ဘူးစင်အောက်တွင် နားသည်။ ကွမ်းအမြဲတမ်း ငုံထားသည်။ ပိန်ပိန်ပါးပါး ထောင်ထောင်မောင်းမောင်း၊ အမြဲတမ်းလည်း အဝတ်ဖြူတစ်ခုအား ခေါင်းပေါင်းထားသည်။ အသက် (၇၀)ကျော်ခန့် ရှိမည်ဟု ထင်ရသည်။

ဤကွင်းထဲသို့စ၍ ရောက်လာသော ပြောင်းလာခါစ ညတွင် စာရေးသူတို့ တော်တော်နှင့် အိပ်မပျော်ကြပေ။ အငယ်ဆုံး သမီးကလေးက လွန်စွာငိုလေသဖြင့် ပဌာန်းရွတ်ခြင်း၊ ပရိတ်ကြီး(၁၁)သုတ်ရွတ်ခြင်း၊ ကွင်းအတွင်း မမြင်အပ်သူများအား မေတ္တာပို့ခြင်းများ ထိရောက်စွာ ဆောင်ရွက်ပြီးချိန်တွင် ည(၁၂)နာရီ ထိုးလေတော့သည်။ ထိုအခါကျမှ ကလေးမှာ အိပ်ပျော်သွားလေတော့၏။ သားကြီးက (၄)နှစ်သားဖြစ်၍ ထိုသမီးငယ်က နှစ်နှစ်သမီးအရွယ် ဖြစ်သည်။ အိပ်ပျော်သွားသွားကြသောအခါ ဇနီးက ရုတ်တရက် လက်ကုတ်၍ နှိုးလေသည်။

'အစ်ကို..အစ်ကို..အစ်ကို'

'ဟေ..ဘာလဲ၊ ဘာဖြစ်လို့လဲ'

'သေချာနားထောင်၊ ကြားလား။ အိမ်ခေါင်းရင်းမှာ ကလေးတွေ နွားကျောင်းသားအရွယ် (၁၀)နှစ်သားခန့် လာငိုနေကြတယ်။ ဟော..ကြားလား'

'အား..မကြားပါဘူး။ ညည်း အိပ်မက်များ မက်ရောလားဟယ်'

'အင်း..ဟုတ်မယ်။ အခုန လန့်နိုးသွားတာဆိုတော့'

'ကဲ..ကဲ..ပြန်အိပ်၊ အစောကြီးရှိသေးတယ်။ မေတ္တာပို့တာ သူတို့ သိပုံရတယ်။ ထပ်ပို့ကြတာပေါ့။ ကလေးတွေ စောင်ခြုံပေးလိုက်ဦး'

နောက်တစ်နေ့ ကုလားကြီး နွားကျောင်းလာရင်း ဘူးစင်အောက်လာ၍ နေရိပ်ခိုနားသောအခါ စာရေးသူ စပ်စုကြည့်ရတော့သည်။

'မာမူကြီး'

'ဟေ့အေး'

'ဒီအနားတစ်ဝိုက်မှာ ကလေးတွေဘာတွေ အရုပိုက် အပြိုလိုက် သေဖူးတာများ ရှိဖူးလား။ မာမူများ သိမလားလို့'

ကုလားကြီးကား ကွမ်းတံတွေးတစ်ချက် ပစ်ခနဲ ထွေးလိုက်ပြီး ဘယ်ဘက်ပါးစောင်မှ ငုံထားသော ကွမ်းအား ညာဘက်ပါးစောင်သို့ ပြောင်းလျက်-

'အင်း..ကြာတော့ ကြာပြီ။ အခု မင်းတို့တဲအိမ်ခေါင်းရင်း ခပ်လှမ်းလှမ်းက ကောနေသလိုဖြစ်နေတဲ့ရေကန် တွေ တယ်မဟုတ်လား'

'ဟုတ်ကဲ့၊ အခုတောင် ရေတော်တော်များသေးတယ်။ ရေလည်း ကောင်းတယ်။ နွားတွေလည်း သောက်ကြတယ်။ အင်း..အဲဒီကန်က'

'ဟုတ်တယ်၊ ဟိုတုန်းက ခဝါကန်လို့ခေါ်တယ်။ ဒီအနီးအနားမှာ ကုလားလူမျိုးတွေ နေတယ်။ အဝတ်လျှော်တဲ့ ကန်ပေါ့ကွယ်။ အင်း..မှတ်မှတ်ရရ ဂျပန်ခေတ်ကပေါ့။ အဲဒီကန်ကို ဟိုကျောင်းသစ်ကျောင်းက ဘုန်းကြီးကျောင်းသားလေးတွေ ရေဆင်းကူးကြတာ အဲဒီမယ် (၁၀)နှစ်သားလောက် ကျောင်းသားလေးယောက် တစ်ပြိုင်တည်း ရေနှစ်ပြီးသေတာပဲ။ ခဝါကန်ဆိုတာ ရေဆင်းမကူးရဘူးလေ။ ကုလားတွေ အလေးအမြတ်ထားတာကွယ်'

ထိုကုလားအဘိုးကြီး ပြောပြချက်ကြောင့် အိပ်မက်ထဲတွင် လာရောက်ငိုယို အကူအညီတောင်းကြသော ထိုကလေးလေးယောက်ကား ကျွတ်လွတ်သေးမည် မဟုတ်ကြောင်း သံဝေဂရဖွယ် ကရဏာသက်မိလေသည်။

♦♦♦

သီတင်းကျွတ်လ ရောက်သောအခါ အုတ်လုပ်ကွင်း၌ အလုပ်သမားများ ကွင်းပြင်ခြင်း၊ တလင်းရှင်းခြင်း၊ နွားဖြင့် အုတ်ကွင်းညှစ်ခြင်း၊ အုတ်လုပ်မည့်အဖွဲ့များနှင့် စာချုပ်ချုပ်ဆိုခြင်း၊ နေရာရွေးချယ် သတ်မှတ်ပေးခြင်း၊ ငွေထုတ်ရက် သတ်မှတ်ခြင်း အစရှိသော အုတ်ကျင်းဆိုင်ရာ လုပ်ငန်းများအား စာရေးသူ ဆောင်ရွက်ရလေသည်။ ထိုအခါ တဲအိမ်ရှေ့ ဘူးစင်အောက်၌ စားပွဲတန်းလျား ကုလားထိုင်များ လိုလာလေတော့ရာ သမရိုးမှ တန်းလျားတစ်လုံးသာ ပို့ပေးသဖြင့် မန်နေဂျာ ကိုထွန်းမြင့်က-

'ကဲ..ကိုဆန်းရေ့ တို့စားပွဲလုပ်ဖို့ ကွန်းပျဉ်တွေရှင်း မကောင်းဘူးလား။ ချောလည်း ချောတယ်၊ ခြောက်လောက်ပဲ ရှည်တယ်'

'ရတယ်လေ ကိုထွန်းမြင့်ရဲ့၊ ဝါးဆေးတာပဲ၊ ဝါးဆွတိုင်

www.burmeseclassic.com

www.burmeseclassic.com

လုပ်ပြီး အခင်းသဘောမျိုး စီစဉ်မယ်။ ထိုင်ခုံရှည်အတွက်လည်း ဝါးနက်ဝါးကို ခွလုပ်ပြီး တန်းတင်သံရိုက်ရင် ထိုင်ခုံပါ ရပြီ။ အဆင်ပြေတာပေါ့'

'ကဲ..ဒါဆို လာ..တို့ ပျဉ်ပြားသွားဝယ်ရအောင်'

စာရေးသူနှင့် မန်နေဂျာ ကိုထွန်းမြင့်တို့ အုန်းခြံကြီးအား ကျော်ဖြတ်၍ တွဲတေးသုသာန်အနီးရှိ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းသို့ ရောက်ရှိသွားပြီး ဘုန်းတော်ကြီးနှင့် အာလာပသလ္လာပ ပြောဆိုပြီးနောက် ကျွန်းပျဉ် သုံးချပ်ခန့် စွန့်ပါရန် လျှောက်ထားရလေသည်။

'တပည့်တော်တို့ အုတ်ကျင်းမှာ ရုံးအနေနဲ့ လုပ်ဖို့ အတွက် ကျွန်းပျဉ်ကောင်းတာလေး စွန့်ပါဘုရား။ တပည့်တော်တို့ ဝတ္ထုကုပ်ပါ့မယ်ဘုရား'

'အေး..ဒကာကြီး၊ ဘုန်းကြီးလည်း လှူစရာရတာပေါ့။ အင်း..တစ်ချပ်ကို (၅)ကျပ်ပဲလှူပါ ဒကာကြီး'

သို့နှင့် ထု(၁)လက်မ၊ အလျား(၆)ပေ၊ အနံ(၁၈)လက်မရှိ ကျွန်းပျဉ်(၃)ချပ်အား စာရေးသူနှင့် မန်နေဂျာ ကိုထွန်းမြင့် တို့ထမ်းလာပြီးလျှင် လိုအပ်သော ဝါးနက်ဝါးများဖြင့် ခွများ၊ တန်းများ ပြုလုပ်ပြီး ပုံမှန်စားပွဲကဲ့သို့ပင် အမြင့်(၂)ပေ (၁၀)လက်မ အကျယ်မှာ ပျဉ်နှစ်ချပ်စပ်ထားသောကြောင့် (၃၆)လက်မ (၃)ပေ၊ အရှည်ကား (၆)ပေနှင့် တစ်ဖက်ထိုင်ခုံ ပြုလုပ်ပြီးစီးသောအခါ ကျွန်တစ်ဖက်အား တန်းလျားချလိုက်လေသောအခါ ရုံးလုပ်ငန်းများ လုပ်နိုင်ပြီဖြစ်သော အလုပ်စားပွဲတစ်ခု ဖြစ်၍သွားလေတော့၏။

တစ်နေ့ နေ့လယ်ခင်း စားပွဲတွင် ရေနွေးထိုင်သောက်နေစဉ် စာရေးသူ၏နှေးက စားပွဲအား ကြည့်ပြီး-

'အစ်ကို့စားပွဲက အခင်း,ခင်းလိုက်လို့ကတော့ အမိုက်ပဲနော်'

'ကျွန်းပေပျဉ်တွေဟာ'

'ဘုန်းကြီးကျောင်းက ဝယ်လာတာ ဟုတ်လား'

'အေးလေ၊ ကိုထွန်းမြင့် ဝယ်ပေးတာပဲ။ ဈေးအရမ်းသက်သာတယ်'

'ဈေးသက်သာတာလည်း ကောင်းတာပဲ။ ပျဉ်တွေက ပေါလစ်တောင် တင်ထားတာပဲ။ ပြီးတော့ ဝယ်လာတဲ့ သုံးချပ်စလုံးက ခြောက်ပေကွက်တိတွေ။ တစ်ပေမဟုတ်ဘူး အစ်ကို၊ အစ်ကို့ပျဉ်တွေက ခြောက်တစ်လက်မ သုံးပြားကော်ကပ်စပ်ထားတာ။ တစ်ပေခွဲရှိတယ်'

'အေး..ဟုတ်တာပေါ့။ တစ်တောင်ပေါ့'

'အစ်ကို'

'ဟင်'

'အစ်ကို..ကျွန်းပျဉ်တွေကို သုသာန်နားက ဘုန်းကြီးကျောင်းက ဝယ်လာတာဆိုတော့ ဟို..အခေါင်းဖုံးပျဉ်ပြားတွေများ ဖြစ်နေမလား မသိဘူး။ စဉ်းစားကြည့်ရတာ'

ကျောင်းဆရာမလုပ်သော အမျိုးသမီးပြောမှပင် စာရေးသူ သဘောပေါက်လေတော့ပြီ။ ကျွန်းသားစစ်စစ် ရှယ်ပေါလစ်၊ ဗားနစ်သုတ်ပြီးသား ဤရှယ်ပျဉ်များအား ဤဈေးနှုန်းနှင့် ရနိုင်သည်မှာ အခေါင်းဖုံးပျဉ်သာ ဖြစ်နိုင်လေသည်။ ရပ်ကွက်ထဲက မည်သူမှ မဝယ်၊ မသုံး။ ပြီးတော့ သုသာန်ဘေးနားက ဘုန်းကြီးကျောင်းက။ စာရေးသူ အနည်းငယ် ခေါင်းကြီးသွားလေပြီ။

'ဒါပေမဲ့ မိန်းမရယ်၊ သုသာန်ကပစ္စည်းက သုံးကောင်းပါတယ်။ တို့မြတ်စွာဘုရားတောင်မှ လူသေကောင်ကနေပုံသက္ကာကောက်သေးမဟုတ်လား။ ဘာပြဿနာမှ မရှိပါဘူး။ အဲ..ဘုရားပစ္စည်း၊ ကျောင်းပစ္စည်းသာ ကြောက်ဖို့ကောင်းတာလေ'

'အင်းလေ..ကျွန်မက မကြောက်ပါဘူး။ အယူလည်း မသီးပါဘူး။ ဘာသာရေးသမားပဲဟာ။ အဲဒီကျောင်းနဲ့ ဘုရားပစ္စည်းမဟုတ်ရင် ပြီးတာပါပဲ'

စာရေးသူလည်း လက်သမားဆရာအဖြစ် လုပ်စားလာခဲ့ဖူးသော်လည်း ယခုကိစ္စ၌ အမျိုးသမီးက ရှင်းပြမှ သဘောပေါက်လေသည်။ ကိုယ့်ကိုယ်ကိုယ် လည်လှုပ်ထင်နေသော ကျွန်ုပ်ကား အမျိုးသမီးက အပ်ကျမပ်ကျ ရှင်းပြတော့မှပင် အခေါင်းဖုံးပျဉ်များဖြစ်ကြောင်း သိရှိရလေတော့သည်။ လူပါး ပုလင့်ထိ စကားပုံအတိုင်း ဖြစ်တော့၏။

♦ ♦ ♦

အုတ်သမားများအား လုပ်ပြီးသားအပ်သော အုတ်စိမ်းစာရင်းများ၊ အလုပ်သမား ငွေထုတ်စာရင်းများ စာရင်းဇယားများ ပြုလုပ်ရင်း နေ့လယ်တွင် နံနက်စာ ကြက်သားဘူးသီးချက်၊ တို့စရာများ အကြိုက်စွေ၍ ထမင်းစားအနည်းငယ်များသွားသည်ထင့် အနည်းငယ် အိပ်ငိုက်သယောင် ရှိလေသည်။ သို့နှင့် စာရင်းများအပြီးတွင်-

'အမေကြီးရေ'

'ရှင်..အစ်ကို'

'ငါ့ကို အဲဒီက ခေါင်းအုံးတစ်လုံးလောက် ပေးစမ်းပါဟယ်။ တုံးလုံးခဏလှဲလိုက်ချင်လို့။ ငိုက်သလိုလို ဖြစ်လာလို့

www.burmeseclassic.com

ပေ့'

'အဲဒီမှာ အိပ်မလို့လား။ အိမ်ပေါ်တက် အိပ်လေ'

'ခေါင်းအုံးသာ ပေးပါဟာ။ ဒီမှာ လေက တဖြူးဖြူးနဲ့ဟာ'

'ကဲ..ဒါဆို အိပ်,အိပ်။ ညနေ ကိုထွန်းမြင့်တို့ လာမှာ'

'အေး..အေး..သိတယ်၊ အေး'

ခေါင်းအုံးအား လှမ်းယူပြီးနောက် တန်းလျားပေါ်တင်၍ အသာအယာလှဲ၍ ထမင်းလုံးစီတယ်ခေါ်မလား၊ လဲလိုက်တာနှင့် ခဏအတွင်း အကြားအာရုံများ ဝေး၍,ဝေး၍ သွားလျက် ပြင်ပလောကနှင့် အဆက်ပြတ်မှန်းမသိ ပြတ်သွားလေတော့သည်။

'ဗျို့..ဆရာ၊ ဗျို့..ဆရာ'

ကျွန်ုပ် မမြင်ဖူးသော လူတစ်ယောက်က ပခုံးအား နောက်မှပုတ်၍ခေါ်သောကြောင့် လှည့်ကြည့်လိုက်ရာ တစ်ဦးက အသက်(၄၀)ခန့်၊ ဥပမိရုပ်သန့်သန့်။ တိုက်ပုံအင်္ကျီနှင့် အတွင်းက အင်္ကျီအဖြူ လည်ကတုံးနှင့် နှာတံပေါ်ပေါ် မေးစေ့ညာထောင့်တွင် ငရုတ်ကောင်းစေ့ခန့် မဲ့တစ်လုံးက အမွေးများပါပေါက်လျက် ထင်ရှားလှ၏။ ၄င်း၏နောက်က လူတစ်ယောက်က သျှောင်တစောင်းနှင့် ဝဝ၊ ကွမ်းစားပါးစပ်နှင့်။ ပုဆိုးက ကွက်တုံးနှင့် ရှမ်းပင်နီတိုက်ပုံဟောင်းအား အတွင်းခံမပါဘဲ ဝတ်ထားသည်။ အင်္ကျီက ခပ်ကျပ်ကျပ် ပုဆိုးကွက်တုံးနှင့် ထိုသျှောင်တစောင်းအနီး နောက်တစ်ယောက် ပိန်ပိန်ပါးပါး။ အသက်(၃၅)နှစ်ခန့်။ မျက်ခုံးမွေးကောင်းကောင်း၊ နှုတ်ခမ်းမွေးကလည်း အလွန်ကောင်း၊ ဥပမိရုပ်လည်းမရှိ၊ လူဖြောင့်စာရင်းဝင်သည်။ ထိုလူသုံးယောက် ကျွန်ုပ်ထံ ဘာကိစ္စနှင့်လာသည် မသိရသေး။

'သြော်..ထိုင်ကြပါဦး။ လာရင်းကိစ္စ အမိန့်ရှိပါဗျာ'

ကျွန်ုပ်အထင်ကား အုတ်လုပ်ငန်းသို့ ထင်း(လဲထင်း) သွင်းလိုသည့် ထင်းကန်ထရိုက်တာများလော အုတ်အလိုရှိ၍ မှာကြားမည့်လူများလောဟုပင် ထင်လိုက်မိမေသည်။ ထိုသုံးဦးကား ကျွန်ုပ်စားပွဲတစ်ဖက်ထိုင်ခုံတွင် ထိုင်ကြပြီး သုံးယောက်လုံး ညီညာစွာ ထိုင်းလူမျိုးများကဲ့သို့ လက်အုပ်ချိုင်တူချီ၍ နှုတ်ဆက်ကြလေသည်။ ထူးဆန်းနေသလို ခံစားရသဖြင့် ၄င်းတို့ပြောမည့်စကားအား စောင့်မျှော်၍ နေလိုက်လေသည်။

'ဒီက နောင်ကြီးတို့ မိသားစုက ဘာသာရေးတော်တော် လေးလေးစားစား လုပ်ကြတာ ကျွန်တော်တို့ သိပါတယ်။ ကျွန်တော်တို့အတွက် အားကိုးလောက်တဲ့ မိသားစုမှန်းလည်း သိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဆုံးယောက် ကံကောင်းပြီလို့ တွက်ဆပြီး အခုလိုတွေ့ဆုံဖြစ်ကြဖို့ တိုင်ပင်ပြီးမှ လာခဲ့ကြတာပါ'

'သြော်..ဟုတ်ကဲ့၊ အဖိန့်ရှိပါ။ နောင်ကြီးတို့က ဘာများလိုအပ်နေတာလဲ။ ကျွန်တော် ဘာများကူညီနိုင်ပါသလဲ ပြောသာပြောပါ။ ကူညီလို့ရတာမှန်သမျှ ကူညီဖို့ ကတိပြုပါတယ်။ ပြောသာ ပြောပါ'

ထိုလူသုံးယောက် ရွှင်လန်းသော မျက်နှာများဖြင့် တစ်ဦးကိုတစ်ဦး ပြုံးရွှင်ကြည့်လျက် ခေါင်းတညိတ်ညိတ်နှင့်။

ထိုစဉ် မေးစေ့တွင် မဲ့နှင့်လူက-

'ဟုတ်ကဲ့ခင်ဗျာ၊ အခုလိုကြားရတာ ဝမ်းသာလှပါပြီဗျာ။ ကျွန်တော့်နာမည်က အောင်မင်းမါ။ ဟောဒီက သျှောင်တစောင်းက ပန်းပဲကိုဝကြီးပါ။ နောက် ဟောဒီ နှုတ်ခမ်းမွေးကတော့ ပန်းချီဆရာမောင်မောင်သိန်းပါခင်ဗျ'

'ဟုတ်ကဲ့၊ ဟုတ်ကဲ့။ မှတ်ထားပါ့မယ်'

'ကျွန်တော်တို့ လေးနှစ်လောက် ရှိပါပြီ။ အကျဉ်းအကျပ် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ကြုံနေရပါတယ်။ အမှီလည်းမရ၊ နောက်က မိသားစုတွေကလည်း ကောင်းမှုလုပ်ဆောင်မှု မမှန်လေတော့ ကျွန်တော်တို့ လိုရာခရီး မရောက်နိုင်ကြဘူး။ ပင်ကိုစိတ်ဓာတ်တွေ ကောင်းကြပေမယ့် အယူအဆအမှားကြောင့် မဖြစ်သင့်တာတွေ ဖြစ်ကြရပါတယ်'

'ဟုတ်ကဲ့၊ အဲဒီတော့ ကျွန်တော်က ဘယ်လိုဆောင်ရွက်ပေးရမှာပါလဲ'

'နောင်ကြီးတို့မိသားစုလည်း ဝန်ထမ်းလခစားတွေဆိုတော့ အားနာလှပါတယ်။ ကျွန်တော်တို့သုံးယောက်အတွက် ကောင်းမှုကုသိုလ်ပြုလုပ်ပြီး အမျှဝေပေးပါ။ နောင်ကြီးတို့ မိသားစုရဲ့ အနီးတစ်ဝိုက်မှာပဲ ရှိနေမှာပါ။ အခြားအန္တရာယ် မရှိအောင်လည်း စောင့်ရှောက်ပါ့မယ်ခင်ဗျ'

'ဟုတ်ကဲ့၊ ပြောပါဦး'

'နောင်ကြီးဆီ ကျွန်တော်တို့ ပစ္စည်းတစ်ခု မကြာမီ ပို့ပေးပါ့မယ်။ ကျွန်တော်တို့အတွက်သာ'

'ဟုတ်ကဲ့၊ စိတ်ချပါ ကိုအောင်မင်း။ လုပ်ပေးပါ့မယ်။ ကတိပြုပါတယ်။ အပန်းမကြီးလှပါဘူးဗျာ'

'ဝမ်းသာလိုက်တာ နောင်ကြီးရယ်။ ကဲ..ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦးခင်ဗျ'

'ကောင်းပါပြီခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com

စကားပြောပြီး သုံးယောက်သား လက်အုပ်ချီ၍ နှုတ်ဆက်လျက် ကျွန်ုပ်အိမ်ရှေ့ ဘူးစင်ရိပ်အောက်မှ ထွက်သွားကြလေတော့သည်။

'သူတို့ကို ကောင်းမှုပြု အမျှဝေပေးပါဆိုတော့ ဟာ..ဒါဆို ပရလောကသားတွေလား။ ပစ္စည်းတစ်ခုခု ပို့လိုက်ပါ့မယ်တဲ့။ အဲ..ဘာပစ္စည်းလဲ။ အဲ...ဘာပစ္စည်းများ ဖြစ်မလဲ'

'အစ်ကို..အစ်ကို'

'ဟင်..ဟင်..အင်း..အာ'

'နေ့ခင်းကြောင်တောင် အိပ်ပျော်ပြီး ဘာတွေယောင်နေတာလဲ။ ဘာပစ္စည်းလဲ။ ဘာပစ္စည်းလဲနဲ့။ ဟင်း..ဟင်း'

'အေး..အိပ်မက်ပါကွာ။ ဘာမှမဟုတ်ပါဘူး'

♦♦♦

ညနေပိုင်း အုတ်ကွင်းအတွင်း လုပ်ငန်းများ ပြီးသော အခါ မန်နေဂျာ ကိုထွန်းမြင့်နှင့် ရေနွေးကြမ်းသောက်ရင်း နေ့လယ်က ထင်ရှားလှသော အိပ်မက်အား မေးရန် စဉ်းစားမိသဖြင့် စကားစရတော့သည်။

'ကိုထွန်းမြင့်..တွံတေးမှာနေတာ ဘယ်လောက်ကြာပြီလဲ'

'အင်း..(၂၅)နှစ်လောက် ရှိပြီဆိုပါတော့။ ဘာပြုလို့လဲဟာ'

'ဒါဆို အိမ်ထောင်မကျခင်ကတည်းကပေါ့။ အဲဒီလို ဆိုရင် ဟို..ကိုအောင်မင်းဆိုတဲ့လူတစ်ယောက် ညာမေးစေ့မှာ အောက်နားပေါ့၊ အဲ..မဲ့နဲ့။ အမွေးရှည်က ပါသေး။ အသက်က (၄၀)လောက်ဗျာ။ ပြီးတော့ သွေ့ျာင်တစောင်းနဲ့ ဝဝ၊ တိုက်ပုံအင်္ကျီ အမြဲဝတ်တယ်။ ပန်းပဲသမား ကိုဝကြီးတဲ့။ နောက်တစ်ယောက်က မျက်ခုံးမွေးထူထူ နှုတ်ခမ်းမွေးက တော်တော်ကောင်းကောင်း သူက ပန်းချီဆရာမောင် မောင်သိန်းတဲ့။ ကျွန်တော့် အဲဒီလူ(၃)ယောက်အကြောင်း သိချင်တယ်'

လွန်စွာအံ့သြတူးဆန်းသောအကြည့်ဖြင့် ကိုထွန်းမြင့်က ကျွန်ုပ်အားကြည့်ပြီးလျှင် အံ့သြသောအမူအရာနှင့်-

'မင်း..အဲဒီလူတွေနဲ့ ဘယ်တုန်းက သိတာလဲ။ သူတို့နဲ့ ဘာကိစ္စရှိထားလို့လဲ။ ပြီးခဲ့တဲ့လေးနှစ်လောက်က ရန်ကုန်သွားရင်း ဒလမရောက်ခင် ဘုရားငုတ်တိုနားမှာ ကားမှောက်တော့ သူတို့သုံးယောက် ပါသွားတာ သေသွားတာကြားပေါ့။ ကြံကြံဖန်ဖန် မင်းက မေးတယ်။ ဘယ်လိုများအကြောင်းရှိလဲ။ လုပ်စမ်းပါဦးဟာ။ မင်းဟာက နည်းနည်းဆန်းနေပါလား'

ကျွန်ုပ်သည် လွန်စွာတိကျလှသော နေ့လယ်က အိပ်မက်အား မန်နေဂျာ ကိုထွန်းမြင့်သို့ အသေအချာပြောပြရလေသည်။ အမျိုးသမီး(ဇနီး)ကပါ နားထောင်အံ့သြနေသည်။

'အဲဒီ ကိုအောင်မင်းဆိုတဲ့လူ ပြောပြချက်အရ ပစ္စည်းတစ်ခုတော့ ထူးထူးဆန်းဆန်း ရောက်လာမယ်တဲ့။ အဲဒီအခါကျမှ ကျွန်တော်တို့ ဆက်ဆောင်ရွက်ကြတာပေါ့။ ဟုတ်ဘူးလား'

'အေးလေ၊ အဲဒီလိုပဲ လုပ်ရမှာပေါ့'

♦♦♦

တစ်နေ့သောနံနက်တွင် ကျွန်ုပ် အလုပ်သမားများအား စာရင်းတွက်၊ ငွေကြေးထုတ်ပေးပြီးနောက် မကြာမီ မျက်နှာသိထဲက မဟုတ်သော အမျိုးသမီး အသက်(၄၀)ခန့် ဝဝ အသားလတ်လတ်တစ်ဦး ရောက်လာလေသည်။ ၄င်း၌ ကြွပ်ကြွပ်အိတ်အနက်နှင့် ပစ္စည်းတစ်ခုလည်း ဆွဲလာလေသည်။

'အုတ်ကျင်းတာဝန်ခံ ဦးဆန်းနဲ့ တွေ့ပါရစေရှင်'

'ဟုတ်ကဲ့၊ ကျွန်တော်ပါပဲခင်ဗျာ။ ဘာများကူညီရမှာပါလဲ ပြောပါခင်ဗျ။ ထိုင်ပါဦး'

'အမယ်လေး..အစ်ကိုကြီးရေ၊ ရှင့်မိတ်ဆွေကြီးတွေပါ။ ပြီးတော့ ဟောဒီမှာ ဒီပစ္စည်းလေး ရှင့်ကို အမြန်ဆုံးပေးပေးပါဆိုလို့ အိပ်မက်,မက်တာ (၃)ရက်ရှိပြီရှင့်။ ဒါကြောင့် မေးစမ်းပြီး လာပို့ရတာပါ'

ထို့နောက် ခဏအနည်းငယ်ပြောပြီး နှုတ်ဆက်လျက် ပြန်သွားလေတော့သည်။ ထိုအမျိုးသမီးက အထွက် မန်နေဂျာ ကိုထွန်းမြင့်က လွယ်အိတ်ကလေးလွယ်လျက် ရောက်လာလေတော့သည်။

'မောင်ဆန်း..အခုန ဒီကပြန်သွားတဲ့ မိန်းမက ဟိုပန်းပဲ ဆရာဝကြီးရဲ့ မိန်းမပဲ။ အဲ..ဒါပေမဲ့ ဝကြီးသေပြီးနောက် နှစ်မှာပဲ နောက်ယောကျ်ားယူလိုက်တာ။ အင်း..အဲဒီမိန်းမကလည်း ခပ်ဆိုးဆိုး ခပ်ရှုပ်ရှုပ်ထဲကပဲဟေ့'

'အင်း..ဟောဒီမှာ ဝကြီးက အိပ်မက်ပေးလို့တဲ့။ ကျွန်တော့်ကို သွားပေးပေးပါဆိုပြီး စုံစမ်းမေးမြန်းပြီး လာပို့သွားတာ။ ဖြေတောင် မကြည့်ရသေးဘူး'

ထို့နောက် ကိုထွန်းမြင့်က ထိုကြွပ်ကြွပ်အိတ်အနည်းအား ဖြေ၍ အတွင်းက ပစ္စည်းအား ထုတ်ယူကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com

သောအခါ ဘုလုံးနှစ်ခုပါသော မည်းပြောင်နေသော ကျွန်းသားဖြင့် ပြုလုပ်ထားသော သစ်သား(အနှိပ်သည်)ဘုကလေးအား တွေ့ရလေသည်။ အောက်ဘက်မျက်နှာကား သဘော်ဆေးဖြူများ သုတ်ထား၏။ အရောင်ကား ဖျော့တော့ညစ်ထေးနေပေပြီ။

'အနှိပ်သည်ဘုပဲကွ။ ဘာမှလည်း မဆန်းပါဘူး'

ထို့နောက် ကျွန်ုပ်အား လှမ်းပေးရာ လှမ်းယူလိုက်စဉ် လက်ခလုတ်တိုက်၍ ထိုင်ခုံနှင့် ဆောင့်မိပြီး နှစ်ဆင့်ဆက်တိုက်မိသလိုဖြစ်ပြီး အောက်မြေကြီးပေါ် ကျသွားလေသည်။ ကောက်ပြီးကြည့်သောအခါ အောက်ဗိုက်မှ ဆေးများကွာသွားသဖြင့် ဝက်အူကဲ့သို့ မူလီခေါင်းအသစ်ကလေးအား တွေ့ရာ ဝက်အူလှည့်ပူ၍ လှည့်ချွတ်လိုက်သောအခါ တစ်လက်မခွဲပတ်လည် အဖုံးသံပြားကလေးပွင့်သွားပြီး အတွင်း၌ ဝါဂွမ်းများဖြင့် ပတ်ထားသော အထုပ်အား တွေ့ရလေတော့၏။

ထိုဂွမ်းစများအား ဝက်အူလှည့်ဖြင့် ထိုး၍ ကော်လိုက်ရာ အုတ်ပုံကျားလက်စွပ်(၂)ကွင်း (ရွှေသားချည်း)နှင့် သံကြိုးပုံဆွဲကြိုး စုစုပေါင်း ရွေချိန်နှစ်ကျပ်သားခန့်အား ကိုထွန်းမြင့်နှင့်အတူ အံ့သြစွာ တွေ့ရှိကြရလေသည်။

♦ ♦ ♦

မန်နေဂျာ ကိုထွန်းမြင့်နှင့် တိုင်ပင်၍ ထိုပစ္စည်းများအား ထုခွဲရောင်းချပြီးနောက် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး စသည်စုံအောင်စီမံ၍ ဘုန်းတော်ကြီးငါးပါး ပင့်ပြီး လျှင် ဆွမ်းကျွေးအလှူ ပြုလုပ်လှူဒါန်းပြီးလျှင် ကိုအောင်မင်း၊ ကိုဝကြီး၊ ပန်းချီမောင်မောင်သိန်းတို့အား သေသေချာချာ နာမည်ခေါ်၍ အမျှပေးဝေလျက် ကောင်းမှုကုသိုလ်များ ရစေကြောင်း တာဝန်(ကတိ)ခံထားသည့်အတိုင်း အဆင်ပြေစွာ ဆောင်ရွက်ပေးလိုက်နိုင်လေတော့သည်။

သုံးလခန့် အကြာတွင်တော့ ညတစ်ညတွင် ဝတ်ကောင်းစားလှများဖြင့် ဝင်းဝင်းဝါဝါ ရွှင်ရွှင်လန်းလန်း ကိုအောင်မင်း၊ ပန်းပဲကိုဝကြီး၊ ပန်းချီမောင်မောင်သိန်းတို့အား ဝမ်းသာကြည်နူးစွာ နှုတ်ဆက်လိုက်ရသည်ကို မြင်မက်ပြီး အမှတ်မထင် ပြုလုပ်လိုက်ရသော ကုသိုလ်ကောင်းမှုကား မိမိတို့အတွက်ပါ များစွာကျေးဇူးကြီးမားကြောင်း တွေ့ရသဖြင့် ပြောမပြနိုင်အောင် လွန်စွာပီတိဖြစ်ရလေတော့သည်။ တစ်နေ့သော နေ့လယ်ခင်း စာရင်းဇယားဆောင်ရွက်စရာများ လုပ်ဆောင်အပြီး ငါးခြောက်ဖုတ်အား ပဲဆီဆမ်း၍ ဇနီးက ချပေးသဖြင့် ရေနွေးကြမ်းအဖန်ကျကျဖြင့် မြည်းနေကြလေရာ ကိုထွန်းမြင့်က ငါးခြောက်ဖုတ်အား နှိုက်၍ မြည်းရင်း-

'ဒါ ဘာခြောက်လဲဟာ၊ ကောင်းလှချည်လား'

'ငါးပုပ်ခြောက်လေ။ ပဲဆီနဲ့ အလိုက်ပေါ့'

ထိုစဉ် ကိုထွန်းမြင့်က-

'အင်း...ငါ အဖြေရှာမရတာ တစ်ခုရှိတယ်။ ဒီသုံးယောက်ကပဲ ကွက်ပြီး မောင်ဆန်းကို ဘာကြောင့်အိပ်မက်ပေးရသလဲ။ အဲဒီကား မှောက်တုန်းက အနည်းဆုံး (၉) ယောက်လောက် သေတာလေ။ ကျန်တဲ့လူတွေက လာပြီး အိပ်မက်မပေးဘဲ ဒီသုံးယောက်ကပဲ။ အဲ..'

'အာ...ကိုထွန်းမြင့်ကလည်း ရှင်းရှင်းလေးပါဗျာ'

'ဟေ...ဘယ်လိုရှင်းတာလဲ။ လုပ်စမ်းပါဦး။ စိတ်ဝင်စားစရာပဲ'

'ဒီမှာလေ၊ ဒါပဲလေ ကိုထွန်းမြင့်ရဲ့'

ကျွန်ုပ်သည် စားပွဲလုပ်ထားသော ပျဉ်ပြားနှစ်ချပ်နှင့် ထိုင်ခုံလုပ်ထားသော ပျဉ်ချပ်များအား ပုတ်ပြလိုက်လေသည်။

'တို့ ဒီပျဉ်ပြားတွေ ဝယ်လာတာ ဘယ်ကလဲ။ ကဲ...ဒါက အခေါင်းအပေါက်ဖုံးတဲ့ အဖုံးပျဉ်ချပ်တွေ မဟုတ်လား။ တစ်တောင်(၁၈ လက်မ) ရှိတာလေ။ ခြောက်တစ်လက်မ သုံးချပ်စပ်ထားတာလေ'

'အေးဟ၊ ဟ...ဟုတ်ပြီဟေ့'

'အေးဗျာ...အဲဒီသုံးယောက်ရဲ့ အခေါင်းဖုံးပျဉ်ချပ် သုံးခုဖြစ်နေပါတယ်ဆိုရင် မှားပါတော့မလားဗျာ'

'အေးဟေ့...အေးဟ... လူသုံးယောက်၊ ပျဉ်သုံးချပ်။ ဟား...ဟား...ဟား...ဟုတ်ပါပေ့ မောင်ဆန်းရယ်။ တွေ့လည်း တွေ့တာပဲပါ့။ ကြဲလည်း ကြဲတတ်ပါ့'

'တိုက်ဆိုင်မှုတွေပေါ့လေ'

'အင်း...သံသရာလည်တယ်ဆိုတာ ငါ အတွေးပေါက်သွားပြီဟေ့ မောင်ဆန်းရ။ ဟား...ဟား...ဟား'

ထို့နောက် ကျွန်ုပ်လည်း ငါးပုပ်ခြောက်တစ်ဖတ်ကောက်၍ဝါးလိုက်လေရာ လွန်စွာအရသာရှိကြောင်း သတိပြုလိုက်မိလေတော့သတ္တည်း။

ဆန်းဝင်း(အောင်ပြည်)

မှတ်ချက်

* မန်နေဂျာ ဦးထွန်းမြင့်(ကွယ်လွန်)အား အမှတ်တရ။

www.burmeseclassic.com

www.burmeseclassic.com

ညီညီငြိမ်းချမ်း

နာနာဘာဝစံအိမ်

(၁)

'လူတချို့က လည်း ခက်တယ်ဗျ။ စိတ်အထင်ကို ကိုးကွယ်ကြောက်လန့် တတ်ကြတယ်။ မျက်စိနဲ့ တပ်အပ်သေချာ တွေ့တာမျိုးကိုတောင် မယုံကြည်ချင်တတ်ကြဘူးလေ။ အထင်ကို ကိုးကွယ်ပြီး အမြင်ကို မယုံကြည်တတ်ကြသူများ ခေါင်းစဉ်နဲ့ စာတစ်ပုဒ်ရေးဖို့ပဲ ကောင်းသေးတော့တယ်။ ခင်ဗျားရေးရင် ဖြစ်မှာပါ'

သူကို တိုးနှောင်းမိုး ပြော၏။ သူနှင့် ဝိုင်ချို့တို့ စကားမပြန်ဖြစ်ကြ။ အခုတလော တိုးနှောင်မိုး တစ်ယောက် စိတ်ကသိကအောက် ဖြစ်နေပုံရသည်။ လက်ဖက်ရည်ဆိုင်လည်း မထိုင်ချင်၊ အရက်ဆိုင်ဆိုလည်း ခေါင်းခါ စိတ်နှင့်ကိုယ် ယာယီပြတ်စဲနေပုံမျိုးပဲ ဖြစ်သည်။

'ခရီးတစ်ခုခုထွက်ရရင် မကောင်းဘူးလား'

ဝိုင်ချို ပြော၏။ သူမျက်နှာကိုလည်း အဓိပ္ပာယ်ပါသော အကြည့်ဖြင့်ကြည့်ရင်း ပြောခြင်းဖြစ်သည်။ သူ နားလည်သည်။

တိုးနှောင်မိုး တစ်ယောက် စိတ်ပြေ လက်မျောက် ဖြစ်စေလိုသော စေတနာနှင့် ပြောခြင်းပေကိုး။

www.burmeseclassic.com

www.burmeseclassic.com

"အိုကေ..တိုးကြီး၊ ခရီးထွက်ကြရအောင်ကွာ"

"ဘယ်လိုလဲ"

"တစ်နေရာရာပေါ့ကွာ။ တို့(၃)ယောက် အတူသွားကြတာပေါ့"

ဤသို့ဖြင့်..။

(၂)

သူတို့ အာရုက်ဖိုနယ်မြေပေါ်သို့ ရောက်ခဲ့ကြပါပြီ။

ဗင်နီဇွဲလားစာရေးဆရာ မစ်ဂွဲအိုတာရီဆီးလဗားသည် သာယာအေးချမ်း လှပလွန်းသည့် တပ်စကန်ကျေးရွာတွင် ရဲတိုက်ဟောင်းကြီးတစ်လုံး ဝယ်ထားသည်ဆို၏။ ရီနေဆွန်း ခေတ်က ရှေးဟောင်းရဲတိုက်ကြီးဖြစ်သည်ဟု ဆိုထား၏။ မစ်ဂွဲကိုယ်တိုင် အဲဒီမှာ ရှိနေမည်၊ လာခဲ့ကြပါ ဆို၏။

အပြောကြီးသည် ကြွားလွန်းလှသည့် ထင်ထားသော သူတို့(၃)ယောက်မှာ အထင်နှင့်အမြင် ပါစင်အောင် လွဲချော်ကြတော့သည်။

လှလိုက်တာ၊ သာယာလိုက်တာ၊ အေးချမ်းလိုက်တာ၊ အိပ်မက်ထဲက ရွာကလေးလို့သာ ပြောလိုက်ချင်ပါတော့သည်။ နေရာတိုင်းတွင် ကမ္ဘာလှည့်ခရီးသည်များနှင့်သာ ပြည့်ကျပ်ညပ်နေ၏။ ဆိုက်ပရက်(စ်)ပင်များ ပေါက်နေသည့် လမ်းအတိုင်း ဟိုင်းဒီမောဖြင့် လျှောက်လာခဲ့ကြသည်။ သူပြောသည့် ရဲတိုက်နှင့် ဘူတာဆိုး၍ ဘာမျှမမြင်ရသေး။ မြင်ရသူတိုင်း၏ မျက်နှာသွင်ပေါ်တွင် မည်သည့် ပူပင်သောက၊ မည်သည့်စိုးရိမ်ကြောင့်ကြခြင်း အရိပ်အရောင် သော်မျှ မတွေ့ရ။ အေးဆေးတည်ငြိမ် ငြိမ်းချမ်းလှပါဘိတော့။ လူရှင်းသည့် တစ်နေရာတွင် ဒေသခံဖြစ်ပုံရသူ အဒေါ်ကြီးတစ်ယောက် ငန်းတွေ ကျောင်းနေသည်ကို တွေ့ရ၏။ သူ မေးလိုက်ဖြစ်သည်။

"အန်တီခင်ဗျား..စာရေးဆရာမစ်ဂွဲရဲ့ ရဲတိုက်ကြီးဆိုတာ ဘယ်နားမှာ ရှိပါသလဲခင်ဗျာ"

"ဟေ့..တစ္ဆေကို ခွာတ်ပုံရိုက်သွားကြဦးမလို့ ထင်တယ်။ ဒီလမ်းအတိုင်းလျှောက်၊ အခုမြင်ရတဲ့ လေရဟတ်ဆီရောက်ရင် ညာဘက်ကိုချိုးလိုက်၊ (၂)ဖာလုံမရောက်ခင် တွေ့ရမယ်။ ငါသားတွေကို ဘုရားသခင်ကောင်းချီးပေးပါစေ။ ရဲတိုက်ကြီးက တစ္ဆေခြောက်တတ်တယ်နော်။ သတိထား"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် အန်တီ"

"အင်း..ခက်တာပဲ လူတွေ့၊လူတွေ့။ ဒီလောက်တောင် ခေတ်မီတိုးတက်နေပါတယ်ဆိုတာကို သိပါလျက်သားနဲ့ အတွေးအခေါ် အယူအဆဟောင်းတွေ လက်ခံနေကြသေးတယ်။ အထင်တွေ၊ အထင်တွေကို ယုံကြည်ချင်ကြသေးတယ်။ မင်းရော ဘယ်လိုထင်လဲ ဝိုင်ချို"

စိတ်လက်ကြည်သာနေပုံရသည့် တိုးနှောင်မိုးက ဝိုင်ချိုကို လှမ်းမေး၏။ ဝိုင်ချိုက လေးလေးနက်နက်ခေါင်းညိတ်ရင်း ပြန်ပြောသည်။

"ယုံကြည်ရာ ယုံကြည်ကြောင်းပေါ့ကွာ။ သူဟာသူ ယုံကြည်နေတဲ့အရာကို မယုံကြည်ရဘူးလို့ တားမရဘူးလေ။ ဒီလောက်ရှိလှတဲ့တစ္ဆေ တွေ့အောင်ရှာပြီး အရက်နဲ့ မြည်းရမယ်။ ဟား..ဟား..ဟား"

တိုးနှောင်မိုးလည်း ရယ်ပါသည်။ သူတို့ ကျေနပ်ပါသည်။ တလောက လေယာဉ်ပျက်ကျသွားတဲ့အထဲ သူ အသည်းစွဲ ကောင်မလေးတစ်ယောက် ပါသွားရှာသဖြင့် စိတ်လက်မကြည်မလင်ဖြစ်နေသည့် သူတို့သူငယ်ချင်း တိုးနှောင်မိုးအတွက် ပျော်ရွှင်စရာခရီးပဲ ဖြစ်ပါစေတော့လို့ သူတို့ ဆုတောင်းခဲ့ကြရတာ။

အဲဒီလိုနှင့် သူငယ်ချင်း(၃)ယောက်သား မိတ်ဆွေကြီး မစ်ဂွဲအိုတာရိ၏ တစ္ဆေခြောက်သည်ဟု နာမည်ကြီးသတင်းထွားလှသည့် ရဲတိုက်ကြီးရှိရာသို့ ရောက်ခဲ့ကြခြင်းပဲဖြစ်သည်။

မစ်ဂွဲအိုတာရိဆီးလဗားသည် အလွန်အင်မတန်ဖော်ရွေသော အိမ်ရှင်တစ်ယောက်ဖြစ်သည်။ ဧည့်ဝတ်ကျေပွန်လှသည်။ အဖော်ကောင်း မက်သလောက် အသောက်ကောင်းကြိုက်လှသည်။ စာရေးလည်း အင်မတန်ကောင်းလှသည်။ စကားပြောဆိုရာတွင်လည်း စိတ်အားထက်သန်လှစွာဖြင့် ကျလောက်အောင် ပြောတတ်သူဖြစ်သည်။ ပျော်တတ်သူကြီးလည်း ဖြစ်နေပြန်ရာ မတွေ့မဆုံတာ ကြာလှပြီဖြစ်သဖြင့် ရှေးဖြစ်နောက်ဟောင်းများကို တဝါးဝါး တဟားဟားဖြင့် ဦးဆောင်ပြောနိုင်စွမ်းရှိသူပဲ ဖြစ်၏။

သူတို့သူငယ်ချင်း(၃)ယောက် အမှန်ပင် ပျော်ကြရပါသည်။ ခရီးရောက်မဆိုက် သူ၏ နာမည်ကျော် ရဲတိုက်ဟောင်းကြီးကို မကြည့်အားနိုင်ကြသေး။ နေ့လယ်စာသောက်ပွဲစားပွဲဖြင့် တွေ့ဆုံဖြစ်ခြင်း အခမ်းအနားကို ချီးယား(စ်)လုပ်ဖြစ်ကြသည်ကိုး။

သိတော်မူကြသည့်အတိုင်း ဝိုင်ချိုတစ်ယောက် သာစလျှာစ ရွှင်လျက် နှုတ်တရွရွ ရင်တသသဖြင့် ကမ္ဘာ့ရွှင်တော်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

ကို စတင်ဖွင့်လှစ်သည်။ သူငယ်ချင်းတိုးနှောင်မိုးကလည်း အားကျမခံ သူ၏ နာမည်ကြီးကဗျာဖြစ်သည့် သရက်သီး သနပ် ကဗျာကို ထန်နှင့်မာန်နှင့် ဟန်နှင့် ရွတ်ဆိုပြလေရာ လက်ခုပ်သံ တဖြောင်းဖြောင်းနှင့် အားပေးလိုက်ကြသည်ပေါ့။

ကျေးဇူးတင်ပါသည်၊ ကျေးဇူးတင်ရပါသည် မစ်ဂွဲခင်ဗျား။

တိုးနှောင်မိုးတစ်ယောက် စိတ်နှင့်ကိုယ်နှင့် ပြန်လည်ပေါင်းဖက်မိကြပြီဟု သူတို့ ယုံကြည်လိုက်ကြလို့ပဲ ဖြစ်သည်။ တိုးနှောင်မိုးတစ်ယောက် ပျော်နေ၏၊ ပြုံးနေ၏။ သူတို့ စိတ်ချမ်းသာကြရသည်။

'ကျွန်တော် ပြောဦးမယ်ဗျ။ ခင်ဗျားတို့ ထုံချင်မှ ယုံကြမှာ'

အစချီစကားနဲ့ နိဒါန်းပျိုးပြီး မိတ်ဆွေကြီး အိမ်ရှင် စာရေးဆရာမစ်ဂွဲက သူစိတ်ဝင်စားသော အကြီးအကျယ် ထင်ရှားကျော်ကြားခဲ့သော လူဒိဗ်ဇီကို၏အကြောင်းကို ပြောပါလေတော့သည်။

လူဒိဗ်ဇီကို၏ စွန့်စားခန်းများအကြောင်း၊ အနုပညာနှင့် စစ်တိုက်ခြင်းအပေါ် ဝါသနာကြီးမားပုံအကြောင်း၊ တန်ခိုးဩဇာကြီးပုံ၊ ပျော့ပျောင်းနူးညံ့ သိမ်မွေ့သည့်အရာတွင် (၂)ယောက်မရှိသလို ရက်စက်ခက်ထန်မိလျှင်လည်း သူ့အပြင် တခြားမရှိကြောင်း၊ သူချစ်မြတ်နိုးလှသည့် ချစ်သူအပေါ် မနာလိုဝန်တိုအားကြီးစိတ်ဖြင့် သူတို့အိပ်သည့် (၂)ယောက်အိပ် ခုတင်ထက်တွင် ရက်ရက်စက်စက် ဓားနှင့် ထိုးသတ်ပုံအကြောင်း၊ သူ့ကို ဖယ်သူလည်း ရက်စက်ကြမ်းကြုတ်လှသည့် ခွေးကြီးများကို ဖြေလွှတ်ပြီး အကိုက်ခံ၍ သေဆုံးသွားရပုံအကြောင်းများကို အသည်းတထိတ်ထိတ် ရင်တဖိုဖိုဖြစ်အောင် ပြောပြသည်။

သူ နောက်ရေးမည့် ဝတ္ထုတစ်ပုဒ်ပဲလား၊ ဒါမှမဟုတ် ရေးလက်စဝတ္ထုတွေပဲလားတော့ မပြောတတ် ကြားရသူ၏ ရင်ကို မရိုးမရွဖြစ်အောင် လှုပ်နှိုးသည်တော့ အမှန်။

'သူကတော့ သေသွားခဲ့ပြီ၊ ကြာခဲ့ပြီပဲဗျာ။ ဒါပေမဲ့ သူ့ဝိညာဉ်က မသေဘူးဗျ။ ခင်ဗျားတို့ကိုပြောရင် ယုံမှာ မဟုတ်ဘူးရယ်။ ကျွန်တော်က ကိုယ်တိုင် ကြုံခဲ့ရတာ။ သန်းခေါင်ကျော်တာနဲ့ ရဲတိုက်ထဲမှာ လျှောက်သွားနေတော့ တာပဲဗျာ'

မစ်ဂွဲက ခပ်တည်တည်ပဲ ပြောနေခြင်းဖြစ်သည်။ သောက်ဖြစ်ကြသည်မှာ သိပ်များများစားစားလည်းမဟုတ်။ နေ့ခင်းကြောင်တောင် မစ်ဂွဲ၏ စည့်ခံပုံပြင်တစ်ပုဒ်လို့ပဲ ထင်မိသည်။ တိုးနှောင်မိုးက ရဲတိုက်ကြီးပေါ် မော့ကြည့်ပြီး မစ်ဂွဲကို မေး၏။

'သူနေသွားတဲ့အခန်းက ရှိသေးလို့လား'

'ရှိတာပေါ့ဗျာ။ ခေတ်အဆက်ဆက် ဘယ်ဝိုင်ရှင်မှ လည်း သူ့အခန်းကို မပြုပြင်ခဲ့ကြဘူး။ ကျွန်တော်လည်း ပြင်ချင်စိတ် မရှိဘူးဗျ။ ဘယ်လိုဖြစ်လဲတော့ မသိဘူး။ စိတ်ထဲမှာလည်း လူဒိဗ်ဇီကို တစ္ဆေနဲ့ ရင်းနှီးနေတော့သလိုမျိုးပဲဗျ'

'လာဗျာ၊ သွားကြည့်ကြရအောင်'

'အိုခေ၊ ကျွန်တော်ကလည်း ခင်ဗျားတို့ကို ပြချင်နေတာ'

အမှန်အတိုင်းပြောရလျှင် သူနှင့် ဝိုင်ချို ဆက်ထိုင်နေချင်ပါသေးသည်။ စိတ်မြန်သော တိုးနှောင်မိုးနှင့် စိတ်အားထက်သန်နေသော မစ်ဂွဲကြောင့်သာ သူတို့(၂)ယောက် နောက်က လိုက်ခဲ့ရခြင်းဖြစ်သည်။

ရဲတိုက်ကြီးကို အပြင်က ကြည့်ရသည်မှာ ဘယ်လိုမှ ကြောက်စရာမကောင်းပေ။ အခန်းပေါင်း(၈၂)ခန်းရှိသည် ဆိုသည့် ရဲတိုက်ကြီးမှာ ကြီးလည်း ကြီးမားလှပါသည်။ အသည်းငယ်တတ်သူများအဖို့တော့ ချောက်ချားစရာဖြစ်နိုင်ပါသည်။ အမှန်စင်စစ် ဒီလောက်ခေတ်မီတိုးတက်ထွန်းကားနေသည့် ကာလကြီးမှာ တစ္ဆေသရဲ ဆိုသည်များအတွက် နေရာဆိုတာ ရှိနိုင်ပါဦးမည်လော။ ဘာပဲဖြစ်ဖြစ် မစ်ဂွဲကတော့ တက်ကြွနေသလိုမျိုးပဲဖြစ်သည်။ မျက်နှာကလေးမှာ ရွှင်လို့ ကြည်လို့။ တိုးနှောင်မိုးကတော့ ကစားစရာအရုပ်အသစ်ရတော့မည့် ကလေးတစ်ယောက်ရဲ့ ပုံစံမျိုး။

'အောက်ထပ်ကိုပဲ ပြင်ထားတာဗျ။ ဒုတိယနဲ့ တတိယထပ်ကတော့ ရှေးမူမပျက် ရှေးလက်ရာတွေပေါ့ဗျာ'

ဟုတ်သည်။ ပထမထပ် အခန်းတိုင်းအခန်းတိုင်းတွင် ခေတ်မီ နောက်ဆုံးပေါ်ပစ္စည်းအသုံးအဆောင်များဖြင့် မွမ်းမံပြင်ဆင်ထား၏။ ရေခဲနှေးငွေ့ရေချိုးခန်း၊ လေသမစက်၊ မီးပွင့်၊ မီးဆိုင်းများဖြင့် စိတ်တိုင်းကျ တည်ဆောက်ဖွဲ့စည်းထား၏။ ဘာဆိုဘာမှ လိုလေသေးမရှိပေ။ မစ်ဂွဲ နိမ့်ပါးစဉ်ကာလက အိပ်မက်များကို အကောင်အထည်ဖော်ဆောင်ခြင်းဖြစ်သည် ဆို၏။ လေးစားဂုဏ်ယူရပါသည် မစ်ဂွဲခင်ဗျား။

ဒုတိယနှင့် တတိယထပ်ကိုတော့ ဘာဆိုဘာမှ ပြုပြင်

www.burmeseclassic.com

www.burmeseclassic.com

ထားခြင်းမရှိပေ။ တကယ့်ရှေးဟောင်းယဉ်ကျေးမှုပြတိုက်တစ်ခုသို့ ရောက်ခဲ့ကြသလိုပဲဖြစ်သည်။ ရှေးမူရှေးလက်ရာများဖြင့် ပကတိ ရှေးဟောင်းပြတိုက်များ ရှိနေဆွန်းခေတ်၏ အင်္ဂေအသက်ကို အပြည့်အဝရရှိ၏။ သူသဘောကျသည်ကတော့ အလင်းရောင်ဖွဲ့စည်းမှုပဲဖြစ်သည်။ နေနှင့်လတို့၏ အလင်းရောင်ကို အချိုးညီဖြာကျအောင် အခန်းတိုင်းမှာ မှောင်မည်းမနေအောင် သဘာဝအလင်းအရောင်ကို အမိအရ ဖမ်းဆုပ်နိုင်အောင် တည်ဆောက်ခဲ့ကြသည့် ရှေးဗိသုကာပညာရှင်တို့၏ လက်ရာမွန်ကို တွေ့ရ၏။

'ဒါ..လူဒိုဗီကိုရဲ့ အခန်းပဲဗျ'

တတိယထပ်၏ အခန်းတစ်ခန်းပဲဖြစ်သည်။ ကျိုးကျိုးကျိုက်ကျိုက် မြည်သံကြီးနှင့် တံခါးပွင့်သွား၏။ စင်တစ်ခုပေါ်တွင် သူခေတ်သူအခါက သုံးစွဲခဲ့သည့်လက်နက်များ ချိတ်ဆွဲထားသည်။ မီးလင်းဖိုထဲတွင် ပြာမှုန်များ၊ ကျောက်ခဲ ဖြစ်သွားသည့် ထင်းတုံးကြီး၊ ကနုတ်ပန်းပေါင်ထဲကနေ အဝေးတစ်နေရာဆီ ရီဝေဝေးမောနေသည့် လူကြီးလူကောင်းတစ်ယောက်၏ ပုံတူဆေးရေးပန်းချီကားကြီး။

'လူဒိုဗီကိုဆိုတာ သူပါပဲ။ ဒါက သူ့အိပ်ရာလေ'

ရွှေခြည်ထိုးကန့်လန့်ကာကို ဆွဲဟပြီး မစ်ဂွဲ ပြသည်။ ဘယ်ဆီဘယ်နေရာက ထွက်ပေါ်လာမှန်း မသိရသည့် လတ်လတ်ဆတ်ဆတ် စတော်ဘယ်ရီသီးနှံကိုရသဖြင့် ရင်ထဲတွင် တစ်မျိုးကြီးခံစားရသည်။

ကြီးမားသည့် ခုတင်ကြီးပေါ်တွင် ခြောက်သွေ့မာတောင့်နေပြီဖြစ်သော သွေးကွက်ကြီးကို မြင်ကြရသည်။ လောဘ၊ ဒေါသ၊ မောဟကြောင့် ဖြစ်ပျက်ခဲ့ကြသည့် လူသမိုင်းများ၊ အချစ်ကြီးလွန်းသဖြင့် အမျက်ကြီးခဲ့ရပါသည့် လူဒိုဗီကို။ ဩော်..သူချစ်သူကို သူလက်နှင့် သတ်ခဲ့တယ်တဲ့လား။ သူကိုယ်သူလည်း ပိုးစိုးပက်စက် အသက်ဆုံးရှုံးစေခဲ့တယ်တဲ့လား။ စိတ်မကောင်းခြင်းကြီးလှစွာဖြင့် အခန်းထဲမှ သူတို့ လူစုပြန်ထွက်ခဲ့ကြသည်။ စတော်ဘယ်ရီနှံလည်း ကျန်နေရစ်ခဲ့၏။

နာမည်ကျော်ပန်းချီဆရာကြီး ပီယာရိဒယ်လာ၏ နံရံဆေးရေးပန်းချီလက်ရာများရှိသည့် ဘုရားကျောင်းဆီသို့လည်း မစ်ဂွဲ လိုက်လံပြသပါသည်။ တိုးနှောင်မိုးနှင့် ဝိုင်ချို တို့ ရင်ထဲတွင် မည်သို့ရှိနေမည်မသိ။ သူ့ရင်ထဲ၊ စိတ်ထဲ၊ နှလုံးသားထဲတွင်မူ လွန်ခဲ့သည့်နှစ်ပေါင်း(၃၀၀)ကျော် လောက်ဆီက လူဒိုဗီကို၏ ငေးမောဆွေးလျှေနေသည့် မှန်ပေါင်ထဲကမန်းချီကားရုပ်လွှာက မှတ်မှတ်ရရကြီး စွဲထင်နေ၏။

ညနေစောင်းနေပြီဖြစ်သဖြင့် ဝိုင်းဖွဲ့ထိုင်မိကြပါသည်။ နှစ်ချို့ဝိုင်တွေကလည်း ကောင်းမှကောင်း။ အကင်၊ အကြော်အလှော်၊ အချက်အပြုတ်တွေကလည်း ကောင်းမှကောင်း။ ကြိုက်တတ်သူများအတွက် ပြောပါတယ်။ သောက်လိုက်ကြသည်မှာ ဘာပြောကောင်းလိမ့်မတုံး။ မစ်ဂွဲကို ဂုဏ်ပြုလိုက် လူဒိုဗီကို ဂုဏ်ပြုလိုက် အချင်းချင်းရဲ့ ကဗျာတွေ၊ စာအုပ်တွေကို ဂုဏ်ပြုလိုက်၊ သီချင်းတွေ အော်ဆိုလိုက်ကြနှင့် ပွဲစဉ်က တော်တော်နှင့်ကို အတောမသတ်ကြ။ နာရီကြည့်မိတော့ ည(၉)နာရီကျော်။ မိုးကုပ်စက်ဝိုင်းကြီးကလည်း သူ့အတိုင်း၊ သူ့အတိုင်း ပြောင်းလဲခြင်း မရှိသေး။ တပ်စကန်နီ၏ နွေရက်များကား ရှည်လားလိုက်ပါဘိတော့။

မနက်ဖြန် ခရီးဆက်စရာရှိသဖြင့် မစ်ဂွဲ၏ အခန်းနှင့် ကပ်လျက်သားအခန်းမှာပင် အိပ်ကြသည်။ အခန်းမှာ ခေတ်မီလွန်းလှသဖြင့် ချောက်ချားစရာလုံးဝမရှိ။ ဝိုင်ချို၏ တရူးရှူးအသက်ရှူသံမှန်မှန်နှင့် မရှေးမနှောင်းမှာပင် တိုးနှောင်မိုး၏ တဆေးခေါေါသံကျယ်ကြီးကို ကြားရ၏။ သူတော်တော်နှင့် အိပ်မပျော်။ လူဒိုဗီကို၏ခြေသံကို ကြားရနိုးနိုး၊ တစ္ဆေသရဲတို့၏ အင်္ဂေအသက်ကို ခံစားရနိုးနိုး နားစွင့်ရင်း ဘယ်အချိန်အိပ်ပျော်မှန်းမသိ အိပ်ပျော်သွားခဲ့သည်။ အိပ်မက်ပင် မမက်နိုင်ခဲ့။

နောက်နေ့ မနက်(၇)နာရီကျော်မှ သူက တစ်ရေးနိုးခဲ့ခြင်းဖြစ်သည်။ အိပ်လို့ကောင်းလိုက်တာ ဘာကောင်းသလဲမမေးနှင့်။ တိုးနှောင်မိုးက ဟောက်လို့ကောင်းတုန်း။ ဝိုင်ချိုက မမ,မမနှင့် ယောင်လို့ကောင်းဆဲ။ မိုးက စင်စင်လင်းလျက်။ သူနှာခေါင်းဝမှာ စတော်ဘယ်ရီအနံ့ ရလိုက်သည်ထင်၏။ သူ ခေါင်းနားပန်းကြီးသွားပြီး ဆတ်ခနဲ ထထိုင်ဖြစ်တော့-

'ဟာ..ဟိတ်ကောင်..ဟိတ်ကောင်တွေ၊ ထ..ထ..ထကြစမ်းပါဦးဟာ။ ငါ..ငါတို့ လူဒိုဗီကိုရဲ့အခန်းထဲ ရောက်နေကြပြီ။ ငါတို့အိပ်တာ ပထမထပ်၊ အခု တတိယထပ်ကို ရောက်နေတာ။ အမယ်..သွေးခြောက်တွေနဲ့ ခုတင်ပေါ်မှာ'

ညီညီပြုံးချစ်

နိုဘယ်ဆုရ ကိုလံဘီယာ စာရေးဆရာ Gabriel Garcia Marquez ၏ The Ghosts of August ကို မှီငြမ်းပါသည်။ (စာရေးသူ)

www.burmeseclassic.com

www.burmeseclassic.com

လူတို့သည် မိမိနှင့်
ဆက်နွယ်ပတ်သက်ကြသောသူတို့
ကိုလည်းကောင်း၊ ပစ္စည်းဥစ္စာ ရတနာရွှေငွေ
လယ်ယာမြေ အစရှိသည့် စည်းစိမ်ဥစ္စာ ရတနာတို့ကိုလည်း
ကောင်း၊ မိမိ၏ ဖြစ်ဆဲ,ဖြစ်လတ္တံ့ ဘဝခန္ဓာတို့ကိုလည်း
ကောင်း တပ်မက်သည့်တဏှာကြောင့် သံသရာမှ လွတ်
မြောက်ရန် ထွက်ပေါက်ရှာမရ ဖြစ်နေကြရ၏။

ဘဝပေါင်းများစွာ ကောင်းမှုကုသိုလ်နှင့် မကောင်းမှု
အကုသိုလ်တို့ကြောင့်ဖြစ်သော ကမ္မဝဋ်ကို မရုပ်မနား လည်
ပတ်နေစေရန် ကိလေသာဝဋ်က ထပ်မံလှည့်ပေးနေသဖြင့်
လည်း မဆုံးသော သံသရာဝဋ်ဒုက္ခအတွင်း၌ အဖန်ဖန်
အထပ်ထပ် လည်ပတ်နေကြရခြင်း ဖြစ်သည်။

ကုသိုလ်ကံ,အကုသိုလ်ကံတို့ဖြင့် ရောထွေးလည်ပတ်
နေသော ကမ္မဝဋ်ကြောင့် သေခြင်းတရားလေးပါးဖြစ်သည့်-
(၁) အာယုကမ္မယမရဏ-သက်တမ်းကုန်၍ သေရခြင်း၊
(၂) ကမ္မကမ္မယမရဏ-ကံကုန်၍ သေရခြင်း၊

www.burmeseclassic.com

www.burmeseclassic.com

(၃) ဥဘက္ကယမရဏ-အသက်ကံနှစ်ပါးကုန်၍ သေရခြင်း၊
(၄) ဥပစ္ဆေဒကမရဏ-အသက်ကံနှစ်ပါး ရှိသော်လည်း လတ်တလော အခြားကံတစ်ခုခုကြောင့် ရုတ်တရက်သေဆုံးရခြင်း စသောသေခြင်းတရား အစရှိသည်တို့ကိုလည်း မလွဲမရှောင်နိုင် ရှိကြရချေသည်။

သို့သော် မည်သည့် နည်းဖြင့်ပင် သေသေ မရဏာသန္နဇောနှင့် အတူ အာစိန္နကံ၊ အာသန္နကံတို့ ဖြစ်ပေါ်ပြီးမှ လားရာဂတိ ငါးပါးတွင် ကံအလျောက် ဖြစ်ကြရ၏။ ထိုသို့ ဖြစ်ပေါ်ရာ၌ မရဏာသန္နဇော ကပ်ငြိနှိုက်တွင် အာစိန္နကံ၊ အာသန္နကံဆိုက်၍ ဘဝခန္ဓာ ဖြတ်ရာ၌ ဝိပါက ဝဋ်က ရုပ်သစ်၊ နာမ်သစ်၊ ဘဝသစ်ကို ဖြစ်ပေါ်စေသည်။ ထိုသို့ ဖြစ်ပေါ်ရာမှ ကြားကာလမရှိ တစ်ဘဝမှ တစ်ဘဝ၊ အဟောင်းမှ အသစ် ကူးပြောင်းမှုကို အချို့တို့က ဝင်စား သည်၊ လူဝင်စား လေး အစရှိသဖြင့် ဇာတိသရဏာဉာဏ်ကို ရည်ညွှန်းပြောဆိုလေ့ ရှိကြပေသည်။ သည်သို့ဆိုပါလျှင်..

♦ ♦ ♦

ဒါ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး ခင်မှုံ၊ နင်ပဲ စဉ်းစားကြည့်လေ။ နင့်သမီး မြလေး နှယ်က ခုမှ ဆယ့်ခြောက် နှစ်ထဲ ဝင်ခါစပဲ ရှိသေးဘူး ဟိုက အဖေအရွယ်ကြီး အတတ် လေးဆယ်ကျော်။ ဒီစီး ငါ

www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ် ရှည်ရှည်ဝေးဝေး ဘာမှမပြောတော့ဘူး။ ကြားလည်း မကြားချင်ဘူး'

ပြတ်ပြတ်သားသား ပြောလိုက်သော ဘကြီးကျော်လှ စကားကြောင့် ဒေါ်ခင်မှုံ မျက်စိမျက်နှာပျက်သွား၏။ ဘာဆက်လုပ်ရမှန်းလည်းမသိအောင် ဖြစ်သွားသည်။

မိမိတို့ဆွေစုမျိုးစုထဲတွင် ဘကြီးကျော်လှသည် သြဇာအာဏာအကြီးဆုံး၊ ကြည်ညိုလေးစားထိုက်ဆုံး ပုဂ္ဂိုလ်ဖြစ်သည်။ မည်သည့်အရေးကိစ္စရှိရှိ ဘကြီးကျော်လှကို တိုင်ပင်ကြရသည်။ မည်သူမျှ ဘကြီးကျော်လှကို လွန်မဲလုပ်ရဲ၊ ဘကြီးကျော်လှ စကားကို မပယ်ရှားရဲ။

ယခုလည်း သမီးလေး၏ သေရေးရှင်ရေးတမျှ ကိစ္စတစ်ရပ်ကို ဘကြီးကျော်လှအား တိုင်ပင်ရာ ဘကြီးကျော်လှက ခါးခါးသီးသီး ငြင်းပယ်လိုက်သဖြင့် ဒေါ်ခင်မှုံ ခေါင်းမီးတောက်သွားရ၏။

ဘကြီး၏ စကားများကလည်း အားလုံးအမှန်ချည်းဖြစ်နေသည်။ မိမိကိုယ်တိုင်ပင်လည်း ဘကြီးလိုပင် တွေးခဲ့မိသည်။ သမီးအတွက် အမျိုးမျိုးဝေဖန်စောကြော တွေးတောမိသည်။ မိမိ၏သမီး နုနုထွတ်ထွတ်လေးကို အသက်လေးဆယ်ကျော် လူကြီးတစ်ဦးနှင့် မည်သည့်နည်းဖြင့် ကြည်ကြည်ဖြူဖြူ လက်ခံနိုင်ပါမည်နည်း။ လက်ဆက်ပေးနိုင်ပါမည်နည်း။

သို့သော် ဆန်းကြယ်လှသောကံကြမ္မာ၏ မယုံကြည်နိုင်လောက်စရာ သံသရာတစ်ပတ်ကြော့ ပြန်လာခဲ့သည့် သည်အဖြစ်ကိုတော့ သူ့အနေနှင့် မည်သို့မျှ မတတ်နိုင်ခဲ့ပါချေ။

သံသရာမှ ကံကြမ္မာ၏ ထူးဆန်းအံ့သြဖွယ် အဖြစ်တစ်ခုအနေနှင့်သာ လက်ခံခဲ့ရပေ၏။

◆◆◆

စိမ်းစိမ်းမြမြ လယ်ကွင်းပြင်ကြီးက တစ်မျှော်တစ်ခေါ်။

လေတိုက်တိုင်း မြစိမ်းရောင်သင်ဖျာကြီးတစ်ခု တလိပ်လိပ်တက်လာဘိအလား တရိပ်ရိပ်တက်လာကာ ကောက်ရုံးက သင်းနေ၏။ လယ်ကွင်းပြင်ကျယ်ကြီး အဆုံးတွင်တော့ ကြာရိုးကြာစွယ်၊ ကြာပန်း၊ ကြာရွက်တို့ ထူထပ်စွာပေါက်နေသော သစ်ဖြူအင်းကြီး၊ အင်းကြီးကလည်း လယ်ကွင်းပြင်ကြီးကဲ့သို့ပင် ကျယ်ဝန်းလှပေသည်။

အင်းကြီးထဲ၌ ပိန်းကောလှေလေးတွေကလည်း အစီအရီ။ ကျွဲခေါင်းသီးခူးသူ၊ ငါးတော်ပေါက်သူ၊ ကိုင်းတန်းချသူတို့ဖြင့် ပြည့်နေ၏။ ထိုအင်းကြီးက ခင်မှုံတို့ရွာအပါအဝင် ပတ်ဝန်းကျင်ကျေးရွာများအတွက် စပါးကျီကြီးတစ်ခုပမာ အားကိုးရပေသည်။

အချို့အင်းကြီးထဲရှိ ရေဘဲ၊ စစ္စလီ၊ ခရုရပ်၊ ဗျိုင်းအောက်၊ ဝန်လို စသောငှက်များကို ဖမ်းဆီး၍ စားဝတ်နေရေးအတွက် ဖန်တီးကြသည်။ အားလုံးက ပိန်းကောလှေလေးများဖြင့် အင်းကြီးအတွင်း လှုပ်ရှားနေကြရခြင်း ဖြစ်ပေသည်။ သို့ကြောင့်ပင် အင်းကြီးထဲ၌ နေ့နေ့ညည ပိန်းကောလှေလေးတွေက ပြတ်ရှိနေပေသည်။

ထိုအင်းကြီးထဲ လှုပ်ရှားနေကြသော လှေလေးများတွင် အချို့တစ်ဝက်ကို သစ်ဖြူအင်းကြီးအနီးရှိ သစ်ဖြူပင်ရွာမှာ ဦးမြတ်ထွန်းက ပိုင်ဆိုင်လေသည်။ ဦးမြတ်ထွန်းသည် ပိန်းကောလှေလေးများဝယ်၍ တစ်ခေါက် (သို့မဟုတ်) တစ်နေ့နှုန်းထား ဘယ်ရွေ့ဘယ်မျှ စသည်ဖြင့် ငှားရမ်းထားပေသည်။

ဦးမြတ်ထွန်းသည် သစ်ဖြူပင်ရွာ၌ လယ်ယာအတော်များများနှင့် ရွာရှိ လုပ်ငန်းအတော်များများကို ပိုင်ဆိုင်သူလည်းဖြစ်၏။ အထူးသဖြင့် ရက်ကန်းလုပ်ငန်းမှာ ဦးမြတ်ထွန်း၏ အဓိကလုပ်ငန်းကြီးတစ်ခုဖြစ်သည်။ ဦးမြတ်ထွန်း၌ စက်ရက်ကန်းနှင့် လက်ရက်ကန်းစင်များ အမြောက်အမြားရှိသည်။

ခင်မှုံသည်ပင် ဦးမြတ်ထွန်း၏ ရက်ကန်းစင်၌ ဆေးဆိုးခြင်း၊ ဗိုင်းငင်ခြင်း၊ ရက်ကန်းခတ်ခြင်းများကို အခစားလုပ်ရသူဖြစ်၏။ ထို့အပြင် တစ်ခါတစ်ရံ သစ်ဖြူအင်းကြီးအတွင်းရှိ ကျွဲခေါင်းသီးများကို ဦးမြတ်ထွန်း၏ ပိန်းကောလှေကိုပင် ခေါက်စားယူ၍ ခူးရသည်။

ဦးမြတ်ထွန်း၌ ဖူးဖူးမှုတ်ထားသည့် ခင်မှုံနှင့်ရွယ်တူမြလေးနွယ်ဆိုသော သမီးတစ်ယောက်ရှိသည်။ မြလေးနွယ်နှင့် ခင်မှုံက သက်တူရွယ်တူ အလွန်ချစ်ခင်ကြသည့် သူငယ်ချင်းတွေဖြစ်၏။ ကျောင်းနေဖက်တွေလည်း ဖြစ်ကြသည်။

ရွာမှ မူလတန်း(၄ တန်း)အောင်ပြီးကြသည်နှင့် ခင်မှုံက ဆင်းရဲသားလက်လုပ်လက်စား မိဘနှစ်ပါးမှ မွေးဖွားသူဖြစ်သဖြင့် မြို့ကျောင်း ဆက်မတက်နိုင်သလို မြလေးနွယ်ကလည်း မျက်စိအောက်က အပျောက်မခံနိုင်၊ စိတ်မချနိုင်သော ဦးမြတ်ထွန်းကြောင့် ကျောင်းဆက်မတက်ရတော့ပေ။ သို့သော် နှစ်ဦးစလုံးကတော့ ကျောင်းမှ သင်ပညာ

www.burmeseclassic.com

www.burmeseclassic.com

နည်းကြသော်လည်း နလုံးရည်ကတော့ အတန်အသင့်ရှိကြသူများ ဖြစ်ကြ၏။

သို့ကြောင့် ချမ်းသာကြွယ်ဝသော မိဘများမှ ပေါက်ဖွားလာသူဖြစ်သော်လည်း မြလေးနွယ်သည် ရုပ်ချောသလောက် သဘောသဘာယ ကောင်းလှပေသည်။ ရှေ့ကြောင်းနောက်ကြောင်း တွေးဆမျှော်ခေါ်တတ်သူ ဖြစ်၏။ မြလေးနွယ်၏ ချောမောလှပမှု၊ သဘောသဘာယ ကောင်းမွန်မှုတို့ကြောင့် ချွေးမတော်ချင်သူ သားရှင်တို့ကလည်း ပေါများလှပေသည်။ မြလေးနွယ်ကို ပိုးပန်းကြသူများကလည်း ဝိုင်းဝိုင်းလည်လျက် ရှိပေ၏။

မြလေးနွယ်ကို ပိုးပန်းကြသူများတွင် လက်လုပ်လက်စား ဆင်းရဲသား သားသမီးများ ပါသလို လယ်ပိုင်ယာပိုင် သူဌေးသူကြွယ်၊ ကုန်သည်ပွဲစား သားသမီးများ၊ စာရေးစာချီများလည်း ပါဝင်ကြသည်။

သို့သော် မြလေးနွယ်ကတော့ တစ်ရွာတည်းသား အတွင်းသိ အပြင်သိဖြစ်သော ဆင်းရဲသော်လည်း အလုပ်ကို ခွဲ၊ လုံ့လ၊ ဝီရိယဖြင့် ရိုးရိုးသားသားလုပ်ကိုင်သည့် ငယ်ပေါင်း ထွန်းလှမှတစ်ပါး မည်သူ့ကိုမျှ စိတ်မဝင်စားခဲ့ပေ။ ၄င်းအား ပိုးပန်းသူများကို ယဉ်ကျေးသိမ်မွေ့စွာ ငြင်းဆန်ခဲ့၏။

ဆိုရချေသော် ထွန်းလှနှင့် မြလေးနွယ်က တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် မေတ္တာမျှနေကြသူများ ဖြစ်သောကြောင့်ပါတည်း။

♦ ♦ ♦

'ကိုထွန်း'

သန္တာရောင်နှုတ်ခမ်းနှစ်လွှာမှတစ်ဆင့် တိုးညှင်းစွာ ပွင့်အံထွက်ပေါ်လာသော ခေါ်သံလေးပင် ဖြစ်သည်။

'ဘာလဲဟင် မြလေး၊ ဘာပြောမှာလဲဟင်'

နုနယ်ပျိုမျစ် အပြစ်ကင်းစင်၍ နှစ်လိုဖွယ် မြလေးနွယ်၏ မျက်နှာလေးကို ငေးမောကြည့်ရင်း ထွန်းလှက မေးလိုက်၏။

'ကိုထွန်း ဘာတွေတွေးနေတာလဲဟင်။ မြလေး ခေါ်နေတာ ကိုထွန်း မကြားလို့'

'ဟင်း'

မြလေးနွယ်၏ အမေးစကားအဆုံး ထွန်းလှ လေးတွဲစွာသော သက်ပြင်းကို ချလိုက်သည်။ ထို့နောက် အပြာကျယ်လှသော သစ်ဖြူအင်းကြီး၏ ရေလွှာပြင်ကြီးကို အဓိပ္ပာယ်မဲ့ကြည့်နေလိုက်သည်။

'ကိုထွန်းတွေးနေတာ တခြားမဟုတ်ပါဘူး မြလေးရယ်။ ကိုထွန်းနဲ့ မြလေးရဲ့ဘဝက မိုးနဲ့မြေလို ကွာခြားလွန်းပြီးတော့ မမီပန်းကို လှမ်းခူးနေမိသလို ဖြစ်နေတာကို တွေးနေမိလို့ပါ။

ဟုတ်တယ် မြလေးရယ်။ ဘာဘဦးမြတ်ထွန်းဟာ သူ့စာရင်းငှားရဲ့သားနဲ့ ကိန္နရာဒေဝီလေးလို လှပချောမော ပစ္စည်းဥစ္စာပေါများပြီး ချမ်းသာကြွယ်ဝလှတဲ့ သူ့သမီးကို ဘယ်နည်းနဲ့မှ သဘောတူနိုင်မှာ မဟုတ်ပါဘူး။ ကိုထွန်း မြလေးကို ချစ်နေရတာဟာ ကုမ္ဘဏ်တွေ ဝိုင်းရံစောင့်ကြပ်နေတဲ့ အာသာဝတီနွယ်နီနုတ်ပန်းကိုမှ အရယူဖို့ ကြိုးစားနေသလိုများ ဖြစ်နေမလားလို့။

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကိုထွန်းနဲ့ မြလေးတို့ရဲ့ အကြောင်းတွေကို မြလေးအဖေများ သိသွားခဲ့ရင်ဆိုတဲ့ အိပ်မက်ဆိုးကြီးက ကိုထွန်းကို အမြဲခြောက်လှန့်နေတယ် မြလေးရယ်။ ကိုထွန်း မြလေးကို မစွန့်လွှတ်နိုင်ဘူး။ မြလေးကို စွန့်လွှတ်ရမှာ စိုးရိမ်တယ်'

ထွန်းလှက လေးလေးပင်ပင်ဖြင့် ခပ်တိုးတိုးလေး ပြောလိုက်၏။

မြလေးနွယ်က စိတ်မကောင်းစွာဖြင့် ထွန်းလှ၏ မျက်နှာကို ခပ်ငေးငေးလေးကြည့်ပြီး လက်ကို လှမ်းကိုင်လိုက်သည်။ ထို့နောက်-

'ကိုထွန်းရယ်..ဘာဖြစ်လို့ အားငယ်စရာတွေ တွေးနေရတာလဲ။ မြလေး တစ်ခုမေးမယ်။ ကိုထွန်း မြလေးအချစ်ကို ယုံလားဟင်'ဟု မေးလိုက်၏။

ထွန်းလှက မြလေးနွယ်၏ မျက်နှာလေးကို စိုက်ကြည့်ရင်း ခေါင်းညိတ်ပြလိုက်သည်။

'ယုံပါတယ် မြလေးရယ်'

'မြလေးအချစ်ကိုယုံရင် ကိုထွန်း စိတ်ဆင်းရဲစရာတွေ တွေးမနေနဲ့နော်'

'ဒါပေမဲ့ မြလေးရယ်'

'ဘာဖြစ်လဲဟင် ကိုထွန်း၊ ဒါပေမဲ့ ဘာဖြစ်လဲ'

'မြလေးမှာ မြလေးရဲ့အဖေ ဘဘဦးမြတ်ထွန်း သဘောတူထားတဲ့သူ ရှိနေတယ်မဟုတ်လား။ သူက ပစ္စည်းဥစ္စာရှိတယ်။ ချမ်းသာတယ်။ အဖေကလည်း လက်ရှိ ရ-ယ-က ဥက္ကဋ္ဌ။ ဒီတော့ ကိုထွန်းနဲ့က ဘာမှမဆိုင်ဘူးလေ'

ထွန်းလှ စကားအဆုံး မြလေးနွယ်က ငိုင်ကျသွား

www.burmeseclassic.com

www.burmeseclassic.com

သည်။

ဖခင်ဖြစ်သူ ဦးမြတ်ထွန်းက သူ့ရဲ့ တစ်ဦးတည်းသော သမီးအတွက် ဆင်စီး၍ မြင်းရံကိုက လိုချင်သည်ဆိုရှိ ရပ်ရွာလူကြီးသားနှင့် လူကြီးချင်း သဘောတူထားသည်။ သမီးဖြစ်သူကိုလည်း အသိပေးထားပြီး ဖြစ်သည်။

သို့သော် ဖခင်သဘောတူထားသူက ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်၏သား၊ ချမ်းသာကြွယ်ဝသူ၏ သား ဖြစ်သည်မှလွဲ၍ လူဘော်ကြော့၊ ရပ်ရွာထဲမှာ မိန်းမပွေသူ၊ သောက်စားပျော်ပါး ခုံမင်သူ။

မြလေးနွယ် မျက်နှာကို ချက်ချင်းပြင်၍ ပြုံးလိုက်သည်။

'အဲဒီအတွက်တော့ ကိုထွန်း စိတ်ဆင်းရဲမနေပါနဲ့ ကိုထွန်းရယ်။ တကယ်အရေးကြုံလာရင် မြလေး ငြင်းမှာပါ။ ခုလည်း မြလေး အိမ်ထောင်မပြုချင်သေးတဲ့အကြောင်း၊ တကယ်လို့ အိမ်ထောင်ပြုရရင်လည်း စိတ်ကြိုက်ရွေးချယ်ခွင့်ပြုဖို့အကြောင်း၊ သမီးဘဝရှေ့ရေးအတွက် သမီးကိုယ်တိုင် ဆုံးဖြတ်ပိုင်ခွင့်ပေးဖို့အကြောင်း ပြောထားပါတယ်'

'မြလေးကို ကိုထွန်း အကြွင်းမဲ့ယုံပါတယ်။ ဘဘဦးမြတ်ထွန်းတို့က အတင်းအကျပ် စီစဉ်လာရင် ကိုထွန်း မြလေးကို လက်လွတ်ဆုံးရှုံးရမှာစိုးလို့ပါ'

'မြလေးပြောတာကိုမှ လက်မခံဘဲ မြလေးကို အတင်းအကျပ် စီစဉ်ကြမယ်ဆိုရင် မြလေးအသက်သာ အသေခံသွားမယ်။ ဘယ်တော့မှ ကိုထွန်းအပေါ်မှာ မြလေး သစ္စာမဖောက်ဘူး။ ယုံပါ ကိုထွန်းရယ်၊ ယုံနော်'

ထွန်းလှက မြလေးကို ယုံကြည်ကိုးစားစွာ ကြည့်လိုက်သည်။ ထို့နောက် မြလေး၏ ခန္ဓာကိုယ်လေးကို သူ၏ရင်ခွင်ကျယ်ကြီးအတွင်း အသာဆွဲသွင်းလိုက်သည်။

သစ်ဖြူအင်းကြီး၏ ကမ်းစပ်၌ ဆိုက်ကပ်ထားသော ပိန်းကောလှေလေးပေါ်၌ ချစ်သူနှစ်ဦး၏ ရယ်မောသံလွင်လွင်များက ပဲ့လွင့်ထွက်ပေါ်သွားသည်။

ထိုစဉ်-

♦ ♦ ♦

ထိုစဉ်-

'မြလေးနွယ်ရေ..ဟေ့ မြလေးနွယ်'

ခေါ်သံတစ်သံနှင့်အတူ မိန်းမပျိုလေးတစ်ယောက် အပြေးအလွှားရောက်လာ၏။ ထိုမိန်းမပျိုလေးမှာ မြလေးနွယ်၏ အခင်မင်ဆုံး၊ အရင်းနှီးဆုံး ခင်မှုံဖြစ်သည်။ ခင်မှုံမှာ မြလေးနွယ်နှင့် ထွန်းလှတို့၏ ချစ်ရေးခြံ အများဆုံးအကူအညီပေးသူ ဖြစ်၏။ အတွင်းသိ အပြင်သိတွေ ဖြစ်ကြ၏။ သူတို့အတွက် အားအထားရဆုံးသူ။

ခင်မှုံက ရေးကြီးသုတ်ပျာနှင့် သူတို့အနီး ရောက်လာသည်။ မျက်နှာကလည်း စိုးရိမ်ကြောင့်ကြရိပ်များသန်းလျက် ဂနာမငြိမ်ဖြစ်နေသည်။ အမောတကောလည်းနိုင်နေသည်။

'ခင်မှုံ..ရေးကြီးသုတ်ပျာနဲ့ ဘာဖြစ်လို့လဲဟင်'

မြလေးနွယ်က စိုးရိမ်တကြီး မေးလိုက်သည်။

ခင်မှုံမှာ ချက်ချင်းမဖြေနိုင်သေးဘဲ ခေတ္တမျှ အမောဖြေပြီးမှ-

'အရေးကြီးတယ်ဟဲ့ မြလေးနွယ်။ နင်တို့နှစ်ယောက်ကို ဥက္ကဋ္ဌသား တက်တိုး မြင်သွားပြီး ဘဘဦးမြတ်ထွန်းကို သွားပြောလို့ ခု ဘဘဦးမြတ်ထွန်း ဒေါတွေထပြီး ထွန်းလှအဖေကိုလည်း နှစ်ပြားမတန်ပြောဆို၊ ထွန်းလှကိုလည်း အနှလက်နဲ့ ရွေခွက်နှိုက်တယ်ဆိုပြီး ဒီသစ်ဖြူအင်းကြီးဆီလိုက်လာဖို့ လုပ်နေကြတယ်။ သူတပည့်တွေကလည်း မားတကားကား တုတ်တကားကားနဲ့ ဆွဲလားရုန်းလားတွေနဲ့။ ငါလည်း ပြန်မယ်။ နင်တို့လည်း ချက်ချင်းလူခွဲကြ'ဟု စကားများ ဆက်တိုက်ပြောကာ နောက်ကြောင်းပြန်လှည့်သွားသည်။

'ကိုထွန်း..ဘယ်လိုလုပ်ကြမလဲဟင်။ ကိုထွန်း..မြလေးကို တစ်နေရာ ခေါ်သွားပါလားဟင်'

မြလေးနွယ်က စိုးရိမ်စွာဖြင့် ထွန်းလှကို ပြောလိုက်၏။

ထွန်းလှက ဝေဝါးရွှဲထွေးစွာဖြင့် ခေါင်းကဆံပင်ကို ခပ်ဖွဖွကုတ်ရင်း စဉ်းစားလိုက်သည်။ ထို့နောက် တွေးတွေးဆဆလေးလုပ်၍ အောက်ပါအတိုင်း တစ်လုံးချင်း ပြောလိုက်သည်။

'ကိုထွန်းတို့မှာ ဘာအစီအစဉ်မှလည်းရှိတာ မဟုတ်သေးဘူး မြလေးရယ်။ ဒီအတိုင်း မိုက်မိုက်ရိုင်းရိုင်း လုပ်လိုက်ရင် အဖေတို့ အမေတို့ကို ရန်ရှာမှာလည်း စိုးရသေးတယ်။ နောက်ပြီး မြလေး ဆင်းဆင်းရဲရဲ ဖြစ်မှာကိုလည်း ကိုထွန်း မမြင်ရက်ဘူး။ ဒီတော့..'

'ကိုထွန်း'

မြလေးနွယ်က ခပ်တိုးတိုးခေါ်လိုက်၏။

'ဘာလဲဟင် မြလေး'

www.burmeseclassic.com

www.burmeseclassic.com

'ကိုထွန်းပဲ မြလေးကို ဆုံးရှုံးမခံနိုင်ဘူးဆို။ မြလေးကို လက်လွှတ်ဆုံးရှုံးရမှာစိုးတယ်ဆို'

ထွန်းလှက ခေါင်းညိတ်ပြလိုက်သည်။

'ဒါဆို ကိုထွန်းရယ်'

ထွန်းလှ သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင် ဆွဲချလိုက်၏။ ထို့နောက် ဆုံးဖြတ်ချက်တစ်ချက်ကို ချလိုက်သည်။

ထိုအချိန်မှာပင် လယ်ကွင်းပြင်ကျယ်ကြီး၏ ကန့်သင်းလမ်းများဆီမှ သူတို့ဆီ လာနေကြသော ဦးမြတ်ထွန်းနှင့် ဥက္ကဋ္ဌအပါအဝင် ဥက္ကဋ္ဌ၏သား တက်တိုးတို့လူစုကို လှမ်းမြင်လိုက်ကြရ၏။

'မြလေး..လှေနံကို မြမြကိုင်ထား'

ထွန်းလှ တစ်ခွန်းသာပြောပြီး ပိန်းကောလှေလေးကို သစ်ဖြူအင်းကြီး၏ တစ်ဖက်ကမ်းရှိ ကိုင်းပင်ကြီးရွာဘက်ဆီသို့ ဦးတည်လှော်ခတ်လိုက်လေသည်။

♦ ♦ ♦

ထွန်းလှနှင့် မြလေးနွယ်တို့၏လှေလေး သစ်ဖြူအင်းကြီး၏ အလယ်လောက်အရောက် ဦးမြတ်ထွန်းတို့၊ တက်တိုးတို့ အဖွဲ့လည်း အင်းကြီးဆီ ရောက်လာကြ၏။

အင်းထဲ၌ အပြင်းလှော်ခတ်နေသည့် ထွန်းလှနှင့် မြလေးနွယ်တို့လှေကို မြင်လိုက်သည်နှင့် ဦးမြတ်ထွန်းက တောက်တစ်ချက် ခေါက်လိုက်ရင်း-

'ဟေ့..အားလုံး၊ ကမ်းစပ်မှာရှိတဲ့ လှေတွေယူပြီး အမီလိုက်ကြ။ မလွတ်ကြစေနဲ့' ဟု အမိန့်ပေးလိုက်သည်။

ထိုစဉ်ပင် အဖွဲ့သားများက အသီးသီးလူစုခွဲပြီး ထွန်းလှတို့နောက် အမီလိုက်ကြတော့၏။

သစ်ဖြူအင်းကြီးအတွင်း၌ ပိန်းကောလှေလေးများက ပြေးတမ်းလိုက်တမ်း ကစားနေကြသလို ပြေးလွှားနေကြလေသည်။

ရှေ့မှပြေးနေသော လှေလေးနောက်သို့ နောက်မှ လှေလေးများက ဝိုင်းပတ်လိုက်နေကြ၏။ အရှေ့၊ အနောက်၊ ဘေးဘယ်ညာ ဖြန့်ကြက်လိုက်နေသဖြင့်လည်း ကြာလာတော့ ရှေ့ကလှေလေးများ ဟိုဘက်လှော်ရန်နိုး သည်ဘက်လှော်ရန်နိုး ဖြစ်လာပြီး ထွက်ပေါက်ရှာမရအောင် ဖြစ်လာ၏။

'မြလေး'

ကိုထွန်းလှက တက်ခဲတက်ရင်း မောဟိုက်သံနှင့် ခေါ်လိုက်သည်။ နောက်က ဝိုင်းပတ်လိုက်လာသည့် လှေတွေက သူတို့လှေကို မီတော့မည်။ ထွက်ပေါက်မျှောက်နေပြီ။

ထွန်းလှ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့။

'မြလေး..ဘယ်လိုလုပ်ကြမလဲဟင်။ တို့လှေကို ဝိုင်းထားကြပြီ'

ထွန်းလှက စိုးရိမ်တကြီး မေးလိုက်သည်။

'ကိုထွန်း..မြလေး ပြောခဲ့ပြီးပါပြီ။ မြလေး အသက်အသေခံမယ်။ ကိုထွန်းအပေါ်မှာ မြလေး ဘယ်ဘော့်မှသစ္စာမဖောက်ပါဘူး။ ယုံပါ ကိုထွန်းရယ်'

မြလေးနွယ်ကပြောရင်း သူတို့လှေဆီ လိုက်နေသည်။ လှေလေးများကို စိုးရိမ်တကြီးကြည့်လိုက်၏။ လှေလေးတွေက အများကြီး။

အလွန်လည်း နီးနေကြချေပြီ။ ရှေ့ဆုံးမှ တက်တိုးလှော်သူနောက်က ဖခင်ဖြစ်သူ ဦးမြတ်ထွန်း၊ နောက်က တက်တိုးအဖေဥက္ကဋ္ဌ၊ နောက်ပြီး..နောက်ပြီး..။

မြလေးနွယ် ပြေးရှမလွတ်နိုင်မှန်း သိသွား၏။

သို့ကြောင့် တံတွေးတစ်ချက် မျိုလိုက်ရင်း-

'အဖေ..မြလေးတို့ချစ်ခြင်းကို မခွဲပါနဲ့ အဖေရယ်။ မြလေး ကိုထွန်းကလွဲပြီး ဘယ်သူ့ကိုမှ လက်မထပ်နိုင်ပါဘူး။ မြလေးကို ခွင့်လွှတ်ပါ။ ပြန်ကြပါတော့ အဖေရယ်' ဟု တိမ်ဝင်လုလုအသံဖြင့် အားယူအော်ပြောလိုက်သည်။

'သမီး..မင်း ဘယ်လိုပြောလိုက်တာလဲ။ အဖေ သမီးကို ကိုယ့်အိမ်က စာရင်းဇားနဲ့ ဘယ်လိုသဘောတူနိုင်မှာလဲ။ အဖေ သဘောမတူဘူး။ ဟေ့..ထွန်းလှ၊ မင်းလှော နောက်ကြောင်းပြန်လှည့်။ မလှည့်ဘူးလား၊ လှည့်မလား။ သမီး..ဆက်မလိုက်နဲ့။ သမီး မမိုက်နဲ့။ ဟေ့ကောင်တွေ..အဲဒီကောင်ကိုဖမ်း'

ဦးမြတ်ထွန်းက သမီးဖြစ်သူကို ပြောရင်း လှေကို နောက်ကြောင်းပြန်လှည့်ခိုင်းလိုက်သည်။ တက်တိုးတို့ လှော အဖွဲ့တွေကလည်း အနားရောက်လာကြချေပြီ။

'ကိုထွန်း..မလှည့်နဲ့'

မြလေးနွယ်က ထွန်းလှကို ပြောလိုက်၏။ ထိုစဉ် တက်တိုးလှေက ရှေ့မှပန်းလှော်ပြီး သူတို့လှေဦးကို ဖမ်းဆွဲလိုက်၏။

မြလေးနွယ် ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ်ဆုံးဖြတ်ချလိုက်သည်။ ထိုခဏ-

'ဗွမ်း'

www.burmeseclassic.com

www.burmeseclassic.com

ရေပန်းရေဖွေးများ အပေါ်သို့ဖြာတက်ပြီး ဗွမ်းဆိုသည့် အသံတစ်သံက ခပ်ကျယ်ကျယ်ထွက်ပေါ်လာသည်။ ထို အသံနှင့်အတူ မြလေးနွယ် သစ်ဖြူအင်းကြီးထဲ မြို့ပ်သွား၏။

"ဟင်..မြလေး..မြလေး၊ မင်း ဘယ်လိုလုပ်လိုက်တာလဲ မြလေးရယ်"

သစ်ဖြူအင်းကြီး၏ အလယ်ကြောက အလွန်နက်သဖြင့် မြလေးနွယ် လှေပေါ်မှ ခုန်ချလိုက်သည်နှင့် ရေပေါ်သို့ ပြန်ပေါ်မလာတော့။ ရေနစ်သူသည် သုံးခါနစ် သုံးခါပေါ်ဟု ဆိုသော်လည်း ရေအောက်ကြမ်းပြင်ရှိ နွံထဲ ကျွံကျသွားသော မြလေးနွယ်က ပြန်ပေါ်မလာတော့။

ထွန်းလှ မြလေးနွယ် ခုန်ချရာသို့ ခုန်ချကာ မြလေးနွယ်ကို ဆယ်ယူကယ်ဆယ်ခဲ့သော်လည်း မြလေးနွယ်၏ အသက်ဝိညာဉ်ကင်းမဲ့နေသည့် အလောင်းကိုသာ ရရှိခဲ့ရလေတော့၏။

♦ ♦ ♦

သည်အဖြစ်တွေက ကြာခဲ့လေပြီ။

ရာသီစက်ဝန်းတွေလည်း အလီလီပြောင်းခဲ့ပြီဖြစ်၏။ နွေကိုရက်စား ရက်ကိုလစားကာ လကိုနှစ်တွေက ချေပပြောင်းလဲခဲ့သည်မှာ ယခုဆိုလျှင် နှစ်ပေါင်း(၂၀)ပင် တိုင်ခဲ့ချေပြီ။

ခင်မှူသည်ပင် တစ်ရွာတည်းသား လှမောင်နှင့် အိမ်ထောင်ကျ၍ သမီးလေးတစ်ယောက် ထွန်းကားခဲ့သည်။ သမီးလေးသည် ယခုဆိုလျှင် တစ်ဆယ့်ခြောက်နှစ်ထဲပင် ရောက်လာပြီဖြစ်၍ ခင်မှူတို့၊ လှမောင်တို့လည်း ဦးလှမောင် ဒေါ်ခင်မှူဘဝ ရောက်ခဲ့ပြီဖြစ်၏။

သို့သော် အတိတ်က အဖြစ်တွေက သူ့အတွက် မနေ့တစ်နေ့ကလိုပင်။ သစ်ဖြူအင်းကြီးထဲ ခုန်ချအဆုံးစီရင်ခဲ့သည့် မြလေးနွယ်ကို သူ ဘယ်တော့မှမမေ့။ အလွှာနှစ်ခု၏ ခြားနားခြင်းကြောင့် မည်မျှမှုဆိုသည့်ရလဒ်က အချစ်ဆုံးသူငယ်ချင်း မြလေးနွယ်၏အသက်ကို စီရင်ခဲ့သည်ပဲ မဟုတ်ပါလား။

သည်မည်မျှခြင်းဆိုသည့် ရလဒ်ကြောင့်ပင် မည်မျှမှု၏ အကျိုးဆက်အရ ထွန်းလှတစ်ယောက်လည်း မြလေးနွယ်ကို သစ်ဖြူအင်းကြီးထဲ တွန်းချသတ်ခဲ့သည်ဆိုသော စွပ်စွဲချက်ဖြင့် တရားရုံး၌ အမှုရင်ဆိုင်ခဲ့ရပြီး ထောင်တစ်သက်(၂၅ နှစ်)ကျခဲ့ရ၏။ ယခုဆိုလျှင် ထွန်းလှသည်ပင် နိုင်ငံတော်မှပေးသည့် လွတ်ငြိမ်းချမ်းသာခွင့် သုံးဖို့တစ်ဖို့ ရရှိသည့်အတွက် လွတ်လာပြီ။

ထွန်းလှ ရွာသို့ ပြန်မလာတော့သော်လည်း ထွန်းလှ လွတ်လာပြီဆိုသည့်သတင်းက တစ်မုဟုတ်ချင်း ဟိုးလေးတကျော်ကျော်ဖြစ်သွားသည်။ သည်တွင် အတိတ်ကို မမေ့နိုင်သူ ဒေါ်ခင်မှူအတွက် ပြဿနာက စချေပြီ။

ဒေါ်ခင်မှူနှင့် ဦးလှမောင်တို့၏ သမီးလေးသည် တွတ်တီးတွတ်တာ ပြောတတ်စအရွယ်မှစ၍ သူ့ကိုယ်သူ မြလေးနွယ်ဖြစ်ကြောင်း၊ ကိုထွန်းကိုလွမ်းကြောင်း တဖွဖွပြော၍ မှိုင်တွေငေးမောနေတတ်သည်။ သစ်ဖြူအင်းကြီးဆီ အဖေ့အမေတို့နှင့် ကျွဲခေါင်းသီးခူးရအောင်သွားတိုင်း သစ်ဖြူအင်းကြီးရောက်တိုင်း ထွန်းလှကိုတ၍ ငိုယိုတတ်သည်။ မိဘတွေက စိုးရိမ်၍ နောက်တော့ သူ့ကို သစ်ဖြူအင်းကြီးဆီ မခေါ်ကြတော့။ နာမည်ကို သမီးလေးအလိုလိုက်ပြီး မြလေးနွယ်ဟုပင် မှည့်ခဲ့ကြရသော်လည်း သမီးလေးကို အမျိုးမျိုး ချော့မော့ကာ အတိတ်ကို မေ့ပျောက်စေရန် ကြိုးစားခဲ့ကြရသည်။ ဒေါ်ခင်မှူ အတိတ်က အဖြစ်တွေကို မမေ့ပျောက်နိုင်သော အကြောင်းမှာ ထိုအကြောင်းလည်း အဓိကတစ်ခုဖြစ်သည်။

ယခု ထွန်းလှတစ်ဖြစ်လဲ ဦးထွန်းလှ ထောင်က လွတ်လာပြီဆိုသည့် သတင်းကို သယ်ဆောင်လာသူမှာလည်း သမီးလေးမြလေးနွယ်ပင် ဖြစ်၏။

မြလေးနွယ် ဝင်စားပါသည်ဆိုသည့် ဒေါ်ခင်မှူတို့၏ သမီးလေး မြလေးနွယ်သည် ထွန်းလှအကြောင်းကို အစဉ်တစ်ဒိုက် စုံစမ်းနေမည် ဖြစ်ပေမည်။ သို့ကြောင့်ပင် ဦးထွန်းလှ လွတ်မြောက်လာပြီဖြစ်ကြောင်း၊ ကိုထွန်းနှင့် တွေ့လိုကြောင်း၊ အတိတ်က မပေါင်းခဲ့ရပေမယ့် ဒီဘဝမှာတော့ ပေါင်းခွင့်ပြုဖို့အကြောင်း ငိုယိုပြောကြားလာလေသည်။ သည်ဘဝကို ထွန်းလှနှင့် မပေါင်းရလျှင်လည်း ယခင်ဘဝကဲ့သို့ သူ့ကိုယ်သူ အဆုံးစီရင်မည့်အကြောင်းလည်း ခံစားချက်ပြင်းပြစွာနှင့် ပြောကြားလာ၏။

ဒေါ်ခင်မှူ သမီး၏ ခံစားချက်၊ သမီး၏ စကားများမြင်ရ၊ကြားရတော့ သမီးအတွက် အထူးစိုးရိမ်ပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရ၏။ သို့ကြောင့်ပင် ခင်ပွန်းဖြစ်သူကို အကျိုးအကြောင်းပြော၍ မိမိတို့ မိသားစုထဲတွင် ဩဇာအရှိဆုံး အစစအရာရာ အားအထားရဆုံး ဘကြီးကျော်လှနှင့် တိုင်ပင်ရန် ဆုံးဖြတ်၍ တိုင်ပင်ခြင်း ဖြစ်လေသည်။ သို့သော် ဘကြီးကျော်လှ၏-

www.burmeseclassic.com

www.burmeseclassic.com

"ဒါ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးခင်မှူ၊ နင်ပဲ စဉ်းစားကြည့်လေ။ နင့်သမီး မြလေးနွယ်က အခုမှ ဆယ့်ခြောက် နှစ်ထဲ ဝင်ခါစပဲ ရှိသေးတာ။ ဟိုက အဖေအရွယ်ကြီး၊ အသက်လေးဆယ်ကျော်။ ဒါပဲ၊ ငါ နောက်ထပ် ဘာမှရှည်ရှည်ဝေးဝေး မပြောတော့ဘူး။ ကြားလည်း မကြားချင်ဘူး" ဆိုသည့် ဝေဖန်ပြောကြားမှုကြောင့် ဘာလုပ်လို့ ဘာကိုင် ရမှန်းမသိ ဖြစ်သွားရသည်။

ဒေါ်ခင်မှူ စဉ်းစားရပြီ။ တစ်သက်လုံး လမ်းညွှန်ဆိုဆုံးမမှုများကို တစ်သဝေမတိမ်း လိုက်နာခဲ့ရသော ဘကြီးကျော်လှ စကားကိုပဲ လက်ခံရမလား၊ ဒါမှမဟုတ် သမီးလေး၏ အသက်တမျှ အရေးကြီးသော ကိစ္စတစ်ခုမို့ ပယ်လိုက်ရမှာလား၊ ပယ်ရတော့မှာလား။

တကယ်တော့ ဘကြီးကျော်လှ စကားများက အမှန်ချည်းဖြစ်သည်။ သို့သော် သမီးလေး၏ အသက်နှင့်ပတ်သက်နေသော ကိစ္စတစ်ခုကလည်း ဒေါ်ခင်မှူအတွက် အရေးကြီးနေပြန်၏။ ဘယ်နည်းနှင့်ဖြစ်ဖြစ် ဥပေက္ခာပြုရှုမရ။

"ဟူး"

ဒေါ်ခင်မှူ သစ်ဖြူအင်းကြီးကို ငေးမောကြည့်ရင်း ရင်မောစွာဖြင့် လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။

ဘာပဲဖြစ်ဖြစ် သမီးလေး၏ အသက်ကိုတော့ အသေမခံနိုင်။

♦ ♦ ♦

လေတစ်ချက် မွှေလိုက်သဖြင့် သစ်ရွက်ခြောက်များ ဖွာရာကြဲ၍ လေထဲ လွင့်မျောသွားသည်။

ရိုးတံကျဲကျဲ ထနောင်းပင်ထက်မှ ဥသြဂ္ဂက်ငယ်လေး၏ လွမ်းမောဖွယ် တွန်ကြွေးသံလေးက ရုတ်တရက်ထွက်ပေါ်လာ၏။

"ဥသြ..ဥသြ..ဥသြ" တဲ့။

ပုံပြင်ဆန်ဆန် ဒဏ္ဍာရီလေးထဲမှာတော့ ကြင်ဖော်ကွဲသဖြင့် တစ်ကောင်တည်း ကြင်ဖော်ကို လွမ်းသံနှောပြီး လွမ်းမောဖွယ် တစ်တောပြီးတစ်တော တစ်တောင်ပြီးတစ်တောင် တွန်ကြွေးရှာဖွေနေသည့် ဥသြဂ္ဂက်ငယ်လေး။

မြလေးနွယ် ဥသြဂ္ဂက်ငယ်လေးကို ကြင်နာစာနာစွာဖြင့် ကြည့်လိုက်သည်။ ပင်ယံထက်မှ ဥသြဂ္ဂက်လေးက တွန်ကြွေးခဲ့။

ဥသြလေးအတွက် သူရှာဖွေနေသော အဖော်ကို တွေ့နိုင်ကောင်းမှ တွေ့နိုင်မည်ဖြစ်သော်လည်း ဥသြလေးလိုပဲ ကြင်ဖော်ပျောက်လို့ ဘဝတစ်လျှောက်လုံး **မွေနှောက်ရှာဖွေ** နေသည့် သူ့အတွက်တော့ ကြင်ဖော်ကို တွေ့ရတော့မည်ဆို မျှော်လင့်အားထားစိတ်လေးနှင့် ဝမ်းသာကြည်နူးနေမိသည်။ ထို့အတူ ဥသြလေးအတွက်လည်း စိတ်မကောင်းဖြစ်မိ၏။

"ဥသြလေးရယ်..မင်းလည်း မကြာခင် ကြင်ဖော်ကို ပြန်လည်တွေ့ရှိပါစေ"

စိတ်ထဲက ဆုတောင်းရင်း သူ့ရှေ့မှသွားနေသော အမေ့ကို အမှီလိုက်ခဲ့သည်။ ဒေါ်ခင်မှူကတော့ သမီးအတွက် ဝေဝါးရွှဲထွေးနေသည့်စိတ်တို့ဖြင့် တစ်နေရာသို့ သွားနေခြင်းဖြစ်သည်။ အဲဒီနေရာက ထွန်းလှ ရောက်နေသည်ဆိုသော မြိုင်သာယာရွာ။

မြိုင်သာယာရွာနှင့် သူတို့နေသည့် သစ်ဖြူပင်ရွာကြီးက ငါးတိုင်ကျော်ကျော် (၁၀)မိုင်ခန့်မျှလောက်ဝေးပြီး ရိုးမတောင်ခြေတွင် ရှိသည်။

ထွန်းလှသည် ထောင်မှလွတ်သည်နှင့် နာကြည်းလွမ်းမောဖွယ်ရာများ တွေ့ကြုံခဲ့ရသည့် သူ၏ ဇာတိချက်ကြွေမွေးရပ်မြေသို့ လုံးဝခြေဦးပင်မသန်းတော့ဘဲ မြိုင်သာယာသို့ အပြီးထွက်ခွာသွားခဲ့ခြင်းဖြစ်၏။

♦ ♦ ♦

မြိုင်သာယာရွာနားရောက်တော့ နေပင်အတော်ညိုနေခဲ့ချေပြီ။

မြိုင်သာယာရွာမှာ တောင်ခြေရွာကြီးတစ်ရွာဖြစ်သည်နှင့်အညီ ရွာကြွေတောကြီး၏အလယ်၌ ခြောက်သယောင်းယောင်းနိုင်နေသည်။ သို့သော် ရွာဦးထိပ်ဘုန်းတော်ကြီးကျောင်းဘေးမှ စမ်းချောင်းလေးဘေးရှိ သစ်ပင်ကြီးအချို့ကတော့ နွေကို အနှံတ္ပ၍ စိမ်းစိမ်းမြမြ ရှိနေကြ၏။

ဒေါ်ခင်မှူနှင့်/မြလေးနွယ်တို့ စမ်းချောင်းလေးရောက်တော့ ခရီးပန်းလာသမျှ အတိုးချကာ စမ်းချောင်းဘေးရှိ ကနစိုးပင်ကြီးအောက်တွင် အေးအေးဆေးဆေးထိုင်ရင်း အမောဖြေ အနားယူလိုက်ကြသည်။

မကြာမီ ရွာရောက်တော့မည်ဖို့ ထွန်းလှနှင့် တွေ့ရမည့် အရေးတွေး၍ မြလေးနွယ်က ဝမ်းသာနေမိသလို ဒေါ်ခင်မှူကတော့ သူငယ်ချင်းဖြစ်သူ အသက်လေးဆယ်ကျော် ထွန်းလှ ရင်ခွင်ထဲသို့ သမီးငယ်ကို ထည့်ရမည့်အရေး မတွေးရဲအောင် ဖြစ်နေပြန်သည်။

"အမေ"

မြလေးနွယ်က ခေါ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ပြောလေ သမီး'

မြလေးနွယ်ကိုကြည့်၍ ဒေါ်ခင်မှူ ခေါင်းညိတ်ပြလိုက်၏။

'မြလေး...ကိုထွန်းနဲ့ ပြန်ဆုံကြရတော့မယ်နော်။ မြလေး ရင်တွေခုန်လိုက်တာ'

ဒေါ်ခင်မှူက ဘာစကားမျှပြန်မပြော။ မသိမသာ သက်ပြင်းတစ်ချက်ကိုသာ ချလိုက်သည်။

'သြော်...မြလေးအတွက်နဲ့ ကိုထွန်း ဒုက္ခရောက်ခဲ့ရတာ မြလေး ဝမ်းနည်းလို့ မဆုံးပါဘူး'

မြလေးနွယ်က ဝမ်းသာနေရာမှ အတိတ်ကို ပြန်တွေးရင်း ဆွေးဆွေးမြည့်မြည့်လေး ပြောလိုက်သည်။ ဘဝခြားက အဖြစ်တွေက သူ့အတွက် လက်ငင်းဖြစ်နေသလို ခံစားနေရသည် မဟုတ်ပါလား။

'သမီးရယ်'

ဒေါ်ခင်မှူက သမီးအတွက် စိတ်မချမ်းသာစွာ တစ်ခွန်းသာစကားဆို၍ ထိုင်ရာမှ ထရပ်လိုက်၏။

'သွားကြပါစို့ သမီးရယ်'

ဒေါ်ခင်မှူထရပ်တော့ မြလေးနွယ်ကလည်း ထိုင်နေရာမှ မတ်တတ်ထလိုက်သည်။

ထိုစဉ် ဘုန်းတော်ကြီးကျောင်းဘက်ဆီမှ ဦးပဉ္စင်းတစ်ပါး ထွက်လာတာ မြင်လိုက်ကြရ၏။ မြင်ဖူးသလိုလိုရှိသဖြင့် အသာငေးကြည့်နေမိကြသည်။ တဖြည်းဖြည်း ဦးပဉ္စင်းက နီးလာသည်။ နီးလာလေလေ ရုပ်သွင်က ပီပြင်လာလေလေ။

ဦးပဉ္စင်းက ဂန္ဓန္တေဝါ ဂန္ဓာမိတိ ပဓေနာတိ ဆိုသည့် သတိပဋ္ဌာန်တရားတော်အတိုင်း သွားသည်ကို သတိဖြင့် အမှတ်ထားကြွနေခြင်းဖြစ်သည်။ သွားသည်ကို သွားသည်ဟူသော အသိ,သတိနှင့် ရှုမှတ်နေခြင်း ဖြစ်၏။

မကြာမီ မျက်နှာချင်းဆိုင် ဆုံမိလိုက်ကြသည်။

မျက်နှာချင်းဆုံမိကြတော့ ဒေါ်ခင်မှူနှင့် မြလေးနွယ်က ဦးပဉ္စင်းကို မှင်တက်မိသလို ငေးကြောင်ကြည့်နေမိကြ၏။

ဦးပဉ္စင်းကတော့ စက္ခုဣန္ဒြေချလျက် ခြေလှမ်းမှန်မှန် လျှောက်လှမ်းစဲ့။

'ထွန်းလှ...ထွန်းလှ၊ နင်...နင်...ဦးပဉ္စင်းထွန်းလှ'

ဒေါ်ခင်မှူက ဦးပဉ္စင်းကိုကြည့်၍ နှုတ်မှ တအံ့တသြ ပွင့်အံထွက်ပေါ်လာသည်။

မြလေးနွယ်ကလည်း ဦးပဉ္စင်းကိုကြည့်ကာ သတိလက်လွတ်ဖြစ်သွားသည်။

'ကိုထွန်း...ကိုထွန်းရယ်'ဟု တိမ်ဝင်သော အသံလေးနှင့် ခေါ်လိုက်၏။ နောက် ဦးပဉ္စင်းဆီ ပြေးသွားရန် လုပ်လိုက်သည်။ ဒေါ်ခင်မှူက 'ဟဲ့...သမီး'ဟု တစ်ခွန်းတည်းသော စကားဖြင့် သမီးကို ဟန့်တားရင်း လက်ကလေး လှမ်းဆွဲထားလိုက်သည်။

သည်တော့မှ ဦးပဉ္စင်းက လှမ်းလက်စ ခြေလှမ်းလေးကို ရပ်၍ ဒေါ်ခင်မှူနှင့် မြလေးနွယ်ကို ကြည့်လိုက်၏။ ဦးပဉ္စင်းအကြည့်က တည်ငြိမ်အေးချမ်းသောအကြည့်မျိုး။

'သြော်...ဒကာမကြီးတို့သားအမိ ရောက်လာကြပြီကော'

ဦးပဉ္စင်းက အံ့သြမှုမပါသော အသံမျိုးနှင့် ဆိုလိုက်သည်။

'မှန်ပါဘုရား၊ သမီးလေးကိုငဲ့ပြီး ရောက်လာရတာပါ'

'အင်း...ဒကာမကြီးပေးတဲ့စာကို ဦးပဉ္စင်းရပါတယ်။ သည်းခံကြပါ ဒကာမကြီးနဲ့ ဒကာမလေးတို့၊ ဦးပဉ္စင်းကို ခွင့်လွှတ်ကြပါ။ ဒီရွာစရောက်ဆိုကတည်းက ရှုပ်ထွေးပွေလီလှတဲ့ လူဘောင်ကို ဦးပဉ္စင်း စွန့်ခဲ့တာ ခုဆိုရင် ခြောက်လကျော်ပါပြီ။ ကိလေသာတွေကို ဦးပဉ္စင်း ဖြတ်တောက်လိုက်ပါပြီ။ ကိလေသာက အလွန်တရာမှ ပူလောင်ပြင်းပြလှပါတယ်။ ဒကာမကြီးတို့ သားအမိတွေလည်း ရွာကို ပြန်ကြပါတော့။ ကဲ...ကဲ...ဦးပဉ္စင်းသွားမယ်။ ဦးပဉ္စင်းကို ခွင့်ပြုကြပါဦး'

ဦးပဉ္စင်းက ထိုမျှသာပြောပြီး သူ့လမ်းသူ ဆက်လျှောက်သွားသည်။ ဦးပဉ္စင်း၏စကားက တိတောင်းသော်လည်း အနှစ်သာရတွေ ပြည့်နေသည့် တရားတစ်ပုဒ်ဖြစ်သည်။ သို့သော် ဒါကို မြလေးနွယ်က နားမလည်။ မြလေးနွယ်နားလည်လိုက်သည်က ကိုထွန်း ရက်စက်သည်ဟူ၍သာ။

'ဉာဉာ...ဉာဉာ'

ထိုစဉ် ပင်ယံထက်ဆီမှ ဉာဉာငှက်ငယ်လေး၏အသံက ထွက်ပေါ်လာသည်။

မြလေးနွယ် ဉာဉာငှက်လေးဆီ လှမ်းမျှော်ကြည့်ရင်း အတောမသတ်သော မျက်ရည်တွေ စီးကျလာသည်။

ထို့နောက် 'ဉာဉာလေးရယ်...ငါလည်း မင်းလိုပါပဲ'ဟု ဆွေးမြည့်ကြေကွဲစွာ ပြောလိုက်၏။

ဇနဝန်းနို

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်

ပုရောဟိတ်ဆရာ ဦးမြတ်ခံ

B.Sc., M.Sc(Q)., English Language (UFL)., EDS (MOFA)

ဆန်းဂျမ်းဗေဒင်၊ လဂ္ဂဏာ၊ ဝန်ဆောင်ရေးပညာ၊ ကောင်စီကောင်စေဒင်ယဉ်ကြောပညာရှင်

အယ်ဒေါက်မင်္ဂလာဗေဒင်ဟောခန်း

ကျွန်ုပ်၏ ကျင့်ကြံအားထုတ်ရသော သီလ၊ သမာဓိ၊ ပညာ၊ စရဏ၊ သမထစွမ်းအားတို့ဖြင့် (၇)ရက်သားသမီးတို့၏ ပညာရေး၊ စီးပွားရေး၊ တွဲနှီးမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အမှုအခင်းတိုစွဲများအား ကူညီလမ်းညွှန် ဖြေရှင်းပေးနေပါသည်။

ဝိဇ္ဇာထိပ်ခေါင် အဘအောင်မင်းခေါင်နှင့်တကွ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်း၊ အနန္တစကြဝဠာမှ ဆရာသခင် သူတော်စင်ကြီးများ၏ သိဒ္ဓိ၊ မဟိဒ္ဓိ စွမ်းအားဖြင့် ကျွန်ုပ်ကိုယ်တိုင်စီရင်အပ်သော အနန္တဒီပံဖယောင်းတိုင်၊ အနန္တသိဒ္ဓိ အင်း၊ စမ၊ ယတြာအစီအရင်များ ပီယလာဘ်ဖွင့်

ဂမ္ဘီရအဆောင်များ ပူကော်ခြင်းဖြင့်

ဘဝဆောင်မြင့်ကြီးကို ရယူပါ။

သား, သမီးရတနာများအတွက် မွေးဖွားချိန်မင်္ဂလာအခါပေးခြင်း၊ ထန်းဖူး၊ ဂုတ်ချုပ်ဇာတာဖွဲ့ပေးခြင်း၊ မြန်မာ့ပိုးထု နာမကရဏမင်္ဂလာနှင့်အညီ ကလေးနာမည်ပေးခြင်း၊ နိုင်ငံခြားခရီး (ပညာရေး၊ အလုပ်အကိုင်၊ သင်္ဘောတက်ဂုန်)

S pass, P.R, Shore Job, Oversea Student Visa အဆင်ပြေစေရန် စီစဉ်ပေးခြင်း၊ အိမ်၊ ခြံ၊ မြေ၊ ကား၊ ကျောက်မျက်ရတနာ၊ ကုန်ဝန်စည်းများ အမြန်ရောင်းထွက်ရန် အာမခံဖြင့် **အဆူးယဉ်ကြော** စီရင်ပေးပါသည်။

Prediction in English Language is offered.

ရုံးခန်းလိပ်စာ ❖ အမှတ်-၁၅(B) (ပထမလွှာ)၊ (၁၄၉)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (သီတာလမ်းမှတ်တိုင်အနီး)၊

ဆွေးနွေးချိန် ❖ နံနက်(၉း၀၀)နာရီမှ ညနေ(၃း၀၀)နာရီအထိ

09 51 76646, ☎ 200 298, E-mail Address : myatsan5@gmail.com,

Website : http://sayamyatsan.blogspot.com

ကြိုဆိုစျေးနှုန်းများ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်၏ ဖခင်သည် အသက်(၈၀)နီးပါးရှိပြီဖြစ်သည်။ ထိုမျှ အသက်ကြီးပြီဖြစ်သော်လည်း ကျွန်းမာရေးကောင်းခဲ့၊ သွားမကျိုးသေး၊ မျက်စိမမှုန်သေး၊ ဖျတ်ဖျတ်လတ်လတ် သွားလာနေခဲ့၊ မနေ့တစ်နေ့က အချိန်ထိ ကျိုက်ထီးရိုးဘုရားကို သွားရောက်ဖူးမြော်ခဲ့။ ကျိုက်ထီးရိုးဘုရားကို ဆယ့်နှစ်ခေါက်တိတိ ရောက်ခဲ့ဖူးသည်။

ကျွန်တော်၏ဖခင်သည် ငယ်ငယ်က အင်မတန်စပ်စပ်စုစု ဝါသနာပါသည်။ ထူးထူးဆန်းဆန်းများကို လေ့လာတတ်သည်။ စူးစမ်းတတ်သည်။ လက်တွေ့မဟုတ်တဲ့ သူများအပြောနှင့် ယုံတတ်သူ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သောနှစ်ပေါင်းခြောက်ဆယ်ခန့်က စာရေးသူ၏ ဖခင်ကိုယ်တိုင် ကြုံတွေ့ခဲ့ရသော တကယ့်အဖြစ်အပျက်ကို သူပြောသည့်အတိုင်း စိတ်ဝင်စားအောင် ပြန်လည်ရေးသား တင်ပြအပ်ပါသည်။

♦ ♦ ♦

ကျွန်တော်သည် ငယ်စဉ်သိတတ်သည့် အရွယ်မှစ၍ ယနေ့အထိ မသိတာ၊ နားမလည်တာ၊ မခြင်ဖူးတာ၊ မကြုံဖူးတာများကို သိချင်မြင်ချင် ကြားချင်သောကြောင့် အမြဲစူးစမ်းလေ့လာပါသည်။ သူများအပြောနှင့်လည်း ယုံတတ်သူ မဟုတ်ပါ။

ကျွန်တော်သည် ရွာဦးကျောင်းဆရာတော်၏ ဘုန်းကြီးကျောင်းသားဘဝနှင့် ဆရာတော်အား အလုပ်အကျွေးပြုရင်း ဆရာတော်ထံမှ ပရိယတ္တိ၊ ပဋိပတ္တိများကို လေ့လာလိုက်စားရင်း အသက်နှစ်ဆယ်နီးပါး ရောက်လာသည်အထိ ဘုန်းကြီးကျောင်းသားပဲ ရှိသေးသည်။

ဆရာတော်က ကိုရင်ကြီးဘဝမှ ရဟန်းခံပေးရန် အစီအစဉ်ရှိသော်လည်း ကျွန်တော်ကိုယ်တိုင်က လူလောကီသံယောဇဉ်မှ မပြတ်နိုင်သေးသောကြောင့် ကျောင်းသားဘဝမှာပင် ပျော်မွေ့နေပါသည်။

ဘာဖြစ်လို့လဲဆိုတော့ ရွာထဲမှ သူငယ်ချင်းများဖြစ်သော ထွန်းမောင်၊ မဲကြီး၊ သံချောင်းတို့နှင့် အလွန်ချစ်ခင်၍ သူတို့နှင့် မခွဲနိုင်သောကြောင့်ဖြစ်သည်။ သူတို့သုံးယောက်သည် ကျွန်တော်၏ အချစ်ဆုံးသူငယ်ချင်းများ ဖြစ်သည်။ ကျွန်တော်သည် ဆရာတော်၏ ဝတ်ကြီး၊ဝတ်ငယ်ကိစ္စ၊ ကျောင်းကိစ္စမှလွဲ၍ ကျန်သောအချိန်များတွင် သူငယ်ချင်းသုံးယောက်နှင့် အမြဲတွဲတွဲပင် ရှိသည်။

အခြားရွာများက သူငယ်ချင်းများရှိသော်လည်း သူတို့နှင့်မတွဲ၊ သူတို့နှင့် မခင်ပါ။ သူငယ်ချင်းသုံးယောက်သာ ဆိုးတိုင်ပင် ကောင်းတိုင်ပင် ဘယ်သွားသွား ဘယ်လာလာ အတူတူဖြစ်သည်။

ကျွန်တော်တို့ သူငယ်ချင်းလေးဦး (ကျွန်တော်အပါအဝင်)သည် တတွဲတွဲနေကြသော်လည်း အခြားသူငယ်ချင်းများနှင့် ရန်ဖြစ်ခြင်းကို လေးယောက်စလုံး ဝါသနာမပါကြ။ ရှောင်လည်း ရှောင်သည်၊ ကြောက်လည်း ကြောက်သည်။

ဆရာတော်ကိုယ်တိုင်ကလည်း ကျောင်းသားအချင်းချင်း၊ ရွာသားအချင်းချင်း ရန်ဖြစ်သည်ကို မကြိုက်။ ရန်ဖြစ်လျှင် မည်သူလွန်လွန် နှစ်ဖက်စလုံး ကျောင်းပေါ်ခေါ်ကာ ကြိမ်နှင့်ဆော်တတ်သည်။ ထို့ကြောင့် ကျွန်တော်တို့ ငယ်ယောက်စလုံး ရန်ဖြစ်ခြင်းကို ဝါသနာမပါ။ ဆရာတော်၏ ကြိမ်ဒဏ်ကိုလည်း ကြောက်ကြသောကြောင့် ဖြစ်သည်။

ရန်ဖြစ်ခြင်းကို ကြောက်ကြသော ကျွန်တော်တို့ ငယ်ယောက်သည် တစ်ကြိမ်တွင် သံချောင်းနှင့်ပတ်သက်၍ ရန်ပွဲကြီး ရင်ဆိုင်လိုက်ရသည်။ တတွဲတွဲနေကြသောကြောင့် တစ်ယောက်ဖြစ်လျှင် အားလုံးနှင့်ဆိုင်နေသောကြောင့် အားလုံး ပါလိုက်ရခြင်း ဖြစ်သည်။

သံချောင်းသည် ကျွန်တော်တို့ အားလုံးထဲတွင် အပိန်ဆုံး၊ အသေးဆုံး ဖြစ်သည်။ သံချောင်းမှာ နာမည်နှင့်လိုက်အောင် မာမာတင်းတင်းမဟုတ်၊ ပျော့စိပျော့ညံ့ သံချောင်းဖြစ်သည်။ ၄င်းပျော့စိပျော့ညံ့ သံချောင်းသည် ရွာထဲမှ ခနဲရုံပိုင်ရှင် ဦးကျော်အေး၏ သမီးသုံးယောက်အနက် အငယ်ဆုံးသမီး ပူစူးမနှင့် လူငယ်တို့သဘာဝ မေတ္တာမျှနေသည်မှာ နှစ်နှစ်လောက်ရှိပြီ ဖြစ်သည်။

နှစ်ဖက်မိဘများကလည်း ရိပ်မိသည်။ ငယ်သေးသည်ထင်၍ နေရာချထားမပေးသေးခြင်း ဖြစ်သည်။ ရှေ့နှစ်ဆိုလျှင်တော့ နေရာချထားပေးရန် သံချောင်းမိဘများက စိတ်ကူးထားပြီး ဖြစ်သည်။

သို့သော် ရွာထဲမှ စာရင်းငှား ဦးကျော်အုန်း၏သား တင့်တယ်(ဗလကောင်းသောကြောင့် ရွာအခေါ်နာမည်ဖြစ်သည်)သည် ပူစူးမကို ချိတ်တိတ်တိတ် ရိတိတိလုပ်နေသည်မှာ မကြာခဏဖြစ်သည်။ ပူစူးမကလည်း သံချောင်းသိလျှင် အကျယ်,အကျယ် ဖြစ်မှာစိုးသောကြောင့် သံချောင်းကို မပြော။ တင့်တယ်နှင့် ရွာထဲမှာ ရင်မဆိုင်မိအောင် ရှောင်သည်။ သံချောင်းက နည်းနည်းရိပ်မိသည်။

တစ်နေ့တွင် ရွာထဲမှ အသုဘတစ်ခုပို့အပြီး အပြန်မှာ ပြဿနာပေါ်ပေါက်သည်။ သခ္ဓိုင်းနှင့် ရွာအကြားတွင် ဝါးတောကြီးရှိသည်။ အသုဘကို ဝါးတောထဲမှဖြတ်၍ သယ်ကြရသည်။ အသုဘကိစ္စပြီး၍ အပြန်တွင် ကိုယ့်အစုနှင့်ကိုယ် ဝါးတောထဲက ဖြတ်၍ပြန်ကြသည်။

အခွင့်ကောင်းယူရန် ချောင်းနေသော တင့်တယ်က ပူစူးမအပြန်ကို တစ်နေရာက ချောင်းနေသည်။ ပူစူးအနား ရောက်လာသည်နှင့် တင့်တယ်က ချောင်းနေရာမှ ထွက်လာကာ ထုံးစံအတိုင်း ချစ်ရေးဆိုတော့သည်။

ပူစူးမ၏ချစ်သူ သံချောင်းက ပူစူးမ ဘယ်သူ့သွားနောက်မှ အရိပ်လိုလိုက်နေကျဖြစ်သည်။ ထို့ကြောင့် ပူစူးမ

www.burmeseclassic.com

www.burmeseclassic.com

၏ မလှမ်းမကမ်းတွင် သံချောင်းက အမြဲရှိနေသလို သံချောင်းနှင့် တွဲနေသော ကျွန်တော်တို့ သုံးယောက်ကလည်း သံချောင်းအနားမှာ အမြဲရှိနေကျဖြစ်သည်။

ပူစူးမကို ချစ်ရေးဆိုနေသောအနားသို့ ကျွန်တော်တို့ ရောက်သွားသောအခါ တင့်တယ်က အံ့သြသွားသည်။ သို့သော် ဗလအားကိုးနှင့် တင့်တယ်က ကျွန်တော်တို့ အားလုံးကို ဂရုမစိုက်။ သူလုပ်ချင်ရာလုပ်၍ နောက်ဆုတ်မည် မဟုတ်သော ပုံမျိုးဖြစ်သည်။

ကျွန်တော်တို့အားလုံးက တင့်တယ်ကို နောက်ဆုတ်ရန် တောင်းပန်ကြသည်။ သံချောင်း၏ ချစ်သူဖြစ်သောကြောင့် တစ်ရွာသားချင်း ထိုကဲ့သို့ မလုပ်သင့်ကြောင်း ဖျောင်းဖျသည်၊ မရ။ ကျွန်တော်တို့ လေးယောက်အား တင့်တယ်က လုံးဝဂရုမစိုက်ဘဲ လက်ရုံးချင်း ယှဉ်ချင်သောပုံမျိုး ဖြစ်သည်။ ဗလသေးသော သံချောင်းကို လျစ်လျူရှုကာ ကျွန်တော်တို့ သုံးယောက်ကို ဝင်ထိုးသည်။

သူက တစ်ယောက်တည်းဆိုတော့ ကြိုးစားလူကို တင့်တယ်က ဝင်ထိုးသည်။ တစ်ခါမျှ ရန်မဖြစ်ဖူးသော ကျွန်တော်တို့ အထိနာကြသည်။ တင့်တယ်က ဒီလိုပွဲမျိုး ကြုံဖူးပေါင်း များပြီ ထင်ပါသည်။ ကျွန်တော်တို့ သုံးယောက်လုံး အထိနာကြသည်။ ကျွန်တော်တို့က ထူပူနေသောကြောင့် တင့်တယ်အား ကြိုးသလို စွတ်ထိုးနေကြသည်။

တင့်တယ်က အရှောင်အတိမ်းရော အဝင်အထွက်ရော ကောင်းသည်။ ကျွန်တော်တို့ သုံးယောက်စလုံး သူလက်သီးစာ မိသော်လည်း သူမှာ ကျွန်တော်တို့ လက်သီးစာ တစ်ချက်မျှ မထိ။

ထွန်းမောင်နှင့် မဲကြီးကို သူ မဲ့၍ထိုးနေတုန်း ကျွန်တော်က ဝါးတောထဲက လက်လှမ်းမီရာ ဝါးဆစ်ပိုင်းတစ်ခုကို ကောက်ကိုင်လိုက်ကာ တင့်တယ်၏ခေါင်းကို အားရပါးရ ရိုက်ချလိုက်သည်။ ထုံခနဲမြည်သွားသည်။ အားရပါးရ ရိုက်လိုက်ရသောကြောင့် ကွဲပြီဟု ထင်လိုက်သည်။

တင့်တယ်က တုံခနဲဖြစ်သွားသည်။ သို့သော် နောက်ကို လှည့်မကြည့်။ ထွန်းမောင်နှင့် မဲကြီးကိုသာ ဆက်ထိုးနေသည်။ ထွန်းမောင်နှင့် မဲကြီးလည်း တင့်တယ်၏ လက်သီးဒဏ် မခံနိုင်သောကြောင့် ထွက်ပြေးကြတော့သည်။ ကျွန်တော်သာလျှင် ဝါးဆစ်ပိုင်းကိုကိုင်ကာ ကြောင်နေမိသည်။ ကြောက်တတ်၍ ဗလသေးသော သံချောင်းက ဝါးရုံပင်အောက်တွင် ကုတ်နေသည်။ ကြောက်ဒူးတောင် တုန်နေပြီလား မသိ။ ပူစူးမလည်း ဘယ်ပျောက်သွားသည် မသိ။

တင့်တယ်က ကျွန်တော့်ဘက် လှည့်ကာ-

"ဘာလဲကွ၊ မင်းတို့အထဲမှာ မင်းက သတ္တိအကောင်းဆုံးလား။ လာလေကွာ၊ မင်းလက်ထဲက တုတ်ကြီးကိုင်ပြီး ဘာလုပ်နေတာလဲ"

"မင်း ဘာမှမဖြစ်ဘူးနော်"

"ဟား...ဟား...ဟား...ဟား...မင်းတုတ်လောက်တော့ ရယ်တာပေါ့ကွ"

ကျွန်တော်၏ တုတ်ချက်ကြောင့် တင့်တယ် လဲလျှင်လဲ မလဲလျှင် ကျွန်တော်သည် သူ့ရဲ့ လက်သီးဒဏ်ကို ခံရတော့မည်ဆိုတာ လျှပ်တစ်ပြက်တွေးမိပြီးဖြစ်သည်။ ထို့ကြောင့် သူနှင့် ရင်ဆိုင်စကားပြောချိန်အတွင်း ကျွန်တော်က လက်မြန်မှုဖြစ်မည်ဟု သဘောပေါက်သောကြောင့် လက်ထဲတွင် ကိုင်ထားသော ဝါးဆစ်ပိုင်းနှင့် ခေါင်းကို လျှပ်တစ်ပြက် ရိုက်ချလိုက်သည်။

ခွပ်ခနဲမြည်၊ ထုံခနဲမြည်သွားသည်။ သူ ဘာမှမလုပ်မီ နောက်ထပ် ဆက်တိုက် နှစ်ချက် ထပ်ရိုက်လိုက်သည်။ ထုံခနဲ၊ ထုံခနဲသာ မြည်သွားသည်။ တင့်တယ် ဘာမှမဖြစ်။ ခေါင်းလည်းမကွဲ၊ ယိုင်လည်းမယိုင်။

ကျွန်တော်လည်း ကြောက်စိတ်ဝင်လာကာ သံချောင်းကိုဆွဲပြီး ထွက်ပြေးလာခဲ့ပါတော့သည်။ နောက်ကိုပင် လှည့်မကြည့်နိုင်တော့။ သံချောင်းတို့အိမ်ရောက်တော့ နှစ်ယောက်လုံး မောနေကြသည်။ တော်သေးသည်၊ တင့်တယ်က အိမ်ကို လိုက်မလာပေလို့သာ။

ထိုနေ့မှစ၍ ကျွန်တော်တို့အားလုံး တင့်တယ်ကို မတွေ့အောင် ရှောင်ကြသည်။ နောက်တော့ လူကြီးသူမများ ပြောစကားအရ တင့်တယ်သည် တုတ်ပြီးမားပြီးဆေးများ ထိုးထားကြောင်း သိရသည်။ အဲဒီကစ၍ တင့်တယ်ကို ကျွန်တော်တို့အုပ်စု အကြောက်ကြီးကြောက်သွားကြသည်။ လက်တွေ့ကြုံခဲ့ရသော ကျွန်တော်က တင့်တယ်အကြောင်းကို ပိုသိသွားသည်။

သို့သော် ကျွန်တော်သည် လက်တွေ့လုပ်လိုက်ရမှ ယုံသူပီပီ စိတ်ထဲက မကျေနပ်ချက်တစ်ခုကို စမ်းသပ်ချင်သေးသည်ဟု တေးထားသည်။ ထွန်းမောင်၊ မဲကြီးနှင့် သံချောင်းတို့ကို တိုင်ပင်ကြည့်သည်။ သူတို့က ကိုယ်တိုင်တော့ မလုပ်ချင်။ ကျွန်တော်၏ စမ်းသပ်ချက်ကို အဖော်အဖြစ် လိုက်စေချင်လျှင်တော့ လိုက်ပေးမည်ဟု အာမခံ

www.burmeseclassic.com

www.burmeseclassic.com

သည်။

(ကျွန်တော်၏ စမ်းသပ်ချက်သည် အဆင်ပြေလျှင် လူ သတ်မှုပင် ဖြစ်သွားနိုင်သည်။ သို့သော်လည်း ထိုအချိန်က တောရွာများတွင် ရောင်စုံသူပုန်များ သောင်းကျန်းနေသော ကာလဖြစ်၍ တော်ရုံတန်ရုံလူသတ်မှုသည် ငွေရှိလျှင်သော်လည်းကောင်း၊ အရှိန်အဝါရှိလျှင်သော်လည်းကောင်း၊ အလိုက်ကောင်းလျှင်သော်လည်းကောင်း ပျက်ပြယ်သွားနိုင်သော ကာလဖြစ်၍ ကျွန်တော် စမ်းသပ်ခြင်းဖြစ်သည်။ နောက်တစ်ချက် ကျွန်တော်၏စိတ်ထဲတွင် အနိုင်ကျင့်ခံရခြင်းကို လက်စားပြန်ချေခြင်းဖြင့် ပြန်အနိုင်ယူရမည်ဟု ထိုအချိန်က လူငယ်သဘာဝ မိုက်မဲစွာဆုံးဖြတ်၍ လုပ်ခဲ့ခြင်းဖြစ်သည်။ ဤကား စကားချပ်)

♦ ♦ ♦

မှောင်မိုက်သောညတော့ မဟုတ်။ လဆန်းရက်ဖြစ်၍ လရောင်အချို့ ပြောက်တိပြောက်ကြား ကျဆင်းနေသည်။ ရွာဖျားက 'ဝါးရုံအစပ်တွင် ကျွန်တော်တို့ လေးယောက် တင့်တယ်ကို စောင့်နေကြသည်။ တင့်တယ်သည် ကိုးနာရီမှ ဆယ့်တစ်နာရီ အကြားတွင် တစ်ဖက်ရွာမှ အရက်သောက်ပြီး ပြန်လာနေကျကို သတင်းရထားပြီး ဖြစ်သည်။ သူနှင့်အတူ သူတပည့် (သို့မဟုတ်) သောက်ဖော်သောက်ဖက် ငမှတ်ဆိုသော အဖော်တစ်ယောက်လည်း ပါနေကျဖြစ်သည်။

လမ်း၏ ဝဲယာနှစ်ဖက်ကို ဝါးရုံပင်များက လရိပ်မထိုးအောင် အုံ့ဆိုင်းနေသော်လည်း ပြောက်တိပြောက်ကျား လရိပ်များက မြေပြင်ပေါ် သို့တိုးဝှေ့ကာ ထင်ဟပ်နေသည်။ ကျွန်တော်တို့အုပ်စုက ရှစ်နာရီလောက်ကတည်းက ဝါးရုံနောက်တွင် ကြိုရောက်နေကြသည်။ လုပ်မည်ဟု ဆုံးဖြတ်ထားချက်ကို မဖြစ်မနေ လုပ်ကိုလုပ်ရမှဟု ခံယူထားသော ကျွန်တော်၏ ဘဉ်အတိုင်း ဆင်းရဲဒုက္ခခံကာ စောင့်နေကြခြင်း ဖြစ်သည်။

ခြင်ရိုင်းများ၏ မည္သာမတာ သွေးစုပ်မှုဒဏ်ကို အောင့်အည်းသည်းခံကာ အသံမြည်မှာစိုး၍ လက်နှင့် မရိုက်ဘဲ သပ်ချနေရသည်။ ပုရစ်သံများက ပတ်ဝန်းကျင်တွင် တစီစီ မြည်နေသည်။

ဆယ်နာရီသာသာလောက်တွင် အရှေ့မှအနောက်သို့ ဒယီးဒယိုင်ဖြင့် လျှောက်လာနေသော လူရိပ်သဏ္ဌာန်နှစ်ခုကို တွေ့လိုက်ရသည်။ တင့်တယ်နှင့် သူတပည့် ငမှတ်တို့ နှစ်ယောက်ဖြစ်သည်။ သူတို့နှစ်ယောက်ကို မြင်လိုက်သည်နှင့် ကျွန်တော်၏ရင်ထဲတွင် တဒိန်းဒိန်းခုန်နေသည်။ တစ်ကြိမ်တစ်ခါမျှ မလုပ်ဖူးသောကိစ္စမို့ တစ်ကိုယ်လုံး ဖောရွေးများပြန်နေသည်။

ဓားပြီးတုတ်ပြီးသောပုဂ္ဂိုလ်ကို သည်တစ်ခါတော့ ဓားပြီး,မပြီး စမ်းရတော့မည်။ တုတ်ပြီးတာကတော့ ကိုယ်တွေ့။ ကိုယ်ခံပညာကို အားကိုး၍ နိုင်ထက်စီးနင်းလုပ်သော ပုဂ္ဂိုလ်များကို ကျွန်တော့်စိတ်ထဲတွင် လုံးဝသဘောမတွေ့။ မနိုင်၍ သည်းခံရပေမယ့် တစ်နေ့နေ့တစ်ချိန်ချိန်မှာ ပြန်ပြီးကလဲ့စားချေဖို့ကို ကျွန်တော် အမြဲစဉ်းစားနေခြင်းဖြစ်သည်။

သူငယ်ချင်းသံချောင်းအတွက် ကလဲ့စားချေခြင်းဖြစ်သည်။ ထက်အောင် သွေးထားသော ဝါးခုတ်ဓားကို ကျွန်တော် ကျစ်ပါအောင် ဆုပ်ထားမိသည်။

နှစ်ယောက်သား ဒယီးဒယိုင်ဖြင့် ကျွန်တော်တို့ ပုန်းအောင်းနေရာ ဝါးရုံနားသို့ရောက်သည်နှင့် ကျွန်တော်သည် ဓားကို ကျွစ်ကျစ်ပါအောင်ဆုပ်ကာ မှောင်ရိပ်ထဲမှ ခြေသံမကြားအောင် ထလိုက်ကာ သူတို့နှစ်ယောက် အနားသို့ ကပ်လိုက်သည်။ တစ်ယောက်မျှ လှည့်မကြည့်။ လျှပ်တစ်ပြက်အတွင်း ကျွန်တော်သည် ဝါးခုတ်ဓားကို စုံကိုင်ကာ တင့်တယ်၏ ဦးခေါင်းတည့်တည့်သို့ ခုတ်ချလိုက်သည်။

ထုံခနဲမြည်ကာ ဓားကိုင်ထားသော ကျွန်တော်၏လက်က ခါထွက်သွားသည်။ ခေါင်းခွံကို ဓားနှင့်ခုတ်လျှင် ခွပ်ခနဲ မြည်ရမည်ကိုသာ ကြားဖူးသည်။ ထုံခနဲ မြည်သံကို သိပ်မတစ်ခါပဲ ကြားဖူးသည်။ ဒယီးဒယိုင်ဖြင့် သွားနေသော တင့်တယ်သည် ရှေ့သို့ နည်းနည်းငိုက်သွားကာ လှည့်ကြည့်လိုက်သည်။

ပြီးမှ အရက်မူးသံဖြင့်-

'ငါ့ကို ဓားနဲ့ခုတ်တယ်ကွ'

ဗလုံးဗထွေးသံဖြင့် သူအော်လိုက်ကာ နောက်တစ်ချက်ခုတ်ရန် ပြင်နေသော ကျွန်တော့်ကို မြင်သွားသည်။ သူ ကျွန်တော့်ကို မမှတ်မိ။

'ဘယ်သူလဲကွ ခုတ်တာ'

သူနှင့် အတူပါလာသော ငမှတ်က အခြေအနေကို ရုတ်ခြည်းသဘောပေါက်ကာ အနောက်ဘက်သို့ ထွက်ပြေးတော့သည်။ ကျွန်တော်၏အသားများ တဆတ်ဆတ် တုန်နေသည်။ တင့်တယ် ဓားပြီးတာ ကိုယ်တွေ့ဖြစ်ခဲ့ကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်မျက်စိနှင့် သေသေချာချာ မြင်ရပြီ။ သို့သော်လည်း မြင်ကွင်းကွယ်ပျောက်ကာ မျက်စိထဲတွင် ကြယ်တွေ၊ လတွေ လင်းလက်သွားသည်။

တင့်တယ်၏ လက်သီးချက်ဖြစ်သည်။ ကျွန်တော်၏ မားချက်ကြောင့် သူ ဘာမှမဖြစ်။ သူလက်သီးချက်ကြောင့် ကျွန်တော်ယိုင်၍ လည်ထွက်သွားသည်။ ကျွန်တော်၏အသိတွင် ငါသည် တင့်တယ်လို တုတ်ပြီးမားပြီးသောပုဂ္ဂိုလ်ကို ဤနည်းဖြင့် စမ်း၍မရ။ နောက်ဆုံးလက်နက်ကိုတော့ ထုတ်သုံးရတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

ကျွန်တော် ခံနေရကြောင်းသိသည်နှင့် အလွန်သတ္တိကောင်းကြသော ကျွန်တော်၏ ရဲဘော်ရဲဘက် ထွန်းမောင်၊ မဲကြီးနှင့် သံချောင်းတို့ သုံးယောက်သည် ပုန်းနေရာက ထွက်လာကြကာ ကျွန်တော် မှာထားသည့်အတိုင်း သုံးယောက်သား တင့်တယ်ကို ဝိုင်းဖက်၍ ချုပ်ထားလိုက်ကြသည်။ လွယ်လွယ်ကူကူတော့ မဟုတ်။

တင့်တယ်၏ ဒယီးဒယိုင်ဖြင့် ရုန်းနေသောအားနှင့် ငယ်သံပါအောင် အော်လိုက်သောအသံက တိတ်ဆိတ်နေသော အမှောင်ထုကို ဖောက်ထွင်းသွားသည်။

ကျွန်တော်၏ ရဲဘော်သုံးယောက်က တင့်တယ်ကို ဝိုင်းချုပ်ထားသည်ကို မြင်လိုက်ရသည်နှင့် ကျွန်တော်၏ သက်ကယ်လက်နက်ကို ခါးပုံစထဲမှ ထုတ်လိုက်သည်။ သေသေချာချာ ကိုင်ရသည်။ အဆင်မသင့်လျှင် ကိုယ့်လက်ကို ပြန်ထိနိုင်သည်။

ကျွန်တော်သည် သူတို့သုံးယောက် အပေါ်ပိုင်းက ချုပ်ထားသည်နှင့် အောက်ပိုင်းမှ ခြေသလုံးကို သိမ်းဖက်ကာ တုတ်ပြီးမားပြီး ပုဂ္ဂိုလ်အား ကျွန်တော်၏ လက်နက်နှင့် ခြေသလုံးသားများကို ငါးခူကို မားနှင့်မွှန်းသလိုမျိုး တဗျစ်ဗျစ်မြည်အောင် မွှန်းလိုက်တော့သည်။ ကျွန်တော်တို့အား ဗလအားကိုး၊ တုတ်ပြီးမားပြီးပညာ အားကိုးနှင့် ဇိုလိ်ကျခဲ့သော တင့်တယ်အား အငြိုးနှင့် ပညာပေးနေသည်မှာ မည်မျှကြာသွားသည်မသိ။ တင့်တယ်လည်း ပျော့ခွေကျသွားပြီး ကျွန်တော်၏ လက်ထဲတွင်လည်း သွေးများ အိုင်ထွန်းနေသည်။ တင့်တယ်လည်း အသံပင် မထွက်တော့။

ကျွန်တော်၏ အသက်ကယ်လက်နက်ကြောင့် တင့်တယ် မသေနိုင်ဆိုတာကိုတော့ သိသည်။ ဘယ်လောက် ခံလိုက်ရသည်ကိုတော့ မှန်းဆ၍မရ။ ပုံလျက်လဲကျသွားသော တင့်တယ်ကို ထားခဲ့ကာ ကျွန်တော်တို့လေးယောက် ထိုနေရာမှ ထွက်ပြေးလာခဲ့သည်။

သိပ်မကြာလိုက်၊ တင့်တယ်၏သတင်းကို ကြားရပါသည်။ တင့်တယ်အား မြို့က ဆေးရုံကိုပို့၍ တစ်လခန့် ဆေးကုလိုက်ရသည်ဟု သိရသည်။ ဆေးရုံက ပြန်ဆင်းလာသောအခါ လမ်းပင် ကောင်းကောင်းမလျှောက်နိုင်ဟု သတင်းရသည်။

တင့်တယ်လည်း ကျွန်တော်၏သူငယ်ချင်း သံချောင်းအား လုံးဝမေ့မကြည့်ရဲတော့သည့်အပြင် ကျွန်တော်အပါအဝင် ကျွန်တော်၏ သူငယ်ချင်းများ အားလုံးကိုလည်း လုံးဝမလှန်ရဲတော့ပေ။ တစ်သက်လုံး မှတ်သားလောက်အောင် ပညာပေးလိုက်ပြီး ဖြစ်သည်။

တင့်တယ်၏ မိဘများကလည်း သူတို့သားအကြောင်းကို သိပြီးဖြစ်၍ ထွေထွေထူးထူး ကျွန်တော်တို့အပေါ်တွင် အရေးမယူပါ။ တင့်တယ်၏ မိုက်ပြစ်ကြောင့် သူဟာသူ ခံရတာပဲဟု သဘောထားလိုက်ကြဟန်တူပါသည်။

ထိုနေ့မှစ၍ သံချောင်းနှင့် ပူစူးမတို့၏ ချစ်ခရီးသည် ဖြောင့်ဖြူးသာယာသွားသကဲ့သို့ တုတ်ပြီးမားပြီး ပုဂ္ဂိုလ်၏ ရန်လည်း အေးသွားပြီ ဖြစ်သည်။

(ကျွန်တော်၏ဇာတ်လမ်းသည် ဤတွင်ဆုံးပြီဖြစ်သည်။ သို့သော် ပြောစရာတစ်ခုတော့ ကျန်သေးသည်။ တုတ်ပြီးမားပြီး ပုဂ္ဂိုလ်အား ဆုံးမလိုက်သော နောက်ဆုံးပေါ် လက်နက်အကြောင်းပင် ဖြစ်သည်။

ထွေထွေထူးထူးမဟုတ်ပါ။ ကျွန်တော်၏ ရှေ့မီနောက်မီ အသိကြွယ်လှသော ဘကြီးတစ်ယောက်၏ အကြံပေးချက်အရ မည်သည့်ဂန္ဓီရနည်းလမ်းမျှ မပါ၊ အစီအရင်မျှ မပါဘဲ စီမံထားသော လက်နက်ဖြစ်သည်။ ရွာထဲက တရုတ်ကုန်စုံဆိုင်မှ ဝယ်ထားသော ဘလိတ်မားတစ်ချောင်းဖြစ်သည်။ ဘလိတ်မားကို တစ်ဝက်ချိုး၍ လက်ကိုင်ရ အဆင်ပြေစေရန် ကြေးနန်းကြိုးကလေးနှင့် ပတ်လိုက်သည်။ ကြေးနန်းကြိုးအပေါ်မှ အဝတ်စတစ်ခုနှင့် ထပ်ပတ်လိုက်သည်။ တင့်တယ်၏ ခြေသလုံးသားများကို ထိုဘလိတ်မားနှင့် ငါးခူမွှန်းသလို မွှန်းလိုက်သောအခါ တုတ်ပြီးမားပြီးပုဂ္ဂိုလ် အဘယ်မျှ ခံစားသွားရမည်ကို တွေးကြည့်နိုင်ပါသည်။

တုတ်ပြီးမားပြီးသော်လည်း ဘရိတ်မား မပြီးတာကတော့ လက်တွေ့ဖြစ်ပါသည်။ ဤကားစကားချပ်)

မောင်မြင့်မား(ဗိုလ်ကလေး)

www.burmeseclassic.com

www.burmeseclassic.com

အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ **လီယိမက်**

နှင်းခူ၊ ပွေး၊ ဝဲ လိမ်းဆေး **ဟိမဝန္တာ သွေးသန့်ဆေး**

ခရုသင်း သမင်ဖြူ။

ခရုသင်း၊ သမင်ဖြူ၊ နှီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရိုရေးစစ်ရောဂါ၊ မို့စွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိပ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါအမျိုးမျိုး၊ **ကာလသားရောဂါ**၊ ဆီးပူဆောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကရွိုက်၊ ရေယုန်၊ မှက်ခရနာ၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိုဖြူဆင်းရောဂါ၊ အသားအရေ မည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်း ရောဂါများကို **အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

လီယိမက် အရေပြားရောဂါ အထူးကုဆေးတိုက်

အမှတ်(၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-လမ်း ရန်ကုန်မြို့။ PH: 252598, 243851

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတစ်ဆင့် မှာယူနိုင်ပါသည်။

သုခရတနာ

ဓမ္မစာပေဖြန့်ချိရေး

- ပဌာန်းပါဠိတော်
- ပရိတ်ကြီး(၁၁)သုတ်ပါဠိတော်
- ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် ပါဠိတော်
- မာရဇာပရိတ် အဘိဇာသုတ်နှင့် ပရိမိတ္တဇာလသုတ် ပါဠိတော်



R 4/5907

အမှတ်-၅၃၂၂(ပထမထပ်)၊ ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)အထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၁ ၉၉၄၂၅၅ ၊ ၀၉ ၇၃၁ ၇၆၄၉၄

www.burmeseclassic.com

www.burmeseclassic.com

ဘုန်ငံရဲစွန်(စတောင်ပွန်း)

ဂမ္ဘီရအလွဲများ

လောကမှာ
ဆန်းကြယ်မှုတွေချည်းပဲ
ဆိုတာ သတိမထားမိရင်
မသိနိုင်ကြဘူး။ ကိုယ့်မျက်စိ
အောက်က အဖြစ်အပျက်တွေကိုတောင်
ပေါ့ပေါ့ဆဆနေရင် သမားရိုးကျလို့ပဲ ထင်တတ်ကြပါ
တယ်။ လူတစ်ယောက်စာ ပြောသွားတဲ့ စကား၊ ပြုခဲ့တဲ့
အပြုအမူ အဖြစ်အပျက်တွေကို တစ်ရေးရေး ပြန်တွေးမိမှ အံ့သြမကုန်
ဖြစ်နေတတ်တယ်။ ဥပမာ-အိမ်သားတစ်ဦးက ခရီးထွက်ခါနီး ပြောသွားတဲ့
စကားကို သတိမထားမိတာမျိုး။ အဲဒီလူ ခရီးသွားရင်း ရုတ်တရက် ကွယ်လွန်တော့မှ

www.burmeseclassic.com

www.burmeseclassic.com

သူ ပြန်မလာနိုင်တော့ဘူးလို့ ပြောသွားသားပဲဟုဆိုပြီး အံ့သြဘနန်း ဖြစ်ကြရတာတွေ၊ အိမ်မှာ ဓာတ်ပုံမှန်ပေါင်းကွဲကျတာမျိုး၊ ဖန်ခွက်လွတ်ကျတာမျိုး စတဲ့နိမိတ်တွေ ပြတာမျိုးတွေ ရုပ်ရှင်,ဗီဒီယိုကားတွေမှာ ကြည့်ဖူးမှာပေါ့။ ဒါဟာ တိုက်ဆိုင်မှု မဟုတ်ပါဘူး။ တမင်လုပ်တာမျိုးလည်း မဟုတ်ဘူး။ လောကရဲ့ ဂမ္ဘီရ သဘောတရားတွေပါပဲ။

လူတွေဟာ ဘဝတစ်ခုမှာ ကျင်လည်ရင်း တစ်ဦးနဲ့ တစ်ဦး မတူညီမှုတွေ၊ တူညီမှုတွေ၊ ဆန့်ကျင်ဘက်တွေနဲ့ ကြုံတွေ့နေရတယ်။ ဦးသန်းအေးနဲ့ ဦးအေးသန်းတို့ရဲ့ ဘဝကိုပဲကြည့်။ တစ်ဘဝဆိုတဲ့ အချိန်တိုလေးအတွင်းမှာ တိုက်ဆိုင်မှု၊ လွဲမှားမှုတွေ ဒုနဲ့ဒေး။ ဒါတွေဟာ ဘယ်သူကမှ တမင်လုပ်တာ မဟုတ်ပါဘူး။ သူတို့ဘဝရဲ့ အစကောက်ကြောင်းကို ပြန်ကြည့်လိုက်ရင် ဂမ္ဘီရဆန်တဲ့ ထူးဆန်းတဲ့ အလွဲတွေကြားမှာ တစ်ဘဝကုန်ဆုံးသွားတာကို တွေ့ရမှာမို့ မှတ်တမ်းပြု၍ တင်ပြလိုက်ပါတယ်။

နာမည်တွေက ဦးသန်းအေးနဲ့ ဦးအေးသန်းတဲ့။ မွေးသက္ကရာဇ်က အတူတူပဲ။ မွေးရက်က တစ်ဦးက ဒီဇင်ဘာလ (၁၂)ရက်၊ တစ်ဦးက (၂၁)ရက်တဲ့။ ထူးခြားတယ်လို့ ထင်ပါ့မလား။ အသေအချာတွေးကြည့်။ သူတို့ မွေးရက်နဲ့ နာမည်တွေက တူညီတဲ့ အက္ခရာနှစ်လုံးနဲ့ ဂဏန်းနှစ်လုံးပဲရှိတယ်။ ဒါပေမဲ့ တူကြရဲ့လား။ မိဘတွေရဲ့ နာမည်တွေကလည်း ဦးသန်းအေး မိဘနာမည်က ဦးတင်ရွှေ၊ ဒေါ်တရုတ်မ ဖြစ်သလို ဦးအေးသန်း မိဘတွေက ဦးကုလားကြီး၊ ဒေါ်တင်ရွှေတဲ့။ ဒီလို ဘဝမှာ တူသယောင်နဲ့ မတူတဲ့လှို့ဝှက်ချက်တွေကို ကြည့်ရင် ဒါဟာ ပဋိသန္ဓေစိတ်မှာ အမြဲတမ်းလိုက်နေတဲ့ အတိတ်ဘဝက် သတ္တိတွေနဲ့ ဓာတ်သဘောတွေရဲ့ တွန်းကန်လှုပ်ရှားမှု အတူဖြစ်ဖက် ဓာတ်သဘောတွေရဲ့ စုစည်းဖြစ်ပျက်မှုတွေပါပဲ။

'ဦးကုလားကြီး၊ ဒေါ်တရုတ်မသား သန်းအေးဆိုတဲ့ကောင်လေး အတော်ဆိုးတာပဲ'

'နင်ကလည်း ပြောင်းပြန်ကြီးဟဲ့။ ဦးကုလားကြီး၊ ဒေါ်တရုတ်မသား မဟုတ်ဘူး။ ဦးတင်ရွှေ၊ ဒေါ်တင်ရွှေသား အေးသန်းပါဟယ်'

'ဟင်...နင့်ရှင်းမှပဲ လင်မယားတွေ ပြောင်းပြန်ဖြစ်ကုန်ပြီ'

'သိဘူးလေ။ ဦးကုလားကြီးဆိုတော့ သူမိန်းမ ဒေါ်တရုတ်မ ထင်လို့ပါ။ အဟီး'

'ကျွန်မကလည်း ဦးတင်ရွှေ၊ ဒေါ်တင်ရွှေလို့ထင်လို့'

ရုပ်ကွက်ထဲက လူတွေကိုက အမှတ်သညာနည်းကြသည်။ မိဘတွေကို ပြောင်းပြန်တွဲလိုတွဲ၊ သန်းအေးကို အေးသန်းလို့ ခေါ်လို့ခေါ်၊ သာရေး,နာရေးဖိတ်တော့ ပို ဆိုးသည်။ ကျောင်းနေတော့ သူတို့နှစ်ယောက် တစ်တန်းတည်း။ တစ်နေ့ ကျောင်းသွားရင်း လမ်းဘေးရေမြောင်းထဲမှာ ငါးဆင်းဖမ်းတဲ့ သန်းအေးကို ကျောင်းသားတစ်ဦးက တိုင်တဲ့အတွက် ဆရာမကြီးက ဆရာမတစ်ဦးနှင့် ရုံးခန်းသို့ ခေါ်ခိုင်းလိုက်သည်။

'ဆရာမ...ပထမတန်းက မောင်အေးသန်းကို သွားခေါ်ပေးပါ'

အလုပ်များနေတဲ့အတွက် ဆရာမကြီးက အမှတ်မဲ့နဲ့ သန်းအေးဟု မခေါ်ဘဲ အေးသန်းလို့ ခေါ်မိတဲ့အတွက် ဘုမသိ ဘမသိနဲ့ အေးသန်းတစ်ယောက် ဆရာမကြီး ရုံးခန်းကို ရောက်လာတယ်။

'ကိုင်း...ဆင်ခြေမပေးနဲ့။ ရေမြောင်းထဲ ငါးဆင်းဖမ်းတဲ့ကောင် ဟိုဘက်လှည့်စမ်း'

ကြောင်တောင်တောင်နှင့် လှည့်လိုက်စဉ် ဆရာမကြီး၏ ကြိမ်လုံးက အေးသန်း၏တင်ပါးကို လေးငါးချက် ဆင့်ကာ,ဆင့်ကာ ကျလာ၍ မျက်ရည်စက်လက်နှင့် တင်ပါးကိုပွတ်ကာ နောက်မလုပ်တော့ပါဘူးခင်ဗျာဟု ဝန်ခံလိုက်ရရှာလေသည်။ သန်းအေးလုပ်သမျှ အေးသန်း ခံရတာရှိသလို အေးသန်းလုပ်သမျှ သန်းအေးခံရတဲ့ပြဿနာအများအပြားရှိသွေးသည်။ အေးသန်းက ကျောင်းသူတစ်ယောက်ကို စာပေးသဖြင့် သန်းအေး ရုံးခန်းသို့ ရောက်ခဲ့ရတာမျိုး စသည်တို့ ဖြစ်လေသည်။ ဤသို့သော အလွဲတွေကြားတွင် နှစ်ဦးစလုံး အရွယ်ရောက်လာကြသည်။ နှစ်ဦးစလုံး သောက်တတ်စားတတ်ကြသည်။

တစ်နေ့ သန်းအေး အရက်မူးပြီး လမ်းထိပ်က ကင်းတဲမှာ အိပ်ပျော်နေတုန်း ရဲတပ်ဖွဲ့ဝင်တစ်ဦး သူ့ကို လာနှိုးသည်။

'ဟေ့ကောင် သန်းအေး၊ ထစမ်း။ လာ...ရဲစခန်းကို ခဏလိုက်ခဲ့'

ရဲစခန်းကို မူးကြောင်ရူးကြောင်နဲ့ သူရောက်တော့

www.burmeseclassic.com

www.burmeseclassic.com

စခန်းမှူးက-

'ကဲ..ဒီညတော့ အဲထဲမှာ ခဏအနားယူဦး။ မင်းကိစ္စ မနက်မှ ရှင်းရမယ်'

ထိုညက သန်းအေးတစ်ယောက် အချုပ်ခန်းထဲက ကြမ်းပိုးတွေနဲ့ နှစ်ပါးသွားရင်း မိုးလင်းသွားသည်။ နောက် တစ်နေ့ရောက်တော့မှ မိဘတွေ လာရှင်းပေးသွားသည်။

ဖြစ်ပုံက ညက အေးသန်းတစ်ယောက် အရက်မူးပြီး ရပ်ကွက်ထဲမှာ ဆဲဆိုနေလို့ ရပ်ကွက်လူကြီးက ရဲစခန်းကို အကြောင်းကြားသည်။ စခန်းမှူးက မှာယွင်းစွာဖြင့် သန်းအေးကို ဖမ်းခိုင်းလိုက်ခြင်း ဖြစ်လေသည်။

စခန်းမှူးမှာတာ တော်ပါသေးရဲ့။ သေမင်းသာ မှာရင် မသာပေါ့ပြီဟုသာ သန်းအေးက အကောင်းဘက်က ရှုမြင်လိုက်သည်။ ဒေါ်တရုတ်မကတော့ သိပ်မကျေနပ်။

'ဟုတ်ပါ့တော်၊ လူတွေကလည်း သားသမီးတွေကို ရော မိဘတွေကိုရော အလွဲလွဲအချော်ချော် ခေါ်နေကြတာ။ တစ်ရွာလုံးမှာ ကျွန်မတို့ မိသားစုနှစ်စုပဲ မှားကြတာ။ ကျွန်မတို့က ပြောင်းပြန်ဖြစ်နေလား၊ ရွာက ပြောင်းပြန်လား မဆိုနိုင်ဘူး တော်ရေ'

ထိုသို့မှားယွင်းလေတိုင်း ပတ်ဝန်းကျင်က ပြောပြော ပြီး ရယ်စရာလုပ်လေ့ရှိကြသည်။ လွဲမှားမှုတိုင်း ပတ်ဝန်း ကျင်၏ မှားယွင်းကြောင့်သာဖြစ်၍ ကာယကံရှင်တို့အဖို့ ဒေါသဖြစ်ရတာ မဆန်း။ ဒါပေမဲ့ ဆန်းနေတာက သူတို့ရဲ့ အဖြစ်။ မရည်ရွယ်ပါဘဲနဲ့ အထူးအဆန်းတွေချည်း ဖြစ် နေသည်။ သူတို့အိမ်ထောင်ပြုကြတာကိုလည်း ကြည့်ဦး၊ မောင်သန်းအေးဇနီး နာမည်က မအေးမြင့်ဖြစ်သလို မောင် အေးသန်းယူမိတဲ့ မိန်းမနာမည်က မမြင့်အေး ဟူသတတ်။

♦♦♦

ဤသို့သော ဘဝအလွဲတွေ ရင်ဆိုင်ရင်းက နှစ်ဦး စလုံး အသက်ငါးဆယ် နီးလာကြပါပြီ။ သူတို့အဖို့ ထမင်း စား ရေသောက်ကိစ္စလို အသားကျနေပေမယ့် ပတ်ဝန်း ကျင်ကတော့ မှားနေကြဆဲ။ မိဘများလည်း ကွယ်လွန် သွားကြပြီဖြစ်လို့ ထိုဝဋ်ကြွေးကို မခံကြရတော့ပေမယ့် မြေးတွေကိုတော့ အမွေပေးသွားကြသည်။ သူတို့ နှစ် ယောက်စလုံး အရက်ကို မှီဝဲကြသူတွေချည်းဆိုတော့ အရက်ဆိုင်မှာလည်း မှားယွင်းမှုကြောင့် မကြာခဏ ပြဿနာရှင်းကြရသည်။

အကြွေးစာရင်းမှတ်ရာမှာ ဆိုင်ရှင်က သန်းအေးနှင့် အေးသန်းကို မကြာခဏမှားယွင်းမှတ်တဲ့အတွက် အကြွေး တောင်းတဲ့အခါ ထိုင်း ငြင်းခုံရသည်။ ထို့ကြောင့် ဆိုင်ရှင် က ကိုယ့်အမှားကိုမမြင်ဘဲ ဒင်းတို့ကြောင့်ဟုဆိုကာ နှစ် ယောက်စလုံးကို အကြွေးမရောင်းတော့။ ထိုအခါ ဦးအေး သန်းက မကျေနပ်၍ အရက်ဆိုင်ဖွင့်သည်။ ဦးသန်းအေးက လည်း ဦးအေးသန်းဆိုင်မှာ သောက်သည်။ ရောင်းသူနှင့် ဝယ်သူ ဖြစ်သွားကြ၍ မှားစရာအကြောင်း မရှိတော့ပေ။

တစ်နေ့ ယောကျ်မရွာသို့ ဦးသန်းအေး ဆေးသွားပို့ သည်။ ယောကျ်မရွာသို့ ရထားလမ်းဘေး လူသွားလမ်း ကလေးအတိုင်း စက်ဘီးဖြင့်သွားသည်။ ဆေးပေးပြီးနောက် မပြန်သေးဘဲ ယောက်ဖများနှင့် ဝိုင်းဖွဲ့လိုက်ကြသေးသဖြင့် ညနေအတော်စောင်းမှ အိမ်ပြန်ဖြစ်သည်။ သူပြန်သည့် အချိန်သည် နေဝင်ဖျိုးဖျ မှောင်ရီသန်းချိန်ဖြစ်၍ ရွာထဲတွင် မီးခွက်မီးတိုင်တွေတောင် ထွန်းကြကုန်လေပြီ။

'ကိုသန်းအေး..စက်ဘီးစီးပြီး ပြန်လို့ဖြစ်ပါ့မလား'

'အာ..ရပါတယ် ယောက်ဖကြီးရာ။ ရှေ့မီးပါတာပဲ'

ရထားလမ်းဘေးအတိုင်း စက်ဘီးကို မှန်မှန်နင်းခဲ့ သည်။ ရွာကိုရောက်ခါနီး သခ္ခိုင်းဟောင်းနားက ဆီးပင် နားရောက်တော့ ရှေ့မှာ အမြန်ရထားတစ်စီး လာနေသည် ကို တွေ့သဖြင့် ဆက်မနင်းသေးဘဲ စက်ဘီးကို ခြေဖြင့် ထောက်ရပ်ကာ ရထားလွန်သည်ကို စောင့်နေလိုက်သည်။ ရထားက သူ့အနီးမှ အရှိန်ပြင်းစွာ ခုတ်မောင်းနေသည်။ ထမင်းထုပ်ရောင်းသော ဈေးသည်တစ်ဦးသည် အတက် အဆင်းပေါက် သံကိုင်းကို အားပြုပြီး နောက်တွဲသို့ကူးရန် ခွဲခြင်းကို နောက်တွဲမှ အဖော်ကို ကမ်းပေးရာ နောက် တွဲမှ အဖော်က မမှီမကမ်းနှင့် ခြင်းကို လှမ်းအဆွဲတွင် ကိုင်းတစ်ဖက်သာ ဆွဲမိသဖြင့် ဆွဲခြင်းစောင်းသွားကာ ခြင်းထဲမှ ထမင်းထုပ်တစ်ထုပ် ပြုတ်ကျကျန်ခဲ့သည်ကို ဦးသန်းအေး တွေ့မြင်လိုက်သည်။

'ဟား..ကော်တာပဲ။ ရထားပေါ်က ထမင်းပေါင်း ထုပ် ကျတာနဲ့ခဲ့ပြီ'

ရထားလွန်မှ စက်ဘီးကို ရှေ့သို့နင်းကာ ဆီးပင် အောက်တွင်ကျနေသော ထမင်းပေါင်းထုပ်ကိုကောက်ပြီး ရှေ့ခြင်းထဲ ထည့်လိုက်သည်။

'အဟီး..စားရက်ကြဲတော့ ဖိုးဆိတ်မယား သူများ

www.burmeseclassic.com

www.burmeseclassic.com

ဆွဲတယ်ဆိုတာ ဒါပဲဖြစ်မယ်'

ထမင်းပေါင်းထုပ်ထဲမှ ကြက်သားဟင်းရည်က မွေးပျံနေသည်။ အထဲတွင် ရင်ပုံသားဖြစ်ဖြစ်၊ ပေါင်သားဖြစ်ဖြစ် တစ်ခုခုပဲဟုတွေးကာ သွားရည်ကျလာသောကြောင့် တံတွေးကို ဂလုခနဲမြည်အောင် မျိုချပြီး စက်ဘီးကို ဆက်နင်းလိုက်သည်။

'ဟာ..ဟ..ဒါက ဘယ်လိုဖြစ်တာလဲ'

စက်ဘီးသည် ရှေ့သို့ နှစ်ပတ်မှ်,သုံးပတ်ခန့် လိပ်ပြီးမှ ထိုးရပ်သွားသဖြင့် တစ်ခုခုနှင့် ငြိနေသလားသိရန် မီးခြစ်ခြစ်ကာ ဆင်းပြီး စစ်ဆေးလိုက်သည်။ ဘာနှင့်မှမငြို၊ ခွကိုထောက်ပြီး စမ်းနင်းကြည့်သည်။ အိုကေ..နောက်ဘီးက တဝိုးဝိုးလည်နေသည်။ ထို့ကြောင့် ဒေါက်ဖြုတ်ပြီး ရှေ့သို့ ဆက်နင်းလိုက်သည်။

'ဟော..ရပ်သွားပြန်ပြီ။ တစ်ယောက်က ဆွဲထားသလိုပဲ'

ဆင်းပြီး ပြန်စစ်ဆေးလိုက်သည်၊ ဘာမှမဖြစ်။ မကျေနပ်သေးသဖြင့် စက်ဘီးဘားတန်းကိုမ,ကာ တစ်ပတ်လှည့်ကြည့်လိုက်သေးသည်။ ဘာအတွယ်အတာမှမရှိ၍ ရှေ့ကို ဆက်နင်းလိုက်ပြန်သည်။

'ငါ့ထမင်းထုပ် ပြန်ပေး။ ငါ့ထမင်းထုပ် ပြန်ပေး'

စက်ဘီးရပ်သွားသလို နောက်မှ အသံနက်ကြီး ပေါ်လာသဖြင့် ဆင်းကာ စက်ဘီးကို နောက်သို့လှည့်လိုက်ပြီး ခွထောက်ကိုထောက်ကာ အားကုန်နင်းလိုက်သည်။ ရှေ့မီးရောင်က မွေးခနဲဖြာထွက်လာသည်။ စုတ်စုတ်ပြတ်ပြတ်နှင့် ဆံပင်များ ဖွာလန်ကြဲနေသော အရပ်ဆိုးဆိုး ပိန်စောက်စောက်နှင့် ငါးကျည်းခြောက်ဖုတ်လို မိန်းမကြီးတစ်ဦးကို မီးရောင်အောက်တွင် တွေ့လိုက်သဖြင့်-

'ဟင်..ဘယ်သူများလဲလို့။ ဘူတာက အရူးမကြီးပဲ။ ခင်ဗျားက ဒီမှာဘာလာလုပ်တာတုံး။ စားချင်လို့လား။ စားချင်ရင် အေးသန်းအရက်ဆိုင် လိုက်ခဲ့။ အရိုးအရင်းလေးတော့ စားရမှာပေါ့'

အဘွားကြီးကို နောက်သလိုလိုပြောလိုက်ပြီး စက်ဘီးကို ရွာဘက် ပြန်နင်းခဲ့သည်။ နောက်မှ အရူးမကြီးသည် ထမင်းထုပ် အော်တောင်းရင်း ကျန်ရစ်ခဲ့လေသည်။ ရွာရောက်တော့ ဦးအေးသန်းဆိုင် အရင်ဝင်ပြီး ထမင်းထုပ်ဖြေစားရင်း အရက်သောက်မည်ဟု စိတ်ကူးသေးသည်။ တော်ကြာ ဟိုလူတောင်း ဒီလူတောင်းနဲ့ ကိုယ်တောင် စားရမှာ မဟုတ်တဲ့အတွက် အရက်ကို ကြွပ်ကြွပ်အိတ်နှင့် ပါဆယ်ထုပ်ပြီး အိမ်သို့ ပြန်ယူခဲ့လေသည်။

♦♦♦

ဇနီးသည် မမြင့်အေးအလစ်တွင် ဦးအေးသန်း အရက်တစ်ခွက် ခိုးသောက်လိုက်သည်။ ထို့နောက် ဆိုင်ရှေ့သို့ မယောင်မလည်နှင့် ထွက်လာကာ တံစက်မြိတ်အောက် ဆိုင်ရှေ့တွင် ယောင်ပေပေ လုပ်နေလိုက်သည်။ ထိုစဉ် သူအနီးသို့ ဘူတာရုံတွင် တောင်းရမ်းနေသော အရူးမကြီးသည် လက်ဝါးကိုဖြန့်လျက် လာရပ်လိုက်ပြီး-

'ငါ့ထမင်းထုပ် ပြန်ပေး။ ငါ့ထမင်းထုပ် ပြန်ပေး'

ဟု တောင်းနေသဖြင့် ဦးအေးသန်း ကျွဲမြီးတိုသွားကာ-

'ဘာလုပ်တဲ့ ထမင်းထုပ်လဲ။ ဒီမှာ စျေးရောင်းနေတာ လာမရှုပ်နဲ့ အဘွားကြီး။ ကောင်းကောင်းပြောလို့မသွားရင် ရိုက်ထုတ်လိုက်မှာနော်'

ဦးအေးသန်းက ခြိမ်းခြောက်လိုက်သော်လည်း အဘွားကြီးက ပေကပ်နေသည်။

'နင်ပဲ အေးသန်းဆိုင် လိုက်ခဲ့ဆို။ အခု နင်လုသွားတဲ့ ထမင်းထုပ် ပြန်ပေးတော့'

'တယ်..အဘွားကြီး ပြောမရဘူးလား။ ဒီလောက် တောင်ဖြစ်တာ'

ဦးအေးသန်းက ရိုက်နှက်မည့်ဟန်ဖြင့် မောင်းထုတ်လိုက်သောအခါမှ-

'ငါ့ထမင်းထုပ် လုသွားတဲ့သူခိုး နင် ငါ့အကြောင်းသိစေရမယ်'

ကျိန်ဆဲပြီးထွက်သွားသော အရူးမကြီးကို ပြန်ဆဲရင်း ဦးအေးသန်း ကျန်ခဲ့သည်ကိုကြည့်ရင်း အနီးရှိ စားပွဲတွင် အရက်ထိုင်သောက်နေသော မောင်ရှိန်က လှမ်းမေးလိုက်သည်။

'ဗို့..ကိုအေးသန်း၊ ဘယ်သူကို မကျေမနပ်နဲ့ တစ်ယောက်တည်း ဆဲနေရတာလဲ'

'ဘယ်သူရှိရမလည်းကွာ၊ ဘူတာက အရူးမကြီးပေါ့။ သူထမင်းထုပ် ငါခိုးပါတယ်ဆိုပြီး ငါ့ကို ဇလာဆွဲလာစွပ်စွဲနေလို့ကွ'

'ကျွန်တော်ကြည့်နေတာ ကြာပြီကွာ ဘယ်သူမှလည်း

www.burmeseclassic.com

မတွေ့ပါဘူး။ ခင်ဗျားတစ်ယောက်တည်း ဒေါပွနေတာ တွေ့လို့ မေးတာဗျ'

'မင်းမူးနေရင် ပြန်အိပ်တော့ မောင်ရှိန်။ ခုလေးတင် အဘွားကြီး ငါ့ရှေ့က ထွက်သွားတာ မမြင်ဘူးလား'

'ကျွန်တော် တစ်ခွက်မှ မသောက်ရသေးပါဘူး ဦးအေးသန်းရယ်။ အဲဒီအရူးမကြီးကို ရုံပိုင်ကြီးခိုင်းလို့ ကျွန်တော်ကိုယ်တိုင် ကုန်ရထားဝ်တစ်စီးပေါ် တင်ပေးခဲ့တာဗျ။ အဘွားကြီးက သရီဖူင်းဟောင်းရှေ့က ဆီးပင်နားရောက်တော့ ရထားပေါ်က ခုန်ချလို့ သေသွားပြီ။ ကျွန်တော်တို့ပဲ သွားသင်္ဂြိဟ်ခဲ့ရတာပါဗျာ'

ထိုအရူးမကြီးသည် ဘူတာတစ်ခုမှ ရထားတွဲပေါ် တင်ပေးလိုက်သဖြင့် ရထားဖြင့်ပါလာကာ ဤဘူတာတွင် သောင်တင်နေသည်မှာ ကြာပြီဖြစ်သည်။ ယခုလည်း ခရီးသည်များကို အနှောင့်အယှက်ဖြစ်သည်ဆိုပြီး ရုံပိုင်ကြီးက မောင်ရှိန်တို့ အလုပ်သမားအဖွဲ့ကို ရထားတွဲလွတ်တစ်ခုပေါ် တင်ပေးလိုက်သည်။ ထိုအဘွားကြီးသည် ဆီးပင်နားအရောက်တွင် ရထားပေါ်မှ ခုန်ချလိုက်သဖြင့် သေဆုံးသွားပြီဖြစ်၍ မရှိတော့။ သို့သော် မောင်ရှိန်၏စကားကို ဦးအေးသန်းက လက်မခံဘဲ အရင်ငြင်းနေလေသည်။

'အာ..ဒီကောင်၊ ပေါက်ကရတွေ လာပြောနေတယ်။ မသေလို့ တွေ့တာပေါ့ကွ။ တော်ကွာ၊ ဆက်ပြောရင် ငါ လက်ပါလာတော့မယ်'

သူတို့ ငြင်းခုံနေကြစဉ် ထမင်းစားပြီး ဆေးလိပ်ထွက်ဝယ်သော ဦးသန်းအေး ရောက်လာကာ 'အေး..ဟုတ်တယ်ကွ။ ငါကိုယ်တိုင်လည်း တွေ့တာပဲ'ဟု ဆိုကာ ဖြစ်ကြောင်းကုန်စင်ပြောပြပြီး ဦးအေးသန်းဘက်မှ ထောက်ခံလိုက်သည်။

အရက်သောက်နေသူအချို့က မောင်ရှိန်ပြောတာ မှန်ကြောင်း၊ အရူးမကြီး မရှိတော့ကြောင်း၊ တစ္ဆေခြောက်တာ ဖြစ်မည်ထင်ကြောင်း ပြောကြသော်လည်း လက်မခံသဖြင့် နောက်ဆုံး အားလုံးက ဦးအေးသန်းကို အနိုင်ပေးလိုက်ကြသဖြင့် ပြဿနာအေးသွားသည်။

'တို့ မမှားဘူးကွ။ တို့နဲ့ပတ်သက်ရင် လူတွေကသာ အမြဲမှားနေတာကွ'

ဦးအေးသန်း၏ အောင်ပွဲအထိမ်းအမှတ်တိုက်သော အရက်ခွက်ကို မော့လိုက်ပြီး ဦးသန်းအေးက ပြောလိုက်လေသည်။

နောက်တစ်နေ့ ညနေစောင်းတွင် ဦးအေးသန်းနှင့် အဖော်တစ်ဦးသည် ၄င်း၏ခြံထဲမှ ဆိုင်ကယ်ဖြင့် အိမ်ပြန်ခဲ့သည်။

ရထားလမ်းအကူး ရောက်ခါနီးတွင် ရှေ့မှ လျှောက်နေသော အဘွားကြီးကို ဖျတ်ခနဲ မြင်လိုက်သဖြင့်-

'ဟော..ရှေ့မှာ အရူးမကြီးကွ။ မောင်ရှိန်တို့ကို ပြရမယ်။ မင်းက သက်သေနော်'

'ဘယ်မှာလဲဗျ။ ကျွန်တော်လည်း မတွေ့ပါလား'

'မင်းမျက်လုံး ကန်းနေသလား၊ ရှေ့မှာလေ။ ဟော..ဒီဘက်လှည့်လာပြီ။ ဟဲ့..အရူးမကြီး၊ ဖယ်စမ်းပါဗျ။ ရှေ့မှာ ကိုးလိုးကန့်လန့် မလုပ်နဲ့..နဲ့..အဲ့..အို..တိုက်မိပြီ။ ဟာ..ဟ..ဆိုင်ကယ်ကို အတင်းတွန်းမချနဲ့။ ဟဲ့..ဟဲ့..အိုး..အရူးမကြီး ဆိုင်ကယ်ကို တွန်းချလိုက်ပြီ'

'ဟာ..ဦးလေး၊ ရပ်လိုက်လေ။ လမ်းဘေးထိုးကျပြီး ရှေ့မှာ ဘယ်သူမှမရှိပါဘူး။ ရပ်လိုက်တော့။ ရပ်..ရပ်'

'အား..မရတော့ဘူးကွ။ ဟိုက်..တိုက်..တိုက်..ခဲလုံးကြီးနဲ့တိုက်ပြီ။ အာ..အောင်မယ်လေးဗျ'

ဆိုင်ကယ်သည် လမ်းဘေးသို့ ထိုးဆင်းသွားပြီး ကျောက်တုံးကြီးတစ်တုံးကို ဝင်ဆောင့်ကာ လဲကျသွားသည်။ နှစ်ယောက်စလုံး လွင့်စဉ်ကျသွားကာ ငြိမ်သက်သွားသည်။ ဆေးရုံရောက်မှ ဦးအေးသန်း သတိပြန်ရသည်။ အဖော်ပါလာသူသည် သဲပုပေါ်ကျသဖြင့် ဘာမှမဖြစ်သလို ဦးအေးသန်းလည်း ကံကောင်းသည်ဟု ဆိုရမည်။ ပွန်းပဲ့ဒဏ်ရာလောက်သာရသဖြင့် ရင်ဘတ်က အနည်းငယ်အောင့်ပြီး ခေါင်းအနည်းငယ် မူးဝေသွားသည်မှအပ ဒဏ်ရာကြီးကြီးမားမား မရသောကြောင့် ဆရာဝန်က ဆေးထည့်ပေးပြီး စိုးရိမ်စရာမရှိဟုဆိုကာ စားဆေး၊ လူးဆေးများ ပေးပြီး ပြန်လွှတ်လိုက်သည်။

'ကဲ..မမြင့်အေး၊ နင်ကမေးလို့ ငါက ပြောပြရမှာ။ နင် စိတ်မဆိုးနဲ့၊ စိတ်မကောင်းလည်း မဖြစ်နဲ့။ မောင်အေးသန်းဟာ ရိုးရိုးသားသားမဟုတ်ဘူး။ အပမ့်နေတာကွယ့်။ ဒါကြောင့် ဂဏာမငြိမ်ဖြစ်နေတာ'

'ဟင်..ဒါ..ဒါဆို ကျွန်မ ဘာဆက်လုပ်ရမှာလဲ ဆရာကြီး'

'ဆေးရုံမှဆင်းလာပြီး အိမ်ရောက်တော့ ဦးအေးသန်း

www.burmeseclassic.com

www.burmeseclassic.com

၏ အခြေအနေက သိပ်မသက်သာ။ နေ့ရွေ့ ညွှေ့ ဖြစ်နေသည်။ အရူးတစ်ယောက်လို ပါးစပ်က ထွက်ရာစကားတွေ့ ထိုင်ပြောနေတတ်သည်။ ပုံမှန်ထက် နှစ်ဆစားလာသည်။ သန်းခေါင်သန်းလွဲပင် ဆာသည်ဟု ဆိုသဖြင့် ထမင်းထကျွေးရသည်။ အရက်ကိုလည်း တားသည့်ကြားမှ ခိုးခိုးသောက်သည်။ တစ်ခါတစ်ရံ ငါ့ထမင်းထုပ် ပြန်ပေးဟု တောင်းနေတတ်သည်။ မသက်သာဖြင့် ရွာထဲမှ ဆရာကြီးဦးသာစိန်ကို ပင့်သည်။ ဦးသာစိန်ကို မြင်သည်နှင့် ဦးအေးသန်း မျက်စိမျက်နှာပျက်ကာ အော်ဟစ်မောင်းထုတ်တော့သည်။

'သွား...သွား...မလာနဲ့။ ကျုပ် ဘာမှမဖြစ်ဘူး။ ခင်ဗျားဟာ လူလိမ်ပဲ'

'သူမှာ အပြင်ပန်းဒဏ်ရာမတွေ့ပေမယ့် အတွင်းမှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားတယ်။ ဒဏ်ရာကြောင့် သေလုသေခင်ဖြစ်ပြီး သတိမေ့နေတဲ့အချိန်မှာ အပမှိသွားတယ်။ ဒါကြောင့် ဘာမှမဖြစ်သလို ဟန်ဆောင်နေနိုင်တာပါလို့ ဝိုင်ရာဆိုင်ရာတွေက ပြောတယ်။ အရူးမကြီးက မကျေနပ်လို့ သူ့ကို ကိုင်ထားတယ်။ ပြန်လွှတ်လိုက်ရင်လည်း အသက်မရှင်တော့ဘူး။ စက်လို့ခေါ်တဲ့ ပယောဂအင့်ကြေအသက်စွမ်းအင်တွေ သူ့ခန္ဓာထဲမှာ ရှိနေပြီဆိုရင် အဲဒီခန္ဓာကိုယ်ဟာ သွေးရိုးသားရိုးခန္ဓာကိုယ် မဟုတ်တော့ဘူး။ ပယောဂအပတွေ ဝင်ထွက်မှီခိုနိုင်တဲ့ လမ်းကြောင်းတွေ ပွင့်နေတဲ့အတွက် အညှီရှိတဲ့ခန္ဓာ ဖြစ်နေပြီ။ အညှီရှိရာ ယင်အုံတတ်တဲ့ သဘာဝအတိုင်း မကောင်းဆိုးဝါးတွေက ဝင်ရောက်ပူးကပ်ပြီး ဟန်ဆောင်စားသောက်နေမှာပဲ။ ဒါမျိုးဟာ တစ်ဦးတည်းနဲ့ မပြီးဘူး။ နောက်လူတွေကိုပါ ဒုက္ခဆက်ပေးဦးမှာမို့ ရွာထဲမှာ အနည်းဆုံးလေး,ငါးဦး ဒုက္ခတွေ့ရဦးမယ်'

'ဆရာကြီး ကောင်းသလိုသာ စီစဉ်ပါရှင်။ အဟင့်...ရွှတ်'

ဦးသာစိန် ခေါင်းတညိတ်ညိတ်လုပ်ရင်း ခေတ္တမျှငြိမ်သက်နေလိုက်သည်။

♦♦♦

ဆရာကြီးဦးသာစိန် စီစဉ်ပေးသော သစ်ရွက်စည်းကို ကိုင်ရင်း ဦးသန်းအေးသည် လမ်းဆုံလမ်းခွသို့ စကားမပြောဘဲ သွားသည်။

'မကောင်းဆိုးဝါး ဖုတ်၊ တစ္ဆေ...သင်လိုရာ သွားတော့'

လမ်းဆုံလမ်းခွရောက်တော့ အထက်ပါအတိုင်း သုံးကြိမ်ရေရွတ်ပြီး သစ်ရွက်စည်းကို နောက်ပြန်ပစ်ကာ ရှေ့သို့ ဆက်သွားသည်။ ထို့နောက် အခြားလမ်းကြောင်းတစ်ခုမှ အိမ်ကို ပြန်လာလိုက်သည်။ အိမ်ရောက်ပြီး သိပ်မကြာလိုက်၊ ဦးအေးသန်း၏အိမ်ဘက်မှ ဒေါ်မြင့်အေး၏ အော်ငိုသံ ထွက်ပေါ်လာသည်။ ဦးအေးသန်း တစ်ယောက် ကွယ်လွန်သွားရှာပြီ ဖြစ်လေသည်။

'အင်း...သေမင်းက မှားတာ မဟုတ်ပါစေနဲ့။ ဦးသန်းအေးတစ်ယောက် တီးတိုးရေရွတ်ရင်း ဝမ်းသာ,ဝမ်းနည်း ဖြစ်နေသည်။ သေမင်းက မှားတာမဟုတ်ဆိုပေမယ့် ပယောဂက မှားနေသည်။ လူပတ်ဝန်းကျင်ကလည်းမှား၍ မဆုံးသေး။ ပတ်ဝန်းကျင်တွင် ဦးသန်းအေးဆုံးပြီဟု သတင်းပျံ့နှံ့သွား၍ သတင်းမေးရန် လာသူများကို ရှင်းပြလမ်းညွှန်ရတာက အလုပ်တစ်ခု။ သူတို့ မှားလိုက်ပုံက ဆက်တိုက်။ ဖိတ်စာရိုက်သူကလည်း နာမည်မှားသည်။ ခေါင်းတွင် ကမ္ဘည်းထိုးသူကလည်း မှားပြန်သည်။

'ဗျို့...ဦးသန်းအေး၊ ခင်ဗျားကိုတော့ တုံးကျော်သွားပြီ။ မသေနိုင်တော့ဘူး'

ဦးသန်းအေးကတော့ ကျေနပ်နေသည်။ သူ မသေနိုင်သေးဟု ယုံကြည်တဲ့အတွက် အသုဘအိမ်တွင် ဝိုင်းလုပ်

www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းစားရင်း မူးချွေးပျံနေသည်။ ငါးရက်လောက် မိုးအလင်းဆိုတော့ ဦးသန်းအေး မခံနိုင်တော့။ အိပ်ရေးပျက်သည့်အတွက် သရိုးသရီဖြစ်ကာ ဖျားချင်သလိုလို ဖြစ်လာသည်။ ဆေးခန်းသွားပြရသည်။ ရက်လည်သည့်နေ့ ရောက်သည့်တိုင် ရှင်းရှင်းမပျောက်သေး။ ထို့ကြောင့် ရက်လည်တရားနာသွားဖို့ ဇနီးဖြစ်သူ မအေးမြင့်ကိုပဲ လွှတ်ရသည်။

'ရပ်ကွက်အတွင်းရှိ ဆွေမျိုးမိတ်သင်္ဂဟများခင်ဗျား... လွန်ခဲ့သောတစ်ပတ်က ကွယ်လွန်သွားသော ဦးသန်းအေး၏ အသုဘရက်လည်သို့ တရားနာရန် ကြွရောက်တော်မူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်ခင်ဗျား'

'ဟင်...မှားလို့ မဆုံးနိုင်သေးပါလား'

အသံခဲ့စက်မှ ကျောင်းဆရာကိုအေးကျော်၏ တရားနာဖိတ်သံကြောင့် မအေးမြင့် မျက်လုံးပြူးသွားမိသည်။ ကိုအေးကျော် မှားရုံမက တရားဟောဆရာတော်ကလည်း အမျှဝေရာတွင် ဦးအေးသန်းအစား ဦးသန်းအေးဟု ဝေလိုက်ပြန်သဖြင့် မအေးမြင့်လည်း အမျှဟု ဝေရမည့်အစား အမှား...အမှား...အမှားဟု မှားရ၍ ဝေလိုက်မိလေသည်။ မအေးမြင့် အိမ်ကိုပြန်ရောက်တော့ ဦးသန်းအေး မနိုးသေး။ သမီးဖြစ်သူ မိုးမိုးကို နှိုးခိုင်းလိုက်သည်။

'အမေရေ...အဖေ ဘာဖြစ်လဲမသိဘူး။ ခေါ်လို့မရတော့ဘူး'

မအေးမြင့် အိမ်ပေါ် အလောတကြီးတက်သွားကာ ခေါ်နှိုးလိုက်သည်။

'အောင်မယ်လေး...ကိုသန်းအေးရဲ့၊ ဒီတစ်ခါလည်း ရှင့်ကို သေမင်းက မှားခေါ်သွားတာလားရှင်။ အဟစ်...အဟစ်...အဟီး...ရှုတ်'

မည်သည့်အချိန်ကတည်းက သေဆုံးနေမှန်း မသိရသဖြင့် ဦးသန်းအေး၏ အလောင်းသည် တောင့်တင်းအေးစက်နေလေပြီ။ သေမင်းကတော့ မှားမည်မဟုတ်။ ငါ့ကို သေမင်း မခေါ်ပါစေနဲ့ဟု မည်သူမှ တောင့်တ၍ မရစကောင်း။ သို့သော် သူတို့၏ ဂန္ဓိရဆန်ဆန် အလွဲများကိုတော့ ပြန်တွေးကြည့်လေ တစ်ရေးရေးမြင်ရလေပင်။

သျှင်ရဲထွဋ်(တောင်စွန်း)

ဂမ္ဘီရ ဆရာလှမျိုး (B.Sc) (လယ်/ပြ၊ ငြိမ်း)

အောင်ကောင်းမြ(သာကေတ)

ကြီးထိုင်းစောင် စစေ်ဆောခန်းနှင့် နဝင်းထကြောစာတ်နန်းမှ (၇)နေ့သားသမီးတို့၏ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေး၊ အရာရှိရေး၊ ပညာရေး၊ အကြွေးကိစ္စ၊ အထိုက်အစိ ရုန် အနှောက်အယှက် ကိစ္စအဝဝအထွေက် အစွမ်းထက် နဝင်းစာတ်ထကြော၊ ကံပွင့်လာအံ့ပွင့်၊ အန္တရာယ်ကင်း အဓိအရင်များ၊ (လက္ခဏာစစ်ဆေး၊ ဆီဂဏန်းစွဲ၊ အကျိုးပေးအစောင်နှင့် အလုပ်၊ ဆိုင်လုပ်ဝန်း၊ ကစေးအစည်ပေးခြင်း) တစ်နှစ်တာ ဆောင်ရန်၊ ရှောင်ရန် စဆာစအစ်းစရေးပေးခြင်းတို့ကို အထူး ဆောင်ရွက်ပေးပါသည်။ နယ်မှ စောစောအစ်းမှာပါက ဥာဏ်ဝန်စေ့စ (၁၈၀၀)အချိန် ကြိုတင်ဖေးဝိုပါ။

ဆက်သွယ်ရန်လိပ်စာ – (၁၇) အောင်သပြေအနောက် (၁)လမ်း၊ (၇) အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

• ၀၉ ၄၂၀၀ ၄၇၈၆၉

(အဝေးမှ လာရောက်ပါက ကြိုတင်ဖုန်း ဆက်သွယ် ရက်ချိန်းယူပါ။)

လမ်းညွှန် – ၃၅၊ ၆၅၊ ၃၂၊ ရွှေညောင်သည်(၂)၊ ၄၈၊ ၅၇ အထူး၊ ၁၇၃၊ ၂၁၆၊ ၄၆(စိမ်း)၊ ၁၈၁၊ ၁၄၆၊ ၁၀၄၊ ၁၀၇၊ ၈၇၊ တာမွေ-ကျောက်တန်း ကားများစီး ၈ ဂိတ်မှတ်တိုင်ဆင်း၊ ၃၄၊ ၆၂ စီး ဓမ္မာရုံမှတ်တိုင်ဆင်းပါ။

ဓနုစဉ် - နံနက်(၈)နာရီမှ (၂)နာရီအထိ (ဧည့်သူများနေ့တိုင်း နားသည်)

www.burmeseclassic.com

www.burmeseclassic.com

ဆရာဇရင်ငပဒေသာပင်များလှူဒါန်းနိုင်ပါသည်

ဆဋ္ဌသံဃာယနာ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီး တည်ထောင်၍ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရုတိပိဋကတ မင်းကွန်းဆရာတော်ဘုရားကြီးနှင့် တိပိဋကဓရ ခဲမဲ့တက္ကာဂါရိက ပြည်ဆရာတော်ကြီးတို့ စီမံဆောင်ရွက်တော်မူခဲ့ကြသော အစိုးရတိပိဋကဓရ၊ တိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ၊ (D.Litt,Ph.D.) ဒေါက်တာဘွဲ့ရ ဆရာတော်ကြီးများ၏ ဩဝါဒခံ နိကာယ်သာသနာတော်ထွန်းကားရေးအသင်းကြီးသည် နိကာယ်ငါးရပ် စာလျှောက်မေးပွဲကြီးကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်၊ အမျိုးသားနေ့မှစ၍ ခြောက်ရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့သည်မှာ (၄၁)ကြိမ် ရှိပြီးဖြစ်ပါသည်။

အစိုးရတိပိဋကဘွဲ့တော်များကို ဆွတ်ခူးရရှိတော်မူသွားကြသော သုတဗုဒ္ဓ သာသနာ့အာဇာနည် အရှင်သူမြတ်များဖြစ်ကြသည့် ယောဆရာတော်ကြီးမှစ၍ ယခုသက်တော်ထင်ရှားရှိကြသော တိပိဋကအရှင်သူမြတ် (၁၆)ပါးတို့သည် နိုင်ငံတော်အစိုးရ၏ တိပိဋကရွေးချယ်ရေးစာမေးပွဲကို ပေါင်းကူးတံတားသဖွယ် တိုက်ရိုက်အထောက်အကူပြုနေသော နိကာယ်သာနာတော်ထွန်းကားရေးအသင်းကြီး၏ စာမေးပွဲကို ဝင်ရောက်ဖြေဆို အောင်မြင်ကာ အစိုးရတိပိဋကဝ် ပန်းတိုင်ကို လှမ်းကိုင်ဆွတ်ခူး အောင်ပွဲထူးကြီးကို ရရှိတော်မူသွားကြသော အရှင်မြတ်များချည်း ဖြစ်ကြပါသည်။

သို့ဖြစ်ပါ၍ နိကာယ်ငါးရပ်စာလျှောက်မေးပွဲနှင့် စာအောင်သံဃာ ပူဇော်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပူဇော်နိုင်ရန်-

(၁) ငွေရတုပဒေသာပင် ကျပ်တစ်သိန်း / တစ်သိန်းနှင့်အထက် ပဒေသာပင်၊
(၂) ထောင်စုနှစ် ပဒေသာပင် (၅၀၀၀/- ကျပ်တန် တစ်ပင်နှင့်အထက်)၊
(၃) စာအောင်ဆုနှင်း အလှူတော်ငွေ
(၄) စာလျှောက်မေးပွဲ အလှူတော်ငွေ
(၅) ဆွမ်း / ကွမ်း /ဆေး အလှူတော်ငွေ

လူပင်သေသော်လည်း အလှူမသေသည့် ပညာဒါနထာဝရပဒေသာပင်များကို သားစဉ်မြေးဆက် သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန် စိုက်ထူလှူဒါန်းနိုင်ကြပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

နိကာယ်သာသနာတော်ထွန်းကားရေးအသင်း

ပဉ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ ကန်ဘဲဘူတာရုံလမ်း၊ ရန်ကင်းမြို့နယ်၊ **ရန်ကုန်မြို့**။
ဖုန်း-(ရုံး) ၀၉-၇၃၀၂၂၀၉၃၊ (ဥက္ကဋ္ဌ) ၀၁-၅၄၂၅၉၈၊ (အတွင်းရေးမှူး) ၀၁-၅၃၇၄၇၇

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

(၁)

ညဆယ့်တစ်နာရီကျော်နေပြီဖြစ်သဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပြီး တစ်ချက်၊တစ်ချက် ခပ်ဝေးဝေးတစ်နေရာဆီမှ ရုတ်တရက် ထိုးဟောင်လိုက်သော ခွေးဟောင်သံမှတစ်ပါး ဘာသံမှ မကြားရပေ။

လဆန်းရက်ဖြစ်သော်လည်း ကောင်းကင်တစ်ခုလုံး မိုးသားတိမ်တိုက်များက ရွေ့လျားလျက် ရှိနေသောကြောင့် လခြမ်းကွေးကွေးလေးသည် ပေါ်လာလိုက် ပျောက်သွားလိုက်နှင့် ရှိနေပြီး အလင်းရောင်ကလည်း လင်းချည်တစ်ခါ မှိန်ချည်တစ်လှည့်နှင့် ကွက်တိကွက်ကျား ပေါ်ထွက်လာလျက် ရှိနေသည်။

ခပ်ဝေးဝေးဆီမှာတော့ ကြီးမားအုံ့ဆိုင်းနေသော လက်ပံပင်ကြီးသည် ရုတ်တရက်ကြည့်လိုက်လျှင် ကြီးမားလှသော သတ္တဝါကြီးတစ်ကောင် မတ်တတ်ရပ်နေသလို အေးလွင်တို့ ဖြတ်သွားရမည့် လမ်းမကြီးဘေးစပ်တွင် ရှိနေသည်ကို လှမ်းမြင်နေရသည်။

မြို့ထဲတွင် ပြသလျက်ရှိသော ရုပ်ရှင်ကိုကြည့်ပြီး အေးလွင်တို့ ညီအစ်ကိုသုံးယောက် အိမ်ပြန်လာခြင်းဖြစ်သည်။ ခါတိုင်းပုံမှန်အားဖြင့်ဆိုလျှင် ရုပ်ရှင်ပြီးချိန်က ညကိုးနာရီကျော်ကျော်တွင် ပြီးလေ့ရှိသော်လည်း ယခုညတွင်တော့ ရုပ်ရှင်ပြ၍ မကြာမီမှာပင် ရုပ်ရှင်ပြသနေသော ဖြစ်တ်တစ်လုံး ပျက်သွားသောကြောင့် ကျန်သည့်ပြစက်တစ်လုံးနှင့် ပြသနေရ၍ ညဆယ်နာရီကျော်ခန့်ကမှ ရုပ်ရှင်ပြီးသွားခဲ့သည်။

ရုပ်ရှင်ပြီးသွားသည်နှင့် ရုံရှေ့တွင် အသင့်စောင့်နေသော စစ်ကားကြီးဖြင့် တပ်သို့ ပြန်လာခဲ့ကြရာ အောင်လံမြို့ထဲရှိ ရုပ်ရှင်ရုံနှင့် အေးလွင်တို့နေသော တပ်မြေဝင်းကြီးမှာ ခန့်မှန်းခြေအားဖြင့် တစ်မိုင်ခွဲကျော်ကျော်ခန့် ကွာဝေးသောကြောင့် နာရီဝက်ကျော်ကျော် မောင်းပါမှ တပ်ဂိတ်ဝသို့ ရောက်သည်။

တစ်ဖန် တပ်ဂိတ်ပေါက်ဝကြီးမှ တပ်ဝင်းထဲသို့ အောင်းဝင်လာခဲ့ပြီး ဟိုနေရာ လူဆင်း၍ ရပ်ပေးရ၊ သည်နေရာ လူဆင်း၍ ရပ်ပေးရနှင့် မကြာခဏရပ်ပေးနေရသောကြောင့် နောက်ဆုံး အေးလွင်တို့ဆင်းလာသောနေရာအရောက်တွင်မူ ညဆယ့်တစ်နာရီထိုးနေပြီဖြစ်သည်။ ဂိတ်ဆုံးလာတဲ့ အား

www.burmeseclassic.com

ရပ်လိုက်သည်နှင့် ကားပေါ်တွင် ဆင်းမည့်သူဆိုး၍ အေးလွင်တို့ ညီအစ်ကိုသုံးယောက်အပါအဝင် လေး,ငါးဦးသာ ကျန်တော့သည်။

အေးလွင်တို့ ကားပေါ်မှ ဆင်းပြီးသည်နှင့် စစ်ကားကြီးသည် တပ်မော်တော်ယာဉ်ဌာနသို့ မောင်းသွားတော့သည်။ ထို့ကြောင့် အေးလွင်တို့ညီအစ်ကိုလည်း နောက်ဆုံးစုရပ်ဖြစ်သော တပ်တွင်းသမဝါယမဆိုင်လေးရှေ့မှ လက်ရှိမိသားစု နေထိုင်လျက်ရှိသည့် နှစ်ခန်းတွဲ လိုင်းခန်းလေးများဆီသို့ ခပ်သွက်သွက် ပြန်လာခဲ့ကြသည်။

အေးလွင်တို့အဖေမှာ ထိုအချိန်က တပ်ခွဲတပ်ကြပ်ကြီး တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသောကြောင့် အေးလွင်တို့မိသားစုမှာ ဆာဂျင်လိုင်း ခေါ် နှစ်ခန်းတွဲလိုင်းခန်းများတွင် နေကြရသည်။ ကျယ်ဝန်းလှသော တပ်မြေဧရိယာကြီးထဲတွင် အိမ်ထောင်စုသုံးရာကျော်ရှိပြီး လူဦးရေအားဖြင့် တစ်ထောင်ကျော်ရှိသည်။

ထို့ကြောင့် မိသားစုများ အဆင်ပြေစေရန်အတွက် တပ်တွင်း ဆေးပေးခန်း၊ သားဖွားခန်း၊ သမဝါယမအရောင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ပင်မင်းဆိုင်၊ ဓမ္မာရုံ စသည်ဖြင့် စုံလင်စွာရှိသည့်အပြင် တပ်တွင်းမိသားစုများအတွက် ဘောလုံးကွင်းတစ်ကွင်း ပါရှိသည်။ ထိုဘောလုံးကွင်းအား လိုအပ်သည့်အခါများတွင် စစ်ရေးပြကွင်းအဖြစ်ပါ အသုံးပြုလေ့ရှိသည်။

သာမန်မြို့ကလေး တစ်မြို့စာလောက် ကျယ်ဝန်းလှသည့်အပြင် မြေကွက်လပ်များပေါ်တွင်လည်း ရာသီအလိုက် စိုက်ပျိုးထားသော မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲကြီးခင်းများနှင့် စိုပြည်စိမ်းလန်းလျက်ရှိသည်။

တပ်တွင်းမိသားစုဝင်များ ကျောင်း၊ ဈေး၊ ရုပ်ရှင် စသည့်ကိစ္စများ သွားလာလျှင် စုရပ်အဖြစ် အသုံးပြုသည့် တပ်တွင်းသမဝါယမဆိုင်လေးနှင့် အေးလွင်တို့နေသည့် လိုင်းခန်းများကြားတွင် ကြီးမားလှသည့် လက်ပံပင်ကြီးတစ်ပင်နှင့် လူကြီးတစ်ယောက်၏ လက်တစ်ဖက်စာကျော်ခန့် ပင်စည်များရှိသော သရက်ပင်ကြီးသုံးပင် ရှိသည်။

လက်ပံပင်ကြီးနားတွင် တပ်တွင်းမိသားစုများအတွက် သားဖွားဆေးရုံလေးရှိပြီး ကလေးမီးမဖွားနိုင်ဘဲ သေဆုံးခဲ့သည့် အမျိုးသမီးတစ်ဦး ထိုလက်ပံပင်ကြီးတွင် မကျွတ်မလွတ်ဘဲ အစိမ်းသရဲမ ဖြစ်နေသည်ဟု အေးလွင်တို့ ပြောင်းလာစကပင် ယခင်နေခဲ့ဖူးသော မိသားစုများက ပြောပြခဲ့ကြသည်။

ထို့အပြင် လက်ပံပင်ကြီးမှ အနည်းငယ်ဆက်သွားမိလျှင် အုံဆိုင်းနေသော သရက်ပင်ကြီးသုံးပင်အောက်သို့ ရောက်ပြီး ထိုအပင်များအောက် ဖြတ်သန်းသွားပါမှ အိမ်သို့ ရောက်သည်။ သရက်ပင်ကြီးသုံးပင်နှင့် ပတ်သက်၍ ကြားရသည့် ပါးစပ်ရာဇဝင်များအရ စစ်အတွင်းကာလက ဖမ်းမိလာသည့် မျိုးချစ်တော်လှန်ရေးတပ်သားများကို ဖက်ဆစ်ကျပန်ကင်ပေတိုင်များက ထိုအပင်ကြီးများအောက်တွင် ပစ်သတ်ခဲ့ကြသည်ဟု သိရသည်။

အေးလွင်တို့ ပြောင်းလာစက ထိုသရက်ပင်ကြီးများ၏ သစ်ခေါင်းများထဲတွင် လူခေါင်းခွံနှင့် အရိုးစုများ တွေ့ရသည်ဟု အမေတို့လူကြီးများ ပြောနေကြသံကို ကြားခဲ့ရသဖြင့် ညမှောင်လျှင် တော်ရုံတန်ရုံကိစ္စမရှိဘဲ အေးလွင်တို့လို ကလေးများ ထိုအပင်များအောက်ဘက်မှ ဖြတ်သွားခဲ့လေသည်။

ယနေ့တော့ မဖြစ်မနေ ဖြတ်သန်းသွားရတော့မည်ဖြစ်သဖြင့် ခပ်လှမ်းလှမ်းမရောက်မီကပင် ညီအစ်ကိုသုံးယောက် အရေးအကြောင်းရှိလျှင် ပြေးရလွှားရ လွယ်ကူစေရန် ပုဆိုးတိုတို ပြင်ဝတ်လိုက်ကြသည်။ ထို့အပြင် အရေးအကြောင်းရှိပါက လက်ထဲတွင် ဘာလက်နက်မှ ပါမလာသဖြင့် အနီးအနားတွင်တွေ့သည့် ဆုတ်ခဲကျီးတစ်ယောက် တစ်ပိုင်းစီကောက်ယူကာ ကိုင်ထားလိုက်ကြသည်။

"ဟေ့ကောင်တွေ..ငါမပြောဘဲနဲ့ အရှမ်းစွတ်ပြီး ထွက်မပြေးကြနဲ့နော်။ တစ်ယောက်တည်းလည်း မဟုတ်ဘူး၊ ညီအစ်ကိုသုံးယောက်တောင် ဘာမှကြောက်နေစရာမလိုဘူး။ တော်ကြာ သရဲခြောက်လို့ ဘာမှမဖြစ်ဘဲ ချော်လဲလို့ တစ်ခုခုဖြစ်ရင် မကောင်းဘူး။ နောက်ဘက်က သရဲလိုက်လို့ ထွက်ပြေးရင်း ချော်လဲရင် သရဲကုပ်ချိုးသတ်တတ်တယ်လို့ သူများတွေပြောသံ ကြားဖူးတယ်။ ကဲ..သွားကြရအောင်။ နောက်ကျနေလို့ အမေနဲ့ အစ်မကြီးတို့ မျှော်နေကြတော့မယ်"

အစ်ကိုကြီးက အားပေးလိုက်သဖြင့် လောလောဆယ် အနည်းငယ်တော့ အားရှိသလိုလို ဖြစ်သွားခဲ့ကြသည်။ ကောင်းကင်ပေါ်တွင်လည်း ရွှေလျားနေသော မိုးသားတိမ်လိပ်များကြောင့် လရောင်က ရုတ်တရက် လင်းလာလိုက်၊ မှောင်သွားလိုက်နှင့် ဖြစ်နေသောကြောင့် အေးလွင်တို့ညီအစ်ကို တစ်ယောက်လက်တစ်ယောက် ဆုပ်ကိုင်ကာ လက်ပံပင်ကြီးအောက်မှ ခပ်သွက်သွက် ဖြတ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

လက်ပံပင်ကြီးအောက်တည့်တည့်သို့ ရောက်သော အခါ အေးလွင်တို့ ညီအစ်ကိုသုံးယောက်လုံး တိုက်ခတ်လာသော လေပြည်အေးအေးလေးနှင့်အတူ နန္ဒင်းနဲ့ကို စူးစူးရှရှ ရှုရှိုက်မိကြသည်။ မီးနေသည်များ မီးဖွားပြီးခါစတွင် တစ်ကိုယ်လုံး လိမ်းထားတတ်လေ့ရှိသော နန္ဒင်းအား ညီလေးနှင့် ညီမလေး မွေးဖွားစဉ်က အမေလိမ်းထားတတ်သဖြင့် အေးလွင်တို့ညီအစ်ကို ထိုအနံ့ကို ကောင်းစွာမှတ်မိနေကြသည်။

လက်ပံပင်ကြီးနှင့် ခပ်လှမ်းလှမ်းတွင်လည်း သားဖွား ဆေးရုံလေးက ရှိနေပြန်သောကြောင့် ထိုဆေးရုံလေးက အနံ့ပင် လေနှင့်အတူ ပါလာသလား၊ ဒါမှမဟုတ် လက်ပံပင်ကြီးတွင် မကျွတ်မလွတ်ဘဲ သရဲဖြစ်နေသည်ဆိုသော မီးနေသည်မ သရဲကပင် အနံ့ပေး၍ ခြောက်လှန့်နေသလား တော့ မသိပေ။ နန္ဒင်းအနံ့ကတော့ အတော်ပင် စူးစူးရှရှ ရနေကြသည်။

မကြောက်ပါဘူးဟုဆိုသော်လည်း အေးလွင်တို့ညီအစ်ကို သုံးယောက်လုံး ကြက်သီးများ တဖြန်းဖြန်းထလာကာ ခေါင်းများကလည်း ပုတ်လောက်ပင်ကြီးလာသလားဟု ထင်မှတ်မိလိုက်ကြသည်။

'ဟေ့ကောင်တွေ..နောက်ဘက်ကို ပြန်လှည့်မကြည့်ကြနဲ့။ ခပ်သွက်သွက်သာလျှောက်ကြ။ အခြေအနေမဟန်ရင် ငါတို့လက်ထဲမှာပါတဲ့ အုတ်ခဲနဲ့ထုပြီး ပြေးကြမယ်။ လာလောဆယ်တော့ အနံ့သာရပြီး ဘာမှမမြင်ရတော့ ဟိုဆေးရုံလေးကလာတဲ့ အနံ့လည်း ဖြစ်ချင်ဖြစ်နေမှာ'

အစ်ကိုကြီးက ပြောပြောဆိုဆိုပင် အေးလွင်တို့ လက်ကို တင်းတင်းဆုပ်ကိုင်ကာ မပြေးရုံတစ်မည် လက်ပံပင်ကြီးနှင့် ဝေးရာဆီသို့ ခပ်သွက်သွက်လျှောက်ခဲ့ကြသည်။

လက်ပံပင်ကြီးနှင့် ခပ်လှမ်းလှမ်းရောက်တော့မှ အေးလွင်တို့ မရဲတရဲဖြင့် နောက်ကြောင်းကို ပြန်လှည့်ကြည့်ရဲတော့သည်။ ခပ်ဖျော့ဖျော့လင်းနေသော လရောင်အောက်တွင် ဘာမှမတွေ့ရသောကြောင့် ထိုအခါကျမှ အေးလွင်တို့ သက်ပြင်းချမိတော့သည်။ သို့ရာတွင် စိတ်ကို ဒုန်းဒုန်းချ၍ တော့ မနေရဲသေးပေ။ ရှေ့ခပ်လှမ်းလှမ်းတွင် ဆုံဆိုင်းနေသော သရက်ပင်ကြီးသုံးပင်က အေးလွင်တို့ကို စောင့်ကြိုလျက် ရှိနေသည် မဟုတ်ပါလား။

သရက်သုံးပင်အောက်မှလည်း စောစောကကဲ့သို့ပင် ညီအစ်ကိုသုံးယောက် အားတင်းကာ ခပ်သွက်သွက်ပင် ဖြတ်ကျော်လာခဲ့ကြသည်။ ယခုအကြိမ်တွင်တော့ မည်သည့် အနှောင့်အယှက် အခြောက်အလှန့်မှ မရှိဘဲ အေးအေးဆေးဆေးပင် ဖြတ်ကျော်လာနိုင်ခဲ့ကြသည်။

သရက်သုံးပင်ကျော်လာပြီး ခရာအကြာတွင် အေးလွင်တို့နေသည့် နှစ်ခန်းတွဲအိမ်လေးများကို လှမ်းမြင်နေရပြီဖြစ်သည်။

'ဟေ့ကောင်တွေ..သွက်သွက်လေး လျှောက်ကြကွာ။ ငါတို့ အပြန်နောက်ကျနေလို့ထင်တယ်။ အမေလား၊ အဖေလားတော့ မသိဘူး အိမ်ရှေ့လှေကားမှာ ထွက်စောင့်နေတယ်'

အစ်ကိုကြီး ပြောလိုက်သဖြင့် အေးလွင် အိမ်လေးရှိရာသို့ လှမ်းမျှော်ကြည့်လိုက်မိသည်။ အစ်ကိုကြီးပြောသလိုပင် အိမ်ရှေ့လှေကားပေါ်တွင် လူတစ်ယောက် ထိုင်နေသည်ကို မသဲမကွဲ လှမ်းမြင်နေရသည်။ သေသေချာချာကြည့်လိုက်တော့မှ ဆေးလိပ်သောက်နေပုံရပြီး ဆေးလိပ်မီးရဲရဲကိုပါ ထွေ့လိုက်ရသဖြင့် အေးလွင်အစ်ကိုကြီးကို ပြောလိုက်မိသည်။

'အစ်ကိုကြီးကလည်းဗျာ..အဲဒါ အဖေမဟုတ်နိုင်ဘူးဗျ။ အမေထွက်စောင့်နေတာဖြစ်မယ်။ သေချာကြည့်ပါလား။ ဆေးလိပ်သောက်နေတာ။ အဖေက ဆေးလိပ်မှ မသောက်တတ်တာ'

'အေးကွ..မင်းပြောတာ ဟုတ်တယ်။ တစ်အိမ်လုံးမှာ အမေတစ်ယောက်ပဲ ဆေးလိပ်သောက်တတ်တာ။ ကဲ..မြန်မြန်လာကြကွာ'

ထိုအချိန်တွင် ကောင်းကင်ပေါ်၌ တိမ်မည်းအချို့က လေနှင့်အတူ လွှင့်မျောနေပြီး လကိုဖုံးသွားသဖြင့် ရုတ်တရက် လရောင်က မှိန်ကျသွားကာ ပတ်ဝန်းကျင်တစ်ခုလုံး အနည်းငယ်မှောင်သလို ဖြစ်သွားခဲ့သည်။ ခရာအကြာတွင်မှ တိမ်ကင်းစင်သွားသော လရောင်က ပတ်ဝန်းကျင်တစ်ခုလုံး ပြန်ပြီးလင်းလာခဲ့သည်။

ထိုအချိန်တွင် အေးလွင်တို့လည်း အိမ်နှင့်မလှမ်းမကမ်းသို့ ရောက်လာပြီဖြစ်ပြီး ခပ်စောစောက လှေကားတွင် ဆေးလိပ်သောက်ပြီး စောင့်နေသောအမေ့ကို မတွေ့ရတော့သဖြင့် ခပ်သွက်သွက်လျှောက်ကြရန် အစ်ကိုကြီးက ထပ်မံပြောလာခဲ့ပြန်သည်။

'ခပ်သွက်သွက်ကလေး လျှောက်ကြတော့။ ထိုင်လောင်နေရတာ တော်တော်ကြာနေလို့ အမေစိတ်တိုပြီး အိမ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com

ပြန်တက်သွားပြီထင်တယ်'

ခဏအကြာတွင် အေးလွင်တို့အိမ်ရှေ့သို့ ရောက်သွားပြီး လေ့ကားမှ တက်လိုက်သောအခါ အိမ်ရှေ့တံခါးမကြီးက ပိတ်ထားပြီဖြစ်သည်။ 'အစ်ကိုကြီးက တံခါးကို ခေါက်လိုက်ရင်း အသံပြုလိုက်သည်။

'ဒေါက်..ဒေါက်..ဒေါက်..ဒေါက်'

'အမေ..အမေ..ကျွန်တော်တို့ ပြန်လာပြီ'

အိမ်ထဲမှ ချောင်းဟန့်လိုက်သံနှင့်အတူ အမေ့အသံက ချက်ချင်းဆိုသလို ပေါ်လာခဲ့သည်။

'သမီးကြီး..သမီးကြီး၊ ညည်းမောင်တွေ ပြန်လာပြီထင်တယ်။ အကြီးကောင်ခေါ်လိုက်တဲ့အသံ ကြားလိုက်တယ်။ တံခါးထဖွင့်ပေးလိုက်ဦး။ အမေလည်း လာပြီ'

ချောက်ခနဲ တံခါးဖွင့်လိုက်သံနှင့်အတူ အစ်မကြီး၏ အပြစ်တင်သံကိုပါ တစ်ဆက်တည်း ကြားလိုက်ကြရသည်။ အခန်းထဲမှ ထွက်လာသော အမေ့ကိုလည်း အစ်မကြီး၏ နောက်ဘက်တွင် ရပ်လျက်သား တွေ့လိုက်ရသည်။

'မောင်လေးတို့ကလည်း နေ့ခင်းကျလိုက်တာ။ ရုပ်ရှင်ပြီးချိန်တောင် တော်တော်ကြာနေပြီ ဘယ်တွေလျှောက်သွားနေလို့ ဒီလောက်ကြာနေရတာလဲ'

'ဘယ့်ကိုမှလျှောက်မသွားပါဘူး အစ်မကြီးရာ။ ရုပ်ရှင်ပြီးတာနဲ့ လာကြိုတဲ့ကားမော် တန်းတက်ပြီး ပြန်လာကြတာပါ။ ဒီနေ့မှ ရုပ်ရှင်ပြစကီတစ်လုံးက ပျက်သွားလို့

ခါတိုင်း ရုပ်ရှင်ပြီးချိန်မှာ မပြီးဘဲ နောက်ကျသွားတာပါ။ ဒါထက် စောစောက အိမ်အပြင်ဘက်ထွက်ပြီး အမေ ကျွန်တော်တို့ကို စောင့်နေတယ်ထင်တယ်။ ကျွန်တော်တို့ အမေထွက်စောင့်နေတာ လှမ်းမြင်လိုက်တယ်'

'ဟုတ်ရဲ့လားဟယ်။ ညနေမှောင်ရီပျိုးကတည်းက အမေ အိမ်အပြင်ဘက် တစ်ခါမှထွက်တာ မတွေ့သေးဘူး။ အမေလည်း မထွက်ဘူး၊ အဖေလည်း မထွက်ဘူး။ အစ်မကြီးတောင် မင်းတို့ မလာသေးလို့ မအိပ်သေးဘဲ အိမ်ထဲကပဲ ထိုင်စောင့်နေတာ'

ထိုအခါကျမှ အေးလွင်တို့ညီအစ်ကိုသုံးယောက် အလွန်ပင်အံ့အားသင့်သွားမိခဲ့ကြသည်။ အမေမဟုတ်လျှင် ညကြီး အချိန်မတော် မိမိတို့အိမ်ရှေ့ လေ့ကားပေါ်တွင်ထိုင်ကာ မည်သူက ဆေးလိပ်ထိုင်သောက်နေသလဲ ရုတ်တရက် မစဉ်းစားတတ်အောင် ဖြစ်သွားခဲ့ကြသည်။

စာစ်ဆက်တည်းပင် အစ်မကြီး ဆက်ပြောလိုက်သော စကားကြောင့်လည်း ပို၍ပင် အံ့သြသွားမိကြသည်။

'မင်းတို့ပြန်မလာခင် အိမ်ရှေ့က လေ့ကားပေါ် တက်လာတဲ့ ခြေသံကြားပြီး တံခါးကိုလာခေါက်နေတာ နှစ်ခါ၊ သုံးခါတောင် ရှိနေပြီ။ ပထမအကြိမ်ခေါက်တုန်းက မင်းတို့ညီအစ်ကို နောက်ပြီး တံခါးခေါက် ပုန်းနေတယ် ထင်နေတာ။ အဖေရော အမေပါ ကြားလိုက်ကြတယ်။ တံခါးဖွင့်ကြည့်လိုက်တော့လည်း ဘာမှမတွေ့ရလို့ စိတ်ထဲကတောင် တစ်မျိုးဖြစ်နေတာ။ ရုပ်ရှင်သွားကြည့်ကြတဲ့ မင်းတို့ ညီအစ်ကိုတွေများ တစ်ခုခုဖြစ်နေသလားလို့'

ထိုအခါကျမှ အမေကာလည်း ဝင်ပြောလာခဲ့သည်။

'ဒီနေ့ ညကျမှ ခွေးတွေကလည်း သောင်းကျန်းလိုက်တာမပြောပါနဲ့တော့ သားကြီးရယ်။ မင်းတို့မလာခင် အိမ်နားတစ်ဝိုက်မှာ အုပ်လိုက် လာဆူနေတာ နားကိုငြီးရော။ စောစောကလေးကမှ ရပ်သွားတာ။ ကဲ..ကဲ..ခြေတွေ၊ လက်တွေ ဆေးကြ။ အချိန်မနည်းတော့ဘူး။ အိပ်ကြရအောင်'

အေးလွင်တို့ညီအစ်ကို ခြေလက်များဆေးကာ အိပ်ရာဝင်ခဲ့ကြသည်။

◆◆◆

(၂)

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာမှ အေးလွင်တစ်ယောက် ရုတ်တရက် လန့်နိုးလာခဲ့သည်။ အာခေါင်ခြောက်

www.burmeseclassic.com

ကာ ရေငတ်နေသဖြင့် အပြင်ဘက်ဧည့်ခန်းရှိ ရေအိုးစင်တွင် ရေသောက်ရန် အိပ်ရာမှ အသာထထိုင်လိုက်သည်။ အတူတူ အိပ်နေသော အစ်ကိုနှစ်ယောက်မှာ တခေါခေါနှင့် ဟောက်သံပေးကာ အိပ်မောကျနေသဖြင့် နှိုးမနေတော့ဘဲ တစ်ယောက်တည်း ရေသွားသောက်ရန် ခြင်ထောင်ကို မ,၍ အပြင်သို့ အသာထွက်လိုက်သည်။

အိမ်အပြင်ဘက်တွင် သာနေသောလရောင်က ကြက်တူရွေးတန်းများမှတစ်ဆင့် အိမ်အတွင်းဘက်သို့ အနည်းငယ် ဖြာကျနေသဖြင့် ဧည့်ခန်းအတွင်းရှိ ပစ္စည်းများအား သဲသဲကွဲကွဲ မဟုတ်သည့်တိုင် ဝိုးတိုးဝါးတားတော့ အေးလွင် မြင်နေရသည်။

ရုတ်တရက် စိတ်ထဲတွင် ဧည့်ခန်းထဲ၌ မိမိအပြင် လူတစ်ယောက် ရှိနေသလို ခံစားမိလိုက်သဖြင့် အေးလွင် ဧည့်ခန်းပတ်ပတ်လည်ကို သေသေချာချာစူးစိုက်ကာ ကြည့်လိုက်မိသည်။ ဧည့်ခန်းထောင့်တွင်ရှိသော သဘာဝစားပွဲကြီး၏အောက်တွင် လူတစ်ယောက် ငုတ်တုတ်ထိုင်နေသည်ကို မြင်လိုက်ရသောကြောင့် အိမ်မှမိသားစုဝင်တစ်ဦးဦး အိပ်မပျော်သဖြင့် ဧည့်ခန်းထဲတွင်ထိုင်နေသည်ဟု ထင်လိုက်မိသဖြင့် အသံခပ်အုပ်အုပ်ဖြင့်မေးလိုက်မိသည်။

'အမေ..အမေလား။ အစ်မကြီး၊ အစ်မကြီး..ဘယ်သူလဲ'

ပြန်လည်ဖြေသံမကြားရဘဲ ဖျတ်ခနဲ မျက်စိရှေ့တင် ပျောက်သွားသည်ကို တွေ့လိုက်ရသောကြောင့် အေးလွင် ရုတ်တရက်လန့်သွားကာ အော်လိုက်မိတော့သည်။

'အမေရေ..အမေ၊ အစ်မကြီး..ထပါဦးဗျ။ ဒီမှာ လူတစ်ယောက် ငုတ်တုတ်ထိုင်နေတာတွေ့လိုက်လို့ ခေါ်လည်း ကြည့်လိုက်ရော ချက်ချင်းပျောက်သွားတယ်'

အေးလွင် ထအော်နိုးသောအသံကြောင့် တစ်အိမ်လုံးလိုလို လန့်နိုးသွားကြပြီး ချက်ချင်းဆိုသလိုပင် ရန်ဆီမီးခွက်ကြီးကို ထွန်းလိုက်သောကြောင့် တစ်အိမ်လုံး လင်းထိန်သွားခဲ့သည်။ အဖေ၊ အမေနှင့် တစ်အိမ်လုံး ဧည့်ခန်းထဲသို့ ရောက်လာကြပြီး ဧည့်ခန်းအလယ်တွင် အကြောက်လွန်ကာ မျက်လုံးအပြူးသားနှင့် ရပ်နေသော အေးလွင်ကိုတွေ့လိုက်ကြရသဖြင့် အဖေက အေးလွင်ကို ပြေးပွေ့လိုက်ပြီး မေးလိုက်သည်။

'သား..လူလေး၊ သတိထားလေ။ ဘာကိုတွေ့လိုက်လို့ ဒီလောက်အကြောက်လွန်ပြီး အော်လိုက်ရတာလဲ'

'ကဲပါ အဖေကြီးရယ်၊ ဘာကိုတွေ့လိုက်သလဲဆိုတာကို နောက်မှမေးပါ။ လောလောဆယ် ကလေး အကြောက်လွန်ပြီး စကားတောင် မပြောနိုင်ဖြစ်နေတာ။ သမီးကြီး ရေတစ်ခွက်ခပ်ပြီး ညည်းမောင်ကို တိုက်လိုက်စမ်း'

အစ်မကြီးခပ်လာသော ရေအေးအေးတစ်ခွက်ကို ကုန်အောင်သောက်ပြီးမှ အေးလွင် အနည်းငယ်အကြောက်ပြေသွားပြီး စကားပြန်ပြောနိုင်တော့သည်။

'ကျွန်တော် ရေဆာလို့ ထသောက်တာ အစ်ကိုကြီးနဲ့ အစ်ကိုလေးကလည်း အိပ်မောကျနေတာနဲ့ ကျွန်တော် မန္တိုးချင်လို့ တစ်ယောက်တည်း ထလာတာ ဒီနားလည်းရောက်ရော ဟောဟိုစားပွဲကြီးဘေးနားကနေ လူတစ်ယောက် ငုတ်တုတ်ကြီးထိုင်ပြီး သားကို လှမ်းကြည့်နေတာ မြင်လိုက်ရတယ်။ အဲဒါ အိမ်က လူတစ်ယောက်ယောက် အိပ်မပျော်လို့ ထွက်ထိုင်နေတာလို့ သားကမှတ်နေတာ လှမ်းလည်းမေးကြည့်လိုက်ရော ဖျတ်ခနဲပျောက်သွားတယ်။ အဲဒါကြောင့် သား လန့်ပြီး အော်လိုက်မိတာပါ'

အေးလွင်ပြောလိုက်သည့် စကားကြောင့် အမေနှင့် အဖေ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။

'ဟုတ်ပါပြီ သားရယ်၊ သားမျက်စိမှားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ကြည့်ပါလား။ စားပွဲကြီးဘေးမှာ ဘာမှမရှိတာ ရေလည်းသောက်ပြီးပြီဆိုတော့ ပြန်အိပ်တော့နော်။ သမီးကြီးက မောင်လေးကို အိပ်ရာလိုက်ပို့လိုက်။ မောင်လေး အိပ်မပျော်သွားတဲ့အထိ ခဏစောင့်ပေး'

'ဟုတ်ကဲ့ပါအမေ။ လာ..မောင်လေး'

အေးလွင် အိပ်ခန်းထဲဝင်သွားမှ အမေက အဖေ့ကို ပြောလိုက်သည်။

'အရင် ဒီလိုတစ်ခါမှ မဖြစ်ဖူးပါဘူး။ ကျွန်မတို့ ဒီအိမ်ပြောင်းလာတာပဲ ဘယ်လောက်ကြာနေပြီလဲ။ သုံး,လေးနှစ်တောင် ရှိနေပြီ။ ဒီနေ့ညကျမှ ထူးထူးဆန်းဆန်းတွေ လာဖြစ်နေတယ်။ ညတုန်းကလည်း အိမ်ရှေ့မှာ ခွေးတွေ လာအူနေကြတယ်။ ပြီးတော့ လှေကားကနေ တံကလာတဲ့ ခြေသံနဲ့ တံခါးခေါက်သံကို သဲသဲကွဲကွဲ ကြားလိုက်ရတယ်။ တော်သေးတယ်၊ အဖေကြီးက အခုမနက်မှ ရွှေတန်းကလို့။ နို့မို့ဆိုရင် ကျွန်မတို့သားအဖိတွေ အဖေကြီး ရွှေတန်းမှာ တစ်ခုခုဖြစ်နေသလားဆိုပြီး စိတ်ပူကြရမှာ။ တစ်ခါသားတို့ညီအစ်ကို ရုပ်ရှင်က ပြန်လာကြတော့ လူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှေ့က လှေကားမှာ ဆေးလိပ်သောက်နေတာကို တွေ့လိုက်ကြရတယ်လို့ သူတို့အစ်မကို ပြောနေသံ ကျွန်မ ကြားလိုက်တယ်။ အခုတစ်ခါ သားအငယ်ကောင်ကလည်း ဒီဧည့်ခန်းထဲက စားပွဲနားမှာ လူတစ်ယောက်ထိုင်နေတာ မြင်လိုက်ရတယ်လို့ ပြောနေပြန်ပြီ။ ကျွန်မတော့ ဘယ်လို့မှ မစဉ်းစားတတ်တော့ဘူး။ အမေကြီးရော ဘယ်လိုထင်လဲ'

'အေးကွ..အမေကြီးပြောသလိုဆိုရင်တော့ ဒီနေ့ တော်တော်ထူးဆန်းတာတွေ ဖြစ်နေတယ်လို့ ပြောရမယ်။ တစ်ရက်၊ နှစ်ရက်လောက်တော့ စောင့်ကြည့်ကြသေးတာပေါ့ကွာ။ ကလေးတွေကိုလည်း ဘာမှသွားပြောမနေနဲ့ဦး။ သမီးကြီး ထွက်လာရင် အိပ်ကြရအောင်'

ထိုညက မနက်မိုးလင်းသည်အထိ နောက်ထပ် ဘာမှ မဖြစ်တော့ပေ။

♦♦♦

(၃)

မနက်မိုးလင်းသောအခါ အိမ်ရှိ လူအားလုံးလိုလိုပင် ရုံးသွား၊ ကျောင်းသွား၊ စျေးသွား စသည်ဖြင့် မိမိတို့နှင့် သက်ဆိုင်ရာလုပ်ငန်းများသို့ သွားရောက်ကြရ၍ လောလော ဆယ် ညက ဖြစ်ပျက်ခဲ့သည်များကို သတိမရနိုင်ဘဲ ရှိခဲ့ကြသည်။

မနက်ရှစ်နာရီကျော်ခန့်တွင် အမေ စျေးဝယ်၍ အိမ်သို့ ပြန်လာခဲ့သည်။ အိမ်လှေကားပေါ်သို့ လှမ်းတက်မည့်ဆဲဆဲ အနီးပတ်ဝန်းကျင်ရှိ အခန်းများမှ အိမ်နားနီးချင်းများက လှမ်းနှုတ်ဆက်နေသဖြင့် အမေလည်း အိမ်ပေါ်သို့ မတက်နိုင်သေးဘဲ ဖြန်၍နှုတ်ဆက်နေရသည်။

'အစ်မ..စျေးက ပြန်လာပြီလား။ ညတုန်းက အစ်မတို့ အိမ်ဘက်ကနေ ကလေးတစ်ယောက် လန့်အော်လိုက်တဲ့ အသံကြားလို့ ကျွန်မတို့တောင် လာကြည့်ဦးမလို့။ ဆက်နားထောင်ကြည့်တော့ ဘာသံမှ ထပ်ပြီးမကြားရတော့တာနဲ့ မလာကြတော့တာ'

'ဟုတ်တယ် ညီမရေ၊ အိမ်က သားအငယ်ကောင် ညတုန်းက လန့်ပြီးအော်တာ။ ကြည့်ရတာ မနေ့ညတုန်းက ရုပ်ရှင်ကြည့်ပြီး ပြန်လာတာ ညဉ့်နက်တယ်လေ။ အဲဒါ လမ်းမှာ လန့်ပြုလာတယ် ထင်ပါတယ်'

'အစ်မရေ..အခုတစ်ခေါက် ဆရာကြီး ရှေ့တန်းက ပြန်လာတာ ဧည့်သည်ပါလာတယ်ထင်တယ်'

'မပါ၊ပါဘူး ညီမရဲ့။ ဘာဖြစ်လို့လဲ'

'ဒီနေ့ မနက်လင်းအားကြီး ကျွန်မ အိမ်အောက်ကို တံမြက်စည်း ဆင်းလှည်းနေတုန်း အစ်မတို့ အိမ်လှေကားမှာ လူကြီးတစ်ယောက် ဆေးလိပ်ထိုင်သောက်နေတာကို တွေ့လိုက်တယ်။ အဲဒါကြောင့် ကျွန်မက ဆရာကြီး အခုတစ်ခေါက် ရှေ့တန်းကပြန်လာတော့ စစ်ဆင်ရေးထွက်တဲ့ရွာတွေဘက်က ဧည့်သည်ပါလာတယ် ထင်နေတာ'

အမေ ဘာစကားမှ ဆက်မပြောတော့ဘဲ ခပ်သွက်သွက် နှုတ်ဆက်ကာ အိမ်ပေါ်သို့ တက်ခဲ့သည်။

'သမီးကြီးရေ..အလုပ်တွေ ခဏထားခဲ့ဦး။ အမေ့ဆီကို လာပါဦးဟော့။ ပြောစရာရှိလို့'

မီးဖိုထဲတွင် ချက်ပြုတ်နေသော အစ်မကြီး ရောက်လာသောအခါ အမေက လေသံခပ်တိုးတိုးနှင့် အနားကပ်ကာ ပြောလိုက်သည်။

'သမီးရေ..ငါတို့အိမ်မှာ အခုရက်ပိုင်း ဘာတွေဖြစ်နေမှန်း မသိဘူး။ မနေ့ကလည်း တစ်ညလုံး ထူးထူးဆန်းဆန်းတွေ ဖြစ်နေတဲ့အပြင် အခုလည်း ဟိုဘက်အိမ်က မသူဇာက မေးလိုက်ပြန်ပြီ။ ငါတို့အိမ်မှာ ဧည့်သည်ရောက်နေသလားတဲ့'

'ဒေါ်လေးသူဇာက အိမ်မှာ ဧည့်သည်ရောက်နေသလား မေးရအောင် သူ တွေ့လို့လား'

'အခုမနက်အစောကြီး တွေ့လိုက်တာလို့ ပြောတာပဲအေ။ မိုးတောင် ကောင်းကောင်းမလင်းသေးဘူးတဲ့။ သူတံမြက်စည်းထလှည်းတော့ အမေတို့ အိမ်လှေကားမှာ လူကြီးတစ်ယောက်ထိုင်ပြီး ဆေးလိပ်သောက်နေတာ မြင်တယ်လို့ ပြောတာပဲ။ အမေလည်း ဘာတွေဖြစ်နေမှန်းမသိတော့လို့ ဟုတ်တယ်၊ မဟုတ်ဘူးတောင် မပြောခဲ့ဘဲ အိမ်ပေါ်တန်းတက်လာတာ'

'ဒီလိုဆိုရင်တော့ အိမ်မှာ တစ်ခုခုထူးခြားနေတာ သေချာနေပြီ အမေ။ ညတုန်းကလည်း သမီး အိပ်ရာခဏနီးလာတော့ အိမ်ရှေ့က ဧည့်ခန်းထဲမှာ တဖျတ်ဖျတ်နဲ့ လူတစ်ယောက် လမ်းလျှောက်နေသံကို သေသေချာချာကြားလိုက်တယ်။ လောလောဆယ်တော့ မောင်လေးတွေ မသိကြတာကောင်းမယ်ထင်တယ်။ တော်ကြာ ကြောက်လန့်ပြီး စာတောင် မကျက်ရဲဘဲ နေကြဦးမယ်။ မနက်ဖြန်မနက်ကျရင်တော့ တောရကျောင်းကိုသွားပြီး ဆရာတော်ကြီးကို လျှောက်ကြည့်ရင် ကောင်းမယ်ထင်တယ် အမေ'

'အေးလေ..သမီးပြောတာ ကောင်းပါတယ်။ တော်

www.burmeseclassic.com

www.burmeseclassic.com

ကြာ သရဲခြောက်တယ်လို့ သတင်းပြန့်သွားရင် မကောင်းဘူး။ လောလောဆယ် ဘာမှန်းလည်း သိရသေးတာ မဟုတ်ဘူး'

ထိုနေ့က တစ်နေလုံး ဘာမှမထူးခြားသလို ညဘက်သို့ ရောက်တော့လည်း ရေနံဆီမီးခွက်ကြီးကို ရေနံဆီအပြည့်ထည့်၍ တစ်ညလုံး ထွန်းထားသည့်အပြင် အမေနှင့် အစ်မကြီးတို့ကလည်း တစ်ညလုံး မအိပ်ကြဘဲ ပဌာန်းဒေသနာတော်ကြီးကို ရွတ်ဖတ်ကာ ပုတီးစိပ်နေကြသဖြင့် ဘာမှ ထူးခြားမှု မဖြစ်ခဲ့ဘဲ မိုးလင်းသွားခဲ့သည်။

♦ ♦ ♦

(၄)

မနက်မိုးလင်းသည်နှင့် အေးလွင်တို့ညီအစ်ကို၊ မနိုးမီ အဖေနှင့် အမေတို့ တိုးတိုးတိတ်တိတ် တိုင်ပင်ခဲ့ကြသည်။ အထူးသဖြင့် အဖေ ရွေ့တန်းစစ်ဆင်ရေးမှ ပြန်လာတိုင်း အေးလွင်တို့ညီအစ်ကိုအား အဖေကိုင်သောသေနတ်နှင့် သေနတ်တွင်တပ်သော လုံစွပ်အပါအဝင် အခြားသော လက်နက်ကိရိယာများအနားသို့ မသွားကြရန်နှင့် စပ်စုကာ သွားမကိုင်ကြရန် အမေ အမြဲတမ်းလိုလို မှာလေ့ရှိသည်။

အဖေကိုင်သော လက်နက်များတွင် ကွန်မန်ဒိုဓားဟုခေါ်သော ဦးပြတ်အရှည်တစ်လက်လည်း အပါအဝင်ဖြစ်ပြီး ထိုဓားနှင့် ရန်သူပေါင်းမြောက်မြားစွာကို သတ်ဖြတ်ခဲ့ဖူးသလို အဲလိုက်ရာတွင်လည်း အဖေအမြဲသုံးလေ့ရှိသည်။

ထို့ကြောင့် ထိုသွေးစွန်းထားသော လက်နက်များအား အမေက အိမ်တွင် မထားချင်သော်လည်း ထိုအချိန်အခါက အေးလွင်တို့နေသော ဒေသတစ်ဝိုက်သည် အညိုရောင် အဆင့်သာ ရှိသေးသည်။ တပ်၏ အနီးအနားမှာ တစ်ခါတစ်ရံ သောင်းကျန်းသူများ ဖြတ်သွားဖြတ်လာပင် ရှိတတ်သောကြောင့် ရဲဘော်တိုင်း ရွေ့တန်းတွင်သာမက နောက်တန်းတွင် ပြန်နားသည့်အခါတွင်လည်း လူနှင့် လက်နက် မကွာထားရသောအချိန်ဖြစ်သည်။

'အဖေကြီးရေ...အခုတစ်ခေါက် အဖေကြီး ရွေ့တန်းက ပြန်လာမှ အိမ်မှာ ထူးထူးခြားခြားတွေ ဖြစ်နေတတ်နော်။ ကျွန်မတော့ မစဉ်းစားတတ်တော့လို့ ကူပြီးစဉ်းစားပေးပါဦး။ နေမြင့်ရင်လည်း တော့ရကျောင်းက ဆရာတော်ကြီးကို ဆွမ်းချိုင့်လည်းပို့ရင်း ကျွန်မနဲ့ သမီးကြီး သွားလျှောက်ကြည့်ကြမလို့'

'အေး...ကောင်းသားပဲ။ ကိုယ်လည်း ဘယ်လိုမှ မစဉ်းစားတတ်အောင် ဖြစ်နေတယ်။ ကိုယ်ကိုင်နေကျ လက်နက်တွေကလည်း အခုတစ်ခေါက်ကျမှ ပါလာတာမဟုတ်ဘူး။ အရင်အခေါက်တွေ နားတုန်းကလည်း ဒီလက်နက်တွေက အိမ်ကို ပါလာတာပဲ။ ဘာမှ ထူးထူးခြားခြားမဖြစ်ဘဲ အခုတစ်ခေါက်မှ ဖြစ်တာဆိုတော့ မပြောတတ်တော့ဘူးကွာ။ ဒါဆိုလည်း 'နေသိပ်မပူခင် သွားကြလေ'

တောရကျောင်းလေးတာ တပ်၏အရှေ့ဘက် တစ်မိုင်ခွဲနှစ်မိုင်ခန့် အကွာအဝေးတွင်ရှိပြီး အင်၊ ကညင်၊ သစ်ရာစသည့်သစ်ပင်ကြီးများ အုံ့ဆိုင်းစွာပေါက်နေသော တောင်ကုန်းလေးတစ်ခုပေါ်တွင်ရှိသည်။ ဥစ္စာစောင့်သိုက်နန်းများ၊ မမြင်အပ်သော ပရလောကသားများရှိသည်ဟု နာမည်ကြီးလှပြီး အချို့ဆိုလျှင် ကိုယ်တိုင်ပင် တွေ့ဖူးကြုံဖူးကြသည်။

ဆရာတော်ကြီးမှာ သက်တော်ရှစ်ဆယ်နီးပါးခန့် ရှိနေပြီဖြစ်ကာ လောကီ၊ လောကုတ္တရာနှစ်ဖြာလုံး နှံ့နှံ့စပ်စပ်ရှိသောကြောင့် တပ်ထဲရှိလူများအပြင် ရွာထောင်ရွာမှ ဒကာ၊ ဒကာမများပါ ကိုးကွယ်ကြပြီး အကြောင်းကိစ္စကြီးငယ် ရှိလျှင်လည်း သွားရောက်လျှောက်ထား မေးမြန်းလေ့ရှိကြသည်။

နေအနည်းငယ်မြင့်သည်နှင့် အမေနှင့် အစ်မကြီးတို့ နှစ်ယောက် ဆွမ်းချိုင့်လေးကိုဆွဲကာ တောရကျောင်းလေးသို့ ထွက်သွားခဲ့ကြသည်။ မနက်ဆယ့်တစ်နာရီကျော်ကျော်အချိန်တွင် ပြန်လာကြပြီး ရောက်ရောက်ချင်း အမေ့အား အဖေလှမ်းမေးလိုက်သံကို အေးလွင် ကြားလိုက်ရသည်။

'ဟေ့...အမေကြီးတို့သားအမိ ပြန်လာကြပြီလား။ ဆရာတော်ကြီးက ဘယ်လိုမိန့်ကြားလိုက်သလဲ'

အမေပြန်မဖြေခင်မှာပင် အစ်မကြီးက ပြောသံခပ်တိုး

www.burmeseclassic.com

www.burmeseclassic.com

တိုးနှင့် အဖေ့အား ပြောပြလိုက်သည်။

'အဖေရေ...ဆရာတော်ကြီးက သမီးတို့လျှောက်တာကို သေသေချာချာ နားထောင်ပြီး အာရုံခံကြည့်လိုက်တာ သမီးတို့အိမ်ထဲမှာ မသန့်တဲ့ပစ္စည်း ရှိနေတယ်တဲ့။ အဲဒီပစ္စည်းကို မှီတွယ်ပြီး မကျွတ်မလွတ်သေးတဲ့ ဝိညာဉ်တစ်ခုက ကပ်ပြီးလိုက်လာတာလို့ မိန့်လိုက်တာပဲ။ အဲဒါနဲ့ လမ်းမှာ သမီးနဲ့ အမေ နှစ်ယောက်သား စဉ်းစားကြည့်မိတာကတော့ ပြီးခဲ့တဲ့ရက်ပိုင်း အဖေ ရှေ့တန်းကပါလာတဲ့ ပစ္စည်းတွေထဲကပဲ ဖြစ်မယ်ထင်တာပဲ အဖေ'

'ဟုတ်ရဲ့လား သမီးရယ်၊ အခုတစ်ခေါက် ပြန်လာတာ ခါတိုင်းအခေါက်တွေတုန်းကလို ပစ္စည်းများများစားစားလည်း မပါပါဘူး။ စားပွဲတစ်လုံးတည်း ပါလာတာပါ'

အဖေ ရှေ့တန်းစစ်ဆင်ရေးထွက်ရာမှ ပြန်လာလေတိုင်း အိမ်တွင်မွေးရန် ကြက်ကလေးများ၊ ကြက်တူရွေးလေးများနှင့် အမဲလိုက်ရင်း ရလာတတ်သည့် အသားမျိုးစုံ၊ သားရေချပ်များ၊ သမင်ချိုများ အစရှိသည့် ပစ္စည်းမျိုးစုံကြီလျှင် ကြီသလို ပါလာတတ်သည်။

'ဒါဆိုရင်လည်း လောလောဆယ် ဒီစားပွဲကြီးကို ဘယ်လိုလုပ်ပြီးရလာသလဲဆိုတာ အရင်းဆုံးပြောပြပါဦး အဖေကြီးရယ်။ ကျွန်မတော့ တစ်ခါမှ ဒီလိုမဖြစ်ဖူးလို့ ဘာဆက်လုပ်ရမလဲဆိုတာ မသိတော့ပါဘူး'

ယခုတစ်ခေါက် ရှေ့တန်းမှအပြန် အဖေပါလာသည့် စားပွဲကြီးမှာ လူကြီးတစ်ယောကျ်၏ တစ်ဖက်စာပင်မက သည့် ပိတောက်သားစားပွဲကြီးဖြစ်သည်။ သာမန်တွေ့နေမြင်နေကျ စားပွဲများကဲ့သို့ ပျဉ်ချပ်များဖြင့်စပ်ထားသည့် စားပွဲတစ်လုံးမဟုတ်ဘဲ ပိတောက်ပင်ကြီးတစ်ပင်လုံးအား ခုတ်လှဲလိုက်ပြီး ကျိုးပေါင်းတက်နေသည့် ပင်စည်အပိုင်းအား လွှဖြင့် ဖြတ်ယူထားသည့် သဘာဝစားပွဲကြီးတစ်လုံးဖြစ်သည်။

စားပွဲကြီး၏အထူမှာ လေးလက်မခန့်ရှိပြီး အောက်ခံခြေထောက်လေးဖက်ကိုလည်း သစ်သားဖြင့် ပြုလုပ်ထားခြင်းမဟုတ်ဘဲ ကြီးမားလှသော သမင်ချိုကြီးတစ်ချောင်းဖြင့် လှပသေသပ်စွာ ပြုလုပ်ထားသည်။

ထိုအချိန်ကာလများက သဘာဝစားပွဲများမှာ အလွန်ခေတ်စားလှသောကြောင့် အများနည်းတူ အဖေလည်း ယခုတစ်ခေါက် ရှေ့တန်းမှအပြန်တွင် ပြုလုပ်၍ယူလာခြင်းဖြစ်သည်။ သာမန်မြင်တွေ့နေကျ စားပွဲတစ်လုံးမဟုတ်သောကြောင့် အလွန်လှပပြီး ရရှိရန်လည်း မလွယ်ကူလှပေ။

ယခု အမေမေးကြည့်လိုက်တော့မှ စားပွဲကြီး မည်ကဲ့သို့ရလာကြောင်း အဖေက ပြန်လည်ပြောပြခဲ့သည်။

♦ ♦ ♦

(၅)

ယခုအခေါက် တပ်ကြပ်ကြီးမင်းလွင် စစ်ဆင်ရေးထွက်ရသည့်နယ်မြေက ဧရာဝတီမြစ်ကြီး၏အနောက်ဘက် ရခိုင်ရိုးမတောင်တန်းကြီး၏ ခြေရင်းတွင်ဖြစ်သည်။ သရက်မြို့နယ်နှင့် မင်းလှမြို့နယ်အစပ်ရှိ ကျေးရွာကြီးတစ်ရွာတွင် စခန်းထိုင်တာဝန်ဖြင့် တပ်စုတစ်စုကို ကြီးကြပ်ကွပ်ကဲကာ နယ်မြေလုံခြုံရေးကို တာဝန်ယူရသည်။

အရာရှိရှားပါးသော အချိန်ဖြစ်သဖြင့် တပ်စုတွင် အရာရှိ မရှိဘဲ တပ်စုမှူးတာဝန်အား တပ်ခွဲတပ်ကြပ်ကြီး တစ်ဦးဖြစ်သော ဆရာမင်းလွင်ကပင် တာဝန်ယူကာ အုပ်ချုပ်ရသည်။ စခန်းထိုင်တာဝန် ဖြစ်သောကြောင့်လည်း အလုပ်အားလပ်သည့်အခါတိုင်း ဆရာမင်းလွင်တစ်ယောက် တပည့်ရဲဘော်တစ်ဦးကိုခေါ်ကာ အမဲဖစ်ထွက်လေ့ရှိသည်။

အထူးသဖြင့် ဆရာမင်းလွင် အမဲပစ်ထွက်လေတိုင်း လက်ဖြောင့်ရဲဘော်တစ်ဦးဖြစ်သော အောင်မြင့်အား ခေါ်သွားလေ့ရှိသည်။ ထို့ကြောင့် ထိုနယ်မြေတစ်ဝိုက်တွင် စခန်းထိုင်တာဝန် ငါးလကျော် ခြောက်လခန့်ရှိနေပြီဖြစ်ပြီး စခန်းရှိရဲဘော်များ နေစဉ်နေတိုင်း ရိက္ခာစို အသားဟင်းပြတ်သည်ဟူ၍ သိပ်မရှိခဲ့ပေ။

ယခုဆိုလျှင် ထိုနယ်မြေ၌ တာဝန်ကျခဲ့သည်မှာ ခြောက်လခန့် ရှိနေပြီဖြစ်သောကြောင့် မကြာသောကာလတွင် ဆရာမင်းလွင်တို့တပ်စုနှင့် အခြားတပ်စုတစ်စုတို့ တာဝန်လဲလှယ်တော့မည်ဖြစ်ပြီး ဆရာမင်းလွင်တို့တပ်စုနောက်တန်းရှိ မိခင်တပ်ရင်းသို့ ခေတ္တပြန်အနားယူရတော့မည်ဖြစ်သည်။

မိခင်တပ်ရင်းသို့ ပြန်ရသောအခါ နောက်တန်းရှိ မိသားစုများ စားရန်အတွက် အသားခြောက်များ ရနိုင်သမျှ ယူသွားရန်ရည်ရွယ်ပြီး ထိုနေ့က ဆရာမင်းလွင်တစ်ယောက် တပည့် ရဲဘော်အောင်မြင့်ကိုခေါ်ကာ ရခိုင်ရိုးမတောကြီးထဲသို့ အမဲပစ်ရန် ထွက်လာခဲ့သည်။

ဆရာမင်းလွင်ကိုင်နေကျ ကာဘိုင်သေနတ်ကိုယူခဲ့ပြီး တပည့်ကျော်အောင်မြင့်က သူ၏ ဂျီသရီးသေနတ်ကို ယူလာခဲ့သည်။ သိပ်ဝေးဝေးမသွားလိုက်ရဘဲ စခန်းမှလှမ်းလာ

www.burmeseclassic.com

၍ တစ်နာရီခန့်အကြာတွင် ဦးချိုကားကားကြီးနှင့် သမင်ကြီးတစ်ကောင် စမ်းချောင်းလေးတစ်ခုဘေးတွင် ရောဆင်းသောက်နေသည်ကို တွေ့လိုက်ကြရသည်။

ခါတိုင်းတွေ့နေမြင်နေကျ အရွယ်အစားမဟုတ်ဘဲ နွားပေါက်ကလေးတစ်ကောင်ခန့် အရွယ်ရှိသောကြောင့် ဆရာမင်းလွင်တို့ ဆရာ၊တပည့်နှစ်ယောက် အံ့အားသင့်သွားမိကြသည်။

နှစ်ဦးသား သေနတ်ကို အသင့်အနေအထားကိုင်ရင်း ခြေသံကိုဖွဖွနင်းကာ တဖြည်းဖြည်း အနားသို့ကပ်ခဲ့ကြသည်။ အနီးကပ်ဆုံးအနေအထားသို့ ရောက်သည်အထိ သမင်ကြီးမှာ ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ အေးအေးဆေးဆေးပင် ရေငုံ့သောက်လိုက်၊ ခေါင်းထောင်ကာ ဟိုကြည့်သည်ကြည့် လုပ်လိုက်နှင့် ရှိနေခဲ့သည်။

ပစ်ကွင်းကောင်းသည့်အကွာအဝေး ရောက်နေပြီဖြစ်သည့်အတွက် ဆရာ၊တပည့်နှစ်ယောက် မုဆိုးဒူးထောက်ထိုင်ကာ သေသေချာချာချိန်ရွယ်ပြီး မောင်းဖြုတ်ရန် အသက်အောင့်လိုက်စဉ်မှာပင် မထင်မှတ်သော အနှောင့်အယှက်က ပေါ်လာခဲ့သည်။

ကောင်းကင်မေါ်မှ ငှက်ကြီးတစ်ကောင် ရုတ်တရက် ထိုးဆင်းလာပြီး ဆရာမင်းလွင်တို့ခေါင်းပေါ်မှ ဂီးခနဲ တစ်ချက်အော်လိုက်ကာ ခပ်နိမ့်နိမ့်ဖြတ်ပျံသွားခဲ့သည်။ ကျယ်လောင်လှသောငှက်ကြီး၏ အော်မြည်လိုက်သံကြောင့် ရေသောက်နေသော သမင်ကြီးသည် ဆတ်ခနဲ ခေါင်းထောင်၍ ဆရာမင်းလွင်တို့ရှိရာဘက်ဆီသို့ စူးစူးစိုက်စိုက် လှမ်းကြည့်နေခဲ့သည်။

သာမန်အရွယ်အစား မဟုတ်သည့်အပြင် အခြားမြင်တွေ့နေကျသော သားကောင်များကဲ့သို့ ထွက်မပြေးဘဲ မိမိတို့အား အေးအေးဆေးဆေးပင် မျက်လုံးစိမ်းစိမ်းကြီးများနှင့် ပြန်ကြည့်နေသည့်အတွက် နှစ်ယောက်သား အတော်ပင် အံ့သြနေမိကြသည်။ အတန်ကြာမှ အောင်မြင့်က အသံခပ်တိုးတိုးဖြင့် ဆရာမင်းလွင်အား ပြောလိုက်သည်။

'ဆရာကြီး...ပစ်လိုက်ဖြစ်ပါ့မလား။ နည်းနည်းထူးဆန်းနေသလိုပဲ။ တောမှောက်တာလား မသိဘူး'

တပည့်ဖြစ်သူ၏ စကားကို ပြန်မပြောတော့ဘဲ ဆရာမင်းလွင် အသာအယာပင် သေနတ်ကို ပစ်မှတ်ရှိရာသို့ ပြန်ချိန်လိုက်သည့်အတွက် အောင်မြင့်လည်း နောက်ထပ် မပြောရဲတော့ဘဲ သေနတ်ကိုပစ်ရန် အသင့်ပြင်လိုက်သည်။

'ဒိုင်း...ဒိုင်း'

ရှေ့ဆင့်နောက်ဆင့် ဆိုသလိုပင် သေနတ်သံနှစ်ချက်က ကျယ်လောင်စွာမြည်ဟည်းသွားသလို သမင်ကြီးလည်း နေရာ၌ပင် ဝုန်းခနဲ လဲကျသွားသည်ကို တွေ့လိုက်ကြရသည်။ နှစ်ယောက်သား အလျင်အမြန် ချဉ်းကပ်သွား၍ ကြည့်လိုက်သောအခါ သမင်ကြီးမှာ ချက်ကောင်းနေရာများကို ထိမှန်သွားသည့်အတွက် သေဆုံးနေပြီဖြစ်ကြောင်း သိလိုက်ကြရသည်။

'ကဲ...အောင်မြင့်ရေ၊ နည်းတဲ့ကောင်ကြီး မဟုတ်ဘူးကွ။ ဒီပုံဆိုရင်တော့ စခန်းအထိ မင်းနဲ့ငါ နှစ်ယောက်တည်း ဘယ်လိုမှ အကောင်လိုက်သယ်နိုင်မှာမဟုတ်ဘူး။ ဒီတော့ သယ်နိုင်သမျှ အသားတွေကိုပဲ လိုးဖြတ်ပြီးသယ်ရတော့မှာပဲ။ လောလောဆယ်တော့ ခဏနားပြီး ဘီယာလိုလုပ်ရင် ကောင်းမလဲ စဉ်းစားကြည့်ကြရအောင်'

'ဟုတ်ကဲ့ ဆရာကြီး'

ဆရာမင်းလွင်တို့ ဆရာ၊တပည့်နှစ်ယောက် အနီးရှိသစ်ပင်ကြီးတစ်ပင်အောက်တွင် ခြေပစ်လက်ပစ် ထိုင်လိုက်ကြသည်။

'ဟာ...ဆရာကြီး...ဆရာကြီး'

ရုတ်တရက်အော်လိုက်သော အောင်မြင့်၏အသံကြောင့် ဆရာမင်းလွင် သေနတ်ကိုကိုင်ကာ ထိုင်နေရာမှ အမြန်ထရပ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

'ဟေ့ကောင် အောင်မြင့်၊ အလန့်တကြားနဲ့ ဘာတွေလိုက်လို့လဲ'

အောင်မြင့်က စကားပြန်မဖြေဘဲ လက်ညှိုးထိုးကာ ပြလိုက်သောကြောင့် ဆရာမင်းလွင် လှမ်းကြည့်လိုက်မိသည်။ ခပ်စောစောကမေးပင် ချက်ကောင်းကို သေနတ်နှစ်ချက်မှန်ထားကာ သေနေပြီဖြစ်သော သမင်ကြီးသည်လဲကျ နေရာမှ ဝုန်းခနဲခုန်ထလိုက်ကာ ထွက်ပြေးသွားသည်ကို မြင်လိုက်ရသည်။

ထွက်ပြေးသွားသော သမင်ကြီးပေါ်တွင် မည်သည့်အရာမှန်း တိတိကျကျမပြောနိုင်သော အရိပ်ဖြူဖြူကြီးတစ်ခုကိုလည်း ထူးဆန်းစွာမြင်တွေ့လိုက်ရပြန်သောကြောင့် ဆရာမင်းလွင် ပို၍ပင်အံ့သြသွားမိပြန်သည်။

'ဆရာကြီး...တောမှောက်နေတာ သေချာနေပြီ။ ကျွန်တော်တို့ ဆက်မလိုက်ဘဲ ပြန်ကြရင်ကောင်းမယ်ထင်တယ်'

အလွန်ကြောက်တတ်သော တပည့်ဖြစ်သူ အောင်မြင့် ပြောလိုက်သည့်စကားကြောင့် ဆရာမင်းလွင် စိတ်လည်း တိုသွားမိသလို မခံချင်စိတ်လည်း ဖြစ်သွားခဲ့သည်။ မိမိ၏ အသက်အရွယ်နှင့် အတွေ့အကြုံများအရ ယခုအချိန်ထိ သေနတ်မှန်ကာ သေပြီးသား သားကောင်တစ်ကောင် ထပြေးကာ မိမိလက်မှ လွတ်မြောက်ထွက်ပြေးသွားသည်ကို တစ်ကြိမ်တစ်ခါမှ မကြုံခဲ့ဖူးပေ။

အကယ်၍များ စခန်းပြန်ရောက်၍ ထိုအကြောင်းကို အခြားသူများ ကြားသိသွားပါက အခြားကိစ္စများတို့ ပြန်မြောပြ၍ ယုံကြည်ကြမည်မဟုတ်ဘဲ မိမိတို့ပစ်လိုက်သော ပစ်ချက်မကောင်း၍ သားကောင်ထွက်ပြေးသည်ဟုသာ ပြောဆိုကြတော့မည်မှာမလွဲပေ။ ထို့ကြောင့် ဆရာမင်းလွင် ဆုံးဖြတ်ချက်ချလိုက်ကာ အောင်မြင့်အား ပြောလိုက်သည်။

'မင်းကလည်း စစ်သားဖြစ်နေပြီး ဒီလောက်တောင် ကြောက်နေရသလား။ အခုမှ တောထဲတောင်ထဲ ရောက်ဖူးတဲ့ကောင်ကျနေတာပဲ။ လာ...အချိန်ရှိသေးတယ်။ နောက်က ဆက်လိုက်မယ်'

ဆရာဖြစ်သူကိုသာ ကြောက်ရ၍ အောင်မြင့် ဆက်လိုက်လာရသည်။ မျက်နှာတွင်တော့ ကြောက်လန့်စိုးရွံ့နေသည်ဟန်က အထင်းသားမြင်နေရသည်။ သားကောင်မှ ကျကျန်ခဲ့သည့် သွေးစက်များကို ခြေရာခံ၍ နောက်မှလိုက်ခဲ့ရာ တစ်နာရီကျော်ကျော်ခန့်အကြာတွင် ကြီးမားလှသော ဝိတောက်ပင်ကြီးတစ်ပင်၏ခြေရင်းကို ခေါင်းပြုလျက် သေဆုံးနေသော သမင်ကြီးကို တွေ့လိုက်ကြရသည်။

ယခုတစ်ကြိမ်တွင်တော့ ပို၍သေချာစေရန် သမင်ကြီး၏ ခြေထောက်ကြောများကို အရင်ဆုံး ဖြတ်လိုက်ပြီးမှ ဆရာ,တပည့်နှစ်ယောက် ပင်စည်ကိုမှီထိုင်ကာ အမောဖြေလိုက်ကြသည်။

'အဲဒါကြောင့် ပြောတာပေါ့ကွ နေရာတကာမှာ ကြောက်လန့်နေလို့မဖြစ်ဘူး။ အထူးသဖြင့် မင်းတို့,ငါတို့က တပ်မတော်သားတွေဆိုတော့ အမိန့်နဲ့ ဓာတ်က အဓိကပဲ။ တောကြမ်းလို့၊ မြေကြမ်းလို့၊ သရဲခြောက်လို့ဆိုပြီး မလုပ်လို့၊ မကိုင်လို့၊ မသွားလို့၊ မလာလို့ မရဘူး'

တပည့်ဖြစ်သူကိုပြောရင်း မိမိတို့ မှီထိုင်နေသော ဝိတောက်ပင်ကြီးကို ဆရာမင်းလွင် သေသေချာချာ ကြည့်လိုက်မိသည်။ နှစ်ကာလ မခန့်မှန်းနိုင်သော ဝိတောက်ပင်ကြီးမှာ ပင်စည်ကပင် လူကြီးတစ်ယောက်၏ တစ်ဖက်စာမက ကြီးမားလှသည့်အပြင် အချို့နေရာများတွင် ကျီးပေါင်းတက်နေသည်ကို မြင်တွေ့လိုက်ရသည်။ ထိုအခါကျမှ ဆရာမင်းလွင် စဉ်းစားလိုက်မိပြီး အောင်မြင့်ကို ပြောလိုက်သည်။

'ဟေ့ကောင် အောင်မြင့်...ဒီဝိတောက်ပင်ကြီးရဲ့ ပင်စည်ကို သေချာကြည့်စမ်းကွာ။ တက်နေတဲ့ ကျီးပေါင်းနေရာကိုဖြတ်ပြီး အခုတလောခေတ်စားနေတဲ့ သဘာဝစားပွဲ လုပ်လိုက်ရရင် ဘယ်လောက်လှလိုက်မလဲ။ ခြေထောက်လေးဖက်အတွက်လည်း အထူးရှာနေစရာမလိုဘူး။ အခု ငါတို့ ပစ်ထားတဲ့ သမင်ချိုကြီးနဲ့ဆိုရင် အံကိုက်ပဲ။ ဘဝပဲဖြစ်ဖြစ် စခန်းသိမ်းပြီး နောက်တန်းကို ပြန်ရတော့မှာဆိုတော့ နောက်တစ်နေ့ လာခဲ့တဲ့ရမယ်။ နေရာကို မင်းသေသေချာချာ မှတ်လာခဲ့'

'ဟုတ်ကဲ့ ဆရာကြီး'

ထိုနေ့က စခန်းသို့ ပြန်ရောက်ခဲ့ကြပြီး နောက်တစ်နေ့တွင် ရွာထဲမှ ရွာသားအချို့နှင့် မိမိ၏ တပည့်ရဲဘော်များကို ခေါ်ကာ ဝိတောက်ပင်ကြီးအား ခုတ်လှဲ၍ အလိုရှိသော နေရာများကို ဖြတ်တောက်ကာ ယူခဲ့သည်။

ဤသို့ဖြင့် မကြာသော အချိန်ကာလတွင် တာဝန်လွဲလျယ်မည့်တပ်စုလည်း ရောက်ရှိလာ၍ ဆရာမင်းလွင်တို့ တပ်စု မိခင်တပ်ရင်းသို့ ပြန်လာခဲ့ကြသည်။

♦♦♦

(၆)

အဖေပြောပြမှ သမင်ချိုခြေထောက် တင်ယားသော

www.burmeseclassic.com

www.burmeseclassic.com

ဝိတောက်သား သဘာဝစားပွဲကြီး မည်သို့မည်ပုံရရှိခဲ့သည်ကို အမေတို့ သိရှိခဲ့ကြတော့သည်။

'အဖေကြီးရေ..ဒီလိုပုံဆိုရင်တော့ အဖေကြီး ခုတ်လိုက်တဲ့ ဝိတောက်ပင်ကြီးက မမြင်ရတဲ့ ဝိညာဉ်တွေ၊ ပရလောကသားတွေများ ကပ်ပါလာသလား မသိဘူးနော်။ အိမ်မှာကလည်း ကလေးအမိုက်အမဲတွေနဲ့ဆိုတော့ တော်တော်ကြာ တစ်စုံတစ်ခုဖြစ်ရင် မကောင်းဘူးလို့ထင်တယ်။ ဒီစားပွဲကြီးကို နှမြောပေမယ့် အိမ်မှာထားလို့ကလည်း ဘယ်လို့မှမဖြစ်ဘူး။ ဒါကြောင့် မနက်ဖြန်ကျရင် အိမ်ကို ဆွမ်းခံကြွလာတဲ့ သံဃာတော်တွေကိုပင့်ပြီး ပရိတ်ရွတ်ပစ်လိုက်ရင် ကောင်းမယ်ထင်တယ်။ ဒီစားပွဲကြီးကိုကျတော့ တောရကျောင်းကိုပဲ သွားလှူလိုက်ရအောင်။ အဖေကြီး သဘောကရော'

'အေးလေ..အမေကြီးတို့ အဆင်ပြေမယ်ဆိုရင် လုပ်ကြတာပေါ့။ စားပွဲကြီးကို နှမြောပေမယ့် တယ်တော်နိုင်ပါ့မလဲ'

နောက်တစ်နေ့ မနက်ပိုင်းတွင် အိမ်သို့ဆွမ်းခံကြွနေကျ သံဃာတော်သုံးပါးအား ပင့်၍ ပရိတ်တရားတော်ကို ရွတ်ဖတ်ကာ ပူဇော်ခဲ့ကြသည်။ ထို့နောက် ဝိတောက်သား သဘာဝစားပွဲကြီးအား တောရကျောင်းဆရာတော်ဘုရားကြီးသို့ အကျိုးအကြောင်း ပြောပြလျှောက်ထားကာ လှူဒါန်းလိုက်ကြသည်။ ဆရာတော်ဘုရားကြီးက သေသေချာချာ နားထောင်ပြီးမှ ယခုကဲ့သို့ မိန့်ကြားခဲ့သည်။

'အေးလေ..အခုလိုပစ္စည်းမျိုးဆိုတာ အိမ်မှာ မထားတာ ကောင်းပါတယ်။ တစ်တောခုတ်ရင် တစ်ပင်ချန်၊ တစ်ပင်ခုတ်ရင်လည်း တစ်ကိုင်းချန်ဆိုတဲ့ အစဉ်အလာရှိပေမယ့် ဒကာကြီးတို့က အပင်ကို တစ်ပင်လုံး လဲ့လိုက်တဲ့အပြင် အပင်အစားလည်း ပြန်စိုက်မပေးခဲ့ဘူးမဟုတ်လား။ ဘုန်းကြီးအထင်ကို ပြောရရင်တော့ ဒကာကြီးခုတ်လဲခဲ့တဲ့အပင်ကနေ ဒီအပင်ကိုမှီခိုပြီး တွယ်ကပ်နေရတဲ့ မကျွတ်မလွတ်သေးတဲ့ ဝိညာဉ်တစ်ခုခုက တွယ်ရာမဲ့ဘဝနဲ့ ဒကာကြီးဖြတ်တောက်ယူငင်လာတဲ့ အပင်ရဲ့ အစိတ်အပိုင်းမှာ တွယ်ကပ်ပြီး လိုက်ပါလာတာ ဖြစ်လိမ့်မယ်။ ဒကာကြီးတို့က ယူနီဖောင်းဝတ်ပြီး လက်နက်ကိုင်ရတဲ့ မင်းမှုထမ်းတွေဖြစ်တဲ့အပြင် လောလောဆယ် အပင်ကြီးကိုခုတ်လှဲဖို့ အမိန့်ပေးခဲ့တဲ့ ဒကာကြီးကလည်း အဲဒီအချိန်က အဲဒီနေရာတစ်ဝိုက်မှာ တာဝန်အရှိဆုံး၊ အာဏာအရှိဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်နေပြန်တော့ ကံကောင်းတယ်လို့ပဲ ပြောရမယ်။ ဒါမှမဟုတ်ရင်တော့ သူနေတဲ့နေရာကို ခုတ်လှဲပြီး ဖျက်ဆီးလိုက်တဲ့အတွက် ဒကာကြီးကို အနှေးနဲ့အမြန်ဆိုသလို ဒုက္ခပြန်ပေးမှာ အသေအချာပဲ'

'မှန်ပါတယ်ဘုရား၊ အပင်ကြီးခုတ်ပြီးတဲ့နောက်ပိုင်း နှစ်ကြိမ်၊ သုံးကြိမ်လောက် တပည့်တော်ကို အိပ်မက်ပေးပါသေးတယ်ဘုရား။ အိပ်မက်ထဲမှာ ပုဆိုးကွက်တုံး၊ တိုက်ပုံအင်္ကျီအနက်ရောင်ဝတ်ထားတဲ့ လူကြီးတစ်ယောက် ဘာမှတော့မပြောဘဲ တပည့်တော်ကို မကျေမနပ်နဲ့ လာလာကြည့်တာကို မက်ပါတယ်ဘုရား။ ဒါပေမဲ့ တပည့်တော်တို့ စစ်မှုထမ်းတွေ ဖြစ်တဲ့အပြင် အယုံအကြည်လည်းမရှိ၊ အလေးအနက်လည်းမထားလို့ အလုပ်တာဝန်တွေနဲ့ ကြာတော့ မေ့သွားပါတယ်ဘုရား'

'ဟုတ်ပါပြီလေ။ ပြီးခဲ့တာတွေလည်း ပြီးခဲ့ပြီဆိုတော့ နောက်နောင်ကို ဒကာကြီးအနေနဲ့ အခုလိုကိစ္စမျိုးတွေ လုပ်တော့ကိုင်တော့မယ်ဆိုရင် သတိလေးထားပြီး သူ့ရဲ့ထုံးတမ်းအစဉ်အလာအတိုင်း လုပ်စေချင်တယ်။ ဒီလိုကိစ္စမျိုးတွေက မယုံကြည်လို့မရဘူး ဒကာကြီးရဲ့။ တော်ကြာ ဒကာကြီးကို ဒုက္ခမပေးရဲလို့ ကျန်တဲ့ကလေးအမိုက်အမဲတွေကို ဒုက္ခပေးရင် မခက်ပါလား။ အခုတောင် စောစောစီးစီး သတိထားမိလိုက်လို့ ကံကောင်းသွားတယ် ပြောရမယ်။ အဲဒါကြောင့် ဒကာကြီး အခုတစ်ခေါက် ခရီးမထွက်သေးခင် အဲဒီတွယ်ရာမဲ့ ပရလောကသားအတွက် ရည်စူးလှူဒါန်းပြီး အမျှအတန်းပေးဝေလိုက်ပါ'

'တင်ပါ့ဘုရား'

နောက်ပိုင်းရက်တွင် ဆရာတော်ကြီး မိန့်မှာချက်အတိုင်း သံဃာတော်ငါးပါးပင့်ဖိတ်၍ ထီး၊ ဖိနပ်၊ သင်္ကန်းအစရှိသည့် လှူဖွယ်ပစ္စည်းများကို တွယ်ရာမဲ့ပရလောကသားအတွက် ရည်စူး၍ လှူဒါန်းကာ အမျှပေးဝေခဲ့သည်။

တွယ်ရာမဲ့ဝိညာဉ် တွယ်ကပ်နေသည့် သဘာဝစားပွဲကြီး မရှိတော့၍လား၊ ဒါမှမဟုတ် သူအတွက် ရည်စူးလှူဒါန်း၍ အမျှပေးဝေသည်ကို ရရှိသွားခဲ့လို့လားဆိုသည်ကို ထိုရက်မှစ၍ အေးလွင်တို့မိသားစု ထိုအိမ်ခန်းမှာ ပြောင်းရွှေ့ခဲ့သည့်တိုင်အောင် ထိုတွယ်တာရာမဲ့ ပရလောကသားကြီးကို ထပ်မံ၍ မတွေ့ရတော့ပါ။

တင်အေးကျော်(အောင်လံ)

www.burmeseclassic.com

www.burmeseclassic.com

ကျော်မိုးလွင် (ဝါးခယ်မ) ၎င်းပင်သရဲ

တစ္ဆေသရဲဆိုတာ ကံနိမ့်သူကိုသာ ခြောက်တာပါ။

ရှေ့မီနောက်မီ ဘကြီးဖြိုးက ရွာကင်းတဲတွင် ဆုံတွေ့ခိုက် ပြောလာခြင်း ဖြစ်ပါသည်။

ကျွန်တော်နှင့် သူငယ်ချင်း သန်းအေးက တစ္ဆေ၊ သရဲ မြင်ဖူးခြင်းမရှိ၍ တစ္ဆေသရဲကို ကြောက်ရမှန်း မသိခဲ့ပါ။ သရဲရုပ်ရှင်ကားများကိုပင် သွားကြည့်ကြသည်။ ထို့ကြောင့် သရဲကြောက်သူများကို သရဲလုပ် ခြောက်လှန့်ရန် စိတ်ကူးမိခဲ့ကြသည်။

ကျွန်တော်၊ သန်းအေး၊ ဖိုးဇော် ရွာကင်းစောင့် ကျသော ညတွင် သရဲခြောက်လှန့်ကြမည့် ကိစ္စကို ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။

ရွာကင်းတဲက ရွာအနောက်ခြမ်း မြို့နတိုဂိုဒေါင့်အနီး တွင် ရှိပါသည်။

ကျောင်းပိတ်ရက် ညများတွင် ကျွန်တော်တို့ သူငယ်

www.burmeseclassic.com

www.burmeseclassic.com

ချင်း သုံးယောက် အငှားကင်းစောင့်ကာ မုန့်ဖိုးရှာခဲ့ကြသည်။ ထိုစဉ်က ကင်းစောင့်ခမှာ နှစ်ကျပ်ဖြစ်ပါသည်။

ထိုငွေမှာ ရပ်ရွာကောင်းကောင်းကြည့်နိုင်ပါသည်။ မုန့်တစ်ဝစားနိုင်ပါသည်။

'ငါတော့ ကူးတို့ခတ်တဲ့ ဦးဘရင်ကြီးကို ခြောက်ချင်တယ်'

မယ်ဒလင် တီးတတ်သော ဖိုးဇော်က စချပြောလာခဲ့သည်။

'ဦးဘရင်က သရဲကြောက်လို့လား'

သန်းအေးက ဖိုးဇော်ကိုကြည့်ကာ မေးလိုက်သည်။

ဦးဘရင်ဆိုသည်မှာ အသက်ငါးဆယ်ဝန်းကျင်ရှိ ရွာသစ်-ဝါးခယ်မသွား ကူးတို့ပြားခတ်သူဖြစ်ပါသည်။ အသားညိုမည်းကာ အရပ်ပုပါသည်။

ဘိန်းစားသူဖြစ်၍ ဘိန်းငိုက်ကာ သမ္မန်ခတ်သူ ဖြစ်ပါသည်။

'ဘိန်းသမားလည်း လူပဲကွ။ သရဲမကြောက်ဘဲ နေမလား'

ဖိုးဇော်က ကျွန်တော်တို့အတွေးကို ရိပ်မိသွားဟန်တူပါသည်။ သူ့စကားကို ဆက်လိုက်၏။

'ရွာထဲက ဒေါ်တင်လှကြီးလည်း သရဲကြောက်တာပဲ။ မင်းသားရွှေဘကိုကြိုက်ပြီး သတ္တိရှိပေမယ့် သရဲတော့ ကြောက်တယ်ကွ'

'အကြိုက်ချင်းတူတဲ့ ဦးသာအိုကို အဖော်ညှိပြီး ရွှေဘကား လာတိုင်း သွားကြည့်တာသာကြည့်'

သန်းအေးက ဝင်ပြောပြန်သည်။

'ဦးဘရင်ကို ငါ မကျေနပ်ဘူး'

ဖိုးဇော်က မယ်ဒလင်ကြိုးညှိရင်း ထပ်ပြောလိုက်သည်။ ဖိုးဇော်မှာ အကယ်ဒမီစန္ဒရားလှထွတ်၏ တူတော်သူဖြစ်ပါသည်။

ကင်းစောင့်လာတိုင်း မယ်ဒလင် ယူလာတတ်သည်။ ကျွန်တော်တို့က ဝိုင်းသီချင်းဆိုကြ၏။

'မင်းတို့ကို ရွာထဲက လူတွေက သဘောကျနေကြတယ်။ ဓာတ်ခဲအကုန်သက်သာလို့တဲ့ဟေး'

ကင်းတဲတွင် အနေများသော ဘကြီးဖြူးက ကျွန်တော်တို့အဖွဲ့နှင့် ဆုံခိုက် ပြောလာခဲ့သည်။

'ဘာဖြစ်လို့ ဓာတ်ခဲကုန်သက်သာတာလဲ'

ကင်းတဲလာလည်သော လှကြီးက မေးလိုက်သည်။

မယ်ဒလင်တီးရန် ကြိုးညှိနေသော ဖိုးဇော်ကလည်း ဘကြီးဖြူး စကားကြောင့် သူမယ်ဒလင်ကို ခဏပြန်ချကာ နားစွင့်နေလိုက်သည်။

'ရေဒီယိုမဖွင့်တော့ဘူးလေကွာ။ မင်းတို့ မယ်ဒလင်အဆိုကို နားသောတဆင်နေရတာကိုးကွ'

ထိုခေတ်က ကက်ဆက်မပေါသေးပါ။ အားလုံးက ဝိုင်းရယ်ကြသည်။

'ဒါထက် ဖိုးဇော်၊ မင်းက ဘာဖြစ်လို့ ဦးဘရင်ကြီးကို သရဲခြောက်ချင်ရတာလဲ။ အကြောင်းတော့ ရှိရမယ်'

ကျွန်တော် ကြိုးပြန်ညှိနေသော ဖိုးဇော်ကို မေးကြည့်လိုက်သည်။

'ဒီလူကြီးက ညစ်တယ်ကွ။ ဝါးခယ်မဘောလုံးကွင်းမှာကတဲ့ အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ဇာတ်ကြည့်ပြီး တို့ပြန်တော့ ညကိုးနာရီပဲ ရှိသေးတယ်၊ အဲဒါ ကူးတို့ခတစ်ယောက်တစ်မတ် တောင်းတယ်လေ။ (ထိုစဉ်က အသွားဆယ်ပြား၊ အပြန်ဆယ်ပြားသာ ကူးတို့ကူးခ ပေးရသည်) ကျွန်တဲ့သူတွေက ပေးနိုင်ပြီး ငါက မပေးနိုင်တော့ ရေကူးပြန်ရတယ်ပေါ့။ ဒီကိစ္စ အမေသိတော့ အဆူခံရတာပေါ့ကွာ။ ဒီလူကြီးကို ငါ မကျေနပ်ဘူး။ မင်းတို့ သူ့ကိုခြောက်ကွာ'

ကျွန်တော်တို့ ဖိုးဇော်ကို သနားသွားမိကြသည်။ ညဘက်ကြီး ရေကူးခဲ့ရသော ဖိုးဇော်အဖြစ်ကိုလည်း မြင်ယောင်မိကြရ၏။

မတော် ဖိုးဇော်တစ်ယောက် ရေနစ်သေခဲ့ပါသော် မခက်ပါလော။

ထိုညက ဦးဘရင်ကို သရဲခြောက်ရန် အားလုံးသဘောတူညီခဲ့ကြသည်။

♦ ♦ ♦

ဆောင်းတစ်ည ဖြစ်သည်။

ကျွန်တော်တို့သုံးယောက် သစ်ပင်ရိပ်ကိုခိုကာ သရဲခြောက်ရန် လုပ်ငန်းစနေကြသည်။

သန်းအေးက အရပ်ရှည်ပြီး ဗလကောင်း၍ အောက်ဆုံးမှာ နေသည်။ ဖိုးဇော်က အလယ်မှာ နေ၊ လူသေးသေး၍ ပိန်သော ကျွန်တော်က အပေါ်ဆုံးမှာ နေသည်။

'ဆပ်ကပ်ထဲက ပုံစံမျိုးပင်ဖြစ်၏ ရွာသစ်ကူးသူတို့ တံတားအရင်းနားတွင် ငွေးပင်ကြီးတစ်ပင် ရှိပါသည်။ ထို ငွေးပင်သည် ကျွန်တော်တို့ ဃူတားပင် [illegible]

www.burmeseclassic.com

www.burmeseclassic.com

ထိုဂွေးပင်ကို အမှီသဟဲပြုကာ ကျွန်တော်တို့ တက်ချည် ဆင်းချည် လေ့ကျင့်ခန်းပြုခဲ့ကြသည်။

လပြည့်ညဖြစ်၍ နှင်းမှုန်ကြားမှာ လပြည့်ဝန်းကြီးကို မှုန်ဝါးဝါး မြင်နေခဲ့ရသည်။

အချိန်က ညရှစ်နာရီအချိန်ဖြစ်သည်။ အေးလွန်းသော ညဖြစ်၍ ခရီးသည်က ပါးနေသည်။ အပေါ်ဆုံးမှ ကျွန်တော်က သန်းအေး ယူလာသောစောင်ကို မျက်နှာသာဖော်၍ ခြုံရသည်။

သုံးယောက်ဆင့်၍ ရလာသောအမြင့်က လူတစ်ရပ် အလွတ်သာရှိသော ဂွေးပင်အောက်ကိုင်းကို မှီသည်။

သန်းအေးမှာ လူပျိုပေါက်ဖြစ်လာသည်အထိ အိပ်ရာထဲမှာ သေးပါသူဖြစ်သောကြောင့် နံနံစော်စော်စောင်ကြီးကို အသက်အောင့်ကာ ကျွန်တော့်မှာ ရှုနေခဲ့ရသည်။

ဦးဘရင် ကူးတို့ပြားက ဝါးခယ်မဘက်ကမ်းတွင် ရောက်နေ၏။

အလျင်လိုသော ခရီးသည်များက အော်ခေါ်မှ ကူးလာတတ်သည်။

နေရာယူပြီးသည်နှင့် အသံအောင်သော ဖိုးဇော်က အသံဖျက်ကာ အော်ခေါ်သည်။

လူခြေတိတ်ချိန်ဖြစ်၍ ဖိုးဇော်အသံက ဟိန်းထွက်လာသည်။

ညရှစ်နာရီနောက်ပိုင်းအချိန်က ခတ်သားများ ရပိုင်ခွင့် ပေးထားသည့်အချိန် ဖြစ်သည်။

ထို့ကြောင့် ဖိုးဇော်အသံ ကြားသည်နှင့် ဦးဘရင် မြို့ဘက်ကမ်းမှာ လူမစောင့်တော့။ ရွာသစ်ဘက်ကမ်းသို့ ကူးလာခဲ့သည်။

လရောင်ဖွေးဖွေးတွင် ဦးဘရင် ကူးတို့ပြားကား စက်တပ်ထားသည့်အလား ရွာသစ်ဘက်ကမ်းသို့ လျင်မြန်သော အဟုန်နှင့် လာနေခဲ့သည်။

ဆေးတန်ခိုးလားမသိ၊ မကြာမီ မြင်သာသော မြစ်လယ်ကျော်ကျော်သို့ ရောက်လာခဲ့သည်။

'ဟေ့ကောင် ဖိုးဇော်၊ ဘာဖြစ်လို့ လှုပ်နေတာလဲ။ ကျောမိုး အသံမပေးနဲ့၊ လက်နှစ်ဖက်ကိုလှုပ်ပြ။ တုတ်တွေလည်း လွတ်ကျဦးမယ်'

ကျွန်တော်က လက်တံသဖွယ် ထုံးဖြူဖြူသုတ်ထားသော တုတ်နှစ်ချောင်း ဘယ်ညာကိုင်ကာ လှုပ်ပြလိုက်ရသည်။

ဦးဘရင် ကူးတို့ပြားတံတား နှစ်လံကွာ ရောက်လာသည်။ မြင်ပြီ၊ အရပ်အရှည်ကြီးနှင့်သရဲ။ ဂွေးပင်ကြီးနားမှာ လက်နှစ်ဖက်ကလှုပ်လို့။ ဦးဘရင် စားဖားသော ဘိန်းအာနိသင်တွေ ပြယ်လေပြီ။

ကူးတို့ပြားဦးကို မြို့ဘက်သို့ ပြန်လှည့်ကာ လက်ကုန် ခတ်ပြေးလေတော့၏။

♦♦♦

ကူးတို့ဆိပ်အနီး နောက်ဖေးလမ်းနှင့် ဆက်သွယ်သော လမ်း ယခုအခါ တွဲ အ-ထ-က(၁)သွားသော လမ်းထိပ်တွင် ဒေါ်ကြည်အုန်းက နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် အကြော်မျိုးစုံ ကြော်ရောင်းခဲ့သည်။

မြေးဖြစ်သူ ဝေကြည်က ကျွန်တော်တို့အရွယ်ဖြစ်၍ အဘွားဖြစ်သူ ဒေါ်ကြည်အုန်းကို ကူညီလုပ်ကိုင်ပေးနေသူ ဖြစ်သည်။

ဒေါ်ကြည်အုန်း၏ အမြဲတမ်းဖောက်သည်မှာ ကျွန်တော်တို့ သူငယ်ချင်းတစ်စုပင်ဖြစ်သည်။ ဆောင်းတွင်းအခါများတွင် ဒေါ်ကြည်အုန်းကြော်သော ဘူးသီးကြော်၊ ပဲမုန့်ကြော်၊ ငှက်ပျောကြော်ကို ဝယ်စားကာ မုန့်ဖိုမီး အချမ်းပြေ လှုံကြသည်။

ဖိုးဇော်က မယ်ဒလင်တီးလျှင် ဒေါ်ကြည်အုန်းက ပျော်တတ်သူပီပီ ရသည့်သီချင်း အကြော်၊ကြော်ရင်း လိုက်ဆိုတတ်သည်။

တစ်ခါတလေ ဝေကြည်ကလည်း လိုက်ဆိုသည်။ ညဘက် ဘဝင်း ပိတ်ထားသည်ကိုမြင်လျှင် တံငါလေများ အလစ်မှာ ငါး၊ ပုစွန် ဆင်းဖမ်းကာ ဒေါ်ကြည်အုန်းမုန့်ဖိုမှာ ကင်စားကြသည်။

(ယင်းလိပ်မျှားနှင့်ထောင် ငါးဖမ်းခြင်းကို ဘဝင်းပိတ်သည်ဟု ဆိုခြင်းဖြစ်ပါသည်။)

ဆောင်းတစ်ညတွင်ပင် ဖြစ်ပါသည်။ ကျွန်တော်၊ သန်းအေး၊ လှရွှတ်၊ အောင်မင်း၊ ဖိုးဇော်တို့ ဒေါ်ကြည်အုန်းဆိုင်ကို အကြော်စားရန် သွားခဲ့ကြသည်။ ဆောင်းညအေးအေးတွင် အကြော်စားရင်း ရေနွေးသောက်ရသည်မှာ အထူးပင် အရသာရှိလှပါသည်။

ဖိုးဇော်က ထုံးစံအတိုင်း မယ်ဒလင် ယူလာခဲ့သည်။ ထိုညက ထူးထူးခြားခြား ဖိုးဇော် သူဦးလေး၏သီချင်း အိပ်မပျော်သောညများကို ကိုယ်တိုင်ဆိုတီး လုပ်ခဲ့သည်။ အထူးပင် နားထောင်ကောင်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com

ဖိုးဇော်ခေါ် လှဇော်က မယ်ဒလင်တီး ကောင်းသလို အဆိုလည်း ကောင်းပါသည်။ သို့သော် အဆိုတော်မဖြစ်ခဲ့ပါ။ ပထမအရွယ်တွင်ပင် ကွယ်လွန်သွားခဲ့ပါသည်။ အစ်ကို ကြီးဖြစ်သူ ကိုလှမော်ကား မောင်လှမော်အမည်နှင့် ရေဒီယို ဓာတ်ပြားရ အဆိုတော်အဖြစ် ယနေ့တိုင်ရှိနေပါသည်။)

'နားထောင်လို့ ကောင်းတယ်။ ရေနွေးလည်း ပြတ်သွားပြီ။ ဝေကြည်..အဆိုတော်တွေကို စည်းခံဖို့ ရေတစ်ပုံးလောက် သွားခပ်ပါဦး'

ဒေါ်ကြည်အုန်းက စည်းလိုက်နေသော သူမြေး ဝေကြည်ကို လှမ်းပြောလိုက်သည်။

ဖိုးဇော်နားမှာ သီချင်းစည်းလိုက်နေသော ဝေကြည် ပလတ်စတစ်ရေပုံးကို ဆွဲယူကာ ကူးတို့ဆိပ်တံတားဘက် ရေခပ်ရန် ထွက်သွားခဲ့သည်။

'ဝုန်း'

တိတ်ဆိတ်သောညကို ရေထဲ တစ်စုံတစ်ရာ ကျသွားသံက လွှမ်းခြုံသွားခဲ့သည်။

'ဟဲ့..လုပ်ကြပါဦး။ ငါ့သားဝေကြည်ကို သွားကြည့်ကြပါဦး။ ဒေါ်ကြည်အုန်း လန့်မည်ဆိုလည်း လန့်စရာပင်ဖြစ်၏။ ရေထဲ ကျသံကြီးက ပြင်းထန်လှသည်။

ကျွန်တော်တို့အားလုံး ဝေကြည် ရေခပ်သွားသော ကူးတို့ဆိပ်ဘက် ပြေးလွှားသွားခဲ့ကြသည်။

လပြည့်ညဖြစ်၍ အားလုံးကို လင်းရှင်းစွာ မြင်နေရသည်။

ရေထဲမှာက ဝေကြည်။

တံတားပေါ် ဖက်တက်နေသည်ကို မြင်လိုက်ရ၏။

'ဘယ်လိုဖြစ်တာလဲ ဝေကြည်။ ဒီလောက်ချမ်းအေးနေတာ အိုက်လို့ ရေဆင်းကူးတာလား'

ကျွန်တော်က ရယ်မောရင်း ကြွက်စုတ်ဖြစ်နေသော ဝေကြည်ကိုကြည့်ကာ မေးလိုက်သည်။

ဝေကြည်ကား ကျွန်တော် မေးသည်ကို မဖြေနိုင်ပါ။ မျက်လုံးကြီးပြူးကာ ကျွန်တော်တို့ကို ပြန်ကြည့်နေခဲ့သည်။

ကျွန်တော်တို့ထဲမှ အောင်မင်း ပြေးထွက်ကာ ဝေကြည်ကို ဆွဲမ,ယူလိုက်သည်။ ပြီး ပခုံးထမ်းကာ ဒေါ်ကြည်အုန်းထံ ခေါ်လာခဲ့သည်။

'ဒါ..အပမ်ိတာပဲ။ ဖိုးဇော်တို့၊ ဆရာမြိုင်ကို သွားပင့်ကြပါဟဲ့'

ဒေါ်ကြည်အုန်းက သူမြေးကို ကြည့်ကာ အော်ပြောလိုက်သည်။

'ဦးပင်ကသရဲ လုပ်ချလိုက်တာတဲ့'

ဆရာမြိုင်ရောက်လာတော့ လက်သည်အဖြေ ပေါ်လာတော့သည်။

ဝေကြည် သတိရလာတော့ ပြောလာခဲ့၏။

'ဆရာမြိုင် ပြောတာ ဟုတ်တယ်။ ကျွန်တော် အတွားခိုင်းလို့ ကူးတို့ဆိပ်မှာ ရေသွားခပ်တယ်။ ရေက နည်းနည်း ကျနေတယ်။ မမီလို့ ကုန်းခပ်နေတုန်း ဦးပင်ပေါ်က မည်းမည်းကောင်ကြီး ဆင်းလာပြီး ကျွန်တော့်ကို ရေထဲ တွန်းချလိုက်တယ်။ နောက်ပိုင်းမှာ ကျွန်တော် သတိလစ်သွားတယ်။ ဆရာမြိုင် ရောက်လာမှ သတိရတာပါဗဲ'

ကျွန်တော်၊ သန်းအေး၊ ဖိုးဇော် ဝေကြည် ပြောစကားကြောင့် မျက်လုံးပြူးသွားမိခဲ့ရသည်။ မျက်လုံးခပြူး ဦးသို့ရှိမည်နည်း။ လွန်ခဲ့သော နှစ်ပတ်ခန့်က သည်လိုညမျိုးဖြစ်ပင် သည်ဦးပင်ကြီးကို အမှီပြု၍ ဦးဘရင်ကို သရဲခြောက်ခဲ့ကြသည် မဟုတ်ပါလား။

ထိုစဉ်က ဦးပင်သရဲ ဘယ်ရောက်နေသနည်း။

တစ္ဆေသရဲဆိုတာ ကံနိမ့်သူကိုသာ ခြောက်တာပါဆိုသော ဘကြီးဖြိုး ပြောစကားက မှန်နေသည်လား မသိပြီး

ဦးပင်သရဲက ကျွန်တော်တို့ကို မခြောက်လှန့်ခဲ့ပါ။ ဘကြီးဖြိုးပြောသလို ကျွန်တော်တို့က ကံမြင့်နေသည်လား။ သည်လိုဆို ဦးပင်သရဲ ခြောက်ခံရသော ဝေကြည်မှာ ကံနိမ့်နေ၍ ဖြစ်ပါမည်။

အတွေးက ကူးတို့ပြားခတ်သူ ဦးဘရင်ထံ ရောက်သွားပြန်သည်။

နေ့စဉ်၊ ညစဉ် ဦးပင်ရှိသောနေရာတွင် ကူးတို့ပြားခတ်နေသူ။

ဦးပင်သရဲအတု ခြောက်လှန့်ခြင်းကိုသာ ခံလိုက်ရသည်။

ဦးပင်သရဲစစ်စစ် ခြောက်လှန့်ခြင်းကိုကား ခံလိုက်ရလုံမရ။ ကာယကံရှင်သာ သိပေလိမ့်မည်။

ကျွန်တော်တို့သုံးယောက် ဝေကြည်အဖြစ်ကို မျက်မြင်ကြုံတွေ့ရပြီးနောက် မည်သူကိုမျှ မခြောက်လှန့်တော့ပါဟု ဘကြီးဖြိုးကိုပြောကာ ဆုံးဖြတ်လိုက်ကြပါတော့သည်။

လေးစားစွာဖြင့်

ကျော်မိုးလွင်(စံပယ်မြ)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တစ်ခွဲပုံပြင်ရဲ့ ဘယ်ချိုးထဲမှာလဲ

တစ္ဆေပုံပြင်များကို ကျွန်တော်ကြိုက်ပါသည်။ ကြောက်စရာကောင်းလေ ပိုကြိုက်လေဖြစ်ပါ၏။ သို့ရာတွင် ပုံပြင်ဆုံးရှုံ ထောင်နေသောဆံပင်များ ပြန်လဲကျသွားသည့်အခါ ရယ်ရယ်မောမောနှင့်ပင် 'သဘာဝယုတ္တိရှိရှိ စဉ်းစားတတ်တဲ့ ဘယ်သူမဆို တစ္ဆေရှိတယ်ဆိုတာ မယုံပါဘူး'ဟု ပြောလေ့ရှိခဲ့ပါသည်။ ထိုသို့ပြောလေ့ရှိသည်မှာ မကြာသေးခင်ကအထိ ဖြစ်ပါသည်။ အခုတော့ ဘယ်လိုပြောရမည်မသိတော့ပါ။

ပြီးခဲ့သည့်ဇန်နဝါရီလက ကျွန်တော် လန်ဒန်တွင် ရှိနေပြီး သုတေသနကိစ္စတစ်ခုအတွက် အောက်စဖို့(ဒ်)သို့သွားရန် ဆုံးဖြတ်ခဲ့ပါသည်။ (၁၈)ရက်နေ့ ဗုဒ္ဓဟူးညနေဝိုင်းခိုက်ခိုက်တုန်အောင်အေးသည့် မိုးသည်းသည်းထဲတွင် ကားတစ်စီးငှားလျက် အမှတ်အေ(၄၀)လမ်းမကြီးအတိုင်း ထွက်လာခဲ့ပါ၏။ ဆုတ်ခဲနှင့် သစ်သား ရောလျက်ဆောက်ထားသည့် ရှေးအိမ်များရှိပြီး အမြဲပြောင်းနေသည့် ခေတ်ကာလက မွေကျန်ခဲ့ဟန်ရှိသော အနောက်ဝိုင်ကွန်ဗီနယ်ကို ဝင်ရောက်လာသောအခါ ကျောနှင့် နဂါး အမည်ရှိ စားသောက်ဆိုင်ရိပ်သာတွင် ကျွန်တော် ဝင်နားပါသည်။

အစားအသောက်တွင် ရေးထားသည်မှာ (၁၈) ရာစုခေတ် အင်္ဂလိပ်အစားအစာစစ်စစ်တို့သာဖြစ်ပါ၏။ သိုးသားပြုတ်ဟင်းချို၊ ကျဲဖြင့်မံသည့် အသားဟင်း၊ သကြားရည်ပူတင်းတို့ ဖြစ်ပါသည်။ ကျွန်တော့်အတွက် ပူတင်းရောက်လာသည့်အခါ အစွန်းတစ်နေရာတွင် တစ်ယောက်ယောက်က လက်မဖြင့်ဖိထားခဲ့သလို ချိုင့်ဝင်နေသည်ကို တွေ့ရပါသည်။

စားပွဲထိုးမိန်းကလေးကို ကျွန်တော်ပြလိုက်သောအခါ

www.burmeseclassic.com

www.burmeseclassic.com

သူက အံ့သြစွာဖြင့် 'ဟောတော့..လေဒီဖြူ ရောက်နေပြန်ပြီကိုး။ မီးဖိုခန်းထဲ မဝင်စေချင်ကာမှ လာဖြစ်အောင် လာသေးတယ်' ဟု ရေရွတ်လိုက်ပါသည်။

'လေဒီဖြူ...ဟုတ်လား'

ဟု ကျွန်တော် စူးစမ်းသောအခါ သူက-

'ဩော်..ကျွန်ုပ်တို့ဆီလာနေကျ တစ္ဆေပါရှင်'

ဟု ခပ်အေးအေးပြန်ပြောပါသည်။

ထို့နောက်တွင် မျက်နှာမီနှင့်ဆိုင်ပိုင်ရှင်ကို ပုံမှန်လာတတ်သည်ဆိုသောတစ္ဆေရှိ,မရှိ မေးကြည့်ရာ သူက 'ရှိတယ်ဗျ' ဟု ဖြေပါသည်။

'တစ်ခါတလေတော့လည်း အနောင့်အယှက်ဖြစ်တာပေါ့ဗျာ။ ခင်ဗျားပူတင်းကိစ္စလိုပေါ့။ ခက်တာက ကျွန်တော်တို့လည်း အဲဒီတစ္ဆေနဲ့ ဘယ်လိုဆက်ဆံရမှန်းမသိဘူး။ သူက ဒီမှာ စားပွဲထိုးလုပ်ခဲ့ဖူးတဲ့ ကလေးမပါ။ ဒီလမ်းအဆုံးနားမှာရှိတဲ့ မြေဖြူဂူတစ်ခုထဲမှာ အသတ်ခံခဲ့ရတာ။ ဒီဆိုင်ကနေ ဂူအထိသွားလို့ရတဲ့ မြေအောက်ဥမင်လမ်းရှိတယ်ဗျ။ သူဟာ အငြိုးထားခံခဲ့ရတာပါဗျာ။ စိတ်မကောင်းစရာဇာတ်လမ်းပါပဲ'

ပြောရင်းနှင့် သူက ဆိုင်ဘေးရှိ ယမကာခန်းကို မေးဆတ်၍ပြပါသည်။

'အဲဒီမှာ နည်းနည်းပါးပါး ဝင်မော့လိုက်ပေတော့။ ခင်ဗျားသိချင်တဲ့ ဇာတ်လမ်းတစ်ခုလုံး သိရလိမ့်မယ်'

ထိုညတွင် ယမကာခန်းသို့ ကျွန်တော်ရောက်သောအခါ နှုတ်ခမ်းမွေးထူထူကောင်ကောင်နှင့် လက်သမားတစ်ဦး၊ လုပ်ငန်းဝင်ဝတ်စုံကို ချွတ်မလဲရသေးသည့် ပန်းရန်တစ်ဦး၊ စွပ်ကျယ်ဟောင်းနှင့် အလုပ်သမားဦးထုပ်ဆောင်းထားသည့် လူငယ်တစ်ဦး၊ ထိုအရပ်တွင် မျိုးဆက်ငါးဆက်ကြာအောင် နေခဲ့ပြီးဖြစ်သည့် ဆံပင်နီနီနှင့် မိန်းမကြီးတစ်ဦးတို့ကို တွေ့ရပါသည်။ ထိုပဂ္ဂိုလ်လေးဦးကပင် ကျွန်တော့်အား လေဒီဖြူ၏ဇာတ်လမ်းကို ဖောက်သည်ချခဲ့ကြပါ၏။

ဇာတ်လမ်းဖြစ်ပျက်ခဲ့သည်မှာ အနှစ်နှစ်ရာရှိသွားပါပြီ။ လေဒီဖြူဟု ကျွန်တော်သိခဲ့ရသော ကလေးမ၏အမည်မှာ ဆူကီဖြစ်ပြီး ထိုစဉ်က အသက်(၁၆)နှစ်သာ ရှိသေးသူဖြစ်သည်။ သူသည် ကျောနှင့် နဂါးစားသောက်ဆိုင်တွင် နာရီပေါင်းများစွာ အလုပ်လုပ်ရသူဖြစ်သည်။ စားသောက်ဆိုင်၏ အများဘက်ရှိ စိမ့်နေအောင်အေးသည့် အခန်းလွတ်တစ်ခုတွင် အခြားမိန်းကလေးနှစ်ဦးနှင့်အတူ သူနေရ၏။ ဆူကီသည် ရွှေရောင်ဆံပင်၊ ဂရုတစိုက် ထိန်းသိမ်းထားဟန်ရှိသည့် ကိုယ်လုံးကိုယ်ပေါက်နှင့် ထူးထူးခြားခြားလှပသူတစ်ဦးဖြစ်သည်။ သူက ဟန်အမူအရာများကို ကြည့်ကောင်းအောင် ပြုမူတတ်သူဖြစ်ရာ အခြားအလုပ်သမားများက သူ့ကို လေဒီမမဟု ပြောင်လှောင်ခေါ်ဝေါ်ကြလေသည်။

သူသည် အိမ်ထောင်ဖက်ကောင်းတစ်ယောက်ကို ရွေးချယ်လက်ထပ်ပြီး သူဘဝကို အဆင့်မြှင့်တင်ရန် စိတ်ထက်သန်နေသူဖြစ်သည်။ ဆိုင်သို့လာနေကျ ဖောက်သည်များထဲတွင် သူ့အိမ်ထောင်ဖက်အဖြစ် ရည်မှန်းထားသူ(၃)ဦးရှိသည်။ ထို(၃)ဦးကို သူက တစ်ချိန်တည်းတွင် ပစ်မှတ်ထားခဲ့လေသည်။ သူရည်မှန်းထားသူ (၃)ဦးစလုံးကို တစ်ပြိုင်တည်း ညှို့ယူဖမ်းစားခြင်းဖြင့် အာရုံများနေပေရာ သူ့တာဝန်များ၌ပင် အမှားမှားအယွင်းယွင်း ဖြစ်လာရလေသည်။

မိုးရွာသည့်တစ်ညတွင် ရုပ်ရည်သန့်ပြန့်သည့် လူရွယ်တစ်ဦးသည် ပင်ပန်းနေသည့် သူမြင်းကို မြင်းထိန်းထံ အပ်ခဲ့ပြီး စားသောက်ဆိုင်ထဲသို့ဝင်ကာ စားပွဲတစ်လုံးတွင် ထိုင်၍ အမောဖြေလိုက်၏။ ဘီယာမတ်ခွက်ကြီးတစ်ခွက်ဖြင့် သူအမောပြေသွားချိန်တွင် သူ့အတွက် ညစာပြင်ပေးနေသော ဆူကီကို ရွှန်းရွှန်းစားစားကြည့်လျက် မျက်စပစ်လိုက်ပါသည်။ ဆူကီမှာ ရုတ်တရက် မလုပ်တတ်မကိုင်တတ်ဖြစ်အောင် စိတ်ထွေသွားပြီး ပူတင်းပေါ်တွင် သူလက်မတော်ချောင်းဖိမိရာမှ ပဲ့သွားသည့် ပူတင်းအပိုင်းအစလေးမှာ လူရွယ်၏ဒူးပေါ်သို့ ကျသွားလေ၏။ ဧည့်သည်လူရွယ်က ဘာမှမဖြစ်ဟန်ဖြင့် ရယ်မောနေသော်လည်း ဆိုင်ပိုင်ရှင်က ဒေါသတကြီးဖြင့် နားထင်ကိုရိုက်လိုက်ရာ ဆူကီမှာ ငိုယိုလျက် ထွက်သွားရလေသည်။

နောက်ညတွင် အမည်မသိ မြင်းစီးလျက် လူရွယ်ရောက်လာပြန်၏။ ထိုမှစ၍ တစ်လခန့်ကြာသည့်တိုင် မကြာခဏရောက်လာပြီး ဆူကီကို တရင်းတနှီးဆက်ဆံခဲ့ရာ ဆူကီမှာလည်း မြှောက်ပင့်ချီးမွမ်းသည့် သူ့စကားများအပေါ် ကျေနပ်ပျော်ရွှင်နေခဲ့လေသည်။ လူရွယ်သည် သူ့အကြောင်းမည်သူ့ကိုမှ ပြောပြမိတ်ဆက်ခြင်း မရှိခဲ့ပေ။ သို့ရာတွင် သူ၏အဝတ်အဆင်များနှင့် သူမြင်း၏ခံထည်ပုံတို့ကြောင့် ထိုကာလကရှိဇာတ်သည် ခရီးသွားတို့ကို တိုက်ခိုက်လုယက်ကာ ကြွယ်ဝနေသူ (သို့မဟုတ်) ချမ်းသာသည့်မိသားစုဝင်တစ်ဦးဟု ထင်မှတ်ဖွယ်ဖြစ်ပါ၏။

ဆူကီကတော့ သူ့ကို သူ့ဦးသားတစ်ဦးလိုသာ ယူဆ

www.burmeseclassic.com

www.burmeseclassic.com

ထားပြီး သီချင်းတည်ည်းညည်းနှင့် စိတ်ကူးယဉ်နေလေရာ ဆိုင်အလုပ်ကိုလည်း စိတ်ဝင်တစားမရှိတော့ပေ။ ထိုအချိန်တွင် သူ စိတ်ကစားခဲ့ဖူးသူတို့က မနာလိုစိတ်ကြီးစွာနှင့် သူတို့ကို စောင့်ကြည့်ဒေါသပွားလျက် ရှိကြလေသည်။ ဆူကီက ၄င်းတို့အပေါ် ယခုအခါ မသိကျိုးကျွံပြုလျက် လျစ်လျူရှုနေပြီဖြစ်ရာ သူကို လက်တွေ့သင်ခန်းစာပေးကြရန် တိုင်ပင်စီမံကြလေ၏။ ပန်းကန်ဆေးအလုပ်သမားတစ်ဦးသည် ဆူကီအား သူ၏လျှို့ဝှက်သောချစ်သူထံမှ အမှာစကားပါးလိုက်ဟန်ဖြင့် တီးတိုးသတင်းပေးလိုက်၏။

'လူကဲ့ထဲ့ည့်သည်ကြီးက မှာလိုက်တယ်။ သူဟာ မှူးမတ်တစ်ဦးဖြစ်တယ်တဲ့။ ခင်ဗျားကို အမတ်ကတော်အဖြစ် လက်ဆက်ချင်တယ်တဲ့ဗျ'

အလုပ်သမားက တခဲ့တ်ခြစိုက်နားထောင်နေသည့် ဆူကီအား ကြည့်ပြီး-

'မနက်ဖြန်ညဆယ်နာရီမှာ မြေဖြူဂူကို လာခဲ့ပါတဲ့။ သတို့သမီးဝတ်စုံလည်း ဝတ်လာခဲ့ပါတဲ့'

ဆူကီက ကြားရသည့်သတင်းစကားကို ချက်ချင်းပင် အကြွင်းမဲ့ယုံကြည်လိုက်ပါသည်။ သူက သူ့သခင်မ၏အိပ်ခန်းကို ပြေးတက်သွားပြီး အိပ်ရာခင်းအစကို ဆွဲဖြုတ်ယူလိုက်ကာ (၂၄)နာရီအတွင်းမှာပင် သတို့သမီးဝတ်စုံဖြူအဖြစ် ချုပ်လိုက်လေ၏။ ချိန်းထားသည့်အချိန်နီးသောအခါ သူသည် စိစွတ်သည့် ဥမင်လမ်းတစ်လျှောက် မြေဖြူဂူရှိရာသို့ အပြေးသွားလေတော့သည်။ ဂူထဲသို့ရောက်သည်နှင့် တွေ့လိုက်ရသည်မှာ သူစွန့်ပစ်ခဲ့သည့် ရည်းစားဟောင်းသုံးဦး ဖြစ်နေပါ၏။

BURMESE CLASSIC

'အမတ်ကတော်ကြီး လာပြီဟေ့'

အနည်းငယ်မူးနေကြပြီဖြစ်သော သူတို့သုံးဦးက အော်ဟစ်ရယ်မောလိုက်ကြပါသည်။

'ဂုဏ်သရေရှိလေဒီကို ကြိုဆိုပါတယ်ခင်ဗျာ'

စိတ်ပျက်ဒေါသထွက်မှုဖြင့် အရူးတစ်ပိုင်းဖြစ်သွားသော ဆူကီက သူ့ကို လှောင်ပြောင်ပြက်ရယ်ပြုနေသူများအား ဂူတွင်းရှိ မြေဖြူတုံးများဖြင့် အားကုန်ပစ်ပေါက်လိုက်သည်။ ထို့နောက် သူပြန်လှည့်ပြေးသောအခါ သူတို့က ဝိုင်းဝန်းဆွဲထားကြပြီး နမ်းရှုံ့ကြ၏။ ထို့ပြင် ပြန်ပြေးမသွားနိုင်အောင် ဝိုင်းပတ်ထားကြလေသည်။ ဆူကီက သူတို့ကို ကန်ကျောက်၏။ လက်သည်းဖြင့်ကုတ်၏။ ရန်းရင်းဆန်ခတ်ဖြစ်လျက်ပင် သူသည် လဲကျသွားရာ ဂူနံရံကို ခေါင်းနှင့် ဆောင့်မိလေသည်။ သတိလစ်သွားသော သူ့ခန္ဓာကိုယ်ကို ယခုအခါ စိုးရိမ်ထိတ်လန့်နေပြီဖြစ်သည့် လူသုံးဦးက ဥမင်လမ်းအတိုင်း စားသောက်ဆိုင်သို့ ပြန်သယ်ယူခဲ့ကာ သူ့အိပ်ရာပေါ်တွင် ထားခဲ့ပြီးနောက် တိတ်တိတ်ကလေးပြန်ထွက်သွားကြလေ၏။

နောက်နေ့မနက်တွင် ဆူကီကို အသက်ကုန်လျက် အခြားမိန်းကလေးများက တွေ့ကြလေသည်။ သူ့ရည်းစားဟောင်းသုံးယောက်က ဖြစ်ပျက်ခဲ့ပုံကို ပြောပြကြပါသည်။ သို့ရာတွင် နယ်စားမင်းနှင့် ဒေသခံဘုရားကျောင်းမှ ပုဂ္ဂိုလ်တို့က အလောင်းကိုစစ်ဆေးပြီး ဆူကီသည် ထိခိုက်ဒဏ်ရာတစ်ခုခုကြောင့် သေဆုံးခြင်းမဟုတ်ဟု ထင်မြင်ချက်ပေးကြသည်။ သေဆုံးရခြင်းအကြောင်းမှာ စိတ်ထိခိုက်ကြေကွဲခြင်းကြောင့်ဖြစ်သည်ဟု ဆုံးဖြတ်ကြ၏။

ဆူကီ၏ မှူးမျိုးမတ်နွယ်ဟုထင်ရသည့် ချစ်သူမှာမူ သူ၏ သန်မာသည့်နီညိုရောင်မြင်းကြီးနှင့်အတူ ထပ်မံ၍ မတွေ့ရတော့ပါ။ ထို့နောက်တွင် ဆူကီကိုမြှုပ်နှံပြီး၍ ရက်အနည်းငယ်ကြာသောအခါ သူနှင့် တစ်ခန်းတည်းနေသည့် မိန်းကလေးနှစ်ယောက်က ထိုအခန်းတွင် ထူးဆန်းသော ကိစ္စရပ်များ ပေါ်ပေါက်လာ၍ မနေလိုကြတော့ကြောင်း ပြောလာကြပါသည်။

ဇာတ်လမ်းမှာ ဤတွင်ဆုံးခန်းတိုင်ပါ၏။ ကျွန်တော်သည် မီးဖိုခန်းဘက်သို့သွားပြီး ဆိုင်ပိုင်ရှင်အား ဆူကီနေခဲ့သည့်အခန်းတွင် တစ်ညမျှတည်းခိုင့်ပြုရန် တောင်းခံပါသည်။

'ခင်ဗျား တကယ်ဆန္ဒရှိရင်တော့လည်း တည်းပေါ့ဗျာ'

သူက သဘယရှိလျက်နှင့် ခွင့်ပြုပါသည်။

'ကျွန်တော်တို့မှာ တခြားအခန်းတွေ ရှိပါသေးတယ်။ တကယ်တော့ အဲဒီအခန်းကို ကျွန်တော့်ခွေးတောင် မသွားဝံ့ဘူးဗျ။ ဒီညမှာ လေဒီဖြူက သူ့လက်မကို ပူတင်းထဲနှိပ်ပြခဲ့တော့ သူရှိမှာက သေချာတယ်။ သတိထားပေါ့ဗျာ'

'ဘာတွေဖြစ်ခဲ့ဖူးသလဲဗျ'

ကျွန်တော်ကမေးလိုက်ရာ သူက ပခုံးကိုတွန့်လျက်-

'ပြောကြတာပေါ့ဗျာ။ တချို့က အမျိုးသမီးကြီးတစ်ယောက် စိန်တွေ တဖျတ်ဖျတ်နဲ့ ခေါင်းမှာလည်း မင်းမျိုးမင်းနွယ်တွေဆောင်းတဲ့ သရဖူနဲ့တဲ့။ တချို့ကတော့ ပိုးတိုးဝါးတားမြင်ပြီး စိတ်ထဲမှာ မွန်းကျပ်လာရသတဲ့။ စိတ်မသက်မသာဖြစ်စရာတွေချည်းပါပဲ။ ကျွန်တော်သိလောက်

www.burmeseclassic.com

www.burmeseclassic.com

ကတော့ အဲဒါပဲဗျာ။ ဒါနဲ့ ခင်ဗျားမှာ သွေးတိုးရောဂါလိုဟာ မျိုးတော့ မရှိပါဘူးနော်'

အချိန်အနည်းငယ်ကြာပြီးနောက် ကျွန်တော်သည် ဆူကီသေဆုံးခဲ့ရာ အခန်းထဲရှိ အိပ်ရာပေါ်တွင် လဲလျောင်းနေခဲ့ပါသည်။ ခေတ္တမျှစာဖတ်ပြီး အိပ်ချင်လာသည်နှင့် ခေါင်းရင်းရှိ တစ်လုံးတည်းသောမီးလုံးကို ကြိုးဆွဲလျက် ပိတ်လိုက်ပါသည်။ မိနစ်အနည်းငယ်အတွင်းမှာပင် ကျွန်တော် အိပ်ပျော်သွားပါ၏။

များစွာသောတစ္ဆေပုံပြင်များ၌ မည်သည့်အကြောင်းကြောင့် အိပ်ရာမှနိုးလာသည်ကို မသိပါဟု မကြာခဏတွေ့ခဲ့ရပါသည်။ ကျွန်တော့်အဖြစ်မှာမူ အိပ်ရာမှ နိုးလာခြင်းအကြောင်းကို ကောင်းစွာသိနေရပါ၏။ နောက်ပြောင်လိုသူ တစ်စုံတစ်ယောက်က တိတ်တိတ်တကလေးဝင်လာပြီး ကျွန်တော့်နဖူးပေါ်သို့ စိုစွတ်စွတ်လက်အေးကြီးဖြင့် လာကိုင်ခြင်းဖြစ်သည်။ သို့မဟုတ်လျှင် ပါးပါးလှီးထားသည့် အသည်းတုံးအေးအေးကြီးကို နဖူးပေါ်လာတင်ခြင်းဖြစ်ပေမည်။ အမေရိကန်ခရီးသည်ကို ကြောက်သွားအောင်ခြောက်လှန့်လိုဟန်ရှိ၏။ ကျွန်တော် စိတ်တို့စွာနှင့် မီးကြိုးကို ဆောင့်ဆွဲလိုက်ပါသည်။ အခန်းထဲတွင် မည်သူမှမရှိမနေပေ။ ကျွန်တော့်နဖူးပေါ်၌လည်း ဘာမှမရှိ။ ထိုထူးခြားသည့်အဖြစ်သည် ထပ်ကာ၊ထပ်ကာဖြစ်ခဲ့ပါသည်။ လက်အေးကြီး မီးဖွင့်လိုက်သောအခါ မရှိတော့။ မီးပိတ်သောအခါ ပြန်ရောက်လာ၊ မီးဖွင့်လိုက်လျှင် ပျောက်သွားနှင့် အကြိမ်ကြိမ်ဖြစ်နေပေရာ နောက်ဆုံးတွင် ကျွန်တော် တစ်ခုခုကို သိလာရ၏။ တစ်စုံတစ်ဦးသည် ကျွန်တော့်အား အိပ်ရာမှ ထစေချင်နေသည်။ သို့ရာတွင် အလင်းရောင်ထဲတွင်တော့မဟုတ်ဟူ၍ ဖြစ်၏။ ကျွန်တော် မီးပိတ်လျက် ခုတင်ပေါ်တွင် ထိုင်နေလိုက်ပါသည်။ မျက်စိများဖွင့်လျက်၊ အမောင်ထုထဲသို့ စိုက်ကြည့်လျက်။

ချက်ချင်းဆိုသလိုပင် တံခါးပေါက်အနီး၌ အလင်းရောင်အစက်အပြောက်တစ်ခု တဖြည်းဖြည်းလင်းလာသည်ကိုတွေ့လိုက်ရပါသည်။ ကြမ်းပြင်မှ သုံးပေအခြင့်ခန့်တွင် ဖြစ်သည်။ ခဲတံလုံးအရွယ်ရှိ အလင်းရောင်သည် တံခါးသော့ပေါက်ကို ဖြတ်ကျော်လာခြင်းဖြစ်သည်ဟု ကျွန်တော် ထင်မိပါသည်။ အလင်းရောင်သည် ကြည့်နေရင်းမှာပင် စူးရှလာ၏။ တဖြည်းဖြည်း ကျယ်ပြန့်လာ၏။ သို့ရာတွင် ပြတ်သားစွာထွင်းဖောက်ခြင်းရခြင်းတော့မဟုတ်ပေ။ ပုလဲကဲ့သို့ဖြူသော အဖြူရောင်ဖြစ်သည်။ ဤအရာသည် သူတို့ပြောသည့် လေဒီဖြူတစ္ဆေပင် ဖြစ်လေသလော။ ယခုအခါ ၄င်းသည် နှစ်ပေခန့်အချင်းရှိ၍ အမြင့်မှာ လေးပေခန့်ရှိနေပါပြီ။ သို့ရာတွင် တံခါးအနီးမှ ရွေ့သွားခြင်းမရှိဘဲ ငြိမ်၍နေပါ၏။

BURMESE CLASSIC

ကျွန်တော် မီးလုံးကို ဖွင့်လိုက်ပါသည်။ အခန်းမှာ ယခင်ကအတိုင်းပင် ဘာမှအပြောင်းအလဲမရှိပါ။ မီးကို ပြန်ပိတ်လိုက်ပါသည်။ ထူးဆန်းသောအလင်းရောင် ပေါ်လာပြန်ပါ၏။ ကျွန်တော် စောင်များကို ဘေးဖယ်ပစ်လိုက်ပြီး လေးလံသောစာအုပ်ကို လက်တစ်ဖက်ဖြင့်ကိုင်ကာ ပြတ်ပြတ်သားသားလုပ်မှဖြစ်မည်ဟူသော ဆုံးဖြတ်ချက်ဖြင့် တံခါးဆီသို့ လျှောက်သွားလိုက်ပါသည်။ စိတ်အနှောင့်အယှက်ဖြစ်အောင် နောက်ပြောင်ကျီစယ်ရန် ကြံစည်အားထုတ်နေသူ လူအောက်တန်းစားဖြစ်ပါမူ ကောင်းကောင်းအကြောင်းပြလိုက်ရန် ဖြစ်ပါ၏။

တံခါးမှ ပေအနည်းငယ်အကွာသို့ ရောက်သောအခါ ရုတ်တရက် အလွန်အေးသည့်အခန်းတစ်ခုသို့ ဝင်လိုက်ရသလို ခံစားရပါသည်။ အသက်ရှူရန်လည်း ခက်ခဲလာပါ၏။ ကျွန်တော့်လက်နှင့် ခြေများသည် လေးလံလာပါသည်။ ကျွန်တော်၏နှလုံး ရုတ်တရက်ဖောက်ပြန်သွားခြင်းပေလော၊ သို့မဟုတ် ကြောက်စိတ်ကြောင့် ကိုယ်လက်မလှုပ်ရှားနိုင်ဖြစ်ရခြင်းပေလော။

ထိုအခြေအနေအတိုင်း ကျွန်တော်ရပ်နေစဉ်တွင် မခံမရပ်နိုင်ဖြစ်မှုနှင့် စိတ်အားငယ်သည့်ခံစားမှုတို့က ရုတ်တရက် ကျွန်တော့်စိတ်ထဲတွင် ဖြတ်သန်းသွားပါသည်။ အရာရာသည် ဝမ်းနည်းကြေကွဲစရာများချည်း ဖြစ်နေပေသည်။ ဘဝခရီးသည်မှာ အကျိုးမဲ့ အချည်းနှီးပင်။ ဆုံးရှုံးမှု၊ ဇာတ်သိမ်းမကောင်းမှုတို့သည်သာ အဘက်ဘက်မှ ဘဝထဲသို့ ဝင်ရောက်လျက်ရှိ၏။ ထိုခံစားချက်များနှင့်ပင် ကျွန်တော်တွေးနေမိသည်မှာ ကံမကောင်းအကြောင်းမလှသည့် ဆူကီ၏ဘဝသည် ဤသို့ပင်ဖြစ်ပေလိမ့်မည်။ သူဘဝ၊ သူ ဝတ်သိကွာအတွက် ရင်တည်ပေးမည့်သူ တစ်စုံတစ်ယောက် မျှမရှိခဲ့ဟူ၍ ဖြစ်ပါသည်။

စာနာစိတ်ဖြင့် ထိုအတွေးပေါ်နေစဉ်တွင် အလင်းစုံသဏ္ဌာန်က ကျွန်တော်ရှိရာသို့ ရွေ့လာသည်ကို မြင်ရပါသည်။ လျှင်မြန်သွက်လက်စွာပင် ကျွန်တော် ခုတင်ဘေးသို့ ပြေးသွားပြီး မီးကို ဆွဲဖွင့်လိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ကြိုးစား၍အဖြေရာနေမိပါသည်။ အတွေး အမြင်တို့ကို ပုံပေါ်စေတတ်သည့် စိတ်စွမ်းအင်ကြောင့် ကျွန်တော် တစ္ဆေကို မြင်ခဲ့ရခြင်းလား၊ အကယ်၍ တစ္ဆေ၏ အသွင်သဏ္ဌာန်သည် ကျွန်တော်၏မသိစိတ်မှ ပေါ်ထွက်လာခြင်းဖြစ်ပါမူ ကျွန်တော့်အား ပြောခဲ့သလို စိန်ဝဖျတ်ဖျတ် ဆင်ထားသည့် အမျိုးသမီးကြီးပုံ ပေါ်လာရမည့်အစား မည်သည့်အတွက်ကြောင့် ပေါ်လောမျောနေသည့် ပင်လယ်ကမာကောင်လို ဖြစ်နေရပါသနည်း။ ထို့ပြင် သူ့အနီးအနား၌ မည်သည့်အတွက်ကြောင့် ပင်လယ်ရေထက် အေးစက်နေရပါသနည်း။

အကြားအမြင်ပေါ်ထွက်ခြင်း (သို့မဟုတ်) စိတ်ချင်းဆက်သွယ်မှုအဖြစ် တစ်ရပ်ရပ်ကြောင့်ပေလောဟူ၍ ဖြစ်နိုင်ခြေရှိသည်တို့ကို ကျွန်တော်စဉ်းစားကြည့်ပါ၏။ ကျွန်တော့် မိသားစုထံမှ ဆက်သွယ်အချက်ပြမှုတစ်ခုရော မဖြစ်နိုင်ပေဘူးလား။ နာရီကိုကြည့်လိုက်ရာ နံနက်လင်းအားကြီး (၃) နာရီ (၁၅)မိနစ်ဖြစ်ပါသည်။ ကွန်နက်တီကပ်ရှိ ယာခင်းအိမ်၌ သားငယ်နှင့်အတူရှိနေသော ဇနီးဖြစ်သူထံ ကျွန်တော့် အတွေးများက ပင်လယ်ပြင်ကို ဖြတ်ကျော်ရောက်ရှိသွားပါသည်။

စိတ်အားချမ်းမျော်ရွင်မှ မရဘဲနှင့် ကျွန်တော်သည် နံနက်မိုးသောက်မည့်အချိန်ကို စောင့်ဆိုင်းနေခဲ့ပါသည်။ နံနက်ခင်းစာကို (၇)နာရီတွင်ကျွေးသည်ဟု သိထားရပေရာ (၅)မိနစ်အလိုတွင် ကျွန်တော်သည် ထမင်းစားခန်းထဲ၌ နံနက်စာစားရန် အသင့်ရှိနေခဲ့ပါ၏။

'ဘယ်နယ်လဲဗျ၊ လေဒီဖြူနဲ့ပတ်သက်လို့ တစ်စွန်းတစ်စတွေ့ခဲ့ရသေးလား'

ဆိုင်ပိုင်ရှင်က ကျွန်တော့်အားမေးပါသည်။ ကျွန်တော်က တွေ့ကြုံခဲ့ရသမျှကို သူ့အား ပြန်ပြောပြလိုက်ပါသည်။

သူက ခေါင်းညိတ်လျက်-

'သူပါပဲဗျ၊ သေချာပါတယ်။ တချို့က သူဟာ ပျောက်နေတဲ့ချစ်သူကို လိုက်ရှာနေတာလို့ပြောကြတယ်။ တချို့က တော့လည်း သူကိုသတ်ခဲ့တဲ့လူတွေကို ရှာနေတာတဲ့။ ကျွန်တော့်မိန်းမကတော့ တစ္ဆေကို အနားရသွားအောင် ဘုန်းကြီးပင့်ခိုင်းနေတယ်။ ဘုရားကျောင်းမှာလည်း ဝတ်ပြုဆုတောင်းပွဲက ပုံမှန်ရှိနေတာကိုး'

ကျွန်တော်ဖော်ပြခဲ့သည့် တစ္ဆေဇာတ်လမ်းတွင် အခြားသောတစ္ဆေပုံပြင်များနည်းတူ နိဂုံးကမ္မတ် အဆုံးသတ်ပိုင်းသည် ရှိပါ၏။ ဖြစ်ရပ်ပြီးဆုံးသည့် နောက်ရက်သတ္တပတ်အကြာတွင် ကျွန်တော် အိမ်သို့ပြန်ရောက်ခဲ့ရာ ဇနီးဖြစ်သူက စိတ်လှုပ်ရှားစွာ စောင့်ကြိုနေ၀ါသည်။

'ရှင် ခရီးထွက်နေတုန်းတစ်ညမှာ အံ့သြစရာ ထူးထူးဆန်းဆန်းတွေဖြစ်ခဲ့တယ် သိလား'

ခရီးရောက်မဆိုက် သူက ကျွန်တော့်ကို ပြောလိုက်ခြင်းဖြစ်ပါသည်။

'အဲဒီညက ကျွန်မ စောစောအိပ်ရာဝင်တယ်။ မှေးရင်း,မှေးရင်း အိပ်ပျော်လုဆဲဆဲမှာ ကျွန်မကို ရှင်ခေါ်နေတဲ့အသံ ကြားရတယ်။ ဒါနဲ့ ကျွန်မလည်း ခုတင်ပေါ်က ခုန်ထွက်ပြီး လှမ်းအကြည့်လိုက်မှာ အိမ်ရှေ့ကားလမ်းပေါ်က တက္ကစီကားမီးရောင်လိုလို တွေ့လိုက်ရတာပေါ့။ ဒီတော့ အိမ်တံခါးရှေ့မှာ ကျွန်မကိုအော်ခေါ်ရင်း ရှင်စောင့်နေမှာကို တွေးလိုက်မိတယ်လေ။ လှေကားက ကမန်းကတန်းဆင်းပြေးပြီး တံခါးလည်ဖွင့်လိုက်ရော ဘယ်သူမှမရှိပါဘူးရှင်။ အံ့သြလိုက်ရတာ။ ရှင့်အသံကို ကျွန်မ သေသေချာချာကြားလိုက်တာပဲ။ ကားမီးရောင်လည်းမြင်ရတာ အမှန်။ တစ္ဆေခြောက်တဲ့အတိုင်းပဲ။ ကျွန်မဖြင့် ကြောက်ကိုသွားတယ်'

'ထရပ်ကားတစ်စီးစီးက ဂီယာချိန်းသံနဲ့ တူပါတယ်ကွာ'

ကျွန်တော် အဖြေရာပေးလိုက်ပါသည်။

'ပြီးတော့ အိမ်ရှေ့မီးလည်း ခါတိုင်းလိုပဲ မွေ့ပြီးမပိတ်မိဘူးမဟုတ်လား။ နေပါဦး၊ အဲဒါက ဘယ်နေ့ကဖြစ်တာလဲ'

သူက ချက်ချင်းပင်ပြန်ဖြေပါသည်။

'ပြီးခဲ့တဲ့ဗုဒ္ဓဟူးနေ့ကလေ။ ညဆယ်နာရီဆယ့်ငါးလောက်မှာပေါ့'

နေရာဒေသဝေးကွာခြင်းကြောင့် စံတော်ချိန် ငါးနာရီကွာခြားမှုကိုနှတ်ပါက သူပြောသည့်အချိန်မှာ ကျွန်တော် လေဒီဖြူနှင့် ဆုံနေရချိန်အတိအကျဖြစ်ပါသည်။

ဘာကြောင့်လဲ၊ ဘယ်လိုပတ်သက်သလဲ၊ မိတ်ဆွေ-တွေးလိုက တွေးကြည့်နိုင်ပါသည်။ ကျွန်တော်ကတော့ အဖြေမရှာလိုတော့ပါ။

ကျော်ကျော်

1967 August ထုတ် *Reader's Digest* မဂ္ဂဇင်းမှ *Jhan Robbins* ၏ *I Don't Believe in Ghosts. But* ဝတ္ထုတို့ကို ဘာသာပြန်ခြင်းဖြစ်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com